ဗုဒ္ဓါအာဂသာ

ညောင်လေးပင်မြို့၊ တောရတိုက်ကြီး၏

မဟာနာယက

(အဂ္ဂမဟာပဏ္ဍိတ)

ဦးအာရိယမဇ္ဈေ၏

ပြုစုသည်။

ဝင်းမော်ဦး စာပေဖြန့်ချိရေး

အဂ္ဂမဟာပဏ္ဍိတ
ညောင်လေးပင်တောရကျောင်းတိုက်
နာယကဆရာတော်ဘုရားကြီး
ရေးသားပြုစုသည့်

ပရိတ်အာရသာ

ဝင်းမော်ဦးစာပေ
အမှတ် ၆၇၊ အနော်ရထာလမ်းနှင့်
၁၆၂ ပထမ် (ဝ)၊ အနော်ရထာလမ်း၊ ရန်ကုန်။
ဖုန်း - ၂၈၄၃၁၇

စာမှတ်ခွင့်ပြုချက်အမှတ်	-	၅၄၄ ၂၀၀၄ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်	-	၅၈၅/ ၂၀၀၄ (၉)

■

တန်ဖိုး	-	၁၂၀၀ ကျပ်
ထုတ်ဝေသည့်လ	-	၂၀၀၄၊ နိုဝင်ဘာလ

■

မျက်နှာဖုံးပုံနှိပ်	-	ကျောက်စိမ်းပုံနှိပ်တိုက် ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ	-	ဦးမြင့်ကြွယ် (မြို - ၀၂၂၃) ဝင်းမော်ဦးစာပေ၊ ၆၇/ ၆၉ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၈၄၃၁၁၇

■

ပုံနှိပ်သူ	-	ဦးကြင် (မြို - ၁၄၉၃၃) ချန်ပီယံပုံနှိပ်တိုက်၊ အမှတ် ၁၄၁၊ ၃၈ လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ညောင်လေးပင်မြို့ တောရကျောင်းတိုက်
အဂ္ဂမဟာပဏ္ဍိတ-နာယကဆရာတော်
ဦးအရိယမဇေရ်မြတ်

ပရိဝါအရသာမာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	ပထမပါရာဇိက	၅
၂။	ဇိဋ္ဌိ---သာဋ္ဌိ---ဝိဋ္ဌိ---ကြွင်းပါရာဇိက	၁၂-၁၃
၃။	သံဃာဒိသေသ်-အနိယတ-နိဿဂ္ဂိပါစိတ်၊	၁၅-၁၉
၄။	ကထိနဝဂ်	၁၉
၅။	ကောသိယဝဂ်-ပတ္တဝဂ်	၂၂-၂၄
၆။	သုဒ္ဓပါစိတ်-မုသာဝါဒဝဂ်-ဘူတဂါမဝဂ်-	၂၆-၂၈
၇။	သြဝါဒဝဂ်-ဘောဇနဝဂ်-အစေလကဝဂ်	၃၀-၃၃
၈။	သုရာပါနဝဂ်-သပ္ပါဏကဝဂ်-သဟဓမ္မိကဝဂ်	၃၅-၃၉
၉။	ရာဇဝဂ်-ပါဋိဒေသနီ---သေခိယပရိမဏ္ဍလဝဂ်	၄၁-၄၄
၁၀။	ဥဇ္ဇဂ္ဂိကဝဂ်-ခမ္ဘကတဝဂ်-ပိဏ္ဍပါတဝဂ်-ကဋ္ဌဝဂ်	၄၅-၄၈
၁၁။	သုရသုရဝဂ်-ပါဒုကဝဂ်-အဒ္ဓဝါရဏ်	၄၉-၅၁
၁၂။	၂-ကတာပတ္တိဝါရ	၅၁
၁၃။	ပါရာဇိက-သံဃာဒိသေသ်-	၅၁ ၅၂
၁၄။	နိဿဂ္ဂိပါစိတ်-ကထိနဝဂ်-ကောသိယဝဂ်	၅၄-၅၆
၁၅။	ပတ္တဝဂ်	၅၆
၁၆။	သုဒ္ဓပါစိတ်-မုသာဝါဒဝဂ်-ဘူတဂါမဝဂ်	၅၇-၅၉
၁၇။	သြဝါဒဝဂ်--ဘောဇနဝဂ်-အစေလကဝဂ်	၆၀-၆၂
၁၈။	သုရာမေရယဝဂ်-သပ္ပါဏကဝဂ်-သဟဓမ္မိကဝဂ်	၆၃-၆၆
၁၉။	ရာဇဝဂ်-ပါဋိဒေသနီ	၆၇-၆၈
၂၀။	သေခိယ ပရိမဏ္ဍလဝဂ်-ဥဇ္ဇဂ္ဂိကဝဂ်-ခမ္ဘကတဝဂ်	၆၉-၇၁

စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၁။	ပိဏ္ဍပါတာဝဂ်-ကဗဠင်္ကဝဂ်-သုရသုရဝဂ်-ပါဒုကဝဂ်	၇၁-၇၃
၂၂။	ဂိဠိ၊ အဋ္ဌဝါရ-၃-ဝိပတ္တိဝါရ၊၄-သင်္ဂဟိတဝါရ	၇၄-၇၅
၂၃။	၅-သမုဋ္ဌာနဝါရ၊၆-အဓိကရဏဝါရ၊၇-သမထဝါရ	၇၅-၇၆
၂၄။	၈-သမုစ္စယဝါရ	၇၆
၂၅။	အဋ္ဌပစ္စယဝါရ၌-၁-ကတ္တုပညတ္တိဝါရ၊၂-ကတာပတ္တိဝါရ	၇၈-၇၉
၂၆။	၃-ဝိပတ္တိဝါရ၊၄-သင်္ဂဟိတဝါရ၊၅-သမုဋ္ဌာနဝါရ	၈၀-၈၀
၂၇။	၆-အဓိကရဏဝါရ၊၇-သမထဝါရ၊၈-သမုစ္စယဝါရ	၈၁-၈၁
၂၈။	၁-ကတ္တုပညတ္တိဝါရ၊ကြောင်းပါရာဇိကသံဃာဒိသေသ်	၈၁-၈၄
၂၈။	နိဿဂ္ဂိယသုဒ္ဓပါစိတ်-လသုဏာဝဂ်၊ရတ္တန္ဓကာရဝဂ်၊	၈၆-၉၀
၃၀။	နုဟာနုဝဂ်၊ကုဝဋ္ဌဝဂ်၊စိတ္တာဂါရဝဂ်၊အာရာမဝဂ်	၉၁-၉၆
၃၁။	ဂဇ္ဇိနီဝဂ်-ကုမာရိဘူတဝဂ်-ဆတ္တုပါဟနဝဂ်	၉၈-၁၀၁
၃၂။	ပါဠိဒေသနာ၊အဋ္ဌဝါရ၌-၂-ကတာပတ္တိဝါရ	၁၀၂-၁၀၃
၃၃။	ပါရာဇိကသံဃာဒိသေသ်-နိဿဂ္ဂိ	၁၀၃-၁၀၅
၃၄။	သုဒ္ဓပါစိတ်-လသုဏာဝဂ်-ရတ္တန္ဓကာရဝဂ်--နှာနဝဂ်	၁၀၆-၁၀၈
၃၅။	တုဝဋ္ဌဝဂ်--စိတ္တာဂါရဝဂ်-အာရာမဝဂ်--ဂဇ္ဇိနီဝဂ်	၁၀၉-၁၁၂
၃၆။	ကုမာရိဘူတဝဂ်--ဆတ္တုပါဟနဝဂ်	၁၁၃-၁၁၄
၃၇။	အဋ္ဌပါရ၌-၃-ဝိပတ္တိဝါရ--သင်္ဂဟဝါရ	၁၁၅-၁၁၆
၃၈။	၅-သမုဋ္ဌာနဝါရ-၆-အဓိကရဏဝါရ-သမထဝါရ-	၁၁၆-၁၁၇
၃၉။	သမုစ္စယဝါရ	၁၁၇
၄၀။	အဋ္ဌပစ္စယဝါရ၌-၁-ကတ္တုပညတ္တိဝါရ၊	၁၁၈

စဉ်	အကြောင်းအရာ	စာမျက်နှာ
၄၁၊	၂-ကတာပတ္တိဝါရ၊၃-ဌိပတ္တိဝါရ၊၄-သင်္ဃာဝါရ	၁၁၈-၁၁၉
၄၂။	၅-သမုဋ္ဌာနဝါရ၊၆-အဓိကရဏဝါရ၊၇-သမထဝါရ	၁ ၉-၁၂၁
၄၃။	၈-သမုစ္စယဝါရ၊၃-သမုဋ္ဌာနသီသသင်္ခေပ	၁၂၁
၄၄၊	သမုဋ္ဌာန ၁၃-ပါး၊၁-ပထမပါရာဇိက-၁-စမေထုနာ(၇ဖ)	၁၂၁-၁၂၃
၄၅။	၂-ဒုတိယပါရာဇိက၊၃-သဒ္ဓာ-သဗ္ဗ၊	၁၂၄-၁၂၅
၄၆။	၄-သမနုဘာသနသမုဋ္ဌာန်၊၅-ကထိနသမုဋ္ဌာန် ၂၉	၁၂၅-၁၂၆
၄၇။	၆-ဧဋ္ဌကလောမသမုဋ္ဌာန်၊၇-ပဒသောဓမ္မသမုဋ္ဌာန်	၁၂၆-၁၂၇
၄၈။	၈-အဒ္ဓါနသမုဋ္ဌာန်၊၉-ထေယျသတ္ထသမုဋ္ဌာန်	၁၂၇-၁၂၈
၄၉။	၁၀-ဓမ္မဒေဿနာသမုဋ္ဌာန်၊၁၁-ဘူတာရောစနသမုဋ္ဌာန်	၁၂၈
၅၀။	၁၂-စောရိဝုဋ္ဌာပနသမုဋ္ဌာန်၊၁၃-မဇ္ဈိမဇာတသမုဋ္ဌာန်	၁၂၉
၅၁။	(၄)ကတိပုစ္ဆာဝါရ၊အယူမှတ်--ဘေဒကရစသည့်အကျယ်	၁၂၉-၁၅၁
၅၂။	(၅)ဝိသတိဝါရ၌ ၁-ဆအာပတ္တိသမုဋ္ဌာန်ဝါရ	၁၅၁
၅၃။	၂-ဃနံ့အာပတ္တိသမုဋ္ဌာနာနံ့ကတာပတ္တိဝါရ	၁၅၄
၅၄။	၃-အာပတ္တိသမုဋ္ဌာနဝါရ၊၄-ဝိပတ္တိပစ္စယဝါရ	၁၅၆-၁၅၈
၅၅။	၅-အဓိကရဏပစ္စယဝါရ၊၆-အဓိကရဏပရိယာယဝါရ	၁၆၀-[illegible]
၅၆။	၇-သာဓာရဏဝါရ၊၈-တဇ္ဇာဂိယဝါရ	၁၆၈-၁၆၉
၅၇။	၉-သမထာသမထသဟဓာရဏဝါရ	[illegible]
၅၈။	၁၀-သမထာသမထသဟတဇ္ဇာဂိယဝါရ	၁[illegible]
၅၉။	၁၁-သမဏ သမ္မုခါဝိနယဝါရ	၁[illegible]
၆၀။	၁၂-ဝိနယဝါရ	၁[illegible]

စဉ်	အကြောင်းအရာ	စာမျက်နှာ
၆၁။	၁၂-ဝိနယဝါရ--၁၃-ကုသလဝါရ	၁၇၃
၆၂။	၁၄-ယတ္ထဝါရ၊၁၅-သမထဝါရ၊၁၆-သံသဋ္ဌဝါရ	၁၇၅-၁၇၈
၆၃။	၁၇-သမ္မတိဝါရ၊၁၈-သမ္မန္တိ နသမ္မန္တိဝါရ	၁၇၉-၁၈၀
၆၄။	၁၉-သမထာဓိကရဏဝါရ၊၂၀-သမုဋ္ဌာပနဝါရ	၁၈၂-၁၈၄
၆၅။	သမထဘေဒ၊(၆)ခန္ဓကပုစ္ဆာဝါရ	၁၈၇-၁၈၉
၆၆။	(၇)ဧကုတ္တရိက(၁၁-ခု)၊၁-ဧကက-၆၄	၁၉၃
၆၇။	၁။ဧကက ၁၂-မှ -၅။ဧကက ၁၁-အထိ	၁၉၃-၁၉၉
၆၈။	ဧကုတ္တရိကဋ္ဌ ၂၊ဒုက ၁၁၂-မှ ၁၁၊ဒုက ၃၇-အထိ	၂၀၀-၂၁၀
၆၉။	၃-တိက ၉၂-မှ-၁၈၊တိက ၁၆-အထိ	၂၁၂-၂၂၆
	၄။ စတုက္ကနိပါတ	၂၂၉
၇၀။	၁၉၊စတုက္ကနိပါတ-၆-မှ ၂၅-စတုက္ကနိပါတ-၂၁-အထိ	၂၂၉-၂၄၂
	၅။ ပဉ္စကနိပါတ	၂၄၄
၇၁။	၂၆-ပဉ္စက ၁၆မှ ၃၃-ပဉ္စက ၉-အထိ	၂၄၄-၂၆၂
	၆-ဆက္ကနိပါတ--၃၃	၂၆၃
၇၂။	၃၄-ဆက္ကနိပါတ ၈-မှ ၃၆-ဆက္ကနိပါတ ၉-အထိ	၂၆၃-၂၆၆
	၇-သတ္တကနိပါတ--၃၃	၂၆၇
၇၃။	၃၇-သတ္တကနိပါတ၂၃၊ ၃၈။သတ္တကနိပါတ ၁၀	၂၆၇-၂၆၉
	၈-အဋ္ဌကနိပါတ--၃၃	၂၇၂
၇၄။	၃၉-အဋ္ဌကနိပါတ ၁၁၊ ၄၀။ အဋ္ဌကနိပါတ ၂၂	၂၇၂-၂၇၄
	၉-နဝကနိပါတ ၂၆	၂၇၆

စဉ်	အကြောင်းအရာ	စာမျက်နှာ
၇၅။	၄၁-နဝက ၁၄၊ ၄၂-နဝက ၁၂	၂၇၆-၂၈၀
	၁၀-ဒသက ၅၀	၂၈၂
၇၆။	၄၃-ဒသက ၁၄၊ ၄၄-ဒသက ၈၊ ၄၅-ဒသက ၂၈	၂၈၂-၂၈၅
၇၇။	၁၁-ဧကာဒသက-၂၀	၂၈၈
၇၈။	၄၆-ဧကာဒသက ၁၈၊ ၄၇-ဧကာဒသက ၂	၂၈၈-၂၈၉
၇၉။	(၈)ဥပေါသထာဒီပုစ္ဆာဝိသဇ္ဇနာ	၂၉၃
	၄၈။ ပုဒ် ၃၀-၏ပုစ္ဆာ	၂၉၃
၈၀။	(၉)အတ္ထဝသပကရဏ	၂၉၅
၈၁။	၄၉-အကျိုးထူးဆယ်ပါး၊ ၅၀-ဗဒ္ဓစက်ဖွဲ့ခြင်း	၂၉၅-၂၉၆
	၅၁-ခဏ္ဍစက်	၂၉၆
၈၂။	(၁၀)ဂါထာသင်္ကေတ	၂၉၈
၈၃။	၅၂-သတ္တနဂရေသုပညတ္တံ၊ ၅၃-ပုစ္ဆာ ၁၁-ချက်	၂၉၈-၃၀၂
၈၄။	၅၄-ဂရုကာဒိဝိသဇ္ဇနာ၊ ၅၅-ကြားဖြတ်ပြဿနာ	၃၀၂-၃၀၃
၈၅။	၅၆-သာဓာရဏာဒိဝိသဇ္ဇနာ၊ ၅၇-ဝိပတ္တိအဖြေ	၃၀၅-၃၀၆
	၅၈-အပိုဖြေဆိုသောအာပတ္တိနိဗန္ဓနာ	၃၀၈
၈၆။	(၁၁)အဓိကရဏဘေဒ	၃၁၅
၈၇။	၅၉-အဓိကရဏ၊ ၆၀-ဥက္ကောဋ္ဌ၊ ၆၁-အာကာရပုဂ္ဂလ	၃၁၅-၃၁၆
၈၈။	၆၂-နိဒါန်းဟောတ္ထုပစ္စယ်၊ ၆၃။ မူလ၊သမုဋ္ဌာန်း၊ ၆၄-အာပတ္တိ၊	၃၂၂-၃၂၅
၈၉။	အဓိကရဏအဓိပ္ပါယ်၊ ၆၅-ဟောတိ-ဖြစ်သလော	၃၂၈
	၆၆-ယတ္ထ၊ ၆၇-သံသဋ္ဌ၊ ၆၈-သမထ၏နိဒါန်းဟောတ္ထုပစ္စယ်၊	၃၂၉-၃၃၁

၈၃	အကြောင်းအရာ	စာမျက်နှာ
၉၀။	၆၉-မူလ၊သမုဒ္ဒာန်၊ ၇၀-နာနာတ္ထဗျဉ္ဇန်	၃၂၂-၃၃၃
	၁၂-အပရဂါထာသင်္ကေတ၊	၃၃၆
၉၁။	၇၁-စောဒနာဒီအတ္ထ၊ ၇၂-အလဒ္ဓီစသည်၏လက္ခဏာ	၃၃၆-၃၄၂
	၁၃-စောဒနာကဏ္ဍ	၃၄၅
၉၂။	၇၃-အနုပိဒ္ဓကကိစ္စ၊ ၇၄-စော-အာဒီ၊မူလစသည်	၃၄၅-၃၄၇
၉၃။	၇၅-ဥပသမ်စသည်၊ ၇၆-စောဒကဏ်အလား-ဂတိ	၃၄၉-၃၅၀
	၁၄-စူဠသင်္ဂါမ	၃၅၂
၉၄။	၇၇-စစ်ပွဲဝင်သူ၊ ၇၈-အနုပိဒ္ဓကမမေ-အပ်	၃၅၂-၃၅၄
၉၅။	၇၉-အနုပိဒ္ဓကကျင့်ဝတ်၊ ၈၀-သုတ္တသံသန္ဒနတ္ထ	၃၅၅-၃၅၉
၉၆။	၈၁-သံဝရတ္ထာယ၊ ၈၂-ကြီး-ကဲ-ထိုက် မထိုက်	၃၆၁-၃၆၄
	၁၅-မဟာသင်္ဂါမ	၃၆၆
၉၇။	၈၃-စစ်ပွဲဝင်သူ၊ ၈၄-ဝတ္ထုစသည်အကျယ်	၃၆၆-၃၆၇
၉၈။	၈၅-အဂတိလေးပါး၊၈၆-သိစေအပ်စသည်	၃၆၉-၃၇၁
၉၉။	၈၇-အနုပိဒ္ဓကကိစ္စ၊ ၈၈-ပုစ္ဆာခွဲခြင်း	၃၇၂-၃၇၄
၁၀၀။	ဘယ်သူ့အား-ဘယ်သို့၊ သဟဇာတ(၁၅)	၃၇၅-၃၇၇
၁၀၁။	ကျေးဇူးပြုခြင်း-ပုစ္ဆာ၊ ကျေးဇူးပြုခြင်း-အဖြေ	၃၇၈-၃၈၀
၁၀၂။	နိဒါန်း-ပေါ်ကျ-ပစ္စယ၊ သင်္ဂဟဝါရ	၃၈၃-၃၈၄
၁၀၃။	မူလစသည်၊ ပုဂ္ဂလ၊ ဇနတာဇု-တစ်ဆယ်	၃၈၅-၃၈၇
၁၀၄။	ကထိန်ခင်း-ပုံ၊ မာတိကာရှစ်ပါး ပလိဇောပြတ်ခြင်း	၃၈၉-၃၉၁
၁၀၅။	အဓိန၊ သိမ်-ကုင်း သိမ်ပ၊ ဥပါဒ-နိရောဓ	၃၉၃-၃၉၄
၁၀၆။	သာဋီ၊ နိဿဂ္ဂည်းလွတ်အင်္ဂါ၊ ကျောင်းထိုင်အင်္ဂါ	၃၉၅-၃၉၈

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၀၇။	ကံထိုက်ကြောင်းများ၊ ကံမငြိမ်းကြောင်းများ	၃၉၉-၄၀၀
၁၀၈။	သင်္ဂါမာဝစရ ကိုယ်တွင်းပဋ္ဌာန၊ ဝေါဟာရန္တရပဋ္ဌာနများ	၄၀၁-၄၀၃
၁၀၉။	ဝိနည်းသင်ကျိုးပဋ္ဌာန	၄၀၆
၁၁၀။	ဆုံးဖြတ်သူဖြစ်ထိုက် မဖြစ်ထိုက်	၄၀၆
၁၁၁။	ဒေသနာကြားသုံးပါးအထိ၊ အကပ်ခံခြင်း	၄၁၂-၄၁၄
၁၁၂။	အတိရိုက်ဝိနည်းကံ၊ ပဝါရိတ်သင့်ခြင်း	၄၁၅
၁၁၃။	ပရိညာတကရဏာ၊ သြကာသကမ္မ	၄၁၅-၄၁၆
၁၁၄။	ဝိနည်းဆွေးနွေးအပ်သူ၊ ပဏ္ဍာပုစ္ဆာ	၄၁၆-၄၁၇
၁၁၅။	အညဗျာကရဏာ၊ ဝိသုဒ္ဓိ၊ [illegible]	၄၁၇-၄၁၈
၁၁၆။	စောဒကအဒ္ဓတ္တ၊ သြကာ[illegible]ကျမ်း [illegible]ဝါန	၄၁၈-၄၂၀
၁၁၇။	ဗဟုပကာရ၊ စီစစ်အပ်သူ၊ ဓုတင်သောမကြော့သောငါးပါး	၄၂၀-၄၂၃
၁၁၈။	သြမဒ္ဒိတ္တာ၊ အနုယောဂ၊ အာပတ်တိုက်တက်ကြောင်း	၄၂၃-၄၂၄
၁၁၉။	ဝေရ၊ဝေရမဏိ၊ဗျသန၊သမ္ဘဒါ၊ဒကံလေကံ၊	၄၂၅-၄၂၆
၁၂၀။	ကံထိုက်သောဘိက္ခုနီ [illegible]	၄၂၇
၁၂၁။	သြဝါဒမထား နှိုင်သောရဟန်း သြဝါဒကိုမယူနိုင်သောရဟန်း	၄၂၈
၁၂၂။	မဆွေးနွေးအပ်၊ ဉဗ္ဗာဟိက၊ ဗဟုသပဏ္ဍိတ	၄၂၈-၄၃၃
၁၂၃။	အဝိကပ္ပ [illegible]ကိုပြိမ်.စေသူ၊ သံဃာကွဲကြောင်း	၄၃၄-၄၃၅
၁၂၄။	[illegible] [illegible] [illegible]အတောကိစ္ဆ	၄၃၆-၄၃၉
၁၂၅။	အာဝါသိကဝေရဲ[illegible]ခြင်း၊ ဝိနယဗျာကရဏာ	၄၄၀-၄၄၁
၁၂၆။	ဆွမ်းညွှန်းစသည်ဝေရဲကျခြင်း၊ ကထိန်အာနိသင်	၄၄၁-၄၄၂
၁၂၇။	မေ့လျော့စွာအိပ်သူ၊ရှိမခိုးထိုက်သူများ၊	၄၄၃

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၂၈။	ရိုခိုးထိုက်သူ၊ရိုခိုးခြင်းအင်္ဂါ၊	၄၄၆-၄၄၇
၁၂၉။	အာပတ်ရောက်ခြင်းထခြင်း	၄၄၉
၁၃၀။	သံဃာဒိသေသ်စသည်၊ အပေါင်းသမုဒ္ဒာန်	၄၅၁-၄၅၃
၁၃၁။	၁-ပုစ္ဆာလေးခု၊ ၂-ပုစ္ဆာလေးခု၊ ၃-ပုစ္ဆာသုံးခု	၄၅၄-၄၅၆
၁၃၂။	၄-ပုစ္ဆာလေးခု၊ ၅-ပုစ္ဆာလေးခု၊ ၆-ပုစ္ဆာသုံးခု	၄၅၆-၄၅၈
၁၃၃။	၇-ပုစ္ဆာလေးခု၊ ၈-ပုစ္ဆာလေးခု၊ ၉-ပုစ္ဆာလေးခု	၄၅၈-၄၆၀
၁၃၄။	၁၀-ပုစ္ဆာလေးခု၊ ၁၁-ပုစ္ဆာလေးခု၊ ၁၂-ပုစ္ဆာလေးခု	၄၆၀-၄၆၂
၁၃၅။	၁၃-ပုစ္ဆာသုံးခု၊ [illegible]-ပုစ္ဆာ[illegible]-ပုစ္ဆာလေးခု	၄၆၄-၄၆၅
၁၃၆။	၁၆-ပုစ္ဆာတစ်ခု၊ ၁၇-ပုစ္ဆာတစ်ခု-[illegible]-ပုစ္ဆာတစ်ခု	၄၆၆-၄၆၈
၁၃၇။	၁၉-ပုစ္ဆာတစ်ခု၊[illegible]၊ ၈၂-[illegible]-ပုစ္ဆာတစ်ခု	၄၆၈-၄၆၉
၁၃၈။	၂၂-ပုစ္ဆာလေးခု-မှ-[illegible]-[illegible]ခု[illegible]	၄၆၉-၄၈၅
၁၃၉။	နိဂုံးဂါထာ၊ ၁-သာဝ[illegible]-[illegible]ရ	၄၈၅-၄၈၆
၁၄၀။	၂-ဂရုဘဏ်လဲခြင်း [illegible]သိ	၄၈၈
၁၄၁။	၃-နဂ္ဂ၊၄-ဆတ္တာသည်၊၅-နိမ္မိတဝဇ္ဇ၊	၄၈၉-၄၉၀
၁၄၂။	၆-ကဗန္ဓပြိတ္တာ၊	၄၉၂
၁၄၃။	၇-တိဏကဋ္ဌ၊ ၈-မြေကျောင်း၊ ၉-အပြစ်ဖုံးသူ	၄၉၃-၄၉၄
၁၄၄။	၁၀-ပဏ္ဍာကစသည်၊ ၁၁-မုသာဝါဒ၊ ၁၂-ဘိက္ခုနီ	၄၉၅-၄၉၆
၁၄၅။	၁၃-ဇကတောနှစ်မျိုး၊ ၁၄-ပယောဂချင်းမတူလျှင်မပေါင်းရ၊	၄၉၇-၄၉၈
၁၄၆။	၁၅-ဥဿကဋ္ဌ၊ ၁၆-လိုင်ပြန်ခြင်း	၄၉၉-၅၀၀
	၁၇-ညွှတ်စေခြင်း၊ ၁၈-ဂါမသီမ်ကြီး	၅၀၁-၅၀၂

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၄၇။	၁၉-အောင်သွယ်မှု၊ ၂၀-သက်နှိုးဖွတ်ခိုင်းမှု	၅၀၂-၅၀၃
၁၄၈။	၂၁-မိထွေးတော်ဂေါတမီရဟန်းဖြစ်ပုံ	၅၀၄
၁၄၉။	၂၂-လိုင်ပြန်သူတို့၊၂၃-တိရစ္ဆာန်	၅၀၅-၅၀၆
၁၅၀။	၂၄-တမန်စေ၍ရဟန်းပြုခြင်း၊၂၅	၅၀၆
၁၅၁။	အဘဗ္ဗပုဂ္ဂိုလ်များ	၅၀၇
၁၅၂။	၂၆-ဖြတ်သူ၊ဖုံးသူ၊၂၇-အမှန်၊အမှား၊၂၈-နိဿဂ္ဂိပစ္စည်း	၅၀၇-၅၀၈
၁၅၃။	၂၉-ဇားမြို့ပြန်သူ၊၃၀-သံဃဘေဒက	၅၀၉-၅၁၀
၁၅၄။	၃၁-ကြီးစွာသောသစ်ပင်ကြီး၊၃၂-မိန်းမများစွာ	၅၁၀-၅၁၁
၁၅၅။	၃၃-မိန်းမများ၇၁၊၃၄-အဌဝတ္ထုက၊၃၅-မိုဃ်းရေခံသက်နှိုး	၅၁၂-၅၁၃
၁၅၆။	၃၆-တိတ္ထိကျင့်ဝတ်၊၃၇-တိတ္ထိကျင့်ဝတ်	၅၁၄
၁၅၇။	၃၈-ဘိက္ခုနီ၊ ၃၉-တန်ခိုးကြီးသောသာမဏေ	၅၁၅
၁၅၈။	၄၀-သက်နှိုးသူ အလုခံရသူ၊၄၁-တိုက်တွန်းသူ	၅၁၆-၅၁၇
၁၅၉။	၄၂-တိုက်တွန်းသူ၊၄၃-ဥက္ခိတ္တက၊ကံလေးပါး	၅၁၈-၅၁၉
၁၆၀။	ဝတ္ထုကြောင့်ကံပျက်ပုံ၊ဉာတ်ကြောင့်ကံပျက်ပုံ	၅၂၁-၅၂၆
၁၆၁။	ကမ္မဝါစာကြောင့်ကံပျက်ပုံ၊သိမ်ကြောင့်ကံပျက်ပုံ	၅၂၈-၅၂၉
၁၆၂။	ပရိသတ်ကြောင့်ကံပျက်ပုံ၊ကမ္မပွတ္တာ၊ဆန္ဒာရဟာ	၅၃၀-၅၃၁
၁၆၃။	တဖန်ကံလေးပါး၊ဝတ္ထုကြောင့်ကံပျက်ပုံ	၅၃၃-၅၃၄
၁၆၄။	ဉာတ်ကြောင့်၊ကမ္မဝါစာကြောင့်၊သိမ်ကြောင့်	၅၃၄
၁၆၅။	ပရိသတ်ကြောင့်၊ကံတို့၏ဌာန၊ပန်-ငါးဌာန	၅၃၄-၅၃၅
၁၆၆။	ဉာတ်-နဝ၊ဒု-ခုနစ်၊စတု-ခုနစ်၊ကမ္မပွတ္တာ၊ဆန္ဒာရဟာ	၅၃၅-၅၃၆
၁၆၇။	ထုတ်ခြင်း၊သွင်းခြင်း၊ဆံရိပ်ခြင်း၊ဗြဟ္မဒဏ်၊ကမ္မလက္ခဏာ	၅၄၃-၅၄၇

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၆၈။	သွင်းခြင်း၊ထုတ်ခြင်း၊ဥပေါသထ၊ပဝါရဏာ၊သမ္မုတိ	၅၅၀
၁၆၉။	ပေးခြင်း၊ခံယူခြင်း၊ငင်ခြင်း၊ကမ္မလက္ခဏစသည်၊	၅၅၁-၅၅၂
၁၇၀။	ပြောကြားခြင်း- မှ-ပန်ရာဌာနအထိ	၅၅၃-၅၅၅
၁၇၁။	၁-အစ္ဆိန္နစီဝရာဒိ၊၂-အပ္ပမတ္တကဝိသေဓက	၅၅၆
၁၇၂။	၃- ဂိလာနဘောသဇ္ဇ-ပေသလစသည်	၅၅၇-၅၅၈
၁၇၃။	၅-ပစ္စည်းလေးပါ:ဖွမ်း၊၆-စေတီပြုပြင်ခြင်း:	၅၅၈-၅၅၉
၁၇၄။	၇-အသီးပင်ပန်ကြားပုံ	၅၆၀
၁၇၅။	၈-သီးခြားကတိကဝတ်၊ ၉-မြေဆီခဆယ်ဘို့ကစ်ဘို့	၅၆၁-၅၆၃
၁၇၆။	၁၀-လဖ်ုတို့၏ကျောင်းဟောင်း၊ ၁၁-ဒုဗ္ဘိက္ခမခါ	၅၆၃-၅၆၄
၁၇၇။	၁၂- ဖာတိကမ္မ၊ ၁၃-လူတို့လာတောင်းခြင်း	၅၆၅
၁၇၈။	၁၄-ဒေဖန်ခိုက်ရောက်သူ၊ ၁၅-ပုဂ္ဂလိကကျောင်း၌	၅၆၇
၁၇၉။	၁၆-သံဃိကဥယျာဉ်	၅၆၈
၁၈၀။	မပညတ်သည်၌ပညတ်၏	၅၇၃

မာတိကာပြီးပါပြီ။

ပရိုဝါအရှေ့သာ

နမော တဿဘဂဝတော အရဟတော သမ္မာသမ္ဗုद္ဓဿ။

(၁) မဟာဝိဘင်း၊ သောဠသ မဟာဝါရ၊

အဋ္ဌဝါရဒွိ

၁။ ကတ္တပညတ္တိဝါရ

၁။ ပါရာဇိက

မေဆွန်း(၂၆)ရပ်။

၁။ သိတော်မူပြီးသော မြင်တော်မူပြီးသော ဟူ၏အတူးခံတော်မူထိုက်သော အလုံးစုံသောတရားတို့၏ မဖောက်မပြန် ကိုယ်တော်ကိုင်သိဟော်မူပြီးသော မြတ်စွာဘုရားသည် အကြင်ပဌမပါရာဇိကကို ပညတ်တော်မူပြီ။

ထိုပဌမပါရာဇိကကို အဘယ်၌ပညတ်သနည်း။ အဘယ်သူကို အကြောင်းပြု၍နည်း။ အဘယ်ဝတ္ထုကြောင့်နည်း။ ထိုပဌမပါရာဇိက၌ ပညတ်ရှိသလော၊ အနုပညတ်ရှိသလော၊ အနုပွန္နပညတ်ရှိသလော၊ သဗ္ဗတ္ထပညတ်လော၊ ပဒေသပညတ်လော ၅။ သာဓာရณပညတ်လော၊ အသာဓာရณပညတ်လော၊

ဧကတောပညာဟ်လော၊ ဥဘတောပညတ်လော၊ ငါးပါးသောပါတိမောက္ခဒ္ဒေသ တို့တွင် အဘယ်ဌာနတွင်းဝင်သနည်း၊ အဘယ်ဥဒ္ဒေသဖြင့် ရွတ်ဆိုအပ်သည် အဖြစ်သို့ရောက်သနည်း၊ လေးပါးသောဝိပတ္တိတို့တွင် အဘယ်ဝိပတ္တိနည်း ၅။ ခုနစ်ပါးသောအာပတ်အစုတို့တွင် အဘယ်အာပတ်အစုနည်း၊ ခြောက်ပါးသော အာပတ္တိသမုဋ္ဌာန်တို့တွင် အဘယ်သမုဋ္ဌာန်တို့ကြောင့်ဖြစ်သနည်း၊ လေးပါးသော အဓိကရဏ်းတို့တွင် အဘယ်အဓိကရဏ်းနည်း၊ ခုနစ်ပါးသောသမထတို့တွင် အဘယ်သမထတို့ဖြင့် ငြိမ်းသနည်း၊ ထိုပဌမပါရာဇိကဌ် ဝိနယသည် အဘယ်နည်း၊ အဘိဝိနယသည် အဘယ်နည်း ၇။ ထို ပဌမပါရာဇိကဌ် ပါတိမောက္ခသည် အဘယ်နည်း၊ အဓိပါတိမောက္ခသည် အဘယ်နည်း၊ ဝိပတ္တိသည် အဘယ်နည်း၊ သမုဋ္ဌာန်သည် အဘယ်နည်း၊ ပဋိပတ္တိသည် အဘယ်နည်း၊ အဘယ်မျှသော အကျိုးထူးတို့ကိုစွဲ၍ ပဌမပါရာဇိကကို ပညတ်သနည်း ၈။ အဘယ်သူတို့သည် ဝျင်ကုန်သနည်း၊ အဘယ်သူတို့သည် ကျင့်ပြီးသောအကျင့်ရှိကုန်သနည်း၊ အဘယ်သူနှင့် ကည်သနည်း၊ အဘယ်သူတို့သည် ဆောင်ကုန်သနည်း၊ အဘယ်သူ၏စကားနည်း၊ အဘယ်ဆရာအဆက်ဆက်သည် အဆက်ဆက် ဆောင်သနည်း ၉။ ဤကား မေးခွန်း –၂၆–ရပ်တည်း။

[ပုဗ္ဗာ–၂ဖြ–ရပ်၌ အနက်ကျဉ်းကား–

သာသနာ ကြာရှည်တည်မစခြင်းအကျိုးငှာ အရှင်သာရိပုတ္တြာသည် သူတော်ကောင်းတရား၌ ရိုသေမြတ်နိုးခြင်းအဟုန်ဖြင့် မြှောက်ချီအပ်သောလက်အုပ်ကို ဥူးခေါင်း၌တည်စေ၍ တောင်းပန်ခြင်းကြောင့် အကြင်ဘုရားရှင်သည် ဆယ်ပါးသော အကျိုးထူးတို့ကိုစွဲ၍ ဝိနည်း ပညတ်ကို ပညတ်တော်မူလေပြီ။

ဘိုဘုရားရှင်သည် ထိုထိုသိက္ခာပုဒ်၏ ပညတ်အပ်သောအခါကို သိ၍ ထိုထိုသိက္ခာပုဒ်ပညတ်ခြင်း။ ဆယ်ပါးသောအကျိုးထူးတို့ကိုမြင်၍၊ တစ်နည်း (သုတ္တန်နည်းဖြင့်ကား) ပုဗ္ဗေနိဝါသ စသည်တို့ဖြင့်သိ၍၊ ဒိဗ္ဗစက္ခုဖြင့်မြင်၍ (ဝိဇ္ဇာသုံးပါးကိုချိန်သည်)၊ ဝါ– ဝိဇ္ဇာသုံးပါး အဘိညာ

ခြောက်ပါးတို့ဖြင့်သိ၍၊ အပိတ်အပင်မရှိသော သမန္တစက္ခုဖြင့်မြင်၍၊ ဝါ–အလုံးစုံကိုသိစွမ်းနိုင်သော ပညာဖြင့်သိ၍၊ သတ္တဝါတို့၏ မျက်စိအာရုံကိုလွန်သော နံရံ စသည်ခြားသော အဆင်းတို့ကိုသော်လည်း အလွန်စင်ကြယ်သော မံသစက္ခုဖြင့်သာမြင်၍၊ ဝါ– အတ္တဟိတ ပြိုးဗိုးကြောင်း သမာဓိလျှင် နီးစွာသောအကြောင်းရင်းရှိသော ပဋိပေခပညာဖြင့်သိ၍၊ ပရဟိတပြိုးဗိုးကြောင်း **ဂ**ရုဏာလျှင် နီးစွာသောအကြောင်းရင်းရှိသော ဒေသနာပညာဖြင့်မြင်၍ (ဒုက ၊ လေးခု) အကြောင် ပဌမပါရာဇိကကို ပညတ်ပြီ။ တို ပဌမပါရာဇိကကို အဘယ်အရပ်၌ ပညတ်သနည်း၊ အဘယ်သူကို အကြောင်းပြု၍ ပညတ်သနည်း၊ အဘယ်ဝတ္ထုကြောင့် ပညတ်သနည်း။ ထို ပဌမပါရာဇိကဌ် ပညတ်သည် ရှိသလော။ (ပ)။ အဘယ် ဆရာအဆက်ဆက်သည် အဆင်ဆက်ဆောင်သနည်း။ ဤကား အနက်ကျဉ်းတည်း။]

ဓီဋ္ဌိ။ ။ ဝိနည်းဖြစ်၍ဖြစ်သောပညတ်သည် ဝိနည်းပညတ်မည်၏။ ပညတ်အပ်သောအဝါကိုသိ၍ စသော ဒုကနယဖြင့်ဆိုပြီး၍ တဖန် သုတ္တန်နည်းဖြင့် ဆိုခြင်းငှာ 'တစ်နည်း ပုဗ္ဗေနိုဝါသ စသည်တို့ဖြင့်' စသည်ကိုဆိုသည်-စသည်။

သာဓိ။ ။ ဝိနည်းပညတ်ဟူသည် ဝိနယဝတ္ထုက ပညတ်တည်း။ ဉာဏနှင့် ဒဿနသည် ပညာ၏ဝေဝုစ် ဖြစ်သော်လည်း ထိုထိုဝိသေသနဖြင့် ဝိသယအတူးဌ် ဖြစ် သည်ကိုပြုခြင်းငှာ ဝိဇ္ဇာသုံးပါးစွမ်းဖြင့်လည်းကောင်း၊ အဘိညာဉအနာဝရဏဉာဏ်စွမ်းဖြင့် လည်းကောင်း၊ သဗ္ဗညုတဉာဏ်နှင့် မံသစက္ခုစွမ်းဖြင့် လည်းကောင်း၊ ပဋိဝေဓဉာဏ် ဒေသနာဉာဏ်စွမ်းဖြင့် လည်းကောင်း (နည်းလေးခုဖြင့်) သုတ္တန်နည်းယူ၍ပြုလိုရှိ၍ ဟစ်နည်း စသည်ကို ဆိုသည်။

ပဌမနည်းခြင်း ပုဗ္ဗေနိဝါသ စသည်တို့ဖြင့်ဟူသည်– ပုဗ္ဗေနိဝါသ, အာသဝက္ခယဉာဏ်နှစ်ပါးတို့ဖြင့်တည်း။ စတုတ္ထနည်းခြင်း ပဋိဃဝေဒပညာသည် အရိယမဂ္ဂပညာတည်း။

ဒေသနာပညာဖြင့် မြင်ခြင်းသည် ဒေသေတဗ္ဗ (ဟောအပ်သော) ဓမ္မတို့၏ ဟောအပ်သောခြင်းရာကို လည်းကောင်း၊ ကျွတ်တိုက်သူတို့၏ အာသယ, အနုသယ, စရိုက်, နှလုံးသွင်း စသောအပြားကိုလည်းကောင်း ဓမ္မဒေသနာပညာဖြင့် ဟုတ်တိုင်းမှန်စွာမြင်ခြင်းတည်း။

အရိ + ဟတ– ကိလေသာရန်သူကို + သတ်သောကြောင့် အရဟန္တ။ အရ + ဟတ– သံသရာစက်၏ အကန့်တို့ကို + ဖျက်ဆီးသောကြောင့် အရဟန္တ။ အရဟ– ပူဇော်အထူးကို ခံထိုက်သောကြောင့် အရဟန္တ။ သမ္မာ + သံ + ဗုဒ္ဓ– မဖောက်မပြန်လည်းကောင်း + ကိုယ်တော်တိုင် လည်းကောင်း + သစ္စာလေးပါးသိသောကြောင့် သမ္မာသမ္မုဒ္ဓမည်၏။

ဇာနတာ ပဿတာ စသောပါဠိကို စတုဝေသာရဒ္ဓွမ်းပြင့်လည်း ယောဇနာအပ်၏။ ယောဇနာပုံကား– ဇာနတာ– အန္တရာယိကဓမ္မတို့ကို သိတော်မူသော။ ပဿတာ– နိယျာနိကဓမ္မတို့ကိုမြင်တော်မူသော၊ အရဟတာ– ကိလေသာရန်သူကို သတ်တော်မူသော။ သမ္မာသမ္ဗုဒ္ဓေန– မဖောက်မပြန် ကိုယ်တိုင် သမ္မာသလေးပါးသိတော်မူသော။ ဘဂဝတာ– မြတ်စွာဘုရားသည်။ (အန္တရာယ၊ နိယျာန၊ အာသဝက္ခယ၊ ဗုဒ္ဓတို့– လေးပါးခွဲ ရုံရင့်သောဉာဏ်လေးပါးသည် စတုဝေသာရဒ္ဓဉာဏ်မည်၏။)

ဒသဗလဂုဏ်ဖွမ်းဖြင့်လည်း– ဇာနတာ– ဌာနာဌာန, ဂိပါက စသော ဝေဘန်ခြင်းကို သိတော်မူသော။ ပဿတာ–

ကံအားလျော်စွာဖြစ်သော သတ္တဝါတို့ကို ဒိဋ္ဌစကၠုဖြင့် မြင်တော်မူသော။ အရဟာတာ- ဝါသနာနှင့်တကွသော အာသဝေါတို့ကို ဖျက်ဆီးတော်မူသော့။ သမ္မာသမ္ဗုद्ध- အဘိညေယျ, ပဟာတဗ္ဗ စသောဓမ္မတို့ကို သိအပ် ပယ်အပ် စသည်ဖြင့် မဖောက်မပြန် ထိုးထွင်းသိတော်မူသော။ ဘဂဝတာ- သည်။ ဟူ၍လည်းကောင်း။

အဌာရသ **အာ**ဝေဏိက ဗုဒ္ဓဓမ္မစွမ်းဖြင့်လည်း- ဇာနတာ- ကာလသုံးပါး၌ မပိတ်ပင်အပ်သောဉာဏ်ဖြင့် သိတော်မူသော။ ပဿတာ- ကာယကံစသော ကံသုံးပါးတို့၏ ဉာဏ်တော်သို့အစဉ်လိုက်ခြင်းကြောင့် ကောင်းစွာပြုခြင်းဖြင့် မြင်တော်မူသော။ အရဟာတာ- ၁၀, ရ၀ စသည်မရှိခြင်းကို ပြီးစေသော ပဟာနသမ္ပဒါ ဖြင့် အရဟန္တာဖြစ်တော်မူသော။ သမ္မာသမ္ဗုद्ध- ဆန္ဒ, ဝီရိယ စသည်၏ မဆုတ်ယုတ်ကြောင်း မကုန်ခန်းသော ပဋိဘာန်ကိုပြီးစေသော သဗ္ဗညုတဉာဏ်ဖြင့် သမ္မာသမ္ဗုद्ध ဖြစ်တော်မူသော။ ဘဂဝတာ- သည်။ ဟူ၍လည်းကောင်း ယောဇနာအပ်၏။

ဝိဇ္ဇီ။ ။ သမန္တစက္ခုသည် သဗ္ဗညုတဉာဏ်တည်း။ အလွန်စင်ကြယ်သော မံသစက္ခုဟူသည် ညဉ့်, နေ့ ဝန်းကျင် ယူဇနာအတွင်း အလွန်သိမ်မွေ့သော အဆင်းကိုသော်လည်း မြင်နိုင်သော မံသစက္ခုဖြစ်၏။)

ပဌမပါရာဇိက

၂။ သိတော်မူပြီးသော (ပ) မြတ်စွာဘုရားသည် အကြောင်း ပဌမပါရာဇိကကို ပညတ်တော်မူပြီ။

ထို ပဌမပါရာဇိကကို အဘယ်၌ပညတ်သနည်း၊ ဤသို့သော အမေးဌ

ဝေသာလီ၌ပညတ်သည်။ ဤသို့သောအဖြေဖြစ်၏။

အဘယ်သူကို အကြောင်းပြု၍နည်း၊ ကလန္ဒသူဌေးသား ရှင်သုဒိန်ကို အကြောင်းပြု၍တည်း။

အဘယ်ဝတ္ထုကြောင့်နည်း၊ ရှင်သုဒိန်သည် မယားဟောင်း၌ မေထုန်ကျင့်။ ထိုဝတ္ထုကြောင့်တည်း။

ထို ပဌမပါရာဇိကာ၌ ပညတ်ရှိသလော၊ အနုပညတ်ရှိသလော၊ အနုပဿနာ ပညတ်ရှိသလော၊ ပညတ် တစ်ခုရှိ၏။ အနုပညတ် နှစ်ခုရှိ၏။ အနုပဿနာပညတ် မရှိ။ သဗ္ဗတ္ထပညတ်လော၊ ပဒေသပညတ်လော၊ သဗ္ဗတ္ထ ပညတ်ဖြစ်၏ ၁။

သာဓာရဏပညတ်လော၊ အသာဓာရဏပညတ်လော၊ သာဓာရဏ ပညတ်ဖြစ်၏။ ဧကတောပညတ်လော၊ ဥဘတောပညတ်လော၊ ဥဘတော ပညတ်ဖြစ်၏။ ငါးပါးသော ပါတိမောက္ခုဒ္ဒေသတို့တွင် အဘယ်၌အတွင်း ဝင်သနည်း၊ နိဒါန်း၌အတွင်းဝင်၏။ အဘယ်ဥဒ္ဒေသဖြင့် ရွတ်ဆိုအပ်သည် အဖြစ်သို့ရောက်သနည်း၊ ဒုတိယဥဒ္ဒေသဖြင့် ရွတ်ဆို အပ်သည်အဖြစ်သို့ရောက်၏။ လေးပါးသောဝိပတ္တိတို့တွင် အဘယ်ဝိပတ္တိနည်း၊ သီလဝိပတ္တိဖြစ်၏ ၂။

ခုနစ်ပါးသောအာပတ်အစုတို့တွင် အဘယ်အာပတ်အစုနည်း၊ ပါရာဇိက အာပတ်အစုဖြစ်၏။ ခြောက်ပါးသော အာပတ္တိသမုဋ္ဌာန်တို့တွင် အဘယ်သမုဋ္ဌာန် တို့ကြောင့်ဖြစ်သနည်း၊ တစ်ခုသောသမုဋ္ဌာန်ကြောင့် ဖြစ်၏။ ကာယကြောင့် လည်းကောင်း, စိတ္တကြောင့်လည်းကောင်း ဖြစ်သည်။ ဝါစာကြောင့်မဖြစ်။ ဝါ– ကာယ, စိတ္တ ဟူသော စတုဋ္ဌသမုဋ္ဌာန်တစ်ခုကြောင့်ဖြစ်၏။ (စတုတ္ထသည် မေထုနသမုဋ္ဌာန် တည်း။ ၈–မေထုနာ ဟု အကျဉ်းသိ။) လေးပါးသော အဓိကရဏ်းတို့တွင် အဘယ်အဓိကရဏ်းနည်း၊ အာပတ္တာဓိကရဏ်းဖြစ်၏။ ခုနစ်ပါးသော သမထတို့တွင် အဘယ်သမထတို့ဖြင့်ငြိမ်းသနည်း၊ သမ္မုခါ ဝိနည်း, ပဋိညာဟကရဏဟူသော သမထနှစ်ပါးတို့ဖြင့်ငြိမ်း၏။ ထို ပဌမ ပါရာဇိက၌ ဝိနယသည် အဘယ်နည်း၊ အဘိဝိနယသည် အဘယ်နည်း၊ ပညတ္တိ

(ပညတ်) သည် ဝိနယဖြစ်၏။ ဝိဘင်္ဂ (ဂေဘန်ခြင်း) သည် အဘိဝိနယ ဖြစ်၏ ၁။

ပါတိမောက္ခသည် အဘယ်နည်း၊ အဓိပါတိမောက္ခသည် အဘယ်နည်း၊ ပညတ္တိသည် ပါတိမောက္ခဖြစ်၏။ ဝိဘင်္ဂသည် အဓိပါတိမောက္ခ ဖြစ်၏။ ဝိပတ္တိသည်အဘယ်နည်း၊ မစောင့်စည်းခြင်းသည် ဝိပတ္တိဖြစ်၏။သမ္ပတ္တိသည် အဘယ်နည်း၊ စောင့်စည်းခြင်းသည် သမ္ပတ္တိဖြစ်၏။ ပဋိပတ္တိသည် အဘယ်နည်း၊ ဤသိုသောအကျင့်ကို မလွန်ကျူးပါအံ့ဟု အသက်ထက်ဆုံး ဆောက်တည်၍ကျင့်ခြင်းသည် ပဋိပတ္တိဖြစ်၏။အဘယ်မျှသောအကျိုးထူးတို့ကိုစွဲ၍ ပဌမပါရာဇိကကို ပညတ်သနည်း၊ ဆယ်ပါးသောအကျိုးထူးတို့ကိုစွဲ၍ ပညတ်သည်။

သံဃာသည် " ကောင်းပါပြီ၊ လိုက်နာပါမှုည်" ဟု ဝန်ခံစေခြင်းငှာ လည်းကောင်း၊ သံဃာသည် ဝန်ခံခြင်းတူ အသက်မွေးတူသဖြင့် ချမ်းသာစွာ နေရခြင်းငှာ လည်းကောင်း၊ အလံဇီဒုဿီလတို့ကို နှိမ်နင်းနိုင်ခြင်းငှာ လည်းကောင်း၊ လဇ္ဇီပေသလတို့ ကျင့်စဉ်သိ၍ ကျင့်လွယ်ခြင်း ငှာလည်းကောင်း၊ မျက်မှောက်အာသဝေါးကို စောင့်စည်းခြင်းငှာ လည်းကောင်း၊ တမလွန်အာသဝေါးကို တားခြင်းငှာလည်းကောင်း၊ မကြည်ညိုသူ ကြည်ညိုခြင်းငှာ လည်းကောင်း၊ ကြည်ညိုသူ လွန်စွာကြည်ညိုခြင်းငှာလည်းကောင်း၊ သဒ္ဓမ္မ သုံးပါး တည်ခြင်းငှာလည်းကောင်း၊ ဝိနည်းလေးပါး ချီးမြှောက်ခြင်းငှာ လည်းကောင်း၊ ဤအကျိုးထူး ဆယ်ပါးကိုစွဲ၍ ပညတ်သည် ၁။

အဘယ်သူတို့သည် ကျင့်ကုန်သနည်း၊ သေက္ခပုဂ္ဂိုလ်, ကလျာဏ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ကျင့်ကုန်၏။ အဘယ်သူတို့သည် ကျင့်ပြီးသော အကျင့်ရှိကုန်သနည်း၊ ရဟန္တာတို့သည် ကျင့်ပြီးသောအကျင့် ရှိကုန်၏။ အဘယ်သူ၌ တည်သနည်း၊ သိက္ခာကာမပုဂ္ဂိုလ်တို့၌တည်၏။ အဘယ်သူတို့ သည် ဆောင်ကုန်သနည်း၊ လေ့လာသူတို့သည် ဆောင်ကုန်၏။ အဘယ်သူ၏ စကားနည်း၊ မြတ်စွာဘုရား၏စကားဖြစ်၏။ ကေနဘတံ-အဘယ်:ဘရာ

အဆက်ဆက်သည် အဆက်ဆက်ဆောင်သနည်း၊ ပရမ္မရာဘတံ- ဥပါလိ မထေရ်, ဒါသကမထေရ် စသည်တို့သည် အဆက်ဆက်ဆောင်ကုန်၏ [6]။

၃။ ဥပါလိ၊ ဒါသက၊ သောဏက၊ **သီဟ**ဝ၊ မောဂ္ဂလိပုတ္တတိဿ- ဤ ရဟန္တာ ငါးပါးသည် ဇမ္ဗူဒီပ် **ကျွန်း၌** အဆက်ဆက် တတိယသင်္ဂါယနာတိုင်အောင် မပြတ်ဆောင်ကုန်၏။ (သီဟိုဠ်အထိ ဤမထေရ်ဆက်တို့ကို နောက်ဆရာများ ဆက်ကြသည်။ ဤပရိဝါကို ရှင်ဥပါလိ ဟောကြောင်း နောက်၌ ဖော်ရှားလတ္တံ့။)

ထို့နောင် မဟိန္ဒ၊ ဣဋ္ဌိယ၊ ဥဋ္ဌိယ၊ သမ္ဗလ၊ ဘဒ္ဒနာမ- ဤရဟန္တာ ငါးပါးသည် ဇမ္ဗူဒီပ်မှ သီဟိုဠ်သို့ကြွလာ၍ ဝိနည်းပိဋကတ်ပို့ချကုန်၏။ နိကာယ်ငါးကျမ်း၊ အဘိဓမ္မာခုနစ်ကျမ်းတို့ကိုလည်း ပို့ချကုန်၏။

ထို့နောင် အရိဋ္ဌ၊ တိဿဒတ္တ၊ ကာဠသုမန၊ ဒီဃ၊ ဒီဃာသုမန [1]၊ ကာဠသုမန၊ နာဂ၊ ဗုဒ္ဓရက္ခိတ၊ တိဿ၊ ဒေဝ [2]၊ သုမန၊ စူဠနာဂ၊ ဓမ္မပါလိဟ၊ ခေမ၊ ဥပတိဿ [3]၊ ဖုဿဒေဝ၊ သုမန၊ ပဗ္ဗနာမ ဟ္ရသော မဟာပဒုမ၊ မဟာသီဝ၊ ဥပါလိ [4]၊ မဟာနာဂ၊ အဘယ၊ တိဿ၊ ဗုဒ္ဓနာမဟ္ရသော သုမန၊ (ဤ ပုဗ္ဗနာမ မထေရ်ကား သာသနာတော်ရှေ့ရောက်လျက် ဇမ္ဗူဒီပ်၌ နေသည်။) စူဠာဘယ [5]၊ တိဿ၊ စူဠဒေဝ၊ သီဝ [2] ဤရဟန္တာ ၂၈-ပါးတို့သည် သီဟိုဠ်ကျွန်း၌ အဆက်ဆက် ဝိနည်းပိဋကတ် ပို့ချကုန်၏။

[ပညတ်တာစ်ခုကား- 'ယော ပန ဘိက္ခု မေထုနံဓမ္မံ ပဋိသေဝေယျ ပါရာဇိကော ဟောတိ အသံဝါသော'- ဤကား ပညတ်တာစ်ခုဖြစ်၏။ ဝါ- မူလ ပညတ်ဖြစ်၏။

အနုပညတ်နှစ်ခုကား- အဒ္ဓမသော တိရစ္ဆာနဂတောယပိ- သည်

လည်းကောင်း၊ သိက္ခံ အပစ္စက္ခာယ- သည်လည်းကောင်း မဂ္ဂင်္ဂဝတ္ထု၊ ဝဋ်ဗိုဝ်ကတ်ဝတ္ထုစွမ်းဖြင့် အနုပညတ် နှစ်ခုဖြစ်၏။ ဤသို့ နှစ်ဘို့ကို ဖြေသည်။ တတိယအဘို့ကို ဖြေခြင်းငှာ အနုပွန္နပညတ်မရှိဟုဆိုသည်။

ဤ အနုပွန္နပညတ်မည်သည်ကို အပြစ်မဖြစ်မီ ပညတ်သည်။ အဌဂရုဝမ္မစွမ်းဖြင့် ဘိက္ခုနီတို့အားသာလာသည်။ တခြားဌ်မရှိ။ ထို့ကြောင့် အနုပွန္နပညတ် မရှိဟုဆိုသည်။

သဗ္ဗတ္ထပညတ်ဟူသည်- မဒ္ဒိမဒေသဌ်လည်းကောင်း၊ ပစ္စန္တိမ ဇနပုဒ်တို့ဌ်လည်းကောင်း အရပ်အားလုံးဌ် ပညတ်ခြင်းတည်း။ ဝိနယ ဓရပဠမဂဏ္ဌာဖြင့် ဥပသမ္ပဒကံဆောင်ခြင်း၊ သုံးထပ်ထက်လွန်သော အထပ်များသော ဘိနပ်စီးခြင်း၊ နေ့တိုင်းရေချိုးခြင်း၊ သားရေအခင်းခင်းခြင်း- ဤသိက္ခာပုဒ် လေးခုသည် မဒ္ဒိမဒေသဌ်သာပညတ်၍ မဒ္ဒိမဒေသဌ်သာ အာပတ်ကိုဖြစ်စေ၏။ ပစ္စန္တရာဇ်ဌ် အာပတ်မသင့်စေ။

* ငါးပါးရဟန်းခံ၊ သုံးထပ်လွန်ဘိနပ်၊ မပြတ်ရေချိုး၊ သားရေမျိုးခင်း ၄၊ ပယ်ရှင်းမဒ္ဒတ်၊ ပစ္စန်အပ်၊ လေးရပ် ပဒေသပညတ်တည်း။

ဤလေးခုမှ ကြွင်းသမျှအားလုံးသည် သဗ္ဗတ္ထပညတ် မည်၏။

သာဓာရဏပညတ်သည်- ဘိက္ခုတို့အားလည်းကောင်း၊ ဘိက္ခုနီတို့အားလည်းကောင်း ဆက်ဆံသော ပညတ်ခြင်းဖြစ်၏။

ဘိက္ခုသက်သက်အားလည်းကောင်း၊ ဘိက္ခုနီသက်သက်အားလည်းကောင်း ပညတ်သောသိက္ခာပုဒ်သည် အသာဓာရဏပညတ် မည်၏။

ဤ ပဌမပါရာဇိကကိုကား ဘိက္ခုကိုအကြောင်းပြု၍ ဖြစ်သော ဝတ္ထုဌ် 'ယာ ပန ဘိက္ခုနီ ဆန္နသော မေထုနံဓမ္မံ ပဋိသေဝေယျ အန္တမသော တိရစ္ဆာန ဂတေနာပိ ပါရာဇိကာ ဟောတိ အသံဝါသာ' ဟု ဘိက္ခုနီတို့အားလည်း ပညတ်တော်မူ၏။ ဘိက္ခုနီတို့အား ဝိနီတ

ကထာမျှသာမရှိ၊ သိက္ခာပုဒ်ကား:ရှိ၏။

ထို့ကြောင့် သာဓာရဏပညတ်ဟုဆိုသည်။ ဥဘတော ပညတ်၌ လည်: ဤနည်:သာတည်:။ သဒ္ဒါမျှထူ:၏။ နှစ်ဦ:လုံ:တို့အား: ဆက်ဆံသောကြောင့် သာဓာရဏပညတ်၊ နှစ်ဦ:လုံ:တို့အား: ပညတ်သောကြောင့် ဥဘတောပညတ်။ ဤသို့ အနက်၌ကား: ထူ:ခြင်:မရှိ။

နိဒါန်:၌အတွင်:ဝင်၏ ဟူသည်– 'ယသ သိယာ အာပတ္တိ သော အာဝိကရေယျ'– ဟူသော နိဒါန်:ပါဠိ၌ အာပတ် အား:လုံ: (၇–ပါ:လုံ:) ဝင်သောကြောင့် နိဒါန်:၌ အတွင်:ဝင်သည်မည်၏။

ဒုတိယဥဒ္ဒေသဖြင့်ဟူသည်– နိဒါန်:၌ အတွင်:ဝင်သော်လည်: 'တတြိ မေ စတ္တာရော ပါရာဇိကာဓမ္မာ'– စသော ဒုတိယဥဒ္ဒေသဖြင့်သာ ရွတ်ဆိုအပ်သည်အဖြစ်သို့ရောက်၏။ (၀ါ–လပြည့် လကွယ် သိမ်တွင်:၌ ဥပုသ်ပြုသောအခါ ရွတ်ဆို အပ်၏။)

လေ:ပါ:သော ဝိပတ္တိကား:– သီလဝိပတ္တိ စသည်တည်:။ ပဌမ အာပတ်အစုနှစ်ခုသည် သီလဝိပတ္တိမည်၏။ ကြွင်:ငါ:ခုသည် အာစာရ ဝိပတ္တိမည်၏။ မိစ္ဆာဒိဋ္ဌိ [1]၊ အန္တဂ္ဂါဟိကဒိဋ္ဌိ [2] တို့သည် ဒိဋ္ဌိဝိပတ္တိမည်၏။ အာဇီဝကြောင့်ပညတ်သော သိက္ခာပုဒ်ခြောက်ခုသည် အာဇီဝဝိပတ္တိ မည်၏။ ထိုတွင် ဤပါရာဇိကသည် သီလဝိပတ္တိမည်၏။

တစ်ခုသောသမုဒ္ဒာန်ဟူသည်– ကာယ၊ စိတ္တ အင်္ဂါနှစ်ပါ:ရှိသော (စတုတ္ထ) သမုဒ္ဒာန်တစ်ခုဖြစ်၏။ ထိုတွင် စိတ္တသည် အင်္ဂါဖြစ်၏။ ကာယကြောင့် အာပတ်သို့ရောက်၏။ ထို့ကြောင့် ကာယကြောင့် လည်:ကောင်:, စိတ္တကြောင့် လည်:ကောင်: ဖြစ်သည်ဟုဆိုသည်။

---

[1] မိစ္ဆာဒိဋ္ဌိသည် ..နတ္ထိဒိန္နံ၊ နတ္ထိယိဋ္ဌံ စသောဝတ္ထုဆယ်ပါ:ရှိသော ဒသဝတ္ထုကာ ဒိဋ္ဌိဖြစ်၏၊ အကျိုးပယ်သော နတ္ထိကဒိဋ္ဌိတည်:။

[2] အန္တဂ္ဂါဟိကဒိဋ္ဌိသည်.. ဟောတိ တထာဂတော ပရမ္မရဏာ– စသော သဿတ, ဥစ္ဆေဒ အဖွဲ့:နှစ်ခုယူသော ဒိဋ္ဌိဖြစ်၏။

သမထနှစ်ပါးတို့ဖြင့်ဟူသည်- "သင် အာပတ်သို့ ရောက်သလော" ဟု မျက်မှောက်မေး၍ ရောက်မိပါသည်ဟု ဝန်ခံအံ့၊ ထိုခဏတွင် ငြင်းခုံခြင်းတို့သည် ငြိမ်းကုန်၏။ ထို ပုဂ္ဂိုလ်ကိုဖယ်၍ ဥပုသ် ပဝါရကောကိုလည်း ပြုနိုင်၏။ ဤသို့ သမ္မုခါဝိနည်း, ပဋိညာတကရဏဝိနည်း နှစ်ပါးတို့ဖြင့်ငြိမ်း၏။ ထိုအကြောင်းကြောင့် တစ်စုံတစ်ခုသောဘေးရန်မဖြစ်။ အထက် ပည်တ္တိဝဂ်၌- 'နှ ကတာမေနသမယေန သမ္မတိ'- ဟူသော 'စကားကိုကား သမထသို့ချသွင်း၍ အနာပတ္တိပြုခြင်းငှာ မတတ်ကောင်းဟူသော ဤအနက်ကို ရည်ဆိုသည်။

ပည်တ္တိသည် ဝိနယဖြစ်၏ဟူသည်- ယော ပန ဘိက္ခု စသော နည်းဖြင့်ဟောသော မာတိကာပည်တ္တိသည် ဝိနယဖြစ်၏ ဟူလို။

ဝိဘင်္ဂတ္တိဟူသည်- ပဒဘာဇနေဖြစ်၏။ ဝိဘင်္ဂတ္တိသည် ဝိဘင်္ဂ၏ အမည်သာတည်း။

မစောင့်စည်းခြင်းသည်- လွန်ကျူးခြင်းတည်း။

စောင့်စည်းခြင်းသည်- မလွန်ကျူးခြင်းတည်း။

လေ့လာသူတို့ဟူသည်- ဝိနည်းပိဋကပါဠိကို လည်းကောင်း၊ အဋ္ဌကထာကိုလည်းကောင်း အလုံးစုံ လေ့လာသူတို့တည်း။ အလုံးစုံသောဝိနည်းပိဋကကိုမသိလျှင် ထိုသိက္ခာပုဒ်၏ အနက်ကိုမသိနိုင်။

ကေနာဘတံဟူသည်- ဤ ပဌမပါရာဇိကကို ပါဠိစွမ်းအနက်စွမ်းဖြင့် ယနေ့တိုင်အောင် အဘယ်သူ ဆောင်သနည်း။

ပရမ္ပရာဘတံဟူသည်- ဆရာအဆက်ဆက်သည်ဆောင်၏။ ထိုအဆက်ဆက်ကို ပြခြင်းငှာ 'ဥပါလိ ဒါသကော စေဝ'- စသည်ဖြင့် ရှေးမထေရ်များ ဂါထာတို့ကို ထားကုန်၏။

ဤနည်းဖြင့် ဒုတိယပါရာဇိက စသည်တို့၏ ပုစ္ဆာ, ဝိဿဇ္ဇနာ တို့၌လည်း အဆုံးအဖြတ်ကို သိအပ်၏။]

(**ဇိဋ္ဌိ**။ ။ မိစ္ဆာဒိဋ္ဌိ ဟူသည် နတ္ထိကဒိဋ္ဌိဖြစ်၏။ (ပဝါ ရဏာကွန္ဒကဋ္ဌကာတို့၌ နတ္ထိဒိန္နံ စသော ဒသဝတ္ထုကာသည် မိစ္ဆာဒိဋ္ဌိ။ ဟောတိ တထာဂတော ပရမ္မရဏာ၊ နု ဟောတိ တထာဂတော ပရမ္မရဏာ စသည်ဖြင့် သဿတ, ဥစ္ဆေဒ ဟူသော အစွန်းကိုယူသော ဒိဋ္ဌိသည် အန္တဂ္ဂါဟိကာ-ဟု ဖွင့်သည်။)

အာဇီဝကြောင့်ပညတ်သောဟု ဆိုသောကြောင့် ဤသိက္ခာပုဒ်ခြောက်ခုမှ ကြင်းသမျှသည် အာစာရဝိပတ္တိမည်၏ ဟု သိအပ်၏၊ စသည်။

သာဒ္ဌိ။ ။ မစ္ဆိမဒေသ၌သာဟူသည်- ဆိုပြီးသော သိက္ခာပုဒ်လေးခုကို လွန်ကျူးလျှင် ထိုမစ္ဆိမဒေသ၌သာ အာပတ်ဖြစ်သောကြောင့်တည်း။ ဝိနီတကထာသည်- ဝိနီတ ဝတ္ထုကလာဖြစ်၏။ကာယကြောင့် အာပတ်သို့ရောက်၏ ဟူသည်- ရှေ့အဘို့၌ မိုဝဲလိုသောစိတ်ကို အင်္ဂါပြု၍ ကာယဒွါရ ဟူသော ပဏာတိပါတ်ကို ဖြစ်စေ၍ဖြစ်သော စိတ္တုပ္ပါဒ် ဟူသော အာပတ်သို့ရောက်၏။ ဝိညတ်သည် စိတ်ကြောင့်ဖြစ်သော်လည်း- စိတ်ဖြင့် လိုအပ်သောအကျိုးသည် ကာယဝိညတ်ဖြင့် ပြီးစီး၏။ ထို့ကြောင့် ' ကာယ ဒွါရေန အာပတ္တိ' အာပဇ္ဇတီ ဟု ဆိုသည်။

ဤအနက်ကို ရည်ဆိုသည်ဟူသည်- ရောက်သော အာပတ်၏ အနာပတ္တိဘာဝသို့ ရောက်စေခြင်းငှာ မတတ်နိုင်ခြင်းမျှကို ရည်ဆိုသည်။ ဘဏ္ဍာနာဒိဂုပသမကို ရည်သည် မဟုတ်။

ရှေးမထေရ်များဟူသည်- သီဟိုဠ်ကျွန်းရှိ မထေရ်များ တည်း။

ထားကုန်၏ဟူသည်- ပေါ်တွေ့ကသင်္ကာဟာရောဟနကာလ၌ ထားကုန်၏။ ပေါ်တွေ့ကာရောဟသင်္ကီတိသည် စကဝဠသင်္ကီတိသဒိသဖြင်၏။

ပိဋ္ဌိ။ ။ ဝိနိတကထာသည်- ဝိနိဟာဝတ္ထုကထာ တည်း။ အယ မေဝ ဝါ ပါဌော။

အင်္ဂါနှစ်ပါးရှိသော သမုဒ္ဒာန်တစ်ခုဟူသည်- နှစ်ခုပေါင်းသော တစ်ခုတည်း။ နှစ်ခုမှ တစ်ခုခုကင်းလျှင် ဤအာပတ်မဖြစ်။ ထိုနှစ်ပါးတို့တွင် ပဌာနအင်္ဂါကား ဖိုလ်ဖြစ်၏။ မင်ဖြင့် မင်သွင်းခြင်း ဟူသော ကာယဝိညတ်သည် သေဝနစိတ်ကြောင့်သာဖြစ်သော်လည်း ထိုအင်္ဂါဒွယကိုစွဲ၍ ဤအာပတ်ဟူသောအမည်သည်ဖြစ်၏။ ထို့ကြောင့် စိတ္တသည် ကာယ၏အကြောင်းဖြစ်၏။ အာပတ်၏အကြောင်းမဟုတ်။ စိတ်ကြောင့်ဖြစ်သော ကာယသည်သာလျှင် အာပတ်၏ ဒုကြောင်းမရှိသောအကြောင်းဖြစ်၏။ စိတ်သည် အကြောင်း၏အကြောင်းဖြစ်၏။ ဤကား အဝိပ္ပါယ် တည်း။

အထက်၌ စိတ္တအင်္ဂါရှိသော သမုဒ္ဒာန်အားလုံးတို့၌လည်း ဤအတူသိအပ်၏။ 'ဧကေန သမုဋ္ဌာနေန သမုဋ္ဌာတိ' စသော ပရိဝါရ ဝစနဖြင့်သာ အာပတ်ကို အကုသလစေတနာ ပရမတ်သဘောဖြင့် ပါဠိအဋ္ဌကထာတို့၌ ပရိယာယ်ဖြင့်သာ ဆိုသည်။ သမ္မုတိသဘာဝသာ အာပတ်ဟူ၍ပြီးစီး၏။ အကြောင်းကား သမုဋ္ဌာနနှင့် သမုဋ္ဌိတတို့၏ (၀ါ- သမုဋ္ဌာန်နှင့် အာပတ်တို့၏) ကွဲပြားခြင်း ထင်ရှားသောကြောင့်တည်း ဟု ယူအပ်၏။

ဤအနက်ကို ရည်ဆိုသည် ဟူသည်– ရောက်သော ပါရာဇိကအာပတ်၏ သမထတစ်ခုခုဖြင့်သော်လည်း အနာပတ္တိ မဖြစ်နိုင်ခြင်းမျှကို ရည်ဆိုသည်။

ရေးမထေရ်များဟူသည်– သင်္ဂါယနာသုံးတန်မှ နောက်၌ ပေါ်ထွက်သင်္ဂီတိကိုပြုသော ဆဋ္ဌဘိည ပဋိသမ္ဘိဒါ ပတ္တမထေရ်များဖြစ်ကုန်၏။ စတုတ္ထသင်္ဂီတိ သဒိသ ဟိ ပေါ်ထွက်ကာ ရောဟ သင်္ဂီတိ။)

ဒုတိယပါရာဇိက

၄။ မြတ်စွာဘုရားသည် ဒုတိယပါရာဇိကကို အဘယ်၌ ပညတ်သနည်း။ ရာဇဂြိုဟ်၌ပညတ်သည်။ ကံ အာရဇ္ဇ။ ကုမ္ဘကာရပုတ္တ ဖြစ်သော ရှင်ဓနိယကိုအကြောင်းပြု၍တည်း။

ကိသို့ ဝတ္ထုသို့ ။ ရှင်ဓနိယသည် မင်းကြီး၏ သစ်တော်တို့ကို အရှင် မပေးဘဲယူ၏။ ထိုဝတ္ထုကြောင့်တည်း။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခုရှိ၏။

ကတိဟိ သမုဋ္ဌာနေဟိ သမုဋ္ဌာတိ။ သုံးပါးသောသမုဋ္ဌာန်တို့ကြောင့် ဖြစ်၏။ ရံခါ ကာယကြောင့်လည်းကောင်း စိတ္တကြောင့်လည်းကောင်း ဖြစ်၏။ ဝါစာကြောင့်မဖြစ်။ ရံခါ ဝါစာကြောင့်လည်းကောင်း စိတ္တကြောင့်လည်းကောင်း ဖြစ်၏။ ကာယကြောင့်မဖြစ်။ ရံခါ ကာယကြောင့်လည်းကောင်း ဝါစာကြောင့်လည်းကောင်း စိတ္တကြောင့်လည်းကောင်း ဖြစ်၏။ ဝါ– သစိတ္တကသုံးပါးကြောင့် ဖြစ်၏။ အကြွင်းတူပြီ။ (သစိတ္တကသုံးခု– အဒိန္နာဒါနသမုဋ္ဌာန်။)

တတိယပါရာဇိက

၅။ တတိယပါရာဇိကကို အဘယ်၌ ပညတ်သနည်း။ ဝေသာလီ၌

ပညတ်သည်။

ကံ အာရဇ္ဇ ။ များစွာသောရဟန်းတို့ကို အကြောင်းပြု၍တည်း။ များစွာသောရဟန်းတို့သည် အချင်းချင်း ဧီဝိတိန္ဒြေမှ ချကုန်၏။ ။

ပညတ်တစ်ခု ။ အနုပညတ်တစ်ခုရှိ၏။ သစိတ္တကသမုဋ္ဌာန်သုံးပါးတို့ကြောင့်ဖြစ်၏။

စတုတ္ထပါရာဇိက

၆။ စတုတ္ထပါရာဇိကကို အဘယ်၌ပညတ်သနည်း။ ဝေသာလီ၌ ပညတ်သည်။ ဝဂ္ဂုမုဒါမြစ်ကမ်းနား၌နေသော ရဟန်းတို့ကို အကြောင်းပြု၍တည်း။ ထိုရဟန်းတို့သည် လူတို့ထံ၌ အချင်းချင်း ဥတ္တရိမနုဿဓမ္မ (ဈာန်မဂ်ဖိုလ်) ၏ ကျေးဇူးကို ဆိုကုန်၏။ ဝါ– ဈာန်မဂ်ဖိုလ်ရသည်ဟု ဝါကြွားကုန်၏။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခုရှိ၏။

သစိတ္တကသမုဋ္ဌာန်သုံးပါးတို့ကြောင့် ဖြစ်၏။ ။

ပါရာဇိကလေးပါး ပြီးပြီ။

၂။ သံဃာဒိသေသ်

၇။ ရှေးဦးစွာ မေးခွန်း ၂၆–ရပ်ထား၍ အမေးအဖြေပြုသည်။

၈။ လုံ့လပြု၍ သုက်ကိုလွတ်စေသောရဟန်းအား သံဃာဒိသေသ်ကို အဘယ်၌ ပညတ်သနည်း။ သာဝတ္ထိ၌ ပညတ်သည်။ ရှင်သေယျကကို အကြောင်းပြု၍တည်း။ ရှင်သေယျကသည် လုံ့လပြု၍ သုက်ကိုလွတ်စေ၏။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခုရှိ၏။ အနုပွန္နပညတ်မရှိ။ သဗ္ဗတ္ထ ပညတ်ဖြစ်၏။ အသာဓာရဏပညတ်၊ ဧကတောပညတ်ဖြစ်၏။ နိဒါန်း၌ အတွင်းဝင်၏။ တတိယဥဒ္ဒေသဖြင့် ရွတ်ဆိုအပ်၏။ သီလဝိပတ္တိဖြစ်၏။

သံဃာဒိသေသ်အာပတ်အစုဖြစ်၏။ ကာယစိတ္တသမုဋ္ဌာန်တစ်ခုကြောင့်ဖြစ်၏။ အာပတ္တာဝိကရဏီးဖြစ်၏။ သမ္မုခါ, ပဋိညာ– သမဏနှစ်ပါးဖြင့်ငြိမ်း၏။ ပညတ္တိသည် ဝိနယ၊ ဝိဘင်္ဂတို့သည် အဘိဝိနယဖြစ်၏။ ပညတ္တိသည် ပါတိမောက္ခ၊ ဝိဘင်္ဂတို့သည် အဓိပါတိမောက္ခဖြစ်၏။

အသံဝရသည် ပိပတ္တိ၊ သံဝရသည် သမ္ပတ္တိ ဖြစ်၏။ "နေ ဒေဝရုပ်ကရိဿာမိ"ဟု အသက်ထက်ဆုံး ဆောက်တည်၍ ကျင့်ခြင်းသည် ပဋိပတ္တိဖြစ်၏။ ဆယ်ပါးသောအကျိုးထူးတို့ကိုစွဲ၍ ပညတ်အပ်၏။ သေက္ခနှင့် ပုထုဇဉ်တယောလျှာဏတို့သည် ကျင့်ကုန်၏။ ရဟန္တာတို့သည် ကျင့်ပြီး ဖြစ်ကုန်၏။ သိက္ခာကာမတို့ကိုလည်းတို့၌တည်၏ လေ့လာသူတို့သည် ဆောင်ကုန်၏။ ဗြတ်စွဲကဲကုရား၏ စကားဖြစ်၏။ ဥပါဟိမသော၎, ပါသကမထေ၎ ဟသည်တို့သည် အဆက်ဆက် ဆောင်ကုန်၏။

၃။ မာတုဂါမနှင့် ကိုယ်လက်နှီးနှောသောရဟန်းအား သံဃာဒိသေသ်ကို အဘယ်၌ ပညတ်သနည်း။ သာဝတ္ထိ၌--။ ရှင်ဥဒါယီကို အကြောင်းပြု၍–။ ရှင်ဥဒါယီသည် မာတုဂါမနှင့် ကိုယ်လက်နှီးနှောခြင်းကြောင့်တည်း။

ပညတ်တစ်ခုရှိ၏။(အနုပညတ်မရှိ။) ကာယစိတ္တသမုဋ္ဌာန် တစ်ခုကြောင့်ဖြစ်၏။

၁၁။ မာတုဂါမကို ရှန့်ရင်းသောစကားကိုဖြင့် ပြက်ရယ်ဆိုသောရဟန်းအား သံဃာဒိသေသ်ကို အဘယ်၌ပညတ်သနည်း။ သာဝတ္ထိ၌ပညတ်သည်။ ရှင်ဥဒါယီ--။ မာတုဂါမကို ရှန့်ရင်းသောစကားကိုဖြင့် ပြက်ရယ်ဆိုခြင်းကြောင့်တည်း။

ပညတ်ဝတ်မှ၊ သစိတ္တကသမုဋ္ဌာန်သုံးမျိုး။

၁၂။ မာတုဂါမအမယ်၌ မိမိအကျိုးငှာ မေထုန်ကာမကြောင့် လုပ်ကျွေးခြင်း၏ ကျေးဇူးကိုဆိုသောရဟန်းအား သံဃာဒိသေသ်ကို အဘယ်၌ ပညတ်သနည်း။ သာဝတ္ထိ၌--။ ရှင်ဥဒါယီ--။ မာတုဂါမထံ ထိုသို့ဆိုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သစိတ္တကသမုဋ္ဌာန်သုံးခု။

၁၂။ အောင်တမန်သွားလာသောရဟန်းအား သံဃာဒိသေသ်ကို အာဘယ်၌ ပညတ်သနည်း။ သာဝတ္ထိ၌-----။ ရှင်ဥဒါယီ--။ အောင်တမန်သွားလာ ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခု၊ သမုဋ္ဌာန်ခြောက်ခုတို့ကြောင့်ဖြစ်၏။ ရံခါ ကာယစိတ္တကြောင့်၊ ရံခါ ဝါစာစိတ္တကြောင့်၊ ရံခါ ကာယဝါစာစိတ္တကြောင့်။ ဝါ- အစိတ္တကသုံးပါး။ သစိတ္တကသုံးပါး၊ သဗ္ဗသမုဋ္ဌာန်ကြောင့်ဖြစ်၏။ (သဗ္ဗ-သဗ္ဗရိတသမုဋ္ဌာန်။)

၁၃။ ကိုယ်တိုင်တောင်းအပ်သော အဆောက်အဦဖြင့် ကုဋီကို၊ (ဝါ) ကျောင်းငယ်ကို ပြုစေသောရဟန်းအား သံဃာဒိသေသ်ကို အာဘယ်၌--၊ အာဠဝီ၌--။ အာဠဝီတိုင်းသားရဟန်းတို့--၊ ထိုသို့ပြုစေကုန်သောကြောင့် တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်ခြောက်ခု။

၁၄။ ကြီးစွာသောဝိဟာရကိုပြုစေသောရဟန်းအား သံဃာဒိသေသ်ကို အာဘယ်၌--၊ ကောသမ္မီ၌ --။ ရှင်ဆန္ဒ --။ ဝိဟာရဝတ္ထုသုတ်သင်စဉ် (စေတီယရက္ခ)အများပူဇော်သော စေတီသစ်ပင်ကို ဖြုတ်စေသောကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်ခြောက်ခု။

၁၅။ ရဟန်းကို အရင်းမရှိသောပါရာဇိကဖြင့် စွပ်စွဲသောရဟန်းအား သံဃာဒိသေသ်ကို အာဘယ်၌--၊ ရာဇဂြိုဟ်၌--။ မေတ္တိယ၊ ဘုမဇက ရဟန်းတို့--။ မလ္လာမင်းသား ရှင်ဒဗ္ဗကို ထိုသို့စွပ်စွဲကုန်သောကြောင့်တည်း။

ပညတ်တစ်ခု၊ သစိတ္တကသမုဋ္ဌာန်သုံးခု။

၁၆။ ရဟန်းကို တပါးသောအဖို့ရှိသော တည်ရာပုဂ္ဂိုလ်တစ်ယောက်၏ အမည်, အနွယ်စသော အမြွက်ကိုစွဲယူ၍ ပါရာဇိကဖြင့်စွပ်စွဲသောရဟန်းအား

သံဃာဒိသေသ်ကို အာဘယ်ဌ––၊ ရာဇဂြိုဟ်ဌ––။ မေတ္တိယဘုမဇက ရဟန်းတို့–။ ရှင်ဒဗ္ဗကို ထိုနည်းဖြင့် စွပ်စွဲကုန်သောကြောင့်တည်း။

ပညတ်တစ်ခု၊ သစိတ္တကသမုဋ္ဌာန်သုံးခု။

၁၇။ သံဃာသင်းခွဲသောရဟန်းအား သုံးကြိမ်ဆုံးမလျက် မစွန့်လျှင် သံဃာဒိသေသ်ကို အာဘယ်ဌ––၊ ရာဇဂြိုဟ်ဌ––။ ဒေဝဒတ်––။ ညီညွတ်သော သံဃာကို ကွဲစေခြင်းငှာ အားထုတ်သောကြောင့်တည်း။ ပညတ်တစ်ခုရှိ၏။ သမုဋ္ဌာန်တစ်ခုကြောင့်ဖြစ်၏။ ကိုယ်ကြောင့်, နှုတ်ကြောင့်, စိတ်ကြောင့်ဖြစ်၏။ (၀၊) ဆဋ္ဌသမုဋ္ဌာန်တစ်ခုကြောင့်ဖြစ်၏။ (ဆဋ္ဌ– သမနုဘာသနသမုဋ္ဌာန်= ဝုရနိုကျွေပ ဟူ၍လည်းခေါ်သည်။)

၁၈။ သင်းခွဲသောရဟန်းသို့ အတုလိုက်သောရဟန်းတို့အား သုံးကြိမ်ဆုံးမလျက် မစွန့်လျှင် သံဃာဒိသေသ်ကို အာဘယ်ဌ––၊ ရာဇဂြိုဟ်ဌ––။ မျှားစွာသောရဟန်းတို့––။ သင်းခွဲသောဒေဝဒတ်သို့ အတုလိုက်၍ မညီမညွတ်ဆိုကြသောကြောင့်တည်း။

ပညတ်တစ်ခု၊ ဆဋ္ဌသမုဋ္ဌာန်တစ်ခု။

၁၉။ ဆိုနိုင်ခက်သော ဒုဗ္ဗစရဟန်းအား သုံးကြိမ်ဆုံးမလျက် မစွန့်လျှင် သံဃာဒိသေသ်ကို အာဘယ်ဌ––၊ ကောသမ္မီဌ––။ ရှင်ဆန္နာ––။ ရဟန်းတို့ သိက္ခာပုဒ်ဖြင့်ဆိုသောအခါ မိမိကို မဆိုနိုင်အောင်ပြုသောကြောင့်တည်း။

ပညတ်တစ်ခု၊ ဆဋ္ဌသမုဋ္ဌာန်တစ်ခု။

၂၀။ ဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးသော ကုလဒူသက ရဟန်းအား သုံးကြိမ်ဆုံးမလျက် မစွန့်လျှင် သံဃာဒိသေသ်ကို အာဘယ်ဌ––၊ သာဝတ္ထိဌ––။ အသေဒိပုနဗ္ဗသုကရဟန်းတို့––။ သံဃာနှင်ထုတ်သောအခါ ရဟန်းဟို့ကို ဆန္နာဂတိ စသော အဂတိလေးပါးလိုက်သည်ဟု ဆိုသောကြောင့်တည်း။

ပညတ်တစ်ခု၊ ဆဋ္ဌသမုဋ္ဌာန်တစ်ခု။

သံယာဒိသေသ် ၁၃-ပါး ပြီး၏။

၃။ အနိယတ

၂၁။ ပဋ္ဌမအနိယတကို အဘယ်၌--၊ သာဝတ္ထိ၌--။ ရှင်ဥဒါယီ--။ မာတုဂါမနှင့် တစ်ယောက်ချင်းချင်း ဆိတ်ကွယ်သော၊ ဖုံးလွှမ်းအပ်သော၊ အမှုကြီးပြုခြင်းငှာခန့်သောနေရာ၌ နေထိုင်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သဗ္ဗတ္ထပညတ်။ အသာဓာရဏပညတ်၊ ဇကတော ပညတ်။ နိဒါန်း၌ အတွင်းဝင်၏။ စတုတ္ထဥဒ္ဒေသဖြင့် ရှုတ်ဆိုအပ်၏။ ရံခါ သီလဝိပတ္တိ၊ ရံခါ အာစာရဝိပတ္တိ၊ ရံခါ ပါရာဇိကအစု၊ ရံခါ သံဃာဒိသေသ် အစု၊ ရံခါ ပါစိတ်အစု။ ကာယစိတ္တသမုဋ္ဌာန်တစ်ခု။ အာပတ္တာဓိကရဏ်း။ ရံခါ သမ္မုခါ, ပဋ္ဌိညာ။ ရံခါ သမ္မုခါ, တိဏဝတ္ထာရက- သမထသုံးပါးဖြင့်ငြိမ်း၏။ ဝိနယ, အဘိဝိနယ စသော အကြင်းတူပြီ။

၂၂။ ဒုတိယအနိယတကို အဘယ်၌--၊ သာဝတ္ထိ၌--။ ရှင်ဥဒါယီ--။ မာတုဂါမနှင့် တစ်ယောက်ချင်းချင်း ဆိတ်ကွယ်သောနေရာ၌ နေထိုင်ခြင်းကြောင့်တည်း။ ပညတ်တစ်ခု၊ ရံခါ သံဃာဒိသေသ်အစု၊ ရံခါ ပါစိတ်အစု။ သစိတ္တကသမုဋ္ဌာန်သုံးခု။ ရံခါ သမ္မုခါ, ပဋ္ဌိညာ။ ရံခါ သမ္မုခါ, တိဏဝတ္ထာရက- သမထသုံးပါး။ အကြင်းတူပြီ။

အနိယတ ၂-ပါး ပြီး၏။

၄။ နိဿဂ္ဂိပါစိတ်

ကထိနဝဂ်

၂၃။ ပိုလွန်သောသင်္ကန်းကို ဆယ်ရက်လွန်စေသောရဟန်းအား နိဿဂ္ဂိ

ပါစိတ်ကို အဘယ်၌--။ ဝေသာလီ၌--။ ဆဗ္ဗဂ္ဂိရဟန်းတို့--။ ပိုလွန်သော သက်နှိုးကို ဆောင်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခု၊ ရံခါ ကာယ, ဝါစာကြောင့်၊ ရံခါ ကာယ, ဝါစာ, စိတ္တာကြောင့်။ (ဝါ- တတိယ။) ဆဋ္ဌသမုဋ္ဌာန်နှစ်ခုကြောင့် ဖြစ်၏။ (တ၊ ဆ- ကထိနသမုဋ္ဌာန်။)

၂၄။ တစ်ညဉ့်မျှ တိစီဝရိတ်နှင့်ကင်းသောရဟန်းအား နိဿဂ္ဂိပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ မျှားစွာသောရဟန်းတို့--။ ရဟန်းတို့၏ လက်၌ သက်နှိုးထား၍ သင်းပိုင် ကိုယ်ရုံမျှဖြင့် ဇနပုဒ်လှည့်လည်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခု၊ တတိယ၊ ဆဋ္ဌသမုဋ္ဌာန်နှစ်ခု။

၂၅။ အကာလသက်နှိုးကိုခံယူ၍ တစ်လကိုလွန်စေသောရဟန်းအား နိဿဂ္ဂိပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ မျှားစွာသောရဟန်းတို့ကို--။ အကာလသက်နှိုးကိုခံယူ၍ တစ်လကိုလွန်စေခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခု၊ တတိယ၊ ဆဋ္ဌသမုဋ္ဌာန်နှစ်ခု။

၂၆။ အမျိုးမတော်သော ဘိက္ခုနီအား သက်နှိုးဟောင်းကိုဖွပ်စေသော ရဟန်းအား နိဿဂ္ဂိပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ရှင်ဥဒါယီ--။ ထိုသို့ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်ခြောက်ခု။

၂၇။ အမျိုးမတော်သော ဘိက္ခုနီ၏လက်မှသက်နှိုးကို ခံယူသူအား နိဿဂ္ဂိပါစိတ်ကို အဘယ်၌--။ ရာဇဂြိုဟ်၌--။ ရှင်ဥဒါယီ--။ ထိုသို့ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခု၊ သမုဋ္ဌာန်ခြောက်ခု။

၂၈။ အမျိုးမတော်သော ဒါယကာ ဒါယိကာမထံ သက်နှိုးတောင်းသူ

ပရိဝါအရသာ

အား နိဿဂ္ဂိပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ရှင်ဥပနန္ဒ--။ အမျိုး မတော်သော သူဌေးသားထံ သင်္ကန်းတောင်းခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခု၊ သမုဋ္ဌာန်ခြောက်ခု။

၂၉။ အမျိုးမတော်သော ဒါယကာ ဒါယိကာမတဲ့ သင်းပိုင်, ကိုယ်ရဲ့ နှစ်ထည်ထက်အလွန် သင်္ကန်းတောင်းသူအား နိဿဂ္ဂိပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ဆဗ္ဗဂ္ဂိတို့--။ အတိုင်းအရည်မသိ သင်္ကန်းများစွာ တောင်းခြင်း ကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်ခြောက်ခု။

၃၀။ ရှေးခဏ ဘိတ်ကြားအပ်သူမဟုတ်ဘဲ အမျိုးမတော်သော ဒါယကာထံ ချဉ်းကပ်၍ သင်္ကန်းခဏ အလွန်စီရင်သူအား နိဿဂ္ဂိပါစိတ်ကို အာဘယ်၌ သာဝတ္ထိ၌ --။ ရှင်ဥပနန္ဒ--။ ထိုသို့ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်ခြောက်ခု။

၃၁။ ရှေးခဏ ဘိတ်ကြားအပ်သူမဟုတ်ဘဲ အမျိုးမတော်သော ဒါယကာတို့ ထံ ချဉ်းကပ်၍ သင်္ကန်းခဏ အလွန်စီရင်သူအား နိဿဂ္ဂိပါစိတ်ကို အာဘယ်၌-။ သာဝတ္ထိ၌--။ ရှင်ဥပနန္ဒ--။ ထိုသို့ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်ခြောက်ခု။ (ဒါယကာများခြင်းမျှ ထူးဏ်။)

၃၂။ သုံးကြိမ်ထက်အလွန်တောင်းခြင်း၊ ခြောက်ကြိမ်ထက်အလွန်ရပ်ခြင်းဖြင့် သင်္ကန်းကိုပြီးစေသူအား နိဿဂ္ဂိပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ရှင်ဥပနန္ဒ--။ "ယနေ့တစ်ရက်ဆိုင်းပါဦး"ဟု ဒါယကာဆိုလျက် မဆိုင်းခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်ခြောက်ခု။

ကထိနဝဂ္ဂေါ် ပဌမော။

ကောသိယဝဂ်

၃၃။ ပိုးချည်ရောသော သန္ဌတအခင်းကိုပြုစေသူအား နိဿဂ္ဂိပါစိတ်ကို အာဘယ်၌--။ အာဌဝီ၌--။ ဆဗ္ဗဂ္ဂိတို့--။ ပိုးချည်ပြုသူတို့ကို--။ "ဒါယကာတို့ အိမ်ဖွဲ့သောပိုးကောင်များစွာတို့ကို ပြုတ်ကြလော ငါတို့အား လည်း လူကြလော ပိုးချည်ရောသောအခင်းကို ပြုလိုကြသည်"ဟု ဆိုကြသော ကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်ခြောက်ခု။

၃၄။ အမည်းသက်သက်သိုးမွေးအခင်းကိုပြုစေသူအား နိဿဂ္ဂိပါစိတ်ကို အာဘယ်၌--။ ဝေသာလီ၌--။ ဆဗ္ဗဂ္ဂိတို့--။ ထိုသို့ ပြုသောကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်ခြောက်ခု။

၃၅။ သိုးမွေး အဖြူတစ်ချိန်၊ အကြောင်တစ်ချိန်ကိုမယူဘဲ အခင်းသစ် ပြုစေသူအား နိဿဂ္ဂိပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ဆဗ္ဗဂ္ဂိတို့--။ အဖြူအနည်းငယ်သာအစွန်၌ထည့်၍ ရေးအတူ အမည်းသက်သက် အခင်းပြု သောကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်ခြောက်ခု။

၃၆။ နှစ်တိုင်းနှစ်တိုင်း သန္ဌတအခင်းကိုပြုစေသူအား နိဿဂ္ဂိပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ များစွာသောရဟန်းတို့--။ ထိုသို့ပြုသော ကြောင့်တည်း။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခု၊ သမုဋ္ဌာန်ခြောက်ခု။

၃၇။ အခင်းဟောင်း၏ နံပါးမှ ဘုရားရှင်တစ်ထွာမျှကိုမယူဘဲ နိသီဒန သန္ထုတအခင်းသစ်ကိုပြုစေသူအား နိဿဂ္ဂိပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ များစွာသောရဟန်းတို့--။ အခင်းတို့ကိုစွန့်၍ အာရညကင်, ပိဏ္ဍပါတ်, ပံသုကူဝတင်ဆောင်ကြသောကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဒ္ဒာန်ခြောက်ခု။

၃၈။ သိုးမွေးတို့ကိုခံယူ၍ သုံးယူနေကိုလွန်စေသူအား နိဿဂ္ဂိ ပါစိတ်ဂိုအာဘယ်၌--။ သာဝတ္ထိ၌--။ ရဟန်းတစ်ပါး--။ ထိုသို့ပြုသောကြောင့်ဟည်း။

ပညတ်တစ်ခု၊ ရံခါ ကာယကြောင့်၊ ရံခါ ကာယစိတ္တကြောင့်၊ (၁)ဗဒ္ဓမ၊ စတုတ္ထသမုဒ္ဒာန်နှစ်ခုကြောင့်ဖြစ်၏။ (ပ၊ စ- ဇဋ္ဌကလောဟသမုဒ္ဒာန်)

၃၉။ အမျိုးမတော်သောဘိက္ခုနီကို သိုးမွေးဖွပ်စေသူအား နိဿဂ္ဂိပါစိတ်ကို အာဘယ်၌--။ သက္ကတိုင်းတို့၌--။ ဆဗ္ဗဂိုတို့--။ ထိုသို့ပြုသောကြောင့်ဟည်း။

ပညတ်တစ်ခု၊ သမုဒ္ဒာန်ခြောက်ခု။

၄၀။ ရွှေ, ငွေ ခံယူသူအား နိဿဂ္ဂိပါစိတ်ကို အာဘယ်၌--။ ဗာဒရိုကြီးပေါ်၌--။ ရှင်ဥပနန္ဒ--။ ထိုသို့ပြုသောကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဒ္ဒာန်ခြောက်ခု။

၄၁။ အထူးထူးအပြားပြားသော ရွှေ, ငွေဖြင့် ဖလှယ်သူအား နိဿဂ္ဂိပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ဆဗ္ဗဂိုတို့--။ ထိုသို့ပြုသောကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဒ္ဒာန်ခြောက်ခု။

၄၂။ အထူးထူးအပြားပြားသော ကပ္ပိယဘဏ္ဍာချင်း ဖလှယ်သူအား နိဿဂ္ဂိပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ရှင်ဥပနန္ဒ--။ ပရိဘောဂနှင့် အဂတ်သက်နိုး်လဲလှယ်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဒ္ဒာန်ခြောက်ခု။

ကောသိယဝဂ္ဂေါ ဒုတိယော။

ပဏ္ဍာဝဂ်

၄၃။ ပိုလွန်သောသပိတ်ကို ဆယ်ရက်ကိုလွန်စေသူအား နိဿဂ္ဂိပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ဆဗ္ဗဂ္ဂိတို့--။ ပိုလွန်သော သပိတ်ကို ဆောင်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခု၊ တတိယ၊ ဆဋ္ဌသမုဋ္ဌာန်နှစ်ခု။

၄၄။ ငါးဖွဲ့မပြည့်သောသပိတ်ဖြင့် သပိတ်အသစ်တောင်းသူအား နိဿဂ္ဂိပါစိတ်ကို အာဘယ်၌--။ သက္ကတိုင်းတို့၌--။ ဆဗ္ဗဂ္ဂိတို့--။ အနည်းငယ်ကွဲရာ, ပဲ့ရာ, ခြစ်ရာမျှဖြင့် သပိတ်များစွာတောင်းခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်ခြောက်ခု။

၄၅။ ထောပတ်စသော ဆေးငါးမျိုးဟိုကဲ့သို့ အကောပ်ခံ၍ ခုနစ်ရက်ကိုလွန်စေသူအား နိဿဂ္ဂိပါစိတ်ကို အာဘယ်၌-။ သာဝတ္ထိ၌-။ ရဟန်းများစွာ-။ ထိုသို့ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ တတိယ၊ ဆဋ္ဌသမုဋ္ဌာန်နှစ်ခု။ (၀ါ) ကထိနသမုဋ္ဌာန်နှစ်ခု။

၄၆။ တစ်လထက်အလွန်ကြွင်းသော နွေဥတု၌၊ (၀ါ) နွေဥတု တစ်လကြွင်း မတိုင်မီ၊ (၀ါ) နယုန်လပြည့်ကျော်တစ်ရက် မရောက်မီ မိုးရေခံသက်နေ့ရောသူအား နိဿဂ္ဂိပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ဆဗ္ဗဂ္ဂိတို့--။ ထိုသို့ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်ခြောက်ခု။

၄၇။ ရဟန်းအား ကိုယ်တိုင်သက်နေ့ပေး၍ အမျက်ဇောက်သဖြင့် ပြန်လုယူသူအား နိဿဂ္ဂိပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ရှင်ဥပနန္ဒ--။ ထိုသို့ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဒ္ဒာန်သုံးခု။ (၀၊) သစိတ္တကသုံးခု။

၄၈။ ကိုယ်တိုင်ချည်ကိုတောင်းရ၍ ရက်ကန်းသည်တို့ကို သင်္ကန်းရက်စေ သူအား နိဿဂ္ဂိပါစိတ်ကို အာဘယ်၌--။ ရာဇဂြိုဟ်၌--။ ဆဗ္ဗဂ္ဂိတို့--။ ထိုသို့ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဒ္ဒာန်ခြောက်ခု။

၄၉။ ရှေး၌ ဘိတ်ကြားအပ်သူမဟုတ်ဘဲ အမျိုးမတော်သောဒါယကာ၏ ရက်ကန်းသည်ထံချဉ်းကပ်၍ သင်္ကန်း၌ အလွန် စိရင်သူအား နိဿဂ္ဂိပါစိတ်ကို အာဘယ်၌--။ သာ၀တ္ထိ၌--။ မျှားစွာသောရဟန်းတို့--။ ထိုသို့ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ကထိန၊ ၀ါ- တတိယ၊ ဆဋ္ဌသမုဒ္ဒာန်နှစ်ခု။ (ထိနာ-တ၊ ဆ)

၅၂။ သင်္ကန်းသုံးထည်တို့တွင် တစ်ထည်ထည်ကို ရွာတွင်း၌ ထား၍ ခြောက်ညဉ့်ထက်အလွန်ကင်းသူအား နိဿဂ္ဂိပါစိတ်ကို အာဘယ်၌--။ သာ၀တ္ထိ၌--။ မျှားစွာသောရဟန်းတို့ကို--။ ထိုသို့ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ကထိနသမုဒ္ဒာန်နှစ်ခု။

၅၃။ သံဃာသို့ညွှတ်ပြီးသောလာภ်ကို သိလျက် မိမိသို့ ညွှတ်စေသူ အား နိဿဂ္ဂိပါစိတ်ကို အာဘယ်၌--။ သာ၀တ္ထိ၌--။ ဆဗ္ဗဂ္ဂိတို့--။ ထိုသို့ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဒ္ဒာန်သုံးခု- သစိတ္တက

ပတ္တ၀ဂ္ဂေါ် တတိယော။

နိဿဂ္ဂိပါစိတ်သုံးဆယ် ပြီး၏။

၅။ သုဒ္ဓပါစိတ်

မုသာဝါဒဝဂ်

၅၄။ သိလျက် မုသားဆိုခြင်းကြောင့် ပါစိတ်ကို အာဘယ်ဌ--။ သာဝတ္ထိ ဌ--။ ရှင်ဟတ္ထက--။ တိတ္ထိတို့နှင့်စကားဆိုသောအခါ ပယ်၍ဝန်ခံခြင်း၊ ဝန်ခံ၍ပယ်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု- သစိတ္တက။

၅၅။ နှုတ်လုံထိုးခြင်းကြောင့်၊ (ဝါ) နာကျည်းအောင်ဆဲဆိုခြင်းကြောင့် ပါစိတ်ကို အာဘယ်ဌ--။ သာဝတ္ထိ ဌ--။ ဆဗ္ဗဂ္ဂိတို့--။ လဒ္ဓိပေသလရဟန်းတို့နှင့်ငြင်းခုံလျက် ဆဲဆိုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု။

၅၆။ ရဟန်းတို့ကို ဂုံးတိုက်ခြင်းကြောင့် ပါစိတ်ကို အာဘယ်ဌ--။ သာဝတ္ထိဌ--။ ဆဗ္ဗဂ္ဂိတို့--။ တိုးတိုးတိုင်ပင်သူ, ခိုက်ရန်ဖြစ်သူ, ငြင်းခုံသူတို့၏ ဂုံးစကားကိုဆောင်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု။

၅၇။ လူ, သာမဏေကို ပုဒ်ပြိုင် ပါဠိ, အဋ္ဌကထာဝမ္မကို (မဂဓဘာသာဖြင့်) ပို့ချသူအား ပါစိတ်ကို အာဘယ်ဌ--။ သာဝတ္ထိဌ --။ ဆဗ္ဗဂ္ဂိတို့--။ ဒါယကာတို့ကို ပုဒ်ပြိုင် ဝမ္မပို့ချခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ရံခါ နှုတ်ကြောင့်၊ ရံခါ နှုတ် စိတ်ကြောင့်၊ (ဝါ) ဒုတိယ၊ ပဌမသမုဋ္ဌာန်နှစ်ခုကြောင့်ဖြစ်၏။ (ဒု၊ မ - ပဒသောဝမ္မသမုဋ္ဌာန်။)

၅၈။ လူ,သာမဏေနှင့် နှစ်ညဉ့်သုံးညဉ့်ထက်အလွန် တစ်မိုးတစ်ရံတည်း အတူအိပ်သူအား ပါစိတ်ကို အာဘယ်ဌ--။ အာဠဝိဌ--။ ရဟန်းများစု--။ ထိုသို့အိပ်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခု၊ ကာယ၊ ကာယစိတ္တသမုဋ္ဌာန်နှစ်ခု။

၅၉။ မာတုဂါမ- လူမိန်းမနှင့် တစ်မိုးတစ်ရံတည်း အတူအိပ်သူအား ပါစိတ်ကို အာဘယ်ဌ--။ သာဝတ္ထိဌ--။ ရှင်အနုရုဒ္ဓါ--။ ထိုသို့အိပ်ခြင်းကြောင့် တည်း။

ပညတ်တစ်ခု၊ ဇဋ္ဌကလောမ -ပ၊ စ- သမုဋ္ဌာန်နှစ်ခု။

၆၀။ မာတုဂါမအား ငါးခွန်း, ခြောက်ခွန်းထက်အလွန် ပါဠိ, အဋ္ဌကထာ ဝမ္မကို (မဂဓဘာသာဖြင့်) တရားဟောသူအား ပါစိတ်ကို အာဘယ်ဌ--။ သာဝတ္ထိ ဌ--။ ရှင်ဥဒါယီ--။ ထိုသို့ဟောခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ အနုပညတ်နှစ်ခု၊ ပဒသောဝမ္မ-ဒု၊ မ-သမုဋ္ဌာန်နှစ်ခု။

၆၁။ လူ, သာမဏေအား ဥတ္တရိမနုဿဝမ္မ- ဈာန်, မဂ်, ဖိုလ်ကို ဟုတ်မှန်တိုင်းပြောသူအား ပါစိတ်ကို အာဘယ်ဌ-။ ဝေသာလီဌ-။ ဝဂ္ဂုမုဒါမြစ်ကမ်းနား ရဟန်းတို. လူတို.အား အချင်းချင်း ဈာန်မဂ်ဖိုလ်ကိုပြောခြင်းကြောင့်တည်း။

ပညတ်တခု၊ ကာယတစ်ခု၊ ဝါစာတစ်ခု၊ ကာယဝါစာတစ်ခု ၊ သမုဋ္ဌာန်သုံးခု၊ (သစိတ္တကသုံးခု - ဘူတာရောစနသမုဋ္ဌာန်။ ဤသိက္ခာပုဒ်တစ်ခုသာ)

၆၂။ ရဟန်း၏ သံဃာဒိသေသ်အာပတ်ကို လူ, သာမဏေအားပြောသူအား ပါစိတ်ကို အာဘယ်ဌ--။ သာဝတ္ထိ ဌ--။ ဆဗ္ဗဂ္ဂိတို.--။ ထိုသို့ပြောခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု။ (သမုဋ္ဌာန်သုံးခုဟု သာမညဆိုလျှင် သစိတ္တကသုံးခုသာတည်း။)

၆၃။ မြေကိုတူးဆွသူအား ပါစိတ်ကို အာဘယ်ဌ--။ အာဠဝီဌ--။ အာဠဝီတိုင်းသားရဟန်းတို.--။ မြေတူးခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု။

မုသာဝါဒဝဂ္ဂေါ ပဌမော။

ဘူတဂါမဝဂ်

၆၄။ ကြီးပွားဆဲ ဘူတဂါမ်ကို၊ (ဝါ) နတ်တို့၏နေရာ မြက်သစ်ပင်ကို ဖျက်ဆီးသူအား ပါစိတ်ကို အဘယ်၌--။ အာဠဝီ၌--။ အာဠဝီတိုင်းသား ရဟန်းတို့--။ သစ်ပင်ကိုဖြတ်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု။

၆၅။ မေးသည်မှတစ်ပါးကိုဖြေသူ၊ ဆိတ်ဆိတ်နေ၍ သံဃာကိုညှင်းဆဲသူအား ပါစိတ်ကို အဘယ်၌--။ ကောသမ္မီ၌--။ ရှင်ဆန္နမ--။ သံဃာအလယ်၌ အာပတ်ဖြင့်မေးစစ်သောအခါ တပါးဖြင့်တပါးကိုဖြေခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု။

၆၆။ ကဲ့ရဲ့သူ၊ ရှုတ်ချသူအား ပါစိတ်ကို အဘယ်၌-။ ရာဇဂြိုဟ်၌-။ မေတ္တိယဘူမဇကရဟန်းတို့--။ ရှင်ဒဗ္ဗကို ကဲ့ရဲ့ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု။

၆၇။ သံဃာကညောင်စောင်း, အင်းပျဉ်, ဘိုလျှို, ခတ်အခင်းကို လွင်တီးခေါင်၌ခင်းရ မသိမ်းဆည်းဘဲ၊ မပန်းကြားဘဲ ဖဲသွားသူအား ပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ ၌--။ ရဟန်းများစွာတို့--။ သံဃာသေနာသနကို ထိုသို့ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခု၊ ကထိနသမုဋ္ဌာန်နှစ်ခု-တ၊ ဆ။

၆၈။ သံဃာကျောင်း၌ အိပ်ရာကိုခင်းရ မသိမ်းဘဲ, မပန်းဘဲ ဖဲသွားသူအား ပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ သတ္တရသဝဂ္ဂီရဟန်းတို့--။ ထိုသို့ပြု၍ ဖဲသွားခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ကထိနသမုဋ္ဌာန်နှစ်ခု။

၆၉။ သံဃာကျောင်း၌ သိလျက် ရှေးဦးစွာနေသောရဟန်းကို တိုးဝှေ့၍

အိပ်သူအား ပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ ၌--။ ဆဗ္ဗဂ္ဂိတို့--။ မထေရ်ကြီးတို့ကို တိုးဝှေ့၍အိပ်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ကာယစိတ္တသမုဋ္ဌာန်တစ်ခု။

၇၀။ ရဟန်းကို အမျက်ထွက်၍ သံဃိကကျောင်းမှ နှင်ထုတ်သူအား ပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ဆဗ္ဗဂ္ဂိတို့--။ ထိုသို့ နှင်ထုတ်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု။

၇၁။ သံဃိကကျောင်း၌ အထက်ဟင်းလင်းရှိသောကုဋိ၌၊ (၀ါ) ဟင်းလင်းရှိသောကုဋိ၏အထက်၊ ရက်မ, ဆင့်ထက်၌ထားသော အပေါင်း၌အခြေတပ် သောညောင်စောင်း, အင်းပျဉ်ကို တက်ထိုင်သူအား ပါစိတ်ကို အဘယ်၌--။သာဝတ္ထိ၌--။ ရဟန်းတစ်ပါး--။ ထိုသို့ လျင်စွာတက်ထိုင်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ကာယစိတ္တသမုဋ္ဌာန်နှစ်ခု။

၇၂။ နှစ်စဉ်, သုံးစဉ် (လည်၍) မိုးခြင်းကို စီရင်၍ ထိုထက်အလွန်စီရင်သူအား ပါစိတ်ကို အဘယ်၌--။ ကောသမ္မီ၌--။ ရှင်ဆန္နမ--။ ပြုပြီးသောကျောင်းကို ဖန်ဖန်မိုးစေ၊ လိမ်းကျံစေ၍ ဝန်လေးသောကျောင်း ပြိုကျခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ဆသမုဋ္ဌာန်၊ (၀ါ) သဗ္ဗသမုဋ္ဌာန်ခြောက်ခု။

၇၃။ သိလျှက် ပိုးရှိသောရေကို မြက်၌လည်းကောင်း၊ မြေ၌လည်းကောင်း သွန်းလောင်းသူအား ပါစိတ်ကို အဘယ်၌--။ အာဠဝီ၌--။ အာဠဝီတိုင်းသား ရဟန်းတို့--။ ထိုသို့လောင်းခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု။

ဘူတဂါမဝဂ္ဂေါ ဒုတိယော။

ဩဝါဒဝဂ်

၇၄။ သမ္မုတိမရဘဲ ဘိက္ခုနီတို့ကို (ဂရုမမူဖြင့်) ဆုံးမသူအား ပါစိတ်ကို အာဘယ်၌––။ သာဝတ္ထိ၌––။ ဆဗ္ဗဂ္ဂိတို့––။ ထိုသို့ဆုံးမခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခု၊ ဝါစာ၊ ဝါစာစိတ္တသမုဋ္ဌာန်နှစ်ခု၊ (ဝါ) ပဒသောဓမ္မ။ ဒုတိယ၊ ပဌမ။

၇၅။ နေဝင်သောအခါ ဘိက္ခုနီတို့ကို ဆုံးမသူအား ပါစိတ်ကို အာဘယ်၌––။ သာဝတ္ထိ၌––။ ရှင်စူဠပန်––။ ထိုသို့ဆုံးမခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်နှစ်ခု။ ပဒသောဓမ္မ။

၇၆။ ဘိက္ခုနီ၏ကျောင်းသို့ချဉ်းကပ်၍ ဘိက္ခုနီတို့ကို ဆုံးမသူအား ပါစိတ်ကို အာဘယ်၌––။ သက္ကတိုင်း၌––။ ဆဗ္ဗဂ္ဂိတို့––။ ထိုသို့ဆုံးမခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခု၊ ကထိနသမုဋ္ဌာန်နှစ်ခု။ ဝါ– တတိယ၊ ဆဋ္ဌ။

၇၇။ အာမိသဟူသောအကြောင်းကြောင့် ရဟန်းတို့သည် ဘိက္ခုနီတို့ကို ဆုံးမကုန်၏ဟုဆိုသူအား ပါစိတ်ကို အာဘယ်၌–။ သာဝတ္ထိ၌–။ ဆဗ္ဗဂ္ဂိတို့–။ ထိုသို့ ဆိုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု။

၇၈။ အမျိုးမတော်သော ဘိက္ခုနီကို သင်္ကန်းပေးသူအား ပါစိတ်ကို အာဘယ်၌––။ သာဝတ္ထိ၌––။ ရဟန်းတစ်ပါး––။ ထိုသို့ပေးခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခု၊ သမုဋ္ဌာန်ခြောက်ခု။

၇၉။ အမျိုးမတော်သော ဘိက္ခုနီ၏သင်္ကန်းကို ချုပ်သူအား ပါစိတ်ကို အာဘယ်၌––။ သာဝတ္ထိ၌ ––။ ရှင်ဥဒါယီ ––။ ထိုသို့ချုပ်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်ခြောက်ခု။

ပရိဝါအရသာ

၈၀။ ဘိက္ခုနီနှင့်တိုင်ပင်၍ ခရီးရည်အတူသွားသူအား ပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌ --။ ဆဗ္ဗဂိုဏ်တို့ --။ ထိုသို့သွားခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခု၊ ကာယကြောင့်၊ ကာယဝါစာကြောင့်၊ ကာယစိတ္တကြောင့်၊ ကာယ ဝါစာ စိတ္တကြောင့်၊ သမုဋ္ဌာန်လေးခု။ (ဝါ) ပဌမ တတိယ၊ စတုတ္ထ၊ ဆဋ္ဌ= ပ, တ, စ, ဆ၊ အဒ္ဓါနသမုဋ္ဌာန်။

၈၁။ ဘိက္ခုနီနှင့်တိုင်ပင်၍ လှေတစ်စင်းတည်း စီးသူအား ပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ဆဗ္ဗဂိုဏ်တို့--။ ထိုသို့စီးခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခု၊ သမုဋ္ဌာန်လေးခု။ အဒ္ဓါန။

၈၂။ သိလျှက် ဘိက္ခုနီစီရင်သောဆွမ်းကိုစားသူအား ပါစိတ်ကို အဘယ်၌--။ ရာဇဂြိုဟ်၌--။ ရှင်ဒေဝဒတ်--။ ထိုသို့စားခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခု၊ ကာယစိတ္တသမုဋ္ဌာန်တစ်ခု။

၈၃။ ဘိက္ခုနီနှင့်အတူ တစ်ယောက်ချင်း:ချင်း ဆိတ်ကွယ်ရာ၌ နေကိုင်သူအား ပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ရှင်ဥဒါယီ--။ ထိုသို့နေထိုင်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ကာယစိတ္တသမုဋ္ဌာန်တစ်ခု။

ဩဝါဒဝဂ္ဂေါ် တတိယော။

ဘောဇနဝဂ်

၈၄။ အဝစား:တစ်ကြိမ်ထက်၊ (ဝါ) တစ်နေ့လက်အလွန် ဇရုပ် စားသုံးတတ်သော ဆွမ်းကိုစားသူအား ပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ရှင်ဥဒါယီ--။ နေ့တိုင်းနေ၍ ထိုဆွမ်းကိုစားခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခု၊ ဧဋ္ဌကလောမသမုဋ္ဌာန်နှစ်ခု။

၈၅။ ဂဏာဘောဇဉ်ကိုစားခြင်းကြောင့် ပါစိတ်ကို အာဘယ်၌--။ ရာဇ ဂြိုဟ်၌--။ ရှင်ဒေဝဒတ်--။ ပရိသတ်နှင့်တစ်ကွ ဒါယကာတို့ထံ တောင်းစားခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ အနုပညတ်ခုနှစ်ခု၊ ဗဟုကလောမသမုဋ္ဌာန်နှစ်ခု။

၈၆။ နောက်နောက်ဘိတ်သူ၏ ပရမ္မရဘောဇဉ်ကိုစားခြင်းကြောင့် ပါစိတ်ကို အာဘယ်၌--။ ဝေသာလီ၌--။ ရဟန်းများစွာ --။ တစ်အိမ်၌ဘိတ်လျှက် တစ်အိမ်၌စားခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ အနုပညက်လေးခု၊ ကထိနသမုဋ္ဌာန်နှစ်ခု။ (အနုပညတ်သုံးခုဟု အချို့ဆို၏။)

၈၇။ နှစ်သပိတ်, သုံးသပိတ်အပြည့် မုန့်ခံ၍ ထိုထက်အလွန်ခံသူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌ --။ ရဟန်းများစွာ--။ အတိုင်းအရည်မသိခံခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်ခြောက်ခု။

၈၈။ ဆွမ်းစားစဉ် တန်ပြီဟုတားမြစ်မိလျက် အတိရိုက်ဝိနည်းကံမပြုသော ခဲဘွယ်ဘောဇဉ်ကိုစားသူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ရဟန်းများစွာ--။ ဆွမ်းစားစဉ်တားလျက် တစ်အိမ်၌စားခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခု၊ ကထိနသမုဋ္ဌာန်နှစ်ခု။

၈၉။ ဆွမ်းစားစဉ် တန်ပြီဟုတားမြစ်မိသောရဟန်းကို အတိရိုက်ဝိနည်းကံမပြုသော ခဲဘွယ်ဘောဇဉ်ဖြင့် ဆောင်၍ဘိတ်သူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ရဟန်းတစ်ပါး--။ ထိုသို့ဘိတ်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု။

၉၀။ နေလွဲသောအခါ ခဲဘွယ်ဘောဇဉ်စားသူအား ပါစိတ်ကို အာဘယ်

.ဌ်--။ ရာဇဂြိုဟ်ဌ--။ သတ္တရသဝဂ္ဂိတို့--။ ထိုသို့စားခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ဒဋ္ဌကလောမသမုဋ္ဌာန်နှစ်ခု။

၉၁။ သိမ်းခြင်းပြုသော ခဲဘွယ်ဘောဇဉ်ကိုစားသူအား ပါစိတ်ကို အာပယ်ဌ--။ သာဝတ္ထိဌ--။ ရှင်ဗေလဋ္ဌသီသ--။ ထိုသို့စားခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ဒဋ္ဌကလောမသမုဋ္ဌာန်နှစ်ခု။

၉၂။ ထောပတ်စသော ပဏီတနှင့်ရောသော ဘောဇဉ်ကို မိမိအလိုငှာ တောင်းစားသူအား ပါစိတ်ကို အာပယ်ဌ--။ သာဝတ္ထိဌ--။ ဆဗ္ဗဂ္ဂိတို့--။ ထိုသို့ တောင်းစားခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခု၊ သမုဋ္ဌာန်လေးခု။ (၀၊)အဒ္ဓါနသမုဋ္ဌာန်။

၉၃။ အဂေါ်မခံဘဲ ခံတွင်း၀သို့ အာဟာရဆောင်သူအား ပါစိတ်ကို အာပယ်ဌ--။ ဒေ၀သာလီဌ--။ ရဟန်းတစ်ပါး--။ ထိုသို့ဆောင်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခု၊ ဒဋ္ဌကလောမသမုဋ္ဌာန်နှစ်ခု။

ဘောဇနဝဂ္ဂါ စတုတ္ထော။

အစေလကဝဂ်

၉၄။ အ၀တ်မ၀တ်သော တက္ကတွန်း၊ ပရိဗိုဇ်ထီး၊ ပရိဗိုဇ်မကို့အား မိမိလက်ဖြင့် ခဲဘွယ်ဘောဇဉ်ပေးသူအား ပါဗိတ် ကို အာပယ်ဌ--။ ဒေ၀သာလီဌ--။ ရှင်အာနန္ဒာ--။ ပရိဗိုဇ်မအား တစ်ခု အထင်ဖြင့် မုန့်နှစ်ခု ပေးခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ဒဋ္ဌကလောမသမုဋ္ဌာန်နှစ်ခု။

၉၅။ ရဟန်းတို့ " ငါ့ရှင်လာလော၊ ရှာနိုဂုံးသို့ ဆွမ်းခံ၀င်ကုန်အံ့" ဟု ခေါ်သွားရ (စားဘွယ်တစ်ခုခု) ပေးစေ၍လည်းကောင်း၊ မပေးစေမူ၍

လည်းကောင်း ပြန်လွှတ်သူအား ပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ရှင်ဥပန္ဒ--။ ထိုသို့လွှတ်လိုက်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု။

၉၆။ လင်မယားနှစ်ယောက်ရှိသောအိမ်၌ ကိုးဝှေ့၍နေထိုင်သူအား ပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ရှင်ဥပန္ဒ--။ ထိုသို့ထိုင်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ကာယစိတ္တသမုဋ္ဌာန်တစ်ခု။

၉၇။ မာတုဂါမနှင့် ဆိတ်ကွယ်သော၊ ဖုံးလွှမ်းသောနေရာ၌ နေထိုင်သူအား ပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ရှင်ဥပန္ဒ--။ ထိုသို့ထိုင်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ကာယစိတ္တသမုဋ္ဌာန်တစ်ခု။

၉၈။ မာတုဂါမနှင့် တစ်ယောက်ချင်းချင်း ဆိတ်ကွယ်ရာ၌နေထိုင်သူအား ပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ရှင်ဥပန္ဒ--။ ထိုသို့ထိုင်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ကာယစိတ္တသမုဋ္ဌာန်တစ်ခု။

၉၉။ ပင့်ဘိတ်အပ်သော ဘတ္တ- ထမင်းရှိသောရဟန်းဖြစ်လျက် ထင်ရှားရှိသော ရဟန်းကို မပန်ကြားဘဲ ဘတ္တမစား၊ မီလည်းကောင်း၊ စားပြီးမှ လည်းကောင်း ဒါယကာတို့ထံလှည့်လည်သူအား ပါစိတ်ကို အဘယ်၌--။ ရာဇဂြိုဟ်၌--။ ရှင်ဥပန္ဒ--။ ထိုသို့လှည့်လည်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ အနုပညတ်လေးခု၊ ကထိနသမုဋ္ဌာန်နှစ်ခု။

၁၀၀။ ဘိတ်ကြားသော အပိုင်းအခြားထက်အလွန် ဆေးကိုတောင်းသူအား ပါစိတ်ကို အဘယ်၌--။ သက္ကတိုင်းတို့၌--။ ဆဗ္ဗဂ္ဂိတို့--။ ယနေ့တစ်ရက်ဆိုင်းကြပါဦး၊ မဟာနာမ်ဘာကိုဝင်ဆိုလျက် မဆိုင်းခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဒ္ဒာန်ခြောက်ခု။

၁၀၁။ တိုင်းပြည်မှထွက်သောစစ်သည်ကို ကြည့်ရှုခြင်းငှာသွားသူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ဆဗ္ဗဂ္ဂိတို့--။ ထိုသို့သွားခြင်းကြောင့် တည်း။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခု၊ ဇဋ္ဌကလောမသမုဒ္ဒာန်နှစ်ခု။

၁၀၂။ သုံးညဉ့်ထက်အလွန် စစ်သည်ဆောင်၌နေသူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ဆဗ္ဗဂ္ဂိတို့--။ ထိုသို့နေခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ဇဋ္ဌကလောမသမုဒ္ဒာန်နှစ်ခု။

၁၀၃။ တက်၍ တက်၍ စစ်ထိုးရာသို့သွားသူအားပါစိတ်ကို အာဘယ်၌ --၊ သာဝတ္ထိ၌ --။ ဆဗ္ဗဂ္ဂိတို့ --။ ထိုသို့သွားခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ဇဋ္ဌကလောမသမုဒ္ဒာန်နှစ်ခု။

အစေဋ္ဌကဝဂ္ဂါ ပဋ္ဌမော။

သုရာမေရယဝဂ်

၁၀၄။ သုရာ၊ မေရယကိုသောက်ခြင်းကြောင့် ပါစိတ်ကို အာဘယ်၌--။ ကောသမ္မီ၌---။ ရှင်သာဂတ--။ ဃသောက်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ကာယကြောင့်, ကာယစိတ္တကြောင့်။ (၀၊) ဇဋ္ဌကလောမ သမုဒ္ဒာန်နှစ်ခု။

၁၀၅။ ချိုင်း(ဂျိုင်း)ထိုးခြင်းကြောင့် ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ ၌--။ ဆဗ္ဗဂ္ဂိတို့--။ ရဟန်းကို ချိုင်း(ဂျိုင်း)ထိုး၍ ရယ်စေခြင်းကြောင့်ဟုတည်း။

ပညတ်တစ်ခု၊ ကာယစိတ္တသမုဒ္ဒာန်တစ်ခု။

၁၀၆။ ရေ၌ မြူးတူးကစားခြင်းကြောင့် ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ

ဌ်––။ သတ္တရသဝဂ္ဂိတို့––။ အစိရဝတီမြစ်ဌ် ရေကစားခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ကာယစိတ္တသမုဋ္ဌာန်တစ်ခု။

၁၀၇။ ပုဂ္ဂလဓမ္မကိုမရိုသေခြင်းကြောင့် ပါစိတ်ကို အဘယ်ဌ်––။ ကောသမ္မီဌ်––။ ရှင်ဆန္နာ––။ မရိုမသေပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု။

၁၀၈။ ရဟန်းကို ကြောက်လန့်စေသူအား ပါစိတ်ကို အဘယ်ဌ်––။ သာဝတ္ထိဌ်––။ ဆဗ္ဗဂ္ဂိတို့––။ ရဟန်းကို ကြောက်လန့်စေခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု။

၁၀၉။ မီးကိုတောက်အောင်ထည့်၍ လှုံသူအား ပါစိတ်ကို အဘယ်ဌ်––။ ဘဂ္ဂတိုင်းတို့ဌ်––။ ရဟန်းများစွာ––။ မီးထည့်လှုံခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ အနုပညတ်နှစ်ခု၊ သမုဋ္ဌာန်ခြောက်ခု။

၁၁၀။ လခွဲအတွင်း ရေချိုးသူအား ပါစိတ်ကို အဘယ်ဌ်––။ ရာဇဂြိုဟ်ဌ်––။ ရဟန်းများစွာ––။ မင်းကြီးကိုမြင်လျက် ပမာဏမသိ ရေချိုးခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ အနုပညတ်ခြောက်ခု၊ သဗ္ဗတ္ထပညတ်လော ပဒေသပညတ်လော– ပဒေသပညတ်ဖြစ်၏။ ဧဌကလောမသမုဋ္ဌာန်နှစ်ခု။

၁၁၁။ အဆင်းပျက်အောင်ပြုခြင်းသုံးမျိုး တစ်မျိုးမျိုးမယူမူ၍၊ ဝါ– ကပ္ပဗိန္ဒုမထိုးမူ၍ သင်္ကန်းအသစ်ကိုသုံးဆောင်သူအား ပါစိတ်ကို အဘယ်ဌ်––။ သာဝတ္ထိဌ်––။ ရဟန်းများစွာ––။ မိမိသင်္ကန်းကိုမပုတ်မိခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ဧဌကလောမသမုဋ္ဌာန်နှစ်ခု။

၁၁၂။ ဘိက္ခုအား:လည်းကောင်: ဘိက္ခုနီ, သိက္ခမာန်, သာမဏေ,

သမဏောမအားလည်းကောင်း ကိုယ်တိုင် သက်နှိုးကိုဝိကပ္ပနာပြု၍ ပစ္စုဒ္ဓိ၏ မပြန်ဘဲ သုံးဆောင်သူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ရှင်ဥပနန္ဒ ကိုယ်တိုင်--။ ရဟန်းအားဝိကပ္ပနာပြု၍ ပစ္စုဒ္ဓိ၏မပြန်ဘဲ သုံးဆောင်ခြင်း ကြောင့်တည်း။

ပညတ်တစ်ခု၊ ကထိနသမုဋ္ဌာန်နှစ်ခု။

၁၁၃။ ရဟန်း၏သပိတ်ကိုလည်းကောင်း၊ သက်နှိုး, နိသီဒိုင်, အပ်ကျည်, ခါးပန်းကိုလည်းကောင်း ဝှက်သူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ဆဗ္ဗဂ္ဂိတို့--။ ထိုသို့ဝှက်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု။

သုရာမေရယဝဂ္ဂေါ ဆဋ္ဌော။

သပ္ပါဏကဝဂ်

၁၁၄။ တကွအားထုတ်၍ သတ္တဝါကို ဇီဝိတိန္ဒြေမှချသူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ရှင်ဥဒါယီ--။ ထိုသို့ချခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု။

၁၁၅။ သိလျက် ပိုးရှိသောရေကိုသုံးဆောင်သူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ဆဗ္ဗဂ္ဂိတို့--။ ထိုသို့ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု။

၁၁၆။ သိလျက် တရားနှင့်အညီငြိမ်းပြီးသောအဓိကရဏ်းကို တဖန်ကံဖြစ်ခြင်းငှာ လှုပ်ချောက်ချားသူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ဆဗ္ဗဂ္ဂိတို့--။ ထိုသို့ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု။

၁၁၇။ ရဟန်း၏ ဒုဋ္ဌုလ္လအာပတ်ကို သိလျက် ဖုံးသူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ရဟန်းတစ်ပါး--။ ထိုသို့ဖုံးခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ကာယဝါစာစိတ္တသမုဋ္ဌာန်တစ်ခု။ (၀၊)ဆဋ္ဌသမုဋ္ဌာန်၊ သမနုဘာသနသမုဋ္ဌာန်။

၁၁၈။ သိလျက် အသက်နှစ်ဆယ်မပြည့်သူကို ရဟန်းပြုပေးသူအား ပါစိတ်ကို အာဘယ်၌--။ ရာဇဂြိုဟ်၌--။ ရဟန်းများစွာ--။ ထိုသို့ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု။

၁၁၉။ သိလျက် ခိုးသူကုန်သည်နှင့်တိုင်ပင်၍ ခရီးရည်အတူသွားသူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ရဟန်းတစ်ပါး--။ ထိုသို့ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ကာယစိတ္တကြောင့်လည်းကောင်း, ကာယဝါစာစိတ္တကြောင့်လည်းကောင်းဖြစ်၏။ ၀၊- စတုတ္ထ၊ ဆသမုဋ္ဌာန်နှစ်ခု။ (စ၊ဆ ထေယျသတ္ထသမုဋ္ဌာန်။)

၁၂၀။ မာတုဂါမနှင့်တိုင်ပင်၍ ခရီးရည်အတူသွားသူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ရဟန်းတစ်ပါး-- ။ ထိုသို့သွားခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်လေးခု။ (ပ, တ, စ, ဆ၊ အဒ္ဓါနသမုဋ္ဌာန်)

၁၂၁။ ယုတ်မာသောအယူကို သုံးကြိမ်ဆုံးမလျက် မစွန့်သူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ရှင်အရိဋ္ဌ--။ ထိုသို့မစွန့်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ကာယဝါစာစိတ္တသမုဋ္ဌာန်၀၊စ်ခု။

၁၂၂။ သိလျက် ထိုအယူမစွန့်သော အရိဋ္ဌရဟန်းနှင့် သမ္ဘောဂပြုသူအား ပါစိတ်ကို အာဘယ်၌--။ သာ၀တ္ထိ၌--။ ဆဗ္ဗဂ္ဂိတို့--။ ထိုသို့ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဒ္ဒာန်သုံးခု။

၁၂၃။ သိလျက် ထိုသို့ဖျက်ဆီးအပ်သောသာမဏေကို ဖြားယောင်းယူ အား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ဆဗ္ဗဂ္ဂိတို့--။ ထိုသို့ပြုခြင်းကြောင့် တည်း။

ပညတ်တစ်ခု၊ သမုဒ္ဒာန်သုံးခု။

သပ္ပါဏကဝဂ္ဂေါ သတ္တမော။

သဟဓမ္မိကဝဂ်

၁၂၄။ ရဟန်းတို့သည် သိက္ခာပုဒ်နှင့်အညီ ပြောဆိုသောအခါ "တပါး သော ဝိနည်းဓိုရ်ကိုမမေးရသေးမီ ဤသိက္ခာပုဒ်၌ ငါမကျင့်လိုသေး" ဟု ဆိုသူ အား ပါစိတ်ကို အာဘယ်၌--။ ကောသမ္မိ၌--။ ရှင်ဆန္နမ--။ ဤသို့ဆိုခြင်းကြောင့် တည်း။

ပညတ်တစ်ခု၊ သမုဒ္ဒာန်သုံးခု။

၁၂၅။ ဝိနည်းကိုကဲ့ရဲ့သူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ဆဗ္ဗဂ္ဂိတို့--။ ထိုသို့ကဲ့ရဲ့ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဒ္ဒာန်သုံးခု။

၁၂၆။ ဝိနည်းမသိဟန် ဆောင်ခြင်းကြောင့် ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ဆဗ္ဗဂ္ဂိတို့--။ ထိုသို့ ဟန်ဆောင်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဒ္ဒာန်သုံးခု။

၁၂၇။ ရဟန်းကို အမျက်ထွက်၍ ရိုက်သူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ဆဗ္ဗဂ္ဂိတို့--။ ထိုသို့ ရိုက်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ကာယစိတ္တသမုဒ္ဒာန်တစ်ခု။

၁၂၈။ ရဟန်းကိုအမျက်ထွက်၍ လက်ဝါးပြက်မိုးသူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ဆဗ္ဗဂ္ဂိတို့--။ ထိုသို့ မှိုးခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ကာယစိတ္တသမုဋ္ဌာန်တစ်ခု။

၁၂၉။ ရဟန်းကို အရင်းမရှိသော သံဃာဒိသေသ်ဖြင့် စွပ်စွဲသူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ဆဗ္ဗဂ္ဂိတို့--။ ထိုသို့ စွပ်စွဲခြင်းကြောင့် တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု။

၁၃၀။ ရဟန်းအား အာပတ်၍ ကုက္ကုစ္စသံသယကိုဖြစ်စေသူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ဆဗ္ဗဂ္ဂိတို့--။ ထိုသို့ ဖြစ်စေခြင်းကြောင့် တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု။

၁၃၁။ ရဟန်းတို့ တိုးတိုးတိုင်ပင်စဉ်, ခိုက်ရန်ဖြစ်စဉ်, ငြင်းခုံစဉ် ကြားလောက်ရာသို့ကပ်၍ တည်သူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ဆဗ္ဗဂ္ဂိတို့--။ ထိုသို့ တည်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ကာယစိတ္တ၊ ကာယဝါစာစိတ္တသမုဋ္ဌာန်နှစ်ခု။ ထေယျသတ္ထ။

၁၃၂။ တရားနှင့်ညီသော ကံလေးပါးတို့အား ဆန္ဒပေး၍ နောက်၌ ရှုတ်ချသူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ဆဗ္ဗဂ္ဂိတို့--။ ထိုသို့ ရှုတ်ချခြင်း ကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု။

၁၃၃။ သံဃာ၌ ဝိနိစ္ဆယကထာဖြစ်သောအခါ ဆန္ဒမပေးဘဲ ထသွားသူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ရဟန်းတစ်ပါး--။ ထိုသို့ ထသွား

ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ကာယဝါစာစိတ္တသမုဋ္ဌာန်တစ်ခု။

၁၃၄။ သမဂ္ဂသံဃာနှင့်အတူ သက်နိုးပေးမြဲ နောက်ခ္ခ ရှုတ်ချသူအား ပါစိတ်ကို အာဘယ်ခ္ခ--။ ရာဇဂြိုဟ်ခ္ခ--။ ဆဗ္ဗဂ္ဂိတို့--။ ထိုသို့ ရှုတ်ချခြင်းကြောင့် တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု။

၁၃၅။ သိလျက် သံဃာသို့ညွတ်ပြီးသောလာဘ်ကို ပုဂ္ဂိုလ်သို့ ညွတ်စေ သောသူအား ပါစိတ်ကို အာဘယ်ခ္ခ--။ သာဝတ္ထိခ္ခ--။ ဆဗ္ဗဂ္ဂိတို့--။ ထိုသို့ ညွတ်စေခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု။

သဟခမ္မိကဝဂ္ဂေါ အဋ္ဌမော။

ရာဇဝက်

၁၃၆။ ရေးဦးစွာမသိစေဘဲ မင်းဏိနန်းတော်တွင်းဝင်သူအား ပါစိတ်ကို အာဘယ်ခ္ခ--။ သာဝတ္ထိခ္ခ--။ ရှင်အာနန္ဒာ--။ ထိုသို့ ဝင်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ကထိနသမုဋ္ဌာန်နှစ်ခု။

၁၃၇။ ရတနာကိုကောက်သိမ်းသူအား ပါစိတ်ကို အာဘယ်ခ္ခ--။ သာဝတ္ထိခ္ခ--။ ရဟန်းတစ်ပါး--။ ထိုသို့ ကောက်သိမ်းခြင်းကြောင့်ဟည်း။

ပညတ်တစ်ခု၊ အနုပညတ်နှစ်ခု၊ သမုဋ္ဌာန်ခြောက်ခု။ (လူတို့၏အပတ်စသော အသုံးအဆောင်သည် ရတနသမ္မတမည်၏။ ရတနသမ္မတကို ကောက်သိမ်းလျှင်လည်း ဤပါစိတ်တည်း။)

၁၃၈။ ထင်ရှားရှိသောရဟန်းကို မပန်ကြားဘဲ နေ့လွဲရှာဝင်သူအား

ပါစိတ်ကို အဘယ်၌--။သာဝတ္ထိ၌--။ ဆဇ္ဇဂိုတို့--။ ထိုသို့ ဝင်ခြင်းကြောင့် တည်း။

ပညတ်တစ်ခု၊ အနုပညတ်သုံးခု၊ ကထိနသမုဋ္ဌာန်နှစ်ခု။

၁၃၉။ အရိုး, ဆင်စွယ်, သားချိုဖြင့်ပြုသော အပ်ကျည်ကို ပြုစေသူအား ပါစိတ်ကို အဘယ်၌--။ သက္ကတိုင်း၌--။ ရဟန်းများစွာ--။ ပမာဏမသိ အပ်ကျည်များစွာပြုစေခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်ခြောက်ခု။

၁၄၀။ ပမာဏလွန်သော ညောင်စောင်း, အင်းပျဉ်ကို ပြုစေသူအား ပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ရှင်ဥပနန္ဒ--။ မြင့်သောညောင်စောင်း၌ အိပ်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်ခြောက်ခု။

၁၄၁။ ညောင်စောင်း, အင်းပျဉ်ကို လဲဖွဲ့ယှက်ရာပြုစေသူအား ပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ဆဇ္ဇဂိုတို့--။ ထိုသို့ပြုစေခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်ခြောက်ခု။

၁၄၂။ ပမာဏလွန်သော နိသီဒိုင်ကိုပြုစေသူအား ပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ဆဇ္ဇဂိုတို့--။ ပမာဏမရှိ နိသီဒိုင်ဆောင်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခု၊ သမုဋ္ဌာန်ခြောက်ခု။

၁၄၃။ ပမာဏလွန်သော အမာလွမ်းကိုပြုစေသူအား ပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ဆဇ္ဇဂိုတို့--။ ပမာဏမရှိ အမာလွမ်းဆောင်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်ခြောက်ခု။

၁၄၄။ ပမာဏလွန်သော မိုးရေခံသက်နှုံးကိုပြုစေသူးအား ပါဒိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ဆဗ္ဗဂ္ဂိတို့--။ ပမာဏမရှိ မိုးရေခံသက်နှုံးသောင် ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်ခြောက်ခု။

၁၄၅။ မြတ်စွာဘုရား၏ သက်နှုံးပမာဏရှိသောသက်နှုံးကို ပြုစေသူ အား ပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ရှင်နန္ဒ--။ ထိုအရှေ့သောင်း ဆောင်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်ခြောက်ခု။

ရာဇဝဂ္ဂေါ နဝမော။

သုဒ္ဓပါစိတ် ၉၂-ပါး ပြီး၏။

၆။ ပါဋိဒေသနီ

၁၄၆။ ရွာတွင်းဝင်သော (ရွာတွင်း၌တည်သော) အမျိုးမဟုတ်သော ဘိက္ခုနီ၏လက်မှ ခဲဘွယ်ဘောဇဉ်ကို မိမိလက်ဖြင့်ခံယူ၍ ဘုဉ်းပေးသောရဟန်း အား ပါဋိဒေသနီကို အဘယ်၌--။ သာဝတ္ထိ၌--။ ရဟန်းတစ်ပါး--။ ထိုသို့ အာဓိသမံယူခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ကာယ၊ ကာယစိတ္တသမုဋ္ဌာန်နှစ်ခု။ ဒဠ္ဍက။

၁၄۷။ အကျွမ်းဝင်ရာ၌ စီမံသောဘိက္ခုနီကို မတားဘဲဟုဉ်းပေးသူအား ပါဋိဒေသနီကို အဘယ်၌--။ ရာဇဂြိုဟ်၌--။ ဆဗ္ဗဂ္ဂိဟို့--။ ထိုသို့ မပယ်ကား ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ကာယဝါစာ၊ ကာယဝါစာစိတ္တသမုဋ္ဌာန်နှစ်ခု။ ကဋိန။

၁၄၈။ သေက္ခသမ္မုတိရသော ဒါယကာတို့အိမ်၌ခဲဘွယ်ဘောဇဉ်ကို မိမိလက်ဖြင့် ခံယူ၍ဘုဉ်းပေးသူအား ပါဠိဒေသနီကို အဘယ်၌–––။ သာဝတ္ထိ၌–––။ ရဟန်းများစွာ–––။ ပမာဏမသိခံယူခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ အနုပညတ်နှစ်ခု၊ ကာယ၊ ကာယစိတ္တသမုဋ္ဌာန်နှစ်ခု။ ဇဋ္ဌက။

၁၄၉။ တောကျောင်းတို့၌ ရှေးဦးစွာမသိစေဘဲ ဆောင်ပို့သောခဲဘွယ်ဘောဇဉ်ကို အာရာမ်တွင်း၌ မိမိလက်ဖြင့်ခံယူ၍ ဘုဉ်းပေးသူအား ပါဠိဒေသနီကို အဘယ်၌–––။ သက္ကတိုင်းတို့၌–––။ ရဟန်းများစွာ–––။ အာရာမ်တွင်း၌ ခိုးသူတို့ ရှိသည်ကို မပြောကြားခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ကာယဝါစာ၊ ကာယဝါစာစိတ္တသမုဋ္ဌာန်နှစ်ခု။ ကထိန။

ပါဠိဒေသနီ ၄–ပါး ပြီး၏။

၇။ သေခိယ

၁။ ပရိမဏ္ဍလဝဂ်

၁၅၀။ အနာဒရိယ– မရိသေခြင်းကိုစွဲ၍ ရှေ့၌လည်းကောင်း၊ နောက်၌လည်းကောင်း တွဲလွဲကျစေလျက် သင်းပိုင်ဝတ်သူအား ဒုက္ခဋ္ဌကို အဘယ်၌–––။ သာဝတ္ထိ၌။ ဆဗ္ဗဂ္ဂိတို့–––။ ထိုသို့ဝတ်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ကာယစိတ္တသမုဋ္ဌာန်တစ်ခု။ ပဌမပါရာဇိကသမုဋ္ဌာန်။

◆ မရိသေခြင်းကိုစွဲ၍ ရှေ့၌လည်းကောင်း၊ နောက်၌လည်းကောင်း တွဲလွဲကျစေလျက် ကိုယ်ရုံကိုရုံသူ၊ (ဝါ) ရမ်းသူအား ဒုက္ခဋ္ဌကို အဘယ်၌–––။ သာဝတ္ထိ၌ –––။ ဆဗ္ဗဂ္ဂိတို့–––။ ထိုသို့ရမ်းခြင်းကြောင့်တည်း။

ပညတ်တစ်မှ၊ ကာယစိတ္တသမုဋ္ဌာန်တစ်ခု။

(သေခိုယ ၇၅-ခုဌ် သာဝတ္ထိ၊ ဆဗ္ဗဂ္ဂိ ၇၂-ပုဒ်။ ပညတ်တစ်ခု သက်သက် ၅၆-ပုဒ်။ ကာယစိတ္တာသမုဋ္ဌာန်တစ်ခု ၅၃-ပုဒ်ရှိ၏။ ၎င်းတို့ကိုချန်၍ ထူးရာဌ်သာရေးတော့အုံ့။ 'အနာဒရိယံပဋိစ္စ' ကား ၇၅-ပုဒ်လုံးပင်တည်း။)

- မရိသေခြင်းကိုစွဲ၍ ကိုယ်ကိုဖွင့်၍ (၀ါ-လည်ပင်း၊ လက်ကောက်ဝတ်တို့ကိုမဖုံးဘဲ။ (၀ါ)သင်္ကန်းမရုံဘဲ ရွာတွင်းဌ်သွားသူအား ဒုက္ခဋ္ဌကို အဘယ်ဌ်--။
- ကိုယ်ကိုဖွင့်၍ ရွာတွင်းဌ်ထိုင်သူအား ဒုက္ခဋ္ဌကို အဘယ်ဌ်--။
- လက်ခြေတို့ကိုကစားလျက် ရွာတွင်းဌ် သွားသူအား ဒုက္ခဋ္ဌကို --။
- လက်ခြေတို့ကိုကစားလျက် ရွာတွင်းဌ် ထိုင်သူအား ဒုက္ခဋ္ဌကို --။
- ထိုထိုအရပ်သို့ကြည့်လျက် ရွာတွင်းဌ် သွားသူအား ဒုက္ခဋ္ဌ--။
- ထိုထိုအရပ်သို့ကြည့်လျက် ရွာတွင်းဌ် ထိုင်သူအား ဒုက္ခဋ္ဌကို --။
- သင်္ကန်းကိုပင့်လျက် ရွာတွင်းဌ် သွားသူအား ဒုက္ခဋ္ဌကို --။
- သင်္ကန်းကိုပင့်လျက် ရွာတွင်းဌ် ထိုင်သူအား ဒုက္ခဋ္ဌကို --။

ပရိမဏ္ဍလ၀ဂ္ဂေါပဌမော။

၂။ ဥဇ္ဇဋ္ဌိကဝဂ်

၁၅၁။ မရိသေခြင်းကိုစွဲ၍ ပြင်းစွာရယ်လျက် ရွာတွင်းဌ်သွားသူအား ဒုက္ခဋ္ဌကို --။

ကာယ၀ါစာစိတ္တာသမုဋ္ဌာန်တစ်ခု၊ သမနုဘာသန။

- ပြင်းစွာရယ်လျက် ရွာတွင်းဌ် ထိုင်သူအား ဒုက္ခဋ္ဌကို

သမနုဘာသန သမုဋ္ဌာန်ကစ်ခု။

- ကျယ်သောအသံပြုလျက် ရွာတွင်းခ္ဍ သွားသူအား ဒုက္ခဋ္ဌကို––။

သမနုဘာသန။

- ကျယ်သောအသံပြုလျက် ရွာတွင်းခ္ဍ ထိုင်သူအား ဒုက္ခဋ္ဌကို––။

သမနုဘာသန။

- ကိုယ်ကိုလှုပ်၍ ရွာတွင်းခ္ဍ သွားသူအား ဒုက္ခဋ္ဌကို ––။
- ကိုယ်ကိုလှုပ်၍ ရွာတွင်းခ္ဍ ထိုင်သူအား ဒုက္ခဋ္ဌကို ––။
- လက်ရုံးကိုလှုပ်၍ ရွားတွင်းခ္ဍ သွားသူအား ဒုက္ခဋ္ဌကို ––။
- လက်ရုံးကိုလှုပ်၍ ရွားတွင်းခ္ဍ ထိုင်သူအား ဒုက္ခဋ္ဌကို ––။
- ဦးခေါင်းကိုလှုပ်၍ ရွားတွင်းခ္ဍ သွားသူအား ဒုက္ခဋ္ဌကို ––။
- ဦးခေါင်းကိုလှုပ်၍ ရွားတွင်းခ္ဍ ထိုင်သူအား ဒုက္ခဋ္ဌကို ––။

ဥဒ္ဓိစ္စကဝဂ္ဂေါ ဒုတိယော။

၃။ ခမ္ဘကတဝဂ်

၁၅၂။ မရိသေခြင်းဂုဏ်ဖွဲ့၍ ခါးထောက်လျက် ရွာတွင်းခ္ဍသွားသူအား ဒုက္ခဋ္ဌကို ––။

- ခါးထောက်လျက် ရွာတွင်းခ္ဍ ထိုင်သူအား ဒုက္ခဋ္ဌကို ––။
- ဦးခေါင်းခြုံလျက် ရွာတွင်းခ္ဍ သွားသူအား ဒုက္ခဋ္ဌကို ––။
- ဦးခေါင်းခြုံလျက် ရွာတွင်းခ္ဍ ထိုင်သူအား ဒုက္ခဋ္ဌကို ––။
- ဘဝါးဆွန်.နင်းလျက် ရွာတွင်းခ္ဍ သွားသူအား ဒုက္ခဋ္ဌကို ––။
- လက်အာယောဂပတ်, ပုဆိုးအာယောဂပတ် ဖွဲ.လျက် ရွာတွင်းခ္ဍ

ထိုင်သူအား ဒုက္ခဋ္ဌကို --။

- ♦ မရိမသေဆွမ်းခံသူအား ဒုက္ခဋ္ဌကို--။
- ♦ ထိုထိုအရပ်ကြည့်လျက်ဆွမ်းခံသူအား ဒုက္ခဋ္ဌကို--။
- ♦ ပဲဟင်းကိုသာ မျှားစွာခံသူအား ဒုက္ခဋ္ဌကို--။
- ♦ စုန်စုန်မောက်အောင် ဆွမ်းခံသူအား ဒုက္ခဋ္ဌကို--။

ခမ္ဘကတဝဂ္ဂေါ တတိယော။

၄။ ပိဏ္ဍပါတဝဂ်

၁၅၃။ အနာဒရိယကိုစွဲ၍ မရိမသေဆွမ်းစားသူအား ဒုက္ခဋ္ဌကို--။

- ♦ ထိုထိုအရပ်ကြည့်လျက် ဆွမ်းစားသူအား ဒုက္ခဋ္ဌကို--။
- ♦ ထိုထိုနေရာကိုသုံးသပ်လျက် ဆွမ်းစားသူအား ဒုက္ခဋ္ဌကို--။
- ♦ ပဲဟင်းကိုသာမျှားစွာ စားသူအား ဒုက္ခဋ္ဌကို--။
- ♦ ဆွမ်းဦးမှနိုပ်၍ဆွမ်းစားသူအား ဒုက္ခဋ္ဌကို--။
- ♦ ဟင်း, ဟင်းလျှာကို ဆွမ်းဖြင့်ဖုံးသူအား ဒုက္ခဋ္ဌကို--။
- ♦ ဟင်းကိုလည်းကောင်း, ထမင်းကိုလည်းကောင်း မနာမဖျားဘဲ မိမိအကျိုးငှာ တောင်း၍စားသူအား ဒုက္ခဋ္ဌကို--။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခု၊ ကာယစိတ္တ၊ ကာယဝါစာစိတ္တ သမုဋ္ဌာန် နှစ်ခု။ (ဝါ) စတုတ္ထ၊ ဆဋ္ဌ- ထေယျသတ္ထသမုဋ္ဌာန်နှစ်ခု။

- ♦ ကဲ့ရဲ့လိုသော အမှတ်ဖြင့် သူတပါး၏သပိတ်ကိုကြည့်သူအား ဒုက္ခဋ္ဌကို--။

- ကြီးစွာသောဆွမ်းလုပ်ကိုပြုသူအား ဒုက္ခင့်ကို--။
- ရှည်သောဆွမ်းလုပ်ကိုပြုသူအား ဒုက္ခင့်ကို--။

ပိဏ္ဍာပါတဝဂ္ဂေါ် စတုဏ္ဏော။

၅။ ကဗဠဝဂ်

၁၅၄။ မရိုသေခြင်းကိုစွဲ၍ ဆွမ်းလုတ်မရောက်မီ ခံတွင်းဖွင့်သူအား ဒုက္ခင့်ကို--။

- ဆွမ်းစားစဉ် အလုံးစုံသောလက်ကို (ဝါ- ဘယ်လက်ချောင်းမဆို) ခံတွင်း၌ထည့်သူအား ဒုက္ခင့်ကို--။
- ဆွမ်းလုတ်နှင့်တကွစကားဆိုသူအား ဒုက္ခင့်ကို--။

ကာယဝါစာစိတ္တာသမုဋ္ဌာန်တစ်ခု။

- ဆွမ်းလုတ်ကိုမြှောက်၍ မြှောက်၍စားသူအား ဒုက္ခင့်ကို--။
- ဆွမ်းလုတ်ကိုကိုက်ဖြတ်၍စားသူအား ဒုက္ခင့်ကို--။
- မျောက်ကဲ့သို့ ပါးစောင်း၌ထားမြှောင်းသူအား ဒုက္ခင့်ကို--။
- လက်ကိုခါ၍ခါ၍စားသူအား ဒုက္ခင့်ကို--။
- ဆွမ်းလုံးကို ကြဲ၍ ကြဲ၍ စားသူအား ဒုက္ခင့်ကို--။
- လျှာထုတ်၍စားသူအား ဒုက္ခင့်ကို--။
- စပ်စပ်အသံပြုရှိုစားသူအား ဒုက္ခင့်ကို--။

ကဗဠဝဂ္ဂေါ် ပဉ္စမော။

၆။ သုရသုရဝဂ်

၁၅၅။ မရိသေခြင်းကိုစွဲ၍ ရှုတ်ရှုတ်သံပြုလျက်စားသူအား ဒုက္ခဋ္ဌကို အဘယ်၌--။ ကောသမ္မီ၌--။ ရဟန်းများစွာ--။ ရှုတ်ရှုတ်သံပြု၍ နို့သောက်ခြင်းကြောင့်တည်း။

- လက်ကိုလျက်၍ လျက်၍စားသူအား ဒုက္ခဋ္ဌကို--။
- သပိတ်ကို ခြစ်၍ခြစ်၍စားသူအား ဒုက္ခဋ္ဌကို--။
- နှုတ်ခမ်းကိုလျက်၍လျက်၍စားသူအား ဒုက္ခဋ္ဌကို--။
- အာမိသနှင့်တကွသောလက်ဖြင့် ရေဖွက်ကိုကိုင်သူအား ဒုက္ခဋ္ဌကိုအဘယ်၌--။ ဘဂ္ဂတိုင်းတို့၌--။ ရဟန်းများစွာ--။ ထိုသို့ကိုင်ခြင်းကြောင့်တည်း။
- ဆွမ်းလုံးနှင့်တကွသော သပိတ်ဆေးရေကို ရွာတွင်း၌၊ (၀၊) အိမ်တွင်း၌ စွန့်သူအား ဒုက္ခဋ္ဌကိုအဘယ်၌--။ ဘဂ္ဂတိုင်းတို့၌--။ ရဟန်းများစွာ--။ ထိုသို့စွန့်ခြင်းကြောင့်တည်း။
- ထီးလက်၌ရှိသူကို ပါဠိ, အဋ္ဌကထာတရား (မဂဓဘာသာဖြင့်) ဟောသူအားဒုက္ခဋ္ဌကိုအဘယ်၌--။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခု၊ ၀ါစာစိတ္တသမုဋ္ဌာန်တစ်ခု။ (ပဌမ-မမ္မဒေသနာသမုဋ္ဌာန်။)

- ကုတ် တောင်ဝှေး (မစ္ဈိမလေးတောင်အရည်) လက်ရှိသူကို တရားဟောသူအားဒုက္ခဋ္ဌကိုအဘယ်၌--။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခု၊ ၀ါစာစိတ္တသမုဋ္ဌာန်တစ်ခု။

- လက်နက်လက်၌ရှိသူကို ဟရားဟောသူအား ဒုက္ခဋ္ဌကို အဘယ်၌--။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခု၊ ဝါစာစိတ္တသမုဋ္ဌာန်တစ်ခု။

- လေးလက်ခ်ံရှိသူကို တရားဟောသူအားဒုက္ခင့်ကိုအဘယ်ခ်ီ--။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခု၊ ဝါစာစိတ္တသမုဋ္ဌာန်တစ်ခု။

သုရသုရဝဂ္ဂါ ဆဋ္ဌော။

၇။ ပါဒုကဝဂ်

၁၅၆။ မရိုသေခြင်းကိုစွဲ၍ ခြေနင်းစီးသူကို--။

- ဘိနပ်စီးသူကို--။
- ယာဉ်စီးသူကို--။
- အိပ်ရာခ်ံနေသူကို--။
- လက်အာယောဂပတ်, ပုဆိုးအာယောဂပတ်ဖွဲ့နေသူကို--။
- ဦးရစ်ပေါင်းသော ဦးခေါင်းရှိသူကို--။
- ခြုံသောဦးခေါင်းရှိသူကို တရားဟောသူအား ဒုက္ခင့်ကို--။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခု၊ ဝါစာစိတ္တသမုဋ္ဌာန်တစ်ခု။ (အလား တူ ၁၁-ခု တရက်တည်း။)

- မြေခ်ံနေ၍ နေရာခ်ံနေသူကို တရားဟောသူအား ဒုက္ခင့်ကို--။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခု၊ ကာယဝါစာစိတ္တသမုဋ္ဌာန်တစ်ခု။

- နံမ့်သောနေရာခ်ံနေ၍ မြင့်သောနေရာခ်ံနေသူကို --။
- ရပ်လျက် ထိုင်သောသူကို --။
- နောက်မှသွား၍ ရှေ့ခ်ံသွားသူကို --။

♦ လမ်းဘေးကသွား၍ လမ်းခ်ဋ်သွားသူကို တရား.ဟောသူအား ဒုက္ခင့်ကို--။

ပညာတ်တစ်ခု၊ အနုပညတ်တစ်ခု၊ ကာယဝါစာစိတ္တသမုဋ္ဌာန်တစ်ခု။ (အလားတူ ၅-ခု တဆက်တည်း။)

♦ ရပ်လျက် ကျင်ကြီး, ကျင်ငယ်စွန့်သူအား ဒုက္ခင့်ကို--။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခု၊ ကာယစိတ္တသမုဋ္ဌာန်တစ်ခု။

♦ စိမ်းသောမြက်သစ်ပင်ရိုရာ၌ ကျင်ကြီး, ကျင်ငယ်, တံတွေးစွန့်သူအား ဒုက္ခင့်ကို--။

♦ သုံးဆောင်ကောင်းသောရေ၌ ကျင်ကြီး, ကျင်ငယ်, တံတွေးစွန့်သူအား ဒုက္ခင့်ကို--။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခု၊ ကာယစိတ္တသမုဋ္ဌာန်တစ်ခု။ (အလားဘူ ၃-ခု တဆက်တည်း။)

ပါဒုကဝဂ္ဂေါ သတ္တမော။

သေခိယ ၇၅-ပါး ပြီး၏။

မဟာဝိဘင်း၌ ကတ္ထပညတ္တိဝါရ ပြီး၏။

အဋ္ဌဝါရ၌

၂။ ကတာပတ္တိဝါရ

၁။ ပါရာဇိက

၁၅၇။ မေထုနဓမ္မကို မှီဝဲသူသည် အာဘယ်မျှလောအာပတ်တို့ကို ရောက်

သနည်း မေထုနမ္မေကို မှီဝဲသူသည် သုံးမျိုးသောအာပတ်တို့ကို ရောက်၏။ ခွေး, မြေခွေး မခဲသေးသော (မဂ်ရှိသော) ကိုယ်၌ မှီဝဲအံ့ ပါရာဇိက။ များစွာခဲဖြိုးသောကိုယ်၌ မှီဝဲအံ့ ထုလ္လစ္စည်း။ ဟင်းလင်းပွင့်သောခံတွင်း၌ မထိမခိုက် ဥဏ္ဍိုဟတ်ကိုသွင်းအံ့ ဒုက္ကဋ်။

မေထုနမ္မေကိုမှီဝဲသူသည် ဤသုံးမျိုးသောအာပတ်တို့သို့ ရောက်၏။ (ပဓာန်ကို ထက်ဝက်ခဲလျှင် ထုလ္လစ္စည်း။)

၁၅၈။ အရှင်မပေးသောဥစ္စာကိုယူသူသည် အဘယ်တို့သို့--။ သုံးမျိုးတို့သို့--။ ငါးပဲ, ငါးပဲထက်အလွန်ထိုက်သောအရှင်မပေးသောဥစ္စာကို ခိုးလိုလျှင် စိတ်ဖြင့်ယူအံ့ ပါရာဇိက။ တစ်ပဲထက်အလွန်, ငါးပဲအောက်ကိုခိုးယူအံ့ ထုလ္လစ္စည်း။ တစ်ပဲ, တစ်ပဲအောက်ကိုခိုးယူအံ့ ဒုက္ကဋ်။ (သုံးမျိုး။)

၁၅၉။ တကွအားလုတ်၍ လူဇာတ်ဖြစ်သူကို ဇီဝိတိန္ဒြေမှချသူသည်--။ သုံးမျိုးတို့သို့--။ လူကိုရည်၍ " ကျသေလတံ့ " ဟု တွင်းတူးအံ့ ဒုက္ကဋ်။ ကျ၍ ဒုက္ခဖြစ်အံ့ ထုလ္လစ္စည်း။ သေအံ့ ပါရာဇိက။ (သုံးမျိုး။)

၁၆၀။ မိမိ၌မရှိဘဲ စျာန်, မဂ်, ဖိုလ်ကို ဝါကြွားပြောဆိုသူသည်--။ သုံးမျိုးတို့သို့--။ ယုတ်မာသောအလိုဆိုးဖြင့် မရှိသော စျာန်, မဂ်, ဖိုလ်ကို ဝါကြွားပြောဆိုအံ့ ပါရာဇိက။ " သင်၏ကျောင်းနေရဟန်းသည် ရဟန္တာ " ဟု (ယုတ်ဝိုက်၍) ပြောဆိုအံ့ (နားထောင်သူ) သိလျှင် ထုလ္လစ္စည်း။ မသိလျှင် ဒုက္ခဋ်။ (သုံးမျိုး။)

ပါရာဇိက ၄–ပါး ပြီး၏။

၂။ သံဃာဒိသေသ်

၁၆၁။ လုံ့လပြု၍ သုက်ကိုလွတ်စေသူသည်--။ သုံးမျိုး--။ စေတနာရှိအံ့၊ အားထုတ်အံ့၊ လွတ်အံ့- သံဃာဒိသေသ်။ မလွတ်အံ့ ထုလ္လစ္စည်း၊ ပဏာတိုင်း ဒုက္ကဋ်။

မာတုဂါမနှင့် ကိုယ်လက်နှီးနှောသူသည်---။ သုံးမျိုး--။ ကိုယ်ဖြင့် ကိုယ်ကိုသုံးသပ်အံ့ သံဃာဒိသေသ်။ ကာယပဋိဗဒ္ဓကိုသုံးသပ်အံ့ ထုလ္လစ္စည်း။ ကာယပဋိဗဒ္ဓဖြင့် ကာယပဋိဗဒ္ဓကိုသုံးသပ်အံ့ ဒုက္ကဋ်။

မာတုဂါမကို ရုန်ရင်းသောစကားတို့ဖြင့် ပြောက်ရယ်ဆိုသူသည်--။ သုံးမျိုး--။ ဝစ္စမဂ်, ပဿာဝမဂ် ကိုရည်၍ ချီးမွမ်းအံ့, ကဲ့ရဲ့အံ့ သံဃာဒိသေသ်။ မဂ်နှစ်ခုဖယ်၍ ညှပ်ရိုးအောက်ဒူးဝန်းအထက်ကိုရည်၍ ချီးမွမ်းအံ့, ကဲ့ရဲ့အံ့ ထုလ္လစ္စည်း။ ကာယပဋိဗဒ္ဓကိုရည်၍ ချီးမွမ်းအံ့, ကဲ့ရဲ့အံ့ ဒုက္ကဋ်။

အတ္တကာမလုပ်ကျွေးခြင်း ကျေးဇူးဆိုသူသည်--။ သုံးမျိုး--။ မာတုဂါမထံဆိုအံ့ သံဃာဒိသေသ်။ ပဏ္ဍာကထံဆိုအံ့ ထုလ္လစ္စည်း။ ကိုရဏ္ဍာန်ထံ ဆိုအံ့ ဒုက္ကဋ်။

အောင်တမန်သွားလာသူသည်--။ သုံးမျိုး--။ ဝန်ခံအံ့, စုံစမ်းအံ့, ပြန်ဆောင်အံ့ (၃-ပါးဖြင့်) သံဃာဒိသေသ်။ ပြန်မဆောင်အံ့ (၂-ပါးဖြင့်) ထုလ္လစ္စည်း။ ဝန်ခံခြင်းသာပြုအံ့ (၁-ပါးဖြင့်) ဒုက္ကဋ်။

ကိုယ်တိုင်တောင်းသော အဆောက်အဦးဖြင့် ကုဋိကိုပြုစေသူသည်--။ သုံးမျိုး--။ ပြုစေအံ့ ပယောဂတိုင်း ဒုက္ကဋ်။ နောက်ဆုံး တစ်ခုသောမြေအိုင် မရောက်မီ ထုလ္လစ္စည်း။ ထိုမြေဆိုင်ရောက်လျှင် သံဃာဒိသေသ်။

မဟာလွှကဝိဟာရကိုပြုစေသူသည်--။ သုံးမျိုး--။(ရေးအတူတည်း။)

ရဟန်းကို အမူလကပါရာဇိကဖြင့် စွပ်စွဲသူသည်--။ သုံးမျိုး--။ ခွင့်မပြုစေဘဲ သာသနာမှ ရွှေ့စေလိုခြင်းဖြင့်ဆိုအံ့ သံဃာဒိသေသ်နှင့် ဒုက္ကဋ်။ ခွင့်ပြုစေ၍ ဆဲလိုခြင်းဖြင့်ဆိုအံ့ သြမသဝါဒပါစိတ်။

ရဟန်းကို အညှဘာဂိယ၏ လေသကိုစွဲ၍ ပါရာဇိကဖြင့်စွပ်စွဲသူသည်--။ သုံးမျိုး--။ (ရှေးအတူတည်း။)

သံဃာသင်းခွဲသူသည် သုံးကြိမ်ဆုံးမလျက် မစွန့်လျှင်--။သုံးမျိုး--။

ဥတဲ့ဖြင့် ဒုက္ခဋ္ဌ။ ကမ္မဝါစာနှစ်ကြိမ်တို့ဖြင့် ထုလ္လစ္စည်း။ ကမ္မဝါစာအဆုံး – သံဃာဒိသေသ်။

သင်းခွဲသူသို့ အတူလိုက်သူသည် သုံးကြိမ်ဆုံးမလျက် မစွန့်လျှင်––။ သုံးမျိုး––။ (တူပြီ။)

ဒုပ္ပစရဟန်းသည် သုံးကြိမ်ဆုံးမလျက် မစွန့်လျှင်––။ သုံးမျိုး––။ (တူပြီ။)

ကုလဒူသကရဟန်းသည် သုံးကြိမ်ဆုံးမလျက် မစွန့်လျှင်––။ သုံးမျိုး––။ (တူပြီ။)

သံဃာဒိသေသ် ၁၃–ပါး ပြီး၏။

(အနိယတမပြ။)

၄။ နိဿဂ္ဂိပါစိတ်

၁။ ကထိနဝဂ်

၁၆၂။ ပိုလွန်သော 'အတ်ရေက'သင်္ကန်းကို ဆယ်ရက်ကိုလွန်စေသူသည် တစ်မျိုးသောအာပတ်သို့ရောက်၏။ နိဿဂ္ဂိပါစိတ်–တစ်မျိုး။

တစ်ညဉ့်မျှ တိစီဝရိတ်နှင့်ကင်းသူသည်––။ နိဿဂ္ဂိပါစိတ်–တစ်မျိုး။

'အဂၢဟာလ' သင်္ကန်းကို ခံယူ၍ တစ်လကိုလွန်စေသူသည်–– တစ်မျိုး။

အမျိုးမတော်သော ဘိက္ခုနီအား သင်္ကန်းဟောင်းဖွပ်ခိုင်းသူသည်––နှစ်မျိုး။ ဖွပ်ခိုင်းအံ့ ပယောဂတိုင်း ဒုက္ကဋ်။ ဖွပ်ပြီးလျှင် နိဿဂ္ဂိပါစိတ်။

အမျိုးပတော်သော ဘိက္ခုနီ၏လက်မှ သင်္ကန်းကိုခံယူသူသည်––နှစ်မျိုး။ ယူအံ့ ပယောဂတိုင်း ဒုက္ကဋ်။ ယူပြီးလျှင် နိဿဂ္ဂိပါစိတ်။

အမျိုးမတော်သော ဒါယကာ ဒါယိကာမကို သက်နှိုးတောင်းသူသည်--။ နှစ်မျိုး။ တောင်းအုံ့ ပယောဂတိုင်း ဒုက္ကဋ်။ တောင်းပြီးလျှင် နိဿဂ္ဂိပါစိတ်။

အမျိုးမတော်သော ဒါယကာ ဒါယိကာမကို သင်းပိုင်, ကိုယ်ရုံ နှစ်ထည့်ထက်အလွန် သက်နှိုးတောင်းသူသည်--။ နှစ်မျိုး။ တောင်းအုံ့ ပယောဂတိုင်း ဒုက္ကဋ်။ တောင်းပြီးလျှင် နိဿဂ္ဂိပါစိတ်။

ရှေးဦး ဘိတ်ကြားအပ်သူမဟုတ်ဘဲ အမျိုးမတော်သော ဒါယကာထံ ချဉ်းကပ်၍ သက်နှိုးခြင်း အလွန်စီရင်သူသည်--နှစ်မျိုး။ အလွန်စီရင်အုံ့ ပယောဂတိုင်း ဒုက္ကဋ်။ အလွန်စီရင်ခြင်းသို့ရောက်ပြီးလျှင် နိဿဂ္ဂိပါစိတ်။

ရှေးဦး ဘိတ်ကြားအပ်သူမဟုတ်ဘဲ အမျိုးမတော်သော ဒါယကာကိုထံ (တူပြီ)

သုံးကြိမ်ထက်အလွန်တောင်းခြင်း၊ ခြောက်ကြိမ်ထက်အလွန်ရပ်ခြင်းဖြင့် သက်နှိုးကိုပြီးစေသူသည်--နှစ်မျိုး။ --ပြီးစေအုံ့ ပယောဂတိုင်း ဒုက္ကဋ်။ ပြီးစေပြီးလျှင် နိဿဂ္ဂိပါစိတ်။

ကထိနဝဂ္ဂေါ ပဌမော။

၂။ ကောသိယဝဂ်

၁၆၃။ ပိုးချည်ရောသော သန္ဌတအခင်းကို ပြုစေသူသည်--နှစ်မျိုး။ ပြုစေအုံ့ ပယောဂတိုင်း ဒုက္ကဋ်။ ပြုစေပြီးလျှင် နိဿဂ္ဂိပါစိတ်။

အမည်းသက်သက်သိုးမွေးအခင်းကို ပြုစေသူသည်--နှစ်မျိုး။ (တူပြီ။)

သိုးမွေးအဖြူတစ်ချိန်, အကြောင်တစ်ချိန်ကို မယူဘဲ အခင်းသစ်ပြုသူသည်--နှစ်မျိုး။

နှစ်တိုင်း သန္ဌတအခင်းကိုပြုစေသူသည်--နှစ်မျိုး။

အခင်းဟောင်း၏ နံပါးမှ ဘုရားရှင်တစ်ထွာမျှကိုမယူဘဲ နိဿီဒနသန္ဌတ အခင်းသစ်ပြုသူသည်––နှစ်မျိုး။

သိုးမွေးတို့ကို ခံယူ၍ သုံးယူနေကိုလွန်စေသူသည်––နှစ်မျိုး။ ပဌမ ဘဝါးကိုလွန်စေအံ့ ဒုက္ကဋ်။ ဒုတိယဘဝါးကိုလွန်စေအံ့ နိဿဂ္ဂိပါစိတ်။

အမျိုးမတော်သော ဘိက္ခုနီကို သိုးမွေးဖွပ်စေသူသည်––နှစ်မျိုး။ ဖွပ်စေအံ့ ပယောဂတိုင်း ဒုက္ကဋ်။ ဖွပ်စေပြီးလျှင် နိဿဂ္ဂိပါစိတ်။

ရွှေ, ငွေခံယူသူသည်––နှစ်မျိုး။ ပယောဂ ဒုက္ကဋ်။ ပြီး–နိဿဂ္ဂိ ပါစိတ်။

'နာနာပွကာရက' ရွှေ, ငွေဖြင့် ဖလယ်သူသည်––နှစ်မျိုး။ ပယောဂ ဒုက္ကဋ်။ ပြီး နိဿဂ္ဂိပါစိတ်။

'နာနာပွကာရက' ကပ္ပိယဘဏ္ဍာချင်းလဲသူသည်––နှစ်မျိုး။ ပယောဂ ဒုက္ကဋ်။ ပြီး နိဿဂ္ဂိပါစိတ်။

ကောသိယဝဂ္ဂေါ ဒုတိယော။

၃။ ပတ္တဝဂ်

၁၆၄။ 'အတိရေက' သပိတ်ကို ဆယ်ရက်ကိုလွန်စေသူသည်––တစ်မျိုး။ နိဿဂ္ဂိပါစိတ်။

ငါးဖွဲ့မပြည့်သောသပိတ်ဖြင့် သပိတ်အသစ်တောင်းသူသည်––နှစ်မျိုး။ ပယောဂ ဒုက္ကဋ်။ပြီး နိဿဂ္ဂိ။

ဆေးငါးမျိုးကို အကပ်ခံ၍ ခုနှစ်ရက်ကိုလွန်စေသူသည်––တစ်မျိုး။ နိဿဂ္ဂိ။

တစ်လထက်အလွန်ကြွင်းသော နွေဥတု၌ မိုးရေခံသက်နှံ:ရှာသူ သည်––နှစ်မျိုး။ ပယောဂ ဒုက္ကဋ်။ ပြီး နိဿဂ္ဂိ။

ရဟန်းအား .ကိုယ်တိုင်သင်္ကန်းပေး၍ အမျက်ထွက်သဖြင့် လုယူသူ သည်--နှစ်မျိုး။

ကိုယ်တိုင် ချည်တောင်း၍ ရက်ကန်းသည်တို့.ကို သင်္ကန်းရက်စေသူ သည်--နှစ်မျိုး။

ရှေး၌ ဘိတ်ကြားအပ်သူမဟုတ်ဘဲ အမျိုးမတော်သော ဒါယကာ၏ ရက်ကန်းသည်ထံချဉ်းကပ်၍ သင်္ကန်း၌ အလွန်စီရင်သူသည်--နှစ်မျိုး။

'အစ္စေကစီဝရ' ကို ခံယူ၍ စီဝရကာလကိုလွန်စေသူသည်--တစ်မျိုး။

နိဿဂ္ဂိပါစိတ်။

သင်္ကန်းသုံးထည်တို့.တွင် တစ်ထည်ထည်ကို ရွာတွင်း၌ထား၍ ခြောက်ညဉ့်ထက်အလွန် ကင်းသူသည်--တစ်မျိုး။ နိဿဂ္ဂိပါစိတ်။

သံဃာသို့ ညွတ်ပြီးသောလာဘ်ကို သိလျက် မိမိသို့.ညွတ်စေသူသည်--နှစ်မျိုး။ ညွတ်စေအံ့ ပယောဂတိုင်း ဒုက္ကဋ်။ ညွတ်စေပြီးလျှင် နိဿဂ္ဂိပါစိတ်။

ပတ္တာဝဂ္ဂေါ် တတိယော။

(နိဿဂ္ဂိသုံးဆယ်၌ ရက်လွန် ညဉ့်ကင်း ၇-သည် နိဿဂ္ဂိတစ်မျိုးသာ။ ကြွင်း ၂၃-သည် ပယောဂ ဒုက္ကဋ်။ ပြီး--နိဿဂ္ဂိ၊ နှစ်မျိုးစီ။)

နိဿဂ္ဂိပါစိတ် ၃၀- ပြီး၏။

၅။ သုဒ္ဓပါစိတ်

၁။ မုသာဝါဒဝဂ်

၁၆၂။ သိလျက် မုသာဆိုသူသည်--ငါးမျိုး။ အလိုဆိုးဖြင့် မဟုတ်မမှန်

ဥတ္တရိမနုဿဓမ္မကို ဝါကြွားအံ့ ပါရာဇိက။ အမူလကပါရာဇိကဖြင့် ရဟန်းကို စွပ်စွဲအံ့ သံဃာဒိသေသ်။ "သင်၏ကျောင်းနေရဟန်းသည် ရဟန္တာ" ဟု သွယ်ဝိုက်အံ့သိလျှင် ထုလ္လစ္စည်း။ မသိလျှင် ဒုက္ကဋ်။ သမ္ဘာနမုသာဝါဒကြောင့် ပါစိတ်၊ ငါးမျိုး။

နှုတ်လုံ့ထိုးသူသည်--နှစ်မျိုး။ ရဟန်းကိုဆဲအံ့ ပါစိတ်။ ရဟန်းမဟုတ်သူကိုဆဲအံ့ ဒုက္ကဋ်။

ဂုံးစကားဆောင်သူသည်--နှစ်မျိုး။ ရဟန်း၏ ဂုံးစကားဆောင်အံ့ ပါစိတ်။ ရဟန်းမဟုတ်သူ၏ ဂုံးစကားဆောင်အံ့ ဒုက္ကဋ်။

အနုပသမ္ပန္နကို ပုဒ်ပြိုင် ပါဠိ, အဋ္ဌကထာမမှီပို့ချသူသည်--နှစ်မျိုး။ ပယောဂတိုင်း ဒုက္ကဋ်။ ပဒတိုင်း ပါစိတ်။

အနုပသမ္ပန္နနှင့် နှစ်ညဉ့်သုံးညဉ့်ထက်အလွန် သဟဝေယျပြုသူသည်-နှစ်မျိုး။ ပယောဂကိုင်း ဒုက္ကဋ်။ အိပ်လျှင် ပါစိတ်။

မာတုဂါမနှင့် သဟဝေယျပြုသူသည်--နှစ်မျိုး။ (တူပြီ။)

မာတုဂါမအား ငါးခွန်းခြောက်ခွန်းထက်အလွန် ပါဠိ, အဋ္ဌကထာမမှီ ဟောသူသည်--နှစ်မျိုး။ ပယောဂတိုင်း ဒုက္ကဋ်။ ပဒတိုင်း ပါစိတ်။

အနုပသမ္ပန္နအား ဥတ္တရိမနုဿဓမ္မကို ဟုတ်ကိုင်းမှန်စွာပြောသူသည်-နှစ်မျိုး။ ပယောဂတိုင်း ဒုက္ကဋ်။ ပြောလျှင် ပါစိတ်။

ရဟန်း၏ သံဃာဒိသေသ်အာပတ်ကို အနုပသမ္ပန္နအား ပြောသူသည်-နှစ်မျိုး။ ပယောဂကိုင်း ဒုက္ကဋ်။ ပြောလျှင် ပါစိတ်။

မြေကိုတူးဆွသူသည်--နှစ်မျိုး။ ပယောဂတိုင်း ဒုက္ကဋ်။ ပုတ်ခတ်တိုင်း ပါစိတ်။

မုသာဝါဒဝဂ္ဂါ ပဋ္ဌမော။

၂။ ဘူတဂါမဝဂ်

၁၆၆။ ဘူတဂါမ်ကို ဖျက်ဆီးသူသည်--နှစ်မျိုး။ ပယောဂတိုင်း ဒုက္ခဋ္ဌ။ ပုတ်ခတ်တိုင်း ပါစိတ်။

မေးသည်မှတပါး ဖြေသူသည်--နှစ်မျိုး။ အညဝါဒကတ်သို့ မဝင်သေးမီအဖြင်းဖြင်းဆိုအံ့ ဒုက္ကဋ်။ အညဝါဒကတ်သို့တင်ပြီးနောက် အဖြင်းဖြင်းဆိုအံ့ ပါစိတ်။ (ကလွဲဖြေခြင်းသည် အဖြင်းဖြင်းဆိုခြင်းမည်၏။)

ရဟန်းကိုကဲ့ရဲ့သူသည်--နှစ်မျိုး။ ပယောဂတိုင်း ဒုက္ကဋ်။ ကဲ့ရဲ့လျှင် ပါစိတ်။

သံဃိကညောင်ရောင်း, အင်းပျဉ်, ဘုံလျှို, ခတ်အခင်းကို လွင်တီးခေါင်ဌ ခင်းရှိ မသုံမှီး မပန်ကြား ဖဲသွားသူသည်--နှစ်မျိုး။ ပဌမဘဝါးကို ခဲတစ်ကျကိုလွန်စေအံ့ ဒုက္ကဋ်။ ဒုတိယဘဝါးကိုလွန်စေအံ့ ပါစိတ်။

(**ဗီဇ**။ ။ လွင်တီးခေါင် ဖြစ်သောကြောင့် ကျောင်းတွင်းဌ သော်လည်း အာပတ်သို့ရောက်၏။ ထို့ကြောင့် ခဲတစ်ကျ လွန်ခြင်းအစွမ်းဖြင့် ဆိုသည်။)

သံဃိကကျောင်းဌ အိပ်ရာကိုခင်းရှိ မသိမှီး မပန်ကြား ဖဲသွားသူသည်--နှစ်မျိုး။ ပဌမဘဝါးကို အရံကိုလွန်စေအံ့ ဒုက္ကဋ်။ ဒုတိယဘဝါးကိုလွန်စေအံ့ ပါစိတ်။

(**ဗီဇ**။ ။ ကျောင်းအခန်းတွင်းဌ ခင်းခြင်းကြောင့် ကျောင်းမှပြင်ပသို့ သွားသော်လည်း ထိုနေ့ ပြန်မလာမီ အာပတ်သို့ရောက်၏။ ထို့ကြောင့် အရံကိုလွန်စေအံ့ဟု ဆိုသည်။)

သံဃိကကျောင်းဌ သိလျက် ရှေးဦးစွာနေသောရဟန်းကို ဖိုးလှေ့၍ အိပ်သူသည်--နှစ်မျိုး။ ပယောဂတိုင်း ဒုက္ကဋ်။ အိပ် ပါစိတ်။

ရဟန်းကို အမျက်ထွက်၍ သံဃိကကျောင်းမှနှင်ထုတ်သူသည်--နှစ်မျိုး။

ပယောဂ ဒုက္ကဋ်။ နှင်– ပါစိတ်။

သံဃာ့ကျောင်းဌ် ပေါင်းလင်းရှိသော ကဋ္ဌ၏အထက် ရက်မ, ဆင့်ထက်ဌ်ထားသော အပေါင်ဌ်အခြေတပ်သော ညောင်ဂစောင်း, အင်းပျဉ်ကို တက်ထိုင်သူသည်––နှစ်မျိုး။ ပယောဂ ဒုက္ကဋ်။ ထိုင်– ပါစိတ်။

နှစ်စဉ်, သုံးစဉ်မိုးခြင်းကို စီရင်၍ ထိုထက်အလွန်စီရင်သူသည်––နှစ်မျိုး။ ပယောဂ ဒုက္ကဋ်။ စီရင်– ပါစိတ်။

သိလျက် ပိုးရှိသောရေကို မြက်ဌ်လောင်းသူသည်––နှစ်မျိုး။ ပယောဂ ဒုက္ကဋ်။ လောင်း– ပါစိတ်။

ဘူတဂါမဝဂ္ဂေါ ဒုတိယော။

၃။ ဩဝါဒဝဂ်

ဘဒ္ဒ။ သမ္မုတိမရဘဲ ဘိက္ခုနီတို့ကို ဂရုဓမ္မဖြင့် ဆုံးမသူသည်––နှစ်မျိုး။ ပယောဂ ဒုက္ကဋ်။ ဆုံးမ– ပါစိတ်။

နေဝင်သောအခါ ဘိက္ခုနီတို့ကိုဆုံးမသူသည်––နှစ်မျိုး။ (တူပြီ။)

ဘိက္ခုနီ၏ကျောင်းသို့ ချဉ်းကပ်၍ ဘိက္ခုနီတို့ကိုဆုံးမသူသည်––နှစ်မျိုး။

အာမိသကြောင့် ရဟန်းတို့သည် ဘိက္ခုနီတို့ကိုဆုံးမကုန်၏ဟု ဆိုသူသည်––နှစ်မျိုး။ ပယောဂ ဒုက္ကဋ်။ ဆို– ပါစိတ်။

အမျိုးမတော်သော ဘိက္ခုနီအား သင်္ကန်းပေးသူသည် ––နှစ်မျိုး။ ပယောဂ ဒုက္ကဋ်။ ပေး– ပါစိတ်။

အမျိုးမတော်သော ဘိက္ခုနီ၏သင်္ကန်းကို ချုပ်သူသည် ––နှစ်မျိုး။ ပယောဂ ဒုက္ကဋ်။ အပ်နှုတ်တိုင်း– ပါစိတ်။

ဘိက္ခုနီနှင့်တိုင်ပင်၍ ခရီးရည်အတူသွားသူသည် --နှစ်မျိုး။ ပယောဂ ဒုက္ကဋ်။ သွား- ပါစိတ်။

ဘိက္ခုနီနှင့်တိုင်ပင်၍ လှေတစ်စင်းတည်းစီးသူသည် --နှစ်မျိုး။ ပယောဂ - ဒုက္ကဋ်။ စီး- ပါစိတ်။

သိလျက် ဘိက္ခုနီစီရင်သောဆွမ်းကို စားသူသည် --နှစ်မျိုး။ စားမည်ဟုခံယူအံ့ - ဒုက္ကဋ်။ မျိုတိုင်း- ပါစိတ်။

ဘိက္ခုနီနှင့်အတူ တစ်ယောက်ချင်းချင်း ဆိတ်ကွယ်ရာ၌ နေထိုင်သူသည် --နှစ်မျိုး။ ပယောဂ - ဒုက္ကဋ်။ ထိုင်- ပါစိတ်။

ဩဝါဒဝဂ္ဂေါ တတိယော။

၄။ ဘောဇနဝဂ်

၁၆၈။ အဝစားတစ်ကြိမ်ထက်၊ (၀၊) တစ်နေ့ထက်အလွန် ဇရပ် စသည်၌ တည်သောဆွမ်းကိုစားသူသည် --နှစ်မျိုး။ စားမည်ဟုခံယူအံ့ -ဒုက္ကဋ်။ မျိုတိုင်း- ပါစိတ်။

ဂဏဘောဇဉ်ကိုစားသူသည် --နှစ်မျိုး။ (တူပြီ။)

ပရမ္ပရဘောဇဉ်ကိုစားသူသည် --နှစ်မျိုး။ (ဟူပြီ။)

နှစ်သပိတ်, သုံးသပိတ်အပြည့် မုန့်ခံ၍ ထိုထက်အလွန်ခံသူသည် --နှစ်မျိုး။ ပယောဂ ဒုက္ကဋ်။ ခံ- ပါစိတ်။

ဆွမ်းစားစဉ်'တန်ပြီဟုတားမြစ်မိလျက် အတိရိတ်ဝိနည်းကဲမပြုသော ခဲဘွယ်ဘောဇဉ်ကိုစားသူသည် --နှစ်မျိုး။ စားမည်ဟုခံယူအံ့ - ဒုက္ကဋ်။ မျိုတိုင်း - ပါစိတ်။

ဆွမ်းစားစဉ် တန်ပြီဟုတားမြစ်မိသောရဟန်းကို အတိရိတ်ဝိ နည်းကဲ

မပြုသော ခဲဘွယ်ဘောဇဉ်ဖြင့်ဆောင်၍ ဘိတ်သူသည် --နှစ်မျိုး။ ထိုရဟန်း၏စကားဖြင့် စားမည်ဟုခံအံ့--ဒုက္ခဇ္ဇ။ စားခြင်းအဆုံး--ပါစိတ်။

နေလွဲသောအခါ ခဲဘွယ်ဘောဇဉ်စားသူသည် --နှစ်မျိုး။ စားမည်ဟုခံအံ့ ဒုက္ခဇ္ဇ။ မျိုဝိုင်း- ပါစိတ်။

သိုမှီးခြင်းပြုသော ခဲဘွယ်ဘောဇဉ်ကိုစားသူသည် --နှစ်မျိုး။ (တူပြီ။)

ပဏီတနှင့်ရောသော ဘောဇဉ်ကို မိမိအလိုငှာ တောင်းစားသူသည်--နှစ်မျိုး။

အကပ်မခံဘဲ ခံတွင်းဝသို့ အာဟာရဆောင်သူသည် --နှစ်မျိုး။

ဘောဇနဝဂ္ဂေါ် စတုတ္ထော။

၅။ အစေလကဝဂ်

၁၆၃။ အစေလက, ပရိဗိုဇ်ထီး, ပရိဗိုဇ်မတို့အား မိမိလက်ဖြင့် ခဲဘွယ်ဘောဇဉ်ပေးသူသည် --နှစ်မျိုး။ ပယောဂ ဒုက္ခဇ္ဇ။ ပေး- ပါစိတ်။

ရဟန်းကို "ငါ့ရှင် လာလော့၊ ရွာနိုဂုံးသို့ ဆွမ်းခံဝင်ကုန်အံ့ "ဟု ခေါ်ဝှေးဝှေ၍ ထိုရဟန်းအား ပေးစေ၍လည်းကောင်း၊ မပေးစေ၍လည်းကောင်း ပြန်လွှတ်သူသည် --နှစ်မျိုး။ ပယောဂ ဒုက္ခဇ္ဇ။ ပြန်လွှတ်- ပါစိတ်။

လင်မယားနှစ်ယောက်ရှိသောအိမ်၌ တိုးဝှေ့၍နေထိုင်သူသည် --နှစ်မျိုး။ ပယောဂ ဒုက္ခဇ္ဇ။ နေထိုင်- ပါစိတ်။

မာတုဂါမနှင့် ဆိတ်ကွယ်သော၊ ဖုံးလွှမ်းသောနေရာ၌ နေထိုင်သူသည် --နှစ်မျိုး။ (တူပြီ။)

မာတုဂါမနှင့် တစ်ယောက်ချင်းချင်း ဆိတ်ကွယ်ရာ၌ နေထိုင်သူသည် --နှစ်မျိုး။

ပင့်ဘိတ်အပ်သော ဘတ္တာရှိသောရဟန်းဖြစ်လျက် ထင်ရှားရှိသောရဟန်းကို မပန်ကြားဘဲ ဘတ္တာမစား၊ မီလည်းကောင်း၊ စားပြီးမှလည်းဆောင်း ဒါယကာတို့ထံ လှည့်လည်သူသည်--နှစ်မျိုး။ ပဌမဘဝါးကိုတံခါးခုံ (ဥမ္မာ) ကိုလွန်စေ၍ ဒုက္ခဋ္ဌ။ ဒုတိယဘဝါးကိုလွန်စေအံ့-ပါစိတ်။

ဘိတ်ကြားသောအပိုင်းအခြားထက်အလွန် ဆေးကိုတောင်းသူသည် နှစ်မျိုး။ ပယောဂ- ဒုက္ခဋ္ဌ။ တောင်း- ပါစိတ်။

တိုင်းပြည်မှထွက်သောစင်သည်ကို ကြည့်ရှုခြင်းငှာသွားသူသည် - နှစ်မျိုး။ သွားအံ့ ဒုက္ခဋ္ဌ။ တစ်နေရာ၌ရပ်၍ကြည့်အံ့- ပါစိတ်။

သုံးညဉ့်ထက်အလွန် စစ်သည်ဆောင်၌နေသူသည်--နှစ်မျိုး။ ပယောဂ ဒုက္ခဋ္ဌ။ နေ - ပါစိတ်။

ကက်၍တက်၍စစ်ထိုးရာသို့ သွားသူသည် --နှစ်မျိုး။ သွားအံ့ ပယောဂတိုင်း - ဒုက္ခဋ္ဌ။ တစ်နေရာ၌ရပ်၍ကြည့်အံ့- ပါစိတ်။

အစေလကဝဂ္ဂေါ် ပဉ္စမော။

၆။ သုရာမေရယဝဂ်

၁၇၀။ သုရာမေရယကိုသောက်သူသည် --နှစ်မျိုး။ သောက်အံ့ဟုခံယူအံ့ ဒုက္ခဋ္ဌ။ မျိုးတိုင်း- ပါစိတ်။

ရဟန်းကို ချိုင်း(ကျိုင်း)ထိုးခြင်းဖြင့်ရယ်စေသူသည် --နှစ်မျိုး။ ပယောဂ - ဒုက္ခဋ္ဌ။ ရယ်စေလျှင် - ပါစိတ်။ (ရယ်စေလိုမျှထိလျှင်-ပါစိတ် ဟုလို။)

ရေ၌ မြူးတူးကစားသူသည် --နှစ်မျိုး။ ဖမျက်အောက်ရေ၌မြူးတူး ဒုက္ခဋ္ဌ။ ဖမျက်အထက်ရေ၌ မြူးတူးအံ့- ပါစိတ်။

ပုဂ္ဂလဓမ္မမရိမသေပြုသူသည်--နှစ်မျိုး။ ပယောဂ-ဒုက္ခဋ္ဌ။ ပြု-

ပါစိတ်။

ရုဟန်းကို ကြောက်စေသူသည် -- နှစ်မျိုး။ ပယောဂ - ဒုက္ခဋ္ဌ။ ခြောက်လှန့်လျှင်- ပါစိတ်။

မီးဟောက်စေ၍ လုံ့သူသည် --နှစ်မျိုး။ ပယောဂ-ဒုက္ခဋ္ဌ။ မီးလျှံတောက်လျှင်-- ပါစိတ်။

လခွဲအတွင်း ရေချိုးသူသည်--နှစ်မျိုး။ ပယောဂ-ဒုက္ခဋ္ဌ။ ချိုးရ၍အပြီး - ပါစိတ်။

အဆင်းပျက်အောင်ပြုခြင်းသုံးမျိုး တစ်မျိုးမျိုးမယူမူ၍ သက်နှံ:အသစ်သုံ:ဆောင်သူသည် --နှစ်မျိုး။ ပယောဂ-ဒုက္ခဋ္ဌ။ သုံ:ဆောင်- ပါစိတ်။

ဘိက္ခုအား:လည်:ကောင်:။(ပ)။ သာမဏေမအား:လည်:ကောင်:ကိုယ်တိုင် သက်နှံ:ကို ဝိကပ္ပနာပြု၍ ပစ္စုဒ္ဓိရ်မပြန်ဘဲ သုံ:ဆောင်သူသည် -- နှစ်မျိုး။ (တူပြီ။)

ရုဟန်း၏သပိတ်ကိုလည်:ကောင်:။ (ပ) ။ ခါ:ပန်:ကိုလည်:ကောင်: ဝှက်သူသည် --နှစ်မျိုး။ ပယောဂ - ဒုက္ခဋ္ဌ။ ဝှက်- ပါစိတ်။

သုရာမေရယဝဂ္ဂေါ် ဆဋ္ဌော။

၇။ သပ္ပါဏကဝဂ်

. ၁၇၁။ တရားအား:ထုတ်၍ သတ္တဝါကို ဇီဝိတိန္ဒြေမှချသူသည် --လေ:မျိုး ဟောအာပတ်သို့ရောက်၏။ အမှတ်မရှိ ကျ၍သေလတ္တံ့ဟု မရည်ဘဲ တွင်:တူ:အုံ့ ဒုက္ခဋ္ဌ။ လူ ကျ၍သေအုံ့ ပါရာဇိက။ ဘီလူ:, ပြိတ္တာ, လူအသွင်တိရစ္ဆာန် ကျ၍သေအုံ့ ထုလ္လစ္စဘုံ:။ ကိရစ္ဆာန်ကျ၍သေအုံ့ ပါစိတ်။ (လေ:မျိုး။)

(**ဖိုင်**။ ။ ဤသိက္ခာပုဒ်၌ တိရစ္ဆာန်ပါဏာသာ လိုရင်:

ဖြစ်သော်လည်း ပါဏာ – သတ္တဝါဟူသော ဝေါဟာရ သာမည်ဖြင့် အနက်ထုတ်ခြင်းကြောင့် အာပတ်လေးမျိုးဟုဆိုသည်။ ဤခန့်သာ မျိုးခွဲ ဤနည်းကိုသိအပ်၏။)

သိလျက် ပိုးရှိသောရေကို သုံးဆောင်သူသည် --နှစ်မျိုး။ ပယောဂ ဒုက္ကဋ်။ သုံးဆောင်– ပါစိတ်။

သိလျက် တရားနှင့်အညီငြိမ်းပြီးသော အဓိကရဏ်းကို တဖန်ကံဖြစ်ခြင်းငှာ လူက်ချောက်ချားသူသည် ---နှစ်မျိုး။ ပယောဂ ဒုက္ကဋ်။ ချောက်ချား– ပါစိတ်။

ရဟန်း၏ ဒုဋ္ဌုလ္လအာပတ်ကို သိလျက်ဖုံးသူသည်--ဟစ်မျိုး။ ပါစိတ် သို့ရောက်၏။

သိလျက် အသက်နှစ်ဆယ်မပြည့်သူကို ရဟန်းပြုပေးသူသည် –နှစ်မျိုး။ ပယောဂ ဒုက္ကဋ်။ ရဟန်းပြုပေး-- ပါစိတ်။

သိလျက် ခိုးသူ, ကုန်သည်နှင့်တိုင်ပင်၍ ခရီးရှည်အဟူသွားသူသည် --နှစ်မျိုး။ ပယောဂ – ဒုက္ကဋ်။ သွား– ပါစိတ်။

မာတုဂါမနှင့်တိုင်ပင်၍ ခရီးရှည်အဟူသွားသူသည်- နှစ်မျိုး။ (တူပြီ။)

ယုတ်မာသောအယူကို သုံးကြိမ်ဆုံးမလျက် မဖွယ်သူသည် --နှစ်မျိုး။ ဥတ်ဖြင့် ဒုက္ကဋ်။ ကမ္မဝါစာအဆုံး– ပါစိတ်။

သိလျက် တိုအယူမစွန့်သောရဟန်းနှင့် သဘောကပြုသူသည် - -နှစ်မျိုး။ ပယောဂ ဒုက္ကဋ်။ သဘောကပြု– ပါစိတ်။

သိလျက် ထိုသို့ဖျက်ဆီးအပ်သော သာမဏေကို ကြားယောင်းလူသည် --နှစ်မျိုး။ ပယောဂ ဒုက္ကဋ်။ ကြားယောင်း– ပါစိတ်။

သပ္ပါဏကာဝဂ္ဂေါ သတ္တမော။

၈။ သဟဓမ္မိကဝဂ်

၁၇၂။ ရဟန်းတို့သည် သိက္ခာပုဒ်နှင့်အညီပြောဆိုသောအခါ "တပါးသော ဝိနည်းမိုရ်ကို မမေးရသေးမီ ဤသိက္ခာပုဒ်၌ ငါမကျင့်သေး"ဟု ဆိုသူသည် --နှစ်မျိုး။ ပယောဂ ဒုက္ကဋ်။ ဆို– ပါစိတ်။

ဝိနည်းကို ကဲ့ရဲ့သူသည် --နှစ်မျိုး။ ပယောဂ ဒုက္ကဋ်။ ကဲ့ရဲ့– ပါစိတ်။

ဝိနည်း မသိဟန်ဆောင်သူသည် --နှစ်မျိုး။ မောဟကံသို့မတင်မီ မသိဟန်ဆောင်အံ့–ဒုက္ကဋ်။ မောဟကံတင်ပြီးမှဆောင်လျှင်– ပါစိတ်။

ရဟန်းကို အမျက်ထွက်၍ ရိုက်သူသည် --နှစ်မျိုး။ ပယောဂ ဒုက္ကဋ်။ ရိုက်– ပါစိတ်။

ရဟန်းကို အမျက်ထွက်၍ လက်ဝါးပြက်မိုးသူသည် --နှစ်မျိုး။ ပယောဂ ဒုက္ကဋ်။ မိုး– ပါစိတ်။

ရဟန်းကို အမူလကသဲ့ယာဒိသေသ်ဖြင့် စွပ်စွဲသူသည် --နှစ်မျိုး။ ပယောဂ ဒုက္ကဋ်။ စွပ်စွဲ– ပါစိတ်။

ရဟန်းအား အားထုတ်၍ ကုက္ကုစ္စဖြစ်စေသူသည် --နှစ်မျိုး။ ပယောဂ ဒုက္ကဋ်။ ဖြစ်စေ– ပါစိတ်။

ရဟန်းတို့ တိုးတိုးတိုင်ပင်စဉ်, ခိုက်ရန်ဖြစ်စဉ်, ငြင်းခုံစဉ် ကြားလောက်ရာသို့ကပ်၍တည်သူသည် --နှစ်မျိုး။ နားထောင်မည်ဟုသွားအံ့ ဒုက္ကဋ်။ ရပ်၍ နားထောင်အံ့– ပါစိတ်။

ဓမ္မကံတို့အား ဆန္ဒပေး၍ နောက်၌ ရှုတ်ချသူသည် --နှစ်မျိုး။ ပယောဂ ဒုက္ကဋ်။ ရှုတ်ချ– ပါစိတ်။

သံဃာ၌ ဝိနစ္ဆယကထာဖြစ်သောအခါ ဆန္ဒမပေးဘဲ ထသွားသူသည် --နှစ်မျိုး။ ပရိသတ်၏ ဟတ္ထပါသ်ကိုစွန့်စဉ်– ဒုက္ကဋ်။ စွန့်ပြီး– ပါစိတ်။

သမဂ္ဂသံဃာနှင့်အတူ သက်နိုးပေးရ၍ နောက်၌ ရှုတ်ချသူသည် -နှစ်မျိုး။ ပယောဂ- ဒုက္ကဋ်။ ရှုတ်ချ- ပါစိတ်။

သိလျက် သံဃာသို့ညွှတ်ပြီးသောလာဘ်ကို ပုဂ္ဂိုလ်သို့ညွှတ်စေ-ယူသည်- နှစ်မျိုး။ ပယောဂ- ဒုက္ကဋ်။ ညွှတ်စေ- ပါစိတ်။

သဟာဝမ္မိကဝဂ္ဂေါ အဌမော။

၉။ ရာဇဝဂ်

ဘုရား။ ရေးဦးစွာမသိစေဘဲ မင်းဏိနန်းတော်တွင်းဝင်သူသည် -နှစ်မျိုး။ ဝဋ္ဌမဘာဝါးကို တံခါးခုံကိုလွန်စေအုံ- ဒုက္ကဋ်။ ဒုတိယဘာဝါးကိုလွန်စေအုံ- ပါစိတ်။

ရတနာကို ကောက်သိမ်းသူသည် -နှစ်မျိုး။ ပယောဂ- ဒုက္ကဋ်။ ကောက်ယူ- ပါစိတ်။

ထင်ရှားရှိသောရဟန်းကို မပန်ကြားပဲ နေလွဲရှာဝင်သူသည် -နှစ်မျိုး။ ဝဋ္ဌမဘာဝါးကို အာရာမ်ကိုလွန်စေအုံ- ဒုက္ကဋ်။ ဒုတိယဘာဝါးကိုလွန်စေအုံ- ပါစိတ်။

(**ဖိုဋ်**။ ။ အာရာမ်(ပရဝေဏ)ကိုလွန်စေအုံ- ဟုဆိုသောကြောင့် ဥပစာရ၌ အာပတ်သို့ မရောက်။ ပရိဝေဏကို လွန်မှသာ ရောက်ခြင်းထင်ရှား၏ - ဟုဆိုကုန်၏။)

အရိုး, ဆင်စွယ်, သားချိုဖြင့်ပြုသော အပ်ကျည်းကို [illegible] စသူသည် -နှစ်မျိုး။ ပယောဂ- ဒုက္ကဋ်။ ပြုစေ- ပါစိတ်။

ပမာဏလွန်သောညောင်စောင်း, အင်းပျဉ်းကိုပြုစေသူသည် ။ ညောင်စောင်း, အင်းပျဉ်ကို လဲဖွဲ့ပွက်ရာပြုစေသူသည်

ပမာဏလွန်သော နိုသီဒိုင်ကို ပြုစေသူသည်--။

ပမာဏလွန်သော အမာလွမ်းသက်နှ်းကို ပြုစေသူသည် -နှစ်မျိုး။

ပမာဏလွန်သော မိုးရေခံသက်နှ်းကို ပြုဈေးသူသည်--။

သုဂတာဓိဝရပွမာဏသက်နှ်းကို ပြုစေသူသည် -နှစ်မျိုး။ ပယောဂ-ဒုက္ကဋ်။ ပြုစေ- ပါစိတ်။

ရာဇဝင်ကျေါ် နဝမော။

သုဒ္ဓပါစိတ် ၉၂-ပါး ပြီး၏။

၆။ ပါဋိဒေသနီ

၁၇၄။ ရွာတွင်းတည်သော အမျိုးမတော်သောဘိက္ခုနီ၏လက်မှ ခဲဘွယ်ဘောဇဉ်ကို မိမိလက်ဖြင့်ခံ၍ ဘုဉ်းပေးသူသည် -နှစ်မျိုး။ ဘုဉ်းပေးမည်ဟု ခံအံ့- ဒုက္ကဋ်။ မျိုတိုင်း- ပါဋိဒေသနီ။

အကျွမ်းဝင်ရာ၌ စီမံသော ဘိက္ခုနီကို မတားဘဲ ဘုဉ်းပေးသူသည် -။

သေက္ခသမ္မုတိရသော ဒါယကာဝတ်အိမ်၌ ခဲဘွယ်ဘောဇဉ်ကို မိမိလက်ဖြင့်ခံ၍ ဘုဉ်းပေးသူသည်--။

တောကျောင်းကို၌ ရေးဦးစွာမသိစေဘဲ ဆောင်ပို့သောခဲဘွယ်ဘောဇဉ်ကို အာရာမ်တွင်း၌ မိမိလက်ဖြင့်ခံ၍ ဘုဉ်းပေးသူသည် -နှစ်မျိုး။ ဘုဉ်းပေးမည်ဟု ခံအံ့- ဒုက္ကဋ်။ မျိုတိုင်း- ပါဋိဒေသနီ။

ပါဋိဒေသနီ ၄-ပါး ပြီး၏။

၇။ သေခိယ

၁။ ပရိမဏ္ဍလဝဂ်

၁၇၅။ မရိသေခြင်းကိုစွဲ၍ ရှေ့ဌ်လည်းကောင်း, နောက်ဌ်လည်းကောင်း တွဲလွဲကျစေလျက် သင်းပိုင်ဝတ်သူသည် အဘယ်မျှသောအာပတ်သို့ ရောက်သနည်း တစ်မျိုးသောအာပတ်သို့ရောက်၏။--ဒုက္ကဋ်။

♦တွဲလွဲကျစေလျက် ကိုယ်ရုံကိုရမ်းသူသည်--။

♦ကိုယ်ကိုဖွင့်၍ ရှာတွင်းဌ်သွားသူသည်--။

♦ကိုယ်ကိုဖွင့်၍ ရှာတွင်းဌ်ထိုင်သူသည်--။

♦လက်ခြေတို့ကိုကစားလျက် ရှာတွင်းဌ်သွားသူသည်--။

♦လက်ခြေတို့ကိုကစားလျက် ရှာတွင်းဌ်ထိုင်သူသည်--။

♦ထိုထိုအရပ်သို့ကြည့်လျက် ရှာတွင်းဌ်သွားသူသည်--။

♦ထိုထိုအရပ်သို့ကြည့်လျက် ရှာတွင်းဌ်ထိုင်သူသည်--။

♦သင်္ကန်းကိုပင့်လျက် ရှာတွင်းဌ်သွားသူသည်--။

♦သင်္ကန်းကိုပင့်လျက် ရှာတွင်းဌ်ထိုင်သူသည်--။ --တစ်မျိုး။--ဒုက္ကဋ် အာပတ်သို့ရောက်၏။

ပရိမဏ္ဍလဝဂ္ဂေါ ပဌမော။

၂။ ဥဇ္ဇဂ္ဃိကဝဂ်

၁၇၆။ မရိသေခြင်းကိုစွဲ၍ ပြင်းစွာရယ်လျက် ရှာတွင်းဌ်သွားသူသည်-။

♦ပြင်းစွာရယ်လျက် ရှာတွင်းဌ်ထိုင်သူသည်--။

♦ကျယ်သောအသံပြုလျက် ရွာတွင်းခ္ခဲသွားသူသည်––။

♦ကျယ်သောအသံပြုလျက် ရွာတွင်းခ္ခဲထိုင်သူသည်––။

♦ ♦ကိုယ်ကိုလှုပ်၍ ရွာတွင်းခ္ခဲသွားသူသည်––။ ထိုင်သူသည်––။

♦ ♦လက်ရုံးကိုလှုပ်၍ ရွာတွင်းခ္ခဲသွားသူသည်–။ ထိုင်သူသည်––။

♦ ♦ဦးခေါင်းကိုလှုပ်၍ ရွာတွင်းခ္ခဲသွားသူသည်––။ ထိုင်သူသည်–။ တစ်မျိုး။ ဒုက္ခဇ္ဇအာပတ်သို့ရောက်၏။

ဥဇ္ဇဋ္ဌိကဝဂ္ဂေါ် ဒုတိယောဟု။

၃။ ခမ္ဘကဝဂ်

၁၇၇။ ♦မရိသေခြင်းကိုစွဲ၍ ခါးထောက်လျက် ရွာတွင်းခ္ခဲသွားသူသည်–။ ထိုင်သူသည်––။

♦ ♦ဦးခေါင်းခြုံလျက် ရွာတွင်းခ္ခဲသွားသူသည်–။ ထိုင်သူသည်–။

♦ဖဝါးဆွဲ့နင်းလျက် ရွာတွင်းခ္ခဲသွားသူသည်––။

♦လက်အာယောဂပတ်, ပုဆိုးအာယောဂပတ်ဖွဲ့လျက် ရွာတွင်းခ္ခဲထိုင်သူသည်––။

♦မရိမသေ ဆွမ်း ခံယူသူသည်––။

♦ထိုထိုအရပ်ကြည့်လျက် ဆွမ်း ခံယူသူသည်––။

♦ပဲဟင်းကိုသာ မျှားစွာ ခံယူသူသည်––။

♦ဝုန်ဝုန်မောက်အောင် ဆွမ်း ခံယူသူသည်–တစ်မျိုး။ ဒုက္ခဇ္ဇအာပတ်သို့ရောက်၏။

ခမ္ဘကဝဂ်ဟု တုတိယောဟု။

၄။ ပိဏ္ဍပါတဝဂ်

၁၇၈။ အနာဒရိယကိုစွဲ၍ မရိုမသေ ဆွမ်းစားသူသည်--။

♦ထိုထိုအရပ်ကြည့်လျက် ဆွမ်းစားသူသည်--။

♦ထိုထိုနေရာကို သုံးသပ်လျက် ဆွမ်းစားသူသည်--။

♦ပဲဟင်းကိုသာ မျှားစွာစားသူသည်--။

♦ဆွမ်းဦးမှနှိပ်၍ ဆွမ်းစားသူသည်--။

♦ဟင်း, ဟင်းလျှာကို ဆွမ်းဖြင့် ဖုံးသူသည်--။

♦ဟင်းကိုလည်းကောင်း, ထမင်းကိုလည်းကောင်း မနာမဖျားဘဲ မိမိ အကျိုးငှာ တောင်း၍ စားသူသည်--။

♦ကဲ့ရဲ့လိုသောအမှတ်ဖြင့် သူတပါး၏သပိတ်ကိုကြည့်သူသည်--။

♦ကြီးစွာသောဆွမ်းလုတ်ကိုပြုသူသည်--။

♦ရှည်သောဆွမ်းလုတ်ကိုပြုသူသည်--။--တစ်မျိုး။ --ဥက္ကဋ္ဌအာဝဇ္ဇ သို့ ရောက်၏။

ပိဏ္ဍပါတဝဂ္ဂေါ စတုတ္ထော။

၅။ ကဗဠဝဂ်

၁၇၉။ မရိုသေခြင်းကိုစွဲ၍ ဆွမ်းလုတ်မရောက်မီ ခံတွင်းဖွင့်သူသည်--။

♦ဆွမ်းစားစဉ် အလုံးစုံသောလက်ကို ခံတွင်းဌိတည့်သူသည်--။

♦ဆွမ်းလုတ်နှင့်တကွ စကားဆိုသူသည်--။

♦ဆွမ်းလုတ်ကို မြှောက်၍မြှောက်၍စားသူသည်--။

♦ဆွမ်းလုတ်ကိုကိုက်ဖြတ်၍စားသူသည်--။

♦မျောက်ကဲ့သို့ ပါးစောင်ခ္ဍထား၍စားသူသည်--။

♦လက်ကိုခါ၍ခါ၍စားသူသည်--။

♦ဆွမ်းလုံးကို ကြဲ၍ကြဲ၍စားသူသည်--။

♦လျှာကိုထုတ်၍စားသူသည်--။

♦စပ်စပ်သံပြု၍စားသူသည်--။ --တစ်မျိုး။ --ဒုက္ခဋ္ဌအာပတ်သို့ ရောက်၏။

ကဗဠဝင်္ကေါ ပဋ္ဌမော။

၆။ သုရသုရဝဂ်

၁၈၀။ မဲရိသေခြင်းကိုစွဲ၍ ရှုတ်ရှုတ်သံပြု၍ စားသူသည်--။

♦လက်ကိုလျက်၍လျက်၍စားသူသည်--။

♦သပိတ်ကိုခြစ်၍ခြစ်၍စားသူသည်--။

♦နှုတ်ခမ်းကိုလျက်၍လျက်၍စားသူသည်--။

♦အာမိသနှင့်တကွသောလက်ဖြင့် ရေခွက်ကိုကိုင်သူသည်--။

♦ဆွမ်းလုံးနှင့်တကွသောသပိတ်ဆေးရေကို ရွာတွင်း, အိမ်တွင်ခ္ဍ ဖွန့်သူသည်။

♦ထီး လက်ခ္ဍရှိသူကို ပါဠိ, အဋ္ဌကထာဓမ္မတရားဟောသူသည်--။

♦တုတ်, တောင်ဝှေး လက်ခ္ဍရှိသူကို--။

♦လက်နက် လက်ခ္ဍရှိသူကို--။

♦လေး လက်ဦးရှိသူကိုတရားဟောသူသည်--တမ်ယျိုး။ --ဒုတ
အာပတ်သို့ရောက်၏။

သုရသုရဝဂ္ဂေါ ဆဋ္ဌော။

၇။ ပါဒုကဝဂ်

၁၈၁။ မရိသေခြင်းကိုစွဲ၍ ခြေနင်းစီးသူကို--။

♦ဘိနပ်စီးသူကို--။

♦ယာဉ်စီးသူကို--။

♦အိပ်ရာ၌နေသူကို---

♦လက်အာယောဂပတ်, ပုဆိုးအာယောဂပတ်ဖွဲ့၍နေသူကို--။

♦ဦးရစ်ပေါင်းသောဦးခေါင်းရှိသူကို--။

♦ခြုံသောဦးခေါင်းရှိသူကို--။

♦ပြေ၌နေ၍ နေရာ၌နေသူကို--။

♦နိမ့်သောနေရာ၌နေ၍ မြင့်သောနေရာ၌နေသူကို---။

♦ရပ်လျက် ထိုင်သောသူကို--။

♦နောက်မှသွား၍ ရှေ့၌သွားသူကို--။

♦လမ်းဘေးကသွား၍ လမ်း၌သွားသူကို တရားဟောသူသည်---။

♦ရပ်လျက် ကျင်ကြီး, ကျင်ငယ်စွန့်သူသည်--။

♦စိမ်းသောမြက်သစ်ပင်ရှိရာ၌ ကျင်ကြီး, ကျင်ငယ်, တံတွေးစွန့်သူသ

♦သုံးဆောင်ကောင်းသောရေ၌ ကျင်ကြီး, ကျင်ငယ်, တံတွေးခွန်

ညောင်လေးပင်တောရ-အရသာဆရာတော်

။---တစ်မျိုး။--ဒုက္ခဋ္ဌအာပတ်သို့ရောက်၏။

ပါဒုကာဝဂ္ဂေါ သတ္တမော

သေခိယ ၇၅-ပါး ပြီး၏။

[ကတိ အာပတ္တိယော အာပဇ္ဇတိ- အာဘယ်မျှသော အာပတ်သို့ရောက်သနည်း- စသည်အပြားရှိသော ဤဝါရသည် ကတာပတ္တိဝါရမည်၏။ နောက်၌ ကတိ ဝိပတ္တိယော ဘဇန္တိ- စသည် ဖြင့်ပြားသော ဝိပတ္တိဝါရ၊ ကတိဟိ အာပတ္တိကွန္ဓေဟိ သင်္ဂဟိတာ- စသည်ဖြင့်ပြားသော သင်္ဂဟဝါရ၊ ကတိဟိ သမုဋ္ဌာနေဟိ သမုဋ္ဌဟန္တိ စသည်ဖြင့်ပြားသော သမုဋ္ဌာနဝါရ၊ ကတမံ အဓိ ကရဏံ- စသည်ဖြင့် ပြားသော အဓိကရဏဝါရ၊ ကတိဟိ သမထေဟိ သမ္မန္တိ- စသည်ဖြင့် ပြားသော သမထဝါရ၊ ကိုနောက်(ဝါရခြောက်ကျိုးပေါင်းသော) သမုစ္စယဝါရ- ဤသို့ အစဉ်အတိုင်းပြု၍ အဌဝါရပြီး၏။ ထို့နောက် ပစ္စယစွမ်းဖြင့် လည်း ပညတ္တိဝါရ၊ ကတာပတ္တိဝါရ စသည်ဖြင့် ရှစ်ဝါရ ပြု၏။ ဤသို့ မဟာဝိဘင်း၌ သောဠသဝါရကိုပြသည်။ ဘိက္ခုနီ ဝိဘင်း ၌လည်း ယိုနည်းဖြင့် သောဠသဝါရကိုပြသည်။ ဤသို့ ဥဘတော ဝိဘင်း၌ ဒွတ္တိံသဝါရကို ပါဠိတော် နည်းဖြင့် သိအပ်၏။ အနက် အဓိပ္ပါယ် မဆုံးဖြတ်အပ်သေးသောမည်သည့် ပစ်စုံကစ်ခုမရှိ။]

(**ဝိဇ္ဇ**။ ။ မဟာဝိဘင်းဟူသည် ဘိက္ခုဝိဘင်းတည်း။ ကုံ၌ အာဒိကူတဖြစ်သော သောဠသဝါရဟူသော ဝါရကို့ဖြင့် မှတ်အပ်သောကြောင့် ဤပရိပါရ အားလုံးကိုလည်း သောဠသ ပရိဝါရဟူ၍ ခေါ်ဝေါ်အပ်၏။)

ကတာပတ္တိဝါရ ပြီး၏။

အဋ္ဌဝါရ၌

၃။ ဝိပတ္တိဝါရ

၁၈၃။ မေထုနဝမ္မ မိုဝဲသူ၏ အာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် အဘယ်မျှသော ဝိပတ္တိတို့သို့ သက်ဝင်ကုန်သနည်း။ နှစ်ပါးသော ဝိပတ္တိတို့သို့ သက်ဝင်ကုန်၏။ အချို့ သီလဝိပတ္တိ။ အချို့ အာစာရဝိပတ္တိ။ (ပ)။

မရိမသေ ရေ၌ ကျင်ကြီး, ကျင်ငယ်, တံတွေးစွန့်သူ၏ အာပတ်သည် ဒေဘယ်မျှသော ဝိပတ္တိတို့သို့ သက်ဝင်သနည်း။ တစ်ပါးသော ဝိပတ္တိသို့ သက်ဝင်၏။ အာစာရဝိပတ္တိ။

ဝိပတ္တိဝါရ ပြီး၏။

၄။ သင်္ကိတဝါရ

၁၈၃။ မေထုနဝမ္မ မိုဝဲသူ၏ အာပတ်**တို့**သည် ခုနစ်ပါးသော**အာ**ပတ်အစုတို့တွင် အဘယ်အစုတို့ဖြင့် ရေတွက်အပ်ကုန်သနည်း။ သုံးပါသောအစုတို့ဖြင့် ရေတွက်အပ်ကုန်၏။ အချို့ ပါရာဇိက။ အချို့ ထုလ္လစ္စည်း။ အချို့ ဒုက္ကဋ်။ (ပ) ။ မရိမသေ ရေ၌ (ပ) စွန့်သူ၏ အာပတ်သည် အဘယ်အစုတို့ဖြင့် ရေတွက်အပ်သနည်း။ တစ်ပါးသောအစုဖြင့် ရေတွက်အပ်၏။ ဒုက္ကဋ်။

သင်္ကိတဝါရ ပြီး၏။

၅။ သမုဋ္ဌာနဝါရ

၁၈၄။ မေထုနဝမ္မ မိုဝဲသူ၏ အာပတ်တို့သည် ခြောက်ပါးသောအာပတ္တိသမုဋ္ဌာန်တို့တွင် အဘယ်သမုဋ္ဌာန်တို့ကြောင့် ဖြစ်ကုန်သနည်း။ တစ်ခုသော သမုဋ္ဌာန်ကြောင့် ဖြစ်ကုန်၏။ ကာယစိတ္တသမုဋ္ဌာန်တစ်ခု။ (ပ)။

မရိမသေ ရေ၌ (ပ) စွန့်သူ၏ အာပတ်သည် အဘယ်သမုဋ္ဌာန်တို့ကြောင့် ဖြစ်သနည်း။ တစ်ခုသောသမုဋ္ဌာန်ကြောင့် ဖြစ်၏။ ကာယစိတ္တ။

သမုဋ္ဌာနဝါရ ပြီး၏။

၆။ အဓိကရဏဝါရ

၁၈၅။ မေထုနဓမ္မ မိုဝဲသူ၏ အာပတ်တို့သည် လေးပါးသော အဓိကရဏ်း တို့တွင် အဘယ်အဓိကရဏ်းနည်း။ အာပတ္တာဓိကရဏ်းတည်း။ (၀) ။

မရိမသေ ရေ၌ (၀) စွန့်သူ၏ အာပတ်သည် အဘယ်အဓိကရဏ်း နည်း။ အာပတ္တာဓိကရဏ်းဟည်း။

အဓိကရဏဝါရ ပြီး၏။

၇။ သမထဝါရ

၁၈၆။ မေထုနဓမ္မ မိုဝဲသူ၏ အာပတ်တို့သည် ခုနစ်ပါးသောသမထ တို့တွင် အဘယ်မျှသောသမထတို့ဖြင့် ငြိမ်းကုန်သနည်း။ သုံးပါးသောသမထ ကို့ဖြင့် ငြိမ်းကုန်၏။ ရံခါ သမ္မုခါဝိနယ။ ပဋိညာဏကရဏဖြင့်။ ရံခါ အချို့ မ္မုခါဝိနယ၊ တိဏဝတ္ထာရကဖြင့် (၀)။

မရိမသေ ရေ၌ (၀) စွန့်သူ၏ အာပတ်သည် အဘယ်မျှသော သမထ ဖြင့် ငြိမ်းသနည်း။ သုံးပါးတို့ဖြင့်ငြိမ်း၏။ ရံခါ သမ္မုခါ၊ ပဋိညာဖြင့်။ ရံခါ သမ္မုခါ၊ တိဏဖြင့်။

သမထဝါရ ပြီး၏။

၈။ သမုစ္စယဝါရ

၁၈၇။ မေထုနဓမ္မ မိုဝဲသူသည် အဘယ်မျှသော အာပတ်တို့သို့ ရောက် သနည်း။ သုံးမျိုးသော အာပတ်ကို့သို့ရောက်၏။ (မဂ်) မခဲသေးသောကိုယ်၌ ပါရာဇိက။ မျှားစွာခဲသောကိုယ်၌ ထုလ္လစ္စည်း။ ဟင်းလင်းပွင့်သောခံတွင်း၌ မထိမခိုက်လျှင် ဒုက္ကဋ်။

ထိုသုံးမျိုးသောအာပတ်တို့သည် လေးပါးသောဝိပတ္တိတို့တွင် အဘယ် ဝိပတ္တိတို့သို့ သက်ဝင်ကုန်သနည်း။ နှစ်ပါးသော ဝိပတ္တိသို့ သက်ဝင်ကုန်၏။

အချို့. သီလဝိပတ္တိ။ အချို့. အာစာရဝိပတ္တိ။

ခုနစ်ပါးသော အာပတ်အစုတို့တွင် အဘယ်အစုကို့ဖြင့် ရေတွက်အပ်ကုန်သနည်း။ သုံးပါးသောအာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်၏။ အချို့. ပါရာဇိက၊ အချို့. ထုလ္လစ္စည်း။ အချို့. ဒုက္ကဋ်။

ခြောက်ပါးသောသမုဒ္ဒာန်တို့တွင် အဘယ်သမုဒ္ဒာန်ဟူ၍ကြောင့် ဖြစ်ကုန်သနည်း။ တစ်ခုသောသမုဒ္ဒာန်ကြောင့် ဖြစ်ကုန်၏။ ဟာယစိတ္တသမုဒ္ဒာန်ပေတည်း။

လေးပါးသော အဓိကရဏ်းတို့တွင် အဘယ်အဓိကရဏ်းနည်း။ အာပတ္တာဓိကရဏ်းတည်း။

ခုနစ်ပါးသော သမထတို့တွင် အဘယ်မျှသောသမထတို့ဖြင့် ငြိမ်းကုန်သနည်း။ သုံးပါးသောသမထတို့ဖြင့် ငြိမ်းကုန်၏။ ရံခါ သမ္ဘုခါ၊ ပဋိညာဖြင့်။ ရံခါ အချို့သမ္ဘုခါ၊ တိဏဖြင့်။ (ပ) ။

မရှိမသေ ရှေ့ဦ (ပ) စွန့်သူသည် အဘယ်မျှသောအာပတ်တို့သို့ ၊ ပစ်မျိုးသောအာပတ်သို့ရောက်၏။ - ဒုက္ကဋ်။

တစ်ပါးသောဝိပတ္တိသို့ သက်ဝင်၏၊ အာစာရဝိပတ္တိ။

တစ်ပါးသောအာပတ်အစုဖြင့် ရေတွက်အပ်၏၊ ဒုက္ခဋ္ဌိုင်အစု။

တစ်ခုသောသမုဒ္ဒာန်ကြောင့်ဖြစ်၏၊ ဟာယစိတ္တ။ အာပတ္တာဓိကရဏ်းတည်း။

သုံးပါးသောသမထတို့ဖြင့် ငြိမ်း၏၊ ရံခါ သမ္ဘုခါ၊ ပဋိညာ ဖြင့်။ ရံခါ သမ္ဘုခါ၊ တိဏဖြင့်။

သမုဒ္ဒယတေါ့ ပြီး၏။

အဋ္ဌာ၏ ပြီး၏။

အဋ္ဌပစ္စယဝါရ-၌

၁။ ကတ္တပညတ္တိဝါရ

၁။ ပါရာဇိက

၁၈၀။ ပြဟ်စွာဘုရား သည် မေထုနဓမ္မကို မှီဝဲခြင်း အကြောင်းကြောင့် ပါရာဇိကကို အာဘယ်၌ ပညတ်သနည်း။ အာဘယ်သူကိုအကြောင်းပြု၍နည်း။ (ပ) အာဘယ်သည် အဆက်ဆက်ဆောင်သနည်း။

မေထုနဓမ္မကို မှီဝဲခြင်းအကြောင်းကြောင့် ပါရာဇိကကို အာဘယ်၌ပညတ်သနည်း။ ဝေသာလီ၌ ပညတ်သည်။

အာဘယ်သူကိုအကြောင်းပြု၍နည်း။ ကလန္ဒသူဌေးသား ရှင်သုဒိန်ကို အကြောင်းပြု၍တည်း။ (ပ) ။

အာဘယ်သည် အဆက်ဆက်ဆောင်သနည်း။ ဥပါလိမထေရ်, ဒါသက ဖေယျရ် စသည်သည် အဆက်ဆက်ဆောင်၏။

ဥပါလိ၊ ဒါသက၊ သောဘိတ၊ သိဂ္ဂဝ၊ မောဂ္ဂလိပုတ္တတိဿ ဤရဟန္တာ ပါးပါးသည် ဓမ္မုဒ္ဒိသ်၌ အဆက်ဆက်(ပ) ၂၈-ပါ၊ ကို့သည် သီဟိုဠ်ကျွန်း၌ ဆရာတိုဆက် ပိုနည်းပ်ဌကတ်ပို့ချကုန်၏။

၁၈၉။ အရှင်မဟေးသောဥစ္စာကို ယူခြင်းအကြောင်းကြောင့် ပါရာဇိကကို-။

၁၉၀။ တကွအားထုတ်၍ လူဇာတ်ဖြစ်သောသူကို ဓိဝိတိန္ဒြေမမှီခြင်း အကြောင်းကြောင့် ပါရာဇိကကို--။

၁၉၁။ ဂိမိဋ္ဌမရိုသေ ဥတ္တာရိမနုဿဓမ္မကို ဟိုကြွားခြင်းအကြောင်းကြောင့် ပြုကုန်သော်--။

၁၉၂။ လုံ့လပြု၍ သုတ်ကိုလွတ်စေခြင်းအကြောင်းကြောင့် သံဃာဒိ ဟူသော်ကို (ပ)။

ကုလဒ္ဓသကရဟန်းအား သုံးကြိမ်ဆုံးမလျက် မစွန့်လျှင် မစွန့်ခြင်း အကြောင်းကြောင့် သံဃာဒိသေသ်ကို (၀)။

မရိမသေ ရှေ့၌ (၀) စွန့်ခြင်းအကြောင်းကြောင့် ဒုက္ကဋ်ကို--။

(**ဓိဋ္ဌိ**။ ။ ပစ္စယ၀ါရ၌ ရှေ့၀ါရမှ အထူးကား- မေထုန ဓမ္မကို မှီ၀ဲသူသည် အဘယ်မျှသောအာပတ်သို့ ရောက်သနည်း ဟု ပုဂ္ဂလနိဒ္ဒေသဖြင့် ဟောရာ၌ ဇတုမဋ္ဌကဏ် အရာမဟုတ်။ ဤ ပစ္စယ၀ါရ၌ကား မှီ၀ခြင်းအကြောင်းကြောင့် ဟု ပုဂ္ဂလ နိဒ္ဒေသမရှိခြင်းကြောင့် ဇတုမဋ္ဌကလည်း ပါ၀င်၏။ ဤသို့ သော နေရာ၌ ဤသို့အထူးရှိ၏။)

- ကတ္ထပညတ္တိ၀ါ ပြီး၏။

၂။ ကတာပတ္တိ၀ါရ

၁။ ပါရာဇိက

၁၉၃။ မေထုနဓမ္မကို မှီ၀ခြင်းအကြောင်းကြောင့် အဘယ်မျှသော အာပတ်တို့သို့ ရောက်သနည်း။ လေးမျိုးသောအာပတ်သို့ရောက်၏။ (မဂ်) မခဲသေးသောကိုယ်၌ ပါရာဇိက။ မျှားစွာခဲသောကိုယ်၌ ထုလ္လစ္စည်း။ ဟင်းလင်းပွင့်သော ခံတွင်း၌ မထိမခိုက်လျှင် ဒုက္ကဋ်။ ဇတုမဋ္ဌက- ပြေပြစ်သော ချိပ်ဟောင့်ဖြင့် ပဿာ၀မဂ်သို့ဆောင်သောဘိက္ခုနီ-ပါစိတ်။ ဤလေးမျိုးတို့သို့ ရောက်၏။

၁၉၄။ ကာယသံသဂ္ဂသို့ရောက်ခြင်းအကြောင်းကြောင့် အဘယ်မျှသော အာပတ်တို့သို့ရောက်သနည်း။ ၈၊ မျိုးသောအာပတ်သို့ရောက်၏။ ရာဂစွဲကပ်သောဘိက္ခုနီသည် ရာဂစွဲတပ်သောပုရိသ၏ ညှပ်ရိုးအောက်, ဒူးခေါင်းအထက် ကိုင်ခြင်းကို သာယာအံ့ ပါရာဇိက။ ဘိက္ခုသည် ကာယဖြင့် ကာယကို ပုံးသပ်အံ့ -သံဃာဒိသေသ်။ ကာယပဋိဗဒ္ဓကိုသုံးသပ်အံ့ထုလ္လစ္စည်း။ ပဋိဗဒ္ဓဖြင့် ပဋိဗဒ္ဓကို

သုံးသပ်အံ့ ဒုက္ခင်္ဇ။ အဂုံလိပတောဒက– ချိုင်း(ဂျိုင်း)ထိုးခြင်းကြောင့် ပါစိတ်။ ဤပါးမျိုးတို့သို့ ရောက်၏။ (ဤ၌ မာတုဂါမေန ကာယသံသဂ္ဂံ ဟုမဆိုဘဲ ကာယသံသဂ္ဂံ ဟု သာမညဆိုသည်။) (ပ)။

မရိမသေ ရေ၌ (ပ) စွန့်ခြင်းအကြောင်းကြောင့် အာဘယ်မျှသော အာပတ်တို့သို့ရောက်သနည်း။ တစ်မျိုးသောအာပတ်သို့ရောက်၏။ ဒုက္ခင်္ဇ။

ကဏာပတ္တိဝါရ ပြီး၏။

(ဤ ကဏာပတ္တိဝါရ၌ နှစ်ပုဒ်သာ ယခင်ထက်ထူးသည်။)

၃။ ဝိပတ္တိဝါရ

၁၉၅။ မေထုနဓမ္မကိုမှီဝဲခြင်းအကြောင်းကြောင့် အာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် အာဘယ်မျှသော ဝိပတ္တိသို့ သက်ဝင်ကုန်သနည်း။ နှစ်ပါးသော ဝိပတ္တိသို့ သက်ဝင်ကုန်၏။ အချို့ သီလဝိပတ္တိ။ အချို့ အာစာရ ဝိပတ္တိ။ (ပ)။

ဝိပတ္တိဝါရ ပြီး၏။

၄။ သင်္ကိတဝါရ

၁၉၆။ မေထုနဓမ္မမှီဝဲခြင်းအကြောင်းကြောင့် အာပတ်တို့သည် ခုနစ်ပါးသော အာပတ်အစုကို့တွင် အဘယ်အစုတို့ဖြင့် ရေတွက်အပ်ကုန်သနည်း။ လေးပါးသောအစုတို့ဖြင့် ရေတွက်အပ်ကုန်၏။ အချို့ ပါရာဇိက။ အချို့ထုလ္လစ္စည်း။ ပါစိတ်။ ဒုက္ခင်္ဇ။

(ကာယသံသဂ္ဂသို့ရောက်ခြင်း အကြောင်းကြောင့် ငါးပါး။ ပါရာဇိက၊ သံဃာဒိသေသ၊ ထုလ္လစ္စည်း၊ ပါစိတ်၊ ဒုက္ခင်္ဇ။) (ပ)။

သင်္ကိတဝါရ ပြီး၏။

၅။ သမုဋ္ဌာနဝါရ

၆။ အဓိကရဏဝါရ

၇။ သမထဝါရ

၈။ သမုစ္စယဝါရ--တူပြီ။

အဌပစ္စယဝါရ ပြီး၏။

မဟာဝိဘင်းခ္ဍ သောဠသ မဟာဝါရ ပြီး၏။

(၂) ဘိက္ခုနီဝိဘင်း သောဠသ မဟာဝါရ

အဋ္ဌဝါရ ၌

၁။ ကတ္ထပညတ္တိဝါရ

၁။ ပါရာဇိက

၁။ ပဌမပါရာဇိက

၂၀၁။ သိတော်မူပြီးသော မြင်တော်မူပြီးသော အရဟန္တသမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသည် ဘိက္ခုနီတို့အား အကြင် ပဌမပါရာဇိကကို ပညတ်တော်မူပြီ။ ထို ပဌမပါရာဇိကကို အဘယ်၌ ပညတ်သနည်း။ အဘယ်သူကို အကြောင်းပြု၍နည်း - စသည်ဖြင့် မေးခွန်း ၂၆-ရပ် တူပြီ။

၂၀၂။ အဘယ်၌ ပညတ်သနည်း။ သာဝတ္ထိ၌ပညတ်သည်။ ကံ အာရဗ္ဘ-သုန္ဒရီနန္ဒာဘိက္ခုနီကိုအကြောင်းပြု၍တည်း။ ကိသို့ ဝတ္ထုသို့- သုန္ဒရီနန္ဒာသည် ရာဂစွတ်လျက် ရာဂစွတ်သောပုရိသ၏ ကိုယ်လက် နှီးနော ခြင်းကို သာယာ၏။ ထိုဝတ္ထုကြောင့်တည်း။ အတ္ထိ တတ္ထပညတ္တိ အနုပညတ္တိ အနုပ္ပန္နပညတ္တိ၌ ပညတ်တစ်ခုရှိ၏။ အနုပညတ် အနုပ္ပန္နပညတ်မရှိ။ သဗ္ဗတ္ထပညတ္တိ ပဒေသ ပညတ္တိ၌ သဗ္ဗတ္ထပညတ်ဖြစ်၏။ ၁

သာဓာရဏပညတ္တိ အသာဓာရဏပညတ္တိ၌ အသာဓာရဏပညတ်ဖြစ်၏။ ဧကတောပညတ္တိ ဥဘတောပညတ္တိ၌ ဧကတောပညတ်ဖြစ်၏။ စတုန်း ပါတိဒေသနာကုန်သော်လည်း ကတ္ထောဂဝ- နိဒါန်း၌ အတွင်းဝင်၏။ ကတမေန ပုဗ္ဗဟေတုနာ ဥဒ္ဒေသံ အာဂစ္ဆတိ- ဒုတိယဥဒ္ဒေသဖြင့် ရွတ်ဆိုအပ်သည်အဖြစ်သို့ရောက်၏။ စတုန်း ဝိပတ္တိနှင့် ကတမာဝိပတ္တိ- သီလဝိပတ္တိဖြစ်၏။ ၁

သတ္တန်း အာပတ္တိကွန်ဟာနဲ့ ကတမော အာပတ္တိကွန်ဟော၊ ပါရာဇိကအာပတ်ပေးခုဖြစ်၏။ ဆန်းအာပတ္တိသမုဋ္ဌာနာနှင့် ကတိဟိသမုဋ္ဌာနေဟိ သမုဋ္ဌာဘိ။ [illegible] သမုဋ္ဌာန်ကြောင့်ဖြစ်၏။ ကာယကြောင့်လည်းကောင်း စိတ္တကြောင့်လည်းကောင်း ဖြစ်သည်။ ဝါစာကြောင့်မဖြစ်။ စတုန်း သမထာနှင့် ကတိဟိသမထေဟိ သမ္မတိ- နှစ်ပါးသော သမထတို့ဖြင့်ငြိမ်း၏။ သမ္မုခါဝိနည်း ပဋိညာတကရဏဖြင့်။ ဟော ကတ္ထဝိနယော ကောကတ္ထအဘိဝိနယော- [illegible] ဝိနယ ၊ ပါဘဏ္ဍိသည် အဘိဝိနယဖြစ်၏။ ၂

ကိံ ကတ္ထ ပါတိမောက္ခံ ကိံ ကတ္ထ အဝပါတိမောက္ခံ- ပညတ်သည် ပါတိမောက်၊ ပြုတ္ထိသည် အဝပါတိမောက်ဖြစ်၏။ ကာ ဂိပတ္တိ- အသံဝရ [illegible] ဝိပတ္တိ[illegible]။ ကာ သမ္ပတ္တိ - သံဝရသည် သမ္ပတ္တိဖြစ်၏။ ကာ ဝဋ္ဋိပတ္တိ- [illegible] ဇဝရ[illegible] ကရိသ[illegible]" ဟု အသက်ထက်ဆုံး ဆောက်တည်၍ ကျင့်ခြင်းသည် ဝဋ္ဋိပတ္တိဖြစ်၏။ ကတိ အတ္ထဝသေ ပဋ္ဌစ္ဆ ဘဂဝတာ ဘိက္ခုနီနှင့် [illegible] ပါရာဇိကံ [illegible] - ဆယ်ပါးသောအကျိုးထူးတို့ကိုစွဲ၍ ပညတ်သည်။

[illegible] ဟု ဝန်ခံစေခြင်းငှာ၊ ချမ်းသာစွာနေရခြင်းငှာ၊ အလဇ္ဇီနှိမ်နင်းနိုင်ခြင်းငှာ၊ လဇ္ဇီတို့ ကျင့်လွယ်စေခြင်းငှာ၊ မျက်မှောက်အာသဝ စောင့်စည်းခြင်းငှာ၊ တစ်သွေးနှင့်အာသဝ တားခြင်းငှာ၊ မကြည်သိုသူ ကြည်သိုခြင်းငှာ၊ ကြည်ညိုသူ [illegible]ကြည်သိုခြင်းငှာ၊ သဒ္ဓမ္မသုံးပါးတည်ခြင်းငှာ၊ ဝိနည်းလေးပါး ထိုးဖြိုးပေါ်ခြင်းငှာ- ဤ ဆယ်ပါးတို့ကိုစွဲ၍ ပညတ်သည်။ ၃

ကာ သိက္ခန္တိ- ဃသက္ခ, ပုထုဇဉ်ကလျာဏတို့သည် ကျင့်ကုန်၏။ ကာ

ပရိဝါအရသာ

သိက္ခိတသိက္ခာ- ရဟန္တာမတို့သည် ကျင့်ပြီးသောအကျင့်ရှိကုန်၏။ [illegible]
တံ- သိက္ခာကာမဘိက္ခုနိုတို့၌ကည်၏။ ကာ ဓာရေန် - [illegible]
သည် ဆောင်ကုန်၏။ ကသိ ဝစနံ- မြတ်စွာဘုရား၏ ဝေါဟာရခြစ်၏။ [illegible]
ဘတံ- ဥပါလိမထေရ် စ်သည်တို့သည် အဆက်ဆက် မေးဆင်ကုန်၏။

ဥပါလိ၊ ဒါသက (ပ) သီဟိုဠ်ကျွန်းခ၌ အဆက်ဆက် [illegible]-ပါးတို့[illegible]
ဝိနည်းပိဋကတ်ပို့ချကုန်၏။

ကြွင်းပါရာဇိက

၂၀၃။ မြတ်စွာဘုရားသည် ဘိက္ခုနီတို့အား ဆဋ္ဌပါရာဇိကကို [illegible]
ပညတ်သနည်း။ သာဝတ္ထိ၌ ပညတ်သည်။ ထုလ္လနန္ဒာဘိက္ခုနီကိုအကြောင်း[illegible]
ပညတ်သည်။ ထုလ္လနန္ဒာဘိက္ခုနီသည် သိလျှက် ပါရာဇိကသို့ရောက်[illegible]
ဘိက္ခုနီကို ကိုယ်တိုင် မစောဒနာ၊ ဂဏာအားလည်းမပြောကြား၊ ထိုဝတ္ထု[illegible]
တည်း။

ပညတ်တစ်ခု၊ ကာယဝါစာစိတ္တသမုဋ္ဌာန်တစ်ခု။ (မုရုနိုကျွေပယဝုတ်[illegible]
သည်။)

၂၀၄။ ဘိက္ခုနီတို့အား သတ္တမပါရာဇိကကို အာဘယ်၌--။ [illegible]
၌--။ ထုလ္လနန္ဒာ--။ သမဂ္ဂသံဃာ--။ နှင်ထားသော အရိုဋ္ဌရဟန်း[illegible]
အတုလိုက်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ဝုရုနိုကျွေပသမုဋ္ဌာန်တစ်ခု။ (ကာယဝါစာစိတ္တ [illegible]
တည်း။)

၂၀၅။ အဋ္ဌမပါရာဇိကကို အာဘယ်၌--။ သာဝတ္ထိ၌--။ [illegible]
တို့--။ ရှစ်ခုမြောက်ဝတ္ထုကို ပြည့်စေခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ဝုရုနိုကျွေပသမုဋ္ဌာန်တစ်ခု။

ပါရာဇိက ၈-ပါး ပြီး၏။

၂။ သံဃာဒိသေသ်

၂၀၆။ မာန, ဒေါသစွမ်းဖြင့် တရားစွဲသော ဘိက္ခုနီအား သံဃာဒိသေသ် အာပတ်၌-- သာဝတ္ထိ၌။ ထုလ္လနန္ဒာ--။ မာန, ဒေါသစွမ်းဖြင့် တရားစွဲကာ ခြင်းကြောင့်တည်း။

ပညတ်တစ်ခု, သမုဋ္ဌာန်နှစ်ခု၊ ရံခါ ကာယဝါစာ၊ ရံခါ ကာယဝါစာစိတ္တာ။ ဟာသ-ကထိနသမုဋ္ဌာန်တည်း။)

၂၀၈။ ခိုးသူမကို ရဟန်းပြုပေးသူအား သံဃာဒိသေသ်ကို အာပတ်၌--။ သာဝတ္ထိ၌-- ။ ထုလ္လနန္ဒာ--။ ခိုးသူမကို ရဟန်းပြုပေးခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ရံခါ ဝါစာစိတ္တာကြောင့်၊ ရံခါ ကာယဝါစာစိတ္တာကြောင့် သမုဋ္ဌာန်နှစ်ခု။ (ပဌမ၊ ဆဋ္ဌ- စောရီဝုဋ္ဌာပနသမုဋ္ဌာန်၊ ဤတစ်ခုသာ။)

၂၀၉။ တစ်ယောက်တည်း ရွာတပါးသွားသူအား သံဃာဒိသေသ်ကို အာပတ်၌-- သာဝတ္ထိ၌--။ ဘိက္ခုနီတစ်ယောက်--။ ထိုသို့သွားခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ အနုပညတ်သုံးခု၊ ပဌမပါရာဇိကသမုဋ္ဌာန်တစ်ခု။

၂၁၀။ သမဂ္ဂသံဃာသည် ဓမ္မဝိနယသတ္ထုသာသနဖြင့် နှင်ထုတ်ထား သော ဘိက္ခုနီကို ကန့်ပြုဒဿသံဃာကို မပန်ဘဲ ဂိုဏ်း၏ဆန္ဒကို သိအောင်မပြုဘဲ ပြန်သွင်းသူအား သံဃာဒိသေသ်ကို အာပတ်၌--။သာဝတ္ထိ၌--။ ထုလ္လနန္ဒာ --။ ထိုသို့ သွင်းခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်တစ်ခု ဝုရနဒကွေပ။

၂၁၁။ ရားဂစွက်လျက် ရာဂစွတ်သောပုရိသ၏လက်မှ ခဲဘွယ် ဘောဇဉ် ကို မိမိလက်ဖြင့်ခံ၍ စားသူအား သံဃာဒိသေသ်ကို အာပတ်၌-- ။သာဝတ္ထိ၌-- ။ သုန္ဒရီနန္ဒာ--။ ထိုသို့ ခံယူခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်တစ်ခု၊ ပဋ္ဌမပါရာဇိကာ။

၂၁၂။ ကိန္တေ အယျ စသည်ဖြင့် ထိုယောကျ်ားသည် ကျင် ရာဂမဖွတ်ခြင်းကြောင့် အဘယ်သို့ပြုနိုင်အံ့နည်း။ ထိုသူလူသော ခဲဘွယ်ကောဇဉ်ကို ကိုယ်တိုင်ခံယူ၍ ခဲပါလော စားပါလော ဟု တိုက်တွန်းသူအား သံဃာဒိသေသ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ဘိက္ခုနီတစ်ယောက်--။ ကိုယ်တို့ တိုက်တွန်းခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု။

၂၁၃။ အမျက်ထွက်သောဘိက္ခုနီအား သုံးကြိမ်ဆုံမလျက် မစွန့်လျှင် သံဃာဒိသေသ်ကို အဘယ်၌--။ သာဝတ္ထိ၌ --။ စဏ္ဍကာဠီ--။ အမျက်ထွက်၍ ဗုဒ္ဓံပစ္စာစိက္ခာမိ စသည်ဖြင့် ဆိုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်တစ်ခု- ဝုရနိုကျေပ။

၂၁၄။ တစ်စုံတစ်ခုသော အဓိကရဏ်း၌ ရှုံး၍ အမျက်ထွက်သူအား သုံးကြိမ်ဆုံးမလျက် မစွန့်လျှင် သံဃာဒိသေသ်ကို အဘယ်၌-။ သာဝတ္ထိ၌-။ စဏ္ဍကာဠီ--။ ထိုသို့ ရှုံး၍ ဆန္ဒဂါမိနိယော စ ဘိက္ခုနိယော စသည်ဖြင့် ဆိုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ဝုရနိုကျေပသမုဋ္ဌာန်တစ်ခု- ။

၂၁၅။ လူတို့နှင့် ရောနှောသော ဘိက္ခုနီတို့အား သုံးကြိမ်ဆုံးမလျက် မစွန့်ကြလျှင် သံဃာဒိသေသ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ဘိက္ခုနီများစွာ--။ ထိုသို့ ရောနှောခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ဝုရနိုကျေပဟာစ်ခု- ။

၂၁၆။ သံသဋ္ဌာဝအယျ စသည်ဖြင့် ရောနှော၍လာသည်ကြပါလော၊ တစ်သီးတစ်ခြား မနေကြနှင့်ဟု တိုက်တွန်းသူအား သံဃာဒိသေသ်ကို အဘယ်

ဌ်––။သာဝတ္ထိဌ်––။ ထုလ္လနန္ဒာ––။ ထိုသို့ တိုက်တွန်းခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ဓုရနိုကျေပတစ်ခု။

ဒသ သံဃာဒိသေသာ နိဋ္ဌိတာ။

၃။ နိဿဂ္ဂိ

၂၁၇။ သပိတ်သိုမှီးခြင်းကိုပြုသူအား နိဿဂ္ဂိပါစိတ်ကို အာဘယ်ဌ်––။ သာဝတ္ထိဌ်––။ ဆဗ္ဗဂ္ဂိဘိက္ခုနီတို့ ––။ ထိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ကထိနသမုဋ္ဌာန်နှစ်ခု။

အကာလသင်္ကန်းကို ကာလသင်္ကန်းဟု စီရင်၍ ဝေဘန်စေသူအား နိဿဂ္ဂိပါစိတ်ကို အာဘယ်ဌ်––။ သာဝတ္ထိဌ်။ ထုလ္လနန္ဒာ ––။ ထိုသို့ ဝေဘန်စေသောကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု။

ဘိက္ခုနီနှင့်သင်္ကန်းလဲ၍ ပြန်လုသူအား နိဿဂ္ဂိပါစိတ်ကို အာဘယ်ဌ်––။ သာဝတ္ထိဌ်––။ ထုလ္လနန္ဒာ ––။ ထိုသို့ လုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု။

တစ်မျိုးတောင်း၍ တစ်မျိုးပြင်တောင်းသူအား နိဿဂ္ဂိပါစိတ်ကို အာဘယ်ဌ်––။ သာဝတ္ထိဌ်––။ ထုလ္လနန္ဒာ ––။ ထိုသို့ တောင်းခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်ခြောက်ခု။

တစ်မျိုးဝယ်စေ၍ (လဲစေ၍) တစ်မျိုးပြင်ဝယ်စေသူအား နိဿဂ္ဂိပါစိတ်ကို အာဘယ်ဌ်––။ သာဝတ္ထိဌ်––။ ထုလ္လနန္ဒာ ––။ ထိုသို့ ဝယ်စေခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်ခြောက်ခု။

တစ်မျိုးအတွက်ညွှန်းရ၍ လူထားသော သံယိကဘဏ္ဍာဖြင့် တစ်မျိုးကို ဝယ်စေသူအား နိဿဂ္ဂိပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ဘိက္ခုနီများစွာ--။ ထိုသို့ ဝယ်စေခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်ခြောက်ခု။

တစ်မျိုးအတွက်ညွှန်းရ၍လူထားသော သံယိကဘဏ္ဍာဖြင့်လည်းကောင်း၊ ကိုယ်တိုင်တောင်းအပ်သော ဘဏ္ဍာဖြင့်လည်းကောင်း **တစ်မျိုး**ကိုဝယ်စေသူအား နိဿဂ္ဂိပါစိတ်ကို---။

တစ်မျိုးအတွက်ညွှန်းရ၍လူထားသော ဂိုဏ်း၏ဘဏ္ဍာဖြင့် တစ်မျိုးကို ဝယ်စေသူအား နိဿဂ္ဂိပါစိတ်ကို---။

တစ်မျိုးအတွက်ညွှန်းရ၍လူထားသော ဂိုဏ်း၏ဘဏ္ဍာဖြင့်လည်းကောင်း၊ ကိုယ်တိုင်တောင်းအပ်သော ဘဏ္ဍာဖြင့်လည်းကောင်း တစ်မျိုးကိုဝယ်စေသူအား နိဿဂ္ဂိပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ဘိက္ခုနီများစွာ--။ ထိုသို့ ဝယ်စေခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်ခြောက်ခု။ (တစ်ဆက်တည်း လေးခုတူသည်။)

တစ်မျိုးအတွက်ညွှန်းရ၍လူထားသော ပုဂ္ဂလိကဘဏ္ဍာဖြင့်လည်းကောင်း၊ ကိုယ်တိုင်တောင်းအပ်သော ဘဏ္ဍာဖြင့်လည်းကောင်း တစ်မျိုးကိုဝယ်စေသူအား နိဿဂ္ဂိပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌။ ထုလ္လနန္ဒာ--။ ထိုသို့ ဝယ်စေခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်ခြောက်ခု။

လေးကံသ ထက်အလွန်ထိုက်သော လေးသောအရံကိုဟောင်းသူအား -။

နှစ်ကံသခွဲထက်အလွန်ထိုက်သော ပေါ့ပါးသောအရံကိုကောင်းသူအား နိဿဂ္ဂိပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ထုလ္လနန္ဒာ--။ မင်းကြီးကို ။

ကမ္မလာကို-။ ခေါ်မအဝတ်ကို--။ တောင်းခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်ခြောက်ခု။ (တစ်ဆက်တည်းသုံးခု။)

ဒွါဒသ နိဿဂ္ဂိယာပါစိတ္တိယာ နိဋ္ဌိတာ။

၄။ သုဒ္ဒပါစိတ်

၁။လသုဏာဝဂ်

၂၁၈။ လသုဏာကြက်သွန်ကို ခဲသူအား ပါစိတ်ကို အာဘယ်ဒ္ဒ--။ သာဝတ္ထိဒ္ဒ--။ ဇုလ္လနန္ဒာ--။ အတိုင်းမသိ ကြက်သွန်ဆောင်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ဧဋ္ဌကလောမသမုဋ္ဌာန်နှစ်ခု။

ဖုံးကွယ်ရာအရပ်ဒ္ဒပေါက်သောအမွှေးကို ပယ်စေသူအား ပါစိတ်ကို အာဘယ်ဒ္ဒ--။သာဝတ္ထိဒ္ဒ--။ ဆဗ္ဗဂိုမတို့--။ ထိုသို့ပယ်စေခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်လေးခု။ အဒ္ဒါန (လေးခု သာမည်ဆိုလျှင် အဒ္ဒါန)

ပဿာဝမဂ်အပြင်ကိုပုတ်ခတ်ခြင်းကြောင့် ပါစိတ်ကို အာဘယ်ဒ္ဒ --။ သာဝတ္ထိဒ္ဒ--။ ဘိက္ခုနီနှစ်ယောက် ---။ ကိုသုံ့ကာ်ခတ်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ပဌမပါရာဇိကသမုဋ္ဌာန်တစ်ခု။

ပြေပြစ်သောချိပ်ကောင့်ဖြင့် သွင်းခြင်းကြောင့် ပါစိတ်ကို အာဘယ်ဒ္ဒ--။ သာဝတ္ထိဒ္ဒ---။ ဘိက္ခုနီတစ်ယောက်--။ ထိုသို့သွင်းခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ပဌမပါရာဇိကသမုဋ္ဌာန်တစ်ခု။

လက်ချောင်းနှစ်ဆစ်ထက်အလွန် ရေဆေးသူအား ပါစိတ်ကို အာဘယ်ဒ္ဒ--။ သက္ကတိုင်းတို့ဒ္ဒ--။ ဘိက္ခုနီတစ်ယောက်--။ အလွန်နက်ဖွာ ရေဆေး

ခြင်း ကြောင့်တည်း။

ပညတ်တစ်ခု၊ ပဌမပါရာဇိကသမုဋ္ဌာန်တစ်ခု။

ဘောဇဉ်စားသောရဟန်းအနီး သောက်ရေ, ယပ်လေဖြင့် တည်သူအား ပါစိတ်ကို 'အဘယ်၌--။ သာဝတ္ထိ၌--။ ဘိက္ခုနီတစ်ယောက်--။ ထိုသို့တည်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ဧဌကလောမသမုဋ္ဌာန်နှစ်ခု။

စပါးစိမ်းကို တောင်းစားသူအား ပါစိတ်ကို အဘယ်၌-- ။ သာဝတ္ထိ၌--။ ဘိက္ခုနီများစွာ--။ ထိုသို့တောင်းစားခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊သမုဋ္ဌာန်လေးခု။

ကျင်ကြီး, ကျင်ငယ်, အမှိုက်, စားကြွင်းတို့ကို တံတိုင်းတစ်ဘက်သို့ စွန့်သူအား ပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ဘိက္ခုနီတစ်ယောက်--။ ထိုသို့မွန်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်ခြောက်ခု။

ကျင်ကြီး, ကျင်ငယ်, အမှိုက်, စားကြွင်းတို့ကို စိမ်းသော မြက်သစ်ပင်ရိုရာ၌ စွန့်သူအား ပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ဘိက္ခုနီများစွာ --။ ထိုသို့စွန့်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်ခြောက်ခု။

ကခြင်း, သီခြင်း, တီးမှုတ်ခြင်းကို ကြည့်ရှုခြင်းငှာသွားသူအား ပါစိတ်ကို အဘယ်၌--။ ရာဇဂြိုဟ်၌--။ ဆဗ္ဗဂ္ဂိမကို--။ ထိုသို့သွားခြင်း ကြောင့်တည်း။

ပညတ်တစ်ခု၊ ဧဌကလောမသမုဋ္ဌာန်နှစ်ခု။

လသုဏာဝဂ္ဂေါ ပဌမော။

၂။ ရတ္တနကာရဝဂ်

၂၁၉။ ညဉ့်မှောင်ချိန် အလင်းရောင်ကင်းသောအရပ်၌ ပုရိသနှင့် တစ်ယောက်ချင်းချင်း အနီးဌိတည်သူအား ပါစိတ်ကို --။

ဖုံးကွယ်သောအရပ်၌ ပုရိသနှင့် တစ်ယောက်ချင်းချင်း အနီးဌိတည်သူအား ပါစိတ်ကို --။

လွင်တီးခေါင်၌ ထိုအတူတည်သူအား ပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ဘိက္ခုနီတစ်ယောက်--။ ထိုသို့တည်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ထေယျသတ္ထသမုဋ္ဌာန်နှစ်ခု။ (တစ်ဆက်တည်း သုံးခုတူသည်။)

ခရီးရှည်, ခရီးတို, ခရီးဆုံတို့၌ ပုရိသနှင့် တစ်ယောက်ချင်းချင်း အနီးဌိတည်သူအား ပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ထုလ္လနန္ဒာ--။ ထိုသို့တည်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ထေယျသတ္ထသမုဋ္ဌာန်နှစ်ခု။

ပုရေဘတ္တ- ဆံနက်အချိန် ဒါယကာတို့ထံချဉ်းကပ်၍ နေရာ၌ထိုင်၍ သခင်တို့ကိုမပန်ဘဲ ဖဲသွားသူအား ပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ဘိက္ခုနီတစ်ယောက်--။ ထိုသို့ဖဲခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ကထိနသမုဋ္ဌာန်နှစ်ခု။

ပစ္ဆာဘတ္တ-နေလွဲအချိန် ဒါယကာကိုထံချဉ်းကပ်၍ သခင်တို့ကိုမပန်ဘ နေရာ၌ထိုင်သူအား ပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ထုလ္လနန္ဒာ--။ ထိုသို့ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ကထိနသမုဋ္ဌာန်နှစ်ခု။

ဝိကာလ-နေဝင်ပြီးအချိန် ဒါယကာတို့ထံချဉ်းကပ်၍ သခင်တို့ကို

မပန်ဘဲ အိပ်ရာကိုခင်း၍ ခင်းစေ၍ ထိုင်သူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ဘိက္ခုနီများစွာ--။ ထိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ပုဒ်၊ ကထိနသမုဋ္ဌာန်နှစ်ခု။

အယူအဆမှားခြင်း, အမှတ်မှားခြင်းဖြင့် တစ်ပါးသောဘိက္ခုနီထံ၊ (၇၁) ဘိက္ခုနီကို ကဲ့ရဲ့စေသူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ဘိက္ခုနီ တစ်ယောက်--။ ထိုသို့ ပြုခြင်းကြောင့်ကည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု။

မိမိကို သူပယပါးကို ငရဲဖြင့်, သာသနာဖြင့် ကျိန်ဆဲသူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ စဏ္ဍာကာဠီ--။ ထိုသို့ကျိန်ဆဲခြင်းကြောင့်ကည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု။

မိမိကိုယ်ကို ထုရိုက်ထုရိုက် ငိုသူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ စဏ္ဍာကာဠီ--။ ထိုသို့ထု ငိုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်တစ်ခု- ဝုရုနိကျေပ။

ရတ္တာန္ဓကာရဝဂ္ဂေါ ဒုတိယော။

၃။ နဟာနဝဂ်

၂၂၀။ အဝတ်အရုံ မဝတ်မဆီး အချည်းနှီးရေချိုးသူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ဘိက္ခုနီများစွာ--။ ထိုသို့ရေချိုးခြင်းကြောင့် တည်း။

ပညတ်တစ်ခု၊ ဧဠကလောမသမုဋ္ဌာန်နှစ်ခု။

ပမာဏထက်လွန်သော ရေသနုပ်ကို ပြုစေသူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ဆဗ္ဗဂ္ဂိမတို့--။ ပမာဏမရှိ ရေသနုပ်ဆောင်ခြင်းကြောင့်

တည်း။

ပညတ်တစ်ခု၊ သမုဒ္ဒာန်ခြောက်ခု။

ဘိက္ခုနီ၏သက်နံ့းကို ချုပ်ရိုးဖြေ၍၊ ဖြေစေ၍ မချုပ်သူ၊ ချုပ်စေခြင်းငှာ ဖားမထုတ်သူအား ပါစိတ်ကို အာပယ်၌-။ သာဝတ္ထိ၌--။ ထုလ္လနန္ဒာ--။ ထိုသို့ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ဓုရနိက္ခေပသမုဒ္ဒာန်တစ်ခု။

ငါးရက် သက်နံ့းငါးထည်လှည့်ခြင်းကို လွန်စေသူအား ပါစိတ်ကို အာပယ်၌--။ သာဝတ္ထိ၌--။ ဘိက္ခုနီများစွာ--။ ဘိက္ခုနီတို့၏လက်၌ သက်နံ့းတားရ၍ သင်းပိုင် ကိုယ်ရံမျှဖြင့် ဓနုဂုဒ်လှည့်လည်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ဂဏိနသမုဒ္ဒာန်နှစ်ခု။

ပြန်ပေးအပ်သော သူတပါး၏သက်နံ့းကို ဆောင်သူအား ပါစိတ်ကို အာပယ်၌--။ သာဝတ္ထိ၌--။ ဘိက္ခုနီတစ်ယောက်--။ သူတပါး၏သက်နံ့းကို ပယ်ကြားဘဲ ရုံခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ဂဏိနသမုဒ္ဒာန်နှစ်ခု။

ဘိက္ခုနီသံဃာ၏သက်နံ့းလာဘ်ကို အန္တရာယ်ပြုသူအား ပါစိတ်ကို အာပယ်၌--။ သာဝတ္ထိ၌--။ ဇုလ္လနန္ဒာ--။ ထိုသို့ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဒ္ဒာန်သုံးခု။

ဟရုားနှင့်ညီသောသက်နံ့း ဝေဘန်ခြင်းကို တားသူအား ပါစိတ်ကို အာပယ်၌--။ သာဝတ္ထိ၌--။ ထုလ္လနန္ဒာ--။ ထိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဒ္ဒာန်သုံးခု။

လူ, ပရိဗိုဇ်တို့အား သမဏာစီဝရကို (ဝါ- ဗိန္ဒုထိုးပြီးကို) ပေးသူအား

ပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ထုလ္လနန္ဒာ--။ ထိုသို့ ပြုခြင်းကြောင့် တည်း။

ပညတ်ဟစ်ခု၊ သမုဋ္ဌာန်ခြောက်ခု။

အားနည်းသောသက်နှ: ရုံလိုခြင်းဖြင့် စီဝရကာလကိုလွန်စေသူအား ပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ထုလ္လနန္ဒာ--။ ထိုသို့ ပြုခြင်းကြောင့် တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု။

တရားနှင့်ညီသော ကဋိန်နတ်ခြင်းကို တားသူအား ပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ထုလ္လနန္ဒာ--။ ထိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု။

နဟာနပဋ္ဌေါ တတိယော။

၄။ တုဝဋ္ဌဝဂ်

၂၂၁။ ဘိက္ခုနီနှစ်ယောက် တစ်ညောင်စောင်းတည်း အိပ်သူတို့အား ပါစိတ်ကို--။

ဘိက္ခုနီနှစ်ယောက် အခင်းအရုံတစ်ခုတည်း အိပ်သူတို့အား ပါစိတ် ကို အဘယ်၌--။ သာဝတ္ထိ၌--။ ဘိက္ခုနီများစွာ--။ ထိုသို့ အိပ်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ဧဋ္ဌကလောမသမုဋ္ဌာန်နှစ်ခု။ (တစ်ဆက်တည်းနှစ်ခု။)

ဘိက္ခုနီအား တက္ကအားထုတ်၍ မချမ်းသာအောင်ပြုသူအား ပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ထုလ္လနန္ဒာ--။ ထိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု။

နာဖျားသော သဒ္ဓိဝိဟာရိနီ တပည့်မကို မလုပ်ကျွေးသူ၊ အားလုံး ပါ

အား ပါစိတ်ကို အဘယ်၌–––။––– သာဝတ္ထိ၌–––။ သုလ္လနန္ဒာ–––။ ထိုသို့ ပြုခြင်း ကြောင့်တည်း။

ပညတ်တစ်ခု၊ ဓုရနိုကွေ့ပသမုဒ္ဒာန်တစ်ခု။

ဘိက္ခုနီအား ကျောင်းပေး၍ အမျက်ထွက်သဖြင့် နှင်သူအား ပါစိတ်ကို အဘယ်၌–––။ သာဝတ္ထိ၌–––။ ထုလ္လနန္ဒာ–––။ ထိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဒ္ဒာန်သုံးခု။

ရောနှောလျက်နေသူအား သုံးကြိမ်ဆုံးမလျက် မစွန့်လျှင် ပါစိတ်ကို အဘယ်၌–––။ သာဝတ္ထိ၌–––။ စဏ္ဍကာဠီ–––။ ထိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ဓုရနိုကွေ့ပသမုဒ္ဒာန်တစ်ခု။

တိုင်းနိုင်ငံအတွင်း၌ ဘေးရန်တွေ့တောဘွယ်အရပ်၌ အဖော်မပါဘဲ ကျည့်လည်သူအား ပါစိတ်ကို–––။

တပါးသောတိုင်းနိုင်ငံ၌ ဘေးရန်တွေ့တောဘွယ်အရပ်၌ အဖော်မပါဘဲ လှည့်လည်သူအား ပါစိတ်ကို အဘယ်၌–––။ သာဝတ္ထိ၌–––။ ဘိက္ခုနီများစွာတို့ –––။ ထိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ဧဋ္ဌကလေ မသမုဒ္ဒာန်နှစ်ခု။ (တန်ဆက်ကည်းနှစ်ခု။)

ဝါတွင်း၌လှည့်လည်သူအား ပါစိတ်ကို အဘယ်–––။ ရာဇဂြိုဟ်၌–––။ ဘိက္ခုနီများစွာ–––။ ကိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ဧဋ္ဌကလေ မသမုဒ္ဒာန်နှစ်ခု

ဝါကျွတ်သောအခါ မလှည့်လည်သူအား ပါစိတ်ကို အဘယ်၌–––ရာဇဂြိုဟ်၌–––။ ဘိက္ခုနီများစွာ–––။ တိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ပဌမပါရာဇိကသမုဒ္ဒာန်တစ်ခု။

တုဝန္ဒာဂ္ဂါ စတုတ္ထော။

၅။ စိတ္တာဝါရဝဂ်

၂၂၂။ မင်းကွန်း, ပန်းချီဆေးရေးဇရပ်, မြို့တွင်းအာရာမ်, မြို့ပဉ္ဇယျာဉ်, ရေကန်တို့ကို ကြည့်ရှုခြင်းငှာသွားသူအား ပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ဆဗ္ဗဂ္ဂိမတို့--။ ထိုသို့ သွားခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ဧဌကလောမသမုဋ္ဌာန်နှစ်ခု။

ပမာဏလွန်သော ညောင်စောင်း, သားရဲရုပ်တပ်သောပလွင်တို့ကို သုံးဆောင်သူအားပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ဘိက္ခုနီများစွာ---။ ထိုသို့ သုံးဆောင်ခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ဧဌကလောမသမုဋ္ဌာန်နှစ်ခု။

ချည်ကိုဝင့်သူအား ပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ဆဗ္ဗဂ္ဂိမတို့--။ ထိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ဧဌကလောမသမုဋ္ဌာန်နှစ်ခု။

လူတို့၏ အမှုကြီးငယ်ကိုပြုသူအား ပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ဘိက္ခုနီများစွာ--။ ထိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ဧဌကလောမသမုဋ္ဌာန်နှစ်ခု။

ဤအဓိကရဏ်းကို လာ၍ငြိမ်းစေပါဟု ဆိုလတ်သော် ကောင်းပြီဟု ဝန်ခံပြီးမှ မငြိမ်းစေသူ, ငြိမ်းစေခြင်းငှာအားမထုတ်သူအား ပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ထုလ္လနန္ဒာ--။ ထိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ဓုရနိက္ခေပသမုဋ္ဌာန်တစ်ခု။

လူ, ပရိဗိုဇ်တို့အား မိမိလက်ဖြင့် ခဲဘွယ်ဘောဇဉ်ပေးသူအား ပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ထုလ္လနန္ဒာ--။ ထိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ဧဌကလောမသမုဋ္ဌာန်နှစ်ခု။

ဥတုနီးသက်နီးကို မစွန့်ဘဲ ယုံးဆောင်သူအား ပါစိတ်ကို --။

ကျေးဇူးကိုမစွန့်ဘဲ ခရီးသွားသူအား ပါစိတ်ကို အဘယ်၌-- ။ သာဝတ္ထိ၌--။ ထုလ္လနန္ဒာ--။ ထိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ကထိနသမုဋ္ဌာန်နှစ်ခု။

တိရစ္ဆာနဝိဇ္ဇာကို သင်ယူသူအား ပါစိတ်ကို--။

တိရစ္ဆာနဝိဇ္ဇာကို ပို့ချသူအား ပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ဆဗ္ဗဂ္ဂိမတို့--။ ထိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ ပဒသောဓမ္မသမုဋ္ဌာန်နှစ်ခု။

စိတ္တာဂါရဝဂေါ ပဌမော။

၆။ အားရှာဝဂ်

၂၂၃။ သိလျက် ရဟန်းရှိသော်အာရာမ်သို့ မပန်ဘဲဝင်သူအား ပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ဘိက္ခုနီဗျူးဃာ--။ ထိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ အနုပညတ်နှစ်ခု၊ ဓုရနိုက္ခေပသမုဋ္ဌာန်တစ်ခု။

ရဟန်းကိုဆဲသူအား ပါစိတ်ကို အဘယ်၌--။ ဝေဿာလီ၌--။ ဆဗ္ဗဂ္ဂိမတို့--။ ရှင်ဥပါလိကို ဆဲခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးမု။

အမျက်ထွက်၍ ဘိက္ခုနီသံဃာကို ရေရွတ်သူအား ပါစိတ်ကို အဘယ်၌--။ သာဝတ္ထိ၌--။ ထုလ္လနန္ဒာ--။ ထိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု။

ဘောဇဉ်ဖြင့် ဖိတ်အပ်သူဖြစ်လျက် (ဘိတ်သည်ကို လက်ခံထားသည်ဖြစ်လျက်) တခြားဌ် ခဲဘွယ်ဘောဇဉ်စားသူအားလည်းကောင်း၊ ပဝါရိတ်သင့်

လျက် တခြားဒ္ဓ ခဲဘွယ်ဘောဇဉ်စားသူအားလည်းကောင်း ပါစိတ်ကို အာဘယ်ဒ္ဓ--။ သာဝတ္ထိဒ္ဓ--။ ဘိက္ခုနီများစွာ--။ စားစဉ် တန်ပြီဟု တားပြီးမှ တခြားဒ္ဓစားခြင်း ကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်လေးခု။ (ပရမ္မဂ၊ ပဝါရဏာ နှစ်ခုပေါင်းထား သည့်အလား ။ အထူးကား ဘိက္ခုနီတို့ဒ္ဓ အဟိရိတ်ဝိနည်းကံပြု၍စားလည်း ပါစိတ်။)

အမျိုးလေးပါး ဝန်တိုသူအား ပါစိတ်ကို အာဘယ်ဒ္ဓ--။ သာဝတ္ထိဒ္ဓ--။ ဘိက္ခုနီတစ်ယောက်--။ ထိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု။

ရဟန်းမရှိသောကျောင်းဒ္ဓ ဝါဆိုသူအား ပါစိတ်ကို အာဘယ်ဒ္ဓ-- ။ သာဝတ္ထိဒ္ဓ--။ ဘိက္ခုနီများစွာ--။ ထိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်နှစ်ခု၊ ဇဋ္ဌကလေးမ။

ဝါကျွတ်သောအခါ ဥဘတောသံဃာဒ္ဓ သုံးဌာနဖြင့် မဘိတ်သူအား ပါစိတ်ကို အာဘယ်ဒ္ဓ--။ သာဝတ္ထိဒ္ဓ--။ ဘိက္ခုနီများစွာ --။ ထိုသို့ မဘိတ်ခြင်း ကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်တစ်ခု။ ဓုရနိက္ခေပ။

သြဝါဒ (ဂရုဓမ်) နာခံခြင်းငှာ ဥပုသ်နေ့မေးခြင်း, ပဝါရဏာပြုခြင်းငှာ မသွားသူအား ပါစိတ်ကို အာဘယ်ဒ္ဓ--။ သက္ကတိုင်းတို့ဒ္ဓ--။ ဆဗ္ဗဂ္ဂိမတို့--။ သြဝါဒသို့ မသွားခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်တစ်ခု။ ပဌမပါရာဇိက။

ဥပုသ်မမေး, သြဝါဒမတောင်းသူအား ပါစိတ်ကို အာဘယ်ဒ္ဓ-- ။ သာဝတ္ထိဒ္ဓ--။ ဘိက္ခုနီများစွာ--။ ထိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဒ္ဒာန်တစ်ခု။ ဝုရန်ကျွေပ။

ခက်မဋ္ဌပေါက်သော ဂဏ္ဍအနာ, ရဓိတအနာကို သံဃ, ဂဏ မပန်ကြား ဘဲ ယောကျ်ားနှင့် တစ်ယောက်ချင်းချင်း ခွဲစေသူအား ပါစိတ်ကို အာဘယ်ဋ္ဌ။- သာဝတ္ထိဋ္ဌ--။ ဘိက္ခုနီတစ်ယောက်--။ ထိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဒ္ဒာန်နှစ်ခု။ ကထိန။

အာရာမဝဂ္ဂေါ ဆဋ္ဌော။

၇။ ဂဏ္ဍီနိဝဂ်

၂၂၄။ ကိုယ်ဝန်ဆောင်မိန်းမကို ရဟန်းပြုပေးသူအား ပါစိတ်ကို အာဘယ် ဋ္ဌ--။

နို့တိုက်မသောမိန်းမကို--။

နှစ်နှစ် ဓမ္မခြောက်ပါးမကျင့်သော သိက္ခမာန်ကို--။

နှစ်နှစ် ကျင့်ပြီး၍ မသမုတ်အပ်သော သိက္ခမာန်ကို--။

တစ်ဆယ့်နှစ်နှစ်မပြည့်သော ဂိဟိဂတကို--။

တစ်ဆယ့်နှစ်နှစ်ပြည့်မသော နှစ်နှစ်မကျင့်ပေ။ ားသော ဂိဟိဂတကို--။

တစ်ဆယ်နှစ်နှစ်ပြည့်သော နှစ်နှစ်ကျင့်ပြီးသော မသမုတ်အပ်သော ဂိဟို ဂတကို ရဟန်းပြုပေးသူအား ပါစိတ်ကို အာဘယ်ဋ္ဌ--။ သာဝတ္ထိဋ္ဌ--။ ဘိက္ခုနီ များစွာ--။ ထိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဒ္ဒာန်သုံးခု။ (တစ်ဆက်တည်း ခုနစ်ခု။)

အတူနေတပည့်မကို ရဟန်းပြုပေး၍ နှစ်နှစ် မချီးမြှောက်၊ မချီးမြှောက် စေသူအား ပါစိတ်ကို အာဘယ်ဋ္ဌ--။ သာဝတ္ထိဋ္ဌ--။ ထုလ္လနန္ဒာ--။ ထိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဒ္ဒာန်တစ်ခု၊ ဝုရနိုကွေပ။

ရဟန်းပြုပေးသော ဥပဇ္ဈာယ်မကို နှစ်နှစ်လိုက်၍ မလုပ်ကျေးဇူးအား ပါစိတ်ကို အာဘယ်ဒ္ဒ--။ သာဝတ္ထိဒ္ဒ--။ ဘိက္ခုနီမျှားစွာ- ။ ထိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဒ္ဒာန်တစ်ခု၊ ပဌမပါရာဇိက။

အဘူနေတပည့်မကို ရဟန်းပြုပေး၍ ခေါ်မသွားသူ၊ ခေါ်မသွားစေသူအား ပါစိတ်ကို အာဘယ်ဒ္ဒ--။ သာဝတ္ထိဒ္ဒ--။ ထုလ္လနန္ဒာ--။ ထိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဒ္ဒာန်တစ်ခု၊ ဝုရနိုကွေပ။

ဂဇ္ဈိနိုဝဂ္ဂေါ သတ္တမော။

၈။ ကုမာရဘူတဝဂ

၂၂၅။ အသက်နှစ်ဆယ်မပြည့်သော ကုမာရိဘူတကို--။

အသက်နှစ်ဆယ်ပြည့်သော နှစ်နှစ်မကျင့်သော ကုမာရိဘူတာကို--။

အသက်နှစ်ဆယ်ပြည့်သော နှစ်နှစ်ကျင့်ပြီးသော မသမုတ်အပ်သော ကုမာရိဘူတကို ရဟန်းပြုပေးသူအား ပါစိတ်ကို အာဘယ်ဒ္ဒ--။

တစ်ဆယ့်နှစ်ဝါမပြည့်ဘဲ ဥပဇ္ဈာယ်မပြုသူအား ပါစိတ်ကို --။

တစ်ဆယ့်နှစ်ဝါပြည့်၍ သမ္မုတိမရဘဲ ဥပဇ္ဈာယ်မပြုသူအား ပါစိတ်ကို အာဘယ်ဒ္ဒ--။ သာဝတ္ထိဒ္ဒ--။ ဘိက္ခုနီမျှားစွာ--။ ထိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဒ္ဒာန်သုံးခု၊ အဒိန္နာဒါန။ (တစ်ဆယ်တည်းကိုးခု။ ဇဋ္ဌကလောမကေ ဟု ချတ်တတ်သည်။)

သင်အား ဥပဇ္ဈာယ်မအဖြစ်ဖြင့် မတော်သေးဟု ဆိုသောအခါ ကောင်းပါ ပြီဟုဝန်ခံ၍ နောက်၌ ရှုတ်ချသူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ စက္ကာဘဲ--။ ကိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု။

သိက္ခာမာန်ကို ငါ့အား သင်္ကန်းပေးလျှင် ရဟန်းပြုပေးမည်ဟု--။

သိက္ခာမာန်ကို ငါ့ကို နှစ်နှစ်လုပ်ကျွေးလျှင် ရဟန်းပြုပေးမည်ဟု ဆို၍ ပြုမပေးသူ၊ ပြုပေးခြင်းငှာအားမထုတ်သူအား ပါစိတ်ကို အာဘယ်၌-- ။ သာဝတ္ထိ၌--။ ထုလ္လနန္ဒာ--။ ထိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်တစ်ခု၊ ခုရမ်ပေါ်ပ။ (တစ်ဆက်တည်း နှစ်ခု။)

ယောကျ်ားကြီး, သူကို့သားငယ်ကို့နှင့် ရောနှောသော, ကိုယ်ဗွင်း သောကသွင်းသော သိက္ခာမာန်ကြမ်းကို ရဟန်းပြုပေးသူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ထုလ္လနန္ဒာ--။ ထိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု။

မိဘ, လင် ခွင့်မပြုသော သိက္ခာမာန်ကို ရဟန်းပြုပေးသူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ထုလ္လနန္ဒာ--။ ထိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်လေးခု၊ ငါစာမပြုနိုင်၊ ကာယဝါစာကြောင့်၊ ဝါစာစိတ္တာကြောင့်၊ ကာယဝါစာစိတ္တာကြောင့်။ (၃-ခု ၊ ၄-သော အနုနုသုတသ သမုဋ္ဌာန် ဤတစ်ခုသာတည်း။)

သိုးပြီး, စွန့်ပြီးသော ဆန္ဒပေးခြင်းဖြင့် သိက္ခာမာန်ကို ရဟန်းပြုပေးသူ အား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ထုလ္လနန္ဒာ--။ ထိုသို့ ပြုခြင်း ကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု၊

နှစ်တိုင်း ရဟန်းပြုပေးသူအား ပါစိတ်ကို--။

တစ်နှစ်-နှစ်ယောက် ရဟန်းပြုပေးသူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ဘိက္ခုနီများစွာ--။ ထိုသို့ ပြုခြင်းကြောင့်ဝေယျ်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်သုံးခု၊ (တစ်ဆက်တည်း နှစ်ခု။)

ကုမာရိဘူတဝဂ္ဂေါ အဋ္ဌမော။

၉။ ဆဗ္ဗာပါဟနဝဂ်

၂၂၆။ ထီး, ဘိနပ်ကို ဆောင်သူအား ပါစိတ်ကို --။

ယာဉ်ဖြင့်သွားသူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ဆဗ္ဗဂ္ဂိမတို့--။ ထိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခု၊ သမုဋ္ဌာန်နှစ်ခု၊ ဧဋ္ဌကလောမ။ (နှစ်ခု။)

ခါးတန်ဆာကိုဆောင်သူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ ၌--။ ဘိက္ခုနီတစ်ယောက်--။ ထိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်နှစ်ခု၊ ဧဋ္ဌကလောမ။

မိန်းမတို့ဆင်သောတန်ဆာကိုဆောင်သူအား ပါစိတ်ကို--။

အနံ့ရည်, အဆင်းရည်ဖြင့် ရေချိုးသူအား ပါစိတ်ကို--။

အနံ့ထုံသော နမ်းမှုန့်ညက်ဖြင့် ရေချိုးသူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ဆဗ္ဗဂ္ဂိမတို့--။ ထိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်နှစ်ခု၊ ဧဋ္ဌကလောမ။ (သုံးခု။)

ဘိက္ခုနီကို, သိက္ခမာန်ကို, သာမဏေမကို, လူမိန်းမကို [illegible]

ဈာပန်နယ်ခိုင်းသူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ဘိက္ခုနီများ ဗွာ--။ ထိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်နှစ်ခု၊ ဇဋ္ဌကံလာမ။ (လေးပုဒ်ပေါင်းလိုက်သည်။)

ရဟန်း၏ရှေ့၌၊ ဝါ–အနီးဝန်းကျင် တစ်ဆယ့်နှစ်တောင်အတွင်း၌ မပန်ဘဲ ထိုင်သူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ဘိက္ခုနီများ:ဗွာ--။ ထိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်နှစ်ခု၊ ကထိန။

ခွင့်ပန်ခြင်းမပြုသောရဟန်းကို ပုစ္ဆာကိုမေးသူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ဘိက္ခုနီများ:ဗွာ--။ ထိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်နှစ်ခု၊ ပဒသောဓမ္မ။

ရုင်းလွှမ်းတဘက်မပါဘဲ ရွာဝင်သူအား ပါစိတ်ကို အာဘယ်၌--။ သာဝတ္ထိ၌--။ ဘိက္ခုနီတစ်ယောက်--။ ထိုသို့ ပြုခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ သမုဋ္ဌာန်နှစ်ခု၊ အ–စ ဇဋ္ဌကံလာမ။

ဆတ္တာပါဟနဝဂ္ဂါ နဝမော။

နဝဝဂ္ဂခုဒ္ဒကာ နိဋ္ဌိတာ။

၅။ ပါဋိဒေသနီ

၂၂၇။ ထောပတ်ကို တောင်းစားသူအား ပါဋိဒေသနီကို အာဘယ်၌--။ သာဝတ္ထိ၌--။ ဆဗ္ဗဂ္ဂိမတို့--။ ထိုသို့ တောင်းစားခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခု၊ သမုဋ္ဌာန်လေးခု။

ဆီကို–၊ ပျားကို–၊ တင်လဲကို–၊ ငါးကို–၊ အမဲကို–၊ နို့ကို–၊ နို့ဝမ်းကို

တောင်းစားသူအား ပါဠိဒေသနိုကို အဘယ်၌-။ သာဝတ္ထိ၌ ။ ဆဇ္ဇဂ္ဂိမတို့-။ ထိုသို့ တောင်းစားခြင်းကြောင့်တည်း။

ပညတ်တစ်ခု၊ အနုပညတ်တစ်ခု၊ သမုဒ္ဒာန်လေးခု။

အဌပါဠိဒေသနီယာ နိဋ္ဌိတာ။

သာဓာရဏပညတ်, ဥဘတောပညတ် သိက္ခာပုဒ်တို့ကို ဘိက္ခုဝိဘင်း၌ ချဲ့ပြီးကုန်ပြီ။ ထိုတို့ကို ဘိက္ခုနီဝိဘင်း၌ ချုံးရှိသိအပ်ကုန်၏။

ကတ္ထပညတ္တိဝါရ ပြီး၏။

အဌဝါရ ၌

၂။ ကတာပတ္တိဝါရ

၁။ ပါရာဇိက

၂၂၈။ ရာဂစွတ်သော ဘိက္ခုနီသည် ရာဂစွတ်သောပုရိသ၏ ကာယ သဏ္ဌာန်ကို သာယာသည်ရှိသော် အဘယ်မျှသောအာပတ်တို့သို့ ရောက်သနည်း။ သုံးမျိုးသောအာပတ်တို့သို့ ရောက်၏။ ညှပ်ဧိုးအောက်, ဒူးဝန်းအထက်၌ ကိုင်သည်ကို သာယာအံ့ ပါရာဇိက၊ ညှပ်ရိုးအထက်, ဒူးဝန်းအောက်၌ ကိုင်သည်ကို သာယာအံ့ ထုလ္လစ္စည်း၊ ကာယပဋိဗဒ္ဓကိုကိုင်သည်ကို သာယာအံ့ ဒုက္ကဋ်ဤ သုံးမျိုးတို့သို့ရောက်၏။

ဝဇ္ဇပဋိစ္ဆာဒိကာဘိက္ခုနီသည် အပြစ်ဖုံးသည်ရှိသော် အဘယ်မျှတို့သို့-။ သုံးမျိုးတို့သို့--။ သိလျှက် ပါရာဇိကဖုံးအံ့ ပါရာဇိက။ ယုံမှားလျှက်ဖုံး ထုလ္လစ္စည်း။ အာစာရဝိပတ္တိကိုဖုံးအံ့ ဒုက္ကဋ်။

ဥက္ခိတ္တာနုဝတ္တိကာဘိက္ခုနီသည် သုံးကြိမ်ဆုံးမလျှက် မစွန့်လတ်သော်--။ သုံးမျိုးတို့သို့--။ ဥတ်ဖြင့် ဒုက္ကဋ်။ ကမ္မဝါစာနှစ်ကြိမ်ဖြင့် ပယ်လျှင်သည်။ ကမ္မဝါစာအဆုံး၌ ပါရာဇိက။

အဌမဝဏ္ဏကို ပြည့်စေလတ်သော်--။ သုံးမျိုးတို့သို့--။ ယောဂျားခေါ်ကုသို့သွားအံ့ ဒုက္ခဋ္ဌ။ ယောဂျား၏ဟတ္ထပါသ်တွင်းဝင်အံ့ ထုလ္လံစွည်း။ ရှစ်ခုမြောက်ဝဏ္ဏပြည့်စေအံ့ ပါရာဇိက။

ပါရာဇိက ပြီး၏။

၂။ သံဃာဒိသေသ်

၂၂၃။ ဥသယဝါဒိကာဘိက္ခုနီသည် တရားစွဲလတ်သော်--။ သုံးမျိုးတို့သို့--။ တစ်ယောက်ယောက်၏စကားကိုဆိုအံ့ ဒုက္ခဋ္ဌ။ နှစ်ယောက်မြောက်၏ကားကိုဆိုအံ့ ထုလ္လစွည်း။ တရားအဆုံး၌ သံဃာဒိသေသ်။

ဖိုးသူမကို ရဟန်းပြုပေးသူသည် သုံးမျိုးတို့သို့- ။ ဥတ်ဖြင့် ဒုက္ခဋ္ဌ။ ကမ္မဝါစာနှစ်ကြိမ်ဖြင့် ထုလ္လစွည်း။ ကမ္မဝါစာအဆုံး၌ သံဃာဒိသေသ်။

တစ်ယောက်တည်း ရှာတပါးသို့သွားသူသည် သုံးမျိုးတို့သို့--။ သွားအံ့ ပဌမဖဝါးကို ရှာတပါး၏အာရာမ်ကိုလွန်စေအံ့ ထုလ္လစွည်း။ ဒုတိယ ဖဝါးကို လွန်စေအံ့ သံဃာဒိသေသ်။

သမဂ္ဂသံဃာသည် ဓမ္မဝိနယသတ္ထုသာသနဖြင့် နှင်ထုတ်ထားသော ဘိက္ခုနီကို ကပ်ပြုသောသံဃာကိုမပန်ဘဲ ဂိုဏ်း၏ဆန္ဒကိုသိအောင်မပြုဘဲ ပြန်ခေါ်သူသည် သုံးမျိုးတို့သို့--။ ဥတ်ဖြင့် ဒုက္ခဋ္ဌ။ ကမ္မဝါစာတို့ဖြင့် ထုလ္လစွည်း။ ကမ္မဝါစာအဆုံး၌ သံဃာဒိသေသ်။

ရာဝေစွတ်လျက် ရာဂစွတ်သောပုရိသ၏လက်မှ ခဲဘွယ်ဘောဇဉ်ကို မိမိလက်ဖြင့်ခံ၍ စားသူသည် သုံးမျိုးတို့သို့---။ ခဲအံ့, စားအံ့ဟု ခံအံ့ ထုလ္လစွည်း။ မျိုတိုင်း သံဃာဒိသေသ်။ ရေ, ဒန်ပူကိုခံအံ့ ဒုက္ခဋ္ဌ။

ကပ်ဆန့် အဝေယျ စသည်ဖြင့် တိုက်တွန်းသူသည် သုံးမျိုးတို့သို့---။ ထိုဟိုက်တွန်းသူ၏စကားဖြင့် ခဲအံ့, စားအံ့ဟု ခံအံ့ ဒုက္ခဋ္ဌ။ မျိုတိုင်း ထုလ္လစွည်း။

စားပြီးသောအခါ သံယာဒီသေသ်။

အမျက်ထွက်သူသည် သုံးကြိမ်ဆုံးမလျက် မစွန့်လျှင် သုံးမျိုးကို့သို့-။ ဥတ်ဖြင့် ဒုက္ခဋ္ဌ။ ကမ္မဝါစာနှစ်ကြိမ်ဖြင့် ထုလ္လစ္စည်း။ ကမ္မဝါစာအဆုံး၌ သံယာဒီသေသ်။

တစ်စုံတစ်ခုသော အဓိကရဏ်း၌ ရှုံး၍ အမျက်ထွက်သူ- သုံးကြိမ်ဆုံးမလျက် မစွန့်လျှင်--။

လူတို့နှင့်ရောနှောသော ဘိက္ခုနီတို့- သုံးကြိမ်ဆုံးမလျက် မစွန့်လျှင် သုံးမျိုးတို့သို့--။ ဥတ်ဖြင့် ဒုက္ခဋ္ဌ။ ကမ္မဝါစာနှစ်ကြိမ်ဖြင့် ထုလ္လစ္စည်း။ ကမ္မဝါစာအဆုံး၌ သံယာဒီသေသ်။

သံယာဒီသေသ် ပြီး၏။

၃။ နိဿဂ္ဂိ

၂၃၀။ သပိတ်သိုမှီးခြင်းပြုသူသည် တစ်မျိုးသော နိဿဂ္ဂိပါစိတ်သို့ရောက်၏။

အကာလသက်နှင်းကို ကာလသက်နှင်းဟု စီရင်၍ ဝေဘန်စေသူသည် နှစ်မျိုးသော- ။ ပယောဂ ဒုက္ခဋ္ဌ။ ဝေဘန်စေပြီး နိဿဂ္ဂိပါစိတ်။

ဘိက္ခုနီနှင့် သက်နှင်းလဲ၍ ပြန်လုသူသည် နှစ်မျိုး-။ ပယောဂ ဒုက္ခဋ္ဌ။ လုပြီး နိဿဂ္ဂိပါစိတ်။

တစ်မျိုးတောင်း၍ တစ်မျိုးပြင်ပေးတောင်းသူသည် နှစ်မျိုး--။

တစ်မျိုးဝယ်စေ၍ တစ်မျိုးပြင်ဝယ်စေသူသည် နှစ်မျိုး ။

တစ်မျိုးအတွက်ညွှန်း၍လူထားသော သံယာတော်ကို [illegible] တစ်မျိုးဝယ်စေသူသည် နှစ်မျိုး-။

တစ်မျိုးအတွက်ညွှန်းရှိလျှသော သံဃိကဘဏ္ဍာဖြင့်လည်းကောင်း၊ ကိုယ်တိုင်တောင်းအပ်သော ဘဏ္ဍာဖြင့်လည်းကောင်း တစ်မျိုးဝယ်စေသူသည် နှစ်မျိုး--။

တစ်မျိုးအတွက်ညွှန်းရှိလျှသော ဂိုဏ်း၏ဘဏ္ဍာဖြင့် တစ်မျိုးဝယ်စေသူ သည် နှစ်မျိုး--။

တစ်မျိုးအတွက်ညွှန်းရှိလျှသော ဂိုဏ်း၏ဘဏ္ဍာဖြင့်လည်းကောင်း၊ ကိုယ်တိုင်တောင်းအပ်သော ဘဏ္ဍာဖြင့်လည်းကောင်း တစ်မျိုးဝယ်စေသူသည် နှစ်မျိုး-။

လေးကံသဘက်အလွန်ထိုက်သော လေးသောအရံကိုတောင်းသူသည် နှစ်မျိုး--။

နှစ်ကံသခွဲထက်အလွန်ထိုက်သော ပေါ့ပါးသောအရံကို တောင်းသူ သည် နှစ်မျိုးတို့သို့ ပယောဂ ဒုက္ကဋ်။ ပြီး နိဿဂ္ဂိယပါစိတ်။

နိဿဂ္ဂိယပါစိတ် ပြီး၏။

၄။ သုဒ္ဓပါစိတ်

၁။ လသုဏဝဂ်

၂၃၁။ လသုဏစကြက်သွန်ကို ခဲသူသည် နှစ်မျိုးတို့သို့--။ ခဲအံ့ဟု ခံအံ့ ဒုက္ကဋ်။ မျိုတိုင်း ပါစိတ်။

ဖုံးကွယ်ရာဌာနပေါက်သောအမွေးကို ဝယ်စေသူသည် နှစ်မျိုး--။ ပယောဂ ဒုက္ကဋ်။ ဝယ်- ပါစိတ်။

ပသာဝမက်အပြင်ကို ပုတ်ခတ်သူသည်--နှစ်မျိုး-။ (တူပြီ။)

ပြေပြစ်သော ချပ်ကောင့်ဖြင့် သွင်းယူသည်--နှစ်မျိုး။

လက်ချောင်းနှစ်ဆစ်ထက်အလွန် ရေဆေးသူသည်--နှစ်မျိုး။

ဘောဇဉ်စားသောရဟန်းအနီး သောက်ရေ, ယပ်လေဖြင့် ကည်သူ-နှစ်မျိုး၊ ဟတ္ထပါသ်တွင်း တည်အံ့ ပါစိတ်။ ဟတ္ထပါသ်လွတ်၍တည်အံ့ ဒုက္ကဋ်။

စပါးစိမ်းတောင်းစားသူသည် နှစ်မျိုး--။ စားမည်ဟု ခံအံ့- ဒုက္ကဋ်။ မျိုတိုင်း- ပါစိတ်။

ကျင်ကြီး စသည်ကို တံတိုင်းတစ်ဘက် စွန့်သူသည် နှစ်မျိုး။ ပယောဂ-ဒုက္ကဋ်။ စွန့် - ပါစိတ်။

ကျင်ကြီး စသည်ကို စိမ်းသော မြက်သစ်ပင်ရိုရာ၌ စွန့်သူသည် နှစ်မျိုး။ ပယောဂ- ဒုက္ကဋ်။ စွန့် - ပါစိတ်။

နစ္စ, ဂီတ, ဝါဒိတကို ကြည့်ရှုခြင်းငှာသွားသူ--။ နှစ်မျိုး--။ သွားအံ့ ဒုက္ကဋ်။ မြင်ရာ, ကြားရာ၌ ရပ်၍ကြည့်အံ့, နားထောင်အံ့- ပါစိတ်။

လသုဏဝဂ္ဂေါ ပဌမော။

၂။ ရတ္တန္ဓကာရပဂ်

၂၃၂။ ညဉ့်မှောင်ချိန် အလင်းရောင်ကင်းသောအရပ်၌ ပုရိသနှင့် ကစ်ယောက်ချင်းချင်း အနီးဌိတည်သူ--။ နှစ်မျိုး--။ ဟတ္ထပါသ်ဌိတည်အံ့ ပါစိတ်။ ဟတ္ထပါသ်လွတ်၍တည်အံ့-ဒုက္ကဋ်။

ဖုံးကွယ်သောအ[illegible]နှင့်--(တူပြီ။)

လွင်တီးခေါင်ဌ --။

ခရီးရည်စသည်ဌ--။

နံနက်အချိန် ဒါယကာတို့ထံချဉ်းကပ်၍ ဆန်ရာ[illegible]ကို[illegible] [illegible]ကို မပန်ဘဲ ဖဲသွားသူ--။ နှစ်မျိုး-။ ပဌမဘာပါးကို မိုးမစွက်သောအရပ်ကို လွန်

စေအုံ့–ဒုက္ခင့်။ ဒုတိယဘဝါးကို လွန်စေအုံ့– ပါစိတ်။

နေလွဲအချိန် ဒါယကာတို့ထံချဉ်းကပ်၍ သခင်တို့ကို မပန်ဘဲ နေရာ၌ ထိုင်သူ––။ နှစ်မျိုး–။ ပယောဂ–ဒုက္ခင့်။ ထိုင်– ပါစိတ်။

နေဝင်ပြီးအချိန် ဒါယကာတို့ထံချဉ်းကပ်၍ သခင်တို့ကို မပန်ဘဲ အိပ်ရာကိုခင်း၍ ခင်းစေ၍ ထိုင်သူ––။ နှစ်မျိုး–။ (တူပြီ။)

အယူမှား, အမှတ်မှားဖြင့် တပါးသောဘိက္ခုနီကို ကဲ့ရဲ့စေသူ နှစ်မျိုး–။ ပယောဂ– ဒုက္ခင့်။ ကဲ့ရဲ့စေ– ပါစိတ်။

မိမိကို သူတပါးကို ငရဲဖြင့်, သာသနာဖြင့် ကျိန်ဆဲသူ– နှစ်မျိုး––။ ပယောဂ– ဒုက္ခင့်။ ကျိန်ဆဲ– ပါစိတ်။

မိမိကိုယ်ကို ထု၍ထု၍ငိုသူ–။ နှစ်မျိုး–။ ထုအုံ့, ငိုအုံ့– ပါစိတ်။ ထုသာ ထု၍ မငိုအုံ့– ဒုက္ခင့်။

ရတ္တာနုကာရဝဂ္ဂေါ ဒုတိယော။

၃။ နဟာနဝဂ်

၂၃၃။ အဝတ်အရုံမဝတ်မဆီး အချည်းနှီးရေချိုးသူ–။ နှစ်မျိုး––။ ပယောဂ– ဒုက္ခင့်။ ရေချိုးပြီး– ပါစိတ်။

ပမာဏထက်လွန်သော ရေသနုပ်ကို ပြုစေသူ–။ နှစ်မျိုး––။ ပယောဂ– ဒုက္ခင့်။ ပြီး– ပါစိတ်။

ဘိက္ခုနီ၏သင်္ကန်းကို ချုပ်ရိုးဖြေ၍၊ ဖြေစေ၍ မချုပ်သူ၊ ချုပ်စေခြင်းငှာ အားမထုတ်သူသည်–။ တစ်မျိုး– ပါစိတ်။

ငါးရက် သင်္ကန်းငါးထည် လှည့်ခြင်းကို လွန်စေသူ––။ တစ်မျိုး– ပါစိတ်။

ပြန်ပေးအပ်သော သူတပါး၏သက်နှံးကို ဆောင်သူ--။ နှစ်မျိုး --။ ပယောဂ- ဒုက္ခဋ္ဌ။ ဆောင်ပြီး- ပါစိတ်။

ဘိက္ခုနီသံဃာ၏ သက်နှံးကို, လာဘ်ကို အန္တရာယ်ပြုသူ-။ နှစ်မျိုး ။ (တူပြီ။)

တရားနှင့်ညီသော သက်နှံးဝေဘန်ခြင်းကိုတားသူ-။ နှစ်မျိုး- ။

လူ, ပရိဗိုဇ်တို့အား သမဏာစီဝရကိုပေးသူ--။ နှစ်မျိုး- ။

အားနည်းသော သက်နှံးရနိုးခြင်းဖြင့် စီဝရကာလကို လွန်စေသူ--။

တရားနှင့်ညီသော ကထိန်နှုတ်ခြင်းကိုတားသူ--။

နဟာနဝဂ္ဂေါ တတိယော။

၄။ တုဝဋ္ဌဝဂ်

၂၃၄။ ဘိက္ခုနီနှစ်ယောက် တစ်ညောင်စောင်းတည်းအိပ်သူတို့ ။ နှစ်မျိုး--။ ပယောဂ- ဒုက္ကဋ်။ အိပ်- ပါစိတ်။

ဘိက္ခုနီနှစ်ယောက် အခင်းအရုံတစ်ခုတည်းအိပ်သူတို့ ။ နှစ်မျိုး--။ ပယောဂ- ဒုက္ကဋ်။ အိပ်- ပါစိတ်။

ဘိက္ခုနီအား တကွအားထုတ်၍ မချမ်းသာအောင်ပြုသူ-- ။ (တူပြီ။)

နာဖျားသော သဒ္ဓိဝိဟာရိနီတပည့်မကို မလုပ်ကျွေးပူ၊ အားမထုတ်သူသည်-။ တစ်မျိုး--။ ပါစိတ်။

ဘိက္ခုနီအား ကျောင်းပေး၍ အမျက်ထွက်သဖြင့် နှင်ပါ ။ နှစ်မျိုး-။ ပယောဂ- ဒုက္ကဋ်။ နှင်- ပါစိတ်။

ရောနှောလျက်နေသူ- ။ သုံးကြိမ်ဆုံးမလျက် မစွန့်လျှင် --နှစ်မျိုး

ဥတ်- ဒုက္ခင့်။ ကမ္မဝါစာအဆုံး- ပါစိတ်။

တိုင်းနိုင်ငံတွင်း၌ ဘေးရန်တွေးတောဘွယ်အရပ်၌ အဖော်မပါဘဲ လှည့်လည်သူ--။ နှစ်မျိုး--။ ပယောဂ- ဒုက္ခင့်။ သွား- ပါစိတ်။

တပါးသောတိုင်းနိုင်ငံ၌ ဘေးရန်တွေးတောဘွယ်အရပ်၌--။ (တူပြီ။)

ဝါတွင်း၌ လှည့်လည်သူ---။

ဝါကျော်သောအခါ မလှည့်လည်သူ--။ တစ်မျိုး--။ ပါစိတ်--။

တုဝဋ္ဌဝဂ္ဂေါ် စတုတ္ထော။

၅။ စိတ္တာဂါရဝဂ်

၂၃၅။ မင်းကွန်း, ပန်းချီဇရပ် စသည်တို့သို့ ကြည့်ရှုခြင်းငှာ သွားသူ--။ နှစ်မျိုး--။ ပယောဂ- ဒုက္ခင့်။ မြင်ရာ၌ရပ်ကြည့်အံ့- ပါစိတ်။

အာသန္နကုလည်းကောင်း, ပလ္လင်ကုလည်းကောင်း သုံးဆောင်သူ--။ နှစ်မျိုး--။ ပယောဂ- ဒုက္ခင့်။ သုံးဆောင်- ပါစိတ်။

ချည်ကိုဝင့်သူ--နှစ်မျိုး--။ ပယောဂ- ဒုက္ခင့်။ လက်တစ်ဝင်ရစ်ပြီး ကိုင်- ပါစိတ်။ (ဥဇ္ဇဝုဇ္ဇဝေတိ ယတ္ထက် ဟတ္ထေန အဋ္ဌိတံ ဟောတိ။ တသ္မိံ တက္ကမိ ဝေဌိတေ- ဟု ဝိဘင်းအဋ္ဌကထာ၌ ဆိုသည်။)

လူတို့၏အမှုကြီးငယ်ကို ပြုသူ-။ နှစ်မျိုး--။ ပယောဂ- ဒုက္ခင့်။ ပြီး- ပါစိတ်။

ဖောယျော- စသည်ဖြင့် ခေါ်သောအခါ သာဓုဟု ဝန်ခံပြီးမှ မငြိမ်းစေသူ၊ အားမထုတ်သူသည်--။ တစ်မျိုး--။ ပါစိတ်။

လူ, ပရိဗိုဇ်တို့အား မိမိလက်ဖြင့် ခဲဘွယ်ဘောဇဉ်ပေးသူ-။ နှစ်မျိုး-။ ပယောဂ- ဒုက္ခင့်။ ပေး- ပါစိတ်။

ဥတုနီးသက်ိန်းကို မစွန့်ဘဲ သုံးသူ-။ နှစ်မျိုး--။ ပယောဂ- ဒုက္ခဋ္ဌ။ သုံး- ပါစိတ်။

ကျောင်းကိုမစွန့်ဘဲ ခရီးသွားသူ--။ နှစ်မျိုး--။ ပဌမဘဝါးကို အာရောမ်ကိုလွန်စေအုံ- ဒုက္ကဋ္ဌ။ ဒုတိယဘဝါးကိုလွန်စေအုံ- ပါစိတ်။

တိရစ္ဆာနဝိဒ္ဓာကို သင်ယူသူ--။ နှစ်မျိုး--။ ပယောဂ- ဒုက္ကဋ္ဌ။ ပုဒ်တိုင်း- ပါစိတ်။

တိရစ္ဆာနဝိဒ္ဓာကို ပို့ချသူ--။ နှစ်မျိုး--။ ပယောဂ- ဒုက္ကဋ္ဌ။ ပို့ချ- ပါစိတ်။

စိတ္တာဂါရဝကျော် ပဋ္ဌမော။

၆။ အာရာမဝဂ်

၂၃၆။ သိလျက် ရဟန်းရှိသောအာရာမ်သို့ မပန်းဝင်သူ--။ နှစ်မျိုး- -။ ပဌမ ဘဝါးကိုအာရာမ်ကိုလွန်စေအုံ- ဒုက္ကဋ္ဌ။ ဒုတိယဘဝါး လွန်- ပါစိတ်။

ရဟန်းကိုဆဲသူ--။ နှစ်မျိုး--။ ပယောဂ- ဒုက္ကဋ္ဌ။ ဆဲ- ပါစိတ်။

အမျက်ထွက်၍ ဘိက္ခုနီသံဃာကို ရေမျှတ်သူ--။ နှစ်မျိုး--။(တူပြီ။)

နိမန္တိတာ သော်လည်းကောင်း၊ ပဝါရိတာ သော်လည်းကောင်း ဖြစ်လျက် (တခြားဌ) ခဲဘွယ်ဘောဇဉ်စားသူ--။ နှစ်မျိုး--။ စားအုံ့ဟုခံ ဒုက္ကဋ္ဌ။ မျိုတိုင်း- ပါစိတ်။

အမျိုးလေးပါးဝန်တိုသူ--။ နှစ်မျိုး--။ ပယောဂ- ဒုက္ကဋ္ဌ။ ပုံတို- ပါစိတ်။

ရဟန်းရှိသောကျောင်းဌ ဝါဆိုသူ--။ နှစ်မျိုး--။ ဂါဆိုမည်ဟု အိပ်ရာ နေရာခင်းအုံ့၊ ဆောက်ရသုံးရေတည်အုံ့၊ ကျောင်းငယ်အတွင်း တံမြက်လည်း

အုံ- ဒုက္ခင့်။ အရဏာဟက်သည်နှင့်တကွ- ပါစိတ်။

ဝါကျွတ်သောအခါ ဥဘတောသံဃာ၌ သုံးဌာနဖြင့်မဘိတ်သူသည်-။ ဘစ်မျိုး--။ ပါစိတ်သို့ရောက်၏။

သြဝါဒနာခံခြင်းငှာ၊ ဥပုသ်နေ့မေးခြင်း၊ ပဝါရဏာပြုခြင်းငှာ မသွားသူသည်-။ ဘစ်မျိုး--။ ပါစိတ်သို့ရောက်၏။

ဥဝုသ်မမေး၊ သြဝါဒမတောင်းသူသည် တစ်မျိုး--။ ပါစိတ်--။

ခက်မဠ်ပေါ်ကိုသော ဂဏ္ဍာရုဒိတကို သံဃ, ဂဏ မပန်ဘဲ ယောကျ်ားနှင့် ပစ်ယောက်ချင်းချင်း ခွဲစေသူ--။ နှစ်မျိုး--။ ပယောဂ- ဒုက္ခင့်။ ခွဲ- ပါစိတ်။

အာရာမဝဂ္ဂေါ် ဆဋ္ဌော။

၇။ ဂဏ္ဌိနီဝဂ်

၂၃၇။ ကိုယ်ဝန်ဆောင်မိန်းမကို ရဟန်းပြုပေးသူ--- နှစ်မျိုး--။ ပယောဂ- ဒုက္ခင့်။ ပြီး- ပါစိတ်။

နို့တိုက်သော မိန်းမကို ရဟန်းပြုပေးသူ--နှစ်မျိုး--။ (တူပြီ။)

နှစ်နှစ် ခေါ်ခြောက်ပါးမကျင့်သော သိက္ခာမာန်ကို--။

နှစ်နှစ်ကျင့်ပြီး၍ မသမုတ်အပ်သော သိက္ခာမာန်ကို--။

တစ်လယ်နှစ်နှစ်မပြည့်သော ဂိဟိဂတကို--။

တစ်ဆယ်နှစ်နှစ်ပြည့်သော နှစ်နှစ်မကျင့်သေးသော ဂိဟိဂတကို--။

တစ်ဆယ်နှစ်နှစ်ပြည့်သော နှစ်နှစ်ကျင့်ပြီးသော မသမုတ်အပ်သော ဂိဟိဂတကို ရဟန်းပြုပေးသူ--။ နှစ်မျိုး--။ (တူပြီ။)

အတူနေ တပည့်မကို ရဟန်းပြုပေး၍ နှစ်နှစ်မချီးမြှောက်၊ မချီးမြှောက်

စေသူသည်--။ တစ်မျိုး--။ ပါစိတ်။

ရဟန်းပြုပေးသော ဥပဇ္ဈာယ်မကို နှစ်နှစ်လိုက်၍ မလုပ်ကျွေးသူသည်-တစ်မျိုးသို့--။ ပါစိတ်။

အတူနေတပည့်မကို ရဟန်းပြုပေး၍ ခေါ်မသွား၊ ခေါ်မသွားဟု သူသည်-။ တစ်မျိုး--။ ပါစိတ်။

ဂဇ္ဈိနိုဝဂ္ဂေါ် သတ္တမော။

၈။ ကုမာရီဘူတဝဂ်

၂၃၈။ အသက်နှစ်ဆယ်မပြည့်သော ကုမာရီဘူတကို ရဟန်းပြုပေးသူ-။ နှစ်မျိုး--။ ပယောဂ- ဒုက္ကဋ်။ ပြီး- ပါစိတ်။

အသက်နှစ်ဆယ်ပြည့်သော နှစ်နှစ်မကျင့်သော ကုမာရီဘူတကို--။

အသက်နှစ်ဆယ်ပြည့်သော နှစ်နှစ်ကျင့်ပြီးသော မသမုဟ်အပ်သော ကုမာရီဘူတကို ရဟန်းပြုပေးသူ--။ နှစ်မျိုး--။ (တူပြီ။)

တစ်ဆယ့်နှစ်ဝါမရှိသဲ့ ဥပဇ္ဈာယ်မ ပြုသူ--။ နှစ်မျိုး--။

သင်အား ဥပဇ္ဈာယ်မအဖြစ်ဖြင့် မကော်သေးဟု ဆိုထားအပါ သာမဏေဝန်ခံ၍ နောက်ဌ ရှုတ်ချသူ--။ နှစ်မျိုး--။ (တူပြီ။)

သိက္ခမာန်ကို ငါ့အား သက်နိုးပေးလျှင် ရဟန်းပြုပေးမည်ဟုဆို၍ ပြုမပေးသူ၊ ပြုပေးခြင်းငှာအားမထုတ်သူသည်--။ တစ်မျိုးသို့- ပါစိတ်။

သိက္ခမာန်ကို ငါ့ကို နှစ်နှစ်လုပ်ကျွေးလျှင် ရဟန်းပြုပေးမည်ဟု ဆို၍ ပြုမပေးသူ၊ ပြုပေးခြင်းငှာ အားမထုတ်သူသည်--။ တစ်မျိုးသို့- ။ ပါစိတ်။

ယောကျ်ားကြီး၊ သူတို့သားငယ်တို့နှင့် ရောနှောသော ကိုယ်ဖွင့်သောကသွင်းသော သိက္ခမာန်ကြမ်းကို ရဟန်းပြုပေးသူ--နှစ်မျိုး--။

မိဘ, လင် ခွင့်မပြုသော သိက္ခမာန်ကို ရဟန်းပြုပေးသူ–။ နှစ်မျိုး–။

သိုးပြီး, စွန့်ပြီးသော ဆန္ဒပေးခြင်းဖြင့် သိက္ခမာန်ကို ရဟန်းပြုပေးသူ––။ နှစ်မျိုး––။

နှစ်တိုင်း ရဟန်းပြုပေးသူ––နှစ်မျိုး––။

တစ်နှစ် နှစ်ယောက် ရဟန်းပြုပေးသူ––နှစ်မျိုး။ ပယောဂ–ဒုက္ကဋ်။ ပြီး––ပါစိတ်။

ကုမာရိဘူတဝဏ္ဏော အဋ္ဌမော။

၉။ ဆတ္တုပါဟနဝဂ်

၂၃၉။ ထီး, ဘိနပ်ကို ဆောင်သူ––။ နှစ်မျိုး––။ ပယောဂ––ဒုက္ကဋ်။ ဆောင်––ပါစိတ်။

ယာဉ်ဖြင့်သွားသူ––။ နှစ်မျိုး––။ ပယောဂ––ဒုက္ကဋ်။ သွား––ပါစိတ်။

စါးဘန်ဆာကိုဆောင်သူ––။ နှစ်မျိုး––။

မိန်းမတို့ယင်ခေသာတန်ဆာကိုဆောင်သူ––။ နှစ်မျိုး––။

မခန့်ရည်, အဆင်းရည်ဖြင့် ရေချိုးသူ––။ နှစ်မျိုး––။

ခန့်ကုံသော နမ်းမုန့်ညက်ဖြင့် ရေချိုးသူ––။ နှစ်မျိုး––။

ဘဏ္ဍုဒိုကို, ပဒီပေးမာန်ကို, သာမဏေမကို, လူမိန်းမကို ပွတ်သပ်ခိုင်းခိုင်းခိုင်ခိုင်ခိုင်းသူ––။ နှစ်မျိုး––။ (သိက္ခာပုဒ်လေးခု။)

ရဟန်းဏီ ရှေ့ဌ် မပန်ဘဲ ထိုင်သူ––။ နှစ်မျိုး––။

ခွင့်ပန်ခြင်းမပြုသောရဟန်းကို ပုစ္ဆာကိုမေးသူ––။ နှစ်မျိုး––။

ရုပ်လွှမ်းတတ်မပါဘဲ ရွာဝင်သူ––။ နှစ်မျိုး––။ ပဌမဘာဝါးကို

အာရာမ်ကို လွန်စေအံ့--ဒုက္ခင့်။ ဒုတိယဘဝါးကို လွန်စေအံ့ --။ ပါစိတ်။

ဆတ္တာပါဟနဝဂ္ဂေါ နဝမော။

နဝဝဂ္ဂခုဒ္ဒကံ နိဋ္ဌိတံ။

၅။ ပါဋိဒေသနီ

၂၄၀။ ထောပတ်ကို တောင်းစားသူ-။ နှစ်မျိုး--။ စားမည်ဟု ခံအံ့-။ ဒုက္ခင့်--။ မျိုတိုင်း ပါဋိဒေ့သနီ--။

ဆီကို-၊ ပျားကို-၊ တင်လဲကို-၊ ငါးကို-၊ အမဲကို-၊ နို့ကို-၊ နို့မမ်းကို တောင်းစားသူ-။ နှစ်မျိုး--။ စားမည်ဟု ခံအံ့ ဒုက္ခင့်--။ မျိုတိုင်း ပါဋိဒေသနီ--။

အဋ္ဌပါဋိဒေသနီယာ နိဋ္ဌိတာ။
ကတာပတ္တိဝါရံ နိဋ္ဌိတံ ဒုတိယံ။

အဋ္ဌဝါရ ၌

၃။ ဝိပတ္တိဝါရ

၂၄၁။ ရာဂစွတ်သောပုရိသ၏ ကာယသံသဂ္ဂကို သာယာသော ရာဂစွတ်သောဘိက္ခုနီ၏ အာပတ်တို့သည် လေးပါးသော ဝိပတ္တိတို့တွင် အဘယ်မျှသော ဝိပတ္တိတို့သို့ သက်ဝင်ကုန်သနည်း။ နှစ်ပါးသော ဝိပတ္တိတို့သို့ သက်ဝင်ကုန်၏။ အချို့ သီလဝိပတ္တိ၊ အချို့ အာစာရဝိပတ္တိ။ (ပ)။

နို့မမ်းကို တောင်းရှိစားသူ၏ အာပတ်တို့သည် အဘယ်မျှသို့ သက်ဝင်ကုန်သနည်း။ တစ်ပါးသို့ သက်ဝင်ကုန်၏။ အာစာရဝိပတ္တိ။

ဝိပတ္တိဝါရ ပြီး၏။

၄။ သင်ဟာဝါရ

၂၄၂။ ရာဂစွတ်သော (ပ) ဘိက္ခုနီ၏ အာပတ်တို့သည် ခုနစ်ပါး သောအာပတ်အစုတို့တွင် အဘယ်တို့ဖြင့် ရေတွက်အပ်ကုန်သနည်း။ သုံးပါး သောအစုတို့ဖြင့် ရေတွက်အပ်ကုန်၏။ အချို့ ပါရာဇိက။ အချို့ ထုလ္လစ္စည်း။ အချို့ ဒုက္ကဋ်။ (ပ)။

နို့ဓမ်းတောင်းစားသူ၏ အာပတ်တို့--နှစ်စု--အချို့ ပါဠိဒေသနီ။ အချို့ ဒုက္ကဋ်။

သင်ဟာဝါရ ပြီး၏။

၅။ သမုဋ္ဌာနဝါရ

၂၄၃။ ရာဂစွတ် (ပ) အာပတ်တို့သည် ခြောက်ပါးသော သမုဋ္ဌာန်တို့တွင် အဘယ်သမုဋ္ဌာန်တို့ကြောင့်--။ တစ်ခုသောသမုဋ္ဌာန်ကြောင့်--။ ကာယစိတ္တာ။ (ပ)။

နို့ဓမ်းတောင်းစားသူ၏ အာပတ်သည် လေးခုသော သမုဋ္ဌာန်ကြောင့် ကာယ၊ ကာယဝါစာ၊ ကာယစိတ္တာ၊ ကာယဝါစာစိတ္တာ။

သမုဋ္ဌာနဝါရ ပြီး၏။

၆။ အဓိကရဏဝါရ

၂၄၄။ ရာဂစွတ် (ပ) အာပတ်တို့သည် လေးပါးသော အဓိကရဏ်းတို့တွင် အဘယ်အဓိကရဏ်းနည်း။ အာပတ္တာဓိကရဏ်းတည်း။ (ပ)။

နို့ဓမ်းတောင်းစားအာပတ်သည် အာပတ္တာဓိကရဏ်းတည်း။

အဓိကရဏဝါရ ပြီး၏။

၇။ သမထဝါရ

၂၄၅။ ရာဂစွတ်သော (ပ) အာပတ်တို့သည် ခုနှစ်ပါးသော သမထတို့တွင်၊ အဘာယ်မျှသော သမထတို့ဖြင့် ငြိမ်းကုန်သနည်း။ သုံးပါးတို့ဖြင့် ငြိမ်းကုန်၏။ ရံခါ သမ္မုခါ, ပဋိညာဖြင့်။ ရံခါ အချို့ သမ္မုခါ, တိဏဖြင့်။ (ပ)။

နို့ဓမ်းတောင်းစားအာပတ်သည် သုံးပါးတို့ဖြင့်--။ ရံခါ သမ္မုခါ, ပဋိညာဖြင့်။ ရံခါ သမ္မုခါ, တိဏဖြင့်။

သမထဝါရ ပြီး၏။

၈။ သမุစ္စယဝါရ

၂၄၆။ ရာဂစွတ်သော (ပ) ဘိက္ခုနီသည် အဘာယ်မျှသောအာပတ်တို့သို့ ရောက်သနည်း။ သုံးမျိုးတို့သို့ရောက်၏။ ညှပ်ရိုးအောက်, ဒူးဝန်းအထက် ကိုင်သည်ကို သာယာအံ့ ပါရာဇိက၊ ညှပ်ရိုးအထက်, ဒူးဝန်းအောက် ကိုင်သည်ကို သာယာအံ့ ထုလ္လစ္စည်း၊ ကာယပဋိဗဒ္ဓသာယာအံ့ ဒုက္ကဋ်။ ထိုအာပတ်တို့သည် အဘာယ်ဝိပတ္တိသို့ သက်ဝင်ကုန်သနည်း။ အဘာယ်အာပတ်အစုဖြင့် ရေတွက်အပ်ကုန်သနည်း။ အဘာယ်သမုဋ္ဌာန်တို့ကြောင့် ဖြစ်ကုန်သနည်း။ အဘာယ်အဓိကရဏ်းနည်း။ အဘာယ်သမထတို့ဖြင့် ငြိမ်းကုန်သနည်း။ ဝိပတ္တိ နှစ်ပါး- သီလဝိပတ္တိ၊ အာစာရဝိပတ္တိ။ အာပတ်အစုသုံးပါး- ပါရာဇိက၊ ထုလ္လစ္စည်း၊ ဒုက္ကဋ်။ သမုဋ္ဌာန်တစ်ပါး- ကာယစိတ္တ။ အာပတ္တာဓိကရဏ်း။ သမထသုံးပါး- ရံခါ သမ္မုတိ, ပဋိညာ။ ရံခါအချို့ သမ္မုခါ, တိဏ။ (ပ)။

နို့ဓမ်းတောင်းစားသူသည် အာပတ်နှစ်မျိုး- ခံ--ဒုက္ကဋ်။ မျိုး ပါဋိဒေသနီ။ ဝိပတ္တိတစ်ပါး- အာစာရဝိပတ္တိ။ အာပတ်အစုနှစ်ပါး- ပါဋိ[illegible]နီ၊ ဒုက္ကဋ်။ သမုဋ္ဌာန်လေးပါး- ပ, တ, စ, ဆ။ အာပတ္တာဓိကရ[illegible]- [illegible] သုံးပါး- ရံခါ သမ္မုတိ, ပဋိညာ။ ရံခါ သမ္မုခါ, တိဏ။

သမုစ္စယဝါရ ပြီး၏။

အဋ္ဌပမ္မယဂါရ ၌

၁။ ကတ္ထပညတ္တိဝါရ

၂၄၇–၂၄၈။ မြတ်စွာဘုရားသည် ကာယသံသဂ္ဂကို သာယာခြင်း အကြောင်းကြောင့် ပါရာဇိကကို အာဘယ်၌ ပညတ်သနည်း၊ အာဘယ်သူကို အကြောင်းပြု၍နည်း၊ (ပ) အာဘယ်သည် အဆက်ဆက်ဆောင်သနည်း။

ကာယသံသဂ္ဂကို သာယာခြင်းအကြောင်းကြောင့် ပါရာဇိကကို အာဘယ်၌ ပညတ်သနည်း။ သာဝတ္ထိ၌ ပညတ်သည်။ အာဘယ်သူကို အကြောင်းပြု၍နည်း။ သုန္ဒရိနန္ဒာဘိက္ခုနီကို အကြောင်းပြု၍တည်း။ (ပ) အာဘယ်သည် အဆက်ဆက်ဆောင်သနည်း။ ဥပါလိမထေရ် စသည်သည် အဆက်ဆက်ဆောင်၏။

ဥပါလိ၊ ဒါသက စသော ငါးပါး (ပ) ၂၈–ပါးတို့သည် သီဟဠုဒ္ဒကျွန်း၌ အဆက်ဆက် ဝိနည်းပိဋကတ် ပို့ချကုန်၏။

အပြစ်ဖုံးလွှမ်းခြင်းအကြောင်းကြောင့် ပါရာဇိကကို– (ပ)။

နို့ဓမ်းတောင်းရှိစားခြင်းအကြောင်းကြောင့်ပါဠိဒေသနာကို–––––။

ကတ္ထပညတ္တိဝါရ ပြီး၏။

၂။ ကတာပတ္တိဝါရ

၂၄၉–၂၅၀။ ကာယသံသဂ္ဂကို သာယာခြင်းအကြောင်းကြောင့် အာဘယ်မျှသော အာပတ်တို့သို့ရောက်သနည်း။ ငါးမျိုးသောအာပတ်တို့သို့ရောက်။ ဘိက္ခုနီသည် ညှပ်ရိုးအောက်၊ ဒူးဝန်းအထက်ကိုင်သည်ကို သာယာအံ့ ပါရာဇိက။ ဘိက္ခုသည် ကာယဖြင့် ကာယကိုသုံးသပ်အံ့ သံဃာဒိသေသ်။ ကာယဖြင့် ကာယပဋိဗဒ္ဓကို–––ထုလ္လစ္စည်း။ ပဋိဗဒ္ဓဖြင့် ပဋိဗဒ္ဓကို––ဒုက္ကဋ်။ အင်္ဂုလိ ပဇောဒကကြောင့် ပါစိတ်။

အပြစ်ကိုဖုံးလွှမ်းခြင်းအကြောင်းကြောင့်--။ ရေးမျိုးသို့ ---။ ဘိက္ခုနှိသည် သိလျှက် ပါရာဇိကကိုဖုံးအံ့ ပါရာဇိက။ ယုံမှားလျှက်ဖုံးအံ့ ထုလ္လစ္စည်း။ ဘိက္ခုသည် သံဃာဒိသေသ်ကိုဖုံးအံ့ ပါစိတ်။ အဖောရုပ်ပေးကို ကိုဖုံးအံ့ ဒုက္ကဋ်။

သုံးကြိမ်ဆုံးမလျက် မစွန့်ခြင်းအကြောင်းကြောင့်--၊ ငါးမျိုးသို့--။ ဥက္ခိတ္တာနုဝိတ္တိကာဘိက္ခုနှိသည် မစွန့်အံ့ ဉာတ်ဖြင့် ဒုက္ခဋ်၊ ကမ္မဝါစာနှစ်ကြိမ်တို့ဖြင့် ထုလ္လစ္စည်း၊ ကမ္မဝါစာအဆုံး၌ ပါရာဇိက။ ဘေဒကာနုဝတ္တိကာ ဘိက္ခုနှိသည် (သင်းခွဲနောက်လိုက်အယူကို) မစွန့်အံ့ သံဃာဒိသေသ်။ ယုတ်မာသောအယူကိုမစွန့်အံ့ ပါစိတ်။

ဒဠ္ဌမဝတ္ထုကို ပြည့်စေခြင်းအကြောင်းကြောင့်--၊ သုံးမျိုးသို့ (၀)။

နှိမ်ခမ်းတောင်းရှိစားခြင်းအကြောင်းကြောင့် နှစ်မျိုး---။

ကတာပတ္တိဝါရ ပြီး၏။

၃။ ဝိပတ္တိဝါရ

၂၅၁။ ကာယသံသဂ္ဂကို သာယာခြင်းအကြောင်းကြောင့် အာပတ်ဟို့သည် အဘယ်ဝိပတ္တိသို့--၊ နှစ်ပါးသောဝပတ္တိသို့--၊ သီလဝိပတ္တိ၊ အာစာရဝိပတ္တိ။ (၀)။

ဝိပတ္တိဝါရ ပြီး၏။

၄။ သင်္ကဟဝါရ

၅။ သမုဋ္ဌာနဝါရ

၆။ အဓိကရဏဝါရ

၇။ သမထဝါရ

၈။ သမုစ္စယဝါရ––(တူပြီ။)

ဘိက္ခုနီဝိဘင်း ၌

သောဠသ မဟာဝါရ ပြီး၏။

သမုဋ္ဌာနသီသသခေါ်ပ

၂၅၇။ အနိစ္စာ သဗ္ဗ သင်္ခါရာ၊ ဒုက္ခာနုတ္တာ စ သင်္ခတာ။
နိဗ္ဗာနဉ္စေဝ ပညတ္တိ၊ အနတ္တာ ဣတိ နိစ္ဆယာ။

သဗ္ဗေသင်္ခါရာ၊ အလုံးစုံသောသင်္ခါရဝန်းသည်။ အနိစ္စာ၊ အမြဲမရှိကုန်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ အနတ္တာ၊ ကြံဆအပ်သောအတ္တမှကင်းကုန်၏။ သင်္ခတာ၊ ပြုပြင်အပ်ကုန်၏။ နိဗ္ဗာနဉ္စေဝပညတ္တိ၊ နိဗ္ဗာန်နှင့်ပညတ်ကိုလည်း။ အနတ္တာတိ၊ အတ္တမှကင်း၏ဟူ၍။ နိစ္ဆယာ၊ ဆုံးဖြတ်ခြင်း၏။ ။ (နိဗ္ဗာန်သည် သန္တိလက္ခဏာ ဖြင့်ထင်ရှားရှိသောအသင်္ခတ။ ပညတ်သည် ထင်ရှားရှိသောပရမတ်ကိုစွဲမြဲခြင်း သော အသင်္ခတ။)

ဗုဒ္ဓစန္ဒေအနုပ္ပန္နေ၊ ဗုဒ္ဓစန္ဒေ အနုဂ္ဂတေ။
တေသံ သဘာဝဓမ္မာနံ၊ နာမမ ဘဲ နနာယတိ။

ဗုဒ္ဓစန္ဒေ၊ ဘုရား လပေါ်နေ့။ အနုပ္ပန္နေ၊ မဖြစ်သည်ရှိသော်။ [illegible] ဒီမျှော၊ ဘုရား နေ့ပေါ်နေ့။ အနုဂ္ဂတေ၊ မတက်သည်ရှိသော်။ တေသံ [illegible] ဓမ္မာနံ၊ ထို အနိစ္စ, ဒုက္ခ [illegible]ည်ဖြင့်တူသော [illegible] ကိုရှိသော သင်္ခတတရားတို့၏။ နာမမတ္တံ၊ အမည်မျှကို။ [illegible] နာယတိ၊ မသိ [illegible]။ ။ (ဂါထာကဖြင့် ဓမ္မမ်းသော ကြောင့်လည်းကောင်း၊ ဝိလေသာမှောင် [illegible] ပညာရောင်တောက်သော ကြောင့်လည်းကောင်း၊ [illegible]နံ့, နေ့ပေါ်နံ့ [illegible]။)

ဒုက္ခရဲ့ ဝိဝိခံ ကတွာ၊ ပူရယိတွာန ပါရမီ။
ဥပ္ပဇ္ဇန္တိ မဟာဝိရာ၊ စက္ခုဘူတာ သဗ္ဗညုကေ။

မဟာဝိရာ၊ ကြီးသောလုံ့လရှိသောဘုရားရှင်တို့သည်။ ဒုက္ခရဲ့၊ ခဲယဉ်းစွာပြုအပ်သောအကျင့်ကို။ ဝိဝိခံ၊ အထူးထူးအပြားပြားကို။ ကတွာ၊ ပြု၍။ ပါရမီ၊ ပါရမီတို့ကို။ ပူရယိတွာန၊ ပြည့်စေ၍။ သဗ္ဗညုကေ၊ ဗုဒ္ဓာနှင့်တကွသောလောကာ၌။ စက္ခုဘူတာ၊ မျက်စိသဘွယ်ဖြစ်ကုန်၍။ ဥပ္ပဇ္ဇန္တိ၊ ပွင့်တော်မူကုန်၏။

ထိုဘုရားရှင်တို့သည် ဒုက္ခပယ်ကြောင်း သူတော်ကောင်းတရားကို ကောင်းစွာဟောကြားကုန်၏။ ငါတို့ သာကီဝင်မင်းသား မြတ်ဘုရားသည်လည်း ဝိနည်း, သုတ္တန်, အဘိဓမ္မ သုံးဖြာသောပိဋကတ်ကို ကောင်းစွာဟောကြား၏။ ဝိနည်းပရိယတ်တည်လျှင် ပဋိပတ်, ပဋိဝေဓလည်း ကောင်းစွာတည်၏။ ဥဘတောဝိဘင်း၊ ခန္ဓက၊ မာတိကာ ဟူသော ဝိနည်းကို ပရိဝါရပါဋိဖြင့် သိကုံးထား၏။ ပရိဝါရပါဋိ၌ နိယတသမုဋ္ဌာန်၊ သမ္မိန္နသမုဋ္ဌာန်၊ နိဒါန်း၊ ပုဂ္ဂိုလ်၊ ဝတ္ထု စသည် ထင်ရှား။ ထို့ကြောင့် ဓမ္မကာမ–သုပေသနပုဂ္ဂိုလ်သည် ပရိဝါရပါဋိကို ကောင်းစွာသင်ကြား မှတ်သားရာ၏။ ဤကား ဥယျောဇဉ်တည်း။

[နိယတသမုဋ္ဌာန်သည် ဘုတာရောစနာ ဟောရိဝုဋ္ဌာပနာ၊ အနနုညာတဟု သုံးခုရှိ၏။ တပါးသောသိက္ခာပုဒ်နှင့်မရော။ အသမ္မိန္နသမုဋ္ဌာန်လည်းမည်၏။ ကြွင်းသိက္ခာပုဒ်တို့သည် သမ္မိန္နသမုဋ္ဌာန်တို့မည်ကုန်၏။ နိဒါန်းသည် သိက္ခာပုဒ်ပညတ်ရာအရပ်ဖြစ်၏။ ဝေသာလီ၊ ရာဇဂြိုဟ်၊ သာဝတ္ထိ၊ အာဠဝီ၊ ကောသမ္မီ၊ သက္ကတိုင်း၊ ဘဂ္ဂတိုင်း ဟု အရပ်ဌာန ခုနစ်ခု ဖြစ်၏။] (ပရိဝါရ ရှိလျှင် ဝိနည်းတည်၏။ ဝိနည်းတည်လျှင် သဒ္ဓမ္မကောင်းစွာတည်၏။)

သမုဋ္ဌာန် ၁၃–ပါး

နှစ်ခုသောဝိဘင်း၌ ပညတ်သောသိက္ခာပုဒ်တို့ကို ဥပသမ္ပဒါ, ဥဒ္ဒိ သိက္ခာ ဘိက္ခုနီတို့ပြကုန်၏။ ထို သိက္ခာပုဒ်တို့၏ သမုဋ္ဌာန်ကို သိဆိုတ်သည်[illegible]

ဆိုပေအုံ့။ နာကြားမှတ်သားကြကုန်လော။

ပဌမပါရာဇိကသမုဋ္ဌာန်၊ ဒုတိယပါရာဇိကသမုဋ္ဌာန်၊ သဠေရိတ္တ--၊ သမနုဘာသန--၊ ကထိန--၊ ဧဠကလောမ--၊ ပဒသောဓမ္မ--၊ အဒ္ဓါန--၊ ယေယျာသဂ္ဂ--၊ ဓမ္မဒေသနာ--၊ ဘူတာရောစန--၊ စောရိဝုဋ္ဌာပန--၊ အနုနုညာတသမုဋ္ဌာန်ဟု သမုဋ္ဌာန် ၁၃-ခုရှိ၏။ ဤ အဦး, အစ, ဦးခေါင်း ၁၃-ခု ဤ ဘုရားတို့သည်ပေါင်းဝင်ကုန်၏။ ကာယ, ဝါစာ, ကာယဝါစာ(အစ်တွဲကသုံးခု။) ကာယသစ်တွဲ, ဝါစာစ်တွဲ, ကာယဝါစာစိတွဲ(သစိတွဲကသုံးခု။) ဤခြောက်ခုကို ပဌမ, ဒုတိယ အစည်အတိုင်း ဆဋ္ဌအဂတိမှတ်သား အပ်၏။ ဓကသမုဋ္ဌာန် သုံးခုရှိ၏- ၁တဘွဲကြောင့်၊ ပဌမ ကြောင့်၊ ဆဋ္ဌကြောင့်။ ဒွိသမုဋ္ဌာန် ၎င်းခုရှိ၏- ၁ဌမတဘွဲကြောင့်၊ ဒုတိယပဌမကြောင့်၊ တတိယဆဋ္ဌကြောင့်၊ စတုတ္ထဆဋ္ဌကြောင့်၊ ပဌမဆဋ္ဌကြောင့်။ တိသမုဋ္ဌာန် နှစ်မျိုးရှိ၏- ရှေ့ အစိတွဲကသုံးခုကြောင့်၊ နောက် သစိတွဲကသုံးခုကြောင့်။ စသု သမုဋ္ဌာန်နှစ်မျိုးရှိ၏- ပ, တ, စ, ဆ ကြောင့်၊ ဒု, တ, ဓ, ဆ ကြောင့်၊ ပဌမမရှိ။ ဆသမုဋ္ဌာန်တစ်ခုရှိ၏- ကြောင်းတူမှုကြောင့်။

* သုံး, ၎င်း, နှစ်, နှစ်, သုည, တစ်, ပေါင်းလစ်တင်ဆယ်သုံး။

ဘိုတ်ဘုံဟွင် စကုဋ္ဌာတစ်မှတည်းကြောင့်ဖြစ်လျှင် ပဌမပါရာဇိကသမုဋ္ဌာန် မည်၏။ မေထုန် သမုဋ္ဌာန်လည်းခေါ်၏။ ထိုသို့ပြုမူပြီး ၇ဖ-ခု ရှိ၏ သစိတွဲကသုံးခုကြောင့်ဖြစ်လျှင် ဒုတိယပါရာဇိကမည်၏။ အဒိန္နာဒါန လည်းခေါ်၏။ ၇၁-ခုရှိ၏။ ခြောက်ခုလုံးကြောင့်ဖြစ်လျှင် သဠေရိတ္တ ၅၀-ရှိ၏။ ဆဋ္ဌတစ်ခုတည်းကြောင့်ဖြစ်လျှင် သမနုဘာသနမည်၏။ မုရုန်ပေါ့ပလည်း ခေါ်၏။ ၃၇-ခုရှိ၏။ ဓ, ဓ နှစ်ခုကြောင့်ဖြစ်လျှင် ကထိန ၂၉-ရှိ၏။ ပ, ၁ နှစ်ခုကြောင့်ဖြစ်လျှင် ဧဠကလောမ ၄၄-ရှိ၏။ ဒု, မ နှစ်ခုကြောင့်ဖြစ်လျှင် ပဒသောဓမ္မ ၇-ရှိ၏။ ပ, ၁၁, ဓ, ဆ ခေါ်းခုကြောင့်ဖြစ်လျှင် အဒ္ဓါန ၁၅-ရှိ၏။ စ, ဆ နှစ်ခုကြောင့်ဖြစ်လျှင် ယေယျာသဂ္ဂ ၇-ရှိ၏။ ပဌမတစ်ခုတည်းကြောင့်ဖြစ်လျှင် ဓမ္မဒေသနာ ၁၁-ရှိ၏။ ရှေ့ အစိတွဲကသုံးခုကြောင့်ဖြစ်လျှင် ဘူတာရောစန

၁-ရှိ၏။ မ, ဆ နှစ်ခုကြောင့်ဖြစ်လျှင် စောရိုဝုဋ္ဌာပန ၁-ရှိ၏။ ဒု, တ, မ, ဆ လေးခုကြောင့်ဖြစ်လျှင် အနနုညာတ ၁-ရှိ၏။ သိက္ခာပုဒ်ပေါင်း ၃၅၀။

* စ-မေထုနာ[16]၊ သစိတ္တာသုံး၊ စုရုံး-ဒိန္နာ[17]၊ သဠာ-သဠ[18]၊ သမနုဆာ[19]၊ ထိနာ တ-ဆ[20]၊ ပ-စ ဇဋ္ဌ[21]၊ ဒု ဗ-ပဒ[22]၊ ပ, ဏ, ဗ, ဆာ၊ ယူပါအဒ္ဓ[23]၊ စ-ဆ-ထေယျာ[24]၊ ဓမ္မာ-ပဋ္ဌမ[25]၊ ရှေးကတယော၊ ဘူတာရောမိ[26]၊ စောရိ-မ ဆာ[27]၊ နာနုညာတ၊ ဒု-ဏ-မ-ဆ[28]၊ သွင်းထည့်ပြန်၊ မှတ်ရန်သမုဋ္ဌာန်အကျဉ်းကည်း။ [29]

၁။ ပဌမပါရာဇိကသမုဋ္ဌာန်-၇၆

၂၅၈။ **စ-မေထုနာ(၇၆)**။ ။ မေထုန-[1]။ ဘုက္ကပိသင်္ခေ၊ ကာယသံသဂ္ဂ-[2]။ ပဌမအနိယတ-[3]။ ဘူတဂါမဝဂ် ရှေးဦးစွာနေသောရဟန်းကို တိုးဝှေ့၍ -[3]။ဘိက္ခုနီဂီရင်သောဆွမ်း၊ ဘိက္ခုနီနှင့်ဆိတ်ကွယ်ရာ -[4]။ လင်မယား နှစ်ယောက်ရှိသောအိမ်၊ ဆိတ်ကွယ်ရာနှစ်ခုနှင့် -[5]။ ချိုင်းထိုး၊ ရေခို မြူးတူး -[6]။ ရိုက်၊ လက်ဝါးပြက်မိုး -[7]။ သေခိုယ -[8]။ (ဝါ- ပြင်းစွာရယ်-[9]။ အသံကျယ် -[10]။ ဟင်းထမင်းတောင်းစား -[11]။ ဆွမ်းလုပ်နှင့်စကားပြော -[12]။ ကရားပေး -[13]။ ပေါင်း -[14] ကိုဖယ်၍ -[15]။) ဘိက္ခုဋ္ဌ -၆၇။

ဘိက္ခုနီဥပုဒ်ရိုး အောက်ပါရာဇိက -[1]။ သံဃာဒိသေသ်ဌ ရှာကပါးသွား၊ ရာဂစွတ်လျက် ခံယူစား -[2]။ ပါစိတ်ဌ မဂ်အပြင်ပုတ်ခတ်၊ ချိပ်တောင့်၊ နှင်ဆစ် ရေဆေး -[3]။ ဝါကျွတ်မလှည့်လည် -[4]။ ဩဝါဒသံပါသားမလိုက်ဂရမသွား-[5]။ နှစ်နှစ်လိုက်၍မလုပ်ကျွေး-[6]။ ဘိက္ခုနီဌ-[7]။ ပေါင်း-၇၆။ ဤ-၇၆-ခုသောသိက္ခာပုဒ်တို့သည် ကာယစိတ္တသမုဋ္ဌာန်ကစ်ခုကြောင့် ဖြစ်ကုန်၏။ ပဌမပါရာဇိကကဲ့သို့တည်း။

(ပဌမပါရာဇိကသည် သမုဋ္ဌာနသီသတစ်ခုဖြစ်၏။ ကြွင်းကို့သည် ထိုနှင့်ဟူကုန်၏။)

၂။ ဒုတိယပါရာဒိကသမုဋ္ဌာန်-၇၁

၂၅၉။ **သစိတ္တာသုံး၊ စုရုံး-ဒီနှာ(၇၁)။** ။ အဒိန္နာဒါန၊ လူသတ်၊ စျာန်, မဂ်, ဖိုလ်-[1]။ မာတုဂါမကို ရုန့်ရင်းသောစကားတို့ဖြင့်၊ မေထုန်ကာမ လုပ်ကျေး၊ အရင်းမရှိစွပ်စွဲ၊ တပါးသောအဘို့ရှိသောတည်ရာ-[2]။ ဒုတိယ အနှိပ်ယက-[3]။ နိသဂ္ဂိ၌ သက်နှိုးပြန်လု၊ သံယာသို့ညွှတ်ပြီး-[4]။ မုသာ၊ နှုတ်လုံထိုး၊ ဂုံးတိုးက်၊ သံယာဒိသေသ်ကိုလူသာမဏေအား၊ ပြော၊ မြွေတူး-[5]။ ဘူတဂါမ်၊ မေ၊သည်မှတပါးဖြေ၊ ကဲ့ရဲ့၊ နှင်ထုတ်၊ ပိုးရှိသောရေလောင်း-[6]။ အာမိသ ဟူသော်အကြောင်းကြောင့်-[7]။ ပဝါရိတ်သင့်သူကို ဝိနည်းကံမပြုသောအစာဖြင့် ဘိတ်သူ-[8]။ ငါ့ရှင်လာ လော-[9]။ ပုဂ္ဂလဓမ္မကိုမရှိသေ၊ ကြောက်လန့်စေ၊ သပိတ် သက်နှိုးဝက်-[10]။ သတ္တဝါကိုသတ်သူ၊ ပိုးရှိသောရေသုံးဆောင်၊ ငြိမ်းပြီးကို တဖန် ကံဖြစ်ခြင်းငှါ၊ အသက်နှစ်ဆယ်မပြည့်သူကို-[11]။ သမ္ဘောဂပြုသူ၊ ဖျက်ဆီးအပ် သော သာမဏေကိုဖြူးယောင်း-[12]။ တပါးသောဝိနည်းဓိရ်ကိုမမေးရသေးမီ၊ ဝိနည်းကိုကဲ့ရဲ့၊ မသိဟန်ဆောင်၊ သံယာဒိသေသ်ဖြင့်စွပ်စွဲ၊ ကုက္ကုစ္စဖြစ်စေသူ၊ ဘာန္ဒပေးရ၍နောက်၌ ရှုတ်ချ၊ သက်နှိုးပေးရ၍ရှုတ်ချ၊ ပုဂ္ဂိုလ်သို့လာဘ်ညွှတ်စေ သူ-[13]။ ဘိက္ခုနီ၌-၄၀။

(ဘိန္ဓေ အယျ-[1]။ အကာလသက်နှိုးကို ကာလသက်နှိုးဟု လဲ၍ပြန်လု သူ-[2]။ အယူအဆမှား၊ ငရဲဖြင့်ကျိန်ဆဲ-[3]။ သံယာ၏သက်နှိုးလာဘ်အန္တရာယ်၊ သက်နှိုးပေဘန့်ခြင်းကိုတား၊ အားနည်းသောသက်နှိုးဂနိုးခြင်း၊ ကထိန်နှုတ် တား-[4]။ ပရိုဝိုးသာအောင်ပြု၊ ကျောင်းပေး၍နှင်သူ-[5]။ ရဟန်းကိုဆဲသူ၊ ဘိက္ခုနီ သံဃာကိုရှေ့ရှုတ်သူ၊ ဝန်တိုသူ-[6]။ ဂဗ္ဘိနီဝင် ကိုယ်ဝန်ဆောင်မှ ဂိဟိဂတ အထိ-[7]။ ဂုမာရီသုံးခုနှင့် တစ်ဆယ့်နှစ်ဝါနှစ်ခုနှင့်၊ သင်္ဃအားဥပဇ္ဈာယ်အဖြစ် ဖေတော်သေး၊ သောကသွင်းသူ၊ စွန့်ပြီးသိုးပြီးသောဆန္ဒပေး၊ နှစ်တိုင်း၊ တစ်နှစ် နှစ်ယောက် -[8]။ ဘိက္ခုနီ၌-၃၁။ ပေါင်း -၇၁။ ဤ ၇၁-ခုသည် သစိတ္တက သုံးခုကြောင့်ဖြစ်၏။ ဒုတိယပါရာဒိကကဲ့သို့တည်း။ (ပါဠိတော်၌- သိက္ခာပဒါ သတ္တတိမေ၊ သမုဋ္ဌာနာတိ ကာကတာ- ရှိ၏။ ဒေဝတ္တတိ- ဆိုလိုလျက် ဒေ ဝေျသည်။

၃။ သဠာယတနသမုဒ္ဒေါန်–၅၀

၂၆၀။ **သဠာ သဗ္ဗ(၅၀)။** ။ သဠာယတနတို့ အောင်တမန်၊ ကုဋ္ဌကို၊ ကြီးစွာသောကျောင်းကို–[1]။ သက်နိုးဟောင်းဖွယ်၊ ဘိက္ခုနီလက်မှသက်နိုးခံ၊ အမျိုးမတော်သူထံသက်နိုးတောင်း၊ သင်းပိုင်ကိုယ်ရုံထက်အလွန်၊ သက်နိုးအလွန်စီရင်နှစ်ခုနှင့် သုံးကြိမ် ခြောက်ကြိမ်ထက်အလွန်–[2]။ ပိုးချည်လဲ–[3]။ ငါးဖွဲ့မပြည့်၊ မိုးရေခံသက်နိုးရှာ၊ ကိုယ်တိုင်ချည်တောင်း၍၊ ရက်ကန်းသည်ထံ၌ အလွန်စီရင်–[4]။ နှစ်စဉ်သုံးစဉ်မိုးခြင်းထက်–[5]။ ဘိက္ခုနီအားသက်နိုးပေး၊ သက်နိုးချုပ်–[6]။ နှစ်သပိတ်သုံးသပိတ်မုန့်–[7]။ ဆေးပစ္စည်း–[8]။ မီးတောက်အောင် ထည့်လုံ–[9]။ ရတနာကောက်သိမ်း၊ အရိုးအပ်ကျည်၊ ပမာဏလွန်သော ညောင်စောင်း၊ လဲဖွဲ့ယှက်ရှာ၊ နိသီဒိုင်၊ အမာလွှမ်း၊ မိုးရေခံ၊ မြတ်စွာဘုရားသက်နိုးပမာဏ–[10]။ ဘိက္ခုဋ္ဌ –၃၇။

တစ်မျိုးပြင်တောင်းမှ ပေါ့ပါးသောအရုံအထိ–[11]။ အမှိုက်စားကြွင်းစွန့်–[12]။ ရေသနုပ်၊ သမဏာစီဝရပေးခြင်း–[13]။ ဘိက္ခုနီ၌–၁၃။ ပေါင်း ၅၀။ ဤ ၅၀–သည် သမုဒ္ဒါန်ခြောက်ခုကြောင့်ဖြစ်၏။ သဠာယတနကဲ့သို့တည်း။

၄။ သမနုဘာသနသမုဒ္ဒါန်–၃၇

၂၆၁။ **သမနု–ဆာ(၃၇)။** သံဃာသင်းခွဲ၊ အတုလိုက်၊ ဒုဗ္ဗစ၊ ကုလဒူသန –[1]။ ဒုဗ္ဗုလ္လအာပတ်ဖုံးသူ၊ ယုတ်မာသောအယူမစွန့်–[2]။ ဆန္ဒ မပေးဘဲ ထသွားသူ–[3]။ ပြင်းစွာရယ်နှစ်ခု၊ အသံကျယ်နှစ်ခုနှင့် ဆွမ်းလုတ်နှင့်စကားဆို၊ မြေ၌နေ၍၊ နိမ့်သောနေရာ၌၊ ရပ်လျက်၊ နောက်မှသွား၍၊ လမ်းကောသွား၍–[10]။ ဘိက္ခုဋ္ဌ –၁၇။

ပါရာဇိကဖုံးသူ၊ နှင်ထားသူသို့အတုလိုက်၊ ဝတ္ထုရှစ်ပါးပြည့်စေ–[11]။ နှင်ထားသောဘိက္ခုနီတို့ပြန်သွင်းသူ၊ အမျက်ထွက်သောဘိက္ခုနီ "ပစ္စာသိက္ခာမိ"ဟုဆိုခြင်း၊ အဓိကရဏ်းခ၌ရှုံး၍၊ ရောနှောသောဘိက္ခုနီတို့၊ ရောနှောကြဟုတိုက်တွန်း

သူ-၁။ ထုရ်ုင်ိသူ-၂။ ချုပ်ရိုးဖြေ့-၂။ နာဖျားသောတပည့်မကို၊ ရောနှောလျက်နေသူ-၂။ အဓိကရုဏ်းမငြိမ်းစေ-၂။ ရဟန်းရှိသောအာရာမ်၊ ဥဘတောသံဃာ၌ သုံးဌာနဖြင့်၊ ဥပုသ်မမေး ဩဝါဒမတောင်း-၂။ နှစ်နှစ်မချီးမြှောက်၊ ခေါ်မသွား-၂။ သက်ိန်းပေးလျှင်၊ နှစ်နှစ်လုပ်ကျွေးလျှင်-၂။ ဘိက္ခုနီ၌ -၂၀။ ပေါင်း -၃၇။ ဤ ၃၇-သည် ကာယဝါစာစိတ္တသမုဋ္ဌာန်တစ်ခုကြောင့်ဖြစ်၏။ သမနုဘာသနကဲ့သို့တည်း။

၅။ ကထိနသမုဋ္ဌာန်-၂၉။

၂၆၂။ **ထိနာ-တ, ဆ (၂၉)**။ ။ နိသဂ္ဂိအစ ဥဗ္ဗတကထိန-၂။ ပိုလွန်သောသပိတ်၊ ထောပတ်စသောဆေး၊ အစ္စေကသက်ိန်း၊ ရွာတွင်းသက်ိန်းခြောက်ညှဉ်-၂။ လွင်တီးခေါင်ဌာခင်းရှိဖဲသွား၊ သံယိကကျောင်းဌာခင်းရှိဖဲသွား-၂။ ဘိက္ခုနီကျောင်းသို့ချဉ်းကပ်-၂။ ပရမ္မရဘောဇဉ်၊ အတိရိတ်ဝိနည်းကံမပြု-၂။ ပင့်ဘိတ်အပ်သောဆွမ်းရှိလျက်-၂။ အဝတ်သက်ိန်းပိုကပ္ပနာပြု၍-၂။ မင်း၏နန်းတော်တွင်း၊ နေလွဲရွာဝင်-၂။ အကျွမ်းဝင်ရာဌာနစီမံသော ဘိက္ခုနီ၊ တောကျောင်းဆောင်ပို့သောဘောဇဉ်-၂။ ဘိက္ခု၌-၁၈။

မာန, ဒေါသစွမ်းဖြင့် တရားစွဲ-၂။ သပိတ်သိုမှီး-၂။ ပုရေဘတ္တ၊ ပစ္ဆာဘတ္တ၊ ဝိကာလ-၂။ ငါးရက်သက်ိန်းငါးထည်၊ ပြန်ပေးအပ်သောသက်ိန်း-၂။ ဥတုနှီးသက်ိန်း၊ ကျောင်းကိုမစွန့်, မအပ်နံ့ဘဲ-၂။ ခက်မ၌-၂။ ရဟန်း၏ရှေ့ဌိုင်-၂။ ဘိက္ခုနီ၌ -၁၁။ ပေါင်း ၂၉။ ဤ ၂၉-သည် ကာယဝါစာ၊ ကာယဝါစာစိတ္တ သမုဋ္ဌာန်နှစ်ခုကြောင့်ဖြစ်၏။ ကထိနကဲ့သို့တည်း။

၆။ ဧဋ္ဌက [illegible]သမုဋ္ဌာန်-၄၄

၂၆၃။ **ပ, ဈ ဧဋ္ဌ(၄၄)**။ [illegible] သိုးမွေးတို့ကို သုံးယူဇနာ-၂။ သဟ[illegible] ။ ဟင်းလင်းကုဋိ၌ အပေါင်ခ[illegible]ရပ်ခ[illegible]ရပ်ခ[illegible]ရပ

ဆွမ်း၊ ဂဏဘောဇဉ်၊ နေလွဲဘောဇဉ်၊ သိုမှီးသောသန္ဓိမ၊ အကပ်မခံ-[1]။ အဝတ်မဝတ်သော အစေလကအား၊ တိုင်းပြည်မှထွက်သောစစ်သည်၊ စစ်သည်ဆောင်၌၊ တက်၍တက်၍-[2]။ သုရာမေရယ၊ လခွဲအတွင်းရေချိုး၊ ဂဟပတိနှုမထိုး-[3]။ ရွာတွင်း ဘိက္ခုနီ၏လက်မှ၊ သေက္ခသမ္မုတိ-[4]။ ဘိက္ခုဥ္စ-၁၈။

လသုဏာကြက်သွန်၊ သောက်ရေ, ယပ်လေ၊ ကခြင်း-[5]။ အချည်းနှီးရေချိုး-[6]။ တစ်ညောင်စောင်းတည်း၊ အခင်းအရုံတစ်ခုတည်း၊ တိုင်းနိုင်ငံတွင်း၊ တစ်ပါးသောတိုင်းနိုင်ငံ၊ ငါတွင်းလှည့်လည်-[7]။ ပန်းချီဆေးရေးဇရပ်၊ ပမာဏလွန်သောညောင်စောင်း, ပဲလွှင်၊ ချည်ကိုဝင့်၊ လူတို့၏အမှုကြီးငယ်၊ လူ, ပရိဘောဂတို့အား မိမိလက်ဖြင့်-[8]။ ဂုဟန်းမရှိသောကျောင်း၌-[9]။ ထီး, ဘိနပ်၊ ယာဉ်ဖြင့်၊ ခါးတန်ဆာ၊ မိန်းမ ဦးဆင်ယောင်၊ အနုံ့အဆင်းရည်၊ အနုံ့ထုံ၊ ပွတ်သပ်ခိုင်းလေးခုနှင့်၊ ရင်လွှမ်းတပြက်မပါ-[10]။ ဘိက္ခုနီ၌-၂၆။ ပေါင်း ၄၄။ ဤ ၄၄-သည် ကာယ၊ ဂဟပတိပဋ္ဌာသမုဋ္ဌာန် နှစ်ခုကြောင့်ဖြစ်၏။ ဧဋ္ဌကထာလေးမတဲ့ သို့တည်း။

၇။ ပဒသောဓမ္မသမုဋ္ဌာန်-၇

၂၆၄။ ၇, ၆ ပဒ(၇)။ ။ ပုဒ်ပြိုင်ပို့ချ၊ ငါးခွန်းခြောက်ခွန်းပယ်အလွန်-[1]။ သမ္ဘတိမရှိဘဲ ဘိက္ခုနီတို့ကို၊ နေဝင်သောအခါ ဘိက္ခုနီတို့ကို-[2]။ ဘိက္ခုဥ္စ-၄။

ပဋိဗျူဟနကိစ္စာသင်ယူ၊ ပို့ချ-[3]။ ခွင့်မပန်ဘဲ ပုစ္ဆာမေး-[4]။ ဘိက္ခုနီ၌-[5]။ ပေါင်း-၇။ ဤ ၇-ခုသည် ဝါစာ၊ ဝါစာစိတ္တသမုဋ္ဌာန်နှစ်ခုကြောင့် [illegible] ပဒသောဓမ္မသမုဋ္ဌာန်သို့တည်း။

၈။ အဒ္ဓါနသမုဋ္ဌာန်-၁၅

[illegible]။ ပ, တ, စ, ဆာ၊ ယူပါအဒ္ဓ (၁၅)။ ။ ဘိက္ခုနီတို့ [illegible]

ခရီး ရှည်၊ လှေတစ်စင်တည်း-၂။ ပဏီတနှင့်ရောသော ဘောဇဉ်-၁။ မာတုဂါမ နှင့်တိုင်ပင်၍-၁။ ဘိက္ခုဠ္ဍ-၄။

အမွေးပယ်စေသူ၊ စပါးစိမ်း-၂။ ဖိတ်အပ်လျက် ပဝါရိတ်သင့်လျက်-၁။ ပါဠိဒေသနာ-၇။ ဘိက္ခုနိဿဂ္ဂ-၁၁။ ပေါင်း ၁၅။ ဤ ၁၅-သည် ကာယ၊ ကာယဝါစာ၊ ကာယစိတ္တ၊ ကာယဝါစာစိတ္တသမုဋ္ဌာန်လေးခုကြောင့်ဖြစ်၏။ အဒ္ဓါနကဲ့သို့တည်း။

၉။ ထေယျသတ္ထသမုဋ္ဌာန်-၇

၂၆၆။ **စ, ဆ ထေယျာ (၇)**။ ။ ခိုးသူကုန်သည်နှင့်-၁။ ကြား လောက်ရာသို့ ကပ်၍-၁။ ဟင်းထမင်း မနာဘဲ ကောင်း၍-၁။ ဘိက္ခုဠ္ဍ-၃။

ညဉ့်မှောင်မိုက်၊ ဖုံးကွယ်သောအရပ်၊ လွင်တီးခေါင်၊ ခရီးရှည် ခရီးတို-၄။ ဘိက္ခုနိဿဂ္ဂ -၄။ ပေါင်း-၇။ ဤ ၇-ခုသည် ကာယစိတ္တ၊ ကာယဝါစာစိတ္တ သမုဋ္ဌာန်နှစ်ခုကြောင့်ဖြစ်၏။ ထေယျသတ္ထကဲ့သို့တည်း။

၁၀။ ဓမ္မဒေသနာသမုဋ္ဌာန်-၁၁

၂၆၇။ **ဓမ္မာ ပဌမ (၁၁)**။ ။ ထီ.ပေါက်ခ်ဋ်ရှိသူ၊ တုတ်, တောင်ဝှေး, လက်နက်, လေးရှိသူ-၄။ ခြေနင်းစ်ီးသူကိုစ၍ ခြုံသောဦးခေါင်းရှိသူအထိ-၇။ ဘိက္ခုဠ္ဍ ဝါ-သေခိယဒ္ဓ-၁၁။ ဘိက္ခုနိဿဂ္ဂမရှိ။ ဤ ၁၁-ခုသည် ဝါစာစိတ္တ သမုဋ္ဌာန်တစ်ခုကြောင့်ဖြစ်၏။ ဓမ္မဒေသနာကဲ့သို့တည်း။ (ဘုရားရှင်တို့သည် ဤသူတို့အား သူတော်ကောင်းတရားဟောခြင်းကို မဟောလိုကြကုန်။)

၁၁။ ဘူတာရောစနသမုဋ္ဌာန်-၁

၂၆၈။ **ရှေ့.ကတယော၊ ဘူတာရောမှီ(၁)**။ ။ စျာန်မဂ်ဖိုလ်ကို

ဟုတ်တိုင်း မှန်စွာ–၁။ ဤ တစ်ခုသည် ကာယ၊ ဝါစာ၊ ကာယဝါစာ သမုဋ္ဌာန် သုံးခုကြောင့် ဖြစ်၏။ ဘုတာရောစနမည်၏။

၁၂။ စောရိဝုဋ္ဌာပနသမုဋ္ဌာန်–၁

၂၆၉။ **စောရိ မ, ဆာ(၁)။** ။ ခိုးသူမကို–၁။ ဘိက္ခုနိဗ္ဗာန် ဤ တစ်ခုသည် ဝါစာစိတ္တ၊ ကာယဝါစာစိတ္တသမုဋ္ဌာန်နှစ်ခုကြောင့်ဖြစ်၏။ စောရိ ဝုဋ္ဌာပနမည်၏။

၁၃။ အနနုညာတသမုဋ္ဌာန်–၁

၂၇၀။ **နာနုညာတ ဒု, တ, မ, ဆံ(၁)။** ။ မိဘ, လင် ခွင့် မပြုသော သိက္ခာမာန်–၁။ ဘိက္ခုနိဗ္ဗာန် ဤတစ်ခုသည် ဝါစာ၊ ကာယဝါစာ၊ ဝါစာစိတ္တ၊ ကာယဝါစာစိတ္တသမုဋ္ဌာန်လေးခုကြောင့်ဖြစ်၏။ အနနုညာတ မည်၏။

ဤ တစ်ဆယ့်သုံးခုသည် ဝိနယပါဠိအားလျော်၏။ ဆောင်နိုင်သူသည် သမုဋ္ဌာန်ဌ မတွေ့ဝေနိုင်။

သမုဋ္ဌာနသီသသခ်ေပ ပြီး၏။

(၄) ကတိပုစ္ဆာဝါရ

၂၇၁။ မာတိကာ။ ။အာပတ်အဘယ်မျှ အာပတ္တိကွန္ဓ အဘယ်မျှ၊ ဝိနိတဝတ္ထုအဘယ်မျှ။ ။အဂါရဝအဘယ်မျှ၊ ဂါရဝ အဘယ်မျှ၊ ဝိနိတဝတ္ထု အဘယ်မျှ၊ ဝိပတ္တိအဘယ်မျှ။ အာပတ္တိသမုဋ္ဌာန် အဘယ်မျှ။ ။ ဝိဝါဒမူလ အဘယ်မျှ၊ အနုဝါဒမူလ အဘယ်မျှ၊ သာရဏီယဓမ္မအဘယ်မျှ။ ။ ဘေဒကရ ဝတ္ထုအဘယ်မျှ၊ အဓိကရဏအဘယ်မျှ၊ သမထအဘယ်မျှ။ (ပုစ္ဆာ–၁၄–)

အာပတ်စသော အဖို့အစုတို့၌ လိမ္မာခြင်းအကျိုးငှာ မာတိကာ ပုစ္ဆာ (၁၄–ခု) ထား၍ နိဒ္ဒေသ ပဋိနိဒ္ဒေသဖြင့် ဝိဘင်္ဂကိုဟောသည် အာပတ်အဘယ်မျှဟူသည် မာတိကာ၌လည်းကောင်း ဝိဘင်း၌ လည်းကောင်း လာသောအာပတ်ကို မေးသောပုစ္ဆာဖြစ်၏။ ဒုတိယပုဒ်လည်း ဤနည်းသာတည်း။ အထူးကား အာပတ်တို့သည်သာလျှင် ရာသီ–အပေါင်းအစုအစွမ်းဖြင့် ခန္ဓာတို့မည်ကုန်၏။ ဝိနီတဝတ္ထုသည် ထိုအာပတ်တို့၏ ဝိနယဖြစ်၏။ ဝိနီတ၊ ဝိနယ၊ ဂူပသမ ဤသုံးခု အနက်တူ၏။ ဝိနီတသည်ပင် ဝိနီတဝတ္ထုမည်၏။ (အာပတ်တို့၏ ငြိမ်းခြင်း ပီတိပါမောဇ္ဇဖြစ်ကြောင်းဟူလို)

အာပတ်သင့်ကြောင်းကိုပြခြင်းငှာ အဂါရဝအဘယ်မျှ ဟု ပုစ္ဆာထုတ်သည်။ အဂါရဝရှိလျှင် အာပတ်သင့်၏။ မရှိလျှင် မသင့်။ ဤ၌ ဝိနီတဝတ္ထုသည် အဂါရဝတို့၏ငြိမ်းခြင်းဝိနယ ဖြစ်၏။ ဝိပတ္တိသို့ မရောက်သောအာပတ်မည်သည်မရှိ။ ထို့ကြောင့် ဝိပတ္တိအဘယ်ဟု အာပတ်တို့၏ဝိပတ္တိ အဖြစ်ကို မေးသည်။ ထိုအာပတ်တို့၏သာလျှင် သမုဒ္ဒာန်ကို နောက်ပုဒ်ဖြင့် မေးသည်။ ဝိဝါဒမူလအဘယ်မျှ စသည်ဖြင့် အဓိကရဏ်းဖြစ်သော ဝိဝါဒ အနုဝါဒတို့၏ မူလကိုမေးသည်။ သာရဏီယ ဓမ္မဖြင့် ထိုဝိဝါဒ အနုဝါဒတို့၏ မူလမရှိခြင်းကို ပြုနိုင်သော ဓမ္မတို့ကို မေးသည်။ ဘေဒကရဖြင့် ကွဲပြားခြင်းကိုဖြစ်စေတတ်သော အကြောင်းကို မေးသည်။ အဓိကရဏဖြင့် ကွဲပြားကြောင်း ဓမ္မတို့ကြောင့် ဖြစ်စကောင်းသော ဓမ္မတို့ကို မေးသည်။ သမထဖြင့် ထိုအဓိကရဏ်းတို့၏ ငြိမ်းအေးကြောင်းဓမ္မတို့ကို မေးသည်။]

(ဝိဒိ။ ။ အာပတ်အဘယ်မျှဟူသောစကားဖြင့် ငါးပါးသောအာပတ်တို့၌ မေထုန အဒိန္နာဒါနတို့ကို အန္တောဂဓဘေဒကို မဲ့ဘဲ ဇဝဘေဒ:ဖြင့်တူသည်အဖြစ်သို့ တင်၍မေးသည်။ အာပတ္တိကွန်ပြီ။ အန္တောဂဓဘေဒကိုမဲ့ဘဲ အသီးသီး ပေါင်းစုခြင်း

အနက်ဖြင့်မေးသည်။ အာပတ်မှကြဉ်ခြင်းသည်ပင် ဝမ်းမြောက်ကြောင်း ဝတ္ထုဖြစ်သောကြောင့် ဝိနီတသည်ပင် ဝိနီတဝတ္ထုမည်၏။)

အကျဉ်းအဖြေ။ အာပတ်ငါးပါး၊ အာပတ္တိကွန္ဓငါးပါး၊ ဝိနီတဝတ္ထု ငါးပါး၊ အာပတ်ခုနစ်ပါး၊ အာပတ္တိကွန္ဓခုနစ်ပါး၊ ဝိနီတဝတ္ထု ခုနစ်ပါး၊ အဂါရဝ ခြောက်ပါး၊ ဂါရဝခြောက်ပါး၊ ဝိနီတဝတ္ထုခြောက်ပါး၊ ဝိပတ္တိ လေးပါး၊ အာပတ္တိ သမုဋ္ဌာန်ခြောက်ပါး၊ ဝိဝါဒမူလခြောက်ပါး၊ အနုဝါဒမူလ ခြောက်ပါး၊ သာရဏီယဓမ္မခြောက်ပါး၊ ဘေဒကရဝတ္ထု တစ်ဆယ့်ရှစ်ပါး၊ အဓိကရဏ လေးပါး၊ သမထ ခုနစ်ပါး။ (ဝိသုဒ္ဓနာ–၁၇။)

[အာပတ်ငါးပါးကို မာတိကာ၌လာသည်အစွမ်းဖြင့်ဆိုသည်။ အာပတ် ခုနစ်ပါးကို ဝိဘင်း၌လာသည်အစွမ်းဖြင့်ဆိုသည်။] (ထို့ကြောင့် ပုစ္ဆာ–၁၄–ခု၌ ဝိသုဒ္ဓနာ–၁၇–ခုဖြစ်သည်။)

အာပတ်စသည်အကျယ်။ ထိုတွင် အာပတ်ငါးပါးသည် အဘယ်နည်း။ ပါရာဇိကအာပတ်၊ သံဃာဒိသေသ်အာပတ်၊ ပါစိတ်အာပတ်၊ ပါဋိဒေသနီအာပတ်၊ ဒုက္ကဋ်အာပတ်တည်း။ အာပတ္တိကွန္ဓငါးပါးသည် အဘယ်နည်း– ပါရာဇိကအာပ်တ်အစု (၀) ဒုက္ကဋ်အာပတ်အစုတည်း။ ဝိနီတဝတ္ထုငါးပါးသည် အဘယ်နည်း။ ငါးပါးသောအာပတ်အစုတို့မှ အာရတိ– အဝေးမှကြဉ်ခြင်း၊ ဝိရတိ– ကင်းအောင်ကြဉ်ခြင်း၊ ပဋိဝိရတိ– တစ်ခုစီကြဉ်ခြင်း၊ ဝေရမဏိ– ရန်သူကိုဖျက်ဆီးခြင်း။ အကိရိယာ, အကရဏ– မပြုကျင့်ခြင်း, အနဇ္ဈာပတ္တိ– မရောက်ခြင်း, ဝေလာအနတိက္ကမော– ကမ်းကို မလွန်ခြင်း, သေတု ယာတော– အကြောင်းကိုဖျက်ခြင်း ဤ အာပတ်ငါးပါး အစုမှ ကြဉ်ခြင်းသည် ဝိနီတဝတ္ထုငါးပါးတည်း။ အာပတ်ခုနစ်ပါးသည် အဘယ်နည်း။ ပါရာဇိက အာပတ်။ သံဃာဒိသေသ်။ ထုလ္လစ္စည်း။ ပါစိတ်။ ပါဋိဒေသနီ။ ဒုက္ကဋ်။ ဒုဗ္ဘာသိ အာပတ်တည်း။ အာပတ္တိကွန္ဓခုနစ်ပါးသည်

အဘယ်နည်း။ ပါရာဇိကအာပတ် အစု။ (၀) ဒုဗ္ဘာသိအာပတ်အစုတည်း။ ဝိနီတဝတ္ထုခုနှစ်ပါးသည် အဘယ်နည်း။ ခုနှစ်ပါးသော အာပတ်အစုမှ ကြဉ်ခြင်း။ (၀) အကြောင်းကိုဖျက်ခြင်း။

အာသည် အာရကာ, အာ ဘုသောဝ နှစ်နက်ဟောဏ်၊ ၎ဝေးစွာ ကြဉ်ခြင်း။ ဝါ- လွန်စွာကြဉ်ခြင်းသည် အာရတိမည်၏။ ဝိသည် ဝိနာအနက်၊ ကင်းအောင်ကြဉ်ခြင်းသည် ဝိရတိမည်၏။ ပဋ္ဌိသည် ပစ္စေကအနက်၊ အသီးသီး ကင်းအောင်ကြဉ်ခြင်းသည် ပဋ္ဌိဝိရတိမည်၏။ ဝေရံ မဟာတိ ဝိနာသေတိတိ ဝေရမဏိ၊ ရန်သူကိုဖျက်ဆီးခြင်းသည် ဝေရမဏိမည်၏။ အာပတ်ကိုမပြုကြောင်း ဝိရတိအကျင့်သည် အကြီယာ။ အာပတ်သင့်ကြောင်းကို မရှိအောင်ဆန့်ကျင်ခြင်းသည် အကရဏာ။ အာပတ်သို့ရောက်ခြင်း၏ ဆန့်ကျင်ဘက်သည် အနဇ္ဈာပတ္တိ။ ဝေလာနတော ဝေလာ ဝိနာသနတော အနက်။ သိနောတိတိ သေတု-ဘွက်မြောက်ကြောင်း,နိယျာနကို တားတတ်သောအာပတ်သည် သေတုမည်၏။ သေတုကိုဖျက်ဆီးကြောင်းပညတ်တော်သည် သေတုဃာတပည်၏။ ကြွင်းသော ဝိနိတ်ဝတ္ထုနိဒ္ဒေသ၌လည်း ဤနည်းသာတည်း။]

(**မီဋ္ဌီ**။ ။ အာရကာကို "နိ၀တ္တိ" အနက်ဖြင့်ဆိုခဲ့သောကြောင့် တဖန်သရုပ်ဖြင့်ဆိုလို၍ "ဘုသော" ဟုဆိုသည်။ ရှုမေန ပုဏ္ဏံ ဂေဟံ- မီးခိုးဖြင့်ပြည့်သောအိမ်ကို "အာ၀ုမိတ" ဟု ဆိုသကဲ့သို့တည်း။ (ရောင်ကြည်ခြင်းဖြင့်ပြည့်သော လွန်ကဲခြင်းကိုလည်း အာရတိ ဟုဆိုသည်။)

ဝေရသည် ရာဂစသောရန်သူတည်း။ ဝေလာတ်သည် စလနေ ကုန်လွှမ်ခြင်းမျိုး ဖြစ်၏။ နိယျာနသည် မဂ္ဂဖြစ်၏။ လွန်ကျူးခြင်း၏ ဆန့်ကျင်ဘက် ဝိရတိသည် သေတုဃာတမည်၏။ ထိုအကျိုးဖြစ်အောင်ပြုသော စိတ္တုပ္ပါဒ်သာတည်း။

သာဒီ-- ဝေရုံမဏာတိသည် ရာဂစသော ရန်သူကို ဖျက်ဆီး၏။ နိယျာနသည် မဂ်။

ဝိဒီ-- အာပတ်မှရောင်ကြဉ်သော ပိရုမဏာဘုံသည် သာလျှင် ဝမ်းမြောက်ခြင်း စသည်တို့၏အကြောင်းဖြစ်သော ကြောင့် ဝတ္ထုမည်၏။ ထို့ကြောင့် ဝိနိတဝတ္ထုမည်၏။ ဝိရဟိ စသော အနဝဇ္ဇဝမ္မတို့သာတည်း။ ဝေရမဏိသည် ဝေရ၏ အကြောင်းဖြစ်သောကြောင့် ဝေရမည်သော ရာဂစသော အကုသိုလ်ကို ဖျက်ဆီး၏။)

အဂါရဝ စသည်အကျယ်။ ထိုတွင် အဂါရဝခြောက်ပါးသည် အဘယ်နည်း။ ဗုဒ္ဓအဂါရဝ- ဘုရားဌာမရှိသေခြင်း။ ဓမ္မအဂါရဝ- တရားဌာမရှိသေခြင်း။ သံဃအဂါရဝ- သံဃာဌာမရှိသေခြင်း။ သိက္ခာအဂါရဝ- သိက္ခာဌာမရှိသေခြင်း။ အပ္ပမာဒအဂါရဝ- မမေ့မလျော့ဌာ မရှိသေခြင်း။ ပဋိသန္ထာရအဂါရဝ- အစေ့အစပ်ပြုခြင်းဌာ မရှိသေခြင်းဟူ၏။

ဂါရဝခြောက်ပါးသည် အဘယ်နည်း။ ဗုဒ္ဓဂါရဝ၊ ဓမ္မဂါရဝ၊ သံဃဂါရဝ၊ သိက္ခာဂါရဝ၊ အပ္ပမာဒဂါရဝ၊ ပဋိသန္ထာရဂါရဝတည်း။

ဝိနိတဝတ္ထုခြောက်ပါးသည်အဘယ်နည်း။ အဂါရဝခြောက်ပါးတို့ကို ဝေးစွာကြဉ်ခြင်း၊ (၀) အကြောင်းကိုဖျက်ခြင်းတည်း။

[မြတ်စွာဘုရားထင်ရှားရှိလျက် အခစားမသွားသူ၊ ပရိနိဗ္ဗာန်စံပြီးနောက် စေတီနေရာ၊ ဗောဓိပင်နေရာသို့မသွားသူ၊ ရှိမခိုးသူ၊ စေတီရင်ပြင်ဌာထီးဆောင်းသူ၊ ဘိနပ်စီးသူ ဤသို့သောသူအား ဘုရားဌာ ရှိသေခြင်းမရှိဟု သိအပ်၏။

စွမ်းနိုင်လျက် တရားနာရာသို့မသွားသူ၊ သရဘည- ပါဠိရွတ်ဆိုခြင်းမပြုသူ၊ တရားစကားမဟောကြားသူ၊ တရားနာရာကို ဖျက်မှိုထသွားသူ၊ ပျံ့လွင့်သောစိတ်ဖြင့် ထိုင်သူ၊ မရိမသေထိုင်သူ ဤသို့သော

သူအား တရား၌ ရှိသခြင်းမရှိ။

ထေရ နဝ မဒ္ဒိမတို့၌ အလေးပြုခြင်းဖြင့် ခရီးဦးမကြုံဆိုသူ၊ ဥပုသ်အိမ်၊ ကြံ့စည်ရာတန်ဆောင်း စသည်တို့၌ ကိုယ်အမှုအရာ ခက်ထန်ကြမ်းကြုတ်ခြင်းပြုသူ၊ သီဟင်းကြီးစဉ် ရှိမခိုးသူ ဤသို့သောသူအား သံယာ၌ရှိသေခြင်းမရှိ။

သုံးပါးသောသိက္ခာတို့ကို ကောင်းစွာဆောက်တည်၍မကျင့်သူ ကိုသာလျှင် သိက္ခာ၌မရှိသေသူဟု သိအပ်၏။

ပမာဒဟူသော သတိလွတ်ကင်းခြင်း၌တည်သူကိုသာ အပွမာဒ လက္ခဏာကို မပွားသူဖြစ်ခြင်းကြောင့် အပွမာဒ၌ မရှိသေသူဟု သိအပ်၏။ အာမိသပဋိသန္ဓာရ၊ ဓမ္မပဋိသန္ဓာရ နှစ်ပါးကိုမပြုသူကိုသာလျှင် ပဋိသန္ဓာရ၌ မရှိသေသူဟု သိအပ်၏။ ဂါရဝခြောက်ပါးကို ထိုမှပြန်၍ သိအပ်၏။]

(**ဓီဋ္ဌိ**။ ။ တရားနာရာ– ဓမ္မသဝနဂ္ဂသည် တရားနာသူတို့၏အပေါင်းဖြစ်၏။ ကိုယ်အမှုအရာ ခက်ထန်ကြမ်းကြုတ်ခြင်း–ကာယပွါဂဒ္ဒိယသည် ကာယဒုစ္စရိတဖြစ်၏။ ပမာဒသည် သတိဝိပွဝါသပင်တည်း။

သာဓိ။ ။ ကာယပွါဂဒ္ဒိယသည် ကာယပွါဂဒ္ဒိယစွမ်းဖြင့်ဖြစ်သော ကာယဒုစ္စရိတတည်း။

ဝိဓိ။ ။ တရားနာရာကိုဖျက်၍ ထသွားသူဟူသည် အများ တပေါင်းတည်းထိုင်၍ တရားနာကြစဉ် ထိုတရားနာအစည်းအဝေးကိုဖျက်၍ ထသွား၏။ မရိုမဂေါရဝထိုင်သူဟူသည်– နှစ်သက်အပ်သောအရာ၌ နှစ်သက်မြင်းကို လည်းကောင်း၊ တိတ်လန့် အပ်သောအရာ၌ ထိတ်လန့်ခြင်းသံဃဝဏ်ကို လည်းကောင်း သိသာအောင်မပြုသူသာဖြစ်၏။ ကာယပွါဂဒ္ဒိယသည် ထောင်

လွှားခြင်းအစွမ်းဖြင့်ဖြစ်သော ကိုယ်အကျင့်တည်း။)

ဝိပတ္တိသမုဋ္ဌာန်အကျယ်။ ထိုတွင် ဝိပတ္တိလေးပါးသည် အဘယ်နည်း။ သီလဝိပတ္တိ၊ အာစာရဝိပတ္တိ၊ ဒိဋ္ဌိဝိပတ္တိ၊ အာဇီဝ ဝိပတ္တိ ဖြစ်၏။ အာပတ္တိသမုဋ္ဌာန်ခြောက်ပါးသည် အဘယ်နည်း။ ဝါစာစိတ္တ ကင်းလျက် ကာယကြောင့်ဖြစ်သောအာပတ်ရှိ၏။ ကာယစိတ္တကင်းလျက် ဝါစာကြောင့်ဖြစ်သောအာပတ်ရှိ၏။ စိတ္တကင်းလျက် ကာယဝါစာကြောင့်ဖြစ်သော အာပတ်ရှိ၏။ ဝါစာကင်းလျက် ကာယစိတ္တကြောင့်ဖြစ်သော အာပတ်ရှိ၏။ ကာယကင်းလျက် ဝါစာစိတ္တကြောင့်ဖြစ်သောအာပတ်ရှိ၏။ ကာယဝါစာ စိတ္တ သုံးပါးလုံးကြောင့်ဖြစ်သောအာပတ်ရှိ၏။

၂၇၂။ **ဝိဝါဒါဒိမူလအကျယ်။** ထိုတွင် ဝိဝါဒမူလခြောက်ပါးသည် အဘယ်နည်း။ ဤသာသနာ၌ရဟန်းသည် ,ကောဓနော- အမျက်ကြီး၏။ ဥပနာဟီ- ရန်ငြိုးဖွဲ့၏။ ဤတရား နှစ်ပါး(တစ်စုံ) ရှိသူသည် ဘုရား၌ ရိုသေတုပ်ဝပ်ခြင်းမရှိ။ တရား၌ ရိုသေ တုပ်ဝပ်ခြင်းမရှိ။ သံဃာ၌ ရိုသေတုပ်ဝပ်ခြင်းမရှိ။ သိက္ခာ၌ ဖြည့်ကျင့်ခြင်း မရှိ။ ဤတရားလေးပါးရှိသူသည် သံဃာ၌ ဝိဝါဒငြင်းခုံခြင်းကို ဖြစ်စေ၏။

ထိုငြင်းခုံခြင်းသည် များစွာသော လူ, နတ်တို့၏ အကျိုးမဲ့ ဆင်းရဲခြင်းငှာ ဖြစ်၏။ "ဤသို့သော ငြင်းခုံကြောင်း ကောဓ၊ ဥပနာဟ ဟူသော ဝိဝါဒမူလကို အမျှတ္တာ၌ ဗဟိဒ္ဓာ၌ မြင်လျှင် ပယ်ခြင်းငှာ အားထုတ်ရာ၏။ မမြင်လျှင် နောင် မဖြစ်စိမ့်သောငှာ အားထုတ်ရာ၏။" ဤသို့လျှင် ဝိဝါဒမူလကိုပယ်ခြင်းသည် ဖြစ်၏။ နောင်မဖြစ်ခြင်းသည် ဖြစ်၏။ ဆိုမှတပါး ရဟန်းသည် မကွီ-သူ့ကျေးဇူးကို ချေဖျက်၏။ ပလာသီ- အင်တူပြု၏။ (နှစ်-စုံ)။ ဣသုကီ-ငြူစူ၏။ မစ္ဆရီ- ဝန်တို၏။ (သုံး-စုံ)။ သဌ္ဌော- စဉ်းလဲ၏။ မာယာဝီ- လှည့်စား၏။ (လေး-စုံ)။ ပါပိစ္ဆော- ယုတ်မာသောအလိုရှိ၏။ မိစ္ဆာဒိဋ္ဌိ- မှားသောအယူရှိ၏။ (ငါး-စုံ)။ သညိဋ္ဌိပရာမာသီ- မိမိအယူကို မှားသောအားဖြင့်သုံးသပ်၏။ အာဓာနဂ္ဂါဟီ ဒုပ္ပဋိနိဿဂ္ဂီ- မြဲစွာယူ၍ စွန့်နိုင်ခဲ၏။ (ခြောက်-စုံ)။ ဤ

တရားနှစ်ပါး (တစ်စုံ) ရှိသူသည် ဘုရားဌ်ရိုသေတုပ်ဝပ်ခြင်းမရှိ။ (ပ)။ နောင်မဖြစ်ခြင်းသည်ဖြစ်၏။

၂၇၃။ အနုဝါဒမူလခြောက်ပါးသည် အဘယ်နည်း။ ဤသာသနာ၌ ရဟန်းသည် ကောဓနော (ပ)။ ဤ တရားနှစ်ပါး (တစ်စုံ) ရှိသူသည် ဘုရားဌ်၊ တရားဌ်၊ သံဃာဌ်၊ သိက္ခာဌ်ရိုသေတုပ်ဝပ်ခြင်းမရှိ။ ဤလေးပါးရှိသူသည် သံဃာဌ် အနုဝါဒ– စွပ်စွဲခြင်းကိုဖြစ်စေ၏။

ထိုစွပ်စွဲခြင်းသည် များစွာသော လူ, နတ်တို့၏ အကျိုးမဲ့ ဆင်းရဲခြင်းငှာ ဖြစ်၏။ ဤသို့သော စွပ်စွဲကြောင်း ကောဓ၊ (ပ) အားထုတ်ရာ၏။ ပယ်ခြင်းသည် ဖြစ်၏၊ နောင်မဖြစ်ခြင်းသည်ဖြစ်၏။ ထိုမှတပါး ရဟန်းသည် မက္ခီ၊[1] ပလာသီ [2]။ ဣဿုကီ၊ မစ္ဆရီ [3]။ သဌေါ၊ မာယာဝီ [4]။ ပါပိစ္ဆော– မိစ္ဆာဒိဋ္ဌိ [5]။ သန္ဒိဋ္ဌိပရာမာသီ၊ အာဓာနဂ္ဂါဟီဒုပ္ပဋိနိဿဂ္ဂီ [6]။ (ပ) နောင်မဖြစ်ခြင်းသည်ဖြစ်၏။ (ပါပိစ္ဆော၊ မိစ္ဆာဒိဋ္ဌိဌ် ပါပိစ္ဆော, မဟိစ္ဆော ဟုတွဲမိတတ်သည် သတိပြု။)

[ဘုရားဌ် ရိုသေတုပ်ဝပ်ခြင်းမရှိ ဟူသည်ကို ဆိုပြီးသောနည်းဖြင့် သိအပ်၏။ တုပ်ဝပ်ခြင်းမရှိ– အပ္ပတိဿဟူသည် အနိဝဝုတ္တိ–နိမ့်ချသောဖြစ်ခြင်းမရှိ။ ဘုရားကို အကြီးအကဲပြု၍မနေ။ 'အဲ့ဒုတ္ကံဝါတိ အတ္တနောသန္တာနေ ဝါ အတ္တနောပက္ခေ ဝါ။' မိမိသန္တာန်၊ မိမိပရိသတ်ဌ် ဟူလို။ 'ဗဟိဒ္ဓါ ဝါတိ ပရ သန္တာနေ ဝါ ပရပက္ခေ ဝါ။' သူတပါးသန္တာန် ပရိသတ်ဌ်ပယ်ခြင်းငှာဟူသည် မိမိပရိသတ်၊ သူတပါးပရိသတ်ဌ် မြင်လျှင် မေတ္တာဘာဝနာ စသောနည်းတို့ဖြင့် ပယ်ခြင်းငှာ အားထုတ်ရာ၏။ မေတ္တာဘာဝနာ စသောနည်းဖြင့် အဲ့ဒုတ္ကံ ဗဟိဒ္ဓဌ် ထိုမူလကိုပယ်အပ်၏။ အနုဝဿဝါယသည် အပ္ပဝတ္တိဘာဝါယ–မဖြစ်စိမ့်သောငှာတည်း။ သန္ဒိဋ္ဌိပရာမာသီသည် မိမိ၏အယူကိုသာ သုံးသပ်၏။ ဤအယူသည် မှန်သည်ဟုယူ၏။ အာဓာနဂ္ဂါဟီသည် ဒဠ္ဌဂ္ဂါဟီ–မြဲစွာယူ၏။ အနုဝါဒမူလသည် ဝိဝါဒမူလနှင့်တူ၏။ တူသော်လည်း ဘေဒကရဝတ္ထု ၁၈–ပါးကိုမှီ၍ ငြင်းခုံသူတို့၏ ကောဓ, ဥပနာဟ

စသည်တို့သည် ဝိဝါဒ မူလတို့မည်ကုန်၏။ ထိုသို့ (၁၈–ပါးကို မှီ၍) ငြင်းခုံကြသဖြင့် သီလဝိပတ္တိစသည်တို့သို့ရောက်လတ်သော် ဤသူသည် ဤမည်သော အာပတ်သို့ရောက်၏ စသည်ဖြင့်စွပ်စွဲကုန်၏။ ထိုစွပ်စွဲသူတို့၏ ကောဓ, ဥပနာဟ စသည်တို့သည် အနုဝါဒမူလတို့မည်ကုန်၏။ ဤကား အထူးတည်း။)

၂၇၄။ **သာရဏီယဓမ္မအကျယ်။** ။ ထိုတွင် သာရဏီယဓမ္မ ခြောက်ပါးသည် အဘယ်နည်း။ ဤ သာသနာ၌ ရဟန်းအား မေတ္တာကာယကံသည် သီတင်းသုံးဘော်တို့၌ မျက်မှောက်, မျက်ကွယ် ရှေးရှုတည်အံ့။ ဤတရားသည် သာရဏီယ– တစ်သက်လုံး အောက်မေ့အပ်သောတရား။ ပိယကရဏ–ချစ်အပ်သည်ကို ပြုတတ်သောတရား။ ဂရုကရဏ– အလေးပြုအပ်သောတရားဖြစ်၏။ ချီးမြှောက်ခြင်းငှာ, မငြင်းခုံခြင်းငှာ, ညီညွတ်ခြင်းငှာ, တပေါင်းတည်းဖြစ်ခြင်းငှာဖြစ်၏။ ထိုမှတပါး မေတ္တာဝစီကံသည် ရှေးရှုတည်အံ့၊ မေတ္တာမနောကံသည် ရှေးရှုတည်အံ့ တရားသဖြင့်ရသောပစ္စည်းကို အာမိသပုဂ္ဂလ မခွဲခြမ်းဘဲ ဆွမ်းခံ၍ရသမျှကို ပင်သော်လည်း သီလဝန္တသီတင်းသုံးဘော်တို့နှင့် ဆက်ဆံစွာ သုံးဆောင်အံ့၊ အကြင်သီလတို့သည် ကျိုး ပြတ်ခြင်းမရှိ၊ ပေါက်ထွင်းခြင်းမရှိ၊ ကြောင်ကြားခြင်းမရှိ၊ ပြောက်ကွက်ခြင်းမရှိ၊ တော်လှန်ကုန်၏။ ပညာရှိတို့ချီးမွမ်းအပ်ကုန်၏။ တဏှာဒိဋ္ဌိဖြင့်မသုံးသပ်အပ်ကုန်။ သမာဓိကိုဖြစ်စေတတ်ကုန်၏။ ထိုသို့သော သီလတို့၌ သီတင်းသုံးဘော်တို့နှင့် တူမျှသည်ဖြစ်အံ့၊ အကြင် သမ္မာဒိဋ္ဌိသည် အပြစ်မရှိ၊ နိယျာနိက– ဝဋ္ဋဆင်းရဲမှထုတ်ဆောင်တတ်၏။ ကျင့်သုံးကို ဒုက္ခကုန်အောင် ကောင်းစွာထုတ်ဆောင်၏။ ထိုသို့သော သမ္မာဒိဋ္ဌိ၌ သီတင်းသုံးဘော်တို့နှင့်တူမျှသည်ဖြစ်အံ့။ ဤတရားသည် သာရဏီယ–(ပ)–တပေါင်းတည်းဖြစ်ခြင်းငှာဖြစ်၏။

[မေတ္တာစိတ်ဖြင့်ပြုသော ကာယကံသည် မေတ္တာကာယကံ၏ ရဟန်းငယ်တို့ သက်နှံ့ချုပ်ရာစသည်၌ အဘော်အဖြစ်ဖြင့်

ချဉ်းကပ်၍ ကူညီခြင်းသည်လည်းကောင်း၊ မထေရ်ကြီးတို့အား ခြေဆေး ခြင်း ယပ်လေခတ်ခြင်း စသည်ဖြင့် ရိုသေသမှုပြုခြင်းသည် လည်း ကောင်း၊ မျက်မှောက်မေတ္တာကာယကံမည်၏။

မကောင်းသဖြင့်ထားသော ဘဏ္ဍာတို့ကိုမြင်လျှင် ထားသူတို့၌ မထီမဲ့မြင်မပြုဘဲ မိမိထားမိသည့်ပမာ ကောင်းစွာသိမှီးခြင်းသည် မျက် ကွယ် မေတ္တာကာယကံမည်၏။

သာရဏီယဟူသည် သတိဖြစ်စေအပ်သောတရားတည်း။ ဤသို့ ပြုသူကို တပါးသော ပုဂ္ဂိုလ်တို့သည် ကြည်ညိုသောစိတ်ဖြင့် "သူတော်, ကောင်းဖြစ်ပါပေသည်" ဟု အောက်မေ့ကြကုန်၏ ဟူလို။ သရိတဇော်တိ သာရဏီယော– အောက်မေ့အပ်သောဟုရား။ ပိယံ ကရောတီတိ ပိယကရဏော– သီတင်းသုံးဘော်တို့ ချစ်အပ်သောပုဂ္ဂိုလ် ဟု ပြုတတ် သောတရား။ ဂရုံကရောတီတိ ဂရုကရဏော– သီတင်းသုံးဘော်တို့ အလေးပြုအပ်သူဟု ပြုကတ်သောတရားဖြစ်၏။ ချီးမြှောက်ခြင်းငှာ စသည်ကား သီဟာင်းသုံးဘော်တို့၏ ချီးမြှောက်ခံရသူဖြစ်ခြင်းကြောင့် သီတင်းသုံးဘော်တို့နှင့် မငြင်းမုံခြင်းငှာ, ညီညွတ်ခြင်းငှာ, တပေါင်း တည်းဖြစ်ခြင်းငှာ ဖြစ်သော တရားကည်း။ မေတ္တာဝစီကံစသည်၌ ဒေဝမထေရ်၊ တိဿမထေရ် စသည်ဖြင့် ချီးမြှောက်၍ဆိုခြင်းသည် မျက် မှောက်မေတ္တာဝဒီကံမည်၏။ ငါတို့၏ ဒေဝမထေရ် အဘယ်မှာနည်း။ ငါတို့၏ တိဿမထေရ် အဘယ်အခါမှာ ရောက်လာမည်နည်း စသည် ဖြင့် မျက်ကွယ်၌ မြတ်နိုးစွာဆိုခြင်းသည် မျက်ကွယ်မေတ္တာဝစီကံမည် ၏။ မေတ္တာအဆီစိမ့်သော နှုးညံ့သောမျက်လုံးတို့ကိုဖွင့်လျက် ကြည် လင်သောမျက်နှာထားဖြင့် ကြည့်ရှုခြင်းသည် မျက်မှောက်မေတ္တာမနောက် မည်၏။ ဒေဝမထေရ်, တိဿမထေရ် ရောဂါကင်းပါစေ၊ ပင်ပမ်း ခြင်းကင်းပါစေ ဟု ကောင်းတခြင်းသည် မျက်ကွယ်မေတ္တာမနောက် မည်၏။ မခွဲခြမ်းဘဲဟူသည်–ရသောလာဘ်ကို ဤအနေမျှ သူတစ်ပါ:

အားပေးမည်၊ ဤအနေမျှ ငါသုံးဆောင်မည်ဟု အာမိသကို ခွဲခြမ်းသော သူသည်လည်းကောင်း၊ ဤသူ ဤသူအား ဤမျှပေးမည်၊ ငါ ဤမျှသုံး ဆောင်မည်ဟု ပုဂ္ဂိုလ်ကိုခွဲခြမ်းသောသူသည်လည်းကောင်း၊ ပဋိဂ္ဂဟတ္တာ ယောဂီမည်၏။ ဤသို့. မခွဲခြမ်းမူ၍ မထေရ်ကြီးနေရာမှစ၍ လူပြိုးဂျင် ယူကြွင်းမျှကို သုံးဆောင်၏။ သီလဝန္တတို့နှင့်ဆိုသောကြောင့် ဒုသီလ အား မပေးလူသော်လည်း အပြစ်မရှိ။ သို့ရာတွင် သာရဏီယဓမ္မကို ဖြည့်ကျင့်သူကား အလုံးစုံတို့အား ပေးလူအပ်သည်သာတည်းဟု ဆို အပ်၏။ ဂိလာန– ဂိလာနအလုပ်အကျွေး, အာဂန္တု, ခရီးသွား, သက်နှံ: ချုပ်တတ်သူ စသည်တို့အား ရွေးချယ်၍လူခြင်းငှာလည်းအပ်၏။ ဤ သူတို့ကို ရွေးချယ်၍လူလျှင် ပုဂ္ဂိုလ်ကိုခွဲခြမ်းသည်မမည်။ လာဘ်ရခဲသူ တို့ဖြစ်သောကြောင့် အထူးပြုအပ်သည်သာတည်း။ ကျိုးပြတ်ခြင်းမရှိ စသည်၌ ခုနစ်ပါးသောအာပတ်အစုတို့၌ အစသိက္ခာပုဒ် အဆုံးသိက္ခာ ပုဒ်ပျက်လျှင် ခဏ္ဍ– ကျိုးပြတ်သည်မည်၏။ စုတ်သောပုဆိုးနှင့်တူ၏။ အလယ်သိက္ခာပုဒ်ပျက်လျှင် ဆိဒ္ဒ– ပေါက်ထွင်းသည်မည်၏။ ပေါက် သောပုဆိုးနှင့်တူ၏။ အစဉ်အတိုင်းနှစ်ခုသုံးခုပျက်လျှင် သဗလ– ကြောင်ကျားသည်မည်၏။ သဘောမတူသောအဆင်းဖြင့် ကျောက် ကုန်း ဝမ်းပိုက် ကြောင်ကျားသောနွားနှင့်တူ၏။ အကြားအကြား သိက္ခာပုဒ် ပျက်လျှင် ကမ္မာသ– ပြောက်ကွက်သည်မည်၏။ အဆင်းထူး အပြောက် အကွက်ဖြင့် ဆန်းကြယ်သောနွားနှင့်တူ၏။

* စ, ဆုံးနှစ်ရပ်၊ ပျက်စီးလတ်၊ ကျိုးပြတ်ခေါ် ခဏ္ဍ။ အလယ် အတွင်း ပျက်စီးခြင်း၊ ပေါက်ထွင်းမည် ဆိဒ္ဒ။ စဉ်တိုင်းအမျှား၊ ပျက်စီး ငြား၊ ကြောင်ကျား သဗလ။ အကြားအကြားကွက်၊ ပျက်စီးလျက်၊ ပြောက်ကွက် ကမ္မာသ။

အခြင်းခပ်သိမ်းမပျက်သောသီလတို့ကား အကွဏ္ဍ၊ အစ္ဆိဒ္ဒ၊ အသဗလ၊ အကမ္မာသတို့မည်ကုန်၏။ ထိုသီလတို့သည် တော်လှန်

သည်အဖြစ်ကိုပြုကတ်ကုန်၏။ ပညာရှိတို့ချီးမွန်းကုန်၏။ တဏှာဒိဋ္ဌိတို့ဖြင့်မသုံးသပ်အပ်ကုန်။ ဥပစာရသမ်ာဓိ အပွဋ္ဌာသမာဓိကိုဖြစ်စေနိုင်ကုန်၏။ တူမျှပုံကား–ထိုထိုအရပ်၌နေသော ကောင်းသောသီလရှိသောရဟန်းတို့နှင့်အတူတကွ သီလအားဖြင့်တူမျှခြင်းသို့ ရောက်လေ့ရှိ၏။ အကြင်သမ္မာဒိဋ္ဌိဟူသည် မဂ်နှင့်ယှဉ်သော သမ္မာဒိဋ္ဌိဖြစ်၏။ အရိယာတိနိဒ္ဒေသာ–အပြစ်မရှိသောသမ္မာဒိဋ္ဌိဖြစ်၏။ နိယျာတိတိ,နိယျာနိကာ–ထုတ်ဆောင်တတ်၏။ ထိုအတိုင်းကျင့်သူကို ဒုက္ခအားလုံး၏ကုန်ခြင်းအကျိုးငါထုတ်ဆောင်တတ်၏။]

(**ဓိဋ္ဌိ**။ ။ ဒုသီလအားမပေးလှူသော်လည်း အပြစ်မရှိဟုဆိုခြင်းကြောင့်သာလျှင် အလဒ္ဓိပရိဘောဂကို တားမြစ်အပ်၏။ အလုံးစုံတို့အား ပေးလှူအပ်သည်သာတည်း ဟူသော အဆုံးသတ်စကားဖြင့် မသိသူသည် ခွဲခြမ်းခြင်းမပြုဘဲ ပေးအပ်သည်အဖြစ်ကိုပြသည်ဟု ဓကေတို့ ဆိုကုန်၏။ သဗ္ဗေသံ ဒါတဗ္ဗမေဝ ဟု အဌကထာတို့၌ဆိုအပ်ပြီ။ အလဒ္ဓိနှင့် ဥက္ခိတ္တကတို့အား ပရိဘောဂကိုအဦးပြုခြင်းဖြင့် ကိုယ်တိုင်မပေးအပ်။ ပေးခိုင်းအပ်၏ဟု အပရေတို့ဆိုကုန်၏။ မသုံးသပ်အပ် ဟူသည် ဤမည်သောအပြစ်သို့ရောက်သည်ဟု သူတစ်ပါးတို့ မသုံးသပ်အပ်။ နိယျာတိသည် နိဗ္ဗာန်ကို အာရုံပြု၍ ထုတ်ဆောင်၏။

ဝိဋ္ဌိ။ ။ မေတ္တာယ သမ္ဗျုတ် မေတ္တံ။ မေတ္တာကြောင့်ဖြစ်သော ကာယကံတည်း။ တော်လှန်သည်အဖြစ်ကို ပြုခြင်းကား–တဏှာ၏ ကျွန်အဖြစ်မှ လွတ်စေ၍ သမထဝိပဿနာတို့၌ လွတ်လပ်စွာနေနိုင်ခြင်းကိုပြုခြင်းတည်း။ နိယျာတိ–သည် ပဝတ္တတိ–ကောင်းစွာ ဒုက္ခကုန်ခြင်းငါဖြစ်၏ဟူလို။ သာဒ္ဓိ ၌–သာရဏီယကျင့်ဝတ်၊ အာနိသင်တို့ဖြင့်ကျယ်ဝန်း၏။

သာဇီ-- သာရဏီယ ဟူသည် ဒေါက်မေ့အပ်သည် နှင့်ယှဉ်၏။ အောက်မေ့ထိုက်၏။ ကာလကြာသော်လည်း မမေ့အပ်။ မေတ္တာ ဗေဒသ အတ္ထိတိ မေတ္တံ- မေတ္တာရှိသော ကာယကံတည်း။ မေတ္တာယှဉ်သောစိတ်ကြောင့်ဖြစ်၏။ အာဝိ, ပကာသ, ပစ္စက္ခ (သမ္မုခါ)အနက်တူ၊ (ရဟော, အပကာသ, အပစ္စက္ခ, အသမ္မုခါ- အနက်တူ။) ပိယံ- ပိယာယိတဗ္ဗံ ကရောတီတိ ပိယကရဏော။ ဂရုံ- ဂရုဌာနိယံ ကရောတီတိ ဂရုကရဏော။ ချီးမြှောက်၍ဆိုခြင်းဟူသည် ဒေဝ, တိသဟု (ဂုဏ်ကင်းအောင်) မဆိုဘဲ ဒေဝမယေရ်ဟု ဂုဏ်တို့ဖြင့် မြှင့်၍ဆိုခြင်းတည်း။ မြတ်နိုးစွာဆိုခြင်းဟူသည် မြတ်နိုးသည်၏အဖြစ်ကို သိစေသောစကားတည်း။ မနောကံသည် မျက်ကွယ်သာ ဗဟုနစ်စစ်ဖြစ်၏။ ဝိညတ်စွမ်းဖြင့် မျက်မှောက်မည်၏။ ထိုဝိညတ်ကိုလည်း ကာယကံဟု ထင်ရှားသော လက်အမှုအရာ စသည်ကို မသုံးဘဲပြလိုရ၍ မျက်လုံးတို့ကိုဖွင့်လျက် စသည်ကိုဆိုသည်။ ထိုသို့ ကြည့်ရှုခြင်းလည်း မေတ္တာကာယကံသာတည်း။ မျက်လုံးနှုးညံ့ကြောင်း မျက်နှာကြည်လင်ကြောင်း စိတ်ကိုရည်ရွယ်သာ မေတ္တာမနောကံဟု ဆိုသည်။

မေတ္တာသုံးဝ။ မေတ္တာစိတ်ဖြင့် ဆရာဝတ် ဥပဇ္ဈာယ်ဝတ် စသော အာဘိသမာစာရိကဝတ္တကို ဖြည့်ကျင့်ခြင်းသည် မေတ္တာကာယကံမည်၏။ အပြစ်မရှိသော ကာယကံဟူ သမျှသည်အာဘိသမာစာရိကအမှု၌ အတွင်းဝင်၏။ လူတို့အားလည်း ဘုရားဖူးသွားခြင်း, သံဃာကိုပင့်ဘိတ်ရန်သွားခြင်း, ဆွမ်းခံ ရဟန်းကိုမြင်လျှင် ခရီးဦးကြိုဆို၍ သပိတ်လှမ်းယူခြင်း, နေရာခင်းပေးခြင်း, လိုက်ပို့ခြင်း စသည်သည် မေတ္တာကာယကံမည်၏။

မေတ္တာစိတ်ဖြင့် ကျင့်စရာ ဝိနည်းပညတ်, ကမ္မဋ္ဌာန်းတို့ကို ဟောပြောခြင်း၊ မေးမြန်းခြင်း၊ ဖွင့်ဆိုခြင်း စသည်ဖြင့် ဖြစ်စေအပ်သော တေပိဋကဗုဒ္ဓဝစနသည် မေတ္တာဝစီကံ မည်၏။ လူတို့အားလည်း ဘုရားဖူးသွားကြစို့၊ တရားနာသွားကြစို့၊ ဝါဆိုသင်္ကန်းလှူကြစို့၊ သံဃာတော်ကို ခရီးဦးကြိုဆိုကြလော၊ နေရာပေးကြလော၊ ရိုသေစွာလုပ်ကျွေးကြလော စသည်ဖြင့်ဆိုသောအခါ မေတ္တာဝစီကံမည်၏။ နံနက်စောစောထ၍ ကိုယ်လက်သုတ်သင်၍ စေတီယင်္ဂဏဝတ် စသည်ကိုပြု၍ ဆိတ်ငြိမ်ရာ၌ထိုင်လျက် ဤကျောင်းရှိရဟန်းတို့သည် ချမ်းသာကြစေကုန်သတည်း။ ဣမသို့ ဝိဟာရေ ဘိက္ခူ သုခီဟောန္တု–စသည်ဖြင့် ကြံစည်ခြင်းသည် မေတ္တာမနောကံမည်၏။ လူတို့အားလည်း အရှင်ကောင်းတို့သည် ချမ်းသာကြပါစေ စသည်ဖြင့် ကြံစည်စိတ်ကူးခြင်းသည် မေတ္တာမနောကံမည်၏။

လာဘ်ရဆက်သွယ်။ တရားသဖြင့်ရသောပစ္စည်းဟူသည် ကုဟန, လပန စသော မိစ္ဆာဇီဝကိုကြဉ်၍ တရားနှင့်အညီ ဆွမ်းခံသွားခြင်းဖြင့်ဖြစ်သောပစ္စည်းတည်း။ နှစ်ဌန်းသုံးဌန်းမျှရသော ဆွမ်းကိုသော်လည်း လှူဘွယ်ကိုလည်းကောင်း၊ အလှူခံကိုလည်းကောင်း မခွဲခြမ်းဘဲသုံးဆောင်လျှင် အပဋ္ဌိဝိဘတ္တဘောဂီမည်၏။ ဤမျှကိုလှူမည်၊ ဤမျှကိုမလှူဟု စိတ်ဖြင့်ခွဲလျှင် အာမိသပဋ္ဌိဝိဘတ္တမည်၏။ ဤသူအားလှူမည်၊ ဤသူအားမလှူဟု စိတ်ဖြင့် ခွဲလျှင် ပုဂ္ဂလပဋ္ဌိဝိဘတ္တမည်၏။ ထိုနှစ်ပါးကိုလည်း မပြုဘဲသုံးဆောင်မှ အပွဋ္ဌိဝိဘတ္တဘောဂီမည်၏။ ဒုဿီလအားမပေးလှူသော်လည်း၌ ဝိသဒ္ဒါဖြင့် ပေးလှူသော်လည်း အပြစ်မရှိဟုပြသည်။ ဒါနမည်သည်ကို တစ်စုံတစ်ယောက်အားမတားအပ်။ ထို့ကြောင့် ဒုဿီလအားလည်း အလိုရှိလျှင် သနားခြင်းအားဖြင့် ပေးအပ်၏။ ဝတ်ဖြည့်ကျင့်

ခြင်းအစွမ်းဖြင့် မပေးအပ်။ သာရဏီယဓမ္မဖြည့်ကျင့်သူသည် အပ္ပဋိဝိဘတ္တဘောဂီဖြစ်ခြင်းကြောင့် အလုံးစုံတို့အား ပေးလှူအပ်သည်သာတည်း ဟုဆိုသည်။ ဂိလာန စသည်တို့ အား ရည်စူးရှေပေးခြင်းသည် အပ္ပဋိဝိဘာဂဒါယကတို့ရှိ၏။ ဤသူ အားမပေးအံ့ ဟု ပယ်ခြင်းမရှိသောကြောင့်တည်း။ ဗျတိရေက ပြဓာန်းမှ ပဋိဝိဘာဂဖြစ်သည်။ ဆက်ဆံစွာ သုံးဆောင်ရာ၌ လက္ခဏာကား "ရသောလာဘ်ကို လာဘ်ဖြင့် လာဘ်ရာ နည်းမျိုးဖြင့် လူတို့အားမပေးဘဲ မိမိ၏ အာဇီဝသုဒ္ဓိကို စောင့်၏။ အသာဓာရဏဘောဂီမဖြစ်ပါစေလင့်ဟု မိမိလည်း မသုံးဆောင်။ အလှူခံစဉ်အခါကပင် သံဃာနှင့်ဆက်ဆံခြင်း ဖြစ်ပါစေဟု နှလုံးသွင်းရှေ ခံယူပြီးသောအခါ ကျောက်စည်, ခေါင်းလောင်းထိုးရှေ ဝေဘန်အပ်သော သံဃာ့ဥစ္စာကဲ့သို့ရှု၏"

ဤစကားဖြင့် ကာလသုံးပါးလုံး၌ ဆက်ဆံခြင်းဖြင့် ထိုလာဘ်၏ဖြစ်ခြင်းကိုပြသည်။ အလှူခံဆဲ၊ အလှူခံပြီး ဆက်ဆံခြင်း နှစ်ပါးသည် ထိုသို့သော ပုဗ္ဗဘာဂနှင့်ကင်းရှေ မဖြစ်။ ထို့ကြောင့် အလှူမခံမီလည်း ဆက်ဆံခြင်းရှိ၏။ ဤသို့ လက္ခဏာသုံးပါးနှင့်ပြည့်စုံသောလာဘ်ကို မခွဲမခြမ်း မထေရ် ကြီးနေရာမှုစရှေ လှူပြီးလျှင် ယူကြွင်းမျှကို သုံးဆောင်သူသည် သာဓာရဏဘောဂီ၊ အပ္ပဋိဝိဘတ္တဘောဂီဖြစ်၏။ (သီလ, ဒိဋ္ဌ နှစ်ပါးကျန်သေး၏။)

သာရဏီယဓမ္မဖြည့်ကျင့်နည်း။ ဤသာရဏီယဓမ္မ ကို အဘယ်သူပြည့် စေသနည်း၊ အဘယ်သူမပြည့်စေသနည်း။ ဒုသီလသည် မပြည့်စေနိုင်။ သူ၏ပစ္စည်းကို သီလဝန္တတို့ မခံယူ သောကြောင့် တည်း။ သီလစင်ကြယ်သူသည် ကျင့်ဝတ်မကျိုး လျှင်ပြည့်စေ နိုင်၏။

ညောင်လေးပင်တောရ–အရသာဆရာတော်

ကျင့်ပက်ကား– ရည်စူးရ်ု မိဘ, ဆရာ, ဥပဇ္ဈာယ်တို့
အား လူအုံ့၊ လူအပ်သူကိုလူစေကာမူ
သာရဏီယဓမ္မကား မဖြစ်။ ပလိဇောဓ ဇဂ္ဂန ကြောင့်ကြ
ဘွယ်ကို သုတ်သင်သည်မည်၏။ သာရဏီယဓမ္မသည်
ပလိဇောဓလွတ်သူအား သာ သင့်လျော်၏။ ရည်စူးရ်ုပေးလို
လျှင် ဂိလာန, ဂိလာနအလုပ်အကျွေး, အာဂန္တု, ခရီးသွား,
သပိတ် သင်္ကန်းမကိုင်တတ်သေးသော သင်္ကန်းဝတ်စ တို့အား
ပေးအပ်၏။ ထိုသူတို့အားပေး၍ အကြွင်းကိုမထေရ်ကြီး
နေရာမှ၁၍ အနည်းငယ်စီမပေးဘဲ ယူသလောက်ပေးအပ်၏။
မကျန်လျှင် တဖန်ဆွမ်းခံသွား၍ မထေရ်ကြီးနေရာမှစ၍
မွန်မြတ်သည်ကိုလှူ၍ အကြွင်းကိုဘုဉ်းပေးအပ်၏။ သာရဏီယ
မမ္မအစီအရင် ကျွမ်းကျင်သောပရိသတ်၌ ပြည့်လွယ်၏။
ကျွမ်းကျင်သူသည် အခြားမှရပြီးလျှင်မယူ၊ မရ၍ယူလျှင်လည်း
ပမာဏသင့်ရုံ ယူ၏။ အပိုအလွန်မယူ၊ ဤသို့အကြိမ်ကြိမ်
ဆွမ်းခံသွား၍ ရတိုင်းလှူသူအား တစ်ဆယ့်နှစ်နှစ်ဖြင့် ကျင့်ဝတ်
သည်ပြည့်၏။ ယုတ်လျှင် မပြည့်။ တစ်ဆယ့်နှစ်နှစ်ပြည့်
အုံ့သောနေ့ရက်၌ ဆွမ်းအပြည့်သပိတ်ကို ဆွမ်းစားကျောင်း၌
ထား၍ ရေချိုးသွားခိုက်တွင် အားလုံးယူ၍ စီရင်၍ သုံးဆောင်၍
သပိတ်ချည်းသက်သက်ထားအုံ့။ ရေချိုးရာမှပြန်လာသော
အခါ" ငါ့ကို့မှု မချန်ဘဲ အကုန်စားကြသည်" ဟု စိတ်မချမ်း
မသာဖြစ်အုံ့၊ သာရဏီယဓမ္မသည် ကွဲပျက်၏။ တဖန်
တစ်ဆယ့်နှစ်နှစ် ကျင့်အပ်၏။ တိတ္ထိယပရိဝါသ်ကဲ့သို့
တစ်ကြိမ်ပျက်လျှင် ပြန်၍ ဖြည့်ကျင့်အပ်၏။ ထိုသို့မဟုတ်ဘဲ
ရေချိုးရာမှ ပြန်လာသောအခါ အချည်းနီးသပိတ် ကိုမြင်လတ်
သော် " လာဘာ ဝတ ဟေ. သုလဒ္ဓံ ဝတ ဟေ– ငါ့အား
အရဟတ်လေစွာ၊ ရဟန်းဖြစ်ရကျိုးနပ်လေစွ။ ငါ့ဆွမ်းကို

မပန်မကြား အကုန်စားကုန်၏။ သီတင်းသုံးဘော်တို့သည် ငါ့အားချစ်ကျွမ်းဝင်ကုန်စွ" ဟု ဝမ်းမြောက်ဝမ်းသာဖြစ်အံ့ ဝတ်ပြည့်သည်မည်၏။ ဤသို့ သာရဏီယဓမ္မ ပြည့်သူအား ဣဿာမရှိ၊ မစ္ဆရိယမရှိ၊ လူတို့ချစ်ကုန်၏။ ပစ္စည်း ရလွယ်၏။ သပိတ်၌ရှိသမျှကို ပေးမကုန်။ ဘဏ္ဍာဝေဘန်ရာ၌ အကောင်းဆုံးဘဏ္ဍာရ၏။ ဘေးရန်ရှိသောအခါ ငတ်မွတ်သောအခါတို့၌ နတ်တို့သည် ကြောင့်ကြစိုက်ကုန်၏။

ပေးမကုန်သောဝတ္ထု။ လေဏဂိရိဝါသီတိသမထေရ်သည် မဟာခီရရှာကိုမှီ၍နေ၏။ နာဂဒီပသို့ ဘုရားဖူးသွားသောမထေရ်ငါးဆယ်တို့သည် ထိုရွာ၌ ဆွမ်းခံ၍ တစ်စုံတစ်ခုမျှမရဘဲထွက်လာကုန်၏။ တိသမထေရ်သည် ထိုအကြောင်းကိုသိ၍ အရှင်ဘုရားတို့ ဤနေရာ၌ ခေတ္တဆိုင်းကြပါဦးဟုဆို၍ ဆွမ်းခံဝင်၏။ ရွာဦးအိမ်တစ်အိမ်မှ ဒါယိကာမကြီးသည် နို့ဆွမ်းကိုစီမံ၍ မြှော်လင့်ကာနေခိုက် အိမ်ရှေ့သို့ရောက်သောအခါ သပိတ်အပြည့်လှူ၏။ မထေရ်သည် ထိုဆွမ်းကိုယူ၍ မထေရ်ငါးဆယ်ထံသွား၍ အလှူခံတော်မူကြပါဟုဆို၏။ မထေရ်တို့သည် ငါတို့ငါးဆယ် အချိန်ကြာသွားလျက် ဘာမျှမရ။ ဤရဟန်းကားရလွယ်လှ၏။ အဘယ်သို့သောဆွမ်းနည်းဟု တစ်ပါးကိုတစ်ပါးကြည့်ကာနေကုန်၏။ မထေရ်သည် ထိုအခြင်းအရာဖြင့် ရိပ်မိ၍ အရှင်ဘုရားတို့ တရားသဖြင့်ရသောဆွမ်း ဖြစ်ပါသည်။ ကုက္ကုစ္စ သံသယရှိတော်မမူကြပါနှင့်ဟု အစမှစ၍ မထေရ်ငါးဆယ်အား အလိုရှိတိုင်းပေးလှူ၍ မိမိလည်း အလိုရှိတိုင်းဘုဉ်းပေး၏။ ဆွမ်းကိစ္စပြီးသောအခါ မထေရ်တို့သည် ဤသို့မေးကုန်၏။ ငါ့ရှင် လောကုတ္တရာတရားကို အဘယ်အခါ၌ရသနည်း။ လောကုတ္တရာတရား အကျွန်ပ်အားမရှိပါ။ ဈာန်ရ

သလော။ ဗျာန်လဲမရှိပါ။ တန်ခိုး ပြာဋိဟာဝမဟုတ်လော။ အရှင်ဘုရားတို့ အကျွန်ုပ်သည် သာရဏီယဓမ္မကို ဖြည့်ကျင့်ပါသည်။ ထိုဓမ္မ ပြည့်သောအခါမှစ၍ ရဟန်းတစ်ရာ, တစ်ထောင်, တစ်သိန်းဖြစ်စေကာမူ သပိတ်ဌ်ရသောဆွမ်းမကုန်ပါဘုရား ဟု လျှောက်၏။ သာဓု, သာဓု သပ္ပုရိသ+ သင့်အား ဤဓမ္မသည်လျှောက်ပတ်လေစွ–ဟုဆိုကုန်၏။

လာဘ်ကောင်းရသောဝတ္ထု။ ဤတိ သမဏေရ် သည်သာလျှင် စေတိယတောင် ပူဇော်ပွဲအလှူသို့ကြွသွား၍ ဤအမှုဌ် အကောင်းဆုံးဘဏ္ဍာအဘယ်နည်းဟုမေး၏။ ဤအဝတ်နှစ်ထည်သည် အကောင်းဆုံးဟုဆိုလတ်သော် ငါ၏အထံသို့ ရောက်ကုန်လတ္တံ့ဟုမိန့်ဆို၏။ အမတ်သည် ထိုစကားကို မင်းကြီးအား လျှောက်၏။ မင်းကြီးသည် ဤရဟန်းငယ်အား ဤသို့ စိတ်ဖြစ်သော်လည်း မဏေရ်ကြီးတို့အားသာ သင့်လျော်ကုန်၏။ မဏေရ်ကြီးတို့အားလှူမည်ဟု ဖယ်ထား၏။ မင်းကြီးသည် အစဉ်အတိုင်းတည်သောမဏေရ်တို့ကို လှူသောအခါ လက်သို့ရောက်သော အဝတ်တို့ကိုလှူ၍ ထိုရဟန်းငယ်အား လှူအံ့သောအခါ ဦးခေါင်းထက်ဌ်တင်ထားသော အဝတ် နှစ်ထည်တို့သည် လက်သို့ရောက်လာ၍ ထိုရဟန်း၏လက်ဌ် ထား၍ အမတ်ကို ကြည့်ပြီးလျှင် ရဟန်းငယ်ကိုထိုင်စေ၏။ အလှူပြီး၍ သံဃာအပေါင်းကို ကြွစေပြီးလျှင် ရဟန်းငယ်အား အရှင်သည် ဤတရားကို အဘယ်အခါဌ် ရပါသနည်းဟု လျှောက်၏။ မင်းကြီး ငါ့အား လောကုတ္တရာတရားမရှိဟု ဆို၏။ ရှေးမဆွကပြောထားသည် မဟုတ်ပါလော။ မင်းကြီး ပြောသည်မှတ်၏။ ငါသည် သာရဏီယဓမ္မကို ဖြည့်ကျင့်၏။ ထိုဓမ္မပြည့်သောအခါမှစ၍ ဘဏ္ဍာဝေဘန်တိုင်း အကောင်းဆုံးဘဏ္ဍာသည်

ငါ့အထံသို့ ရောက်၏ဟု ဆိုလတ်သော် သာဓု, သာဓု သပ္ပုရိသ။ အရှင်မြတ်တို့အား ဤမမှသည် လျှောက်ပတ်လေစွ ဟု ရှိခိုး၍ ဖဲသွား၏။

နတ်တို့ကြောင့်ကြစိုက်သောဝတ္ထု။ စဏ္ဍာလတိသ ဘေးကြီး ဆိုက် ရောက်သောအခါ ဘာတရရှာသားတို့သည် နာဂထေရီမကို မပြောကြားဘဲ ထွက်ပြေးကုန်၏။ ထေရီမသည် နံနက် စောစော၌ " ရှာ၌ အသံဆိတ်လွန်းသည်" ဟု စူးစမ်းစေ၍ သိလတ်သော် ဘိက္ခုနီငယ်ရွယ်သူတို့ကို "သင်တို့သည် ရှာသားတို့ ထွက်သွားသည်ကို မကြံကြလင့်၊ သရဏာယ်ခြင်း နလုံးသွင်းခြင်းတို့၌သာ အားထုတ်မြဲအားထုတ်ကြလော" ဟုဆို၍ ဆွမ်းခံချိန်ရောက်သောအခါ သင်္ကန်းရုံ၍ မိမိနှင့် တစ်ဆယ့်နှစ်ပါး ရှာတံခါး၌ နိုင်ကြောမညောင်ပင်အောက်၌ ရပ်၏။ ညောင်ပင်စိုးအုပ်သော ရက္ခဒိုးနတ်သည် ဘိက္ခုနီ တစ်ဆယ့်နှစ်ပါးအား ဆွမ်းလှူ၍ အရှင်မတို့ အရပ်တပါးသို့ မသွားကြပါနှင့်၊ ဤအရပ်သို့သာ အမြဲ ဆွမ်းခံကြကြပါ ဟု ဆို၏။ မထေရ်မ၏မောင်ငယ် နာဂမထေရ်သည်လည်း မမျှတသဖြင့် ကမ်းတစ်ဘက်သို့သွားမည်ဟု မိမိနှင့်အဂ္ဂ တစ်ဆယ့်နှစ်ပါး ထွက်ခဲ့၍ ဘာတရရှာသို့ရောက်လာ၏။ ထေရီမသည် ကစ်ရက်မျှဆိုင်းစေ၍ သစ်ပင်၌ဆွမ်းခံ၍ "ဤဆွမ်းကို ဘုဉ်းပေးကြပါ" ဟု လျှောက်၏။ မထေရ်သည် "ဝဋ္ဌသကီ ထေရီ အပ်ပေလတံ့ " ဟုဆို၍ ဆိတ်ဆိတ်နေ၏။ " မောင်တော် ဓမ္မိကပိဏ္ဍပါတဖြစ်သည်၊ ကုက္ကုစ္စမပြုမူ၍ ဘုဉ်းပေးပါ" ဟု ဆိုလတ်သော် " ဝဋ္ဌသကီထေရီ " ဟုဆို၏။ ထေရီမသည် သပိတ်ကို ကောင်းကင်သို့ပစ်လိုက်၏။ သပိတ် သည် ကောင်းကင်၌တည်၏။ မထေရ်သည် " အရှင်မ

ထန်းခုနစ်ဆင့်မျှ၌ တည်သော်လည်း ဘိက္ခုနီ၏ ဘတ္တာသာ တည်း" ဟုဆို၍ ဘေးသည် အခါခပ်သိမ်းဖြစ်သည်မဟုတ် ဘေးကင်းသောအခါ အရိယဝံသတရားကိုဟောစဉ် ဘိက္ခုနီ ဆွမ်းစား၍ ကာလကိုလွန်စေခဲ့ပြီဟု သတိရလျှင် စိတ်သက်သာ မည်မဟုတ်။ မမေ့မလျော့နေကြပါလောဟုဆို၍ ခရီးကြွသွား ကုန်၏။ ရက္ခဒိုးနတ်သည်လည်း ဘိက္ခုနီ၏ဆွမ်းကို မဘုဉ်း ပေးကြဟုသိ၍ သစ်ပင်မှင်ငုံ၍ သပိတ်တောင်း၍ သစ်ပင် အောက်သို့ပင့်၍ ဆွမ်းလှူ၏။ ဆွမ်းကိစ္စပြီးလတ်သော် ပဋ္ဌာ ပြုစေ၍ ရဟန်းတစ်ကျိပ်နှစ်ပါးကိုလည်းကောင်း၊ ဘိက္ခုနီ တစ်ကျိပ်နှစ်ပါးကိုလည်းကောင်း ခုနစ်နှစ်ပတ်လုံး လုပ်ကျွေး၏။ ထိုဌ၌ မထေရ်မသည် သာရဏီယဓမ္မပြည့်သူဖြစ်၏။

စင်ကြယ်သီလ။ ရဟန်းသီလဖြစ်လျှင် ဥဒ္ဒေသ အစဉ်ဖြင့် အစကိုအဆုံးကို သိအပ်၏။ ထို့ကြောင့် ခုနစ်ပါးသောအာပတ်အစုတို့ဌ် စသည်ကို ဆိုသည်။ အနုပသမ္ပန္နဓ၏သီလဖြစ်လျှင် ဆောက် တည်သောအစဉ်ဖြင့်လည်း အစကို အဆုံးကို သိအပ်ကုန်၏။ စုတ်သော ပုဆိုးနှင့်ကုန်၏ဟူသည်– အဝတ်၏အစွန်းဌ် လည်းကောင်း၊ အဆာ၏အပွန်းဌ်လည်းကောင်း ပြတ်သော အပတ်နှင့်တူ၏။ မတူသောအဆင်းဖြင့် ထက်ဝက် လည်းကောင်း၊ သုံးဘို့တစ်ဘို့ လည်းကောင်း အဆင်းကွဲလျှင် သဗလမည်၏။ အဆင်းမတူသော အပြောက်တို့ဖြင့် အကြား အကြားဌ်ရောလျှင် ကမ္မာသမည်၏။ ဂိဝဋ္ဋပုနိသယအဖြစ်သို့ ရောက်သော သီလသည် တဏှာ၏ကျွန်အဖြစ်မှလွတ်စေ၏။ တော်လှန်သည်အဖြစ်ကို ပြု၏။ ဘုဇိသကရ ဟုဆိုအပ်လျက် နောက်ပုဒ်ချေ၍ ဘုဇိသ ဟုညွှန်းပြသည်။ ထိုသီလနှင့် ပြည့်စုံသူ သည် သေရီ–သယံဝသီ– လွတ်လပ်စွာနေနိုင်၏။ ဘုဇိသမည်

၏။ ထို့ကြောင့်လည်း ဘုဇိသ ဟု ညွှန်းပြသည်။ စင်ကြယ်သည်အဖြစ်ဖြင့် ချီးမွမ်းအပ်သောကြောင့် ဝိညုပ္ပသတ္တမည်၏။ အဝိညူ၏ ချီးမွမ်းခြင်း ပမာဏမဟုတ်သောကြောင့် ဝိညူသဒ္ဒါ ဖြင့်ဆိုသည်။ ဤသီလဖြင့် နတ် ဗြဟ္မာဖြစ်လို၏ဟု တဏှာသုံးသပ်ခြင်းဖြင့်လည်းကောင်း၊ ဤသီလဖြင့် နတ် ဗြဟ္မာဖြစ်လျှင် နိစ္စ, ဓုဝ, သဿတ ဖြစ်ရလတံ့ဟု ဒိဋ္ဌိသုံးသပ်ခြင်းဖြင့်လည်းကောင်း မသုံးသပ်အပ်သောကြောင့် အပရာမဋ္ဌမည်၏။ ဗာစ်နည်း- သင်၏သီလ၌ ဤအပြစ်ရှိသည်ဟု ဝိပတ္တိလေးပါး တစ်ပါးပါးပြ၍ စွပ်စွဲခြင်းငှာ မတတ်ကောင်းသောကြောင့် အပရာမဋ္ဌမည်၏။ သီလ မည်သည် နှလုံးသာယာခြင်း စသောအဆက်ဆက်ဖြင့် သမာဓိကိုပြီးစေနိုင်သောကြောင့် သမာဓိသံဝတ္တနိကမဲည်၏။ သမာဓိဖြစ်ခြင်း အကျိုးရှိ၏။ သမာနဘာဝေါ သာမည်= (တူမျှခြင်း) စတုပါရိသုဒ္ဓိသီလပြည့်စုံသဖြင့် အလယ်ဌဖြတ်သော ရွှေသားကဲ့သို့ ကွဲပြားခြင်းမရှိခြင်းကြောင့် သီလအားဖြင့်တူ၏။ သောတာပန်စသည်တို့၏သီလသည် သမုဒ္ဒရာခြားရှိနေသော်လည်းကောင်း၊ နတ်ပြည်ဌနေသော်လည်းကောင်း တစ်ပါးသော သောတာပန်စသည်တို့၏ သီလနှင့် တူသည်သာတည်း။ မဂ်သီလ၌ အထူးမရှိ။ ပုထဇဉ်တို့အား စတုပါရိသုဒ္ဓိသီလချင်း တူသော်လည်း ဧကန္တိက မဟုတ်။ မဂ်သီလကား နိယတဖြစ်ခြင်းကြောင့် ဧကန္တိကဖြစ်၏။ ထို့ကြောင့် ဤ၌ မဂ်သီလကို (တူမျှခြင်း ဟု) ရည်ဆိုသည်။

အယူမှတ်။ အကြင်သမ္မာဒိဋ္ဌိဟူသည် သင်တို့ ငါတို့၏ ပစ္စက္ခဖြစ်သော မဂ္ဂသမ္မာဒိဋ္ဌိဖြစ်၏။ ခါတွက်အပ်သောအပြစ်ရှိသောကြောင့်၊ ဝါ- အပြစ်ကိုခါပစ်ပြီးဖြစ်သောကြောင့် နိဒ္ဒေါသမည်၏။ ရာဂစသော ပါပ

ဓမ္မကို အမြစ်ရင်းဖြတ်ပြီးသော သမ္မာဒိဋ္ဌိဟူလို။ နိယျာတိ ဟူသည် ဝဋ်ဆင်းရဲမှထွက်သွား၏။ ထိုသမ္မာဒိဋ္ဌိသည် ကိုယ်တိုင် ထွက်လျက် မဂ္ဂသမၼာပုဂ္ဂိုလ်ကို ဝဋ်ဆင်းရဲမှ ထွက်စေသည်ဟု ဆိုအပ်၏။ တံ ကရောတိတိ တက္ကရော– ဘုရား၏အဆုံးအမကို ပြုသူ။ ဆုံးမတိုင်းကျင့်သူဟူလို။ သစ္စာလေးပါးထိုးထွင်း၍ သိခြင်းဖြင့် အယူတူသောသူ၏အဖြစ်သို့ ရောက်၏)

၂၇၅။ **ဘေဒကရ စသည်အကျယ်။** တိုတွင် ဘေဒကရဝတ္ထုတစ်ဆယ့်ရှစ်ပါးသည် အဘယ်နည်း။ ဤသာသနာ၌ ရဟန်းသည် အဓမ္မကို ဓမ္မဟုပြု၏။ ဓမ္မကို အဓမ္မဟုပြု၏။(တစ်စုံ)။ အဝိနယကို ဝိနယဟု––။ ဝိနယကို အဝိနယဟု––။(တစ်စုံ)။ ဘုရားမဟောသည်ကို ဘုရားဟောသည်ဟု––။ (အပြန်အလှန်တစ်စုံ)။ ဘုရားအလေ့အကျင့်မဟုတ်သည်ကို အလေ့အကျင့်ဟု––(တစ်စုံ)။ မပညတ်သည်ကို ပညတ်သည်ဟု––(တစ်စုံ)။ အာပတ္တိကို အနာပတ္တိဟု––(တစ်စုံ)။ လဟုကအာပတ်ကို ဂရုကအာပတ်ဟု––(တစ်စုံ)။ သာဝသေသအာပတ်ကို အနာဝသေသအာပတ်ဟု––(တစ်စုံ)။ ဒုဋ္ဌုလ္လအာပတ်ကို အဒုဋ္ဌုလ္လအာပတ်ဟု––(တစ်စုံ)။ ပေါင်း ကိုးစုံ။ ဤကား ဘေဒကရဝတ္ထု ၁၈–ပါးတည်း။

* ဓမ္မ, ဝိနယ၂၊ ဘာသိတ၁၊ စိဏ္ဏ, ပညတ်ဒုက်၂။
အာပတ်, လဟုက၂၊ ဒုဋ္ဌုလ္ဿ၁၊ သာဝသေသဒုက်၁။
တစ်ဆယ့်ရှစ်ခု၊ ကွဲပြားမှု၊ ဝတ္ထု ကိုးခုဒုက်။

အဓိကရဏလေးပါးသည် အဘယ်နည်း။ ဝိဝါဒါဓိကရဏ်း၊ အနုဝါဒါဓိကရဏ်း၊ အာပတ္တာဓိကရဏ်း၊ ကိစ္စာဓိကရဏ်းတည်း။

သမထခုနစ်ပါးသည် အဘယ်နည်း။ သမ္မုခါဝိနည်း၊ အမူဠှဝိနည်း၊ ပဋိညာတကရဏ၊ ယေဘုယျသိကာ၊ တဿပါပိယျသိကာ၊ တိဏဝတ္ထာရကတည်း။

ကတိပုစ္ဆာဝါရပြီး၏။

၅။ ဝိသတိဝါရ

၁။ ဆအာပတ္တိသမုဋ္ဌာနဝါရ

၂၇၆။ ပဌမအာပတ္တိသမုဋ္ဌာန်ကြောင့် (ဝါ- ကာယကြောင့်) ပါရာဇိက သို့ရောက်ရာသလော။ နဟိ- မရောက်ဟုဆိုအပ်၏။ သံဃာဒိသေသ်သို့ရောက်ရာသလော။ သိယာ- အချို့ရောက်သည်ဟုဆိုအပ်၏။ ထုလ္လစ္စည်းသို့ရောက်ရာသလော။ သိယာ- ဟုဆိုအပ်၏။ ပါစိတ်သို့ရောက်ရာသလော။ သိယာ- ဟု ဆိုအပ်၏။ ပါဋိဒေသနီသို့ရောက်ရာသလော။ သိယာ- ဟုဆိုအပ်၏။ ဒုက္ကဋ်သို့ရောက်ရာသလော။ သိယာ- ဟုဆိုအပ်၏။ ဒုဗ္ဘာသိသို့ရောက်ရာသလော။ နဟိ- မရောက်ဟုဆိုအပ်၏။ (သိယာ-၅)

ဒုတိယသမုဋ္ဌာန် (ဝါစာ)ကြောင့် ပါရာဇိကသို့ရောက်ရာသလော။ နဟိ။ သံဃာဒိသေသ်သို့။ သိယာ။ ထုလ္လစ္စည်း။ သိယာ။ ပါစိတ်။ သိယာ။ ပါဋိဒေသနီ။ နဟိ။ ဒုက္ကဋ်။ သိယာ။ ဒုဗ္ဘာသိ။ နဟိ။ (သိယာ-၄)

တတိယသမုဋ္ဌာန် (ကာယဝါစာ)ကြောင့် ပါရာဇိက။ နဟိ။ သံဃာဒိသေသ်, ထုလ္လစ္စည်း, ပါစိတ်, ပါဋိဒေသနီ, ဒုက္ကဋ်။ သိယာ။ ဒုဗ္ဘာသိ။ နဟိ။ (သိယာ-၅)

စတုတ္ထသမုဋ္ဌာန် (ကာယစိတ္တ)ကြောင့် ပါရာဇိက, သံဃာဒိသေသ်, ထုလ္လစ္စည်း, ပါစိတ်, ပါဋိဒေသနီ, ဒုက္ကဋ်။ သိယာ။ ဒုဗ္ဘာသိ။ နဟိ။ (သိယာ-၆)

ပဉ္စမသမုဋ္ဌာန် (ဝါစာစိတ္တ)ကြောင့် ပါရာဇိက, သံဃာဒိသေသ်, ထုလ္လစ္စည်း၊ ပါစိတ်။ သိယာ။ ပါဋိဒေသနီ။ နဟိ။ ဒုက္ကဋ် , ဒုဗ္ဘာသိ။ သိယာ။ (သိယာ-၆)

ဆသမုဋ္ဌာန် (ကာယဝါစာစိတ္တ)ကြောင့် ပါရာဇိက, သံဃာဒိသေသ်, ထုလ္လစ္စည်း, ပါစိတ်, ပါဋိဒေသနီ, ဒုက္ကဋ်။ သိယာ။ ဒုဗ္ဘာသိ။ နဟိ။(သိယာ-၆)

(**ဓိဋ္ဌိ**။ ။ ပဌမသမုဋ္ဌာန်ကြောင့် ဒုဗ္ဘာသိ- နဟိ ဟု သည်ကား ဝါစာစိတ္တစွမ်းဖြင့်သာ ဒုဗ္ဘာသိသို့ရောက်သော

ကြောင့်တည်း။

ဝိဇ္ဇာ။ ။ ပဌမအာပတ္တိသမုဋ္ဌာန်ကြောင့်ဟူသည် ကာယသက်သက်ကြောင့်တည်း။ ပါရာဇိကအာပတ်သည် ဧကန္တသစိတ္တကသမုဋ္ဌာန်ဖြစ်၏။ ထို့ကြောင့် နဟိ– ဟုဆိုသည်။ သံဃာဒိသေသ်မှ ဒုက္ကဋ်အထိ ငါးပါးကား အစိတ္တကလည်းဖြစ်၏။ ထို့ကြောင့် သိယာ– ဟုဆိုသည်။ အယုတ်, အမြတ်, ဇာတ် စသည်တို့ဖြင့် ဆဲရာ၌သာ ဒုဗ္ဘာသီကို ပညတ်၏။ ထို့ကြောင့် ဒုဗ္ဘာသီသည် ဧကန္တ ဝါစာစိတ္တသမုဋ္ဌာန်သာတည်း။ ဒုတိယသမုဋ္ဌာန်၌ ဝါစာသက်သက်ဖြင့် ပါဋိဒေသနီရောက်ခြင်းမရှိ။ ထို့ကြောင့် နဟိ– ဟုဆိုသည်။ တတိယသမုဋ္ဌာန်ကြောင့် အကျွမ်းဝင်ရာ၌စီရင်သော ဘိက္ခုနီကို ကာယဝါစာတို့ဖြင့် မမောင်းမဲလျှင် ပါဋိဒေသနီဖြစ်သည်။ ထို့ကြောင့် သိယာ– ဟု ဆိုသည်။ သြမသနပါစိတ်သည် အဒိန္နာဒါနသမုဋ္ဌာန်ရှိသော်လည်း ဆဲခြင်းကြောင့်ပညတ်သော ဒုဗ္ဘာသီသည် ပဌမသမုဋ္ဌာန် ဝါစာစိတ္တကြောင့်သာ ဖြစ်သည်ဟု ပြုခြင်းငှာ စတုတ္ထသမုဋ္ဌာန်၌ ဒုဗ္ဘာသီကို နဟိ– ဟုဆို၍ ပဌမသမုဋ္ဌာန်၌ သိယာ– ဟုဆိုသည်။ ကာယဝိကာရ သက်သက်ဖြင့်ဆဲသူအား ဒုဗ္ဘာသီမသင့်သော်လည်း ကာယဝိကာရရှိခြင်းကြောင့် ဒုက္ကဋ်သာသင့်သည် ဟု မှတ်အပ်၏။ ဆဋ္ဌသမုဋ္ဌာန်၌ရှိသော ကာယသည် ဒုဗ္ဘာသီ၏ အင်္ဂါမဖြစ်။ ပဌမ၌သာ ဆဋ္ဌဝင်သည်ဟုပြုခြင်းငှာ နဟိ–ဟု ပယ်သည်။ ဒုဗ္ဘာသီအလျှင်းမရှိဟုပြုခြင်းငှာ ပယ်သည်မဟုတ်။ မြှုံးတူးလို၍ ကာယဝါစာတို့ဖြင့်ဆဲလျှင် ဒုဗ္ဘာသီမသင့်သည်မဟုတ်။ ပဌမကြောင့်သင့်သောအာပတ်သည် ဆဋ္ဌကြောင့်လည်း သင့်သည်သာတည်း။ ဓမ္မဒေသနာအာပတ်ကဲ့သို့ဟု ယူအပ်၏။)

ဝိသတိဝါရ

၂။ ဆန့်အာပတ္တိသမုဋ္ဌာနာနံ ကတာပတ္တိဝါရ

၂၇၇။ ပဌမအာပတ္တိသမုဋ္ဌာန်ကြောင့် အဘယ်မျှသောအာပတ်တို့သို့ ရောက်သနည်း။ ပဌမကြောင့် ငါးပါးသောအာပတ်ကို့သို့ရောက်၏။ ရဟန်းသည်ကပ္ပိယသညာဖြင့် သညာစိတ္တာကုဋ္ဌိကို နေရာမကြားဘဲ ပဟာဏလွန်အောင် ဘေးရန်ရှိလျက် ဥပစာမရှိလျက် ပြုလုပ်အံ့။ ပယောဂတိုင်း ဒုက္ကဋ်။ နောက်ဆုံး မြေဆိုင်မရောက်မီ ကုလ္လစ္ဆည်း။ ထိုမြေဆိုင်ရောက်လျှင် သံဃာဒိသေသ်။ ကပ္ပိယသညာဖြင့် နေလွဲ ဘောဇဉ်စားလျှင် ပါစိတ်။ ကပ္ပိယသညာဖြင့် ရွာတွင်းဌိတည်သော အညာတိကာဘိက္ခုနီ၏လက်မှ ခဲဘွယ်ဟောဇဉ်ကို မိမိလက်ဖြင့်ခံ၍စားလျှင် ပါဋိဒေသနီ။ ဤသို့ ငါးပါးသောအာပတ်ကို့သို့ရောက်၏။

ထိုငါးပါးသောအာပတ်တို့သည် လေးပါးသောပိပတ္တိတို့တွင် အဘယ်ဝိပတ္တိသို့သက်ဝင်ကုန်သနည်း။ ခုနစ်ပါးသောအာပတ်အစုတို့တွင် အဘယ်အစုဖြင့် ရေတွက်အပ်ကုန်သနည်း။ ခြောက်ပါးသောအာပတ္တိသမုဋ္ဌာန်တို့တွင် အဘယ်သမုဋ္ဌာန်တို့ကြောင့်ဖြစ်ကုန်သနည်း။ လေးပါးသော့အဓိကရဏ်းတို့တွင် အဘယ်အဓိကရဏ်းနည်း။ ခုနစ်ပါးသောသမထတို့တွင် အဘယ်သမထတို့ဖြင့် ငြိမ်းကုန်သနည်း။ (ပုစ္ဆာငါးခု)။ ထိုငါးပါးသော အာပတ်တို့သည် ဝိပတ္တိခုနစ်ပါးသို့ သက်ဝင်ကုန်၏။ အချို့ သီလဝိပတ္တိ၊ အချို့အာစာရဝိပတ္တိ။ ငါးပါးသောအာပတ်အစုတို့ဖြင့် ရေတွက်အပ်ကုန်၏။ အချို့ သံဃာဒိသေသ်၊ အချို့ ထုလ္လစ္ဆည်း၊ ပါစိတ်၊ ပါဋိဒေသနီ၊ ဒုက္ကဋ်။ ဘစ်ခုသောသမုဋ္ဌာန်ကြောင့်ဖြစ်၏။ ကာယကြောင့်။ အာပတ္တာဓိကရဏ်းကည်း။ သုံးပါးသောသမထတို့ဖြင့် ငြိမ်းကုန်၏။ ရံခါ သမ္မုခါဝိနည်း ပဋိညာတကရဏဖြင့်။ ရံခါ သမ္မုခါဝိနည်း တိဏဝတ္ထာရကဖြင့်။

၂၇၈။ ဒုတိယသမုဋ္ဌာန်ကြောင့် ဘယ်မျှသို့။ ခုလေးပါးသောအာပတ်တို့

သို့ရောက်၏။ ရဟန်းသည် ကပ္ပိယသည်ဖြင့် ငါ့အတွက် ကုဋီကိုပြုကြလော်ဟု ညွှန်း၍ နေရာမကြား၊ ပမာဏလွန်၊ ဘေးရန်ရှိ၊ ဥပစာမရှိသော ကုဋီကိုပြုလုပ်ကုန်အံ့၊ ပယောဂတိုင်း ဒုက္ကဋ်။ နောက်ဆုံးမြေဆိုင်မရောက်မီ ထုလ္လစ္စည်း။ ထိုမြေဆိုင်ရောက်လျှင် သံဃာဒိသေသ်။ ကပ္ပိယသည်ဖြင့် အနုပသမ္ပန္နကို ပုဒ်ပြိုင်ဓမ္မပို့ချအံ့ ပါစိတ်။ ထိုလေးပါးတို့သည် ဝိပတ္တိလေးပါးတို့တွင် အဘယ်သို့။ (ပ)။ သမထခုနှစ်ပါးတို့တွင် အဘယ်ဖြင့်ငြိမ်းကုန်သနည်း။ ထိုလေးပါးသော အာပတ်တို့သည် ဝိပတ္တိနှစ်ပါး သီလဝိပတ္တိ၊ အာစာရဝိပတ္တိ။ လေးပါးသောအာပတ်အစု– သံဃာဒိသေသ်၊ ထုလ္လစ္စည်း၊ ပါစိတ်၊ ဒုက္ကဋ်။ တစ်ခုသောသမုဒ္ဒာန်–ဝါစာကြောင့်။ အာပတ္တာဓိကရဏ်း။ သမထသုံးပါး– ရံခါ သမ္မုခါ၊ ပဋ္ဌာ။ ရံခါ သမ္မုခါတိဏ။

၂၇၉။ တတိယသမုဒ္ဒာန်ကြောင့် အဘယ်မျှသို့။ ငါးပါးတို့သို့ရောက်၏။ ရဟန်းသည် ကပ္ပိယသည်ဖြင့် စီမံ၍ ကုဋီကို (ပ) ပြုလုပ်အံ့၊ ပယောဂတိုင်း ဒုက္ကဋ် နောက်ဆုံး မြေဆိုင်မရောက်မီ တုလ္လစ္စည်း။ ထိုမြေဆိုင်ရောက်လျှင် သံဃာဒိသေသ်။ ကပ္ပိယသည်ဖြင့် ပဏီတဘောဇဉ်ကို မိမိအလို့ငှါ တောင်းစားအံ့ ပါစိတ်။ အကျွမ်းဝင်ရာ စီမံသောဘိက္ခုနီကို မတားဘဲစား::အံ့ ပါဋိဒေသနီ။ ထိုပါ.ပါးတို့သည် နှစ်ပါးသော ဝိပတ္တိ။ ငါးပါးသော အာပတ်အစု။ တစ်ခုသော ကာယဝါစာသမုဒ္ဒာန်။ အာပတ္တာ ဓိကရဏ်း။ သုံးပါးသော သမထတို့ဖြင့် ---။

(၁၀)။ ( )တုတ္ထသမုဒ္ဒာန်ကြောင့် အဘယ်မျှသို့။ ခြောက်ပါးတို့သို့ရောက်၏။ ရဟန်းသည် မေတုနဓမ္မကို မှီဝဲအံ့ ပါရာဇိက။ အကပ္ပိယသည်ဖြင့် သည်ကိုကုဋီပြုလုပ်အံ့–ဒုက္ကဋ် ၊ တုလ္လစ္စည်း၊ သံဃာဒိသေသ်။ နေလွဲဘောဇဉ်စားအံ့ ပါစိတ်။ ရွာတွင်း ဘိက္ခုနီလက်မှ ခဲဘွယ်ဘောဇဉ်ကို မိမိလက်ဖြင့် ခံစားဘဲ့ ပါဋိဒေသနီ။ ထိုခြောက်ပါးတို့သည် နှစ်ပါးသော ဝိပတ္တိ။ ခြောက်ပါးသော အာပတ်အစု။ တစ်ခုသော ကာယစိတ္တသမုဒ္ဒာန်။ အာပတ္တာ ဓိကရဏ်း။ သုံးပါးသောသမထတို့ဖြင့် ---။

၂၈၁။ ပဌမသံမုဠာန်ကြောင့် အဘယ်မျှသို့။ ခြောက်ပါးတို့သို့ ရောက်၏။ ရဟန်းသည် အလိုဆိုးဖြင့် စျာန်မဂ်ဖိုလ် ဝါကြွားအံ့ပါရာဇိက။ အဟပ္ပိယသည်ဖြင့် ငါ့အတွက် ကုဋ္ဌိကိုပြုကြလောဟုညွှန်၍ (ပ) ပြုလုပ်ကုန်အံ့ ဒုက္ကဋ်၊ ထုလ္လစ္စည်း၊ သံဃာဒိသေသ်။ အနုပသမ္ပန္နကို ပုဒ်ပြိုင်ဓမ္မပို့ချအံ့ ပါစိတ်။ မရှုတ်ချလိုဘဲ မြှူးထူးခြင်းဖြင့် ဆဲအံ့ ဒုဗ္ဘာသိ။ ။ ထိုခြောက်ပါးတို့သည် နှစ်ပါးသော ဝိပတ္တိ။ ခြောက်ပါးသော အာပတ်အစု။ တစ်ခုသော ဝါစာစိတ္တသမုဋ္ဌာန်။ အာပတ္တာ ဓိကရဏ်း။ သုံးပါးသော သမထတို့ဖြင့် -- ။

၂၈၂။ ဆဋ္ဌသမုဋ္ဌာန်ကြောင့် အဘယ်မျှသို့။ ခြောက်ပါးတို့သို့ ရောက်၏။ ရဟန်းသည် တိုင်ပင်၍ ဘဏ္ဍာကိုခိုးအံ့ ပါရာဇိက။ အဟပ္ပိယသည်ဖြင့် စိမ်၍ ကုဋ္ဌိကိုပြုလုပ်အံ့ ဒုက္ကဋ်၊ ထုလ္လစ္စည်း ၊ သံဃာဒိသေသ်။ ပဏာတဘောဇဉ် တောင်းစားအံ့ ပါစိတ်။ အကျွမ်းဝင်ရာစိမ်သော ဘိက္ခုနီကို မတားဘဲ စားအံ့ ပါဋိဒေသနီ ။ ။ ထိုခြောက်ပါးတို့သည် နှစ်ပါးသော ဝိပတ္တိ။ ခြောက်ပါးသော အာပတ်အစု။ တစ်ခုသော ကာယဝါစာစိတ္တသမုဋ္ဌာန်။ အာပတ္တာဓိကရဏ်း။ သုံးပါးသော သမထတို့ဖြင့် --

(**ဓိဋ္ဌိ**။ ။ ကုဋ္ဌိကိုပြုလုပ်ရာ၌ သဠေရိတ္တကိုမဆိုဘဲ ဒုက္ကဋ်ထုလ္လစ္စည်း သံဃာဒိသေသ်တို့၏ ဝတ္ထုတစ်ခုတည်း၌ အစဉ်အတိုင်းဖြစ်ပုံကို ပြခြင်းငှာဆိုသည်။ သဠေရိတ္တ၌သာ ရောက်သည်မဟုတ်။ ဤနည်းဖြင့် အစဉ်အတိုင်းမယူရာ၌ အကြောင်းကိုသိအပ်၏။

ဝိဋ္ဌိ။ ။ ပဌမသမုဋ္ဌာန်ကြောင့်သင့်သော အာပတ်တို့ကို လျင်စွာမြင်လွယ်စေခြင်းငှာ ကုဋ္ဌိပြုလုပ်ခြင်း စသည်တို့ကို ထုတ်ပြသည်။ သဠေရိတ္တစသည်တို့အားလည်း ထိုအာပတ်မျိုးရှိ၏။ ဒုတိယသမုဋ္ဌာန်စသည်တို့၌လည်း ဤအတူတည်း။ ကပ္ပိယသညီဟူသောစကားဖြင့် အစိတ္တက အဖြစ်ကိုပြသည်။ ကုဋ္ဌီကရောတိဖြင့် ဝစီပယောဂမရှိခြင်းကို ပြ

သည်။ နှစ်ပုဒ်လုံးဖြင့်လည်း ကာယသက်သက်ကြောင့်သာ ဒုက္ခဋ္ဌ စသည်တို့၏ဖြစ်ခြင်းကိုပြသည်။ နောက်၌လည်း ဤသို့ ထိုက်သလိုပြုအပ်၏။ တိဏဝတ္ထာရကကြောင့် ဟူသည်ကို သံဃာဒိသေသ်ဖယ်၍ ကြွင်းသောအာပတ်လေးခု စွမ်းဖြင့် ဆိုသည်။ စီမံ၍ ကုဋ္ဌီပြုရာ၌ နှုတ်ဖြင့်စီရင်သည် ၊ ကိုယ်တိုင်လည်း ကိုယ်ဖြင့်ပြုသည်။)

ဆန္ဒ အာပတ္တိ သမုဋ္ဌာနာနံ ကတာ ပတ္တိ ဝါရပြီး၏။

၃။ အာပတ္တိသမုဋ္ဌာနဂါထာ

၂၈၃။ သမုဋ္ဌာနာ ကာယိကာ အနန္တ္တဒသိနာ၊
အက္ခာတာ လောကဟိတေန ဝိဝေကဒသိနာ။
အာပတ္တိယော တေန သမုဋ္ဌိတာ ကတိ ၊
ပုစ္ဆာမိ တံ ဗြူဟိ ဝိဘင်္ဂ ကောဝိဒ။

အနန္တ္တဒသိနာ ၊ ကောင်းကင်အနန္တ စကြဝဠာအနန္တ သတ္တဝါအနန္တ ကို ဉာဏ်တော်အနန္တဖြင့် မြင်လေ့ရှိသော ။ ဝိဝေကဒသိနာ ၊ ဝိဝေကငါးပါးကို ဝါ – နိဗ္ဗာန်ကိုမြင်လေ့ရှိသော။ လောကဟိတေန ၊ သတ္တလောက အစီးအပွားကိုဆောင်သောမြတ်စွာဘုရားသည်။ ကာယိကာ သမုဋ္ဌာနာ ၊ ကာယသမုဋ္ဌာန်တို့ကို။ အက္ခာတာ ၊ ဟောကြားအပ်ကုန်ပြီ ။ တေန ၊ ထိုကာယသမုဋ္ဌာန်ကြောင့်။ ကတိအာပတ္တိယော ၊ အဘယ်မျှသောအာပတ်တို့သည်။ သမုဋ္ဌိတာ ၊ ဖြစ်ကုန်သနည်း။ ဝိဘင်္ဂကောဝိဒ ၊ ဝိဘင်း၌ လိမ်မာသောသုခမိန်။ တံ ၊ သင့်ကို။ ပုစ္ဆာမိ။ ငါမေး၏။ ဗြူဟိ၊ ဖြေဆိုပါလော။

သမုဋ္ဌာနာ ကာယိကာ အနန္တ ဒသိနာ၊
အက္ခာတာ လောကဟိတေန ဝိဝေကဒသိနာ။
အာပတ္တိယော တေန သမုဋ္ဌိတာ ပဋ္ဌ၊
ဧတံ တေ အက္ခာမိ ဝိဘင်္ဂ ကောဝိဒ။

အနန္တဒဿိနာ ၊–→။ ဝိဝေကဒဿိနာ ၊––။ လောကဟိတေန ၊ –––– မြတ်စွာဘုရားသည်။ ကာယိကာသမုဋ္ဌာနာ – ကာယသမုဋ္ဌာန်တို့.ကို။ အက္ခာတာ ၊ ဟောကြားအပ်ကုန်ပြီ။ တေန၊ ထိုသမုဋ္ဌာန်ကြောင့်။ ပဋ္ဌအာပတ္တိယော ၊ ငါးပါးသော အာပတ်တို့.သည်။ သမုဋ္ဌိတာ၊ ဖြစ်ကုန်၏။ ဝိဘင်္ဂကောဝိဒ ၊ ဝိဘင်းဉာဏ်ထိန် သုခမိန်။ တေ ၊ သင်၏။ ဒုတံ၊ ဤပြဿနာကို။ အက္ခာမိ၊ ငါဖြေဆိုပါ၏။

ကာယကြောင့် အာပတ်အဘယ်မျှဖြစ်သနည်း။ ငါးပါးဖြစ်၏။
ဝါစာကြောင့် အာပတ်အဘယ်မျှဖြစ်သနည်း။ လေးပါးဖြစ်၏။
ကာယဝါစာကြောင့် အဘယ်မျှဖြစ်သနည်း။ ငါးပါးဖြစ်၏။
ကာယစိတ္တကြောင့် အဘယ်မျှဖြစ်သနည်း။ ခြောက်ပါးဖြစ်၏။
ဝါစာစိတ္တကြောင့် အဘယ်မျှဖြစ်သနည်း။ ခြောက်ပါးဖြစ်၏။
ကာယဝါစာစိတ္တကြောင့် အဘယ်မျှဖြစ်သနည်း။ ခြောက်ပါး ဖြစ်၏။

အာပတ္တိသမုဋ္ဌာနဂါထာပြီး၏။

* ငါး, လေး , ငါး , ခြောက်၊ ခြောက်နှင့် ခြောက် ၊ ခြောက်ကြောင့် စဉ်ကိုင်းတည်း။

(**ဒီဋ္ဌိ**။ ။ ဝိဝေကဒဿိနာ – တဒင်္ဂဝိဝေကစသော ငါးပါးသော ဝိဝေကကို မြင်လေ့ရှိသော။

ဝိဋ္ဌိ။ ။ တတိယကထာဝါရကို ဒုတိယဝါရဖြင့်ဆိုပြီးသောအနက်ကိုသာ ရေတွက်၍ ပြခြင်းငှါဆိုသည်။ ကာယော၀၊ ကာယိကော – ဟုဆိုအပ်လျက် ဝစနဝိပလ္လာသဖြင့် ကာယိကာ ဟု (ဗဟုဝုစ်) ဆိုသည်။ (လိင်္ဂဝိပလ္လာသမဟုတ်။) ထို့ကြောင့် တေနသမုဋ္ဌိတာဟုဆိုသည်။ ကာယောသမုဋ္ဌာနံ – ကာယသမုဋ္ဌာန်ကို ။ အက္ခာတော ၊ ဟောကြားအပ်၏ဟု အနက်ဖြစ်၏။ ဝိဝေကဒဿိနာ – နိဗ္ဗာန်ကိုမြင်လေ့ရှိသော သခ်ာ

အား:လုံ:မှဆိတ်သောကြောင့် နိဗ္ဗာန်သည် ဝိဝေကမည်၏။ နိ၀ရဏကင်:သောစျာန်လည်: ဝိဝေကမည်၏။ ၀ဘင်် ကောဝိဒ- ဥဘတောဝိဘင်:၌ လိမ္မာသူ-ဟူသောအာလုပ်။ ဤ၀ါရ၌ ပုစ္ဆာဟစ်ပါ:မေ:သည်မရှိ။ ရှင်ဥပါလိမထေရ်သည် ကိုယ်တိုင်သာလျှင် အနက်ပေါ်လွင်အောင်ပြုခြင်:၄ါ အမေ: အဖြေကိုလည်: ပြုတော်မူသည်။ ဤနည်:ဖြင့် နေရာတိုင်:၌ အနက်သိအပ်၏။) (ဤ၌ဆိုသော ဝိဇ္ဇီစကား:ဖြင့် ဤပရိ၀ါ ပါဠိတော်ကို ရှင်ဥပါလိ စီစဉ်သည်ဟုသိသာ၏။)

၄။ ဝိပတ္တိပစ္စယ၀ါရ

၂၈၄။ သီလဝိတ္တိဟူသောအကြောင်:ကြောင့် (၀ါ - အကြောင်:မ်ား) အဘယ်မျှသော အာပတ်တို့.သို့. ရောက်သနည်:။ သီလဝိပတ္တိအကြောင်:ကြောင့် လေ:ပါ:သောအာပတ်တို့.သို့.ရောက်၏။ ဘိက္ခုနီသည် သိလျက်ပါရာဇိကကို ဖုံ:အံ့။ ယုံမှား:လျက်ဖုံ:အံ့ ထုလ္လစ္စည်:။ ရဟန်:သည် သံဃာဒိသေသ်ကို ဖုံ:အံ့ ပါစိတ်။ ဒုဗ္ဗုလ္လ၊ သံဃာဒိသေသ်ကိုဖုံ:အံ့ ဒုက္ကဋ်။ ဤသို့.လေ:ပါ:သောအာပတ် တို့.သို့.ရောက်၏။ ထိုလေ:ပါ:သော အာပတ်တို့.သည် လေ:ပါ:သောဝိပတ္တိ တို့. တွင် (ပ) ခုနှစ်ပါ:သော သမထတို့.တွင် -- (ပုစ္ဆာ၀ါ:ခု) ထိုလေ:ပါ:သော အာပတ်တို့.သည် နှစ်ပါ:သောဝိပတ္တိသို့. သက်ဝင်ကုန်၏။ လေ:ပါ:သော အာပတ်အစုဖြင့် ရေတွက်အပ်ကုန်၏။ ကာယ၀ါစာစိတ္တသမုဋ္ဌာန်တစ်ခုကြောင့် ဖြစ်ကုန်၏။ အာပတ္တာဓိကရဏ်:ဖြစ်၏။ သုံ:ပါ:သော သမထတို့.ဖြင့် ငြိမ်:ကုန်၏။

၂၈၅။ အာစာရဝိပတ္တိအကြောင်:ကြောင့် အဘယ်မျှတို့.သို့. ။ တစ်ပါ: သောအာပတ်သို့.ရောက်၏။ အာစာရဝိပတ္တိကို ဖုံ:အံ့ ဒုက္ကဋ်။ ။ ထိုတစ်ပါ:သော အာပတ်သည် တစ်ပါ:သော အာစာရဝိပတ္တိ။ တစ်ပါ:သောအာပတ်အစု။ ကာယ ၀ါစာစိတ္တသမုဋ္ဌာန်တစ်ခု။ အာပတ္တာဓိကရဏ်:။ သုံ:ပါ:သောသမထတို့.ဖြင့် -။

၂၈၆။ ဒိဋ္ဌိဝိပတ္တိအကြောင်:ကြောင့် အဘယ်မျှတို့.သို့.။ နှစ်ပါ:တို့.သို့.

ရောက်၏။ ယုတ်မာသောအယူကို သုံးကြိမ်ဆုံးမလျက် မစွန့်အံ့။ ဥတ်ဖြင့် ဒုက္ခဋ္ဌ။ ကမ္မဝါစာအဆုံး၌ ပါစိတ်။ ။ ထိုနှစ်ပါးတို့သည် အာစာရဝိပတ္တိတစ်ပါး အာပတ်နှစ်စု၊ ကာယဝါစာစိတ္တသမုဋ္ဌာန်တစ်ခု ။ အာပတ္တာဓိကရုဏ်း။ သုံးပါးသောသမထတို့ဖြင့် --။

၂၈၇။ အာဇီဝဝိပတ္တိအကြောင်းကြောင့် အာဘယ်မျှတို့သို့ ။ ခြောက်ပါးတို့သို့ရောက်၏။ အသက်မွေးခြင်းဟူသောအကြောင်းကြောင့် မဟုတ်မမှန် ဈာန်မဂ်ဖိုလ်ဝါကြွားအံ့ ပါရာဇိက။ အသက်မွေးလိုသောကြောင့် အောင်တမန် သွားလာအံ့ သံဃာဒိသေသ်။ သင်၏ကျောင်းနေရဟန်းသည် ရဟန္တာဟု သွယ်ဝိုက်၍ပြောအံ့ နားထောင်သူသိလျင် ထုလ္လစ္စည်း။ ပဏီတဘောဇဉ်ကို တောင်းစားအံ့ ပါစိတ်။ အသက်မွေးလိုသောကြောင့် (ဝါ - လာဘ်ရလိုသောကြောင့်) ဘိက္ခုနီသည် ပဏီတဘောဇဉ် တောင်းစားအံ့ ပါဋိဒေသနီ။ အသက်မွေးလိုသောကြောင့် သူပညာဒနတောင်းစားအံ့ ဒုက္ကဋ်။ ထိုခြောက်ပါးတို့သည် ဝိပတ္တိနှစ်ပါး။ အာပတ်ခြောက်ခု ။ သမုဋ္ဌာန်ခြောက်ခု အာပတ္တာဓိကရုဏ်း။ သုံးပါးသော သမထတို့ဖြင့်--။

(**ဇီဋီ**။ ။ မိမိ၏ ဒုဋ္ဌုလ္လသည် သံဃာဒိသေသ်ဖြစ်။)

ဝိဋီ။ ။ သီလဝိပတ္တိဟူသောအကြောင်းကြောင့်ဟူသည် သီလဝိပတ္တိကို ဖုံးခြင်းအကြောင်းကြောင့်တည်း။ ဒိဋ္ဌိဝိပတ္တိ အကြောင်းကြောင့်ဟူသည် ဒိဋ္ဌိဝိပတ္တိကို မစွန့်ခြင်းအကြောင်းကြောင့်တည်း။ အာဇီဝဝိပတ္တိအကြောင်းကြောင့်ဟူသည်၌ အာဂမ္ဘီဝန္တီဇတောနာတိအာဇီဝေါ - အသက်မွေးကြောင်း ပစ္စည်းလေးပါးရ၏။ အာဇီဝေါဝဝိပတ္တိ - အာဇီဝဝိပတ္တိ - ထိုပစ္စည်းလေးပါးသည်သာလျင် မိစ္ဆာအကျင့်ဖြင့် ပျက်စီး၏။ ထိုပျက်စီးသောပစ္စည်းလေးပါးကို ဖြစ်စေခြင်း သုံးဆောင်ခြင်း အကြောင်းကြောင့်တည်း။)

ဝိပတ္တိပစ္စယဝါရပြီး၏။

၅။ အဓိကရဏပစ္စယဝါရ

၂၈၈။ ဝိဝါဒါဓိကရဏအကြောင်းကြောင့် အဘယ်မျှသောအာပတ်တို့သို့ ရောက်သနည်း။ ဝိဝါဒါဓိကရဏအကြောင်းကြောင့် နှစ်ပါးသောအာပတ်တို့သို့ရောက်၏။ ဥပသမ္ပန္နကိုဆဲအံ့ ပါစိတ်။ အနုပသမ္ပန္နကိုဆဲအံ့ ဒုက္ကဋ်။ ထိုနှစ်ပါးတို့သည် လေးပါးသောဝိပတ္တိတို့တွင် – (ပုစ္ဆာငါးခု) ။ ။ ထိုနှစ်ပါးသောအာပတ်တို့သည် အာစာရဝိပတ္တိတစ်ခု ။ အာပတ်အစုနှစ်ခု။ ကာယစိတ္တ၊ ဝါစာစိတ္တ၊ ကာယဝါစာစိတ္တသမုဋ္ဌာန်သုံးခု ။ အာပတ္တာဓိကရဏ်း။ သုံးပါးသော သမထတို့ဖြင့် --- ။

၂၈၉။ အနုဝါဒါဓိကရဏအကြောင်းကြောင့် အဘယ်မျှတို့သို့။ သုံးပါးတို့သို့ရောက်၏။ ရဟန်းကိုအမူလကပါရာဇိကဖြင့် စွပ်စွဲအံ့ သံဃာဒိသေသ်။ အမူလကသံဃာဒိသေသ်ဖြင့် စွပ်စွဲအံ့ ပါစိတ်။ အမူလကအာစာရဝိပတ္တိဖြင့် စွပ်စွဲအံ့ ဒုက္ကဋ်။ ။ ထိုသုံးပါးတို့သည် ဝိပတ္တိနှစ်ပါး။ အာပတ်အစုသုံးခု ။ ကာယစိတ္တ၊ ဝါစာစိတ္တ ၊ ကာယဝါစာစိတ္တသမုဋ္ဌာန်သုံးခု ။ အာပတ္တာဓိကရဏ်း။ သုံးပါးသော သမထတို့ဖြင့် --- ။

၂၉၀။ အာပတ္တာဓိကရဏအကြောင်းကြောင့် အဘယ်မျှတို့သို့ ။ လေးပါးတို့သို့ရောက်၏။ ဘိက္ခုနီသည်သိလျက် ပါရာဇိကကိုဖုံးအံ့ ပါရာဇိက။ ယုံမှားလျက်ဖုံးအံ့ ထုလ္လစ္စည်း။ ဘိက္ခုသည် သံဃာဒိသေသ်ကို ဖုံးအံ့ပါစိတ်။ အာစာရဝိပတ္တိကိုဖုံးအံ့ ဒုက္ကဋ်။ ။ ထိုလေးပါးတို့သည် ဝိပတ္တိနှစ်ပါး။ အာပတ်အစုလေးခု။ ကာယဝါစာစိတ္တသမုဋ္ဌာန်တစ်ခု။ အာပတ္တာဓိကရဏ်း။ သုံးပါးသောသမထတို့ဖြင့် -- ။

၂၉၁။ အာစာဓိကရဏအကြောင်းကြောင့် အဘယ်မျှတို့သို့ ။ ငါးပါးတို့သို့ ရောက်၏။ ဥက္ခိတ္တာနုဝတ္တိကာဘိက္ခုနီသည် သုံးကြိမ်ဆုံးမလျှက်မစွန့်အံ့။ ဥက္ခိ ဒုက္ကဋ်။ ကမ္မဝါစာနှစ်ချက် ထုလ္လစ္စည်း။ ကမ္မဝါစာအဆုံး၌ ပါရာဇိက။ ဘေဒါနုဝတ္တကရဟန်းသည် သုံးကြိမ်ဆုံးမလျှက် မစွန့်လျှင် သံဃာဒိသေသ်။

ယုတ်မာသောအယူကို သုံးကြိမ်ဆုံးမလျက်မစွန့်လျှင် ပါစိတ်။ ။ ထိုငါးပါး တို့သည် ဝိပတ္တိနှစ်ပါး ။ အာပတ်အစုငါးခု၊ ကာယဝါစာစိတ္တသမုဋ္ဌာန်ဘစ်ခု။ အာပတ္တာဓိကရဏ်း။ သုံးပါးသော သမထတို့ဖြင့် --- ။

ခုနှစ်ပါးသောအာပတ် ၊ အာပတ္တိကွန္ဒတို့ကိုဖယ်ထား၍ကြွင်းသော အာပတ္တိတို့သည် လေးပါးသော ဝိပတ္တိဟို့တွင် အဘယ်ဝိပတ္တိသို့။ (ပုစ္ဆာ ငါးခု) ။ ကြွင်းသောအာပတ္တိတို့သည် အဘယ်ဝိပတ္တိမျှသို့, မဂင်ကုန်။ အဘယ် အာပတ္တိကွန္ဒမျှဖြင့် မရေတွက်အပ်ကုန်။ အဘယ်သမုဋ္ဌာန်မျှကြောင့် မဖြစ်ကုန်။ အဘယ်အဓိကရဏ်းမျှမဖြစ်။ အဘယ်သမထမျှတို့ဖြင့် မငြိမ်းကုန်။ တဲ့ကိုသ ဟောတု။ ခုနှစ်ပါးသော အာပတ်။ အာပတ္တိကွန္ဒတို့ကိုဖယ်ထား၍ တစ်ပါးသော အာပတ္တိ မရှိ။ ထို့ကြောင့်တည်း။

(**ဒီဋ္ဌိ**။ ။ ဝိဝါဒါဓိကရဏအကြောင်းကြောင့်ဟူသည် သူတစ်ပါးဖြစ်စေ ၊ မိမိဖြစ်စေ ရှေးအဘို့၌ ရောက်ခြင်း အကြောင်းကြောင့်ဟူလို။ ဆဲအံ့ဟူသည် ဤကား၊ ဤကား ဝိနယဟု ငြင်းခုန်သူသည် " နင်ကာကိုသိသလဲ " စသည်ဖြင့် ဆဲတတ်၏။ သုံးပါးသောသမထသည် သမ္မုခါ၊ ပဋိညာ ၊ တိဏဖြစ်၏။ သမ္မုခါဝိနယကို နေရာတိုင်း၌ အလိုရှိအပ်သောကြောင့် သမ္မုခါ၊ ပဋိညာဖြင့် စသည်ဖြင့် နှစ်ပုဒ်လုံးနှင့် တွဲရသည်။ နေရာတိုင်း ဤနည်းတည်းဟု ဆိုအပ်၏။ ခုနှစ်ပါးသောအာပတ် အာပတ္တိကွန္ဒတို့ကိုဖယ်ထား၍ဟူသည်၌ ကြွင်းသော အာပတ္တိမရှိသော်လည်း အစည်အဝိုင်းဖြင့် လိမ္မာ ထက်မြက်စိမ့်သောငါ ပုစ္ဆာပြုသည်။

ဝိဋ္ဌိ။ ။ ကိစ္စာဓိကရဏအကြောင်းကြောင့်ဟူသည် အပလောကနစကားကြောင့် ဥတ်ကမ္ဘဝါစာဟူသော ဟံပြု စကားကြောင့်တည်း။ ငါးပါးဟူသည်၌ အဓိမ္မိက ကထိက စသည်ကို ပန်ကြား၍ ပြုသူတို့အား အကြောင်းမဟုတ်ဟူလို။

ပဋ္ဌမအဓိကရဏပစ္စယဝါရ၌ ကိစ္စာဓိကရဏအကြောင်းကြောင့် အပလောကနအဆုံး၌ ဒုက္ခင်္ဇကိုလည်းကောင်း၊ အဓိပ္ပါယ်စသည်ဖြင့် ဉာတ္တိကံစသည်ကို ပြုသူတို့အား ထုလ္လစ္စည်းစသည်ကိုလည်းကောင်း ရေတွက်သည်ဟု မှတ်အပ်၏။ ကြွင်းသော် အာပတ္တိတို့ဟူသည် သောတာပတ္တိ ၊ ဖလသမာပတ္တိစသည်တို့ဟည်း။ တစ်ပါးသောအာပတ္တိမရှိသည်မဟုတ်။ ထို့ကြောင့် ဤဝေဖန်ခြင်းကို အပြစ်ရှိအာပတ် သာဝဇ္ဇာပတ္တိတို့ကို ရည်ဆိုသည်။)

အဓိကရဏပစ္စယဝါရပြီး၏။

အန္တရပေယျာလပြီး၏။

သမထဘေဒ

၆။ အဓိကရဏပရိယာယဝါရ

၂၉၂။ ဝိဝါဒါဓိကရဏ၏ပုဗ္ဗဂ်မသည် အဘယ်နည်း။ ဌာနတို့သည် အဘယ်မျှ တို့နည်း။ ဝတ္ထုတို့သည် -- ။ ဘူမိတို့သည် -- ။ ဟေတုတို့သည်။ မူလတို့သည် အဘယ်မျှတို့နည်း။ အဘယ်အခြင်းအရာတို့ဖြင့် ငြင်းခုံသနည်း။ အဘယ်သမထတို့ဖြင့် ငြိမ်းသနည်။ (ပုစ္ဆာရှစ်ခုစီ။) အနုဝါဒါစသော သုံးခု၌ အဘယ်အခြင်းအရာတို့ဖြင့် စွပ်စွဲသနည်း ။ အာပတ်သို့ရောက်သနည်း။ ကိစ္စဖြစ်သနည်း။ (ဤမျှထူး၏ ပုစ္ဆာရှစ်ခုစီ)

၂၉၃။ ဝိဝါဒါဓိကရဏ၏ ပုဗ္ဗဂ်မသည် အဘယ်နည်း။ လောဘသည်၊ ဒေါသသည်၊ မောဟသည် ၊ အလောဘသည်၊ အဒေါသသည် ၊ အမောဟသည် ပုဗ္ဗဂ်မ – ရှေ့သွားဖြစ်၏။ ကတိဌာနာနိ – ဘေဒကရဝတ္ထု (၁၈) ပါးတို့သည် ဌာနတို့ဖြစ်ကုန်၏။ ကတိဝတ္ထူနိ – ဘေဒကရဝတ္ထု (၁၈) ပါးတို့သည် ဝတ္ထု

တို့ ဖြစ်ကုန်၏။ ကတိဘူမိယော – ဘေဒကရဝတ္ထု (၁၈) ပါးတို့သည် ဘူမိတို့ဖြစ်ကုန်၏။ ကတိဟေတု – ကိုးပါးသော ဟေတုတို့ဖြစ်ကုန်၏။ ကုသလဟိတ်သုံးပါး၊ အကုသလဟိတ်သုံးပါး။ အဗျာကတဟိတ် သုံးပါး။ ကတိမူလာနိ တစ်ဆယ့်နှစ်ပါးသော မူလတို့ဖြစ်ကုန်၏။ ကတိဟာကာရေဟိ ဝိဝဒတိ - နှစ်ပါးသော အခြင်းအရာတို့ဖြင့် ငြင်းခုံ၏။ ဓမ္မဒိဋ္ဌိဖြစ်စေ ၊ အဓမ္မဒိဋ္ဌိဖြစ်စေ၊ ဤနှစ်ပါးဖြင့် ငြင်းခုံ၏။ ကတိဟိ သမယေဟိ သမ္မာ – ဝိဝါဒါမိကရုဏ်းသည် နှစ်ပါးသောသမထတို့ဖြင့် ငြိမ်း၏။ သမ္မုခါဝိနည်းဖြင့်လည်းကောင်း၊ ယေဘုယျသိက္ခာဖြင့်လည်းကောင်းတည်း။

၂၉၄။ အနုဝါဒါမိကရဏ၏ ပုဗ္ဗဂ်မသည် အဘယ်နည်း။ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟသည် ပုဗ္ဗဂ်မဖြစ်၏။ လေးပါးသော ဝိပတ္တိတို့သည် ဌာနတို့ဖြစ်ကုန်၏။ ဝတ္ထုတို့ဖြစ်ကုန်၏။ ဘူမိတို့ဖြစ်ကုန်၏။ ကိုးပါးသောဟေတုတို့ ဖြစ်ကုန်၏။ တစ်ဆယ့်လေးပါးသော မူလတို့ဖြစ်ကုန်၏။ နှစ်ပါးသော အခြင်းအရာတို့ဖြင့် စွပ်စွဲ၏။ ဝတ္ထုဖြင့်လည်းကောင်း၊ အာပတ်ဖြင့်လည်းကောင်းတည်း။ လေးပါးသော သမထတို့ဖြင့်ငြိမ်း၏။ သမ္မုခါဝိနည်း၊ သတိဝိနည်း၊ အမူဠှဝိနည်း၊ တဿပါပိယျသိက္ခာဖြင့်တည်း။

၂၉၅။ အာပတ္တာဓိကရဏ၏ ပုဗ္ဗဂ်မသည် အဘယ်နည်း။ လောဘ (၀) အမောဟသည် ပုဗ္ဗဂ်မဖြစ်၏။ ခုနှစ်ပါးသော အာပတ္တိကွန်ယားတို့သည် ဌာန - ဝတ္ထု --၊ ဘူမိတို့ဖြစ်ကုန်၏။ ခြောက်ပါးသော ဟေတုတို့ဖြစ်ကုန်၏။ အကုသလဟိတ်သုံးပါး၊ အဗျာကတဟိတ်သုံးပါး။ (ကုသလဟိတ်သုံးပါး မရှိ။) ခြောက်ပါးသော အာပတ္တိသမုဋ္ဌာန်တို့သည် မူလတို့ဖြစ်ကုန်၏။ ခြောက်ပါးသော အခြင်းရာတို့ဖြင့် အာပတ်သို့ရောက်၏။ မရှက်ခြင်း၊ မသိခြင်း၊ ကုက္ကုစ္စနိပ်စက်ခြင်း၊ အကပ္ပိယဌာနကပ္ပိယသညာရှိခြင်း၊ ကပ္ပိယဌာန် အကပ္ပိယသညာရှိခြင်း၊ သင်္ဘောမေ့လျော့ခြင်းတို့ဖြင့်တည်း။ သုံးပါးသောသမထတို့ဖြင့်ငြိမ်း၏။ သမ္မုခါ၊ ပဋိညာ၊ တိဏဝတ္ထာရကဖြင့်တည်း။

၂၇၆။ ကိစ္စာဓိကရဏာ၏ ပုဗ္ဗဂ်မသည် အဘယ်နည်း။ လောဘ (၀) အမောဟာသည် ပုဗ္ဗဂ်မဖြစ်၏ လေးပါးသော ကံတို့သည် ဌာန –– ၊ ဝတ္ထု–၊ ဘူမိတို့ဖြစ်ကုန်၏။ ကိုးပါးသော ဟေတုတို့ဖြစ်ကုန်၏။ သံယောသည် မူလတစ်ပါးဖြစ်၏။ နှစ်ပါးသောခြင်းရာတို့ဖြင့် ကိစ္စဖြစ်၏။ ဥာတ်ဖြင့် ပန်ကြားခြင်းဖြင့်တည်း။ တစ်ပါးသော သမထဖြင့်ငြိမ်း၏။ သမ္မုခါဝိနည်းဖြင့်တည်း။

သမထတို့သည် အဘယ်မျှတို့နည်း။ ခုနှစ်ပါးတို့တည်း။ သမ္မုခါ၊ သတိ၊ အမူဠ္ဠ၊ ပဋိညာ ၊ ယေဘုယျ၊ တဿပါပိ၊ တိဏ၊ ဤခုနှစ်ပါးတို့သည် ဆယ်ပါးတို့ဖြစ်ကုန်၏။ ဆယ်ပါးတို့သည် ခုနှစ်ပါးတို့ဖြစ်ကုန်၏။ ဝတ္ထုလေးပါးစွမ်းဖြင့်လည်းကောင်း၊ ပရိပဿယ – ဟောစဉ်ဖြင့်လည်းကောင်းတည်း။ ဖြစ်ပုံကား ဝိဝါဒ၏ သမထနှစ်ပါး၊ အနုဝါဒ၏သမထလေးပါး၊ အာပတ္တိ၏ သမထ သုံးပါး၊ ကိစ္စ၏သမထတစ်ပါး၊ ဤသို့ ခုနှစ်ပါးသည် ဆယ်ပါးဖြစ်၏။ ဆယ်ပါးသည် ခုနှစ်ပါးဖြစ်၏။ (ဝိဝါဒစသော လေးနေရာ၌ ဟောစဉ်ဖြင့် တစ်ဆယ်၊ အတူဖယ်လျှင် ခုနှစ်။) ။

ဒီဋ္ဌိ။ ။ လောဘအကြောင်းခံ၍ ငြင်းခုံသောကြောင့် လောဘသည် ပုဗ္ဗဂ်ဖြစ်၏။ အကြွင်းတူပြီ။ တိဋ္ဌန္တိဇတ္ထာတိ ဌာနံ– တည်ရာ၊ ဝသန္တိ ဇတ္ထာတိဝတ္ထု – နေရာ ။ ဘဝန္တိ ဇဗ္ဗာတိ ဘူမိ – ဖြစ်ရာ။ ဤသုံးခုသည် ကာရဏာ၏ဝေဝုစ်ကည်း။ ဝိဝါဒစသောလေးပါးတို့၏ တည်ရာ နေရာ ဖြစ်ရာအကြောင်း ဖြစ်၏။ ကုသိုလ် အကုသိုလ် အဗျာကတ ဓံတို့ရှိ၍ ငြင်းခုံသောကြောင့် နဝဟေတု ဟုဆိုသည်။ ကောဓ, ဥပနာဟ စသော တစ်ဆယ့် နှစ်ပါးသည် ဒွါဒသမူလတည်း။ ဒေဝေါ့ကာသန္တ– ဆဲသောပုဂ္ဂိုလ်သည် ဝိပတ္တိလေးပါး တစ်ပါးပါးဖြင့် စွဲပ်ဖွဲ့၏။ (ဝါ–ဆဲ၏) ထို့ကြောင့် ဝိပတ္တိလေးပါးသည် ဌာနဖြစ်၏။ ကောဓ စသော တစ်ဆယ့်နှစ်ပါးနှင့် ကာယ, ဝါစာသည် စုဒ္ဒသမူလတည်း။

ခုနစ်ပါးသောအာပတ္တိကွန္ဒတို့သည် ဌာနဟူသည်၌ အာပတ်သို့ရောက်၍ ဖုံးလျှင် နောက်အာပတ်တစ်ခု ဖြစ်၏။ ရှေ့အာပတ်သည် နောက်အာပတ်၏အကြောင်းဖြစ်၏။ နတ္ထိ အာပတ္တာဓိကရဏံ ကုသလံ- ကုသိုလ်အာပတ်မရှိဟု ဟောသည်။ ကုသိုလ်ကြောင့် အာပတ်မသင့်။ အကြောင်းအင်္ဂါကား ဖြစ်၏။ (ကုသိုလ်စိတ် ဖြစ်ခိုက် အာပတ်သင့်နိုင်သော်လည်း ကုသိုလ်ကြောင့်မဟုတ် ရုပ်- အဗျာကတကြောင့်. ဟူလို။) လေးပါးသောကံတို့သည် ဌာနဟူသည်၌ ဤသို့ပြုအပ်၏ဟု တည်သော ပါဠိသည် ကံမည်၏။

တည်ရှိကိုင်း ပါဠိစွမ်းဖြင့် ပြုသူတို့၏ ကြိယာသည် ကိစ္စာဓိကရဏမည်၏ဟု ဟောသည်။ ပါဠိသို့ အစဉ်လျှောက်၍ ပြုသော လက္ခဏာသည်လည်း ကံ မည်၏။ ထိုအတိုင်းပြုခြင်းသည် ကိစ္စာဓိကရဏ်းမည်၏။ ဉာတ္တိ စသောကံသုံးပါးသည် ဉာတ်ဖြင့်ဖြစ်၏။ အပလောကနကံသည် ပန်ကြားခြင်းဖြစ်၏။ တပါးသော သမထဖြင့်ငြိမ်း၏။ ပြည့်စုံ၏။ ဝိဝါဒ၏သမထ နှစ်ပါးဟူသည်၌ ထိုနှစ်ပါးကိုဖယ်ထား၍ တပါးသော သမထတို့ဖြင့် မငြိမ်း။

သာဓု။ ။ လောဘအကြောင်းခံ၍ ငြင်းခုံသောကြောင့် လောဘသည် ပုဗ္ဗင်္ဂမဖြစ်၏။ အကြွင်းတူပြီ။ ဌာနသည် ကာရဏာတည်း။ ဝိဝါဒ စသည်တို့၏တည်ရာ နေရာ ဖြစ်ရာအကြောင်းတည်း။ ကုသိုလ် အကုသိုလ် အဗျာကတစိတ်ရှိလျှက် ငြင်းခုံသောကြောင့် နဝဟေတု ဟုဆိုသည်။ (ဒွါဒသမူလ, စုဒ္ဒသမူလ, အာပတ္တိကွန္ဒခုနစ်ပါးဌာနတို့သည် ဧဒိဋ္ဌိနှင့်တူစွာဆို၏။) နတ္ထိ အာပတ္တာဓိကရဏံ ကုသလံ ဟု ဟောသောကြောင့် အကုသိုလ် အဗျာကတစွမ်းဖြင့် ခြောက်ပါးသော ဟေတုတို့

ကိုဟောသည်။ ကုသိုလ်စိတ်ကား အဂ်ါဟုတ်၏။ ဟေတုမဟုတ်။ ကံလေးပါးဌာနဖြစ်ရာ၌ ဤသို့ပြုအပ်၏ဟု ပြုအပ်သည် အဖြစ်ကိုပြသည်အစွမ်းဖြင့်ဖြစ်သောပါဠိသည် ကံမည်၏။ တည်ရှိတိုင်းပါဠိစွမ်းဖြင့်ပြုသူတို့၏ ကြိယာသည် ကိစ္စာဓိကရဏမည်၏။ ဥတ္တိ စသော ကံသုံးပါးသည် ဥတ်အားဖြင့် ဖြစ်၏။ အပလောကနကံသည် ပန်ကြားခြင်းအားဖြင့်သာ ဖြစ်၏။ ထို့ကြောင့် "ဥတ်ဖြင့် ပန်ကြားခြင်းဖြင့်" ဟုဆိုသည်။ ကိစ္စာဓိကရဏ်းသည် တစ်ခုသောသမထဖြင့်ငြိမ်း၏။ ပြည့်စုံ၏အနက်။

ဝိဋ္ဌိ။ ။ အလောဘပုဗ္ဗင်္ဂမ စသည်ကို သာသနာ၏ တည်စိမ့်သောဌာ ကောင်းစွာ ဓမ္မဝါဒီ၏ ငြင်းခုံခြင်းကို ရည်ဆိုသည်။ ဓမ္မ စသည်၌ အဓမ္မ စသည်ဖြင့်ယူ၍ပြခြင်းတို့သည် ဒေဝဒကရဝတ္ထုတို့တည်း။ ထိုတို့သည်သာလျှင် ကလဟ, ဝိပါဒ၏အကြောင်းဌာန၊ နေရာဝတ္ထု တည်ရာဘူမိတို့ဖြစ်ကုန်၏။ အဗျာကတ ဟိတ်သုံးပါးကို ရဟန္တာတို့၏ငြင်းခုံခြင်းကို ရည်ဆိုသည်။ တစ်ဆယ့်နှစ်ပါးသောမူလကား ကောဓ, ဥပနာဟ, မက္ခ, ပလာသ, ဣဿာ, မစ္ဆရိယ, မာယာ, သာဌေယျ, ပါပိစ္ဆတာ, မိစ္ဆာဒိဋ္ဌိ, သန္ဒိဋ္ဌိပရာမာသိတာ, အာဓာနဂ္ဂါဟီ ဒုပ္ပဋိနိဿဋ္ဌိတာ ဟု ခြောက်စုံစွမ်းဖြင့် ခြောက်ပါး။ လောဘ စသော ခြောက်ပါးအားဖြင့် တစ်ဆယ့်နှစ်ပါးတို့သည် ဝိဝါဒါဓိကရဏ်း၏ မူလတို့ဖြစ်ကုန်၏။ (ပါပိစ္ဆတာ, မဟိစ္ဆတာ ဟု ရှိတတ်၏။ အဆိုကောင်း၍ နှုတ်တက်လွယ်၏။ သို့သော် သမထက္ခန္ဓကပါဠိ(၄) ကတိပုစ္ဆာဝါရပါဠိတို့၌ ပါပိစ္ဆော ဟောတိ မိစ္ဆာဒိဋ္ဌိ ဟု စုံတွဲလျက်ရှိ၏။) ထိုတစ်ဆယ့်နှစ်ပါးသည် ကာယ, ဝါစာနှင့် တစ်ဆယ့်လေးပါးသော အနုဝါဒမူလဖြစ်၏။ မြေတူးခြင်း စသော ပဏ္ဏာတ္တိဝဋ္ဋတို့၌

ကုသိုလ် အဗျာကတစိတ် အရင်းရှိသောအာပတ်သည်ဖြစ်၏ ဟု ပြခြင်းငှာ အလောဘ စသည်ကို အာပတ်ပုဗ္ဗဂ်မဟုဟော သည်။ ခုနစ်ပါးသောအာပတ်အစုသည် မိမိကိုဖုံးလျှင် အာပတ်ကိုဖြစ်စေသောကြောင့် ဌာနမည်၏။ အာပတ္တာ ဓိကရဏာ အကြောင်းကြောင့် အာပတ်လေးမျိုးသို့ရောက် သည်ဟု ဟောပြီ။ ကုသိုလ်ကို အာပတ်၏ဟေတု ဟု မခေါ် ဝေါ်သင့်သောကြောင့် ဟေတုခြောက်ပါးဟုဆိုသည်။ ကုသလ ဟေတုမရှိသောကြောင့် မဟုတ်။ အလောဘ စသည်ကို ပုဗ္ဗဂ်မ ဟု ဟောအပ်ပြီ။ အာပတ်၏အကြောင်းတို့ကိုသာ ပုဗ္ဗဂ်မအမည် ဖြင့်ဟောသည်။ ကံလေးပါးဌာနဖြစ်ရာ၌ ပန်ကြားသောစကား, ဉာတ် စသောစကားတို့သည် ကံမည်ကုန်၏။ ထို စကားဟူ သော ကံလေးပါးတို့သည်သာလျှင် တစ်သိမ်တည်း၌ ဟတ္ထ ပါသ်ရောက်သော ကမ္မပ္ပတ္တ ရဟန်းတို့၏အလိုဖြင့် နာကြား ခြင်းကြိယာပြီးခြင်းဟူသော သံဃဂဏကိစ္စသဘောရှိသော ကိစ္စာဓိကရဏာ၏တည်ရာဌာန၊ ဝတ္ထု၊ ဘူမိ တို့ဖြစ်ကုန်၏။ သံဃာသည် မူလတစ်ပါးဟူသည်ကို ယေဘုယျစွမ်းဖြင့် ဆိုသည်။ ဂဏာဉာတ်၊ အပလောကနတို့၏ ဂဏာသည်လည်း မူလဖြစ်၏။ ဉာတ်ဖြင့်ဟူသည် ဥတ္တိဉာတ်၊ ဒုတိယဉာတ်၊ စတုတ္ထဉာတ်စကားတို့၏ ဉာတ်သဘောရှိခြင်း၊ ဉာတ်ရှေးရှိ ခြင်းကြောင့်ဆိုသောစကားတည်း။ ကမ္မဉာတ်၊ ကမ္မဝါစာ ဉာတ်စွမ်းဖြင့် နှစ်ပါး၏ ထိုဉာတ်တို့၌ ကမ္မဝါစာသည်လည်း ကမ္မမူလကသာတည်း။ ဤဉာတ္တိဝိဘာဂသည် အထက်၌ ထင်ရှားလတ္တံ့။ ။ ဝတ္ထုစွမ်းဖြင့် သမထခုနစ်ပါးသည် ဆယ်ပါးဖြစ်၏။ ဝတ္ထုစွမ်းကား အကြောင်းပြတည်း။ ပရိယာယဖြင့် ဆယ်ပါးသည် ခုနစ်ပါးဖြစ်၏။ ပရိယာယကား အကြောင်းပြတည်း။ အဓိကရဏ်းလေးပါးဟူသော ဝတ္ထုစွမ်း

ဖြင့်လည်းကောင်း၊ ဒေသနာဘုက္ကမဟူသော ပရိယာယစွမ်းဖြင့်
လည်းကောင်း ဤကား အနက်တည်း။)

ပရိယာယဝါရပြီး၏။

၇။ သာဓာရဏဝါရ

၂၉၇။ အဘယ်မျှသော သမထတို့သည် ဝိဝါဒါဓိကရဏနှင့် ဆက်ဆံ
ကုန်သနည်း။ အဘယ်မျှသည် ဝိဝါဒါဓိကရဏနှင့် မဆက်ဆံကုန်သနည်း။
အဘယ်မျှ အနုဝါဒါဓိကရဏနှင့် ဆက်ဆံ --။ အဘယ်မျှမဆက်ဆံကုန်
သနည်း။ အဘယ်မျှအာပတ္တာဓိကရဏနှင့်ဆက်ဆံ --။ အဘယ်မျှ မဆက်ဆံ
ကုန်သနည်း။ ။ အဘယ်မျှ ကိစ္စာဓိကရဏနှင့် ဆက်ဆံ --။ အဘယ်မျှ မဆက်ဆံ
ကုန်သနည်း။ (မေးခွန်း - ၂ - စီ)

နှစ်ပါးသော သမထတို့သည် ဝိဝါဒါဓိကရဏနှင့် ဆက်ဆံကုန်၏။
သမ္မုခါ+ယေဘုယျသိကာ။ ငါးပါးမဆက်ဆံ–သတိ။ အမူဠ္ဠ၊ ပဋိညာ၊
တဿပါပိ၊ တိဏ။ ။

လေးပါးသည် အနုဝါဒါဓိကရဏနှင့် ဆက်ဆံ၏။ သမ္မုခါ၊သတိ၊ အမူဠ္ဠ၊
တဿပါပိ။ သုံးပါးမဆက်ဆံ – ယေဘုယျ ! ပဋိညာ၊ တိဏ။

သုံးပါးသည် အာပတ္တာဓိကရဏနှင့် ဆက်ဆံ၏။ သမ္မုခါ၊ ပဋိညာ၊
တိဏ။ လေးပါးမဆက်ဆံ – ယေဘုယျ၊ သတိ ၊ အမူဠ္ဠ၊ တဿပါပိ။

တစ်ပါးသည်ကိစ္စာဓိကရဏနှင့်ဆက်ဆံ၏ – သမ္မုခါ။ ခြောက်ပါး
မဆက်ဆံ – ယေဘုယျ၊ သတိ ၊ အမူဠ္ဠ၊ ပဋိညာ၊ တဿပါပိ၊ တိဏ။

(**ဒီဋ္ဌိ**။ ။ ဆက်ဆံဟူသည် ထိုအဓိကရဏ်းကို ငြိမ်း
စေနိုင်ကုန်၏။

သာဒီ။ ။ ထိုသမထတို့ဖြင့် ငြိမ်းစေအပ်သောကြောင့် ဆက်ဆံကုန်၏ဟုဆိုသည်။

ဝိဒီ။ ။ ဆက်ဆံဟူသည် ထိုအဓိကရဏ်း၏ ငြိမ်းခြင်းကိစ္စနှင့် ဆက်ဆံကုန်၏။)

သာဓကရဏဝါရပြီး၏။

၈။ တဇ္ဇာဂိယဝါရ

၂၉၈။ အဘယ်မျှသော သမထတို့သည် ဝိဝါဒါဓိကရဏ၏ တဇ္ဇာဂိယတို့၏ အဘို့ဖြစ်ကုန် ရှိကုန်သနည်း။ အဘယ်မျှတို့သည် အညဘာဂိယ - တစ်ပါး၏ အဘို့ဖြစ်ကုန် ရှိကုန်သနည်း။ အဘယ်မျှသည် အနုဝါဒါ၏ တဇ္ဇာဂိယ၊ အဘယ်မျှသည် အညဘာဂိယ ဖြစ်ကုန်သနည်း။ အဘယ်မျှသည် အာပတ္တာ၏ တဇ္ဇာဂိယ။ အဘယ်မျှသည် အည --။ အဘယ်မျှသည် ကိစ္စာ၏တဇ္ဇာဂိယ။ အဘယ်မျှသည် အည --။ (နှစ်စီ။)

နှစ်ပါးသော သမထတို့သည် ဝိဝါဒါ၏ တဇ္ဇာဂိယဖြစ်ကုန်၏။- သမ္မုခါ၊ ယေဘုယျသိ။ ငါးပါး အညာဘာဂိယ - သတိ၊ အမူဋ္ဌ၊ ပဋ္ဌိညာ၊ တဿပါပိ၊ တိဏ။

လေးပါးသည် အနုဝါဒါ၏ တဇ္ဇာဂိယ - သမ္မုခါ၊ သတိ၊ အမူဋ္ဌ၊ ပါပိ။ သုံးပါ အညာဘာဂိယ-ယေဘု ၊ ပဋ္ဌိညာ ၊ တိဏ။

သုံးပါးသည် အာပတ္တာ၏တဇ္ဇာဂိယ -- သမ္မုခါ၊ ပဋ္ဌိညာ၊ တိဏ။ လေးပါး အညဘာဂိယ-ယေဘု၊သတိ၊ အမူဋ္ဌ၊ ပါပိ။

တစ်ပါးသည် ကိစ္စာ၏တဇ္ဇာဂိယ - သမ္မုခါ။ ခြောက်ပါး အညဘာဂိယ- ယေဘု၊ သတိ၊ အမူဋ္ဌ၊ ပဋ္ဌိညာ၊ ပါပိ၊ တိဏ။ ။

{**ဒီ**။ ။ တဇ္ဇာဂိယာတိ တံကောဌာသာ - ထိုအဘို့ရှိ

ကုန်၏။

သာဌီ။ ။ ဂူပသမတော တပက္ခိကာ – ငြိမ်းခြင်းကြောင့် ထိုအဘို့ရှိကုန်၏။

ဝိဋ္ဌီ။ ။ ဂူပသမနတော တပက္ခိကာ။)

တဇ္ဈာဂိယဝါရပြီး၏။

၉။ သမထာ သမထသ သာဓာရဏာဝါရ

၂၉၉။ သမထတို့သည် သမထတို့နှင့် ဆက်ဆံကုန်သလော ၊ မဆက်ဆံကုန်သလော။ အချို့ဆက်ဆံ၏ ၊ အချို့မဆက်ဆံ။ ။ အဘယ်သို့ ဆက်ဆံကုန်သနည်း။ အဘယ်သို့ မဆက်ဆံကုန်သနည်း။

ယေဘုယျသိကာသည် သမ္မုခါနှင့် ဆက်ဆံ၏။ သတိ၊ အမူဌ၊ ပဋ္ဌိညာ၊ ပါပိ၊ တိဏနှင့် မဆက်ဆံ။

သတိသည် သမ္မုခါနှင့်ဆက်ဆံ၏။ ကြွင်းငါးပါးနှင့် မဆက်ဆံ။

အမူဌသည် သမ္မုခါနှင့် -- ။ ပဋ္ဌိညာသည် သမ္မုခါနှင့် --။ တဿပါပိသည် သမ္မုခါနှင့် -- ။ တိဏသည် သမ္မုခါနှင့် ဆက်ဆံ၏။ ကြွင်းငါးပါးနှင့် မဆက်ဆံ။

ဤသို့ အချို့ဆက်ဆံ၏။ အချို့မဆက်ဆံ။ ။

(**ဗီဋ္ဌီ**။ ။ တစ်ခုသောအဓိကရုဏ်းကို သမထအားလုံး ညီညွတ်၍ ငြိမ်းစေခြင်းငါ ထိုက်သလောဟုမေးလို၍ သမထတို့သည် စသည်ကိုဆိုသည်။ နောက်တဇ္ဈာဂိယဝါရ၌လည်း ဤနည်းတည်း။

သာဌီ။ ။ တစ်ခုသော အဓိကရုဏ်းကို သမထအားလုံး တပေါင်းတည်းငြိမ်းစေခြင်းငါ စွမ်းနိုင်သလောဟုမေးလို၍

သမထတို့သည် စသည်ကိုဆိုသည်။ ယေဘုယျသိကာဖြင့် ငြိမ်းရာ၌ သမ္မာခါဝိနည်းကင်းရှိမဖြစ်။ ထို့ကြောင့် ယေဘုယျသိကာသည် သမ္မာခါနှင့်ဆက်ဆံ၏ဟုဆိုသည်။ သတိစသည်တို့ဖြင့် ငြိမ်းရာ၌ ယေဘုယျသိကာဖြင့် ပြုကွယ်ကိစ္စမရှိ။ ထို့ကြောင့် သတိ (၀)တိဏနှင့် မဆက်ဆံဟုဆိုသည်။ အကြင်းတို့၌လည်း ဤအတူတည်း။ တဇ္ဈာဂီယ၀ါရ၌လည်း ဤနည်းတည်း။

ဝိဇ္ဇီ။ ။ အလုံးစုံသော သမဏတို့သည် တပေါင်းတည်းဖြင့်သာလျှင် အဓိကရုဏ်းကိုငြိမ်းစေကုန်သလော။ အသီးသီးလောဟုမေးလို၍ သမထတို့သည် စသည်ကိုဆိုသည်။ ဝိ၀ါဒ စသော အဓိကရုဏ်းအစဉ်ဖြင့် ငြိမ်းကြောင်း သမထတို့ကိုထုတ်လို၍ ယေဘုယျသိကာသည် စသည်ကိုဆိုသည်။ သမ္မာခါ ဝိနည်းကင်း၍ တစ်စုံတစ်ခုသော သမထ၏ မဖြစ်နိုင်သောကြောင့် ကြွင်းခြောက်ပါး လုံးသည် သမ္မာခါနှင့် ဆက်ဆံ၏ ဟု ဆိုအပ်၏။ ထိုခြောက်ပါးတို့ကား အချင်းချင်းမင့်ခြင်းကြောင့် အချင်းချင်းမဆက်ဆံဟု ဆိုအပ်၏။ တဇ္ဈာဂီယ၀ါရ၌လည်း ဤနည်းကသည်း။)

သမယာသမထသုတ္တရဏ၀ါရပြီး၏။

၁၀။ သမထာသမထသုတ္တာဂီယ၀ါရ

၃၀၀။ သမထတို့သည် သမထ၏ တဇ္ဈာဂီယတို့လော ၊ အညဘာဂီယတို့လော။ အချို့တဇ္ဈာဂီယ ၊ အချို့အညဘာဂီယတို့ ဖြစ်ကုန်၏။ အဘယ်သို့ တဇ္ဈာဂီယ၊ အဘယ်သို့ အညဘာဂီယ ဖြစ်ကုန်သနည်း။

ယေဘုသည် သမ္မာခါ၏ တဇ္ဈာဂီယဖြစ်၏။ ကြွင်းပါးပါး၏ အညဘာဂီယဖြစ်၏။

သတိသည် သမ္မာခါ၏ --။ အမှုဌသည် --။ ပဋ္ဌိညာသည် --။ တဿပါပိသည် -- ။ တိဏသည် သမ္မာခါ၏ တဇ္ဈာဂိယဖြစ်၏။ ကြွင်းငါးပါး၏ အညဘာဂိယဖြစ်၏။ ဤသို့. အချို့တဇ္ဈာဂိယ၊ အချို့အညဘာဂိယတို့. ဖြစ်ကုန်၏။

သမထာသမထသတဇ္ဈာဂိယဝါရပြီး၏။

၁၁။ သမထ သမ္မာခါဝိနယဝါရ

၃၀၁။ သမထမည်၏ - သမ္မာခါဝိနယမည်သလော။ သမ္မာခါဝိနယမည်၏ - သမထမည်သလော ၂။ သမထမည်၏ - ယောဂုမည်သလော၊ ယောဂုမည်၏ - သမထမည်သလော ၂။ သမထမည်၏ - သတိဝိနယမည်သလော ၂။ အမှုဌမည်သလော ၂။ ပဋ္ဌိညာမည်သလော ၂။ တဿပါပိမည်သလော ၂။ တိဏမည်သလော၊ တိဏသည် သမထမည် သလော ၂။ (ပုစ္ဆာ -၇-စုံ။ ၁၄ - ပုစ္ဆာ)။

ယောဂု၊ သတိ ၊ အမှုဌ၊ ပဋ္ဌိညာ၊ ပါပိ၊ တိဏခြောက်ပါးသည် သမထမည်၏။ သမ္မာခါဝိနည်းမမည်။ သမ္မာခါဝိနယသည် သမထလည်းမည်၏။ သမ္မာခါ ဝိနယလည်းမည်၏။

သတိ။ (ပ) တိဏ၊ သမ္မာခါခြောက်ပါးသည် သမထမည်၏။ ယောဂုမမည်။ ယောဂုသည် သမထလည်းမည်၏။ ယောဂုလည်းမည်၏။

အမှုဌစသောခြောက်ပါးသည် သမထမည်၏။ သတိမမည်။ ပဋ္ဌိညာစသော် ပါပိစသော တိဏစသော သမ္မာခါစသော ခြောက်ပါးသည် သမထမည်၏။ တိဏမမည်။ တိဏသည် သမထလည်းမည်၏။ တိဏလည်းမည်၏။

သမထသမ္မာခါဝိနယဝါရပြီး၏။

၁၂။ ဝိနယဝါရ

၃၀၂။ ဝိနယမည်၏ - သမ္မုခါဝိနယမည်သလော။ သမ္မုခါဝိနယမည်၏ - ဝိနယမည်သ၎လော ၂။ (ပုဒ္ဓာ - ၇ - စုံ၊ ၁၄ - ပုဒ္ဓာ)

ဝိနယ်သည် အချို့သမ္မုခါဝိနယမည်၏။ အချို့ သမ္မုခါဝိနယမမည်။ သမ္မုခါ ဝိနယသည် ဝိနယလည်းမည်၏။ သမ္မုခါဝိနယလည်းမည်၏။ (၀) ဝိနယသည် အချို့တိဏမည်၏။ အချို့တိဏမမည်။ တိဏသည် ဝိနယလည်းမည်၏။ တိဏဝတ္ထာရကလည်းမည်၏။

(**ဒီဋ္ဌိ**။ ။ သမထတို့ကို ဝိနယတို့ဟူ၍လည်း ဆိုအပ်ကုန်၏။ ထို့ကြောင့် ဤဝိနယဝါရကို ထုတ်သည်။ အချို့ သမ္မုခါ ဝိနယမမည်ဟူသည် သမ္မုခါဝိနယကိုဖယ်ထား၍ ကြွင်း သတိဝိနယသမထတို့သည် သမ္မုခါဝိနယမမည်။

သာဒ္ဌိ။ ။ သမထ အားလုံးသည် ဝိနယ-ဟူသော ပရိယာယ်ကိုရ၏။ ထို့ကြောင့် ဤဝိနယဝါရကို ထုတ်သည်။ အချို့ သမ္မုခါဝိနယမမည်ဟူသည်ဖြင့် သတိစသော ကြွင်းခြောက်ပါးကို အလိုရှိအပ်၏။ အကြွင်းတို့၌လည်း ဤနည်းတည်း။)

ဝိနယဝါရပြီး၏။

၁၃။ ကုသလဝါရ

၃၀၃။ သမ္မုခါဝိနယသည် ကုသိုလ်လော၊ အကုသိုလ်လော၊ အဗျာကတလော ² ယေဘုသည် (၀) ။ တိဏသည် ကုသိုလ်လော၊ အကုသိုလ်လော၊ အဗျာကတလော။ (၃- ပုဒ္ဓာ တိကခုနစ်ခု။)

သမ္မုခါဝိနယသည် အချို့ကုသိုလ်၊ အချို့အဗျာကတ၊ အကုသိုလ်မရှိ။ ယေဘုသည် အချို့ကုသိုလ်၊ အချို့ အကုသိုလ်၊ အချို့ အဗျာကတ။ ။ သတိသည်

– ကုန်ပြီ။ အမှုဌသည် (ပ) တိဏသည် အချို့.ကုသိုလ်၊ အချို့.အကုသိုလ်၊ အချို့. အဗျာကတ။

ဝိဝါဒါဓိကရဏသည် ကုသိုလ်လော၊ အကုသိုလ်လော၊ အဗျာကတလော ?။ အနုဝါဒါသည် -- ။ အာပတ္တာသည် -- ကိစ္စာသည် --။ (ပုစ္ဆာတိုက လေးမှု။)

ဝိဝါဒါဓိကရဏသည် အချို့.ကုသိုလ်၊ အချို့.အကုသိုလ်၊ အချို့. အဗျာကတ။ အနုဝါဒါ –ထို့အတူ။ အာပတ္တာသည် အချို့.အကုသိုလ်၊ အချို့. အဗျာကတ။ ကုသိုလ်မရှိ။ ကိစ္စာသည် အချို့.ကုသိုလ်၊ အချို့.အကုသိုလ်၊ အချို့. အဗျာကတ။ (သမ္မုခါဝိနယ၌ အကုသိုလ်မရှိ။ အာပတ္တာဓိကရဏ၌ ကုသိုလ်မရှိ)။

ဓိဋ္ဌိ။ ။ သံဃာ့မျက်မှောက်ဝန်ခံရာ၌ ထိုဝန်ခံခြင်းသည် သံဃသမ္မုခတာမည်၏။ ထိုဝန်ခံသော့စိတ်ကိုရည်၍ သမ္မုခါဝိနယသည် ကုသိုလ်လော စသည်ကိုဆိုသည်ဟု မိန့်ဆိုကုန်၏။ အကုသိုလ်မရှိဟူသည်ကား – ဓမ္မ၊ ဝိနယ၊ ပုဂ္ဂလ မျက်မှောက်ဖြစ်ခြင်းတို့.ဖြင့် အင်္ဂါသုံးပါးရှိမှ သမ္မုခါ ဝိနယ ဖြစ်သည်။ ထိုတို့.နှင့်ကင်းရှိမရှိ။ ထိုတိုဝင်ကသမ္မုခါ၌ ကုသိုလ်စိတ်ဖြင့် ပြုလျှင် ကုသိုလ်ဖြစ်၏။ ရဟန္တာတို့.ပြုလျှင် အဗျာကတဖြစ်၏။ သံဃ၊ ဓမ္မ၊ ဝိနယ၊ ပုဂ္ဂလ – မျက်မှောက်လေးခုလုံးသည် အကုသိုလ်နှင့် ဆန့်ကျင်၏။ ထို.ကြောင့် အကုသိုလ်မရှိဟုဆိုသည်။ ယေဘုသည် အဓမ္မဝါဒီတို့.ကို ငြိမ်းစေသောအခါ၊ စာရေးတံပေးသောအခါ၊ ဓမ္မဝါဒီ၌ကုသိုလ်။ ဓမ္မဝါဒီတို့.အားသော်လည်း စာရေးတံပေးသောအခါ၊ အဓမ္မဝါဒီ၌ အကုသိုလ်။ နေရာတိုင်းရဟန္တာစွမ်းဖြင့် အဗျာကတ။ ရဟန္တာမဟုတ်သူအား အားထုတ်၍ သတိဝိနည်းပေးသောအခါ၊ မရှုံးသူအား အမှုဌပေးသောအခါ၊ တွေဝေသူ မသိသူအား ပဋိညာဉ်ဖြင့်ပြုသောအခါ၊ စင်ကြယ်သူအား တဿပါပိယျ

ပြုသောအခါ၊ ကြီးကျယ်စွာငြင်းခုံရာ၌ တိကာဝတ္ထာရက ပြုသောအခါ၊ အကုသိုလ်။

သာဓု။ ။ ဧဒိုဒိုအတိုင်း။

ဝိဒု ။ ။ သမ္မုခါဝိနယသည် အချို့ကုသိုလ်စသည်တို့၌- ထိုထိုဝိနယကမ္မ၌ဖြစ်စေ၊ ဝိဝါဒစသည်၌ဖြစ်စေ ယှဉ်သောပုဂ္ဂိုလ်တို့အားဖြစ်သော ကုသိုလ်စသည်စွမ်းဖြင့် သမ္မုခါဝိနယ စသည်တို့၏လည်းကောင်း၊ ဝိဝါဒစသည်တို့၏ လည်းကောင်း ကုသိုလ်စသော အဖြစ်ကို ထိုထိုဥပစာရဖြင့်ဆိုအပ်၏။ ထိုယှဉ်သော ပုဂ္ဂိုလ်၏ သမ္မုခါဝိနည်းမည်သည် သံဃသမ္မုခတာစသည်တို့ဖြစ်ကုန်၏။ ထိုတို့၏ အနဝဇ္ဇသဘောရှိခြင်းကြောင့် အကုသိုလ်ရှိသော်လည်း အကုသိုလ်အဖြစ်ဖြင့် တင်စားခြင်းသည်မသင့်။ အာပတ္တာဓိကရဏကို ကုသိုလ်အဖြစ်ဖြင့် တင်စားခြင်းသည် မသင့်သကဲ့သို့တည်း။ ထို့ကြောင့် သမ္မုခါဝိနည်း၌ အကုသိုလ်မရှိ။)

ကုသလဝါရပြီး၏။

၁၄။ ယတ္ထဝါရ

၃၀၄။ ယတ္ထ ယေဘုယျသိကာ လဗ္ဘတိ၊ တတ္ထ သမ္မုခါဝိနယော လဗ္ဘတိတိ အာဒိပုစ္ဆာ။ ။ ယသ္မိं သမယေ သမ္မုခါဝိနယေနစောဒေတိ အာဒိ - တဿဝိသဇ္ဇနံ။ ။ ဧဒိုဒိ-သာဓုတို့၌ဆိုသည်။)

အကြင်အဓိကရဏ်း၌ ယေဘုယျသိကာကို ရအပ်၏။ ထိုအဓိကရဏ်း၌ သမ္မုခါဝိနယကို ရအပ်သလော။ အကြင်၌ သမ္မုခါရ၏။ ထို၌ ယေဘုရသလော။ ထို၌ သတိမရသလော၊ ထို၌ အမူဋ္ဌ၊ ပဋ္ဌညာ၊ ပါပိ၊ တိကာ

မရသလော။

အကြင်အဓိကရဏ်းဌ် သတိဝိနယကိုရအပ်၏။ ထိုအဓိကရဏ်းဌ် သမ္မုခါဝိနယကို ရအပ်သလော။ အကြင်ဌ် သမ္မုခါရ၏ ထိုဌ် သတိရသလော။ ထိုဌ် အမူဋ္ဌမရသလော။ ထိုဌ် ပဋ္ဌိညာ ၊ ပါပိ၊ တိဏ ၊ ယေဘု မရသလော။

အကြင်ဌ် အမူဋ္ဌရ၏။ -- တူပြီ။ အကြင်ဌ်ပဋ္ဌိညာရ၏။ -- ။ အကြင်ဌ် တသ္သပါပိရ၏။ -- ။ အကြင်ဌ် တိဏရ၏။ --။ တူပြီ။ (၆– ဌာနလုံး သမ္မုခါကို မူလပြုသည်။

အကြင်အဓိကရဏ်းဌ် ယေဘုဖြစ်၏။ ထိုဌ် သမ္မုခါဖြစ်သလော။ အကြင်ဌ် သမ္မုခါဖြစ်၏။ ထိုဌ် ယေဘုဖြစ်သလော။ ထိုဌ် သတိစသော ငါးပါး မဖြစ်သလော။

အကြင်ဌ် သတိဖြစ်၏။ ထိုဌ် သမ္မုခါဖြစ်သလော -- တူပြီ။

အကြင်ဌ်အမူဋ္ဌဖြစ်၏။ --။(ပ)။ အကြင်ဌ် တိဏဖြစ်၏--တူပြီ။ စက္ကပေယျာလ်။

ယတ္ထဝါရပြီး၏။

၁၅။ သမထဝါရ

၃၀၅။ အကြင်အခါဌ် သမ္မုခါဖြင့်လည်းကောင်း ယေဘုဖြင့်လည်းကောင်း အဓိကရဏ်းသည် ငြိမ်း၏။ ထိုအခါ အကြင်အဓိကရဏ်းဌ် ယေဘုရ၏။ ထိုအဓိကရဏ်းဌ် သမ္မုခါ ရ၏။ အကြင်ဌ် သမ္မုခါရ၏။ ထိုဌ်ယေဘုရ၏။ ထိုဌ် သတိမရ။ ထိုဌ် အမူဋ္ဌ၊ ပဋ္ဌိညာ၊ ပါပိ၊ တိဏ မရ။

အကြင်အခါ သမ္မုခါဖြင့်လည်းကောင်း၊ သတိဝိနယဖြင့်လည်းကောင်း အဓိကရဏ်းသည်ငြိမ်း၏။ ထိုအခါ အကြင်အဓိကရဏ်းဌ် သတိရ၏။ ထိုဌ် သမ္မုခါရ၏။ အကြင်ဌ် သမ္မုခါရ၏။ ထိုဌ် သတိရ၏။ ထိုဌ် အမူဋ္ဌ-- စသော

ကြွင်းငါးပါးမရ။

အကြင်အခါ သမ္မာခါဖြင့်လည်းကောင်း၊ အမှုဌဖြင့်လည်းကောင်း-- တူပြီ။ သမ္မာခါဖြင့်လည်းကောင်း၊ ပဋိညာဖြင့်လည်းကောင်း၊ သမ္မာခါဖြင့်လည်းကောင်း -- တဿပါဝိဖြင့်လည်းကောင်း--။ သမ္မာခါဖြင့်လည်းကောင်း ဟိဏာဖြင့်လည်းကောင်း -- တူပြီ။ ။

(**ဒီဋ္ဌိ။ သာဋ္ဌိ။** ။ သမ္မာခါ - ပဋိညာဝါရဋ္ဌအကြင်ဋ္ဌ ပဋိညာရ၏။ ထိုဋ္ဌ သမ္မာခါရပုံကား - အာပတ်တစ်ခု နှစ်ခုသို့ ဖြစ်စေ၊ အများသို့ဖြစ်စေ ရောက်သောရဟန်းသည် "ဤမည်သော အာပတ်သို့ရောက်သလော" ဟုမေးသောအခါ အာမ-ဟုဝန်ခံအံ့၊ ထိုဝန်ခံခြင်းဋ္ဌ ပဋိညာ၊ သမ္မာခါ နှစ်ပါးလုံးရ၏။ သံဃာ၏ရှေ့ဋ္ဌဝန်ခံလျှင် သံဃသမ္မာခတာ။ ထိုဋ္ဌပင် ဒေသနာကြားလျှင် ဓမ္မသမ္မာခတာ၊ ဝိနယသမ္မာခတာတို့ကိုရ၏။ မင်ြင်းခုံဘဲ အချင်းချင်းဝန်ခံလျှင် ပုဂ္ဂလသမ္မာခတာ။ ထိုဋ္ဌ ဒေသနာကြားလျှင် ဓမ္မ၊ ဝိနယ၊ သမ္မာခတာတို့ကိုရ၏။ တစ်ပါး၏အာပတ်ကို တစ်ပါးထံ ဒေသနာကြားရာဋ္ဌလည်း ပသဿသိ၊ ပသာဒမိ - ဟု ဆိုသောအခါ ဓမ္မ၊ ဝိနယ ပုဂ္ဂလ သမ္မာခတာဟူသော သမ္မာခါဝိနယကိုလည်းကောင်း၊ ပဋိညာတကရဏာကို လည်းကောင်း ရ၏။

ဝိဋ္ဌိ။ ။ အကြင်အဓိကရဏ်းဋ္ဌ ယေဘုယျသိကာကိုရအပ်၏စသည်ကို သမ္မာခါဝိနယ၏ တစ်ပါးသော သမထတို့နှင့် အမြဲဆက်ဆံခြင်းကိုလည်းကောင်း၊ ကြွင်းခြောက်ပါးတို့၏ အချင်းချင်းအဆက်အဆံမရှိခြင်းကို လည်းကောင်း၊ ပြခြင်းငါဆိုသည်။)

သမထဝါရပြီး၏။

၁၆။ သံသဠဝါရ

၃၀၆။ အဓိကရဏဟူ၍လည်းကောင်း၊ သမထဟူ၍လည်းကောင်း ဤတရားတို့သည် သံသဠ- ရောနှောကုန်သလော။ ဥဒါဟု- ဝိသံသဠ- မရောနှောကုန်သလော။ ဤတရားတို့ကိုခွဲ၍ခွဲ၍ တစ်ခြားစီဖြစ်အောင် ပညတ်ခြင်းငှာ, သိစေခြင်းငှာ ရအပ်သလော။

အဓိကရဏနှင့်သမထ နှစ်ခုတို့သည် ဝိသံသဠဖြစ်ကုန်၏။ သံသဠမဖြစ်ကုန်။ ဤနှစ်ခုကိုခွဲ၍ တစ်ခြားစီဖြစ်အောင် သိစေခြင်းငှာ ရအပ်ကုန်၏ ဟုဖြေဆိုအံ့၊ ဝိသံသဠမဖြစ်ကုန်၊ ခွဲ၍မရစကောင်းကုန်။ အကြောင်းကား ချစ်သားတို့ အဓိကရဏတို့သည် လေးပါးဖြစ်ကုန်၏။ သမထတို့သည် ခုနစ်ပါးဖြစ်ကုန်၏။ အဓိကရဏတို့သည် သမထတို့ဖြင့် ငြိမ်းကုန်၏။ သမထတို့သည် အဓိကရဏတို့ဖြင့်ငြိမ်းကုန်၏။ ဤသို့ ဘုရားဟောသည်မဟုတ်လော။ ထို့ကြောင့် ဤနှစ်ခုတို့သည် သံသဠဖြစ်ကုန်၏။ ခွဲ၍မရစကောင်းကုန်။

(**ဓီဠိ။ သာဠိ။** ။ အဓိကရဏ်းတို့၏ ငြိမ်းခြင်းသည် သာလျှင် သမထမည်၏။ အဓိကရဏကင်းသော သမထ မရှိ။ ထို့ကြောင့် မာဟောဝံ- ဟု တားအပ်၏။

ဝိဠိ။ ။ သမထတို့၏ဖြစ်ခြင်းသည် အဓိကရဏတို့၌သာ ထိုက်သည်အလျောက်ဖြစ်၏။ အဓိကရဏကင်း၍ သမထနေရာသီးခြားမရှိဟု ပြခြင်းငှာ ဤဝါရကို ဟောသည်။ အဓိကရဏမှ သမထတို့ကို မယှဉ်တွဲအောင်ပြု၍ နာနာကရဏဖြစ်အောင်၊ မရောမယှက်ဖြစ်အောင် အသီးသီးပြခြင်းငှါ " အဓိကရဏ်းငြိမ်းဆဲခဏ၌သာလျှင် ထိုနှစ်ခုတို့၏ မရောယှက်ခြင်းကို ပြခြင်းငှါ တတ်ကောင်းအံ့လော" ဟုမေးသည်။ ဝိသံသဠဖြစ်ကုန်၏ စသည်ကား ဂါရယှဝါရပြခြင်းတည်း။ ထိုသို့ဆိုသူကို ဤသို့မဆိုနှင့်ဟု တားအပ်၏။ သမထတို့အား အဓိကရဏ်းငြိမ်းခြင်းလက္ခဏာကို မရအပ်ဟု-ပယ်သောအခိုက်ဟူသော

နာနာကရဏာကိုတား၊သည်။ လက္ခဏာအား၊ဖြင့် ကား၊ အဓိကရဏာတို့နှင့် သမထတို့အား နာနာကရဏာ ရှိသည်သာ တည်း၊ဟု မှတ်အပ်၏။)

သံသဋ္ဌဝါရပြီး၏။

၁၇။ သမ္မတိဝါရ

၃၀၇။ ဝိဝါဒါဓိကရဏသည်အဘယ်မျှသော သမထတို့ဖြင့် သမ္မတ်ငြိမ်း၊သနည်း။ အနုဝါဒါသည် အဘယ်မျှသော --။ အာပတ္တာသည် --ကိစ္စာ --။

ဝိဝါဒါဓိကရဏသည် နှစ်ပါး၊သောသမထတို့ဖြင့်ငြိမ်း၏။ သမ္မုခါဝိနယ ဖြင့်လည်း၊ကောင်း၊ ယေဘုယျသိက္ခာဖြင့်လည်း၊ကောင်း၊တည်း။

အနုဝါဒါသည် လေး၊ပါး၊တို့ဖြင့် -- သမ္မုခါ၊ သတိ၊ အမူဠ္ဠ၊ ပါပိဖြင့်။

အာပတ္တာသည် သုံး၊ပါး၊တို့ဖြင့် -- သမ္မုခါ၊ ပဋိညာ၊ တိဏဖြင့်။

ကိစ္စာသည် တစ်ပါး၊ဖြင့် ---၊ သမ္မုခါဖြင့်။

ဒုက။ ။ ဝိဝါဒါ၊ အနုဝါဒါသည် အဘယ်မျှဖြင့် ငြိမ်း၊သနည်း။ ငါး၊ပါး ဖြင့်-- သမ္မုခါ၊ ယေဘု၊ သတိ၊ အမူဠ္ဠ၊ ပါပိဖြင့်။

ဝိဝါဒါ၊ အာပတ္တာသည် -- လေး၊ပါး၊ဖြင့် -- သမ္မုခါ၊ ယေဘု၊ ပဋိညာ၊ တိဏဖြင့်။

ဝိဝါဒါ၊ ကိစ္စာသည် -- နှစ်ပါး၊ဖြင့် -- သမ္မုခါ၊ ယေဘုဖြင့်။

အနုဝါဒါ၊ အာပတ္တာသည်-- ခြောက်ပါး၊ဖြင့်-- သမ္မုခါ၊ သတိ၊ အမူဠ္ဠ၊ ပဋိညာ၊ ပါပိ၊ တိဏဖြင့်။

အနုဝါဒါ၊ ကိစ္စာသည် -- လေးပါးဖြင့် -- သမ္မုခါ၊ သတိ၊ အမှုဌ၊ ပါပိဖြင့်။

အာပတ္တာ၊ ကိစ္စာသည် -- သုံးပါးဖြင့် -- သမ္မုခါ၊ ပဋိညာ၊ တိဏဖြင့်။

ကိက ။ ။ ဝိဝါဒါ၊ နုဝါဒါ၊ အာပတ္တာသည် -- ခုနှစ်ပါးဖြင့် -- သမ္မုခါ၊ ယေဘု၊ သတိ၊ အမှုဌ၊ ပဋိညာ၊ ပါပိ၊ တိဏဖြင့်။

ဝိ၊ နု၊ ကိစ္စာသည် -- ၎င်းပါးဖြင့် -- သမ္မုခါ၊ ယေဘု၊ သတိ၊ အမှုဌ၊ ပါပိဖြင့်။

နု၊ ပတ္တာ၊ ကိစ္စာသည် -- ခြောက်ပါးဖြင့် -- သမ္မုခါ၊ သတိ၊ အမှုဌ၊ ပဋိညာ၊ ပါပိ၊ တိဏဖြင့်။

စတုက္ကာ ။ ။ ဝိ၊ နု၊ ပတ္တာ၊ ကိစ္စာသည် -- ခုနှစ်ပါးဖြင့် -- သမ္မုခါ၊ ယေဘု၊ သတိ၊ အမှုဌ၊ ပဋိညာ၊ ပါပိ၊ တိဏဖြင့်။ ။

သမ္မတိဝါရပြီး၏။

၁၈။ သမ္မန္တိ နှ သမ္မန္တိဝါရ

၃၀၈။ ဝိဝါဒါဓိကရဏသည် အဘယ်မျှသော သမထဖြင့် သမ္မတိ-ငြိမ်းသနည်း။ အဘယ်မျှဖြင့် နှ သမ္မတိ မငြိမ်းသနည်း။ အနုဝါဒါသည် -- အာပတ္တာသည်-- ၊ ကိစ္စာသည် -- ။

ဝိဝါဒါဓိကရဏသည် နှစ်ပါးဖြင့်ငြိမ်း၏။ သမ္မုခါဝိနယဖြင့် ၊ ယေဘုယျသိကာဖြင့် --။ ၎င်းပါးဖြင့်မငြိမ်း - သတိ၊ အမှုဌ၊ ပဋိညာ၊ ပါပိ၊ တိဏဖြင့်။

အနုဝါဒါသည် လေးပါးဖြင့်ငြိမ်း၏။ သမ္မုခါ၊ သတိ၊ အမှုဌ၊ ပါပိဖြင့်-- ။ သုံးပါးဖြင့်မငြိမ်း - ယေဘု၊ ပဋိညာ၊ တိဏဖြင့် -- ။

အာပတ္တာသည် သုံးပါးဖြင့်ငြိမ်း၏ - သမ္မုခါ၊ ပဋိညာ၊ တိဏဖြင့်- -။

လေးပါးဖြင့်မငြိမ်း – ယေဘု၊ သတိ၊ အမှုဌ၊ ပါပိဖြင့်။

ကိစ္စာသည် တစ်ပါးဖြင့်ငြိမ်း၏ – သမ္မုခါဖြင့် -- ။ ခြောက်ပါးဖြင့် မငြိမ်း – – ယေဘု၊ သတိ၊ အမှုဌ၊ ပဋ္ဌိညာ၊ ပါပိ၊ တိဏာဖြင့်။

ဒုက ။ ။ ဝိ၀ါ၊ နု၀ါသည် ငါးပါးဖြင့်ငြိမ်း၏ – သမ္မုခါ၊ ယေဘု၊ သတိ၊ အမှုဌ၊ ပါပိဖြင့် -- ၊ နှစ်ပါးဖြင့်မငြိမ်း – ပဋ္ဌိညာ၊ တိဏာဖြင့်။

ဝိ၀ါ၊ ပတ္တာသည် လေးပါးဖြင့်ငြိမ်း၏ – သမ္မုခါ၊ ယေဘု၊ ပဋ္ဌိညာ၊ တိဏာဖြင့် --။ သုံးပါးဖြင့်မငြိမ်း -- သတိ၊ အမှုဌ၊ ပါပိဖြင့်။

ဝိ၀ါ ၊ ကိစ္စာသည် နှစ်ပါးဖြင့်ငြိမ်း၏ – သမ္မုခါ၊ ယေဘုဖြင့် --။ ငါးပါးဖြင့်မငြိမ်း -- သတိ၊ အမှုဌ၊ ပဋ္ဌိညာ၊ ပါပိ၊ တိဏာဖြင့်။

နု၀ါ၊ ပတ္တာသည် ခြောက်ပါးဖြင့်ငြိမ်း၏ -- သမ္မုခါ (၀) တိဏာဖြင့်။ တစ်ပါးဖြင့်မငြိမ်း -- ယေဘုဖြင့်။

နု၀ါ၊ ကိစ္စာသည် လေးပါးဖြင့်ငြိမ်း၏ -- သမ္မုခါ၊ သတိ၊ အမှုဌ၊ ပါပိဖြင့်။ သုံးပါးဖြင့်မငြိမ်း -- ယေဘု၊ ပဋ္ဌိညာ၊ တိဏာဖြင့်။

ပတ္တာ ၊ ကိစ္စာသည် သုံးပါးဖြင့်ငြိမ်း၏ -- သမ္မုခါ၊ ပဋ္ဌိညာ၊ တိဏာဖြင့်။ လေးပါးဖြင့်မငြိမ်း -- ယေဘု၊ သတိ၊ အမှုဌ၊ ပါပိဖြင့်။

တိက ။ ။ ဝိ၊ နု ၊ ပတ္တာသည် ခုနစ်ပါးဖြင့်ငြိမ်း၏ -- သမ္မုခါ (၀) တိဏာဖြင့်။ (မငြိမ်းမရှိ)

ဝိ၊ နု၊ ကိစ္စာသည် ငါးပါးဖြင့်ငြိမ်း၏ -- နှစ်ပါးဖြင့်မငြိမ်း -- ပဋ္ဌိညာ၊ တိဏာဖြင့်။

နု ၊ ပတ္တာ ၊ ကိစ္စာသည် ခြောက်ပါးဖြင့်ငြိမ်း၏ ။ --။ တစ်ပါးဖြင့် မငြိမ်း – ယေဘုဖြင့်။

စတုက္ကာ ။ ။ ဝိ၊ နု၊ ပတ္တာ ၊ ကိစ္စာသည် ခုနစ်ပါးဖြင့်ငြိမ်း၏။

(မငြိမ်းမရှိ) ။

သမ္မန္တိ နှ သမ္မန္တိဝါရပြီးဏ်။

၁၉။ သမထာဓိကရဏဝါရ

၃၀၉။ သမထတို့သည် သမထတို့ဖြင့် ငြိမ်းကုန်သလော။ သမထတို့သည် အဓိကရဏတို့ဖြင့် ငြိမ်းကုန်သလော။ အဓိကရဏတို့သည် သမထတို့ဖြင့် ငြိမ်းကုန်သလော။ အဓိကရဏတို့သည် အဓိကရဏတို့ဖြင့် ငြိမ်းကုန်သလော။ အချို့သမထတို့သည် သမထတို့ဖြင့်ငြိမ်းကုန်၏။ အချို့သမထတို့သည် သမထတို့ဖြင့်မငြိမ်းကုန်။ အချို့သမထတို့သည် အဓိကရဏတို့ဖြင့်ငြိမ်းကုန်၏။ အချို့မငြိမ်းကုန်။ အချို့အဓိကရဏတို့သည် သမထတို့ဖြင့်ငြိမ်းကုန်၏။ အချို့မငြိမ်းကုန်။ အချို့အဓိကရဏတို့သည် အဓိကရဏတို့ဖြင့်ငြိမ်းကုန်၏။ အချို့မငြိမ်းကုန်။

ထသည် ထဖြင့်။ ။ အဘယ်သို့လျှင် အချို့သမထတို့သည် သမထတို့ဖြင့်ငြိမ်းကုန်သနည်း။ အဘယ်သို့လျှင် အချို့သမထတို့သည် မငြိမ်းကုန်သနည်း။ ယေဘုသည် သမ္မုခါဖြင့်ငြိမ်း၏။ သတိဖြင့်မငြိမ်း။ အမူဌ၊ ပဋ္ဌာ၊ ပါပိ၊ တိဏဖြင့်မငြိမ်း။ သတိသည် သမ္မုခါဖြင့်ငြိမ်း၏။ ကြွင်းငါးခုဖြင့် မငြိမ်း။ အမူဌသည် သမ္မုခါဖြင့်ငြိမ်း၏။ ကြွင်းငါးခုဖြင့်မငြိမ်း။ ပဋ္ဌာသည် သမ္မုခါဖြင့်ငြိမ်း၏။ ကြွင်းငါးခုဖြင့်မငြိမ်း။ ပါပိသည် သမ္မုခါဖြင့်ငြိမ်း၏။ ကြွင်းငါးခုဖြင့်မငြိမ်း။ တိဏသည် သမ္မုခါဖြင့်ငြိမ်း၏။ ကြွင်းငါးခုဖြင့် မငြိမ်း။ ဤသို့လျှင် အချို့သမထတို့သည် သမထတို့ဖြင့်ငြိမ်းကုန်၏။ ဤသို့လျှင် အချို့သမထတို့သည် သမထတို့ဖြင့်မငြိမ်းကုန်။

ထသည် ဓိဖြင့်။ ။ အဘယ်သို့လျှင် အချို့သမထတို့သည် အဓိကရဏတို့ဖြင့်ငြိမ်းကုန်သနည်း။ အဘယ်သို့လျှင် မငြိမ်းကုန်သနည်း။ သမ္မုခါဝိနယသည် ဝိဝါဒါဓိကရဏဖြင့်မငြိမ်း။ နှဝါဖြင့်မငြိမ်း။ ပတ္တာဖြင့်မငြိမ်း။

ကိစ္စာဖြင့် မငြိမ်း။ ယေဘုသည် ဝိဝါ၊ နုဝါ၊ ပတ္တာဖြင့်မငြိမ်း။ ကိစ္စာဖြင့်ငြိမ်း၏။ သတိသည် နုဝါ၊ ဝိဝါ၊ ပတ္တာဖြင့်မငြိမ်း။ ကိစ္စာဖြင့်ငြိမ်း၏။ အမှုဌသည် နုဝါ၊ ဝိဝါ၊ ပတ္တာဖြင့် မငြိမ်း။ ကိစ္စာဖြင့်ငြိမ်း၏။ ပဋိညာသည် တူပြီ။ ပါဝိသည် တူပြီ။ တိဏသည် ဝူပြီ။ ကိစ္စာဖြင့်သာငြိမ်း၏။

ဝိသည် ထဖြင့်။ ။ အဘယ်သို့လျှင် အချို့အဝိကရဏတို့သည် သမထတို့ဖြင့်ငြိမ်းကုန်သနည်း။ အဘယ်သို့လျှင် မငြိမ်းကုန်သနည်း။ ဝိဝါသည် သမ္မုခါ၊ ယေဘုဖြင့်ငြိမ်း၏။ သတိ၊ အမှုဌ၊ ပဋိညာ၊ ပါဝိ၊ တိဏဖြင့်မငြိမ်း။ နုဝါသည် သမ္မုခါ၊ သတိ၊ အမှုဌ၊ ပါဝိဖြင့်ငြိမ်း၏။ ယေဘု၊ ပဋိညာ၊ တိဏဖြင့်မငြိမ်း။ ပတ္တာသည် သမ္မုခါ၊ ပဋိညာ၊ တိဏဖြင့်ငြိမ်း၏။ ယေဘု၊ သတိ၊ အမှုဌ၊ ပါဝိဖြင့် မငြိမ်း။ ကိစ္စာသည် သမ္မုခါဖြင့်ငြိမ်း၏။ ယေဘုစသော ခြောက်ပါးဖြင့်မငြိမ်း။

ဝိသည် ဝိဖြင့်။ ။ အဘယ်သို့လျှင် အချို့အဝိကရဏတို့သည် အဝိကရဏတို့ဖြင့်ငြိမ်းကုန်သနည်း။ အဘယ်သို့မငြိမ်းကုန်သနည်း။ ဝိဝါသည် ဝိဝါဖြင့် မငြိမ်း။ နုဝါဖြင့်မငြိမ်း။ ပတ္တာဖြင့်မငြိမ်း။ ကိစ္စာဖြင့်ငြိမ်း၏။ နုဝါသည် ဝိဝါ၊ နုဝါ၊ ပတ္တာဖြင့်မငြိမ်း။ ကိစ္စာဖြင့်ငြိမ်း၏။ ပတ္တာသည် ဝိဝါ၊ နုဝါ၊ ပတ္တာဖြင့် မငြိမ်း။ ကိစ္စာဖြင့်ငြိမ်း၏။ ကိစ္စာသည် ဝိဝါ၊ နုဝါ၊ ပတ္တာဖြင့်မငြိမ်း။ ကိစ္စာဖြင့် ငြိမ်း၏။ ခြောက်ပါးသောသမထတို့သည်လည်းကောင်း။ လေးပါးသောအဝိ ကရဏတို့သည်လည်းကောင်း။ သမ္မုခါဖြင့်ငြိမ်းကုန်၏။ သမ္မုခါဝိနုယသည် ဟစ်ဆုံဟစ်မှုဖြင့်မငြိမ်း။

(**ဓိဋ္ဌိ**။ **သာဋ္ဌိ**။ ။ သမထတို့သည် သမထတို့ဖြင့် ငြိမ်းကုန်၏ဟူသည်၌ သမ္မုခ်ိ သမ္မုခ်ိ - ပြည့်စုံကုန်၏။ အဝိကရဏတို့သော်လည်း သမ္မုခ်ိဝူပသမ္မုခ်ိ -- ငြိမ်းချုပ်ကုန်၏။ အနုက်။

ထို့ကြောင့် ယေဘုသည် သမ္မုခါဖြင့်ငြိမ်း၏ ဟူဏာ၌ ယေဘုသည် သမ္မုခါနှင့်တကွ ပြည့်စုံ၏။ သ[illegible]ကိုနှင့်

တကွ မပြည့်စုံ။ သတိစသည်တို့သည် ယေဘုအားကျေးဇူး မပြုသောကြောင့်တည်း။ ။ သမထတို့သည် အဓိကရဏာတို့ ဖြင့် ငြိမ်းကုန်၏ဟူရာ၌ သမထတို့သည် အဘာဝံဂစ္ဆန္တိ - မရှိဖြင်းသို့ရောက်ကုန်၏။ အနက် ။

"သမ္မုခါဝိနယသည် ဝိဝါဒါဓိကရဏာဖြင့်ငြိမ်း၏ "ဟု အချို့ဟောရှိကတော်၏။ အဆုံး၌ "ကစ်စုံ တစ်ခုဖြင့်မငြိမ်း" ဟုဆို သောကြောင့် သမထ၊ အဓိကရဏာတို့ဖြင့် ငြိမ်းစေအပ်သော သမ္မုခါမဟုတ်။ ဝိဝါသည် ကိစ္စာဖြင့် ငြိမ်းရာ၌ -- သုဏာတု မေ ဘန္တေ (၀) ပဌမံ သလာကံ နိက္ခိပါမိ - ဟုငြိမ်း၏။

ဝိဋ္ဌ။ ။ သမထတို့သည် အဓိကရဏာတို့ဖြင့် ငြိမ်း ကုန်သလောဟူသည် အပလောကံနှစ်သော လေးပါးသောကိစ္စာ ဓိကရဏာတို့ဖြင့် အလုံးစုံသော သမထတို့သည် ငြိမ်းကုန်၏။ ထိုမှ တပါးတို့ဖြင့် မငြိမ်းကုန်။ ဤသို့သောအနက်ကို ရည်ဆို သည်။ သို့ကြောင့် သမ္မုခါဝိနယသည် ဝိဝါဒါဓိကရဏာဖြင့် မငြိမ်း။ နှဝါဖြင့်၊ ပဋ္ဌာဖြင့်၊ ကိစ္စာဖြင့်မငြိမ်း စသည်ကို ဆိုလတ္တံ့။ သမ္မတိဝါရကိုလည်းကောင်း၊ သမ္မတိနှသမ္မတိဝါရ ကိုလည်းကောင်း အဓိကရဏာတို့ကြောင့်ဖြစ်သော သံသဋ္ဌ အဖြစ်၊ ဂိသံသဋ္ဌအဖြစ်ကို ပြခြင်းငါဟောသည်။ ဤသမထာ ဓိကရဏဟောဝါရကို သမထတို့၏ အချင်းချင်းလည်းကောင်း အဓိကရဏာတို့ဖြင့်လည်းကောင်း၊ အဓိကရဏာတို့၏ အချင်း ချင်းလည်းကောင်း။ သမထတို့ဖြင့်လည်းကောင်း ငြိမ်းခြင်း၊ မငြိမ်းခြင်းကို ပြခြင်းငါဟောသည်။)

၂၀ သမုဋ္ဌာနဝါရ

၃၁၄။ ဝိဝါဒါဓိကရဏာသည် လေးပါးသော အဓိကရဏာတို့တွင်

အဘယ်အဓိကရဏကို သမုဋ္ဌာပေတိ– ဖြစ်စေသနည်း။ ဝိဝါဒါသည် လေးပါး တို့တွင် အဘယ်အဓိကရဏ်းကိုမျှမဖြစ်စေ။ သို့ရာတွင် ဝိဝါဒါဓိကရဏအ ကြောင်းကြောင့် အဓိကရဏလေးပါးလုံးဖြစ်ကုန်၏။ ဖြစ်ပုံကား-- ဤသာသနာ၌ ရဟန်းတို့သည် ဓမ္မဟူ၍ အဓမ္မဟူ၍ ငြင်းခုံကုန်အံ့၊ ဝိနယ အဝိနယဟူ၍ စသည်ဖြင့် ငြင်းခုံကုန်အံ့၊ ထို၌ ဘဏ္ဍာန – မိမိအသင်း၌ တိုးတိုးတိုင်ပင်ခြင်း၊ ကလဟ– ကိုယ်နှုတ်လွန်ကျူးခြင်း၊ ဝိဂ္ဂဟ– ရှေ့ရှေ့ ငြင်းခုံခြင်း။ ဝိဝါဒ – နှောက်နှောက်ငြင်းခုံခြင်း။ နာနာဝါဒ အထူးထူး ဆိုခြင်း။ အညထာဝါဒ– ဖောက်ပြန်စွာဆိုခြင်း။ ဝိပစ္စတာယဝေါဟာရ – စိတ်နာအောင် ဆိုခြင်း။ မေဓက – ငြင်းခုံခြင်း – ဤအလုံးစုံသည် ဝိဝါဒါဓိကရဏမည်၏။ ဤဝိဝါဒါဓိကရဏ၌တည်၍ (ဝါ– အကြောင်းခံ၍ သံဃာသည် ငြင်းခုံအံ့) ဝိဝါဒါဓိကရဏ ငြင်းခုံခြင်းအကြောင်းခံ၍စွပ်စွဲအံ့ – အနုဝါဒါဓိကရဏ၊ စွပ်စွဲခြင်းအကြောင်းခံ၍ အာပတ်သို့ရောက်အံ့ – အာပတ္တာဓိကရဏ။ ထိုအာပတ်ကြောင့် သံဃာသည် ကံပြုအံ့ – ကိစ္စာဓိကရဏ။ ဤသို့လျှင် ဝိဝါဒါဓိကရဏ အကြောင်းကြောင့် အဓိကရဏလေးပါးလုံးဖြစ်ကုန်၏။

အနုဝါဒါသည် အဘယ်အဓိကရဏ်းကို ဖြစ်စေသနည်း။ အဘယ်ကိုမျှ မဖြစ်စေ။ အနုဝါဒါအကြောင်းကြောင့်ကား လေးပါးလုံးဖြစ်ကုန်၏။ ဖြစ်ပုံကား --- ဤသာသနာ၌ ရဟန်းတို့သည် ရဟန်းကို သီလဝိပတ္တိစသည်ဖြင့် စွပ်စွဲ ကုန်အံ့။ ထို၌ အနုဝါဒ – အနုဝဒနာ ၊ အနုလ္လပနာ ၊ အနုဘာဏနာ – စွပ်စွဲ သောစကားကိုဆိုခြင်း၊ အနုသမ္ပဝကံတာ – ကောက်ကျစ်စဉ်းလဲခြင်း၊ အဗ္ဘုဿဟန်တာ – ရှေးရှုအားထုတ်ခြင်း ။ အနုဗလပ္ပဒါန – အားအံ့ဆင့် ပေးခြင်း – ဤအလုံးစုံသည် အနုဝါဒါမည်၏။ ဤ၌တည်၍ ငြင်းခုံအံ့ – ဝိဝါ။ ငြင်းခုံ၍စွပ်စွဲအံ့ နုဝါ ၊ စွပ်စွဲ၍ အာပတ်သင့်အံ့ – ပတ္တာ ။ ထိုအာပတ်ကြောင့် သံဃာကံပြုအံ့ – ကိစ္စာ – ဤသို့ နုဝါဒါအကြောင်းကြောင့် ဓိကရဏ လေးပါး ဖြစ်ကုန်၏။

အာပတ္တာသည် အဘယ်ကိုမျှမဖြစ်စေ။ အကြောင်းကြောင့်ကား

လေးပါးလုံးဖြစ်ကုန်၏။ ဖြစ်ပုံကား – ငါးပါးသော အာပတ်အစု၊ ခုနှစ်ပါးသော အာပတ်အစုသည် အာပတ္တာဓိကရဏမည်၏။ အာပတ်၌တည်၍ သံဃာသည် ငြင်းခုံအံ့၊ ငြင်းခုံ၍စွပ်စွဲအံ့ -- တူပြီ။

ကိစ္စာသည် အဘယ်ကိုမျှမဖြစ်စေ။ အကြောင်းကြောင့်ကား လေးပါးလုံး ဖြစ်ကုန်၏။ ဖြစ်ပုံကား ကိစ္စယတာ ၊ ကရဏီယတာ – သံဃာသည် ပြုအပ်သော သံဃကိစ္စဖြစ်သော အပလောကန၊ ဉတ္တိ၊ ဉတ္တိဒုတိယ၊ ဉတ္တိစတုတ္ထကံသည် ကိစ္စာဓိကရဏမည်၏။ ကိစ္စာ၌တည်၍ သံဃာသည် ငြင်းခုံအံ့ – ငြင်းခုံ၍စွပ်စွဲအံ့။ တူပြီ။

(**ဓီဋ္ဌိ။ သာဋ္ဌိ။** ။ ဝိဝါသည် အဘယ်အဓိကရဏ်းကိုမျှ မဖြစ်စေဟူသည် – ဓမ္မဟုတ် ၊ မဟုတ်ဟုဆိုကာမျှဖြင့် အဘယ်အဓိကရဏ်းကိုမျှ မဖြစ်စေနိုင်ဟူလို ။

ဝိဋ္ဌိ။ ။ ဤသမုဋ္ဌာပေတိဝါရကို ဓိကရဏ်းတို့ကြောင့် ဓိကရဏ်းတို့၏ဖြစ်ပုံပြခြင်းငါဟောသည်။ အဘယ်ဓိကရဏ်းကိုမျှ မဖြစ်စေဟူသည် မိမိဖြစ်ကာမျှဖြင့် ဓိကရဏ်းတစ်ခုကို မဖြစ်စေနိုင်ဟူလို။ အဘယ်သို့လျှင် ဖြစ်စေသနည်း ဟုမေးဘွယ်ရှိသောကြောင့် အပိစ – သို့ရာတွင် စသည်ကို မိန့်ဆိုသည်။ ထိုဒ္ဒဏယန္တီလေးပါးလုံးဖြစ်ကုန်၏ဟူသည် အခြားမဲ့တွင်မဖြစ်ဘဲ အကြောင်းအဆက်ဆက်ကြောင့် ဖြစ်ကုန်၏။ ဤကားဇယန္တီအဓိပ္ပါယ်တည်း။ ဓမ္မ၊ အဓမ္မ စသည်ဖြင့် နှစ်ဦးတို့ငြင်းခုံခြင်းဟူသော အကြောင်းကြောင့် အချင်းချင်းဘေးမဲ့၏ ပျက်စီးခြင်းတို့သည် ဖြစ်ကုန်၏။ ငြင်းခုံခြင်းအကြောင်းကြောင့် အပင်းအသင်းစုဆောင်း၍ ကိုယ်နှုတ်လွန်ကျူးတိုးပွားသူတို့၏ ငြင်းခုံခြင်းသည် ပရိသတ်များသော သံဃာ့ဦးစီးလဒ္ဓိမထေရ်ကြီးထံရောက်လျှင် ငြိမ်း၏။ ထိုသို့မငြိမ်းလျှင် တိုးပွားရ၍သံဃဝိဝါဒကိုသော်လည်း ဖြစ်စေ၏။ ထို့နောက်

အနုဝါဒါ စသည်တို့.ကိုဖြစ်စေနိုင်၏။ ဤသို့.အစဉ်အဆက် ငြိမ်းအေးကြောင်း မရလျှင် ဓိကရဏ်းလေးပါးလုံးဖြစ်ကုန်၏။ ထိုကိုရည်၍ "သံဃာသည် ငြင်းခုံအံ့" စသည်ကိုဟောသည်။)

သမုဋ္ဌာပနဝါရပြီး၏။

၂၁။ သမထဘေဒ

၃၁၈။ ဝိဝါဒါဓိကရဏသည် လေးပါးသော အဓိကရဏ်းတို့.တွင် အဘယ်အဓိကရဏသို့. သက်ဝင်သနည်း။ အဘယ်အဓိကရဏကို မှီသနည်း။ အဘယ်အဓိကရဏ၌ အကျုံးဝင်သနည်း။ အဘယ်အဓိကရဏဖြင့် ရေတွက်အပ်သနည်း။ -- နုဝါသည် -- ပတ္တာသည် -- ကိစ္စာသည် -- ထို.အတူ ပုစ္ဆာလေးခုစီ။

ဝိဝါဒါဓိကရဏသည် လေးပါးသော အဓိကရဏ်းတို့.တွင် ဝိဝါဒါဓိကရဏသို့.သက်ဝင်၏။ ဝိဝါဒါဓိကရဏကိုမှီ၏။ ဝိဝါဒါဓိကရဏ၌ အကျုံးဝင်၏။ ဝိဝါဒါဓိကရဏဖြင့် ရေတွက်အပ်၏။ ။ နုဝါသည် နုဝါသို. --။ ပတ္တာသည် ပတ္တာသို. -- ကိစ္စာသည် ကိစ္စာသို. -- တူပြီ။

ဝိဝါဒါဓိကရဏသည် ခုနှစ်ပါးသော သမထတို့.တွင် အဘယ်သမထတို့.သို. သက်ဝင်သနည်း။ -- မှီ -- အကျုံးဝင် -- ရေတွက်အပ်သနည်း။ အဘယ်မျှသော သမထဖြင့် ငြိမ်းသနည်း။ ။ နုဝါသည် -- ပတ္တာသည် -- ကိစ္စာသည် -- ထို.အတူ ပုစ္ဆာငါးခုစီ။

ဝိဝါဒါဓိကရဏသည် ခုနှစ်ပါးသော သမထတို့.တွင် နှစ်ပါးသော သမထတို့.သို. သက်ဝင်၏။ နှစ်ပါးကိုမှီ၏။ နှစ်ပါး၌အကျုံးဝင်၏။ နှစ်ပါးဖြင့် ရေတွက်အပ် ၏။ နှစ်ပါးဖြင့်ငြိမ်း၏။ သမ္မုခါဖြင့်လည်းကောင်း ယေဘုယျသိကာဖြင့်လည်းကောင်းတည်း။

နုဝါသည် လေးပါးတို့.သို. -- ။ သမ္မုခါ ၊ သတိ ၊ အမူဋ္ဌ၊ ပါပိဖြင့်။

ပတ္တာသည် သုံးပါးတို့သို့ -- ။ သမ္မုခါ ၊ ပဋ္ဌိညာ ၊ တိဏဖြင့်။
ကိစ္စာသည် တစ်ပါးသို့ -- ။ သမ္မုခါဖြင့်။ ---။

(**ဓိဋ္ဌိ။ သာဋ္ဌိ။** ။ ဝိဝါသည် ဝိဝါသို့ သက်ဝင်၏ ဟူ သည် ပဌမဖြစ်သော ဝိဝါဒသို့ နောက်ဖြစ် ဝိဝါဒသည် သက်ဝင်၏။ ။ ဝိဝါသည် နှစ်ပါးသောသမထတို့သို့ သက်ဝင်၏ဟူသည်ကား – အကျွန်ုပ်ကို ငြိမ်းအေးစိမ့်သောဌါ စွမ်းနိုင်သူတို့ကား " သင်တို့ဖြစ်ကုန်၏ " ဟုဆိုသကဲ့သို့ ဆည်းကပ်၏။ နှစ်ပါးဖြင့်ရေတွက်အပ်၏–ဟူသည်– " ငါတို့ သည် သင်ကို ငြိမ်းအေးစေကုန်အံ့ " ဟုဆိုသကဲ့သို့ နှစ်ခုသော သမထတို့သည် ချီးမြှောက်အပ်၏။

ဝိဋ္ဌိ။ ။ အချင်းချင်းကျေးဇူးပြုသောအဖြစ်ရှိသော်လည်း သံသဂ္ဂအဖြစ်ကို ပြခြင်းဌါ ဤဝါရကိုဟောသည်။ ဝိဝါသည် ဝိဝါသို့သက်ဝင်၏ စသည်တို့၌ ဝိဝါသည် ဝိဝါ၏ အဖြစ်သို့သက်ဝင်၏။ တစ်ပါးသော အဓိကရဏ၏အဖြစ်သို့ မသက်ဝင်။ ဝိဝါ၏အဖြစ်ကိုသာမှီ၏။ ဝိဝါကိုသာ အကျုံးဝင်၏။ ဝိဝါအဖြစ်ဖြင့်သာ ရေတွက်အပ်၏။– ဤသို့ အနက်ယူအပ်၏။ ။ သမထတို့သို့ သက်ဝင်ခြင်းစသည်ကိုကား ဓိကရဏ်းတို့၏ ငြိမ်းခြင်းဖြစ်သောအခါ နိယတသမထ– မြဲသော သမထတို့ကို ပြခြင်းဌါ ဟောသည်။ ဘဇတိ – သက်ဝင်ဟူသည် မိမိငြိမ်းအေးခြင်းဌါ အဘယ်မျှသော သမထတို့ဆို သက်ဝင်သနည်း။ အဘယ်မျှတို့သို့ရောက်လျှင် ငြိမ်းအေးပါအံ့နည်းဟူလို။ ပရိယာပန္နံ – အကျုံးဝင်ဟူသည် မိမိငြိမ်းအေးခြင်းဌါ အဘယ်မျှသောသမထတို့၌ ထိုတို့နှင့်တူသည် အစွမ်းဖြင့် ဝင်ရပါအံ့နည်း။ သဂ်ဟိတ – ရေတွက်ဟူသည် – ငြိမ်းအေးခြင်းကိုပြုသော အဘယ်မျှသောသမထတို့သည်

ငြိမ်းအေးခြင်းကို ပြုခြင်းငါ ရေတွက်အပ်သနည်း။)

သမထဘေဒပြီး၏။

၆။ ခန္ဓကပုစ္ဆာဝါရ။

ဥပသမ္မဒဲ ပုစ္ဆိသဲ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ ကတိအာပတ္တိယော။

၃၂၀။ သနိဒါနံ ၊ နိဒါန်းနှင့်တကွသော။ သနိဒ္ဒေသံ၊ နိဒ္ဒေသနှင့်တကွသော။ ဥပသမ္မဒံ၊ ဥပသမ္မဒကွန္ဓကကို။ ပုစ္ဆိသဲ၊ ငါမေးအံ့။ ဟတ္ထ၊ ထိုခန္ဓကဋ္ဌ။ သမုက္ကဋ္ဌပဒါနံ၊ မြတ်သောပုဒ်တို့၏။ အာပတ္တိယော၊ အာပတ်တို့သည်။ ကတိ၊ အဘယ်မျှတို့နည်း။

ဥပသမ္မဒံ ဝိသဒ္ဓိသဲ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ ဒွေ အာပတ္တိယော။

သနိဒါနံ - သနိဒ္ဒေသံ - ဥပသမ္မဒံ - ဝိသဒ္ဓိသဲ ၊ ငါဖြေဆိုအံ့။ ဟတ္ထ- သမုက္ကဋ္ဌ ပဒါနံ - အာပတ္တိယော - ဒွေ၊ နှစ်ပါးတို့သည် ဟောန္တိ၊ ဖြစ်ကုန်၏။

[ဥပသမ္မဒသည် ဥပသမ္မဒကွန္ဓကဖြစ်၏။ နိဒါနေန သဟ နိဒ္ဒေသေန သဟ - တကွဖြစ်သော ထိုခန္ဓကကိုမေးအံ့။ သမုက္ကဋ္ဌ ပဒသည် ဥတ္တမပဒတည်း။ ဘုရားဟောအပ်သောကြောင့် ပုဒ်မြတ်တို့ ဖြစ်ကုန်၏။ ထိုပုဒ်မြတ်တို့၏ အာပတ်တို့သည် အကျဉ်းအားဖြင့် အဘယ်မျှတို့နည်း။ အကြင်ပုဒ်ဖြင့် အကြင်အာပတ်ကို ပညတ်၏။ ထိုအာပတ်ကို ထိုပုဒ်၏အာပတ်ဟု ဆိုခြင်းတည်း။ ဒွေကား အသက်နှစ်ဆယ်မပြည့်သူကို ရဟန်းပြုပေးသူအား ပါစိတ်။ ကြွင်းပုဒ်တို့၌ ဒုက္ကဋ်။]

(**ဓီဋီ**။ ။ နိဒါန်းဟူသည် ကာလသည်လည်းကောင်း

နဂရသည်လည်းကောင်း၊ ဒေသသည်လည်းကောင်း၊ ဘဂဝါသည်လည်းကောင်း လေးမျိုးတည်း။ ဝတ္ထု ပုဂ္ဂိုလ်စသည်တို့သည် နိဒ္ဒေသမည်၏။ ဤခန္ဓကဌ် – နှ ဘိက္ခဝေ ဥိနဝိ သတိဝသော – စသည်ဖြင့် မြတ်သော ပုဒ်တို့ကို ဟောအပ်ကုန်၏။ ထိုပုဒ်မြတ်ဖြင့် ပညတ်သောအာပတ်ကို ထိုပုဒ်မြတ်၏ အာပတ်ဟုဆိုသည်။

သာဒ္ဒီ။ ။ သိက္ခာပုဒ်ပညတ်ရာဒေသသည် နိဒါန်းမည်၏။ ပုဂ္ဂိုလ်စသည်သည် နိဒ္ဒေသမည်၏။ ထိုနှစ်ပုဒ်ဖြင့် ထိုထိုသိက္ခာပုဒ်၏ ဝတ္ထုကိုပြသည်။ ထို့ကြောင့် ဝတ္ထုနှင့်တကွ ခန္ဓကကို မေးအံ့ဟူလို။ ဤခန္ဓကဌ် နှ ဘိက္ခဝေ ဥိနဝိ သတိဝသော – စသည်ဖြင့် ဥတ္တမပဒတို့ကို ဟောသည်။

ဝိဒ္ဒီ။ ။ ဥပသမ္ပဒကွန္ဓကသည် ပဗ္ဗဇ္ဇကွန္ဓကတည်း။ ပညတ်ရာဌာန ပုဂ္ဂိုလ်စသည်ကိုပြသော နိဒါန်းစကားသည် နိဒါန မည်၏။ ထိုနိဒါနကိုစွဲ၍ ညွှန်ပြသောသိက္ခာပုဒ်တို့သည် နိဒ္ဒေသမည်၏။ ထိုအစိတ်အစိတ်နှင့် တကွဖြစ်သော အပေါင်းခန္ဓကကို မေးမည်ဟူလို။ အာပတ်ပညတ်သောစကားတို့ကို ဥတ္တမပဒဟုအလိုရှိအပ်ကုန်၏။ ထိုဥတ္တမပဒတို့ဖြင့် ပညတ်ခြင်းတို့သည် အဘယ်အာပတ်တို့နည်းဟူလို။ ပုဂ္ဂိုလ်၏အာပတ်သာ ဖြစ်သင့်သည်မဟုတ်လော။ ပုဒ်၏အာပတ်မဖြစ်သင့်။ အဘယ်ကြောင့် သမုဋ္ဌာနပဒါနံ ကတိအာအတ္တိယော – ဟုသာမိစွမ်းဖြင့် ညွှန်းသနည်းဟု မေးဘွယ်ရှိသောကြောင့် "အကြင် ပုဒ်ဖြင့် အကြင်အာပတ်ကို ပညတ်၏ " စသည်ကို ဖွင့်ဆိုသည်။)

နိဒါန်းနိဒ္ဒေသဌ် တကွသော မဟာကွန္ဓကဌ် ဟောသောပုဒ်တို့၏ အာပတ်တို့သည် အဘယ်မျှတို့နည်း။ နှစ်ပါးတို့တည်း။

[အသက်မပြည့်ဘဲ ရဟန်းပြုပေးသူအားပါစိတ်၊ အကြွင်းတို့ဌ

ဒုက္ခင့်။]

ဥပေါသထကွန္ဓကၨ် အာပတ်တို့သည် အဘယ်မျှကို့နည်း။ သုံးပါး တို့တည်း။

[ကွဲပြားခြင်းရှေးရှု၍ ဥပုသ်ပြုသူ - ထုလ္လစ္စည်း။ ဥက္ခိတ္တကနှင့် ဥပုသ်ကံပြုသူပါစိတ်။ အကြွင်းတို့၌ ဒုက္ခင့်။]

ဝဿူပနာယိကကွန္ဓကၨ် - တစ်ပါး (ဒုက္ခင့်တစ်ခုသာတည်း။)

ပဝါရဏာကွန္ဓကၨ် -- သုံးပါး။ (ကွဲပြားခြင်းရှေးရှု၍ ပဝါရဏာပြုသူ - ထုလ္လစ္စည်း။ ဥက္ခိတ္တကနှင့် ပါဝါရဏာပြုသူပါစိတ်။ အကြွင်း၌ ဒုက္ခင့်။

ဓမ္မသညုတ္တဟူသော ဓမ္မကွန္ဓကၨ် -- သုံးပါး။ (နွားငယ်တို ရေနှစ်သတ်သူတို့အား ပါစိတ်။ တပ်သောစိတ်ဖြင့် အင်္ဂါဇာတ် တို့ရာ၌ ထုလ္လစ္စည်း။ အကြွင်း၌ ဒုက္ခင့်)

ဘေသဇ္ဇကွန္ဓကၨ် -- သုံးပါး (ဝစ္စမဂ်) အနီးပန်းကျင်နှစ်သစ်၌ ထုလ္လစ္စည်း။ ဘေသဇ္ဇယာဂု၌ပါစိတ်။ အကြွင်း၌ ဒုက္ခင့်)။

ကထိနကွန္ဓကၨ် -- တစ်ပါးမျှမရှိ။ (ကထိန်ခွင့်ပြုခြင်းသင်္ဘော်သက်သာတည်း။)

စီဝရကွန္ဓကၨ် -- သုံးပါး။ (ကုသစ်ရ - သမန်းမြက်သင်္ကန်း ၊ ဝါကစီရ- လျှော်မျှင်သင်္ကန်းတို့၌ ထုလ္လစ္စည်း။ အတိရေကသင်္ကန်း၌ နိဿဂ္ဂိ ပါစိတ်။ အကြွင်း၌ ဒုက္ခင့်။)

စမ္ပေယျကွန္ဓကၨ် - တစ်ပါး ။ ။ ကောသမ္ဗကကွန္ဓကၨ် --- တစ်ပါး။ (ဒုက္ခင့်သာ။)

* မ၊ ဥ၊ ဝသ်၊ ပ ့်။ စမ်၊ ဘေ၊ က ့်။ (ဒသ) - စီ၊ စမ်၊ ကော ့်။

ကမ္မကွန္ဓကၨ် -- တစ်ပါး။ ။ ပါရိဝါသိကကွန္ဓကၨ်တစ်ပါး ။ ။

သမုစ္စယကွန္ဒကဋ္ဌ -- တစ်ပါး။ (ဒုက္ခင်ချည်းသာတည်း)

သမထကွန္ဒကဋ္ဌ -- နှစ်ပါး။ (ဆန္ဒပေးရှု ရှုတ်ချသူ ခိယျနကပါစိတ်၊ အကြွင်း ဒုက္ခင်။)

ခုဒ္ဒကဝတ္ထုကွန္ဒကဋ္ဌ -- သုံးပါး။ (အင်္ဂါ၈တ်ဖြတ်သူ ထုလ္လစ္စည်း။ စားမြုံ့ပြန်သူ ပါစိတ်၊ အကြွင်းဋ္ဌ ဒုက္ခင်။)

သေနာသနကွန္ဒကဋ္ဌ -- သုံးပါး (ဂရုဘဏ်စွန့်သူထုလ္လစ္စည်း။ သံဃိကကျောင်းမှနင်ချသူ ပါစိတ်။ အကြွင်းဋ္ဌ ဒုက္ခင်

သံဃဘေဒကကွန္ဒကဋ္ဌ -- နှစ်ပါး။ (ဘေဒါနုဝတ္တက - ထုလ္လစ္စည်း။ ဂဏဘောဇနေ - ပါစိတ်။)

သမာစာရဟူသော ဝတ္တကွန္ဒကဋ္ဌ -- တစ်ပါး။ ပါတိမောက္ခဌပနကွန္ဒကဋ္ဌ တစ်ပါး။

(သမာစာရသည် ဝတ္တကွန္ဒကဖြစ်၏။ အနာဒရိယဖြင့် ဝတ်အားလုံးဋ္ဌ ဒုက္ခင်္ဌသာ။ ။ ပါတိမောက္ခဌပနဋ္ဌလည်း ထို့အတူတည်း။)

ဘိက္ခုနိုကွန္ဒကဋ္ဌ -- နှစ်ပါး။ (ပဝါရဏာမပြုသူပါစိတ်၊ အကြွင်းဋ္ဌ ဒုက္ခင်။)

ပဋ္ဌသတိကကွန္ဒကဋ္ဌ -- မရှိ။ သတ္တသတိကကွန္ဒကဋ္ဌ -- မရှိ။ (သက်သက်ဓမ္မကို သင်္ဂါယနာတင်သည်။ ထိုခန္ဓကတို့ဋ္ဌ အာပတ်မရှိ။)

* ကံ ၊ ပါ ၊ သ၊ ထံ [၄]။ ခုဒ်၊ သေ ၊ သံ [၃]။ စတ္ထံ ၊ ပါ ၊ ဘိက်၊ ပဋ္ဌ၊ သတ် [၄] ။

ခန္ဓကပုစ္ဆာဝါရပြီး၏။

(၇) ကေတ္ထရိက (၁၁–ခု)

၁။ ကေက–ဝ၃

၃၂၁။ **ကေက ၁၂**။ ။ အာပတ္တိကရဓမ္မ– အာပတ်ကိုပြုတတ်သော ဓမ္မကိုသိအပ်၏။ အနာပတ္တိကရဓမ္မ – အနာ ပတ္တိကိုပြုတတ်သော ဓမ္မကို သိအပ်၏။ အာပတ္တိကိုသိအပ်၏။ အနာပတ္တိကိုသိအပ်၏။ လဟုကာအာပတ်ကို––။ ဂရုကာအာပတ်ကို–။ သာဝသေသ– သိက္ခာပုဒ်ကြွင်းရှိသော အာပတ်ကို–။ အနဝသေသ– သိက္ခာပုဒ်ကြွင်းမရှိသော အာပတ်ကို––။ ဒုဋ္ဌုလ္လ– ရန်ရင်းသော အာပတ်ကို––။ အဒုဋ္ဌုလ္လ– မရန်ရင်းသောအာပတ်ကို––။ သပ္ပဋိကမ္မ– ကုစားခြင်းရှိသော အာပတ်ကို––။ အပ္ပဋိကမ္မ– ကုစားခြင်းမရှိသောအာပတ်ကို သိအပ်၏။ ၁၂

[အာပတ္တိကရဓမ္မမည်သည် ဆ အာပတ္တိသမုဋ္ဌာန်ဖြစ်၏။ ဤခြောက်ပါးစွမ်းဖြင့် ပုဂ္ဂိုလ်သည် အာပတ်သို့ရောက်၏။ ထို့ကြောင့် အာပတ္တိကရ ဟု ဟောသည်။ အနာပတ္တိကရမည်သည် ခုနစ်ပါးသော သမထတည်း။ အာပတ္တိဟူသည် ထိုထိုသိက္ခာပုဒ်၌လည်းကောင်း၊ ဝိဘင်း၌လည်းကောင်း ဟောသော အာပတ်တည်း။ အနာပတ္တိသည် 'အနာပတ္တိဘိက္ခု အသာဒိယန္တသ' စသည်ဖြင့်ဟောသော အနာပတ္တိတည်း။ လဟုကာသည် လဟုကဝိနည်းကံဖြင့် စင်ကြယ်သောအာပတ်ငါးခုဖြစ်၏။ ဂရုကာသည် ဂရုကဝိနည်းကံဖြင့် စင်ကြယ်သော သံဃာဒိသေသ်လည်းကောင်း၊ တစ်စုံတစ်ခုသောခြင်းရာဖြင့် အနာပတ္တိ အဖြစ်သို့ ရောက်အောင် မတတ်ကောင်းသော ပါရာဇိကလည်းကောင်း၊ ဤအာပတ်နှစ်ခုဖြစ်၏။ သာဝသေသသည် ပါရာဇိကမှကြွင်းသော အာပတ်ဖြစ်၏။ အနဝသေသသည် ပါရာဇိကဖြစ်၏။ နှစ်ပါးသော အာပတ်အပေါသည် ဒုဋ္ဌုလ္လမည်၏။ အကြွင်းသည် အဒုဋ္ဌုလ္လမည်၏။ (ဒုဋ္ဌုလ္လနှင့်ဂရုကာ၊ အဒုဋ္ဌုလ္လနှင့်လဟုကာ တို့၏။) သပ္ပဋိကမ္မဒုက်သည် သာဝသေသဒုက်နှင့်တူ၏။]

(**ဒီဋ္ဌီ**။ ။ အာပတ်သည် ပရမတ်လော၊ နှ ဝတ္ထုဗဟု ပညတ်လောစသည်ဖြင့် သမထကွန်ကစသည်တို့နှင့်ငွေ့ ၍ အကျယ် မိန့်ဆိုအံ့။)

ဒုကက ၁၃။ ။ ဒေသနာဂါမ်အာပတ်ကို သိအပ်၏။ အဒေသနာဂါမ်အာပတ်ကို သိအပ်၏။ အန္ဓရာယိကအာပတ်ကို –။ အနန္ဓရာယိကအာပတ်ကို –၊ သာဝဇ္ဇပညတ္တိအာပတ်ကို –၊ အနဝဇ္ဇပညတ္တိ အာပတ်ကို –၊ ကိရိယသမုဋ္ဌာန်အာပတ်ကို–၊ အကရိယသမုဋ္ဌာန်အာပတ်ကို – ကိရိယာကိရိယသမုဋ္ဌာန် အာပတ်ကို –၊ ပုဗ္ဗာပတ္တိ – ရှေ့အာပတ်ကို ––၊ အပရာပတ္တိ – နောက်အာပတ်ကို ––၊ ပုဗ္ဗာပတ္တိတို့၏ အန္ဓရာပတ်ကို ––၊ အပရာပတ္တိတို့၏ အန္ဓရာပတ်ကိုသိအပ်၏။ ၁၃

{ ဒေသနာဂါမ်သည် လဟုကာအာပတ်၊ အဒေသနာဂါမ်သည် ဂရုကာအာပတ်ပင်တည်း။ ။ အန္ဓရာယိကသည် အာပတ်ခုနှစ်ခုလုံးပင်တည်း။ ။ အားထုတ်၍ လွန်ကျူးလျှင် သဂ္ဂ–နတ်ရွာအန္ဓရာယ်ကို လည်းကောင်း။ မောက္ခ – မဂ်ဖိုလ်နိဗ္ဗာန် အန္ဓရာယ်ကိုလည်းကောင်း ပြုသောကြောင့် အန္ဓရာယိကမည်၏။ မသိမူ၍ လွန်ကျူးသော ပဏ္ဏာတ္တိဝဇ္ဇ အာပတ်ကား သဂ္ဂ၊ မောက္ခအန္ဓရာယ်မပြုသောကြောင့် အနန္ဓရာယိကမည်၏။ အန္ဓရာယိကအာပတ်သို့ရောက်သော်လည်း ဒေသနာကြား၍ ပရိဝါသ် မာနတ် အဗ္ဘာန်ဖြင့်ထ၍ စင်ကြယ်သူအား လည်းကောင်း၊ သာ ဆောအဖြစ်၌ တည်သူအား လည်းကောင်း၊ သဂ္ဂ၊ မောက္ခ အန္ဓရာယ်မဖြစ်၊ သာဝဇ္ဇပညတ္တိသည် လောကဝဇ္ဇအာပတ်ဖြစ်၏။ အနဝဇ္ဇပညတ္တိသည် ပဏ္ဏာတ္တိဝဇ္ဇ အာပတ်ဖြစ်၏။ ကြိယသမုဋ္ဌာန်သည် ပါရာဇိကကဲ့သို့ ပြုသူသာရောက်သော အာပတ်ဖြစ်၏။ အကြိယသမုဋ္ဌာန်သည် သက်နှိုးအဓိဋ္ဌာန်မတင်သော အာပတ်ကဲ့သို့မပြုသူသာ ရောက်သော အာပတ်ဖြစ်၏။ ကြိယာ ကြိယသမုဋ္ဌာန်သည် ကုဋီကာရ အာပတ်ကဲ့သို့ ပြု-မပြုကြောင့်ရောက်သောအာပတ်ဖြစ်၏။ ပုဗ္ဗာပတ္တိ

သည် ပဌမရောက်သော အာပတ်ဖြစ်၏။ အပရပတ္တိသည် ပရိဝါသ်ကျင့်သူ စသည်တို့နောက်၌ ရောက်သော်အာပတ်ဖြစ်၏။ ပုဗ္ဗာပတ္တိတို့၏ အန္တရာပတ်မည်သည် မူလဝိသုဒ္ဓိ-မူလာယပဋိကဿနာဖြင့် စင်ကြယ်အောင်ကျင့်စဉ်၊ ၀ါ- မူလကတည်းက ပရိဝါသ်, မာနတ်ဖြင့် စင်ကြယ်အောင်ကျင့်စဉ် အကြား၌ သင့်သောအာပတ်ဖြစ်၏။ အပရာပတ္တိတို့၏ အန္တရာပတ်မည်သည် အဋ္ဌ ဝိသုဒ္ဓိ- အဋ္ဌသမောဓာန်ဖြင့် စင်ကြယ်အောင် ကျင့်စဉ်၊ ၀ါ- မာနတ်ကျင့်စဉ် သင့်သောအာပတ်ဖြစ်၏။ ကုရန္ဒီ၌ကား ပုဗ္ဗာပတ္တိသည် ပဌမရောက်သော အာပတ်တည်း။ ပရာပတ္တိသည် မာနတ်ထိုက်သောအခါရောက်သော အာပတ်တည်း။ ပုဗ္ဗာပတ္တိတို့၏ အန္တရာပတ်သည် ပရိဝါသ်၌ရောက်သော အာပတ်တည်း။ အပရာပတ္တိတို့၏ အန္တရာပတ်သည် မာနတ်ကျင့်စဉ်ရောက်သော အာပတ်တည်းဟု ဆို၏။ တစ်ခုသောနည်းဖြင့် သင့်၏။]

(**ဒီ၌။ သာ၌။**။ မူလဝိသုဒ္ဓိအန္တရာပတ်ဟူသည် အန္တရာပတ်ကြောင့် မူလာယပဋိကဿနပြု၍တည်သူ ရောက်သော အာပတ်တည်း။ အဋ္ဌဝိသုဒ္ဓိအန္တရာပတ်သည် အာပတ်အများတို့တွင် သဗ္ဗစိရပဋိစ္ဆန္နအာပတ်စွမ်းဖြင့် အဋ္ဌသမောဓာန်ယူ၍နေစဉ် သင့်သောအာပတ်တည်း။

ဝိ၌။ ။ မသိမူ၍လွန်ကျူးခြင်းကား ပညတ်တော်ကိုလည်းကောင်း၊ လွန်ကျူးအပ်သောဝတ္ထုကိုလည်းကောင်း၊ မသိဘဲ လွန်ကျူးမိသော ပထဝီခဏန, သဟသေယျ စသော အာပတ်တည်း။ ထိုအာပတ်ကိုသော်လည်း နောင်အခါ၌ အာပတ်ဟုသိလျက် မကုစားသူအား အန္တရာယိကသာတည်း။ ပရိဝါသ်နေသူ စသည်တို့နောက်၌ရောက်သော အာပတ်ဟူသည်ကို ဝတ္ထာဘေဒဒုက္ကဋ်တို့ကိုရည်ဆိုသည်။ ကေစိတို့ကား ထိုခဏာ၌ရောက်သော အန္တရာပတ်တို့ကို ရည်ဆိုသည်ဟု

ဆိုကုန်၏။ ထိုအန္တရာပတ်ကို ပုဗ္ဗာပတ္တိတို့၏ အန္တရာပတ်ဖြင့်သာ ဆိုလတ်ဖြစ်သောကြောင့် ဝတ္ထုဒေါဒဒုက္ခင်္ဇသာ ယုတ္တတရဖြစ်၏။ မူလဝိသုဒ္ဓိ အန္တရာပတ်ဟူသည် မူလာယပဋိကသနစသည်တို့ကိုမပြုဘဲ သဗ္ဗပဌမပရိဝါသ်, မာနတ်ဖြင့် စင်ကြယ်အောင်ကျင့်စဉ်ကာလရောက်သော သဟာဒသော သိမ်ရာပတ်ဖြစ်၏။ အဋ္ဌဝိသုဒ္ဓိ အန္တရာပတ်ကား အန္တရာပတ်ကြောင့် အရင်းငင်၍ သြဓာနသမော တစ်ခုစွမ်းဖြင့် ချေဖျက်၍, ရှေးအာပတ်ဌပေါင်း၍, ထိုအာပတ်တို့အားလိုက်သော အဋ္ဌစွမ်းဖြင့်, တဖန်ပေးသော ပရိဝါသ် စသည်ဖြင့် စင်ကြယ် အောင်ကျင့်စဉ် တဖန်ရောက်သောအန္တရာပတ် ဖြစ်၏။)

ဧကက ၁၃။ ။ ဒေသိတာ ဂဏနုပဂါ– ဒေသနာကြားသည်ဟုရေတွက်ခြင်းသို့ရောက်သော အာပတ်ကိုသိအပ်၏။ ဒေသိတာ နု ဂဏနုပဂါ– ဒေသနာကြားသော်လည်း ကြားသည်ဟု ရေတွက်ခြင်းသို့မရောက် သောအာပတ်ကို သိအပ်၏။ ပညတ္တိကို––။ အနုပညတ္တိကို––။ အနုပဿနပညတ္တိကို––။ သဗ္ဗတ္ထပညတ်ကို––။ ပဒေသပညတ်ကို––။ သာဓာရဏပညတ်ကို––။ အသာဓာရဏပညတ်ကို––။ ဧကတ်ာပညတ်ကို––။ ဥဘတောပညတ်ကို––။ ထုလ္လဝဇ္ဇအာပတ်ကို––။ အထုလ္လဝဇ္ဇအာပတ်ကို သိအပ်၏။[22]

[ဒေသိတာဂဏနုပဂါမည်သည် ဘိက္ခုနီသည် ဓုရနိုက္ခေပပြု၍ တဖန်မရောက်စေတော့အုံ့ဟု ကြားသောအာပတ်ဖြစ်၏။ အဂဏနုပိကာ ဟူသည် ဓုရနိုက္ခေပမပြုဘဲ သဉ္ဇာဟစိတ်ဖြင့် မစင်မကြယ်ကြားသော အာပတ်ဖြစ်၏။ ဤအာပတ်သည် ဒေသနာကြားသော်လည်း ကြားအပ်သည်မမည်။ ဒေသိတဂဏနသို့မရောက်။ အဌမဝတ္ထုပြည့်သောအခါ ထိုဘိက္ခုနီအား ပါရာဇိကသာတည်း။ ပညတ္တိ စသောကိုးခု အဆုံးအဖြတ်ကို ပဌမပါရာဇိကပုစ္ဆာ၌ ဆိုပြီးပြီ။ ထုလ္လဝဇ္ဇသည် ရှန့်ရင်းသောအပြစ်ကြောင့် ပညတ်အပ်သော ဂရုကာပတ္တိဖြစ်၏။ အထုလ္လဝဇ္ဇသည်

လဟုက္ခာ ပတ္တိဖြစ်၏။]

(**ဒီဋ္ဌိ**။ ။ တဖန်လည်း ရောက်စေဦးမည်ဟု သဉ္ဇဿာဟစိတ်ဖြင့်သာ ဒေသနာကြားခြင်းကို ဘိက္ခုနီ စွမ်းဖြင့်သာ ဆိုအပ်၏။ ဤသို့ကြားလျှင် မည်သည့်အာပတ် မဆို မထဟု အပရေတို့ ဆိုကုန်၏။ မမှတ်အပ်။

သာဒ္ဌိ။ ။ သဉ္ဇဿာဟ စိတ်ဟူသည် တဖန် ရောက်စေဦးမည်ဟု အားထုတ်သောစိတ်တည်း။ ဘိက္ခုနီ အဌဝတ္ထုကာ စွမ်းဖြင့်ဆိုသည်။

ဝိဋ္ဌိ။ ။ သဉ္ဇဿာဟစိတ်ဟူသည် တဖန်လည်း ထိုအာပတ်သို့ရောက်လိုသော စိတ်တည်း။ ဤသို့လျှင် ကြားဒသာ်လည်း အာပတ်မထ။ ဓုရနိက္ခေပမပြုခြင်းကြောင့် အာပတ်သို့ရောက်ရာ၌ သိခါပတ္တာဒေါသကို ပါရာဇိကသာတည်းဟု ပြသည်။ ဘိက္ခုနီအားသာ သက်သက်ဟုမမှတ်အပ်။ ဘိက္ခုတို့အားလည်း ဓုရနိက္ခေပမပြုဘဲ အနည်းငယ်အနည်းငယ် ထောပတ်စသည်ကို ခိုးယူလျှင် တစ်မတ်ဘိုးပြည့်သောအခါ ပါရာဇိကသာတည်း။ ကေစိတို့ကား အဌမဝတ္ထုပြည့်သောအခါ ထိုဘိက္ခုနီအားစသည်ဆိုခြင်းကြောင့် အဌဝတ္ထုကကိုသာ ရည်ဆိုသည်ဟု ဆိုကုန်၏။) (ထိုမှကြွင်းသမျှသည် သံဝရ မရိသော်လည်း ဒေသနာသုဒ္ဓိဖြင့် အာပတ်မထ၏။)

ဇကတ် ၁၄။ ။ ဂိဟိပဋ္ဌိသံယုတ္တာ- လူနှင့်စပ်သောအာပတ်ကို သိအပ်၏။ နဂိဟိပဋ္ဌိသံယုတ္တာ- လူနှင့်မစပ်သောအာပတ်ကို သိအပ်၏။ နိယတ - မြဲသောအာပတ်ကို--။ အနိယတ - မမြဲသောအာပတ်ကို--။ အာဒိကရ - အစပြုသူကို -။ အနာဒိကရ- နောက်မှလိုက်၍ပြုသူကို-။ အဓိစ္စာပတ္တိက- ရုံခါအာပတ်သို့ရောက်သူကို--။ အဘိဏှာပတ္တိက- မပြတ်

အာပတ်သို့ရောက်သူကို--။ စောဒကပုဂ္ဂိုလ်ကို--။ စုဒိတက်ပုဂ္ဂိုလ်ကို--။ အဓမ္မစောဒကကို--။ အဓမ္မစုဒိတကကို--။ ဓမ္မစောဒကကို--။ ဓမ္မစုဒိတကကို သိအပ်၏။[၁၄]

[ဂိဟိပဋိသံယုတ္တကား သုဓမ္မမထေရ်၏ အာပတ်တည်း။ တရား သဖြင့်ဝန်ခံသော ဓမ္မိကပဋိဿဝကို မမှန်ကန်စေ။ ချုတ်ယွင်းစေခြင်း ကြောင့်ရောက်သောအာပတ်သည်လည်း ဂိဟိပဋိသံယုတ္တသာတည်း။ အကြွင်းသည် နှ ဂိဟိပဋိသံယုတ္တမည်၏။ ပဏ္ဍာနန္ဒရိယက်အာပတ်သည် နိယတမည်၏။ အကြွင်းသည် အနိယတ။ အာဒိကရသည် ရှင်သုဒိန်စသော အာဒိကမ္မိကဖြစ်၏။ အနာဒိကရသည် မဂ္ဂဋ္ဌသမဏစသော အနုပညတ္တိကာရကဖြစ်၏။ အဓိစ္စာပတ္တိက ဟူသည် တစ်ရံတစ်ခါ အာပတ်သို့ရောက်သူဖြစ်၏။ အဘိဏှာပတ္တိကသည် အမြဲ အာပတ်သို့ရောက်သူတည်း။ စောဒကမည်သည် ဝတ္ထုဖြင့်လည်းကောင်း၊ အာပတ်ဖြင့်လည်းကောင်း သူတပါးကိုအပြစ်တင်သူဖြစ်၏။ အပြစ်တင်ခံရသူကား စုဒိတကမည်၏။ ၁၅-ပါးသော ကာလေန ဝကွာမိ-စသော ဓမ္မတို့၌ မတည်မူ၍ မယုတ်သောဝတ္ထုဖြင့် စောဒနာသူသည် အဓမ္မစောဒကမည်၏။ ထိုအတိုင်း စောဒနာခံရသူသည် အဓမ္မစုဒိတကမည်၏။ ထိုမှပြန်၍ ဓမ္မ စော-စုတို့ကို သိအပ်ကုန်၏။]

(**ဓီဠီ။ သာဠီ။** ။ 'ဓမ္မိကသ ပဋိဿဝဿ အသစ္စာ ပနေ' ဟု ဆိုခြင်းကြောင့် အဓမ္မိက ပဋိဿဝ၌ ဒုက္ကဋ်မဖြစ်။ ဧင်ကြယ်သောစိတ်ရှိသူအား "အရှင်ဘုရားတို့ လူထွက်တော်မူကြပါ" ဟုဆို၍ ကောင်းပြီဟု ဝန်ခံပြီးနောက် လူမထွက်အံ့-အနာပတ္တိ။ နေရာတိုင်း ဤအတူတည်း။ ၁၅-ပါးသော ဓမ္မတို့ကား 'ကာလေနဝကွာမိ၊ နော အကာလေန' စသော ဓမ္မတို့တည်း။

ဝိဇ္ဇီ။ ။ ဓမ္မိကပဋိသဝဟူသည် "ဣဒ ဝသံ ဝသိသာမိ" စသည်ဖြင့် လူတို့၏ မျက်မှောက်ခ္ခဏပြုသော တရား နှင့်ညီသော ဝန်ခံခြင်းတည်း။ ဤမည်သောသူကို ရိုက်ပါမည်, သတ်ပါမည်, ခိုးပါမည်စသော မတရားသောဝန်ခံခြင်းကို ချုတ်ယွင်းစေရာ၌ အာပတ်မရှိ။ သစ္စ, အကုပ္ပ၌ မတည်ဘဲ အပြစ်ဖုံးဝှေ့သည်လည်း အဓမ္မစုဒိတကသာတည်း။)

ဧကက ၁၁။ ။ နိယတပုဂ္ဂိုလ်ကိုသိအပ်၏။ အနိယတပုဂ္ဂိုလ်ကို သိအပ်၏။ အဘဗ္ဗာပတ္တိက - အာပတ်နှင့်မထိုက်တန်သူကို--။ ဘဗ္ဗာပတ္တိက- အာပတ်နှင့်ထိုက်တန်သူကို--။ ဥက္ခိတ္တကပုဂ္ဂိုလ်ကို-။ အနုက္ခိတ္တကပုဂ္ဂိုလ်ကို-။ နာသိတက- ဖျက်ဆီးအပ်သူကို-။ အနာသိတက- မဖျက်ဆီးအပ်သူကို-။ သမာနသံဝါသကပုဂ္ဂိုလ်ကို-။ အသမာနသံဝါသကပုဂ္ဂိုလ်ကို-။ ဌပန-ပါတိမောက်ထားခြင်းကိုသိအပ်၏။[11]

[မိစ္ဆတ္တနိယတဓမ္မနှင့် ပြည့်စုံသူ၊ သမ္မတ္တနိယတဓမ္မနှင့် ပြည့်စုံသူသည် နိယတမည်၏။ မပြည့်စုံလျှင် အနိယတမည်၏။ သာဝကတို့သည် ဘဗ္ဗာပတ္တိကတို့မည်ကုန်၏။ ဘုရားရှင်နှင့် ပစ္စေကဗုဒ္ဓါတို့သည် အဘဗ္ဗာပတ္တိကတို့မည်ကုန်၏။ ဥက္ခေပနိယ ကံသုံးခု တစ်ခုခုအပြုခံရသူသည် ဥက္ခိတ္တကမည်၏။ တဇ္ဇနိယ စသော ကြောင်းသောကံလေးခု အပြုခံရသူသည် အနုက္ခိတ္တကမည်၏။ ဤ အနုက္ခိတ္တကသည် ဥပုသ်, ပဝါရဏာ, ဓမ္မပရိဘောဂ, အာမိသ ပရိဘောဂကိုမဖျက်။ 'မေတ္တိယ် ဘိက္ခုနီ နာသေထ' စသည်ဖြင့် ဖျက်ဆီးအပ်သူသည် နာသိတကမည်၏။ လိင်ဖြင့်, ဒဏ္ဍကမ္မဖြင့်, သံဝါသဖြင့် နာသိတကသုံးမျိုးရှိ၏။ ထိုမှတပါးသည် အနာသိတက မည်၏။

* သံဝါ, လိင် ၂၊ ဒဏ်ကမ္မ ၁၊ သုံးဝ နာသနာ။

ဥပုသ်ကံစသော သံဝါသအတူတကွရှိသူသည် သမာနသံဝါသကမည်၏။ ထိုမှတပါးသည် နာနာသံဝါသကမည်၏။ ထိုသည် ကမ္မနာနာသံဝါသက, လဒ္ဓိနာနာသံဝါသက ဟု နှစ်မျိုးပြား၏။ ဌပန ဟူသည်ကား 'ဧကံဘိက္ခဝေ အဓမ္မိကံ ပါတိမောက္ခဋ္ဌပနံ' စသည်ဖြင့် ဟောသော ပါတိမောက်ထားခြင်းတည်း။]

(**ဓီဋ္ဌိ။ သာဋ္ဌိ။** ။အာပတ်သို့ရောက်ခြင်းငှာထိုက်ခြင်း ကြောင့် ဘဗ္ဗာပတ္တိကတို့မည်ကုန်၏။

ဝိဋ္ဌိ။ ။ ပဌာနန္တရိယ၊ နိယတမိစ္ဆာဒိဋ္ဌိသည်သာလျှင် မိစ္ဆတ္တနိယတမည်၏။ မဂ်လေးပါးတို့သည် သမ္မတ္တနိယတတို့ မည်ကုန်၏။)

ဧကက ပြီး၏။

ဧကုတ္တရိကဋ္ဌ

၂။ ဒုက ၁၁၂

၃၂၂။ **ဒုက ၁၀။** ။ သညာဝိမောက္ခအာပတ်သည်ရှိ၏။ နော သညာဝိမောက္ခအာပတ်သည်ရှိ၏။ သမာပတ်ရသူ၏အာပတ်၊ သမာပတ်မရသူ၏အာပတ်သည်ရှိ၏။ သဒ္ဓမ္မပဋ္ဌိသညုတ္တအာပတ်၊ အသဒ္ဓမ္မပဋ္ဌိသညုတ္တအာပတ်၊ သပရိက္ခာရပဋ္ဌိသညုတ္တအာပတ်၊ ပရပရိက္ခာရ ပဋ္ဌိသညုတ္တအာပတ်၊ သပုဂ္ဂလပဋ္ဌိသညုတ္တအာပတ်၊ ပရပုဂ္ဂလ ပဋ္ဌိသညုတ္တအာပတ် ၁။ သစ္စာဆိုလျှင် ဂရုကအာပတ်၊ မုသာ ဆိုလျှင် လဟုကအာပတ်၊ မုသာ ဆိုလျှင် ဂရုကအာပတ်၊ သစ္စာဆိုလျှင် လဟုကအာပတ်၊ ဘူမိ–မြေ၌သာသင့်၍၊ ဝေဟာသ– ကောင်းကင်၌မသင့်သောအာပတ်။ ဝေဟာသ–ကောင်းကင်၌သာသင့်၍၊ ဘူမိ – မြေ၌မသင့်သောအာပတ်။ ထွက်သူသင့်၍ ဝင်သူ မသင့်သောအာပတ်။ ဝင်သူသင့်၍ ထွက်သူမသင့်သောအာပတ်။ ယူသူ

သင့်သောအာပတ်၊ မယှူသူသင့်သောအာပတ်ရှိ၏။[1]

သစိတ္တကအာပတ်သည် သညာဝိမောက္ခမည်၏။ အစိတ္တကသည် နော သညာဝိမောက္ခမည်၏။ သမာပတ်ရသူ၏အာပတ်သည် စာန်မဂ်ဖိုလ်ပြော သော ဘူတာရောစနာပတ္တိ၊ မရသူ၏အာပတ်သည် အဘူကာရောစနာပတ္တိ။ သဒ္ဓမ္မပဋိသံယုတ္တသည် ပဒသောဓမ္မစသည်။ အသဒ္ဓမ္မပဋိသံယုတ္တသည် ဒုဋ္ဌုလ္လဝါစာပတ္တိ။

သပရိက္ခာရပဋိသံယုတ္တသည် နိဿဂ္ဂိယဝတ္ထုကိုမစွန့်ဘဲ သုံးဆောင်ခြင်း ကြောင့်လည်းကောင်း၊ သပိတ်သင်္ကန်းကို ကြာမြင့်စွာနေလှန်းခြင်းကြောင့်လည်း ကောင်း၊ သင်္ကန်းညစ် မဖွပ်ခြင်းကြောင့်လည်းကောင်း၊ ညစ်ကြေးကပ်သော သပိတ် မဖုတ်ခြင်းကြောင့်လည်းကောင်း ဤသို့သော အယုတ္တပရိဘောဂ အာပတ်တည်း။

ပရရိက္ခာရပဋိသံယုတ္တသည် သံဃိကညောင်စောင်း, အင်းပျဉ် စသည်ကို လွင်တီးခေါင်ခ်ခင်းရှိ မပန်ဘဲဖဲသွားခြင်းစသည်ကြောင့်သင့်သော အာပတ်တည်း။ သပုဂ္ဂလပဋိသံယုတ္တသည် ကျောက်ကုန်းနှုးညံ့သောရဟန်း၊ လိုင်ရှည်သော ရဟန်း၊ ပေါင်ဖြင့်အင်္ဂါဇာတ်ကိုညှပ်သောရဟန်း စသည်တို့အား ဟောသော အာပတ်တည်း။ ပရပုဂ္ဂလပဋိသံယုတ္တသည် မေထုနဓမ္မ၊ ကာယ သံသဂ္ဂ၊ ရိုက်ပုတ်ခြင်း စသည်ကြောင့်ဟောသောအာပတ်တည်း။ သိဓရဏီသီ - အသားစွန်းရှည်၏ဟု မှန်သည့်အတိုင်း (မာတုဂါမကို) ဆိုလျှင် ဂရုက- သံဃာဒိသေသ်သို့ရောက်၏။ သမ္ဘဝနမုသာဝါဒေ ပါစိတ္တိယံ - မုသာဆိုသူ သည် လဟုကပါစိတ်သို့ ရောက်၏။ အဘူတာရောစနဋ္ဌ မုသာဆိုသူ ဂရုက- ပါရာဇိက၊ ဘူတာရောစနဋ္ဌ အမှန်ဆိုသူ လဟုက- ပါစိတ်။ သံဃာက်ကို ဝဂ္ဂပြုမည်ဟု သိမ်တွင်းတစ်နေရာဋ္ဌနေလျှင် မြေဋ္ဌ အာပတ်သို့ရောက်၏။ အကယ်၍ တစ်သစ် မျှသော်လည်း ကောင်းကင်ဋ္ဌ တည်အံ့ အာပတ်သို့မရောက်။ ထို့ကြောင့် ဘူမိဋ္ဌသာသင့်၍ ဝေဟာသဋ္ဌမသင့်ဟု ဆိုသည်။ ဝေဟာသကုဋိဋ္ဌ အပေါင်ဋ္ဌ အခြေစွပ်သော မဋ္ဌ, ပိဋ္ဌဋ္ဌထိုင်သူသည် ဝေဟာသ - ကောင်းကင်ဋ္ဌ

သင့်၏။ မြေ၌ခင်းရှိအိပ်လျှင် မသင့်။ ထို့ကြောင့် ဝေဟာသ၌သင့်၍ ဘူမိ၌မသင့်ဟု ဆိုသည်။

ဂမိယဝတ်မဖြည့်ကျင့်မူ၍ ခရီးသွားလျှင် ထွက်သူသင့်၏၊ ဝင်သူမသင့်။ အာဂန္တုကဝတ်မဖြည့်ကျင့်မူ၍ ထီး, ဘိနပ်စီးလျက်ဝင်လာလျှင် ဝင်သူသင့်၏၊ ထွက်သူမသင့်။

ယူသူသင့်သောအာပတ်ကား အလွန်နက်နက်ရေဆေးခြင်းကိုယူသော ဘိက္ခုနီ၏အာပတ်တည်း။ မယူသူအာပတ်ကား– ဒုဗ္ဗဏ္ဏကရဏ် အနာဒီယိတ္တာ–ကပ္ပဗိန္ဒုမထိုးယူဘဲ သက်နှံ့:သုံ:ဆောင်သူ၏ အာပတ်တည်း။

(**ဝိဇ္ဇီ**။ ။ သပုဂ္ဂလပဋိသံယုတ္တ၌ မိမိသည်ပင်လျှင် သပုဂ္ဂလဖြစ်၏။ ထို့ကြောင့် ကျောက်ကုန်:နှ:ညှဲ့သောရဟန်:စသည်ကိုဆိုသည်။ အာဒီသဒ္ဒါဖြင့် အင်္ဂါတစ္ဆေဒ–အင်္ဂါဇာတ်ဖြတ်သူ၊ အဘ္ဘဃာတ– မိမိကိုယ်မိမိညှင်:ဆဲသူ စသည်တို့၏ အာပတ်တို့ကိုယူအပ်ကုန်၏။)

ဒုဏ ၁၁။ ။ဆောက်တည်သူသင့်သောအာပတ်၊ မဆောက်တည်သူ သင့်သောအာပတ်၊ ပြုသူအာပတ်၊ မပြုသူအာပတ်၊ ပေ:သူအာပတ်၊ မပေ:သူအာပတ်၊ ဒေသေန္တော– ဒေသနာကြား:သူအာပတ်၊ မကြား: သူအာပတ်၊ (အချို့စာ၌ ဤဒုကမရှိ၊ ထာ၌လည်:မဖွင့်၊ သာဋ္ဌ, ဝိဇ္ဇီ၌ကား: အဖွင့်ရှိ၏။) ယူသူအာပတ်၊ မယူသူအာပတ် [1]၊ သုံ:ဆောင်မှုအာပတ်၊ မသုံ: ဆောင်မှုအာပတ်၊ ညဉ့်သင့်၍ နေ့မသင့်သောအာပတ်၊ နေ့သင့်၍ ညဉ့်မသင့် သောအာပတ်၊ အရုဏ်တက်ချိန်သင့်သောအာပတ်၊ မတက်ချိန်သင့်သော အာပတ်၊ ဖြတ်သူအာပတ်၊ မဖြတ်သူအာပတ်၊ ဖုံ:သူအာပတ်၊ မဖုံ:သူအာပတ်၊ ဆောင်သူအာပတ်၊ မဆောင်သူအာပတ် [6] ။

[မှဂဗွတ– သူအ အကျင့်စသော တိတ္ထိအကျင့်ကို ဆောက် တည်လျှင် ဆောက်တည်သူ အာပတ်သို့ရောက်၏။ ပါရိဝါသိကရဟန်:

စသည်တို့သည်လည်းကောင်း၊ တဒ္ဓနိယ စသောကဲ့ပြုခံရသူတို့သည်လည်းကောင်း၊ မိမိ၏ဝတ်ကိုမဆောက်တည်လျှင် မဆောက်တည်သူတို့အာပတ်သို့ရောက်ကုန်၏။ တေ သန္ဓာယ ဝုတ္တံ။

ဘိက္ခုနီ၏သက်ဦးကိုချုပ်သူ၊ ဆေးကုသူ၊ ဘဏ္ဍာဂါရိကကမ္မ-လူတို့ပစ္စည်းကောက်ယူ သိမ်းဆည်းမှုပြုသူ၊ စိတ္တကမ္မ- အရုပ်ရေးသူထိုသူတို့၏အာပတ်သည် ပြုသူ၏အာပတ်တို့ဖြစ်ကုန်၏။ ဥပဇ္ဈာယဝတ် စသည်တို့ကိုမပြုလျှင် မပြုသူ၏အာပတ်တို့ဖြစ်ကုန်၏။ ဘိက္ခုနီအား သက်ဦးပေးလျှင် ပေးသူအာပတ်။ သုဒ္ဓိပိဟာရိက, အန္တေဝါသိကတို့အား သက်ဦးစသည်မပေးလျှင် မပေးသူအာပတ်။ ဘိက္ခုနီသက်ဦးကိုယူလျှင် ယူသူအာပတ်။ နှ ဘိက္ခဝေ ဩဝါဒေါ နှ ဂဟေတဗ္ဗော- ဟု ဘိက္ခုနီကိုနှန့်ကဉ့်ဟောသောကြောင့် ဘိက္ခုနီတို့တောင်းပန်သောကြောင့် ဩဝါဒကိုမယူလျှင် မယူသူအာပတ်။ နိဿဂ္ဂိယဝတ္ထုကိုမစွန့်ဘဲ သုံးဆောင်လျှင် သုံးဆောင်မှုအာပတ်။ ပဠာတိက သယံဘဏ္ဍိစာရ - ငါးရက်သက်ဦးလှည့်ခြင်းကိုလွန်သော ဘိက္ခုနီအား မသုံးဆောင်မှုအာပတ်။ သဟသေယ္ယ ဖြစ်လျှင် ညဉ့်သင့်၍ နေ့မသင့်။ တံခါးမကြီးကို မပိတ်ဘဲအိပ်လျှင် နေ့သင့်၍ ညဉ့် မသင့်။ တစ်ညဉ့်လွန်၍သင့်သော၊ ခြောက်ညဉ့်လွန်၍သင့်သော၊ ခုနစ်ရက်၊ ဆယ်ရက်၊တစ်လလွန်၍သင့်သောအာပတ်သည် အရဏာတက်ချိန်သင့်၏။ ပဝါရိတ်သင့်လျက်စား၊သော အာပတ်သည် အရဏာမကက်ချိန်သင့်၏။ ဘူတဂါမ်ကို၊ အင်္ဂါဇာတ်ကိုဖြတ်လျှင် ဖြတ်သူအာပတ်။ ဆံပင်, လက်သည်း ခြေသည်း မဖြတ်လျှင် မဖြတ်သူအာပတ်။ အာပတ်ကိုဖုံးလျှင် ဖုံးသူအာပတ်။ သက်ဦးခိုးသူ အလုခံရလျှက် မြက်သင်ရှက်ဖြင့်မဖုံးဘဲ နဂ္ဂအဖြစ်ဖြင့် မိမွေးတိုင်းလာလျှင် မဖုံးသူအာပတ်။ ကုသစီဝရ-သမန်းမြက်သက်ဦး စသည်ကိုဆောင်လျှင် ဆောင်သူအာပတ်။ အယံ တေ ဘိက္ခု ပဠော ယာဝဇီဝေ ဘဒ္ဒနိယာ ဟောရေတဗ္ဗော- ဟူသည်ဌ ထိုအစွန်ဆုံးသပိတ်ကိုမဆောင်လျှင်

မဆောင်သူအာပတ်။]

(**ဒီဋီ**။ ။ တစ်ညဉ့်လွန် စသည်သည် ဧကရတ္တာမို့ စေ ဘိက္ခု တိစီဝရေန ဝိပ္ပဝေသယျ၊ ဆာရတ္တာပရမံ ဇေတန ဘိက္ခုနှာ– စသည်ဖြင့်ဟောသောအာပတ်တည်း။

သာဒီ။ ။ ဝတ္ထုသဘာဝအာပတ်ကို ဒေသနာကြားလျှင် ဒေသနာကြားသူအာပတ်။ သင့်သောအာပတ်ကို ဒေသနာ မကြားတော့အံ့ဟု ဓုရနိုက္ခေပပြု၍ မကြားလျှင် မကြားသူ အာပတ်။

ဝိဒီ။ ။ ဘဏ္ဍာဂါရိကဂမ္မသည် ဂဟဋ္ဌဝတို့၏ ဘဏ္ဍာကို သိုမှီးသိမ်းဆည်းပေးခြင်းဖြစ်၏။ စိတ္တကမ္မသည် ဣတ္ထိ, ပုရိသ စသောအရုပ်ပြုလုပ်ခြင်းဖြစ်၏။ တပည့်တို့အား သင်္ကန်းစသည်မပေးလျှင်ဟူသောအာပတ်ကို သဒ္ဓိဝိဟာရိက ဝတ်၌ မရှိသေခြင်းဖြင့် အာမိသမချီးမြှောက်သောရဟန်း၏ ဒုက္ကဋ်၊ ဘိက္ခုနီ၏ပါစိတ်တို့ကိုရည်ဟောသည်။

စွန့်သောသင်္ကန်း စသည်ကို ပြန်မပေးသောအာပတ် ကိုလည်း ယူအပ်၏။ ပါဠိတော်၌ ဒေသေန္တော ဟူသည် သဘာဝအာပတ်ကို အဒေသနာဂါမ်အာပတ် စသည်ကို ဒေသနာကြားသူဖြစ်၏။ နိဒါနုဒ္ဒေသပြုစဉ် အာပတ်ကို ထင်စွာ မပြုသူသည် ဒေသနာမကြားသူအာပတ်သို့ရောက်၏။ (ထာဝ၌မဖွင့်သော်လည်း ပါဠိတော်၌ရှိသည်ဟူလို။)

သြဝါဒမယူသူသည် ဘိက္ခုနီတို့ သြဝါဒအလို့ငှာ လျှောက်ထားသောစကားကိုမယူသော ဗာလ, ဂိလာန, ဂမိယ မဟုတ်သောသူဖြစ်၏။ မိမိသုံးဆောင်ခြင်းငှာလူသောပစ္စည်း ကို သူတပါးအားပေးသောအာပတ်။ ဒုက္ခဋ်ကိုမရုံဘဲ သင်းပိုင်

ကိုယ်ရုံမျှဖြင့် ရှာတွင်းဝင်သောအာပတ် စသည်တို့သည်လည်း မသုံးဆောင်မှုအာပတ်တို့သာဖြစ်ကုန်၏။

(စီဝရကွန္ဓကဌ် သက်နှ်းထားစရာလုံခြုံရာမရှိလျှင် ဒုကုဋ္ဌကိုမရုံဘဲ ကျောင်းဌ်မထားခဲ့ရ၊ လုံခြုံရာရှိလျှင် မရုံဘဲ ထားခဲ့နိုင်သည်။)

ဒုဏ ၂၄။ ။ ဥပုသ်တို့သည် နှစ်ခုရှိကုန်၏။ စာတုဒ္ဒသီ, ပန္နရသီ။ ပဝါရဏာနှစ်ခု- စာတုဒ္ဒသီ, ပန္နရသီ။ ကံနှစ်- အပလောကနကံ, ဉတ္တိကံ။ တိုပြင် ကံနှစ်ခု- ဉတ္တိဒုတိယကံ, ဉတ္တိစတုတ္ထကံ။ ကမ္မဝဏ္ဏနှစ်ခု- အပလောကကံ၏ဝဏ္ဏ, ဉတ္တိကံ၏ဝဏ္ဏ။ ၁

ထိုပြင် ကမ္မဝဏ္ဏနှစ်ခု- ဉတ္တိဒုတိယကံ၏ဝဏ္ဏ, ဉတ္တိစတုတ္ထကံ၏ဝဏ္ဏ၊ ကံအပြစ်နှစ်ခု- အပလောကနကံ၏အပြစ်၊ ဉတ္တိကံ၏အပြစ်။ ထိုပြင်နှစ်ခု- ဉတ္တိ ဒုတိယကံ၏အပြစ်, ဉတ္တိစတုတ္ထကံ၏အပြစ်။ ကမ္မသမ္ဘတ္တိနှစ်ခု- အပလောကနကံ၏သမ္ဘတ္တိ, ဉတ္တိကံ၏သမ္ဘတ္တိ။ ထိုပြင်နှစ်ခု- ဉတ္တိ ဒုတိယကံ၏သမ္ဘတ္တိ, ဉတ္တိစတုတ္ထကံ၏သမ္ဘတ္တိ။ ၁

နာနာသံဝါသကဘူမိနှစ်ခု- မိမိကိုယ်တိုင် မိမိကိုယ်ကို နာနာသံဝါသကပြုခြင်း၊ သမဂ္ဂသံဃာသည် မစွန့်, မကု, မရှုကြောင့် နှင်ထုတ်ခြင်း။ သမာနသံဝါသကဘူမိနှစ်ခု- မိမိကိုယ်တိုင် မိမိကိုယ်ကို သမာနသံဝါသကပြုခြင်း၊ သမဂ္ဂသံဃာသည် စွန့်, ကု, ရှုကြောင့် နှင်ထုတ်ထားသူကို သွင်းခြင်း။ ပါရာဇိကနှစ်ခု-ဘိက္ခု ပါရာဇိက၊ ဘိက္ခုနီ ပါရာဇိက။ သံဃာဒိသေသ် နှစ်ခု။ ထုလ္လစ္စည်းနှစ်ခု။ ၁

ပါစိတ်နှစ်ခု။ ပါဋိဒေသနီနှစ်ခု။ ဒုက္ကဋ်နှစ်ခု။ ဒုဗ္ဘာသိနှစ်ခု။ အာပတ်ခုနစ်ပါး။ အာပတ္တိကွန္ဓကခုနစ်ပါး။ ၁

နှစ်ပါးသောခြင်းရာတို့ဖြင့် သံဃာကွဲ၏။ ကမ္မဖြင့်, သလာကဂ္ဂါဟဖြင့်။ နှစ်ယောက်သောသူကို ရဟန်းပြုမပေးအပ်- အဒ္ဒါနဟီန, အဂ်ဟီန။ ထိုပြင်

နှစ်ယောက်– ဝတ္ထုဝိပန္နနှင့် ကရဏာဒုက္ခဋ္ဌ။ ထို့ပြင်နှစ်ယောက်– မပြည့်စုံသူ, ပြည့်စုံလျှက်မတောင်းပန်သူ။[၄]

မိမိကိုယ်တိုင် မိမိကိုယ်ကို နာနာသံဝါသကပြုခြင်းကား– တစ်သိမ်တည်း သံဃာအပေါင်းနှစ်ခုတို့ထိုင်ကြသောအခါ တစ်ခုသောပက္ခ၌ထိုင်လျှက်ပရပက္ခ၏ အယူကိုယူသူသည် မိမိကိုယ်တိုင် မိမိကိုယ်ကို ထိုင်ရာပက္ခရဟန်းတို့၏ နာနာသံဝါသကပြုသည်မည်၏။ ထိုင်ရာရဟန်းတို့အား ဂဏာပူရက အဖြစ်ဖြင့် ကံကိုပျက်စေ၏။ (အယူမတူသော နာနာသံဝါသက ဖြစ်ခြင်းကြောင့် တည်း။)

တစ်ပါးသောရဟန်းတို့အားလည်း ကံကိုပျက်စေ၏။ ဟတ္ထပါသ်သို့ မကပ်ရောက်ခြင်းကြောင့်တည်း။ သမာနသံဝါသက၌လည်း ဤနည်းတည်း။ ထိုသူသည် အကြင်ရဟန်းတို့၏အယူကို နှစ်သက်အံ့ ထိုရဟန်းတို့၏ သမာနသံဝါသကဖြစ်၏။ တစ်ပါးသောရဟန်းတို့၏ နာနာသံဝါသကဖြစ်၏။ ရောက်အပ်သောကြောင့် အာပတ်။ ပေါင်းစုခြင်းအနက်ကြောင့် ခန္ဓ။ အမည်နှစ်မျိုးစွမ်းဖြင့် ဒုကတစ်ခုကို ပြသည်။

ကမ္မဖြင့် သလာကဂ္ဂါဟဖြင့်ဟူသည်၌ ဥဒ္ဒေသသည်လည်းကောင်း၊ ကမ္မသည် လည်းကောင်း တစ်ခု၊ ဝေါဟာရသည်လည်းကောင်း၊ အနုသာဝနာသည် လည်းကောင်း၊ သလာကဂ္ဂါဟသည်လည်းကောင်း တစ်ခု။ ဝေါဟာရစသော သုံးခုသည် ပုဗ္ဗဘာဂကမ္မ၊ ဥဒ္ဒေသပမာဏဖြစ်၏။

အဒ္ဓါနဟီနသည် အသက် ၂၀–မပြည့်သူ၊ အင်္ဂဟီနသည် လက်ပြတ်သူစသည်။ ဝတ္ထုဝိပန္နသည် ပဏ္ဍာက်, တိရစ္ဆာန်, ဥဘတောဗျည်း ဖြစ်၏။ ထေယျသံဝါသကစသော ကြွင်း အာဘဗ္ဗပုဂ္ဂိုလ်ရှစ်ယောက်သည် ကရဏာဒုက္ခဋ္ဌမည်၏။ မကောင်းမှုပြုမိသူတို့ဖြစ်ကုန်၏။ ဤဘဝ၌ပြုသော မိမိကံကြောင့် အာဘဗ္ဗဌာနသို့ ရောက်ကုန်၏ဟူလို။ မပြည့်စုံသူကား သပိတ်သင်္ကန်း မပြည့်စုံသူ။ မတောင်းပန်သူကား ရဟန်းအဖြစ်ကိုမတောင်းပန်သူ။

(**ဒီဋ္ဌိ**။ ။ ဂဏာဟူရကဖြစ်သော်လည်း ကံကိုပျက်စေ၏၊ နာနာသံဝါသဖြစ်ခြင်းကြောင့်တည်း။

သာဋ္ဌိ။ ။ ဥဒ္ဒေသသည်လည်းကောင်း၊ ကမ္မသည်လည်းကောင်း တစ်ခုဟူရာ၌ ပါတိမောက္ခုဒ္ဒေသသည် လည်းကောင်း၊ ကမ္မသည်လည်းကောင်း အနက်အားဖြင့်တစ်ခုသာတည်း။ ထိုနှစ်ခုတို့တွင် တစ်ခုခုပြုလျှင် သံဃာကွဲ၏ဟူလို။ ပုဗ္ဗဘာဂသည် သံဃဘေဒမှ ပုဗ္ဗဘာဂဖြစ်၏။ ပမာဏဟူသည် ဤနှစ်ခုတို့တွင် တစ်ခုခုဖြင့် သံဃဘေဒဖြစ်၏။

ဝိဋ္ဌိ။ ။ ပမာဏဟူသည် သံဃဘေဒါနန္တရိယဖြစ်ခြင်း၏ လက္ခဏာတည်း။)

ဒုက ၉။ ။ နှစ်ယောက်သောပုဂ္ဂိုလ်တို့ထံမှီ၍မနေအပ်- အလဇ္ဇီထံ, ဗာလထံ၊ နှစ်ယောက်သောပုဂ္ဂိုလ်တို့အား နိဿယပေးခြင်းမပေးအပ်-အလဇ္ဇီအား, လဇ္ဇီဖြစ်၍ မတောင်းသူအား။ နှစ်ယောက်တို့အား နိဿယပေးခြင်းအပ်၏- ဗာလအား, တောင်းသောလဇ္ဇီအား။ အာပတ်သို့ရောက်ခြင်းငှာမထိုက်သူနှစ်ယောက်- ဘုရား, ပစ္စေကဗုဒ္ဓါ။ ထိုက်သူနှစ်ယောက်- ဘိက္ခု, ဘိက္ခုနီ။ [1]

စေတနာနှင့်အားထုတ်၍အာပတ်သို့ရောက်ခြင်းငှာမထိုက်သူ နှစ်ယောက်- အရိယာဖြစ်သောဘိက္ခု, ဘိက္ခုနီတို့။ ထိုက်သူနှစ်ယောက်- ပုထုဇဉ်ဖြစ်သော ဘိက္ခု, ဘိက္ခုနီတို့။ အားထုတ်၍ သာတိသာရ- အပြစ်ရှိသောဝတ္ထုကို လွန်ကျူးခြင်းငှာမထိုက်သူနှစ်ယောက် အရိယာဘိက္ခု, ဘိက္ခုနီ။ ထိုက်သူနှစ် ယောက် ပုထုဇဉ်ဘိက္ခု, ဘိက္ခုနီ။ [2]

(အလဇ္ဇီထံ, ဗာလထံ ဟူသည်- အလဇ္ဇီသည် ပိဋကတ်သုံးပုံဆောင်ဖြစ်စေကာမူ မှီ၍မနေအပ်၊ ဗာလသည် ဝါခြောက်ဆယ်ရှိစေကာမူ မှီ၍မနေအပ်။ နိဿယပေးအပ်ရာ၌ ဗာလအား- သင်ဆည် နိဿယပေးကိုယူလော ဟုအာဏာဖြင့်သော်လည်း နိဿယပေးအပ်၏။ လဇ္ဇီအား တောင်းမှသာ

ပေးအပ်၏။ သာတိသာရသည် သဒေါသဖြစ်၏။ ယင်း သာတိသာရကို လွန်ကျူးလျှင် အာပတ်သို့ရောက်၏။)

(**ဝိဋ္ဌိ**။ ။ ဗာလအားဟူသည် နိဿယည်းယူပုံ အစီ အရင်ကို မသိသော လဒ္ဓိဗာလအားသာ နိဿယည်းပေးအပ်၏။ လဒ္ဓိအားဟူသည် ဗျတ္တဖြစ်၍ နိဿယည်းဆရာကို လဒ္ဓိ ဟုတ် မဟုတ် စူးစမ်းသောလဒ္ဓိအား တောင်းမှ ပေးအပ်၏။)

ဒုက ၂၁ ။ ။ ပဋ္ဌိကျော်သ – တားမြစ်ခြင်းနှစ်ခု – ကိုယ်ဖြင့်တားခြင်း၊ နှုတ်ဖြင့်တားခြင်း။ နိဿာရဏာ– မနှင်ထုတ်ထိုက်ဘဲ နှင်ထုတ်ခြင်းနှစ်မျိုး– သံဃာသည် နှင်ထုတ်အံ့၊ အချို့ကောင်းသော နှင်ထုတ်ခြင်း၊ အချို့ မကောင်းသော နှင်ထုတ်ခြင်း။ ဩသာရဏာ– သံဃာ့ဘောင်သို့မသွင်းထိုက်ဘဲ သွင်းခြင်းနှစ်မျိုး– သံဃာသည်သွင်းအံ့၊ အချို့ကောင်းသောသွင်းခြင်း၊ အချို့ မကောင်းသော သွင်းခြင်း။ ပဋ္ဌိညာနှစ်မျိုး– ကိုယ်ဖြင့်ဝန်ခံခြင်း၊ နှုတ်ဖြင့် ဝန်ခံခြင်း။ ပဋ္ဌိဂ္ဂဟနှစ်မျိုး– ကာယဖြင့်အကပ်ခံခြင်း၊ ကာယပဋ္ဌိဗဒ္ဓဖြင့် အကပ်ခံခြင်း။ [1]

ပဋ္ဌိကွေ့ပနှစ်မျိုး– ကိုယ်ဖြင့်ပယ်ခြင်း၊ နှုတ်ဖြင့်ပယ်ခြင်း။ ဥပဃာတိကနှစ်မျိုး– သိက္ခာကိုဖျက်ဆီးခြင်း၊ အသုံးအဆောင်ကိုဖျက်ဆီးခြင်း။ စောဒနာနှစ်ပါး– ကိုယ်ဖြင့်စွပ်စွဲခြင်း၊ နှုတ်ဖြင့်စွပ်စွဲခြင်း။ ကထိန်၏ပလိဗောဓ နှစ်ပါး– အာဝါသပလိဗောဓ၊ စီဝရပလိဗောဓ။ အ ပလိဗောဓနှစ်ပါး– အာဝါသ အပလိဗောဓ၊ စီဝရ အပလိဗောဓ။ [1]

စီဝရနှစ်မျိုး– (ဂဟပတိက) ဒါယကာလှူသကဲ့နှ်း၊ ပံသုကူသကဲ့နှ်း။ သပိတ်နှစ်မျိုး– သံသပိတ်၊ မြေသပိတ်။ (မဏ္ဍလ) သပိတ်ခံအဝန်းနှစ်မျိုး– (တိပု) သလွဲဖြူအဝန်း၊ (သိသ) သလွဲမည်းအဝန်း။ သပိတ်အဓိဋ္ဌာန်တင်ခြင်းနှစ်မျိုး– ကိုယ်ဖြင့်၊ နှုတ်ဖြင့်။ သင်္ကန်းအဓိဋ္ဌာန်တင်ခြင်းနှစ်မျိုး– ကိုယ်ဖြင့်၊ နှုတ်ဖြင့်။[1]

ဝိကပ္ပနာပြုခြင်းနှစ်မျိုး– မျက်မှောက်၊ မျက်ကွယ်။ ဝိနယနှစ်မျိုး–

ဘိက္ခု ဝိနယ၊ ဘိက္ခုနီ ဝိနယ။ (ဝေနယိက) ဝိနည်းဌိတ်ရှားသောအနက် နှစ်မျိုး- (ပညတ္တိ) အပ်, မအပ်ပညတ်ခြင်း၊ (ပညတ္တာနုလောမ) ပညတ္တအား လျော်သော မဟာပဒေသ လေးပါး။ ဝိနယ၏သလ္လေခနှစ်ပါ:- မအပ်သည်ဌ အကြောင်းသက်ခြင်း၊ အပ်သည်ဌပမာဏဖြင့်ပြုခြင်း။ အာပတ်သို့ရောက်ကြောင်း နှစ်ပါ:- ကိုယ်ကြောင့်၊ နှုတ်ကြောင့်။ အာပတ်မှထကြောင်းနှစ်ပါ:- ကိုယ်ဖြင့်၊ နှုတ်ဖြင့်။ [6]

[ကိုယ်ဖြင့်တားခြင်းဟူသည် လက်အမူအရာ စသည်ဖြင့်ဝေး ခြင်းတည်း။ ကိုယ်ဖြင့်ဝန်ခံခြင်းလည်း ဤအတူတည်း။ ဥပဃာတိက သည် ဥပဃာတပင်တည်း။ သိက္ခာသုံးပါးမကျင့်သူအား သိက္ခာ ဖျက်ဆီးခြင်းသိအပ်၏။ သံဃိကပစ္စည်း, ပုဂ္ဂလိကပစ္စည်းကို မကောင်းသုံး သုံ·ဆောင်ခြင်းဖြင့် သုံးဆောင်သူအား ပရိဘောဂ ဖျက်ဆီးခြင်းကိုသိအပ်၏။

ဝေနယိကသည် ဝိနယသိဒ္ဓအတ္ထတို့ဖြစ်ကုန်၏။ ပညတ္တသည် အလုံးစုံသော ဝိနယပိဋကဌ် အပ်မအပ်စွမ်းဖြင့်ပညတ်ခြင်းတည်း။ ပညတ္တာနုလောမမည်သည် ထိုလေးပါးသောမဟာပဒေသတို့ဌ် ရှုအပ်၏။ သေတုဃာတောတိ ပစ္စယဃာတော- အကြင်စိတ်ဖြင့်မအပ်သည် ကိုပြုရာ၏၊ ထိုစိတ်ကိုမျှသော်လည်း မဖြစ်စေရအောင် အကြောင်းကို သတ်အပ်၏ဟူလို။ မတ္တကာရိတာတိ မတ္တာယပမာဏော နကရဏံ၊ ပမာဏော ဌာနံ- ပမာဏဌ်တည်ခြင်းဟူလို၊ ကာယဒ္ဝါရိကအာပတ်သို့ ကိုယ်ကြောင့်ရောက်၏။ ဝစီဒ္ဝါရိကအာပတ်သို့ နှုတ်ကြောင့်ရောက်၏။ တိဏဝတ္ထာရကသမထဌ် ဒေသနာမကြားဘဲ ကိုယ်ဖြင့်သာထ၏။ ဒေသနာကြားရ၍ထသူကား နှုတ်ဖြင့်ထ၏။]

(**ဓိဋ္ဌိ**။ ။ ဝိနယေသိဒ္ဓါ ဝေနယိကာ။

ဝိဋ္ဌိ။ ။ ဝိနယေ အာဂတာအတ္ထာ ဝေနယိကာ၊ ထို့ကြောင့် ဒွေ အတ္ထာ ဝိနယေသိဒ္ဓါဟု ဆိုသည်။ ပါဠိတော်ဌ်

မနှင်ထုတ်ထိုက်ဘဲ စသည်၌ ကျောင်းမှနှင်ထုတ်သော ပဗ္ဗာဇနိယကံကို နိဒရဏဟု အလိုရှိအပ်၏။ ကုလဒူသန အမှု မပြုဘဲ အာပတ်များသူသည် အာဝေဏိကလက္ခဏာဖြင့် ထိုက်မထိုက်။ ထို့ကြောင့် မနှင်ထုတ်ထိုက်သူဖြစ်၏။ သို့ရာတွင် အာပတ်များသူအား အလိုရှိလျှင် သံဃာသည် ပဗ္ဗာဇနိယကံ ပြုရာ၏ဟု ဟောသောကြောင့် ကောင်းသောနှင်ထုတ်ခြင်း ဖြစ်၏။ အာပတ်မရှိ စင်ကြယ်သူကို နှင်ထုတ်လျှင်ကား မကောင်းသောနှင်ထုတ်ခြင်းဖြစ်၏။ မသွင်းထိုက်ဘဲ စသည်၌ ဥပသမ္ပဒကံကို သြသာရဏဟု အလိုရှိအပ်၏။ ဟတ္ထစ္ဆိန္နစသည်ကိုပယ်တော်မူသောကြောင့် မသွင်းထိုက်သော်လည်း သွင်းလျှင် (သောသာရိတ) ကောင်းသောသွင်းခြင်းဖြစ်၏။ ပဏ္ဍကစသည်ကိုသွင်းလျှင် ဒေါသာရိတ ဖြစ်၏။)

ဒုက ၃၇။ ။ ပရိဝါသ်နှစ်မျိုး – ပဋိစ္ဆန္န၊ အပဋိစ္ဆန္န၊ ထို့ပြင်နှစ်မျိုး– သုဒ္ဓန္တ၊ သမောဓာန။ မာနတ်နှစ်မျိုး – ပဋိစ္ဆန္န၊ အပဋိစ္ဆန္န။ ထို့ပြင်နှစ်မျိုး– ပက္ခမာနတ်၊ သမောဓာနမာနတ်။ ရတ္တိစ္ဆေဒနှစ်မျိုး– ပရိဝါသ် ကျင့်သူ၏ ညဉ့်ပြတ်ခြင်း၊ မာနတ်ကျင့်သူ၏ ညဉ့်ပြတ်ခြင်း။ ၁

အနာဒရိယနှစ်မျိုး– ပုဂ္ဂလအား မရိုသေခြင်း၊ ဓမ္မအား မရိုသေခြင်း။ လောဏနှစ်မျိုး– (ဇာတိမ) တွင်းထွက်ဆား၊ (ကာရိမ) ချက်ဆား။ ထို့ပြင်– (သာမုဒ္ဒ) ပင်လယ်ဆား၊ (ကာဠလောဏ) ပကတိဆား။ ထို့ပြင် (သိန္ဓဝ) သိန္ဓောဆား၊ (ဥဗ္ဘိရ) မြေပေါက်ဆား။ ထို့ပြင် (ရောမက) ရောမဇနပုဒ်၌ဖြစ်သောဆား၊ (ပတ္တာလက) မုယောပြာဆား။ ၁

ပရိဘောဂနှစ်ပါး– (အဇ္ဈန္တရ) ကိုယ်တွင်းသုံးဆောင်ခြင်း၊ (ဗာဟိရ) ကိုယ်ပဋ္ဌသုံးဆောင်ခြင်း။ အကျွောသနှစ်မျိုး– (ဟီန) ယုတ်သောဆဲခြင်း၊ (ဥက္ကဋ္ဌ) မြတ်သောဆဲခြင်း။ ဂုံးတိုက်ကြောင်းနှစ်မျိုး– ချစ်စေလို၊ ကွဲစေလို။ ဂဏဘောဇဉ်တိုးပွားကြောင်းနှစ်မျိုး– ဖိတ်ခြင်းဖြင့်၊ တောင်းခြင်းဖြင့်။

ဝါကပ်ခြင်း နှစ်မျိုး- ပုရိမဝါကပ်ခြင်း၊ ပစ္ဆိမဝါကပ်ခြင်း။ ၅

ပါတိမောက်ထားခြင်း ဓမ္မိကနှစ်မျိုး၊ အဓမ္မိကနှစ်မျိုး။ ဗာလ နှစ်ယောက်-မရောက်သေးသောဝန်ကိုဆောင်သူ၊ ရောက်သောဝန်ကို မဆောင်သူ။ ပဏ္ဍိတ နှစ်ယောက်-မရောက်သေးသောဝန်ကိုမဆောင်သူ၊ ရောက်သော ဝန်ကိုဆောင်သူ။ ထို့ပြင် ဗာလနှစ်ယောက်- မအပ်သည်၌ အပ်သည်ဟုထင်သူ၊ အပ်သည်၌ မအပ်ထင်သူ။ ၅

ပဏ္ဍိတနှစ်ယောက်- မအပ်သည်၌ မအပ်ထင်သူ၊ အပ်သည်၌ အပ်သည်ထင်သူ။ ထို့ပြင် ဗာလနှစ်ယောက်- အနာပတ္တိ၌ အာပတ္တိထင်သူ စသည်။ ပဏ္ဍိတနှစ်ယောက်- အာပတ္တိ၌ အာပတ္တိထင်သူ စသည်။ ထို့ပြင် ဗာလ နှစ်ယောက်- အဓမ္မ၌ ဓမ္မထင်သူ စသည်။ ပဏ္ဍိတနှစ်ယောက်-အဓမ္မ၌ အဓမ္မထင်သူ စသည်။ ၅

ထို့ပြင် အဝိနယ၌ ဝိနယထင်သူ စသည်။ အပိနယ၌ အဝိနယထင်သူ စသည်။ အာသဝတိုးပွားသူနှစ်ယောက်- ကုက္ကုစ္စမဖြစ်ထိုက်သည်ကို ကုက္ကုစ္စ ဖြစ်သူ။ ဖြစ်ထိုက်သည်ကို မဖြစ်သူ။ အာသဝမတိုးပွားသူနှစ်ယောက်- မဖြစ်ထိုက် မဖြစ်သူ၊ ဖြစ်ထိုက်ဖြစ်သူ။ ထို့ပြင်နှစ်ယောက်- အကပ္ပိယ၌ ကပ္ပိယထင်သူ၊ ကပ္ပိယ၌ အကပ္ပိယထင်သူ။ ၅

မတိုးပွားသူနှစ်ယောက်- အကပ္ပိယ၌ အကပ္ပိယထင်သူ၊ ကပ္ပိယ၌ ကပ္ပိယ ထင်သူ။ ထို့ပြင်- အနာပတ္တိ၌ အာပတ္တိထင်သူ စသည်။ အနာပတ္တိ၌ အနာပတ္တိ ထင်သူ စသည်။ ထို့ပြင် အဓမ္မ၌ ဓမ္မထင်သူ စသည်။ အဓမ္မ၌ အဓမ္မထင်သူ စသည်။ ၅

ထို့ပြင် အဝိနယ၌ ဝိနယထင်သူ စသည်။ အဝိနယ၌ အဝိနယထင်သူ စသည်။ ၂

[အဗ္ဗဏ္ဏရပရိဘောဂသည် အဗ္ဗောဟာရဏ- မျိုးသောသုံးဆောင်ခြင်းတည်း။ ဗာဟိရပရိဘောဂသည် ဦးခေါင်းဆီလိမ်းခြင်း စသည်

တည်း။ မရောက်သေးသောဝန်ကိုဆောင်သူဟူသည် မထေရ်ကြီးမဟုတ်ဘဲလျက် မထေရ်ကြီးတို့ဆောင်အပ်သော ယပ်ကိုကိုင်၏။ (တရားဟောယပ်အထူးဟူလို။) တရားဟောတိုက်တွန်းခြင်း စသောဝန်ကိုဆောင်၏။ ထိုဝန်ကိုဆောင်ရန် လွန်စွာအားထုတ်၏။ ရောက်သောဝန်ကိုမဆောင်သူဟူသည် မထေရ်ကြီးဖြစ်လျက် မထေရ်ကြီးကိစ္စကိုမပြု၊ ကိုယ်တိုင်တရားဟောခြင်းငှာ, သူတပါးကိုတိုက်တွန်းခြင်းငှာ ဘုရားရှင်ခွင့်ပြုထားသည်ကို ချုတ်ယွင်းစေ၏။ ထေရာဓေယျ ပါတိမောက္ခံဟုခွင့်ပြုခြင်း စသည်တို့ကိုချုတ်ယွင်းစေ၏။ ကုက္ကုစ္စမဖြစ်သင့်ရာ၌ ကုက္ကုစ္စဖြစ်လျက် ပြုသူ၊ ကုက္ကုစ္စဖြစ်သင့်ရာ၌ ကုက္ကုစ္စမဖြစ်ဘဲပြုသူ ဤနှစ်ယောက်တို့အား နေ့ညဉ့်မပြတ် အာသဝတို့ တိုးပွားကုန်၏ဟူလို။]

(**ဒီဋ္ဌိ၊ သာဋ္ဌိ** ။။ ရောမဇနပုဒ်၌ဖြစ်သောဆားသည် မရောမကမည်၏။ ပက္ကလ္လက–ဟူသည် ယဝကွာရ – မုယောပြာဖြစ် ၏၊ ခွင့်ပြုသောဆားတို့ဖြစ်သောကြောင့် ဒုက္ခ၌ဟောသည်။)

ဒုက ပြီး၏။

၃– တိက ၉၂

၃၂၃။ **တိက ၅**။။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် ရောက်၍ ပရိနိဗ္ဗာန်စံပြီးနောက် မရောက်သောအာပတ်သည်ရှိ၏။ နိဗ္ဗာန်စံပြီးနောက်ရောက်၍ ထင်ရှားရှိစဉ်မရောက်သောအာပတ်သည်ရှိ၏။ ထင်ရှားရှိစဉ်လည်းကောင်း၊ နိဗ္ဗာန်စံပြီးနောက်လည်းကောင်း ရောက်သောအာပတ်ရှိ၏။ နံနက်၌ ရောက်၍ နေလွဲမရောက်သောအာပတ်၊ နေလွဲ၌ရောက်၍ နံနက်မရောက်သောအာပတ်၊ နံနက်၌လည်းကောင်း နေလွဲ၌

လည်းကောင်း ရောက်သောအာပတ်။ ညဉ့်ခ်ိန်ရောက်၍ နေ့မရောက်သော အာပတ်၊ နေ့ခ်ိန်ရောက်၍ ညဉ့် မရောက်သောအာပတ်၊ ညဉ့် ခ်ိန်လည်း၊ကောင်း နေ့ခ်ိန်လည်းကောင်း ရောက်သောအာပတ်။ ဆယ်ဝါပြည့်သူရောက်သော အာပတ်၊ ဆယ်ဝါမပြည့်သူ ရောက်သောအာပတ်၊ ဆယ်ဝါပြည့်သူ မပြည့်သူ ရောက်သောအာပတ်။ ငါးဝါပြည့်သူ အာပတ်၊ မပြည့်သူအာပတ်၊ ပြည့်သူ မပြည့်သူအာပတ်။ ၁

[လောဟိတုပ္ပါဒအာပတ်သို့ သက်တော်တင်ရှားရှိစဉ်သာ ရောက်၏။ ဒေတရဟိ ခေါ် ပနာနန္ဒ ဘိက္ခု အညပညံ အာဝုသော ဝါဒေန သမုဒါ စရန္တိ၊ နု ဝေါ မမစ္စယေန ဒဝံ သမုဒါစရိတာဗ္ဗံ၊ နဝကေန အာနန္ဒ ဘိက္ခုနာ ထေရာဘိက္ခု ဘန္တေတိ ဝါ အာယသ္မာတိ ဝါ သမုဒါစရိတာဗ္ဗော။

ချစ်သားအာနန္ဒာ ယခုအခါ ရဟန်းချင်းချင်း အာဝုသောဟု ခေါ်ကုန်၏၊ ငါဘုရားကွယ်သောအခါ ဤသို့ မခေါ်အပ်၊ ငယ်သူလည်း ကြီးသူကို ဘန္တေ, အာယသ္မာ ဟု ခေါ်အပ်၏ ဟု မဟာပရိနိဗ္ဗာနသုတ်၌ မိန့်မှာခြင်းကြောင့် မထေရ်ကြီးကို အာဝုသော ဟု ခေါ်ခြင်းအာပတ်သို့ နိဗ္ဗာန်စံပြီးမှရောက်၏။ ထိုနှစ်ခုမှကြင်းသောအာပတ်ပေါ့သို့ ရှိစဉ်လည်း ကောင်း၊ နိဗ္ဗာန်စံပြီးနောက်လည်းကောင်း ရောက်၏။

ပဝါရိတ်သင့်သူသည် အတိရိတ်ဝိနည်းကံမပြုခင်ကာ အစာကို စားအံ့ နံနက်၌ အာပတ်သင့်၏၊ နေလွဲလျှင်မသင့်။ ဝိကာလဘောဇနကိုစားအံ့ နေလွဲ၍သင့်၏၊ နံနက်၌မသင့်။ အကြင်းသည် ကာလ, ဝိကာလ၌သင့်၏။ သဟသေယျအာပတ်- ညဉ့်အခါသင့်၏။ တံခါးကြီးမပိတ်ဘဲအိပ်သောအာပတ် နေ့အခါသင့်၏။ အကြင်း နေ့, ညဉ့် သင့်၏။ ဆယ်ဝါရှိပြီး၊ ဆယ်ပါလွန်ပြီဟု ဗဟုသ အဗျတ္တ ဖြစ်လျက် ပရိသတ်ကို လုပ်ကျွေးစေအံ့ (ဝါ) ပရိသတ်မွေးအံ့ ဆယ်ဝါ ပြည့်သူ အာပတ်သင့်၏။ ဆယ်ဝါမပြည့်သူ မသင့်။ ငါသည် ပဏ္ဍိတ၊

ဗျတ္တ ဟု နဝ, မစ္ဆိမ ဖြစ်လျက် ပရိသတ်မွေးအံ့ ဆယ်ဝါမပြည့်သူ အာပတ်သင့်၏၊ အကြင်း ဆယ်ဝါပြည့်၊ မပြည့်သင့်၏။ ငါးဝါပြည့်ပြီ ဟု ဗာလ, အဗျတ္တဖြစ်လျက် နိဿယည်းမယူဘဲနေအံ့၊ ငါးဝါပြည့်သူ အာပတ်သင့်၏။ ငါသည် ပဏ္ဍိတ၊ ဗျတ္တဟု နဝကဖြစ်လျက် နိဿယည်းမယူဘဲနေအံ့ ငါးဝါမပြည့်သူ အာပတ်သင့်၏။ အကြင်း ငါးဝါပြည့်၊ မပြည့် အာပတ်သင့်၏။]

(**ဝိဇ္ဇီ**။ ။ ရဟိရပ္ပါဒအာပတ်ဟူသည် ပါရာဇိကအာပတ်ဖြစ်၏။ အာဝုသောဟုခေါ်ခြင်းအာပတ်သည် ဒုက္ကဋ်အာပတ်ဖြစ်၏။ အကြင်း နေ့, ညဉ့်သင့်ရာ၌ အရဏ်တက်ချိန်ရောက်သော ကထိနစသောအာပတ်တို့သည်လည်း ညဉ့်, နေ့တို့၏အလယ်၌သာရောက်ခြင်းကြောင့် တတိယကောဋ္ဌာသ- နေ့, ညဉ့်သို့ဝင်ကုန်၏။ တစ်နည်း အရဏ်ကက်မှရောက်ခြင်းကြောင့် နေ့သင့်တို့၌သာဝင်ကုန်၏။ နေဝင်သည်တိုင်အောင် ဘိက္ခုနီတို့ကို ဆုံးမသောအာပတ်၊ ရတ္တန္ဓကာရ၌ ယောက်ျားအနီးရပ်သောဘိက္ခုနီအာပတ်တို့လည်း ညဉ့်သင့်တို့သာတည်း။ ပုရေဘတ်ဆံ ကုလာနီ ဥပသက်မန၊ အနတိရိတ္တဘောဇနစသည်တို့သည် နေ့သင့်တို့သာတည်း။ ကေစိတို့ကား ဘောဇနသံယုတ္တ သေခိယတို့သည်လည်းကောင်း၊ ဂဏဘောဇန စသည်တို့သည်လည်းကောင်း နေ့သာသင့်ကုန်၏ဟု ဆိုကုန်၏။ ထို့ကြောင့် ဤသို့သောအာပတ်တို့ကိုလွတ်၍ အကြင်းတို့သည် တတိယကောဋ္ဌာသသို့ ဝင်ကုန်၏ဟု မှတ်အပ်၏။

ဆယ်ဝါမပြည့်သူ မသင့်ဟူသည်ကို ဆယ်ဝါပြည့်ဗာလကိုသာ ပညတ်ခြင်းကြောင့်ဆိုသည်။ သဒ္ဓိဝိဟာရိကတို့၌ ကောင်းစွာမကျင့်သောအာပတ်၊ အလဒ္ဓီတို့အား နိဿယည်းပေးသောအာပတ်တို့လည်း ဆယ်ပါပြည့်အာပတ်တို့တည်း။ ဥပဇ္ဈာယ်မကို နှစ်နှစ်မလုပ်ကျွေးခြင်း စသည်တို့သည် ဆယ်ဝါမပြည့် အာပတ်တို့တည်း။)

(အဌကထာ၌ သိတန်ရုံ သာမညဆိုသည်ကို တစ်ထစ်ချ မငြင်းခုံနှင့်၊ ဉာဏ်ထုတ်ရှုကြံစည်ဦးဟု တိုက်တွန်းခြင်းဖြင့် လမ်းပေါက်ကို ဝိဋ္ဌိ ဖွင့်ပေးတော်မူသလော၊ စာရိတ္တသိက္ခာပုဒ်- နံနက် ကာလ၌သာ အာပတ်သင့်သည်၊ နေလွဲမသင့်၊ ဝိကာလ ဂါမပွဝေသန- နေလွဲမှသင့်သည်၊ နံနက်မသင့်၊ 'ဧတရဟိ ခေါ ပနာနန္ဒ' စသည်သည် ဝိနည်းပါဋိ တော်တို့၌ မထင်၊ သုတ္တန်၌ထင်၏။)

တီက ၁၁။ ။ ကုသိုလ်စိတ်ရှိသူရောက်သောအာပတ်၊ အကုသိုလ်စိတ်ရှိသူရောက်သောအာပတ်၊ အဗျာကတစိတ်ရှိသူရောက်သောအာပတ်၊ သုခဝေဒနာပြည့်စုံခိုက် ရောက်သောအာပတ်၊ ဒုက္ခဝေဒနာပြည့်စုံခိုက်ရောက်သောအာပတ်၊ အဒုက္ခမသုခဝေဒနာပြည့်စုံခိုက်ရောက်သော အာပတ်။

စောဒနာဝတ္ထုသုံးပါး၊ ဒိဋ္ဌဖြင့်၊ သုတဖြင့်၊ ပရိသင်္ကိတဖြင့်၊ သလာကဂ္ဂါဟ- ဓမ္မဝါဒီများအောင် စာရေးတံပေးခြင်းသုံးမျိုး၊ ဂုဏ္ဌက- အလဇ္ဇီများရာ၌ လျှို့ဝှက်၍ ယူစေခြင်း၊ ဝိဝဏ္ဏက- လဇ္ဇီများရာ၌ ဟင်းလင်းဖွင့်၍ယူစေခြင်း၊ သကဏ္ဏဧပွန- ဗာလများရာ၌ နားအနီး တိုးတိုးပြော၍ ယူစေခြင်း။ ပဋိကွေပ- ပယ်အပ်သောတရားသုံးပါး၊ မဟိစ္ဆတာ- အလိုကြီးခြင်း၊ အသန္တုဋ္ဌိတာ- မရောင့်ရဲခြင်း၊ အသလ္လေခတာ- ကိလေသာခေါင်းပါးအောင် မကျင့်ခြင်း။ [5]

(အနုညာတ) ခွင့်ပြုအပ်သောတရားသုံးပါး အပ္ပိစ္ဆတာ- အလိုနည်းခြင်း၊ သန္တုဋ္ဌိတာ- ရောင့်ရဲခြင်း၊ သလ္လေခတာ- ကိလေသာခေါင်းပါးအောင် ကျင့်ခြင်း။ ထို့ပြင် ပဋိကွေပသုံးပါး- မဟိစ္ဆတာ၊ အသန္တုဋ္ဌိတာ၊ အမတ္တညုတာ- ခံယူခြင်း အတိုင်းအရည် သုံးဆောင်ခြင်းအတိုင်းအရည်မသိခြင်း။ အနုညာတသုံးပါး အပ္ပိစ္ဆဟာ၊ သန္တုဋ္ဌိတာ၊ မတ္တညုတာ- အတိုင်းအရည်သိခြင်း။ ပညတ္တိသုံးပါး- မူလပညတ်၊ အနုပညတ်၊ အနုပဿနပညတ်။ ထို့ပြင်သုံးပါး သဗ္ဗတ္ထပညတ်၊ ပဒေသပညတ်၊ သာဓာရဏပညတ်။ ထို့ပြင်သုံးပါး အသာဓာရဏပညတ်၊ ဧကတောပညတ်၊ ဥဘတောပညတ်။ [6]

[ပဒသောဓမ္မအာပတ်၊ မာတုဂါမအား ခြောက်ခွန်းထက်အလွန် တရားဟောသောအာပတ်၊ ဤသို့သောအာပတ်သို့ ကုသိုလ်စိတ်ရှိသူ ရောက်၏။ (ကုသိုလ်ကား အာပတ်မမည်။) ပါရာဇိက၊ သုက္ကဝိဿဋ္ဌိ–စသောအာပတ်၊ ရိုက်ပုတ်ခြင်း၊ လက်ပါးပြက်မိုးခြင်း စသောအာပတ်တို့သို့ အကုသိုလ်စိတ်ရှိသူ ရောက်၏။ တကွအားမထုတ်ဘဲ သဟသေယျ စသောအာပတ်သို့ အဗျာကတစိတ်ရှိသူ ရောက်၏။ ရဟန္တာသာရောက်နိုင်သောအာပတ်ဟူသမျှလည်း အဗျာကတစိတ်ရှိသူသာ ရောက်သော အာပတ်ဖြစ်၏။

မေထုနဓမ္မစသောအာပတ်သို့ သုခဝေဒနာပြည့်စုံခိုက် ရောက်၏။ ဒုဋ္ဌဒေါသ စသောအာပတ်သို့ ဒုက္ခဝေဒနာပြည့်စုံခိုက် ရောက်၏။ သုခဝေဒနာပြည့်စုံခိုက်ရောက်သောအာပတ်သို့သာလျှင် မဒ္ဒေတ္တာဖြစ်လျှင် အဒုက္ခမသုခဝေဒနာပြည့်စုံခိုက်ရောက်၏။ ပဋ္ဌိကွေပသည် ဘုရားရှင်ပယ်သောတရားဖြစ်၏။ ပစ္စည်းလေးပါးတို့၌ အလိုကြီးခြင်း၊ မရောင့်ရဲခြင်း၊ ကိလေသာခေါင်းပါးစေသောအကျင့်ကို မစောင့်ရှောက်ခြင်း–ဤတရားတို့ကိုပယ်သည်၊ အပ္ပိစ္ဆတာ စသည်တို့ကို ခွင့်ပြုသည်။]

(**ဓိဋ္ဌိ**။ ။ အဗျာကတစိတ်ရှိသူဟူသည်ကို အိပ်ပျော်သူ၏ဘဝင်စိတ်ကို ရည်ဆိုသည်။)

တိက ၁၀။ ။ ဗာလသာရောက်၍ ပဏ္ဍိတမရောက်သောအာပတ်၊ ပဏ္ဍိတသာရောက်၍ ဗာလမရောက်သောအာပတ်၊ ဗာလလည်းကောင်း ပဏ္ဍိတလည်းကောင်း ရောက်သောအာပတ်။ ကာဠ–လဆုတ်အာပတ်၊ ဇုဏှ– လဆန်းအာပတ်၊ လဆုတ် လဆန်း အာပတ်။ လဆုတ်၌သာအပ်သည်၊ လဆန်း၌သာအပ်သည်၊ လဆုတ် လဆန်းအပ်သည်။ ဆောင်းအာပတ်၊ နွေအာပတ်၊ မိုးအာပတ်။ သံဃ အာပတ်၊ ဂဏအာပတ်၊ ပုဂ္ဂလအာပတ်။ ၁

သံဃာအားသာအပ်သည်၊ ဂဏအားသာအပ်သည်၊ ပုဂ္ဂလအားသာ အပ်သည်။ (ဆာဒနာ) ဖုံးခြင်းသုံးပါး- ဝတ္ထုကိုဖုံးခြင်း၊ အာပတ်ကိုဖုံးခြင်း၊ ဝတ္ထု အာပတ်ကိုဖုံးခြင်း။ (ပဋိဗ္ဗာဒီ) ရေချိုးရာ၌ ဖုံးခြင်းသုံးပါး- ဇန္ဓာဃရ-စရုံးအိမ်ဖြင့်ဖုံးခြင်း၊ ဥဒက- ရေဖြင့်ဖုံးခြင်း၊ ဝတ္ထု- အဝတ်ဖြင့်ဖုံးခြင်း။ ဖုံးမှ ကဲ့ရဲ့လွတ်သည် ဖွင့်လျှင်ကဲ့ရဲ့မလွတ်သုံးမျိုး- မာတုဂါမ၊ ပုဏ္ဏားတို့၏(မန္တာ) မန္တရားဗေဒင်တိုင်ပင်ခြင်း၊ မိစ္ဆာဒိဋ္ဌိ။ ဖွင့်မှတင့်တယ်သည် ဖုံးလျှင်မတင့်တယ်သုံးမျိုး- လဝန်း၊ နေဝန်း၊ ဘုရားဟောတရား။ [1]

[ဆယ်ဝါရ၍ ပရိသတ်မွေးသောအာပတ်၊ ၎င်းဝါရ၍ နိဿယည်း မယူသောအပတ်သို့ ဗာလရောက်သည်၊ ဗျတ္တ၊ ဗဟုဿုတဖြစ်၍ ဆယ်ဝါမရဘဲ ပရိသတ်မွေးသောအာပတ်၊ ၎င်းဝါ မရဘဲ နိဿယည်း မယူသောအာပတ်သို့ ပဏ္ဍိတရောက်သည်။ အကြွင်း ဗာလ , ပဏ္ဍိတ ရောက်၏။ ဝါမကပ်သောအာပတ်သို့ လဆုတ်၌ရောက်၏။ မဟာပဝါ ရဏာမပြုသောအာပတ်သို့ လဆန်း၌ ရောက်၏။ အကြွင်း လဆုတ် လဆန်း ရောက်၏။ ဝါကပ်ခြင်းသည် လဆုတ်၌သာအပ်သည်။ မဟာပဝါရဏာပြုခြင်းသည် လဆန်း၌သာ အပ်သည်။ ကြွင်းသော အနုညာတကသည် လဆုတ် လဆန်းအပ်သည်။ တန်ဆောင်မုန်း လပြည့်ကျော်တစ်ရက်နေ့တွင် ဝိကပ္ပနာပြု၍ထား အပ်သော မိုးရေခံ သင်္ကန်းကိုဝတ်လျှင် ဆောင်းအာပတ်သင့်၏။ ကုရန္ဒီ၌ တန်ဆောင်မုန်း လပြည့်နေ့၌ ပစ္စုဒ္ဓိ၊ မပြုလျှင်(ဝါ- မိုးရေခံအဖြစ်မှ ပယ်၍ ဝိကပ္ပနာမပြုလျှင်) ဆောင်းအာပတ်ဟုဆို၏။ ကောင်းသော ဆိုခြင်းတည်း။ (မိုး) လေးလအဓိဋ္ဌာန် တင်ခြင်းငှာ ထို့နောက် ဝိကပ္ပနာပြုခြင်းငှာ ခွင့်ပြုသောကြောင့်တည်း။ တစ်လကျော်ကြွင်းသော နွေဥတု၌ (ဝါ) နယုန်လဆုတ်တစ်ရက်မရောက်မီ မိုးရေခံသင်္ကန်း ရှာလျှင်လည်းကောင်း၊ လခွဲကျော်ကြွင်းသော နွေဥတု၌ (ဝါ) ဝါဆိုလ မဆန်းမီဝတ်လျှင်လည်းကောင်း နွေအာပတ်သင့်၏။ မိုးရေခံသင်္ကန်း

ရှိလျှက် နဂ္ဂအဖြစ်ဖြင့် ကိုယ်ကိုမိုး၊စွတ်စေလျှင် မိုးအာပတ်သင့်၏။ သံဃာဖြစ်လျှက် ပါရိသုဒ္ဓိဥပုသ်ကို လည်းကောင်း၊ အဓိဋ္ဌာန် ဥပုသ်ကို လည်းကောင်းပြုလျှင် သံဃာအာပတ်သင့်၏။ ဂဏာဖြစ်လျှက် သုတ္တုဒ္ဒေသ, အဓိဋ္ဌာန်ပြုလျှင် ဂဏာအာပတ်သင့်၏။ တစ်ပါးတည်း သုတ္တုဒ္ဒေသ, ပါရိသုဒ္ဓိပြုလျှင် ပုဂ္ဂလအာပတ်သင့်၏။ ပဝါရဏာပြုရာ၌ လည်း ဤနည်းသာတည်း။ သံဃဥပုသ်, သံဃပဝါရဏာသည် သံဃာအား သာအပ်သည်။ ဂဏဥပုသ်, ဂဏပဝါရဏာသည် ဂဏအား သာအပ်သည်။ အဓိဋ္ဌာန်ဥပုသ်, အဓိဋ္ဌာန်ပဝါရဏာသည် ပုဂ္ဂိုလ်အား သာအပ်သည်။ ပါရာဇိကသို့ ငါရောက်သည်ဟုဆိုလျှင် ဝတ္ထုကိုဖုံး၏ အာပတ်ကိုမဖုံး။ မေတုနဓမ္မကို ငါမှီဝဲသည်ဟုဆိုလျှင် အာပတ်ကိုဖုံး၏ ဝတ္ထုကိုမဖုံး။ ဝတ္ထုကို, အာပတ်ကို နှစ်ခုလုံး မပြောလျှင် ဝတ္ထု, အာပတ်ဖုံး၏။ ပဋိစ္ဆာဒေဟိတိ ပဋိစ္ဆာဒိ–ဖုံးလွှမ်းတတ်သော ဝတ္ထု (ဝါ) ဖုံးလွှမ်းစေတတ်သော ဝတ္ထု၊ ဇန္တာဃရ မေဝ ပဋိစ္ဆာဒိ– ဇန္တာဃရ ပဋိစ္ဆာဒိ– ဖုံးလွှမ်းစေတတ်သော စရုံးအိမ်။ ဤနည်းဖြင့်ဖုံးစေတတ်သောရေ၊ ဖုံးစေတတ်သောအဝတ် ဖြစ်၏။ (ဖုံးကြောင်း အဝတ်စသည်ဖြင့်ဆိုလျှင်လည်း ဖုံးစေတတ်က ဖုံးကြောင်း ရသောကြောင့်သင့်၏။) တံခါးကိုပိတ်ရ၏ စရုံးအိမ်၌တည်သူသည် ချေးတွန်းခြင်းပရိကံကို ပြုကောင်း၏။ ရှေ့ဝင်သူလည်း ချေးတွန်း ခြင်းပရိကံကို ပြုကောင်း၏။ ထိုနေရာနှစ်ခု၌ ခဲခြင်း, စားခြင်းဌာမအပ်၊ အဝတ်ဖုံးကား အားလုံးအပ်၏။ ကဲ့ရဲ့လွတ်ခြင်းသည် ကဲ့ရဲ့မခံရ၊ တားမြစ်ခြင်းမခံရ။ တိမ်, ဆီးနှင်း, မီးခိုး, မြူ, ရာဟု မှ လွတ်၍ ထင်ရှားမှသာ လဝန်း တင့်တယ်သည်။ တစ်ခုခုဖြင့်ဖုံးလျှင် မတင့်တယ်။ နေဝန်းလည်း ထို့အတူတည်း။ ဓမ္မဝိနယကိုလည်း ဖွင့်၍, ဝေဘန်၍ ဟောအပ်မှသာ တင့်တယ်သည်။ ဖုံးလျှင် မတင့်တယ်။]

(**ဓီဋ္ဌိ**။ ။ ဆောင်းအာပတ် ကုရန္ဒီနည်း၌ ဝိကပ္ပနာ ပြုခြင်းငှာ ဟု ခွင့်ပြုခြင်းရှိလျက် ဝိကပ္ပနာမပြုခြင်းကြောင့်

ဆောင်းအာပတ်သင့်သည်။ ဝိကပ္ပနာကို တန်ဆောင်မုန်း လပြည့်နေ့၌ ပြုအပ်၏ဟုပြခြင်းငှာဆိုသည်။

ဝိဋီ။ ။ မဟာပဝါရဏာနေ့၌ အနာဒရိယဖြင့် ပဝါရဏာမပြုလျှင် လဆန်း၌ အာပတ်သင့်၏။ တစ်စုံတစ်ခု ကြောင့် သီတင်းကျွတ်လကွယ်၌ သံဃပဝါရဏာပြုသောအခါ အနာဒရိယဖြင့် ပဝါရဏာမပြုလျှင် ထိုအာပတ်သို့ လဆုတ်၌ လည်းရောက်၏။ လဆန်းသာဟု အမြဲမထင်။ ပစ္ဆိမဝါကျွတ် သူကား တန်ဆောင်မုန်းလပြည့်၌သာ ပဝါရဏာပြုခွင့်ရသည်။ ထိုနေ့၌ ပဝါရဏာမပြုခြင်းကြောင့်သင့်သော အာပတ်၊ လဆန်း သာဟုအမြဲမှတ်အပ်၏။ လဆန်းအပ်ခြင်း၌လည်း ဤနည်း တည်း။ ပစ္စုဒ္ဓိရ်မပြုလျှင် ဆောင်းအာပတ်ဟူသော စကားဖြင့် ပစ္စုဒ္ဓိရ်မပြုသူအား ဒုက္ကဋ်ဟုပြ၏။ ဝါမကပ်ခြင်း၊ ဝါကွင်း ကိစ္စမရှိဘဲ ဖဲသွားခြင်းစသည်ကြောင့်လည်း မိုးအာပတ် သင့်သည် သာတည်း။)

တိက ၁၅ ။ ။ သေနာသနဂ္ဂါဟသုံးမျိုး- (ပုရိမက) ပုရိမဝါကပ် သောနေ့၌ နေရာယူခြင်း၊ (ပစ္ဆိမက) ပစ္ဆိမဝါကပ် သောနေ့၌ နေရာယူခြင်း၊ (အန္တရာမုတ္တက) နောင်နှစ်ဝါဆိုခြင်းငှာ သီတင်းကျွတ် လဆုတ်တစ်ရက်နေ့၌ နေရာယူခြင်း။ ဂိလာနအာပတ်, အဂိလာနအာပတ်, ဂိလာနာဂိလာန အာပတ်။ ပါတိမောက်ထားခြင်း အဝမ္မိကသုံးမျိုး၊ ဝမ္မိက သုံးမျိုး။ ပရိဝါသ် သုံးမျိုး- ပဋိစ္ဆန္နပရိဝါသ်၊ အပဋိစ္ဆန္နပရိဝါသ်၊ သုဒ္ဓန္တ ပရိဝါသ်။ ၁

မာနတ်သုံးမျိုး- ပဋိစ္ဆန္နမာနတ်၊ အပဋိစ္ဆန္နမာနတ်၊ ပဂ္ဂမာနတ်။ ပရိဝါသ်ညဉ့်ပျက်ကြောင်းသုံးမျိုး - (သဟဝါသ) တစ်မိုးတည်း၌အိပ်ခြင်း၊ (ဝိပ္ပဝါသ) ပကတတ်နှင့် အရဏ်ကင်းခြင်း၊ (အနာရောစနာ) ဝတ်မကြားခြင်း။ (အန္ဓော) ကျောင်းတွင်းအာပတ်၊ (ဗဟိ) ကျောင်းပြင်အာပတ်၊ (အန္ဓောဗဟိ)

ကျောင်းတွင်းကျောင်းပြင်အာပတ်။ အန္တောသီမာအာပတ်၊ ဗဟိသီမာအာပတ်၊ အန္တောဗဟိသီမာအာပတ်။ အာပတ်ရောက်ကြောင်းသုံးပါး - ကာယကြောင့်၊ ဝါစာကြောင့်၊ ကာယဝါစာကြောင့်။ ၁

ထို့ပြင်သုံးပါး- သံဃာ့အလယ်၊ ဂဏအလယ်၊ ပုဂ္ဂလထံ။ အာပတ်မှ ထကြောင်းသုံးပါး- ကာယကြောင့်၊ ဝါစာကြောင့်၊ ကာယဝါစာကြောင့်။ ထို့ပြင်သုံးပါး - သံဃာ့အလယ်၊ ဂဏအလယ်၊ ပုဂ္ဂလထံ။ အမှုဌဝိနည်းပေးခြင်း အဓမ္မိကသုံးပါး။ ဓမ္မိကသုံးပါး။ ၁

[တစ်ပါးသောဆေးအတွက်ဘဏ္ဍာဖြင့် တစ်ပါးသောဆေးကို တောင်းခဲ့ ဂိလာနအာပတ်၊ ဆေးကိစ္စမရှိဘဲ ဆေးကိုတောင်းခဲ့ အဂိလာန အာပတ်၊ အကြွင်းသည် ဂိလာနာဂိလာနအာပတ်။ တိုးဝှေ့၍ အိပ်ခြင်းကိုပြုခဲ့ ကျောင်းတွင်းအာပတ်၊ သံဃိကညောင်စောင်း စသည်ကို လွင်တီးခေါင်ခ်ခင်း၍ ဖဲသွားခဲ့ ကျောင်းပြင်အာပတ်၊ အကြွင်း တွင်းပြင် အာပတ်။ အာဂန္တုကဝတ်ကို မပြုဘဲ ထီးဆောင်းလျက်, ဘိနပ်စီးလျက် ကျောင်းဝန်းအတွင်းသို့ဝင်သော အာဂန္တုသည် ဥပစာရသိမ်သို့ သက်ကာမျှတွင် အန္တောသီမာအာပတ်၊ (၀၊) သိမ်တွင်းအာပတ်၊ ဂမိကဝတ်ကိုမဖြည့်ကျင့်ဘဲ ဖဲသွားသော ဂမိကသည် ဥပစာရသိမ်ကို လွန်ကာမျှတွင် ဗဟိသီမာ အာပတ်၊ (၀၊) သိမ်ပြင်အာပတ်၊ အကြွင်း သိမ်တွင်း သိမ်ပြင်အာပတ်။ မထေရ်ကြီးရှိလျက် မတိုက်တွန်းအပ်ဘဲ တရားဟောခဲ့ သံဃာအလယ် အာပတ်၊ ဂဏအလယ်၌၊ ပုဂ္ဂလထံ၌ ထို့အတူ။ တိဏဝတ္ထာရကသမထဖြင့် အာပတ်မှထခဲ့ ကာယကြောင့် ထ၏၊ ကိုယ်ကိုမလှုပ်စေဘဲ နှုတ်ဖြင့် ဒေသနာကြားခဲ့ ဝါစာကြောင့် ထ၏၊ ဝစီနှင့်ယှဉ်သောကိုယ်အမှုအရာကိုပြု၍ ဒေသနာကြားခဲ့ ကာယ ဝါစာကြောင့်ထ၏။ သံဃာ့အလယ်၌ ဒေသနာဂါမ်သည်လည်းကောင်း၊ ဝုဋ္ဌာနဂါမ်သည်လည်းကောင်း ထ၏၊ ဂဏ, ပုဂ္ဂလအလယ်၌ ဒေသနာဂါမ် အာပတ်သာထ၏။]

(**ဇီဋ္ဌ- သာဋ္ဌ**။ ။ ဝစီနှင့်ယှဉ်သော ကိုယ်အမူအရာကို ပြု၍ဟူသည် ကိုယ်ဖြင့် အရိအသေကိုင်းခြင်းကိုပြု၍တည်း။

ဝိဋ္ဌ။ ။ (ဝတ္ထိကမ္မ) ကျဉ်းမြောင်းရာအရပ်၌ အနာကို ကျပ်ထုတ်ထိုးခြင်း စသည် သည်လည်း ဂိလာနအာပတ်သာတည်း။ မဆေးသောခြေတို့ဖြင့် နင်းခြင်း စသည်တို့လည်း ကျောင်းတွင်း၌သာ အာပတ်တည်း။ ဘိက္ခုနီ၏ မပန်ကြားဘဲ အရံတွင်းဝင်ခြင်းသည်လည်း သိမ်တွင်းဒုက္ကဋတည်း။ နိဿယည်းမငြိမ်းသူ- မပန်မကြား အရပ်တစ်ပါးဖဲသွားခြင်း စသည်လည်း သိမ်ပြင်အာပတ်ဟည်း။ ပါတိမောက်ပြသောအခါ ထင်ရှားရှိသော အာပတ်ကို အာဝိဘဝရာ မပြုခြင်း၊ သမနုဘာသနကံပြုခြင်း၊ အသက်မပြည့်သူကို ရဟန်းပြုပေးခြင်းစသော အဓမ္မကံအာပတ်တို့လည်း သံဃာ့အလယ်အာပတ်တို့တည်း။ အဓမ္မဖြင့် ဂဏဥပုသ် စသည်တို့၌လည်း ဂဏအလယ် အာပတ်တို့တည်း။ အလဇ္ဇီထ နိဿယည်းယူခြင်း စသည်လည်း ပုဂ္ဂိုလ်ထံအာပတ်ဟည်း။ အမှုဌဝိနည်းပေးခြင်း အဓမ္မိကသုံးပါးကား- ဥမ္မတ္တက ဖြစ်သော်လည်း လွန်ကျူးသောအခါ မရှုးဘဲ စေတနာနှင့် အာပတ်သို့ရောက်၍ ရဟန်းတို့ မေးသောအခါ သတိရလျက် သတိမရဟုဆိုသူ၊ အိပ်မက်သလို သတိရပါ၏ဟု မှတ်ဆိုသူ၊ အပ်သောကြောင့် ပြုသည်ဟု ရှုးပါန်ဆောင်၍ ပန်ခံသူ၊ ဤသုံးယောက်အား ပေးသော အမှုဌဝိနည်းသည် အဓမ္မိကဖြစ်၏။)

တိက ၁၇။ ။ သုံးပါးသောအင်္ဂါနှင့်ပြည့်စုံသောရဟန်းအား အလိုရှိလျှင် သံဃာသည် တဇ္ဇနီယံကံ့ပြုရာ၏။ (၀၊)

တဇ္ဇနီယကံ ပြုကြောင်းသုံးပါး - ခိုက်ရန်ငြင်းခုံများသူ၊ ဟာလအဗျတ္တဖြစ်၍

အာပတ်များသူ၊ လူတို့နှင့်မသင့်မတော် ရောနှောသူ။ နိယသက်ပြုကြောင်း သုံးပါး - ရန်ဖြစ်သူ၊ အာပတ်များသူ၊ လူတို့နှင့်ရောနှောသူ။ ပဗ္ဗာဇနိယက်ပြုကြောင်းသုံးပါး- ရန်ဖြစ်သူ၊ အာပတ်များသူ၊ ကုလဒူသနပြုသူ။ ပဋိသာရဏီယက်ပြုကြောင်းသုံးပါး - ရန်ဖြစ်သူ၊ အာပတ်များသူ၊ လူကိုဆဲသူ။ (မရှုမှု) ဥက္ခေပနိယက်ပြုကြောင်း သုံးပါး- ရန်ဖြစ်သူ၊ အာပတ်များသူ၊ သင့်သော အာပတ်ကို မရှုလိုသူ။ ၅

(မကုမ္ဂ) ဥက္ခေပနိယက်ပြုကြောင်းသုံးပါး- ရန်ဖြစ်သူ၊ အာပတ်များသူ၊ သင့်သောဒအာပတ်ကိုမကုစားလိုသူ။ (မစွန့်မှု)ဥက္ခေပနိယက်ပြုကြောင်းသုံးပါး- ရန်ဖြစ်သူ၊ အာပတ်များသူ၊ ယုတ်မာသောအယူကိုမစွန့်လိုသူ။ သုံးပါးသော အင်္ဂါနှင့်ပြည့်စုံသောရဟန်းအား အလိုရှိလျှင် သံဃာသည် အာဂါဠ္ဌာယစေတေ ယျ- မြဲမြဲအောင် အားထုတ်ရာ၏။ (၀၊) ဥက္ခေပနိယက်ပြုရာ၏ ရန်ဖြစ်သူ၊ အာပတ်များသူ၊ လူတို့နှင့် ရောနှောသူ။ သုံးပါးသောအင်္ဂါနှင့်ပြည့်စုံသော ရဟန်းအား ကံပြုအပ်၏။ (၀၊) ကံပြုကြောင်းသုံးပါး - (အလဇ္ဇီ) မရှက်သူ၊ (ဥလ) မိုက်သူ၊ (အပကတတ္တ) အာပတ်နာပတ်ဝိနည်းမသိသူ။ ထို့ပြင် ကံပြုကြောင်းသုံးပါး - အဓိသီလပျက်သူ၊ အဇ္ဈာစာရပျက်သူ၊ အတိဒိဋ္ဌိပျက်သူ။ ၅

ထို့ပြင်သုံးပါး- ကိုယ်မြူးတူးသူ၊ နှုတ်မြူးတူးသူ၊ ကိုယ်နှုတ်မြူးတူးသူ။ (၃၀ သုံ ့မျိုး)။ ထို့ပြင် ကိုယ်ကျင့်ပျက်သူ၊ နှုတ်ကျင့်ပျက်သူ၊ ကိုယ်နှုတ်ကျင့်ပျက်သူ။ (သိက္ခာပုဒ်လွန်ကျူးခြင်းဖြင့် အနာစာရသုံးမျိုး။) ထို့ပြင် ကိုယ်ကျင့်ဆ္ဆတ်သူ၊ နှ၀ါကျင့်ဆ္ဆတ်သူ၊ ကိုယ်နှုတ်ကျင့်ဆ္ဆတ်သူ။(သိက္ခာပုဒ်မဖြည့်ကျင့်ခြင်းဖြင့် ဥပဃာ၀ါကသုံးမျိုး။)။ ထို့ပြင် ကိုယ်မိစ္ဆာဇီ၀ရှိသူ၊ နှုတ်မိစ္ဆာဇီ၀ရှိသူ၊ ကိုယ် နှုတ်မိစ္ဆာ၀ါ၀ရှိ၊ ပ။ (အသက်မွေးမှားသော မိစ္ဆာဇီ၀သုံးမျိုး။)။ ထို့ပြင် အာပတ်သို့ရောက်၍ ကံပြုခံရလျက် ရဟန်းပြုပေးသူ၊ နိဿယပေးသူ၊ သာမဏေမွေးသူ။ ၅

ထို့ပြင် ကံပြုကြောင်းအာပတ်သို့ရောက်သူ၊ အလားတူအာပတ်သို့ ရောက်သူ၊ ထို့ထက်ယုတ်မာသောအာပတ်သို့ရောက်သူ။ ထို့ပြင်သုံးပါး- ဘုရား

ကျေးဇူးမဲ့ဆိုသူ၊ တရားကျေးဇူးမဲ့ဆိုသူ၊ သံဃာကျေးဇူးမဲ့ဆိုသူ။ ၂

[အာဂါဠာယစေတေယျ ဟူသည် ဒဠ္ဌဘာဝါယစေတေယျ-- တဇ္ဇနီယကံ စသည်မပြုခံရလျက် ကျင့်ဝတ်မဖြည့်ကျင့်သူအား အလိုရှိလျှင် သံဃာသည် ဥက္ခေပနီယကံပြုရာ၏ ဟူလို။ ဗာလသည် မမှ, အဓမ္မကိုမသိ၊ အပကတတ္တာသည် အာပတ္တိ, အနာပတ္တိကိုမသိ၊ ဤမျှဖြင့် ကံကိုမပြုအပ်။ ဗာလ၏အဖြစ်ကြောင့် အပကတတ္တာ၏အဖြစ်ကြောင့် အာပတ်သို့ရောက်မှ ကံပြုအပ်၏။ အဓိသီလပျက်သူသည် အာပတ်အစု နှစ်ခုသို့ရောက်၏။ အဇ္ဈောစာရပျက်သူသည် အာပတ်အစု ၇၁ခုသို့ရောက်၏။ အကိဒိဋ္ဌိပျက်သူသည် အန္တဂ္ဂါဟိကာဒိဋ္ဌိနှင့် (၀၁) သဿတစွန်း၊ ဥစ္ဆေဒစွန်းယူခြင်းနှင့်ပြည့်စုံ၏။ ထိုအာပတ်ကို မရှုသူ၊ မကုသူ၊ ဒိဋ္ဌိမစွန့်သူတို့အားသာ ကံကိုပြုအပ်၏။

(၁၀-သုံးမျိုးခွဲ) ကိုယ်မြှုံးတူးသူသည် ပါသက- အန်, လက်ပစ်စသည်တို့ဖြင့် ဇုတကီဋနေ- အန်ကစားခြင်းစသော အနာစာရ ရှိ၏။ နှုတ်မြှုံးထူးသူသည် မုခါဋမှရ ကရဏာ - နှုတ်သီး စည်တီးခြင်း, ပါးစပ်ဆိုင်းတီးခြင်းစသော အနာစာရရှိ၏။ ကိုယ်နှုတ်မြှုံးကူးသူသည် ဒွါရနှစ်ပါးဖြင့် နစ္စန, ဂါယန စသော အနာစာရရှိ၏။ ကိုယ်ကျင့်ပျက်သူစသော အနာစာရ သုံးယောက်သည် ကာယဒ္ဌ ၊ ဝစီဒ္ဌ၊ ကာယဝစီဒ္ဌ ပညတ်သောသိက္ခာပုဒ်ကို လွန်ကျူး၏။ ကိုယ်ကျင့် ချွတ်သူစသော ဥပဃာတိကသုံးယောက်သည် ကာယဒ္ဌ၊ ဝစီဒ္ဌ၊ ကာယဝစီဒ္ဌ ပညတ်သောသိက္ခာပုဒ်ကိုမကျင့်၊ မကျင့်လျှင် ထိုသိက္ခာပုဒ်ကို ဖြတ်တောက်သည်, ဖျက်ဆီးသည်ဟု ဆိုအပ်၏။ ထို့ကြောင့် မကျင့်ခဏ, ချွတ်သူကို ဥပဃာတိကဟုဟောသည်။ ကိုယ် မိစ္ဆာဇီဝရှိသူသည် (ဇယ်ပေသနိုက) မြင်းခေါင်းဖြင့် ခိုင်းစေရာခံခြင်း စသည်ဖြင့် လည်းကောင်း၊ အနာခွဲခြင်း စသည်ဖြင့် လည်းကောင်း၊ ဆေးကုခြင်းဖြင့် လည်းကောင်း အသက်မွေးရ၏။ နှုတ် မိစ္ဆာဇီဝ ရှိသူသည် သတင်းစကား ဆောင်ခြင်း၊ ပြောခြင်း

စသည်ဖြင့် အသက်မွေး၏။ ကိုယ်နှုတ် မိစ္ဆာဇီဝ ရှိသူသည် ထိုနှစ်မျိုးလုံး ဖြင့်အသက်မွေး၏။]

(**သာဒ္ဓီ**။ ။ မုခဌမ္ဘရ–ကရဏသည် မုခဘေရီ–ဝါဒနတည်း၊ ဥပဃာတေတိတိ ဥပဃာတိကော၊ ဝိနာသေတိတိ အတ္ထော။

ဝိဒ္ဓီ။ ။ အပကတတ္တာသည် ဝိနည်း၌ မလိမ္မာ၊ ထို့ကြောင့် အာပတ္တိ၊ အနာပတ္တိကိုမသိ၊ ဒိဋ္ဌိမစွန့်သူတို့အားသာ ကံပြုအပ်၏ဟူသည် ထိုရဟန်းတို့ ဆုံးမသောအခါ အယူမစွန့် ခြင်းကြောင့် ဒုက္ခဋ္ဌ, ပါစိတ် တစ်ခုခု မချုတ်ဖြစ်သောကြောင့် ဆိုသည်။ မုခဌမ္ဘရ–ကရဏသည် မုခဘေရီ–ဝါဒနတည်း။ ဥပဃာတေတိတိ ဝိနာသေတိ။)

အလဒ္ဓီဟာလ တိက ၁၈။ ။ သုံးပါးသောအင်္ဂါနှင့် ပြည့်စုံသော သံဃာ့ အလယ်၌ ဥပုသ်တားသောရဟန်းအား " ရဟန်း သင်သည် ဘဏ္ဍာန, ကလဟ စသည်ကိုမပြုလင့်" ဟု နှိပ်၍ သံဃာ သည် ဥပုသ်ပြုအပ်၏။ အလဒ္ဓီ၊ ဗာလ၊ အပကတတ္တာ။ သံဃာ့အလယ်၌ ပဝါရဏာ ထားသော အင်္ဂါသုံးပါးရှိသောရဟန်းအား " ဘဏ္ဍာနစသည်မပြုလင့်" ဟု နှိပ်၍ သံဃာသည် ပဝါရဏာကိုပြုအပ်၏။ အလဒ္ဓီ၊ ဗာလ၊ အပကတတ္တာ။ သုံးပါးသောအင်္ဂါနှင့် ပြည့်စုံသောရဟန်းအား တစ်စုံတစ်ခုသောသမ္မုတိကို မပေးအပ် (ဝါ) သမ္မုတိ မပေးအပ်သူသုံးယောက်– အလဒ္ဓီ၊ ဗာလ၊ အပကတတ္တာ။ နေ ဝေါဟာရ ကဲ့ တစ်စုံတစ်ခုမပြောအပ်သူသုံးယောက် (ဝါ) သုံးယောက်သည် သံဃာ၌ စကားမဆိုအပ်၊ အလဒ္ဓီ၊ ဗာလ၊ အပကတတ္တာ။ တစ်စုံတစ်ခု အကြီးအကဲ မခန့်အပ်သူ သုံးယောက်၊ အလဒ္ဓီ၊ ဗာလ၊ အပကတတ္တာ။ ၁

မှီ၍မနေအပ်သူသုံးယောက်– ၎င်းသုံးယောက်ပင်တည်း။ နိဿယည်း မပေးအပ်သူသုံးယောက်– ၎င်း။ ခွင့်တောင်းလျှင် ခွင့်မပြုအပ်သူသုံးယောက်– ၎င်း။ ဆိုဖွယ်ရှိသည်ဟုဆိုသော်လည်း နားမထောင်အပ်သူသုံးယောက်– ၎င်း။

ဝိနည်းမမေးအပ်သူသုံးယောက် (ဝါ) သုံးယောက်အား မမေးအပ်- ၎င်း။ [1]

ဝိနည်းမမေးအပ်သူသုံးယောက် (ဝါ) သုံးယောက်သည် မမေးအပ်-၎င်း။ ဝိနည်းမဖြေအပ်သူသုံးယောက် (ဝါ) သုံးယောက်အား ဝိနည်းမဖြေအပ်-၎င်း။ ဝိနည်းမဖြေအပ်သူသုံးယောက် (ဝါ) သုံးယောက်သည် ဝိနည်းမဖြေအပ်-၎င်း။ (အနုယောဂ) မေးခွင့်ကိုမပေးအပ်သူသုံးယောက် (ဝါ) သုံးယောက်အား ခွင့်မပေးအပ်- ၎င်း။ ဝိနည်း မဆွေးနွေးအပ်သူသုံးယောက် (ဝါ) သုံးယောက်နှင့် မဆွေးနွေးအပ်- ၎င်း။ [1]

ဥပဇ္ဈာယ်ပြု၍ ရဟန်းပြုမပေးအပ်သူသုံးယောက် (ဝါ) သုံးယောက်သည် ဥပဇ္ဈာယ်မပြုအပ်- ၎င်း။ သုံးယောက်သည် နိဿယည်းမပေးအပ်-၎င်း။ သုံးယောက်သည် သာမဏေမမွေးအပ်- အလဒ္ဓိ၊ ဗာလ၊ အပကတတ္တာ။[2]

[နေ ဝေါဟာရိတဗ္ဗံသည် နကိဋ္ဌိ ဝတ္တာဗ္ဗံ၊ တစ်စုံတစ်ခုကို မပြောအပ်၊ ပြောဆိုလျှင် ထိုသို့သောသူ၏စကားကို နားထောင်အပ်၏ဟု မထင်ကြကုန်။ တစ်စုံတစ်ခု အကြီးအကဲမခန့်အပ်ဟူသည် ယပ်ကို စွဲကိုင်ခြင်း အစရှိသော ဇေဋ္ဌကဌာန တစ်ခုခုဌာ်မထားအပ်။ ခွင့်တောင်းလျှင် ခွင့်မပြုအပ်ဟူသည်- "အရှင်ဘုရား ခွင့်ပြုပါ အရှင့်ကို စကားဆိုလိုပါသည်" ဟု ခွင့်တောင်းလျှင် "သင် ဘာကိုမျှပြုတတ်သူ မဟုတ်" ဟုဆိုအပ်၏။ ခွင့်မပြုအပ်။ ဆိုဘွယ်ရှိသည်ဟု ဆိုသော် လည်း ထိုစကားကို မယူအပ်၊ နားမျှပင်မထောင်အပ်၊ အကြင် ဝိနည်းဓိုရ်ထံခေါ်၍ သွားလိုအံ့၊ ထိုဝိနည်း ဓိုရ်ထံသို့ မလိုက်အပ်ဟူလို။

သုံးယောက်အား မမေးအပ်ဟူသည် ထိုသုံးယောက်အား သိသမျှ ဝိနည်းကို မမေးအပ်။ မေးခွင့်မပြုအပ် ဟူသည် ဤအမှုအပ်ပါသလောဟု မေးခွင့်မပေးအပ်။ "သူတပါးကိုမေးလော" ဟု ဆိုအပ်၏။ ထိုသုံးယောက်ကိုမမေးအပ်၊ ထိုသုံးယောက်၏အမေးကို နားမထောင်အပ်ဟူလို။ မဆွေးနွေးအပ်ဟူသည် ဝိနည်းသဘောမဆွေးနွေးအပ်၊ အပ်မအပ် စကားမနှီးနှောအပ်။]

(**ဓီဋ္ဌိ**။ ။ ဒုကဋ္ဌ ဗာလအား နိဿယည်းပေးအပ်၏ လာသည်၊ ဤ တိကဋ္ဌ မပေးအပ်ဟုဆိုသည်၊ အာပတ်များခြင်းကို ရည်၍မပေးအပ်။) (လဒ္ဓိဗာလအား ပေးအပ်၏။)

သာဋ္ဌိ။ ။ ထိုစကားကို မယူအပ်ဟူသည် " ဤကျောင်းမှ တခြားသို့မသွားပါနှင့်၊ ဝိနည်းဓိရ်ထံ အဆုံးအဖြတ်ပေးရန်လာပါ" ဟု ဆိုသောစကားကို မယူအပ်။

ဝိဋ္ဌိ။ ။ ယပ်ကိုစွဲကိုင်ခြင်း စသော ဇေဋ္ဌကဌာနသည် ဆန်းကြယ်သောယပ်ကိုကိုင်စေ၍ အနုမောဒနာပြုရာ ဌာနစသည်ဖြစ်၏။)

တိက ၁၆။ ။ ဥပသ်သုံးမျိုး– စာတုဒ္ဒသီ၊ ပန္နရသီ၊ သာမဂ္ဂီ။ ထို့ပြင် ဥပသ်သုံမျိုး– သံဃဥပသ်၊ ဂဏဥပသ်၊ ပုဂ္ဂလဥပသ်။ ထို့ပြင်သုံးမျိုး– သုတ္တုဒ္ဒေသ၊ ပါရိသုဒ္ဓိ၊ အဓိဋ္ဌာန်။ ပဝါရဏာသုံးမျိုး– စာတုဒ္ဒသီ၊ ပန္နရသီ၊ သာမဂ္ဂီ။ ထို့ပြင်သုံးမျိုး – သံဃပဝါရဏာ၊ ဂဏပဝါရဏာ၊ ပုဂ္ဂလပဝါရဏာ။ ၁ ထို့ပြင်သုံးမျိုး– တေဝါစိကာ၊ ဒွေဝါစိကာ၊ သမာနဝဿိကာ။ အယူမစွန့်လျှင် အပါယ်ငရဲရောက်ထိုက်သူသုံးယောက်– မမြတ်သောအကျင့်ကို ကျင့်လျက် မြတ်သောအကျင့်ရှိသည်ဟုဝန်ခံသူ၊ မစင်ကြယ်သောအကျင့်ကိုကျင့်လျက် အကျင့်စင်ကြယ်သူကို အမှုလကအဓိပ္ပာယ်စရိယဖြင့်စွပ်စွဲသူ၊ ကာမတို့၌ အပြစ်မရှိဟူသောအယူဖြင့် ကာမဂုဏ်ခံစားသူ။ အကုသိုလ်မူလသုံးပါး– လောဘ၊ ဒေါသ၊ မောဟ။ ကုသိုလ်မူလသုံးပါး– အလောဘ၊ အဒေါသ၊ အမောဟ။ ဒုစရိုက် သုံးပါး– ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်။ ၁ သုစရိုက်သုံးပါး – ကာယသုစရိုက်၊ ဝစီသုစရိုက်၊ မနောသုစရိုက်။ သုံးပါးသော အကျိုးထူးတို့ကို စွဲ၍ မြတ်စွာဘုရားသည် ဒါယကာတို့၌ တိက ဘောဇဉ်ကို ခွင့်ပြု၏။ တိကဘောဇဉ်ခွင့်ပြုကြောင်းသုံးပါး – အလဒ္ဓီတို့ကို နှိမ်နင်းခြင်းငှာ၊ ယုတ်မာသူတို့သည် အပင်းအသင်းကိုမှီ၍ သံဃာကိုမခွဲကြစေလင့်ဟု, လဒ္ဓီပေသလတို့၏ ချမ်းသာစွာနေရခြင်းငှာ၊ ဒါယကာတို့၏ ကြည်ညိုခြင်းကို

စောင့်ရှောက်ခြင်းငှာ။ သုံးပါးသော မသူတော်တရား နှိပ်စက်ခြင်းကြောင့် ဒေဝဒတ် အပါယ်ငရဲကျ – ကပ်လုံးတည်– ကုစားမရဖြစ်၏။ (၀၊) ဒေဝဒတ်၏ အပါယ်ရောက်ကြောင်းသုံးပါး – (ပါပိစ္ဆတာ) အလိုဆိုးရှိခြင်း၊ (ပါပမိတ္တတာ) ယုတ်မာသော မိတ်ဆွေရှိခြင်း၊ (အန္တရာဝေါသာန) စျာန် အဘိညာတရားထူး အနည်းငယ်ရခြင်းဖြင့် အကြားဌ အပြီးသို့ရောက်ခြင်း။ သမ္မုတိသုံးပါး– (ဒဏ္ဍာ) တောင်ဝှေး သမ္မုတိ၊ (သိက္ခာ) ဆိုင်းသမ္မုတိ၊ တောင်ဝှေး, ဆိုင်း သမ္မုတိ။ မရွှေ့ပြောင်းအပ်သော နေရာမြဲသော ခြေနင်း သုံးမျိုး– (ဝစ္ဆပါဒုကာ) ကျင်ကြီး အိမ်ခြေနင်း၊ (ပဿာဝပါဒုကာ) ကျင်ငယ်အိမ် ခြေနင်း၊ (အာစမနပါဒုကာ) သန့်သက် အိမ်ခြေနင်း။ (ပါဒဃံသနီ) ခြေပွတ်သုံးမျိုး– (သက္ခရာ) ကျောက်စစ်၊ (ကထလာ) အိုးခြမ်း၊ (သမုဒ္ဒဖေဏက) ပင်လယ် ရေမြှုပ်ကျောက်။ [6]

[အယူမစွန့်လျှင်ဟူသည် မြတ်သောအကျင့်ရှိသည်ဟု ဝန်ခံခြင်း စသော အယူကိုမစွန့်လျှင်တည်း။ အကျင့်စင်ကြယ်သူသည် ခီဏာသဝ ဘိက္ခု– ရဟန္တာဖြစ်၏။ ကာမဂုဏ်ခံစားသူ၏ ခံစားခြင်း– ပါတဗျတာသည် ပါတဗျတာ ပဋိသေဝန ဖြစ်၏။ (ပဋိသေဝနကို ပါတဗျာတာလည်း ခေါ်သည်၊ ပိ၀တီတိ ပါတဗျော– ကာမဂုဏ် အရသာကို သောက်စို့သူ၊ ပါတဗျသတာ ဝေါ ပါတဗျတာ– သောက်စို့ခြင်း။ ပဋိသေဝန ˚– မှီ၀ဲခြင်း၊ ခံစားခြင်းဟူလို)။ အယူမစွန့်သူ သုံးယောက်သည် မြတ်သောအကျင့် ရှိသည်ဟု ဝန်ခံခြင်းကို စွန့်သော်လည်းကောင်း၊ ရဟန္တာကို မုသာ ဆိုမိပါသည်၊ သည်းခံတော်မူပါ ကုန်ဟု ကန်တော့၍သော်လည်းကောင်း ကာမတို့၌အပြစ်မရှိဟူသော အယူကို စွန့်၍သော်လည်းကောင်း၊ ဂတိ၏ သုတ်သင်ခြင်းကိုပြုရာ၏။ အကုသိုလ်မူလသည် အကုသိုလ်လည်း ဟုတ်၏၊ မူလလည်းဟုတ်၏။ တစ်နည်း– အကုသိုလ်တို့၏ အမြစ်မူလ ဖြစ်၏။ ကုသိုလ်မူလလည်း ထို့အတူတည်း။ ဒုစရိုက်၌ ဒုသည် ဒုဋ္ဌ၊ ဝိရုပအနက်ရှိ၏။ မကောင်းသောအကျင့် ဖောက်ပြန်သောအကျင့်ဟူလို။ သုစရိုက်၌ သုသည် သုဋ္ဌ၊ သုန္ဒရ အနက်ရှိ၏။ ကောင်းသောအကျင့် တင့်တယ်သောအကျင့်

ဟူလို။ ကရိုဏ်းဖြစ်သော ကာယဖြင့်ပြုသော ဒုစရိုက်သည် ကာယ ဒုစရိုက်မည်၏။ အကြွင်း နည်းတူ။]

(**ဓီဋ္ဌိ**။ ။ တိုကဘောဧဉ်မည်သည် သုံးပါးအတူတကွ ဖြစ်၍ စားကြလျှင် ဂဏဘောဧနဖြင့် အနာပတ္တိ၊ ဤကိုရည်သည်။

သာဋ္ဌိ။ ။ ကာယဒွါရ၌ပညတ်သော သိက္ခာပုဒ်ကို လွန်ကျူးလျှင် ကာယဒုစရိုက်၊ မလွန်ကျူးလျှင် ကာယ သုစရိုက်၊ ဝစီ၌ တူပြီ။ ဒွါရနှစ်ခု၌ပညတ်သောသိက္ခာပုဒ်ကို လွန်ကျူးခြင်းသည် မနောဒုစရိုက်မည်၏။ မနောဒွါရ၌ပညတ်သော် သိက္ခာပုဒ် မရှိခြင်းကြောင့်တည်း။ ထိုမနောဒုစရိုက်ကို အကိရိယသမုဋ္ဌာန် အာပတ်စွမ်းဖြင့် သိအပ်၏။ မလွန်ကျူးလျှင် မနောသုစရိုက်မည်၏။ ဤကား ပဏ္ဏတ္တိကထာတည်း။ ပါဏာတိပါတ စသော စေတနာသုံးခုသည် ကာယဒွါရ၌ဖြစ်သောကြောင့် ကာယ ဒုစရိုက်မည်၏။ ဝစီဒွါရ၌ဖြစ်သော် လည်း ယေဘုယျနည်း၊ တဗ္ဗဟုလနည်းဖြင့် အမည်ဟောင်းကို မစွန့်၊ မုသာဝါဒစသော စေတနာလေးခုသည် ကာယဒွါရ၌ ဖြစ်သော်လည်း ဝစီဒုစရိုက်သာ မည်၏။ အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိတို့သည် မနောက်ဖြစ်သော စေတနာနှင့်ယှဉ်သော ကြောင့် မနောဒုစရိုက်မည်၏။ ကာယက် ဝစီက် စေတနာနှင့်ယှဉ်သော အဘိဇ္ဈာတို့ကား ထိုထို ယှဉ်သောက်၏ အသင်းဝင်ဖြစ်ကုန်၏။ (၀၊) အဗ္ဘောဟာရိက – မပြောဆိုလောက်ဖြစ် ကုန်၏။ ပါဏာတိပါတ စသည်မှ ရှောင်ကြဉ်သူ၏ စေတနာသုံးခုသည် လည်းကောင်း၊ ရှောင်ခြင်းဝိရတိတို့သည် လည်းကောင်း၊ ကာယ သုစရိုက်မည်၏။ ကိုယ်ဖြင့် သိက္ခာပုဒ်ဆောက်တည်သောအခါ သီလသည် ကာယသုစရိုက် ဖြစ်ခြင်း

ဌ် ဆိုဘွယ်မရှိ။ ကာယသုစရိုက် ဖြစ်ခြင်းထင်ရှား၏။ မုသာဝါဒ စသည်မှ ရှောင်ကြဉ်သောသူ၏ စေတနာလေးခု သည်လည်းကောင်း၊ ဝိရတိတို့သည်လည်းကောင်း၊ ဝစီသုစရိုက် မည်၏။ အနဘိဇ္ဈာ , အဗျာ ပါဒ , သမ္မာဒိဋ္ဌိ သုံးပါးတို့သည် မနောက် စေတနာနှင့်ယှဉ်သောကြောင့် မနောသုစရိုက်မည်၏။ ဤကား ကမ္မပထကထာတည်း။)

၄- စတုက္ကနိ -၇၁

၃၂၄။ **စတုက္ကနိ ၆။** ။ မိမိစကားဖြင့်ရောက်၍ သူတပါးစကားဖြင့် ထသောအာပတ်၊ သူတပါးစကားဖြင့် ရောက်၍ မိမိစကားဖြင့် ထသောအာပတ်၊ မိမိစကားဖြင့်ရောက်၍ မိမိစကားဖြင့်ထသောအာပတ်၊ သူတပါး စကားဖြင့်ရောက်၍ သူတပါးစကားဖြင့် ထသောအာပတ်။ ကိုယ်ဖြင့် ရောက်၍ နှုတ်ဖြင့်ထသောအာပတ်၊ နှုတ်ဖြင့် ရောက်၍ ကိုယ်ဖြင့်ထသောအာပတ်၊ ကိုယ်ဖြင့် ရောက်၍ ကိုယ်ဖြင့်ထသော အာပတ်၊ နှုတ်ဖြင့်ရောက်၍ နှုတ်ဖြင့် ထသောအာပတ်။ အိပ်ခိုက်ရောက်၍ နိုးခိုက်ထသောအာပတ်၊ နိုးခိုက်ရောက်၍ အိပ်ခိုက်ထသော အာပတ်၊ အိပ်ခိုက်ရောက်၍ အိပ်ခိုက်ထသောအာပတ်၊ နိုးခိုက်ရောက်၍ နိုးခိုက် ထသောအာပတ်။ အစိတ္တကဖြင့်ရောက်၍ သစိတ္တကဖြင့်ထသောအာပတ်၊ သစိတ္တကဖြင့်ရောက်၍ အစိတ္တကဖြင့်ထသောအာပတ်၊ အစိတ္တကဖြင့်ရောက်၍ ၎စိတ္တကဖြင့်ထသောအာပတ်၊ သစိတ္တကဖြင့်ရောက်၍ သစိတ္တကဖြင့်ထသော အာပတ်။ အာပတ်တစ်ခုသို့ရောက်လျက် တစ်ခုကိုကြား၏ [1]။ တစ်ခုကြားလျက် တစ်ခုသို့ရောက်၏ [2]။ တစ်ခုသို့ရောက်လျက် တစ်ခုမှထ၏ [3]။ တစ်ခုမှထလျက် တစ်ခုသို့ရောက်၏ [4]။ ကမ္မဖြင့်ရောက်၍ အကမ္မဖြင့်ထသောအာပတ်၊ အကမ္မဖြင့် ရောက်၍ ကမ္မဖြင့်ထသောအာပတ်၊ ကမ္မဖြင့်ရောက်၍ ကမ္မဖြင့်ထသောအာပတ်၊ အကမ္မဖြင့်ရောက်၍ အကမ္မဖြင့် ထသောအာပတ်။ [6]

[ပဒသောဓမ္မပို့ချ၍ တိဏဝတ္ထာရကသမထပြုရာသို့သွားသော သူသည် မိမိစကားဖြင့် အာပတ်သို့ရောက်၏။ သူတပါး၏ကမ္မဝါစာစကားဖြင့် အာပတ်မှထ၏၊ ယုတ်မာသောအယူကို မစွန့်လျှင် သူတပါး၏ ကမ္မဝါစာစကားဖြင့် အာပတ်သို့ရောက်၏။ တပါးပါးထံ ဒေသနာကြားလျှင် မိမိစကားဖြင့်ထ၏။ ပဒသောဓမ္မပို့ချ၍ ဒေသနာကြားလျှင် မိမိစကားဖြင့်ရောက်၏။ မိမိစကားဖြင့်ထ၏။ ယာဝတတိယကသံဃာဒိသေသ်ကို ဝတ်စောင့်၍ အဇ္ဈန်သွင်းလျှင် သူတပါးစကားဖြင့် ရောက်၏။ သူတပါးစကားဖြင့်ထ၏။ ကာယဒ္ဓါရိကအာပတ်သို့ရောက်၍ ဒေသနာကြားအံ့ ကိုယ်ဖြင့်ရောက်၍ နှုတ်ဖြင့်ထ၏။

ဝစီဒ္ဓါရိကအာပတ်သို့ ရောက်၍ တိဏဝတ္ထာရကသို့သွားအံ့ နှုတ်ရောက်–ကိုယ်ထ၊ ကာယဒ္ဓါရိက အာပတ်သို့ရောက်၍ တိဏဝတ္ထာရကသို့သွားအံ့ ကိုယ်ရောက်– ကိုယ်ထ၊ ဝစီဒ္ဓါရိကအာပတ်သို့ရောက်၍ ဒေသနာကြားအံ့ နှုတ်ရောက်–နှုတ်ထ။ သံဃိကညောင်စောင်းကို မိမိ၏အခင်းမခင်းဘဲ အိပ်အံ့ ကိုယ်ထိရာ၌ အမွှေးအရေအတွက် အာပတ်သို့ရောက်၏။ ထိုအာပတ်မျိုး သဟသေယျ အာပတ်မျိုးတို့သို့ အိပ်ခိုက် ရောက်၏၊ နိုး၍ သိ၍ ဒေသနာကြားအံ့ နိုးခိုက် ထ၏၊ နိုးခိုက် အာပတ် တစ်ခုသို့ရောက်၍ တိဏဝတ္ထာရကကံပြုရာ၌ သွား၍အိပ်နေအံ့ နိုးရောက် အိပ်ထ၊ နောက်နှစ်ပုဒ်ကို နည်းယူ၍ သိအပ်၏။

အစိတ္တကအာပတ်သို့ရောက်၍ ဒေသနာကြားလျှင် အစိတ္တက ရောက် သစိတ္တကထ၏။ သစိတ္တကအာပတ်သို့ရောက်၍ တိဏထံ၌ သွား၍ အိပ်နေလျှင် သစိတ္တကရောက်– အစိတ္တကထ၏။ အကြွင်းကို နည်းယူ၍ သိအပ်၏။

ရဟန်းနှစ်ပါးတို့သည် ဝိကာလဘောဇနလွန်ကျူး၍ ဝတ္ထုတ္ထု သဘာဝပါစိတ်သို့ရောက်၍ ထို့နောက်အချင်းချင်း ဒေသနာကြားသော အခါ ထိုသဘာဝပါစိတ်ကိုကြားနေစဉ်အခိုက်တွင် အသစ်ဒုက္ကဋ် တစ်ခု

သို့ရောက်လျက် အဟောင်းပါစိတ်ကိုကြားခြင်းလည်းဖြစ် [1]၊ အဟောင်းပါစိတ်ကြားလျက် အသစ်ဒုက္ခဋ္ဌသို့ရောက်ခြင်းလည်းဖြစ်၏ [2]၊ အသစ်ဒုက္ခဋ္ဌသို့ရောက်လျက် အဟောင်းပါစိတ်မှတခြင်းလည်း ဖြစ်၏ [3]၊ အဟောင်း ပါစိတ်မှထလျှက် အသစ်ဒုက္ခဋ္ဌသို့ရောက်ခြင်းလည်း ဖြစ်၏ [4]။ ဤသို့ ပုဂ္ဂိုလ်တစ်ယောက်တည်း၏ ကစ်ကြိမ်တည်း ပယောဂ ကိုရည်၍ ဤစတုက္ကကိုဟောသည်။

ယုတ်မာသောအယူကိုမစွန့်ခြင်းကြောင့် ပါစိတ်သို့ ကမ္မဖြင့် ရောက်၏၊ ဒေသနာကြားလျှင် **အကမ္မဖြင့်ထ**၏။ သုက္ကဝိဿဋ္ဌအာပတ် သို့ရောက်၍ ဝဋ္ဌာနဂါမ်ပြုလျှင် အကမ္မဖြင့်ရောက်- ကမ္မဖြင့်ထ၏။ သမနုဘာသန သံဃာဒိသေသ်ကား ကမ္မဖြင့်ရောက်- ကမ္မဖြင့် ထ၏။ အကြွင်းသည် အကမ္မဖြင့်ရောက်- အကမ္မဖြင့်ထ၏။]

(**ဓိဋ္ဌိ**။ ။ (သဟသေယျမျိုးတို့သို့) အိပ်ခိုက်ဟူသော စကားကို အများအားဖြင့်ဆိုသည်၊ တစ်နည်း လျှောင်းခိုက်ဟု အနက်ယူအပ်၏။)

စတုက္ကဒု။ ။ အနရိယ ဝေါဟာရ လေးပါး- မမြင်ဘဲ မြင်၏ ဆိုခြင်း၊မကြားဘဲ ကြား၏ဆိုခြင်း၊ မထိဘဲ ထိ၏ဆိုခြင်း၊ မသိဘဲ သိ၏ဆိုခြင်း။ အရိယဝေါဟာရလေးပါး- မမြင်၌ မမြင် ဆိုခြင်း၊ မကြား၌ မကြားဆိုခြင်း၊ မထိ၌ မထိဆိုခြင်း၊ မသိ၌ မသိဆိုခြင်း။ ထို့ပြင် အနရိယ ဝေါဟာရလေးပါး- အမြင်၌ မမြင်ဆိုခြင်း၊ အကြား၌ မကြား ဆိုခြင်း၊ အထိ၌ မထိဆိုခြင်း၊ အသိ၌ မသိဆိုခြင်း။ ထို့ပြင် အရိယဝေါဟာရ လေးပါး- အမြင်၌ အမြင်ဆိုခြင်း၊ အကြား၌ အကြားဆိုခြင်း၊ အထိ၌ အထိဆိုခြင်း၊ အသိ၌ အသိဆိုခြင်း။ ဘိက္ခုပါရာဇိကလေးပါးသည် ဘိက္ခုနီတို့ နှင့် ဆက်ဆံ၏။ [1]

ဘိက္ခုနီပါရာဇိက လေးပါးသည် ဘိက္ခုတို့နှင့် မဆက်ဆံ။ ပရိက္ခရာ လေးမျိုး- စောင့်ရှောက်လုံစေအပ်၊ မြတ်နိုးအပ်၊ သုံးဆောင်အပ်သော ပရိက္ခရာ

(မိမိ)။ စောင့်ရှောက်လုံ့စေအပ်၊ မြတ်နိုးအပ်၊ မသုံးဆောင်အပ်သော ပရိကွာရာ(သံဃိက)။ စောင့်ရှောက်လုံ့စေအပ်၊ မမြတ်နိုးအပ်၊ မသုံးဆောင်အပ်သောပရိကွာရာ (စေတိယ)။ မစောင့်ရှောက်မလုံ့စေအပ်၊ မမြတ်နိုးအပ်၊ မသုံးဆောင်အပ်သော ပရိကွာရာ(ဂိဟီ)။ မျက်မှောက်ရောက်၍ မျက်ကွယ်ဝင်သောအာပတ်၊ မျက်ကွယ်ရောက်၍ မျက်မှောက်ထသော အာပတ်၊ မျက်မှောက်ရောက်၍ မျက်မှောက်ထသော အာပတ်၊ မျက်ကွယ်ရောက်၍ မျက်ကွယ်ထသော အာပတ်။ မသိခိုက်ရောက်၍ သိခိုက်ထသော အာပတ်၊ သိခိုက်ရောက်၍ မသိခိုက်ထသော အာပတ်၊ မသိခိုက်ရောက်၍ မသိခိုက်ထသော အာပတ်၊ သိခိုက်ရောက်၍ သိခိုက်ထသော အာပတ်။ ၄

[ပရိကွာရာ စတုက္ကဋ္ဌ ပဌမသည် မိမိပရိကွာရာဖြစ်၏၊ ဒုတိယသည် သံဃိကဖြစ်၏ မသုံးဆောင်အပ်၊ တတိယသည် စေတိယသန္တကဖြစ်၏။ စောင့်ရှောက်ရုံ စောင့်ရှောက်အပ်၏။ စတုက္ကသည် လူတို့၏ ပရိကွာရာဖြစ်၏။ စောင့်ရှောက်ခြင်းမျှပင်မပြုအပ်၊ ထိုလူ၏ ပရိကွာရာကို သပိတ် သင်္ကန်း နဝကမ္မ ဆေး စသည်အလို့ငှာ ဆောင်ယူလာသည်ဖြစ်အံ့ သံကောက်ကို ပေးခြင်းငှာလည်းကောင်း၊ အတွင်းဌ်ထားစေခြင်းငှာလည်းကောင်း အပ်၏။

မျက်မှောက်စတုက္ကဋ္ဌ ယုတ်မာသောအယူမစွန့်သော ပါစိတ်သို့ သံဃာ့မျက်မှောက်ရောက်၏၊ ဒေသနာကြားသောအခါ သံဃာ့မျက်ကွယ်ထ၏။ ဝိဿဇ္ဇီစသည်ကား သံဃာ့မျက်ကွယ်ရောက်–မျက်မှောက်ထ၏။ သမနုဘာသနသံဃာဒိသေသ်ကား သံဃာ့မျက်မှောက်ရောက်–မျက်မှောက်ထ၏။ သမ္ဘဝနံမုသာဝါဒစသည်ကား သံဃာ့မျက်ကွယ်ရောက် – မျက်ကွယ်ထ၏။ မသိခိုက်စတုက္ကကသည် အစိတ္တကစတုက္ကနှင့်ဝဋ္ဋ၏။]

(**သာဓု**။ ။ အရိယာမဟုတ်သော လာမက ပုဂ္ဂိုလ်တို့၏စကားသည် အနရိယဝေါဟာရမည်၏။ အရိယာ

သပ္ပုရိသတို့၏ စကားသည် အရိယဝေါဟာရမည်၏။ ဒိဋ္ဌမယာတိ ဗေဝါဒိတာ - ဒိဋ္ဌဝါဒိတာ - ဖြင့်သည်ဟုဆိုခြင်း စကားရ၏။ ဤ၌ ထိုတိုစကားကိုဖြစ်စေသောဓာတုနာဒွမ်းဖြင့် အနက်ကို သိအပ်၏။

ဝိဋ္ဌိ - သံကောက်ကိုပေးခြင်းဂါဟာသည် ကိုက်ခန်းကို ဖွင့်၍ အတွင်း၌ ပရိကၠရာထားခြင်းငါ ဖွင့်စရာသော့ကို ပေးခြင်း ဖြစ်၏။ သံဃာအလို့ငါ ဆောင်လာသောပရိက္ခရာကို ကိုယ်တိုင်သော်လည်း အတွင်း၌သိမ်းဆည်းခြင်းငါ အပ်၏။ ထို့ကြောင့် အတွင်း၌ကားစေခြင်းငါ - ဟုဆိုသည်။)

စတုက္ကေ ၆ ။ ။ အာပတ်သို့ရောက်ကြောင်းလေးပါး - ကိယကြောင့်၊ ဝါစာကြောင့် ၊ ကိယဝါစာကြောင့်၊ ကမ္မဝါစာကြောင့်၊ ထို့ပြင်လေးပါး- သံဃာ့အလယ်၊ ဂဏအလယ်၊ ပုဂ္ဂလထံ၊ လိုင်ပြန်ခြင်းကြောင့်။ အာပတ်မှထကြောင်းလေးပါး - ကိယ၊ ဝါစာ၊ ကိယ ဝါစာ၊ ကမ္မဝါစာ ကြောင့်။ ထို့ပြင်လေးပါး- သံဃာ့အလယ်၊ ဂဏ အလယ်၊ ပုဂ္ဂလထံ၊ လိုင်ပြန်ခြင်းကြောင့်။ လိုင်သစ်ရသည်နှင့်တကွ ထိုရဟန်းအား ပုရိမလိုင်ကိုစွန့်၏။ ပစ္ဆိမထိုလိုင်၌ တည်၏။ ဝိညတ်ကိုငြိမ်းကုန်၏။ ပညတ်ဇာ့လည်း ချုပ်ကုန်၏။ လိုင်သစ်ရသည်နှင့်တကွ ထိုဘိက္ခုနီအား ပစ္ဆိမလိုင်ကိုစွန့်၏။ ပုရိမလိုင်၌တည်၏။ ဝိညတ်တို့ငြိမ်းကုန်၏။ ပညတ်တို့လည်း ချုပ်ကုန်၏။ [6]

[6] လိုင်ပြန်ခြင်းကြောင့် အာပတ်သင့်ခြင်းကား ဘိက္ခု ဖြစ်စေ၊ ဘိက္ခုနီဖြစ်စေ အပေါင်းအဖော်တို့နှင့် ပဋိဗိုးပဋိရံကည်း အိပ်ပျော်စဉ် လိုင်ပြန်အံ့ သဟသေယ္ယ ပါစိတ်သင့်၏။ ထပ်ကား - အသာဓာရဏအာပတ်တို့သည် လိုင်ပြန်ခြင်းကြောင့် အနာပတ္တိဖြစ်ကုန်၏။ ။ ရသည်နှင့်တကွဟူသော စတုက္ကဋ္ဌ ပုရိမလိုင်သည် ပုရိသလိင်ဖြစ်၏။ ပဌမဖြစ်သောကြောင့်လည်းကောင်း၊ သေဋ္ဌဘာဝကြောင့် လည်းကောင်း ပုရိမမည်၏။ ဘိက္ခုအား လိုင်ပြန်သောအခါ ပုရိသ

လိုင်ကိုစွန့်၏။ ပစ္ဆိမ မည်သော ဣတ္ထိလိုင်၌တည်၏။ ပုရိသကုတ္တ - ယောကျ်ားအပြုအမူ၊ ပုရိသာကာရ - ယောကျ်ားအခြင်းအရာစသည် စွမ်းဖြင့်ဖြစ်သော ကာယဝိညတ်၊ ဝစီဝိညတ်တို့သည် ငြိမ်းကုန်၏။ ဘိက္ခု၊ ပုရိသဟူသော အမည်ပညတ်တို့သည် ချုပ်ကုန်၏။ ဘိက္ခုနီတို့နှင့် မဆက်ဆံသော ၄ဖ-ခုသော ဘိက္ခာပုဒ်တို့ဖြင့် အနာပတ္တိသာဖြစ်၏။ ။ ဒုတိယစတုက္ကဋ္ဌ ဣတ္ထိလိင်သည် နောက်၌ ဖြစ်ခြင်းကြောင့် လည်း ကောင်း၊ တိနဘာဝကြောင့်လည်းကောင်း ပစ္ဆိမ မည်၏။ ဘိက္ခုနီ လိင်ပြန်သောအခါ ပစ္ဆိမ မည်သော ဣတ္ထိလိင်ကို စွန့်၏။ ပုရိမမည်သော ပုရိသလိင်၌ တည်၏။ ဣတ္ထိကုတ္တ၊ ဣတ္ထိအာကာရ စသည်စွမ်းဖြင့်ဖြစ်သော ဝိညတ်တို့သည် ငြိမ်းကုန်၏။ ဘိက္ခုနီ၊ ဣတ္ထိ - ဟူသော အမည်ပညတ်တို့လည်း ချုပ်ကုန်၏။ ဘိက္ခု တို့နှင့် မဆက်ဆံသော ၁၃၀ သောသိက္ခာပုဒ်တို့ဖြင့် အနာပတ္တိသာ ဖြစ်၏။]

(ဌီတို့၌ - ပဌမကပ္ပိက - အာဒိကပ္ပိကဟူသော ကမ္ဘာဦးတို့၌ ရှေးဦးစွာ ပုရိသလိင်ဖြစ်၏။ ထို့ကြောင့် ပဌမဖြစ်သောကြောင့်လည်းကောင်းဟု ဆိုသည်။)

(သမထချန်၍ ဘိက္ခုပါတိမောက်သိက္ခာပုဒ် ၂၂၀ တို့တွင် ၄ဖ - သည် ဘိက္ခုနီတို့နှင့် မဆက်ဆံ၊ ဘိက္ခုနီပါတိမောက် ၃၈၄ တို့တွင် ၁၃၀ သည် ဘိက္ခု တို့နှင့် မဆက်ဆံ ၊ ၁၇၄ - သာဆက်ဆံ၏။ သမထ ၇ - ပါးလည်းဆက်ဆံ၏။ ဆက်ဆံ ၁၈ ။ ဆက်ဆံ ၁၇ဖ = ပေါင်း ၃၅၇။)

ယဟိဉ္စ ဘ၅ - ခု။ ။ စောဒနာလေးမျိုး - သီလဝိပတ္တိဖြင့် စောဒနာ ၏။ အာစာရဝိပတ္တိဖြင့် --။ ဒိဋ္ဌိဝိပတ္တိဖြင့် --။ အာဇီဝဝိပတ္တိဖြင့် စောဒနာ၏။ ပရိဝါသ်လေးမျိုး - ပဋိစ္ဆန္နပရိဝါသ်၊ အပဋိစ္ဆန္နပရိဝါသ်၊ သုဒ္ဓန္တပရိဝါသ်၊ သမော ဓာနပရိဝါသ်။။ မာနတ်လေးမျိုး - ပဋိစ္ဆန္နမာနတ်၊ အပဋိစ္ဆန္နမာနတ်၊ ပက္ခမာနတ်၊ သမောဓာနမာနတ်။ ။ မာနတ် ညဉ့်ပျက်ကြောင်းလေးပါး - သဟဝါသ - တမိုးတည်းအိပ်ခြင်း ဝိပ္ပဝါသ -

ပတတတ်နှင့် အရုဏ်ကင်းခြင်း၊ အနာရောစနာ- မာနတ်မကြားခြင်း၊ ဥိနေဂဏ္ဍောစရတိ - လေးပါးအောက်ယုတ်သောဂဏ္ဍာ၌ မာနတ်ကျင့်ခြင်း၊ ဝါ - ကြားခြင်း။ ။ သာမုက္ကံသဟူသော - မဟာပဒေသလေးပါး ၁။ ပဋိဂ္ဂဟိတ ပရိဘောဂ - အကပ်ခံ၍ မျိုအပ်သောပရိဘောဂလေးပါး - ယာဝတာလိက - မွန်းတည့်ကာလတွင်း မျိုအပ်သောအစာ၊ ယာမကာလိက - ပစ္ဆိမယာမအတွင်း မျိုအပ်သောအစာ၊ သတ္တာဟကာလိယ - ခုနစ်ရက်အတွင်း မျိုအပ်သောအစာ၊ ယာဝဇီဝိက - တသက်လုံးမျိုအပ်သောအစာ။ ။ မဟာဝိကဋ - ဆေးကြီးလေးမျိုး - ဂုတ - ကျင်ကြီး၊ မုတ္တ - ကျင်ငယ်၊ ဆာရိကာ - ပြာ ၊ မတ္တိကာ - မြေကြီး။ ။ ကဲလေးပါး - အပလောဂနကဲ၊ ဥတ္တိတဲ၊ ဥတ္တိ ဒုတိယကဲ၊ ဥတ္တိစတုတ္ထကဲ ။ ။ ထိုပြင်လေးပါး - အဓမ္မဝဂ္ဂကဲ၊ အဓမ္မသမဂ္ဂကဲ၊ ဓမ္မဝဂ္ဂကဲ၊ ဓမ္မသမဂ္ဂကဲ။ ။ ဝိပတ္တိလေးပါး - သီလဝိပတ္တိ၊ အာစာရဝိပတ္တိ၊ ဒိဋ္ဌိဝိပတ္တိ၊ အာဇီဝဝိပတ္တိ ၁။ အဝိကရဏ်းလေးပါး - ဝိဂါဒါဓိကရဏ်း၊ အနုဝါဒါ ဓိကရဏ်း၊ အာပတ္တာဓိကရဏ်း၊ ကိစ္စာဓိကရဏ်း။ ။ ပရိသဒူသန- ပရိသတ်ဖျက်ဆီးသူ လေးယောက်- ဘိက္ခုဒုဿီလ၊ ဘိက္ခုနီဒုဿီလ၊ ဥပါသက ဒုဿီလ၊ ဥပါသိကာဒုဿီလ ။ ။ပရိသသောဘဏ- ပရိသတ်၌ တင့်တယ်သူ လေးယောက်-ဘိက္ခုသီလဝန္တ၊ ဘိက္ခုနီသီလဝန္တ၊ ဥပါသကသီလဝန္တ၊ ဥပါသိကာသီလဝန္တ ။ ။ အာဂန္တုသာ ရောက်သောအာပတ်၊ အာဝါသိကသာ ရောက်သော အာပတ်၊ အာဂန္တုအာဝါသိကနှစ်ဦးလုံးရောက်သောအာပတ်၊ နှစ်ဦးလုံး မရောက်သောအာပတ်။ ။ ဂမိကသာရောက်သောအာပတ်၊ အာဝါသိကသာ ရောက်သော အာပတ်၊ နှစ်ဦးလုံးရောက်သောအာပတ်၊ နှစ်ဦးလုံးမရောက်သော အာပတ်။ ၁

[သာမုက္ကံသဟူသည် မဟာပဒေသလေးပါးဟည်း၊ ဝတ္ထုကြောင်းအင်မရှိဘဲ ဘုရားရှင်ကိုယ်တော်တိုင် ချီးမြှောက်၍ ဟောကြားထားသောကြောင့် သာမုက္ကံသတို့မည်ကုန်၏။ သယံ+ဥက္ကံသိကွာ- ဥက္ကိုပိတွာ+ ဆပိယန္တေ။ ။ ပဋိဂ္ဂဟိတ ပရိဘောဂသည် အစ္ဆောဟာရဏီယ ပရိဘောဂတို့ဖြစ်ကုန်၏။ ဥဒကသည် ကာလိက

လေးပါးမှ လွတ်၏။ ထို့ကြောင့် အကပ်မခံဘဲအပ်၏။ (မြို့ကင်းသော ရေကိုဆိုသည်။) ယာဝကာလိကစသည်တို့ကား အကပ်မခံလျှင် မျိုခြင်းငါမအပ်ကုန်။ မဟာဝိဂဢ ဆေးကြီးလေးမျိုးသည် ကာလောဒိဿ ဖြစ်၏။ မြွေကိုက်သောအခါတို့၌ အပ်ကုန်၏။ ။ ဥပါသက သီလဝန္တ ဟူသည် ငါးပါးသီလ၊ ဆယ်ပါးသီလကို လုံခြုံ စေသူဖြစ်၏။ ထီး၊ ဘိနပ်နှင့်တကွ ဦးခေါင်းခြုံလျက် ကျောင်းသို့ဝင်အံ့၊ ထိုကျောင်း၌သော်လည်း လှည့်လည်အံ့ အာဂန္တု သာလျှင် အာပတ်သို့ရောက်၏။ (နေစရာ အာဝါသ ရပြီးမှ အာဝါသိက ဖြစ်သည်၊ ထိုအခါမှစ၍ အာဂန္တုကဝတ်ကိုပြုဘွယ်မရှိ။) အာဝါသိက ဝတ်ကိုမပြုအံ့ – အာဝါသိကသည် အာပတ်သို့ရောက်၏။ ကြွင်းသော ကာယဝစီဒွါရိက အာပတ်သို့ နှစ်ဦးလုံး ရောက်နိုင်၏။ အသာဓာရဏ အာပတ်သို့ နှစ်ဦးလုံးမရောက်နိုင်။

ဂမိယဝတ်ကို မဖြည့်ကျင့်ဘဲသွားလျှင် ဂမိကအာပတ်၊ အာဝါသိကဝတ်ကိုမပြုလျှင် အာဝါသိကအာပတ်၊ အကြွင်းနှစ်ဦးလုံး အာပတ်၊ အသာဓာရဏ – နှစ်ဦးလုံးမရောက်သောအာပတ်။]

စတုက္ကနိ –၈ ။ ။ ဝတ္ထုသာထူး၍ အာပတ်မထူး၊ အာပတ်သာထူး၍ ဝတ္ထုမထူး၊ ဝတ္ထုလည်းထူး အာပတ်လည်းထူး၊ ဝတ္ထုလည်းမထူး အာပတ်လည်းမထူး။ ဝတ္ထုသာသဘောတူ၍ အာပတ် သဘောမတူ၊ အာပတ်သာ သဘောတူ၍ ဝတ္ထု သဘောမတူ၊ ဝတ္ထုလည်း သဘောတူ အာပတ်လည်းသဘောတူ၊ ဝတ္ထုလည်း သဘောမတူ အာပတ်လည်း သဘောမတူ။ ။ ဥပဇ္ဈာယ်သာရောက်သော အာပတ်၊ သဒ္ဓိဝိဟာရိကသာ ရောက်သောအာပတ်၊ နှစ်ဦးလုံးရောက်သောအာပတ်၊ နှစ်ဦးလုံးမရောက်သော အာပတ်။

အာစရိယသာရောက်သောအာပတ်၊ အန္တေဝါသိကသာရောက်သော အာပတ်၊ နှစ်ဦးလုံးရောက်သောအာပတ်၊ နှစ်ဦးလုံးမရောက်သောအာပတ်။ ။

လေးပါးသောအကြောင်းကြောင့် ဝါဖြတ်သူအား အနာပတ္တိ – သံဃာသည်ကွဲ၏။ သံဃာကိုခွဲလိုကုန်၏။ အသ‌ပ်အန္တရာယ်ဖြစ်၏။ သာသနာ အန္တရာယ်ဖြစ်၏။[1] ဝစီဒုစရိုက်လေးပါး – မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ။ ဝစီသုစရိုက်လေးပါး– သစ္စဝါစာ၊ အပိသုဏာဝါစာ၊ သဏှာဝါစာ၊ မန္တဘာသာ - ပညာဖြင့်ဆိုသော အသမ္ဖပ္ပလာပ။ ။ ယူသူဂရက အာပတ် – တိုက်တွန်းသူ လဟုကအာပတ်၊ ယူသူလဟုက– တိုက်တွန်းသူဂရက၊ ယူသူလည်း ဂရက – တိုက်တွန်းသူလည်း ဂရက၊ ယူသူလည်းလဟုက – တိုက်တွန်းသူလည်း လဟုက။ [2]

[ပါရာဇိကလေးပါးသည် ဝတ္ထုသာထူးသည် အာပတ်မထူး – ပါရာဇိကသာတည်း။ သံဃာဒိသေသ်စသည်တို့ဌ်လည်း ဤနည်းတည်း။ ဘိက္ခုနှင့် ဘိက္ခုနီအချင်းချင်း ကာယသံသဂ္ဂပြုအံ့ - ဘိက္ခုအား သံဃာ ဒိသေသ်၊ ဘိက္ခုနီအား ပါရာဇိက၊ အာပတ်သာထူး၍ ဝတ္ထုမထူး၊ လသုဏ– ကြက်သွန်စားရာ၌လည်း ဘိက္ခုနီအားပါစိတ်၊ ဘိက္ခုအား ဒုက္ကဋ်။ ဤနည်းတည်း။ ပါရာဇိကနှင့် သံဃာဒိသေသ်တို့သည် ဝတ္ထုလည်းထူး – အာပတ်လည်းထူး၏။ သံဃာဒိသေသ်နှင့် အနိယတ စသည်တို့အတူတည်း၊ အစပါရာဇိကလေးပါးတို့သို့ အတူရောက်လျှင် ဘိက္ခုအားလည်းကောင်း၊ ဘိက္ခုနီအားလည်းကောင်း ဝတ္ထုလည်းမထူး၊ အာပတ်လည်းမထူး၊ အသီးသီးရောက်သော်လည်း ကြွင်းသော သာဓာရဏာအာပတ်တို့ဌ်လည်း တူသည်သာတည်း။

ဘိက္ခုနှင့် ဘိက္ခုနီတို့၏ ကာယသံသဂ္ဂ၌ ဝတ္ထုသာ သဘောတူ၍ အာပတ်သဘောမတူ၊ ပါရာဇိကလေးပါး၌ အာပတ်သာ သဘောတူ၍ ဝတ္ထုသဘောမတူ၊ ဘိက္ခုနှင့် ဘိက္ခုနီတို့၏ (သာဓာရဏာ) ပါရာဇိကလေးပါး၌ ဝတ္ထုလည်းသဘောတူ၊ အာပတ်လည်းသဘောတူ၊ သာဓာရဏာအားလုံး၌ ထို့အတူတည်း၊ အသာဓာရဏာအာပတ်၌ ဝတ္ထုလည်း သဘောမတူ၊ အာပတ်လည်း သဘောမတူ။ ယခင်စတုက္ကဋ်

ပဌမပညာသည် ဤစတုက္ကဋ္ဌ ဒုတိယဖြစ်၏။ ယခင်ဌ ဒုတိယသည် ဤဌ်ပဌမဖြစ်၏၊ တတိယနှင့် စတုတ္ထတို့ဌ် အကြောင်းထူးမရှိ။ သဒ္ဓိဝိဟာရိကအား ပြုသင့်သောဝတ်မပြုလျှင် ဥပဇ္ဈာယ်သာ အာပတ်သို့ရောက်၏။ သဒ္ဓိဝိဟာရိကမရောက်၊ ဥပစ္ဈာယ်ပြုသင့်သောဝတ်မပြုလျှင် သဒ္ဓိဝိဟာရိကသာ ရောက်၏။ ဥပစ္ဈာယ်မရောက်၊ အကြင်း နှစ်ဦးလုံးရောက်၏။ အသာဓာရဏ- နှစ်ဦးလုံးမရောက် ။ အာစရိယစတုက္ကဋ္ဌလည်း ဤနည်းတည်း။ တစ်မတ်၊ တစ်မတ်ထက် အလွန်ကို ကိုယ်တိုင်ယူလျှင် ယူသူဂရကသို့ ရောက်၏။ တစ်မတ် အောက်ကိုယူလောဟုစေခိုင်းလျှင် တိုက်တွန်းသူ လဟုကသို့ရောက်၏။ ဤနည်းဖြင့် အကြင်းလုံးခုသိအပ်၏။]

(ဒီဋ္ဌီ။ ။ မန္ဒဘာသာတိ မထိယာဘာသိ ။

သာဋ္ဌီ။ ။ ဝါဖြတ်သူအား အနာပတ္တိဟူသည်ဌ် ဝါဖြတ်ခြင်းကြောင့် အာပတ္တိမရှိ၊ ထို၏အကြောင်းလေးပါးတည်း။ မန္ဒဘာသာဟူသည် ပညာဖြင့်စူးစမ်း၍ ဆိုသောကြောင့် အသမ္မပ္ပလာပဝါစာကို မန္ဒာဘာသာဟုဆိုသည်။

ဝိဋ္ဌီ။ ။ ဝါဖြတ်သူ၏ အနာပတ္တိဟူသည် ဝါဖြတ်ခြင်းနှင့်စပ်သော အနာပတ္တိဖြစ်၏။ မန္ဒာဘာသာတိ မန္ဒာယ ပညာယ ကထနံ။)

စတုက္ကဋ ၆ ။ ။ ရှိခိုးခြင်းဌာထိုက်၍ ခရီးဦး မကြုံဆိုထိုက်သူ (နေရာမှထ၍ မကြုံဆိုအပ်ဟူလို။) ခရီးဦးကြုံဆိုထိုက်၍ ရှိခိုးမထိုက်သူ၊ ရှိခိုးလည်းထိုက်၍ ခရီးဦးလည်း ကြုံဆိုတိုက်သူ၊ ရှိခိုးလည်းမထိုက် ခရီးဦးလည်းမကြုံဆိုထိုက်သူ။ ။ နေရာသာပေးထိုက်၍ ရှိခိုးမထိုက်သူ၊ ရှိခိုးထိုက်၍ နေရာမပေးထိုက်သူ၊ နေရာလည်းပေးထိုက်၍ ရှိခိုးလည်းထိုက်သူ၊ နေရာလည်းမပေးထိုက် ရှိခိုးလည်းမထိုက်သူ။ ။

နံနက်ကာလ၌သာရောက်၍ နေလွဲကာလ၌ မရောက်သောအာပတ်၊ နေလွဲ၌သာ ရောက်၍ နံနက်၌မရောက်သော အာပတ်၊ နံနက်လည်းကောင်း၊ နေလွဲ လည်းကောင်း ရောက်သောအာပတ်၊ နံနက် နေလွဲမရောက်သောအာပတ် ၃။ အကပ်ခံပြီးလျှင် နံနက်သာအပ်သည် – နေလွဲမအပ်သော အာမိသ၊ နေလွဲသာ အပ်သည် နံနက်မအပ်သော အာမိသ၊ နံနက် နေလွဲ အပ်သော အာမိသ၊ နံနက် နေလွဲမအပ်သော အာမိသ။ ။ ပစ္စန္တရာဇ်၌သာရောက်၍ မဇ္ဈိမ၌ မရောက် သော အာပတ်၊ မဇ္ဈိမ၌သာရောက်၍ ပစ္စန္တရာဇ်၌ မရောက်သောအာပတ်၊ နှစ်ရပ်လုံး၌ ရောက်သောအာပတ်၊ နှစ်ရပ်လုံး၌မရောက်သောအာပတ်၊ ပစ္စန္တရာဇ် ၌သာအပ်၍ မဇ္ဈိမ၌ မအပ်စသည်။ ၃

[ဘိက္ခုနီတို့အား ဘတ္တဂ္ဂ၌ သီတင်းကြီးစဉ်ဖြင့် ရှစ်ပါးထိုင်ပြီး နောက် နဝမဘိက္ခုနီမှစ၍ ဥပဇ္ဈာယ်မကိုသော်လည်း ရှိခိုးခြင်းငါသာ ထိုက်သည်၊ နေရာမှထ၍ ခရီးဦးမကြွဆိုထိုက်၊ သာမည်အားဖြင့် အမှတ်မရှိ မထေရ်ကြီးသည် ဆွမ်းစားဆဲရဟန်း၏ ထ၍ခရီးဦးကြွဆို ခြင်းကို ထိုက်၏။ ရှိခိုးခြင်းငါမထိုက်၊ ဝါခြောက်ဆယ်ရှိစေကာမူ ပါရိဝါသိက ရဟန်း၏ အနီးသို့ရောက်လာသော ရဟန်းငယ်သည် ရဟန်းပြုစဖြစ်သော်လည်း ထ၍ ခရီးဦးကြွဆိုထိုက်၏။ ရှိခိုးခြင်းငါမထိုက်၊ မပယ်အပ်သောနေရာတို့၌ သီတင်းကြီးသည် သီတင်းငယ်၏ ရှိခိုးလည်းထိုက်၏။ ခရီးဦးလည်းကြွဆိုထိုက်၏။ သီတင်းငယ်သည် သီတင်းကြီး၏ ရှိခိုးလည်းမထိုက်၊ ထ၍ ခရီးဦးလည်းမကြွဆိုထိုက်။ ဝါခြောက်ဆယ်ရှိသော မုပါရိဝါသိက ရဟန်း၏ အနီးသို့ ရောက်လာ သော ရဟန်းငယ်သည် ရဟန်းပြုစ ဖြစ်သော်လည်းထ၍ ခရီးဦးကြွဆို ထိုက်၏။ ရှိခိုးခြင်းငါမထိုက်။ (သီတင်းငယ် သည် သီတင်းကြီး၏ နိဿယည်းဆရာ၊ စာချဆရာဖြစ်သော်လည်း ရှိခိုးအပ်သော ဆရာ မဟုတ်ဟု ဥပါလိပဋ္ဌကဝိဒ္ဒိ၌ ဆိုလတ္တံ့။)

နေရာပေးထိုက်သော စတုက္ကမ်း၏ ပဌမပုဒ်သည် ယခင်စတုက္ကမ်

ဒုတိယပုဒ်နှင့်တူ၏။ ဒုတိယပုဒ်သည်လည်း ပဌမပုဒ်နှင့်တူ၏။ ။ ပဝါရိတ်သင့်လျက် ဆွမ်းစားလျှင် နံနက်ဌာသာအာပတ် – နေလွဲအာပတ် မဟုတ်၊ ဝိကာလဘောဇနအာပတ်သည် နေလွဲအာပတ်ဖြစ်၏။ နံနက် အာပတ်မဟုတ်၊ ကြွင်း– နံနက် နေလွဲအာပတ်၊ အသာဓာရဏာ– နံနက် နေလွဲ မရောက်သောအာပတ်။ ။ နံနက်အကပ်ခံသော အာမိသ သည် နံနက်ဌာသာအပ်၏ – နေလွဲမအပ်၊ အဖျော်သည် နေလွဲဌ အပ်သည်၊ နောက်နေ. နံနက်မအပ်၊ သတ္တာဟကာလိက၊ ယာဝ ဇီဝိကသည် နံနက်လည်းကောင်း၊ နေ.လွဲလည်းကောင်းအပ်၏။ မိမိကာလကိုလွန်သော အကပ်ခံပြီးသော ယာဝ၊ ယာမ၊ သတ္တာဟ – သုံးခုသည်လည်းကောင်း၊ အကပ္ပိယမံသသည်လည်းကောင်း၊ ဥဂ္ဂဟိတက အကပ်မခံဘဲ ကိုယ်တိုင် ကောက်ယူသော အကပ်ပျက် အာမိသသည်လည်းကောင်း၊ အပ္ပဋိဂ္ဂဟိတက – အကပ်မခံရသေး သော အာမိသသည်လည်းကောင်း၊ နံနက်လည်းမအပ်၊ နေလွဲလည်း မအပ်၊ သမုဒြာဌ် သိမ်သမုတ်လျှင် ပစ္စန္တရာဇ် အာပတ်သာ၊ ငါးပါးဖြင့် ရဟန်းပြုပေးလျှင်၊ အထပ်ထပ်ဘိနပ်စီးလျှင်၊ နေ.တိုင်းရေချိုးလျှင်၊ သားရေ အခင်းခင်းလျှင် မဈိမအာပတ်သာ၊ ဤလေးပါး ဤအရပ်ဌ မအပ်ဟုဆိုလျှင် ပစ္စန္တရာဇ်ဆိုသူ၏ အာပတ်တည်း။ ဤဌအပ်၏ ဟုဆိုလျှင် မဈိမဌဆိုသူ၏ အာပတ်တည်း။ အကြွင်းနှစ်ရပ်လုံးအာပတ်၊ အသာဓာရဏာ – နှစ်ရပ်လုံးမရောက်သောအာပတ်။

ငါးပါးဖြင့်ရဟန်းပြုပေးခြင်းစသော လေးခုသောဝတ္ထုသည် ပစ္စန္တရာဇ်ဌအပ်၏။ ဤလေးပါးအပ်၏ – ဟုပြုလိုလျှင်လည်း ပစ္စန္တရာဇ်ဌသာ ပြုလျှင်အပ်သည်၊ မဈိမဌပြုလျှင်မအပ်၊ ဤလေးပါး မအပ် – ဟုပြုလိုလျှင် မဈိမဌ ပြုမှအပ်သည်၊ ပစ္စန္တရာဇ်ပြုလျှင် မအပ်၊ အကြွင်းခွင့်ပြုသော ဆားငါးမျိုးစသော အနုညာဟူသမျှသည် – နှစ်ရပ်လုံးအပ်၏၊ မအပ်ဟု ပယ်အပ်သမျှ ပဋိက္ခိတ္တသည် နှစ်ရပ်လုံး မအပ်။]

(**ဒီဋ္ဌိ**။ ။ အဝိသေ သေနာဟိ ဥပဋ္ဌာယသော ဣတရသ ဝါဝိပ္ပကတ ဘောဇနသ - (ဤမြတ်ပုံအသိခက်၏။) ဆွမ်းစား၍ မပြီးသေးသောရဟန်းသည်လည်း နေရာမှထ၍ နေရာကိုပေးအပ်၏ စသည်။

သာဒ္ဌိ။ ။ အနုဇာနာမိဘိက္ခဝေ ဘတ္တဂ္ဂေ အဒ္ဓနံ ဘိက္ခုနိုနံ ယထာ ဝုဍ္ဎံ၊ အဝသေသာနံ ယထာဂတိကံ - ဟု ဟောတော်မူ၏ ခြင်းဖြင့် ဆွမ်းစားဇရပ်၌ အစမှ ရှစ်ပါးသီတင်းကြီးစဉ်ဖြင့် ခွင့်ပြု၏။ အကြင်းတို့အား ရောက်လာစဉ်ဖြင့် ခွင့်ပြု၏။ ထို့ကြောင့် နဝမဘိက္ခုနီမှစ၍ နောက်မှရောက်လာလျှင် ဥပဋ္ဌာယ် မဖြစ်စေကာမူ ထ၍ခရီးဦးကြိုဆိုထိုက်သူမဟုတ်၊ ထိုင်နေနှင့်သော ဘိက္ခုနီတို့သည် ဦးခေါင်းကိုချိုး၍ ရိုကိုးအပ်သောကြောင့် အဘိဝါဒနာရဟာသာ ဖြစ်၏။

ရှစ်ပါးအတွင်းဝင် သီတင်းကြီးဖြစ်မူကား မိမိဘောက်ငယ်သူကိုထစေ၍ ထိုင်ခြင်းငါရ၏။ သိုထစေသော ဘိက္ခုနီကြီးသည် ရှစ်ပါးတို့က ပြုသော ခရီးဦးကြိုဆိုခြင်းကိုထိုက်၏။ ရှစ်ပါးအောက်ငယ်သူကား ဝါ - ၆၀ - ရှေးကာမူ ရောက်လာစဉ်ဖြင့်သာ ထိုင်ခြင်းငါရ၏။ ။ ဤအရပ်၌ မအပ်ဟုဆိုလျှင် စသည်၌ ပစ္စန္တရာဇ်၌နေ၍ " ဤ၌ မအပ် " ဟု ဆိုသူသည် ဝိနယဘာတိသာရဒုက္ကဋ်သို့ ရောက်၏။ အပ်သည်ကို မအပ်ဟု ဆိုခြင်းကြောင့် ပညတ်တော်ကိုဖျက်ဆီးသူမည်၏။

ဝိဋ္ဌိ။ ။ အနုဇာနာမိဘိက္ခဝေ အဒ္ဓနံ ဘိက္ခုနိုနံ ယထာ ဝုဍ္ဎံ၊ အဝသေသာနံ ယထာဂတိကံ - ဟု ဟောသောကြောင့် အစရှစ်ပါးတို့ကိုသာ ခရီးဦးကြိုဆိုအပ်သည်အဖြစ်ကို ဆိုအပ်၏။ ဤအရပ်၌ မအပ်ဟုဆိုလျှင် **စ**သည်ဖြင့်အပ်သည်ကို မအပ်ဟူ၍လည်းကောင်း၊ မအပ်သည်ကို အပ်သည်ဟူ၍

လည်းကောင်း စေတနာနှင့်တကွဆိုလျှင် နေရာမရွေး ဒုက္ခဋ္ဌ ဟုပြသည်။)

စတုက္ကနိပါတ်။ ။ အတွင်းဌာသာရောက်၍ ပြင်ပဌာမရောက်သောအာပတ်၊ အပြင်ဌာသာရောက်သောအာပတ်၊ တွင်းပရောက်သော အာပတ်၊ တွင်းပမရောက်သောအာပတ်။ ။ သိမ်တွင်းဌာသာရောက်သော အာပတ်။ ။ သိမ်ပဌာသာ စသည် ။ ။ ရွာတွင်းဌာသာရောက်သောအာပတ်၊ တောဌာသာ စသည်။ ။ စောဒနာလေးပါး – ဝတ္ထုပြခြင်း၊ အာပတ်ပြခြင်း၊ သံဝါသပယ်ခြင်း၊ ရိုသေသမှုပြုခြင်းကိုပယ်ခြင်း။။ ပုဗ္ဗကိစ္စလေးပါး။ ၁။ ပတ္တကလ္လလေးပါး၊ အနုညပါစိတ်လေးပါး၊ ဘိက္ခုသမ္မုတိလေးပါး။ အဂတိလိုက်ခြင်းလေးပါး – ဆန္ဒာဂတိလိုက်ခြင်း၊ ဒေါသာဂတိလိုက်ခြင်း၊ မောဟာဂတိလိုက်ခြင်း၊ ဘယာဂတိလိုက်ခြင်း။ အဂတိမလိုက်ခြင်းလေးပါး – ဆန္ဒာဂတိမလိုက်ခြင်း။ (ပ)။ ဘယာဂတိ မလိုက်ခြင်း။ ၁

လေးပါးသောအင်္ဂါနှင့်ပြည့်စုံသော အလဇ္ဇီရဟန်းသည် သံဃာကိုခွဲ၏။ (ဝါ) သံဃာကိုခွဲကြောင်းလေးပါး – ဆန္ဒာဂတိလိုက်ခြင်းစသည်။ လေးပါးသော အင်္ဂါနှင့်ပြည့်စုံသော ပေသလရဟန်းသည်ကွဲသော သံဃာကိုညီညွတ်အောင်ပြု၏။ (ဝါ) ညီညွတ်အောင်ပြုကြောင်းလေးပါး – ဆန္ဒာဂတိမလိုက်ခြင်းစသည်။ အင်္ဂါလေးပါးရှိသော ရဟန်းအား ဝိနည်းမမေးအပ်၊ ၎င်းအင်္ဂါလေးပါးရှိသော ရဟန်းသည် ဝိနည်းမမေးအပ်။ ။ အင်္ဂါလေးပါးရှိသော ရဟန်းအား ဝိနည်းမဖြေအပ် ၁။ အင်္ဂါလေးပါးရှိသော ရဟန်းသည် ဝိနည်းမဖြေအပ်။ ။ အင်္ဂါလေးပါးရှိသော ရဟန်းအား အနုယောဂ – ပုစ္ဆာမေးခွင့် မပေးအပ်။ ။ အင်္ဂါ လေးပါးရှိသော ရဟန်းနှင့် ဝိနည်းမဆွေးနွေးအပ်။ ။ ဂိလာနသာ ရောက်သော အာပတ်၊ အဂိလာနသာစသည်။ ။ ပါတိမောက်ထားခြင်း အဓမ္မိကလေးပါး။ ၁ ဓမ္မိကလေးပါး။

[အနုပခဇ္ဇသေယျစသံသည်သည် အန္ဓောအာပတ်၊ လွင်တီး ခေါင်ဌ သံယိကညောင်စောင်းခင်း၍ ဖဲသွားခြင်းသည် ဗဟိအာပတ်၊

အကြောင်း - အနှောဇဟိအာပတ်၊ အသာဓာရဏာ - ဒုဏ္ဍာ နှ ဇဟိ အာပတ်။ ကျင့်ဝတ်မဖြည့်ကျင့်သော အာဂန္တုသည် အနှောသိမာ အာပတ်၊ ဂမိယသည် ဇဟိသိမာအာပတ်၊ မုသာဝါဒါဒိသည် သိမ်ကြောင်း သိမ်ပ အာပတ်၊ အသာဓာရဏာသည် နုကတ္ထစိ အာပတ်။ ။ အန္ဓရယရ နှင့်စပ်သော သေခဿပညတ်သည် ရှာတွင်းအာပတ်- အရည်ခ္ခ အာပတ် မသင့်၊ ဘိက္ခုနီသည် အရဏ်ကိုတက်စေအံ့ အရည်ခ္ခသာ အာပတ်သို့ ရောက်သည် - ဂါမခ္ခ် မရောက်၊ မုသာဝါဒါဒိ ---။

အသာဓာရဏာ။ ။ ပုဗ္ဗကိစ္စလေးပါးကား - သမ္မုခီ၊ ပဒီပေါ၊ ဥဒက်၊ အာသနေ နစ - လေးပါးသည် -- ပုဗ္ဗကရဏာမည်၏ ဟုဆိုအပ်၏။ ဆန္ဒပါရိသုဒ္ဓိ ဥတုက္ခာနံ၊ ဘိက္ခုဂဏနာစ၊ သြဝါဒါ - ဤ လေးပါးသည် ပုဗ္ဗကိစ္စမည်၏။ ။ ပတ္တကလ္လလေးပါးကား - ဥပေါသထော၊ ယာဝတိကာစ ဘိက္ခုကမ္မပ္ပတ္တာ တေအာဂတာဟောန်၊ သဗ္ဗာဝါပတ္တိ ယေဘစ နဝိဇ္ဇန္တိ၊ ဝဇ္ဇနီယာစပုဂ္ဂလာ တသ္မိံ နဟောန်၊ ပတ္တကလ္လန်တိ ဝုစ္စတိ။ အနုညပါစိတ်လေးပါးကား - ဒေတဒေဝပစ္စယံ ဂါရိတ္ဘာ အနည် ပါစိတ္တိယံ ဟုဟောသော တိုးဝှေ့၍အိပ်သော အနုပခဇ္ဇသိက္ခာပုဒ်၊ ဟောဝုသောဂါမံ ဝါ နိဂမံဝါ - ဟူသောသိက္ခာပုဒ်၊ သဠိစ္စ ဂုက္ကဠ္ဆ ဥပဒဟန သိက္ခာပုဒ်၊ ဥပဿုတိ ဘိဇ္ဇန် သိက္ခာပုဒ် - ဤလေးခုတည်း။

ဘိက္ခုနီသမ္မုတိလေးပါးကား - ဒေဝရတ္တာမ်ိုးစေ ဘိက္ခုတိစီဝရေနှ ဝိပ္ပဝသေယျ၊ အညတြဘိက္ခုသမ္မုတိယာ -- တစ်ခု၊ အညံ နဂံ သန္ဓာတဲ့ ကာရာပေယျ၊ အညတြ ဘိက္ခုသမ္မုတိယာ - တစ်ခု၊ ဘာဇေယာစေ ဥတ္တရိဝိပ္ပဝသေယျ အညတြဘိက္ခုသမ္မုတိယာ - ကစ်ခု၊ ဒုဋ္ဌုလ္ လ အာပတ္တိ အနုပသမ္ပန္နသ အာရောစေယျ အညတြဘိက္ခုသမ္မုတိယာ -- ကစ်ခု၊ ဤသို့. တေရသသမ္မုတိမှ လွတ်သော သမ္မုတိလေးခုကို့တည်း။ တပါးသော ဆေးပြားဘွယ်ဖြင့် လော်လည်၍ တပါးကိုတောင်းအံ့ -

ဂိလာနအာပတ်၊ ဆေးကိစ္စမရှိဘဲ ဆေးကိုတောင်းအုံ့ – အဂိလာန အာပတ်၊ မုသာဝါဒစသည် ဥဘောအာပတ်၊ အသာဓာရဏ – ဥဘော အနာပတ်။]

(**ဒီဋီ**။ ။ ဝိနယာဂတဘိက္ခု ဝိနယောပုစ္ဆိတဗ္ဗောတိ အတ္ထော။

ဝိဋီ။ ။ ပုဗ္ဗကရဏန္တိ ဝုစ္စတိ တိအङ္ဂကထာသုဝုတ္တံ၊ တာနိဂ္ဂဝေပရိဝါရေဥဒ္ဒါနိတိအဓိပ္ပါယော၊ ဤ၌လိုအပ်သော ပုဗ္ဗကိစ္စတို့ကို ပြလိုရှိ ဆန္ဒပါရိသုဒ္ဓိစသည်ကို မိန့်ဆိုသည်။ (ပုဗ္ဗကိစ္စငါးပါးလို ဆန္ဒနှင့် ပါရိသုဒ္ဓိပေါင်းရှိ လေးပါးဟု ဆိုသည်။)

၅ – ပဋ္ဌက ၉၆

၃၂၅။ **ပဋ္ဌက ၁၆**။ ။ အာပတ်ငါးခု။ ။ အာပတ္တိက္ခန္ဓငါးခု။ ။ ဝိနိတဝတ္ထု (အာပတ်ငြိမ်းခြင်း) ငါးခု။ ။ အာနန္တရိယကံငါးခု။ ။ နိယတပုဂ္ဂိုလ် ငါးယောက် ၁။ ဆေဒနကအာပတ်ငါးခု၊ အာပတ်သို့ရောက်ကြောင်း ငါးပါး။ မုသာဝါဒကြောင့် အာပတ်ငါးခု။ ။ ကံသို့မရောက်ကြောင်း (၀၊) ကံမပြည့်စုံကြောင်းငါးပါး – ကိုယ်တိုင်ကံမပြု သူတပါးကိုမတိုက်တွန်း၊ ဆန္ဒပါရိသုဒ္ဓိ မပေး၊ ကံပြုစဉ်တား၏၊ ကံပြုပြီးလျှင် အဓမ္မဟု အယူရှိ၏။ ။ ကံသို့ရောက်ကြောင်း (၀၊) ကံပြည့်စုံကြောင်းငါးပါး– ကိုယ်တိုင်ကံပြု၏၊ သူတပါးကို တိုက်တွန်း၏၊ ဆန္ဒပါရိသုဒ္ဓိပေး၏၊ ကံပြုစဉ် မတား၊ ကံပြုပြီးလျှင် ဓမ္မဟု အယူရှိ၏၊ ၁။ ပိဏ္ဍပါတ်ဓုတင်ဆောင်အား ငါးပါး အပ်ကုန်၏။

အနာမန္တစာရ၊ ဂဏဘောဇန၊ ပရံပရ ဘောဇန၊* အနဓိဋ္ဌာန အဝိကပ္ပနာ။ ။ ငါးပါးသောအင်္ဂါနှင့်ပြည့်စုံသော ရဟန်းသည် ပါပဘိက္ခု

ဖြစ်စေ၊ အကုပ္ပဓမ္မ – မပျက်သောတရားရှိသူ (ရဟန္တာ) ဖြစ်စေ– မြင်သူကြီး၏ ရုံရှာတွေးတောအပ်၏။ (၀၊) တွေးတောခံရကြောင်းငါးပါး – ပြည့်တန်ဆာမ အိမ်၌ ဆွမ်းခံခြင်း၊ မုဆိုးမအိမ်၌ ဆွမ်းခံခြင်း၊ အပျိုကြီးအိမ်၌ ဆွမ်းခံခြင်း၊ ပဏ္ဍာတ်အိမ်၌ ဆွမ်းခံခြင်း၊ ဘိက္ခုနီထံ၌ဆွမ်းခံခြင်း။ ဆီငါးမျိုး – တိလ တေလ – နှမ်းဆီ၊ သာသပ – မုန်ညင်းဆီ၊ မဓုက – သစ်မည်စည်ဆီ၊ ဧရဏ္ဍက– ကြက်ဆူဆီ၊ ၀သာတေလ – ဆီကြည်ဆီ။ ။ ဆီကြည်ငါးမျိုး – အစ္ဆ၀သံ – ၀ံဆီကြည်၊ မစ္ဆ – ငါးဆီကြည်၊ သုသုကာ – မီကျောင်းဆီကြည်၊ (၀၊) လဗိုင် ဆီကြည်၊ သုကရ – ၀က်ဆီကြည်၊ ဂဒြဲ၁ – မြည်းဆီကြည်။

ဗျသနငါးပါး – ဉာတိဗျသန – ဆွေမျိုးတို့၏ပျက်စီးခြင်း၊ ဘောဂ ဗျသန– စည်းစိမ်ပျက်စီးခြင်း၊ ရောဂ – အနာဟူသောပျက်စီးခြင်း၊ သီလ – သီလပျက်စီးခြင်း၊ ဒိဋ္ဌ– အယူပျက်စီးခြင်း။ ။ သမ္ပဒါငါးပါး – ဉာတိသမ္ပဒါ– ဆွေမျိုးပြည့်စုံခြင်း၊ စည်းစိမ်ပြည့်စုံခြင်း၊ အနာဂတ်ခြင်း၏ ပြည့်စုံခြင်း၊ သီလပြည့်စုံခြင်း၊ အယူပြည့်စုံခြင်း။ [6]

[နိယတပုဂ္ဂိုလ်ငါးယောက်ဖြင့် အနန္တရိယကံရှိသူ ငါးယောက် ကိုသာယူသည်၊ ဆေဒနကအာပတ်ငါးခုကား – ပမာဏလွန်သော မဆွပ်ဋ္ဌ၊ နိသီဒန၊ ကဏ္ဍုပ္ပဋိစ္ဆာဒိ၊ ၀ဿိကသာဋိကာတို့၌ လည်းကောင်း၊ သုဂတစီဝရ၌ လည်းကောင်း သိအပ်၏။ ။ အာပတ်သို့ရောက်ကြောင်း ငါးပါးကား – မရှက်ခြင်း၊ မသိခြင်း၊ ကုက္ကုစ္စနိပ်စက်ခြင်း၊ မအပ်သည် ကို အပ်သည်ထင်ခြင်း၊ အပ်သည်၌ မအပ်ထင်ခြင်း။ ။ မုသာ၀ါဒကြောင့် အာပတ် ငါးပါးကား – ပါရာဇိက၊ ထုလ္လစ္စည်း၊ ဒုက္ကဋ် – သံဃာဒိသေသ်၊ ပါစိတ်။ အနာမန္တစာရဟူသည် သန္ဓိ ဘိက္ခု အနာပုစ္ဆာ ပုရေဘတ်၀ါ ပစ္ဆာ ဘတ် ၀ါ ကုလေသုစာရိတ် အာပဇ္ဇေယျ၌လာသော ပန်ကြား၍ သွားရခြင်းသည် ပိဏ္ဍပါတ်ခုတင်ဆောင်အား မရှိခြင်းတည်း၊ အနုဗိဋ္ဌန သည် ဂဏ ဘောဇနေ အညတြသမယာ ဟုဟောသော သမယကို နှလုံးသွင်း၍ ဆောက်တည်၍ စားခြင်းသည် အဓိဋ္ဌာနမည်၏။ ထိုသို့

မဆောက်တည်ရခြင်းသည် အနဓိဋ္ဌာနမည်၏။ ပရမ္မရဘောဇနဋ္ဌ လာသော ဝိကပ္ပနာကို မပြုရခြင်းသည် အဝိကပ္ပနာမည်၏။ ဤငါးပါး တို့သည် ပိဏ္ဍာပါတ်ဓုတင်ဆောင်အား ဓုတင်ဖြင့်သာ ပယ်ပြီးတို့ ဖြစ်ကုန်၏။ ။ တွေးတောအပ်၏ဟူသည်ကား မြင်သူကြားသူတို့ တွေးတောခြင်းကို ခံရ၏။ အကုပ္ပဓမ္မသည် ခီဏာသဝဖြစ်၏။ ရဟန္တာသော်မှလည်း တွေးတောခံရသောကြောင့် မသင့်သော ဆွမ်းခံ ခြင်းကို ရှောင်ကြဉ်အပ်၏။ ထိုအဂေါစရဌ် ထင်ရှားသူသည် အရိုန် အဆော်မဲ့ခြင်းမှလည်းကောင်း၊ ကဲ့ရဲ့ခြင်းမှလည်းကောင်း မလွတ်နိုင် သည် သာတည်း။]

(**သာဌီ** ။ ။ နိမန္တိတော သဘဏ္ဍော သမာနော သန္တံ ဘိက္ခုအနာပုစ္ဆာ– ဟုဟောသောကြောင့် အကပ္ပိယ နိမန္တန – ထမင်းစသော မအပ်သောအမည်ဖြင့်ဖိတ်ခြင်းကို သာယာသူ အားသာ မပန်ဘဲသွားခြင်းဟူသော အနာမန္တစာရ –မအပ်၊ ထို့ကြောင့် ပိဏ္ဍာပါတ်ဓုတင်ဆောင်အား ငါးပါးအပ်ကုန်၏– ဟု ဟောသည်။ ဂဏဘောဇန၊ ပရမ္မရဘောဇနတို့ဌ်လည်း ဤ နည်းသာတည်း။ ဆောက်တည်၍စားခြင်းဟူသည် " ဂိလာန သမယဖြစ်သည် "စသည်ဖြင့် အာဘောဂပြု၍ စားခြင်းတည်း။ ဝိကပ္ပနာ ဟူသည် "မယုံဘတ္တ ပစ္စသံ ဣတ္ထန္ မဿဒမ္မိ " ဟု ပရံမ္မရ သိက္ခာပုဒ်ဌ်လာသော ဝိကပ္ပနာဖြစ်၏

မျက်ကွယ်ကျေးဇူးမဲ့ ဆိုခြင်းသည်– အယသ – အရိုန် အစော်မဲ့ခြင်းမည်၏။ မျက်မှောက်ကဲ့ရဲ့ခြင်းသည် ဂရဟာ – ကဲ့ရဲ့ခြင်းမည်၏။ ဝိယသတိတိ ဗျသနံ – ဟိတသုခကို ဖျက်ဆီး၏ဟူလို၊ ခိုးသူဘေး၊ ရောဂါဘေး စသည်ကြောင့် ဆွေးမျိုးတို့၏ ပျက်စီးခြင်းသည် ဉာတိဗျသန၊ မင်းခိုးသူ စသည်ကြောင့် စည်းစိမ် ပျက်ခြင်းသည် ဘောဂဗျသန၊ အနာ

ရောဂါသည်ပင်လျှင် အာရောဂျဂုဏ်ကို ဖျက်သောကြောင့် ရောဂဗျသန၊ သီလ၏ ပျက်ခြင်း – ဒုသီလဖြစ်ကြောင်း စေတနာသည် သီလဗျသန၊ သမ္မာဒိဋ္ဌိကို ဖျက်ဆီးလျက်ဖြစ်သော ဒိဋ္ဌိသည်သာလျှင် ဒိဋ္ဌိဗျသန မည်၏။ ဆွေးမျိုးပြည့်စုံစွာ ပေါများခြင်း၊ စည်းစိမ်ပေါများခြင်း၊ အရောဂဘာဝနှင့် ပြည့်စုံ၍ ကြာမြင့်စွာ အနာဂင်းခြင်း၊ သီလ၊ ဒိဋ္ဌိပြည့်စုံခြင်းသည် သမ္မဒါ မည်၏။

ဝိဋ္ဌိ ။ ။ ပိဏ္ဍပါတ်ခုတင်ဆောင်အား နိမန္တိတသကတ္တ အဂ်ါမရှိ၊ ထို့ကြောင့်ပန်ကြား၍ သွားရခြင်းမရှိ၊ ထိုသိက္ခာပုဒ်ဖြင့် အမြဲအနာပတ္တိဟူလို။

ဇိဋ္ဌိ ။ ။ သီလဗျသန၊ ဒိဋ္ဌိဗျသနသည် ဝိနည်းဌ် အကျုံးဝင်၏။ ထိုတို့နှင့်အတူ ဥတိစသည်တို့ကို ပဋ္ဌာန်ပြည့်အောင် ဟောသည်။)

ပဋ္ဌာ ၁၅ ။ ။ ဥပဏ္ဍာယ်မှ မိုရာနိသယည်း ငြိမ်းခြင်းငါးပါး– ဥပဏ္ဍာယ် ဆရာဖဲသွားခြင်း၊ လူထွက်ခြင်း၊ သေခြင်း၊ တိတ္ထိကောင် သို့ပြောင်းသွားခြင်း၊ နှင်ထုတ်ခြင်း။ ။ ရဟန်းပြုမပေးအပ်သူငါးယောက်– အသက်ချို့သူ၊ အင်္ဂါချို့သူ၊ ဝတ္ထုပျက်သူ၊ မကောင်းမှုပြုသူ၊ သပိတ်သင်္ကန်း မပြည့်စုံသူ။ ။ ပံသုကူသင်္ကန်းငါးထည် – သောသာနိက – သုသန်ဌ်ကျသောအဝတ်၊ ပါပဏိက– အိမ်စျေးဌ်ကျသောအဝတ်၊ ကြွက်ကိုက်သောအဝတ်၊ ချခဲသောအဝတ်၊ မီးလောင်သောအဝတ်။ ။ ထို့ပြင်ငါးထည် – နွားဝါးသောအဝတ်၊ ဆိတ်ဝါးသောအဝတ်၊ တူပစိပရ – တောင်ပို့ရစ်၍ နတ်ပူဇော်သောအဝတ်၊ အာဘိသေကိက– ရေချိုးရာဌ်လည်းကောင်း၊ မင်းဘိသိက်သွန်းရာဌ်လည်းကောင်း စွန့်သော အဝတ်၊ ဂတပဋ္ဌိယာဂတ – သုသန်သို့ဆောင်၍ တဖန်ပြန်ယူလာသော အဝတ်။ ခိုးခြင်းငါးပါး – ထေယျာဝဟာရ၊ စဉ်းလဲ၍ခိုးခြင်း၊ ပသယှ – နှိပ်စက် ၍ ခိုးခြင်း၊ ပရိကပ္ပ – ကြံစည်၍ခိုးခြင်း၊ ပဋ္ဌိစ္ဆန္န – ဖုံး၍ခိုးခြင်း၊ ကုသ –

ကမ္မည်းပြောင်းရ၍ ခိုးခြင်း။ ၁

လောကဌ်ခိုးသူကြီးငါးယောက်။ မစွန့်ကောင်းသော ဘဏ္ဍာငါးခု။ မဝေဘန်ကောင်းသော ဘဏ္ဍာငါးခု။ ကာယသမုဋ္ဌာန်ကြောင့် အာပတ်ငါးခု။ ကာယဝါစာသမုဋ္ဌာန်ကြောင့် အာပတ်ငါးခု။ ၁ ဒေသနာဂါမ် အာပတ်ငါးခု။ သံဃာငါးမျိုး။ ပါတိမောက်ပြခြင်းငါးမျိုး။ ပစ္စန္တရာဇ်ဌ် ဝိနယမရလျှင် ငါးယောက်မြောက်ဂဏာဖြင့် ရဟန်းပြုပေးအပ်၏။ ကထိန်ခင်းရာဌ် အာနိသင် ငါးပါး။ ၁

[သောသာနိကသည် သုသန်ဌ်ကျသော အဝတ်ဖြစ်၏။ ပါပဏိကသည် အိမ်ဈေးတံခါးဌ်ကျသောအဝတ်ဖြစ်၏။ ထူပစီဝရသည် တောင်ပို့ကိုရစ်ပတ်၍ နတ်အားပူဇော်သော အဝတ်ဖြစ်၏။ အာဘိသိကေကသည် ရေချိုးရာဌာနဌ်လည်းကောင်း၊ မင်း၏ ဘိသိက်သွန်းရာဌာနဌ်လည်းကောင်း စွန့်သော စီဝရဖြစ်၏။ ဂတပဋ္ဌိယာဂတသည် သုသန်သို့ဆောင်၍ တဖန်ပြန်ဆောင်သောအဝတ်ဖြစ်၏။ ခိုးသူကြီးငါးယောက်တို့ကို ဥတ္တရိ မနုဿဓမ္မဌ် ဆိုသည်။ ကာယသမုဋ္ဌာန်ကြောင့် အာပတ်ငါးခုဟူသည် ပဌမအာပတ္တိ သမုဋ္ဌာန်ကြောင့် အာပတ်ငါးခုတည်း။ ရဟန်းသည် ကပ္ပိယသညာဖြင့် သညာစိကာယကုဋ်ကရောတ် - စသည်ဖြင့် အန္တရပေယျာလဌ် ဟောသောအာပတ်ငါးခုတည်း။ ကာယဝါစာ - တတိယအာပတ္တိသမုဋ္ဌာန်ကြောင့် ငါးခု- ရဟန်းသည် ကပ္ပိယသညာဖြင့် သံဝိဒဟိတ္တာ ကုဋ်ကရောတိ - စသည်ဖြင့် ထိုအန္တရပေယျာလဌ် ဟောသော အာပတ်တို့တည်း။ ဒေသနာဂါမ်သည် ပါရာဇိက သံဃာဒိသေသ်တို့မှ အကြွင်းငါးခုတည်း။]

(**ဓိဋ္ဌိ**။ ။ ဝိနယဝရ ပဌမေနဂဏေန - ဟုဆိုသောကြောင့် ပဌကဖြစ်၏။

ဝိဋ္ဌိ ။ ။ သုသန်သို့ဆောင်၍ တဖန်ပြန်ဆောင်သော အဝတ်ဟူသည် သုသန်ဌ် ပေတကိစ္စကိုပြု၍ ထွက်လာသူတို့

သည် ရေချိုးရှိစွန်.သော အဝတ်အရုံတို.သာဝည်း။) ဥတ္တရိ
မနုဿမမ္ပ ဆိုသော ခိုးသူကြီးငါးယောက်ကား -

* အလျှုခံလှည့်၊ ငါသိတရား၊ စွပ်စွဲမှားပြု၊ ပေးမှုဂရုဘဏ်၊ မဂ်ဈာန်ဝါကြွား - ဤငါးပါး - ခိုးစားသာသနာ။

ပဌက - ၉။ ။ ကံငါးပါး ။ ။ ယာဝတတိယက အာပတ်ငါးခု။ အဒိန္နာဒါန်ပါရာဇိက အင်္ဂါငါးပါး။ အဒိန္နာဒါန် ထုလ္လစ္စည်း အင်္ဂါငါးပါး။ ။ အဒိန္နာဒါန် ဒုက္ကဋ်အင်္ဂါငါးပါး။ [1] မစား:အပ်သော အကပ်ယငါးပါး အဒိန္ - မပေး မကပ်အပ်၊ အဝိဒိတ - အကပ်ခံသည်ကိုမသိ၊ အကပ်ယ- ကပ်ခြင်းငါးပါးဖြင့် မကပ်အပ် (ဝါ) မအပ်သောအစာ၊ အပ္ပဋိဂ္ဂဟိတ - အကပ်မခံအပ်၊ အကတာတိရိတ္တ - အတိရိတ်ဝိနည်းကံ မပြုအပ်။ ။ စား:အပ်သော ကပ်ယငါးပါး - ဒိန္- ပေးကပ်အပ်သည်၊ ဝိဒိတ - အကပ်ခံသည်ကို သိသည်၊ ကပ်ယ - ကပ်အပ်၏ (ဝါ) အပ်သောအစာ၊ ပဋိဂ္ဂတိတ - အကပ်ခံအပ်၏ ကတာတိရိတ္တ - အတိရိတ် ဝိနည်းကံ ပြုအပ်၏။

လောကဋ္ဌ ကုသိုလ်မဟုတ်ဘဲ ကုသိုလ်မည်သော ဒါနငါးပါး - မဒ္ဒဒါန - သေအရက်အလှူ၊ သမ္ဘဒ္ဒဒါန - ပွဲသဘင်အလှူ၊ ဣတ္ထိဒါန- မိန်းမအလှူ၊ ဥသဘဒါန - နွားသိုးအလှူ၊ စိတ္တကမ္မဒါန - ပန်းချီဆေးရေးရုပ်အလှူ။ ဖြစ်လျှင် ဖျောက်နိုင်ခဲငါးငါး - ရာဂဖြစ်လျှင် ဖျောက်နိုင်ခဲ၏၊ ဒေါသဖြစ်လျှင်၊ မောဟဖြစ်လျှင်၊ ပဋ္ဌိဘာန - စကားပြောလိုခြင်းဖြစ်လျှင်၊ ဂမိယစိတ္တ - ခရီးသွားလိုသောစိတ်ဖြစ်လျှင် ဖျောက်နိုင်ခဲ၏။ [2]

[ကံငါးပါးကား - တဒ္ဓနိယကံ၊ နိယသကံ၊ ပဗ္ဗာဇနိယကံ၊ ပဋ္ဌိသာရဏီယကံ၊ သုံးခုသော ဥက္ခေပနိယကံကို တစ်ခုပြု၍ ငါးပါး။ ယာဝတတိယက အာပတ်ငါးခုကား -ဥက္ခိတ္တာနုဝတ္တိကာဘိက္ခုနီသည် ယာဝတတိယဆုံးမ၍ မစွန့်လျှင် ပါရာဇိက၊ ထုလ္လစ္စည်း၊ ဒုက္ကဋ်၊ ဘေဒါနုဝတ္တကစသော သမန ဘာသနတို.၌ သံဃာဒိသေသ်၊ ပါစိတ်ဟု ဒိဋ္ဌိ - ယုတ်မာသောအယူကို မစွန့်.လျှင် ပါစိတ်။

မစား:အပ်သော အကပ်ပြိယငါ:ငါ:၌ - အဒိန္နသည် သူတပါ: မပေး:အပ် မကပ်အပ်သော အစာဖြစ်၏။ အဝိဒိတသည် အကပ်ခံအံ့ ဟူသော စေတနာမရှိသဖြင့် မသိသောအစာဖြစ်၏။ အကပ်ပြိယသည် သမဏာကပ္ပငါ:ပါ:ဖြင့် ကပ်ခြင်: မပြုအပ်သောအစာ (၀ါ) အကပ်ပြိယ မ်သ၊ အကပ်ပြိယဘောဇနဖြစ်၏။ အကတာတိရိတ္ဘာသည် ပ၀ါရိတ် သင့်လျက် အတိရိတ်ဝိနည်:ကဲ့မပြုသော အစာဖြစ်၏။ ဒါနငါ:ပါ:၌ သမဒ္ဓေဒါနသည် နဒ္ဓသမဒ္ဓ - ကချေသဘင်စသော ဒါနဖြစ်၏။. ဥသဘဒါနသည် နွား:မတို့၏အလယ်၌ နွား:လား:ဥသဘကို လွှတ်ခြင်:ဖြစ်၏။ စိတ္တကမ္မဒါနဟူသည်ကို အာ၀ါသကို ပြုလုပ်စေ၍ ထိုအာ၀ါသ၌ စိတ္တကမ္မကိုပြုစေခြင်:ငါ အပ်၏။ ဤ၌ စိတ္တကမ္မဒါန ကိုကား: ပဋိဘာနစိတ္တ ကမ္မဒါန -- ယောဂျား:မိန်:မ ယှဉ်တွဲခြင်:စသော ကိလေသာဖြစ်ကြောင်: အရုပ်အယှူကို ရည်ဆိုသည်။ ဤငါ:ပါ:ကို လူအပေါင်:သည် ပုည- ကုသိုလ်ဟု သမုတ်သော်လည်: အပုည- အကုသိုလ်သာဖြစ်၏။ ဖျောက်နိုင်ခဲငါ:ပါ:၌ ပဋိဘာနသည် ကတောတု ကမျှတာ - ပြောဆိုလိုသူ၏ ဖြစ်ကြောင်:အလိုတည်:။ (၀ါ) - ဗဟား: ပြောလိုခြင်:တည်:။ ဤငါ:ပါ:ကို အလွယ်တကူ ဖျောက်နိုင်ခဲ၏။ သင့်သောအကြောင်: ဥပါယ်ဖြင့် လျော်သောဆင်ခြင်ခြင်: ဆုံ:မခြင်: တို့ဖြင့် ဖျောက်မှ တတ်နိုင်သည်ဟူလို။]

(**ဝိဇ္ဇီ**။ ။ အဒိန္နဒါန်ပါရာဇိကအင်္ဂါသည် ခိုး:ခြင်:အင်္ဂါ ဖြစ်၏။ ဣတ္ထိနှင့် ပုရိသယှဉ်တွဲခြင်: အစရှိသော ကိလေသာ ဖြစ်ခြင်:၏ အကြောင်:ဖြစ်သော အရုပ်သည် ပဋိဘာနစိတ္တကမ္မ မည်၏။)

ပဌာ ၂ ။ ။ တံမြက်လှည်:ကျိုး- တံမြက်လှည်:ရာ၌ အာနိသင် ငါ:ပါ: - သကစိတ္တံပသီဒတိ - မိမိစိတ် ကြည်လင်၏။ ပရစိတ္တံ ပသီဒတိ-သူတပါ: စိတ်ကြည်လင်၏။ ဒေ၀တာ အတ္တမနော

ဟောန္တီ – နတ်တို့ဝမ်းမြောက်ကုန်၏။ ကြည်ညိုဂြွယ်အမှ ဆည်းဘူး၏ (၀၊) အဆင်းလှ၏။ သေလျှင် သုဂတိဘဝ၌ဖြစ်၏။ ။ ထို့ပြင်ငါးပါး– မိမိစိတ်ကြည်လင်၏။ သူတပါးစိတ်ကြည်လင်၏။ နက်တို့ဝမ်းမြောက်ကုန်၏။ ဘုရားရှင်၏ အဆုံးအမကိုပြုခြင်းဖြစ်၏။ နောင်လာသူအပေါင်း ဒိဋ္ဌာနုဂတိလိုက်၏။ (၀၊) မြင်ဘူးသည်ကို အတုလိုက်ခြင်းသို့ရောက်၏။ ၂

[မိမိစိတ်ကြည်လင်ရာ၌ ဤ၀တ္ထုတို့ကို သိအပ်ကုန်၏။ ကဋ္ဌအန္ဓကာရ ကျောင်းနေ ဖုဿရေ၀ – မထေရ်သည် ဓေတိယဂိုဏ – စေတီ ရင်ပြင်ကို တံမြက်လှည်း၍ ပြန်ကြည့်လတ်သော် သဲဖြူခင်းဒသာ ရင်ပြင်တော်ကို ရေဥနဲ့ပန်းခင်းထားသကဲ့သို့မြင်၍ ကြည့်စဉ် ဘုရားဂုဏ်တော်ကို အာရုံပြုလျက် ပီတိပါမောဒ္ဓဖြစ်ခြင်းဖြင့် မတုန်မလှုပ်ရပ်နေ၏။ ထိုအခါ မာရ်နတ်သည် မျောက်ညိုအသွင်ဖြင့်လာ၍ ရင်ပြင်တော်၌ နွားချေးတို့ကို ဖြန့်ကြဲလျက်ထွက်သွား၏။ မထေရ်သည် တရားထူးကို ဖြစ်စေခြင်းငှါ မတတ်နိုင်သဖြင့် တံမြက်လှည်း၍ ပြန်သွား၏။

ဒုတိယနေ့၌လည်း နွားအိုအသွင်ဖြင့် ရှေ့အဟု အနောက်အယုက်ပြု၏။ တတိယနေ့၌ ခြေကောက်ကောက်သူအသွင်ဖြင့် ဒမ္ဘတ်ခွဲကာ အကြောင်း အကြောင်းထင်အောင်ပြုပြန်၏။ မထေရ်သည် ဤမျှ ရုပ်ဆင်းပျက်သူသည် ဝန်းကျင်ယူဇနာအတွင်း ဆွမ်းခံရှာတို့၌မရှိ၊ မာရ်နတ်ဖြစ်တန်ရာ၏ဟု ကြံစည်၍ ဟာရောသိတွံ – သင်မာရ်နတ်လောဟုမေး၏။ ဟုတ်ပါသည်၊ အရှင်ကို လှည့်စားခြင်းငှါ မဟတ်နိုင်ပါပြီဟုဆိုလတ်သော် သင်သည်ဘုရားရှင်ကို မြင်ဘူးသည်မဟုတ်လော၊ ဘုရားရှင်နှင့်တုစာ အတ္တဘောကို ဖန်းဆင်းပြပါလောဟုဆို၏။ အရှင်ဘုရား ဟူအောင် မဖန်ဆင်းနိုင်ပါ။ အတုအပမျှကိုသာ ဖန်ဆင်းပြနည်ဟု မိမိအသွင်ကို ဖွန့်၍ ဘုရားရှင်အသွင်ဖြင့်ရပ်တည်၏။

မထေရ်သည် မာရ်နတ်ကိုကြည့်ယူကာ ဗုဒ္ဓ ဒေါသနှင့်တကွ

ဤမာရ်နတ်သော်မှ ဤမျှတင့်တယ်သေးသည်၊ ရာဂ၊ဒေါသကင်းသော ဘုရားရှင်မှာ ဆိုဘွယ်မရှိဟု ဘုရားဂုဏ်ကို အာရုံပြု ပီတိကိုရ၍ ဝိပဿနာဉာဏ်ကို တိုးပွားစေ၍ အရဟတ္တဖိုလ်သို့ရောက်လေ၏။ ထိုအခါ မာရ်နတ်သည် ဝဋ္ဌိတောမို တယာဘန္တေ – အရှင်သည် အကျွန်ုပ်ကို လှည့်စားဟု ဆို၏။ မထေရ်သည်လည်း – ကိ အတ္ထိ ဒုရမာရဘာဝါ သံဝဋ္ဌေတုံ – မာရ်နတ် အို သင်သို့သောသူကို လှည့်စားခြင်းမှ အဟယ်မှာ အကြောင်းရှိအံ့နည်းဟု မိန့်ဆို၏။ လောကန္တရကျေးဇူး၌ ဘဏ္ဍာမည်သော ရဟန်းငယ်သည်လည်း စေတီရင်ပြင်ကို တံမြက်လှည်းမှု ပြန်ကြည့်လတ်သော် ဖြူသောအဆင်းကို ကြည့်ခြင်းဖြင့် သြဒါတကသိုဏ်းဆင်၍ သမာပတ်ရစ်ပါးလုံး နေဝသညာဈာန်တိုင်အောင် ရ၏။ ထို့နောက် ဝိပဿနာဉာဏ်ကို တိုးပွားစေ၍ အောဂ်ဖိုလ်သုံးခု မျက်မှောက်ပြုရလေ၏။

သူကပါ: စိတ်ကြည်လင်ရာ၌ -- တိသ္သမည်သော ရဟန်းငယ်သည် ဗုဒ္ဓဟောလ ဓေတီရင်ပြင်ကို တံမြက်လှည်း၍ အမှိုက်တောင်းကို ကိုင်လျှက် ရပ်နေ၏။ ထိုအခါ တိသ္သဒတ္တမထေရ်ကြီးသည် လေမှဆင်းလာ၍ ရင်ပြင်ပေါ်ကို မြင်လတ်သော် ဤနေရာသည် ပွားအပ်ပြီးသော သမထဝိပဿနာ ဘာဝိတစိတ္တပုဂ္ဂိုလ်၏ တံမြက်လှည်းအပ်သော နေရာပေတည်းဟု သိ၍ ပြဿနာတထောင်ကိုမေး၏။ အမှိုက်တောင်းကိုကိုင်လျက် ရပ်နေသောရဟန်းငယ်သည် မေးသမျှအားလုံးကို ဖြေဆိုလေ၏။]

(**ဝိဇ္ဇီ**။ ။ သမထဝိပဿနာကမ္မဋ္ဌာန်းတို့၌ ပြဿနာ ၀ေးထောင်ကို တံမြက်လှည်း၍ ရပ်နေသောရဟန်းငယ်ကို မေး၏။ တိုရဟန်းငယ်သည်လည်း မိမိရောက်ဘူးသော ခရီးစဉ်ဖြစ်သောကြောင့် အလုံးစုံကို ဖြေ၏။ ထို့ကြောင့် မထေရ်ကြီး စိတ်ကျေနပ်စွာ ကြည်လင်၏။

ဘစ်ခုဒသောကျောင်း၌ မထေရ်ကြီးတပါးသည်လည်း

စေတီရင်ပြင်ကို တံမြက်လှည်း၍ ဝတ်ကိုဖြတ်လေပြီ။

သာဓု။ ။ ဝတ်ကိုဖြတ်လေပြီဟူသည် ထိုနေ့၌ပြုအပ်သော ဝတ်ကိုအပြီးအဆုံးသို့ ရောက်စေတော်မူပြီ။

ယောနကတိုင်းမှ ဘုရားဖူးကြွလာကြသော မထေရ်လေးပါးတို့သည်လည်း စေတီရင်ပြင်တော်ကိုမြင်၍ အဂ္ဂင်းသို့မဝင်ဘဲ တံခါးအနီးရပ်လျက်သာ မထေရ်တပါးသည် ရှစ်ကမ္ဘာကို အောက်မေ့နိုင်၏။ တစ်ပါးသည် ၁၆ – ကမ္ဘာကို၊ တစ်ပါးသည် ကမ္ဘာ ၂၀–ကို၊ တစ်ပါးသည် ကမ္ဘာ ၃၀–ကို အောက်မေ့နိုင်၏။

(ဧဒိဋ္ဌိ ။ ယောနကတိုင်းဟူသည် စိန့်တိုင်းဌာနဟုရေးအပ်၏။ သာဓု – ရှစ်ကမ္ဘာကို အောက်မေ့နိုင်၏ ဟူသည်ဖြင့် ထိုခဏ၌ စျာန်ကိုဖြစ်စေ၍ ပုဗ္ဗေနိဝါသအဘိညာဉ်ကို ဖြစ်စေကုန်၏ဟုပြသည်။)

နတ်တို့ဝမ်းမြောက်ရာ၌ – တစ်ခုသောကျောင်း၌ ရဟန်းတစ်ပါးသည် စေတီရင်ပြင်ကိုလည်းကောင်း၊ ဗောဓိရင်ပြင်ကိုလည်းကောင်း၊ တံမြက်လှည်း၍ ရေချိုးခြင်းငါ ကြွသွား၏။ နက်တို့သည် ဤကျောင်းတိုက် တည်သည်မှစ၍ ဤသို့ကျင့်ဝတ်ဖြည့်ကျင့်လျက် တံမြက်လှည်းဘူးသော ရဟန်းမည်သည် မရှိဟုကြည်ညိုး၍ ပန်းတို့ကိုလက်စွဲလျက်ရပ်ကုန်၏။ မထေရ်ပြန်လာသောအခါ အဘယ်ရာ၌နေကြသနည်းဟုမေး၏။ ဤအရပ်၌သာနေကြပါသည်။ ဤကျောင်းတိုက်တည်သည်မှစ၍ ဤသို့ကျင့်ဝတ်ဖြည့်ကျင့်လျက် တံမြက်လှည်းဘူးသော ရဟန်းမည်သည်မရှိ၊ အရှင်မြတ်၏ကျင့်ဝတ်ကို ကြည်ညိုး၍ ပန်းလက်စွဲကာ ပူဇော်ကြပါသည်ဟု နတ်တို့ဆိုကုန်၏။

ကြည်ညိုဘွယ်အမှု ဆည်းဘူးခြင်း၌ – အမတ်သားတယောက်သည် အဘယမထေရ်ကို အကြောင်းပြု၍ စကားကစ်ခုဖြစ်၏။ အမတ်သားသည် လှသလော:

အဘယမထေရ်သည်လှသလော တစ်နေရာတည်း၌ နှစ်ဦးလုံးကို ယှဉ်၍ကြည့်ကုန်အုံ့ဟု စကားဖြစ်၏။ ထိုအခါ ဆွေးမျိုးတို့သည် အမတ်သားကို တန်ဆာဆင်၍ မဟာစေတီကို ဘုရားဖူးခေါ်သွားကုန်၏။ မထေရ်၏မယ်တော်သည်လည်း သက်နှံးတထည်ပို့လိုက်၍ သားတော်သည် ဆံပင်တို့ကို ရိတ်ပြီးလျှင် ဤသက်နှံးကိုရုံ၍ ရဟန်းအပေါင်းခြံရုံလျက် မဟာစေတီကို ဘုရားဖူးကြွပါဟု လျှောက်၏။ အမတ်သားသည် ဆွေးမျိုးအပေါင်းနှင့် အရှေ့တံခါးမှ စေတီရင်ပြင်သို့ တက်လာ၏။ အဘယမထေရ်သည် ရဟန်းအပေါင်းနှင့် တောင်တံခါးမှ တက်လာ၏။ ဆုံမိကြသောအခါ မထေရ်မြတ်က " ငါ့ရှင် သင်သည် မထေရ်အိုဟု တံမြက်လှည်းရာ၌ အမှိုက်ကျုံး၍ ငါနှင့်ပြိုင်ဘိ၏။ " ဟု ဆို၏။ အတိတ်ဘဝ၌ အဘယမထေရ်သည် မထေရ်အိုဖြစ်၍ ဂေါစရရွာ၌ စေတီရင်ပြင်ကို တံမြက်လှည်း၏။ အမတ်သားသည် ဥပါသကာကြီးဖြစ်၍ အမှိုက်ကျုံးဘူးသတတ်။

(**ဝိဇ္ဇ** ။ ။ မထေရ်သည် ရဟန္တာဖြစ်၏။ တံမြက်လှည်းခြင်းအကျိုးကို လူအားလုံးအား ထင်ရှားစေလိုသောကြောင့် ငါ့ရှင် သင်သည် စသည်ကို မိန့်ဆို၏။)

ဘုရားရှင်၏ အဆုံးအမကို ပြုခြင်း၌ – ဤတံမြက်လှည်းခြင်း ကျင့်ဝတ်ကို ဘုရားရှင်တို့သည် ချီးမွမ်းအပ်၏။ တံမြက်လှည်းသူသည် ဘုရားရှင်၏ အဆုံးအမကို လိုက်နာသူဖြစ်၏။ ရှင်သာရိပုတြာသည် ဟိမဝန္တာလိုင်တခု၌ တံမြက်မလှည်း၌ဘဲ နိရောဓသမာပတ်ကို ဝင်စားကာနေ၏။ ဘုရားရှင် သိလတ်သော် ကောင်းကင်သို့ခရီးဖြင့်ကြွသွား၍ မထေရ်၏ရှေ့ တံမြက်မလှည်းသောနေရာ၌ ခြေတော်ရာတို့ကိုချ၍ ပြန်လာ၏။ မဒေထရ်သည် သမာပတ်မှ ထလတ်သော် ခြေတော်ရာတို့ကိုမြင်၍ ဗလဝ ဟိရောတ္ကာပပြုဖြစ်၍ ဤ (ခြေတော်ရာအနီး၌) ဒူးထောက်၍ ငါ၏အပြစ်ကို ဘုရားရှင်သိတော်မူပြီ။ သံဃာ့အလယ်၌ အပြစ်တင်ခံရပေတော့အုံ့ဟု ဆုံးဖြတ်၍ ဘုရားရှင်ထံတော်သို့ သွား၍ထိုင်၏။ ဘုရားရှင်သည် သင်အဘယ်သို့သွားနေသနည်း။ ငါ၏အခြားမဲ့နေရာ၌ နေသူဖြစ်

လျက် တံမြက်မလှည်းဘဲနေခြင်းသည် သင့်အားမလျောက်ပတ်လေစွဟုမိန့်ဆို၏။ ထိုအခါမှစ၍ မထေရ်သည် ကမ္မတ်သီးတပ်ရာဌာနခ္ခန်ဓသာလည်း ခြေဖြင့် အမှိုက်လှည်းလျက်သာ ရပ်လေ၏။

ပဋ္ဌာန ၁၆ ။ ။ ငါးပါးသောအင်္ဂါနှင့်ပြည့်စုံသော ဝိနည်းဓိရ်သည် ဗာလဟူသော အရေအတွက်သို့ရောက်၊ မိမိ၏စကား အပိုင်းအခြားကို မယူတတ်၊ သူတပါး၏စကားအပိုင်းအခြားကို မယူတတ်၊ မိမိစကားပိုင်းခြား သူတပါးစကား ပိုင်းခြားကို မယူတတ်။ အဓမ္မဖြင့်ဆုံးဖြတ်၏၊ ပဋိညာဏင်းလျက်ဆုံးဖြတ်၏။

ငါးပါးသောအင်္ဂါနှင့် ပြည့်စုံသောဝိနည်းဓိရ်သည် ပဏ္ဍိတဟူသော အရေအတွက်သို့ရောက်၏။ မိမိစကားအပိုင်းအခြားကိုယူတတ်၏။ သူတပါး၏ စကားအပိုင်းအခြားကိုယူတတ်၏။ မိမိစကားပိုင်းခြား သူတပါး ၏စကား ပိုင်းခြားကိုယူတတ်၏။ ဓမ္မဖြင့်ဆုံးဖြတ်၏။ ပဋိညာဖြင့်ဆုံးဖြတ်၏။

ထို့ပြင် ဗာလဝိနည်းဓိရ်အင်္ဂါငါးပါး – အာပတ်ကိုမသိ၊ အာပတ္တိမူလကို မသိ၊ အာပတ္တိသမုဒယကိုမသိ၊ အာပတ္တိနိရောဓကိုမသိ၊ အာပတ္တိ နိရောဓ ဂါမိနိ ပဋိပဒါကိုမသိ။

ပဏ္ဍိတဝိနည်းဓိရ်အင်္ဂါငါးပါး – အာပတ်ကိုသိ၏။ (ပ) ။ ပဋိပဒါ ကိုသိ၏။ ထို့ပြင်ဗာလ –ငါးပါး – အဓိကရဏ်းကိုမသိ၊ အဓိကရဏ်း၏မူလ ကို၊ သမုဒယကို၊ နိရောဓကို၊ ပဋိပဒါကိုမသိ။ ၁

ပဏ္ဍိတ –ငါးပါး – အဓိကရဏ်းကိုသိ၏။ (ပ) ပဋိပဒါကိုသိ၏။ ထို့ပြင် ဗာလငါးပါး –ဝတ္ထုကိုမသိ၊ နိဒါန်းကိုမသိ၊ ပညတ္တိကိုမသိ၊ အနုပညတ္တိ ကိုမသိ၊ အနုသန္ဓိပစနုပထ– စကားအနုသန္ဓေ အဆုံးအဖြတ်အနုသန္ဓေဖြင့် ဆိုခြင်းငါမသိ။ ပဏ္ဍိတငါးပါး – ဝတ္ထုကိုသိ၏။ (ပ) အနုသန္ဓေဖြင့်ဆိုခြင်းငါသိ၏။ ထို့ပြင် ဗာလငါးပါး – ဉာတ်ကိုမသိ၊ ဉာတ္တိကရဏဟူသော ဉာတ်ကိစ္စကိုမသိ၊ ရှေ့စကား၌ မလိမ္မာ၊ နောက်စကား၌ မလိမ္မာ၊ အခါကိုမသိ၊ ပဏ္ဍိတငါးပါး –– ဉာတ်ကို

သိ၏။ (ပ) အခါကိုသိ။ [3]

ထို့ပြင်ဗာလ-ငါးပါး- အာပတ် နာပတ်မသိ၊ လဟုဂရုမသိ၊ သာဝသေသာ နာဝသေသမသိ၊ ဒုဋ္ဌုလ္လာဒုဋ္ဌုလ္လမသိ၊ ဆရာအစဉ်အဆက်ကို ကောင်းစွာ မမှတ်သား။ ပဏ္ဍိတ-ငါးပါး- အာပတ် အနာပတ်သိ၏။ (ပ) ဆရာအစဉ် အဆက်ကို ကောင်းစွာမှတ်သား၏။

ထို့ပြင်ဗာလ-ငါးပါး-အာပတ် နာပတ်မသိ၊ လဟုဂရုမသိ၊ သာဝသေသာ နာဝသေသ မသိ၊ ဒုဋ္ဌုလ္လာ ဒုဋ္ဌုလ္လမသိ၊ ပါတိမောက် နှစ်စောင် အကျယ်မလေ့လာ။ ပဏ္ဍိတ-ငါးပါး- အာပတ် နာပတ်သိ၏။ (ပ) နှစ်စောင်အကျယ်လေ့လာ၏။

ထို့ပြင် ဗာလငါးပါး- အာပတ် နာပတ်မသိ၊ လဟုဂရုမသိ၊ သာဝသေသာ နာဝသေသ မသိ၊ ဒုဋ္ဌုလ္လာ ဒုဋ္ဌုလ္လမသိ၊ အဓိကရုဏ်းခ္ခ် အဆုံးအဖြတ်မလိမ္မာ။ ပဏ္ဍိတ-ငါးပါး- အာပတ်နာပတ်သိ၏၊ (ပ) အဆုံးအဖြတ်လိမ္မာ၏။[4]

[မိမိ၏စကားကို အပိုင်းအခြားကိုမယူတတ်သောသူသည် ဤ ဝတ္ထုခ္ခ် ဤမျှသောသုတ္တာကို ၊ ဝိနိစ္ဆယကိုရထိုက်၏။ ဤမျှသော သုတ္တာကို ဝိနိစ္ဆယကိုဆိုမည်ဟု မိမိ၏ဆိုအပ်သောစကား၏ အပိုင်းအခြားကို မသင်ယူ။ ဤကား စောဒက၏ ရှေ့စကား၊ ဤကား နောက်စကား။ ဤကား စုဒိတက၏ ရှေ့စကား၊ ဤကား နောက်စကား၊ ဤမျှကိုယူ ထိုက်၏၊ ဤမျှကိုမယူထိုက်ဟု မသင်ယူသူသည် သူတပါး၏စကား အပိုင်းအခြားကို မယူတတ်သူမည်၏။

အာပတ်ကိုမသိဟူသည် ပါရာဇိက, သံဃာဒိသေသ် စသည်ဖြင့် ခုနစ်ပါးသောအာပတ်အစု၏အထူးကိုမသိ၊ အာပတ္တိ မူလသည် ကာယဝါစာဟု မူလနှစ်ပါးရှိ၏။ ထိုကိုမသိ၊ သမုဒယ ဟူသည်ခ္ခ် အာပတ္တိ သမုဋ္ဌာန်ခြောက်ခုသည် အာပတ္တိသမုဒယမည်၏။ စာနည်းပါရာဇိက စသည်တို့၏ ဝတ္ထုသည် သမုဒယမည်၏။ ဤအာပတ်သည် ဒေသနာဖြင့် ငြိမ်း၏။ ဝုဋ္ဌာနဖြင့်ငြိမ်း၏ဟု

မသိခြင်းသည် အာပတ္တိနိရောဓကို မသိသည်မည်၏။ သမထခုနစ်ပါး ကို မသိခြင်းသည် အာပတ္တိနိရောဓ ဂါမိနိပဋိပဒါကို မသိသည်မည်၏။ အဓိကရဏ်းသည် လေးပါးသော အဓိကရဏ်းဖြစ်၏။ မူလသည် ဝိဝါဒါမူလ ၁၂၊ အနုဝါဒါမူလ ၁၄၊ အာပတ္တာမူလ ၆၊ ကိစ္စာမူလ ၁-အားဖြင့် ၃၃ ပါးရှိ၏။ အဓိကရဏ်း၏ ဖြစ်ကြောင်းသည် သမุဒယမည်၏။ ဝိဝါဒါသည် ၁၈ -ပါးသော ဘေဒကရ ဝတ္ထုတို့ကိုမှီ၍ဖြစ်၏။ နုဝါသည် လေးပါးသော ဝိပတ္တိတို့ကို၊ အာပတ္တာသည် ခုနစ်ခုသော အာပတ်အစုတို့ကို၊ ကိစ္စာသည် လေးပါးသော သံဃာ့ကံတို့ကိုမှီ၍ ဖြစ်သည်ဟု သမุဒယကို ဝေဘန်၍မသိ၊ အဓိကရဏ်းနိရောဓကို မသိဟူသည် ဓမ္မဖြင့်၊ ဝိနယဖြင့်၊ သတ္ထုသာသနဖြင့် မူလပင်ရင်းသို့လိုက်၍ ဝိနိစ္ဆယပြုမ်းခြင်းသို့ ရောက်စေခြင်းငှါ မတတ်နိုင်။ ဤဝိဝါသည် သမထနှစ်ပါးဖြင့်၊ နုဝါသည် လေးပါးဖြင့်၊ အာပတ္တာသည် သုံးပါးဖြင့်၊ ကိစ္စာသည် တစ်ပါးဖြင့်ပြုမ်း၏ဟု သမထခုနစ်ပါး မသိသူသည် အဓိကရဏ နိရောဓဂါမိနိပဋိပဒါကို မသိသည်မည်၏။

ဝတ္ထုကို မသိဟူသည် ဤမေထုနဝိတိက္ကမကား ပါရာဇိက၏ ဝတ္ထု၊ ဤကား သံဃာ့ဒိသေသ်၏ ဝတ္ထုဟု အာပတ်ခုနစ်ပါး၏ ဝတ္ထုကို မသိ၊ နိဒါန်းကိုဟူသည် ဤသိက္ခာပုဒ်ကို ဤမြို့၌ ပညတ်၏ဟု ပညတ်ရာ ဌာနကိုမသိ၊ ပညတ္တိကိုဟူသည် ထိုထိုသိက္ခာပုဒ်၌ ပဌမ ပညတ်ကို မသိ။ အနုပညတ္တိကိုဟူသည် အဖန်ဖန် ပညတ်သည်ကိုမသိ၊ အနုသန္ဓိ ဝစနပထကိုဟူသည် ကထာနုသန္ဓိ -စေ့စပ်သော (ဝါ-ညီညွတ်သော) စကား၊ ဝိနိစ္ဆယာနုသန္ဓိ - စေ့စပ်သောအဆုံးအဖြတ်၏အစွမ်းဖြင့် ပြောဆိုခြင်းငှာမသိ။

ဉာတ်ကိုမသိဟူသည် အချင်းခပ်သိမ်း ဉာတ်ကိုမသိ၊ ဉာတ္တိ ကာရဏာကိုမသိဟူသည် ဉာတ္တိကိစ္စကိုမသိ၊ ' သွင်းခြင်း၊ ထုတ်ခြင်း စသော ကိုးဌာန၌ ဉာတ္တိက်ဖြစ်သည်၊ ဉာတ္တိဒုတိယက် ဉာတ္တိ စတုတ္ထက်

တို့၌ ဉာတ်အားဖြင့် ကမ္မပွတ္တိကံသို့ရောက်၍တည်၏' ဟု မသိ။ ရှေ့စကား၌မလိမ္မာ စသည်ကား– ရှေးဦးစွာဆိုအပ်သော စကားကို လည်းကောင်း၊ နောက်၌ ဆိုအပ်သော စကားကိုလည်းကောင်း မသိ၊ ဉာတ်မည်သည်ကို ရှေးဦးစွာထားအပ်၏၊ နောက်၌မထားအပ်ဟူ၍ ဤမျှလည်းမသိ။ အခါကို မသိဟူသည်– **မတိုက်တွန်း**မတောင်းပန်ဘဲ ဆို၏၊ ဉာတ်ကို ဆိုသင့်သောအခါကိုလည်းကောင်း၊ ဉာတ်ထားရာ ခေတ်ကိုလည်းကောင်း၊ ဉာတ်၏နေရာ သြကာသကိုလည်းကောင်း မသိ။]

(**ဓိဋ္ဌိ**။ ။ ဉာတ်အားဖြင့် ကမ္မပတ္တဟူသည် ဉာတ်ကို ထားသောကာလ၌ ကမ္မပတ္တဖြစ်၏၊ တဖန် ကမ္မဝါစာဖြင့် ကမ္မသိဒ္ဓိဖြစ်၏၊ ဉာတ်ကိုသာပြုအပ်သောဌာနသည် ဉာတ္တိခေတ်မည်၏။ ဉာတ္တိဒုတိယက် စသည်၌ ရှေးဦးစွာ ထားခြင်းသည် ဉာတ္တိ၏ သြကာသမည်၏။

သာဓိ။ ။ ဉာတ်အားဖြင့် ကမ္မပတ္တဟူသည် ဉာတ်ထားပြီးမှ ကမ္မဝါစာဟူသောကံသို့ ရောက်၏။

ဝိဓိ။ ။ ဤမျှကိုပူးသိုက်၏ဟူသည် ဤမျှသည် အဓိကရုဏ်းငြိမ်းခြင်းဌာယူအပ်သော ဂစနတည်းဟု ကြားကာ မျှဖြင့် သိနိုင်အောင်မသင်ယူ၊ ဤ၌ အတ္တနောဘာသပရိယန္တံ အနုဂ္ဂဟေတွာ ပရသဘာသ ပရိယန္တံ အနုဂ္ဂဟေတွာ တစ်ခု၊ အဝမ္မေန ကရောတိ တစ်ခု၊ အပ္ပဋိညာယ တစ်ခု ဤသို့ သုံးခုပြု၍ ရှေးအင်္ဂါနှစ်ပါးနှင့် ငါးပါးဖြစ်၏။)

ကထာနသန္ဓိ စသည်၌ စောဒက, စုဒိတကတို့စွဲဆိုသော စကား၊ လဲချေသောစကားတို့အား လျော်စွာပြောဆိုတတ်သူသည် ကထာနသန္ဓိနာဝတ္ထုံ ဇာနာတိ မည်၏။ စေ့စပ်သောစကားဖြင့် ဆိုခြင်းငှာ သိသူမည်၏။ ထိုစကားကိုလည်း သုတ္တ၊ ဝိဘင်္ဂ၊

ဝိနီတဝတ္ထုတို့၌ ဆုံးဖြတ်သည်နှင့်လျော်စွာသာလျှင် ဆိုတတ်သူသည် ဝိနိစ္ဆယာနုလောမ သန္ဓိဝသေန ဝတ္ထုဧာနာတိ မည်၏။ စေ့စပ်လျော်သောအဆုံးအဖြတ်တို့၏အစွမ်းဖြင့် ဆိုခြင်းငှာ သိသူမည်၏။ ကိုးငှာနှ၌ ဉာတ်ကိုဖြစ်သည်ဟူသည် – ဉာတ်ကိုအပြီးသို့ရောက်၏။ ဉာတ်အားဖြင့် ကမ္မပတ္ထဟူသည် ဉာတ်ပြီးသော်လည်း ကမ္မပတ္ထသာတည်း။)

ပဋ္ဌာန ၁၃ ။ ။ အာရညက – တောကျောင်းနေငါးယောက် – ဉာဏ်နည်း၍ တွေဝေသောကြောင့် တောခ္ခနေ၏။ ယုတ်မာသော အလိုဆိုးရှိသောကြောင့် တောခ္ခနေ၏။ ရူး၍စိတ်ပြန်လွင့်သောကြောင့် တောခ္ခနေ၏။ ဗုဒ္ဓ၊ ဗုဒ္ဓသာဝကတို့ချီးမွမ်းအပ်၏ဟု တောခ္ခနေ၏။ အလိုနည်းခြင်း စသည်ကိုမှီ၍ တောခ္ခနေ၏။ (အလိုနည်းခြင်းကို၊ ရောင့်ရဲခြင်းကို၊ ကိလေသာခေါင်းပါးခြင်းကို၊ ဆိတ်ငြိမ်ခြင်းဝိဝေကကို၊ ဤအကျင့်ဖြင့် အကျိုးရှိခြင်း ဣဒမတ္ထိတာကိုမှီ၍နေစ္ဆ)။

ပိဏ္ဍာပါတိက – ဆွမ်းခံသွားသူငါးယောက် ။ ။ ပံသုကူလိက – ပံသုကူသကန်းဆောင်သူငါးယောက် ။ ။ ရုက္ခမူလိက – သစ်ပင်ရင်းနှံ့သူ ငါးယောက်။ သောသာနိက – သုသာန်ခ္ခနေသူ ငါးယောက်။ [1] အဗ္ဘောကာသိက – လွင်တီးခေါင်ခ္ခနေသူ ငါးယောက်။ ။ တေစီဝရိက – တိစီဝရိက်ဆောင်သူငါးယောက်။ သပဒါနစာရိက – အိမ်စဉ်မကျော်ဘဲ ဆွမ်းခံသွားသူ ငါးယောက် ။ နေသဇ္ဇိကာ – မအိပ်ဘဲထိုင်လေ့ရှိသူ ငါးယောက်။ ယထာသန္ထတိက – သံယာညွှန်ချတိုင်းနေသူ ငါးယောက်။ [1] ဧကာသနိက – တစ်ထိုင်တည်းစားသူ ငါးယောက်၊ ခလုပစ္ဆာဘတ္တိက – တားမြစ်ပြီးနောက် မစားသူငါးယောက်။ ။ ပတ္တပိဏ္ဍိက–တစ်ခွက်တည်းစားသူငါးယောက် – တွေဝေ၍၊ အလိုဆိုးရှိ၍၊ ရူး၍စားသည်၊ ဘုရားချီးမွမ်းသည် ၊ အလိုနည်းသည် ဟုစားသည်။ [2]

ဉာဏ်နည်း၍စသည်ကား – သက်သက်ဉာဏ်မရှိခြင်း၊ လွန်စွာတွေဝေ

ခြင်းဖြင့် ဓဟာဂ်ဌိုရ်သော အာနိသင်ကိုမသိ၊ အလိုဆိုးရှိခြင်းကား ထိုတောဌ်နေခြင်းဖြင့် ပစ္စည်းလာဘ်ကို တောင့်တ၏။ ဆိတ်ငြိမ်ခြင်းဟူသည် ကာယဝိဝေက – အဖော်မှဆိတ်၍ တစ်ကိုယ်ဟည်းနေခြင်း၊ စိတ္တဝိဝေက – အကုသိုလ်တို့မှဆိတ်၍ ဈာန်စိတ်ဖြင့်နေခြင်း၊ ဥပဓိဝိဝေက – ခန္ဓာငါးပါးဆိတ်ခြင်း။ (ဝါ – နိုဗ္ဗာန်၊ ဣမာယ ပဋိပဒါယ အတ္ထော ဧတသ္သာတိ ဣဒမတ္ထိ – ဤကောင်းသော အကျင့်ဖြင့် အကျိုးရှိသောသူ၊ ဣဒမတ္ထိ နောဘာဝေါ – ဣဒမတ္ထိတာ – ဤအကျင့်ဖြင့် အကျိုးရှိသူ၏အဖြစ်၊ ထိုအကျိုးရှိခြင်းဂုဏ်ကိုသာမှီသည် ၊ တပါးသော လောကအာမိသတစ်ခုခုကို မမှီဟူလို။

(**ဒီဋ္ဌိ**။ ။ တောကျောင်းနေရာဌ် ဤအကျိုး၊ ဤအကျိုးစုသိခြင်းသည် ဣဒမတ္ထိတာမည်၏။

သာဋ္ဌိ။ ။ ဆောက်တည်ပုံမသိ၊ အာနိသင်မသိ၊ မိမိ၏ ဉာဏ်မရှိခြင်းဖြင့်သာ တောဌ်နေ၏။ ဤအရှင်သည်တောဌ်နေသည်ဟု ပစ္စည်းလေးပါး ပူဇော်သက္ကာယပြုကုန်လတ္တံ့ – ဟူ၍လည်းကောင်း၊ ဤအရှင်သည် လဒ္ဓီ၊ ဆိတ်ငြိမ်သည်ဟု ချီးမွမ်းကုန်လတ္တံ့ဟူ၍လည်းကောင်း၊ ယုတ်မာသောအလိုဌ် တည်၍သာ အချို့တောဌ်နေ၏။ ရှုးသည်အစွမ်းဖြင့် အချို့တောသို့ဝင်၍နေ၏။ ဗုဒ္ဓ ဗုဒ္ဓသာဝကတို့ချီးမွမ်းသည်ဟု အချို့တောဌ်နေ၏။)

ပဏ္ဍိတ ၁၆ ။ ။ ငါးပါးသောအင်္ဂါနှင့်ပြည့်စုံသော ရဟန်းသည် ဆရာအမှီကင်း၍ မနေအပ် – ဥပုသ်ကိုမသိ၊ ဥပုသ်ကံကိုမသိ၊ ပါတိမောက်ကိုမသိ၊ ပါတိမောက်ပြခြင်းကိုမသိ၊ ငါးဝါမပြည့်။ ငါးပါးသောအင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည် အမှီကင်း၍ နေအပ်၏။ ဥပုသ်ကိုသိ၏။ ဥပုသ်ကံကိုသိ၏။ ပါတိမောက်ကိုသိ၏။ ပါတိမောက်ပြခြင်းကိုသိ၏။ ငါးဝါရှိပြီးသူဖြစ်၏။ ထို့ပြင် အမှီကင်း၍ မနေအပ် – ငါးပါး – ပဝါရဏာကိုမသိ၊ ပဝါရဏာကံကိုမသိ၊ ပါတိမောက်ကိုမသိ၊ ပါတိမောက် ပြခြင်းကိုမသိ၊

ငါးဝါမပြည့်။ နေအပ် ငါးပါး – ပဝါရဏာကိုသိ၏။ (ပ) ငါးဝါရပြီးဖြစ်၏။ ထို့ပြင် မနေအပ်ငါးပါး – အာပတ် နာပတ်ကိုမသိ၊ လဟု ဂရုအာပတ်ကိုမသိ၊ သာဝသေသာနာဝသေသအာပတ်ကို မသိ၊ ဒုဋ္ဌုလ္လာဒုဋ္ဌုလ္လအာပတ်ကိုမသိ၊ ငါးဝါမပြည့်။ နေအပ်ငါးပါး – အာပတ် နာပတ်ကိုသိ၏ စသည်၊ [6]။ ငါးပါးသောအင်္ဂါနှင့် ပြည့်စုံသော ဘိက္ခုနီသည် အမှီကင်းရှိမနေအပ် – ဥပုသ်ကိုမသိ၊ (ပ)ငါးဝါမပြည့်။ နေအပ်ငါးပါး – ဥပုသ်ကိုသိ၏။ (ပ) ငါးဝါရပြီးဖြစ်၏။ ထို့ပြင် မနေအပ်ငါးပါး – ပဝါရဏာ ကိုမသိစသည်။ နေအပ်ငါးပါး – သိ၏ စသည်။ ထို့ပြင် မနေအပ်ငါးပါး– အာပတ်နာပတ်ကို မသိစသည်။ နေအပ်ငါး ၂ါး–သိ၏စသည်။[6] အပါသာဒိက – ကြည်ညိုဘွယ် မရှိခြင်းခ္ခ အပြစ်ငါးပါး – မိမိကိုယ်တိုင်လည်း မိမိကိုယ်ကို စွပ်စွဲ၏။ စူးစမ်းရှာသော်လည်း ပညာရှိတို့ ကဲ့ရဲ့ကုန်၏။ မကောင်းသတင်း ကျော်ဟော၏။ တွေတွေဝေဝေ အသေဆိုး၏။ သေလျှင်အပါယ်ဒုဂ္ဂတိသို့ ရောက်၏။ ပါသာဒိက – ကြည်ညို ဘွယ်ရှိခြင်းခ္ခ အာနိသင်ငါးပါး – မိမိကိုယ်တိုင်လည်း မိမိကိုယ်ကိုမစွပ်စွဲ၊ စူးစမ်းရှာသော်လည်း ပညာရှိတို့ချီးမွမ်းကုန်၏။ ကောင်းသောသတင်းကျော်စောဝေ၏။ မတွေမဝေ အသေလုံ၏။ သေလျှင် သုဂတိနတ်ပြည်ခ္ခဖြစ်၏။ ထို့ပြင် အပါသာဒိကခ္ခ အပြစ်ငါးပါး – မကြည်ညိုသေးသူတို့ မကြည်ညိုနိုင်ကုန်၊ ကြည်ညိုပြီးသူအချို့ ကြည်ညိုပျက်၏။ သတ္တုသာသနဘုရားဆုံးမခြင်းကို မပြုခြင်းဖြစ်၏။ နောင်လာသူတို့ မကောင်းရာခ္ခ ဒိဋ္ဌာနုဂတိ– မြင်ရာ အတုလိုက်ကုန်၏။ စိတ်မကြည်လင်။ ။ ပါသာဒိကခ္ခ အာနိသင်ငါးပါး– မကြည်ညိုသေးသူတို့ ကြည်ညိုကုန်၏။ ကြည်ညိုပြီးသူတို့ လွန်စွာကြည်ညိုကုန်၏။ သတ္ထုသာသနကိုပြုခြင်းဖြစ်၏။ နောင်လာသူတို့ ကောင်းရာခ္ခ ဒိဋ္ဌာနုဂတိလိုက်ကုန်၏။ စိတ်ကြည်လင်၏။[7]

[ဥပုသ်ကိုမသိဟူသည် ကိုးပါးသော ဥပုသ်ကိုမသိ – အဓမ္မဝဂ္ဂ– စသော ဥပုသ်ကံလေးပါးကို၊ ဒွေမာတိကာ – ပါတိမောက်နှစ်ခုကို၊ ပါတိမောက်ပြခြင်းကိုးပါးကိုမသိ။ ပဝါရဏာကိုးပါးကို၊ အဓမ္မဝဂ္ဂ စသော ပဝါရဏာကံလေးပါးကိုမသိ။ အပါသာဒိကဟူသည် ကာယ

ဒုစရိုက် စသောအကုသိုလ်ကံဖြစ်၏။ ပါသာဒိကသည်ကာယသုစရိုက် စသော ကုသိုလ်ကံဖြစ်၏။]

ပဌက ၉ ။ ။ ကုလူပကပုဂ္ဂိုလ်၌ အပြစ်ငါးပါး - အနာမန္တစာရ အာပတ်သို့ရောက်၏။ ရဟောနိသ်ဇူအာပတ်သို့ ရောက်၏။ ပဋ္ဌိစ္ဆန္နအာသန အာပတ်သို့ရောက်၏။ မာတုဂါမအား ငါးခွန်းခြောက်ခွန်းထက်အလွန်တရား ဟောသော်အာပတ်သို့ရောက်၏။ ကာမသက်ပွမျှားလျက်နေ၏။ အချိန်လွန်အောင် လူတို့နှင့်ရောနှောသော ကုလူပကရဟန်း၏အပြစ်ငါးပါး - မာတုဂါမအား မပြတ်မြင်ရခြင်း၊ မြင်ရ လျှင်ရောနှောခြင်း၊ ရောနှောလျှင် ချစ်ကျွမ်းဝင်ခြင်း၊ ချစ်ကျွမ်းဝင်လျှင် ကိလေသာကိုယ်တွင်းဝင်ခြင်း၊ ကိလေသာကိုယ်တွင်းဝင်လျှင် မမွေ့မလျော် ဗြဟ္မစရိယကို ကျင့်ရလတံ့- ညစ်နွမ်းသောအာပတ်သို့သော်လည်း ရောက်လတံ့ သိက္ခာချ၍သော်လည်းလူထွက်လတံ့။ ဗီဇငါးမျိုး- (မူလ) အမြစ်မျိုးစေ့၊ (ခန္ဓ) ပင်စည်မျိုးစေ့၊ (ဖဋ္ဌ) အဆစ်မျိုးစေ့၊ (အဂ္ဂ) အညွှန့်မျိုးစေ့၊ (ဗီဇ) အစေ့မျိုးစေ့။ ငါးပါးသော သမဏကပွဖြင့် သစ်သီးကိုစားအပ်၏- (အဂ္ဂိ ပရိဇိတ) မီးဖြင့်ကပ်ခြင်း၊ (သဏ္ဌ) ထားဖြင့်ကပ်ခြင်း၊ (နခ) လက်သည်း ခြေသည်းဖြင့်ကပ်ခြင်း၊ (အဗီဇ) မျိုးစေ့မအောင်ခြင်း၊ (နိပ္ပဋ္ဌဗီဇ) မျိုးစေ့ထုတ်ပစ် ခြင်း။ ဝိသုဒ္ဓိငါးပါး - နိဒါန်းပြု၍ အကြွင်းသုတသဒ္ဒါဖြင့်ကြားစေခြင်း၊ နိဒါန်း ပါရာဇိက ပြု၍ အကြွင်းသုတဖြင့်ကြားစေခြင်း၊ နိဒါန်းပါရာဇိကသံဃာဒိသေသ် ပြု၍ အကြွင်းသုတဖြင့်ကြားစေ၊ နိဒါန်းပါရာဇိကသံဃာဒိသေသ် အနိယတပြု၍ အကြွင်းသုတဖြင့်ကြားစေခြင်း၊ အကျယ်ပြုခြင်း၊ (၅)။ ထို့ပြင် ဝိသုဒ္ဓိငါးပါး - သုဏ္ဌဒ္ဒေသဥပသ်ပြုခြင်း၊ ပါရိသုဒ္ဓိဥပသ်ပြုခြင်း၊ အဓိဋ္ဌာန်ဥပသ်ပြုခြင်း၊ ပဝါရဏာပြုခြင်း၊ သာမဂ္ဂီဥပသ်ပြုခြင်း။ ဝိနည်းဓိရ်၌ အာနိသင်ငါးပါး - မိမိသီလလုံခြုံ၏။ ကုက္ကုစ္စနိပ်စက်ခံရသူတို့၏ အားကိုးရာဖြစ်၏။ သံဃာ အလယ်၌ ရဲရင့်စွာပြောဆိုနိုင်၏။ ရဟန်သူတို့ကို တရားနှင့်အညီ ကောင်းစွာ နိပ်နှိုင်၏။ သူတော်ကောင်းတရား တည်စိမ့်သောဌာ ကျင့်နိုင်၏။ ပါတိမောက် ထားခြင်း အဓမ္မိကငါးမျိုး။ ။ ဓမ္မိကငါးမျိုး(၄)။

[အချိန်လွန်အောင်ဟူသည် အချိန်ကိုလွန်ပေ၍ အိမ်ခ္ဍာအချိန်များ၏။ ကျောင်းခ္ဍ အချိန်နည်း၏ဟူလို။ သြကာရ – ကိလေသာတို့၏ အတွင်းခ္ဍသက်ဝင်ခြင်း၊ ညစ်နွမ်းသောအာပတ်ဟူသည် ဒုဋ္ဌုလ္လအာပတ်၊ ကာယသံသဂ္ဂစသည်ဖြစ်၏။ ဝိသုဒ္ဓိငါးပါးခ္ဍ ပဝါရကာ ပြုခြင်းသည် ကိုးပါးသော ပဝါရကာပြုခြင်းဖြစ်၏။]

(**ဝိဇ္ဇီ**။ ။ ဝိသုဒ္ဓိဟူသည်ခ္ဍ အာပတ်မှစင်ကြယ်ကြောင်း ဖြစ်သောကြောင့်လည်းကောင်း၊ စင်ကြယ်သူတို့သာ ပြုအပ်သောကြောင့်လည်းကောင်း၊ ပါတိမောက်ပြုခြင်းကို ဝိသုဒ္ဓိဟု ဟောသည်။)

ပဠဂကပြီး၏။

၆ – ဆဏ္ဍ ၃၃

၃၂၆။ **ဆဏ္ဍ ၈**။။ အဂါရဝခြောက်ပါး ။ ဂါရဝခြောက်ပါး။ ဝိနိတဝတ္ထု အဂါရဝငြိမ်းခြင်းခြောက်ပါး။ သာမိစိ ခြောက်ပါး။ အာပတ္တိသမုဋ္ဌာန်ခြောက်ပါး၊[1]။ ဆေဒနာဂကအာပတ် ခြောက်ပါး။ အာပတ်သို့ရောက်ကြောင်း အာကာရခြောက်ပါး။ ဝိနည်းဓိရ်အာနိသင်ခြောက်ပါး။[2]

[သာမိစိခြောက်ပါးကား – သောစဘိက္ခုဒုနဿိတော ဝေစဘိက္ခု ဂါရယှာ အယံတတ္ထသာမိစိ၊ ယဉ္စန္ဒာယသမ္ဘောသကံ မာဒေါသကံ ဝိနသတိ အယံတတ္ထသာမိစိ၊ အယံ ကေသဘိက္ခုဒုတ္ထော ယာဝ ဘေဒနာယ စာရေတဗ္ဗောတိ အယံတတ္ထသာမိစိ [3]၊ ကတောနိဟရိတ္ဝာ ဘိက္ခုဟိ သဒ္ဓိံ သံဝါသဓိတ္ထဲ အယံတတ္ထသာမိစိ၊ အညာတကဲ့ ပရိပုစ္ဆိတ္ထဲ ပရိပဉ္ဍိ တ္ထဲ အယံတတ္ထသာမိစိ၊ ယာသသိ ကတော ပရိသတ်တိ အယံ တတ္ထ သာမိစိ [4] ဤသို့ ဘိက္ခုဟိုတိမောက်ခ္ဍ

သာမိစိခြောက်ပါးရှိ၏။ ဆေဒနက အာပတ်ခြောက်ပါးကား – ပဠုကဋ္ဌ ငါးပါးဆိုပြီးပြီ။ ဘိက္ခုနီတို့၏ ဥဒကသာဋ္ဌိကာ – ရေသနုပ်နှင့် ခြောက်ပါး။ အာပတ်သို့ရောက်ကြောင်း အာကာရခြောက်ပါးကား မရှက်ခြင်း၊ မသိခြင်း၊ ကုက္ကုစ္စနိပ်စက်ခြင်း၊ မအပ်သည်ဌ အပ်သည်ထင်ခြင်း၊ အပ်သည်ဌ မအပ်သည်ထင်ခြင်း၊ သတိမေ့လျော့ခြင်း၊ ဇကရတ္တ၊ ခသရတ္တ၊ သတ္တာဟ– လွန်ခြင်းစသည်တို့ကြောင့် အာပတ်သို့ရောက်ခြင်းသည် သတိမေ့လျော့ခြင်းကြောင့်တည်း။ ဝိနည်းဝိုရ်ဋ္ဌ အာနိသင်ခြောက်ပါးကား – ပဠုကဋ္ဌ ငါးပါးဆိုပြီးပြီ။ ဥပုသ်သည်ဝိနည်းဝိုရ်နှင့်စပ်၏၊ ဤအင်္ဂါနှင့်ခြောက်ပါး။]

(**ဝိဋ္ဌိ**။ ။ အဂါရဝခြောက်ပါးကား – ဗုဒ္ဓ၊ ဓမ္မ၊ သံဃ၊ သိက္ခာတို့ဌ်လည်းကောင်း၊ အပွမာဒဌ်၊ ပဋိသန္ထာရဌ်လည်းကောင်း မရိုသေခြင်းတည်း၊ ထိုခြောက်ပါးဌ်သာလျှင် ဂါရဝခြောက်ပါး သိအပ်၏။)

ဆဏ္ဍ ၁၆ ။ ။ ပရမခြောက်ပါး။ ။ ခြောက်ညဉ့်ပတ်လုံး တိစီဝရိုက်နှင့်ကင်းရှိနေအပ်၏။ သင်္ကန်းခြောက်ထည်။ ဆိုးရည်ခြောက်မျိုး၊ ကာယစိတ္တသမုဋ္ဌာန်အာပတ်ခြောက်ခု၊[1]။ ဝါစာစိတ္တသမုဋ္ဌာန်အာပတ်ခြောက်ခု။ ကာယဝါစာစိတ္တသမုဋ္ဌာန်အာပတ်ခြောက်ခု။ ကံ ခြောက်ပါး ဝိဝါဒမူလခြောက်ပါး။ အနုဝါဒမူလခြောက်ပါး [1]။ ဘုရားအထွာအားဖြင့် အလျားခြောက်ထွာ။ အနံခြောက်ထွာ။ အာစရိယ နိဿယည်းငြိမ်းကြောင်းခြောက်ပါး။ ရေချိုးရာဌ် အနုပညပ်ခြောက်ပါး။ ပြုရှိမပြီးသေးသောသင်္ကန်းကို အာဒါယ–ယူ၍ ဖဲသွား၏။ ဝိပွကတစီဝရဲ့ သမာဒါယပဏ္ဍမတိ။[6]

[ပရမခြောက်ပါးကား – ဒသာဟပရမ် အတိရေက စီဝရံဓာရေတဗ္ဗံ၊ မာသပရမံ တေနဘိက္ခုနာ တံ စီဝရံ နိက္ခိပိတဗ္ဗံ၊ သန္တရုတ္တရပရမံ ဧတေန ဘိက္ခုနာ တတော စီဝရံ သာဒိတဗ္ဗံ။ ဆက္ခတ္တုပရမံ တုဏ္ဍိ ဘူတေန ဥဒ္ဒိဿိတဗ္ဗာ၊ နဝံ ပန ဘိက္ခုနာသန္တကံ ကာရာပေတွာ –

ဆဗ္ဗသဿာနိ ဓာရေ တဗ္ဗံ – ဆဗ္ဗသပရမတာဓာရေတဗ္ဗံ၊ တိယောဇနပရမံ သဟတ္ထာဓာရေ တဗ္ဗာနိ။ ၃ ဒသာဟပရမံ အတိရေကပတ္တော၊ သတ္တာဟ ပရမံ သန္နိဓိကာရကံ၊ ဆာရတ္တပရမံ တေန ဘိက္ခုနာ တေနစီဝရေန၊ စတုက္ကံသပရမံ။ ၄ အမတေယျကံသပရမံ၊ ဒွဂုံလပဗ္ဗပရမံ၊ အဋ္ဌဂုံလ ပရမံ မဋ္ဌပဋ္ဌိ ပါဒကံ – ညောင်စောင်းအခြေရှစ်သစ်၊ အဋ္ဌဂုံလပရမံ ဒန္တကဋ္ဌं –ဒန်ပူရှစ်သစ်။ ၄

ဤသို့. ပရမ ၁၄–ပါးရှိ၏။ ထိုတွင် ပဌမခြောက်ခုသည် ဆက္ကတစ်ခု၊ ထိုမှတစ်ခုဖယ်၍ အကြွင်းမှတစ်ခုစီထည့်၍ တပါးသော ဆက္ကရှစ်ခု တို့.ကိုပြုအပ်ကုန်၏။ ။ အာပတ္တိဆက္ကသုံးခုကို အန္တရပေယျာလဋ္ဌ ဆိုပြီးပြီ။ ကံခြောက်ပါးကား – တဇ္ဇနိယ၊ နိယသ၊ ပဗ္ဗာဇနိယ၊ ပဋိသာရဏိယ– လေးပါး၊ မရှု၊ မကုဒ္ဓယကို တစ်ခုတည်းပြု၍ တစ်ပါး၊ ယုတ်မာသောအယူ မစွန့်ခြင်းကြောင့် ဥက္ခေပနိယတစ်ပါး – ဤသို့. ခြောက်ပါးဖြစ်၏။ ရေချိုးရာဌာနသည် လခွဲအတွင်းရေချိုးရာဌာတည်း။ ပြုရှိမပြီးသေးသော ဝိပွကတစီဝရကို ယူ၍ဟူသော ဆက္ကနှစ်ခုကို ကထိနကွန်ကဋ္ဌ အကျယ်ဟောသည်။ ဆက္ကဋ္ဌ အကြွင်းပေါ်လွင်ပြီ။]

(**ဒီဋ္ဌီ**။ ။ ဆဗ္ဗသပရမတာဓာရေတဗ္ဗံ – ဟူသည်ကို ဝိဘင်းပါဋ္ဌိဖြစ်၍ ဤသို့.ထည့်ဆိုသည်။ ပရမ ၁၄–ပါးတို့.သည် ဆက္ကကိုးခုတို့. ဖြစ်ကုန်၏။ ဆက္ကသုံးခုကို အန္တရပေယျာလဋ္ဌ ဆိုပုံကား စတုတ္ထအာပတ္တိသမုဋ္ဌာန်ကြောင့် ခြောက်ပါးသော အာဃတ်တို့.သို့.ရောက်၏ စသည်ဖြင့်ဆိုသည်။ ပဌမကြောင့် ဆဋ္ဌကြောင့်လည်း ခြောက်ပါးစီတည်း။ လောဘစသော ဟိတ် ခြောက်ပါးသည် ဝိဝါဒမူလဖြစ်၏။ အနုဝါဒမူလလည်းဖြစ်၏။ အလျားခြောက်ထွာကား မိုးရေခံသက်နှ်း၊ အနံခြောက်ထွာကား သုဂတစီဝရ၊ ပြုရှိမပြီးသေးသောသက်နှ်းကို အာဒါယ – ယူ၍

ဖဲသွားရာ၌ နိဗ္ဗာနန္တိုက၊ သန္တိဗ္ဗာန၊ နာသန၊ သဝန၊ သီမာတိက္ကန္တိုက၊ သဉ္ဇာရဟု ကထိန်နှုတ်ခြင်းခြောက်ခု၊ သမာဒါယ ဝါရဉ်လည်း ထိုခြောက်ခုပင်တည်း။

သာဋ္ဌ။ ။ ဆဗ္ဗသပရမတာခေါရေ တဗ္ဗ –ဟု ပဒဘာဇနီ ကိုပြသည်။

ဝိဋ္ဌ ။ ။ ဆဗ္ဗသပရမတာခေါရေတဗ္ဗံ – သည် ဝိဘင်းဌ်လာသော ပရမကိုပြခြင်းတည်း။)

ဆက္ကေ ၉။ ။ ခြောက်ပါးသောအင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည် ရဟန်း ပြုပေးအပ်၏။ နိဿယည်းပေးအပ်၏။ သာမဏေအလုပ်အကျွေး ခံအပ်၏ – အသေက္ခသီလကွန္ဓနှင့်၊ သမာဓိကွန္ဓနှင့်၊ ပညာကွန္ဓနှင့်၊ ဝိမုတ္တိကွန္ဓနှင့်၊ ဝိမုတ္တိဉာဏ ဒဿနကွန္ဓနှင့်ပြည့်စုံ၏။ ဆယ်ဝါ ရပြီးဖြစ်၏။ ။ ထို့ပြင်ခြောက်ပါး – မိမိသည် အသေက္ခသီလကွန္ဓနှင့် ပြည့်စုံ၍ သူတပါးကိုလည်း အသေက္ခသီလကွန္ဓနှင့် ပြည့်စုံစေ၏။ (၀) ဆယ်ဝါရပြီးဖြစ်၏။ ။ ထို့ပြင် ခြောက်ပါး – သဒ္ဓါရှိ၏။ ဟိရိရှိ၏။ ဩတ္တပ္ပရှိ၏။ အာရဒ္ဓဝိရိယရှိ၏။ ထင်သောသတိရှိ၏။ ဆယ်ဝါရပြီးဖြစ်၏။

ထို့ပြင်ခြောက်ပါး – အဓိသီလမပျက်၊ အဇ္ဈာစာရမပျက်၊ အတိဒိဋ္ဌိ မပျက်၊ ဗဟုသုတရှိ၏။ ပညာရှိ၏။ ဆယ်ဝါရပြီးဖြစ်၏။ ထို့ပြင်ခြောက်ပါး – အနွှေဝါ သိကသဒ္ဓိဝိဟာရိက တပည့် မမာလျှင် လုပ်ကျွေးခြင်းငါ လုပ်ကျွေးစေခြင်းငါ စွမ်းနိုင်၏။ မမွေ့လျော်လျှင် အရပ်တပါးသို့ ခေါ်သွားခြင်းငါ ခေါ်သွားစေခြင်းငါ စွမ်းနိုင်၏။ ကုက္ကုစ္စဖြစ်လျှင် တရားဖြင့် ပယ်ဖျောက်ခြင်းငါ စွမ်းနိုင်၏။ အာပတ္တိ ကိုသိ၏။ အာပတ်မှထခြင်းကိုသိ၏။ ဆယ်ဝါရပြီးဖြစ်၏။ ၁

ထို့ပြင်ခြောက်ပါး – တပည့်ကို အာဘိသမာစာရိကကျင့်ဝတ်ဖြင့် သင်ပေးခြင်းငါ စွမ်းနိုင်၏။ အာဒိဗြဟ္မစရိယကကျင့်ဝတ်ဖြင့် ဆုံးမခြင်းငါ စွမ်းနိုင်၏။

ဓမ္မ သ့ကၠသ်ာ ဆုံးမခြင်းငှါ၊ ဝိနယသ်ာ သ့ကၠသ်ာ ဆုံးမခြင်းငှါ၊ အယူမှားလျှင် တရားသဖြင့် ကင်းစေခြင်းငှါ စွမ်းနိုင်၏။ ဆယ်ဝါရပြီးဖြစ်၏။ ထို့ပြင် ခြောက်ပါး – အာပတ်ကိုသိ၏။ အနာပတ္တိကို၊ လဟုကာပတ်ကို၊ ဂရုကာပတ်ကိုသိ၏။ ပါတိမောက်နှစ်စောင် အကျယ်အားဖြင့် လေ့လာဝေဘန်နိုင်၏။ ဆယ်ဝါရပြီးဖြစ်၏။ ပါတိမောက်ထခြင်း အဓမ္မိကခြောက်ပါး။ ။ ဓမ္မိက ခြောက်ပါး၊ (၉၄)။

ဆဋ္ဌပြီး၏။

၇ – သတ္တက ၃၃

၃၂/၇။ **သတ္တက ၂၃** ။ ။ အာပတ်ခုနစ်ပါး ။ ။ အာပတ္တိကွန္ဒ ခုနစ်ပါး။ ။ ဝိနိတဝတ္ထု (အာပတ်ငြိမ်းခြင်း) ခုနစ်ပါး၊ သာမိစိ ခုနစ်ပါး။ ။ အဓမ္မိက ပဋ္ဌိညာတကရဏခုနမ်ပါး။[1] ဓမ္မိကပဋ္ဌိညာတကရဏ ခုနစ်ပါး။ ။ ခုနစ်ယောက်ထံ သတ္တာဟကိစ္စ ဖြင့်သွားလျှင် အနာပတ္တိ။ ။ ဝိနည်းဓိရ်၌ အာနိသင် ခုနစ်ပါး။ ။ ပရမခုနစ်ပါး။ သတ္တမအရဏ်၌ နိဿဂ္ဂိုဖြစ်၏။[1] သမထ ခုနစ်ပါး။ ။ ကံခုနစ်ပါး။ စပါးစိမ်းခုနစ်မျိုး။ အနံ့ခုနစ်ထွာအတွင်းတွင်ကျ။ ဂဏဘောဇနေ၌ အနုပညတ် ခုနစ်ပါး။[1] ဆေးငါးမျိုးကို အကပ်ခံ၍ ခုနစ်ရက်ပတ်လုံး သိုမှီး၍သုံးဆောင် အပ်၏။ ကတစီဝရံ အာဒါယ ပဏ္ဏတိ။ ။ ကတ စီဝရံ သမာဒါယပဏ္ဏမတိ ။ ။ ရဟန်းအားရှုစရာ အာပတ်မရှိ။ ။ ရဟန်းအား ရှုစရာအာပတ်ရှိ၏။ (ဝါ– ရှုပါမည်ဟုဆို၏)[1] ရဟန်းအား ကုစားစရာ အာပတ်ရှိ၏။ (ဝါ – ရှိလျက် ကုစားစရာမရှိဆို၏) ။ ။ ပါတိမောက်ထားခြင်း အဓမ္မိက ခုနစ်ပါး။ ။ ဓမ္မိကခုနစ်ပါး။[2]

သာမိစိခုနစ်ပါးကား–ယခင်ခြောက်ပါး၌– သာစဘိက္ခုနီအနဗ္ဘိတာ သာစဘိက္ခုနီယောဂါရယှာ – အယံတတ္ထသာမိစိ – ထည့်လျှင် ခုနစ်ပါး။ ။ အဓမ္မိက ပဋ္ဌိညာတကရဏ ခုနစ်ပါးကား

– ပါရာဇိကသို့. ရောက်လျက် သံဃာဒိသေသ်ဟု ဝန်ခံသဖြင့် သံဃာဒိသေသ်ဖြင့် ဆုံးဖြတ်အံ့ + အဓမ္မိကပရိညာကို ပြုခြင်းဖြစ်၏ဟု သမထကွန္ဒ၌ ညွှန်ပြအပ်ပြီ။ ဓမ္မိကကိုလည်း ထိုခန္ဓကဌ်သာ ညွှန်းပြပြီ။ ။ ခုနစ်ယောက်ထံ သတ္တာဟာကိစ္စဖြင့်သွားလျှင် အနာပတ္တိဟူသည်ကို ဝဿုပနာ ယိကကွန္ဒကဌ် (သီတင်းသုံးဘော်နှင့် မိဘဟု) ဟောပြီ။ ဝိနည်းဓိရ်ဌ် အာနိသင်ခုနစ်ပါးကား ဥပုသ်သည်၊ ပဝါရဏာသည် ဝိနည်းဓိရ် နှင့်စပ်၏။

ဤနှစ်ပါးနှင့် ပဋ္ဌကဌ်ငါးပါးသည် ခုနစ်ပါးဖြစ်၏။ ပရမ ခုနစ်ပါးကို ဆက္ကဌ် ဆိုပြီးသည်တို့.ကို သတ္တကစွမ်းဖြင့် ယှဉ်အပ် ကုန်၏။ ကတ စီဝရံစသော သတ္တကနှစ်ခုကို ကထိနကွန္ဒကဌ် ညွှန်းပြီးပြီ။ ရဟန်းအား ရှုစရာအာပတ်မရှိ – စသော သုံးခုသော သတ္တကတို့.တွင် နှစ်ခု – အဓမ္မိက၊ တစ်ခုဓမ္မိကဖြစ်သော ဥက္ခိတ္တက တည်း။ ။ ဤသုံးခုကို စမ္မေယျကွန္ဒကဌ် ညွှန်းပြီးပြီ။]

(**ဓီဋ္ဌိ**။ ။ ကတစီဝရံကို.ဌ် ပတ္တမနန္တိက ကထိန်နှုတ်ခြင်းနှင့် ခုနစ်ပါးဖြစ်၏။ သတ္တမအရဏ်ဌ် နိဿဂ္ဂိဖြစ်၏ဟူသည်ကား၊ ဆာရတ္တာပရမ် တေန ဘိက္ခုနာ တေန စီဝရေန ဝိပ္ပဝသိတဗ္ဗံ၊ တကောစေ ဥတ္တရိဝိပ္ပဝသေယျ - ဟူသော နိဿဂ္ဂိဖြစ်၏။ စမ္မေယျကွန္ဒကဌ် သုဂတစီဝရဘာဏဝါရ၏နောက်ဌ် (ဝါ–ဝါသဘ ဂါမဘာဏဝါရ၏ နောက်ဖြစ်သော ဒုတိယဘာဏဝါရဌ်) ဣဓပနဘိက္ခဝေ ဘိက္ခုဿ နု ဟောတိ အာပတ္တိ ဒဋ္ဌဗ္ဗာ၊ တမေနံ စောဒေတိ သံဃောဝါ သမ္မဟုလာဝါ ဧကပုဂ္ဂလောဝါ–စသည်ဖြင့် ဟောသော သတ္တကတို့.ဖြစ်ကုန်၏။

သာဓု။ ။ ဆက္ကဌ် ဆိုပြီးသော ပရမ ၁၄–ခုတို့.ကို နှစ်ဘို့.ခွဲ၍ သတ္တက နှစ်ခုစွမ်းဖြင့်ယှဉ်အပ်ကုန်၏။)

(စမ္မေယျကွန္ဓကဋ္ဌ – ရဟန်းအား၌စရာအာပတ်မရှိ၊ မေးသောအခါ မရှိဟု ဆိုဏ်။ ထိုရဟန်းကို မရှုခြင်းကြောင့် နှင်ထုတ်အံ့ – အဓမ္မကံဖြစ်ဏ်။ ထိုအတူ ကုစားစရာအာပတ်မရှိ၊ ဗွန်.စရာယုတ်မာသောအယူမရှိ၊ (ရှု၊ ကု၊ ဗွန်. ၃)၊ ရှုစရာ ကုစရာမရှိ၊ ရှုစရာဗွန်.စရာမရှိ၊ ကုစရာ ဗွန်.စရာမရှိ။ [2]၊ ရှုစရာ ကုစရာ ဗွန်.စရာ မရှိ။[3] နှင်ထုတ်အံ့ – အဓမ္မကံ ခုနစ်ချက်ဖြစ်ဏ်။ ရဟန်းအား ရှုစရာ အာပတ်ရှိဏ်။ ရှုပါမည်။ (ပ)၊ ရှု ကု ဗွန်.ပါမည်ဟုဆိုဏ်။ နှင်ထုတ်အံ့ – အဓမ္မကံခုနစ်ချက်ဖြစ်ဏ်။ ရဟန်းအား ရှုစရာအာပတ်ရှိဏ်။ မေးသောအခါ ရှုစရာအာပတ်မရှိ။ (ပ) ရှု ကု ဗွန်. မရှိဟုဆိုဏ်။ နှင်ထုတ်အံ့ – ဓမ္မကံ ခုနစ်ချက်ဖြစ်ဏ်။ ။ အဘူတဝတ္ထုဖြင့် အဓမ္မကံ သတ္တက နှစ်ခု၊ ဘူတဝတ္ထုဖြင့် ဓမ္မကံ သတ္တကတစ်ခုတို.ကိုပြသည်။)

သတ္တက ၁၀။ ။ ခုနစ်ပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည် ဝိနယဓရဟုဂ္ဂိုလ်ဖြစ်ဏ်– အာပတ်ကိုသိဏ်၊ အနာပါတ်ကိုသိဏ်။ လဟုကာပတ်ကို သိဏ်။ ဂရုကာပတ်ကိုသိဏ်။ သီလရှိဏ်၊ သမာဓိရှိဏ်၊ ပညာရှိဏ်၊ သီလရှိပုံကား ပါတိမောက္ခသံဝရ စောင့်စည်းဏ်။ အာစာရဂေါစရနှင့် ပြည့်စုံဏ်။ အနည်းငယ်သော အပြစ်တို.၌ ဘေးကြီးဟုရှုဏ်။ သိက္ခာပုဒ်အားလုံး၌ ကောင်းစွာယူ၍ကျင့်ဏ်။ သမာဓိရှိပုံကား ထူးသော စိတ်ကိုမှီ၍ ဖြစ်ကုန်သော မျက်မှောက်ချမ်းသာစွာ နေရကြောင်းဖြစ်ကုန်သော ရူပစျာန်လေးပါးကို နိကာမလာဘီ – အလိုရှိတိုင်းရဏ်။ မဆင်းရဲဘဲရဏ်။ မငြိုမငြင်ရဏ်။ ပညာရှိပုံကား အာသဝကုန်ခြင်းကြောင့် အာသဝကင်းသော အရဟတ္တဖိုလ် သမာဓိကို အရဟတ္တဖိုလ်ပညာကို မျက်မှောက်ကိုယ်တိုင် သိ၍ မျက်မှောက်ပြု၍ ပြည့်စုံစေ၍နေဏ်။ ထို.ပြင် ဝိနယဓရဖြစ်ကြောင်း အင်္ဂါခုနစ်ပါး – အာပတ်၊ အနာပတ်၊ လဟုကာပတ် ၊ ဂရုကာပတ်ကိုသိဏ်။ သုတရှိဏ်။ သမာဓိရှိဏ်။ ပညာရှိဏ်။ သုတရှိပုံကား – မျှားသောသုတရှိဏ်။ သုတကို ဆောင်ဏ်။ သုတကိုဆည်းပူးဏ်။ အစ အလယ် အဆုံး ကောင်းခြင်းရှိသော ဓမ္မကို အနက်ရှိ သဒ္ဒါရှိ၍ ဝန်းကျင်၊ ပြည့်စုံသော စင်ကြယ်သော ဗြဟ္မစရိယကို ပြတတ်သော

ဓမ္မတို့.ကို မျှားစွာကြားဘူး၏။ ဆောင်၏။ နှုတ်ဖြင့်လေ့လောက်၏။ စိတ်ဖြင့် ဖန်ဖန်ရှု၏။ ဉာဏ်ဖြင့် ကောင်စွာထိုးထွင်း၏။ သမာဓိရှိပုံ ပညာရှိပုံ ယခင်အတိုင်း။

ထို့ပြင် ခုနစ်ပါး – အာပတ်၊ နာပတ်၊ လဟု၊ ဂရုကိုသိ၏။ ပါတိမောက်လေ့လာပုံကား – ပါတိမောက် နှစ်စောင်လုံး အကျယ်ဥဘတော ဝိဘင်းခ္ခ ကောင်းစွာ နှုတ်တက်၏။ ပုဒ်ပါဠိမချွတ်အောင် ကောင်းစွာဝေဘန်နိုင်၏။ လေ့လာ ဝါစုဂ္ဂတ ပြုနိုင်၏။ ခန္ဓကပရိဝါမှ ဆောင်အပ်သော သုတ္တာဖြင့် ကောင်းစွာ ဆုံးဖြတ်နိုင်၏။ အဂ္ဂရပဒပြည့်စုံစွာ အနုဗျဉ္ဇနဖြင့်ကောင်းစွာ ဆုံးဖြတ်နိုင်၏။ ဝါ – အဌကထာဖြင့် ဆုံးဖြတ်နိုင်၏။ ထို့ပြင် ခုနစ်ပါး – အာပတ်။ (ပ) ။ ဂရုကိုသိ၏။ ပုဗ္ဗေ နိဝါသသိ၏။ ဒိဗ္ဗစက္ခုရှိ၏။ ပညာရှိ၏။ ပုဗ္ဗေနိဝါသ သိပုံကား – ရှေးခ့ဏ နေဘူးသော ဘဝများစွာကို အောက်မေ့နိုင်၏။ တစ်ဘဝကို နှစ်ဘဝကို၊ (ပ)။ ဘဝတစ်သိန်းကို၊ သံဝဋ္ဋကပ်၊ ဝိဝဋ္ဋကပ်များစွာတို့.ကို ဤမည်သောဘဝခ့ဏ အမည်၊ အနွယ်၊ အဆင်း၊ အစာ၊ ချမ်းသာ ဆင်းရဲ၊ အသက်ပိုင်းခြား၍သို့. ဤမျှ ဖြစ်ဘူးပြီ၊ ထိုမှသေ၍ ဤမည်သော ဘဝခ့ဏ ဖြစ်ဘူးပြီ။ ထိုဘဝခ့ဏလည်း အမည်စသည် ဤသို့.ဖြစ်ဘူးပြီ၊ ထိုမှသေ၍ ယခု ဤဘဝခ့ဏ ဖြစ်သည်။ အာကာရ ၊ ဥဒ္ဒေသနှင့်တကွ များစွာသော ပုဗ္ဗေနိဝါသ ကိုသိ၏။ ဒိဗ္ဗစက္ခုရှိပုံကား သေဆဲ၊ ဖြစ်ဆဲ၊ ဖြူ၊ မဲ၊ ယုတ်၊ မြတ် ကံအတိုင်း ချဉ်းကပ်သော သတ္တဝါတို့.ကိုသိ၏။

ဤသူတို့.သည် ဒုစရိုက်ရှိကုန်၏။ အရိယာတို့.ကိုစွပ်စွဲကုန်၏။ မိစ္ဆာဒိဋ္ဌိ အယူရှိကုန်၏။ ထို့ကြောင့် အပါယ်ခ့ဏဖြစ်ကုန်၏။ ဤသူတို့.သည် သုစရိုက်ရှိကုန်၏။ မစွပ်စွဲကုန်၊ သမ္မာဒိဋ္ဌိအယူ ရှိကုန်၏။ ထို့ကြောင့် သုဂတိခ့ဏ ဖြစ်ကုန်၏ဟု နတ်မျက်စိကဲ့သို့. စင်ကြယ်သော ဉာဏ်မျက်စိဖြင့်မြင်၏။ သိ၏။ ၄

ခုနစ်ပါးသော အင်္ဂါနှင့်ပြည့်စုံသော ဝိနယဓရသည် တင့်တယ်၏။ အာပတ်၊ နာပတ်၊ လဟု၊ ဂရသိ၏။ သီလရှိ၏။ သမာဓိရှိ၏။ ပညာရှိ၏။ ဤ.ပြင် ဝိနယဓရ တင့်တယ်ကြောင်းခုနစ်ပါး – အာပတ်။ (ပ) သိ၏။ သုတရှိ၏။ သမာဓိရှိ၏။ ပညာရှိ၏။ ထို့ပြင် ခုနစ်ပါး – အာပတ်။ (ပ) သိ၏။

ပါတိမောက် လေ့လာ၏။ သမာဓိရှိ၏။ ပညာရှိ၏။ ထို့ပြင်ခုနစ်ပါး - အာပတ်။ (ပ) သိ၏။ ပုဗ္ဗေနိဝါသ သိ၏။ ဒိဗ္ဗစက္ခုရှိ၏။ ပညာရှိ၏။ ၄

အသဒ္ဓမ္မ ခုနစ်ပါး- အသဒ္ဓါ၊ အဟိရိက၊ အနောတ္တပ္ပ၊ အပ္ပဿုတ၊ ကုသီတ- ပျင်းရိခြင်း၊ မုဋ္ဌဿတိ- သတိလွန်ခြင်း၊ ဒုပ္ပညာ။ သဒ္ဓမ္မခုနစ်ပါး- သဒ္ဓါ၊ ဟိရိ၊ ဩတ္တပ္ပ၊ ဗဟုသစ္စ၊ အာရဒ္ဓဝီရိယ၊ ဥပဋ္ဌိတသတိ၊ ပညာ။ ၂

[အသဒ္ဓမ္မဟူသည်ကား- အသတ် ဝမ္မာ အသဒ္ဓမ္မာ- သူယုတ်မာတို့၏တရားတို့။ တစ်နည်း - အသဒ္ဓောဝမ္မာ အသဒ္ဓမ္မာ- မတင့်တယ်ကုန်သော၊ ယုတ်ညံ့ကုန်သော၊ ယုတ်မာကုန်သော တရားတို့ဟု ခြုံကုန်၏။ သဒ္ဓမ္မဟူသည်ကား- သတ်ဝမ္မာ သဒ္ဓမ္မာ- ဘုရားအစရှိသော သူတော်ကောင်းတို့၏ တရားတို့။ တစ်နည်း သဒ္ဓောဝမ္မာ သဒ္ဓမ္မာ - မြတ်ကုန်သော၊ တင့်တယ်ကုန်သော တရားတို့။]

(**သာဓု**။ ။ အာပတ်ကိုသိ၏ဟူသည် အာပတ်ကိုသာလျှင် အာပတ်ဟုသိ၏။ ကြွင်းပုဒ်ဟို့ခ်ိန်လည်း ဤနည်းတည်း။ ထူးသောစိတ်ကိုမှီ၍ ဖြစ်ကုန်သောဟူသည်ခ်ိ - ပကတိကာမာဝစရစိတ်ထက် တင့်တယ်သောကြောင့် လည်းကောင်း၊ ဆန့်ကျင်ဘက်ဟို့မှ စင်ကြယ်သောကြောင့် လည်းကောင်း၊ သန့်ရှင်းသော ဥပစာရစျာန်စိတ်ကို ထူးသောစိတ်ဟု ဆိုသည်။

ထိုဥပစာရစျာန်စိတ်ကိုမှီ၍ ရူပါဝစရစျာန်စိတ်တို့ ဖြစ်ကုန်၏။ ထိုစျာန်တို့ကို ဝင်စား၍နေသူတို့သည် ဤမျှကာမောက်ဘဝ အဟ္တာဘောခ်ိ ကိလေသာမှ ထွက်မြောက်သော နေကျွမသုခကိုရကုန်၏။

နိုကာမ်လာဘီသည် မိမိ၏အလိုစွမ်းဖြင့် ရလေ့ရှိ၏။ လိုတိုင်းသောခဏခ်ိ ဝင်စားခြင်းဌာစွမ်းနိုင်၏။ မဆင်းရဲဘဲရှိ ဟူသည်- ချမ်းသာစွာ ဆန့်ကျင်ဘက်တို့ကိုခွါ၍ ဝင်စား

နိုင်၏ဟု ဆိုလိုသည်။ မငြိုမငြင်ရ၏ဟူသည်– ပြန့်ပြောသော စျာန်တို့ကိုရ၏။ ပိုင်းခြားတိုင်းဖြင့်သာ ထနိုင်၏ဟု ဆိုလို သည်။ အချို့ရရုံသာ ငုပ်တိုင်းမဝင်စားနိုင်၊ အချို့ဝင်စားနိုင်၏။ ဘေးရန်တို့ကို ဆင်းရဲစွာခွါရသည်။ အချို့ဝင်စားနိုင်၏ မဆင်းရဲဘဲ ခွါနိုင်၏။ ပိုင်းခြားတိုင်းဌမထနိုင်၊ ကာလမာနံ နာဌိကယန္ဓံဝိယ – ကာလမာနသည် ကာလာမ ရွာသားတို့၏ နာဌိကယန္ဓကဲ့သို့ ပိုင်းခြားတိုင်း မထနိုင်၊ အရဟတ္တဖိုလ်နှင့် ယှဉ်သော သမာဓိသည် စေတောဝိမုတ္တိမည်၏။ ရာဂမှ လွတ်သော သမာဓိဖြစ်၏။ အရဟတ္တဖိုလ်ပညာသည် ပညာဝိမုတ္တိမည်၏။ အဝိဇ္ဇာမှ လွတ်သောပညာဖြစ်၏။

တစ်နည်း သမထ၏အကျိုးသည် စေတောဝိမုတ္တိ၊ ဝိပဿနာ၏အကျိုးသည် ပညာဝိမုတ္တိမည်၏။ ကိုယ်တိုင် သိ၍ မျက်မှောက်ပြု၍ ဟူ၍ သူတပါးအကြောင်းမခံဘဲသိ၏။ သုတ မယဉာဏ် စသည်ဖြင့် သိလျှင် သူတပါးအကြောင်းခံ၍ လည်းကောင်း၊ နည်းယူ၍ လည်းကောင်း သိသည်။ ဤကဲ့သို့ မဟုတ်ဘဲ သူတပါး၏ တရားဟောသံကို အစဉ်လျှောက်သော ဘာဝနာဖြင့်ရသော မိမိ၏ပညာဖြင့်မျက်မှောက်ပြု၍ သိ သည်။ သယမ္ဘူဖြင့် ကားမဟုတ်။)

သတ္တက ပြီး၏။

စ–အဋ္ဌက ၃၃

၃၂၈။ **အဋ္ဌက ၁၁**။ ။ ရှစ်ပါးသောအာနိသင်တို့ကိုမြင်သော သံဃာ သည် ထိုရဟန်းကို အာပုတ်မရှိခြင်းကြောင့် မနှင်ထုတ်အပ်။ ရှစ်ပါးသောအာနိသင်တို့ကိုမြင်သူသည် သူတပါးတို့ကို ယုံကြည်ခြင်းဖြင့်သော်လည်း ထိုအာပတ်ကို ဒေသနာကြားအပ်၏။ ယာဝ

တတိယကရုစ်ပါး။ ကုလဒ္ဓသနပြုကြောင်းရုစ်ပါး။ သက်နှိုးဖြစ်ခြင်းငှာ မာတိကာရုစ်ပါး။ [3]

ကထိန်နှုတ်ခြင်းငှာ မာတိကာရုစ်ပါး။ အဖျော်ရုစ်မျိုး။ ရုစ်ပါးသော မသူတော် တရားတို့သည် နိပ်စက်အပ်သောကြောင့် ဒေဝဒတ်သည် အပါယ်ဝရဲ တစ်ကပ်လုံး ကုစားမရသူ ဖြစ်ချေ၏။ လောကဓံတရားရုစ်ပါး။ ဂရုမံတရား ရုစ်ပါး။ ပါဠိဒေသနာ ရုစ်ပါး။ [4]

[ရုစ်ပါးသောအာနိသင်ကား- ငါတို့သည် ဤရဟန်းနှင့်အကျဉ်ပုသ်မပြု ခွဲ၍ပြုရကုန်လတ့်၊ ပဝါရဏာအတူမပြုရကုန်လတ့်၊ သံဃာ့အတူမပြုရကုန်လတ့်၊ နေရာအတူမထိုင်ရကုန်လတ့်။ [5] ယာဂုသောက်ရာ၌ အတူမထိုင်ရကုန်လတ့်၊ ဆွမ်းစားရာ၌ အတူမယှိုင်ရကုန်လတ့်၊ တစ်မိုးတည်းမအိပ်ရကုန်လတ့်၊ သီတင်းကြိုးစဉ်ရှိခိုးခြင်းစသည်ကို အတူမပြု- ခွဲ၍ပြုရကုန်လတ့်။[6] ဤသို့ ကောသမ္ဗီကဏ္ဍနှင့် ဌာ ဌာ ဌာ ဌာ ဌာ ဟောသော အာနိသင်တို့တည်း။

ဒုတိယအဌကဌ္ဌလည်း ဤအတူပင် ထိုခန္ဓကဌ္ဌဟောသည်။ ယာဝတတိယကရုစ်ပါးကား- ဘိက္ခုသံဃာဒီသေသ၌လေးပါး၊ ဘိက္ခုနီသံဃာဒီသေသ၌ အသာဓာရဏလေးပါးတည်း။ ကုလဒ္ဓသနပြုကြောင်း ရုစ်ပါးကား- ပန်းဖြင့်, သစ်သီးဖြင့်, ရေချိုးကသယ်မှုန့်ဖြင့်, မြေညက်ဖြင့်, ဒန်ပူဖြင့်, ဝါးဖြင့်, ဆေးကုခြင်းဖြင့်, မြင်းခေါင်းစေခံခြင်းဖြင့်ဟူသော ရုစ်ပါးတည်း။ မာတိကာရုစ်ပါးကို စီဝရဏ္ဍနှင့် ခ၊ ဂ၊ ဃ၊ ဟောသော ရုစ်ပါးကို ကထိနက္ခန္ဓကဌ္ဌ ဟောသည်။ ရုစ်ပါးသော မသူတော် တရားတို့သည်ဟူသည်- လာဘ်ရခြင်းသည်၊ လာဘ်မရခြင်းသည်၊ အခြံအရံရှိခြင်းသည်၊ မရှိခြင်းသည်၊ ပူဇော်ခံရခြင်းသည်၊ မခံရခြင်းသည်၊ အလိုဆိုး ရှိခြင်းသည်၊ ယုတ်မာသောမိတ်ဆွေရှိခြင်းသည် ဟူ၏သာ ရုစ်ပါးတည်း။

လောကဓံတရားရုစ်ပါးကား - လာဘ်ရလျှင်နှစ်သက်၏၊

လာဘ်မရလျှင် ဆန့်ကျင်၏၊ ထို့အတူအခြံရံရှိလျှင်၊ ပရိလျှင်၊ ချီးမွမ်းလျှင်၊ ကဲ့ရဲ့လျှင်၊ ချမ်းသာလျှင် နှစ်သက်၏၊ ဆင်းရဲလျှင် ဆန့်ကျင်၏။]

(**သာဓု**။ ။ ချစ်သားတို့ ရဟန်းသည် အာပတ်သို့ရောက်၏။ အနာပတ္တိဟု အယူရှိ၏။ တပါးသောရဟန်း တို့က အာပတ္တိဟု အယူရှိကုန်၏။ ဤအရှင်သည် ဗဟုသုတ ရှိ၏။ အာပတ်ကိုမရှုခြင်းကြောင့် နှင်ထုတ်ကြရလျှင် ဥပုသ်ကံ စသည် အတူမပြု၊ ခွဲ၍ပြုရကုန်လတ့၊ ထိုအကြောင်းကြောင့် ငြင်းခုံခြင်း ၁သည်ဖြစ်လတ့၊ ကွဲခြင်းကို စိုးရိမ်၍ အလေးပြု သူသည် ထိုရဟန်းကို မနှင်ထုတ်အပ် ၈သည်ဖြင့် အာနိသင် ရှစ်ပါးဟောဏ်။

ဥပုသ်ကံစသည် အတူမပြုခြင်းသည် ကွဲပြားကြောင်း အာဒီနဝ၊ အတူပြုခြင်းသည် ညီညွတ်ကြောင်း အာနိသင် ဖြစ်၏။ ထိုအာနိသင်ကိုမြင်လျှင် မနှင်အပ်ဟူလို။ ဒုတိယ အဋ္ဌကဋ္ဌ ချစ်သားတို့ ရဟန်းသည် အာပတ်သို့ရောက်၏၊ (ပ) ဤအရှင်တို့သည် ဗဟုသုတရှိကုန်၏၊ ငါ့ကြောင့် သူတပါး ကြောင့် အဂတိလေးပါးမလိုက်စားကုန်ရာ၊ ငါ့ကို အာပတ်မရှု ခြင်းကြောင့် နှင်ထုတ်ကြရလျှင် ဥပုသ်ကံစသည် အတူမပြု၊ ခွဲ၍ပြုရကုန်လတ့၊ ထိုအကြောင်းကြောင့် ငြင်းခုံခြင်းစသည် ဖြစ်လတ့၊ ကွဲခြင်းကို စိုးရိမ်၍ အလေးပြုသူသည် သူတပါးတို့ကို ယုံကြည်ခြင်းဖြင့်သော်လည်း အာပတ်ကို ဒေသနာကြား အပ်၏။ ၈သည်ဖြင့် အာနိသင်ရှစ်ပါးဟောဏ်။)

အဋ္ဌက ၂၂။ ။ မုသာဝါဒသည် အင်္ဂါရှစ်ပါးရှိ၏။ ဥပုသ်အင်္ဂါရှစ်ပါး။ တမန်အင်္ဂါရှစ်ပါး။ တိတ္ထိယဝတ်ရှစ်ပါး။ မဟာသမုဒ္ဒရာ ၌ အံ့ဘွယ်ရှစ်ပါး။[1] ဤ မမ္မဝိနယ၌ အံ့ဘွယ်ရှစ်ပါး၊ အနတိရိတ္ဆ ရှစ်ပါး၊

အတိရိတ္တရှစ်ပါး၊ အဌမအရဏ်ဌနိသဂ္ဂိုဖြစ်၏၊ ပါရာဇိကရှစ်ပါး။ ၁

အဌမဝတ္ထု ပြည့်စေသော ဘိက္ခုနီကို ဖျက်ဆီးအပ်၏။ အဌမဝတ္ထု ပြည့်စေလျှင် ဒေသနာကြားသော်လည်း ကြားသည်မမည်။ ကမ္မဝါစာ ရှစ်ကြိမ်ရှိသော အဌဝါစိကာဥပသမ္ပဒါ ရှစ်ယောက်တို့အား နေရာမှထ၍ ခရီးဦးကြိုဆိုအပ်၏။ ရှစ်ယောက်တို့အား နေရာပေးအပ်၏။ ၂ ဝိသာခါသည် ရှစ်ပါးသောဆုကို တောင်း၏။ ရှစ်ပါးသောအင်္ဂါနှင့်ပြည့်စုံသောရဟန်းကို ဘိက္ခုနောဝါဒက သမုတ်အပ်၏။ ဝိနယခရဋ္ဌ အာနိသင်ရှစ်ပါး။ ပရမရှစ်ပါး၊ တသပါပိယျသိကာ ကံပြုခံရသောရဟန်းသည် ရှစ်ပါးသောဓမ္မတို့၌ ကောင်းစွာကျင့်အပ်၏။ ၃ ပါတိမောက်တားခြင်း အဓမ္မိကရှစ်ပါး၊ ဓမ္မိကရှစ်ပါး။ ၄

[မုသာဝါဒအင်္ဂါသည် ဝိနီဓာယသည်နှင့် ပါဠိတော်လာနှစ်၊ ဤသို့ ရှစ်ပါးဖြစ်၏။ ဥပုသ်အင်္ဂါသည်– သူ့သက်မသတ်၊ သူ့ဥစ္စာမခိုး၊ မုသာမဆို၊ သေအရက်မသောက်၊ မမြတ်သောမေထုန်မှ ရှောင်ကြဉ်၊ နေ့ လွဲညစာမစား၊ ပန်းနံ့သာမသုံး၊ ညောင်စောင်းဌာ မြေဌာ အခင်းဌာ အိပ်ခြင်း ဤဥပုသ်အင်္ဂါရှစ်ပါးကို ဘုရားရှင်ဟာသည်။ တဖန် အင်္ဂါကား– သောတာ၊ သာဝေတာ စသည်ဖြင့် သံဃဘေဒကဌာ ဟောသည်။ တိတ္ထိယဝတ် ရှစ်ပါးကား မဟာခန္ဓကဌာ ညွှန်းပြီးပြီ။

အနတိရိတ္တာ၊ အတိရိတ္တာတို့ကို ပဝါရဏာသိက္ခာပုဒ်ဌာ ညွှန်းပြီးပြီ၊ ဘတ္တဂ္ဂဌာ သီတင်းကြီးဘိက္ခုနီ ရှစ်ယောက်တို့အားထ၍ ခရီးဦးကြိုဆိုအပ်၏။ ၎င်းတို့အားသာ နေရာလည်းပေးအပ်၏။ ဝိနယခရ အာနိသင် ရှစ်ပါးကား ပဋ္ဌကင်းပါးဌာ တသာခေယျော၊ ဥပေါသထော ပဝါရဏာ သံဃကမ္မံ – သုံးခုထည့်လျှင် ရှစ်ခုဖြစ်၏။

ပရမရှစ်ပါးကား– ရှေးဆိုပြီးပရမတို့ကိုသာ အဌကစွမ်းဖြင့် ယှဉ်သိအပ်၏။ ရှစ်ပါးသော ဓမ္မတို့ဌာ ကောင်းစွာကျင့်အပ်၏ဟူသည်– ပကတတ်အား ဥပုသ်မထားအပ်၊ ပဝါရဏာမထားအပ် စသည်ဖြင့် သမထကွန္ဓကဌာ ဟောပြီးပြီ၊ အကြွင်းပေါ်လွင်ပြီ။]

(**ဓီဋ္ဌိ၊ သာဋ္ဌိ**။ ။ ပါဠိတော်လာ ခုနစ်ကား– ပုဗ္ဗေ ဝဿတောတိ စသည်ဖြင့်လာ၏။ မုသာကို ငါဆိုမည်ဟု ရှေးဦးစွာကြံခြင်း၊ ဆိုစဉ် ငါဆို၏ဟု သိခြင်း၊ ဆိုပြီးနောက် ငါ မုသာဆိုပြီးပြီဟု သိခြင်း၊ ဒိဋ္ဌိ အယူကိုဆောက်တည်၍၊ (ခန္ဓီ) သည်းခံခြင်းကိုဆောက်တည်၍၊ (ရုစိ) နှစ်သက်ခြင်းကိုဆောက်တည်၍၊ (ဘာဝံ) အလိုကိုဆောက်တည်၍ ဟု ခုနစ်ပါးလာ၏။ (သည်) သညာကိုဆောက်တည်၍ ထည့်လျှင် ရှစ်ပါးဖြစ်၏။ ဥပေါသထ သီလကိုကျင့်သူသည် ညဉ့်၌ မစား၊ နေ့၌သော်လည်း နေလွဲ မစား၊ ညောင်စောင်းစသည်ကား– ကပ္ပိယညောင်စောင်း၌ဖြစ်စေ၊ အင်္ဂတေစသည်ဖြင့် အပြေအပြစ်ပြုသောမြေ၌ဖြစ်စေ၊ မြက် သစ်ရွက်စသည်တို့ကိုပြုသော အခင်း၌ဖြစ်စေ အိပ်ရာ၏။

·အနတိရိတ္တတို့သည် အကပ္ပိယကတံ ဟောတိ၊ အပ္ပဋိဂ္ဂဟိတကံ စသော ရှစ်ပါးတို့ဖြစ်ကုန်၏။ (နှ ဂိလာနာ တိရိတ္တံနှင့် ရှစ်ပါးဟူ။) ထောပတ်စသော ဆေးငါးမျိုးသည် အဌမ အရဏ်၌ နိဿဂ္ဂိ၊ မိုးရေခံသင်္ကန်းလျှလိုခြင်းစသော ဆုရှစ်ပါး ဝိသာခါတောင်း၏။ ရှေးဦးစွာ ပရမရှစ်ပါး အဌကတစ်ခု၊ ထိုမှ တစ်ခုဆယ်၍ အကြွင်းတစ်ခုစီဖြင့် တပါးသော အဌက တို့ကို ပြုအပ်ကုန်၏။)

အဌကပြီး၏။

၉ – နဝက ၂၆

၃၂၉။ **နဝက ၁၄** ။ ။ အာယာတဝတ္ထုကိုးပါး ။ ။ အာယာတ ပဋိဝိနယကိုးပါး။ ။ ဝိနိတဝတ္ထု–(အာယာတ

ငြိမ်းခြင်း ကိုးပါး)။ ပဌမာပတ္တိက ကိုးပါး။ ။ ကိုးယောက်ဖြင့် သံယာသည် ခွဲ၏။ ၁ ပဏီတဘောဇဉ်ကိုးပါး အသားကိုးမျိုးဖြင့် ဒုက္ကဋ် ။ ။ ပါတိမောက်ပြခြင်း ကိုးပါး။ ပရမကိုးပါး။ တဏှာ မူလဓမ္မကိုးပါး။ ၁ မာနကိုးပါး ။ သက်နှိုးကိုးထည် အဓိဋ္ဌာန်တင်အပ်၏။ သက်နှိုးကိုးထည် ဝိကပ္ပနာ မပြုအပ်၏။ အလျားမှ ဘုရားရှင်အထွာဖြင့် ကိုးထွာ။ ၄

[အာယာတဝတ္ထုကိုးပါးကား – ငါ၏အကျိုးမဲ့ကိုပြုပြီးပြီ – အစရှိသော ကိုးပါးတည်း။ အာယာတပဋိဝိနယကိုးပါးကား – ငါ၏အကျိုးမဲ့ကိုပြုပြီးပြီ၊ ဤပြုပြီးသောသူ၌ ထိုအမျက်ထွက်စရာအကြောင်းအရာကို အဘယ်မှာရနိုင်အံ့နည်းဟု အာယာတကို ပယ်ဖျောက်ခြင်းစသော ကိုးပါးတည်း။ ဝိနိတဝတ္ထုကိုးပါးကား – ဂဲုးပါးသောအာယာတဝတ္ထုတို့မှ ရှောင်ကြဉ်ခြင်းအကြောင်း ပျက်ခြင်းတည်း။ ။ ကိုးယောက်ဖြင့် သံယာကွဲခြင်းကား – ချစ်သားဥပါလိ ကိုးယောက်၊ ကိုးယောက်ထက် လွန်သူတို့အား သံယာဓိလည်းဖြစ်၏၊ သံယဘေဒလည်းဖြစ်၏ – ဟု ဟောသည်။

ပရမကိုးပါးကား – ယခင်ပရမတို့ကို နဝကစွမ်းဖြင့် ယှဉ်သိအပ်ကုန်၏။ တဏှာမူလကဓမ္မကိုးပါးကား–တဏှာကိုစွဲ၍ ပရိယေသနာ–ရှာမှီးခြင်းဖြစ်၏၊ ပရိယေသနာကိုစွဲ၍ လာဘ– ရခြင်းဖြစ်၏။ လာဘကိုစွဲ၍ ဝိနိစ္ဆယ– ဝိတက်ဖြစ်၏။ ၂ ဝိနိစ္ဆယကိုစွဲ၍ ဆန္ဒ ရာဂ–ပြင်းထန်သော ရာဂဖြစ်၏။ ဆန္ဒရာဂကိုစွဲ၍ အဇ္ဈောသာန – အလွန်မက်မောခြင်းဖြစ်၏။ အဇ္ဈောသာနကိုစွဲ၍ ပရိဂ္ဂတ – သိမ်းဆည်းခြင်းဖြစ်၏။ ၂ ပရိဂ္ဂတကို စွဲ၍ မစ္ဆရိယ– ဝန်တိုခြင်းဖြစ်၏၊ မစ္ဆရိယကိုစွဲ၍ အာရက္ခာ – စောင့်ရှောက်ခြင်းဖြစ်၏။ အာရက္ခာကို အကြောင်းခံ၍ ဒဏ္ဍာဒါန – တုတ် လုံတံကိုင်ခြင်း၊ သတ္ထာဒါန – ဓါးကိုင်ခြင်း၊ ကလဟ–ကိုယ်နှုတ်ခိုက်ရန်ပြုခြင်း၊ ဝိဂ္ဂဟ– ရှေ့ရှေ့ဆန့်ကျင်ခြင်း၊ ဝိဝါဒ–နောက်နောက် ငြင်းခုံခြင်း၊ တုဝံတုဝံ– နှင့်နှင်ဟုဆိုခြင်း၊ ပေသုည–ဂုံးတိုက်ခြင်း၊ မုသာဝါဒ– မုသာဆိုခြင်း ဖြစ်၏။ ၂ မာနကိုးပါးကား –

မြတ်သောသူအား ငါသည်မြတ်၏ဟု မာနဖြစ်ခြင်းစသည်တို့တည်း။ သက်နှိုးကိုးထည်ကား- တိစီဝရိတ်၊ မိုးရေခံစသော ကိုးထည်တည်း။ ဝိကပ္ပနာ မပြုအပ်ဟူသည်ကား- အဓိဋ္ဌာန်တင်သော ကာလမှစ၍ ဝိကပ္ပနာ မပြုအပ်။]

(**ဒီဋ္ဌိ**။ ။ ရဟန်းကိုးပါးတို့ဖြင့် သံဃာကွေ၏။ မနုဿမံသကြဉ်သော အသားကိုးမျိုးဖြင့် ဒုက္ခင့်၊ ကောင်း မကောင်းသော သဃ်ာဋ် စသော ကိုးထည်တို့ကို အဓိဋ္ဌာန်တင်သော ကာလမှစ၍ ဝိကပ္ပနာမပြုအပ်။ ပစ္စုဒ္ဓိရ်မပြုဘဲ၊ ဝါ – အဓိဋ္ဌာန်မချဘဲ ဝိကပ္ပနာမပြုအပ်ဟူလို၊ ကိုးထွာသည် သုဂတစီဝရ ပမာဏဖြစ်၏၊

သာဋ္ဌိ။ ။ အာယာတဝတ္ထုသည် အာယာတကာရက-အမျက်ထွက်ခြင်း၏ အကြောင်းဖြစ်၏။ အာယာတ ပဋ္ဌိဝိနံယသည် အာယာတကိုပယ်ဖျောက်ခြင်း၏ အကြောင်းတည်း။ ထိုအကျိုးမဲ့ပြုခြင်းသည် မဖြစ်ပါစေလင့်ဟု ထိုပုဂ္ဂိုလ်၌ အဘယ်အကြောင်းဖြင့် ရနိုင်အံ့နည်း၊ တယောက်သည် တယောက်အား မိမိစိတ်အလိုဖြင့် အကျိုးမဲ့ကို ပြုမြဲတည်း။ ဤသို့ကြ၍ အာယာတကို ပယ်ဖျောက်၏။ တစ်နည်း – ငါအား အမျက်ထွက်ရာသော အကြောင်းကို ဤပုဂ္ဂိုလ်၌ အဘယ်သို့ရထိုက်သနည်း။ အကျိုးမရှိခြင်းကြောင့်တည်း။

သတ္တဝါသည် ကံသာလျှင်မိမိဥစ္စာရှိ၏။ တစ်ယောက် ၏ အလိုဖြင့် တစ်ယောက်သုခ ဒုက္ခဖြစ်နိုင်သလော၊ ထိုသူ၌ ငါ၏ အမျက်ထွက်ခြင်းသာ သက်သက်ဖြစ်ရာ၏ဟူလို။ တစ်နည်း – ပရမတ်အားဖြင့် စိတ်ဆိုးအပ်သူ၊ စိတ်ဆိုးတတ်သူ မရှိ၊ သခ်ါရမျှ ခန္ဓာငါးပါးမျှကို သတ္တဝါဟုခေါ်သည်။ ထိုသခ်ါရ တို့သည် ထို သောကာလ တခဏမျှသာ တည်ကုန်၏။

စိတ်ဆိုးအပ်သူ စိတ်ဆိုးတတ်သူ အဘယ်မှာရှိအံ့နည်း၊ အမျက်ထွက်လျှင် အကျိုးမဲ့ဖြစ်ခြင်းမှတပါး ဘာမျှမရှိဟု ပယ်ဖျောက်၏။ ။ တဏှာကိုစွဲ၍ ဟူသည်၌ တဏှာသည် ဧသနာတဏှာ၊ ဧသိတ တဏှာဟု နှစ်မျိုးရှိ၏။ လမ်းကောင်း လမ်းဆိုးသွား၍ စည်းစိမ်ရှာဖွေကြောင်း တဏှာသည် ဧသနာတဏှာမည်၏။ ရပြီးသည်၌ တပ်သောတဏှာသည် ဧသိတတဏှာမည်၏။ ဤ၌ ဧသိတတဏှာကိုယူအပ်၏။ ပရိယေသနာသည် ရူပါရုံစသော အာရုံငါးပါးကို ရှာခြင်းဖြစ်၏။ တဏှာရှိလျှင် ပရိယေသနာဖြစ်သည်။ လာဘသည် အာရုံငါးပါးရခြင်းတည်း။ ပရိယေသနာရှိလျှင် လာဘ ဖြစ်သည်။ ဝိနိစ္ဆယသည် ဉာဏ၊ တဏှာ၊ ဒိဋ္ဌိ၊ ဝိတက်ဟု လေးမျိုးရှိ၏။ သုခဝိနိစ္ဆယ်ဧညာ၊ သုခဝိနိစ္ဆယ်ဥတွာအနုယုဇ္ဇေယျ ၌ ဉာဏသည် ဝိနိစ္ဆယမည်၏။

ဒွေဝိနိစ္ဆယ တဏှာဝိနိစ္ဆယော ဒိဋ္ဌိဝိနိစ္ဆယောဘ၌ တဏှာ ဝိစရိတ ၁၀၈-ပါးသည် တဏှာဝိနိစ္ဆယ၊ ၆၂- ပါးသော ဒိဋ္ဌိသည် ဒိဋ္ဌိဝိနိစ္ဆယ မည်၏။ ဆန္ဒော ခေါ ဒေဝါနမိန္ဒ ပိတက္ကနိဒါနော ၌ ဝိတက်ကို ဤ၌ ဝိနိစ္ဆယဟုဆိုသည်။ (ဆန္ဒ ရာဂသည် ဝိတက်လျှင်အကြောင်းရှိ၏ဟူလို။) လာဘ်ရလျှင် ဤမျှခံစားမည်၊ ဤမျှသိုမှီးမည်၊ ဤမျှ သူတပါးအတွက် စသည်ဖြင့် ဝိတက်ဖြင့် ဆုံးဖြတ်၏။ ဆုံးဖြတ်ကြောင်း ဝိတက်သည် ဝိနိစ္ဆယမည်၏ဟူလို။ ထို့ကြောင့် လာဘ်ပဋိစ္စဝိနိစ္ဆယော - ဟုဆိုသည်။ ဆန္ဒ ရာဂသည် ဝိတက်ဖြင့်ဆုံးဖြတ်အပ်သော အာရုံ၌ အားသေးသောရာဂ ၊ အားကြီးသော ရာဂဖြစ်၏။ အဗ္ဗောသာန သည် ငါ၊ ငါ့ဥစ္စာဟုအားရှိသော ဆုံးဖြတ်ခြင်းဖြစ်။ (တဏှာမာန ဒိဋ္ဌိအားကောင်း လာသည်ဟူလို။) ပရိဂ္ဂဟသည် တဏှာဒိဋ္ဌိစွမ်းဖြင့် သိမှီးခြင်းတည်း။ မစ္ဆရိယားသည် သူတပါးတို့နှင့်

ဆက်ဆံခြင်းကို သည်းမခံနိုင်ခြင်းတည်း။ ထို့ကြောင့် ရှေးဆရာတို့သည် မာ+အစ္ဆရိယံ– ဟု ပုဒ်ဖြတ်ကုန်၏။ ဤအံ့ဩဖွယ်သည်– သူတပါးတို့အား မဖြစ်ပါစေလင့်၊ ငါအား သာ ဖြစ်ပါစေ –ဟူ၍ဖြစ်သည်ဟူလို။ အာရက္ခာသည် တံခါးပိတ်ခြင်း၊ သေတ္တာသံတင်းသော့ခတ်ခြင်း စသည်ဖြင့် ကောင်းစွာ စောင့်ခြင်းတည်း။ အဓိကရောတီတိ အဓိ ကရဏံ၊ အကြောင်းရ၏။ အာရက္ခာဓိကရဏံသည် ဘာဝ နပုံသက ဖြစ်၏။ စောင့်ရှောက်ခြင်းဟူသော အကြောင်းကြောင့်ဟု အနက် ဖြစ်၏။ သူတပါးအား တားခြင်းငါ တုတ်ကိုင်ခြင်းစသည်ကို ပြု၏။

ဝိကပ္ပနာမပြုအပ်ဟူသည် အဓိဋ္ဌာန်မတင်မီသော် လည်းကောင်း၊ အဓိဋ္ဌာန်စွန့်ပြီးနောက်သော်လည်းကောင်း၊ ဝိကပ္ပနာပြုအပ်၏။ အဓိဋ္ဌာန်တင်ပြီးနောက် အဓိဋ္ဌာန်မစွန့် **မချဘဲ** ဝိကပ္ပနာ မပြုအပ်ဟူသော အဓိပ္ပါယ်တည်း။

ဝိဋ္ဌိ။ ။ တံ၊ ထိုအကျိုးမဲ့ကို မပြုခြင်းကို၊ ဧတ္ထ၊ ဤသူ၌၊ ဝါ– ဤသတ္တဝါအဝေါင်း၌၊ ကုတော၊ အဘယ်အကြောင်းဖြင့်။ လဇ္ဇာ၊ ရခြင်းငါ တတ်နိုင်မည်နည်း။ ဤသို့ နှလုံးသွင်း၍ အာယာတကို ပယ်ဖျောက်၏။)

နဝက ၁၂။ ။ အဓမ္မိကဒါနကိုးမျိုး။ ။ အဓမ္မိကပဋိဂ္ဂကိုးမျိုး။ ။ အဓမ္မိကပရိဘောဂကိုးမျိုး။ ။ ဓမ္မိကဒါနသုံးမျိုး။ ဓမ္မိကပရိဂ္ဂဟသုံးမျိုး။ ဓမ္မိကပရိဘောဂသုံးမျိုး။ အဓမ္မိက ပညတ္တိကိုးမျိုး။ ၁ ဓမ္မိကပညတ္တိကိုးမျိုး။ ။ အဓမ္မက် ၌ ဒွေနဝက။ ။ ဓမ္မက်၌ ဒွေနဝက။ ၁ ပါတိမောက်ထားခြင်း အဓမ္မိကကိုးမျိုး။ ဓမ္မိကကိုးမျိုး။ ၂

[အဓမ္မိကဒါနကိုးမျိုးကား – သံဃာအား ညွှတ်ပြီးသည်ကို တပါးသော သံဃာအား စေတီအား၊ ပုဂ္ဂိုလ်အား ညွှတ်ခိုင်းခြင်းသုံးမျိုး၊ စေတီအားညွှတ်ပြီးသည်ကို တပါးသောစေတီအား၊ သံဃာအား၊

ပုဂ္ဂိုလ်အား ညွှတ်ခိုင်းခြင်းသုံးမျိုး၊ ပုဂ္ဂိုလ်အား ညွှတ်ပြီးသည်ကို တပါးသောပုဂ္ဂိုလ်အား၊ သံဃာအား၊ စေတီအား ညွှတ်ခိုင်းခြင်းသုံးမျိုး - ဤသို့.ကိုးမျိုး ဟောသည်။ ဤဒါနကိုးမျိုးကို အလှူခံခြင်းသည့် အဓမ္မပဋ္ဌိဂ္ဂဟာကိုးမျိုး။ သုံးဆောင်ခြင်းသည် အဓမ္မိကပရိဘောဂ ကိုးမျိုး ဖြစ်ကုန်၏။ (ဤ၌ ညွှတ်ခိုင်းသူ လှူခိုင်းသူအားသာ အပြစ်ရှိသည်။ လှူသူ၊ ခံသူ၊ သုံးဆောင်သူတို့.အား အဓမ္မိကအမည် ကပ်ငြိရုံသာတည်း၊ အပြစ်မရှိ။) ဓမ္မိကဒါန သုံးမျိုးကား၊ သံဃာအား ညွှတ်ပြီးသည်ကို သံဃာအားသာလှူခြင်း၊ စေတီအားညွှတ်ပြီးသည်ကို စေတီအားသာ၊ ပုဂ္ဂိုလ်အားညွှတ်ပြီးသည်ကို ပုဂ္ဂိုလ် အားသာလှူခြင်းဖြင့် သုံးမျိုးတည်း။

၄င်းတို့.ကိုအလှူခံခြင်း၊ သုံးဆောင်ခြင်းတို့.သည်ပဋ္ဌိဂ္ဂဟာ၊ ပရိဘောဂတို့.ဖြစ်ကုန်၏။ **အဓမ္မိကပညတ္တိ** ကိုးမျိုးကား - အဓမ္မဝါဒီ ပုဂ္ဂိုလ်သည်၊ သမ္မဟုလာသည်၊ သံဃာသည်ဟု သုံးမုဇသောတိက ကို့.ကို သမထကွန္ဒကဋ္ဌ ညွှန်းပြီးပြီ။ ဓမ္မိကပညတ္တိတို့.ကိုလည်း ဓမ္မဝါဒီ ပုဂ္ဂိုလ်သည် စသည်ဖြင့် ထိုခန္ဓကဋ္ဌ ညွှန်းပြီးပြီ။ (အစစွာ သမ္ဘုဝါ ဝိနည်းဋ္ဌ ကဏ္ဍပကွဲနဝက၊ သုက္ကပကွဲနဝက-ဟုဟောသည်။ ။ အဓမ္မကံ၌ ဒွေနဝကကို ဩဝါဒဝဂ်ပဌမသိက္ခာပုဒ် နိဒ္ဒေသ၌ ဒုက္ကဋ် စွမ်းဖြင့် ဟောသည်။ ဓမ္မကံ၌ ဒွေနဝကကို ပါစိတ်စွမ်းဖြင့် ဟောသည်။)

(**ဇိဋ္ဌိ**။ ။ ဝဂ္ဂဘိက္ခုနှိမ်သံဃံဝဂ္ဂသည် ဩဝါဒ-စသည် ဖြင့် ဒွေနဝကကို ဒုက္ကဋ်စွမ်းဖြင့်ဟောသည်။

သာဋ္ဌိ။ ။ တို့.အတူပင်တည်း။)

နဝကပြီး၏။

၁၀ – ဒသက ၅၀

၃၃၀။ **ဒသက ၁၄** ။ ။ အာဃာတဝတ္ထုဆယ်ပါး။ ။ အာဃာတ
ပဋိဝိနယဆယ်ပါး။ ဝိနိတဝတ္ထုဆယ်ပါး။
ဆယ်ပါးသောဝတ္ထုရှိသော မိစ္ဆာဒိဋ္ဌိ။ ဆယ်ပါးသောဝတ္ထုရှိသော သမ္မာဒိဋ္ဌိ။ ၁
ဆယ်ပါးသော အန္တဂ္ဂါဟိကာဒိဋ္ဌိ။ မိစ္ဆတ္တတရား၊ဆယ်ပါး။ ။ သမ္မတ္တတရား
ဆယ်ပါး။ ။ အကုသလကမ္မပထ ဆယ်ပါး။ ကုသလ ကမ္မပထဆယ်ပါး။ ၁
စာရေးတံယူခြင်း အဓမ္မိကဆယ်ပါး။ ဓမ္မိကဆယ်ပါး။ သာမဏေသိက္ခာပုဒ်
ဆယ်ပါး။ ။ ဆယ်ပါးသောအင်္ဂါနှင့်ပြည့်စုံသော သာမဏေကို အသွင်ဖျက်ဆီး
အပ်၏။ ။ ၄

[အာဃာတဝတ္ထုဆယ်ပါးကား – ယခင်ကိုးပါး၊ အရာမဟုတ်
သည်၌ အာဃာတဖြစ်ခြင်းဟူသော အဌာနကောပနှင့်ဆယ်ပါးတည်း။
အာဃာတပဋိဝိနယဆယ်ပါးကား – အာဃာတဆယ်ပါးကို– တံတု
တောဟူလတ္တာ – ထိုထိုစိတ်ဆိုးစရာတို့ မဖြစ်ပါစေလင့်ဟူ၍လည်းကောင်း၊
အဘယ်မှာတောင့်တ၍ ရန်ငြိုးနည်းဟူ၍လည်းကောင်း၊ ပယ်ဖျောက်၍
ဆယ်ပါးတည်း။ ။ ဝိနိတဝတ္ထုဆယ်ပါးကား – ထိုအာဃာတဝတ္ထု
ဆယ်ပါးတို့မှ ရှောင်ကြဉ်သော ဝိရတီဆယ်ပါးတည်း။ ။ ဒသဝတ္ထုကာ
မိစ္ဆာဒိဋ္ဌိကား နတ္ထိဒိန္နံ – စသောဆယ်ပါးတည်း။ ။ အတ္ထိဒိန္နံ –စသော
ဆယ်ပါးသည် သမ္မာဒိဋ္ဌိဖြစ်၏။ ။ သဿတော လောကောစသည်ဖြင့်
အန္တဂ္ဂါတိကာဒိဋ္ဌိဆယ်ပါးကို သိအပ်၏။ ။ မိစ္ဆာဒိဋ္ဌိအစ – မိစ္ဆာဝိမုတ္တိ
အဆုံးသည် မိစ္ဆတ္တဆယ်ပါးမည်၏။ ။ ထိုမှပြန်လျှင် သမ္မတ္တဆယ်ပါး
မည်၏။ စာရေးတံယူခြင်းတို့ကို သမထက္ခန္ဓကဋ္ဌ ညွှန်းပြပြီး။]

(**ဓီဋ္ဌိ**။ ။ အနည်းငယ်ငြင်းခုံရုံမျှသော အဓိကရဏ်း
ဖြစ်ခြင်း၊ နှစ်ကြိမ် သုံးကြိမ်မဆုံးဖြတ်ရသေးခြင်း၊ အဓမ္မဝါဒီ
များတန်ရာ၏ဟုသိခြင်း၊ မိမိအယူဝါဒအတိုင်း မယူခြင်း
စသည်ဖြင့် အဓမ္မိကဆယ်ပါး၊ ဓမ္မိကဆယ်ပါးကို ယေဘုယ္ယ

သိကာဝိနည်းခ္ဍ ဟောသည်။

သာဓု။ ။ နတ္ထိဒိန္နံ –စသော ဒသဝတ္ထုကဲမိစ္ဆာဒိဋ္ဌိကား- နတ္ထိဒိန္နံ–ဒါနကျိုးမရှိ၊ နတ္ထိယိဋ္ဌံ၊ ယဇ်ကြီးအကျိုးမရှိ၊ နတ္ထိဟုတံ– ဧည့်ဝတ်စသော ယဇ်ငယ်အကျိုးမရှိ၊ နတ္ထိသုကဋ ဒုက္ကဋာနံ ကမ္မာနံ ဝိပါကော–ကောင်းမှု မကောင်းမှုကျိုးမရှိ၊ နတ္ထိအယံ လောကော– တမလွန်မှလာရာ ပစ္စုပ္ပန်လောက မရှိ (တမလွန်ခ္ဍစိတ်ဖြင့်တည်၍ယူသည်။) နတ္ထိပရလောကော ဤမှသွားရာ တမလွန်လောကမရှိ –(ဤလောကခ္ဍစိတ်ဖြင့် တည်၍ယူသည်။) နတ္ထိမာတာ – အမိခ္ဍပြုကျိုးမရှိ၊ နတ္ထိပိတာ – အဘခ္ဍပြုကျိုးမရှိ၊ နတ္ထိသတ္တာ –သြပပါတိကာ – သေ၍ တဖန် ပဋိသန္ဓေနေသူ မရှိ (ဥပပါတ်တစ်မျိုးတည်းမဟုတ်။) နတ္ထိလောကေ သမဏ ဗြဟ္မဏာ၊ (ပ)၊ ပဝေဒေန္တိ – အနုလောမ ပဋိပဒါကျင့်သော သမဏဗြဟ္မဏလည်းမရှိ – ပစ္စုပ္ပန်လောက တမလွန်လောကကို ကိုယ်တိုင်သိ၍ ဟောသော သဗ္ဗညု ဘုရားလည်းမရှိ။ ဤဆယ်ပါးတည်း။

သဿတော – စသော အန္တဂ္ဂါတိကာဒိဋ္ဌိ ကား- သဿတော လောကော၊ သတ္တဝါသည်မြဲ၏၊ အသဿတော လောကော – မမြဲ။ အန္တဝါလောကော – သတ္တဝါသည် အဆုံးရှိ၏၊ အနန္တဝါလောကော – အဆုံးမရှိ၊ တံဇီဝံတံသရီရံ၊ ဇီဝနှင့်သရီရ တခြားစီမဟုတ်၊ အညံဇီဝံ အညံသရီရံ – ဇီဝ တခြား ကိုယ်တခြား။ ၆ ဟောတိတထာဂတော ပရမ္မရဏာ - သတ္တဝါသည် သေပြီးလျှင်ဖြစ်၏။ နဟောတိ - တထာဂတော ပရမ္မရဏာ– မဖြစ်။ ဟောတိ စ နဟောတိ စ – တထာဂတော ပရမ္မရဏာ၊ ဖြစ်သူလည်းရှိ၏၊ မဖြစ်သူလည်း ရှိ၏၊ နေဝဟောတိ နနဟောတိ – တထာဂတော ပရမ္မရဏာ -

ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်းမဟုတ်။[၄] ဤ ဆယ်ပါးတည်း။ မိစ္ဆာဒိဋ္ဌိစသော မိစ္ဆတ္တဆယ်ပါးကား – မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝ၊ မိစ္ဆာဝါယာမ၊ မိစ္ဆာသတိ၊ မိစ္ဆာသမာဓိ၊ မိစ္ဆာညာဏ၊ မိစ္ဆာဝိမုတ္တိ – ဤဆယ်ပါးတည်း။

ထိုတွင် မိစ္ဆာညာဏဟူသည် ,မကောင်းမှုကိုကြံစည်စိတ်ကူးရှုပြုပြီးလျှင် – ငါသည်ကောင်းစွာ ပြုအပ်ပေပြီဟု ဆင်ခြင်သော ခြင်းရာဖြင့်ဖြစ်သော မောဟတည်း။ မိစ္ဆာဝိမုတ္တိကား – ကိလေသာမှမလွတ်ဘဲ လွတ်ပြီဟု မှတ်ထင်သော သညာတည်း။ ။ သမထကွန္ဒကဋ္ဌ ညွှန်းခြင်းကား – အနည်းငယ် ငြင်းခုံရုံမျှသောအဓိကရဏ်းဖြစ်ခြင်း စသည်ဖြင့် ညွှန်းပြ၏။

ဝိဋ္ဌိ။ ။ အန္တဂ္ဂါဟိကာ ဆယ်ပါး၊ မိစ္ဆတ္တဆယ်ပါးကို သာဋ္ဌိအတိုင်း ရေတွက်ပြသည်။ မိစ္ဆာညာဏဟူသည် – မိစ္ဆာဒိဋ္ဌိနှင့်ယှဉ်သော မောဟတည်း။ ကိလေသာမှ မလွတ်ဘဲ လွတ်ပြီဟု မှတ်ထင်ခြင်းသည် မိစ္ဆာဝိမုတ္တိမည်၏။ ထိုမှပြန်သော သမ္မတ္တ ဆယ်ပါးဌ အရဟတ္တဖိုလ်သည် သမ္မာဝိမုတ္တိ မည်၏။ ထို ဖိုလ်စိတ်နှင့်ယှဉ်သော ဉာဏ်သည်လည်းကောင်း၊ ပစ္စဝေက္ခဏာဉာဏ်သည်လည်းကောင်း သမ္မာညာဏမည်၏။)

ဒသကာ ၈။ ။ ဆယ်ပါးသောအင်္ဂါနှင့်ပြည့်စုံသော ဝိနယဓရသည် ဗာလသာမည်၏။ အတ္တနောဘာသပရိကွန္ဓံ နဥဂ္ဂဏှာတိ– မိမိစကားအပိုင်းအခြား ကိုမယူတတ်၊ သူတပါး၏ စကား အပိုင်းအခြားကို မယူတတ်၊ မိမိစကားပိုင်းခြား၊ သူတပါးစကားပိုင်းခြားကို မယူမူတတ်။ ။ အဓမ္မဖြင့် ဆုံးဖြတ်၏။ ပဋ္ဌိညာဏင်းလျက် ဆုံးဖြတ်၏။ အာပတ်မသိ၊ အာပတ္တိမူးလေမသိ၊ အာပတ္တိသမုဒယမသိ၊ အာပတ္တိ နိုရောဓမသိ၊ အာပတ္တိနိုရောဓ

ဂါမိနိပဋိပဒါမသိ။ ဆယ်ပါးသော အင်္ဂါနှင့် ပြည့်စုံသော ဝိနယဓရသည် ပဏ္ဍိတသာမည်၏။ အတ္တနောဘာသပရိယန္တံ ဥဂ္ဂဏှာတိ။(ပ)။ အာပတ္တိနိရောဓဂါမိပဋိပဒံဇာနာတိ။ ၂

ထို့ပြင် ဝိနယဓရဗာလ မည်ကြောင်းဆယ်ပါး – အဓိကရဏ်းကိုမသိ၊ အဓိကရဏမူလကို၊ သမုဒယကို၊ နိရောဓကို၊ ပဋိပဒါကို မသိ။ ။ ဝတ္ထုကို၊ နိဒါန်းကို၊ ပညတ္တိကို၊ အနုပညတ္တိကို၊ အနုသန္ဓိဝစနပထကိုမသိ။ ပဏ္ဍိတမည်ကြောင်း ဆယ်ပါး– အဓိကရဏ်းကိုသိ၏။ (ပ) အနုသန္ဓိဝစနပထကိုသိ၏။ ၂ ထို့ပြင် ဗာလမည်ကြောင်း ဆယ်ပါး– ဥတ်ကိုမသိ၊ ဥတ်ကိစ္စကိုမသိ၊ ရှေ့စကား၌မလိမ္မာ၊ နောက်စကား၌မလိမ္မာ၊ အခါကိုမသိ၊ အာပတ်နာပတ်ကိုမသိ၊ လဟု ဂရုကို၊ သာဝသေသာနဝသေသကို၊ ဒုဋ္ဌုလ္လာဒုဋ္ဌုလ္လကိုမသိ၊ ဆရာအစဉ်အဆက်ကို ကောင်းစွာမမှတ်သား။

ပဏ္ဍိတ မည်ကြောင်းဆယ်ပါး – ဥတ်ကို သိ၏။ (ပ) ဆရာအစဉ်အဆက်ကို ကောင်စွာမှတ်သား၏။ ၂ ထို့ပြင် ဗာလမည်ကြောင်းဆယ်ပါး – အာပတ် နာပတ်မသိ၊ လဟု ဂရု၊ သာဝသေသာနဝသေသ၊ ဒုဋ္ဌုလ္လာဒုဋ္ဌုလ္လ၊ ပါတိမောက်အကျယ် မလေ့လာ၊ အာပတ်နာပတ်မသိ၊ လဟုဂရု၊ သာဝ သေသာနဝသေသ၊ ဒုဋ္ဌုလ္လာဒုဋ္ဌုလ္လမသိ၊ အဓိကရဏ်း၌ အဆုံးအဖြတ်မလိမ္မာ။ ။ ပဏ္ဍိတမည်ကြောင်းဆယ်ပါး – အာပတ်နာပတ် သိ၏။ (ပ) အဆုံးအဖြတ်လိမ္မာ၏။ ၂ (ယခင် ပဌက ၁၆–ခုကို ဒသကရှစ်ခု ပြုထားသည်။)

ဒသက ၂၈။ ။ ဆယ်ပါးသောအင်္ဂါနှင့် ပြည့်စုံသောရဟန်းကို ဥဇ္ဇာဟိကာ ကမ္မဝါစာဖြင့် သမုတ်အပ်၏။ ဆယ်ပါးသော အကျိုးထူးတို့ကိုစွဲ၍ မြတ်စွာဘုရားသည် သာဝကတို့အား သိက္ခာပုဒ်ကိုပညတ်သည်။ နန်းတော်တွင်း ဝင်ရာ၌ အပြစ်ဆယ်ပါး။ ဒါနပတ္တုဆယ်ပါး။ ရတနာဆယ်ပါး။ ၅ ဆယ်ယောက်အစုရှိသော ဘိက္ခုသံဃာ။ ဒသဝဂ်သံဃာ သည် ဥပသမ္ပဒကံကို ပြုအပ်၏။ ပံသုကူဆယ်ထည် ။ သင်္ကန်းဆယ်ထည် ဆောင်ခြင်း၊ ဆယ်ရက်ပတ်လုံး အတိရေကသင်္ကန်းကို ဆောင်အပ်၏။ ၅ သုတ်ဆယ်မျိုး။

ဣတ္ထိ– မိန်းမဆယ်ယောက်၊ ဘရိယာ– မယားဆယ်ယောက်၊ ဝေသာလီ၌ ဝတ္ထု ဆယ်ပါး ပြကုန်၏။ ရှိမခိုးအပ်သူဆယ်ယောက်။ အကြောသ ဝတ္ထုဆယ်ပါး။ [၆] ဆယ်ပါးသော အကြောင်းတို့ဖြင့် ဂုံးတိုက်၏။ သေနာသန ဆယ်ခု။ ဆုဆယ်ပါး တောင်းကုန်၏။ ပါတိမောက်ထားခြင်းအဓမ္မိကဆယ်ပါး။ ဓမ္မိကဆယ်ပါး။ [၁]

ယာဂုအာနိသင်ဆယ်ပါး။ ။ အသားဆယ်မျိုးမအပ်၊ ပရမဆယ်ပါး။ ဆယ်ဝါရသော ဗျတ္တာပဋ္ဌိဗလရဟန်းသည် ရှင်ပြုပေးအပ်၏။ ရဟန်းပြုပေးအပ်၏။ နိဿယညည်းပေးအပ်၏။ သာမဏေအလုပ်အကျွေးခံအပ်၏။ ဆယ်ဝါရသော ဗျတ္တာ ပဋ္ဌိဗလာဘိက္ခုနီသည် ရှင်ပြုပေး၊ ရဟန်းပြုပေးနိဿယညည်းပေး သာမဏေမ၏ အလုပ်အကျွေးခံအပ်၏။ [၁] ဆယ်ဝါရသော ဗျတ္တာပဋ္ဌိဗလာ ဘိက္ခုနီသည် ဝုဋ္ဌာပန သမ္မုတိကို သာယာအပ်၏။ ။ အသက်ဆယ်နှစ်ရှိသော ဂိဟိဂတာအား သိက္ခာကို ပေးအပ်၏။ [၂]

[စကားများစွာဆိုကြသော အဓိကရဏ်း၌ ဆယ်ပါးသောအဂ်ါနှင့် ပြည့်စုံသော ရဟန်းကို ဥဇ္ဇာဟိကာဖြင့် သမုတ်အပ်၏။ သီလရှိ၏။ ဗဟုသုတရှိ၏။ စသည်ဖြင့် သမထက္ခန္ဓကဋ္ဌကထာသည်။ နန်းတော်တွင်း ဝင်ရာ၌ အပြစ်ဆယ်ပါးကို ရာဇသိက္ခာပုဒ်၌ ညွှန်းပြပြီ။ ။ ဒါနဝတ္ထု ဆယ်ပါးကား – အန္နံ – ထမင်း၊ ပါနံ–အဖျော်၊ ဝတ္ထံ–အဝတ်၊ ယာနံ– ယာဉ် (ဝါ) ဘိနပ်၊ မာလာ–ပန်း၊ ဂန္ဓံ –နံ့သာ၊ ဝိလေပန–နံ့သာပျောင်း၊ သေယျာ –အိပ်ရာနေရာအခင်း၊ အာဝသထံ–ကျောင်း၊ ပဒီပေယျံ– ဆီမီး။ ရတနာဆယ်ပါးကား – ပုလဲ၊ပတ္တမြား၊ ကြောင်မျက်ရွဲ စသည်တို့တည်း။ ပံသုကူဆယ်ထည်ကား –သုသာန်၌ ကျသောအဝတ်၊ အိမ်စျေး၌ကျသော အဝတ်၊ ကြွက်ခဲ၊ ခြခဲ၊ မီးလောင်၊ နွားဝါး၊ ဆိတ်ဝါး၊ တောင်ပို့ရစ်၊ ရေချိုးရာဘိသိက်သွန်းရာ၌ စွန့်သော အဝတ်၊ သုသာန်မှပြန်ဆောင်သော အဝတ် ဤသက်နှံ့တို့၌ ရဟန်းသည် အားထုတ်အပ်၏။ (ဝိသုဒ္ဓိမဂ်၌ ၂၃–မျိုးပြ၏၊ ဆိတ်ဝါး–မပါ)။ သက်နှံ့ဆယ်ထည်ဆောင်ခြင်းကား– အလုံးစုံညီသောသက်နှံ့ တို့ကို

ဆောင်ကုန်၏စသည်ဖြင့် ဟောသော ဆယ်ထည်ဟု ကုရန္ဒီ၌ ဆို၏။ မဟာအဋ္ဌကထာ၌ကား ကပ္ပိယစီဝရ သင်္ကန်းကိုးထည်တို့၌ ရေသနုပ်ဖြစ်စေ၊ ရင်လွှမ်းတဘက်ဖြစ်စေထည့်၍ ဆယ်ထည်ဟုဆို၏။ ရှိမခိုးအပ်သူဆယ်ယောက်ကို သေနာသနကွန်ရက်ပြုပြီး။ အကြောသ ဝတ္ထုဆယ်ပါးကို ဩမသဝါဒ၌ပြုပြီး။ ။ ဆယ်ပါ: သော အကြောင်းတို့ကို ပေသုညသိက္ခာပုဒ်၌ ပြုပြီး။ သေနာသနဆယ်ခုကား- မဇ္ဈော၊ ပီဋ္ဌ၊ ဘိသိ ဗိဇ္ဇောဟနံ - ဘုံလျှိုခေါင်းအုံး၊ စိမိလိကာ- မြေ၌အခင်း၊ ဥတ္တရတ္တရဏံ -ညောင်စောင်းအထက်၌အခင်း၊ ကဋ္ဌကာ- ကဲလား၊ (ဝါ) ခင်းပိုင်း၊ စမ္မကွဏ္ဍော - သာရေးနယ်-သားရေပိုင်း၊ နိသိဒနံ-နိသီဒိုင်၊ တိဏသန္ထာရော -မြက်အခင်း၊ ပဏ္ဏသန္ထာရော - သစ်ရွက်အခင်း၊ (ဘူတဂါမဝဂ်၌ သေယျဆယ်ပါးနှင့် အနည်းငယ်ထူး၏။)

ဆုဆယ်ပါးကား - ဝိသာခါဆုရှစ်ပါး၊ သုဒ္ဓေါဒနမင်းကြီးဆုတစ်ပါး၊ ဆရာဇီဝက ဆုတစ်ပါး၊ ယာဂုအာနိသင်နှင့် အသားဆယ်မျိုး တို့ကို ဘေသဇ္ဇကွန်ရက်၌ ညွှန်းပြီးပြီ။]

(**ဇီဋ္ဌ**။ ။ မာတုရက္ခိတာစသော တစ်ကျိပ်သည် ဣတ္ထိဆယ်ယောက်တည်း။ ဓနက္ကိတာစသည်တို့သည် မယားဆယ်ယောက်တို့တည်း။ အသက်ဆယ်နှစ်ရှိသော ဂိဟိဂတာအားဆယ်ဝါရသူသည် သိက္ခာသမ္မုတိပေး၍ ၁၂ - နှစ်ရှိသောအခါ မိမိသည်လည်း ၁၂- ဝါရသူဖြစ်လတ္တံ့၊ ထို့ကြောင့် ဆယ်ဝါရလျှင် ဝုဋ္ဌာပနသမ္မုတိကို သာယာအပ်၏။ ဆယ်ဝါရသော ဘိက္ခုနီသည် နိဿယည်းပေးအပ်၏ဟူသော စကားသည် စာအချို့၌မရှိ။ မရှိသော်လည်း ပါဠိတော်ပါ၌သာဖြစ်၏။

သာဋ္ဌ။ ။ မာတုရက္ခိတာဒယော- ဒသဣတ္ထိယော - ဓနက္ကိတာဒယော - ဒသဘရိယာ။)

ကောဒသက ၂၀

၃၃၁။ **ကောဒသက ၁၈။** ။ တစ်ဆယ့်တစ်ယောက်သော ပုဂ္ဂိုလ်တို့ကို ရဟန်းမပြုသေးလျှင် ရဟန်းပြုမပေးအပ်ကုန်။ ရဟန်းပြုပြီးလျှင် ဖျက်ဆီးအပ်ကုန်၏။ ပါဒုကာတစ်ဆယ့်တစ်ခုမအပ်။ သပိတ်တစ်ဆယ့်တစ်လုံးမအပ်။ သင်္ကန်း တစ်ဆယ့်တစ်ထည်မအပ်။ ယာဝတတိယက တစ်ဆယ့်တစ်ပါး။ ၁

ဘိက္ခုနီတို့အား အန္တရာယိကဓမ္မ တစ်ဆယ့်တစ်ပါး မေးအပ်၏။ သင်္ကန်း တစ်ဆယ့်တစ်ထည်ကို အဓိဋ္ဌာန်တင်အပ်၏။ တစ်ဆယ့်တစ်ထည်ကုံ ဝိကပ္ပနာ မပြုအပ်။ ဧကာဒသအရဏ်တက်လျှင် နိဿဂ္ဂိုဖြစ်၏။ ကမ္မတ်သီး တစ်ဆယ့်တစ်ခုအပ်၏။ ၁

ခါးပန်းဗီ တစ်ဆယ့်တစ်ခုအပ်၏။ ပထဝီ တစ်ဆယ့် ၀ါစ်မျိုးမအပ်။ ပထဝီ တစ်ဆယ့်တစ်မျိုးအပ်၏။ နိဿယည်းငြိမ်းခြင်း တစ်ဆယ့်တစ်ပါး။ တစ်ဆယ့်တစ်ယောက်ကို ရှိမခိုးအပ်။ ၁

ပရမတစ်ဆယ့်တစ်ပါး ။ ဆုတစ်ဆယ့်တစ်ပါးကို တောင်းကုန်၏။ သိမ်အပြစ်တစ်ဆယ့်တစ်ပါး။ ၃

[ပဏ္ဍာတ်စသော တစ်ဆယ့်ဟစ်ယောက်ကို ရဟန်းပြုမပေးအပ်၊ ပြုပြီးလျှင် ဖျက်ဆီးအပ်၏။ ပါဒုကာတစ်ဆယ့်တစ်ခုကား– ရတနာခြေနင်းဆယ်ခု၊ သစ်သားခြေနင်း တစ်ခုဖြစ်၏။ တိဏ ပါဒုကာ၊ ပုဉ္ဇပါဒုကာ၊ ပဗ္ဗဇပါဒုကာ စသည်တို့ကို ကဋ္ဌပါဒုကာ၌ ရေတွက်အပ်ကုန်၏။ (စက္ကူ၊ ရော်ဘာတို့ကိုလည်း ပါဒုကာ၌ ရေတွက်ကြသည်။) သပိတ်တစ်ဆယ့်တစ်လုံးကား– ကြေးနီသပိတ် နှင့် တစ်နည်း သစ်သားသပိတ်နှင့် ရတနာသပိတ်ဆယ်လုံး။ သင်္ကန်း တစ်ဆယ့်တစ်ထည်ကား – အလုံးစုံညီသောသင်္ကန်းစသော တစ်ဆယ့်တစ်ထည်။ ယာဝတတိယကတို့သည် ဥက္ခိတ္တာနုဝတ္တိကာ

ဘိက္ခုနီတစ်ပါး သံဃာဒိသေသ် ရှစ်ပါး၊ အရိုဋ္ဌတစ်ပါး၊ စဏ္ဍာကာဠီ တစ်ပါး – ဤသို့ တစ်ဆယ့်တစ်ပါး။

အန္တရာယိကဓမ္မ တစ်ဆယ့်တစ်ပါးကား– နသိ အနိမိတ္တာ – စသည်တို့တည်း။ အဓိဋ္ဌာန်တင်အပ်သော သက်နှံ:တစ်ဆယ့် တစ်ထည်ကား – တိစီဝရိတ်၊ မိုးရေခံ၊ နိသီဒိုင်။ ၁ အိပ်ရာခင်း၊ အမာလွှမ်း၊ မျက်နှာသုတ်၊ ပရိက္ခာရစောဠ။ ၄ ရေသနုပ်၊ ရင်လွှမ်း တဘက်။ ၂ ဤတစ်ဆယ့်တစ်ထည်ကိုသာလျှင် အဓိဋ္ဌာန်တင်သော ကာလမှစ၍ ဝိကပ္ပနာမပြုအပ်။ ။ ကမ္မတ်သီး၊ ခါ:ပန်:ဗီတို့သည် ချည်ဖြင့်ပြီ:သော သုတ္တမယနှင့် တစ်ဆယ့်တစ်ခုစီ – ခုဒ္ဒကက္ခန္ဓကဋ္ဌ ညွှန်:ပြီ:ပြီ။ ပထဝီတို့ကို ပထဝီသိက္ခာပုဒ်ဋ္ဌ ညွှန်:ပြီ:ပြီ။ နိဿယည်: ငြိမ်:ခြင်:ကား ဥပဇ္ဈာယ်မှငါ:ပါ:၊ အာစရိယမှခြောက်ပါ: – ဤသို့ တစ်ဆယ့်တစ်ပါ:။ အဝန္ဒိယတို့သည် နဂ္ဂနှင့် တစ်ဆယ့်တစ်ယောက် – သေနာသနက္ခန္ဓကဋ္ဌ ညွှန်:ပြီ:ပြီ။ ပရမတစ်ဆယ့်တစ်ပါ:ကို တစ်ဆယ့်လေ:ပါ:တို့ဋ္ဌ တစ်ဆယ့်တစ်ပါ:ဖြင့် ယှဉ်၍သိအပ်၏။ ဆုတစ်ဆယ့်တစ်ပါ:ကား မဟာပဇာပတိ တောင်:သောဆုနှင့် ယခင် ဆယ်ပါ:။ သိမ်အပြစ် တစ်ဆယ့်တစ်ပါ:သည် အလွန်ငယ်လွန်:သော သိမ်စသည်ဖြင့် ကမ္မဝဂ်ဋ္ဌလာလတ္တံ့။

ကောဒသက ၂။ ။ ဆဲရေ:တတ် ရေရွတ်တတ်သော ပုဂ္ဂိုလ်ဋ္ဌ အပြစ် တစ်ဆယ့်တစ်ပါ: အလိုရှိအပ်၏။ မေတ္တာစျာန်ကို ကောင်:စွာပွား:လျှင် အာနိသင်တစ်ဆယ့်တစ်ပါ: အလိုရှိအပ်၏။ ချမ်:သာစွာ အိပ်ရ၏။ ချမ်:သာစွာ နိ:၏။ မကောင်:သောအိပ်မက်ကိုမမြင်မက်၊ လူချစ်၏။ နတ်ချစ်၏။ နတ်တို့ စောင့်ရှောက်ကုန်၏။ ၆ မီ: အဆိပ် လက်နက် မသင့်၊ လျင်မြန်စွာ စိတ်သမာဓိ ရ၏။ မျက်နှာအဆင်: ကြည်လင်၏။ မတွေ့မဝေ အသေလု၏။ မဂ်ဖိုလ်မရလျှင် ဗြဟ္မာပြည်ဋ္ဌဖြစ်၏။[1]

* အိပ်, နိ:, မက်, ချစ် ၄ ချစ်, စောင့်, မီ:တည် ၄ ကြည်, သေ,

ဗြဟ္မာ ² ဆယ့်တစ်ဖြာ – မေတ္တာအာနိသင်)

(အကြောသက ပရိဘာသကပုဂ္ဂိုလ်၌ အပြစ်တစ်ဆယ့်တစ်ပါး ကား – ချစ်သားတို့ ဆဲရေးတတ် ရေရွတ်တတ်သူသည် သီတင်းသုံးဘော်တို့ကို ဆဲရေးတတ်၏။ ရေရွတ်တတ်၏။ အရိယာတို့ကိုစွပ်စွဲတတ်၏။ ထိုသူသည် ပျက်စီးခြင်းတစ်ဆယ့်တစ်ပါးတို့တွင် တပါးပါးသို့ မရောက်နိုင်သောအကြောင်းအရာရှိ၊ တစ်ဆယ့်တစ်ပါးကား – မရသေးသော ဂုဏ်ထူး စည်းစိမ်ကိုမရ၊ ရပြီးသောဂုဏ်ထူးစည်းစိမ်မှ ဆုတ်ယုတ်တတ်၏။ သဒ္ဓမ္မ ဟူသော ဗုဒ္ဓဝစနတို့သည် ထိုသူအား မပြကုန်။ သဒ္ဓမ္မတို့၌ အလွန်အထင်ကြီး၍ ရနိုးရနိုးဖြစ်၏။ ³ မမွေ့လျော်ဘဲ ဗြဟ္မစရိယကိုကျင့်ရ၏။ ညစ်နွမ်းသော အာပတ်တစ်ခုခုသို့လည်း ရောက်တတ်၏။ သိက္ခာချ၍ လူသော်လည်း ထွက်တတ်၏။ ရောဂါဆိုးသော်လည်း နှိပ်စက်တတ်၏။ ³

ရူးသော်လည်းရူး၊ မရူးလျှင်စိတ်ပြန့်လွင့်တတ်၏။ တွေတွေဝေဝေ အသေဆိုး၏။ သေလျှင်အပါယ်ငရဲရောက်၏။ (ပေါင်း ၁၁) ။ မေတ္တာစျာန်ကိုကောင်းစွာပွားရာ၌ – အစမှစ၍ မှီဝဲသောမေတ္တာသည် အာသေဝိတာမည်၏။ ပြည့်စုံသော တိုးပွားသောမေတ္တာသည် ဘာဝိတာမည်၏။ အဖန်ဖန်ပြုလျှင် ဗဟုလီကတာ၊ ကောင်းစွာကအပ်သော ယာဉ်ရထားနှင့်တူအောင် စီးဖြန်းလျှင် ယာနီကတာ၊ တည်ရာဖြစ်အောင် စီးဖြန်းလျှင် ဝတ္ထုကတာ၊ ဆက်ကာ ဆက်ကာစီးဖြန်း၍ အမြဲဆောက်တည်လျှင် အနုဋ္ဌိတာ၊ ဝန်းကျင်ဆည်းပူး၍ အရပ်အားလုံး၌ တိုးပွားအောင်ဖြန့်လျှင် ပရိစိတာ၊ ကောင်းစွာဝသီဘာဝသို့ ရောက်အောင် အားထုတ်လျှင် သုသမာရဒ္ဓါမည်၏။

(ထိုမေတ္တာသည် ကိလေသာမှ စိတ်လွတ်သောကြောင့် စေတောဝိမုတ္တိမည်၏။) မကောင်းသောအိပ်မက်ကို မမြင်မက်ဟူသည် မကောင်းသည်ကိုသာမမြင်၊ ကောင်းသောကြီးပွားကြောင်း အိပ်မက်ကို မြင်၏။

နတ်တို့စောင့်ဟူသည် ကိုယ်စောင့်နတ်တို့သည် တရား နှင့်ညီသော စောင့်ခြင်းကို ရှေးရှုထင်စေကုန်၏။ ဗြဟ္မာပြည်၌ ဖြစ်ခြင်းကား - မေတ္တာစျာန်မှလွန်၍ အရဟတ္တဖိုလ်ကို မျက်မှောက်မပြုနိုင်သော သေက္ခ၊ ပုထုဇဉ်အဖြစ်ဖြင့် သေလျှင် ဗြဟ္မာပြည်၌ဖြစ်၏။]

(**ဓိဋ္ဌိ**။ ။ နဝေါဒါယန္တိသည် နပကာသေန္တိ - ယူကော် ကောင်းတရားတို့သည် မပြကုန်။ ရောဂါသည်သာလျှင် ရောဂါ တက်မည်၏။ တနည်း ရောဂါအန္တရာယ်သည် ရောဂါတက် မည်၏။

သာဓိ။ ။ ကောင်းစွာထအပ်သော ယာဂုသည်လိုတိုင်း ခဏ၌ အလွယ်တကူလည်နိုင်၏။ တည်ရာ ဖြစ်အောင်ဟူသည် သမ္မတ္တိတို့၏တည်ရာ ဖြစ်အောင်တည်း။ ဆက်ကာ ဆက်ကာ ဟူသည် အကြိမ်များစွာ ပွားခြင်းဖြင့် ဆက်ကာ ဆက်ကာ စီးဖြန်းအပ်၏။ အာနိသင်တို့၌ မေတ္တာမပွားသူတို့သည် လူးလိမ့်လျက် ကျီးသံဟောက်လျက် ဆင်းရဲစွာအိပ်ရကုန်၏။

မေတ္တာပွားသူတို့ကား ဤသို့မဟုတ်။ ချမ်းသာစွာ အိပ်ရကုန်၏။ အိပ်ပျော်ခြင်းသို့ရောက်သော်လည်း သမာပတ် ဝင်စားသူတို့နှင့် တူကုန်၏။ ညည်းတွားလျက် ဆန့်တန်းလျက် လူးလိမ့်လျက် ဆင်းရဲစွာ နိုးကြသည်မဟုတ်၊ ပွင့်သော ပဒုမ္မာ ကဲ့သို့ မဖောက်မပြန် ကြည်လင်စွာနိုးကုန်၏။ ရေးဌိခံစား ဘူးခြင်းဖြင့်လည်းကောင်း၊ နတ်ကို့ဆောင်ခြင်းဖြင့် လည်း ကောင်း၊ စိတ္တဇ၊ ဥတုဇ၊ အာဟာရဇရုပ်ဖောက်ပြန်၍ ဓာတ်ချောက်ချားခြင်းဖြင့်လည်းကောင်း၊ အိပ်မက်မက်သော် လည်း မကောင်းသည်ကို မမြင်မက်၊ ကောင်းသည်ကိုသာ

မြင်မက်ကုန်၏။ ရန်သူဝိုင်းသကဲ့သို့ သားရဲနှိပ်စက်သကဲ့သို့ ချောက်ခ္ခကျသကဲ့သို့မမက်၊ ဘုရားဖူး ရသကဲ့သို့ တရားနာရသကဲ့သို့ မက်ကုန်၏။

ပုလဲသွယ် ဦးခေါင်း တန်ဆာတို့ကိုကဲ့သို့ လူတို့မြတ်နိုးကုန်၏။ ဝိသာခမထေရ်ကိုကဲ့သို့ နတ်တို့မြတ်နိုးကုန်၏။ (တောအုပ်မှ ထွက်ခွါလိုသော ဝိသာခမထေရ်ကို အရှင်ဘုရားမထွက်ခွါပါနှင့်၊ အရှင်ဘုရားမရှိလျှင် အကျွန်ုပ်တို့ နတ်အချင်းချင်း ရှေးကကဲ့သို့ မပြတ်ရန်ပွဲကြီး ဖြစ်ကြပါလိမ့်မည်။ အရှင်ဘုရားရောက်သောနေ့မှစ၍ အချင်းချင်း မေတ္တာရကြပါသည် လျှောက်ကုန်၏။ ထိုမထေရ်သည် တနေရာလေးလလျှင် နေလိုလျက် ထို၌ တစ်သက်လုံးနေ၍ နိဗ္ဗာန်စံသည်။)

မေတ္တာပွားသော ဥတ္တရာဥပါသိကာအား ထောပတ်ပူလောင်းချလျက် ပူလောင်ခြင်းမရှိ၊ သံယုတ္တ နိကာယ်ဆောင် စူဠသီဝမထေရ်အား တရားနာစဉ် မြွေကိုက်လျက် အဆိပ်မတက်၊ သံကိစ္စသာဏောအား ခိုးသူတို့၏လက်နက် မစူး မဝင်သဖြင့် တွန့်ခြင်းမဖြစ်၊ ဤ၌ နွားမဝတ္ထုကိုလည်း ဆိုကုန်၏။ နွားမတစ်ကောင်သည် သားငယ်အား နို့စို့စေလျက် ရပ်နေ၏။ မုဆိုးတစ်ယောက်သည် နွားမကိုလုံ့ဖြင့်ထိုးမည်ဟု ချိန်၍ ရိုးရှည်လုံ့ကို တအားလွှတ်လိုက်၏။ လုံ့သည် နွားမကိုထိလျက် ထန်းရွက်ကဲ့သို့ လျှောခွေလျက်ကျသွား၏။ ဤကား ဥပစာရ မေတ္တာ၊ အပွနာမေတ္တာမဟုတ်၊ သားငယ်၌အားကြီးသော အကျိုးစီးပွားဆောင်သော မေတ္တာစိတ်၏ အာနုဘော်တည်း၊ အကယ်၍ မေတ္တာစျာန် လျှောသူဖြစ်အုံ့၊ ဒေါသဝေးသော ကြောင့် လျင်စွာ စျာန်သမာဓိ ပြန်ရနိုင်၏။ ကြွေကာစ ထန်းသီးမှည့်ကဲ့သို့ မျက်နှာအဆင်း ကြည်လင်ကုန်၏။ မေတ္တာ

ပွားသူတို့အား တွေ့ဝေသော အသေဆိုး မည်သည်မဂ္ဂါ၊ အိပ်ပျော်ခြင်းသို့. ရောက်သကဲ့သို့. မတွေ့မဝေလျက်သာ တင့်တယ်စွာ သေခြင်းကို ပြုကုန်၏။)

ဇကာဒသကပြီး၏။

ဇကုတ္တရိကပြီး၏။

(၈) ဥပေါသထာဒီပုစ္ဆာဝိသဇ္ဇနာ

၃၃၂။ **ပုဒ် ၃၀၏ ပုစ္ဆာ** ။။ ဥပုသ်ကံ၏အစသည်အဘယ်နည်း။ အလယ်သည် အဘယ်နည်း။ အဆုံးသည် အဘယ်နည်း။ (နှ–ပုစ္ဆာစီ)။ ပဝါရဏာ၏။ (ပ)အဘယ်နည်း။ [၂] တဇ္ဇနိယကံ၏၊ နိယသကံ၏၊ ပဗ္ဗာဇနိယကံ၏၊ ပဋိသာရဏိယကံ၏၊ ဥက္ခေပနိယကံ၏။ [၃] ပရိဝါသ်ပေးခြင်း၏၊ အရင်းငင်ခြင်း၏၊ မာနတ်ပေးခြင်း၏၊ အဗ္ဘန်၏။ [၄] ဥပသမ္ပဒါကံ၏။ [၅] တဇ္ဇနိယကံငြိမ်းခြင်း၏၊ နိယသကံငြိမ်းခြင်း၏၊ ပဗ္ဗာဇနိယကံငြိမ်းခြင်း၏၊ ပဋိသာရနိယကံငြိမ်းခြင်း၏၊ ဥက္ခေပနိယကံငြိမ်းခြင်း၏။ [၆] သတိဝိနည်း၏၊ အမူဋ္ဌဝိနည်း၏၊ တဿ ပါပိယျသိကာ၏၊ တိဏဝတ္ထာရကာ၏။ [၇]

ဘိက္ခုနောဝါဒကသမ္မုတိ၏၊ တိစီဝရေနအဝိပ္ပဝါသသမ္မုတိ၏၊ သန္ထကသမ္မုတိ၏၊ ရူပိယဆဒ္ဒကသမ္မုတိ၏။ [၈] သာဋ္ဌိယဂ္ဂါဟာပက – မိုးရေခံသင်္ကန်းယူစေသူ (ဝါ) ပေးသူသမ္မုတိ၏၊ ပတ္တဂ္ဂါဟာပက – သပိတ်ပေးသူသမ္မုတိ၏၊ ဒဏ္ဍာသမ္မုတိ၏၊ သိက္ခာသမ္မုတိ၏၊ ဒဏ္ဍာသိက္ခာသမ္မုတိ၏ အစသည် အဘယ်နည်း။ အလယ်သည်အဘယ်နည်း။ အဆုံးသည်အဘယ်နည်း။ [၉] (၃၀× ၃=၉၀)

၃၃၃။ ဝိသဇ္ဇနာ။။ ဥပုသ်ကံ၏အစသည် အဘယ်နည်း။ အလယ်သည်၊

အဆုံးသည် အဘယ်နည်း။ ဥပုသ်ကံ၏ သာမဂ္ဂီ၊ ညီညွတ်ခြင်းသည်အစ၊ ပြုခြင်းသည် အလယ်၊ ပြီးခြင်းသည်အဆုံး၊ ပဝါရဏာကံ၏ သာမဂ္ဂီသည်အစ၊ ပြုခြင်းအလယ်၊ ပြီးခြင်းအဆုံး။ [၂]

တဒ္ဓနိယကံ၏ ဝတ္ထုသည် ပုဂ္ဂလသည်အစ၊ ဥတ်–အလယ်၊ ကမ္မဝါစာ အဆုံး၊ နိယသ၏။ (ပ)။ အဇ္ဈာန်၏ဝတ္ထုသည် ပုဂ္ဂလသည်အစ၊ ဥတ်–အလယ်၊ ကမ္မဝါစာအဆုံး။ [၄]

ဥပသမ္ပဒကံ၏ ပုဂ္ဂိုလ်သည် အစ၊ ဥတ်အလယ်၊ ကမ္မဝါစာ–အဆုံး။[၁]

ဘဒ္ဓနိယကံ ငြိမ်းခြင်း၏။ (ပ) ။ ဥက္ခေပနိယကံ ငြိမ်းခြင်း၏ သမ္မာဝတ္တနာ– ကောင်းစွာကျင့်ခြင်းသည်အစ၊ ဥတ်အလယ်၊ ကမ္မဝါစာအဆုံး။[၁]

သတိဝိနည်း၏ ။(ပ)။ ဒဏ္ဍာသိက္ခာသမ္မုတိ၏ဝတ္ထုသည် ပုဂ္ဂလ သည်အစ၊ ဥတ်အလယ်၊ ကမ္မဝါစာအဆုံး။ [၁၃]

[ညီညွတ်ခြင်းသည် အစဟူသည်ကား – ဥပုသ်ပြုအံ့ဟု သိမ်ကို သုတ်သင်၍ ဆန္ဒပါရိသုဒ္ဓိကိုဆောင်၍ စည်းဝေးသောရဟန်းတို့၏ ကိုယ်၏ ညီညွတ်ခြင်းသည် အစဖြစ်၏။ ပုဗ္ဗကိစ္စကိုပြု၍ ပါတိမောက်ရွတ်ဆိုခြင်းသည် အလယ်၊ တတ္ထသဗ္ဗေဟေဝ သမဂ္ဂေဟိ သမ္မောဒမာနေဟိ အဝိဝဒမာနေဟိ သိက္ခိတဗ္ဗံ – ဟုပါတိမောက်ပြီးစီးခြင်းသည် အဆုံး ဖြစ်၏။ ပဝါရဏာ၌ ပဝါရဏာပြုအံ့ဟု သိမ်သုတ်သင်၍ ဆန္ဒ ပါရိသုဒ္ဓိဆောင်၍ စည်းဝေးသော ရဟန်းတို့၏ ကာယသာမဂ္ဂီ သည်အာဒိ၊ ပဝါရဏာ ဥတ်သည်လည်းကောင်း၊ ပဝါရဏာကထာ သည်လည်းကောင်း၊ မဇ္ဈေ – သံဃာဝယ်၏– ပဿန္တောပဋိ ကမ်းယဟမိ – ဟူသော စကားသည် အဆုံးဖြစ်၏။ ဘဒ္ဓနိယကံ စသည် တို့၌ ကံဝိုက်ကြောင်း ပြုသော ဝတ္ထုသည် ဝတ္ထုမည်၏။ ထိုဝတ္ထုကို ပြုသူသည်၊ ဝါ–ကံထိုက် သူသည် ပုဂ္ဂလမည်၏။ ကကံသံယေန။(ပ)။ ဧဝမေတံဓာရယာမိ – ဟူသော ထိုထိုကမ္မဝါစာ၏ အဆုံးစကားသည်

အဆုံးမည်၏။ အကြွင်းအားလုံးပေါ်လွင်ပြီ။]

(**ဒီဋ္ဌိ**။ ။ သံဃံဘန္တေ ပဝါရေမိ - စသည်သည် ပဝါရဏာ ကထာမည်၏။

သာဋ္ဌိ။ ။ သံဃံဘန္တေ ပဝါရေမိ-စသည်သည် ပဝါရဏာ ကထာမည်၏ဟု ကဏ္ဌိတို့၌ ဆိုသည်။

ဝိဋ္ဌိ။ ။ ပဝါရဏာကထာဟူသည်ဒီဋ္ဌစသော သုံးဌာန ဖြင့် ဘိတ်ကြားသော စကားသာတည်း။)

(၉) အတ္ထဝသ ပကရဏ

၃၃၄။ **အကျိုးထူးဆယ်ပါး**။ ။ ဆယ်ပါးသော အတ္ထဝသတို့ကိုစွဲ၍ မြတ်စွာဘုရားသည် သာဝကတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏။ သံဃသုဋ္ဌုတာယ- သံဃာသည်ကောင်းပါပြီ၊ လိုက်နာပါမည်ဟု ဝန်ခံခြင်းငှါ၊ သံဃဖာသုတာယ- သံဃာသည် ဝန်ခံခြင်းတူ အသက်မွေးခြင်းတူသဖြင့် ချမ်းသာစွာနေရခြင်းငှါ၊ ဒုမ္မကံနှံ့ နိဂ္ဂတာယ - အလဇ္ဇီ ဒုဿီလတို့ကို နှိမ်နှိုင်ခြင်းငှါ၊ ပေသလာနံ ဖာသု ဝိဟာရာယ-လဇ္ဇီပေသလတို့ ကျင့်စရာသိ၍ ကျင့်လွယ်စေခြင်းငှါ၊ အာသဝါနံ သံဝရာယ- မျက်မှောက် အာသဝေါးကို စောင့်စည်းခြင်းငှါ၊ ပဋ္ဌိယာတာယ-တမလွန် အာသဝေါးကို တားခြင်းငှါ၊ ပသာဒါယ-- မကြည်ညိုသူ ကြည်ညိုခြင်းငှါ၊ ဘိယျောဘावါယ- ကြည်ညိုသူလွန်စွာကြည်ညိုခြင်းငှါ၊ သဒ္ဓမ္မဋ္ဌိတိယာ - သာသနသုံးရပ်တည်ခြင်းငှါ၊ ဝိနယာနုဂ္ဂဟာယ - ဝိနည်းလေးပါးကို ချီးမြှောက်ခြင်းငှါတည်း။

* သုဋ္ဌုဘာဝေန- ဝန်ခံစေငှါ ၁ ချမ်းသာမြဲခိုင် ၁ နှိမ်နှိုင်အလဇ္ဇီ ၁ လဇ္ဇီကျင့်လွယ် ၁ ဘေးနှစ်သယ်လွင့် ၂ ကြည်ညို ,ဆင့်ပွား ၂ သုံးပါး သဒ္ဓမ္မ-တည်ရအပြီး ၁ လေးဝိနည်းဖြိုး ၁ ကျိုးဆယ်မျိုး -ရှယ်ကိုးပညပ်တော်မူသတည်း။

ဗဒ္ဓစက်ဖွဲ့ခြင်း ။ ။ သံယသုဠာသည် သံယဖာသုဖြစ်၏။ သံယဖာသုသည် ဒုမ္မကုံနံနိဂ္ဂတာယဖြစ်၏။ နိဂ္ဂတာယသည် ပေသလာနံ ဖာသုဝိဟာရာယဖြစ်၏။ ဖာသုဝိဟာရာယသည် အာသဝါနံသံဝရာယဖြစ်၏။ သံဝရာယသည် ပဋိ ဃာတာယဖြစ်၏။ ပဋိဃာတာယသည် ပသာဒါယဖြစ်၏။ ပသာဒါယသည် ဘိယျောဘာဝါယဖြစ်၏။ ဘိယျောဘာဝါယသည် သဒ္ဓမ္မဋ္ဌိတိယာဖြစ်၏။ ဋ္ဌိတိယာသည် ဝိနယာနုဂ္ဂဟာယဖြစ်၏။ (ဝိနယာနုဂ္ဂဟာယသည် သံယသုဠာ ဖြစ်၏။ ၁၀)

ခဏ္ဍစက် ။ ။ သံယသုဠာသည် သံယဖာသုဖြစ်၏။ သံယသုဠာသည် နိဂ္ဂဟာယဖြစ်၏။ (ပ) ။ သံယသုဠာသည် ဝိနယာနုဂ္ဂဟာယဖြစ်၏။ (သုဠာမူ ၉–ချက်၊ ခဏ္ဍစက် ဖြစ်သောကြောင့်တည်း။)

သံယဖာသုသည် နိဂ္ဂဟာယဖြစ်၏။ (ပ)။ သံယဖာသုသည် သုဠာဖြစ်၏။ (ဖာသုမူ ၉–ချက်၊)။ ။ နိဂ္ဂဟာယသည် ၉–ချက်။ ။ ဖာသုဝိဟာရာယသည် ၉–ချက်။ ။ သံဝရာယ ၉ –ချက်၊ ပဋိဃာတာယ ၉–ချက်၊ ပသာဒါယ ၉–ချက်၊ ဘိယျော ၉–ချက်၊ ဋ္ဌိတိယာ ၉–ချက်၊ နုဂ္ဂဟာယ ၉–ချက်၊ (၉ ချက်စီ ၉၀)

ဤအတ္ထဝသအရာ၌ အတ္ထသတ် – အကျိုးတရား၊ ဓမ္မသတ် – အကြောင်းတရား၊ နိရုတ္တိဒ္ဓိသတ် – သဒ္ဒါနှစ်ရာ၊ ဉာဏစတုဿတ်၊ ဉာဏ်လေးရာသိအပ်၏။

အတ္ထဝသပကရဏပြီး၏။
မဟာဝဂ္ဂပြီး၏။

မဟာဝိဘင်း သောဠသမဟာဝါရ၊ ဘိက္ခုနီဝိဘင်းသောဠသမဟာဝါရ၊ အန္ဓကရပေယျာလ၊ ဧကုတ္တရိက၊ ဥပေါသထာဒိပုစ္ဆာဝိဿဇ္ဇနာ၊ အတ္ထဝသပကရဏာ–ဤအလုံးစုံသည် မဟာဝဂ္ဂမည်၏။ (အန္ဓကရပေယျာလသည် သမုဒ္ဒာနသိသ သခ်ေပ၊ ကတိပုစ္ဆာဝါရ၊ ဝီသတိဝါရ၊ ခန္ဓကပုစ္ဆာဝါရတို့ကည်း။)

[အတ္ထဝသ၌ ဆိုဘွယ်အနက်အဖွင့်ကို ပဌမပါရာဇိက၌ ဆိုအပ်ပြီ၊

သံဃသုဠုသည် သံဃဟာသုဖြစ်၏ - စသည်၌ အထက် အထက် ပုဒ်သည် အောက်အောက်ပုဒ်၏ - အကျိုးအတ္ထဖြစ်၏။ ဆယ်ခုသောပုဒ်တို့တွင် တစ်ပုဒ်ပုဒ်ကို မူလပြု၍ ဆယ်ကြိမ် ယှဉ်တွဲခြင်းဖြင့် ပုဒ်တစ်ရာ၊ (၀၊- နှစ်ပုဒ်စီရှိသော ၀ါကျတစ်ရာ) ကိုဟောသည်။ နောက် နောက်ပုဒ်အစွမ်းဖြင့် အကျိုးအတ္ထတစ်ရာကို ရှေးရှေးပုဒ်စွမ်းဖြင့် အကြောင်းဓမ္မတစ်ရာကို သိအပ်၏။

တစ်နည်း - ပဌမပါရာဇိကအဖွင့်၌ "မြတ်စွာဘုရား၏စကား ကို သုဠုဘာန္တေဟု ဝန်ခံလျှင် ကြာမြင့်စွာစီးပွားချမ်းသာဖြစ်၏။ ထို့ကြောင့် ဝန်မခံခြင်း၌ အပြစ်ကို ဝန်ခံခြင်း၌ အကျိုးကိုပြု၍ ဝန်ခံနိုင်စိမ့်သောဂါ သိက္ခာပုဒ်ကို ပညတ်မည်၊ အနိုင်အထက်ဖြင့်မဟုတ် "စသည်ဖြင့် ဖွင့်အပ် သောပုဒ်တို့ကို ဆယ်ကြိမ်ပြသောကြောင့် အနက်အတ္ထတစ်ရာကို လည်း ကောင်း၊ ပါဠိဓမ္မတစ်ရာကိုလည်းကောင်း၊ အနက်ကို ထွန်းပြသော သဒ္ဒါတစ်ရာ၊ ပါဠိဖြစ်၍ ဖြစ်သောသဒ္ဒါတစ်ရာဟု နိရုတ္တိနှစ်ရာကို လည်းကောင်း၊ အနက်သိ၊ ၀ါ - အကျိုးသိဉာဏ်တစ်ရာ၊ ပါဠိသိ (၀ါ) အကြောင်းသိ ဉာဏ်တစ်ရာ၊ နိရုတ္တိသိဉာဏ်နှစ်ရာအားဖြင့် ဉာဏ်လေးရာ ကိုလည်းကောင်း သိအပ်၏။]

(**သာဓု**။။ တစ်ပုဒ် တစ်ပုဒ်ကို မူလပြု၍ ရှေ့ပုဒ် နောက်ပုဒ်တို့ကို တပေါင်းတည်းပြု၍ တစ်၀ါရ တစ်၀ါရ၌ ကိုးပုဒ် ကိုးပုဒ်ဟောသဖြင့် ဆယ်ကြိမ်ယှဉ်တွဲလတ်သော် ပုဒ်ကိုးဆယ် ရ၏။ (သခ်ံလိကနယ- သံကွင်းဆက်နည်း၌ ပြန်ဖွဲ့သော ဗဒ္ဓစက်စွမ်းဖြင့် ဆယ်ပုဒ်ရ၏။ ထို့ကြောင့် ပုဒ်တစ်ရာဟု ဆိုနိုင်၏။ -- စသည်။

(ဧဒိဋ္ဌိ၌ အဘယ်သိက္ခာပုဒ်သည် ဤမည်သော ဂုဏ်ထူး ရှိ၏၊ ဤသို့ ဤသို့သော အတ္ထ၀သအကျိုးဂါ ပညတ်၏ စသည်ဖြင့် ဝေဘန်၏။)

(၁၀) ဂါထာ သင်္ကေတ

၃၃၅။ **သတ္တ နဂရေသု ပညတ္တံ** ။။ ဧကံသံ စီဝရံ ကတ္တာ၊ ပဂ္ဂဏှိတ္တာန အဠလိံ။ အာသီသမာနရူပေါ ဝ၊ ကိသ တွံ ဣမောဂတောဝ။ ဥပါလိ၊ ချစ်သားဥပါလိ၊ တွံ၊ သင်သည်၊ ဧကံသံ၊ လက်ဝဲတစ်ဖက် ပခုံးထက်၌။ စီဝရံ၊ ကိုယ်ရုံသင်္ကန်းကို။ ကတ္တာ၊ တင်သည် ကိုပြု၍။ ဝါ –တင်၍။ အဠလိံ၊လက်အုပ်ကို။ ပဂ္ဂဏှိတ္တာန၊ ချီးမြှောက်၍။ အာသီသမာနရူပေါ ဝ၊ တောင့်တသောသဘောရှိသကဲ့သို့။ ကိသ အဘယ် အကြောင်းဖြင့် ။ ။ ဣမ၊ ဤငါဘုရားထံသို့။ အာဂတောဝ ၊ ရောက်လာ သနည်း။ ။

ဒ္မိသု ဝိနယေသု ယေ ပညတ္တာ၊
ဥဒ္ဒေသံ အာဂစ္ဆန္တိ ဥပေါသထေသု။
ကတိ တေ သိက္ခာပဒါ ဟောန္တိ၊
ကတိသု နဂရေသု ပညတ္တာ။

ဘန္တေ၊ မြတ်စွာဘုရား။ ဒ္မိသုဝိနယေသု၊ နှစ်ပါးသောဘိက္ခုဝိနည်း။ ဘိက္ခုနီ ဝိနည်းတို့၌။ ပညတ္တာ၊ ပညတ်အပ်ကုန်သော။ ယေသိက္ခာပဒါ၊ အကြင် သိက္ခာပုဒ်တို့သည်။ ဥပေါသတေသု၊ ဥပုသ်နေ့ တို့၌။ ဥဒ္ဒေသံ၊ အကျဉ်းပြအပ် သည်အဖြစ်သို့။ အာဂစ္ဆန္တိ၊ ရောက်ကုန်၏။ ဟော သိက္ခာပဒါ၊ ထိုသိက္ခာပုဒ်တို့ သည်။ ကတိ၊ အဘယ်မျှတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်သနည်း။ ကတိသု နဂရေသု၊ အဘယ်မျှသော မြို့တို့၌ ။ ပညတ္တာ၊ ပညပ်အပ်ကုန်သနည်း။ ။

ဘဒ္ဒကော တေ ဥမ္မဂ်ေါ၊ ယောနိသော ပရိပုစ္ဆသိ၊
တဋ္ဌ တေ အဟ မက္ခိသံ၊ ယထာသိ ကုသလောတထာ။ ။

ဥပါလိ၊ ချစ်သားဥပါလိ။ တေ၊ သင်၏။ ဥမ္မဂ်ေါ၊ ဥမင်ပမာ ပြဿနာ သည်။ ဘဒ္ဒကော၊ ကောင်းလှ၏။ ယောနိသော၊ အသင့်အားဖြင့်။ ပရိပုစ္ဆသိ၊ သင်မေး၏။ တဋ္ဌ၊ ထို့ကြောင့်။ ယထာ၊ အကြင်ခြင်းရာဖြင့် ဖြေကြားအပ်သည်

ရှိသော်။ ကုသလော၊ သင်လိမ္မာသည်။ အသိ၊ ဖြစ်၏။ တထာ၊ ထိုခြင်းရာဖြင့်။ တေ၊ သင်အား။ အဟံ၊ ငါဘုရားသည်။ အက္ခိသံ၊ ဖြေကြားပေအံ့။

[ဤပြဿနာတို့.ကို ဘုရားရှင်လက်ထက်၌ ရှင်ဥပါလိမေး၏၊ ဘုရားရှင်ဖြေ၏။ သင်္ဂါယနာတင်သောအခါ၌ကား ရှင်မဟာကဿပ မေး၏။ ရှင်ဥပါလိဖြေ၏။ ပြဿနာသည် အဝိဇ္ဇာမှောင်တွင်းမှ ထွက်ပေါ်၍တည်ခြင်းကြောင့် ဥမ္မင်္ဂမည်၏။ (ဥမ္မဇ္ဇတီတိ ဥမ္မင်္ဂါ – မှောင်မှထွက်၍တည်သော ဥမင်ပမာပြဿနာ။) တဋ္ဌသည် အကြောင်းအနက်နိပါတ်။ ဝါ – ဝန်ခံခြင်းအနက်နိပါတ်၊ အမေးကို လက်ခံ၍ ဖြေမည်ဟူလို။]

ဒ္မိသု ဝိနယေသု ယေ ပညတ္တာ၊
ဥဒ္ဒေသံ အာဂစ္ဆန္တိ ဥပေါသထေသု။
အမုမသတာနိ တေ ဟောန္တိ
သတ္တသု နဂရေသု ပညတ္တာ။

ဥပါလိ၊ ချစ်သားဥပါလိ။ ဒ္မိသုဝိနယေသု။(၁) ဥပေါသထေသု – တေ– ထိုသိက္ခာပုဒ်တို့.သည်။ အမုမသတာနိ၊ အခွဲဖြင့်ယုတ်သော လေးရာတို့.သည်။ (ဝါ) သုံးရာ့ငါးဆယ်တို့.သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သတ္တသု နဂရေသု၊ ခုနစ်ခုသော မြို့.တို့.၌။ ပညတ္တာ၊ ပညတ်အပ်ကုန်၏။ (အမုမသတာနိသည် သုံးရာသည်လည်းကောင်း၊ ငါးဆယ်သည်လည်းကောင်းဖြစ်၏။)

မြတ်စွာဘုရား ခုနစ်ခုသောမြို့.တို့.၌ဟူသည် အဘယ်မြို့.တို့.ပါနည်း။ ဖြေကြားတော်မူပါ၊ မှတ်သား၍ကျင့်ပါကုန်အံ့၊ အစီးအပွားအလို.ငါပါတည်း။

ချစ်သားဥပါလိ – ဝေသာလီ၊ ရာဇဂြိုဟ်၊ သာဝတ္ထိ၊ အာဠဝီ၊ ကောသမ္မီ၊ သင်္ကဿတိုင်း၊ ဘဂ္ဂတိုင်းတို့.၌ ပညတ်အပ်ကုန်၏။

ဝေသာလီ၌ အဘယ်မျှ ပညတ်ပါသနည်း။ ရာဇဂြိုဟ်၌။ (ပ)။ ဘဂ္ဂတိုင်းတို့. အဘယ်မျှ ပညတ်ပါသနည်း။

ဝေသာလီ၌ ၁၀၊ ရာဇဂြိုဟ်၌ ၂၁၊ သာဝတ္ထိ၌ ၂၉၄၊ အာဠဝီ၌ ၆၊ ကောသမ္မီ၌ ၈၊ သက္ကတိုင်းတို့၌ ၈၊ ဘဂ္ဂတိုင်းတို့၌ ၃၊ ပေါင်း ၃၅၀။

ဝေသာလီ၌ တစ်ဆယ်ကား – မေထုနပါရာဇိက၊ မနုဿဝိဂ္ဂဟပါရာဇိက၊ ဥတ္တရိမနုဿဓမ္မ ပါရာဇိက၊ ဒသာဟပရမ်အတိရေကစီဝရံ နိဿဂ္ဂိ၊ သုဒ္ဓကာဠုဏာနံ နိဿဂ္ဂိ၊ ဘူတာရောစနပါစိတ်၊ ပရမ္မရဘောဇနပါစိတ်၊ ဒဏ္ဍာပေါဏ ပါစိတ်၊ အစေလကပါစိတ် – ဘိက္ခုဠီ ၉၊ ဘိက္ခုနီ၌ ရဟန်းကိုဆဲသော ပါစိတ် ၁၊ ဤဆယ်ခုကို ဝေသာလီ၌ပညတ်သည်။

ရာဇဂြိုဟ်၌ နှစ်ဆယ့်တစ်ကား – အဒိန္နာဒါန်ပါရာဇိက၊ စွပ်စွဲသော သံဃာဒိသေသ်နှစ်ခု၊ သံဃဘေဒ၊ ဘေဒါနုဝတ္တကသံဃာဒိသေသ်နှစ်ခု၊ အမျိုးမတော်သော ဘိက္ခုနီ၏ သက်ဦးခံယူခြင်း၊ ရွှေငွေလဲလှယ်ခြင်း၊ ကိုယ်တိုင် ချည်တောင်းရှု သက်ဦးယက်ခိုင်းခြင်း နိဿဂ္ဂိသုံးခု၊ ဥဒ္ဓောပနကပါစိတ်၊ ဘိက္ခုနီ စီရင်သော ဆွမ်း၊ ဂဏဘောဇဉ်၊ ဝိကာလဘောဇန၊ ဖိတ်သောဘတ်ရှိလျက် အိမ်လှည့်လည်သော စာရိတ္တ၊ ဆယ့်ငါးရက်အတွင်း ရေချိုးခြင်း၊ အသက် ၂၀–မပြည့်ဘဲ ရဟန်းပြုပေးခြင်း၊ သမဂ္ဂသံဃာနှင့်အတူ သက်ဦးပေးရှု ရှုတ်ချခြင်း – ပါစိတ်ရှစ်ခု၊ ချစ်ကျွမ်းဝင်ရာ စီမံသောဘိက္ခုနီကို မမောင်းမဲသော ပါဋိဒေသနီ – ဘိက္ခု၌ ၁၇၊ ဘိက္ခုနီတို့၌ နစ္စဂိတ၊ ဝါတွင်း ဒေသစာရီ လှည့်လည်၊ ဝါကျွတ် ဒေသစာရီလှည့်လည်၊ သိုးလေပြီးသော ဆန္ဒပေးခြင်းဖြင့် ပါစိတ် ၄၊ ဤနှစ်ဆယ့်တစ်ခုကို ရာဇဂြိုဟ်၌ ပညတ်သည်။

သာဝတ္ထိ၌ ၂၉၄–ကား။ ပါရာဇိက ၄၊ သံဃာဒိသေသ် ၁၆၊ အနိယတ ၂၊ နိဿဂ္ဂိ ၃၄၊ ပါစိတ် ၁၅၆၊ ပါဋိဒေသနီ ၁၀၊ သေခိယ ၇၂၊ ဤ ၂၉၄–ခုကို သာဝတ္ထိ၌ ပညတ်သည်။

(**ဝိဋ္ဌ**။ ။ ပါရာဇိက ၄ – ကား ဘိက္ခုနီ အသာဓာရဏာ ၄–ဖြစ်၏။ သံဃာဒိသေသ် ၁၆–ကား ဘိက္ခု၌အစ ငါးခုနှင့် ကုလဒူသနအားဖြင့် ၆၊ ဘိက္ခုနီ၌ ၁၀–ဖြစ်၏။ နိဿဂ္ဂိ ၃၄–ကား – ဘိက္ခု၌ ၂၂၊ ဘိက္ခုနီ၌ ၁၂ – ဖြစ်၏။ ဘိက္ခုနီသဂ္ဂိ

တို့တွင် ပဌမကထိန၊ သုဒ္ဓကာဌက၊ ဘိက္ခုနီသင်္ကန်းခံယူ၊ ရှုပိယ ၄၊ သာမဏေတို့ဝိညာပေတွာ၊ ကောသေယျမိဿက၊ သိုးမွေးဖွပ်ခိုင်းခြင်း ငါးဖွဲ့မပြည့်သောသပိတ်ဖြင့် ၄၊ ဤရှစ်ခုကိုဖယ်သည်၊ ပါစိတ် ၁၅၆-ကား၊ ဘိက္ခု ၉၂၊ ဘိက္ခုနီ ၉၆၊ ပေါင်း ၁၈၈ တို့တွင် ဝေသာလီစသည်တို့၌ ပညတ်သော ၃၂-ခုကိုဖယ်သည်။ ပါဋိဒေသနီ ၁၀-ကား ချစ်ကျွမ်းဝင်ရာ၌ စီရင်သောဘိက္ခုနီ၊ ဘေးရန်ရှိသော တောကျောင်းနှစ်ခုကို ဖယ်၍ ဘိက္ခု၌ ၂၊ ဘိက္ခုနီ၌ ၈-ဖြစ်သည်။။ သေခိယ ၇၂-ကား သုရသုရ၊ သာမိသေနဟတ္ထေန၊ သသိတ္ထကပတ္တဓောဝန သုံးခုကို ဖယ်သည်။ (ပါဋိတော်၌ - နိဿဂ္ဂိယာ စတုဝိသတိ-ဟု ရှိတတ်သည်။ နိဿဂ္ဂိယာနိ စတုတိံသ-ဟုရှိမှ ပြည့်စုံသည်။)

အာဌဝိခြောက်ကား - ကုဋိကာရသံဃာဒိသေသ်၊ ပိုးချည်ရောသော အခင်း နိဿဂ္ဂိ၊ လူ သာမဏေနှင့် တစ်မိုးတစ်ရံတည်းအိပ်ခြင်း၊ မြေတူးခြင်း၊ ဘူတဂါမ်ဖျက်ခြင်း၊ ပိုးရှိသောရေသွန်းလောင်းခြင်း၊ ပါစိတ်၊ ဤခြောက်ခုကို အာဌဝိ၌ ပညပ်သည်။

ကောသမ္မိ၌ရှစ်ကား - မဟာလွကဝိဟာရ၊ ဒုဗ္ဗစ - သံဃာဒိသေသ်နှစ်ခု၊ အညဝါဒက၊ ယာဝဒါရကောသ အဂ္ဂဌ ဌပန၊ သုရာပါန၊ ပုဂ္ဂလဓမ္မ အနာဒရိယ၊ သဟဓမ္မိကံဝုစ္စမာနော - ပါစိတ်ငါးခု၊ ပယောဝါနပဟူသော သုရသုရသေခိယ အားဖြင့် ဤရှစ်ခုကို ကောသမ္မိ၌ ပညပ်သည်။

သင်္ကတိုင်းတို့၌ ရှစ်ကား - သိုးမွေးဖွပ်ခိုင်းခြင်း၊ ငါးဖွဲ့မပြည့်သော သပိတ်ဖြင့်တောင်းခြင်း။

ဘိက္ခုနီကျောင်းသို့ ချည်းကပ်၍ ဩဝါဒ၊ လေးလ၊ ဆေးပစ္စည်း၊ အပ်ချည် ပါစိတ်ငါးခု၊ စတုတ္ထပါဋိဒေသနီ၊ ဘိက္ခုနီတို့၌ နှစ်သစ်ရေဆေးခြင်း၊ ဩဝါဒ သံဝါသသို့ မချည်းကပ်ခြင်း - ဤရှစ်ခုကို သင်္ကတိုင်း ကပိလဝတ်ပြည်၌

ပညပ်သည်။

ဘဂ္ဂတိုင်းတို့၌ သုံးကား – မီးထည့်၍ လှုံခြင်းပါစိတ်၊ အာမိသရှိသော လက်ဖြင့်ရေခွက်ကိုင်ခြင်း၊ ဆွမ်းလုံးရှိသော သပိတ်ဆေးရေ –သေခိယနှစ်ခု ဤသုံးခုကို ဘဂ္ဂတိုင်းတို့၌ ပညပ်သည်။

ခြောက်ခုသောမြို့တို့၌ – ပါရာဇိက ၄၊ သံဃာဒိသေသ် ၇၊ နိဿဂ္ဂိ ၈၊ ပါစိတ် ၃၂၊ ပါဋိဒေသနီ ၂၊ သေခိယ ၃ – အားဖြင့် ၅၆ – ခုသော သိက္ခာပုဒ်တို့ကို ပညပ်သည်။ သာဝတ္ထိ၌ ၂၉၄ – ကို ပညပ်သည်။

၃၃၆။ **ပုဏ္ဏာ ၁၁** ။ ။ မြတ်စွာဘုရား ထိုမှတပါး ဂရကကို၊ လဟုကကို၊ သာဝသေသကို၊ အနဝသေသကို၊ ဒုဋ္ဌုလ္လကို၊ အဒုဋ္ဌုလ္လကို၊ ယာဝတတိယကကို၊ သာဓာရဏာကို၊ အသာဓာရဏာကို၊ ဝိပတ္တိကို၊ ငြိမ်းကြောင်းသမထကို အလုံးစုံ ဟောကြားတော်မူပါ၊ နာယူလိုပါသည်ဘုရား။ (အချို့စာ၌ ဝိပတ္တိကိုဟု မူကွဲ၏။)

ဂရကာဒိ,ဝိသဇ္ဇနာ ။ ။ ချစ်သားဥပါလိ ဂရကသည် ၃၁–ခုရှိ၏။ ထိုတွင် ရှစ်ခုသည် အနဝသေသဖြစ်၏။ ဂရကတို့သည်ပင် ဒုဋ္ဌုလ္လဖြစ်ကုန်၏။ ဒုဋ္ဌုလ္လတို့သည်ပင် သီလဝိပတ္တိဖြစ်ကုန်၏။ ပါရာဇိကရှစ်၊ သံဃာဒိသေသ် ၂၃–သည် သီလဝိပတ္တိမည်၏။

ထုလ္လစ္စည်း၊ ပါစိတ်၊ ပါဋိဒေသနီ၊ ဒုက္ကဋ်၊ ဒုဗ္ဘာသိသည် အာစာရ ဝိပတ္တိမည်၏။ ဒုဗ္ဘာသိဟူသည် ရယ်မြူးလိုရှိ ဆဲရေးခြင်း နှုတ်ကစားမှုတည်း။

ပညာလမ်းရွှေ့ တွေဝေသဖြင့် ဖောက်ပြန်သောအယူကိုယူ၍ ဘုံရားရှင်ကို စွပ်စွဲပြစ်မှားခြင်းသည် ဒိဋ္ဌိဝိပတ္တိမည်၏။

အသက်မွေးခြင်း အကြောင်းခံ၍ ယုတ်မာသော အလိုဆိုးဖြင့် ဈာန်.မဂ်ဖိုလ် ဝါကြွားခြင်း၊ အောင်တမန်သွားလာခြင်း၊ သင် ဒါ,ယကာ၏ကျောင်း၌ နေသူသည် ရဟန္တာဖြစ်သည်ဟုသွယ်ဝိုက်ခြင်း၊ ပဏီတဘောဇဉ်ကို တောင်း

ားခြင်း ဘိက္ခုနီသည် ပဏီတဘောဇဉ်ကို တောင်းစားခြင်း၊ ဟင်း ထမင်းကို နာဘဲ တောင်းစားခြင်းသည် အာဇီဝဝိပတ္တိမည်၏။ (လဟုက၊ သာဝသေသ၊ ဒုဗ္ဗုလ္လကို တိုက်ရိုက်မပြ၊ ထိုးထွင်းဉာဏ်ရှိ မရှိ သိရလတ္တံ့။)

ယာဝတတိယကတို့သည် တစ်ဆယ့်တစ်ခုဖြစ်ကုန်၏။ ဥက္ခိတ္တာနုတ္တိကာ ပါရာဇိက အဌယာဝတတိယကသံဃာဒိသေသ်၊ အရိဋ္ဌရဟန်းပါစိတ်၊ ဏ္ဍာကာဋ္ဌ ဘိက္ခုနီ ဂဟပတိ၊ ဂဟပတိပုတ္တာဖြင့် ရောနှောသောပါစိတ် ဤ ၁စ်ဆယ့်တစ်ခု ဖြစ်၏။

[ဒုဗ္ဗုလ္လတို့သည်ပင် သီလဝိပတ္တိဖြစ်ကုန်၏ – ဟူသည် သီလဝိပတ္တိမေးခွန်းမရှိသော်လည်း ဒုဗ္ဗုလ္လကိုဖြေလိုရှိ ဟောသည်။ ဒုဗ္ဗုလ္လကို လေးပါးသော ဝိပတ္တိတို့တွင် တစ်ခုသောဝိပတ္တိဖြင့် ရေတွက်အပ်၏။ အဒုဗ္ဗုလ္လကို သုံးပါးသောဝိပတ္တိဖြင့် ရေတွက်အပ်၏။ ထို့ကြောင့် ဒုဗ္ဗုလ္လတို့သည်ပင် သီလဝိပတ္တိဖြစ်ကုန်၏ – ဟုဟောရှိ ချဲ့ပြခြင်းငါ ပါရာဇိက ၈၊ သံဃာဒိသေသ် ၂၃- သည် သီလဝိပတ္တိမည်၏ – ဟု ဟောသည်။ ဝိပတ္တိသုံးပါးစွမ်းဖြင့် အဒုဗ္ဗုလ္လကိုပြခြင်းငါ ထုလ္လစ္စည်းပါစိတ် – စသည်ကို ဟောသည်။ ရယ်မြူးလိုရှိ ဆဲရေးခြင်းဟူသည်ကို ဒုဗ္ဘာသီ၏ ဝတ္ထုကိုပြခြင်းငါဟောသည်။ ဘုရားရှင်ကို စွပ်စွဲပုံကား တထာဂတံ ဘဂဝတာ ဓမ္မံ ဒေသိတံ အာဇာနာမိ – စသည်ကိုဆိုလျက် အယူမှားယူသော အရိဋ္ဌရဟန်းတို့ စွပ်စွဲကုန်၏။ အာဇီဝဝိပတ္တိသည် သိက္ခာပုဒ်ခြောက်ခုဖြင့် ရေတွက်အပ်သော ၁တုတ္ထဝိပတ္တိဖြစ်၏။ ဤမျှသော ဝိပတ္တိသုံးခုဖြင့် အဒုဗ္ဗုလ္လကို ဖြေတော်မူခြင်းဖြစ်သည်။]

(**သာဋ္ဌိ**။ ။ ဂရုက ၃၁-ကား ဥဘတောဘာဂဖြင့် ပါရာဇိက ၈-ခု၊ သံဃာဒိသေသ် ၁၃-နှင့် ၁၁-အားဖြင့် ၂၃-တည်း။ ထိုတွင် ပါရာဇိက ၈-ခုသည် အနုဝေသသဖြစ်၏။)

၃၃၇။ **ကြားဖြတ်ပြဿနာ**။ ။ ဆေဒနုကအာဘယ်မျှ၊ ဘေဒနုက အာဘယ်မျှ၊ ဥဒ္ဒါလနုကအာဘယ်မျှ၊

အနည်ပါစိတ်အဘယ်မျှ၊ ဘိက္ခုသမ္မုတိအဘယ်မျှ၊ သာမိစိ အဘယ်မျှ၊ ပရမအဘယ်မျှ၊ ဈာန် –ဟု ပညတ်ခြင်းအဘယ်မျှပါနည်းဘုရား။

ဆေဒနုကခြောက်ခု၊ ဘေဒနုကတစ်ခု၊ ဥဒ္ဒါလနုကတစ်ခု၊ အနည်ပါစိတ်လေးခု၊ ဘိက္ခုသမ္မုတိလေးခု၊ သာမိစိခုနှစ်ခု၊ ပရမတစ်ဆယ့်လေးခု၊ ဈာန–ဟု ပညတ်ခြင်း တစ်ဆယ့်ခြောက်ခုဖြစ်၏။

[ယာဝတတိယကတို့သည် တစ်ဆယ့်တစ်ခု –ဟု သန်ဿဖြင့် ဖြေဆိုခြင်းကြောင့် သန်ဿစကားစပ်သည်အစွမ်းဖြင့် "ဆေဒနုကအဘယ်မျှ" အစရှိသော တပါးသောကြားဖြတ် အန္တရာပုစ္ဆာကိုမေးသည်။ ထိုတွင် ဘေဒနုက၊ ဥဒ္ဒါလနုက၊ ဈာန် – ဤသုံးခုသည် အသစ်ဖြစ်၏။ ကြွင်းငါးခုကို မဟာဝဂ်၌ ဝေဘန်ပြီးပြီ။ ဘေဒနုကတစ်ခုဟာ – သူစိယရ – အပ်ကျည်၊ ဥဒ္ဒါလနုကတစ်ခုကား – ထူလောနဒ္ဓ မဠပိဋ္ဌ – လဲဖွဲ့ရာ ညောင်စောင်းအင်းပျဉ်၊ ဈာန်–ဟုဆိုရ၏ ပညတ်ခြင်း ၁၆ ခုကား – ဈာန် သံယိကလာဘ ပရိဏာတ အတ္ထနော ပရိဏာမေယျ၊ ဈာန ပုဗ္ဗပ္ပဂတ ဘိက္ခုံ အနုပခဋ္ဌ၊ ဈာန် သပ္ပါဏက် ဥဒက် တိဏ်ဝါ၊ ဈာန် ဘိက္ခုနီ ပရိပါစိတ် ပိဏ္ဍပါတ် (၄)။ ဈာန် အသာဒနာပေက္ခာ ဘုတ္တာသို့၊ ဈာန် သပ္ပါဏက် ဥဒက် ပရိဘုဥ္ဇေယျ၊ ဈာန် ယထာဓမ္မ နိဟတာ၊ ဈာန် ဒုဋ္ဌုလ္လ အာပတ္တိ ပဋိဗ္ဗာဒေယျ (၄)၊ ဈာန်ဥိနဝိသတိဝဿ၊ ဈာန် ထေယျသတ္ထေန၊ ဈာန် တထာဝါဒိနာ အကတာနုဓမ္မေန၊ ဈာန် တထာနာသိတ် သမ္ပဇဲ ဒ္ဒဝဿ(၄)၊ ဈာန် သံယိက် လာဘ် ပရိဏာတ် ပုဂ္ဂလဿ၊ ဈာန် ပါရုပဲက် ဓမ္မ အဗျာပန်၊ ဈာန် စောရိ ဝဏ္ဏ ဝိဒိတ်၊ ဈာန်သ ဘိက္ခုက် အာရာမ် အနာပုစ္ဆာ (၄)။]

(**ဝိဇ္ဇီ**။ ။ ယာဝတတိယက အဖြေ၏ အခြေခံမှ သာဓာရဏ စသည်တို့၏ အဖြေကိုဆိုထိုက်လျက် မဆိုဘဲ ပြဿနာရှစ်ရပ်ကို ကြားဖြတ်ကာဖြေဆိုပြီး မှ သာဓာရဏစသည်တို့ကို ဖြေသည်။ ထို၏အကြောင်းကား သန်ဿစကားစပ်သည်

အစွမ်းတည်း။)

၃၃၈။ **အသာဓာရဏာဒီဝိသေသနာ**။ ။ ဥပုသ်နေ့တို့၌ ဘိက္ခုတို့. အားပြအပ်သော သိက္ခာပုဒ် ၂၂၀၊ ဘိက္ခုနီတို့.အား ပြအပ်သောသိက္ခာပုဒ် ၃၀၄–ဖြစ်ကုန်၏။ ထိုတွင် ဘိက္ခုတို့.၏ ၄ဖ–ခုသည် ဘိက္ခုနီတို့.နှင့်မဆက်ဆံ၊ ဘိက္ခုနီတို့.၏ ၁၃၀–သည် ဘိက္ခုတို့.နှင့် မဆက်ဆံ၊ နှစ်ဦး မဆက်ဆံ ၁၇ဖ၊ နှစ်ဦးလုံးဆက်ဆံ ၁၇၄– ဖြစ်၏။ (သမထ ၇–ပါး ဆက်ဆံလျက်ဖယ်ထား:သည်။)

ဘိက္ခုတို့.အား ၂၂၀–ဟူသည်ကား: ပါရာဇိက ၄၊ သံဃာဒိသေသ် ၁၃၊ အနိယတ ၂၊ နိဿဂ္ဂိ ၃၀၊ ခုဒ္ဒကပါစိတ် ၉၂၊ ပါဋိဒေသနီ ၄၊ သေခိယ ၇၅၊ ဤ ၂၂၀–သည် ဥပုသ်နေ့တို့.၌ ဘိက္ခုတို့.အား ပြအပ်သည်အဖြစ်သို့. ရောက်ကုန်၏။

ဘိက္ခုနီတို့.အား ၃၀၄–ဟူသည်ကား: – ပါရာဇိက ၈၊ သံဃာဒိသေသ် ၁၇၊ နိဿဂ္ဂိ ၃၀၊ ခုဒ္ဒကပါစိတ် ၁၆၆၊ ပါဋိဒေသနီ ၈၊ သေခိယ ၇၅။ ဤ ၃၀၄ သည် ဥပုသ်နေ့.တို့.၌ ဘိက္ခုနီတို့.အား ပြအပ်သည်အဖြစ်သို့. ရောက်ကုန်၏။

ဘိက္ခုနီတို့.နှင့် မဆက်ဆံသော ဘိက္ခုတို့.၏ ၄ဖ–ဟူသည်– သံဃာဒိသေသ် ၆၊ အနိယတ ၂၊ နိဿဂ္ဂိ ၁၂၊ ပါစိတ် ၂၂၊ ပါဋိဒေသနီ ၄ – ပေါင်: ၄ဖ။

ဘိက္ခုတို့.နှင့် မဆက်ဆံသော ဘိက္ခုနီတို့.၏ ၁၃၀–ဟူသည်–ပါရာဇိက ၄၊ သံဃာဒိသေသ် ၁၀၊ နိဿဂ္ဂိ ၁၂၊ ပါစိတ် ၉၆၊ ပါဋိဒေသနီ ၈၊ ပေါင်: ၁၃၀။

နှစ်ဦးမဆက်ဆံ ၁၇ဖ–ဟူသည်– ပါရာဇိက ၄၊ သံဃာဒိသေသ် ၁၆၊ အနိယတ ၂၊ နိဿဂ္ဂိ ၂၄၊ ပါစိတ် ၁၁၈၊ ပါဋိဒေသနီ ၁၂၊ ပေါင်: ၁၇ဖ။

နှစ်ဦးလုံးဆက်ဆံ ၁၇၄–ဟူသည်ကား– ပါရာဇိက ၄၊ သံဃာဒိသေသ် ၇၊ နိဿဂ္ဂိ ၁၈၊ ပါစိတ် ၇၀၊ သေခိယ ၇၅ – ပေါင်: ၁၇၄။

[ဘိက္ခုနီတို့.နှင့် မဆက်ဆံသော ဘိက္ခုတို့.၏ ၄ဖ–တို့.တွင်

သံဃာဒိသေသ် ၆–ကား၊ ဝိဿဇ္ဇီ၊ ကာယသံသဂ္ဂ၊ ဒုဋ္ဌုလ္လ၊ အတ္တကာမ၊ ကုဋီ၊ ဝိဟာရဖြစ်၏။ (သဗ္ဗဇ္ဇတ္တာမပါ။) နိဿဂ္ဂိ ၁၂–ကား သက်နှိုးဖွယ်ခိုင်းခြင်း၊ ဘိက္ခုနီ၏သက်နှိုးကိုခံယူခြင်း [၂]။ ကောသေယျ၊ သုဒ္ဓကာဠက၊ ဒွေဘာဂ၊ ဆဗ္ဗဿ၊ နိသီဒန၊ သိုးမွေးခံ၍သုံးယူဇနာ၊ သိုးမွေးဖွပ် [၃] သပိတ်ဆယ်ရက်၊ မိုးရေခံရှာ၊ တောကျောင်းခြောက်ရက်ကင်း [၃]၊ ပါစိတ် ၂၂–ကား ဩဝါဒဝဂ် ၁၀။ ပရမ္ပရ၊ အနုတိရိတ္တာ၊ အနုတိရိတ္တာဖြင့် ဆောင်၍ ကျွေး၊ ပဏီတဘောဇဉ်တောင်းစား၊ အစေလက၊ ဒုဋ္ဌုလ္လ ပဋ္ဌိဌာဒန [၄]၊ ဥိနဝိသတိ၊ မာတုဂါမနှင့်တိုင်ပင်၍ ခရီးသွား၊ အနိုက္ခန္ဓ ရာဇက၊ နေလွဲ ရှာဝင်၊ ပမာဏလွန်သော နိသီဒိုင်၊ မိုးရေခံ [၄]၊ ဘိက္ခုတို့နှင့် မဆက်ဆံသော ဘိက္ခုနီတို့၏ ၁၃၀–တို့ကား ဘိက္ခုနီ ဝိဘင်းဌ် ဝေဘန်သော သိက္ခာပုဒ်တို့သာဖြစ်၍ ပေါ်လွင်၏။]

(**ဇီဋီ**။ ။ ပရမ္ပရဆောဇနံ – စသည်ဖြင့် ဂါထာတို့ကို အဋ္ဌကထာနှင့် မတူစေဘဲ ပါစိတ် ၂၂–ခုပြု၏။ ကုလေသုစာရိတ္တ ကိုမယူအပ်၊ သာဓာရဏာဖြစ်သည်ဟုဆို၏။ အဋ္ဌကထာ၌ ဝိကာလေဂါမပ္ပဝေသော– တစ်ခုပို၏။ ဥိနံတစ်ခုကျ၏။ ဥိနံမာတု ဂါမေန သဒ္ဓိं–ဟုဆို၏။)

ဝိပတ္တိအပြေ။ ။ ရှစ်ခုသော ပါရာဇိကတို့သည် ဒုရာသဒ– ကပ်ရောက်ခြင်းဖြင့် ဆင်းရဲကုန်၏။ တာလဝတ္ထု၊ ထန်းပင်၏ နေရာ–ပြုခြင်းပမာဏရှိကုန်၏။ ဖက်ရွက်ကြွေ၊ ကျောက်ဖျာကွဲ၊ ဦးခေါင်းပြတ်၊ ထန်းလည်ဆစ်ပြတ် သဘောမပြန့်ပြောကုန်။

သံဃာဒိသေသ် ၂၃၊ အနိယတ ၂၊ နိဿဂ္ဂိ ၄၂၊ ပါစိတ် ၁၈၈၊ ပါဋိဒေသနီ ၁၂၊ သေခိယ ၇၅၊ ဤ ၃၄၂–တို့သည် သမ္ဘုခါ၊ ပဋ္ဌိညာ၊ တိဏဝတ္ထာရက– ဟူသော သမထသုံးပါးတို့ဖြင့် ငြိမ်းကုန်၏ဟု ဝေဘန်သည်။

ဥပုသ်နှစ်ပါး၊ ပဝါရဏာနှစ်ပါး၊ အဓမ္မဝဂ္ဂစသော ကံလေးပါးတို့ကို

မြတ်စွာဘုရားဝေဘန်သည်။ ပါတိမောက်ပြခြင်းတို့သည် ငါးပါးလည်းကောင်း၊ လေးပါးလည်းကောင်းဖြစ်ကုန်၏။ အာပတ်အစုတို့သည် ခုနစ်ပါးဖြစ်ကုန်၏ဟု ဝေဘန်သည်။

အဓိကရဏ်းလေးပါးတို့သည် သမထခုနစ်ပါးဖြင့် ငြိမ်းကုန်၏။ ဝိဝါဒါဓိကရဏ်းသည် သမထနှစ်ပါးတို့ဖြင့်၊ အနုဝါဒါဓိကရဏ်းသည် လေးပါးတို့ဖြင့်၊ အာပတ္တာဓိကရဏ်းသည် သုံးပါးတို့ဖြင့်၊ ကိစ္စာဓိကရဏ်းသည် တစ်ပါးဖြင့် ငြိမ်း၏ဟု ဝေဘန်သည်။

[ယခုအခါ ဝိပတ္တိတို့ကိုဖြေလိုရ၍ – အဌေဝါပါရာဓိကာ – စသည်ကိုဆိုသည်။ ဒုရာသဒ ဟူသည်ဖြင့် ပါရာဇိကတို့၏ ဘေးရန်ရှိခြင်းကိုပြသည်။ မြွေဟောက်စသည်တို့အလား ကပ်ရောက်မိသူတို့အား ရင်းပြတ်ခြင်းငါ ဖြစ်ကုန်၏။ တာလဝတ္ထုဟူသည် ထန်းပင်တစ်ပင်လုံးနှုတ်ပြီးလျှင် ထန်းပင်၏တည်ရာမျှ ပြုခြင်းနှင့်တူကုန်၏။ ထိုသို့ပြုခြင်းကြောင့် ထန်းပင်သည် ပကတိအတိုင်း မဖြစ်သည်နှင့်တူကုန်၏။ ဤကား အားလုံးနှင့်ဆက်ဆံသော ဥပမာဖြစ်၏။

ဖက်ရွက်ကြွေ စသောလေးခုကား တစ်ခုစီအတွက်ဆိုသော ဥပမာဖြစ်၏။ ဖက်ရွက်ကြွေ စသည်တို့သည် တဖန်စိမ်းစိုခြင်းစသည်ဖြင့် ကြီးပွားခြင်းသဘောမရှိကုန်။ ရှစ်ခုသော ပါရာဇိကတို့သည် တစ်စုံတစ်ခုသော သမထဖြင့်မငြိမ်းကုန်၊ သံဃာဒိသေသ် ၂၃-စသည်တို့ကား သုံးပါးသောသမထတို့ဖြင့်ဟူ၍ဆိုသည်။ သံဃာဒိသေသ်သည် တိဏဝတ္ထာရကဖြင့်မငြိမ်း၊ အနိယတစသည်တို့သာ သုံးပါးတို့ဖြင့် ငြိမ်းကုန်၏။ ဥပုသ် ပဝါရဏာတို့ကို ဘိက္ခု၊ ဘိက္ခုနီစွမ်းဖြင့် နှစ်ခုစီဝိပတ္တိမျှ ပြုခြင်းဖြင့်ဆိုသည်။ သမထငြိမ်းခြင်းဖြင့်ဆိုသည် မဟုတ်၊ ဘိက္ခုဥပုသ်၊ ဘိက္ခုနီဥပုသ်၊ ဘိက္ခုပဝါရဏာ၊ ဘိက္ခုနီပဝါရဏာ ဝေဘန်ခြင်းလေးပါးဖြစ်၏။ ကံလေးပါးကား အဓမ္မဝဂ္ဂစသော ဥပုသ်ကံတို့တည်း။ ပါတိမောက်ပြုခြင်းတို့သည် ဘိက္ခုတို့အားငါးပါး၊ ဘိက္ခုနီ

တို့အား လေးပါးဖြစ်ကုန်၏။ ဤလည်း ဝိပတ္တိတခြားတည်း။ အာပတ်အစုခုနစ်ပါး၊ အဓိကရဏ်းလေးပါးဟူသော ဤဝိပတ္တိတို့သည် သမထတို့ဖြင့်ငြိမ်းကုန်၏။ တစ်နည်း ဥပုသ်နှစ်ပါး၊ ပဝါရဏာနှစ်ပါး၊ ကံလေးပါး၊ ပါတိမောက်ပြခြင်းငါးပါး – လေးပါး – ဤဝိပတ္တိလေးပါးတို့ကိုမှီ၍ နဿန္ဧတေ၊ ဝိနဿန္ဧတေ – စသောနည်းဖြင့် ရောက်သောအာပတ်တို့သည် ထိုသမထနှစ်ပါးတို့ဖြင့် ငြိမ်းကုန်၏ဟု တံမူလိကအာပတ်တို့၏ ငြိမ်းခြင်းကိုပြခြင်းငါ ထိုဝိပတ္တိတို့ကို ဟောသည်ဟုသိအပ်ကုန်၏။]

(**ဒီဋ္ဌိ**။ ။ ပါရာဇိက၊ သံဃာဒိသေသ်ဟုဟောသော သိက္ခာပုဒ်၌သာ ဝေဘန်၍ ဟောသောကြောင့်လည်း ဝိပတ္တိမည်၏။

သာဋ္ဌိ။ ။ အာပတ်အစု၊ ဥပုသ်စသည် ပါရာဇိက၊ သံဃာဒိသေသ်စသည်ဖြင့် ဝေဘန်သောကြောင့် ဝိပတ္တိမည်၏။

ဝိဋ္ဌိ။ ။ ဝိပတ္တိဟူသည်ဖြင့် အာပတ်အစု၊ ဥပုသ်၊ ပဝါရဏာ စသည်တို့ကို အလိုရှိအပ်၏။ ပါရာဇိကစသော အပြား၊ ဥပုသ်ပဝါရဏာစသော အပြားတို့ဖြင့် ဝေဘန်အပ်သောကြောင့် ဝိပတ္တိမည်၏။)

၃၃၉။ **အပိုဖြေဆိုသော အာပတ္တိနိဗန္ဓစနာ**။ ။ ချစ်သားဥပါလိ ပါရာဇိကဟူသော အာပတ်ကို ဟုတ်တိုင်းမှန်စွာနာယူဦးလော၊ ထိုအာပတ်သို့ ရောက်သူသည် သူတော်ကောင်းတရားရွှေ့၏။ ချုတ်၏။ ပျက်၏။ ပြင်ပဖြစ်၏။ ထိုသူ၌ သံဝါသ ပေါင်းဘော်ခြင်းမရှိ၊ ထို့ကြောင့် ဤအာပတ်ကို ပါရာဇိကဟုဆိုသည်။

သံဃာဒိသေသ ဟူသောအာပတ်ကို ဟုတ်တိုင်းမှန်စွာ နာယူဦးလော၊ ထိုအာပတ်သို့ရောက်သူအား သံဃာသည်သာလျှင် ပရိဝါသ်ပေး၏။ အရင်းငင်

၏။ မာနတ်ပေး၏။ အဗ္ဗာန်သွင်း၏။ ထို့ကြောင့် ဤအာပတ်ကို သံဃာဒိသေသ ဟုဆိုသည်။

အနိယတကိုနာယူဦးလော၊ မမြဲသောကြောင့် အနိယတမည်၏။ ဧကအံ့သ တစ်ခုသောအဘို့ဖြင့် ပြုသောသိက္ခာပုဒ်မဟုတ်၊ အာပတ်သုံးပါး တစ်ပါးပါးဟု ဆုံးဖြတ်အပ်၏။ ထို့ကြောင့် အနိယတဟုဆိုသည်။

ထုလ္လစ္စယကို နာယူဦးလော၊ ရဟန်းတစ်ပါးထံ ဒေသနာကြား၊အပ်-ဒေသနာခံအပ်သော အာပတ်ဝို့တွင် ထိုအာပတ်နှင့်တူသော အပြစ်မရှိ၊ အရှန့်ရင်းခံ့ အပြစ်ရှိ၏။ ထို့ကြောင့် ထုလ္လစ္စယဟုဆိုသည်။

နိဿဂ္ဂိယကို နာယူဦးလော သံဃာ့အလယ်၌လည်းကောင်း၊ ဂဏအလယ်၌လည်းကောင်း၊ တစ်ဦးတည်းထံ၌လည်းကောင်း တပြိုင်ဟည်း စွန့်၍ ဤဒေသနာ ကြား၊အပ်၏။ ထို့ကြောင့် နိဿဂ္ဂိယဟုဆိုသည်။ (ဤ၌ဒို့ အချို့ - မစွန့်သော်လည်း ဒေသနာကြားလျှင် အာပတ်ထသည်ဟု ဆိုကုန်သေး၏။ မိန့်ခွန်းတော်နှင့်မညီ။)

ပါစိတ္တိယကို နာယူဦးလော၊ ကုသိုလ်ခမ္မကိုကျစေ၏။ အရိယာမဂ်ကို ချုတ်ယွင်းစေ၏။ စိတ်တွေဝေကြောင်းဖြစ်၏။ ထို့ကြောင့် ပါစိတ်ဟုဆိုသည်။

ပါဋိဒေသနိယကို နာယူဦးလော၊ ဆင်းရဲငြိုငြင်စွာ ရှာသို့ဝင်၍ ရသော ဘိက္ခုနီ၏ဆွမ်းကို အမျိုးမတော်ဘဲ ကိုယ်တိုင်ခံယူ၍ စားသူကိုဂါရယ- ကဲ့ရဲ့စရာ ဟုဆိုအပ်၏။ ပင့်ဖိတ်သောအိမ်တို့၌ ချစ်ကျွမ်းဝင်ရာ စီမံသော ဘိက္ခုနီကို မမောင်းမဲမူ၍စားသူကို ဂါရယ- ဟုဆိုအပ်၏။ သေက္ခသမ္မုတိရသော သဒ္ဓါလွန်ကဲ လူဆင်းရဲအိမ်သို့ဝင်၍ မနာမဖျားအလှူခံစားသူကိုလည်းကောင်း၊ ဘေးရန်ရှိသော တောကျောင်း၌နေ၍ ရှေးဦးစွာ အကြောင်းမပြန်ကြားဘဲ လာပို့သောအစာ စားသူကိုလည်းကောင်း ဂါရယ- ဟုဆိုအပ်၏။ မနာမဖျားဘဲ မွန်မြတ်သော ထောပတ်ဆီ ပျားတင်လဲ ငါးအမဲ နို့ဓမ်းတောင်းစားသော ဘိက္ခုနီသည် ဘုရားမြတ်စွာ သာသနာ၌ ကဲ့ရဲ့စရာဌာနသို့ရောက်၏။ ကဲ့ရဲ့စရာ

သို့ ရောက်မိပါပြီဟု ဒေသနာ ကြားအပ်၏။

ဒုက္ခဋ္ဌကို နာယူဦးလော၊ ချွတ်ယွင်းသောအမှု၊ ဆန့်ကျင်သောအမှု၊ ချော်ကျသောအမှုဖြစ်၍ ကျက်မှောက်မျက်ကွယ်ပြုသမျှ မကောင်းမှုကို ဒုက္ခဋ္ဌဟု ဆိုအပ်သကဲ့သို့တည်း၊ ထို့ကြောင့် ဒုက္ခဋ္ဌဟုဆိုသည်။

ဒုဗ္ဘာသိတကို နာယူဦးလော၊ မကောင်းသဖြင့်ဆိုသောစကား၊ ညစ်ညူးသော စကားကို ဒုဗ္ဘာသိတဟုပညာရှိတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ထုတ်ပယ်ပတ်ကို ဒုဗ္ဘာသိတဟုဆိုသည်။

သေခိယကို နာယူဦးလော၊ လမ်းဖြောင့် လမ်းမှန်လိုက်၍ ကျင့်ဆဲဖြစ်သော သေက္ခပုဂ္ဂိုလ်၏အစ၊ အခြေ၊ အဦး၊ စောင့်စည်းခြင်းဖြစ်၏၊ ဤသို့သော သိက္ခာနှင့်တူသော သိက္ခာမည်သည်မရှိ၊ ထို့ကြောင့် သေခိယဟုဆိုသည်။

ဆန္နမတိဝဿတိ၊ ဝိဝဋ္ဋ နာတိဝဿတိ။
• ဝ • • ဝ ဝ
တသ္မာ ဆန္နံ ဝိဝရေထ၊ ဧဝံ တံ နာတိဝဿတိ။

ဆန္နံ၊ မိုးသောအိမ်သည်။ အတိဝဿတိ၊ လွန်စွာမိုးစွတ်၏။ ဝိဝဋ္ဋ၊ ဖွင့်သောအိမ်သည်။ နာတိဝဿတိ၊ မိုးမစွတ်။ တသ္မာ၊ ထို့ကြောင့်။ ဆန္နံ၊ အမိုးကို။ ဝိဝရေထ၊ ယုံကြည်သူဖွင့်ရာ၏။ ဝါ၊ သင်တို့ဖွင့်ကုန်လော။ ဧဝံ၊ ဤသို့ဖွင့်သည်ရှိမသော်။ တံ၊ ထိုအိမ်သည်။ နာတိဝဿတိ၊ မိုးမစွတ်။ ။ ဂါထားဖွင့်၍ဆိုသောအနက် ဆိုလိုရင်းမဟုတ်။

ဆန္နံ– ဆာဒေန္တော၊ အာပတ်ကိုဖုံးသူသည်။ အတိဝဿတိ၊ အာပတ်အသစ်သို့ရောက်၏။ ဝိဝဋ္ဋ ' ဝိဝရန္တော၊ ဖွင့်လှစ်ကုစားသူသည်။ နာတိဝဿတိ၊ အာပတ် အသစ်သို့မရောက်။ တသ္မာ၊ ထို့ကြောင့်။ ဆန္နံ၊ ဖုံးသောအာပတ်ကို။ ဝိဝရေထ၊ ဖွင့်လှစ်ကုစားရာ၏ ။ ဝါ၊ကုစားကုန်လော။ ဧဝံ၊ ဤသို့ ကုစားသည်ရှိသော်။ တံ၊ ထိုအာပတ် သည်။ နာတိဝဿတိ၊ အာပတ်အသစ်မရောက်စေနိုင်။ ။ ဤကား စိတ်ဖြူး ်သောအနက်။

* ဖုံးလျှင် – မိုးစိုး၊ ဖွင့် – မစိုး၊ ဝှက်ဆို ပဟေဠိ။

ဂတိ မိဂါနံ ပဝနံ၊ အာကာသော ပက္ခိနံ ဂတိ။
ဝိဘဝေါ ဂတိ ဓမ္မာနံ၊ နိဗ္ဗာနံ အရဟတော ဂတိတိ။

ပဝနံ၊ တောအုပ်သည်။ မိဂါနံ၊ သားသမင်တို့၏။ ဂတိ၊ လားရာတည်း။ အာကာသော၊ ကောင်းကင်သည်။ ပက္ခိနံ၊ ငှက်တို့၏။ ဂတိ၊ လားရာတည်း။ ဝိဘဝေါ၊ ပျက်စီးခြင်းသည်။ ဓမ္မာနံ၊ သင်္ခါရတရား တို့၏။ ဂတိ၊ လားရာတည်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အရဟတော၊ ရဟန္တာ၏။ ဂတိ၊ လားရာတည်း။

[ဤသို့. ပုစ္ဆာစဉ်ဖြင့် ပြဿနာတို့.ကို ဖြေဆိုပြီး၍ ယခုအခါ အာပတ်အစုခုနစ်ခု၏ အသီးသီး နိဗ္ဗစန – ထုက်ဆိုအပ်သော ဝစနတ္ထမျှကို ပြလိုရ၍ ချစ်သား ဥပါလိ– ပါရာဇိကဟူသော– စသည်ကိုမိန့်.ဆိုသည်။ ပါရာဇိကဂါထာ၏ အနက်ကား– ပုဂ္ဂလပါရာဇိက၊ အာပတ္တိပါရာဇိက၊ သိက္ခာပဒပါရာဇိက သုံးမျိုးတို့.တွင် အာပတ္တိပါရာဇိကသို့.ရောက်သူသည် ရှုံးခြင်းသို့.ရောက်၏။ သူတော်ကောင်းတရားမှ ရွေ့.လျော၊ ချုတ်ချော်၏။ ပျက်စီး၏။ ပြင်ပသို့.ရောက်၏။ ထိုသူ၌ တဖန်ဥပုသ်ပဝါရဏာစသော သံဝါသမရှိ၊ ထိုအကြောင်းကြောင့် ဤအာပတ်ကို ပါရာဇိကဟုဆိုအပ်၏။ အကျဉ်းကား ပရာဇိတောတေနာတိပါရာဇိကံ – ရှုံးခြင်း သို့.ရောက်ကြောင်း အာပတ်ဖြစ်သောကြောင့် ပါရာဇိကမည်၏။ (သိက္ခာပဒ ငဲ့သော သဒ္ဒါနုပုံ။)

ဒုတိယဂါထာ၏ အနက်ကား – ဤအာပတ်သို့.ရောက်၍ ထလိုသောအခါ အာပတ်မှထခြင်း၏ အစဉ်လည်း ပရိဝါသ်ပေးခြင်းငါ သံဃာကိုအလိုရှိအပ်၏။ ကြွင်းသောကာလအလယ်၌လည်း မာနတဲ (သတ်သတ်) ပေးခြင်းငါလည်းကောင်း၊ မူလာယပဋိကဿနနှင့် မာနတ်ပေးခြင်းငါလည်းကောင်း၊ အဆုံး၌လည်း အဗ္ဘာန်အလို.ငါလည်းကောင်း၊ သံဃာကိုအလိုရှိအပ်၏။ သံဃာကင်းလျှင် တစ်ခုသောကံမျှ မပြုနိုင်၊ သံဃောအာဒိမှိစေဝ သေသေစ ဣစ္ဆိတဗ္ဗော အသောတိ

သံယာဒိသေသော၊ ဤအာပတ်ထခြင်း၏ အစဉ်လည်းကောင်း၊ အကြွင်းကာလ၌ လည်းကောင်း၊ သံယာကိုအလိုရှိအပ်သော အာပတ်ဖြစ်သောကြောင့် သံယာဒိသေသမည်၏။ (တိပဒ ဗဟုဗ္ဗီဟိ။)

တတိယဂါထာ၏အနက်ကား - မမြဲသောအာပတ်အစု ဖြစ်သောကြောင့် အနိယတမည်၏။ မမြဲကြောင်းကား ဤသိက္ခာပုဒ်ကို အနေကံသဖြင့်ပြုထားသည်။ အနေကံသကား သုံးပါးသော၊ နှစ်ပါးသော အာပတ်တို့တွင် တပါးပါး ဆုံးဖြတ်ခြင်းတည်း။ နှ နိယတော အနိယကော - မမြဲသောအာပတ်အစု ဖြစ်သောကြောင့် အနိယတမည်၏။

စတုတ္ထဂါထာ၏အနက်ကား - ဒေသနာဂါမ်အပြစ်တို့တွင် ထိုအပြစ်နှင့်ဂူသော ရန်ရင်းသောအပြစ်မရှိ၊ ထိုသို့အပြစ်၏ ရန်ရင်းခြင်းကြောင့် ထုလ္လစ္စယမည်၏။ ထူလောအစ္စယော ယသ္သတံ ထုလ္လစ္စယံ၊ ရန်ရင်းသော အပြစ်ရှိသောအာပတ်ဖြစ်သောကြောင့် ထုလ္လစ္စယမည်၏။

ပဉ္စမဂါထာ၏အနက်ကား - နိဿဋ္ဌိတွာ ဒေသေတဗ္ဗတော - ပစ္စည်းကိုစွန့်၍ ဒေသနာကြားအပ်သောကြောင့် နိဿဂ္ဂိယဟု ဆိုအပ်၏။ နိဿဋ္ဌနံ နိဿဂ္ဂိယံ၊ နိဿဂ္ဂိယံ အသ္သအတ္ထိတိ နိဿဂ္ဂိယံ၊ ရှေ့အဘို့ခ်ဉ်ပြုအပ်သော စွန့်ခြင်းဝိနည်းကံရှိသော အာပတ်ဖြစ်သောကြောင့် နိဿဂ္ဂိယမည်၏။ ပါစိတ်အာပတ်ရ၏။ (ဘုရားဟောတိုင်းလိုက်နာခြင်းသည် သာဝကတို့၏အရာဖြစ်သည်၊ မစွန့်သော်လည်း ဒေသနာကြားလျှင် အာပတ်မှထသည်ဟု ဝိနည်း အစီအရင်ချတ်အောင် မကြံသင့်။)

ဆဋ္ဌမဂါထာ၏အနက်ကား - အားထုတ်၍ လွန်ကျူးသူအား ကုသိုလ် ဓမ္မဟူသောစိတ်ကို ကျစေတတ်၏။ ထိုကျသောစိတ်သည် အရိယာမဂ်ကို ဖျက်ဆီး၏။ စိတ်တွေဝေကြောင်းဖြစ်၏။ စိတ္တံ ပါဒေတီတိ ပါစိတ္တိယံ - ကုသိုလ်စိတ်ကိုကျစေသော အာပတ်ဖြစ်သော

ကြောင့် ပါစိတ္တိယမည်၏။

ပါဋိဒေသနီဂါထာတို့၏အနက်ကား - ဂါရယ့်အာဂုသော ဝမ်အာပဒ့ဲ ဟုဆိုအပ်သော ကဲ့ရဲ့ဘွယ်ဖြစ်ကြောင်းကို ပြခြင်းငါ ဘိက္ခုနီ၏ ဆွမ်းကို စသည်ကို မိန့်ဆိုသည်။ ကုစားအပ်သော အာပတ်ဖြစ်သည့် ပဋိဒေသီယတေတိ ပါဋိဒေသနီ၊ ကုစားအပ်သော အာပတ်ဖြစ်သော ကြောင့် ပါဋိဒေသနီမည်၏။

ဒုက္ကဋဂါထာနက်ကား - ချွတ်ယွင်းသောအမှု၊ ဆန့်ကျင်သော အမှု၊ ချော်ကျသောအမှုသည် ဒုက္ကဋ၏ ပရိယာယ်ဖြစ်၏၊ မကောင်သဖြင့်ပြုသောအမှု ဖောက်ပြန်သောအမှုသည် ဒုက္ကဋမည်၏၊ ဘုရားဟောအတိုင်း မပြုခြင်းကြောင့် ချွတ်ယွင်း၏။ ကုသိုလ်၊ ဆန့်ကျင်ဘက်ပြုသောကြောင့် ဆန့်ကျင်၏။ အရိယကျင့်ဝတ်လမ်းစဉ်သို့ မရောက်သောကြောင့် ချော်ကျ၏။ ဥပမာကား လောက ကျက်မှောက်ဖြစ်စေ မျက်ကွယ်ဖြစ်စေ မကောင်းမှုကိုပြုလျှင် ထိုမကောင်းမှုကို ဒုက္ကဋဟုပြောဆိုကုန်၏။ ထို့အတူ အာပတ်သည်လည်း ဘုရားရှင်စက်ဆုတ်အပ်သော ယုတ်မာသောမကောင်းမှုဖြစ်၏ ထို့ကြောင့် ဒုက္ကဋမည်၏။ ဒုဗ္ဗုကတံ ဒုက္ကဋံ၊ ဝိရူပံကတံ ဒုက္ကဋံ မကောင်းသဖြင့် ပြုအပ်သောအာပတ်ဖြစ်သောကြောင့် ဂါ ဖောက်ပြန်သောအမှု အာပတ်ဖြစ်သောကြောင့် ဒုက္ကဋမည်၏။

ဒုဗ္ဘာသိတဂါထာအနက်ကား - မကောင်းသဖြင့် ဆိုအပ်သော စကားသည်- ဒုဗ္ဘ+အာဘဋံ-ဒုရာဘဋံ - ဒုရာဘဋမည်၏။ ဒုရာဘသည် ဒုဗ္ဘာသိတမည်၏။ ညစ်ညူးသောစကားဖြစ်ပုံကား ပညာရှိတို့ ကဲ့ရဲ့အပ် သောကြောင့် ညစ်ညူးသော သံကိလိဋ္ဌစကားဖြစ်ပုံ ထိုသို့ညစ်ညူးခြင်း၊ ပညာရှိတို့ကဲ့ရဲ့ခြင်းကြောင့် ဒုဗ္ဘာသိတမည်၏ ဒုဗ္ဘာဘာသိယတေတိ ဒုဗ္ဘာသိတ - မကောင်းသဖြင့် ဆိုအပ်သော အာပတ်၊ ပညာရှိတို့ကဲ့ရဲ့အပ်သော အာပတ်ဖြစ်သောကြောင့်

ဒုဇ္ဈာဝိတမည်၏။

သေခိယဂါထာနက်ကား - အစ၊ အခြေစသည်ဖြင့် သေက္ခပုဂ္ဂိုလ်၏ ဥစ္စာ အဖြစ်ကိုပြသည်။ သေက္ခသဏ္ဌာန် သေခိယ - သေက္ခပုဂ္ဂိုလ်၏ ဥစ္စာကျင့်ဝတ်ဖြစ်သောကြောင့် သေခိယမည်၏။

ဤ နိဗ္ဗဝနသည် ဂရုကကို လဟုကကို စသည်ဖြင့်မေးသော ပြဿနာဖြင့် မရေတွက်အပ်၊ နာယူလိုပါသည်ဟု တောင်းပန်သော စကားဖြင့် ရေတွက်အပ်သော အနက်ကိုပြခြင်းငှါ (အပိုအလွန်) မိန့်ဆိုသောစကားဖြစ်သည်၊ ဆန္ဒမတိ ဝဿတိ စသည်၌လည်း ဤနည်းသာတည်း။

ဆန္ဒမတိ ဝဿတိ ဟူသည် သက်ကယ်စသည်ဖြင့် မမိုးသော အိမ်သည်စွတ်၏။ အာပတ်ဟူသောအိမ်သည်ကား မိုးထားလျှင် မိုးစွတ်၏။ မူလအာပတ်ကို ဖုံးလျှင် အာပတ်အသစ်သို့ ရောက်သော ကြောင့်တည်း။ ဝိဝဋ္ဋ နာတိဝဿတိ ဟူသည် အိမ်မဖွင့်ဘဲ ကောင်းစွာ မိုးလျှင် မိုးမစွတ်၊ အာပတ်ဟူသောအိမ်ကား ဖွင့်ထားလျှင် မိုးမစွတ်၊ မူလအာပတ်ကို ဒေသနာကြားခြင်း ဝုဋ္ဌာနကပ်ပြုခြင်းဖြင့် ဖွင့်လျှင် စင်ကြယ်ခြင်းဌာတည်၏။ နောင်စောင့်စည်းလျက် အာပတ်အသစ်သို့ မရောက်သောကြောင့်တည်း။ တသ္မာဆန္ဒံ ဝိဝရေထ ဟူသည် ထိုအကြောင်းကြောင့် ဒေသနာကြားခြင်း ဝုဋ္ဌာနကပ်ပြုခြင်းဖြင့် အမိုးကို ရာ၏။ (၀၊) ဖွင့်ကုန်လော၊ ဇဝံ တံ နာတိဝဿတိ ဟူသည်၊ ဤသို့ပြုလျှင် ထိုဖွင့်လှစ်သော အာပတ်သည် မိုးမစွတ်နိုင်။ (၀၊-အာပတ် အသစ်မရောက်စေနိုင်။)

ဂတိမိဂါနံ - ဟူသည် ကွင်းပြင်ဌာကျားစသည် အလိုက်ခံရသော သားသမင်တို့အား သစ်ပင် ချုံပုတ် တောအုပ်သည် အားထားရာ ဂတိဖြစ်၏။ ထိုအရပ်သို့ ရောက်လျှင် သက်သာရာရကုန်၏။ ဤနည်းဖြင့် ကောင်းကင်သည် ငှက်တို့၏ အားထားရာ ဂတိဖြစ်၏။

သခ်ၤတတရားအားလုံးတို့၏ ပျက်စီးခြင်းသာလျှင် ထိုသခ်ၤတတရားတို့၏ မချုတ်အပ်ရောက်ရာ ဂတိဖြစ်၏။ ပျက်ခြင်းသို့ မရောက်ဘဲ တည်နေခြင်းငါ မတတ်နိုင်ကြ။ ကြာမြင့်စွာတည်၍သော်လည်း ပျက်စီးကုန်၏။ အနုပါဒိသေသနိဗ္ဗာနဓါတ်သည် ရဟန္တာ၏ ဧကံသအားဖြင့် လားရာဂတိဖြစ်၏။]

(**ဇီဋ္ဌ**။ ။ နိဗ္ဗစနသည် ဝေဝစနဖြစ်၏။ ဤ နိဗ္ဗစနသည် ဂရုက၊ လဟုက စသော ပြဿနာ၌မရှိ၊ နာလိုပါသည် ဘုရား ဟူသောစကားဖြင့် ရေတွက်အပ်သောအနက်ကို ပြခြင်းငါ ဆိုသည် ဟုမှတ်အပ်၏။

ဝိဋ္ဌ ။ ။ ပါရာဇိကစသည်ဖြင့်ဆိုသော နိဗ္ဗစနသည် ဂရုက လဟုကစသော ပြဿနာတို့၌ မလာသော်လည်း အလုံးစုံ ဟောကြားတော်မူပါ၊ နာယူလိုပါသည်ဟု တောင်းပန်ခြင်းဖြင့် ယူအပ်သောနိဗ္ဗစနဖြစ်၏။ မိုးစွတ်၏–ဟူသည်။ မိုးရေစီးဝင်၏။ ဂါထာတို့ဖြင့်ချုံး၍ ရေတွက် အပ်သောအနက်တို့၏ တည်ရာအခက်းသည် ဂါထာသင်္ကာကိ မည်၏။)

ဂါထာသင်္ကာကိ ပြီး၏

၁၁ – **အဓိကရဏဘေဒ**

၃၄၀။ **အဓိကရဏ**။ ။ အဓိက်ရက်းတို့သည် လေးပါးတို့ဖြစ်ကုန်၏။ ဝိဝါဒါ ဓိကရက်း၊ အနုဝါဒါဓိကရက်း၊ အာပတ္တာဓိကရက်း၊ ကိစ္စာဓိကရက်း၊ ဤကား အဓိကရက်းလေးပါးတည်း။

ဥက္ကောဋ္ဌ ။ ။ ဤလေးပါးသော အဓိကရက်းတို့ကို ဥက္ကောဋ္ဌ-တားမြစ်ခြင်းတို့သည် အဘယ်မျှတို့နည်း။ ဆယ်ပါးတို့တည်း။ ဝိဝါဒါဓိကရက်း

ကို နှစ်ပါးတား၏။ အနုဝါဒါဓိကရုဏ်းကို လေးပါးတား၏။ အာပတ္တာဓိကရုဏ်းကို သုံးပါးတား၏။ ကိစ္စာဓိကရုဏ်းကို တစ်ပါးတား၏။ ဤသို့ အဓိကရုဏ်းလေးပါးကို ဆယ်ပါးတားကုန်၏။ ဝိဝါဒါဓိကရုဏ်းကို တားသူသည် အဘယ်မျှသော သမထတို့ကိုတားသနည်း။ အနုဝါကို၊ အာပတ္တာကို၊ ကစ္စာကိုတားသူသည် အဘယ်မျှသော သမထတို့ကိုတားသနည်း။ ဝိဝါဒါကိုတားသူသည်နှစ်ပါးသော သမထတို့ကို၊ အနုဝါတားသူသည် လေးပါးကို၊ အာပတ္တာတားသူသည် သုံးပါးကို၊ ကိစ္စာတားသူသည် တစ်ပါးကိုတားသည်။

[အဓိကရုဏ်းကို တားခြင်းဖြင့် သမထတို့ကိုတားခြင်းကို ပြခြင်းငါ ဝိဝါဒါဓိကရုဏ်းကို တားသူသည် အဘယ်မျှသောသမထတို့ကို တားသနည်း စသည်ကို မိန့်ဆို၏။ ဝိဝါဒါကို တားသူသည် သမ္မုခါဝိနည်း၊ ယေဘုယျသိက– ဟူသော သမထနှစ်ပါးကိုတား၏။ အနုဝါတားသူသည် သမ္မုခါဝိနည်း၊ သတိဝိနည်း၊ အမူဠှဝိနည်း၊ တဿပါပိယသိက– သမထလေးပါးကိုတား၏။ အာပတ္တာတားသူသည် သမ္မုခါဝိနည်း၊ ပဋိညာတကရဏ၊ တိဏဝတ္ထာရက – သမထသုံးပါးကိုတား၏။ ကိစ္စာတားသူသည် သမ္မုခါဝိနည်းဟူသော သမထတစ်ပါးကိုတား၏။]

(**ဓီဋ္ဌိ**။ ။အဓိကရုဏ်းတို့သည် ခုနှစ်ပါးသော သမထတို့ဖြင့်ပြီး၏။ အဓိကရုဏ်းတို့ကို တားသူသည် ခုနှစ်ပါးသော သမထဟို့ကိုတားသည်မည်၏။ ဤကား အဓိပ္ပာယ်တည်း။

သာဓိ။ ။ အဓိကရုဏ်းကိုတားလျှင် သမထသို့ ရောက်သည်ကိုသာတား၏။ ထို့ကြောင့် " ဝိဝါဒါဓိကရုဏ်းကို တားသူသည် အဘယ်မျှသောသမထတို့ကို ဝေးသနည်း။" စသည်ကို မိန့်ဆိုသည်။)

၃၄၁။ **အာကာရပုဂ္ဂလ** ။ ။ ဥက္ကောဋ္ဌတို့သည် အဘယ်မျှ

တို့နည်း။ အဘယ်မျှသောခြင်းရာ တို့ဖြင့် ဥက္ကောဋ္ဌနသည် ဖြစ်သနည်း။ အဘယ်မျှသောအင်္ဂါတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် အဓိကရဏ်းကိုတားသနည်း။ အဘယ်မျှသော ပုဂ္ဂိုလ်တို့သည် အဓိကရဏ်းကိုတားသည်ရှိသော် အာပတ်သို့ရောက်ကုန်သနည်း။ ဥက္ကောဋ္ဌတို့သည် တစ်ဆယ့်နှစ်ပါးဖြစ်ကုန်၏။ ဆယ်ပါးသောခြင်းရာတို့ဖြင့် ဥက္ကောဋ္ဌနသည်ဖြစ်၏။ လေးပါးသောအင်္ဂါတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အဓိကရဏ်းကိုတား၏။ လေးယောက်သောပုဂ္ဂိုလ်တို့သည် အဓိကရဏ်းကိုတားသည်ရှိသော် အာပတ်သို့ရောက်ကုန်၏။

ဥက္ကောဋ္ဌ – တစ်ဆယ့်နှစ်ပါးကား – အကတ်ကမ္မံ – ပြုရှိမပြီးသေးသောကံ။ ဒုက္ကဋ်ကမ္မံ – မကောင်းသဖြင့်ပြုအပ်သောကံ။ ပုနကာတဗ္ဗံကမ္မံ – တဖန် ပြုအပ်သောကံ [၃]။ အနိဟတံ – သုတ္တစသည်ဖြင့် မဆောင်အပ်သောကံ။ ဒုန္နိဟတံ – မကောင်းသဖြင့် ဆောင်အပ်၏။ ပုနနိဟနိတဗ္ဗံ – တဖန်ဆောင်အပ်၏ [၃]။ အဝိနိစ္ဆိတံ – အာပတ် နာပတ်စသည်ဖြင့် မဆုံးဖြတ်အပ်၊ ဒုဝိနိစ္ဆိတံ –မကောင်းသဖြင့်ဆုံးဖြတ်အပ်၏။ ပုနဝိနိစ္ဆိတဗ္ဗံ – တဖန်ဆုံးဖြတ်အပ်၏ [၃]။ အဝူပသန္တံ– မငြိမ်းစဲသေး။ ဒုဝူပသန္တံ – မကောင်းသဖြင့်ငြိမ်းစဲ၏။ ပုနဝူပသမေတဗ္ဗံ – တဖန်ငြိမ်းစဲစေအပ်၏ [၃]။ ဤ ၁၂- ပါးတည်း။

ဥက္ကောဋ္ဌနဖြစ်ကြောင်းခြင်းရာဆယ်ပါးကား – ထိုကျောင်းဌဖြစ်သော အဓိကရဏ်းကိုတား၏။ ထိုကျောင်းဌဖြစ်သော ငြိမ်းစဲသော အဓိကရဏ်းကိုတား၏။ ခရီးအကြားဌ အဓိကရဏ်းကိုတား၏။ ခရီးအကြားဌငြိမ်းစဲသော အဓိကရဏ်းကိုတား၏။ ဝိနည်းဓိရ်ရှိရာ ကျောင်းတပါးသို့ရောက်သော အဓိကရဏ်းကိုတား၏။ ဝိနည်းဓိရ်ရှိရာ ကျောင်းတပါးသို့ရောက်သော ငြိမ်းစဲသောအဓိကရဏ်းကိုတား၏ [၆]။ သတိဝိနည်းကိုတား၏။ အမူဋ္ဌဝိနည်းကိုတား၏။ တဿပါပိယျသိကကိုတား၏။ တိဏဝတ္ထာရကကိုတား၏ [၄]။ ဤ ဆယ်ပါးတည်း။

အဓိကရဏ်းကိုတားသော ပုဂ္ဂိုလ်၏အင်္ဂါလေးပါးကား – ဆန္ဒာဂတိသို့

လိုက်၍ အဓိကရုဏ်းကိုတား၏။ ဒေါသဂဟတိသို့၊ မောဟဂဟတိသို့၊ ဘယဂဟတိသို့လိုက်၍တား၏။ ဤလေးပါးတည်း။

အဓိကရုဏ်းကိုတား၍ [illegible]သို့ရောက် ပုဂ္ဂိုလ်လေးယောက်ကား – ထိုနေ့ဦးရဟန်းပြုသူသည်တားအံ့ – ဥက္ကောဋ္ဌနကပါစိတ်အာပတ်သို့ ရောက်၏။ အာဂန္တုသည်တားအံ့ – ဥက္ကောဋ္ဌနကပါစိတ်၊ ကာရကပုဂ္ဂိုလ်သည် တားအံ့၊ ဥက္ကောဋ္ဌနကပါစိတ်၊ ဆန္ဒပေးသူသည်တားအံ့ – ဥက္ကောဋ္ဌနကပါစိတ်၊ ဤလေးယောက်တည်း။

[ဥက္ကောဋ္ဌ – တစ်ဆယ့်နှင့်ပါးတို့တွင် အကတ်ကမ္မ –စသော ဥက္ကောဋ္ဌသုံးပါးကို အထူးအားဖြင့် ဒုတိယအနုဝါဒါဓိကရုဏ်းခ်ုရအပ်၏။ အနိဟတ်ကမ္မ – စသောသုံးပါးကို ပဌမဝိဝါဒါခ်ု၊ အဝိနိစ္ဆိတ် –စသော သုံးပါးကို တတိယအာပတ္တာခ်ု၊ အဂူပသန္တ –စသောသုံးပါးကို စတုတ္ထကိစ္စာခ်ုရအပ်၏။ တစ်နည်း မထူးခြင်းအားဖြင့် ၁၂–ပါးလုံးကိုလည်း တစ်ခုခုသော အဓိကရုဏ်းခ်ု ရအပ်သည်သာတည်း။]

ထိုကျောင်းခ်ုဖြစ်သော အဓိကရုဏ်းကိုတား၏ – ဟူသည်ကား– အကြင်ကျောင်းခ်ု ဤသူသည် ငါ၏ သပိတ်သင်္ကန်းကိုယူသည် – စသည်ဖြင့် သပိတ် သင်္ကန်းစသည်တို့အကျိုးငှါအဓိကရုဏ်းဖြစ်၏။ ထိုကျောင်းခ်ုသာလျှင် အာဝါသိကတို့သည် စည်းဝေး၍ ငါ့ရှင်တို့ [illegible]ခုခြင်းငှါမသင့်ဟု ပစ္စည်းအကျိုးငှါ ဆန်ကျင်သော အတ္ထုပစ္စတ္ထိကတို့ကို သမေစ၍ ပါဋိမုတ္တက ဝိနိစ္ဆယဖြင့်သာ (၀ါ)– ဝိနည်းမစွက် တရားဟောသက်သက်ဖြင့်သာ ငြိမ်းစေကုန်အံ့၊ ဤကား တတ္ထာဇာတကအဓိကရုဏမည်၏။ ငြိမ်းကြောင်းဝိနိစ္ဆယသည်လည်း သမ ၁တစ်ပါးသာတည်း။

ဤအဓိကရုဏ်းကိုတားသော ရဟန်းအားလည်းပါစိတ်တည်း။ ။ ထိုကျောင်းခ်ုဖြစ်သော ငြိမ်းစဲသောအဓိကရုဏ်းဟူသည်ကား – နေ၀ါသိကတို့ ငြိမ်းစေခြင်းငှါ မတတ်နိုင်ကုန်အံ့၊ တစ်ပါးသောဝိနည်းဝိုရ်ရောက်လာ၍ အဘယ်ကြောင့် ဤကျောင်းခ်ု ; ပုသ်ပ၀ါရဏာ တန်ရပ်သနည်းဟုမေး၍ ထိုအကြောင်း

ကို ပြောပြလတ်သော် ခန္ဓကမှ ပရိဝါမှ ဆောင်သော သုတ္တာဖြင့်ဆုံးဖြတ်၍ ငြိမ်းစေအံ့၊ ဤကား တတ္ထဇာတက ဂူပသန္တအဓိကရဏမည်၏။ ထိုကိုတားသူအား လည်း ပါစိတ်သာတည်း။ ။ ခရီးအကြား၌ဟူသည် ထိုအတ္ထပစ္စတ္ထိကတို့သည် ငါတို့. ဤသူ၏ ဝိနိစ္ဆယ၌ မတည်နိုင်ကြ။ ဤသူဝိနည်းမတတ်၊ ဤမည်သော ကျောင်း၌ ဝိနည်းဓိရ် တို့.ရှိကုန်၏။ ထိုသို့.သွား၍ အဆုံးအဖြတ်ယူကုန်အံ့ဟု သွားကြစဉ် ခရီးအကြား၌ ကျိုးကြောင်းမှတ်သား၍ အချင်းချင်းသိစေကုန်အံ့၊ တပါးသော ရဟန်းတို့.က သော်လည်း သိစေကုန်အံ့၊ ဤသည်လည်း ငြိမ်းခြင်းသာတည်း။

ဤသို့.ငြိမ်းသော အန္တရာမဂ္ဂ၌ အဓိကရဏ်းကိုတားသူအား လည်း ပါစိတ်သာတည်း။ ။ ခရီးအကြား ငြိမ်းစဲသောအဓိကရဏ်းဟူသည် အချင်းချင်း သိစေခြင်း၊ တပါးသူတို့. သိစေခြင်းဖြင့်မငြိမ်းဘဲ ရင်ဆိုင်ရောက်လာသော ဝိနည်းဓိရ်သည်မေး၍ တား၍ ထိုခရီးအကြား၌သာလျှင် ဓမ္မဝိနယဖြင့် ငြိမ်းစေအံ့၊ ဤကား အန္တရာမဂ္ဂ ဂူပသန္တမည်၏။ ထိုကိုတားသူအား လည်း ပါစိတ်သာတည်း။ ။ ဝိနည်းဓိရ်ရှိရာ ကျောင်းတပါးသို့.ရောက်သောဟူသည်ကား မရီးအကြား ဝိနည်းဓိရ်တားသည်ကို မနာယူဘဲ ထိုကျောင်းသို့.သွားကြ၍ သဘာဂရဟန်းတို့.ကို ပြောပြကြ၍ သံဃာမစည်းဝေးဘဲ ဆုံးဖြတ်၍ သိစေကုန်အံ့၊ ဤလည်းငြိမ်းခြင်းသာတည်း တတ္ထဂတမည်၏။ ထိုကိုတားသူ အားလည်းပါစိတ်တည်း။ ။ ထိုသို့. မငြိမ်းဘဲ သံဃာစည်းဝေး၍ သံဃာ့ အလယ်၌ ဝိနည်းဓိရ်သည် ငြိမ်းစေသည်ဖြစ်အံ့၊ တတ္ထ ဂတ ဂူပသန္တမည်၏။ ထိုကို တားသူအားလည်းပါစိတ်တည်း။ ။ သတိဝိနည်းကိုတားခြင်း စသည်ကား ရဟန္တာအားပေးသော သတိဝိနည်းကိုတားအံ့၊ ပါစိတ်သာတည်း။ ဥမ္မတ္တကအားပေးသော အမူဋ္ဌဝိနည်း၊ ယုတ်မာခြင်းမျှားသူအားပေးသော တဿ ပါပိယျသိကတို့.၌လည်း ဤနည်းသာတည်း၊ သံဃာသည်တိဏဝတ္ထာရက သမထဖြင့် အဓိကရဏ်းကို ငြိမ်းစေပြီးသောအခါ "အာပတ်မည်သည် ရဟန်း တစ်ပါးထံ ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီ၍ ဒေသနာကြားမှထသည်၊ အိပ်ပျော်နေသူအားလည်း အာပတ်ထခြင်းကို ငါမနှစ်သက်" ဟုဆိုလျှင် တိဏ

ဝတ္ထာရကကိုတားသည်မည်၏။ ပါစိတ်သာတည်း။

ဆန္ဒာဂတိသို့လိုက်၍ အဓိကရဏ်းကိုတား၏ဟူသည် – ဝိနည်းဓိရ်ဖြင့် လျက် မိမိ၏ ဥပဇ္ဈာယ်စသည်တို့၏အကျိုးငှါ အဓမ္မကို ဓမ္မဟုပြခြင်း စသည်တို့ ကိုပြု၍ ရှေးဌ ဓမ္မဝိနယဖြင့် ဆုံးဖြတ်ပြီးသော အဓိကရဏ်းကို ဥက္ကောဋ္ဌ ၁၂-ပါး တစ်ပါးပါးဖြင့်တားလျှင် ဆန္ဒာဂတိသို့လိုက်၍ အဓိကရဏ်းကို တား သည်မည်၏။ အတ္ထပစ္စတ္ထိက နှစ်ယောက်တို့တွင် တစ်ယောက်အပေါ်ဌ ငါ၏ အကျိုးမဲ့ကို ပြုဘူးသူ–စသည်ဖြင့် အာဃာတဖြစ်၍ ထိုသူကို ရှုံးစေခြင်းငှါ အဓမ္မ ဓမ္မော စသည်ကိုပြု၍ ရှေးဆုံးဖြတ်ပြီးကို ၁၂–ပါး တစ်ပါးပါးဖြင့်တားလျှင် ဒေါသာဂတိသို့လိုက်၍ တားသည်မည်၏။ ဘုဏ်နှံ့၍ တွေဝေခြင်းကြောင့် အဓမ္မ ဓမ္မောစသည်ကိုပြု၍ တစ်ပါးပါးဖြင့်တားလျှင် မောဟာဂတိသို့လိုက်၍ တား သည်မည်၏။ အတ္ထပစ္စတ္ထိကနှစ်ယောက်တို့တွင် တစ်ယောက်သည် ဝိသမနိသိတ – မတူတန်သော ကာယကံ စသည်တို့ကိုမှီ၏၊ ဂဟနနိသိတ– ပြားသောအယူဖြင့် ရှုပ်ထွေးသော မိစ္ဆာဒိဋ္ဌိတို့ကိုမှီ၏၊ ဗလဝနိသိတ – အား ရှိသောအသင်းပက္ခ၊ ထင်ရှားသော ရဟန်းတို့ကိုမှီ၏။ ထိုသူကို "ငါအား အသက်၊ သာသနာ အန္တရာယ်ပြုရာ၏" ဟုကြောက်၍ အဓမ္မ ဓမ္မော စသည်ကို ပြု၍ တစ်ပါးပါးဖြင့်တားလျှင် ဘယာဂတိသို့လိုက်၍ အဓိကရဏ်းကို တားသည် မည်၏။

ထိုနေ့ရဟန်းပြုသူသည် တားအံ့ဟူသည်– ဗျတ္တဗဟုသုတသာမဏေ သည် ဝိနိစ္ဆယဌ်ရှုံး၍ မျက်နှာမသာယာသောရဟန်းတို့ကို အရှင်တို့ ထိုသို့ ဖြစ်ပါစေ၊ အကျွန်ုပ်ကို ရဟန်းပြုပေးကြပါ၊ အကျွန်ုပ် ငြိမ်းအောင် ဆုံးဖြတ် ပေးမည်ဟုဆို၍ ရဟန်းပြုပေးကြသဖြင့် နောက်နေ့ဌ သံဃာကိုစည်းဝေး စေသောအခါ ရဟန်းတို့ အကြောင်းမေးလတ်သော် ယမန်နေ့ဌ အဓိကရဏ်းကို မကောင်းသဖြင့် ဆုံးဖြတ်အပ်၏၊ ထိုအဓိကရဏ်းကို အကျွန်ုပ်ဆုံးဖြတ် မည်ဟု ဆိုအံ့၊ ယမန်နေ့ဌ သင် ဘယ်သို့သွားနေသနည်းဟုမေး၍ ရဟန်းမဟုတ် သေးပါ၊ ယနေ့မှရဟန်းဖြစ်ပါသည်ဟုဆိုအံ့ ငါ့ရှင် သင်သို့သောသူတို့အား

ဘုရားရှင်သည် 'တဒဟုပသမ္မနော ဥက္ကောဋေတိ ဥက္ကောဋနကံ ပါစိတ္တိယံ' ဟု သိက္ခာပုဒ်ပညတ်သည်။ သွားချေလော ဒေသနာကြားချေလောဟု ဆိုအပ်၏။

အာဂန္တုဠ္ဠလည်း ဤနည်းသာတည်း။ ကာရကဟူသည်ကား သံဃာနှင့် အတူတကွဆုံးဖြတ်၍ ကျောင်းပြန်ရောက်သော ဝိနည်းဓိရ်တစ်ဦးကို ရှုံးသောရဟန်းတို့က အရှင်ဘုရား အဘယ်ကြောင့် ဤသို့ ဆုံးဖြတ်ပါသနည်း၊ ဤသို့ဆုံးဖြတ်သင့်သည်မဟုတ်ပါလော ဟု ဆိုလတ်သော် အဘယ်ကြောင့် ရှေးဦးစွာ ဤသို့မပြောဘိသနည်း ဟု ဆို၍ ထိုအဓိကရဏ်းကို တားအံ့၊ ဤသို့ ဆုံးဖြတ်ခြင်းပြုသောဝိနည်းဓိရ်တားလျှင်လည်း ပါစိတ်သာတည်း။

ဆန္နပေးသူဟူသည် ဆုံးဖြတ်သောအခါ ဆန္နကိုပေးလိုက်၍ ရှုံးလာသော သဘာဂ ရဟန်းတို့ကိုမြင်သောအခါ "နက်ဖြန် ငါဆုံးဖြတ်မည်" ဟု သံဃာကို စည်းဝေးစေ၍ "ယမန်နေ့က ဆုံးဖြတ်ပုံမကောင်း၊ ယခု ငါဆုံးဖြတ်မည်၊ ယမန်နေ့က ငါ ဆန္နပေး၍နေသည်" ဟုဆိုအံ့၊ "ငါ့ရှင် သင်သို့သောသူတို့အား ဘုရားရှင်သည် 'ဆန္နဒါယကော ဥက္ကောဋေတိ၊ ဥက္ကောဋနကံ ပါစိတ္တိယံ' ဟု သိက္ခာပုဒ်ပညတ်သည် သွားချေလော ဒေသနာကြားချေလော" ဟု ဆိုအပ်၏။

(**ဓီဠီ**။ ။ ပသဝတိတိ သမ္ဘဝတိ- ဥက္ကောဋနသည်ဖြစ်သနည်း၊ အနုဝါဒါဓိကရဏ်းဌ်ရအပ်၏ဟူသည် ဓမ္မ အဝမ္မ စသည်တို့နှင့်တူသော ဥက္ကောဋ သုံးပါးဖြစ်သောကြောင့် အထူးအားဖြင့်ရအပ်၏။ အနီဟတံ-သုတ္တ စသည်ဖြင့် မဆောင်အပ်။ အဝိနိစ္ဆိတံ- အာပတ်, နာပတ်စသည်ဖြင့် မဆုံးဖြတ်အပ်၊ ခြင်းရာဆယ်ပါးကိုသာဟောသည်။ သမ္မုခါ၊ ပဋိညာ၊ ယေဘုသုံးခုကို မဟောသောကြောင့် တားခြင်းငှာ မတတ်ကောင်း။ ထိုသုံးခုတို့အား ကမ္မဝါစာလည်းမရှိ၊ ပါဠိမုတ္တက ဝိနိစ္ဆယဟူသည် ဝိနည်းလက္ခဏာကင်းလျက် တရားဟောခြင်းသက်သက်၏အစွမ်းဖြစ်၏။ နိဗ္ဗာပေန္တီတိ ဒသေန္တီ။

သာဒီ။ ။ ပါဠိမုတ္တာကဝိနိစ္ဆယဟူသည် ဝိနည်း လက္ခဏာကင်းလျက် သက်သက်တရားဟောခြင်းမျှ၏ အစွမ်းတည်း။ နိဗ္ဗာပေန္တိတိ ပညာပေန္တိ။

ဝိဒီ။ ။ အတ္ထပစ္စတ္ထိကတို့ကို သိစေ၍ဟူသည် ပတ္တစိဝရ စသည်အကျိုးငှာ ငြင်းခုံခြင်းသည် မသင့်ဟု ငြင်းခုံခြင်းစသည်တို့၌ အပြစ်ပြခြင်းဖြင့် သိစေ၍ အချင်းချင်းသည်းခံစေ၍ ငြိမ်းစေကြသည်။ အချင်းချင်း အာပတ် နာပတ်ပြခြင်းအစွမ်းဖြင့်မဟုတ်၊ ထို့ကြောင့် ပါဠိမုတ္တာကဝိနိစ္ဆယဖြင့်သာဟု ဆိုသည်။

ဝိသမကာယကမ္မ စသည်တို့ကိုမှီသူသည် ဝိသမနိသိတမည်၏။ မိစ္ဆာဒိဋ္ဌိကိုမှီသူသည် ဂဟနနိသိတမည်၏။ ဗလဝန္ဓပုရိသတို့ကိုမှီသူသည် ဗလဝနိသိတမည်၏။)

၃၄၂။ **နိဒါန်၊ ဟေတု၊ ပစ္စယ**။ ။ ဝိဝါဒါဓိကရဏ်းသည် ကိ ံ နိဒါန်-အဘယ်နိဒါန်းရှိသနည်း။ ကိ ံ သမုဒယံ- အဘယ်အကြောင်းရှိသနည်း။ ကိ ံ ဇာတိကံ- အဘယ်ဇာတ်ရှိသနည်း။ ကိ ံ ပဘဝံ- အဘယ်အမွန်ရှိသနည်း။ ကိ ံ သမ္ဘာရံ- အဘယ်အဆောက်အဦရှိသနည်း၊ ကိ ံ သမုဋ္ဌာနံ- အဘယ်သမုဋ္ဌာန်ရှိသနည်း၊ (၆-ချက်)။ အနုဝါသည်၊ အာပတ္တာသည်၊ ကိစ္စာသည် ကိ ံ နိဒါနံ၊ (ပ)၊ ကိ ံ သမုဋ္ဌာနံ။

ဝိဝါဒါဓိကရဏ်းသည် ဝိဝါဒလျှင် နိဒါန်းရှိ၏၊ (ပ) ။ ဝိဝါဒလျှင် သမုဋ္ဌာန်ရှိ၏။ အနုဝါဒါသည် အနုဝါဒလျှင်၊ အာပတ္တာသည် အာပတ္တိလျှင်၊ ကိစ္စာသည် ကိစ္စလျှင် နိဒါန်းရှိ၏၊ သမုဋ္ဌာန်ရှိ၏။ ဝိဝါဒသည် ကိ ံ နိဒါနံ၊ (၆-ချက်)

အနုဝါဒါသည်၊ အာပတ္တာသည်၊ ကိစ္စာသည် ကိ ံ နိဒါနံ၊ (၆-ချက်)။ ဝိဝါဒါသည် ဟေတုလျှင် နိဒါန်းရှိ၏၊ (ပ)၊ ဟေတုလျှင် သမုဋ္ဌာန်ရှိ၏၊ အနုဝါဒါ

သည်၊ အာပတ္တာသည်၊ ကိစ္စာသည် ဟေတုလျှင်နိဒါန်းရှိ၏၊ (ပ) ၊ ဟေတုလျှင် သမုဋ္ဌာန်ရှိ၏။

ဝိဝါဒါသည် ကိ ံ နိဒါနံ၊ အနုဝါဒါသည်၊ အာပတ္တာသည်၊ ကိစ္စာသည်၊ (၆–ချက်)။ ဝိဝါဒါသည် ပစ္စယလျှင်နိဒါန်းရှိ၏၊ အနုဝါဒါသည်၊ အာပတ္တာသည်၊ ကိစ္စာသည် ပစ္စယလျှင် နိဒါန်းရှိ၏။ (ပ) ပစ္စယလျှင် သမုဋ္ဌာန်ရှိ၏။

[ကိ ံ နိဒါနံအသာတိ ကိ ံ နိဒါနံ၊ ကော သမုဒယော၊ ကာဟေတိ၊ ကော ပဘဝေါ၊ ကောသမ္ဘာရော၊ ကိ ံ သမုဋ္ဌာနံ အသာတိ ကိ ံ သမုဋ္ဌာနံ၊ အာ:လုံ: ကာရဏာ၏ ဝေ့ဝုစ်တို့.သာတည်:။ (' အဘယ် အကြောင်:ကြောင့် ဖြစ်သနည်: ဝိဝါဒစသည်ကြောင့်၊ ဟေတုကြောင့်၊ ပစ္စယကြောင့်ဖြစ်၏ ဟူလို။) ဝိဝါဒလျှင် နိဒါန်:ရှိ၏၊ စသည်တို့.ခ္ခ ဘေဒကရဝတ္ထု ၁၈–ခုဟူသော ဝိဝါ:လျှင် နိဒါန်:ရှိ၏။

ဝိဝါဒကိုမှီ၍ဖြစ်သော ဝိဝါဒစွမ်:ဖြင့်ဆိုသည်၊ အနုဝါဒကိုမှီ၍ ဖြစ်သော အနုဝါဒစွမ်:ဖြင့် အနုဝါဒလျှင် နိဒါန်:ရှိ၏။ အာပတ္တာ ဂိကရဏာ အကြောင်:ကြောင့် လေ:ပါ:သော အာပတ်သို.ရောက်၏။ ထို.ကြောင့် အာပတ်ကိုမှီ၍ဖြစ်သော အာပတ်စွမ်:ဖြင့် အာပတ္တိလျှင် နိဒါန်:ရှိ၏။ ကိစ္စလျှင် နိဒါန်:ရှိ၏ဟူသည် လေ:ပါ:သော သံဃကံလျှင် အကြောင်:ရှိသော ကိစ္စဖြစ်၏။

ဥက္ခိတ္တာနုဝတ္တိကာဘိက္ခုနီ၏ ယာဝတတိယ သမနုဘာသန စသည်တို.၏ ကိစ္စကိုစွဲ၍ဖြစ်သော ကိစ္စစွမ်:ဖြင့်ဆိုသည်။ ဤသို. နိဒါန ပုဒ်နှင့်ယှဉ်သကဲ့သို. သမုဒယစသော ကြွင်:ပုဒ်တို.နှင့်လည်: ယှဉ်အပ်၏။ ဟေတုလျှင် နိဒါန်:ရှိ၏ စသောအဖြာ်ခ္ခ ကုသိုလ်ဟိတ်သုံ:ပါ:၊ အကုသိုလ်ဟိတ်သုံ:ပါ:၊ အဗျာကတဟိတ် သုံ:ပါ: ဤဟိတ်ကို:ပါ:စွမ်: ဖြင့် ဟေတုလျှင်နိဒါန်:ရှိခြင်:ကို သိအပ်၏။ တတိယအဖြာ်ခ္ခ သဒ္ဒါမ္ဗ ထူ:၏။ ဟေတုကိုသာလျှင် ပစ္စယဟု ဟောသောကြောင့်တည်:။]

(**ဒီဋီ**။ ။ ကိ်သမ္ဘာရံဟူသည် ကိ် ပရိကၠာရံဖြစ်၏၊ ဤ၌ ကိ် သည် လိင်္ဂသာမညအဗျယတည်း၊ ရှေး၌ဖြစ်သော ဝိဝါဒကိုမှီ၍ နောက်၌ဖြစ်သောဝိဝါဒသည် ဝိဝါဒလျှင် နိဒါန်းရှိသည်မည်၏။ အာပတ္တာဓိကရဏအကြောင်းကြောင့် လေးပါးသောအာပတ်ကား ဘိက္ခုနီသည် သိလျက် ပါရာဇိကကိုဖုံးအုံ့၊ ပါရာဇိကယုံမှားလျက်ဖုံးအုံ့– ထုလ္လစ္စည်း၊ ဘိက္ခုသည် သံဃာဒိသေသ်ကိုဖုံးအုံ့– ပါစိတ်၊ အာစာရဝိပတ္တိကိုဖုံးအုံ့– ဒုက္ကဋ်။

သာဒီ။ ။ ကိစ္စကိုစွဲ၍ဖြစ်သော ကိစ္စဟူသည် ရှေး၌ပြုသော ဥက္ခေပနီယ စသောက်ကိုစွဲ၍ဖြစ်သော ကံတို့ဖြစ်ကုန်၏။ ယာဝတတိယ သမနုဘာသနက် စသည်ကဲ့သို့တည်း။

ဝိဒီ။ ။အာပတ်ကိုမှီ၍ဖြစ်သော အာပတ်ဟူသည်ကို မိမိ၏၊ သူတပါး၏ အာပတ်ကိုဖုံးသူတို့၏ ပါရာဇိက စသော အာပတ်ကိုသာရည်ဆိုသည်။ အာပတ်အားလုံးကို ရည်ဆိုသည် မဟုတ်။ ကိစ္စကိုစွဲ၍ဖြစ်သောကိစ္စဟူသည်ကို ဥက္ခေပနီယ စသောက်ကိုစွဲ၍ဖြစ်ကုန်သော တဒနုဝတ္တိကာဘိက္ခုနီ၏ ယာဝတတိယာနုသာဝနကိစ္စတို့ကိုရည်ဆိုသည်။ ကိစ္စအားလုံးကို ရည်မဆို။)

၃၄၃။ **မူလ၊ သမုဋ္ဌာန**။ ။ လေးပါးသောအဓိကရဏ်းတို့၏ မူလတို့သည် အဘယ်မျှနည်း၊ သမုဋ္ဌာန်တို့သည် အဘယ်မျှနည်း၊ လေးပါးသော အဓိကရဏ်းတို့၏ မူလတို့သည် ၃၃–ပါး၊ သမုဋ္ဌာန်တို့သည် ၃၃–ပါးဖြစ်ကုန်၏။

မူလ သုံးဆယ့်သုံးပါးကား– ဝိဝါဒါဓိကရဏ်း၏မူလ ၁၂–ပါး၊ အနုဝါဒါ၏မူလ ၁၄–ပါး၊ အာပတ္တာ၏မူလ ၆–ပါး၊ ကိစ္စာ၏မူလ ၁–ပါး၊ သံဃာသည် မူလဖြစ်၏။

သမုဒ္ဒာန် ၃၃-ပါးကား ဝိဝါဒါ၏သမုဒ္ဒာန် ဘေဒကရဝတ္ထု ၁၈-ပါး၊ အနုဝါဒါ၏သမုဒ္ဒာန် ဝိပတ္တိ ၄-ပါး၊ အာပတ္တာ၏သမုဒ္ဒာန် အာပတ် ၇-ပါး၊ ကိစ္စာ၏ သမုဒ္ဒာန် ကံ ၄-ပါးဖြစ်၏။

[မူလ ၁၂- ပါးကား- ကောဓ ဥပနာဟတစ်စုံ စသော ဝိဝါဒမူလ ၆-ပါး၊ လောဘ၊ ဒေါသစသောဟိတ် ၆-ပါး၊ ဤသို့. အဒ္ဓေတ္တသန္ဓာန်ဖြစ်သော မူလ ၁၂-ပါးဖြစ်၏၊ မူလ ၁၄-ပါးကား ထို ၁၂-ပါးသည် ကာယ၊ ဝါစာနှင့် ၁၄-ပါး ဖြစ်၏။ မူလ ၆-ပါးကား ကာယ၊ ဝါစာစသော ဆသမုဒ္ဒာန်ဖြစ်၏။ သမုဒ္ဒာန်အဖြာ၌ ဘေဒကရဝတ္ထု ၁၈-ပါး ကြောင့်၊ ဝါ-၁၈ပါးဖြင့် ဝိဝါဒသည်ဖြစ်၏။ ထို. ကြောင့် ထို ၁၈-ပါးသည် သမုဒ္ဒာန်မည်၏။ ဧသ နယော သဗ္ဗတ္တ။]

၃၄၄။ **အာပတ္တိ**။ ။ ဝိဝါဒါဓိကရဏ်းသည် အာပတ္တိလော၊ အနာပတ္တိ လော၊ ဝိဝါဒါဓိကရဏ်းသည် အာပတ္တိမဟုတ်။ ။ ဝိဝါဒ အကြောင်းကြောင့် အာပတ်သို့. ရောက်ရာသလော၊ အာမ အာပဇ္ဇေယျ- အေး- ရောက်ရာ၏။ အဘယ်မျှသော အာပတ် သို့.ရောက်သနည်း။ နှစ်ပါးသောအာပတ် သို့.ရောက်၏။ ဥပသမ္ပန္နကို ဆဲအံ့ပါစိတ်၊ အနုပသမ္ပန္နကိုဆဲအံ့ ဒုက္ကဋ်။ ။ ထိုအာပတ်တို့.သည် အဘယ်ဝိပတ္တိသို့. ဝင်ကုန်သနည်း။ အဘယ်အဓိကရဏ်း နည်း။ ။ အဘယ်အာပတ်အစုဖြင့် ရေတွက်အပ်ကုန်သနည်း။ အဘယ် သမုဒ္ဒာန်တို့.ကြောင့် ဖြစ်ကုန်သနည်း။ အဘယ်မျှသော အဓိကရဏ်းတို့.ဖြင့် အဘယ်မျှသောဌာနတို့.၌ အဘယ်မျှသောသမထတို့.ဖြင့် ငြိမ်းကုန်သနည်း။

ထိုအာပတ်တို့.သည် တစ်ပါးသောဝိပတ္တိသို့.ဝင်ကုန်၏။ အာစာရ ဝိပတ္တိသို့.၊ အာပတ္တာဓိကရဏ်းဖြစ်၏။ နှစ်ပါးသော အာပတ်အစုတို့.ဖြင့် ရေတွက်အပ်ကုန်၏ - အချို့.ပါစိတ်၊ အချို့.ဒုက္ကဋ်၊ သုံးပါးသော သမုဒ္ဒာန်တို့. ကြောင့် ဖြစ်ကုန်၏။ ကိစ္စာ ဓိကရဏ်းတစ်ခုဖြင့် သံဃာ့အလယ်၊ ဂဏ အလယ်၊ ပုဂ္ဂလအဇ် - သုံးဌာနတို့.၌ သုံးပါးသောသမထတို့.ဖြင့် ငြိမ်းကုန်၏။ ရံခါ သမ္မုခါ၊ ပဋိညာ၊ ရံခါ သမ္မုခါ၊ တိဏဖြင့်တည်း။

၃၄၅။ အနုဝါဒါဓိကရုဏ်းသည် အာပတ္တိလော၊ အနာပတ္တိလော၊ အာပတ္တိမဟုတ်၊ အနုဝါဒါအကြောင်းကြောင့် အာပတ်သို့ရောက်ရာသလော၊ အာမ။ အဘယ်မျှသောအာပတ်သို့ရောက်သနည်း။ သုံးပါးသောအာပတ်သို့ရောက်၏။ ဘိက္ခုကို အမှုလကပါရာဇိကဖြင့်စွပ်စွဲအံ့၊ သံဃာဒိသေသ်။ သံဃာဒိသေသ်ဖြင့်စွပ်စွဲအံ့ ပါစိတ်၊ အာစာရ ဝိပတ္တိဖြင့်စွပ်စွဲအံ့ – ဒုက္ကဋ်။ ။ ထိုအာပတ်တို့သည် အဘယ်ဝိပတ္တိသို့ဝင်ကုန်သနည်း။ (ပ)။ ငြိမ်းကုန် သနည်း။ ထိုအာပတ်တို့သည် သီလ၊ အာစာရ ဝိပတ္တိ နှစ်ပါးသို့ဝင်ကုန်၏ အာပတ္တာဓိကရုဏ်းဖြစ်၏။ သံဃာဒိသေသ်၊ ပါစိတ်၊ ဒုက္ကဋ် သုံးပါးဖြင့် ရေတွက်အပ်ကုန်၏။ သုံးပါးသောသမုဋ္ဌာန်တို့ကြောင့် ဖြစ်ကုန်၏။ ဂရုကာ အာပတ်တို့သည် ကိစ္စာဓိကရုဏ်းတစ်ခုဖြင့် သံဃာ့အလယ်ဌာနတစ်ခု၌ သမ္မုခါ၊ ပဋိညာ သမထနှစ်ပါးဖြင့် ငြိမ်းကုန်၏။ လဟုကာအာပတ်တို့သည် ကိစ္စာဓိကရုဏ်းတစ်ခုဖြင့် သံဃာ့အလယ်၊ ဂဏအလယ် ပုဂ္ဂလအဇ် – သုံးဌာန၌ ရံခါ သမ္မုခါ– ပဋိညာ၊ ရံခါ သမ္မုခါ–တိဏ–သမထ သုံးပါးတို့ဖြင့် ငြိမ်းကုန်၏။

၃၄၆။ အာပတ္တာဓိကရုဏ်းသည် အာပတ္တိလော၊ အနာပတ္တိလော၊ အာပတ္တိဟုတ်၏။ အာပတ္တာအကြောင်းကြောင့် အာပတ်သို့ရောက်ရာသလော၊ အာမ။ အဘယ်မျှ သော အာပတ်သို့ရောက်သနည်း။ လေးပါးသောအာပတ်သို့ရောက်၏။ ဘိက္ခုနီသည်သိလျက် ပါရာဇိကကိုဖုံးအံ့၊ ပါရာဇိက၊ ယုံမှားလျက်ဖုံးအံ့၊ ထုလ္လစ္စည်း၊ ဘိက္ခုသည် သံဃာဒိသေသ်ကိုဖုံးအံ့၊ ပါစိတ်၊ အာစာရ ဝိပတ္တိကိုဖုံးအံ့– ဒုက္ကဋ်၊ ထိုအာပတ်တို့သည် အဘယ်ဝိပတ္တိသို့ ဝင်ကုန်သနည်း။ (ပ)။ ငြိမ်းကုန်သနည်း။ ထိုအာပတ်တို့သည် သီလ၊ အာစာရဝိပတ္တိနှစ်ပါးသို့ ဝင်ကုန်၏။ အာပတ္တာ ဓိကရုဏ်း ဖြစ်၏။ ပါရာဇိက၊ ထုလ္လစ္စည်း၊ ပါစိတ်၊ ဒုက္ကဋ်လေးပါးဖြင့် ရေတွက်အပ်ကုန်၏။ ကာယဝါစာစိတ္တ သမုဋ္ဌာန် တစ်ခုကြောင့်ဖြစ်ကုန်၏။ အနုဝသေသအာပတ်သည် အဓိကရုဏ်းတစ်ခုခုဖြင့် ဌာနတစ်ခုခု၌ သမထတစ်ပါးပါးဖြင့် ငြိမ်းသည်မဟုတ်၊ လဟုကာတို့သည် ကိစ္စာဓိကရုဏ်းတစ်ခုဖြင့် သုံးဌာန၌ ရံခါသမ္မုခါ၊ ပဋိညာ၊ ရံခါ သမ္မုခါ၊ တိဏ–

သမထသုံးပါးတို့ဖြင့်ငြိမ်းကုန်၏။

၃၄၇။ ကိစ္စာဓိကရဏ်းသည် အာပတ္တိလော၊ အနာပတ္တိလော၊ အာပတ္တိ မဟုတ်၊ ကိစ္စာအကြောင်းကြောင့် အာပတ်သို့ရောက်ရာသလော၊ အာမ။ အဘယ်မျှသော အာပတ်တို့သို့ရောက်သနည်း။ ငါးပါးသောအာပတ်တို့ သို့ရောက်၏။ ဥက္ခိတ္တာနုဝတ္တိကာဘိက္ခုနီသည် သုံးကြိမ်ဆုံးမလျက်မစွန့်အံ့၊ ဥတ်ဖြင့် ဒုက္ကဋ်၊ ကမ္မဝါစာ နှစ်ကြိမ်တို့ဖြင့် ထုလ္လစ္စည်းတို့၊ ကမ္မဝါစာအဆုံး၌ ပါရာဇိက။ ဘေဒါနုဝတ္တက ရဟန်းသည် သုံးကြိမ်ဆုံးမလျက်မစွန့်အံ့၊ သံဃာဒိသေသ်၊ ပါပိကာဒိဋ္ဌိကို သုံးကြိမ် ဆုံးမလျက်မစွန့်အံ့–ပါစိတ်။ ထိုအာပတ်တို့သည် အဘယ်ဝိပတ္တိသို့ ဝင်ကုန်သနည်း။ (ပ) ငြိမ်းကုန်သနည်း။ ထိုအာပတ်တို့သည် သီလ၊ အာစာရဝိပတ္တိ နှစ်ပါးသို့ဝင်ကုန်၏။ အာပတ္တာ ဓိကရဏ်းဖြစ်၏။ ပါရာဇိက၊ သံဃာဒိသေသ်၊ ထုလ္လစ္စည်း၊ ပါစိတ်၊ ဒုက္ကဋ်၊ ငါးပါးဖြင့် ရေတွက်အပ်ကုန်၏။ ကာယဝါစာစိတ္တ သမုဋ္ဌာန်တစ်ခုကြောင့် ဖြစ်ကုန်၏။ အနဝသေသ အာပတ်တို့သည် (ပ) ငြိမ်းသည်မဟုတ်၊ ဂရုကာ အာပတ်သည် ကိစ္စာဓိကရဏ်းတစ်ခုဖြင့် သံဃာ့အလယ် ဌာနတစ်ခု၌ သမ္မုခါ၊ ပဋ္ဌိညာ သမထနှစ်ပါးဖြင့်ငြိမ်း၏။ လဟုကာတို့သည် ကိစ္စာဓိကရဏ်း တစ်ခုဖြင့် သုံးဌာန၌ သုံးပါးသောသမထတို့ဖြင့် ငြိမ်းကုန်၏။

[ကိစ္စာဓိကရဏ်းတစ်ခုဖြင့်ဟူသည်ကို ငြိမ်းကြောင်း အဓိ ကရဏ်းကို ပြခြင်းငါဆိုသည်။ ထိုဝိဝါဒစသည်တို့သည် စင်စစ် ကိစ္စာဓိကရဏ်းဖြင့်သာ ငြိမ်းသည်မဟုတ်ကုန်။ ပုဂ္ဂိုလ်၏အထံ၌ ဒေသနာကြားသူအား ကိစ္စာဓိကရဏ်းမရှိ၊ အဓိကရဏ်း တစ်ခုခုဖြင့် ဟူသည် သာဝသေသအာပတ်ငြိမ်းသကဲ့သို့မငြိမ်း၊ ထိုအနဝသေသ အာပတ်သည် ဒေသနာကြားခြင်းငါလည်းကောင်း၊ ထိုမှထ၍ ဝင်ကြယ်ခြင်း၌ တည်ခြင်းငါလည်းကောင်း မဟုတ်ကြောင်း။]

(**ဖီဋ္ဌ၊ သာဋ္ဌ။** ။ ငြိမ်းကြောင်းအဓိကရဏ်းကို ပြခြင်း ငါဆိုသည်ဟူသည်ကား အကြင်အခါ အဓိကရဏ်းတို့ဖြင့်

ငြိမ်းကုန်၏။ ထိုအခါ ကိစ္စာတစ်ခုဖြင့်သာ ငြိမ်းကုန်၏။ တပါးသော အဓိကရဏ်းတို့ဖြင့် ငြိမ်းကြသည်မဟုတ်ဟု ပြခြင်းငါ ဆိုသည်။ စင်စစ် အဓိကရဏ်းဖြင့်သာ ငြိမ်းကုန်၏ဟုပြခြင်းငါ မဟုတ်။

ဝိဋ္ဌီ။ ။ ပါဠိတော်၌ အဘယ်မျှသော အဓိကရဏ်းတို့ ဖြင့်၊ အဘယ်မျှသောဌာနတို့၌၊ အဘယ်မျှသော သမထတို့ဖြင့်ဟူသော ပုစ္ဆာသုံးခုတို့ဖြင့်သော်လည်း ငြိမ်းခြင်း အပြားတစ်ခုကိုသာမေးသည်။ ဖြေသည်ဟုသိအပ်၏။)

၅–အဓိကရဏအဓိပ္ပါယ်

၃၄၈။ **ဟောတိ–ဖြစ်သလော**။ ။ ဝိဝါဒါဓိကရဏ်းသည် အနုဝါဒါဓိကရဏ်း ဖြစ်သလော၊ အာပတ္တာ ဖြစ်သလော၊ ကိစ္စာဖြစ်သလော၊ ဝိဝါဒါသည် အနုဝါဒါ မဖြစ်၊ အာပတ္တာမဖြစ်၊ ကိစ္စာမဖြစ်၊ ယင်းသို့မဖြစ်သော်လည်း ဝိဝါဒါအကြောင်းကြောင့် အနုဝါဒါ ဖြစ်၏၊ အာပတ္တာဖြစ်၏၊ ကိစ္စာဖြစ်၏။ ဖြစ်ပုံကား– ဤသာသနာ၌ ရဟန်းတို့သည် ဓမ္မ၊ အဓမ္မ စသည်ဖြင့် ငြင်းခုံကုန်အုံ့၊ ထိုဘဏ္ဍာနကလဟ စသော ငြင်းခုံခြင်းသည် ဝိဝါဒါမည်၏။ ဝိဝါဒါဓိကရဏ်းကြောင့် သံဃာငြင်းခုံခြင်းသည် ဝိဝါဒါဓိကရဏ်း၊ ငြင်းခုံ၍စွပ်စွဲမြင်းသည် အနုဝါဒါ၊ စွပ်စွဲ၍ အာပတ်သို့ ရောက်ခြင်းသည် အာပတ္တာ၊ အာပတ်ကြောင့် သံဃာကံပြုခြင်းသည်ကိစ္စာ၊ ဤသို့ ဝိဝါဒအကြောင်းကြောင့် အနုဝါဒါ၊ အာပတ္တာ၊ ကိစ္စာဖြစ်၏။ အနုဝါဒါသည် အာပတ္တာ၊ ကိစ္စာ၊ ဝိဝါဒါဖြစ်သလော၊ မဖြစ်။ မဖြစ်သော်လည်း အနုဝါဒါအကြောင်းကြောင့် အာပတ္တာ၊ ကိစ္စာ၊ ဝိဝါဒါဖြစ်၏။ ဖြစ်ပုံကား – ဤသာသနာ၌ ရဟန်းတို့သည် ရဟန်းကို ဝိပတ္တိလေးပါး တစ်ပါးပါးဖြင့် စွပ်စွဲကုန်အုံ့၊ ထိုအနုဝါဒ၊ အနုဝဒနာ– စသောစွပ်စွဲခြင်းသည် အနုဝါဒါမည်၏။ အနုဝါဒါဓိကရဏ်းကြောင့် သံဃာငြင်းခုံခြင်းသည်၊ စွပ်စွဲခြင်းသည်၊ အာပတ်သို့ရောက်ခြင်းသည်၊ အာပတ်ကြောင့် သံဃာ ကံပြုခြင်းသည် ကိစ္စာ၊ ဤသို့

အနုကြောင့် အာပတ္တာ၊ ကိစ္စာ၊ ဝိဝါဖြစ်၏။

အာပတ္တာသည် ကိစ္စာ၊ ဝိဝါဒါ၊ အနုဝါဒါဖြစ်သလော၊ မဖြစ်။ မဖြစ်သော်လည်း အာပတ္တာအကြောင်းကြောင့် ကိစ္စာ၊ ဝိဝါ၊ အနုဖြစ်၏။ ဖြစ်ပုံကား အာပတ်အစုငါးခုသည်၊ ခုနစ်ခုသည်၊ အာပတ္တာမည်၏။ အာပတ္တာဓိကရဏ်းကြောင့် သံဃာငြင်းခုံခြင်းသည်။(ပ)။ ကံပြုခြင်းသည်ကိစ္စာ။ ဤသို့ အာပတ္တာကြောင့် ကိစ္စာ၊ ဝိဝါ၊ အနုဖြစ်၏။

ကိစ္စာသည် ဝိဝါဒါ၊ အနုဝါဒါ၊ အာပတ္တာဖြစ်သလော၊ မဖြစ်။ မဖြစ်သော်လည်း ကိစ္စာအကြောင်းကြောင့် ဝိဝါ၊ အနု၊ အာပတ္တာဖြစ်၏။ ဖြစ်ပုံကား သံဃာ၏ အပလောကနကံ။(ပ)။ ဉတ္တိစတုတ္ထကံသည် ကိစ္စာမည်၏။ ကိစ္စာဓိကရဏ်းကြောင့် သံဃာငြင်းခုံခြင်းသည်။ (ပ)။ ကံပြုခြင်းသည် ကိစ္စာ၊ ဤသို့ ကိစ္စာကြောင့် ဝိဝါ၊ အနု၊ အာပတ္တာဖြစ်၏။

[ဝိဝါဒါဓိကရဏ်းသည် အနုဝါဒါဓိကရဏ်းဖြစ်သလော- အစရှိသောနည်းသည် ပေါ်လွင်သည်သာတည်း။]

(**ဝိဋ္ဌိ**။ ။ ဝိဝါဒါဓိကရဏ်းသည် အနုဝါဒါဓိကရဏ်းဖြစ်သလော-စသည်၌ ဝိဝါဒါသည်သာလျှင် အနုဝါစသည်လည်း ဖြစ်သလောဟုမေးရာ၌ ဝိဝါသည် ဝိဝါသာဖြစ်သည် အနုဝါစသည်မဖြစ်ဟု ဖြေခြင်းတည်း။)

၆-ပုစ္ဆာဝါရ

၃၄၉။ **ယတ္ထ**။ ။ အကြင်ဓိကရဏ်း၌ သတိဝိနည်းကိုရ၏။ ထို၌ သမ္မုခါဝိနည်း ကိုရသလော၊ သမ္မုခါ-ရရာ၌ သတိကိုရသလော (တစ်စုံ) ၊ အမူဠှရရာ၌ သမ္မုခါ၊ သမ္မုခါ-ရရာ၌ အမူဠှ(တစ်စုံ)၊ ပဋိညာ-ရရာ၌ သမ္မုခါ(တစ်စုံ)၊ ယေဘုယျရရာ၌- သမ္မုခါ (တစ်စုံ)၊ တဿပါပိ-ရရာ၌ သမ္မုခါ (တစ်စုံ)၊ တိဏ ရရာ၌ သမ္မုခါ(တစ်စုံ)။ ၆- စုံ။

၇- ဝိသမ္ဘနာဝါရ

၃၅၁။ အကြင်အခါ၊ သမ္မာခါဖြင့်၊ သတိဖြင့် အဓိကရုဏ်းသည်ငြိမ်း၏။ ထိုအခါ သတိရှာ၌ သမ္မာခါ၊ သမ္မာခါ-ရှာ၌ သတိရ၏။ ထို၌အမှုဌ၊ ပဋိညာ၊ ယေဘုယ်၊ တဿပါပိ၊ တဟု- ငါးခုမရ။

အကြင်အခါ သမ္မာခါဖြင့် အမှုဌဖြင့်ငြိမ်း၏။ သမ္မာခါ ပဋိညာဖြင့်ငြိမ်း၏။ သမ္မာခါ ယေဘုဖြင့်၊ သမ္မာခါ တဿပါပိဖြင့်၊ သမ္မာခါ တိဏဖြင့်ငြိမ်း၏။ ထိုအခါ တိဏ--ရှာ၌ သမ္မာခါ၊ သမ္မာခါ-ရှာ၌ တိဏရ၏။ ထို၌ကြောင်းငါးခုမရ။

[အကြင်အဓိကရုဏ်း၌ သတိဝိနည်းကိုရ၏။ အစရှိသည်ဖြင့် သမ္မာခါဝိနည်းကိုမလွတ်ဘဲ ခြောက်ခုသောအစုံ ပုစ္ဆာတို့.ကို ဟောအပ်ကုန်၏။ အဖြေအားဖြင့်သာလျှင် အနက်ထင်ရှားပြီ။]

၈- သံသဋ္ဌဝါရ

၃၅၂။ **သံသဋ္ဌ**။ ။ သမ္မာခါဝိနယဟူ၍လည်းကောင်း၊ သတိဝိနယဟူ၍လည်းကောင်း၊ ဤတရားတို့.သည် သံသဋ္ဌဖြစ်ကုန်သလော၊ ဥဒါဟု - ဝိသံသဋ္ဌဖြစ်ကုန်သလော။ ဤတရားတို့.ကိုခွဲ၍ခွဲ၍ တခြားစီဖြစ်အောင် သိစေခြင်းငါ ရအပ်သလော။ ။ သမ္မာခါ အမှုဌ၊ သမ္မာခါ ပဋိညာ၊ သမ္မာခါ ယေဘု၊ သမ္မာခါ တဿ၊ သမ္မာခါ တိဏ၊ ဤတရားတို့.သည် သံသဋ္ဌလော၊ ဝိသံသဋ္ဌလော၊ ခွဲပြခြင်းငါ ရအပ်သလော (၆-စုံ)

ဤခြောက်စုံတို့.သည် သံသဋ္ဌဖြစ်ကုန်၏။ ဝိသံသဋ္ဌမဖြစ်ကုန်။ ဤတရားကို.ကိုခွဲ၍ ခွဲ၍ တခြားစီဖြစ်အောင် သိစေခြင်းငါ မရအပ်ကုန်။

[သံသဋ္ဌဖြစ်ကုန်၏ဟူသည်- သတိဝိနည်းပေးသော ကမ္မဝါစာခဏာ၌သာလျှင် သမထနှစ်ပါးလုံးပြီးသောကြောင့် ဤနှစ်ပါးတို့.သည် နီးနှောကုန်၏။ မနီးနှောမဟုတ်ကုန်။ ၄က်ပျောတုံး၌ ရွက်ဖတ်တို့.ကိုခွဲ၍ ရသကဲ့သို့. ထိုနှစ်ပါးတို့.ကိုခွဲ၍ တခြားစီဖြစ်အောင် ပြုခြင်းငါမတတ်ကောင်း၊ ဧသ နယော သဗ္ဗတ္ထ။]

၉- သတ္တသမထနိဒါန

၃၅၂။ သမထ၏နိဒါန၊ ။ ဟေတု၊ ပစ္စယ ။သမ္မုခါဝိနယသည် ကိ နိဒါနော၊ ကိ သမုဒယော၊ ကိ ဇာတိကော၊ ကိ ပဘာဝေါ၊ ကိ သမ္ဘာရော၊ ကိ သမုဋ္ဌာနော - အဘယ်သမုဋ္ဌာန် ရှိသနည်း (၆)ချက်။ သတိဝိနည်းသည်၊ အမူဋ္ဌသည်၊ ပဋ္ဌိညာသည်၊ ယေဘုသည်၊ ဓာသပါပိသည်၊ တိဏသည် အဘယ်နိဒါန်း ရှိသနည်း။ ၆-ချက်စီ

သမ္မုခါဝိနည်းသည် နိဒါနလျှင် နိဒါန်းရှိ၏။ (ပ)။ နိဒါနလျှင် သမုဋ္ဌာန်ရှိ၏။ (ပ)။ တိဏသည် နိဒါနလျှင် နိဒါန်းရှိ၏။ (ပ) နိဒါနလျှင် သမုဋ္ဌာန်ရှိ၏။

သမ္မုခါသည် ကိ နိဒါနော။(ပ)။ တိဏသည် ကိ နိဒါနော။ ။ သမ္မုခါသည် ဟေတုနိဒါနော- ဟေတုလျှင် နိဒါန်းရှိ၏။ (ပ) တိဏသည် ဟေတုလျှင် နိဒါန်းရှိ၏။ (ပ) ဟေတုလျှင် သမုဋ္ဌာန်ရှိ၏။

သမ္မုခါသည် ကိ နိဒါနော။(ပ)။ တိဏသည်ကိ နိဒါနော။ ။ သမ္မုခါသည် ပစ္စယနိဒါနော- ပစ္စယလျှင် နိဒါန်းရှိ၏။(ပ)။ တိဏသည် ပစ္စယလျှင် နိဒါန်းရှိ၏။(ပ) ပစ္စယလျှင် သမုဋ္ဌာန်ရှိ၏။

[အဖြေ၌ နိဒါန် နိဒါနမသာတိ နိဒါနနိဒါနော၊ ထိုနိဒါန်းလျှင် နိဒါန်းရှိသော သမ္မုခါစသော သမထခုနစ်ပါးတို့၌ သံဃသမ္မုခတာ၊ ဓမ္မသမ္မုခတာ၊ ဝိနယသမ္မုခတာ၊ ပုဂ္ဂလသမ္မုခတာ -- ဤလေးပါးသည် သမ္မုခါဝိနယ၏ နိဒါန်းတည်း။ သတိပေါများသော စွပ်စွဲခံရသော ရဟန္တာသည် သတိဝိနယ၏ နိဒါန်းတည်း။ ဥမ္မတ္တကရဟန်းသည် အမူဋ္ဌဝိနယ၏ နိဒါန်းတည်း။ ဒေသနာကြားသူ၊ ဒေသနာခံသူ နှစ်ဦးတို့၏ မျက်မှောက် ဖြစ်ခြင်းသည် ပဋ္ဌိညာတကရဏ၏ နိဒါန်းတည်း။ ငြင်းခုံသူတို့၏ အဓိကရဏ်းကို ငြိမ်းစေခြင်းငါ မတတ်နိုင်ခြင်းသည် ယေဘုယျသိကာ၏ နိဒါန်းတည်း။ ယုတ်မာလွန်းသောပုဂ္ဂိုလ်သည်

တဿပါပိယျသိကာ၏ နိဒါန်းတည်း။ ငြင်းခုံသူတို့၏ ရဟန်း အမှုအရာကင်းသော လွန်ကျူးခြင်းသည် တိဏဝတ္ထာရက၏ နိဒါန်း တည်း။ ဟေတုဝါရ ပစ္စယဝါရတို့သည် ဆိုပြီးသောနည်း ရှိကုန်သည် သာတည်း။]

၃၅၃။ **မူလ၊ သမုဋ္ဌာန**။ ။ ခုနှစ်ပါးသော သမထတို့၏ မူလတို့သည် အဘယ်မျှနည်း။ သမုဋ္ဌာန်တို့သည်အဘယ်မျှ နည်း။ မူလတို့သည် ၂၆–ပါး၊ သမုဋ္ဌာန်တို့သည် ၃၆–ပါးဖြစ်ကုန်၏။

မူလ ၂၆–ပါးကား သမ္မုခါဝိနည်း၏ မူလလေးပါး – သံဃသမ္မုခတာ သံဃာ၏ မျက်မှောက်အဖြစ်၊ ဓမ္မသမ္မုခတာ – ဟုတ်မှန်သောသဘော၏ မျက်မှောက်အဖြစ်။ ဝိနယသမ္မုခတာ – စောဒနာသာရဏာတို့၏ မျက်မှောက် အဖြစ်၊ ပုဂ္ဂလသမ္မုခတာ– ပုဂ္ဂိုလ်၏ မျက်မှောက်အဖြစ် [၄]။ သတိဝိနည်း၏ မူလလေးပါး၊ အမူဋ္ဌ၏ မူလလေးပါး၊ ပဋ္ဌိညာ၏ မူလနှစ်ပါး၊ ဒေသနာကြားသူ၊ ဒေသနာခံသူ [၂]။ ယေဘုဿ–လေးပါး၊ တဿဿ၏ လေးပါး၊ တိဏ၏ လေးပါး– သံဃ၊ ဓမ္မ၊ ဝိနယ၊ ပုဂ္ဂလသမ္မုခတာ၊ ဤသို့ ၂၆–ပါး ဖြစ်ကုန်၏။

သမုဋ္ဌာန် ၃၆–ပါးကား – သတိဝိနည်း၏ ကမ္မသကိရိယာ– ကံကို ပြုခြင်း။ (၀၊) ဥတ်ထားခြင်း၊ ကရဏ် –ပြုခြင်း။ (၀၊)–အခါ၌ဥတ်ထားခြင်း၊ ဥပဂမနံ– ချဉ်းကပ်ခြင်း။ (၀၊) ကိုယ်တိုင်ကံကိုပြုခြင်း။ အဗ္ဗုပဂမနံ– တိုက်တွန်းခြင်းသို့ ရောက်ခြင်း။ (၀၊) တပည့်စသည်တို့ကို တိုက်တွန်းခြင်း။ အဓိဝါသနာ– နှစ်သက်ခြင်း။ (၀၊) ဆန္ဒပေးခြင်း။ အပ္ပဋိက္ခောသနာ–မတားခြင်း [၆] အမူဋ္ဌဝိနည်းကံကို၊ ပဋ္ဌိညာကံကို၊ ယေဘုကံကို၊ တဿပါပိကံကို တိဏကံကို ကိရိယာစသည် [၆]။ ဤသို့ ၃၆–ပါးဖြစ်ကုန်၏။ (၆× ၆=၃၆)

[မူလပုစ္ဆာအဖြေပေါ်လွင်၏။ သမုဋ္ဌာန်ပုစ္ဆာ၌ ခုနှစ်ပါးသော သမထတို့၏ဟု ဆိုသော်လည်း သမ္မုခါဝိနည်းအား ကံဟူသော ရေတွက်ခြင်းမရှိ၊ သမုဋ္ဌာန်မရှိ၊ ထို့ကြောင့် သမထခြောက်ပါးတို့၏

သမုဒ္ဒာန်ကိုသာ ၆-ပါးစီဝေဘန်သည်။ ထိုကွင် ကမ္မသဿကြိုယာသည် ဥတ္တိဖြစ်၏။ ကရဏီသည် ထိုဥတ်ကို ထားအပ်သောကာလ၌ ထားခြင်းတည်း။ ဥပဂမနံသည် ကိုယ်တိုင်ချဉ်းကပ်ခြင်းတည်း။ ကိုယ်တိုင် ထိုကံကိုပြုခြင်းဟူလို၊ အဗျာပဂမနံသည် အဗျာသနဥပဂမနတည်း၊ သဒ္ဓိဝိဟာရိကစသည်ကို ဤကံကို ပြုလေဟုတိုက်တွန်းခြင်းဟူလို၊ အဓိဝါသနာသည် ငါနှစ်သက်သည်၊ ဤကံကို သံဃာသည် ပြုစေသတည်းဟု နှလုံးသွင်းခြင်းတည်း။ ဆန္ဒပေးခြင်းဟူလို။ အပ္ပဋိက္ခေသနာ-ငါမနှစ်သက်၊ မပြုကြနှင့်ဟု မတားခြင်းတည်း။ ဤသို့ ၆-ခုသော ဆက္ကစ္စမ်းဖြင့် သမုဒ္ဒာန် ၃၆-ခု ဖြစ်၏။]

(**ဒီဋ္ဌိ**။ ။ သမ္မုခါဝိနည်း၌ ကမ္မသဿကြိုယာစသော ခြောက်ခုဖြင့် အဘယ်ကြောင့် မဝေဘန်သနည်း။ ကံဟူသော ရေတွက်ခြင်းမရှိသောကြောင့်တည်း။ သတိဝိနည်းက် စသည်တို့အား သံဃသမ္မုခတာစသော ပြုဖွယ်ရှိသကဲ့သို့ သမ္မုခါဝိနည်းအား သမ္မုခတာပြုဖွယ်မရှိ၊ ထို့ကြောင့် ကံဟုမရေကွက်။

သာဒ္ဌိ။ ။ ထို့အတူတည်း။

ဝိဒ္ဌိ။ ။ ကံဟူသော ရေတွက်ခြင်းမရှိဟူသည် သံဃသမ္မုခတာ - စသည်သို့ရောက်သော သမ္မုခါဝိနည်း၏ သံဃာစသည်တို့ပြုအပ်သောကိစ္စတို့၌ ရေတွက်ခြင်းမရှိသောကြောင့်တည်း။)

၃၅၄။ **နာနာတ္ထဗျဉ္ဇန**။ ။ သမ္မုခါဝိနယဟူ၍လည်းကောင်း၊ သတိဝိနယဟူ၍လည်းကောင်း ဤတရားတို့သည် အနုက်မတူ+ သဒ္ဒါမတူ-နာနာတ္ထ + နာနာဗျဉ္ဇန တို့လော၊ ဥဒါဟု၊ အနုက်တူ+ သဒ္ဒါမတူ- ဧကတ္ထ+နာနာဗျဉ္ဇနတို့လော။ ။ သမ္မုခါနှင့်အမှုဖြေသည်။(ပ)။

သမ္မုခါနှင့် တိဏသည် နာနာတ္ထ+နာနာဗျဉ္ဇနတို့လော၊ သို့တည်းမဟုတ် ဒုကတ္ထ+နာနာဗျဉ္ဇန တို့လော၊ ပုစ္ဆာ ၆-ခု၊ ဤတရားတို့သည် အနက်လည်း မတူ+သဒ္ဒါလည်းမတူ-နာနာတ္ထ+နာနာဗျဉ္ဇနတို့သာ ဖြစ်ကုန်၏။

[နာနာဌပုစ္ဆာ ဝိဿဇ္ဇနာသည် ပေါ်လွင်သည်သာတည်း။]

၃၅၅။ **အဓိကရဏ်း စတုက္ကေ**။ ။ ဝိဝါဒါသည် ဝိဝါဒါဓိကရဏ်းလော၊ ဝိဝါဒသည် နောအဓိကရဏ်းလော၊ အဓိကရဏ်းသည် နောဝိဝါဒလော၊ အဓိကရဏ်းလည်းဖြစ် ဝိဝါဒလည်းဖြစ်သလော။ ။ အချို့ဝိဝါဒသည် ဝိဝါဒါဓိကရဏ်းဖြစ်၏။ အချို့ဝိဝါဒသည် နောအဓိကရဏ်း၊ အချို့အဓိကရဏ်းသည် နောဝိဝါဒ၊ အချို့သည် အဓိကရဏ်းလည်းဖြစ်၊ ဝိဝါဒလည်းဖြစ်၏။

အဘယ်ဝိဝါဒသည် ဝိဝါဒါဓိကရဏ်းနည်း။ ဤသာသနာ၌ ရဟန်းတို့သည် ဓမ္မ၊ ဒေဝမ္မစသည်ဖြင့် ငြင်းခုံကုန်အံ့၊ ထိုငြင်းခုံရာ၌ -ဘဏ္ဍနသည်။ ကလဟာသည်။ ဝိဂ္ဂဟာသည်၊ ဝိဝါဒသည်၊ နာနာဝါဒသည်၊ အညထာဝါဒသည်၊ ဝိပစ္စတ္ထာယ ဓေါဟာရာသည်၊ မေဓကသည်- ဝိဝါဒဖြစ်၍ ဝိဝါဒါဓိကရဏ်းဖြစ်၏။ အဘယ်ဝိဝါဒသည် နောအဓိကရဏ်းနည်း၊ အမိသည်သား၊နှင့် သားသည် အမိနှင့်ငြင်းခုံအံ့၊ သားအဘချင်းငြင်းခုံအံ့၊ ညီအစ်ကိုချင်း၊ မောင်နှမချင်း၊ အဖော်ချင်းငြင်းခုံအံ့၊ ဝိဝါဒသာဖြစ်၍ အဓိကရဏ်းမဖြစ်။ အဘယ်အဓိကရဏ်းသည် နောဝိဝါဒ ။ည်း၊ အနုဝါဒါ၊ အာပတ္တာ၊ ကိစ္စာဓိကရဏ်းသည် အဓိကရဏ်းသာဖြစ်၍ ဝိဝါ။ ်ဖြစ်။ ။ အဘယ်သည် အဓိကရဏ်းလည်းဖြစ် ဝိဝါဒလည်းဖြစ်သနည်း။ ဝိဝါဒါဓိကရဏ်းသည် အဓိကရဏ်းလည်းဖြစ် ဝိဝါဒလည်းဖြစ်၏။

၃၅၆။ အနုဝါဒသည် အနုဝါဒါဓိကရဏ်းလော (ပုစ္ဆာလေးခု)။ ။ အချို့အနုဝါဒသည် အနုဝါဒဓိကရဏ်းဖြစ်၏။ (ဝိဿဇ္ဇနာလေးခု)။

အဘယ်အနုဝါဒသည် အနုဝါဒါဓိကရဏ်းနည်း။ ဤသာသနာ၌

ရဟန်းတို့သည် ရဟန်းကို ဝိပတ္တိလေးပါး -တပါးပါးဖြင့် စွပ်စွဲကုန်အံ့၊ ထိုစွပ်စွဲရာ၌ အနုဝါဒသည်၊ အနုဝဒနာသည်၊ အနုလ္လပနာသည်၊ အနုဘဏနာသည်၊ အနုသမ္ဘဝကံတာသည်၊ အဗ္ဘုဿဟနတာသည်၊ အနုဗလပ္ပဒါနသည်- အနုဝါဒ ဖြစ်၍ အနုဝါဒါဓိကရဏ်းဖြစ်၏။ အဘယ်အနုဝါဒသည် နော့အဓိကရဏ်းနည်း။ အမိသည် သားကို၊ သားသည် အမိကိုစွပ်စွဲအံ့၊ သားအဖချင်း၊ ညီအစ်ကို၊ မောင်နှမ၊ အဖော်ချင်းစွပ်စွဲအံ့၊ အနုဝါဒသာဖြစ်၍ အဓိကရဏ်းမဖြစ်။ ကြွင်းအဓိကရဏ်းသုံးပါးသည် အဓိကရဏ်းသာဖြစ်၍ အနုဝါဒမဖြစ်။ အနုဝါဒါဓိကရဏ်းသည် အဓိကရဏ်းလည်းဖြစ် အနုဝါဒလည်းဖြစ်၏။

၃၅၇။ အာပတ္တိသည် အာပတ္တာဓိကရဏ်းလော၊ လေးချက်။ ။ အချို့အာပတ္တိသည် အာပတ္တာဓိကရဏ်းဖြစ်၏။ လေးချက်။

အဘယ်အာပတ္တိသည် အာပတ္တာဓိကရဏ်းနည်း၊ အာပတ်အစုငါးပါးသည် ခုနစ်ပါးသည် အာပတ္တိဖြစ်၍ အာပတ္တာဓိကရဏ်းဖြစ်၏။ သောတာပတ္တိ၊ သမာပတ္တိသည် အာပတ္တိသာဖြစ်၍ အဓိကရဏ်းမဖြစ်။ ။ ကြွင်းအဓိကရဏ်းသုံးပါးသည် အဓိကရဏ်းသာဖြစ်၍ အာပတ္တိမဖြစ်။ ။ အာပတ္တာဓိကရဏ်းသည် အဓိကရဏ်းလည်းဖြစ် အာပတ္တိလည်းဖြစ်၏။

၃၅၈။ ကိစ္စသည် ကိစ္စာဓိကရဏ်းလော၊ လေးချက်။ အချို့ကိစ္စသည် ကိစ္စာဓိကရဏ်းဖြစ်၏။ လေးချက်။

အဘယ်ကိစ္စသည် ကိစ္စာဓိကရဏ်းနည်း။ သံဃာ၏ကိစ္စယတာ၊ ကရဏီယတာဟူသော အပလောကနကံသည်၊ ဉတ္တိကံသည်၊ ဉတ္တိဒုတိယကံသည်၊ ဉတ္တိစတုတ္ထကံသည် ကိစ္စဖြစ်၍ ကိစ္စာဓိကရဏ်းဖြစ်၏။ အာစရိယကိစ္စ၊ ဥပဇ္ဈာယကိစ္စ၊ မိမိကိစ္စ၊ ဥပဇ္ဈာယ်တူ၏ကိစ္စ၊ ဆရာတူ၏ကိစ္စသည် ကိစ္စသာဖြစ်၍ အဓိကရဏ်းမဖြစ်။ ကြွင်းအဓိကရဏ်းသုံးပါးသည် အဓိကရဏ်းသာဖြစ်၍ ကိစ္စမဖြစ်။ ကိစ္စာဓိကရဏ်းသည် အဓိကရဏ်းလည်းဖြစ် ကိစ္စလည်းဖြစ်၏။

[သားအမိစသည်တို့၏ ငြင်းခုံခြင်းသည် ဝိရုဒ္ဓဝါဒ– ဆန့်ကျင်ဘက်ပြောဆိုခြင်းဖြစ်သောကြောင့် ဝိဝါဒမည်၏။ သမထတို့ဖြင့် ငြိမ်းစေအပ်သောအပြစ်မရှိသောကြောင့် အဓိကရဏမဖြစ်၊ အနုဝါဒ စသည်၌လည်း ဤနည်းတည်း။]

(**ဝိဋ္ဌိ**။ ။ ဝိပစ္စယတာယဝေါဟာရဟူသည် ဖောက်ပြန်သော အကျိုးဝိပါက်အလို့ငှါ အချင်းချင်း ဒုက္ခဖြစ်စေခြင်းငှါ ကိုယ်နှုတ်အမူအရာ အပြောအဆိုဖြစ်၏။ မေဓဂသည် ကြီးပွားခြင်းသို့ရောက်သော ကလဟဖြစ်၏။ အနုသမ္ပဝင်္သတာသည် ဝိပတ္တိလေးပါးဖြင့် စောဒနာခြင်းငှါ – ဖန်ဖန် ယှဉ်တွဲခြင်းဖြင့် ညွှတ်ခြင်းဖြစ်၏။ အဗ္ဘဿဟနတာသည် အလွန်ဖြစ်သော အားထုတ်ခြင်းဖြစ်၏၊ အနုဗလပ္ပဒါနသည် စောဒကတို့အားလည်း ထောက်ပံ့ခြင်းကို ပြုခြင်းဖြစ်၏။

ပါဠိတော်၌ ဝိပစ္စတာယ ဝေါဟာရော။ ။ ဝိဋ္ဌိ၌ – ဝိပစ္စယတာယဝေါဟာရော၊ အကွဲရာကွဲ၏။)

အဓိကရဏဘေဒပြီး၏။

(၁၂) အပရ ဂါထာ သင်္ဂဏိက

၃၅၉။ **စောဒနာဒီအတ္ထ**။ ။ စောဒနာသည် အဘယ်အကျိုးငှါနည်း၊ သာရဏာသည် အဘယ်အကြောင်းကြောင့်။ (ဝါ– အဘယ် အကျိုးငှာနည်း။) သံဃာသည် အဘယ်အကျိုးငှါနည်း၊ မတိကမ္မ – တိုင်ပင်ခြင်းသည် အဘယ်အကြောင်းကြောင့် နည်း။

စောဒနာသည် သာရဏာအကျိုးငှါနည်း။ သာရဏာသည် နိဂ္ဂဟတ္ထ–နိပ်ခြင်းအကျိုးငှါတည်း၊ သံဃာသည် ပရိဂ္ဂဟတ္ထ – အဆုံးအဖြတ်ယူခြင်းအကျိုးငှါတည်း။ မတိကမ္မသည် ပါဠိယေဂ္ဂ – အသီးသီးဆုံးဖြတ်ချက် ပြီးစေ

ခြင်း အကျိုးငါတည်း။

[စောဒနာဟူသည် ဝတ္ထုကိုလည်းကောင်း၊ အာပတ်ကို လည်းကောင်းပြ၍ စောဒနာခြင်းဖြစ်၏။ သာရဏာသည် အပြစ်ကို အောက်မေ့စေခြင်းဖြစ်၏။ သံဃာဟူသည် သံဃာ၏စည်းဝေးခြင်း ဖြစ်၏။ မတိကမ္မသည် မန္တဂ္ဂဟဏ– အချင်းချင်းဆွေးနွေးခြင်းဖြစ်၏။ (၀၊) စိစစ်ခြင်းကိုယူခြင်းဖြစ်၏။ ဆိုပြီးသောအပြားရှိသော စောဒနာ သည် စုဒိတကပုဂ္ဂိုလ်ပြုသောအပြစ်ကို အောက်မေ့စေခြင်းငါဖြစ်၏။ အပြစ်ကိုအောက်မေ့စေခြင်းသည် ထိုပုဂ္ဂိုလ်နှိပ်ခြင်းငါဖြစ်၏။ စည်းဝေး သောသံဃာသည် ဝိနိစ္ဆယကို စူးစမ်း၍ယူခြင်းငါဖြစ်၏။ ဓမ္မကံ အဓမ္မကံကို နှိုင်းချိန်ခြင်းငါကောင်းသော ဆုံးဖြတ်ခြင်း၊ မကောင်း သောဆုံးဖြတ်ခြင်းကို သိခြင်းငါစည်းဝေးသည် ဟူလို။ သုတ္တန်ဆောင် ဝိနည်းဆောင် မထေရ်တို့. အချင်းချင်းဆွေးနွေးခြင်းသည် အသီးသီး အဆုံးအဖြတ် အပြီးသတ်ခြင်းငါဖြစ်၏။]

(**သာဠီ**။ ။ မန္တဂ္ဂဟဏသည် အညမညသံသန္ဓန ဖြစ်၏။

ဝိဠီ။ ။ စောဒနာသည် အဘယ်အကျိုးငါနည်း စသောပုစ္ဆာတို့.ကို ဥပါလိမထေရ်မေး၏။ သာရဏာအကျိုးငါ တည်းစသောအဖြေကို မြတ်စွာဘုရားဖြေ၏။ ဥပါလိမထေရ် သည် ကိုယ်တိုင်သာလျှင် မေး၍ဖြေဆိုခြင်းကို ပြုသည်ဟူ၍ လည်းဆိုကုန်၏။ (ဤစကားတို့.ဖြင့် ပရိဝါပါဠိတော်ကို ရှင်ဥပါလိ စီရင်သည်ဟုသိသာ၏။) မန္တဂ္ဂဟဏသည် ထိုမထေရ်တို့.၏ စိစစ်ခြင်းကို ယူခြင်းဖြစ်၏။ သုတ္တန်ဆောင် ဝိနည်းဆောင်တို့.၏ အလိုကိုယူခြင်းဖြစ်၏ဟူလို။ အပြီး သတ်ခြင်းငါဟူသည် ထိုသုတ္တန်ဆောင် ဝိနည်းဆောင်တို့.၏ အသီးသီးအလိုကိုသိ၍ ထိုမထေရ်တို့.၏ နည်းကိုလည်းယူ၍

အဆုံးအဖြတ်ကို အပြီးသတ်ခြင်းငါတည်း။)

ဩဝါဒ။ ။ မာခေါ် တုရိတော အဘာကိ၊ မာခေါ် စဏ္ဍိကတော ဘာကိ၊
မာခေါ် ပဋ္ဌိယံ ဧနယိ၊ သစေ အနုဝိဇ္ဇကော တုဝံ၊
မာခေါ် သဟသာ အဘာကိ၊ ကတံ ဝိဂ္ဂါဟိတံ အနတ္ထ သံဟိတံ။

တုဝံ၊ သင်သည်။ အနုဝိဇ္ဇကော၊ ဆုံးဖြတ်ခြင်းငါ ထိုင်နေသော ဝိနည်းဓိရ်သည်။ သစေဟောသိ၊ အကယ်၍ဖြစ်အုံ့။ ဧဝံသတိ၊ ဤသို့ဖြစ်သည်ရှိသော်။ တုရိတော၊ အဆောတလျင်။ မာခေါ် အဘာကိ၊ စကားမဆိုလင့်။ စဏ္ဍိကတော၊ ကြမ်းတန်းစွာပြုလျက်။ မာခေါ်အဘာကိ၊ စကားမဆိုလင့်။ ပဋ္ဌိယံ၊ အမျက်ဒေါသကို။ မာခေါ်ဧနယိ၊ မဖြစ်စေလင့်။ သဟသာ၊ အဆောတလျင်။ ဝိဂ္ဂါဟိတံ၊ ငြင်းခုံကြောင်းဖြစ်သော၊ အနတ္ထ သံဟိတံ၊ အကျိုးမဲ့နှင့်စပ်သော။ ကထံ၊ စကားကို။ မာခေါ်အဘာကိ၊ မဆိုလင့်။

[မာခေါ် ပဋ္ဌိယံဟူသည် စုဒိတကဋ္ဌလည်းကောင်း၊ စောဒကဋ္ဌလည်းကောင်း အမျက်ဒေါသကို မဖြစ်စေလင့်၊ သစေအနုဝိဇ္ဇကောဟူသည် သင်သည် သံဃာ့အလယ်ဌ ရောက်လာသော အဓိကရဏ်းကို ဆုံးဖြတ်ခြင်းငါ ထိုင်နေသောဝိနည်းဓိရ် ဖြစ်ခဲ့ငြားအုံ့၊ ဝိဂ္ဂါဟိကဟူသည် " ဤမမ္မဝိနယကိုသင်မသိ " ဤသို့စသောနည်းဖြင့် ဖြစ်သောစကားတည်း။ အနတ္ထသံဟိတဟူသည် အကျိုးမဲ့ကိုဖြစ်စေကြောင်းစကား၊ ပရိတ်သတ် ချောက်ချား၍ ထသွားစေကြောင်း စကားဖြစ်၏။ ဤစကားမျိုးကို မဆိုနှင့်။]

(**ဝိဋ္ဌိ**။ ။ မာခေါ်တုရိတောစသည်ဖြင့် ရှေးရှုတည်နေသော အနုဝိဇ္ဇကတစ်ဦးသီးကို ဆုံးမသကဲ့သို့ ရှင်ဥပါလိသည် အနုဝိဇ္ဇကဏ်ဖြစ်ကြောင်း ကျင့်ဝတ်ကို မိန့်ဆိုသည်။

သုတ္တေ ဝိနယေ အနုလောမေ၊ ပညတ္တေ အနုလောမိကေ။
အနယောဂဝတ္တံ နိသာမယ၊ ကုသလေန ဗုဒ္ဓိမတာ ကတံ။

သုဝုတ္တံ သိက္ခာပဒါနုလောမိကံ၊ ဂတိ နှ နာသေန္တော သမ္ဘရာယိကံ။

ကုသလေန၊ လိမ္မာကျွမ်းကျင်သော။ ဗုဒ္ဓိမတာ၊ ဘုရားရှင်သည်။ သုဇော၊ ဝိဘင်းခ္ခ်ာလည်းကောင်း။ ဝိနယေ၊ ခန္ဓကခ္ခ်ာလည်းကောင်း။ အနုလောမေ၊ ပရိဝါခ္ခ်ာလည်းကောင်း။ ပညတ္တေ၊ အလုံးစုံသော ဝိနည်းပိဋကခ္ခ်ာလည်းကောင်း။ အနုလောမိကေ၊ မဟာပဒေသလေးပါးခ္ခ်ာလည်းကောင်း။ ကတံ၊ ပညပ်အပ်သော။ သုဝုတ္တံ၊ ကောင်းစွာဟောအပ်သော။ သိက္ခာပဒါနုလောမိကံ၊ သိက္ခာပုဒ်တို့အားလျော်သော။ အနုယောဂဝတ္တံ၊ စီစစ်ရာသော ကျင့်ဝတ်ကို။ နိသာမယ၊ မှတ်သားရှုလုံးသွင်းလော။ သမ္ဘရာယိကံဂတိ၊ တမလွန်ဘဝကောင်းကို။ နှ နာသေန္တော၊ မပျက်စေမူ၍။ နိသာမယ၊ မှတ်သားလော။

[သုတ္တသည် ဥဘတောဝိဘင်းဖြစ်၏၊ ဝိနယသည်ခန္ဓက၊ အနုလောမ့သည် ပရိဝါ၊ ပညတ္တသည် သကလဝိနယပိဋက၊ အနုလောမိကသည် **မဟာပဒေသလေးပါး**ဖြစ်၏။ အနုယောဂဝတ္တသည် အနုယုဉ္ဇနဝတ္တ ဖြစ်၏။ ကုသလသည် ဆေကပဏ္ဍိတဖြစ်သော မြတ်စွာဘုရား၊ ဗုဒ္ဓိမန္တသည် ဉာဏ်အထွင့်အထိပ်သို့ ရောက်သော ဘုရားဖြစ်၏။ ကတံသည် နိဗ္ဗာန်ရိတ္တာ ဌပိတံ - ထုတ်ဆောင်၍ ထားအပ်၏။ သုဝုတ္တံသည် သုပညတ္တ ဖြစ်၏။ သိက္ခာပဒါနံ အနုလောမိကံ-- သိက္ခာပဒါနုလောမိကံ၊ အဓိပ္ပါယ်ကျဉ်းကား - သင်သည် အနုဝိဇ္ဇက ဖြစ်ခဲ့အုံ၊ အလောတကြီးမဆိုနှင့်၊ အကျိုးမဲ့ငြင်းခုံကြောင်းကို မဆိုနှင့်။ သုတ္တစသည်ခ္ခ် ဘုရားရှင်ထုတ်ဆောင်၍ထားသော အနုယောဂဝတ်သည် သိက္ခာပုဒ်အားလုံးအားလျော်သည်။ ထိုအနုယောဂဝတ်ကို နှလုံးသွင်းလော၊ မှတ်သားလော၊ နောင်တမလွန် သုဂတိဘဝခ္ခ် ဖြစ်ခြင်းကိုမပျက်စီးစေမူ၍ မှတ်သားလော၊ မမှတ်မသားဘဲ စီစစ်လျှင် နောင်တမလွန်သုဂတိကို ပျက်စေသူဖြစ်၏။ ထို့ကြောင့် သင်သည် မပျက်စီးရမ်းအောင် ကောင်းစွာမှတ်သားလော-ဟူလို။]

(**ဇီဋ္ဌ**။ ။ နိသာမယ- သလ္လက္ခေတိ-မှတ်သားလော၊

ကာရယ–ပြုလောဟ္ဂ္ဂ၍လည်းရှိတတ်၏။

ဝိဋ္ဌိ။ ။ အနုယုဇ္ဇနဝတ္ထသည် အနုယုဇ္ဇနက္ကမ ဖြစ်၏။ သိက္ခာပုဒ်တိုင်း ဝိတိက္ကမအရာ၌လည်း ထိုထိုသိက္ခာပုဒ်အား လျော်စွာပြုအပ်သော ကျင့်ဝတ်ဖြစ်သောကြောင့် သိက္ခာပဒါနုလောမိကဖြစ်သည်ဟုဆိုသည်။ ပျက်စေသူဖြစ်၏ဟူသည် မိမိ၏ သုဂတိသို့ လားခြင်းကိုပျက်စေသူတည်း။)

ဟိတေသိ အနုယုဇ္ဇဿု၊ ကာလေနတ္ထုပသံဟိတံ၊
စုဒိတဿစ စောဒကဿစ၊ သဟသာ ဝေါဟာရံ မာပဓာရေသိ။

ဟိတေသိ၊ အစီးအပွားကိုရှာလျက်။ ကာလေန၊ သင့်သောအခါ၌။ အတ္ထုပ သံဟိတံ၊ အကျိုးနှင့်စပ်သော စီစစ်ခြင်းကို။ အနုယုဇ္ဇဿု၊ စိစစ်လော။ ဇုဒိတဿစ၊ စုဒိတကဏ်လည်းကောင်း၊ စောဒကဿစ၊ စောဒကဏ်လည်းကောင်း။ သဟသာ၊ အဆောတလျင်။ ဝေါဟာရံ၊ ပြောဆိုသောစကားကို။ မာပဓါရေသိ၊ မယူလင့်။

စောဒကော အာဟ အာပန္နောတိ၊ စုဒိတကော အာဟ အနာပန္နောတိ။
ဥဘော အနက္ခိပန္တော၊ ပဋ္ဌညာနသန္ဓိတေန ကာရယေ။

စောဒကော၊ စောဒကသည်။ အာပန္နောတိ၊ အာပတ်သို့ရောက်သည်ဟု၊ အာဟ၊ ဆို၏။ စုဒိတကော၊ စုဒိတကသည်။ အနာပန္နောတိ၊ အာပတ်သို့ငါ မရောက်ဟု။ အာဟ၊ ဆို၏။ ဥဘော၊ နှစ်ဦးသော ထိုသူတို့ကို။ အနက္ခိပန္တော၊ မချီးမြှောက်မူ၍။ ပဋ္ဌညာနသန္ဓိတေန၊ ဝန်ခံသောညီညွတ်သောစကားဖြင့်။ (ဝါ) ညီညွတ်သောစကားကိုမှတ်၍ ဝန်ခံတိုင်းဖြင့်။ ကာရယေ၊ ဆုံးဖြတ်ရာ၏။ တစ်နည်း။ ပဋ္ဌညာ– ပဋ္ဌညာယစ၊ ဝန်ခံခြင်းဖြင့်လည်းကောင်း၊ အနုသန္ဓိတေနစ၊ ညီညွတ်သောစကားဖြင့်လည်းကောင်း၊ ကာရယေ၊ ဆုံးဖြတ်ရာ၏။

ပဋ္ဌညာ လဇ္ဇိသု ကတာ၊ အလဇ္ဇိသု ဇဝံ နဝိဇ္ဇတိ၊
ဗဟုမ္ပိ အလဇ္ဇီ ဘာသေယျ၊ ဝုတ္တာနုသန္ဓိတေန ကာရယေ။

လဒ္ဓိသု၊ လဒ္ဓိတို့ဌ်။ ပဋ္ဌိညာ– ပဋ္ဌိညာယ၊ ပဋ္ဌိညာဖြင့်။ ကတာ၊ ဆုံးဖြတ်အပ်၏။ အလဒ္ဓိသု၊ အလဒ္ဓိတို့ဌ်။ ဧဝံ၊ ဤသို့ပဋ္ဌိညာဖြင့် ဆုံးဖြတ်ခြင်းသည်။ နဝိဇ္ဇတိ၊ မရှိ။ အလဒ္ဓိ၊ အလဒ္ဓိသည်။ ဗဟုမ္ပိ၊ များစွာသောစကားကိုလည်း။ ဘာသေယျ၊ ဆိုရာ၏။ တသ္မာ၊ ထို့ကြောင့်။ ဝတ္တာနုသန္ဓိတေန၊ ဆိုအပ်သော ညီညွတ်သောစကားဖြင့်။ ကာရယေ၊ ဆုံးဖြတ်ရာ၏။

(မူကွဲတစ်နည်းကား) ဝတ္တာနုသန္ဓိတေန၊ အကျင့်နှင့်ညီသောဝန်ခံစကားဖြင့်။ ကာရယေ၊ ဆုံးဖြတ်ရာ၏။

[ယခုအခါ ထိုအနုယောဂဝတ်ကိုပြခြင်းငှာ ဟိတေသီ– စသည်ကိုမိန်ဆိုသည်၊ ဟိတံ ဧသန္ဓော– ဟိတေသီ၊ မေတ္တာစျာန်ကိုလည်းကောင်း၊ ဥပစာရမေတ္တာကိုလည်းကောင်း ဖြစ်စေ၍ဟူလို၊ ကာလေနာတိ ယုတ္တပတ္တ ကာလေန၊ သင့်လျော်သောအခါ၊ တိုက်တွန်းသော အခါ၌သာလျှင် သင်၏တာဝန်ဟုပြုလျှင် စိစစ်ပါလောဟူလို။ မာ ပမာရေသိ ဟူသည် ထို စု, စော တို့၏ ဆောတလျင်ဆိုမိသောစကားချွတ်ကို မယူလေနှင့်။

ပဋ္ဌိညာနုသန္ဓိတေနဌ် အနုသန္ဓိတသည် ကထာနုသန္ဓိ– စေ့စေ့စပ်စပ်ရှိသောစကား၊ ညီညွတ်သောစကားဖြစ်၏။ (ပေါက်ခြင်း၊ ဟာခြင်း၊ ရှေခြင်း၊ စသောအပြစ်လွတ်၍ ပြည့်စုံသောစကားဖြစ်၏။) ထို့ကြောင့် ပဋ္ဌိညာနုသန္ဓိဖြင့် (ဝါ– ဝန်ခံသောစေ့စပ်သော စကားဖြင့်) ဆုံးဖြတ်ရာ၏။ ကထာနုသန္ဓိကိုမှတ်၍ ပဋ္ဌိညာဖြင့်ဆုံးဖြတ်ရာ၏ဟူလို။

တစ်နည်း ပဋ္ဌိညာဖြင့်လည်းကောင်း၊ အနုသန္ဓိတဖြင့်လည်းကောင်း ဆုံးဖြတ်ရာ၏။ လဒ္ဓိကို ပဋ္ဌိညာဖြင့်ဆုံးဖြတ်ရာ၏။ အလဒ္ဓိကို ဝတ္တာနုသန္ဓိဖြင့်ဟူလို။ ဝတ္တာနုသန္ဓိတသည် ဂတ္တာနုသန္ဓိပင်တည်း။ ဝတ္တာနှင့်စပ်သော ညီသော ပဋ္ဌိညာတည်း။ ထိုပဋ္ဌိညာဖြင့် ဆုံးဖြတ်ရာ၏ဟူလို။]

(**သာဌီ**။ ။ အနုအနု+သန္ဓာန်– အနုသန္ဓိတံ။ ဘာဝသာဓနတည်း။ ထို့ကြောင့် အနုသန္ဓိတသည် ကထာနုသန္ဓိ ဖြစ်၏ဟုဆိုသည်။

ဝိဋီ။ ။ အနုသန္ဓိတ သဒ္ဒါသည် ဘာဝသာဓနဖြစ်၏၊ ထို့ကြောင့် ကထာနုသန္ဓိ ဟု အဋ္ဌကထာဖွင့်သည်။ ဝုတ္တာနုသန္ဓိ တေနဋ္ဌလည်း ဤနည်းသာတည်း။ ဝတ္တာနုသန္ဓိတေနကား အာစာရာနုသန္ဓိနှာ၊ အကျင့်နှင့်ညီညွတ်သောပဋိညာဖြင့်တည်း။ ထို့ကြောင့် 'ဝတ္တာနှင့်စပ်သော ညီသော' စသည်ကိုဆိုသည်။)

အလဒ္ဓီစသည်၏လက္ခဏာ။ ။ မြတ်စွာဘုရား ပဋိညာဖြင့်ဆုံးဖြတ် ခြင်းငှာမရသော အလဒ္ဓီဟူသည် အဘယ်သို့သဘောရှိပါသနည်း။

သဠေစ္ဆ အာပတ္တိ အာပဇ္ဇတိ၊ အာပတ္တိ ပရိဂူဟတိ။
အဂတိဂမနဉ္စ ဂစ္ဆတိ၊ ဧဒိသော ဝုစ္စတိ အလဒ္ဓီ ပုဂ္ဂလော။

ဥပါလိ၊ ချစ်သားဥပါလိ။ သဠေစ္ဆ– ဇာနန္တော၊ သိလျက်။ အာပတ္တိ၊ အာပတ်သို့။ အာပဇ္ဇတိ၊ ရောက်သူတစ်ယောက်။ အာပတ္တိ၊ အာပတ်ကို၊ ပရိဂူဟတိ၊ ဒေသနာကြားခြင်း ဝတ်စောင့်ခြင်းမပြုဘဲ ဖုံးသူတစ်ယောက်။ အဂတိ ဂမနံ၊ အဂတိလေးပါးလိုက်စားခြင်းသို့။ ဂစ္ဆတိ၊ ရောက်သူတစ်ယောက်။ ဧဒိသော၊ ဤသို့သောသူကို။ အလဒ္ဓီပုဂ္ဂလော၊ အလဒ္ဓီပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဟောအပ်၏။

လဒ္ဓီပုဂ္ဂိုလ်ဟူသည် အဘယ်သို့သဘောရှိပါသနည်း။

သဠေစ္ဆ အာပတ္တိ နာပဇ္ဇတိ၊ အာပတ္တိ နပရိဂူဟတိ။
အဂတိဂမနံ နဂစ္ဆတိ၊ ဧဒိသော ဝုစ္စတိ လဒ္ဓီ ပုဂ္ဂလော။

သိလျက်အာပတ်သို့မရောက်သူ၊ အာပတ်ကိုမဖုံးသူ၊ အဂတိလေးပါး လိုက်စားခြင်းသို့မရောက်သူ ဤသို့သောသူကို လဒ္ဓီပုဂ္ဂိုလ်ဟူ၍ ဟောအပ်၏။

(**ဝိဇ္ဇီ**။ ။ အလဒ္ဓီလက္ခဏာကို ဘိက္ခု၊ ဘိက္ခုနီစွမ်းဖြင့်သာ ဟောသည်။ သာမဏေတို့အားလည်း မိမိတို့နှင့်ဆက်ဆံသော သိက္ခာပုဒ်ကိုသိလျက် တမင်လွန်ကျူးခြင်းစသည်ကို အလဒ္ဓီလက္ခဏာဟု သိအပ်သေး၏။)

အဓမ္မစောဒကဟူသည် အခါမဟုတ်ဘဲ စောဒနာသူ၊ အမှား ဖြင့် **အဘယ်သို့ပါနည်း**။ စောဒနာသူ၊ ကြမ်းတမ်းသောစကားဖြင့် စောဒနာသူ၊ အကျိုးမဲ့စေခြင်းဖြင့် စောဒနာသူ၊ မေတ္တာမသက် ဒေါသထွက်၍ စောဒနာသူ ဤသို့သောသူသည် အဓမ္မစောဒကမည်၏။

ဓမ္မစောဒကဟူသည် အခါ၌စောဒနာသူ၊ အမှန်ဖြင့်၊ သိမ်းမွှဲ့သော **အဘယ်သို့ပါနည်း**။ စကားဖြင့်၊ အကျိုးများစေသောစကားဖြင့်၊ ဒေါသမထွက် မေတ္တာသက်၍စောဒနာသူ။ ဤသို့သောသူသည် ဓမ္မစောဒကမည်၏။

ဗာလစောဒကဟူသည် ရှေ့နောက်မသိ၊ ရှေ့နောက်၌မလိမ္မာ၊ အနုသန္ဓိ **အဘယ်သို့ပါနည်း**။ ဝစနပထနှစ်ခုကိုမသိ၊ ထိုနှစ်ခု၌မလိမ္မာ၊ ဤသို့သောသူသည် ဗာလစောဒကမည်၏။

[ရှေ့နောက်မသိဟူသည် ရှေ့ဆိုသောစကား နောက်ဆိုသောစကားကိုမသိ၊ ထိုစကားနှစ်ရပ်၌မလိမ္မာ၊ အနုသန္ဓိဝစနပထဟူသည် ကထာနုသန္ဓိဝစန- စုဒိတကအနုဝိဒ္ဓကတို့၏စကားနှင့် ၁ပ်ဆိုင်သောစကား၊ ဝိနိစ္ဆယာနုသန္ဓိဝစန- ဝိနိစ္ဆယနှင့်စပ်ဆိုင်သောစကားနှစ်ခုဖြစ်၏။ ထိုနှစ်ခု၌ မသိ၊ မလိမ္မာ။]

(**ဝိဇ္ဇီ**။ ။ ကထာနုသန္ဓိဝစနဟူသည် စု, အနုတို့ ဆိုသောစကားနှင့် အနုသန္ဓိဟုဉ်စပ်သောစကားဖြစ်၏။ ထိုစကားကိုမသိသော စောဒကသည် ထိုသူကို ဟစ်ခေါ်

အကြောင်းကိုဆိုလျှင် မိမိသည် ထိုအကြောင်းကိုမသိဘဲ မိမိ အလိုရှိရာကိုသာဆို၏။ ဝိနိစ္ဆယာနုသန္ဓိဝစနဟူသည် အနုဝိဇ္ဇက ဆုံးဖြတ်သော ဝိနိစ္ဆယအားလျော်သော စပ်ဆိုင်သော စကားဖြစ်၏။ ထိုစကားကိုလည်း ဗာလစောဒကမသိ။)

ပဏ္ဍိတစောကဟူသည် ရှေ့စကား နောက်စကားကိုသိ၏။ ထိုစကား **အာဘယ်သို့ပါနည်း။** နှစ်ရပ်၌ လိမ္မာ၏။ အနုသန္ဓိဝစနပထ နှစ်ရပ်ကိုသိ၏။ (၀၊) စု, အနု တို့၏စကားနှင့် ဆိုင်သောစကား၊ ဝိနိစ္ဆယနှင့်ဆိုင်သောစကားကိုသိ၏။ ထိုစကားနှစ်ရပ်၌ လိမ္မာ၏။ ဤသို့ သောသူသည် ပဏ္ဍိတစောဒကမည်၏။

အာဘယ်ဖြင့်စွပ်စွဲခြင်းကြောင့် စောဒနာဟူ၍ဆိုအပ်ပါသနည်း။ သီလဝိပတ္တိဖြင့် စွပ်စွဲ၏၊ အာစာရဝိပတ္တိဖြင့် ဒိဋ္ဌိဝိပတ္တိဖြင့်၊ အာဇီဝဝိပတ္တိဖြင့် စွပ်စွဲ၏။ ထို့ကြောင့် စောဒနာဟုဆိုအပ်၏။

[သီလဝိပတ္တိဖြင့်ဟူသည် နှစ်ခုသောအာပတ်အစုတို့ဖြင့် စောဒနာ၏၊ အာစာရဝိပတ္တိဖြင့်စွပ်စွဲသူသည် ၈၊ခုသောအာပတ်အစုတို့ဖြင့် စောဒနာ၏။ ဒိဋ္ဌိဝိပတ္တိဖြင့်စွပ်စွဲသူသည် မိစ္ဆာဒိဋ္ဌိဖြင့်လည်းကောင်း၊ အန္တဂ္ဂါဟိကဒိဋ္ဌိဖြင့်လည်းကောင်း စောဒနာ၏။ အာဇီဝဖြင့် စွပ်စွဲသူသည် အာဇီဝကြောင့်ပညတ်သော ၆-ခုသောသိက္ခာပုဒ်တို့ဖြင့် စောဒနာ၏။]

ဒုတိယ ဂါထာသင်္ကေတအဖွင့် ပြီးပြီ။

အပရ ဂါထာသင်္ကေတ ပြီး၏။

၁၃။ စောဒနာကဏ္ဍ

၃၆၀။ **အနုဝိဇ္ဇကကိစ္စ။** ။ အနုဝိဇ္ဇကဝိနည်းဝိရ်သည် စေဒကကို ဤသို့ မေးအပ်၏။ ငါ့ရှင် သင်သည် ဤရဟန်းကို စေဒနာ၏၊ အဘယ်အပြစ်ကြောင့် စောဒနာသနည်း။ သီလဝိပတ္တိကြောင့်လော၊ အာစာရဝိပတ္တိကြောင့်လော၊ ဒိဋ္ဌိဝိပတ္တိကြောင့်လော ဤသို့မေးအပ်၏။ (အာဇီဝကြောင့် မမေး။)

သီလဝိပတ္တိကြောင့်၊ အာစာရကြောင့်၊ ဒိဋ္ဌိကြောင့် စောဒနာပါသည်ဟု ဖြေလျှင် အရှင်သည် သီလဝိပတ္တိကိုသိသလော၊ အာစာရဝိပတ္တိကိုသိသလော၊ ဒိဋ္ဌိဝိပတ္တိကိုသိသလောဟု မေးအပ်၏။ သိပါ၏ဖြေလျှင် အဘယ်သည် သီလဝိပတ္တိနည်း၊ အဘယ်သည် အာစာရဝိပတ္တိနည်း၊ အဘယ်သည် ဒိဋ္ဌိဝိပတ္တိနည်းဟု မေးအပ်၏။

ပါရာဇိက၊ သံဃာဒိသေသ်သည် သီလဝိပတ္တိ၊ ထုလ္လစ္စည်းစသည်သည် အာစာရဝိပတ္တိ၊ မိစ္ဆာဒိဋ္ဌိ၊ အနန္တရိကာဒိဋ္ဌိသည် ဒိဋ္ဌိဝိပတ္တိ ဟုဖြေလျှင် သင်သည် ဤရဟန်းကို ဒိဋ္ဌဖြင့်စောဒနာသလော၊ သုတဖြင့်လော၊ ပရိသင်္ကိတဖြင့်လောဟု မေးအပ်၏။

ဒိဋ္ဌဖြင့်၊ သုတဖြင့်၊ ပရိသင်္ကိတဖြင့်ဟု ဖြေလျှင် သင်သည် ဒိဋ္ဌဖြင့် စောဒနာပြီ၊ အဘယ်ကိုမြင်သနည်း၊ အဘယ်သို့မြင်သနည်း၊ အဘယ်အခါ၌ နည်း၊ အဘယ်အရပ်၌နည်း၊ ပါရာဇိကသို့ရောက်သည်ကိုမြင်သလော၊ သံဃာ ဒိသေသ်သို့ (ပ)။ ဒုဗ္ဘာသီသို့ရောက်သည်ကိုမြင်သလော၊ အဘယ်၌ သင်ရှိ သနည်း၊ အဘယ်၌ ဤရဟန်းရှိသနည်း၊ အဘယ်ကိုသင်ပြုနေသနည်း၊ အဘယ် ကို ဤရဟန်းပြုနေသနည်းဟု မေးအပ်၏။

ဒိဋ္ဌဖြင့်မဟုတ်၊ သုတဖြင့်ဟုဖြေလျှင် သင်သည် သုတဖြင့်စောဒနာပြီ၊ အဘယ်ကိုကြားသနည်း၊ အဘယ်သို့၊ အဘယ်အခါ၊ အဘယ်အရပ်၌ ကြား သနည်း။ ပါရာဇိကသို့ (ပ) ဒုဗ္ဘာသီသို့ရောက်သည်ကိုကြားသလော၊ ဘိက္ခုဒ္ဓ၏

စကားကို ကြားသလော၊ ဘိက္ခုနီ၏၊ သိက္ခမာန်၏၊ သာမဏေ၏၊ သာမဏေမ ၏ ၁ ဥပါသကာ၊ ဥပါသိကာ၊ မင်း၊ မင်းအမတ်၊ တိတ္ထိ၊ တိတ္ထိသာဝက၏ ၆ စကားကို ကြားသလောဟု မေးအပ်၏။

သုတဖြင့်မဟုတ်၊ ပရိသက်တဖြင့်ဟုဖြေလျှင် သင်သည် ပရိသက်တဖြင့် စောဒနာပြီ၊ အဘယ်ကိုရှုရှာသနည်း (တွေးတောသနည်း)၊ အဘယ်သို့၊ အဘယ် အခါ၊ အဘယ်အရပ်၌ရှုရှာသနည်း၊ ပါရာဇိကသို့ (ပ) ဒုဗ္ဘာသီသို့ ရောက်သည် ကို ရှုရှာသလော၊ ဘိက္ခု၏စကားကိုကြား၍ ရှုရှာသလော၊ (ပ)၊ တိတ္ထိသာဝက ၏ စကားကိုကြား၍ရှုရှာသလောဟု မေးအပ်၏။

၃၆၁။ ဒိဋ္ဌံ ဒိဋ္ဌေန သမေတိ၊ ဒိဋ္ဌေန သံသန္ဒတေ ဒိဋ္ဌံ။
ဒိဋ္ဌံ ပဋိစ္စ နဥပေတိ၊ အသုဒ္ဓ ပရိသက်ိတော။
သော ပုဂ္ဂလော ပဋိညာယ၊ ကာတဗ္ဗော တေနုပေါသထော။

ဒိဋ္ဌံ၊ စောဒကဏ်မြင်ခြင်းသည်။ ဒိဋ္ဌေန၊ မြင်၏ဟူသောစကားနှင့်။ သမေတိ၊ ညီညွတ်အံ့။ ဒိဋ္ဌံ၊ မြင်ခြင်းသည်။ ဒိဋ္ဌေန၊ မြင်၏ဟူသောစကားနှင့်။ သံသန္ဒတေ၊ နီးနှောအံ့။ ဒိဋ္ဌံ၊ စောဒကဏ်မြင်ခြင်းကို။ ပဋိစ္စ၊ စွဲ၍။ နဥပေတိ၊ ပါရာဇိကသို့မရောက်အံ့။ (၀၊) ပါရာဇိကကို ဝန်မခံအံ့။ သောပုဂ္ဂလော၊ ထိုပုဒ္ဂိတက ပုဂ္ဂိုလ်သည်။ အသုဒ္ဓပရိသက်ိတော၊ အရင်းမရှိရှုရှာအပ်သည်။ ဟောတိ၊ ဖြစ်၏။ ပဋိညာယ၊ ထိုပုဂ္ဂိုလ်၏ပဋိညာကြောင့်။ တေန၊ ထိုပုဂ္ဂိုလ်နှင့်။ ဥပေါသထော၊ ဥပုသ်ကို။ ကာတဗ္ဗော၊ ပြုအပ်၏။

သုတံ သုတေန၊ မုတံ မုတေန တူပြီ။

သုတံ၊ စောဒကဏ်ကြားခြင်းသည်။ သုတေန၊ ကြား၏ဟူသောစကား နှင့်။ မုတံ၊ စောဒကဏ်ပရိသက်ိုတသည်။ မုတေန၊ ပရိသက်ိတစကားနှင့်၊ (ပ) ကာတဗ္ဗော၊ ပြုအပ်၏။

[ယခုအခါ၌ စောဒနာခြင်းဖြစ်သောအခါ ဝိနည်းဓိရ် ပြုအပ် သော ကိစ္စကိုပြလိုမှ အနုဝိဇ္ဇကဝိနည်းဓိရ်သည် စသည်ကို အားထုတ်

၏။ ဒိဋ္ဌ ဒိဋ္ဌေနဂါထာအနက်ကား ရဟန်းတစ်ပါးသည် မာတုဂါမ တစ်ယောက်နှင့် တစ်နေရာမှထွက်လာသည်ကိုလည်းကောင်း၊ ဝင်သွားသည်ကိုလည်းကောင်း မြင်ခဲ့အံ့၊ မြင်သူသည် ထိုရဟန်းကို ပါရာဇိကဖြင့် စောဒနာအံ့၊ ထိုရဟန်းကား ထိုမြင်ခြင်းကိုဝန်ခံ၏၊ ထိုမြင်ခြင်းကိုစွဲ၍ ပါရာဇိကသို့ ရောက်ခြင်းမရှိ။ ဝန်ခံခြင်းမရှိခဲ့အံ့၊ ဤသို့ စောဒကဟု ဒိဋ္ဌသည် ·ငါမြင်၏ဟူသော ဒိဋ္ဌဝစနနှင့်ညီညွတ်၏။ ညီညွတ်သော်လည်း ထိုမြင်ခြင်းကို စွဲ၍ အပြစ်ကို စုဒိတကသည်ဝန်မခံ၊ ထိုသို့ဝန်မခံသောကြောင့် မစင်ကြယ်သော ပရိသက်ဝိတဖြစ်၏။ အမူလကပရိသက်ဝိတဟူလို။ ထိုစုဒိတက၏ သုဒ္ဓေါ အဟံ - ဟူသော ပဋိညာကြောင့် ထိုစုဒိတကနှင့်အတူ ဥပသမ्पြုအပ်၏။ သုတံ သုတေန၊ မုတံ မုတေနတို့ဌ်လည်း ဤနည်းသာတည်း။ အကြွင်းအားလုံး ပေါ်လွင်၏။]

(**ဓိဋ္ဌိ**။ ။ အနုဝိဇ္ဇကအမေးဌ် အာဇီဝဝိပတ္တိကိုမမေး၊ အာပတ်အစုငါးခုအစွမ်းဖြင့် အာစာရဝိပတ္တိကိုမေး၏။ အာဇီဝဝိပတ္တိဖြင့်လည်း ထိုဌ်သာရေတွက်ခြင်းသို့ရောက်သောကြောင့် ဟုဆိုကုန်၏။

ဝိဋ္ဌိ။ ။ အဘယ်အပြစ်ကြောင့် စောဒနာသနည်းဌ် အဘယ်ဝိပတ္တိကြောင့်စောဒနာသနည်းဟူသောအနက်ဖြစ်၏။ ဇဝံ သဗ္ဗတ္ထ၊ မစင်ကြယ်သော ပရိသက်ဝိတဟူသည် မစင်ကြယ်ခြင်းဖြင့် အရာမဟုတ်သည်ဌ်ဖြစ်သော ရွံရှာခြင်းဖြင့် ရွံရှာ၏။ ထို့ကြောင့် အမူလကပရိသက်ဝိတော ဟု ဆိုသည်။)

အနုဝိဇ္ဇကကိစ္စအဖွင့်ပြီးပြီ။

၃၆၂။ **စော- အာဒီ**၊ ။ စောဒနာ၏ အာဒိသည်၊ မဒ္ဓေသည်၊ **မူလ စသည်**။ ပရိယောသာနသည်အဘယ်နည်း။ စောဒ

နာ၏အခွင့်တောင်းခြင်းသည် အာဒီ၊ ကြိယာ သည် မဗ္ဗေ၊ သမထသည် ပရိယောသာနဖြစ်၏။

စောဒနာ၏မူလသည်၊ ဝတ္ထုဒ္ဒသည်၊ ဘူမိသည် အဘယ်မျှဝှိ,နည်း၊ အဘယ်မျှသောခြင်းရာတို,ဖြင့် စောဒနာသနည်း။ စောဒနာ၏မူလသည် နှစ်ပါး၊ ဝတ္ထုဒ္ဒသည် သုံးပါး၊ ဘူမိသည် ၈၁ပါး။ နှစ်ပါးသောခြင်းရာတို,ဖြင့်စွပ်စွဲ၏။

စောဒနာ၏မူလနှစ်ပါးကား အရင်းရှိ အရင်းမရှိ နှစ်ပါး။ ဝတ္ထုဒ္ဒသုံးပါးကား ဒိဋ္ဌဖြင့်၊ သုတဖြင့်၊ ပရိသင်္ကိတဖြင့် သုံးပါး။ ဘူမိ၈၁ပါးကား ကာလေန ဝဏ္ဏာမိ နော အကာလေန၊ ဘူတေန ဝဏ္ဏာမိ နော အဘူတေန၊ သဏ္ဍေန ဝဏ္ဏာမိ နော ဖရုသေန၊ အတ္ထသံဟိတေန ဝဏ္ဏာမိ နော အနတ္ထသံဟိတေန၊ မေတ္တာစိတ္တော ဝဏ္ဏာမိ နော ဒေါသန္တရော– အခါ၌၊ အမှန်ဖြင့်၊ နူးညံ့စွာ၊ အကျိုးဖြစ်စေလျက်၊ မေတ္တာစိတ်ရှိလျက်ဆိုပါအုံ့၊ ၈၁ပါး။

နှစ်ပါးသောခြင်းရာကား– ကာယဖြင့်စောဒနာ၏၊ ဝါစာဖြင့်စောဒနာ၏ နှစ်ပါး။

၃၆၃။ စောဒကသည် အဘယ်သို,ကျင့်အပ်သနည်း၊ စုဒိတကသည်၊ သံဃာသည်၊ အနုဝိဇ္ဇကသည် အဘယ်သို,ကျင့်အပ်သနည်း။

စောဒကသည် ၈၁ပါးသောတရားတို,၌တည်၍ သူတပါးကိုစောဒနာအပ်၏ ; ကာလေန ဝဏ္ဏာမိ၊ (ပ)။ နော ဒေါသန္တရော– အခါ၌ဆိုပါအုံ့၊ အမှန်ဖြင့်ဆိုပါအုံ့၊ နူးညံ့စွာဆိုပါအုံ့၊ အကျိုးဖြစ်စေလျက်ဆိုပါအုံ့၊ မေတ္တာစိတ်ရှိလျက်ဆိုပါအုံ့ဟု ၈၁ပါး၌တည်၍ စောဒနာအပ်၏။ ဤကား စောဒကကျင့်ဝတ်တည်း။

စုဒိတကသည် နှစ်ပါးသောတရားတို,၌တည်အပ်၏၊ သစ္စေ – အမှန်ဆိုခြင်း၌၊ အကုပ္ပေ– အမျက်မထွက်ခြင်း၌တည်အပ်၏။ ဤကား စု–ကျင့်ဝတ်တည်း။

သံဃာသည် သြတိဏ္ဏာနောတိဏ္ဏာ – သက်ဆိုင်သောစကား၊ မသက်ဆိုင်

သောစကားကိုသိအပ်၏၊ ဤကား သံဃာကျင့်ဝတ်တည်း။

အနုဝိဇ္ဇကသည် အကြင် ဓမ္မ, ဝိနယ, သတ္ထုသာသနဖြင့် ထိုအဓိကရဏ်း သည် ငြိမ်း၏၊ ထို ဓမ္မ, ဝိနယ, သတ္ထုသာသနဖြင့် ထိုအဓိကရဏ်းကိုငြိမ်းစေအပ်၏၊ ဤကား အနုကျင့်ဝတ်တည်း။

[သစ္စ၊ အကုပ္ပဋ္ဌတည်ပုံကား- အမှုတစ်ခုခုကိုပြုမိသော်လည်းကောင်း၊ မပြုမိသော်လည်းကောင်း ထိုအတိုင်းသာပြောဆိုအပ်၏။ စော၊ အန၊ သံဃာတို့အပေါ်၌ အမျက်ဒေါသမဖြစ်စေရ။ ဩတိဏ္ဏာ နောတိဏ္ဏာ သိပုံကား- ဩတိဏ္ဏာဝစနကိုလည်းကောင်း အနောတိဏ္ဏာဝစနကိုလည်းကောင်း သိအပ်၏။ သိပုံကား- စောဒကဏ်ရှေ့စကားသည် ဤမျှ၊ နောဏ်စကားသည် ဤမျှ၊ စုဒိတကဏ်ရှေ့စကားသည်၊ နောက်စကားသည် ဤမျှ ဟု သိအပ်၏။ စော၊ စု၊ အန တို့၏ ပမာဏကိုမှတ်ယူအပ်၏။

အနုဝိဇ္ဇကကို ငါ့ရှင် သင်သည် အနည်းငယ်မျှကိုလည်း မယုတ်စေမူ၍ နှလုံးသွင်း၍ ဖြောင့်ဖြောင့်ပြု၍ ဆောင်လောဟု ဆိုအပ်၏။ သံဃာသည် ဤသို့ကျင့်အပ်၏၊ အနုဝိဇ္ဇကကျင့်ဝတ်၌ ဓမ္မဟူသည် ဘုတဝတ္ထုဖြစ်၏။ ဝိနယသည် စောဒနာနှင့် သာရဏာ ဖြစ်၏။ သတ္ထုသာသနသည် ဥတ်၏ပြည့်စုံခြင်း၊ ကမ္မဝါစာ၏ ပြည့်စုံခြင်းဖြစ်၏။ ဤသုံးပါးဖြင့် အဓိကရဏ်းငြိမ်း၏။ ထို့ကြောင့် အနုဝိဇ္ဇကပုဂ္ဂိုလ်သည် မှန်သောဝတ္ထုဖြင့်စောဒနာ၍ အာပတ်ကို အောက်မေ့စေ၍ ဥတ် ကမ္မဝါစာပြည့်စုံခြင်းဖြင့် ထိုအဓိကရဏ်းကို ငြိမ်းစေအပ်၏။ ဤကား အနု၏ကျင့်ဝတ်တည်း။]

၃ဖဋ ။ **ဥပုသ်စသည်။** ။ ဥပုသ်သည် အဘယ်အကျိုးငှာနည်း၊ ပဝါရဏာသည်၊ ပရိဝါသ်သည်၊ မူလာယပဋိ
ကဿနာသည်၊ မာနတ်သည်၊ အဗ္ဘာန်သည် အဘယ်အကျိုးငှာနည်း။ (၀၊)

အဘယ်အကြောင်းကြောင့် ပြုသနည်း။

ဥပုသ်သည် ညီညွတ်ခြင်းငှာတည်း၊ ပဝါရဏာသည် စင်ကြယ်ခြင်းငှာ၊ ပရိဝါသ်သည် မာနတ်အကျိုးငှာ၊ မူလယပဋိကဿနာသည် နှိပ်ခြင်းငှာ၊ မာနတ်သည် အဇ္ဈာန်အကျိုးငှာ၊ အဇ္ဈာန်သည် စင်ကြယ်ခြင်းအကျိုးငှာတည်း။

[ဥပုသ်စသည်၏အမေးအဖြေသည် ပေါ်လွင်သည်သာတည်း။]

(**ဝိဇ္ဇီ**။ ။ ဥပုသ်သည် ညီညွတ်ခြင်းငှာဟူသည် စင်ကြယ်သောရဟန်းများ အချင်းချင်း နိရပေက္ခ မဖြစ်မူ၍ (ဝါ– မပြတ်စောင့်ရှောက်လျက်၊) ဥပုသ်နေ့တိုင်း စည်းဝေး၍ ပါရိသုဒ္ဓိ အာယသ္မန္တော အာရောစေထ၊ပရိသုဒ္ဓေတ္ထာ ယသ္မန္တော။ ပရိသုဒ္ဓေါ အဟံအာဝုသော– စသည်ဖြင့် အချင်းချင်း စင်ကြယ်ခြင်း ကိုစုံစမ်းခြင်း၊ ပြောကြားခြင်းဖြင့် မသင့်သည်တို့ကိုရှောင်ကြဉ်စေ၍ သင့်သည်တို့ဖြင့်သာ ကာယစိတ္တသာမဂ္ဂီပြုခြင်းငှာတည်း။ ပဝါရဏာသည် စင်ကြယ်ခြင်းငှာဟူသည် ဒိဋ္ဌ၊ သုတ စသည်တို့ဖြင့် အချင်းချင်းပြောစေ၊ ဆိုစေ၍ ပြည့်စုံစွာစင်ကြယ်ခြင်းအကျိုးငှာတည်း။)

စောဒကၢ်အလား–ဂတိ။ ။ ဆန္ဒ၊ ဒေါသ၊ မောဟ၊ ဘယဖြင့် မထေရ်တို့ကို ရေရွတ်သော ရဟန်းသည် ဥဏ်နည်း၏၊ မိမိကိုယ်ကိုတူးဖြု၏၊ ဣန္ဒြေငါးပါးကိုဖျက်၏၊ သိက္ခာ၌ မရိုယေ၊ သေလျှင်ငရဲသို့ရောက်၏။ ထို့ကြောင့် အာမိသကိုမှီ၍ ပဂ္ဂိုလ်ကိုမှီ၍ မပြုရာ၊ ထိုနှစ်မျိုးတို့ကိုရှောင်ကြဉ်၍ တရားနှင့်အညီ ပြုရာ၏။

စောဒကဟူသည် အမျက်ကြီးအံ့၊ ရန်ငြိုးဖွဲ့အံ့၊ ကြမ်းတမ်းအံ့၊ ဆဲရေးအံ့၊ အနာပတ္တိအတွက် အာပတ္တိဟုဆိုအံ့၊ မိမိကိုယ်ကို လောင်ကျွမ်းစေသူဖြစ်၏။

ဥပကဏ္ဍက် ဇပွတိ၊ နားရင်းကပ်၍တိုင်ပင်အံ့။ ဇိမ့် ပေကွတိ၊ အပြစ်ရှာအံ့။ ဝိတိဟာရတိ၊ အဆုံးအဖြတ်ကိုယုတ်စေအံ့။ ကုမဂ္ဂ ပဋိသေဝတိ၊ လမ်းမှား

လိုက်အံ့။ အနာပတ္တိအစား အာပတ္တိဟု ဆိုအံ့။ မိမိကိုယ်ကို လောင်ကျွမ်းစေသူ ဖြစ်၏။

အခါမဟုတ်ဘဲစောဒနာအံ့၊ အမှားဖြင့်၊ ကြမ်းတမ်းစွာဆိုခြင်းဖြင့်၊ အကျိုးမဲ့စေခြင်းဖြင့်၊ မေတ္တာမသက် ဒေါသထွက်လျက်စောဒနာအံ့၊ **အနာပတ္တိ** အစား အာပတ္တိကိုဆိုအံ့၊ မိမိကိုယ်ကိုလောင်ကျွမ်းစေသူဖြစ်၏။

ဓမ္မ အဓမ္မကိုမသိ၊ မလိမ္မာ၊ ဝိနယ အဝိနယကိုမသိ၊ မလိမ္မာ၊ (၀) ဒုဋ္ဌုလ္လ အဒုဋ္ဌုလ္လကိုမသိ၊ မလိမ္မာ။ (ဘေဒကရဝတ္ထု ၁၈ – ပါ:အရ ရှည်ဆိုသည်။) အနာပတ္တိ အစား အာပတ္တိကိုဆိုအံ့၊ မိမိကိုယ်ကိုလောင်ကျွမ်းစေသူ ဖြစ်၏။

ရှေ့နောက်မသိ၊ မလိမ္မာ၊ **အနုသန္ဓိ**ဝစနပထနှစ်ပါ:မသိ၊ မလိမ္မာ၊ အနာပတ္တိအစား အာပတ္တိဆိုအံ့၊ မိမိကိုယ်ကိုလောင်ကျွမ်းစေသူဖြစ်၏။

[မထေရ်တို့ကိုရေရွတ်ဟူသည် မထီမဲ့မြင်ပြုလျက် အဘယ်ကို ဤမထေရ်တို့သိကုန်သနည်းဟု ရေရွတ်၏။ အဂတိလိုက်ခြင်း၊ ထိုရေရွတ်ခြင်းဖြင့် မိမိကိုယ်ကိုတူးဖြိုး၏။ သဒ္ဓါစသော ဣန္ဒြေငါးပါ:ကို ဖျက်ဆီး၏။ ထိုသူသည် ပညာမရှိသောကြောင့် ဒုမ္မေဓြစ်၏။ သိက္ခာသုံးပါ:၌ မကျင့်သောကြောင့် ဂါရဝပျက်၏။ သေလျှင် ငရဲသို့သာရောက်၏။ ထို့ကြောင့် တရားနှင့်အညီပြုရာ၏။ စု–စော တစ်ယောက်ယောက်ပေးသော သက်နံ:စသော အာမိသကိုယူလျှင် အာမိသကို မှီ၍ပြု၏၊ ဤသို့မပြုရာ။

ဤသူသည် ငါ၏ဥပဇ္ဈာယ၊ အာစရိယဖြစ်၏ စသည်ဖြင့် ဆန္ဒစသည်ဖြင့်ပြုလျှင် ပုဂ္ဂိုလ်ကိုမှီ၍ပြု၏။ ဤသို့မပြုရာ။ ထိုနှစ်မျိုးလုံ:ကို လည်: ကြဉ်၍ တရား:နှင့်အညီသာပြုရာ၏။

ဥပကဏ္ဍာက် ၉ပွေတိ ဟူသည် ဤသို့ဆိုလော၊ ဤသို့ မဆိုလင့်ဟု နား:ရင်:၌တိုင်ပင်၏။ ၉မ့် ပေကွေတိ ဟူသည် အပြစ်ကိုသာရှာ၏။ ဝိတိ ဟရတိသည် ဝိနိစ္ဆယကိုယူတ်စေ၏။ ကုမဂ္ဂံ သေဝတိ သည်

အာပတ်ကို ပြု၏။

အခါမဟုတ်ဘဲစောဒနာခြင်းသည် အခွင့်မဟုတ်ရာ၌ မတိုက်တွန်းဘဲသာ စောဒနာ၏။ ရှေ့နောက်မသိဟူသည် ရှေ့စကားကိုလည်းကောင်း၊ နောက်စကားကိုလည်းကောင်း မသိ။ အနုသန္ဓိဝစနပထသည် ကထာနုသန္ဓိ၊ ဝိနိစ္ဆယာနုသန္ဓိစွမ်းဖြင့် နှစ်ပါးသောဝစနဖြစ်၏။]

၁၄။ စူဠသဂ်ါမ

၃၆၅။ **စစ်ပွဲဝင်သူ။** ။ သဂ်ါမာဝစရ– စစ်ပွဲမြေပြင် သက်ဝင်သော ရဟန်းသည် (ဝါ– စောဒကသည်) သံဃာသို့ ချဉ်းကပ်သောအခါ နိမ်ချသောစိတ်ဖြင့် ခြေသုတ်ဝန်းနှင့်တူသော စိတ်ဖြင့် ချဉ်းကပ်အပ်၏။ နေရာ၌ လိမ္မာသူ၊ နေခြင်း၌ လိမ္မာသူဖြစ်ထိုက်၏။ မထေရ်တို့ကို မတိုးမဝှေ့ဘဲ သီတင်းငယ်တို့ကို နေရာဖြင့် မတားမြစ်ဘဲ သင့်လျော်သောနေရာ၌ နေအပ်၏။ ထူးပြားထွေလာ စကားမဆိုအပ်။ မဂ်ဖိုလ်မှဖီလာ ရာဇကထာ စသည်ကိုမဆိုအပ်။ ကိုယ်တိုင် တရားစကားပြောဟောအပ်၏။ သူတပါးကို သော်လည်း တိုက်တွန်းအပ်၏။ မြတ်သော ဆိတ်ဆိတ်နေခြင်းကို မထီမဲ့မြင် မပြုအပ်။

[အဓိကရဏ်းဆုံးဖြတ်ခြင်းငှာ သံဃာ့အစည်းအဝေးသည် သဂ်ါမမည်၏။ ထိုအစည်းအဝေး၌ အတ္ထပစ္စတ္ထိက– ပစ္စည်းအတွက် ရန်သူဖြစ်သူ၊ သာသနာပစ္စတ္ထိက– သာသနာ၏ရန်သူဖြစ်သူတို့သည် ဓမ္မမဟုတ်သည်ကို ဝိနယမဟုတ်သည်ကို သတ္ထုသာသနဟုပြလျက် ဝေသာလီ ဝဇ္ဇီပုတ္တကရဟန်းတို့ကဲ့သို့ သက်ဝင်ကုန်၏။ ထို အစည်းအဝေး၌ ထိုပစ္စတ္ထိကတို့၏အယူကို နိမ်နင်း၍ သကဝါဒီကိုပြခြင်းငှာ သက်ဝင်၍ အဆုံးအဖြတ်ကိုဖြစ်စေသော ရှင်ယသကဲ့သို့သော ရဟန်းသည် သဂ်ါမာဝစရ ပုဂ္ဂိုလ်မည်၏။ ထိုသဂ်ါမာဝစရရဟန်းသည် သံဃာ့ချဉ်းကပ်သောအခါ မာနတံခွန်ကိုချ၍ နိမ်ချသောစိတ်ဖြင့်

ချဉ်းကပ်အပ်၏။ ခြေသုတ်ဝန်းနှင့်တူပုံကား ညစ်သောခြေ၊ သန့်သော ခြေတို့ကို သုတ်သော်လည်း ခြေသုတ်အဝတ် ခြေသုတ်ကြိုးဝန်းအား ရာဂလည်းမဖြစ်၊ ဒေါသလည်းမဖြစ်၊ ထို့အတူ ဣဌာရုံ အနိဋ္ဌာရုံကို၌ တပ်ခြင်း၊ ပြစ်မှားခြင်း မရှိစေရ။

သင့်လျော်သောနေရာ၌ဟူသည် သင့်လျော်သောနေရာကိုသိ၍ မိမိအား၊ရောက်သောနေရာ၌ မထေရ်ကြီးတို့အား ကျေးကျွန်းကိုမပြုဘဲ ထိုင်အပ်၏။ ထူးပြားထွေလာ စကားဟူသည် အထူးထူးအပြားပြား အကျိုးမရှိသော ထိုထိုစကားဖြစ်၏။ မဂ်ဖိုလ်မှ ဖီလာကား ဒိဋ္ဌ၊ သုတ မုတ (ကိုယ်တွေ့) ဖြစ်သောလည်း မင်းနှင့်စပ်သောစကား၊ ခိုးဘူးနှင့်စပ်သောစကား စသည်ဖြစ်၏။ မပြောအပ်။ တရားစကားဟူသည် သံဃာစည်းဝေးရာဌာနဌ၌ အပ်–မအပ်ကိုမှီသော ဝိနည်းစကား၊ ရုပ်နာမ်ပိုင်းခြားခြင်းကိုမှီသောအဘိဓမ္မာစကား၊ သမထအကျင့် ဝိပဿနာအကျင့်ကိုမှီသော သုတ္တန်စကား၊ ဌာန နိသဇ္ဇဝတ် စသည်ကိုမှီသော ခန္ဓကဝတ် စကားသည် တရားစကားမည်၏။ ကိုယ်တိုင်သော်လည်း ဟောပြောအပ်၏။ သူတပါးကိုသော်လည်း တိုက်တွန်းအပ်၏။ ထိုစကားမျိုး ပြောဆိုတာဘ်သူကို ငါ့ရှင် သံဃာ့အလယ်၌ ပြဿနာဖြစ်လျှင် သင် ဟောပြောရာ၏ ဟု ဆိုအပ်၏။ မြတ်သော ဆိတ်ဆိတ်နေခြင်းဟူသည် အရိယာတို့သည်ဆိတ်ဆိတ်နေကြလျှင် ဗာလပုဂ္ဂိုလ်တို့ကဲ့သို့မဟုတ်၊ ကမ္မဋ္ဌာန်းတစ်ခုခု နှလုံးသွင်းလျက်သာ ထိုင်ကြသည်။ ဤသို့ ကမ္မဋ္ဌန်း နှလုံးသွင်း၍ ဆိတ်ဆိတ်နေခြင်းသည် မြတ်သော ဆိတ်ဆိတ်နေခြင်းဖြစ်၏။ ထိုသို့သောနေခြင်းကို " ကမ္မဋ္ဌာန်းနှလုံးသွင်းခြင်းဖြင့် အဘယ်အကျိုးရှိအုံ့နည်း" ဟု မထီမဲ့မြင်မပြုအပ်။ မိမိအား လျော်ရာ ကမ္မဋ္ဌန်းကိုယူ၍သာ နေအပ်၏ဟူလို။]

(**ဓိဋ္ဌိ။ သာဋ္ဌိ။** ။ ဌာနနိသဇ္ဇဝတ်ဟူသည် ဤသို့ ရပ်အပ်၏၊ ဤသို့ထိုင်အပ်၏ အစရှိသောစကားဖြစ်၏။

ဝိဋ္ဌိ။ ။ အတ္ထပစ္စတ္ထိက ဟူသည် လဒ္ဓိပေသလ၏ အကျိုးမဲ့ကိုလည်းကောင်း၊ ယုတ်မာမှုကိုကဲ့ရဲ့သောစောဒက၏ အကျိုးမဲ့ကိုလည်းကောင်းအလိုရှိသော ဝေရိပုဂ္ဂိုလ်ဖြစ်၏။ သာသနပစ္စတ္ထိကသည် မိမိ၏ အနာစာရအားလျော်စွာ တဏှာ အလို ဒိဋ္ဌိအလိုလိုက်၍ ဗုဒ္ဓဝစနကိုပြုသူဖြစ်၏။ သက်ဝင်-ဟူသည် အလဒ္ဓိကိုနှိမ်နင်းခြင်းဖြင့် သံဃာအလယ်သို့ ဝင်သူဖြစ်၏။ ထိုသို့သောစောဒကသည် သင်္ဂါမာဝစရမည်၏။ ဒိဋ္ဌ၊ သုက၊ မုတ ဖြစ်သော်လည်း ဟူသည် ဒိဋ္ဌ၊ သုတစွမ်းဖြင့် ရာဇ, စောရကထာ စသည်တို့ မုတစွမ်းဖြင့် ထမင်းစကား စသည်ကို မပြောအပ်ဟု ယူဉ်အပ်၏။

ရပ်နာမ်ပိုင်းခြားခြင်းဖြင့် အဘိဓမ္မာပိဋကတ်အားလုံးကိုပြု၏။ သမထအကျင့် စသည်ဖြင့် သုတ္တန်ပိဋကတ်အားလုံးကိုပြု၏။ သမထအကျင့်ဟူသည် သမထဘာဝနာအစဉ်ဖြစ်၏။ ဌာနနိသဇ္ဇဝတ် စသည်ကား သံဃာ့အလယ် စသည်တို့ဌိ ရှိသေလေးမြတ်ခြင်းကိုဖြစ်စေ၍ ရပ်ခြင်း သွားခြင်း စသည်ကိုမှီသောစကား၊ စုဒ္ဒသမဟာဝတ် စသည်ကို မှီသောစကားဖြစ်၏။ အာဒိသဒ္ဒါဖြင့် အပ္ပိစ္ဆတာ စသည်ကို မှီသောစကားလည်းဖြစ်၏။ ပြဿနာဖြစ်လျှင်ဟူသည် ပြဿနာမေးလျှင် သင် ဟောပြောရာ၏။ ဤကား ဥပလက္ခဏမျှတည်း။ အမှတ်မရှိ ထင်သော တရားကိုဟောပါလော ဟူလို။)

အနုဝိဇ္ဇကမေးအပ်။ ။ သံဃာခွင့်ပြုသော အနုဝိဇ္ဇကပုဂ္ဂိုလ်သည် မေးစစ်လိုသောအခါ ဥပဇ္ဈာယကိုမမေးအပ်၊ အာစရိယကိုမမေးအပ်၊ သဒ္ဓိဝိဟာရိကကို၊ အန္တေဝါသိကကို၊ ဥပဇ္ဈာယ်တူကို၊ ဆရာတူကို၊ အမျိုးဇာတိကို၊ အမ်ိုးကို၊ အနွယ်ကို၊ ပိဋကအာဂုံကို၊ အမျိုးထူး-ကုလပဒေသကို၊ မွေးရာအရပ်ကိုမမေးအပ်၊ အကြောင်းကား ဤပုဂ္ဂိုလ်၌

ချစ်ခြင်းသော်လည်းကောင်း မုန်းခြင်းသော်လည်းကောင်း ဖြစ်ရာ၏။ ချစ်ခြင်း မုန်းခြင်းဖြစ်လျှင် ဆန္ဒ၊ ဒေါသ၊ မောဟ၊ ဘယဖြင့် အဂတိလိုက်ရာ၏။

[ဥပဒ္ဓာယ်ကိုမမေးအပ်ဟူသည် သင်၏ဥပဒ္ဓာယ် အဘယ် အမည်ရှိသနည်းဟု မမေးအပ်၊ ဇသ နယော သဗ္ဗတ္ထ။ အမျိုးဇာတိ ဟူသည် သင်သည် မင်းမျိုးလော၊ ပုဏ္ဏားမျိုးလောဟု ဇာတိကို မမေး အပ်၊ ပိဋကအာဂုံ ဟူသည် သင်သည် ဒီဃနိကာယ်ဆောင်သလော၊ မဇ္ဈိမနိကာယ် ဆောင်သလောဟု အာဂမကိုမမေးအပ်။ ကုလပဒေသ ဟူသည်ကို မင်းမျိုး စသည်စွမ်းဖြင့်သိအပ်၏။ ချစ်ခြင်း မုန်းခြင်း ဟူသည် ဤပုဂ္ဂိုလ်၌ ဤအကြောင်းတို့တွင် တစ်ခုခုစွမ်းဖြင့် ချစ်ခြင်း သော်လည်းကောင်း၊ မုန်းခြင်းသော်လည်းကောင်းဖြစ်ရာ၏။]

(**ဝိဇ္ဇီ**။ ။ ကုလပဒေသမည်သည် မင်းမျိုးစသည်တို့၌ လည်း ကာသိကမင်းမျိုးစသော ကုလဝိသေသတည်း။ ဤကို သာလျှင် မင်းမျိုးစသည်စွမ်းဖြင့် သိအပ်၏ဟုဆိုသည်။)

(အမှုနှင့်မဆိုင်သည်ကို မမေးအပ်၊ ဆိုင်လျှင် ဥဒ္ဓာယ် စသည်ကိုမေး အပ်၏။ ထေယျသံဝါသကဝတ္ထု၌ မိမိကိုယ်တိုင် သင်္ကန်းဝတ်လာသူကို ဥပဒ္ဓာယ်စသည်မေးသဖြင့် မဖြေတတ်၍ ကိုယ်တိုင် သင်္ကန်းဝတ် လာသည် ကို ဝန်ခံရပြီ။)

အနုဝိဇ္ဇကကျင့်ဝတ်။ ။ သံဃာခွင့်ပြုသော အနုဝိဇ္ဇကသည် မေးစစ် လိုသောအခါ သံဃာကိုအလေးပြုသူ ဖြစ် အပ်၏။ ပုဂ္ဂိုလ်ကိုအလေးပြုသူမဖြစ်အပ်။ သူတော်ကောင်တရားအလေးပြုသူ၊ အာမိသအလေးမပြုသူ၊ အတ္ထဝသိက – အနက် စွမ်းဖြင့်ဆိုသူ၊ နော ပရိသာ ကပ္ပိက– ပရိသတ်အကြိုက်ကြံဆ၍မဆိုသူဖြစ်အပ်၏။ အခါ၌၊ အမှန်ဖြင့်၊ နှုးညံ့ခြင်းဖြင့်၊ အကျိုးများစေခြင်းဖြင့်၊ မေတ္တာသက်၍ မေးစစ်အပ်၏။ မသင့်သောအခါ အမှားဖြင့် ကြမ်းတမ်းခြင်းဖြင့် အကျိုးနည်းစေခြင်းဖြင့် ဒေါသထွက်၍ မမေးစစ်အပ်။ နားရင်းကပ်၍ မတိုင်ပင်အပ်၊ အပြစ်မရှာအပ်၊

မျက်စိမှိတ်ခြင်း၊ မျက်မှောင်ချုံ့ခြင်း၊ ဦးခေါင်းမြှောက်ခြင်း မပြုအပ်။ လက်အမှု အရာမပြုအပ်။ လက်ဆုပ်မပြုအပ်၊ နေရာ၌လိမ္မာသူ၊ နေခြင်း၌လိမ္မာသူ ဖြစ်အပ်၏၊ ထမ်းပိုးတစ်ပြန်မျှကြည့်ခြင်းဖြင့် အနက်ကိုမှတ်သားခြင်းဖြင့် မိမိနေရာ၌ နေအပ်၏။ နေရာမှမထအပ်၊ ဝိနိစ္ဆယကိုမယုတ်စေအပ်၊ လမ်းမှားမမှီဝဲအပ်၊ ဗာဟာဝိက္ခေပက– လက်ရုံးလှုပ်ခါလျက် ဆန့်တမ်းလျက် မဆိုအပ်၊ (ယိုးဒယား မှ၌ ဝါစာ ဝိက္ခေပကံ ရှိ၏။)

စကား ဖရိုဖရဲမဆိုအပ်။ မဆောမလျင်ဖြစ်အပ်၏။ မကြမ်းတမ်းသူ၊ အဆိုခံနိုင်သူဖြစ်အပ်၏။ မေတ္တာစိတ်ရှိ၍ အကျိုးစောင့်သူ၊ ကရုဏာစိတ် ရှိ၍ အကျိုးရှာသူ၊ စကားဖျင်းမဆို ပိုင်းခြားသိ၍ဆိုသူ၊ ရန်သူကြိုက်မလိုက် မကောင်းမဆိုသူ ဖြစ်အပ်၏။ မိမိကိုယ်ကိုသိမ်းဆည်းအပ်၏။ သူတပါးကို သိမ်းဆည်းအပ်၏။ စောဒကကို၊ စုဒိတကကို၊ အဓမ္မစော–စုကို၊ ဓမ္မ စော–စုကို သိမ်းဆည်းအပ်၏။ ဆိုပြီးကိုမယုတ်စေမူ၍ မဆိုသည်ကိုမပြုမူ၍ သက်ဝင်သောပုဒ်ဗျည်းတို့ကို ကောင်းစွာမှတ်၍ သူတပါးကို၊ (ဝါ– ပရိသတ်ကို) မေး၍ ဝန်ခံသော အတိုင်း ဆုံးဖြတ်အပ်၏။

နံ့သူကို ရှင်စေအပ်၏။ ကြောက်သူကို သက်သာရာ ရစေအပ်၏။ ကြမ်းသူကို တားအပ်၏။ မစင်ကြယ်သူကို ထင်စွာ ဖြစ်စေအပ်၏။ ဖြောင့်မတ်သူကို နှုးညံ့စွာပြောဆိုအပ်၏။ အဂတိလေးပါးသို့ မလိုက်အပ်။ ဓမ္မပုဂ္ဂလတို့၌ အလယ်၌တည်သူဖြစ်အပ်၏။ ဤသို့ မေးစစ်သော အနုဝိဇ္ဇကသည် မြတ်စွာဘုရား၏ ဆုံးမတိုင်းလိုက်နာသူ သာသနာပြုလည်းဖြစ်၏။ ပညာရှိ သီတင်းသုံးဘော်တို့၏ချစ်ခင်အပ်သူ မြတ်နိုးအပ်သူ အလေးပြုအပ်သူ မေတ္တာပွားတတ်သူလည်းဖြစ်၏။

[နော ပရိသာကပ္ပိက ဟူသည် ပရိသတ်အကြံဖြင့် ပရိသတ်အကြိုက်စီမံခြင်းဖြင့် မဖြစ်စေအပ်၊ ပရိသတ် နှစ်သက်ခြင်းကိုသာ အားထုတ်၍ ကြံဆ၍ မဆိုအပ်ဟူလို။ လက်ဆုပ်မပြုအပ် ဟူသည်ဆိုသင့် မဆိုသင့်တို့ကိုသိစေခြင်းငှာ လက်အမှုအရာကိုမပြုအပ်၊ အနက်

ကိုမှတ်သားခြင်းဖြင့်ဟူသည် ဝိနိစ္ဆယကိုသိခြင်းကိုသာမှတ်၍ဟုဆိုသည်။ ဤသုတ်ကို ရအပ်၏။ ဤဝိနိစ္ဆယ၌ ဤစကားကိုဆိုအံ့ဟု နှိုင်းချိန်၍နေအ-ပ်၏ဟူလို။

နေရာမှမထအပ်ဟူသည် နေရာမှထ၍ အစည်းအဝေးအဝန်း၌ မလှည့်လည်အပ်၊ ဝိနည်းမိုရ်ထလျှင် ပရိသတ်အားလုံးထတတ်သည်။ နှ ဝိတိဟာတဗ္ဗန္တိ နှ ဝိနိစ္ဆယော ဟာပေတဗ္ဗော၊ လမ်းမှားမမိုဝဲအပ်ဟူသည် အာပတ်ကိုမပြုအပ်။ မဆော မလျင်ဟူသည် အဆောတလျင်ပြုသူ မဖြစ်အပ်၊ အဆောတလျင် မကောင်းဘဖြင့်ဆိုအပ်သောစကားကို မဆိုအပ်ဟူလို။ အဆိုခံနိုင်သူဟူသည် မကောင်းသဖြင့် ဆိုသောစကားကို သည်းခံလေ့ရှိသူတည်း။ ဟိတ ပရိသက္ကိနာတိ ဟ်တေ သိနာ ဝိတဂဝေသိနာ- အကျိုးစီးပွားရှာဖွေသူတည်း။

ကရဏာစျာန်ကိုလည်းကောင်း၊ ကရဏာဥပစာရစျာန်ကိုလည်းကောင်း ဖြစ်စေအပ်၏။ ဤကား နှစ်ပုဒ်လုံးအဓိပ္ပါယ်တည်း။ အနသုရတ္တေနာတိ အသုရတ္တေန၊ ဝိဂ္ဂါဟိကကထာ ဟူသော အသုန္ဒရဝစနသည် အသုရတ္တမည်၏။ ထိုမကောင်းစွာဆိုအပ်သောစကားကို မဆိုအပ်ဟူလို။ မိမိကိုယ်ကို သိမ်းဆည်းအပ်၏ပဋ္ဌသည် ဆုံးဖြတ်ခြင်းငှာ ငြိမ်းအေးစေခြင်းငှာ တတ်နိုင်မည်လော မတတ်နိုင်မည်လောဟု မိမိကိုယ်ကို စူးစမ်းအပ်၏။ မိမိ၏ပမာဏကိုသိအပ်၏ ဟူလို။ သူတပါးကိုသိမ်းဆည်းအပ်၏ဟူသည် ဤပရိသတ်သည် လဒ္ဓိဟုတ်၏လော၊ သိစေခြင်းငှာတတ်ကောင်းသလော၊ မတတ်ကောင်းသလောဟု သူတပါးကို စူးစမ်းအပ်၏။ စောဒကကိုစသည်၌ ဓမ္မစောဒကဟုတ်သလော မဟုတ်သလော။ ဓမ္မစုဒိတက ဟုတ်သလော မဟုတ်သလောဟု စူးစမ်းအပ်၏။ အဓမ္မ စသည်ဖြစ်လျှင် အဓမ္မ စော-စု၏ ပမာဏကို ဓမ္မ စော-စု၏ပမာဏကိုသိအပ်၏။

ဆိုပြီးကိုမယုတ်စေမူ၍ ဟူသည် စော-စုတို့ဆိုသောစကားကို

မယုတ်စေမူ၍တည်း။ မဆိုသည်ကို မပြုဟူသည် မသက်ဆိုင်သော ဝတ္ထုကိုမပြုခြင်းတည်း။ နံ့သူသည် မောဟဖြင့်တွေဝေသူဖြစ်၏။ သင်သည် ကုလပုတ္တမဟုတ်လျှင်ဟု ထက်သန်စေ၍ အနုယောဂ ဝတ်ကို (၀၊) စိစစ်သောစကားကိုဆိုစေ၍ ထိုသူ၏ စိစစ်ခြင်းကို ယူအပ်၏။ သံဃာ့အလယ်မရောက်ဘူး၍ ကြောက်သူဖြစ်လျှင် မကြောက်နှင့် ရဲ့ဝံ့စွာဆိုလော၊ ၎င်ကို့ကူညီထောက်ပံ့မည်ဟုဆို၍ အနုယောဂဝတ်ကို ဆိုစေအပ်၏။ ကြမ်းသူကိုမောင်းမဲအပ်၏၊ ခြိမ်းချောက်အပ်၏။ မစင်ကြယ်သူ ဟူသည် အလဇ္ဇီဖြစ်၏၊ အလဇ္ဇီကို အပြစ်ဖော်ပြခိုင်း၍ အာပတ်ကိုဒေသနာကြား၊စေအပ်၏။ ကာယဝက် စသည်ကင်းသော ဖြောင့်မတ်သောသီလဝန္တကို နှုးညံ့သောစကားဖြင့် သာပြောဆိုအပ်၏။ အကြင်ရဟန်းသည် ဓမ္မကိုအလေးပြု၏၊ ပုဂ္ဂိုလ်ကိုအလေးမပြု၊ ဤရဟန်းကိုသာလျှင် ဓမ္မ ပုဂ္ဂလတို့၌၊ အလယ်၌၊ တည်သူ ဟုသိအပ်၏။]

(**ဒီ၌**။ ။ သံစေခြင်းငှာဟူသည် ဤသို့ပြောဆိုအပ်၏ သိစေခြင်းငှာတည်း။ အနုဝိဓိယန္တေနာတိ စိတ္တေဌပေန္တေန– အနက်ကိုစိတ်၌ထားခြင်းဖြင့်ဟူလို။ လဇ္ဇာ သာနုခေါတိ ကိုယ်သာလဇ္ဇာ အယ်ပရိသာ– ဤပရိ[illegible]တ်သည် ရှက်ခြင်းနှင့်တကွ ဟုတ်၏လော ဟူသောအဓိပ္ပါယ်တည်း။ အနုယောဂဝတ်ကို ဆိုစေ၍ ဟူသည် အနုယောဂဝတ်ကို သိသလောဟုမေး၍ ထိုသူကို သာလျှင်ဆိုစေ၍။

သာ၌။ ။ သိစေခြင်းငှာဟူသည် စုဒိတကာ– စောဒက တို့ကို အမှတ်သညာဖြစ်စေခြင်းငှာတည်း။ အနုယောဂဝတ်၌ အနုယောဂဝတ်ကိုသိသလော ဟုမေး၍ ထိုသူကိုသာလျှင်ဆိုစေ ၍။

ဝိ၌။ ။ အစည်းအဝေးအဝန်း၌ဟူသည် မိမိမေးစစ်

သောခြင်းရာကို သံယာအား သိစေခြင်းငှာ ထရ၍ အစည်းအဝေး အလယ်၌ ဤမှထိုမှ သူတပါးတို့၏ မျက်နှာကိုကြည့်လျက် မလှည့်လည်အပ်၊ နေမြဲတိုင်းဖြင့်သာ ဓမ္မဝိနယအားလျော်သော ဝိနိစ္ဆယကို အားလုံးကြားအောင်ပြောပြအပ်၏ဟူလို။ အကျိုးစောင့်သူဖြင့် မေတ္တာပုဗ္ဗဘာဂကို (၀၊) အပ္ပနာမရောက်မီ ဥပစာရဈာန်ကို၊ အကျိုးရှာသူဖြင့် ကရုဏာပုဗ္ဗဘာဂကို ဆိုသည်။ လဒ္ဓိယာတိ လဒ္ဓိနိ- ဤပရိသတ်သည် လဒ္ဓိနိဟုတ်၏လော၊ အနုယောဂ၀တ်ကိုဆိုစေ၍ဟူသည် သင့်သောအခါ၌ ဆိုပါအုံ့ စသည်ဖြင့် ကျင့်ဝတ်တို့ကို ဟောသည်။

ထိုတွင် အားထုတ်အပ်သော အစီအစဉ်ဖြင့်လျှင် အားထုတ်ခြင်းသည် အနုယောဂ၀တ်မည်၏။ ထိုဝတ်ကို ဆိုစေ၍ ထိုအစီအစဉ်ဖြင့်သာအားထုတ်စေ၍ဟူလို။ အလယ်၌ တည်သူ၌ - အရာရာတွင် ပြုသင့်ပြုထိုက်သည်ကိုလွန်လျှင် အလယ်၌တည်သူ မမည်။ ဓမ္မတို့၌ ဂါရ၀ကိုပြုအပ်၏။ ပုဂ္ဂလတို့၌ကား မေတ္တာပွားခြင်းဂါရ၀၊ အပင်းအသင်း၌မကျခြင်း ပကၽွအပါတဂါရ၀ကို ပြုအပ်၏။ ထို့ကြောင့် ဤအစီအရင် မလွန်သူကိုသာလျှင် ဓမ္မ ပုဂ္ဂလတို့၌ အလယ်၌တည်သူ ဟုသိအပ်၏။) (အကၽရာ အကွဲအပြားရှိကုန်၏။)

၃၆၆။ **သုတ္တသံသန္ဒနတ္ထ**။ ။သုတ္တသည် နီးနှောခြင်းငှာ၊ ဩဝမ္မသည် ညွှန်းပြခြင်းငှာ၊ အနက်သည် သိစေခြင်းငှာ၊ မေးခြင်းသည် ထားခြင်းငှာ၊ အခွင့်တောင်းမှုပြုခြင်းသည် စောဒနာခြင်းငှာ၊ စောဒနာသည် အောက်မေ့စေခြင်းငှာ၊ အောက်မေ့စေခြင်းသည် ဆိုဘွယ်ရှိသည် ဟုပြုခြင်းငှာ၊ ဆိုဘွယ်ရှိသည်ဟုပြုခြင်းသည် ပလိဟောဓ-ကြောင့်ကြခြင်းငှာ၊ ပလိဟောဓ စသည်သည် ဝိနိစ္ဆယသို့ရောက်စေခြင်းငှာ၊ ဝိနိစ္ဆယမဟုတ်ခဲ့ရောက်စေခြင်းသည် **စုံစမ်းခြင်း**ငှာ၊ **စုံစမ်းခြင်း**သည် အရာဟုတ်သည့်

မဟုတ်သည်ကို သိစေခြင်းငှာ၊ အရာဟုတ်သည် မဟုတ်သည်ကိုသိစေခြင်းသည် အလဇီတို့ကို နိပ်ခြင်း– ပေသလတို့ကိုချီးမြှောက်ခြင်းငှာ၊ သံဃာသည် ဝိနိစ္ဆယကို လက်ခံခြင်း– သိခြင်းငှာ သံဃာခွင့်ပြုအပ်သော ပုဂ္ဂိုလ်တို့သည် သီးခြားဌာနဌ် တည်ကုန်၏။ မချုတ်ယွင်းသောဌာနဌ် တည်ကုန်၏။

[သုတ္တာသည် နီးနှောခြင်းငှာဟူသည် သီတင်းသုံးဘော်တို့ ချစ်ခင်မြတ်နိုးအပ်သော အနုဝိဇ္ဇကပုဂ္ဂိုလ်ထုတ်ဆောင်သောပါဠိသည် နီးနှောခြင်းငှာတည်း အာပတ် အနာပတ်ကို နီးနှောခြင်းငှာဟု သိအပ်၏။ သြပမ္မသည် အနက်ကိုညွှန်းပြခြင်းငှာ၊ အနက်သည် သိစေခြင်းငှာ၊ မေးခြင်းသည် ပုဂ္ဂိုလ်ကိုထားခြင်းငှာ၊ အခွင့်တောင်းခြင်းသည် ဝတ္ထုဖြင့်လည်းကောင်း အာပတ်ဖြင့်လည်းကောင်း စောဒနာခြင်းငှာ၊ စောဒနာခြင်းသည် အပြစ်ရှိ မရှိကိုသတိရစေခြင်းငှာ၊ အပြစ်ရှိ မရှိသတိရစေခြင်းသည် ဆိုဘွယ်ရှိသည်ဟုပြုခြင်းငှာ၊ ဆိုဘွယ်ရှိသည်ဟုပြုခြင်းသည် ဤကျောင်းမှ တပါးသောအရပ်သို့လည်း ဖဲမသွားပါနှင့်ဟု ပလိဇောဝပြုခြင်းငှာ၊ ပလိဇောဝသည် ဝိနိစ္ဆယသို့ရောက်စေခြင်းငှာ၊ ဝိနိစ္ဆယသို့ရောက်စေခြင်းသည် အပြစ်ရှိ မရှိကိုစုံစမ်းခြင်းငှာ နှိုင်းချိန်ခြင်းငှာ၊ စုံစမ်းခြင်းသည် အာပတ် အနာပတ်ကို၊ ဂရ လဟုအာပတ်ကို သိစေခြင်းငှာ၊ သံဃာသည် ဝိနိစ္ဆယကို ကောင်းစွာယူခြင်းငှာ လည်းကောင်း၊ သုဝိနိစ္ဆယ ဒုဝိနိစ္ဆယအဖြစ်ကို သိခြင်းငှာလည်းကောင်းတည်း။ သီးခြားဌာနဌ် စသည်ကား အစိုးတရ အကြီးအကဲဌာနဌ်လည်းကောင်း၊ မချုတ်ယွင်းစေအပ်သောဌာနဌ်လည်းကောင်း တည်ကုန်၏။ ထိုသူတို့ကို မမောင်းမဲအပ်ကုန်ဟူလို။]

(**ဝိဇ္ဇီ**။ ။ နီးနှောခြင်းငှာဟူသည် အာပတ် အနာပတ်ဟုသံသယဖြစ်သောအခါ နီးနှော၍ အဆုံးအဖြတ်ကိုပြုခြင်းငှာ သုတ္တာကိုမိန့်ဆိုအပ်၏–ဟူသော အဓိပ္ပါယ်တည်း။ အနက်ကို ညွှန်းပြခြင်းငှာဟူသည် ပြီးစေအပ်သောအာပတ် စသော

ဥပမေယျအနက်ကို မိမိပဋိညာဉ်ဖြင့်သာ စော-စုတို့ကို သရုပ်ပြခြင်းငှာတည်း။

အနက်သည် သိစေခြင်းငှာ ဟူသည် ဤသို့ပြအပ်သော အနက်သည် စော-စုသံယာတို့ကို သိစေခြင်းငှာတည်း၊ ကြည့်စေခြင်း လက်ခံစေခြင်းငှာဟူလို။ ပုဂ္ဂိုလ်ကိုထားခြင်းငှာ ဟူသည် စော-စုတို့ကို မိမိပဋိညာဉ်ဖြင့်သာ အာပတ် အနာပတ်ဌ ဝတည်စေခြင်းငှာတည်း။ သတိရစေခြင်းငှာဟူသည် မေ့ခြင်းကြောင့် သတိရစေခြင်းငှာတည်း။ ဆိုဘွယ်ရှိသည်ဟုပြုခြင်းငှာ ဟူသည် အပြစ်ကိုသတိရစေပြီးဘော်လည်း လက်ခံ၍ မကုစားသူအား ဆိုစရာရှိသည်ဟု ပြုခြင်းငှာတည်း။ မမောင်းမဲအပ်ကုန် ဟူသည် လိုအပ်သောအနက်ကို ပြုသောစကားတည်း။ မချုတ်ယွင်းစေအပ်သော ဌာနဌ ဝတည်သူတို့ကိုသာ မမောင်းမဲအပ်ကုန် ။ တပါးသူတို့ကို မဟုတ်ဟု မှတ်အပ်၏။)

သံဝရတ္ထာယ။ ။ ဝိနယော၊ ဝိနည်းပညတ်သည်။ သံဝရတ္ထာယ၊ စောင့်စည်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။ သံဝရ သည် အဝိပ္ပဋိသာရတ္ထာယ- ဝိပ္ပဋိသာရမဖြစ်ခြင်းငှာ။ အဝိပ္ပဋိသာရသည် ပါမောဇ္ဇတ္ထာယ- ဝမ်းမြောက်ခြင်းငှာ။ ပါမောဇ္ဇသည် ပီတတ္ထာယ- နှစ်သက်ခြင်းငှာ။ ပီတိသည် ပဿဒ္ဓတ္ထာယ- ကိုယ်စိတ်ငြိမ်းအေးခြင်းငှာ။ ပဿဒ္ဓိသည် သုခတ္ထာယ- ချမ်းသာခြင်းငှာ။ သုခသည် သမာဓတ္ထာယ- စိတ်တည်ကြည်ခြင်းငှာ။ သမာဓိသည် ယထာ ဘူတ ဉာဏဒဿနတ္ထာယ- ယထာဘူတဉာဏ်အမြင်အကျိုးငှာ။ ယထာဘူတ ဉာဏဒဿနသည် နိဗ္ဗိဒတ္ထာယ- နိဗ္ဗိဒါဉာဏ်အကျိုးငှာ။ နိဗ္ဗိဒါသည် ဝိရာဂတ္ထာယ- မဂ်ဉာဏ်အကျိုးငှာ။ ဝိရာဂသည် ဝိမုတ္တိတ္ထာယ- အရဟတ္တဖိုလ်အကျိုးငှာ။ ဝိမုတ္တိသည် ဝိမုတ္တိဉာဏဒဿနတ္ထာယ- ပစ္စဝေက္ခဏာဉာဏ်အကျိုးငှာ။ ဝိမုတ္တိဉာဏဒဿနသည် အနုပါဒါပရိနိဗ္ဗာနတ္ထာယ- အကြောင်းကင်းသော ပရိနိဗ္ဗာန်အကျိုးငှာဖြစ်၏။

ကထာ– ဝိနည်းစကားပြောဆိုခြင်းသည် ဇတဒတ္ထာ – ထိုပရိနိဗ္ဗာန်အကျိုးရှိ၏။ ဗန္ဓနာ– ဝိနည်းစကားတိုင်ပင်ခြင်းသည် ဇတဒတ္ထာ။ ဥပနိသာ–အကြောင်းဆင့်ဆင့်ပြုစ်ခြင်းသည် ဇတဒတ္ထာ–။ သောတာဝဓာန်– နာခံမှတ်သားခြင်းသည် ဇတဒတ္ထာ– ထိုပရိနိဗ္ဗာန်အကျိုးရှိ၏။ အနုပါဒါ– ဥပါဒါန်မစွဲလန်းမူ၍ ။ စ်တ္တာသ– စိတ်၏။ ယဒိဒံ ဒိမောက္ခာ– အကြင်လွတ်ခြင်း အရဟတ္တဖိုလ်သည်။ အတ္ထိ– ရှိ၏။ သောပိ– ဟိုအရဟတ္တဖိုလ်သည်လည်း။ ဇတဒတ္ထာ–ထိုပရိနိဗ္ဗာန် အကျိုးရှိ၏။

[ယခုအခါ နံ့သော မနှဗုဒ္ဓကို့သည် ဝိနည်းမည်သည် အဘယ်အကျိုးငှာနည်းဟုဆိုကုန်ရာ၏။ ထိုစကားကို ပိတ်ဆို့ခြင်းမျှပြုခြင်းငှာ ပိုနေသော သံဝရတ္ထာယ စသည်ကိုမိန့်ဆို၏။ အလုံးစုံသောဝိနယပညတ္တိသည် ကာယဒွါရ ဝစီဒွါရကိုစောင့်စည်းခြင်းအကျိုးငှာတည်း။ အာဇီဝပါရိသုဒ္ဓိအဆုံးရှိသော သီလ၏အားကြီးသောအကြောင်းဖြစ်၏။ အလောဘကိုအပ်ဖြစ်၏ဟူလို၊ ဒသ နယော သဗ္ဗတ္ထာ။

ဘစ်နည်းကား – ဒေဝိပ္ပဒိုသာရသည် မကောင်းမှုပြုမိပြီ၊ ကောင်းမှု မပြုမိပြီဟု ပိပ္ပဒိုသာရစိတ်မရှိခြင်းတည်း။ ပါမောဇ္ဇသည် ဒေါသနည်းသော နုသောပီတိတည်း။ ပီတိသည် အားကြီးသော ပီတိတည်း။ ပဿဒ္ဓိသည် ကိုယ်မှု စိတ်ပူငြိမ်းခြင်းတည်း။ သုခသည် ကိုယ်ခန္ဓာ၏သာ စိတ်ချမ်းသာတည်း။ ထိုသုခနှစ်ပါးလုံးသည် သမာဓိ၏ ဥပနိဿယ ပစ္စည်းဖြစ်၏။ သမာဓိသည် စိတ်၏တည်ကြည်ခြင်းတည်း။ (၀၊– အာရုံတစ်ခုတည်း၌ စူးစိုက် နိုင်ခြင်းတည်း။) ယထာဘူတ ဉာဏဒဿနသည် တရုဏဝိပဿနာတည်း။ ဥဒယဗ္ဗယဉာဏ်၏ အမည်ဖြစ်၏၊ စိတ်၏တည်ကြည်ခြင်းသည် တရုဏဝိပဿနာ၏ ဥပနိဿယပစ္စည်းဖြစ်၏။ နိဗ္ဗိဒါဟူသည် အထွဋ်အထိပ်သို့ ရောက်သော ဝိပဿနာ၊ မဂ်သို့ဆိုက်ရောက်သော ဝိပဿနာ၊ အားကြီးသော ဝိပဿနာဖြစ်၏။ ဝိရာဂသည် အရိယာမဂ်တည်း၊ ဝိမုတ္တိသည်

အရဟတ္တဖိုလ်တည်း။ မဂ်လေးပါးလုံးသည် အရဟတ္တဖိုလ်၏ ဥပနိဿယပစ္စည်းဖြစ်၏။ ဝိမုတ္တိဉာဏဒဿနသည် ပစ္စဝေက္ခဏာဉာဏ်တည်း။ အနုပါဒါပရိနိဗ္ဗာနတ္ထာယဟူသည် အပ္ပစ္စယပရိနိဗ္ဗာနတ္ထာယတည်း။ ဝိမုတ္တိဉာဏဒဿနသည် ပစ္စယပရိနိဗ္ဗာန၏အကြောင်းဖြစ်၏။ ထိုဉာဏဒဿနသို့ရောက်လျှင် မချုတ် ပရိနိဗ္ဗာန်စံအပ်သည် အဖြစ်ကြောင့်တည်း။

ဇေတဝတ္ထာကထာ ဟူသည် ဤဝိနယကထာမည်သည်ကို ပရိနိဗ္ဗာန်အကျိုးရှိ၏၊ မန္တနာဟူသည် ဝိနယမန္တနာသာတည်း။ ဥပနိဿာဟူသည် ဝိနယော သံဝရတ္ထာယ စသောအကြောင်း အဆက်ဆက်၏ အဖြစ်တည်း။ သောတာဝဓာနံသည် ဤအကြောင်းအဆက်မပျက်စကားကို နားထောင်၍ မှတ်သားခြင်းတည်း။ ဤစကားကိုနာကြားရ၍ ဖြစ်သော ဉာဏ်သည်လည်း ထိုပရိနိဗ္ဗာန်အကျိုးရှိ၏။ ယဒိဒံ စသည်သည် ဥပါဒါန်လေးပါးမှစွဲလမ်းမှု၍ စိတ်၏လွတ်ခြင်း အရဟတ္တဖိုလ်တည်း။ ထိုအရဟတ္တဖိုလ်သည်လည်း ဇေတဝတ္ထာယ အပ္ပစ္စယပရိနိဗ္ဗာန် အကျိုးငှာသာတည်းဟူလို။]

(**ဂ်ဋ္ဌ**။ ။ အပ္ပစ္စယပရိနိဗ္ဗာန်ဟူသည် ဧနောင် ပဋ္ဌိသင်္ခေ၏ အကြောင်းမဟုတ်သောပရိနိဗ္ဗာန်တည်း။ ပရိနိဗ္ဗာန်မည်သည် ခိဏာသဝတို့၏နောက်ဆုံး စုတိစိတ်နှင့် ကမ္မဇရူပ်ဟူသော ခန္ဓာတို့တည်း။ ထိုခန္ဓာတို့သည် အနုသယ အားလုံးပြတ်သောကြောင့် နောက်ဘဝအသစ်ဖြစ်ခြင်းငှာ အနန္တရစသည်ဖြင့် ကျေးဇူးမပြုနိုင်ကုန်။ တပါးသောဘဝစသော အကြောင်းမှလည်း ကင်းသောကြောင့် ပစ္စည်းမရှိကုန်။ ဤကြောင့် အပ္ပစ္စယပရိနိဗ္ဗာန်ဟု ဆိုသည်။ ဝိနယမန္တနာဟူသည် ဝိနယဝိနိစ္ဆယတည်း။ သောတာ ပဓာနံသည် နားသို့သွင်းခြင်းဖြစ်၏။ နားထောင်ခြင်းဟူလို။ ကိုယ်ကြောင့် နားကြားရ၍

ဖြစ်သော ဉာဏ်ဟုဆိုသည်။ ဆိုပြီးသော ဝိနယသံဝရစသော အကြောင်း အဆက်ဆက်သည် ဝိမုတ္တိလျှင် ပဌာနရှိ၏။ ထို့ကြောင့် အရဟတ္တဖိုလ်ဝိမောက္ခကို တဖန်ထုတ်ပြသည်။ တစ်နည်း အလုံးစုံသောတရားကို မစွဲလမ်းမှု၍ ပရိနိဗ္ဗာနစွမ်းဖြင့် စိတ်၏လည်းကောင်း၊ စိတ်နှင့်စပ်သော ကမ္မဇရုပ်အစဉ်၏လည်းကောင်း နောင်မဖြစ်ခြင်းဖြင့် လွတ်ခြင်းကင်းခြင်းသည် ရှိ၏။ ထို လွတ်ခြင်း ကင်းခြင်းအစွမ်းသတ္တိအကျိုးငှာဟု နိဂမစွမ်းဖြင့်လည်း အနက်ကိုသိအပ်၏။)

ကြီးကဲ- ထိုက် မထိုက်

၃၆၇။ အနုယောဂဝတ္တဲ့ နိသာမယ၊ ကုသလေန ဗုဒ္ဓိမတာ ကတံ။ သုဝုတ္တဲ့ သိက္ခာပဒါနုလောမိကံ၊ ဂတိ နာ နာသေန္တော သမ္ပရာယိကံ။

ကုသလေန ဗုဒ္ဓိမတာ၊ ဘုရားရှင်သည်။ ကတံ၊ ဝိဘင်းခန္ဓကစသည်တို့၌ ပညတ်အပ်သော။ သုဝုတ္တံ၊ ကောင်းစွာဟောအပ်သော။ သိက္ခာပဒါနုလောမိကံ၊ သိက္ခာပုဒ်တို့အားလျော်သော။ အနုယောဂဝတ္တဲ့၊ စိစစ်ရာသော ကျင့်ဝတ်ကို။ နိသာမယ၊ မှတ်သား၍နှလုံးသွင်းလော။ သမ္ပရာယိကံ ဂတိ၊ တမလွန်ဘဝကောင်းကို။ နာ နာသေန္တော၊ မပျက်စေမူ၍။ နိသာမယ၊ မှတ်သား၍နှလုံးသွင်းလော။

အကြင်ရဟန်းသည် ဝတ္ထုကိုမသိ၊ ဝိပတ္တိကို၊ အာပတ္တိကို၊ နိဒါန်းကို၊ အာကာရကို၊ ရှေ့စကား နောက်စကားကို၊ ပြုအပ် မပြုအပ်ကို၊ ကံကို၊ အဓိကရဏ်းကို၊ သမထကိုမသိ၊ အဂတိလေးပါးလိုက်၏၊ နှ စ သည်တို့ကုသလော- သိစေခြင်းငှာမလိမ္မာ၊ နိဗ္ဗတ္တိယာ- အကောဝိဒေါ၊ ကြည့်ရှုခြင်း၌ မကျွမ်းကျင်။ ရအပ်သော ညံ့သောပကွရှိ၏။ အရှက်မရှိ၊ မည်းညစ်သော အမှုရှိ၏။ ဓမ္မ ပုဂ္ဂလ၌မရှိသေ၊ ထိုသို့သောရဟန်းကို အပ္ပဋိကွပုဂ္ဂိုလ်ဟု (၀၊) မကြည့်အပ်သော ပုဂ္ဂိုလ်ဟု ဆိုအပ်၏။

အကြင်ရဟန်းသည် ဝတ္ထုကိုသိ၏၊ ဝိပတ္တိကို၊ အာပတ္တိကို၊ နိဒါန်းကို၊ အာကာရကို၊ ရှေ့စကား နောက်စကားကို၊ ပြုအပ် မပြုအပ်ကို။ ကံကို၊ အဓိကရဏ်းကို၊ သမထကိုသိ၏။ အဂတိလေးပါးမလိုက်၊ သိစေခြင်းငှာ လိမ္မာ၏။ ကြည့်ရှုခြင်း၌ ကျွမ်းကျင်၏။ ရအပ်သော ကောင်းသောပကွရှိ၏။ အရှက်ရှိ၏။ ဖြူစင် သောအမှုရှိ၏။ ဓမ္မပုဂ္ဂလ၌ ရှိသေ၏။ ထိုသို့သောရဟန်းကို သပ္ပဋိကွ- ကြည့်အပ်သောပုဂ္ဂိုလ်ဟု ဆိုအပ်၏။

[အကြင်ရဟန်းသည် ပါရာဇိကစသည်တို့၏ ဝတ္ထုကိုမသိ၊ ဝိပတ္တိလေးပါးကို၊ အာပတ်ခုနစ်ပါးကို၊ ဤသိက္ခာပုဒ်ကို ဤမြို့၌ပညတ်သည်ဟု နိဒါန်းကိုမသိ၊ အာကာရသည် ကာရဏာကာရဏတည်း၊ အကြောင်းဟုတ်သည် မဟုတ်သည်ကိုမသိ၊ ရှေ့စကား နောက်စကားကို၊ ပြုအပ် မပြုအပ် ကိုမသိ၊ ရှေ့နောက်မသိခြင်းနှင့် တူသော အညာဏဖြင့် ပြုအပ် မပြုအပ် ကိုမသိဟု ဆိုလိုသည်။

ကံလေးပါး၊ အဓိကရဏ်းလေးပါး၊ သမထခုနစ်ပါးတို့ကိုလည်း မသိ။ ရာဂစသည်ဖြင့်တပ်၍ ပြစ်မှား၍ တွေဝေ၍ ကြောက်၍ ဘဂတိလိုက်၏။ သူတပါးကိုသိစေခြင်းငှာ မစွမ်းနိုင်သောကြောင့် နှ စ သည်တို့ ကုသလော- သိစေခြင်းငှာမစွမ်းနိုင်သူဖြစ်၏။

အကြောင်းဟုတ်သည် မဟုတ်သည်ကို ရှုခြင်း၌ မစွမ်းနိုင်သောကြောင့် နိဗ္ဗိတ္တိယာ အကောဝိဒ ဖြစ်၏။ မိမိ၏ ပရိသတ်နှင့်တူသော ပရိသတ်ကိုရသောကြောင့် လဒ္ဓပကွ မည်၏။ အရှက်မှုပြင်ပ၌ဖြစ်ခြင်းကြောင့် အဟိရိကမည်၏။ ကာဠက ကမ္မနှင့်ပြည့်စုံ၏။ ဓမ္မ၌ ရှိသေခြင်း ပုဂ္ဂလ၌ရှိသေခြင်းနှစ်ပါးလည်းမရှိ။ ထိုရဟန်းသည် မကြည့်အပ်သောကြောင့် အပ္ပဋိကွမည်၏။ အစိုးတရ အကြီးအကဲနေရာ၌ဌာန၌ သမုတ်၍ မထားအပ်ဟူလို။ သုတ္တပကွ သိသာပြီ။]

(**ဝိဇ္ဇီ**။ ။ ပြုအပ်ဟူသည် ဖြစ်စေအပ်ပြီးတည်း။ ပြုအပ်ပြီးဟူလို။ ထိုပြုအပ်ပြီးကိုမသိခြင်းကြောင့်သာလျှင် ရှေ့နောက်

မသိသူဖြစ်၏။ တပါးသောရဟန်းပြုအပ်သည်ကိုလည်း မသိဟူလို။ မိမိနှင့်တူသောပရိသတ်ဟူသည် ဆိုပြီးသော အပြစ်တို့ရှိသောကြောင့် မိမိနှင့်တူ၏။) (ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ တို့သည် အချို့အချို့နေရာ၌ စာလုံးအကွာရာအကွဲအပြားရှိတတ်ကုန်၏။)

စုဋ္ဌသင်္ဂါမပြီး၏။

၁၅။ မဟာသင်္ဂါမ

၃၆၈။ **စစ်ပွဲဝင်သူ**။ ။ စစ်ပွဲမြေပြင် သက်ဝင်သောရဟန်းသည် (ဝါ– အနုဝိဇ္ဇကသည်) သံဃာ၌ပြောဆို (ဆုံးဖြတ်) သောအခါ ဝတ္ထုကိုသိအပ်၏။ ပိပတ္တိကို၊ အာပတ္တိကို၊ နိဒါန်းကို၊ အာကာရကို၊ ရှေ့စကား နောက်စကားကို၊ ပြုအပ် မပြုအပ်ကို၊ ကံကို၊ အဓိကရဏ်းကို၊ သမထကို သိအပ်၏။ အဂတိလေးပါးမလိုက်အပ်။ သိစေအပ်သောအရာ၌ သိစေအပ်၏။ ရှုစေအပ်သောအရာ၌ ရှုစေအပ်၏။ ငဲ့အပ်သော အရာ၌ ငဲ့အပ်၏။ ကြည်လင်စေအပ်သောအရာ၌ ကြည်လင်စေအပ်၏။ ငါရအပ်သောပကွရှိသည်ဟု သူတပါး၏ပကွကို မထီမဲ့မြင်မပြုအပ်။ ငါ ဗဟုသုတဟု အပွသုတကို မထီမဲ့မြင် မပြုအပ်။ ငါမထေရ်ကြီးဟု သီတင်းငယ်ကို မထီမဲ့မြင်မပြုအပ်။ မရောက်သေးသည်ကို နု ဗျာဟရိတဗ္ဗံ– မဆိုအပ်။ ရောက်သည်ကို ဓမ္မမှ ဝိနယမှ မဆုတ်ယုတ်စေအပ်။

အကြင် ဓမ္မဖြင့် ဝိနယဖြင့် သတ္ထုသာသနဖြင့် ထိုအဓိကရဏ်းသည်ငြိမ်း၏။ ထိုဓမ္မဖြင့် ထိုအဓိကရဏ်းကိုငြိမ်းစေအပ်၏။

(**ဝိဇ္ဇနီ**။ ။ ပါဠိ၌ သင်္ဂါမာဝစရ– စစ်ပွဲမြေပြင် သက်ဝင်သောရဟန်းကို အနုဝိဇ္ဇကကိုရည်ဆိုသည်။ ဝတ္ထုသည် မေထုန်စသည်ကို လွန်ကျူးခြင်းဖြစ်၏။ နိဒါန်းဟူသည် ဝေသာလီစသော ပညတ်ရာဌာနတည်း။)

၃၆၉။ **ဝတ္ထုစုသည်အကျယ်။** ။ ဝတ္ထုကိုသိအပ်၏ ဟူသည် ၈-ပါးသော ပါရာဇိကဝတ္ထုကိုသိအပ်၏။ ၂၃-ပါးသောသံဃာဒိသေသ်။ ၂-ပါးသော အနိယတ။ ၄၂ -ပါးသော နိဿဂ္ဂိ။ ၁၈၈-ပါးသော ပါစိတ်။ ၁၂-ပါးသော ပါဋိဒေသနီ။ ဒုက္ကဋ်။ ဒုဗ္ဘာသိတို့၏ ဝတ္ထုကို သိအပ်၏။

၃၇၀။ ဝိပတ္တိကို ဟူသည် သီလဝိပတ္တိကို၊ အာစာရဝိပတ္တိကို၊ ဒိဋ္ဌိဝိပတ္တိကို၊ အာဇီဝဝိပတ္တိကို သိအပ်၏။

၃၇၁။ အာပတ္တိကိုဟူသည် ပါရာဇိကအာပတ်ကို (၀) ဒုဗ္ဘာသိအာပတ်ကို သိအပ်၏။

၃၇၂။ နိဒါန်းကိုဟူသည် ရှစ်ပါးသော ပါရာဇိကနိဒါန်းကို (၀) ဒုဗ္ဘာသိတို့၏ နိဒါန်းကို သိအပ်၏။

၃၇၃။ အာကာရကိုဟူသည် သံဃာကိုအခြင်းအရာအားဖြင့် သိအပ်၏။ ဂဏာကို၊ ပုဂ္ဂလကို၊ စောဒကကို၊ စုဒိတကကို အာကာရခြင်းရာအားဖြင့် သိအပ်၏။ သံဃာကို ဤသံဃာသည် ဤအဓိကရဏ်းကို ဓမ္မဝိနယ သတ္ထုသာသနဖြင့် ငြိမ်းစေခြင်းငှာ စွမ်းနိုင်မည်လော၊ မစွမ်းနိုင်မည်လောဟု အာကာရဖြင့် သိအပ်၏။

ဂဏာကို ဤဂဏသည် ဤအဓိကရဏ်းကို (၀) မစွမ်းနိုင်မည်လောဟု အာကာရဖြင့်သိအပ်၏။ ပုဂ္ဂိုလ်ကို ဤပုဂ္ဂိုလ်သည် (၀) မည်လောဟု အာကာရဖြင့်သိအပ်၏။ စောဒကကို ဤအရှင်သည် ၈-ပါးသောမမှတ်ခြင်းတည်၍ သူတပါးကို စောဒနာသည်ဟုသိသလော မသိသလောဟု အာကာရဖြင့် သိအပ်၏။ စုဒိတကကို ဤအရှင်သည် သစ္စ အကုပ္ပ တရားနှစ်ပါးကိုခံတည်သလော မတည်သလောဟု အာကာရဖြင့်သိအပ်၏။

(**ဝိဇ္ဇီ**။ ။ ပုဂ္ဂိုလ်ကို အာကာရဖြင့်သိအပ်သည်ခံ
သံဃာခံလည်းကောင်း၊ ဂဏာခံလည်းကောင်း ပရိဏာယက

ဖြစ်သော ခေါင်းဆောင်မထေရ် ပုဂ္ဂိုလ်ကြီးဟု မှတ်အပ်၏။)

၃၇၄။ ရှေ့စကား နောက်စကားကိုဟူသည် ဤအရှင်သည် ဝတ္ထုမှ ဝတ္ထုကိုပြောင်းသလော၊ ဝိပတ္တိတစ်ခုမှ တစ်ခုသို့၊ အာပတ်တစ်ခုမှ တစ်ခုသို့ ပြောင်းသလော။ ပယ်ပြီး၍ ဝန်ခံသူ၊ ဝန်ခံပြီး၍ ပယ်သူ။ တစ်ခုဖြင့် တစ်ခုဖုံးသူဟုတ်သလော မဟုတ်သလောဟု ရှေ့စကား နောက်စကားကို သိအပ်၏။

[ဝတ္ထုမှ ဝတ္ထုကိုပြောင်းပုံကား– ပဌမပါရာဇိကဝတ္ထုကို ငါမြင်သည် ကြားသည်ဟုဆိုပြီးမှ တဖန်မေးမြန်းသောအခါ ပဌမကိုမဟုတ်ပါ၊ ဒုတိယပါရာဇိက၏ဝတ္ထုကိုမြင်ပါသည် ကြားပါသည် ဟု ဆို၏။ ဤနည်းဖြင့် ဝိပတ္တိပြောင်းပုံ အာပတ်ပြောင်းပုံကိုလည်း သိအပ်၏။ မမြင်ပါ မကြားပါဟုဆိုပြီးမှ မြင်သည် ကြားသည်ဟုဆိုလျှင် ပယ်ပြီး၍ ဝန်ခံသူမည်၏။ မြင်သည် ကြားသည်ဟုဆိုပြီးမှ မမြင်မကြားဟု ဆိုလျှင် ဝန်ခံပြီး၍ ပယ်သူမည်၏။ ဤနှစ်ဦးလုံးပင် တစ်ခုဖြင့် တစ်ခုဖုံးသူမည်၏။]

၃၇၅။ ပြုအပ် မပြုအပ်ကိုဟူသည် မေထုနဓမ္မကို၊ အနုလောမကို၊ ပုဗ္ဗဘာဂကို သိအပ်၏၊ နှစ်ယောက် နှစ်ယောက်ရောက်သောအကျင့်ကို မေထုနဓမ္မဟု သိအပ်၏။ သူတပါး၏အင်္ဂါဇာတ်ကိုစုတ်ယူသူကို အနုလောမဟုသိအပ်၏။ ဝဏ္ဏာဝဏ္ဏဟူသော သုက္ကဝိသဒ္ဒီ၊ ကာယသံသဂ္ဂ၊ ဒုဋ္ဌုလ္လဝါစာ၊ အတ္တကာမပါရိစရိယာ ဝစနမနုပ္ပဒါန ဟူသော သဉ္ဇရိတ္တတို့ကို မေထုန၏ ပုဗ္ဗဘာဂဟူ၍ သိအပ်၏။

[ဝဏ္ဏာဝဏ္ဏဟူသည် နီလစသော ဝဏ္ဏ၊ အဝဏ္ဏစွမ်းဖြင့် သုက္ကဝိသဒ္ဒီသိက္ခာပုဒ်ကိုဆိုသည်။ ဝစနမနုပ္ပဒါနဖြင့် သဉ္ဇရိတ္တကိုဆိုသည်။ ကာယသံသဂ္ဂ စသည်ကို မိမိအမည်အတိုင်းဖြင့်ဆိုသည်။ ဤငါးခုသည် မေထုနဓမ္မ၏ ပုဗ္ဗဘာဂမည်၏။ ပုဗ္ဗပယောဂမည်၏။] (ဝနမနုပ္ပဒါန ဟုလည်းရှိတတ်၏။)

(**ဒီဋ္ဌိ**။ ။ နိုလစသည်သည် ဝဏ္ဏဖြစ်၏၊ အာရောဂျတ္ထစသည်သည် အဝဏ္ဏဖြစ်၏။ ထိုတို့၏အစွမ်းဖြင့် သုက္ကဝိသေသဋ္ဌိကိုဆိုသည်။

သာဋ္ဌိ။ ။ ထိုအတူဆိုသည်။

ဝိဋ္ဌိ။ ။ နိုလစသော ဆယ်ပါးတို့၏လွတ်ခြင်းဖြင့် သုက္ကဝိသေသဋ္ဌိသိက္ခာပုဒ်ကိုဆိုသည်။ တေလ စသော နှဲ့သော အဆင်း၊ နိုလစသော ပစုရ၊ ထင်ရှားသောအဆင်းတို့၏အစွမ်းဖြင့် ဝဏ္ဏ၊ အဝဏ္ဏဟုဆိုသည်။ အ- အက္ခရာသည် ပစုရ အနက်ဋ္ဌဖြစ်၏။)

၃၇၆။ ကဲ့ကိုဟူသည် ကဲ့ ၁၆-ပါးတို့ကိုသိအပ်၏။ အပလောကနကဲ့ ၄-ခု။ ဉာတ္တိကဲ့ ၄-ခု။ ဉာတ္တိဒုတိယကဲ့ ၄-ခု။ ဉာတ္တိစတုတ္ထကဲ့ ၄-ခုကိုသိအပ်၏။

[လေးခုကား အဓမ္မေနဝဂ္ဂကဲ့ စသည်ဘည်း။]

၃၇၇။ အဓိကရဏ်းကိုဟူသည် လေးပါးသောအဓိကရဏ်းကိုသိအပ်၏။ ဂိဝါ၊ နုဝါ၊ ပတ္တာ၊ ကိစ္စာ ကိုသိအပ်၏။ သမထကိုဟူသည် ခုနစ်ပါးသော သမထကို သိအပ်၏။ မုခါ၊ သတိ၊ အမူဠ္ဠ၊ ပဋ္ဌိညာ၊ ယေဘုယ်၊ တဿ၊ တိဏဝတ္ထာ ကို သိအပ်၏။

၃၇၉။ **အဂတိလေးပါး**။ ။ အဂတိ လေးပါး မလိုက်အပ် ဟူသည်ဋ္ဌ ဆန္ဒာဂတိလိုက်ပုံကား- ဤသူသည် ငါ၏ ဆရာ၊ ငါ၏တပည့်၊ မြင်ဘူး သုံးဆောင်ဘူးသောမိတ်ဆွေ၊ ဘွဲ့စပ်သော ဆွေမျိုးဟု စောင့်ခြင်းဖြင့် အဓမ္မကို ဓမ္မဟု၊ ဓမ္မကို အဓမ္မဟုပြု၏။ (၀) ဒုဋ္ဌုလ္လကို အဒုဋ္ဌုလ္လ၊ အဒုဋ္ဌုလ္လကို ဒုဋ္ဌုလ္လ ဟုပြု၏။ ဤ ၁၈-ပါးသော ဝတ္ထုတို့ဖြင့် ဆန္ဒာဂတိသို့ လိုက်သူသည် မျှားစွာသော နတ်လူအပေါင်း၏ ဘ်းပွားမဲ့ခြင်းငှာ ချမ်းသာမဲ့ခြင်းငှာ ကျင့်သူ ဖြစ်၏။ မိမိကိုယ်ကိုတူးဖြို၏။ အပြစ်ရှိ၏။ ပညာရှိတို့၏ ကဲ့ရဲ့ဘွယ်ဖြစ်၏။

မကောင်းမှုများစွာတိုးပွားစေ။

၃၈၀။ ဒေါသာဂတိလိုက်ပုံကား– ဤသူသည် ငါ၏အကျိုးမဲ့ကိုပြုဘူး ပြီဟု ရန်ငြိုးဖွဲ့၏ ၊ ငါ၏အကျိုးမဲ့ကိုပြုဆဲဟု၊ ပြုလတ္တံ့ဟုဖွဲ့၏။ ငါ၏ ပိယ ပုဂ္ဂိုလ်၏ အကျိုးမဲ့ကိုပြုပြီးဟု၊ ပြုဆဲဟု၊ ပြုလတ္တံ့ဟု ဖွဲ့၏။ ငါ၏ ဝေရီ၏ အကျိုးကို ပြုပြီး ဟု၊ ပြုဆဲဟု ပြုလတ္တံ့ဟုဖွဲ့၏။ ဤကိုးပါးသော အာဃာတ ဝတ္ထုရှိသူသည် အမျက်ထွက်ခြင်းဖြင့် အဝမ္မကို ဝမ္မဟု၊ (၀) မကောင်းမှု များစွာတိုးပွားစေ။

၃၈၁။ မောဟာဂတိလိုက်ပုံကား – ရာဂ ဒေါသ မောဟ ဒိဋ္ဌိတို့ဖြင့် လွန်စွာ ကွေဝေသဖြင့် အဝမ္မကို ဝမ္မဟု၊ (၀) မကောင်းမှုများစွာတိုးပွားစေ။

၃၈၂။ ဘယာဂတိလိုက်ပုံကား– ဤသူသည် ကိုယ်အမှုအရာကြမ်း တမ်းစေ။ မိစ္ဆာတောရှုပ်ကိုမှီစေ။ အားရှိသူကိုမှီစေ။ အသက်အန္တရာယ် သာသနာ အန္တရာယ်သော်လည်း ပြုရာစေါဟု ကြောက်သဖြင့် အဝမ္မကို ဝမ္မဟု (၀) မကောင်းမှုများစွာ တိုးပွားစေ။

ဆန္ဒာဘယာများသူ ဒေါသမောဟာလွန်ကဲသူဖြစ်၍ တရားလွန် ကျင့်ခဲ့၊ ဘိုသူ၏ ခြွေရံဂုဏ်သတင်းသည် လဆုတ်ပက္ခလကဲ့သို့ တစ်နေ့တစ်ခြား ဆုတ်ယုတ်စေ။

၃၈၃–၃၈၆။ အဂတိမလိုက်ပုံကား – ဝမ္မကို အဝမ္မဟု၊ ဝမ္မကို ဝမ္မဟု ပြသူသည် (၀) ဒုဗ္ဗုလ္လကို ဒုဗ္ဗုလ္လ၊ အဒုဗ္ဗုလ္လကို အဒုဗ္ဗုလ္လဟုပြသူသည် ဆန္ဒာဂတိ သို့ မလိုက်သည်မည်စေ။ ဒေါသာဂတိသို့၊ မောဟာဂတိသို့၊ ဘယာဂတိသို့ မလိုက်သည်မည်စေ။ တရားလွန်မကျင့်သူ၏ ခြွေရံဂုဏ်သတင်းသည် လဆန်းပက္ခ လကဲ့သို့ တစ်နေ့တစ်ခြား တိုးပွားစေ။

[များစွာသော နတ်လူအပေါင်း၏စီးပွားမဲ့ပုံကား– ဝိနည်းမိုရ်သည် ဆန္ဒစသည်ဖြင့် အဂတိလိုက်၍ဆုံးဖြတ်လျှင် ထိုကျောင်းဌ သံဃာသည် နှစ်ပေါင်းကွဲ၏။ ဩဝါဒမှီ၍နေသူ ဘိက္ခုနီတို့သည်

လည်းကောင်း၊ ဒါယကာ ဒါယိကာမတို့သည်လည်းကောင်း ကိုယ်စောင့်နတ်တို့သည် လည်းကောင်း နှမ်သင်းကွဲကုန်၏။ ဘုမ္မစိုရ်းတို့ကိုအစပြု၍ အကနိဋ္ဌ ဗြဟ္မာတိုင်အောင် ကွဲကုန်၏။

ဝိသမ နိဿိတော- ကြမ်းသောကိုယ်အမူအရာစသည်ကိုမှီသူ ဖြစ်၏။ ဂဟန နိဿိတော- မိန်းမာဒိဋ္ဌိ၊ အန္ဓဂ္ဂါဟိကာဒိဋ္ဌိဟူသော ရှုပ်လွှားသောအယူကိုမှီသူဖြစ်၏။ ဗလဝ နိဿိတော- အားရှိသော ထင်ရှားသော ရဟန်းတို့ကိုမှီသူဖြစ်၏။]

(**ဝိဇ္ဇီ**။ ။ အကိုနိဋ္ဌပြဟ္မာတိုင်အောင်ကွဲရာ၌ သုဒ္ဓါ ဝါသင်ါးဘုံသားနှင့် တပါးသောဘုံမှအရိယာတို့သည် မဟာဒီ ပက္ခသို့ဝင်ကုန်၏။ ထိုမှကြွင်းသူတို့ကား နှစ်ဘက်လုံးသို့ ဝင်ကုန်၏။)

၃၈၇-၃၉၀။ **သိစေအပ်စသည်**။ ။ သိစေအပ်သောအရာ၌ သိစေသည်ဟူသည်အဘယ်နည်း။ အဓမ္မကို အဓမ္မဟုပြသူသည်၊ (၀) အဒုဋ္ဌုလ္လကို အဒုဋ္ဌုလ္လဟုပြသူသည် သိစေအပ်သော အရာ၌ သိစေသည် မည်၏။ ရှုစေအပ်သောအရာ၌ ရှုစေသည်။ ခဲ့အပ်သော အရာ၌ ခဲ့သည်။ ကြည်လင်စေအပ်သောအရာ၌ ကြည်လင်စေသည်ဟူသည် အဘယ်နည်း။ အဓမ္မကို အဓမ္မဟုပြသူသည်၊ (၀) အဒုဋ္ဌုလ္လကို အဒုဋ္ဌုလ္လ ဟုပြသူသည် ရှုစေအပ် (၀) ကြည်လင်စေအပ်သောအရာ၌ ကြည်လင်စေသည် မည်၏။

၃၉၁။ ရအပ်သောပက္ခရှိသည်ဟု သူတပါး၏ပက္ခကို မထီမဲ့မြင်ပြုသော သူသည် အဘယ်နည်း။ အချို့သောသူသည် ငါသည် အဝင်းအသင်းမခြံ့အရံ ရှိ၏။ ဆွေမျိုး ရှိ၏။ ဤသူကား သင်းပင်းခြံ့ရံမရှိ။ ဆွေမျိုးမရှိဟု ဟိုသူ၏ဃကား ကို (၀ါ- ထိုသူကို မထီမဲ့မြင်ပြုလျက် အဓမ္မကို ဓမ္မဟုပြ၏။ ဓမ္မကို အဓမ္မ ဟု ပြ၏။ (၀) ဒုဋ္ဌုလ္လကို အဒုဋ္ဌုလ္လဟု အဒုဋ္ဌုလ္လကို ဒုဋ္ဌုလ္လဟုပြ၏။

၃၉၂။ ငါဗဟုသုတဟု အပွသုတကို မထီမဲ့မြင်ပြုပုံကား- ငါသည် သုတများ၏။ သုတဆောင်၏။ သုတဆည်းပူး၏။ ဤသူသည် သုတမရှိ။ အာဂမမရှိ။ ဆောင်ခြင်းမရှိဟု ထိုသူကိုမထီမဲ့မြင်ပြုလျက် အဓမ္မကို ဓမ္မဟု (၀) အဒုဋ္ဌုလ္လကို ဒုဋ္ဌုလ္လဟု ပြု၏။

၃၉၃။ ငါမထေရ်ကြီးဟု သီတင်းငယ်ကို မထီမဲ့မြင်ပြုပုံကား- ငါသည် ထေရဖြစ်၏။ ရဟန္တာ။ စိရပဗ္ဗဇိတဖြစ်၏။ ဤသူသည် နဝကာ၊ မထင်ရှား မသိကဝ်။ ဤသူ၏စကားကို ပြုဘွယ်မရှိဟု ထိုသူကို မထီမဲ့မြင်ပြုလျက် အဓမ္မကို ဓမ္မဟု (၀) အဒုဋ္ဌုလ္လကို ဒုဋ္ဌုလ္လဟု ပြု၏။

၃၉၄။ မရောက်သေးသည်ကိုမဆိုအပ်ဟူသည်- မသက်ရောက်သေး သောဝန်ကို မဟုအပ်။ ရောက်သည်ကို ဓမ္မ မှ၊ ဝိနယမှ မဆုတ်ယုတ်စေအပ် ဟူသည် -- အကြင်အဓိကရဏ်းကို ဆုံးဖြတ်ခြင်းအကျိုးငှာ သံဃာစည်းဝေး၏။ ထိုအကျိုးကို ဓမ္မ မှ၊ ဝိနယ မှ မဆုတ်ယုတ်စေအပ်၏။

၃၉၅။ အကြင် ဓမ္မဖြင့်ဟူသည်- ဟုတ်မှန်သော ဝတ္ထုဖြင့်၊ အကြင်ဝိနယ ဖြင့်ဟူသည်-- စောဒနာ၍ အောက်မေ့စေ၍။ အကြင် သတ္ထုသာသနဖြင့် ဟူသည်-- ဘုရား၏ပြည့်စုံခြင်းဖြင့် ကမ္မဝါစာ ၏ပြည့်စုံခြင်းဖြင့် ထိုအဓိကရဏ်း ငြိမ်းကြောင်း မမှ ဝိနယ သတ္ထုသာသနဖြင့် ထိုအဓိကရဏ်းကို ငြိမ်းစေအပ်၏။

၃၉၆။ **သနုဝိဇ္ဇကကိစ္စ**။ ။ အနုဝိဇ္ဇကသည် စောဒကကို ဤသို့ မေးအပ် ၏။ ငါ့ရှင် သင်သည် ဤ ရဟန်းအား ပဝါရ ဏာကိုထား၏။ အဘယ်ကြောင့် ထားသနည်း။ သီလဝိပတ္တိကြောင့်လော၊ အာစာရဝိပတ္တိကြောင့်လော၊ ဒိဋ္ဌိဝိပတ္တိကြောင့်လောဟု မေးအပ်၏။

သီလဝိပတ္တိ စသည်ကြောင့် ထားပါသည်ဟုဖြေလျှင် အရှင်သည် သီလ ဝိပတ္တိ စသည်ဂုဏ် သိသလောဟု မေးအပ်၏။ သိပါ၏ဟုဖြေလျှင် သီလဝိပတ္တိ စသည်သည် အဘယ်နည်းဟုမေးအပ်၏။ ပါရာဇိက၊ သံဃာဒိသေသ်သည် သီလ ဝိပတ္တိ။ ထုလ္လစ္စည်း စသည်သည် အာစာရဝိပတ္တိ၊ မိစ္ဆာဒိဋ္ဌိ၊ အန္တဂ္ဂါဟိကာ

ဒိဋ္ဌိသည် ဒိဋ္ဌိဝိပတ္တိဟုဖြေလျှင် သင်သည် ဤရဟန်းအား ဒိဋ္ဌဖြင့် ပဝါရလော်ထားသ၊လော၊ သုတဖြင့်လော၊ ပရိသက်တိတဖြင့်လောဟု မေးအပ်၏။

ဒိဋ္ဌ စသည်ဖြင့်ဟုဖြေလျှင် သင်သည် ဒိဋ္ဌဖြင့်ပဝါရဏာကိုထားပြီ၊ အဘယ်ကိုမြင်သနည်း၊ အဘယ်သို့၊ အဘယ်အခါ၊ အဘယ်အရပ်၌နည်း။ ပါရာဇိကသို့ ရောက်သည်ကိုမြင်သလော၊ (ပ) ဒုဗ္ဗာသီသို့ရောက်သည်ကို မြင်သလော၊ အဘယ်၌သင်ရှိသနည်း။ အဘယ်၌ ဤရဟန်းရှိသနည်း။ အဘယ်ကို သင်ပြုသနည်း၊ အဘယ်ကို ဤရဟန်းပြုနေသနည်းဟု မေးအပ်၏။

ဒိဋ္ဌဖြင့်မဟုတ်၊ သုတဖြင့်ဟုဖြေလျှင် သင်သည် သုတဖြင့် ပဝါရဏာကို ထားပြီ၊ အဘယ်ကိုကြားသနည်း၊ အဘယ်သို့၊ အဘယ်အခါ၊ အဘယ်အရပ်၌ ကြားသနည်း၊ ပါရာဇိကသို့ (ပ) ဒုဗ္ဗာသီသို့ရောက်သည်ကိုကြားသလော၊ ဘိက္ခုဒ္ဒီ၏စကားကိုကြားသလော၊ (ပ) တိတ္ထိသာဝကတို့၏စကားကိုကြားသလော ဟု မေးအပ်၏။

သုတဖြင့်မဟုတ်၊ ပရိသက်တိတဖြင့်ဟုဖြေလျှင် သင်သည် ပရိသက်တိတဖြင့် ပဝါရဏာကိုထားပြီ၊ အဘယ်ကိုရှုရှာသနည်း၊ အဘယ်သို့၊ အဘယ်အခါ၊ အဘယ်အရပ်၌ရှုရှာသနည်း၊ ပါရာဇိကသို့၊ (ပ) ဒုဗ္ဗာသီသို့ရောက်သည်ကို ရှုရှာသလော၊ ဘိက္ခုဒ္ဒီ၏စကားကိုကြား၍ရှုရှာသလော၊ (ပ) တိတ္ထိသာဝကတို့ ၏စကားကို ကြား၍ရှုရှာသလောဟုမေးအပ်၏။

၃၉၇။ ဒိဋ္ဌံ ဒိဋ္ဌေန သမေတိ၊ ဒိဋ္ဌေန သံသန္ဒတေ ဒိဋ္ဌံ။
ဒိဋ္ဌံ ပဋိစ္စ နဉ္ဇေတိ၊ အသုဒ္ဓပရိသက်ိကော။
သော ပုဂ္ဂလော ပဋိညာယ၊ ကာတဗ္ဗာ တေန ပဝါရဏာ။

ဒိဋ္ဌံ၊ စောဒကဏ်ိ၏မြင်ခြင်းသည်။ ဒိဋ္ဌေန၊ မြင်ဏ်ိဟူသောစကားနှင့် သမေတိ၊ ညီဘွတ်အံ့။ ဒိဋ္ဌံ၊ မြင်ခြင်းသည်။ ဒိဋ္ဌေန၊ မြင်ဏ်ိဟူသောစကားနှ သံသန္ဒတေ၊ နှီးနှောအံ့။ ဒိဋ္ဌံ၊ စောဒကဏ်ိ၏မြင်ခြင်းကို။ ပဋိစ္စ၊ စွဲ၍။ နဉ္ဇေတိ၊ ပါရာဇိကသို့မရောက်အံ့။ ဝါ၊ ပါရာဇိကကိုဝန်မခံအံ့။ သောပုဂ္ဂလော၊ ဂ

ဒီတကပုဂ္ဂိုလ်သည်။ အသုဒ္ဓပရိသတ်ကိုတော၊ အရင်းမရှိရှုံ့ရှားအပ်သည်။ သာဝတ်၊ ဖြစ်၏။ ပဋ္ဌာယ၊ ထိုပုဂ္ဂိုလ်၏ပဋ္ဌာန်းကြောင့်။ တေန၊ ထိုပုဂ္ဂိုလ်နှင့်။ ပဝါရဏာ၊ ပဝါရဏာကို။ ကာတဗ္ဗာ၊ ပြုအပ်၏။

သုတံ သုကေန၊ မုတံ မုတေန (တူပြီ)

၃၉၈။ **ပုစ္ဆာခွဲခြင်း**။ ။ ကိန္နေ ဒိဋ္ဌ၊ အဘယ်ကိုမြင်သနည်း ဟူသည် အဘယ်ပုစ္ဆာနည်း။ ကိန္တိ တေ ဒိဋ္ဌ၊ အဘယ်သို့မြင်သနည်းဟူသည် အဘယ်ပုစ္ဆာနည်း။ ကဒါ တေ ဒိဋ္ဌ၊ အဘယ်အခါမြင်သနည်း ဟူသည် အဘယ်ပုစ္ဆာနည်း။ ကတ္ထ တေ ဒိဋ္ဌ၊ အဘယ်၌မြင်သနည်း ဟူသည် အဘယ်ပုစ္ဆာနည်း။

၃၉၉။ ကိန္နေဒိဋ္ဌသည် ဝတ္ထုပုစ္ဆာ၊ ဝိပတ္တိပုစ္ဆာ၊ အာပတ္တိပုစ္ဆာ၊ အစ္ဆာစာရပုစ္ဆာဖြစ်၏။ ဝတ္ထုပုစ္ဆာဟူသည် ၈–ပါးသောပါရာဇိကဝတ္ထုကိုမေးခြင်း၊ သံဃာဒိသေသ် ၂၃–ပါး၏။ အနိယတ ၂–ပါး၏။ နိဿဂ္ဂိ ၄၂–ပါး၏။ ပါစိတ် ၁၈၈–ပါး၏။ ပါဋိဒေသနီ ၁၂–ပါး၏။ ဒုက္ကဋ်တို့၏။ ဒုဗ္ဘာသိတို့၏ ဝတ္ထုကိုမေးခြင်းဖြစ်၏။ ဝိပတ္တိ ပုစ္ဆာဟူသည် သီလဝိပတ္တိကိုမေးခြင်း၊ အာစာရဝိပတ္တိကို၊ ဒိဋ္ဌိဝိပတ္တိကို၊ အာဇီဝ ဝိပတ္တိကို၊ မေးခြင်းဖြစ်၏။ အာပတ္တိပုစ္ဆာဟူသည် ပါရာဇိကအာပတ်ကိုမေးခြင်း၊ (၀) ဒုဗ္ဘာသိအာပတ်ကို မေးခြင်းဖြစ်၏။ အစ္ဆာစာရပုစ္ဆာဟူသည် နှစ်ယောက် နှစ်ယောက် ရောက်သည်ကို မေးခြင်းဖြစ်၏။

၄၀၀။ ကိန္တေ ဒိဋ္ဌ သည် လိင်္ဂပုစ္ဆာ၊ ဣရိယာပထပုစ္ဆာ၊ အာကာရပုစ္ဆာ၊ ဥကာရပုစ္ဆာဖြစ်၏။ လိင်္ဂပုစ္ဆာဟူသည် အရပ်မြင့်သူကိုမြင်သလော၊ နိမ့်သူကိုမြင်သလော၊ ဖြူသူကိုလော၊ မည်းသူကိုလော။ ဣရိယာပထပုစ္ဆာဟူသည် သွားသူကိုလော၊ ရပ်သူ၊ ထိုင်သူ၊ အိပ်သူကိုလော။ အာကာရပုစ္ဆာဟူသည် ဟူအသွင်၌ တည်သူကိုလော၊ တိတ္ထိအသွင်၌၊ ရဟန်းအသွင်၌တည်သူကိုလော။ ဥကာရပုစ္ဆာဟူသည် သွားသူကိုလော၊ ရပ်သူ၊ ထိုင်သူ၊ အိပ်သူကိုလော။

၄၀၁။ တဒါ တေ ဒိဋ္ဌံသည် ကာလပုစ္ဆာ၊ သမယပုစ္ဆာ၊ ဒိဝသပုစ္ဆာ၊ ဥတုပုစ္ဆာဖြစ်၏။ ကာလပုစ္ဆာဟူသည် ပုဗ္ဗဏှကာလ-နံနက်ကာလဌာလော၊ မဇ္ဈန္တိကကာလ- မွန်းတည့်ကာလဌာလော၊ သာယဏှကာလ- ညချမ်းကာလဌာလော။ သမယပုစ္ဆာဟူသည် ပုဗ္ဗဏှသမယဌာလော၊ မဇ္ဈန္တိကသမယဌာလော၊ သာယဏှသမယဌာလော။ ဒိဝသပုစ္ဆာဟူသည် ပုရေဘတ္တ- ဆွမ်းမစားမီလော၊ ပစ္ဆာဘတ္တ- ဆွမ်းစားပြီးမှလော၊ ညဉ့်ဌာလော၊ နေ့ဌာလော၊ လဆုတ်ဌာလော၊ လဆန်းဌာလော၊ ဥတုပုစ္ဆာဟူသည် ဆောင်းဌာလော၊ နွေဌာလော၊ မိုးဌာလော။

၄၀၂။ ကတ္ထ တေ ဒိဋ္ဌံသည် ဌာနပုစ္ဆာ၊ ဘူမိပုစ္ဆာ၊ ဩကာသပုစ္ဆာ၊ ပဒေသပုစ္ဆာ ဖြစ်၏။ ဌာနပုစ္ဆာဟူသည် ဘူမိဌာလော၊ ပထဝီဌာလော၊ ဓရဏီဌာလော၊ ဓဂတိဌာလော၊ (၀ါ) မြေဌာလော။ ဘူမိပုစ္ဆာဟူသည် မြေဌာလော။ တောင်ဌာလော၊ ကျောက်ခဲပေါ် ဌာလော၊ ဟြာသာဒ်ဌာလော။ ဩကာသပုစ္ဆာဟူသည် အရှေ့အရပ်ဌာလော၊ အနောက်၊ မြောက်၊ တောင်အရပ်ဌာလော။ ပဒေသပုစ္ဆာသည် အရှေ့နေရာဌာလော၊ အနောက်၊ မြောက်၊ တောင်ဘက်နေရာ။ဌာလော။

(**ဓိဋ္ဌိ**။ ။ ဘူမိပုစ္ဆာဟူသည် ဘူမိ၊ ပုထုဝီ၊ ဓဂတိ ဤ သဒ္ဒါ အားလုံးသည် ပထဝီ၏ ဝေဝုစ်ပရိယာယ်ဖြစ်၏။)

မဟာသင်္ဂါမပြီး၏။

၁။ ကထိနဘေဒ

၄၀၃။ **အဘယ်သူအား ဘယ်သို့**။ ။အဘယ်သူအား မခင်းအပ်သော ကထိန်ဖြစ်သနည်း အဘယ်သူအား ခင်းအပ်သော ကထိန်ဖြစ်သနည်း။ အဘယ်သို့လျှင် မခင်းအပ်

သောကထိန်ဖြစ်သနည်း။ အဘယ်သို့လျှင် ခင်းအပ်သော ကထိန်ဖြစ်သနည်း။

အဘယ်သူအား မခင်းအပ်သောကထိန်ဖြစ်သနည်း။ နှစ်ယောက်သော ပုဂ္ဂိုလ်တို့အား မခင်းအပ်သောကထိန်ဖြစ်၏။ မခင်းသူအား အနုမောဒနာ မပြုသူအားတည်း။ အဘယ်သူအား ခင်းအပ်သောကထိန်ဖြစ်သနည်း။ နှစ်ယောက်တို့အားဖြစ်၏။ ခင်းသူအား အနုမောဒနာပြုသူအားတည်း။

အဘယ်သို့လျှင် မခင်းအပ်သော ကထိန်ဖြစ်သနည်း။ နှစ်ဆယ့်လေးပါး သောခြင်းရာတို့ဖြင့်မခင်းအပ်သော ကထိန်ဖြစ်၏။ ဥလ္လိခိတ–လျားနံမှတ်၍ အရေးအခြစ်ပြုကာမျှဖြင့် ခင်းအပ်သောကထိန်မဖြစ်။ ဓောဝန–ကထိန်လျှာ ဖွပ်လျှော်ကာမျှဖြင့်၊ ဝိစာရဏ–ငါးခဏ်း ခုနှစ်ခဏ်း စသည်စီရင်ကာမျှဖြင့် ဆေဒန – စီရင်သောအတိုင်း ဖြတ်ကာမျှဖြင့် ၊ ဗန္ဓန–တည်းစပ်ကာမျှဖြင့် ၁။ သြဝဋ္ဋိယ တည်းစပ်ကြောင်း အလိုက်ချုပ်ကာမျှဖြင့်၊ ကဏ္ဍုသ– မြောင်းငယ် တလုပ် အုပ်ကာမျှဖြင့်၊ ဒဠ္ဍီကမ္မ–နှစ်လွှာစပ်ကာမျှဖြင့်၊ အနုဝါတ–လျှားနားပတ် တင်ကာမျှဖြင့်၊ ပရိဘဏ္ဍ– နံနားပတ်တင်ကာမျှဖြင့်၁၊ သြဝဇ္ဇေယျ–အပေါ်လွှာ တင်ကာ၊ သလင်းတောင်တင်ကာမျှဖြင့်၊ ကမ္မလမဒ္ဒန – ဆင်စွယ်ရောင်မျိုး တစ်ကြိမ်ဆိုးမျှဖြင့်၊ နိမိတ္တ – နိမိတ်ပြု၍ရသောအဝတ်သက်နှံ့ဖြင့်၊ ပရိကထာ ပရိယာယ် သွယ်ဝိုက်၍ရသော အဝတ်သက်နှံ့ဖြင့်၊ ကုက္ကု – ဌါးယူလာသော အဝတ် သက်နှံ့ဖြင့် ၁၊ သန္ဓိခိ–ထိုနေ့မပေး၊ မခင်း–သိုးသောအဝတ် သက်နှံ့ဖြင့်၊ နိဿဂ္ဂိယ – ပြုစုအရဏ်ဟက်၊ ဤညဉ့်ကိုစွန့်သောသက်နှံ့ဖြင့်၊ အကပ္ပ–ကပ္ပ ဗိန္ဒုမထိုးသောသက်နှံ့ဖြင့်၊ ဒုကုဋ္ဌမှတပါးသောသက်နှံ့ဖြင့် ကိုယ်ရုံမှ တပါး သောသက်နှံ့ဖြင့် ၁၊ သင်းပိုင်မှ တပါးသောသက်နှံ့ဖြင့် ခင်းအပ်သော ကထိန် မဖြစ်၊ ထိုနေ့ဖြတ်ချုပ်သောအိမ်ဝန်းကြီးငယ်နှင့်တကွ ငါးခဏ်းစသော သက်နှံ့ဖြစ်ပါမှ–ထိုသို့ မဖြစ်သောသက်နှံ့ဖြင့် ခင်းအပ်သောကထိန် မဖြစ်၊ ပုဂ္ဂိုလ်ခင်း မဟုတ်ဘဲ သံဃာခင်းအံ့ – ဂဏာခင်းအံ့ ကထိန်မဖြစ်၊ ကောင်းစွာ ခင်းသော်လည်း ဝါဆိုခေတ် ဥပစာရသိမ်မှ ပြင်ပ၌နေလျက်အနုမောဒနာပြုအံ့ ကထိန်မဖြစ် ၄။ ဤ၌ နိမိတ္တဟူသည် ဤအဝတ်သက်နှံ့ဖြင့် ငါကထိန်ခင်း

မည်ဟု နိမိတ်ပြု၏။ ပရိကထာဟူသည် ကထိန်သင်္ကန်းဖြစ်ပေါ်စေမည်ဟု ဖြစ်ကြောင်း စကားသွယ်ဝိုက်၏။ ကုက္ကုဟူသည် အနာဒီယဒါန အပြီးယူဆောင်မပေးခြင်းဖြစ်၏။ ဝါ–ငါးခြင်းဖြစ်၏။ သန္ဓိမိသည် နှစ်မျိုးရှိ၏။ ကရဏသန္ဓိ သံယာပေးသောနေ့ မခင်းသဖြင့် အပြုသိုးခြင်း၊ နိစယသန္ဓိ–လှူသောနေ့ဌ် သံယာမပေးသဖြင့် အသိမ်းအဆည်းသိုးခြင်းတည်း။ နိဿဂ္ဂိဟူသည် ပြုစဉ် အရုဏ်တက်၏။ ဤ (၂၄)ပါးသောခြင်.ရာတို.ဖြင့် မခင်းအပ်သော ကထိန်ဖြစ်၏။

အဘယ်သို.လျှင် ခင်းအပ်သောကထိန်ဖြစ်သနည်း။ တစ်ဆယ့်ခုနစ်ပါးသောခြင်းရာကို.ဖြင့် ခင်းအပ်သောကထိန်ဖြစ်၏။ အဟာတ–အသစ်ဖြစ်သော အဝတ်ပုဆိုးဖြင့်ခင်းအပ်သောကထိန်ဖြစ်၏။ အဟာတကပ္ပ–အသစ်နှင့်တူသော အသစ်နီးနီးပုဇိုးဖြင့်၊ ပိလောတိကာ– ပုဆိုးဟောင်းဖြင့်၊ ပံသုကူလ (၂၃–ဌာနဖြစ်) ပံသုကူအဝတ်သင်္ကန်းဖြင့်၊ ပါပဏိက– အိမ်ဈေးတံခါးဌ်ကျသော အဝတ်သင်္ကန်းဖြင့် ၁။ အနိမိတ္တ– နိမိတ်မပြုတတ်သော အဝတ်သင်္ကန်းဖြင့်၊ အပရိကထာ–ပရိယာယ်မသွယ်ဝိုက်ဘဲရသော အဝတ်သင်္ကန်းဖြင့်၊ အကုက္ကု– မငါးယူသော အဝတ်သင်္ကန်းဖြင့်၊ အသန္ဓိမိ– မသိုးသောအဝတ်သင်္ကန်းဖြင့်၊ အနိဿဂ္ဂိယ – ညဉ့်ကို မစွန့်.မလွန်သောသင်္ကန်းဖြင့် ၁။ ကပ္ပ–ဗိန္ဒုထိုးသော သင်္ကန်းဖြင့်၊ ဒုကူဋ္ဌဖြင့် ၊ ကိုယ်ရုံဖြင့်၊ သင်းပိုင်ဖြင့်၊ ထိုနေ.ဖြတ်ချုပ်သော အိမ်ဝန်းကြီးငယ်နှင့်တကွသော ငါးခဏ်းစသောသင်္ကန်းဖြင့် ၁ ။ပုဂ္ဂိုလ်၏ ခင်းခြင်းဖြင့် ခင်းအပ်သော ကထိန်ဖြစ်၏။ ကောင်းစွာခင်းသည်ကို ဝါဆိုခေတ် ဥပစာရသိမ်တွင်းဌ်တည်လျက် အနုမောဒနာပြုအံ့၊ ခင်းအပ်သောကထိန်ဖြစ်၏ ၁ ဤ (၁၇)ပါးသော ခြင်းရာတို.ဖြင့် ခင်းအပ်သောကထိန်ဖြစ်၏။

(**ဇီဋီ**–ကိန္တိ –ကထ– အဘယ်သို.လျှင် အနာဒီယဒါန်–
တာဝကာလိကဝတ္ထု အခိုက်အတန်.ငါးယူသော ပစ္စည်းဖြစ်၏။)

သဟာဟာတ ၁၅။ ။ ကထိန်ခင်းခြင်းနှင့်တကွ အဘယ်မျှသော တရားတို.သည် ဖြစ်ကုန်သနည်း။ ကထိန်

ခင်းခြင်းနှင့်တကွ ပန္နရသဓမ္မ (၁၅) ပါးသော တရားတို့သည် ဖြစ်ကုန်၏။ မာတိကာရှစ်ပါး၊ ပလိဟောဓနှစ်ပါး၊ အာနိသင်ငါးပါး– ဤ (၁၅) ပါးတို့တည်း။

(မာတိကာရှစ်ပါးဟူသည် ခန္ဓကဋ္ဌဆိုပြီးသော ပဏ္ဏမနန္တိကာ–စသော ရှစ်ပါးဖြစ်၏။ ပလိဟောဓ၊ အာနိသင်တို့ကိုလည်း ခန္ဓကဋ္ဌ ဆိုပြီးကုန်ပြီ။)

၂။ ကထိနအနုန္တရပစ္စယာဒိ

၄၀၄။ **ကျေးဇူးပြုခြင်းပုစ္ဆာ** ။ ။ ပယောဂအား အဘယ်မျှသော ဓမ္မတို့သည် အနုန္တရပစ္စည်းဖြင့် ကျေးဇူးပြုကုန်သနည်း။ သမနန္တရဖြင့် ကျေးဇူးပြုကုန်သနည်း။ နိဿယဖြင့်၊ ဥပနိဿယဖြင့်၊ ပုရေဇာတဖြင့်၊ ပစ္ဆာဇာတဖြင့်၊ သဟဇာတဖြင့် ကျေးဇူးပြုကုန်သနည်း (၇–ပစ္စည်း)။ ပုဗ္ဗကရဏအား၊ ပစ္စုဒ္ဓါရအား၊ အဓိဋ္ဌာနအား၊ အတ္ထာဝရအား၊ မာတိကာပလိဟောဓတို့အား၊ ဝတ္ထုအား အဘယ်မျှသော ဓမ္မတို့သည် အနုန္တရဖြင့်၊ သမနန္တရဖြင့်၊ နိဿယဖြင့်၊ ဥပနိဿယဖြင့်၊ ပုရေဇာတဖြင့်၊ ပစ္ဆာဇာတဖြင့်၊ သဟဇာတဖြင့်၊ ကျေးဇူးပြုကုန်သနည်း။ (၇–ပစ္စည်း)

[ပယောဂအားဟူသည် သင်္ကန်းဖွပ်ခြင်းစသော ခုနစ်ပါးသော ပုဗ္ဗကရဏ၏အကျိုးငါ ရေဆောင်ခြင်းစသော ပယောဂကိုပြုအပ်၏။ ထိုပယောဂအားတည်း။ အနုန္တရပစ္စည်းဖြင့်ဟူသည် အနာဂတ်စွမ်းဖြင့် အခြားမရှိဘဲ အဘယ်ဓမ္မတို့သည် ကျေးဇူးပြုကုန်သနည်း။ သမနန္တရဖြင့်ဟူသည် သုဒ္ဓ + အနန္တရ – ကောင်းစွာ၊ အခြားမရှိသော ပစ္စည်းဖြင့်တည်း။ အနန္တရကိုပင် အလွန်နီးကပ်စွာပြု၍မေးသည်။ နိဿယဖြင့်ဟူသည် ဖြစ်ဆဲဖြစ်သော ပယောဂ၏ မှီရာတည်ရာအဖြစ်သို့ ရောက်သကဲ့သို့ဖြစ်၍ အဘယ်ဓမ္မတို့ ကျေးဇူးပြုကုန်သနည်း။ ဥပနိဿယဖြင့် ဟူသည် ပြည့်စုံသော နိဿယဖြင့်တည်း။ နိဿယကို သာလျှင် ပြည့်စုံလွန်းသည်ကိုပြု၍မေးသည်။ ပုရေဇာတဖြင့် ရှေးဦးစွာ ဖြစ်လင့်သောတရား၏ ပစ္စည်းအဖြစ်ကိုမေးသည်။ ပစ္ဆာဇာတဖြင့်

နောက်ခ္ခံဖြစ်သောတရား၏ပစ္စည်းအဖြစ်ကို သဟဇာတဖြင့် မရှေး မနှောင်းဖြစ်သောတရားတို့၏ပစ္စည်းအဖြစ်ကိုမေးသည်။ ပုဗ္ဗ ကရဏဟူသည် ဖွပ်–စီရင်–ဖြတ် (၃)၊ တည်းစပ်–ချုပ်–ဆိုး(၃)၊ ဗီဇုတိုး(၃) ဟူသော ခုနစ်ပါးတည်း။ ပစ္စုဒ္ဓါရဟူသည် ယံခင်ဒုကုဋ္ဌဟောင်း စသည်တို့ကို အဓိဋ္ဌာန်ချခြင်းတည်း။ အဓိဋ္ဌာနသည် ကထိန်သင်္ကန်းကို အဓိဋ္ဌာန်တင်ခြင်းတည်း။ အတ္ထာရသည် ကထိန်ခင်းခြင်းတည်း။ မာတိကာ ပလိဇောဝသည် မာတိကာရှစ်ပါး၊ ပလိဇောဝနှစ်ပါးတည်း။ ဝတ္ထုသည် ဒုကုဋ္ဌစသည်အလို့ငါ ကထိန်အဝတ်ပုဆိုးတည်း။]

(**ဒီ၌**။ ။ အနာဂတ်စွမ်းဖြင့် ,အခြားမရှိဟူသည်ကို ရေဆောင်ခြင်းစသော ပယောဂ၏နောက်ခ္ခံ–ဖွပ်ခြင်းစသော ပုဗ္ဗ ကရဏဖြစ်သောကြောင့်လည်းကောင်း ဖွပ်ခြင်းစသော ကြိယာကို ရည်မှန်း၍ရေခပ်ခြင်းစသောပယောဂကို ပြုခြင်းကြောင့် လည်းကောင်း ဆိုသည်။

ဝီ၌။ ။ အနာဂတ်စွမ်းဖြင့်ဟူသည် ရေဆောင်ခြင်း စသော ပယောဂဖြစ်ပြီးနောက် ဖွပ်ခြင်းစသော ပုဗ္ဗကရဏ ဖြစ်သည်။ ထို့ကြောင့် ထိုပရောဂအား အနာဂတ်စွမ်းဖြင့်သာ အနန္တရပစ္စည်းသည်ဖြစ်၏။ ပြီးစေအပ်သော ဝတ္ထု၏ပြီးခြင်း အကျိုးကိုမှီ၍ ပစ္စည်းတို့သည်ဖြစ်ကုန်၏။ အကျိုးမပြီးလျှင် ပစ္စည်းမဖြစ်။ ထိုနည်းဖြင့် ပစ္စည်း၏အဖြစ်ကိုဟောသည်။ နေရာအားလုံး၌ သဘာဝအားဖြင့်မဟုတ်။)

(ပဌာန်း၌စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ပညတ်ငါးမျိုးသည် စိတ်၊ စေတသိက်၊ ရုပ် သုံးမျိုးအား အကြောင်းထူး (၂၄) ပစ္စည်းဖြင့် ကျေးဇူးပြုပုံကို ဟောသည်။ ဤကျမ်း၌ပယောဂ၊ ပုဗ္ဗကရဏ ပန္နရသဓမ္မ၊ ပုဗ္ဗကရဏ ပစ္စုဒ္ဓါရ ပန္နရသဓမ္မ။ (ပ) ဝတ္ထု၊ အာသာအနာသာ၊ ပန္နရသဓမ္မ - ဤကရားတို့ကို တိကခြောက်ခုပြု၍ ခုနစ်ပစ္စည်းဖြင့် ကျေးဇူးပြုပုံကိုပေါ်သည်။ အနန္တရ၊

သမနန္တရ၊ နိဿယ၊ ဥပနိဿယ၊ ပစ္ဆာဇာတ ဤငါးပါးကို အနာဂတ်ပစ္စည်း အဖြစ်ဖြင့် ဟောသည်။ ဝိနည်းသည် အဘိဓမ္မာမှထူး၏။)

ကျေးဇူးပြုခြင်းအဖြေ။ ။ ပုဗ္ဗကရဏသည် ပယောဂအား အနန္တရ၊ သမနန္တရ၊ နိဿယ၊ ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏။ ပယောဂသည် ပုဗ္ဗကရဏအား ပုရေဇာတ ပစ္စည်းဖြင့် ကျေးဇူးပြု၏။ ပုပ္ပကရဏသည် ပယောဂအား ပစ္ဆာဇာတပစ္စည်းဖြင့် ကျေးဇူးပြု၏။ ပန္နရသဓမ္မကို့သည် (အချင်းချင်း) သဟဇာတပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏။

ပစ္စုဒ္ဓါရသည် ပုဗ္ဗကရဏအား အနန္တရစသောလေးပစ္စည်းဖြင့်၊ ပုဗ္ဗကရဏသည် ပစ္စုဒ္ဓါရအား ပုရေဇာတဖြင့်၊ ပစ္စုဒ္ဓါရသည် ပုဗ္ဗကရဏအား ပစ္ဆာဇာတဖြင့်၊ ပန္နရသဓမ္မတို့သည် သဟဇာတဖြင့်။

အဓိဋ္ဌာနသည် ပစ္စုဒ္ဓါရအား လေးပစ္စည်း။ ပစ္စုဒ္ဓါရသည် အဓိဋ္ဌာနအား ပုရေ၊ အဓိဋ္ဌာနသည် ပစ္စုဒ္ဓါရအား ပစ္ဆာ၊ ပန္နရသဓမ္မ –သဟ။

အတ္ထာရသည် အဓိဋ္ဌာနအား – လေး။ ပုရေ။ ပစ္ဆာ၊ သဟ။

ဟာတိကာပလိဗောဓကို့သည် အတ္ထာရအား။ လေး။ ပုရေ။ ပစ္ဆာ။သဟ။

အာသာ အနာသကို့သည် ဝတ္ထုအား –-လေး။ ပုရေ။ ပစ္ဆာ။ သဟ။

[ဤသို့ ရထိုက်မရထိုက်အားလုံးမေး၍ ယခုအခါ ရထိုက်သည်ကိုသာပြလိုရ်ု ပုဗ္ဗကရဏသည် ပယောဂအားစသည်ဖြင့် အဖြေကို ဆိုဏ်။ ပယောဂအား၊ ပုဗ္ဗကရဏခုနစ်ပါးလုံးသည် အနန္တရစသော လေးပစ္စည်းဖြင့် ကျေးဇူးပြု၏။ ထိုပယောဂဖြင့်ပြီးနိုင်သော ပုဗ္ဗကရဏာ၏ (ပြီးခြင်း) အကျိုးငှါ ထိုပယောဂကို ပြုအပ်သောကြောင့် တည်း (ရှေခပ်ခြင်းစသောပယောဂသည် ပြီးနှင့်စေအပ်သောအကျိုး။

ပုဗ္ဗကရဏာခုနစ်ပါးသည် ဖြစ်လတ္တံ့သောအကြောင်းရင်းခံဟူလို။) ပရေဏာတပစ္စယေ ပနေသ – ပုရေဏာတဋ္ဌ ဤပယောဂသည် ပုရေဏာတပစ္စယောပနေသ ပုရေဏာတ၏ အရာဖြစ်သော ဤပယောဂသည် ဥဒ္ဒိဋ္ဌဓမ္မဖြစ်သော ခုနစ်ခုတို့တွင် တစ်ခုကိုမျှလည်းမရ၊ (ဝါ မိမိ၏ ပုရေဏာတအဖြစ်ဖြင့် တစ်ခုမျှမရ) စင်စစ် ထိုခုနစ်ခုအား ပယောဂ ကိုယ်တိုင် ပုရေဏာတပစ္စည်းမျှသာဖြစ်သည်။ ပယောဂရှိပြီးမှ ပုဗ္ဗကရဏာပြီးနိုင်သောကြောင့်တည်း။ (ပုဗ္ဗကရဏာ ခုနစ်ခုသည် ပြီးလတ္တံ့သောအကျိုး၊ ရေခပ်ခြင်းစသောပယောဂသည် ဖြစ်ပြီးသော အကြောင်းဟူလို။) ပစ္ဆာဏာတကိုကား၏။ ထို့ကြောင့် ပုဗ္ဗကရဏာသည် ပယောဂအား ပစ္ဆာဏာတဖြင့်ဟုဟောသည်။ (ခုနစ်ခုသည် ပယောဂ၏ ပုရေသာ မဖြစ်၊ ပစ္ဆာကားဖြစ်၏ဟူလို။) နောက်ဌဖြစ်လတ္တံ့သော ပုဗ္ဗကရဏာ၏အကျိုးငှါ ထိုပယောဂကို ပြုနှင့်ရသောကြောင့်တည်း။ သဟဏာတပစ္စည်းကိုကား ပန္နရသဓမ္မမှတပါးသော ပုဗ္ဗကရဏာသည် လည်းကောင်း၊ ပယောဂသည်လည်းကောင်း မရ။ ၁၅–ပါးသော ဓမ္မတို့သည်သာလျှင် ကထိန်ခင်းသည်နှင့်တပြိုင်နက် ပြီးကုန်၏။ အချင်းချင်းအား သဟဏာတပစ္စည်းတို့ဖြစ်ကုန်၏။ ဤနည်းဖြင့် အဖြေအားလုံးကိုသိအပ်၏။)

(**ဒီဋ္ဌီ**။ ။ ပုရေဏာတပစ္စယေ ပနေသ – ပုရေဏာတ ပစ္စံည်းဌ ဤပယောဂသည် ဤကားအနက်တည်း။ တစ်ခုကိုမျှလည်းမရဟူသည် မိမိ၏ရှေ့ဌ ပုရေဏာတမရှိခြင်း ကြောင့်တည်း။

သာဒ္ဌီ။ ။ ပုရေဏာတဌ ဤပယောဂသည် (ပ) တစ်ခု ကိုမျှလည်း မရဟူသည် ဤရေခပ်ခြင်းစသော ပယောဂသည် မိမိ၏ပုရေဏာတဖြစ်ရခြင်းဌ ပုဗ္ဗကရဏာစွမ်းဖြင့်ပြုသောမှတ်. စီရင်စသော ဓမ္မခုနစ်ခုတို့တွင် တစ်ခုကိုမျှမရ။ မိမိ၏ရှေ့ဌ

ပုရေဇာတဖြစ်သော ပုဗ္ဗကရဏဟုရေတွက်အပ်သော ဓမ္မ မရှိခြင်းကြောင့်တည်း။

ဝိဇ္ဇီ။ ။ ပုရေဇာတပစ္စယော ပနေသ -- ပုရေဇာတ ပစ္စယ၏ ဝိသယဖြစ်သော ဤပယောဂသည် ဖွပ်ခြင်းစသော ဓမ္မကို့တွင် တစ်ခုမျှလည်းဖြစ်သော၊ မိမိ၏ပုရေဇာတပစ္စယ ဖြစ်၍ ဖြစ်သောဓမ္မကိုမရ၊ မိမိ၏ဖြစ်သည်မှ ရှေးဦးဖြစ်သော ပုဗ္ဗကရဏ မရှိခြင်းကြောင့်ဟူလို။ ပစ္စာဇာတပစ္စယ၏အဖြစ် ပုဗ္ဗကရဏကိုကား ရ၏။ ပစ္စာဇာတပစ္စည်းဖြစ်၏ဟူလို။ ပါဠိတော်၌ ပန္နရသဓမ္မတို့၌ ပုဗ္ဗကရဏအား၊ ပယောဂအား၊ ထို့ပြင် တစ်ခုခုအား ဟု ပစ္စယုပ္ပန်မသုံးသပ်ခြင်းကြောင့်၊ အချင်းချင်း သဟဇာတပစ္စည်းဖြင့် ကျေးဇူးပြုသည်ဟုမှတ်အပ်၏။ ထို ၁၅-ပါးနှင့် အတူဖြစ်သောဓမ္မတပါးမရှိပြီ။ ပါဠိတော်၌ မာတိကာ စ ပလိဗောဓ စ ၌ စသဒ္ဒါဖြင့် ပဋ္ဌာနိသံသတို့ကို ယူအပ်ကုန်၏။ မာတိကာနဋ္ဌ ပလိဗောဓနဋ္ဌ၌လည်း ဤအတူတည်း။ အာနိသင်တို့လည်း အနန္တရဏ်သာလျှင် မာတိကာစသည်တို့နှင့်အတူ ဖြစ်ကုန်၏။ အာသာဟူသည် စီဝရအာသာဖြစ်၏။ ဝတ္ထုဟူသည် အာသာ၏နိမိတ် ဖြစ်သော--မဖြစ်သေးသောသင်္ကန်းတည်း။ ဒသာမ-ဟူကုန်အံ့။ ကရိသသာမ -ပြုကုန်အံ့ဟု ဒါယကာတို့ ပန်ခဲ့သောသင်္ကန်းကိုမှီ၍ အခြားမဲ့၌ ဖြစ်လတ္တံ့သော စီဝရ အာသာကို အနန္တရပစ္စည်း စသည်အဖြစ်ဖြင့် ဟောအပ်၏။ အာသာအနာသာတို့အား၊ ဟူသည် ရထိုက်သော သင်္ကန်း၌ ဖြစ်သော စီဝရအာသာတို့အားလည်းကောင်း၊ မရထိုက်သော သင်္ကန်း၌ဖြစ်သော အာသာကင်းခြင်းတို့အား လည်းကောင်း တည်း။ ခဏခလာဖြစ်ခြင်း အပြားကိုရည်၍ အာသာတို့အားဟု ဗဟုဝုစ်ဆိုသည်။ အာသာအား အနာသာအားဟူလို။)

၄၀၅။ **နိဒါန်း ဟောတု၊ ပစ္စယ** ။ ။ပုဗ္ဗကရဏာသည် ကိုယ်နိဒါန်း၊ ကိုယ်သမုဒယ်၊ ကိုယ်ဇာတိကံ၊ ကိုယ်ပဘာဝ၊ ကိုယ်သမ္ဘာရ၊ ကိုယ်သမုဋ္ဌာန် အဘယ်အကြောင်း ရှိသနည်း။ ပစ္စုဒ္ဓါရသည်၊ အဓိဋ္ဌာနသည်၊ အတ္ထာရသည်၊ မာတိကာပလိဗောဓသည် အာသာအနာသာဝတည် အဘယ် အကြောင်းရှိသနည်း။ (၆ – ပုဒ်)

ပုဗ္ဗကရဏာသည် ပယောဂနိဒါန် (၄) ပယောဂသမုဋ္ဌာန် ပယောဂလျှင် အကြောင်းရှိ၏။ ပစ္စုဒ္ဓါရသည် ပုဗ္ဗကရဏာလျှင်အကြောင်းရှိ၏။ အဓိဋ္ဌာနသည် ပစ္စုဒ္ဓါရလျှင်–အတ္ထာရသည် အဓိဋ္ဌာနယျှင်–မာတိကာပလိဗောဓသည်၊ အတ္ထာရ လျှင် အာသာအနာသာသည် ဝတ္ထုလျှင် အကြောင်းရှိ၏။

၄၀၆။ ပယောဂသည် ကိုယ်နိဒါနော (၄) ကိုယ်သမုဋ္ဌာန်၊ ပုဗ္ဗကရဏာသည် ပစ္စုဒ္ဓါရသည်၊ အဓိဋ္ဌာနသည်၊ အတ္ထာရသည်၊ မာတိကာပလိဗောဓသည်၊ ဝတ္ထု သည်၊ အာသာအနာသာသည် ကိုယ်နိဒါန်။ (၈ – ပုဒ်)

ပယောဂသည် ဟေတုနိဒါနော (၄) ဟေတုသမုဋ္ဌာနော။ ပုဗ္ဗကရဏာသည် (၄) အာသာအနာသာသည် ဟေတုနိဒါနော– ဟေတုလျှင် အကြောင်းရှိ၏။

၄၀၇။ ပယောဂသည် (၄) အာသာအနာသာသည် ကိုယ်နိဒါနော (၈– ပုဒ်)

ပယောဂသည် (၄) အာသာအနာသည် ပစ္စယနိဒါနော -- ပစ္စယလျှင် အကြောင်းရှိ၏။

ပုဗ္ဗကရဏာသည် ကိုယ်နိဒါန်စသည်တို့၌ အမေးအဖြေပေါလွင်၏။

[ပယောဂသည် ကိုယ်နိဒါနော စသောပုစ္ဆာအဖြေတို့၌ ဟေတုနိဒါနော၊ ပစ္စယနိဒါနောဌ် ခြောက်သည်သောသင်္ခန်းတို့တ ဟေတု ဟူ၍လည်းကောင်း၊ ပစ္စယ ဟူ၍လည်းကောင်း သိဒေပ်ကုန် ထိုသင်္ခန်းခြောက်ထည်တို့သည်သာလျှင် ပုဗ္ဗပယောဂစသော အားလုံ တို့၏ ဟေတုဖြစ်ကုန်၏။ ပစ္စယဖြစ်ကုန်၏။ သင်္ခန်းခြောက်ထည်မရှိလျှင်

ပယောဂမရှိ၊ ပုဗ္ဗကရဏစသည်တို့လည်းမရှိကုန်။ ထို့ကြောင့် ပယောဂသည် ဟေတုနိဒါနော စသည်တို့ကိုဆိုသည်။]

(**ဝိဋ္ဌိ**။ ။ ခြောက်ထည်သောသင်္ကန်းဟူသည် ခေါမ စသောခြောက်ထည်တို့တွင် တစ်ထည်ထည်ကို ရည်ဆိုသည်။ အားလုံးသိမ်းကျုံး၍သင်္ကန်းတို့ဟု ဗဟုဝုစ်ဆိုသည်။ ပါဋိတော်၌ ဝဏ္ဏ၊ အာသာအနာသာ စသည်တို့၌ ကထိန်ခင်းသောအခါ၊ အာနိသင်စွမ်းဖြင့်ဖြစ်သော ပစ္စာသာစီဝရကို ဝတ္ထုဟုဆိုသည်။ ကထိနစီဝရကို ဟေတု၊ ပစ္စယသဒ္ဒါတို့ဖြင့်ဆိုသည်။)

၄၀၈။ **သင်္ခေပ**။ ။ ။ ပုဗ္ဗကရဏကို အဘယ်မျှသော ဓမ္မတို့ဖြင့် ရေတွက်အပ်သနည်း။ ပုဗ္ဗကရဏကို ခုနစ်ပါးသောဓမ္မတို့ဖြင့် ရေတွက်အပ်၏။ ဓောဝန–ဖွပ်ခြင်းဖြင့်၊ ဝိစာရဏ–စီရင်ခြင်းဖြင့်၊ ဆေဒန–ဖြတ်ခြင်းဖြင့်၊ ဗန္ဓန–တည်းစပ်ဖွဲ့ခြင်းဖြင့်၊ သိဗ္ဗန–ချုပ်ခြင်းဖြင့်၊ ရဇန–ဆိုးခြင်းဖြင့် ကပ္ပကရဏ –ကပ္ပဗိန္ဒု ထိုးခြင်းဖြင့်တည်း။

* ဖွပ်၊ စီရင်၊ ဖြတ် [၃]။ တည်းစပ်၊ ချုပ်၊ ဆိုး [၃] ။ ဗိန္ဒုထိုး [၁] ။ ခေါ်ရိုးပုဗ္ဗကရဏတည်း။

ပစ္စုဒ္ဓါရ– အဓိဋ္ဌာန်ချခြင်းကို အဘယ်မျှဖြင့် ရေတွက်အပ်သနည်း။ သုံးပါးကို့ဖြင့် ရေတွက်အပ်၏။ သံဃာဋီယာ – ဒုကူဋ်ဖြင့်၊ ဥတ္တရာသင်္ဃ– ကိုယ်ရုံခြင်း၊ အန္တရဝါသကနေ–သင်းပိုင်ဖြင့်တည်း။

အဓိဋ္ဌာန– အဓိဋ္ဌာန်တင်ခြင်းကို အဘယ်မျှဖြင့်ရေတွက်အပ်သနည်း။ သုံးပါးတို့ဖြင့်ရေတွက်အပ်၏။ သံဃာဋီယာ၊ ဥတ္တရာသင်္ဃ၊ အန္တရဝါသကနေ။

အတ္ထာရ–ခံ့ခြင်းကို အဘယ်မျှဖြင့် ရေတွက်အပ်သနည်း၊ တစ်ပါးသောဓမ္မဖြင့် ရေတွက်အပ်၏။ ဝစီဘေဒေန–နှုတ်မြွက်ခြင်းဖြင့်တည်း။

[ဝမ်ဘေဒေနဟူသည်ကား– ဤမဟာယသံဃာဋီယာ–

ဣမိနာဥတ္တရာသင်္ဂေန၊ ဣမိနာအန္တရဝါသကေန–ကထိန်အတ္ထရာမိ– ဟု နှုတ်မြွက်ခြင်းဖြင့်တည်း။]

(**ဝိဇ္ဇီ**။ ။ ပစ္စုဒ္ဓါရကိုသုံးပါးသော ဓမ္မတို့ဖြင့်စသည်ကို ကထိန်နှုတ်ခြင်း၊ ခင်းခြင်းငှာ တိစီဝရိုက်မှတပါး မိုဃ်းရေခံ သင်္ကန်း စသည်ကို ပစ္စုဒ္ဓိုရ်ပြုခြင်းငှာလည်းကောင်း၊ အဓိဋ္ဌာန် တင်၍ခင်းခြင်းငှာလည်းကောင်း၊ မအပ်ဟု ပြုခြင်းငှာဆိုသည်။ ဝစီဘေဒဟူသောစကားဖြင့် သက်သက် ကိုယ်ဖြင့်ကထိန် ခင်းခြင်းသည် မမြောက်ဟုပြု၏)

မူလစသည်။ ။ ကထိန်မူလတို့သည် အဘယ်မျှ၊ ဝတ္ထုတို့သည် အဘယ်မျှ၊ ဘူမိတို့သည် အဘယ်မျှနည်း။ ကထိန်၏ မူလသည်တစ်ပါး၊ သံဃာဖြစ်၏။ ဝတ္ထုသုံးပါး ဒုကူဋ်၊ ကိုယ်ရုံ၊ သင်းပိုင် ။ ဘူမိခြောက်ပါး ခေါမ်– ခေါမချည်ဖြင့် ရက်သောသင်္ကန်း။ ကပ္ပါသ–ဝါချည် သင်္ကန်း၊ ကောသေယျ–ပိုးချည်သင်္ကန်း၊ ကမ္မလ–သားမွေးဖြင့်ပြုသော ကမ္မလာသင်္ကန်း၊ သဏ– ပိုက်ဆံလျှော်သင်္ကန်း၊ ဘင်္ဂ–ခေါမစသော ချည်ငါးမျိုးသင်္ကန်းတည်း။

* ခေါမ၊ ဝါချည် ၂၊ ပိုးချည်၊ သားမွေး ၂၊ လျှော်ထွေးပိုက်ဆံ ၁ ငါးတန်ရောက်ဘီ ၁၊ ခြောက်ခုရှိ ဇာတိသင်္ကန်းတည်း။

ကထိန်၏အစသည်အဘယ်နည်း၊ အလယ်သည်၊ အဆုံးသည် အဘယ် နည်း၊ ကထိန်၏ ပုဗ္ဗကရဏခုနစ်ပါးသည်အစ၊ ကြိယာသည်အလယ်၊ ခင်းခြင်း သည် အဆုံးတည်း။

(ကြိယာအလယ်စုသည် ပစ္စုဒ္ဓါရနှင့် အဓိဋ္ဌာနဖြစ်၏)

၄၀၉။ **ပုဂ္ဂလ**။ ။ အဘယ်မျှအင်္ဂါပြည့်စုံသော ပုဂ္ဂိုလ်သည် ကထိန်ခင်း ခြင်းငှာ မထိုက်သနည်း။ ထိုက်သနည်း၊ ရှစ်ပါးသော အင်္ဂါနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ကထိန်ခင်းခြင်းငှာမထိုက်၊ ရှစ်ပါးသော (၁)

ထိုက်၏။

ကထိန်မခင်းထိုက်သော အင်္ဂါရှစ်ပါးသည် အဘယ်နည်း။ ပုဗ္ဗကရဏာကို မသိ။ ပစ္စုဒ္ဓါရကို၊ အဓိဋ္ဌာနကို၊ အတ္ထာရကို၊ မာတိကာကို၊ ပလိဗောဓကို၊ ဥဒ္ဓါရကို၊ အာနိသံသကိုမသိ။ ဤအင်္ဂါရှစ်ပါးရှိသူသည် ကထိန်မခင်းထိုက်။

ကထိန်ခင်းထိုက်သော အင်္ဂါရှစ်ပါးသည် အဘယ်နည်း။ ပုဗ္ဗကရဏာကို သိ၏။ ပစ္စုဒ္ဓါရကို၊ အဓိဋ္ဌာနကို၊ အတ္ထာရကို၊ မာတိကာကို ပလိဗောဓကို၊ ဥဒ္ဓါရကို၊ အာနိသံသကို သိ၏။ ဤအင်္ဂါရှစ်ပါးရှိသူသည် ကထိန်ခင်းထိုက်၏။

* ကထိန်ခင်းထိုက်၊ ပုဂ္ဂိုလ်၌ တိုက်ရိုက်ရှစ်အင်ပြည့်။
ပုဗ္ဗ, ပစ်, မိ၌, တ္ထာ ၄ ၊ မာ, ဗောဓ ၅ ၊ ဥဒ်, အာ ၂ ရှစ်ခုသိ။

အဘယ်မျှသော ပုဂ္ဂိုလ်တို့အား ကထိန်ခင်းခြင်းတို့ သည် မရောက်ကုန်သနည်း။ အဘယ်မျှ (ပ) ရောက်ကုန်သနည်း။ သုံးယောက်တို့အားမရောက်။ သုံးယောက်ကို့အားရောက်ကုန်၏။

၄၁၀။ ကထိန်ခင်းခြင်း မရောက်သူသုံးယောက်သည်အဘယ်နည်း။ သိမ်ပဋ္ဌ တည်လျက်အနုမောဒနာပြုသူ၊ အနုမောဒနာပြုသော်လည်း နှုတ်မမြွက်သူ၊ နှုတ်မြွက်သော်လည်း သူတပါးကို မသိစေသူ–ဤသုံးယောက်အားမရောက်။

ကထိန်ခင်းခြင်းရောက်သူသုံးယောက်သည်အဘယ်နည်း။ သိမ်ဋ္ဌတည်လျက်အနုမောဒနာပြုသူ၊ ပြုသောအခါနှုတ်မြွက်သူ၊ နှုတ်မြွက်သောအခါ သူတပါးကိုသိစေသူ။ ဤသုံးယောက်အား ရောက်၏။ (ဤ၌သိမ်ဟူသည် ဝါဆိုခေတ်ဟူသော ဥပစာရသိမ်တည်း)။

၄၁၁။ အဘယ်မျှသော ကထိန်ခင်းခြင်းတို့သည် မရောက်ကုန်သနည်း။ အဘယ်မျှရောက်ကုန်သနည်း။ သုံးမျိုးသော ခင်းခြင်းတို့သည်မရောက်။ သုံးမျိုးရောက်၏။

ကထိန်ခင်းခြင်း မရောက်သုံးမျိုးသည် အဘယ်နည်း။ ဝတ္ထုဝိပန္နာ-

သက်ိန်းပျက်ခြင်း။ ကာလဝိပန္နေ- အခါပျက်ခြင်း၊ ကရဏဝိပန္နေ-အပြုပျက်ခြင်း၊ ဤသုံးမျိုး မရောက်။

ကထိန်ခင်းရောက်ခြင်းသုံးမျိုးသည် အဘယ်နည်း၊ ဝတ္ထုသမ္ပန္နေ-သက်ိန်းပြည့်စုံခြင်း၊ ကာလသမ္ပန္နေ- အခါပြည့်စုံခြင်း၊ ကရဏသမ္ပန္နေ- အပြုပြည့်စုံခြင်း ဤသုံးမျိုးရောက်၏။

ဝတ္ထုဝိပန္နဟူသည် အကပ္ပိယဒုဿ- မအပ်သော အဝတ်မျိုးတည်း။ ကာလဝိပန္နတို့သည် ယနေ့ဒါယကာတို့လူသောသက်ိန်းကို နက်ဖြန်၌ သံဃာသည် ကထိန်ခင်းထိုက်သူအားပေး၏။ ဝါ-လူသောနေ့မပေး၊ နောက်နေ့မှ ပေးသော နိစယသန္နိဓိ အဝတ်သက်ိန်းတည်း။ ကရဏဝိပန္နဟူသည် ထိုနေ့၌ သာလျှင် ဖြတ်၍ မပြုသော (ဝါ) နေ့ချင်းမပြီးသော ကရဏသန္နိဓိ အဝတ်သက်ိန်းတည်း။

၄၁၂။ **ဓာနိတဗ္ဗ-တစ်ဆယ်။** ။ ကထိန်ကိုသိအပ်၏။ ကထိန်ခင်းခြင်းကိုသိအပ်၏။ ကထိန်ခင်းရာလ ကိုသိအပ်၏။ ကထိန်အခင်းပျက်ခြင်းကို - ကထိန် အခင်းပြည့်စုံခြင်းကို-နိမိတ္တကမ္မကို --ပရိကထာကို--ကုက္ကုကတာကို--သန္နိဓိကို-နိဿဂ္ဂိယကို သိအပ်၏။

ကထိန်ကိုသိအပ်၏ဟူသည် ကထိန်မည်ကြောင်းအလိုကို တရား အပေါင်းတို့၏သာလျှင် သင်္ဂဟ-အပေါင်းသည်၊ သမဝါယော--ရောနှောခြင်းသည်၊ နာမ်-အနက်ဒြပ်သို့ ညွှတ်တဟ်သောအမည်သည်။ နာမကမ္မံ - အမည်ပြုခြင်းသည် (ဝါ) မှည့်အပ်သောအမည်သည်။ နာမဓေယ္ယံ- အမည်ထားခြင်းသည် (ဝါ) ထားအပ်သောအမည်သည်။ နိရုတ္တိ- အနက်ကိုထုတ်ဆိုသော ဝိဂြိုဟ်သံဒ္ဒါသည်။ ဗျဥ္ဇနံ-အနက်ကို ပြန်သောသဒ္ဒါသည်။ အဘိလာပေါ-အနက်ဒြပ်ကို ရှေးရှုဟောသောသဒ္ဒါသည် ကထိန်မည်၏။ ဝါ - ကထိန်ဟူသည် နာမပညတ်သာတည်း။ သဒ္ဒပညတ်၊ ဝါစက ပညတ်လည်း နာမပညတ်ပင်တည်း။ (ကထိန်ခင်းခြင်းကိုသိအပ်၏။ ဟူသည်ကိုကျယ်ဝန်းသောကြောင့်

နောက်၌သီးခြားဖြေလတ္တံ့။)

ကထိန်ခင်းရာလကို မိုးဥတုဏ်နောက်ဆုံးတစ်လဟု သိအပ်၏။ ကထိန်အခင်းပျက်ခြင်းကို (၂၄) ပါးသော အခြင်းအရာတို့ဖြင့် သိအပ်၏။ ကထိန်အခင်းပြည့်စုံခြင်းကို (၁၇) ပါးသော အခြင်းအရာတို့ဖြင့်သိအပ်၏။ နိမိတ္တကမ္မကို ဣမ်နာ ဒုဿေန ကထိနံ အတ္ထရိဿာမိဟု နိမိတ်ပြုခြင်းကိုသိအပ်၏။ ပရိကထာကို ဣမာယ ပရိကထာယ ကထိနဒုဿံ နိဗ္ဗတ္တေဿာမိဟု ပရိယာယ်သွယ်ဝိုက်ခြင်းကို သိအပ်၏။ ကုက္ကုကတကို အနာဒီယဒါနဟု (၀၊) တာ၀ကာလိက ၀တ္ထုဟုသိအပ်၏။ သန္ဓိဝိကို ကရဏသန္ဓိဝိ နိစယသန္ဓိဝိဟု နစ်မျိုးသိအပ်၏။ နိဿဂ္ဂိယကိုပြုလုပ်စဉ် အရဏ်တက်သည်ကို (၀၊) ညဉ့်ကို ဖွန့်သည်ကို သိအပ်၏။

[ထိုထို တရားအပေါင်းတို့၏ ဟူသည် အကြင်ရူပစသော ဓမ္မတို့ရှိလျှင် ကထိန်အမည်ဖြစ်၏။ ထိုရူပစသော ဓမ္မတို့၏တည်း။ ထိုဓမ္မတို့၏ သမောဓာန– ပေါင်းခြင်းသည်၊ မိဿိဘာ၀–ရောနှော်ခြင်းသည် ကထိန်မည်၏။ နာမ၊ နာမကမ္မ စသည်ဖြင့် ကထိန်ဟူသည် များစွာသောဓမ္မတို့၌ အမည်မျှသာတည်း။ ပရမတ္ထဖြင့် တရားတစ်ခုမျှမရှိဟုပြသည်။ (၂၄) ပါးသော အခြင်းအရာစသည်တို့ကို ဉလ္လိခိတဖြင့် ခင်းအပ်သောကထိန်မဖြစ် စသည်ဖြင့်လည်းကောင်း "အဟာတဖြင့် ခင်းအပ်သောကထိန်ဖြစ်၏ " စသည်ဖြင့်လည်းကောင်း ဆိုပြီးပြီ။ နိမိတ္တကမ္မ စသည်တို့လည်း ဆိုပြီးပြီ]

(**ဗီဇ်ဋ်**။ ။ အကြင် ရူပစသောဓမ္မတို့ဟူသည် ဝဏ္ဏ၊ ဂန္ဓ အစရှိသော ရုပ်ရှစ်ခု အပေါင်းတည်း။ မိုးဥတုဏ်နောက်ဆုံး တစ်လဆိုသောကြောင့် ထိုနောက်ဆုံးလ၌ အမှတ်မရှိ တစ်နေ့နေ့၌ ခင်းခြင်းငါ အပ်သည်ဟုထင်ရှား၏။

သာဒ်ဋ်။ ။ ရူပစသောဓမ္မဟူသည် သုဒ္ဓဋ္ဌကဓမ္မတို့ တည်း။

ဝိဇ္ဇီ။ ။ အကြင်ရူပစသော ဓမ္မတို့ဟူသည် ပုရိမ ဝါကျတ်သော ဘိက္ခုတို့၊ ငါးပါးအောက်မယုတ်သောသံဃာ၊ စီဝရမာသ၊ တရားနှင့်အညီဖြစ်သော စီဝရ ၊ ဤသို့စသော ရူပဓမ္မ၊ အရူပဓမ္မတို့တည်း။ မိသိဘာဝသည် သံသဂ္ဂဟာ သမူဟပညတ္တိမျှတည်း။ ထို့ကြောင့် ပရမတ္ထဖြင့်တစ်ခုမျှ မရှိ ဟုဆိုသည်။)

ကထိန်ခင်းပုံ။ ။ ကထိန်ခင်းခြင်းကို သိအပ်၏ဟူသည် သံဃာ အား ကထိနဒုဿဖြစ်အံ့။ သံဃာသည် အဘယ်သို့ ကျင့်အပ်သနည်း။ ခင်းသူသည် အဘယ်သို့ကျင့်အပ်သနည်း။ အနုမောဒက သည်အဘယ်သို့ကျင့်အပ်သနည်း။

၄၁၃။ သံဃာသည် ဉတ္တိဒုတိယကံဖြင့် ကထိန်ခင်းနိုင်သော ရဟန်း အား ပေးအပ်၏။ ထိုခင်းနိုင်သောရဟန်းသည် ထိုနေ့ဌာသာလျှင် ဖွပ်၍ ၊ သုံးသပ်၍ စီရင်၍၊ ဖြတ်၍၊ ချုပ်၍၊ ဆိုး၍၊ ကပွတိန္ဒုထိုး၍ ကထိန်ကိုခင်းအပ်၏။ (ယခင် ပုဗ္ဗကရဏာ၌ သုံးသပ်မပါ တည်းစပ်ပါသည်။ ယခုဌာတည်းစပ်မပါ၊ သုံးသပ်ပါသည်။) ဒုကူဋ်ဖြင့်ခင်းလိုသည်ဖြစ်အံ့ –ယခင် ဒုကူဋ်ဟောင်းကို အဓိဋ္ဌာန် ချအပ်၏။ ယခုဒုကူဋ်သစ်ကို အဓိဋ္ဌာန်တင်အပ်၏။ ဤမှာယ သံဃာ့ဌာ ကထိန် အတ္ထရာမိ–ဤဒုကူဋ်ဖြင့် ကထိန်ကိုခင်းပါ၏ဟု နှုတ်မြွက်အပ်၏။ ကိုယ်ရုံဖြင့်ခင်းလိုအံ့ ယခင်ကိုယ်ရုံကို အဓိဋ္ဌာန်ချအပ်၏။ ယခုကိုယ်ရုံကို အဓိဋ္ဌာန်တင်အပ်၏။ ဤမိနာ ဥတ္တရာသင်္ဂေါ်နေ ကထိန် အတ္ထရာမိ–ဟု နှုတ်မြွက် အပ်၏။ သင်းပိုင်ဖြင့်ခင်းလိုအံ့ ယခင်သင်းပိုင်ကို အဓိဋ္ဌာန်ချအပ်၏။ ယခု သင်းပိုင်ကို အဓိဋ္ဌာန်တင်အပ်၏။ ဤမိနာ အန္တရဝါသကေန ကထိန် အတ္ထရာမိ ဟု နှုတ်မြွက်အပ်၏။ (ဤနှုတ်မြွက်ခင်းရာ၌ ငါးပါးသံဃာ၏ မျက်မှောက် ရှေ့၌ဟုမဆို။ ကမ္မဝါစာဖတ်ခြင်းဟူသောခင်းရာ၌သာ ငါးပါးရှိမှ အပ်သည်။)

ထိုကထိန်ခင်းပြီးသောရဟန်းသည် သံဃာသို့ချဉ်းကပ်၍ ပခုံးတစ်ဖက် ၌ ကိုယ်ရုံတင်၍ လက်အုပ်ချီ၍ အတ္ထတံ ဘန္တေ သံဃသ ကထိနံ၊ ဓမ္မိကာ

ကထိနတ္ထာရော၊ အနုမောဒထ။ ဘန္တေ၊ အရှင်ဘုရားတို့၊ သံဃသ၊ သံဃာ အား (သံဃာ၏ သံဃာသည်)။ ကထိန်၊ ကထိန်ကို၊ အတ္ထတံ၊ ခင်းအပ်ပြီ။ ကထိနတ္ထာရော၊ ကထိန်ခင်းခြင်းသည်။ ဓမ္မိကော၊ တရားနှင့်ညီ၏။ အနုမောဒထ၊ ပမ်းမြောက်ကြကုန်လော။ ဤသို့ဆိုအပ်၏။ ထိုအနုမောဒထရဟန်းတို့သည် ပခုံးတစ်ဖက်ဌ ကိုယ်ရုံတင်၍ လက်အုပ်ချီ၍၊ အတ္ထတံ အာဝုသော သံဃသ ကထိန်၊ ဓမ္မိကော ကထိနတ္ထာရော၊ အနုမောဒါမ–ဝမ်းမြောက်ပါကုန်၏ဟု ဆိုအပ်၏။

ထိုကထိန်ခင်းပြီးသောရဟန်းသည် မျှားစွာသော (နှစ်ပါး၊ သုံးပါး) ရဟန်းတို့သို့ ချဉ်းကပ်၍ (ပ) အတ္ထတံဘန္တေ (ပ) အနုမောဒထ–ဟုဆိုအပ်၏။ ထိုအနုမောဒထတို့သည် အတ္ထတံ အာဝုသော (ပ) အနုမောဒါမ – ဟု ဆိုအပ်၏။

ထိုကထိန်ခင်းပြီးသောရဟန်းသည် ရဟန်းတစ်ပါးသို့ ချဉ်းကပ်၍ (ပ) အတ္ထတံအာဝုသော (ပ) အနုမောဒါဟိ –ဟုဆိုအပ်၏။ ထိုအနုမောဒကရဟန်းသည် အတ္ထတံအာဝုသော (ပ) အနုမောဒါမိ – ဝမ်းမြောက်ပါ၏ဟုဆိုအပ်၏။

၄၁၄။ သံဃာသည် ကထိန်ကိုခင်းသလော၊ ဂဏသည်ခင်းသလော၊ ပုဂ္ဂလသည်ခင်းသလော၊ သံဃာသည်မခင်း၊ ဂဏသည်မခင်း၊ ပုဂ္ဂလသည်ခင်း၏။ အကယ်၍ သံဃာမခင်း၊ ဂဏမခင်း၊ ပုဂ္ဂလခင်းလျှင် သံဃာခင်းသော ကထိန်၊ ဂဏခင်းသောကထိန်၊ ပုဂ္ဂလခင်းသောကထိန်ဖြစ်မည်လော၊ (ပါတိမောက်ပြဋ္ဌာန်း) သံဃာပြသလော၊ ဂဏပြသလော၊ ပုဂ္ဂလပြသလောဟု ပြန်မေးအပ်၏။

သံဃာမပြ၊ ဂဏမပြ၊ ပုဂ္ဂလသည်ပြ၏ဟု ဖြေလျှင်အကယ်၍ သံဃာမပြ၊ ဂဏမပြ၊ ပုဂ္ဂလပြလျှင် ၊ သံဃာမပြသောပါတိမောက်၊ ဂဏမပြသောပါတိမောက်၊ ပုဂ္ဂလပြသောပါတိမောက်လောဟု ပြန်မေးအပ်၏။

သံဃာ၏ညီညွတ်ခြင်းကြောင့်၊ ဂဏ၏ညီညွတ်ခြင်းကြောင့် ၊ ပုဂ္ဂလ၏

ပြခြင်းကြောင့် ၊ သံယာပြသောပါတိမောက်၊ ဂဏပြသောပါတိမောက်၊ ပုဂ္ဂလ ပြသောပါတိမောက်ဖြစ်သည်ဟု ဖြေဆိုအံ့။ ဤအတူ သံယာမခင်း၊ ဂဏမခင်း၊ ပုဂ္ဂလခင်းသည် သံယာ၏ အနုမောဒနာကြောင့်၊ ဂဏ၏ အနုမောဒနာကြောင့်၊ ပုဂ္ဂလ၏ခင်းခြင်းကြောင့် သံယာခင်းသောကထိန်၊ ဂဏခင်းသောကထိန်၊ ပုဂ္ဂလ ခင်းသောကထိန်ဖြစ်သည်ဟု ဖြေဆိုအပ်၏။

၆။ ပလ်ဟောဝပဌာဗျာကရဏ
မာတိကာရှစ်ပါး ပလိဟောပြတ်ခြင်း

၃၁၅။ ပဏ္ဏမနန္ဒိကော ကထိနုद्ধါရော ၊ ဝုတ္တော အာဒိစ္စ ဗန္ဓုနာ။
ဒေတ္ဌ တာဟံ ပုစ္ဆာမိ၊ ကတမော ပလိဟောဓော ပဌမံ ဆိဒ္ဓတိ။

ဘန္တေ၊ မြတ်စွာဘုရား၊ ပဏ္ဏမနန္ဒိကော၊ ဖဲခြင်းအဆုံးရှိသော ၊ ကထိနုद्ধါရော၊ ကထိန်နှုတ်ခြင်းကို၊ အာဒိစ္စဗန္ဓုနာ၊ နေမင်းအဆွေဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ ဝုတ္တော၊ ဟောအပ်၏၊ ဒေတ္ဌ၊ ဤပြဿနာကိုလည်း၊ ဟေ၊ ရှင်ကောဏ္ဍဘုရားအား၊ အဟံ၊ အကျွန်ုပ်သည်၊ ပုစ္ဆာမိ၊ မေးပါ၏။ ကတမော ပလိဟောဓော၊ အဘယ်ပလိဟောဓသည်။ ပဌမံ၊ ရှေးဦးစွာ။ ဆိဒ္ဓတိ ၊ ပြတ်ပါသနည်း။

ပဏ္ဏမနန္ဒိကော ကထိနုद्ধါရော ၊ ဝုတ္တော အာဒိစ္စ ဗန္ဓုနာ။
ဒေတ္ဌ တာဟံ ဝိဿဇ္ဇိဿံ၊ စိဝရ ပလိဟောဓော ပဌမံ ဆိဒ္ဓတိ။

ဥပါလိ၊ ချစ်သားဥပါလိ၊ ပဏ္ဏမနန္ဒိကော (ပ) ဝုတ္တော၊ ဒေတ္ဌ၊ ဤပြဿနာကိုလည်း၊ တေ၊ သင်အား၊ ဝိဿဇ္ဇိဿံ၊ ဖြေဆိုအံ့။ သိပ်ပသို့ ရောက်သည်နှင့် တပြိုင်နက် အာဝါသပလိဟောပြတ်သည်။

(**ဒီဋ္ဌီ**။ ။ အာဒိစ္စဗန္ဓုနာဟုဆိုခြင်းကြောင့် ဓာတုရဝစန ဥပါလိမထေရ်၏စကားဟု ဆိုကုန်၏။

(၁) ပဏ္ဏမနန္ဒိ ကထိန်နှုတ်ခြင်း၌ အဘယ်ပလိဟောဓသည် ရှေးဦ

စွာပြတ်ပါသနည်း။

စိ၀ရပလိဗောဓသည် ရှေးဦးစွာပြတ်၏။ ကျောင်းဝိုင်းပြင်ပသို့ ရောက်မှ အာ၀ါသပြတ်သည်။ (ပတ် – စီ)

(၂) နိဋ္ဌာနန္တိကနှုတ်ခြင်း၌ အဘယ်သည် ရှေးဦးပြတ်ပါသနည်။ အာ၀ါသပလိဗောဓ ရှေးဦးပြတ်သည်။ သက်နှိုးပြီးမှ စိ၀ရပြတ်သည်။ (နိ – အာ)

(၃) သန္ဓိဋ္ဌာနန္တိကနှုတ်ခြင်း၌ အဘယ်သည်ရှေးဦးပြတ်ပါသနည်း။ ပလိဗောဓနှစ်ပါးလုံး မရှေးမနှောင်းအတူပြတ်သည်။(သန်–တူ)

(၄) နာသနန္တိကနှုတ်ခြင်း၌ အဘယ်သည်ရှေးဦးပြတ်ပါသနည်း။ အာ၀ါသပလိဗောဓရှေးဦးပြတ်သည်။ သက်နှိုးပျောက်ပျက်မှ စိ၀ရပြတ်သည်။ (နာ – အာ)

(၅) သ၀နန္တိကနှုတ်ခြင်း၌ -- စိ၀ရပလိဗောဓ – ရှေးဦးပြတ်သည်။ ဂတိန်နှုတ်ပြီဟု ကြားသည်နှင့်တပြိုင်နက် အာ၀ါသပြတ်သည်။ (သ – စီ)

(၆) အာသာ၀ဆ္ဆေဒိကနှုတ်ခြင်း၌ – အာ၀ါသပလိဗောဓ ရှေးဦးပြတ်သည်။ သက်နှိုးအာသာပြတ်ကင်းမှ စိ၀ရပြတ်သည်။ (အာသာ–အာ)

(၇) သီမာတိက္ကမနန္တိကနှုတ်ခြင်း၌ -- စိ၀ရပလိဗောဓ ရှေးဦးပြတ်သည်။ သိမ်ပဋ္ဌ (တပေါင်းလပြည့်ကျော်)မှ အာ၀သပြတ်သည်။ (သီမာ–စီ)

(၈) သဟဇာဂနှုတ်ခြင်း၌ – ပလိဗောဓနှစ်ပါးလုံး မရှေးမနှောင်း အတူပြတ်သည်။ (သဟဇာရ်--တူ)

* ပတ်၊ နိတ်၊ သန်၊ နာ (၄)၊ သ၊ အာသာ (၂)၊ သီမာ၊ သဟဇာရ် (၂)

စီ ၊ အာ၊ တူ ၊ အာ (၄)၊ **စီ၊ အာ** (၂) **စီ၊ တူ** (၂)၊ ရှေးပြုတ်ဆဉ်တို့ ပေတည်။

(**ဓိ ဦ**။ ။ သန္ဓိဌာနန္တိကကို အဘယ်သို့ပြင်ပဌ် နှုတ်သနည်း။ ရဟန်းသည် မပြီးသေးသောသင်္ကန်းကိုယူ၍ မပြန်တော့အံ့ဟု ဖဲသွင်းအံ့။ ပြင်ပသို့ရောက်သောအခါ ဤသင်္ကန်းကို မပြုတော့အံ့ဟုဆုံးဖြတ်အံ့ – ဤသို့ပြင်ပဌ်နှုတ်၏။ တျောင်းတွင်းဌ် အဘယ်သို့နှုတ်သနည်း၊ မပြီးသေးသောသင်္ကန်းကိုယူ၍ မပြန်တော့အံ့ဟုဖဲသွားပြီးလျှင် ရောက်ရာဌ် ဗာသုဝိဟာရကို မရ၍ ထိုမူလကျောင်းသို့သာပြန်လာအံ့ – ဗီဝဂုပလိဗောဓသည် ရှိသေး၏။ ဤသင်္ကန်းကို မပြုတော့အံ့ဟု ဆုံးဖြတ်ပေသော အခါ ထိုပလိဗောဓပြတ်၏။ ဤသို့တျောင်းတွင်းဌ်နှုတ်၏။ သန္ဓိဌာနန္တိကသည် နှစ်မျိုးရှိ၏။ မပြန်တော့အံ့ဟု အာဝါသပလိဗောဓကို ဖြတ်၍ တဖန်ပြန်လာ၍ ဤသင်္ကန်းကို မပြုတော့အံ့ဟု ဆုံးဖြတ်ခြင်းတစ်မျိုး၊ ပြင်ပဌ်နေ၍ မပြုတော့အံ့ဟု၍ လည်းကောင်း၊ မပြန်တော့အံ့ဟု၍လည်းကောင်း၊ ဆုံးဖြတ်ခြင်းတစ်မျိုး၊ ဤနှစ်မျိုးကို တွင် ဒုတိယမျိုးကိုရည်၍ မရှေးမနှောင်းအတူ ပြတ်သည်ဟု ဆိုသည်။ အာသာဝစ္ဆေဒိကနှုတ်ခြင်းသည် ကျောင်းတွင်းဌ် အဘယ်သို့ ဖြစ်သနည်း။ ကျောင်းတွင်းဌ် အာသာရှိသူဖြစ်၍ "အရှင်တို့သည် ကျောင်းဌ် နေလျက်သာ တောင့်တကြပါ။ ပို့လိုက်ပါမည်" ဟုဆိုအပ်သော ရဟန်းသည်လည်းကောင်း၊ မပြန်တော့ပြီဟု အာဝါသပလိဗောဓကိုဖြတ်၍ သွားပြီးမှ တပန်ထိုကျောင်းသို့ ပြန်လာသောရဟန်းသည် လည်းကောင်း၊ အကျွန်ုပ်သည် ယုံကြည်မတတ်နိုင်တော့ပါ" ဟုစေလိုက်သောအခါ ကျောင်းတွင်း အာသာဝစ္ဆေဒိကနှုတ်ခြင်းဖြစ်သည်ဟု ရေးဆပ်ဖေ။)

၄၁ဖ။ **အဓိန** ။ ။ အဘယ်မျှသော ကာလိန်နှုတ်ခြင်းကို ...

သံယာနှင့် စပ်ကုန်သနည်း၊ အဘယ်မျှပုဂ္ဂိုလ်နှင့် စပ်ကုန်သနည်း၊ အဘယ်မျှ သံယာနှင့်လည်းမစပ်၊ ပုဂ္ဂိုလ်နှင့်လည်းမစပ်ကုန်သနည်း။

ဝန်ပါးသောနှုတ်ခြင်းသည် သံယာနှင့်စပ်၏။ အနုရုဒ္ဓာရတည်း။ လေးပါးတို့သည် ပုဂ္ဂိုလ်နှင့်စပ်ကုန်၏။ ပဏ္ဏမနုဿိုက၊ နိဗ္ဗာနုဿိုက၊ သန္ဓိဗ္ဗာနုဿိုက၊ သီမာပရိဂ္ဂမနုဿိုကဟုတည်း။ လေးပါးတို့သည် သံယာနှင့်လည်းမစပ်၊ ပုဂ္ဂိုလ်နှင့်လည်းမစပ်ကုန်။ နာသနုဿိုက၊ သဝနုဿိုက၊ အာသာဝဿေဒိုက၊ သဟုဒ္ဓာရတည်း။

အနုရုဒ္ဓာဟူသည် တပေါင်းလပြည့်အတွင်း ကျောင်းတွင်း၌ ကမ္မဝါစာဖြင့် ကထိန်နှုတ်ခြင်းပြုပ၏။ သဟုဒ္ဓာရသည် ပြန်လာမည်ဟုထွက်သွားသူသည် ကိုကမ္မဝါစာဖြင့်နှုတ်ခြင်းကို အမှီရောက်လာ၏။

သီမ်ကွင်း၊ သီမ်ပ ။ ။ အဘယ်မျှသော ကထိန်နှုတ်ခြင်းတို့ကို ကျောင်းတွင်း၌ နှုတ်သနည်း။ အဘယ်မျှ ကျောင်းပြင်ပ၌နှုတ်သနည်း။ အဘယ်မျှ ရံခါကျောင်းတွင်း ရံခါကျောင်းပြင်ပ၌နှုတ်သနည်း။ နှစ်ပါးသောနှုတ်ခြင်းတို့ကို ကျောင်းတွင်း၌နှုတ်၏။ အနုရုဒ္ဓာရ သဟုဒ္ဓာရတည်း။ သုံးပါးတို့ကို ကျောင်းပြင်ပ၌နှုတ်၏။ ပဏ္ဏမနုဿိုက သဝနုဿိုက သီမာတိက္ကမနုဿိုကတည်း။ လေးပါးတို့ကို ရံခါကျောင်းတွင်း၊ ရံခါကျောင်းပြင်ပ၌နှုတ်၏။ နိဗ္ဗာနုဿိုက သန္ဓိဗ္ဗာနုဿိုက နာသနုဿိုက အာသာဝဿေဒိုကတည်း။

ဥပ္ပါဒ၊ နိရောဓ

အဘယ်မျှလောက်သောကထိန်နှုတ်ခြင်းတို့သည် ဧကုပ္ပါဒ ဧကနိရောဓတို့ဖြစ်ကုန်သနည်း။ အဘယ်မျှ ဧကုပ္ပါဒ-နာနာနိရောဓတို့ ဖြစ်ကုန်သနည်း။ နှစ်ပါးသောနှုတ်ခြင်းတို့သည် ဧကုပ္ပါဒ - ဧကနိရောဓတို့ဖြစ်ကုန်၏။ အနုရုဒ္ဓာရ၊ သဟုဒ္ဓာရတည်း။ အကြွင်းတို့သည် ဧကုပ္ပါဒ - နာနာနိရောဓတို့ ဖြစ်ကုန်၏။

[ဧကုပ္ပါဒ – ဧကနိရောဓဟူသည် ဖြစ်သောအခါလည်း တပေါင်းတည်းဖြစ်ကုန်၏။ ချုပ်သောအခါလည်း တပေါင်းတည်း ချုပ်ကုန်၏။ ဧကပ္ပါဒ – နာနာနိရောဓဟူသည်ဖြစ်သောအခါ တပေါင်းတည်းဖြစ်၍ ချုပ်သောအခါ အသီးသီးချုပ်ကုန်၏။ ဆိုလိုရင်း ကား အလုံးစုံသော ကထိန်နှုတ်ခြင်းတို့သည်လည်း ခင်းခြင်းနှင့်တကွ တပေါင်းတည်းဖြစ်ကုန်၏။ ခင်းခြင်းရှိမှ နှုတ်ခြင်းမည်သောကြောင့် တည်း။ ချုပ်သော်ကား ရှေးနှစ်ပါးသည် ခင်းခြင်းနှင့်တကွ တပေါင်း တည်းချုပ်ကုန်၏။ နှုတ်အပ်သည်အဖြစ်သို့ရောက်ကုန်၏။ အတ္ထာရ၏ နိရောဓသည်လည်းကောင်း ရှေးနှစ်ပါးတို့၏ ဥဒ္ဓါရဘာဝသည် လည်းကောင်း တစ်ပြိုင်နက်ဖြစ်ကုန်၏။ အကြွင်းတို့သည် အသီးသီးချုပ်ကုန်၏။ ထိုအကြွင်းတို့သည် ဥဒ္ဓါရဘာဝသို့ ရောက်ကုန် သော်လည်း အတ္ထာရသည် တည်လျက်သာတည်း။ အားလုံး၌ အကြွင်းပေါ်လွင်သည်သာတည်း။ ပညတ္တိဝဂ္ဂအဖွင့်ပြီး၏။]

(**ဒီ၌** – ခင်းခြင်းရှိမှ နှုတ်ခြင်းမည်ပုံကား၊ အတ္ထာရ ကင်း၍ ဥဒ္ဓါရကိုမရကုန်။ ထို့ကြောင့်ဆိုသည်၊ ရှေးနှစ်ပါး ဟူသည် ရှေး၌ ဧကုပ္ပါဒ–ဧကနိရောဓဟုဆိုပြီးသော အနန္တရဗ္ဘာရ၊ သဟုဗ္ဘာရတို့တည်း။ ပဏ္ဏမနန္တိကစသော နှစ်ပါးမဟုတ် တပေါင်းတည်းချုပ်ကုန်၏ဟူသည် ဥဒ္ဓါရဘာဝသို့ ရောက်ကုန် ၏ ဟူလို။)

သာ၌ – ရှေးနှစ်ပါးဟူသည် ဤအရာ၌ ပဌမဆိုသော အနန္တရဗ္ဘာရတို့တည်း။ ပဏ္ဏမနန္တိကစသော နှစ်ပါးသော ဥဒ္ဓါရတို့မဟုတ်။)

ဝိ၌ – တပေါင်းတည်းဖြစ်ကုန်၏ဟူသည် ခင်းသည် နှင့်တကွဖြစ်ထိုက်ကုန်၏ဟူလို။ ခင်းသည်မှစ၍ နှုတ်ခြင်း အားလုံးတို့သည် ထိုထိုအကြောင်းထူးကိုစွဲ၍ ဖြစ်ကုန်၏။ ထို့

ကြောင့်အားလုံး ဧကုပ္ပါဒမည်ကုန်၏။ ထိုတွင်အန္တရဗ္ဘာရ၊ သဟုဗ္ဘာရနှစ်ပါးသာလျှင် ထိုကျောင်းကို ကထိန်မခင်းသော ကျောင်းနှင့်တူအောင်ပြုလျှက် ကိုယ်တိုင်အလုံးစုံသော ခင်းခြင်းနှင့်တကွ ချုပ်ကုန်၏။ ဥဒ္ဓါရဘာဝသို့ ရောက်ကုန်၏။ ကြွင်းသော နှုတ်ခြင်းတို့သည်ကား၊ ထိုထိုသီးခြားနှုတ်ခြင်းကိုသာ ပလိဗောဓနှစ်ပါးကိုဖြတ်သည့်အစွမ်းဖြင့် ချုပ်စေလျှက် ကိုယ်တိုင် ဥဒ္ဓါရဘာဝသို့ရောက်ကုန်၏။ အလုံးစုံသော ခင်းခြင်းကို မချုပ်စေကုန်။ ကထိန်နှုတ်ခြင်းသည်လည်း နိရောဓမည်၏။ ထိုထိုအကြောင်းကိုစွဲ၍ ဥဒ္ဓါရဘာဝသို့ ရောက်ခြင်းဖြစ်၏။ ဤသို့လျှင် ဥပဓိမည်သည် ကထိနဒ္ဓါရသာတည်း။ ထို့ကြောင့် အလုံးစုံသော ကထိန်နှုတ်ခြင်းတို့သည် လမ်းခင်းခြင်းနှင့်တကွ တပေါင်းတည်းဖြစ်ကုန်၏ စသည်ကို ဆိုသည်။ ရှေးနှစ်ပါးဟူသည် ဧကုပ္ပါဒ – ဧကနိရောဓဟု ပါဠိတော်၌ ပဌမဟောသော အန္တရဗ္ဘာရ၊ သဟုဗ္ဘာရနှစ်ပါးတည်း။ ပက္ကမနန္တိကစသော အကြွင်းတို့သည် ဥဒ္ဓါရဘာဝသို့ ရောက်ခြင်းဟူသော နိရောဓသို့ ရောက်ကုန်သော်လည်း အတ္ထာရသည်တည်လျက်ရှိ၏။ ပြုပြီးသော သင်္ကန်းကိုယူ၍ ဖဲသွားသူစသည်ကိုဖယ်ထား၍ ကြွင်းသော ပုဂ္ဂိုလ်တို့အားပလိဗောဓရှိသောကြောင့် ကထိနတ္ထာရသည် တည်၏။ ပညတ္တိဝဂ္ဂဝဏ္ဏနာနည်းပြီး၏။)

ပညတ္တိဝဂ်ပြီး၏။

ကထိနဘေဒပြီး၏။

၁၇-ဥပါလိပဋ္ဌာန (၁၄ - ၀၈၊ ပဋ္ဌာန ၂၅၁)

၁။ အနိသိတဝဂ္ဂ -- ၁၉ ။ ပဋ္ဌာန

၄၁၇။ **နိဿယည်းလွတ်အင်္ဂါ။** ။ ထိုအခါ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ တည်နေတော်မူ၏။ ထိုအခါ အရှင်ဥပါလိသည် ချဉ်းကပ်၍ ရှိခိုး၍ တစ်ခုသောနေရာ၌နေ၍ ဤသို့နှားတော်လျှောက်၏။ မြတ်စွာဘုရား အဘယ်မျှသောအင်္ဂါနှင့်ပြည့်စုံသောရဟန်းသည် တသက်လုံး အမှီကင်းလျှက် မနေအပ်ပါသနည်း။ ချစ်သားဥပါလိ။ ငါးပါးသောအင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည် တသက်လုံးအမှီကင်းလျှက်မနေအပ်။ ငါးပါးကား ၊ ဥပုသ်ကိုမသိ၊ ဥပုသ်ကံကိုမသိ၊ ပါတိမောက်ကိုမသိ၊ ပါတိမောက်ပြခြင်းကိုမသိ၊ ငါးဝါမရသူ ဖြစ်၏။ ဤအင်္ဂါငါးပါးရှိသောရဟန်းသည် တသက်လုံးအမှီကင်းလျှက် မနေအပ်။ တသက်လုံးအမှီကင်းလျှက်နေအပ်သော အင်္ဂါကား ဥပုသ်ကို သိ၏။ ဥပုသ်ကံကိုသိ၏။ ပါတိမောက်ကိုသိ၏။ ပါတိမောက်ပြခြင်းကိုသိ၏။ ငါးဝါရပြီးသူဖြစ်၏။ ဤငါးပါးတည်း။ ထို့ပြင်မနေအပ်သောအင်္ဂါငါးပါး ကား- ပဝါရဏာကိုမသိ၊ ပဝါရဏာကံကိုမသိ၊ ပါတိမောက်ကိုမသိ၊ ပတိမောက်ပြခြင်းကိုမသိ၊ ငါးဝါမရသူဖြစ်၏။ နေအပ်သောအင်္ဂါကား ပဝါရဏာကို၊ ပဝါရဏာကံကို၊ ပါတိမောက်ကို၊ ပါတိမောက်ပြခြင်းကိုသိ၏။ ငါးဝါရပြီးဖြစ်၏။ ထို့ပြင်မနေအပ်ငါးပါးကား ၊ အာပတ်နှာပတ်ကိုမသိ၊ လဟု ဂရုအာပတ်ကိုမသိ၊ သာဝသေသာနုဝသေသအာပတ်ကိုမသိ၊ ဒုဋ္ဌုလ္လာဒုဋ္ဌုလ္လ အာပတ်ကိုမသိ၊ ငါးဝါမရသူ။ နေအပ်ငါးပါးကား၊ အာပတ်နှာပတ်ကိုသိ၏ (ပ) ။ ငါးဝါရပြီးဖြစ်၏။

[မထေရ်သည် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်လျက် ဤပဋ္ဌာန အားလုံးတို့ကို ဆင်ခြင်၍ ဘုရားရှင်ကိုမေးမြန်းပြီးသောအခါ ၊ ဤမှီခိုနေသော တပည့်တို့၏ အကျိုးငှါ ပါဠိအစဉ်ကိုထားမည်ဟု နှလုံးသွင်း၍ ချဉ်းကပ်ကာ ပြဿနာတို့ကို မေး၏။ ပြဿနာအဖြေ၌ ဥပုသ်ကိုမသိဟူသည် ကိုးမျိုးသောဥပုသ်ကိုမသိ။ ဥပုသ်ကံမသိဟူသည်

အမှီပြုဝဋ္ဋစသော လေးပါးသော ဥပုသ်ကံကိုမသိ။ ပါတိမောက်ကို ဟူသည် ဒွေမာတိကာကိုမသိ။ ပါတိမောက်ပြုခြင်းကိုဟူသည် ဘိက္ခု တို့၏ငါးပါးသော ဘိက္ခုနီတို့၏ လေးပါးသောပါတိမောက်ပြုခြင်း ကိုးပါးကို မသိ။ ပဝါရဏာကိုဟူသည် ကိုးမျိုးသော ပဝါရဏာကိုမသိ။ ပဝါရဏာကံကို ဟူသည် အမှီပြုဝဋ္ဋစသော လေးပါးသော ပဝါရဏာ ကံကိုမသိ။ အာပတ်နာပတ် ကိုဟူသည် ထိုထိုသိက္ခာပုဒ်၌ ညွှန်းပြအပ်သော အာပတ္တိကိုလည်းကောင်း၊ အနာပတ္တိကိုလည်းကောင်း မသိ။]

၄၁၈။ **ကျောင်းထိုင်အင်္ဂါ** ။ ။ မြတ်စွာဘုရား အဘယ်မျှသော အင်္ဂါဝို့နှင့် ပြည့်စုံသောရဟန်းသည် ဥပဇ္ဈာယ်ပြု၍ ရဟန်းပြုမပေးအပ်၊ နိဿယသည်းမပေးအပ်၊ သာမဏေကို မလုပ်ကျွေးစေအပ်ပါသနည်း။ ချစ်သား ဥပါလိ ငါးပါးသော အင်္ဂါနှင့် (၀) မလုပ်ကျွေးစေအပ်ငါးပါးကား – အန္တေဝါသိက သဒ္ဓိဝိဟာရိက တပည့်ကို ဂိလာနဖြစ်သောအခါ လုပ်ကျွေးခြင်းငှါ လုပ်ကျွေးစေခြင်းငှါ မစွမ်းနိုင်။ မမွေ့လျော်ခြင်းဖြစ်သောအခါ ခေါ်သွားခြင်းငှါ၊ ခေါ်သွားစေ ခြင်းငှါ မစွမ်းနိုင်။ ကုက္ကုစ္စဖြစ်သောအခါ တရားဖြင့်ပယ်ဖျောက်ခြင်းငှာ ပယ်ဖျောက်စေခြင်းငှါ မစွမ်းနိုင်။ ဓမ္မသက်သက်၌ ဆုံးမခြင်းငှါမရ[illegible]မ်းနိုင်။ ဝိနယသက်သက်၌ ဆုံးမ ခြင်းငှါ မစွမ်းနိုင်။ ဤငါးပါးတည်း။ အပ်[illegible] အင်္ဂါငါးပါးကား – အန္တေဝါ သိကသဒ္ဓိဝိဟာရိကတပည့်ကို ဂိလာနဖြစ်သော အခါ (၀) စွမ်းနိုင်၏။ မွေ့လျော် ခြင်းဖြစ်သောအခါ -- စွမ်းနိုင်၏။ ကုက္ကုစ္စ ဖြစ်သောအခါ -- စွမ်းနိုင်၏။ ဓမ္မသက်သက်၌ -- စွမ်းနိုင်၏။ ဝိနယ သက်သက်၌–စွမ်းနိုင်၏။ထို့ပြင် မအပ် ငါးပါး -- အန္တေဝါသိက သဒ္ဓိဝိဟာရိကတပည့်ကို အဘိသမာစာရိကသိက္ခာ ဖြင့်ကျင့်စေခြင်းငှါ --၊ အာဒိဗြဟ္မစရိယကသိက္ခာဖြင့်ဆုံးမခြင်းငှါ၊ အဓိသီလ၌ ဆုံးမခြင်းငှါ ၊ --အဓိစိတ္တ၌ ဆုံးမခြင်းငှါ -- ၊ အဓိပညာ၌ဆုံးမခြင်းငှါ မစွမ်းနိုင်။ အပ်ငါးပါးကား အန္တေဝါသိက (၀) စွမ်းနိုင်၏။

၄၁၉။ **ကံထိုက်ကြောင်းများ** ။ ။ ပြိတ်စွာဘုရား အဘယ်မျှ သောအင်္ဂါနှင့် ပြည့်စုံသော ရဟန်းအား ကံကိုပြုခြင်းပါသနည်း။ ချစ်သားဥပါလိ ငါပါးသော အင်္ဂါနှင့် ပြည့်စုံသောရဟန်းအား ကံကိုပြုအပ်၏။ ငါးပါးကား - အလစ္ဓိဖြစ်၏။ ဗာလဖြစ်၏။ အပကတတ္တ ဝိနည်းခ္ခ မလိမ္မာ သူဖြစ်၏။ မိစ္ဆာဒိဋ္ဌိဖြစ်၏။ အာဇီဝ ပျက်၏။ ထို့ပြင်ငါးပါး အဓိသီလ၌ သီလပျက်၏။ အဗျာပဇ္ဇာရုံ၌အာစာရပျက်၏။ ဘိဒိဋ္ဌိ၌ ဒိဋ္ဌိပျက်၏။ မိစ္ဆာဒိဋ္ဌိဖြစ်၏။ အာဇီဝပျက်၏။

ထို့ပြင်ငါးပါး ကာယိကေန ဒဝေန သမန္နာဂတော - ကိုယ်မြူးထူးသူ၊ နှုတ်မြူးယူးသူ၊ ကိုယ်နှုတ် မြူးထူးသူ၊ မိစ္ဆာဒိဋ္ဌိဖြစ်၏။ အာဇီဝပျက်၏။ ထို့ပြင်ငါးပါး ကာယိကေန အနာစာရေန သမန္နာဂတော - ကိုယ်ကျင့်ပျက်သူ၊ နှုတ်ကျင့် ပျက်သူ၊ ကိုယ်နှုတ်ကျင့်ပျက်သူ၊ မိစ္ဆာဒိဋ္ဌိ၊ အာဇီဝဝိပန္နေ။ ထို့ပြင်ငါးပါး ကာယိကေန ဥပဃာတိကေန သမန္နာဂတော - ကိုယ်ကျင့်ဖျက်ဆီးခြင်းဖြင့်ချုတ်သူ၊ နှုတ်ကျင့်ချုတ်သူ၊ ကိုယ်နှုတ်ကျင့်ချုတ်သူ၊ မိစ္ဆာဒိဋ္ဌိ၊ အာဇီဝဝိပန္နေ။

ထို့ပြင် ငါးပါး ကာယိကေန မိစ္ဆာဇီဝေန သမန္နာဂတော - ကိုယ်မိစ္ဆာဇီဝ ရှိသူ၊ နှုတ်မိစ္ဆာဇီဝရှိသူ၊ ကိုယ်နှုတ် မိစ္ဆာဇီဝရှိသူ၊ မိစ္ဆာဒိဋ္ဌိ၊ အာဇီဝဝိပန္နေ။ ထို့ပြင် ငါးပါး အာပတ်သို့ရောက်၍ ကံပြုခံရလျက် ဥပဇ္ဈာယ်ပြု၍ ရဟန်းပြုပေး၏။ နိဿယပေးပေး၏။ သာမဏေကိုလုပ်ကျွေးစေလျက်။ ဘိက္ခုနောဝါဒက သမ္မုတိကိုလက်ခံသာယာ၏။ သမ္မုတိရပြီးဖြစ်သော်လည်း ဘိက္ခုနီတို့ကို ဆုံးမ၏။

ထို့ပြင်ငါးပါး အကြင်အာပတ်ဖြင့် သံဃာသည် ကံပြု၏။ ထိုအာပတ် သို့ရောက်ပြန်၏။ ထိုနှင့်အလားတူအာပတ်သို့ရောက်၏။ ထိုထက် ယုတ်မာ သောအာပတ်သို့ ရောက်၏။ ကံကိုကဲ့ရဲ့၏။ ကံပြုသူတို့ကိုကဲ့ရဲ့၏။ ထို့ပြင် ငါးပါး ဘုရား၏ ကျေးဇူးမဲ့ကိုဆို၏။ တရား၏ကျေးဇူးမဲ့ကိုဆို၏။ သံဃာ၏ ကျေးဇူးမဲ့ကိုဆို၏။ မိစ္ဆာဒိဋ္ဌိဖြစ်၏။ အာဇီဝဝိပန္နဖြစ်၏။ ဤအင်္ဂါငါးပါး

ရှိသူအား ကံပြုအပ်၏။

[ရောက်၍ကံပြုခံရလျက်ဟူသည် အာပတ်သို့ရောက်၏။ ထိုအကြောင်းကြောင့်သာလျှင် သံဃာသည် ကံကိုပြု၏။]

(**ဓီဋ္ဌိ** – ကာယိကဥပဃာတိက ဟူသည် ကာယေန ဝိဘိက္ခမော – ကိုယ်ဖြင့်လွန်ကျူး၏။)

အနိဿိတဝဂ္ဂေါ ပဌမော။

ဥပါလိပဉ္စကေ ၁၄–ဝဂ်၌

၂ – နေ့ပွဲဦးပွဲသမ္ဘန်ဝဂ်

၁၂ – ပဉ္စက။

၄၂၀။ **ကံမငြိမ်းကြောင်းများ**။ ။ မြတ်စွာဘုရား အဘယ်မျှသော အင်္ဂါနှင့်ပြည့်စုံသောရဟန်းအား ကံကိုမငြိမ်းစေအပ်သနည်း။ ချစ်သားဥပါလိ ငါးပါး သောအင်္ဂါနှင့်ပြည့်စုံသောရဟန်းအား ကံကိုမငြိမ်းစေအပ်။ ငါးပါးကား အားပတ်သို့ရောက်၍ ကံပြုခံရလျက် ဥပဇ္ဈာယ်ပြု၍ ရဟန်းပြုပေး၏။ နိဿယည်းပေး၏။ သာမဏေကိုလုပ်ကျွေးစေ၏။ ဘိက္ခုပါဒက သမ္မုတိကို လက်ခံသာယာ၏။ သမ္မုတိရပြီးဖြစ်၍သော်လည်း ဘွဲ့နှိုတို့ကိုဆုံးမ၏။ ထို့ပြင်ငါးပါး ကံပြုကြောင်းအာပတ်သို့ကျ[illegible]၏။ အလားတူအာပတ်သို့ ရောက်[illegible]။ ထိုထက်ယုတ်မာသော အာ[illegible]သို့ရောက်၏။ ကံကိုကဲ့ရဲ့၏။ ကံပြု သူတို့ကိုကဲ့ရဲ့၏။ ထို့ပြင်ငါးပါး ဘုရား ကျေးဇူးမဲ့[illegible]။ တရားကျေးဇူးမဲ့ဆို၏။ သံဃာကျေးဇူးမဲ့ဆို၏။ မိစ္ဆာဒိဋ္ဌိဖြစ်၏ အာဇီ[illegible]ပန္နဖြစ်၏။ ထို့ပြင်ငါးပါး အလစ်ခ[illegible]ဖြစ်၏။ ဗာလဖြစ်၏။ အပကတတ္တာဖြစ်၏။ သြ[illegible]ရက ကျင့်ဝတ်တို့၌ လွမ်းမိုးပြုသူဖြစ်၏။ (ဝါ – ကျင့်ဝတ်ပျက်သူဖြစ်၏။) သံကွာတို့၌ မဖြည့်ကျင့်သူဖြစ်၏။

ဤအင်္ဂါငါးပါးရှိသူအား ကံကိုမငြိမ်း[illegible]အပ်။

[ကံကိုမငြိမ်းစေအပ်ဟူသည် ဤရဟန်းသည်သင့်လျော်သော ကျင့်ဝတ်တို့ကိုမကျင့်၊ ထို့ကြောင့်ကံကို မငြိမ်းစေ အပ်။ သရဒ္ဓမကာ ဝိယ - ကြိုးရှည်တန်းလန်းနှင့်တကွကဲ့သို့ လွတ်ယား အပ်၏။]
(တဒ္ဓနိယကံစသော ကြိုးတန်းလန်း ဟူလို။)

(**ဇိဋ္ဌိ ၊ သာဋ္ဌိ**။ ။ သြမဒ္ဒကာရကောတိ သြမဒ္ဒိတွာ အဘိဘဝိတွာ ကာရတော)

၄၂၁။ **သင်္ဂါမာဝစရကိုယ်တွင်းပဋ္ဌာန**။ ။ မြတ်စွာဘုရား စစ်ပွဲမြေ ပြင်သက်ဝင်သော သင်္ဂါမာ ဝစရ ရဟန်းသည် သံဃာသို့ချဉ်းကပ်သောအခါ အဘယ်မျှသောဓမတို့ကို ကိုယ်တွင်းခ္ဍဖြစ်စေ၍ ချဉ်းကပ်အပ်ပါသနည်း။ ချစ်သားဥပါလိ၊ ငါးပါးသော ဓမ္မတို့ကို ဖြစ်စေ၍ချဉ်းကပ်အပ်ပါ၏။ ငါးပါးကား - နှိမ်ချသောစိတ်ဖြင့် ခြေသုတ်ဝန်းနှင့်တူသောစိတ်ဖြင့် ချဉ်းကပ်အပ်၏။ နေရာခ္ဍလိမ္မာသူ နေခြင်းခ္ဍ လိမ္မာသူဖြစ်ထိုက်၏။ မထေရ်တို့ကို မတိုးမခေ့ဘဲ သီတင်းငယ်တို့ကို နေရာဖြင့်မတ်ားမြစ်ဘဲ သင့်လျော်သောနေရာခ္ဍ၊ နအပ်၏။ ထူးပြားထွေလာ စကားမဆိုသူ မဂ်ဖိုလ်မှ ဖီလာစကားမဆိုသူဖြစ်၍ [illegible]တိုင်တရားစကားပြော ဟောတတ်အပ်၏။ သူတစ်ပါးကိုသော်လည်း တိုက်ဟွန်းအပ်၏။ မြတ်သော ဆိတ်ဆိတ်နေခြင်းကိုသော်လည်း မထီမဲ့မြင်မပြုအပ်။ ချစ်သားဥပါလိ - အကယ် ၍သံဃာသည် သမဂ္ဂ ကရဏီယကံတို့ကိုပြုသည်ပြီး[illegible]၊ ထိုကံခ္ဍမနှစ်သက်အံ့။ ဒိဋ္ဌာဝိကမ္မ - မိမိအယူကိုထင်ရှားစွာပြုခြင်းကိုပြု၍[illegible]သော်လည်း သာမဂ္ဂီသို့ ချဉ်းကပ်အပ်၏။ အကြောင်းကား ငါသည် သံဃာနှင့်မတူသေ[illegible]ခနတ္တာပုဂ္ဂိုလ် မဖြစ်လတ္တံ့။ မဖြစ်ထိုက်။ ထို့ကြောင့်တည်း။ ဤငါးပါးကိုအဋ္ဌ[illegible]ခ္ဍဖြစ်စေ၍ သံဃာသို့ ချဉ်းကပ်အပ်၏။

[သမဂ္ဂကရဏီယ ကံတို့ဟူသည်ကား သမဂ္ဂကို့သည်ပြုအပ်

ကောင် ဥပုသ်က် စသည်တို့တည်း။ ဥပုသ်ပဝါရဏာ စသည်တို့ကို ရပ်တန့်စဉ်ကွင် အထောက်အပံ့မပေးအပ်။ အကယ်၍ သံဃာသည် အပြစ်ကင်း ဒေသနာကြားစေ၍ သံဃာ၏ညီညွတ်ခြင်းကိုပြုအံ့၊ တိဏဝတ္ထာရက သမထကိုသော်လည်း ပြု၍ ဥပုသ်ပဝါရဏာကိုပြုအံ့၊ ဤသို့သောက်သည် သမဂ္ဂကရဏီယက်မည်၏။ ထိုသို့သောက်၌ သင်္ဂါမာဂစရ ရဟန်းသည် မနှစ်သက်ငြားအံ့၊ ဒိဋ္ဌာဝိကမ္မကိုသော်လည်း ပြု၍ ထိုသို့သော သာမဂ္ဂီသို့ချဉ်းကပ်အပ်သည်သာတည်း။

ဆန့်ကျင်သောယူခြင်းကို မယူအပ်၊ ဓမ္မမဟုတ်သည်ကို ဝိနယမဟုတ်သည်ကို သတ္တုဿာသနဟု ပြုသော သံဃာအစည်းအဝေးဌာနာ ဒိဋ္ဌာဝိကမ္မပြုခြင်းသည် မအပ်။ တား၍ ဖဲသွားအပ်၏။]

(**သာဓု** - အထောက်အပံ့ မပေးအပ်ဟူသည် သာမဂ္ဂီပျက်စီးခြင်းငါ အားအဆင့်မပေးအပ်။ ဒိဋ္ဌာဝိကမ္မ ကို သော်လည်းပြု၍ဟူသည် နေ မေ တံ ခမတိ ဤ၈၁ကို ငါမနှစ်သက်ဟုအယူကို ထင်ရှားစွာပြု၍သော်လည်းကဉ်း။

ဝိဇ္ဇ - သမဂ္ဂကရဏီယက်တို့ဟူသည် ဝိဝါဒါဒိ ကရဏီးတို့မှ ရှောင်ခြမည်မည်ညွတ်ဖြစ်၍ နောက်ခ်ညီညွတ်ခြင်းသို့ ကပ်ရောက်သူတို့ပြုအပ်သောကံတို့တည်း။ မစောင့်စည်းသူတို့ ရောပြွမ်းသောပရိတ်သတ်နှင့်အတူ လဒ္ဓိတို့သည် ညီညွတ်ခြင်း ကိုပြုကုန်သလောဟုမေးဘွယ်ရှိသောကြောင့်၊ ဥပုသ်ပဝါရဏာ စသည်တို့ရပ်တန့်စဉ်တွင် စသည်ကိုဆိုသည်။ ရပ်တန့်စဉ်ဟူ သည် ဥပုသ်ပဝါရဏာတို့သည် အပ္ပဝတ္တီသု - မဖြစ်ကုန်သည် ရှိသော်။ အထောက်အပံ့ မပေးအပ်ဟူသည် ဥပရူပရိ အပ္ပဝတ္တ နုတ္ထာယ - အဆင့်ဆင့်မဖြစ်ခြင်းငါ (ငါတို့လည်းဥပုသ်ကို မပြုကုန်အံ့) စသည်ဖြင့် ငြင်းခုံခြင်းအားဖြင့် အထောက်အပံ့ မပေးအပ်။ ဓမ္မဖြင့်ဝိနယဖြင့် ညီညွတ်ခြင်းကိုပြု၍ သမဂ္ဂတို့

သည်သာလျှင် မကောင်စည်းသော ရဟန်းကို ကို ဆောင်အပ်၏ ဟူလို။ ထို့ကြောင့် သံဃာသည်အပြစ်ကိုဒေသနာကြားရ၍ စသည်ကိုဆိုသည်။ မနှစ်သက်ငြားအံ့ဟူသည် [illegible] တစ်ယောက်၌ [illegible] ပြင်းထန်သောအပြစ်ကိုမြင်သဖြင့် မနှစ်သက်အံ့။ ဒိဋ္ဌ. [illegible] ကိုသော်လည်းပြုရ[illegible]သည်၊ [illegible] ရဟန်းအား မိမိအယူကိုထင်ရှားဖွာပြ၍တည်း။ ချဉ်းကပ်အပ်၏ဟူသည် သာသနာဆုတ်ယုတ်ခြင်း [illegible] ကြောင့် ညီသွတ်ခြင်းကိုမပျက်စေ၍ ကာယသာမဂ္ဂီကို ပေးအပ်၏။ ဤသို့ဆောနေရာ၌ အလဒ္ဓိပရိဘောဂသည် အာပတ်ကိုပြုသည်မဟုတ်၊ အပ်သည်သာတည်း။ သာသနာပျက်အောင်ပြုကျင့်သူတို့နှင့်ကား အတူတကွမအပ်။ အာပတ်သာတည်း။ သာသနာပျက်ခြင်းလည်း ဖြစ်သည်သာတည်း။ ထို့ကြောင့် ဓမ္မမဟုတ်သည်ကို စသည်ကိုဆိုလိုသည်။ ဒိဋ္ဌာဝိကမ္မပြုခြင်းသည် မအပ်ဟူသောစကားဖြင့် အယူကို ထင်ရှားစွာပြုခြင်းကြောင့်လည်း အာပတ် ဟုပြသည်။)

၄၂၂။ **ဝေါဟရန္တပဌကများ** ။ ။ မြတ်စွာဘုရား အာဘယ်အင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည်သံဃာ၌ ဝေါဟရန္တော – တရားဆုံးဖြတ်သည်ရှိသော် အများမနှစ်သက်အပ်ပါသနည်း။ ချစ်သားဥပါလိ၊ ငါးပါးသောအင်္ဂါနှင့်ပြည့်စုံသော ရဟန်းသည်သံဃာ၌ ဆုံးဖြတ်သည်ရှိသော် အများမနှစ်သက်အပ်၊ ငါးပါး ကား– ဥသိတမန္တီ – ရာဂ [illegible] မောဟ မာနများသော စကားကိုဆို၏။ နိသိတ ဇပ္ပိ– သူ၀ေးပါးကိုမှီ၍ဆို၏။ နှ စ ဘာသာနုသန္ဓိကုသလော – ကထာနုသန္ဓေ၊ ဝိနိစ္ဆယာနုသန္ဓေ စကားနှစ်ရပ်၌ မလိမ္မာ။ ဓမ္မနှင့်အညီ ဝိနယနှင့်အညီ အာပတ်နှင့်အညီ မစောဒနာ။ ဓမ္မဝိနယ အာပတ်နှင့်အညီမဆုံးဖြတ်။

နှစ်သက်အပ် ငါးပါးကား ဥသိတမန္တီ မဟုတ်၊ နိသိတဇပ္ပိမဟုတ်၊

ဘာသာနုသန္ဓီကုသလ ဖြစ်၏။ ဓမ္မဝိနယ အာပတ်နှင့်အညီ စောဒနာ၏။ အညီဆုံးဖြတ်၏။ ထို့ပြင် မနုစ်သက်အပ်ငါးပါး – ဥဿာဒေတာ – ဘဏ္ဍာ ရှိုးမြှောက်၏။ အပ သာဒေတာ – အချို့ကိုမောင်းမဲ၏။ အမ္ဘကို ယူ၏။ ဓမ္မကိုတားဆီး၏။ အကျိုးမဲ့ စကား များစွာဆို၏။ နုစ်သက်အပ် ငါးပါး – ဥဿာဒေတာမဟုတ်၊ အပသာဒေတာမဟုတ်၊ ဓမ္မကိုယူ၏။ အဓမ္မကို တားဆီး၏။ သမ္မစကားများစွာမဆို။ ထို့ပြင်မနုစ်သက်အပ်ငါးပါး – ပသယ္ဟ ပဝတ္တာ – အနိုင်အထက်နှိပ်စက်၍ဆို၏။ ခွင့်မတောင်းဘဲဆို၏။ ဓမ္မဝိနယ အာပတ်နှင့်အညီ မစောဒနာ၊ အညီမဆုံးဖြတ်။ မိမိအယူအဆအတိုင်းမဆို။ နုစ်သက်အပ် ငါးပါး – နှိပ်စက်၍မဆို၊ ခွင့်တောင်း၍ ဆို၏။ အညီစောဒနာ၏။ အညီဆုံးဖြတ်၏။ မိမိအယူအတိုင်းဆို၏။

[ဥဿဒိတမနှစ်ဟူသည် လောဘ ဒေါသ မောဟ မာနများသော စကားကို ဆို၏။ မည်းနက်သောစကား၊ ရှိ၏။ အကျိုးမဲ့ကိုပြု၏။ နံသိတဧပ္ပိဟူသည် မိမ်သဘောဖြင့် ဥဿဒယုတ္တ – ကံတည်သော စကားကိုဆိုခြင်းငါ မတတ်နိုင်။ ငါနှင့် – မင်း၊ မင်းအမတ်သည် ဤသို့ဆို၏။ ဤမည်သောသူသည် ငါ၏ဧရာ ဥပဇ္ဈာယ်ဖြစ်၏။ ပိဋကသုံးပုံဆောင်၏။ ငါနှင့်အတူ ဤသို့ပြောဆိုပြီးပြီဟု သူတပါးကို မှီ၍ဆို၏။ နဘာသာနုသန္ဓီကုသလောဟူသည် ကထာနုသန္ဓီဝစနဋ္ဌ လည်းကောင်း၊ ဝိနိစ္ဆယဘာနုသန္ဓီဝစနဋ္ဌလည်းကောင်း၊ လိမ္မာသူမဟုတ်။ ဓမ္မနှင့် အညီ (ပ) မစောဒနာဟူသည် ဟုတ်မှန်သောဝတ္ထုဖြင့် အာပတ်ကို အောက်မေ့စေသူ၊ စောဒနာသူမဟုတ်။ ဥဿဒေဒေတာဟူသည် ငါဟို့၏ဆရာသည် မဟာတိပိဋကဖြစ်၏။ ပရမဓမ္မကထိကဖြစ်၏။ စသည်ဖြင်အချို့ကို ချီးမြှောက်၏။

အပသာဒေတာဟူသည် ထိုသူသည် အဘယ်ကိုသိသနည်း။ (ဘာကိုမျှ သင်းမသိ) စသည်ဖြင့် အချို့ကို ခြိမ်းချောက်၏။ အဓမ္မကိုယူ၏ဟူသည် အနိယျာနိုကပက္ခံ ဝဋ္ဋမှ မထွက်မြောက်သော

အဘို့.ကိုယူ၏။ ဓမ္မကိုတား၏ဟူသည် နိယျာနိကပက္ခကိုတားမြစ် ၏။ သမ္မစကားများစွာဆို၏ ဟူသည် နိရတ္ထကထာကိုများစွာဆို၏။ ပသယှပဝတ္တာဟူသည် မတိုက်တွန်းအပ်ဘဲ ဝန်ကိုမတင်ဘဲ သက်သက်မာနကိုမှီ၍ လွှမ်းမိုး၍ အရာမဟုတ်သည်၌ ဆို၏။ မိမိအယူအဆအတိုင်းမဆိုဟူသည် မိမိ၏အယူရှိလျက် ထိုအယူကို ရှေးရှုပြု၍ မဆို။ မိမိအယူကိုချထား၍ မဟုတ်မမှန် အဓမ္မ စသည်တို.၌ ဓမ္မစသည်ဟုယူ၍ ဆို၏ ဟူလို။]

(**ဒီဋီ** – မည်းနက်သောစကားရှိ၏ဟူသည် ရာဂဒေါသ စသည်တို.ဖြင့် ညစ်နွမ်းသောစကားရှိ၏။ အကျိုးမဲ့ကိုပြု၏ဟူသည် အကျိုးမဲ့စကားကိုပြုခြင်းရှိသူဖြစ်၏။ မာနကိုမှီ၍ ဟူသည် ဝိနိစ္ဆယကိုပြုခြင်းသည် သင်၏တာဝန်ဟု သံဃာသည် ဝန်တင်မပေးသော်လည်း ငါသာလျှင် ဆုံးဖြတ်ခြင်းငှါ ထိုက်သော သဘောရှိ၏ဟု မာနကိုမှီ၍တည်း။ မိမိအယူအတိုင်း စသည်၌ လျှောက်ပက်သောအယူဖြင့်မဟုတ်။ အကြင်အနက်အား အကြင်အယူသည် လျှောက်ပတ်၏။ ထိုအယူကို မယူဘဲဆိုသည် ဟူလို။ မိမိအယူရှိလျှက်ဟူသည်ကို အဓမ္မစသောအနက်ကို ရည်ဆိုသည်" ပုဂ္ဂိုလ်ကိုရည်ဆိုသည် မဟုတ်။

အဓမ္မစသော အနက်ဟုဆို အပ်သော မိမိသည် သဘာဝအားလျော်သောအယူ ဟူလို။ ချထား၍ဟူသည် လျော်သောအယူကိုစွန့်.၍၊ မယူမူ၍ ဟူလို။ ထို.ကြောင့် မဟုတ်မမှန် အဓမ္မစသည်တို.၌ စသည်ကို ဆိုသည်။ တစ်နည်းကား – မိမိ၏အယူကိုဖုံးမ၍ ပုဂ္ဂလအားလျော်စွာ ပြောဆိုသူသည် မိမိအယူအတိုင်း မဆိုသည်မည်၏။ ဤပက္ခ၌ အဓမ္မစသည်တို.၌ ဓမ္မစသည်ဟုယူ၍ဟုဆိုရာ၌ ဓမ္မ စသည်

ကိုအယူရှိသကဲ့သို့ဖြစ်၍ဟု အနက်ယူအပ်၏။)

၄၂၃။ **ဝိနည်းသင်ကျိုး ပဌက** ။ ။ မြတ်စွာဘုရား ဝိနည်းကို သင်ကြားရာ၌ အဘယ်မျှသော အာနိသင်တို့ရှိပါသနည်း။ ချစ်သားဥပါလိ ဝိနည်းသင်ကြားရာ၌ ငါးပါးသောအာနိသင်တို့ရှိကုန်၏။ ငါးပါးကား – မိမိ၏သီလအစုသည် ကောင်းစွာလုံခြုံ၍ ကောင်းစွာစောင့်ရှောက်အပ်၏။ ကုက္ကုစ္စနှိပ်စက် ခံရသူတို့၏ အားကိုးရာဖြစ်၏။ သံဃာ့အလယ်၌ ရဲရင့်စွာပြောဆိုနိုင်၏။ ရန်သူတို့ကို တရားနှင့်အညီကောင်းစွာနှိပ်ခြင်းကိုလည်း နှိပ်နိုင်၏။ သူတော်ကောင်းတရားတည်ခြင်းငှါ ကျင့်နိုင်၏။ ဤငါးပါးတည်း။

နပ္ပဋိပ္ပဿမ္ဘနဝဂ္ဂေါ ဒုတိယော။

ပဌမ ယမကပညတ္တိ။

၃။ ဝေါဟာရဝဂ္ဂ

၂၂ –ပဌက

၄၂၄။ **ဆုံးဖြတ်တတ်သူ။ ဖြစ်ထိုက်မဖြစ်ထိုက်** ။ ။ မြတ်စွာဘုရား အဘယ်မျှသောအင်္ဂါနှင့်ပြည့်စုံသော ရဟန်းသည် သံဃာ၌ တရားမဆုံးဖြတ်အပ်ပါသနည်း။ ချစ်သားဥပါလိ ငါးပါးသောအင်္ဂါနှင့်ပြည့်စုံလျှောရဟန်းသည် သံဃာ၌ တရားမဆုံးဖြတ်အပ်၊ ငါးပါးကား အာပတ္တိကိုမသိ။ အာပတ္တိသမုဋ္ဌာန်ကိုမသိ၊ အာပတ်၏ပယောဂကိုမသိ၊ အာပတ်၏ငြိမ်းခြင်းကိုမသိ၊ အာပတ်၏ ဝိနိစ္ဆယ၌ မလိမ္မာ၊ ဤငါးပါးတည်း။ ဆုံးဖြတ်ဖွယ်ငါးပါး အာပတ္တိကိုသိ၏ (၀) ဝိနိစ္ဆယ၌လိမ္မာ၏။

ထို့ပြင်မဆုံးဖြတ်ဖွယ်ငါးပါး။ အဓိကရဏ်းကို သိ၊ အဓိကရဏ်း

သမုဋ္ဌာန်ကို အဓိကရုဏ်း၏ပယောဂကို- အဓိကရုဏ်း၏ငြိမ်းခြင်းကိုမသိ။ အဓိကရုဏ်း၏ ဝိနိစ္ဆယဌ် မလိမ္မာ၊ ငါးပါး။ ဆုံးဖြတ်အပ်ငါးပါး – အဓိကရုဏ်းကိုသိ၏ (ပ) လိမ္မာ၏။

ထို့ပြင် မဆုံးဖြတ်အပ်ငါးပါး – အနိုင်အထက်နှိပ်စက်၍ဆို၏။ ခွင့်မတောင်းဘဲဆို၏။ ဓမ္မဝိနယအာပတ်နှင့်အညီ မစောဒနာ။ အညီ မဆုံးဖြတ်။ မိမိအယူအတိုင်းမဆို။ ဆုံးဖြတ်အပ်ငါးပါး – နှိပ်စက်၍မဆို (ပ) မိမိအယူအတိုင်း ဆို၏။

ထို့ပြင် မဆုံးဖြတ်အပ်ငါးပါး -- အာပတ်နှာပတ်ကိုမသိ။ လဟုဂရုအာပတ်ကို -- သာဝသေသာနှာဝသေသကို --။ ဒုဋ္ဌုလ္လာဒုဋ္ဌုလ္လကို ၊ သပ္ပဋိကမ္မ အပ္ပဋိကမ္မ ကုစားကောင်း မကုစားကောင်းသော အာပတ်ကိုမသိ။ ဆုံးဖြတ်အပ်ငါးပါး အာပတ်နှာပတ်ကို (ပ) သပ္ပဋိကမ္မ အပ္ပဋိကမ္မကိုသိ၏။

ထို့ပြင်မဆုံးဖြတ်အပ်ငါးပါး – ကံကိုမသိ၊ ကံပြုခြင်းကို – ကံ၏ဝတ္ထုကို -- ကံ၏ဝတ်ကို – ကံ၏ငြိမ်းခြင်းကိုမသိ။ ဆုံးဖြတ်အပ်ငါးပါး – သိ၏။

ထို့ပြင်မဆုံးဖြတ်အပ်ငါးပါး ဝတ္ထုကိုမသိ၊ နိဒါန်းကို ပညတ္တိကို ပဒပစ္စာဘဋ္ဌ။ ရှေ့ထားအပ်သောပုဒ် နောက်ထားအပ်သောပုဒ်ကို -- အနုသန္ဓိ ဝစနပထကိုမသိ။ ဆုံးဖြတ်အပ်ငါးပါး -- သိ၏။

ထို့ပြင် မဆုံးဖြတ်အပ်ငါးပါး– ဆန္ဒာဂတိသို့လိုက်၏။ ဒေါသာဂတိသို့လိုက်၏။ မောဟာဂတိသို့လိုက်၏။ ဘယာဂတိသို့လိုက်၏။ အလဇ္ဇီဖြစ်၏။ ဆုံးဖြတ်အပ်ငါးပါး – အဂတိမလိုက် (ပ) လဇ္ဇီဖြစ်၏။

ထို့ပြင် မဆုံးဖြတ်အပ်ငါးပါး – ဆန္ဒာဂတိ (ပ) ဘယာဂတိသို့လိုက်၏။ ဝိနည်းဌ်မလိမ္မာသူဖြစ်၏။ ဆုံ ဖြတ်အပ်ငါးပါး – ဆန္ဒာ --(ပ)-- လိမ္မာသူဖြစ်၏။

ထို့ပြင် မဆုံးဖြတ်အပ်ငါးပါး – ဉာတ္တိကိုမသိ၊ ဉာတ်ဖြင့်ပြုခြင်းကို – ဉာတ်၏ကမ္မဝါစာကို ဉာတ်၏သမဏဏကိုဉာတ္တိဖြင့်ငြိမ်းခြင်းကိုမသိ။ ဆုံးဖြတ်

အပ်ငါးပါးဥတ်ကို (၀) ငြိမ်းခြင်းကိုသိ၏။

ထိုပြင် မဆုံးဖြတ်အပ်ငါးပါး – သုတ္တကိုမသိ၊ သုတ္တာနုလောမကို ဝိနယကို၊ ဝိနယာနုလောမကိုမသိ။ အကြောင်းဟုတ်မဟုတ်၌ မလိမ္မာ။ ဆုံးဖြတ်အပ်ငါးပါး သုတ္တကိုသိ၏။ (၀) လိမ္မာ၏။

ထိုပြင် မဆုံးဖြတ်အပ်ငါးပါး – ဓမ္မကို ဓမ္မာနုလောမကို၊ ဝိနယကို–ဝိနယာနုလောမကိုမသိ။ ရှေ့နောက်မလိမ္မာ။ ဆုံးဖြတ်အပ်ငါးပါး––သိ၏။ လိမ္မာ၏။

| အာပတ်၏ပယောဂဟူသည် ဤအာပတ်သည် ကာယပယောဂရှိ၏။ ဤသည်ဝစီပယောဂရှိ၏ဟုမသိ။ အာပတ်၏ငြိမ်းခြင်းကား ဤအာပတ်သည် ဒေသနာဖြင့်ငြိမ်း၏။ ဤသည် ဝုဋ္ဌာနဖြင့်ငြိမ်း၏။ ဤသည်ဒေသနာဝုဋ္ဌာနတို့ဖြင့်မငြိမ်းဟုမသိ။ အာပတ်၏ဝိနိစ္ဆယ၌မငဝိမ္မာဟူသည် – ဤ၀တ္ထု၌ ဤအာပတ်ဟုမသိ။ အပြစ်အားလျော်စွာ အာပတ်ကိုထုတ်၍တည်စေခြင်းငါ မစွမ်းနိုင်။

အဓိကရဏ်းသမုဋ္ဌာန်ဟူသည်– ဤအဓိကရဏ်းသည် (၁၈)ပါးသော ဘေဒကရဝတ္ထုတို့ကိုမှီ၍ဖြစ်၏၊ ဤသည် လေးပါးသောဝိပတ္တိတို့ကို၊ ဤသည်အားလုံးအစုငါးပါး ခုနစ်ပါးတို့ကို၊ ဤသည် သံဃာ့ကိစ္စလေးပါးတို့ကိုမှီ၍ ဖြစ်၏ဟု မသိ။

ပယောဂဟူသည် ဤအဓိကရဏ်းသည် (၁၂) ပါးသော မူလပယောဂရှိ၏။ ဤသည် (၁၄) ပါးသော၊ ဤသည် ခြောက်ပါးသော၊ ဤသည်တစ်ပါးသော မူလပယောဂ ရှိ၏ဟု မသိ။ မိမိမိမိ၏ မူလသည်သာလျှင် အဓိကရဏ်းတို့၏ ပယောဂ မည်ကုန်၏။ ထိုမူလ အားလုံးကိုမသိ ဟူလို။

ငြိမ်းခြင်းဟူသည်–ဤအဓိကရဏ်းသည် သမထနှစ်ပါး၊ သုံးပါး၊ လေးပါး၊ တစ်ပါးဖြင့် ငြိမ်း၏ဟုမသိ။

ဝိနိစ္ဆယဋ္ဌ မလိမ္မာဟူသည်- အဓိကရုဏ်းကိုဆုံးဖြတ်၍ သမထသို့ရောက်စေခြင်းငါ်မသိ။

ကံကိုဟူသည်- တဓေနိယစသော ခုနစ်ပါးသောကံကိုမသိ။ ကံပြုခြင်းကိုဟူသည်- ဤကံကို ဤနည်းဖြင့် ပြုအပ်ဟုမသိ။ ကံ၏ဝတ္ထုကား- ဤသည် တဓေနိယကံ၏ ဝတ္ထု၊ နိဿယစသည်တို့၏ ဝတ္ထုဟုမသိ။

ကံ၏ဝတ်ကား- တဓေနိယ၊ နိယသ၊ ပဋိသာရဏီယ၊ ပဗ္ဗာဇနိယ ကံလေးပါး၏ (၁၈) ပါးသော ကျင့်ဝတ်ကိုလည်းကောင်း၊ ဥက္ခေပနိယသုံးပါး၏ (၄၃) ပါးသောကျင့်ဝတ်ကို လည်းကောင်း မသိ။ ကံ၏ငြိမ်းခြင်းကား- ဝတ်တို့ကိုကျင့်၍ တောင်းပန်သူအား ကံကို ငြိမ်းစေအပ်၏။ အပြစ်ကို ဒေသနာကြားစေအပ်၏ဟု မသိ။ ဝတ္ထုကို မသိဟူသည်- အာပတ်အစု ခုနစ်ခုတို့၏ ဝတ္ထုကိုမသိ။ နိဒါန်းဟူသည်- ဤသိက္ခာပုဒ်ကို ဤမြို့၌ ပညတ်သည်ဟုမသိ။ ပညတ္တိဟူသည်- ပညတ္တိ အနုပညတ္တိ၊ အနုပဿန္ဒ ပညတ္တိဟူသော သုံးပါးသော ပညတ္တိကိုမသိ။

ပဒပစ္စာဘဋ္ဌဟူသည်- သမ္မုခါကာတဗ္ဗ ရှေးဦးစွာထားအပ်သော ပုဒ်ကိုမသိ။ ဗုဒ္ဓေါဘဂဝေါ - ဟုဆိုအပ်လျှက် ဘဂဝေါ ဗုဒ္ဓေါဟူ၍ ရှေ့နောက်၊ အောက်ထက်ပြန်၍ယှဉ်တွဲ၏။ (လင်မယားကို မယားလင်၊ ညီအစ်ကိုကို အစ်ကိုညီ စသည်ယှဉ်တွဲ၏။) ဝိနယဋ္ဌ မလိမ္မာသူဟူသည် ဝိနည်းပါဠိတော်ဋ္ဌလည်းကောင်း၊ အဋ္ဌကထာဋ္ဌလည်းကောင်း၊ မလိမ္မာ။

ဉာတ်ကိုမသိဟူသည် ဧသာဉာတ္တိဟုမညွှန်းသောဉာတ္တိသည် ကမ္မဉာတ်မည်၏။ ဧသာဉာတ္တိဟုညွှန်းသော ဉာတ္တိသည် ကမ္မပါဒဉာတ္တိမည်၏။ ထိုဉာတ်တို့ကို မသိ။ ဉာတ်ဖြင့်ပြုခြင်း ဟူသည်- ကိုးခုသောဌာနဋ္ဌ ကမ္မဉာတ်ဖြင့်ပြုခြင်းကို လည်းကောင်း၊ နှစ်ခုသော

ဌာနဋ္ဌ ကမ္မပါဒဉာတ်ဖြင့် ပြုခြင်းကိုလည်းကောင်း မသိ။ ဉာတ်၏ ကမ္မဝါစာဟူသည်– ဤဉာတ်ဌ်ကမ္မဝါစာတစ်ကြိမ်ရှိ၏။ သုံးကြိမ် ရှိ၏ဟုမသိ။ ဉာတ်၏သမထဟူသည်–သတိ၊ အမှုဋ္ဌ၊ တဿ၊ တိကဲ့-လေးခုသောသမထသည် ဉာတ်နှင့်ကင်းရှိမဖြစ်။ ထိုလေးခုကို ဉာတ်ဖြင့် ငြိမ်းဆဲသော ဉာတ်၏သမထဟုမသိ။ ဉာတ်ဖြင့်ငြိမ်းခြင်း ဟူသည်၊ လေးပါးသောဉာတ္တိသမထဖြင့် ငြိမ်းသောအဓိကရဏ်း၏ ငြိမ်းခြင်းကို ဉာတ်ဖြင့်ငြိမ်းခြင်းကိုပြုသည်ဟုမသိ။

သုတ္တာကိုမသိ ဟူသည်– ဥဘတောဝိဘင်းကိုမသိ။ သုတ္တာနုလောမဟူသည်– ပဟာပဒေသလေးပါးကိုမသိ။ ဝိနယဟူသည် - ခန္ဓကပရိဝါကိုမသိ။ ဝိနယာနုလောမ ဟူသည် ပဟာပဒေသလေးပါး တို့ကိုသာမသိ။ အကြောင်းဟုက်မဟုတ်ဟူသည် – သင့်သောအကြောင်း မသင့်သောအကြောင်းဌ် မလိမ္မာ။

ဓမ္မတို့ဟူသည်– ဝိနယမှ ကြွင်းသောပိဋကဒွယကိုမသိ။ ဓမ္မာနုလောမဟူသည်– သုတ္တန်ဌ်လာသော မဟာပဒေသ လေးပါးကို မသိ။ ဝိနယကိုဟူသည်– ခန္ဓကပရိဝါကိုသာမသိ။ ဝိနယာနုလောမ ဟူသည်– မဟာပဒေသလေးပါးတို့ကိုမသိ။ ဤပဋ္ဌကဌ် ဥဘတော ဝိဘင်းကို မရေတွက်။ ထို့ကြောင့် ကုရန္ဒီဌ် " ဝိနယကိုဟူသည်, အလုံးစုံသော ဂိနယပိဋကကိုမသိဘဲဟုဆိုသည်။ ထိုစကားကို ယူအပ်၏။ (ထာနိသျှဌ် နဂဟောတဗ္ဗံ ၊ မယူအပ်ဟုဆို၏။ ချုတ်ဟန်တူသည်။)

ရှေ့နောက် မလိမ္မာဟူသည်– ရှေ့စကားဌ်လည်းကောင်း၊ နောက်စကားဌ်လည်းကောင်· မလိမ္မာ၊ အကြွင်းကား ဝုတ္တာပဋိပဏ္ဏပကွ ဗွမ်းဖြင့်သာ သိသာသောကြောင့်လည်းကောင်း၊ ရှေးဌ်ပြပြီးဖြစ်သော ကြောင့်လည်းကောင်း ပေါ်လွင်၏။]

(**ဓီဋ္ဌီ**။ ။ ဘေဒကရဝတ္ထု ၂ မှီ၍ ဝိဝါဒါဖြစ်၏။ ဤသို

စသည်ဖြင့် အစဉ်အတိုင်းဖြစ်၏။ ကောဓ ဥပနာဟစသော (၁၂) ပါးသော မူလပယောဂရှိသော ဝိဝါဒါ။ အကြောင်းတို့ဟု ထို့အတူတည်း။ သံဃာ့ဘောင်သို့သွင်းခြင်းစသော ကိုးဌာနဟု ကမ္မဥာတ်ဖြင့်ပြု၏။ ဥတ္တိဒုတိယ၊ ဥတ္တိစတုတ္ထ နှစ်ဌာနတို့ဟု ကမ္မပါဒဥာတ်ဖြင့်ပြု၏။ မဟာအဋ္ဌကထာနည်းဖြင့် ဥဘတောဝိဘင်းကိုမရေတွက်ခြင်းကြောင့် ကုရန္ဒီဋ္ဌဆိုသော စကားကိုယူအပ်၏။

သာဓု။ ။ ကာယပယောဂဖြင့်ရောက်သောအာပတ်သည် ကာယပယောဂအာပတ်မည်၏။ ဝစီပယောဂဖြင့်ရောက်လျှင် ဝစီပယောဂမည်၏။ ကိုးခုသောဌာနကား သွင်းခြင်းစသော ကိုးဌာနတည်း၊ နှစ်ခုသောဌာနကား ဥတ္တိဒုတိယကံ၊ စတုတ္ထကံတို့တည်း။ မဟာအဋ္ဌကထာနည်းဖြင့် ဥဘတောဝိဘင်းကို မရေတွက်ခြင်းကြောင့် ကုရန္ဒီဋ္ဌဆိုသောစကားကိုယူအပ်၏။)

ဝိဋ္ဌ။ ။ ကမ္မဘူတာဥတ္တိ – ကမ္မဥတ္တိကံဖြစ်သော ဥတ်၊ ကမ္မဝါစာကို မင့်သောဥတ်ဟူလို။ ဥတ္တိဒုတိယကံ စသည်တို့ဟု အနုသာဝနကမ္မ၏ အခြေတည်ရာဖြစ်သောဥတ်သည် ကမ္မပါဒဥတ်မည်၏။ ကိုးခုသောဌာန၊ နှစ်ခုသောဌာနဟု သာဋ္ဌီအတိုင်းတည်း။ သုတ္တာနုလောမဟူသည်ကို ဥဘတောဝိဘင်းဟု သုတ္တာနုလောမဖြစ်သော မဟာပဒေသတို့ကို ရည်ဆိုသည်။ ဝိနယာနုလောမကို ခန္ဓကပရိ၊ ါရာနုလောမဖြစ်သော မဟာပဒေသတို့ကို ရည်ဆိုသည်။ သုတ္တန်ဟုလာသော မဟာပဒေသဟူသည် သုတ္တန် အဘိဓမ္မာတို့ဟု ခွင့်ပြုသောသုတ်၊ ပယ်သောသုတ်တို့အား လျှော်သည့်အခွင့်ဖြင့် နည်းအားဖြင့် ယူအပ်သောလေးပါးသောအနက်တို့တည်း။)

ဝေါဟာရဝဏ္ဏေါ တတိယော။

၄။ ဒိဋ္ဌာဝိကမ္မဝဂ်။

၁၉ – ပဋ္ဌက

၄၂၅။ ဒေသနာကြားသုံးပါးအထိ ။ ။ မြတ်စွာဘုရား အဓမ္မိက ဒိဋ္ဌာဝိကမ္မတို့သည် အဘယ်မျှပါနည်း။ ချစ်သားဥပါလိ၊ အဓမ္မိက ဒိဋ္ဌာဝိကမ္မတို့သည် ငါးပါးဖြစ်ကုန်၏။ ငါးပါးကား၊ အနာပတ္တိဖြင့် ဒိဋ္ဌိ အာဝိကရောတိ၊ အယူကိုထင်စွာပြု၏။ အဒေသနာဂါမိနိယာဖြင့် အယူကိုထင်ရှားစွာပြု၏။ ကြားပြီး သောအာပတ်ဖြင့်အယူကိုထင်စွာပြု၏။ လေးပါး ငါးပါးတို့ဖြင့် အယူကို ထင်စွာပြု၏။ စိတ်ဖြင့်အယူကိုထင်စွာပြု၏။ ဤငါးပါးတည်း။ ချစ်သား ဥပါလိ၊ ဓမ္မိက ဒိဋ္ဌာဝိကမ္မတို့သည် ငါးပါးဖြစ်ကုန်၏။ ငါးပါးကား အာပတ္တိဖြင့် အယူကို ထင်စွာပြု၏။ ဒေသနာဂါမိဖြင့် – မကြားသေးသော အာပတ်ဖြင့် –– လေးပါး ငါးပါး မဟုတ်သဖြင့် စိတ်မဟုတ်ခြင်းဖြင့်အယူကို ထင်စွာပြု၏။ ဤငါးပါးတည်း။ ထို့ပြင် အဓမ္မိကငါးပါး –– နာနာသံဝါသကထံ အယူကိုထင်စွာပြု၏။ သိမ်အသီးသီးခွဲ ကည်သူထံပြု၏။ အပကတတ်ထံ ပြု၏။ လေးပါး ငါးပါးဖြင့် ပြု၏။ စိတ်ဖြင့် ပြု၏။ ဓမ္မိကငါးပါး – သမာန သံဝါသကထံ ပြု၏။ သိမ်တူနေသူထံပြု၏။ ပကတတ်ထံပြု၏။ လေးပါး ငါးပါးမဟုတ်ဘဲပြု၏။ စိတ်ဖြင့် မဟုတ်ဘဲပြု၏။

[ဒိဋ္ဌိဝိကမ္မဟူသည် –အယူတို့ကိုထင်စွာပြုခြင်း၊ အယူကို ပြုခြင်းတည်း။ အာပတ်ကိုဒေသနာကြားခြင်းဟူသောဝိနည်းကံတို့၏ အမည်ဖြစ်၏။ အနာပတ္တိဖြင့်အယူကိုထင်စွာပြုခြင်းကား အနာပတ္တိကိုသာလျှင် အာပတ္တိဟု ဒေသနာကြား၏ ဟူလို။ အဒေသနာ ဂါမိဖြင့် ဟူသည်– ဂရုကအာပတ္တိဖြင့် အယူထင်စွာပြု၏။ သံဃာဒိသေသ်ပါရာဇိကကို ဒေသနာကြား၏ဟူလို။ ကြားပြီးဟူသည် –ကြားပြီးသော လဟုကအာပတ်ဖြင့်လည်း ထင်စွာပြု၏။ ကြားပြီးကို တဖန်ကြားသည် ဟူလို။ လေးပါးငါးပါးတို့ဖြင့်ဟူသည် –လေးပါး ငါးပါးတို့ဖြင့်ထင်စွာ

ပြုသကဲ့သို့. ပြု၏။ လေးပါးငါးပါး တပေါင်းတည်း အာပတ်ကို ဒေသနာကြားကြသည်ဟူလို။

စိတ်ဖြင့်ဟူသည် မနဟူသော စိတ်ဖြင့် ထင်စွာပြု၏။ ဝစီဘေဒ မပြုဘဲ စိတ်ဖြင့်သာ အာပတ်ကို ဒေသနာ ကြားသည်ဟူလို။ နာနာ သံဝါသကထံဟူသည်- လဒ္ဓိနာနာ သံဝါသက ထံ၌လည်းကောင်း၊ ကမ္မနာနာသံဝါသကထံ၌ လည်းကောင်း၊ အာပတ်ကိုဒေသနာကြား၏။ သိမ်အသီးသီး၌ တည်သူထံဟူသည် -သမာနသံဝါသကထံ၌သော် လည်း သိမ်တစ်ခုတစ်ခုစီ၌နေသူထံ ထင်စွာပြု၏။ သိမ်ပေါ်၌ နေလျက်သီမန္တရိက်၌ သိမ်အကြား၌ တည်သူထံ၌လည်းကောင်း၊ သီမန္တရိက်၌နေလျက် အဝိပ္ပဝါသသိမ်၌ တည်သူထံ၌လည်းကောင်း၊ အာပတ်ကိုဒေသနာကြားခြင်းငါမအင်၊ အပကတတ်ထံ ဟူသည်- ဥက္ခိတ္တကရဟန်းထံ၌လည်းကောင်း၊ ဥပုသ် ပဝါရဏာထားရာဖြစ်သော ရဟန်းထံ၌လည်းကောင်း၊ ဒေသနာကြား၏ ဟူလို။]

(**ဒီဋီ**။ ။ သုံးပါးထက်အလွန် အကျူတကွ အာပတ်ကို ဒေသနာကြားခြင်းငါ မအပ်ကုန်။ ကမ္မနာနာသံပါသကတို့၏ အယူကိုယူသူသာလျှင် လဒ္ဓိနာနာသံဝါသကမည်၏။ အဝိပ္ပ ဝါသသိမ်ဟူသည်ကို မဟာသိမ်ကိုရည်ဆိုသတတ်။

သာဒီ။ ။ လေးပါးငါးပါးကို့ဖြင့်ဟုဆိုသောကြောင့်၊ နှစ်ပါးဖြစ်စေ သုံးပါးဖြစ်စေ တပေါင်းတည်း ဒေသနာကြားခြင်း ငါ အပ်၏။ ထိုတက်အလွန်မအပ်။ သိမ်ပေါ်၌ဟူသည် ခဏ္ဍ သိမ်၌တည်း။ (ခဏ္ဍသိမ်ကို မာဌကသိမ်ဟူ၍လည်းခေါ်သည်။) အဝိပ္ပဝါသသိမ်သည် မဟာသိမ်ဖြစ်၏။)

ဝီဋီ။ ။ အယူတို့ကိုထင်စွာပြုခြင်းဟူသည် အာပတ်ကို လဒ္ဓိတို့အားပြုခြင်းတည်း။ အာပတ်ဒေသနာကြားဒသာ ဝိနည်းကံဟူလို။ လေးပါးငါးပါးတို့ဖြင့်ဟူသည် ထင်စွာ

ပြုလျှင် လေးပါး ငါးပါးတပေါင်းတည်း ပုဂ္ဂိုလ်တစ်ဦးထံ အာဇာဘ်ကို ဒေသနာကြားသည်မည်၏။ ဤသို့ကြားသူသည် ဗိုဓိနှင့်အတူ သုံးပါးကို လေးပါး ကိုခေါ်၍တစ်ဦးထံကြား၏။ ဤသို့ ကြားခြင်းငါမအပ်။ ကြားအပ်သောအာပတ်လည်းမထ၊ ကြားခြင်းကြောင့် ဒုက္ခဋ္ဌလည်းသင့်၏။ နှစ်ပါးသုံးပါး ငါးပေါင်းတည်းကြားခြင်းငါအပ်၏။)

(ခုနှဲသိရှားဦးကာဠ ပဿသိအာဝုသော တံ အာပတ္တိं – ဟာ အာပတ္တိ ဟော – ဟုပြန်ပေးပသောအခါ ထိုသုံးပါးအား တစ်ပါးတစ်ပါးစီအား သာလျှင် ခဲ့ရှိသည်းအပ်၏ ဟုဆို၏။ ပဋ္ဌကနှစ်ခုပေါင်းလျှင် ရှစ်ပါးဖြစ်၏။ ထိုတွင် နှစ်ခုသော်ဝ သဂဟထံ ကြားခြင်း စိတ်ဖြင့်ကြားခြင်းတို့သည် အာပတ်မှမထ ခဲ့ကြောင်း သင်ရှုး၏။ ထိုတို့နှင့် အတူပြုခြင်းကြောင့်၊ ရှစ်ပါးလုံးသည်လည်း အာပတ်မှမထ။ ဝိနည်းဂန္ထကျတ်သည် ရှစ်ပါးလုံးဒုက္ခဋ္ဌလည်းထပ်သင့်သည်ဟု ဆရာပြောတ်တို့မိန့်ဆိုကုန်၏။)

၄ ပြ။ **အ ဘပါခံခြင်း**။ ။ မြတ်စွာဘုရား အခမ်ကပဋ္ဌဂ္ဂဟတို့သည် အဘယ်မျှပါနည်း။ ချစ်သားဥပါလိ အမမ်ကပဋ္ဌဂ္ဂဟာ သည် ငါးပါးဖြစ်ကုန်၏။ ငါးပါးကား ကာယဖြင့်ပေးသည်ကို ကာယဖြင့်ခံခြင်း၊ ကာယဖြင့်ပေးသည်ကို ကာယပဋ္ဌဝဒ္ဓဖြင့်မခံခြင်း၊ ကာယပဋ္ဌဝဒ္ဓဖြင့်ပေးသည်ကို ကာယဖြင့်မခံခြင်း။ -- ကာယပဋ္ဌဝဒ္ဓဖြင့်မခံခြင်း၊ နိုသာဂ်ယပစ်ဏ္ဍ ပေးသည်ကိုကာယဖြင့် လည်းကောင်း၊ ကာယပဋ္ဌဝဒ္ဓဖြင့် လည်းကောင်း ခံခြင်းငါးပါးတည်း။ ခမ်ကပဋ္ဌဂ္ဂဟတို့သည် ငါးပါးဖြစ်ကုန်၏။ ငါးပါးကား၊ ကာယဖြင့်ပေးသည်ကိုကာယဖြင့် ခံခြင်း၊ ကာယပဋ္ဌဝဒ္ဓဖြင့်ခံခြင်း၊ ကာယပဋ္ဌဝဒ္ဓဖြင့်ပေးသည်ကို ကာယဖြင့်ခံခြင်း၊ ကာယပဋ္ဌဝဒ္ဓဖြင့် ခံခြင်း၊ နိုသာဂ်ယပစ်ဏ္ဍ ပေးသည်ကိုကာယဖြင့် လည်းကောင်း၊ ကာယပဋ္ဌဝဒ္ဓဖြင့်လည်းကောင်း ခံခြင်း ငါးပါးတည်း။

၄၂၇။ **အတိရိတ်ဝိနည်းကံ** ။ ။ မြတ်စွာဘုရား အနုတိရိတ္တာတို့သည် အဘယ်မျှပါနည်း။ ချစ်သားဥပါလိ အနုတိရိတ္တာတို့သည် ငါးပါးဖြစ်ကုန်၏။ အကပ္ပိယကိုပြုခြင်း အကပ်မခံဘဲ ပြုခြင်း။ မချိမမြှောက်မညွှတ်ဘဲပြုခြင်း၊ ဟတ္ထပါသ်တွင်း မနေဘဲပြုခြင်း၊ အလမေတ်သဇ္ဇံဟုမဆိုခြင်း ငါးပါးတည်း။ အတိရိတ္တာတို့သည် ငါးပါးဖြစ်ကုန်၏။ ကပ္ပိယ အပ်သည်ကိုပြုခြင်း၊ အကပ်ခံ၍ပြုခြင်း၊ ချိမ်မြှောက်ညွှတ်၍ပြုခြင်း ဟတ္ထပါသ်တွင်းခ္ခံနေ၍ပြုခြင်း၊ အလမေတ်သဇ္ဇံဟုဆိုခြင်း ငါးပါးတည်း။

၄၂၈။ **ပဝါရိတ်သင့်ခြင်း**။ ။ မြတ်စွာဘုရား အဘယ်မျှခေသောခြင်း ရာတို့သည် (ပဝါရဏာ) ပေးခြင်းခြင်း ပဝါရိတ်သည်ထင်ပါသနည်း။ ချစ်သားဥပါလိ ငါးပါးသောခြင်းရာတို့ဖြင့် ထင်၏။ ငါးပါးကား အသနံ- စားဆဲသည်။ ပညာယတိ- ထင်၏။ ဆာဝနံ ဘောဇဉ်ငါးပါးသည်ထင်၏။ ဟတ္ထပါသ်ခ္ခံတည်၏။ ရှေးမှုရသောဘ်ဖြင့် ကားမြစ်ခြင်းသည်တင်၏။ ဤငါးပါးတည်း။

၄၂၉။ **ပဋ္ဌိညာတကရဏာ** ။ ။ မြတ်စွာဘုရား အဝမ်ကပဋ္ဌိညာတ ကရဏာတို့သည်အဘယ်မျှပါနည်း။ ချစ်သားဥပါလိ အဝမ်ကပဋ္ဌိညာတ ကရဏာသည် ငါးပါးဖြစ်၏။ ငါးပါးကား ရဟန်းသည် ပါရာဇိကသို့ရောက်လျက် စောဒနာသောအခါ သံဃာဒိသေသ်သို့ ရောက်သည်ဟုဝန်ခံ၍ သံဃာသည် သံဃာဒိသေသ်ဖြင့် ပြုစေအံ့ (သံဃာ့ဖြင့်ခံ ပရိဝါသ်နေခိုင်းအံ့) အဝမ်ကပဋ္ဌိညာတကရဏာဖြစ်၏။ ပါရာဇိကသို့ ရောက်လျက် စောဒနာသောအခါ ပါစိတ် ပါဋိဒေသနီ၊ ဒုက္ကဋ်သို့ ရောက်သည် ဟုဝန်ခံ၍ ဒုက္ကဋ်ဖြင့်ပြုစေအံ့။ အဝမ်ကပဋ္ဌိညာတကရဏာဖြစ်၏။ သံဃာဒိသေသ်သို့ရောက်လျက် -။ ပါစိတ်သို့ -။ ပါဋိဒေသနီ သို့ -။ ဒုက္ကဋ်သို့ ရောက်လျက် ပါရာဇိကကို ၊ သံဃာဒိသေသ်ကို၊ ပါစိတ်ကို ပါဋိဒေသနီကို ဝန်ခံ၍ ဝန်ခံတိုင်းပြုစေအံ့။ အဝမ်ကပဋ္ဌိညာတကရဏာဖြစ်၏။ (အလတ်ငါးခု

သို့ရောက်၍ မရောက်သောအာပတ်ကိုဝန်ခံခြင်းငါးမျိုး။ ဝန်ခံတိုင်းဆုံးဖြတ်ခြင်းငါးမျိုး၊ ဝါ - ကုစား ငါးမျိုး) ချစ်သားဥပါလိ ဓမ္မိကပဋိညာတကရဏသည် ငါးပါးဖြစ်၏။ ရဟန်းသည်ပါရာဇိကသို့၊ သံဃာဒိသေသ်သို့၊ ပါစိတ်သို့၊ ပါဋိဒေသနီသို့၊ ဒုက္ကဋ်သို့ရောက်လျက် စောဒနာသောအခါ ရောက်သောအာပတ်ကိုဝန်ခံ၍ သံဃာသည် ထိုဝန်ခံတိုင်းပြုစေအံ့။ ဓမ္မိကပဋိညာတကရဏငါးပါးဖြစ်၏။

.၄၃၀။ **သြကာသကမ္မ** ။။ မြတ်စွာဘုရား အဘယ်အင်္ဂါနှင့်ပြည့်စုံသော ရဟန်းအား အခွင့်ပေးခြင်းအမှုကို ပြုစေသည်ရှိသော် သြကာသကမ္မကိုပြုခြင်းငါ မထိုက်ပါသနည်း။ ချစ်သားဥပါလိ ငါးပါးသောအင်္ဂါနှင့်ပြည့်စုံသောရဟန်းအား အခွင့်တောင်းသည်ရှိသော် အခွင့်မပြုအပ်၊ ငါးပါးကား အလဇ္ဇီဖြစ်၏။ ဗာလ ဖြစ်၏။ အပကတတ္တာဖြစ်၏။ စဝနာခိပ္ပါယဖြင့်ဆိုး၏။ ဝုဋ္ဌာနာခိပ္ပါယဖြင့်မဆို။ ဤငါးပါးတည်း။ အခွင့်ပြုအပ်ကား ငါးပါးတည်း။ လဇ္ဇီဖြစ်၏။ ပဏ္ဍိတဖြစ်၏။ ပကတတ္တာဖြစ်၏။ ဝုဋ္ဌာနာခိပ္ပါယဖြင့်ဆိုး၏။ စာဝနာခိပ္ပါယဖြင့်မဆို။ ဤငါးပါးတည်း။

[သြကာသကမ္မကိုပြုခြင်းငါမထိုက်သူဟူသည် ခွင့်ပြုခြင်းငါ နေ့ ရိယတ္တံ -မသင့်။ ခွင့်မပြုအပ်ဟူလို။ ဤ၌လည်း အပကတတ္တာသည် ဥက္ခိတ္တကနှင့် ထားအပ်သောဥပုသ် ပရိဝါဏာရှိသူတို့ပင်တည်း။ စာဝနာခိပ္ပါယဟူသည် သာသနာမှ ရွှေ့စေခြင်းငါ အလိုရှိသူတည်း။]

(ဤ၌ အပကတတ္တာသည် ဥက္ခိတ္တကနှင့် ဥပုသ်ပရဝါဏာ ထားအပ်သူ။ ယခင်၌အပကတတ္တာသည် ဝိနည်း၌ မလိမ္မာသူ နှစ်မျိုးကွဲပြား၏။)

၄၃၁။ **ဝိနည်းဆွေးနွေးအပ်သူ** ။ ။ မြတ်စွာဘုရား အဘယ်မျှအင်္ဂါနှင့် ပြည့်စုံသော ရဟန်းနှင့်အတူ ဝိနည်းကိုမဆွေးနွေးအပ်ပါသနည်း။ ချစ်သား ဥပါလိ၊ ငါးပါး။ ငါးပါးကား ဝတ္ထုကိုမသိ၊ နိဒါန်းကို၊ ပညတ်ကို၊ ပဒပစ္စာဘဋ္ဌ-ရှေ့ထားအပ်

နောက်ထားအပ်သောပုဒ်ကိုမသိ။ အနုသန္ဓိဝစနပထ နှစ်ရပ်ကိုမသိ။ ငါးပါးတည်း။ ချစ်သား ဥပါလိ။ ဆွေးနွေးအပ်သူအင်္ဂါငါးပါး ကား၊ ဝတ္ထုကိုနိဒါန်းကို ပညတ္တိကို ပဒပစ္စာဘဋ္ဌကို၊ အနုသန္ဓိဝစနပထကို သိ၏။ ဤငါးပါးတည်း။

၄၃၂။ **ပဠာဝုစ္ဆာ** ။ ။ မြတ်စွာဘုရား ပြဿနာမေးခြင်းတို့သည် အဘယ်မျှတို့ပါနည်း။ ချစ်သားဥပါလိ၊ ငါးပါး။ နံ့ခြင်း၊ တွေဝေခြင်းကြောင့် ပြဿနာကိုမေး၏။ ယုတ်မာသော အလိုဆိုးရှိ၍မေး၏။ ပရိဘဝါ – နှိပ်စက်လိုရှိ၍မေး၏။ သိလိုရှိ၍မေး၏။ ငါမေးသည် ကောင်းစွာဖြေလျှင်သင့်၏။ ကောင်းစွာမဖြေလျှင် ငါသည် ထိုသူအား ကောင်းစွာဖြေမည်ဟု နှလုံးသွင်းရှိ၍မေး၏။ ဤငါးပါးတည်း။

[နံ့ခြင်းဟူသည် နံ့သူ၏အဖြစ်ကြောင့် တွေဝေသူ၏အဖြစ်ကြောင့် ဖြေသည်ကိုပင် သိခြင်းငါမစွမ်းနိုင်သူဖြစ်၏။ သက်သက်မိမိ၏ တွေဝေခြင်းကို ပြလျက်သာ ဥမ္မတ္တကကဲ့သို့မေး၏။ ယုတ်မာသော အလိုဆိုးရှိ၍ဟူသည် ဤသို့. မေးလျှင် လူအပေါင်းတို့.သည် ချီးမွမ်းလတ္တံ့.ဟု ယုတ်မာသော အလိုဖြင့်မေး၏။ ပရိဘဝါဟူသည် ပရိဘာဝကို တင်လိုရှိ၍ နှိပ်စက်ခြင်းကို တင်လိုရှိ၍ (အပြစ်တင်လိုရှိ၍) မေး၏။ အညဗျာကရဏဋ္ဌလည်း ဤနည်းသာတည်း။]

၄၃၃။ **အညဗျာကရဏ** ။ ။ မြတ်စွာဘုရား အညဗျာကရဏ အရဟတ္တဖိုလ်ကိုပြောကြားခြင်းတို့.သည် အဘယ်မျှတို့.ပါနည်း။ ချ စ်သားဥပါလိ ငါးပါး–နံ့ခြင်း တွေဝေခြင်းကြောင့် အရဟတ္တဖိုလ်ကိုပြောကြား၏။ ယုတ်မာသောအလိုဆိုးရှိ၍ ဥမ္မာဒါ စိတ္တကျွေပါ ရှုးသွပ်ခြင်း စိတ်ပြန့်.လွင့်ခြင်းကြောင့် ပြောကြား၏။ ရပြီဟုထင်မြင်လွန်ကဲသောထင်ခြင်းဟူသော အဓိမာနဖြင့်ပြောကြား၏။ ဟုတ်မနှ်သည်ကို ပြောကြား၏။ ဤငါးပါးတည်း။

[အဓိဂတ – ရပြီဟု။ မနာ – [illegible] အဓိမာန [illegible]ကန်နှုတ်: အဓိက–လွန်ကဲသော။ မာန – မုတ်ထင်ခြင[illegible] [illegible]

မည်၏။ ဥတ္တရိမနုဿမမ္မကိုမရဘဲ ရပြီဟုထင်ခြင်းသည် ယနေ့. နက်ဖြန်တရား၊ ထူးရပေတော့မည်ဟု လွန်စွာအားထုတ်သူအား သာဖြစ်၏။]

၄၃၄။ **ဝိသုဒ္ဓိ** ။ ။ မြတ်စွာဘုရား ဝိသုဒ္ဓိ- စင်ကြယ်ခြင်းတို့သည် အဘယ်မျှတို့ပါနည်း။ ချစ်သားဥပါလိ ငါးပါး - ၁ နိဒါန်းကိုပြု၍အကြင်းကို သုတဖြင့် ရွတ်ဆိုခြင်း၊ ၂ နိဒါန်းပါရာဇိကကိုပြု၍ အကြင်းကိုသုတဖြင့်ရွတ်ဆိုခြင်း၊ ၃ နိဒါန်း ပါရာဇိက သံဃာဒိသေသ်ကိုပြု၍ အကြင်းကိုသုတဖြင့်ရွတ်ဆိုခြင်း ။ ၄ နိဒါန်း ပါရာဇိက သံဃာဒိသေသ် အနိယတကိုပြု၍ အကြင်းကိုသုတဖြင့် ရွတ်ဆိုခြင်း ။ ၅ အကျယ်ပြုခြင်း - ဤငါးပါးတည်း။

၄၃၅။ **ဘောဇန** ။ ။ မြတ်စွာဘုရား ဘောဇဉ်တို့သည် အဘယ်မျှတို့ပါနည်း။ ချစ်သားဥပါလိ ငါးပါး။ သြဒနော - ထမင်း၊ ကုမ္မာသော - မုယောမုံ့၊ သတ္တု - ကျက်စွာလှော်သော စပါးတို့၏ဆန်မှုန့်- မုံ့လုံး၊ မစ္ဆော - ငါး၊ မံသံ- အသား ဤငါးပါးတည်း။

(ထိုဆန်မှုန့်မှစ၍ သတ္တုမည်၏။ ဆန်လှော်မှုန့် ပေါက်ပေါက်တို့ဖြင့် ကား ပဝါရိတ်ကိုဖြစ်စေနိုင်သော သတ္တုမဖြစ်။)

ဒိဋ္ဌာဝိကမ္မဝဂ္ဂေါ စတုတ္ထော။

၅။ အတ္တာဒါနဝဂ် -

၁၉ - ပဌမ

၄၃၆။ **စောဒကအဗ္ဗတ္တ**။ ။ မြတ်စွာဘုရား စောဒကရဟန်းသည် သူတပါးကို စောဒနာလိုသော အခါ အဘယ်မျှသောဝမ္မတို့ကို အဗ္ဗတ္တဋ္ဌဆင်ခြင်၍ သူတပါးကိုစောဒနာအပ်ပါသနည်း။ ချစ်သားဥပါလိ စောဒကသည် ငါးပါးသောဝမ္မတို့ကို အဗ္ဗတ္တဋ္ဌ

ဆင်ခြင်၍ စောဒနာအပ်၏။ ငါးပါးကား- ငါသည် စင်ကြယ်သောကိုယ်အကျင့်ရှိ၏လော၊ မပေါက်သော၊ မသုံးသပ်အပ်သော၊ စင်ကြယ်သောကိုယ်အကျင့်နှင့်ပြည့်စုံ၏လော။ ဤသို့သောဓမ္မသည် ငါအား ရှိသလော၊ မရှိသလော ဟုဆင်ခြင်အပ်၏။

ချစ်သားဥပါလိ မစင်ကြယ်လျှင် အရှင်သည် ကိုယ်အကျင့်ကို သင်ကြားဦးလော့ဟု ဆိုစရာဖြစ်၏။ ထို့ပြင် ငါသည် စင်ကြယ်သော နှုတ်အကျင့်ရှိ၏လော (၀) မစင်ကြယ်လျှင် အရှင်သည် နှုတ်အကျင့်ကို သင်ကြားဦးလော့ဟု ဆိုစရာ ဖြစ်၏။ ထို့ပြင် ငါအား မေတ္တာစိတ် ရှေးရှုတည်၏လော။ ထို့ပြင် ငါသည် ဗဟုသုတရှိ၏လော၊ ထို့ပြင် ပါတိမောက်နှစ်စောင် အကျယ်အားဖြင့် ကောင်းစွာဖြစ်၏လော၊ မဖြစ်လျှင်ဝိနည်းသင်ယူဦးလောဟု ပြောစရာ ဖြစ်၏။ ဤငါးပါးကို အဋ္ဌတ္တာ၌ ဆင်ခြင်၍သူတပါးကို စောဒနာအပ်၏။

၄၃၇။ မြတ်စွာဘုရား စောဒကသည် သူတပါးကို စောဒနာလိုသောအခါ အဘယ်မျှသောဓမ္မ တို့ကို အဋ္ဌတ္တာ၌ဖြစ်စေ၍ စောဒနာအပ်ပါသနည်း။ ချစ်သားဥပါလိ ငါးပါးတို့ကို -ငါးပါးကား ကာလ၌ ဆိုပါအံ့ အကာလ၌မဆိုပါအံ့။ ဘူတဖြင့်ဆိုပါအံ့။ နော အဘူတေန။ နှုးညံ့သော စကားဖြင့်ဆိုပါအံ့ - နော ဖရုသေန။ အကျိုးရှိစေသောစကားဖြင့်ဆိုပါအံ့။ နော အနတ္ထသံဟိတေနေ၊ မေတ္တာစိတ်ရှိလျှက် ဆိုပါအံ့။ နော ဒေါသန္တရော။

၄၃၈။ မြတ်စွာဘုရား၊ စောဒကသည် သူတပါးကို စောဒနာသောအခါ အဘယ်မျှသောဓမ္မတို့ကို အဋ္ဌတ္တာ၌ နှလုံးသွင်း၍ စောဒနာအပ်ပါသနည်း။ ချစ်သားဥပါလိ ငါးပါးတို့ကို - ငါးပါးကား - သနားခြင်းဖြင့်၊ အကျိုးစီးပွားရှာခြင်းဖြင့်၊ အစဉ်စောင့်ရှောက်ခြင်းဖြင့်၊ အာပတ်မှထစေလိုခြင်းဖြင့်၊ ဝိနည်းကို ရှေးရှုခြင်းဖြင့် စောဒနာအပ်၏။

(အတ္ထာဒါနဝဂ်၊ ဓုတင်ဝဂ်တို့၌ ဆိုဘွယ်အားလုံးကိုဆိုပြီးပြီ။)

၄၃၉။ **သြကာသကမ္မ** ။ ။ မြတ်စွာဘုရား အဘယ်အင်္ဂါနှင့်ပြည့်စုံသော ရဟန်းအား အခွင့်တောင်းလျှင် အခွင့်မပေး

အပ်ပါသနည်း။ ချစ်သားဥပါလီ၊ ငါးပါးနှင့် – ငါးပါးကား၊ ကိုယ်ကျင့်မစင်ကြယ်ခြင်း၊ နှုတ်အကျင့်မစင်ကြယ်၊ အသက်မွေးမစင်ကြယ်၊ ဗာလအဗျတ္တဖြစ်၏။ စီစစ်အပ်သောအခါ စီစစ်ခြင်းကိုမပေးနိုင်။ ခွင့်ပေးအပ်ငါးပါး၊ ကိုယ်ကျင့်စင်ကြယ်၏။ နှုတ်ကျင့်စင်ကြယ်၏။ အသက်မွေး စင်ကြယ်၏။ ပဏ္ဍိတဗျတ္တဖြစ်၏။ စီစစ်အပ်သောအခါ စီစစ်ခြင်းကို ပေးနိုင်၏။

၄၄၀။ **အတ္ထာဒါန**။ ။ မြတ်စွာဘုရား အတ္ထာဒါန မိမိသည် ယူအပ်သောအဓိကရဏ်းကို ယူလိုသူသည် အဘယ်မျှအင်္ဂါနှင့်ပြည့်စုံသော အတ္ထာဒါနကို ယူအပ်ပါသနည်း။ ချစ်သားဥပါလီ ငါးပါး– အင်္ဂါငါးပါးကား – အတ္ထာဒါနကို ယူလိုသောအခါ ဤသို့ဆင်ခြင်အပ်၏။ ငါသည်အဓိကရဏ်းကိုယူလို၏။ (ဝါ – ရှင်ယသတို့ကဲ့သို့ သာသနာကို သုတ်သင်လို၏။) ယူခြင်းငှါ ကာလ ဟုတ်၏လော၊ မဟုတ်သလောဟု ဆင်ခြင်အပ်၏။ ဤသို့ဆင်ခြင်၍ ကာလ မဟုတ်ဟုသိလျှင်မယူအပ်၊ ကာလဟုတ်၏ဟုသိလျှင် ဘူတ – ဟုတ်မှန် သလော၊ မဟုတ်မှန်သလောဟု ဆင်ခြင်အပ်၏။ အဘူတဟုသိလျှင် မယူအပ်။ ဘူတဟုသိလျှင် အတ္ထသံဟိတ ဖြစ်မည်လော၊ မဖြစ်မည်လောဟုအလွန် ဆင်ခြင်အပ်၏။ အနတ္ထသံဟိတ ဖြစ်လျှင်မယူအပ်၊ အတ္ထသံဟိတဟုသိလျှင် ဓမ္မဝိနယအားဖြင့် မိတ်ကောင်းအပင်းအသင်းရမည်လော၊ မရမည်လောဟုအလွန်ဆင်ခြင်အပ်၏။ အပင်းအသင်းမရလျှင် မယူအပ်။ ရလျှင်ငါသည် ဤအဓိကရဏ်းကို ယူသောအခါ သံဃာအား ငြင်းခုံခြင်းစသည်ဖြစ်မည်လော၊ မဖြစ်မည်လော ဟု အလွန်ဆင်ခြင်အပ်၏။ ငြင်းခုံခြင်းစသည်ဖြစ်လျှင် မယူအပ်။ မဖြစ်လျှင် ထိုအဓိကရဏ်းကိုယူအပ်၏။ ဤသို့အင်္ဂါငါးပါးနှင့်ပြည့်စုံသောအဓိကရဏ်းကို ယူခြင်းသည် နောက်ဌာလည်း နှလုံးသာယာဝမ်းမြောက်ခြင်းကိုပြုနိုင်လတ္တံ့။

၄၄၁။ **ဗဟုပကာရ** ။ ။ မြတ်စွာဘုရား အဘယ်မျှအင်္ဂါနှင့်ပြည့်စုံသောရဟန်းသည် အဓိကရဏ်းဖြစ်သောရဟန်းတို့အား လွန်စွာကျေးဇူးများသူဖြစ်ပါသနည်း။ ချစ်သားဥပါလီ

ငါးပါးတို့နှင့်တည်း။ ငါးပါးကား – သီလရှိ၍ အပြစ်ကြောက်၍ သိက္ခာပုဒ်တို့ဌ် ကောင်းစွာကျင့်၏။ ဗြဟ္မစရိယကိုပြသောဓမ္မတို့ဖြင့် ဗဟုသုတရှိ၏။ ပါတိမောက်ဌ် နှစ်စောင် အကျယ်ကောင်းစွာလာ၏။ ဝိနယဌ် မတွန့်မဆုတ်တည်၏။ အတ္ထပစ္စတ္ထိက နှစ်ဦးလုံးကိုသက်သေရစေခြင်းငှါ သိစေခြင်းငှါ ကြည်ညိုစေခြင်းငှါ စွမ်းနိုင်၏။ ထို့ပြင်ငါးပါး ကိုယ်ကျင့်စင်ကြယ်၏ နှုတ်ကျင့်စင်ကြယ်၏။ အသက်မွေး စင်ကြယ်၏။ ပဏ္ဍိတဗျတ္တ ဖြစ်၏။ စီစစ်သောအခါ စီစစ်ခြင်းကိုပေးနိုင်၏။ ထို့ပြင်ငါးပါး– ဝတ္ထုကိုသိ၏။ နိဒါန်းကို။ ပညတ္တိကို။ ပဒပစ္စာဘဋ္ဌကို။ အနုသန္ဓိဝစနပထကိုသိ၏။

၄၄၂။ **စီစစ်အပ်သူ။** ။ မြတ်စွာဘုရား အဘယ်မျှအင်္ဂါနှင့်ပြည့်စုံ သောရဟန်းသည် မစီစစ်အပ်ပါသနည်း။

ချစ်သား ဥပါလိ ငါးပါးနှင့်တည်း။ သုတ္တကိုမသိ။ သုတ္တာနုလောမကို၊ ဝိနယကို၊ ဝိနယာနုလောမကိုမသိ၊ ဌာနာဌာန မလိမ္မာ။ စီစစ်အပ်ငါးပါး – သုတ္တကိုသိ၏။ (ပ) ဌာနာဌာနလိမ္မာ၏။ ထို့ပြင် မစီစစ်အပ်ငါးပါး၊ ဓမ္မကိုမသိ၊ ဓမ္မာနုလောမကို၊ ဝိနယကို၊ ဝိနယာနုလောမကို မသိ၊ ပုဗ္ဗါပရ မလိမ္မာ။ စီစစ်အပ်ငါးပါး ဓမ္မကိုသိ၏။ (ပ) ပုဗ္ဗာပရလိမ္မာ၏။

ထို့ပြင် မစီစစ်အပ်ငါးပါး– ဝတ္ထုကိုမသိ၊ နိဒါန်းကို၊ ပညတ္တိကို၊ ပဒပစ္စာဘဋ္ဌကို၊ အနုသန္ဓိဝစနပထကိုမသိ။ စီစစ်အပ် ငါးပါး ထိုငါးပါးကိုသိ၏။ ထို့ပြင် မစီစစ်အပ်ငါးပါး – အာပတ္တိကိုမသိ၊ အာပတ္တိသမုဋ္ဌာန်ကို၊ အာပတ်၏ ပယောဂကို၊ အာပတ်၏ ဂုပသမကိုမသိ။ အာပတ်၏ဝိနိစ္ဆယဌ်မလိမ္မာ။ စီစစ်အပ်ငါးပါး– ထိုတို့ကိုသိ၏၊ လိမ္မာ၏။ ထို့ပြင် မစီစစ်အပ်ငါးပါး– အဓိကရဏ်းကိုမသိ။ အဓိကရဏ်းသမုဋ္ဌာန်ကို၊ အဓိကရဏ်း၏ပယောဂကို၊ အဓိကရဏ်း၏ ဂုပသမကိုမသိ၊ အဓိကရဏ်း၏ ဝိနိစ္ဆယဌ်မလိမ္မာ။ စီစစ်အပ် ငါးပါး ထိုတို့ကိုသိ၏၊ လိမ္မာ၏၊

၆။ ဓုတင်ဝဂ္ဂ –
၁၃ – ပဌမ

၄၄၃။ **ဓုတင်တောရသ** ။။ မြတ်စွာဘုရား အာရညိကာ– တောင်ခံနေသူ တို့သည် အဘယ်မျှတို့ပါနည်း။ ချစ်သားဥပါလိ ငါးပါးတို့တည်း– နုံ့ခြင်း၊ တွေဝေခြင်းကြောင့် တောင်ခံနေ၏။ ယုတ်မာသောအလိုဆိုးကြောင့်တောင်ခံနေ၏။ ရူးသွပ်ခြင်း၊ စိတ်ပြန့်လွင့်ခြင်းကြောင့် တောင်ခံနေ၏။ (ဤသုံးယောက်အားဓုတင် မမည်။) ဗုဒ္ဓ ဗုဒ္ဓသာဝကတို့ချီးမွမ်းသည်ဟုတောင်ခံနေ၏။ အလိုနည်းခြင်းကို ရောင့်ရဲခြင်းကို ကိလေသာခါတွက်ခြင်းကို၊ ဆိတ်ငြိမ်ခြင်းကို ဤအကျင့်ဖြင့် အကျိုးရှိသူ၏ဖြစ်ကြောင်းကို ဤငါးမျိုးကိုအမှီပြု၍တောင်ခံနေ၏။ ဤငါးပါး တည်း။

ပိဏ္ဍာပါတိက ဆွမ်းခံသွားသူ၊ ပံသုကူလိက ပံသုကူသင်္ကန်းဆောင်သူ၊ ရုက္ခမူလိက – သစ်ပင်ရင်းနေသူ၊ သောသာနိက– သုသာန်နေသူ၊ အဗ္ဘောကာသိက – လွင်တီးခေါင်ခံနေသူ၊ တေစီဝရိက–သင်္ကန်းသုံးထည်ဆောင်သူ၊ သပဒါနစာရိက– အိမ်စဉ်မပြတ်ဆွမ်းခံသွားသူ၊ နေသဇ္ဇိက– အိပ်ခြင်းဣရိယာပုဒ်ကို ပယ်၍နေသူ၊ ယထာသန္ထတိက – သံဃာချပေးသောနေရာခံနေသူ၊ ဧကာသနိက တစ်ထိုင်တည်းစားသူ၊ ခလုပစ္ဆာဘတ္တိက – တန်ပြီဟုတားပြီးနောက် ထပ်မစားသူ၊ ပတ္တပိဏ္ဍိက – တစ်ခွက်တည်းစားသူတို့သည်အဘယ်မျှပါနည်း၊ ချစ်သားဥပါလိ– ငါးပါးတို့တည်း။ နုံ့ခြင်း၊ တွေဝေခြင်းကြောင့်စသော ငါးပါးတို့တည်း။

ဓုတင် ဝဂ္ဂေါဆဋ္ဌော။

* ပံ၊ တေ ၊ ပိဏ်၊ သပ် [၄]။ ဧ ၊ ပတ် ၊ ခ ၊ အာ [၄]။ ရုတ် ၊ အပ် ၊ သာ [၃]။ ယထာ၊ နေ [၂] ဆယ့်သုံး၊

၇ - မုသာဝါဒဝဂ္ဂ

၄၄၄။ **မုသာငါးပါး။** ။ မြတ်စွာဘုရား မုသာဝါဒတို့သည် အဘယ်မျှတို့ပါနည်း။ ချစ်သားဥပါလိ ငါးပါးတို့ တည်း။ ပါရာဇိက သို့ရောက်သော မုသာဝါဒသည်ရှိ၏။ သံဃာဒိသေသ်သို့--။ ထုလ္လစ္စည်းသို့ --။ ပါစိတ်သို့--။ ဒုက္ကဋ်သို့ရောက်သော မုသာဝါဒသည်ရှိ၏။ ဤငါးပါးတည်း။

[ပါရာဇိကသို့ရောက်ဟူသည် ပါရာဇိကဒဏ်ပတ်၏အဖြစ်သို့ရောက်၏ဟူလို။ အကြွင်းတူပြီ။ ထိုတွင်မရှိသောဥတ္တရိုးမနုဿဓမ္မကို ပြောသော မုသာဝါဒသည် ပါရာဇိကဂါမီ- ပါရာဇိကသို့ရောက်၏။ အမူလကပါရာဇိကဖြင့် စွပ်စွဲသော မုသာဝါဒသည် သံဃာဒိသေသဂါမီဖြစ်၏။ ယောတော ဝိဟာရေ ဝသတိ စသည်ဖြင့် ပရိယာယ်သွယ်ဝိုက်၍သိသူအားပြောသောမုသာဝါဒသည် ထုလ္လစ္စယဂါမိဖြစ်၏။ မသိသူအားပြောသော ထိုမုသာဝါဒသည် ဒုက္ကဋ်ဂါမီဖြစ်၏။ သမ္ဘဝေန မုသာဝါဒေ ပါစိတ္တိယံ ဟု လာသော မုသာဝါဒသည် ပါစိတ္တိယဂါမိဖြစ်၏။]

(**ဒီဋ္ဌိ။** ။ ပရိယာယ်သွယ်ဝိုက်၍ဟူသည် အမှတ်မရှိသိတတ်သူအား ပရိယာယ်ဖြင့်ဆိုသော မုသာဝါဒဟုလို။

သာဋ္ဌိ။ ။ထိုအတူတည်း။)

၄၄၅။ **ဩမဒ္ဒိတ္ထာ။** ။ မြတ်စွာဘုရား အဘယ်မျှအတိုနှင့်ပြည့်စုံသောရဟန်းအား သံဃာ့အလယ်၌ ဥပုသ်ပဝါရဏာတားလျှင် "ရဟန်း ငြင်းခုံခြင်းစသည်မပြုလင့်" ဟုနှိပ်၍သံဃာသည် ဥပုသ်ပဝါရဏာကို ပြုအပ်ပါသနည်း - ချစ်သားဥပါလိ ငါးပါးနှင့်တည်း။ အလဇ္ဇီဖြစ်၏။ ဗာလဖြစ်၏။ အပကတတ္တာဖြစ်၏။ စာဝနာဓိပ္ပါယဖြင့်ဆိုအံ့။ ဝုဋ္ဌာနာဓိပ္ပါယဖြင့်မဆို။ ထို့ပြင် ငါးပါး- ကိုယ်အကျင့်မစင်ကြယ်၊ နှုတ်အကျင့်

မစင်ကြယ်၊ အသက်မွေး မစင်ကြယ်၊ ဗာလအဗျတ္တဖြစ်၏။ ငြင်းခုံခိုက်ရန် ပြုတတ်သူဖြစ်၏။

၄၄၆။**အနုယောဂ**။ ။ မြတ်စွာဘုရား အဘယ်မျှအင်္ဂါနှင့် ပြည့်စုံ သောရဟန်းအား အနုယောဂကိုမပေးအပ်ပါ သနည်း။ ချစ်သားဥပါလိ၊ ငါးပါးနှင့်တည်း– အာပတ္တိ နာပတ္တိကိုမသိ၊ လဟုဂရအာပတ်ကိုမသိ၊ သာဝသေသာနာဝသေသကို၊ ဒုဋ္ဌုလ္လာဒုဋ္ဌုလ္လကို သပ္ပဋိကမ္မ အပ္ပဋိကမ္မအာပတ်ကိုမသိ။ ။ ပေးအပ်ငါးပါး – အာပတ် နာပတ်ကိုသိ၏။ (၀) သပ္ပဋိကမ္မ အပ္ပဋိကမ္မ အာပတ်ကိုသိ၏။

(**ဓိဋ္ဌိ ၊ သာဋ္ဌိ**။ ။ အနုယောဂကိုမပေးအပ်ဟူသည် ထိုရဟန်းဆိုသောစကားကိုမယူမူ၍ ဆိတ်ဆိတ်နေအပ်၏ ဟူလို) (မသိသူစွဲဆိုလျှင် – အရေးမယူရခြင်းတည်း။)

၄၄۷။ **အာပတ်သင့်ကြောင်း**။ ။ မြတ်စွာဘုရား အဘယ်မျှခြင်းရာ တို့ဖြင့် ရဟန်းသည် အာပတ်သို့ ရောက်ပါသနည်း။ ချစ်သား ဥပါလိ ငါးပါးတို့ ဖြင့်တည်း– မရှက်ခြင်းကြောင့်၊ မသိခြင်းကြောင့်၊ ကုက္ကုစ္စနိပ်စက်ခြင်းကြောင့်၊ အကပ္ပိယ၌ ကပ္ပိယဟု ထင်ခြင်း ကြောင့်၊ ကပ္ပိယ၌အကပ္ပိယဟုထင်ခြင်းကြောင့်၊ အာပတ်သို့ ရောက်၏။ ထို့ပြင်ငါးပါး– အဒဿနေန– မမြင်ခြင်းကြောင့်၊ အသဝနေန– မကြား ခြင်းကြောင့်၊ ပသုတ္တကတာ– အိပ်သောကြောင့်၊ တထာသညီ– အမှတ်လွဲ ခြင်းကြောင့်၊ သတိသမ္မောသာ– သတိမေ့ခြင်းကြောင့် အာပတ်သို့ရောက်၏။

[အဒဿနေနဟူသည် ဝိနည်းဝိုဏ်ကိုမမြင်ခြင်းကြောင့်တည်း။ ကုက္ကုစ္စဖြစ်သောအခါ ဝိနည်းဝိုဏ်ကိုမြင်လျှင်အပ်၊ မအပ်မေး၍ မအပ် သည်ကိုပယ်၍ အပ်သည်ကိုပြုရာ၏။ ဝိနည်းဝိုဏ်ကိုမမြင်ရသူကား မအပ်သည်ကိုလည်း အပ်သည်ဟုပြု၍ အာပတ်သို့ရောက်၏။ ဤသို့ သောအာပတ်သို့ဝိနည်းဝိုဏ်ကို မြင်ရလျှင်မရောက်၊ မမြင်ခြင်းကြောင့်

သာရောက်သည်။ အသံဝနေန ဟူသည် တစ်ကျောင်းတည်းနေသော်လည်း ဝိနည်းဓိရ်ထံချဉ်းကပ်၍ မမေးမြန်းခြင်းကြောင့် လည်းကောင်း တပါးသောသူတို့၏ပြောသည်ကိုမကြား၍လည်းကောင်း၊ အာပတ်သို့ရောက်သည်သာတည်း။ ပသုတ္တကတာဟူသည် ပသုတ္တကတာယ - အိပ်သူ၏အဖြစ်ဖြင့် သဟသေယျအာပတ်သို့ရောက်၏။ မအပ်သည်၌ အပ်သည်ထင်၍ ရောက်သူသည် တထာသညီမည်၏။ သတိ သမ္မောသ ဟူသည် တစ်ညဉ့်လွန်ခြင်းစသည်ဖြင့်ရောက်ထိုက်သော အာပတ်သို့ရောက်၏။]

(**ဝိဇ္ဇီ**-* အဒဿနေနဟူသည် အကပ္ပိယကိုရှောင်ကြဉ် သောဝိနည်းဓိရ်တို့၏အကျင့်ကို ဤသူမမြင်ခြင်းကြောင့်တည်း။ ထိုဝိနည်းဓိရ်တို့၏ ဒိဋ္ဌာနုဂတိသို့ မရောက်ခြင်းကြောင့်ဟူ၍လည်း ယူအပ်၏။ မအပ်သည်၌ အပ်သည်ထင်ခြင်းကား ရဇတ - ငွေစသောအကပ္ပိယ၌ တိပု - သလွဲစသည် ထင်ခြင်းကြောင့်တည်း။ မမေးမြန်းခြင်း စသည်၌ မေးမြန်း၍ မကြားရသူ မေးသည်ကိုမကြားရသူဟု ယှဉ်အပ်၏။ တစ်ညဉ့် လွန်ခြင်းစသည်ကား၊ အဓိဋ္ဌာန်တင်ထားသော သင်္ကန်းနှင့်ကင်းလျှင် တစ်ညဉ့်လွန်ခြင်းဖြင့် ပါစိတ်သို့ရောက်၏။ အာဒိသဒ္ဒါဖြင့် ခြောက်ညဉ့်လွန်ခြင်းစသည်တို့ကို ရေတွက်အပ်၏။)

၄၄၈။ **ဝေရ၊ ဝေရမဏိ** ။ ။ မြတ်စွာဘုရား ဝေရ - ရန်တို့သည် အာဘယ်မျှတို့ပါနည်း။ ချစ်သားဥပါလိ ငါးပါးတို့တည်း။ ပါဏာတိပါတသတ်ခြင်း၊ အဒိန္နာဒါနခိုးခြင်း၊ ကာမေသုမိစ္ဆာစာရကျင့်ခြင်း၊ မုသာဝါဒဆိုခြင်း၊ သုရာမေရယမဒ္ဒပမာဒဋ္ဌာန - သောက်စားခြင်း၊ ဤငါးပါးတည်း။ ဝေရမဏိ - ရန်ကိုသတ်ခြင်းတို့သည် အာဘယ်မျှတို့ပါနည်း။ ငါးပါး - ပါဏာတိပါက ဝေရမဏိ၊ သတ်ခြင်းမှရန်ကို

သတ်ခြင်း၊ အဒိန္နာဒါနဝေရမဏိ၊ ကာမေသုမိစ္ဆာစာရာဝေရမဏိ၊ မုသာဝါဒါ ဝေရမဏိ၊ သုရာမေရယဝေရမဏိ၊ ဤငါးပါးတည်း။

၄၄၉။ **ဗျသန၊ သမ္ဘဒါ** ။ ။ မြတ်စွာဘုရား ဗျသနတို့သည် အဘယ်မျှတို့ပါနည်း။ ချစ်သား ဥပါလိ ငါးပါးတို့တည်း– ဉာတိဗျသန – ဆွေမျိုးတို့၏ပျက်စီးခြင်း။ ဘောဂ ဗျသန– စည်းစိမ်၏ပျက်စီးခြင်း။ ရောဂ ဗျသန – အနာရောဂါဟူသော ပျက်စီးခြင်း။ သီလဗျသန – သီလ၏ပျက်စီးခြင်း။ ဒိဋ္ဌိဗျသန – အယူ၏ပျက်စီး ခြင်း။ သမ္ဘဒါတို့သည် အဘယ်မျှတို့ပါနည်း။ ငါးပါးတို့တည်း။ ဉာတိ သမ္ဘဒါ – ဆွေမျိုးပြည့်စုံခြင်း။ ဘောဂသမ္ဘဒါ – စည်းစိမ် ပြည့်စုံခြင်း။ အာရောဂ္ယ သမ္ဘဒါ – အနာကင်းခြင်း၏ပြည့်စုံခြင်း။ သီလသမ္ဘဒါ– သီလပြည့်စုံခြင်း။ ဒိဋ္ဌိသမ္ဘဒါ – အယူပြည့်စုံခြင်း ငါးပါးတည်း။

မုသာဝါဒဝဂ္ဂေါ သတ္တမော။

၈။ ဘိက္ခုနီဩဝါဒဝဂ် ။

၁၆ – ပဌက

၄၅၀။ **အဝန္ဒိယကံ** ။ ။ မြတ်စွာဘုရား အဘယ်မျှအင်္ဂါနှင့်ပြည့်စုံသော ရဟန်းအား ဘိက္ခုနီသံဃာသည်သာလျှင် ကံပြုအပ်ပါသနည်း။ ချစ်သား ဥပါလိ အင်္ဂါငါးပါးနှင့်ပြည့်စုံသောရဟန်းအား ကံပြုအပ်၏။ ထိုရဟန်းကို ဘိက္ခုနီသံဃာသည်ရှိမခိုးအပ်။ ငါးပါးကား ကိုယ်ကိုလုစ်၍ ဘိက္ခုနီတို့အားပြု၏။ ပေါင်ကိုလုစ်၍ပြု၏။ အင်္ဂါဇာတ်ကို လုစ်၍ပြု၏။ နှစ်ခုသောပုခုံးစွန်းတို့ကိုလုစ်၍ပြု၏။ ပြက်ရယ်ဆို၏။ လူတို့ကို ယှဉ်တွဲစေ၏။ (ဝါ – ပေးစား၏။) ထို့ပြင်ငါးပါး – ဘိက္ခုနီတို့အား လာဘ်မရအောင်အားထုတ်၏။ အကျိုးမဲ့ဘေးရန်ဖြစ်အောင် ––နေရာမရအောင် အားထုတ်၏။ ဘိက္ခုနီတို့ကိုဆဲရေး၏။ ကြိမ်းမောင်း၏။ ဘိက္ခုတို့ကို ဘိက္ခုနီ

တို့နှင့်ကွဲအောင် ဂုံးတိုက်၏။ ထို့ပြင်ငါးပါး - ဘိက္ခုနီတို့အားလာဘ်မရအောင် - အကျိုးမဲ့ဘေးရန်ဖြစ်အောင် --။ နေရာမရအောင် အားထုတ်၏။ ဘိက္ခုနီတို့ကိုဆဲရေးကြိမ်းမောင်း၏။ ဘိက္ခုတို့ကို ဘိက္ခုနီတို့နှင့် ယှဉ်တွဲစေ၏။

[လာဘ်မရအောင်ဟူသည် ပစ္စည်းလေးပါးမရအောင်တည်း။ အကြင်သို့ပြုလျှင် လာဘ်မရကုန်။ ထိုသို့အားထုတ်၏။ ဟူလို။ အကျိုးမဲ့ဘေးရန်ဖြစ်အောင်ဟူသည် အနတ္တံ အကျိုးမဲ့ဆောင်သော ၊ ကလိသာသနံ - အမျက်ဒေါသ စကားသို့ --တင်၍အားထုတ်၏။ နေရာမရအောင်ဟူသည်- မနေနိုင်အောင်တည်း။ နေထိုင်ရာ ဂါမခေတ်မှ နှင်ထုတ်ခြင်းငှါတည်း။ ယှဉ်တွဲစေ၏ဟူသည်- မသူတော်အကျင့်ကို မှီဝဲစေခြင်းငှါ ယှဉ်တွဲစေ၏။)

(**ဝိဋ္ဌိ**။ ။ အနတ္ထံကလိသာသနံဟူသည်အနတ္ထာဝဟံ ကောဓဝစနံ - အကျိုးမဲ့ကိုဆောင်သော အမျက်စကားသို့တင်၍တည်း။ အပြစ်သို့တင်၍ဘေးဥပါဒ်ဖြစ်အောင် အားထုတ်သည်ဟူလို။)

၄၅၁။ **ကံထိုက်သောဘိက္ခုနီ**။ ။ မြတ်စွာဘုရား အဘယ်မျှအင်္ဂါနှင့် ပြည့်စုံသော ဘိက္ခုနီအား ကံပြုအပ်ပါသနည်း။ ချစ်သားဥပါလိ။ ငါးပါးနှင့်တည်း- ကိုယ်ကိုလုစ်၍ရဟန်းတို့အားပြု၏။ ပေါင်ကို -- အင်္ဂါဇာတ်ကို -- ပခုံးစွန်းနှစ်ဘက်ကိုလုစ်၍ပြု၏။ ပြက်ရယ်ဆို၏။ လူတို့ကိုယှဉ်တွဲစေ၏။ ထို့ပြင် ငါးပါး - ရဟန်းတို့အားလာဘ်မရအောင် -- အကျိုးမဲ့ဘေးရန်ဖြစ်အောင် -- နေရာမရအောင် အားထုတ်၏။ ရဟန်းတို့ကို ဆဲရေးကြိမ်းမောင်း၏။ ဘိက္ခုနီတို့ကို ဘိက္ခုတို့နှင့်ကွဲပြားအောင် ဂုံးတိုက်၏။ ထို့ပြင်ငါးပါး- ရဟန်းတို့အား လာဘ်မရအောင် အကျိုးမဲ့ဘေးရန်ဖြစ်အောင် နေရာမရအောင်အားထုတ်၏။ ရဟန်း တို့ကိုဆဲရေးကြိမ်းမောင်း၏။ ဘိက္ခုနီတို့ကို ဘိက္ခုတို့နှင့်ယှဉ်တွဲစေ၏။

[ဘိက္ခုနီအားကံပြုခြင်းကို ခုနှစ်ပါးသောကံတို့တွင် တစ်ခုခုကို ရည်၍ မေး၏။]

(ဗုဒ္ဓဝါဘိက္ခုနီကွန္ဒကဌ် ပုခုံးစွန်းနှစ်ဘက်ကိုလှစ်၍ပြခြင်း မျှားမပါ။ ဘိက္ခုနီတို့က သားမြတ်ရင်သားလှစ်ပြခြင်းပါ၏။)

၄၅၂။ **ဩဝါဒမထားနိုင်သောရဟန်း။** ။ မြတ်စွာဘုရား အဘယ်မျှ အင်္ဂါနှင့် ပြည့်စုံသောရဟန်းသည် ဘိက္ခုနီတို့အား ဩဝါဒကိုမထားအပ်ပါသနည်း။ ချစ်သားဥပါလိ ငါးပါးတို့နှင့်တည်း– အလဇ္ဇီ၊ ဗာလ၊ အပကတတ္တာ၊ စာဝနာဓိပ္ပါယဖြင့်ဆိုသူ၊ ဝုဋ္ဌာနာဓိပ္ပါယဖြင့်မဆိုသူ။ ထို့ပြင်ငါးပါး – ကိုယ်ကျင့် – နှုတ်ကျင့်– အသက်မွေးမစင်ကြယ်၊ ဗာလအဗျတ္တာ၊ စီစစ်သောအခါ အနုယောဂကိုမပေးနိုင်။ ထို့ပြင်ငါးပါး – ကိုယ် အနာစာရရှိ၏။ နှုတ် အနာစာရရှိ၏။ ကိုယ်နှုတ် အနာစာရရှိ၏။ ဘိက္ခုနီတို့ကို ဆဲရေးကြိမ်းမောင်း၏။ ဘိက္ခုနီတို့နှင့်မသင့်သော ရောနှောခြင်းဖြင့် ရောနှော၏။ ထို့ပြင်ငါးပါး – အလဇ္ဇီ၊ ဗာလ၊ အပကတတ္တာ၊ ဂမိက – ခရီးသွားသူ၊ ဂိလာန – နာသူ။

၄၅၃။ **မဆွေးနွေးအပ်။** ။ မြတ်စွာဘုရား အဘယ်မျှအင်္ဂါနှင့်ပြည့်စုံသော ရဟန်းနှင့်အတူ မဆွေးနွေးအပ်ပါသနည်း။ ချစ်သားဥပါလိ ငါးပါးနှင့်တည်း– အသေကွဲ၏ သီလကွန္ဓနှင့် မပြည့်စုံ။ အသေကွဲ၏ သမာဓိကွန္ဓနှင့်-- ပညာကွန္ဓနှင့် ဝိမုတ္တိကွန္ဓနှင့် --။

ဝိမုတ္တိဉာဏဒဿနကွန်ရှနှင့်မပြည့်စုံ။ ဆွေးနွေးအပ်ငါးပါး- အသေကွ၏ သီလကွန်ရှနှင့် --၊ သမာဓိ --၊ ပညာ --၊ ဝိမုတ္တိ-- ဝိမုတ္တိဉာဏ ဒဿနကွန်ရှနှင့်ပြည့်စုံ၏။ ထို့ပြင်မဆွေးနွေးအပ်ငါးပါး -- အတ္တပဋိသမ္ဘိဒါသို့ မရောက်။ ဓမ္မပဋိသမ္ဘိဒါသို့ --။ နိရုတ္တိပဋိသမ္ဘိဒါသို့ --။ ပဋိဘာနပဋိသမ္ဘိဒါသို့မရောက်။ ကိလေသာမှလွတ်သောစိတ်ကို၊ ပစ္စဝေက္ခဏာဉာဏ်ဖြင့် မဆင်ခြင်။ ဆွေးနွေးအပ်ငါးပါး -- အတ္တပဋိသမ္ဘိဒါသို့ရောက်၏။ ဓမ္မ ---။ နိရုတ္တိ -- ပဋိဘာနပဋိသမ္ဘိဒါသို့ရောက်၏။ ကိလေသာမှလွတ်သောစိတ်ကို ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်၏။ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသောရဟန်းနှင့် ဆွေးနွေးအပ်၏။

[မဆွေးနွေးအပ်ဟူသည် ကပ္ပိယအကပ္ပိယ၊ နာမ်၊ ရုပ် အပိုင်းအခြား၊ သမထဝိပဿနာစသည်ပြားသော စကားအစဉ်ကို မပြော မဆိုအပ်။ ရဟန္တာသည် ချွတ်ယွင်းသောစကားကိုမဆို၊ ထိုသို့သော စကားအစဉ်ကိုသခင်အဖြစ်ဖြင့် ဟောပြော၏။ တပါးသောသူသည် ဤသို့မဟောပြောတတ်။ ထို့ကြောင့် ပဌမပဋ္ဌာန်း အသေကွ၏ သီလကွန်ရှနှင့်မပြည့်စုံဟုပယ်၍ ဒုတိယပဋ္ဌာန်း -- ပြည့်စုံ၏ စသည်ကို ဆိုသည်။ အတ္တပဋိသမ္ဘိဒါသို့မရောက်ဟူသည် အဋ္ဌကထာ၌ကွဲပြား သောဉာဏ်ရသူမဟုတ်။ ဓမ္မပဋိသမ္ဘိဒါစသည်၌ကား - ပါဠိဓမ္မ၌ ကွဲပြားသောဉာဏ်ရသူမဟုတ်။ ဝေါဟာရနိရုတ္တိ၌ ကွဲပြားသော ဉာဏ်ရသူမဟုတ်။ ပဋိဘာန - ဉာဏ်သုံးပါး၌ကွဲပြားသော ဉာဏ်ရသူမဟုတ် (ဉာဏ်သုံးပါးကား) အတ္ထ၊ ဓမ္မ၊ နိရုတ္တိတို့၌ ကွဲပြားသောဉာဏ်သုံးပါးသည် ပဋိဘာနဉာဏ်မည်၏။ ကိလေသာမှ လွတ်သောစိတ်ဟူသည် ကိလေသာမှလွတ်သော ဖလဝိမုတ္တိ - ဖိုလ် စိတ်လေးပါးစွမ်းဖြင့် လွတ်သောစိတ်ဖြစ်၏။ မဆင်ခြင်ဟူသည်ကို လွတ်သောစိတ်ကို (၁၉) ပါးသောပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်တတ်သူမဟုတ်။]

(**ဓီဋ္ဌိ**။ ။ ဝေါဟာရနိုရတ္တိဋ္ဌတည်း – သဒ္ဒနိုရတ္တိဋ္ဌ မဟုတ်။ မဂ္ဂပစ္စဝေက္ခဏာ – မဂ်ကိုဆင်ခြင်ခြင်းစသော (၁၉) ပါး။

သာဋ္ဌိ – (၁၉)ပါးဟူသည် မဂ်ကိုဆင်ခြင်ခြင်းစသော (၁၉) ပါးတည်း။

ဝိဋ္ဌိ - ဝေါဟာရနိုရတ္တိဟူသည် ထိုထိုအနက်ကို ဟောသောသဒ္ဒါဋ္ဌတည်း။ ထိုဋ္ဌကွဲပြားသောဉာဏ်ရသူမဟုတ် ဟူလို။)

ဘိက္ခုနီ သြဝါဒဝဂ္ဂေါ် အဋ္ဌမော။

၉။ ဥဗ္ဘာဟိကဝဂ်။

၂၂ – ပဌက

၄၅၅။ **ဥဗ္ဘာဟိကာ**။ ။ မြတ်စွာဘုရား အဘယ်မျှအင်္ဂါနှင့် ပြည့်စုံသော ရဟန်းကို ဥဗ္ဘာဟိကာယကမ်ဝါစာဖြင့် မသမုတ်အပ်ပါသနည်း။ ချစ်သားဥပါလိ ငါးပါးနှင့်တည်း။ အတ္ထဋ္ဌမလိမ္မာ၊ ဓမ္မဋ္ဌ - နိုရတ္တိဋ္ဌ --။ ဗျဉ္ဇနဋ္ဌ -- ပုဗ္ဗာပရဋ္ဌမလိမ္မာ။ သမုတ်အပ်ငါးပါး အတ္ထဋ္ဌ၊ ဓမ္မဋ္ဌ၊ နိုရတ္တိဋ္ဌ၊ ဗျဉ္ဇနဋ္ဌ၊ ပုဗ္ဗာပရဋ္ဌ လိမ္မာ၏။

ထိုပြင် မသမုတ်အပ်ငါးပါး – အမျက်ဒေါသကြီး၏။ ကျေးဇူးချေဖျက်၏။ အင်ဘူပြု၏။ ငြူစူတတ်၏။ မှားသောအယူကိုမစွန့်နိုင်အောင်မြဲစွာယူ၏။ သမုတ်အပ်ငါးပါး။ အမျက်မကြီး၊ ကျေးဇူးမချေ၊ အင်ဘူမပြု၊ မငြူစူ၊ မှားသောအယူကိုမယူ မြဲစွာမယူ စွန့်နိုင်၏။

ထိုပြင် မသမုတ်အပ်ငါးပါး – ကုပ္ပတိ – အမျက်ထွက်တတ်၏။

ဗျာပဒ္ဓတိ၊ စောင်းမြောင်းတတ်၏။ ပတိဋ္ဌယတိ - ဆန်ကျင်တတ်၏။ ကောပံ ဇနေတိ - အမျက်ကိုဖြစ်စေ၏။ အခမော - သည်းမခံ။ အနုသာသနိကို အမြတ်တနိုးမယူ။ သမုတ်အပ်ငါးပါး - နကုပ္ပတိ၊ နဗျာပဒ္ဓတိ။ နပတိဋ္ဌယတိ။ နကောပံ ဇနေတိ။ ခမော - သည်းခံ၏။ အနုသာသနိကိုအမြတ်တနိုးယူ၏။

ထို့ပြင် မသမုတ်အပ်ငါးပါး - ပသာရေတာ - နောသာရေတာ - တွေ့ဝေစေ၏။ သတိမရစေ။ ခွင့်မတောင်းဘဲဆို၏။ ဓမ္မဝိနယာဒေသပတ်နှင့်အညီ မစောဒနာ။ ထိုနှင့်အညီ မဆုံးဖြတ်။ မိမိအယူအတိုင်းမဆို။ သမုတ်အပ်ငါးပါး - သာရေတာ၊ နောပသာရေတာ၊ သတိရစေ၏။ မတွေ့ဝေစေ၊ ခွင့်မတောင်းရ၍ဆိုအံ့၊ အညီ စောဒနာ၏၊ အညီဆုံးဖြတ်၏၊ မိမိအယူအတိုင်းဆို၏။

ထို့ပြင် မသမုတ်အပ်ငါးပါး - ဆန္ဒာဂတိသို့လိုက်၏။ ဒေါသာ --၊ မောဟာ -- ၊ ဘယာဂတိသို့လိုက်၏။ အလဇ္ဇီဖြစ်၏။ သမုတ်အပ်ငါးပါး - အဂတိလေးပါးမလိုက်၊ လဇ္ဇီဖြစ်၏။

ထို့ပြင် မသမုတ်အပ်ငါးပါး - အဂတိလေးပါးလိုက်၏။ ဝိနည်းဌိ မလိမ္မာသူဖြစ်၏။ သမုတ်အပ်ငါးပါး - လေးပါးမလိုက်၊ ဝိနည်းဌိလိမ္မာ၏။

[အတ္ထဌိမလိမ္မာဟူသည် အဌကထာဌိမလိမ္မာ၊ အနုက်ထုတ်ခြင်းဌိလိမ္မာသည်မဟုတ်။ ဓမ္မဌိဟူသည် ဆရာသံ နှုတ်တိုက်မသင်ဘူးသောကြောင့် ပါဠိဌိမလိမ္မာ၊ ပါဠိသူရ - ပါဠိဌိရဲ့ဂုဏ်သူ မဟုတ်။ နိရုတ္တိဌိဟူသည် ဘာသာတပါးကို၏ဝေါဟာရဌိမလိမ္မာ၊ ဗျညနဌိဟူသည် - သိထိလနေကာ စသည်စွမ်းဖြင့်ပြည့်ဝုံစွာ ဗျည္ဇနလို့ တင်ခြင်းဌိလိမ္မာသည်မဟုတ်။ အကျွန်ုပ်အိုင်းအခြားဌိ သိမ်မွေ့လောဉာဏ်မရှိဟူလို။

ပုဗ္ဗာပရဌိဟူသည်- အတ္ထပုဗ္ဗာပရဌိလည်းကောင်း၊ ဓမ္မပုဗ္ဗာပရဌိလည်းကောင်း၊ နိရုတ္တိပုဗ္ဗာပရဌိလည်းကောင်း၊ ဗျညနပုဗ္ဗာပရဌိလည်းကောင်း။ ပုရေကထာ ပစ္ဆာကထာဌိလည်းကောင်း၊ လိမ္မာဟူ

မဟုတ်။ အမျက်ဒေါသကြီး၏ စသည်ကိုအဘယ်ကြောင့်ဆိုသနည်း ဟူမူ၊ ဒေါသဇသည်ဖြင့် အနိုပ်စက်ခံရသူသည် အကျိုးအကြောင်းမသိ ထုံးဖြတ်ခြင်းငါမတတ်နိုင်။ ထို့ကြောင့်ဆိုသည်။ ပသာရေတာ - နောသာရေတာဟူသည် မောဟေတာ- တွေဝေစေ၏။ နသတိ ဥပ္ပါဒေတာ - သတိကိုမဖြစ်စေ။ စော၊ စုတို့၏စကားကို တွေဝေအောင် ပြု၏။ ပိက်၏။ သတိမရအောင်ပြု၏ဟူလို။ ဤဝဂ်၌အကြင်း ပေါ်လွင်ပြီ။]

(**ဇင်ဦး**။ ။ သာရေတာမောဟေတာ (အကျွန်ုပ်ဟန် ရှိသည်။

ဝိဇ္ဇီ။ ။ ပြည့်စုံစွာဗျဥ္ဇနသို့တင်ခြင်း၌ မလိမ္မာ ဟူ၏သည် ပရိမဏ္ဍလေန - ပဒဗျဥ္ဇနေန - ဝန်းကျင်ပြည့်စုံသော ပုဒ်ဗျည်းဖြင့်ဆိုခြင်းငါလည်းကောင်း၊ သူတပါ်းဆိုသည်ကို သိခြင်းငါ လည်းကောင်း၊ မစွမ်းနိုင်ဟူလို။)

(အကျွန်ုပ်ကိုပီသကျနစွာ မဖတ်တတ် မပြောဆိုတတ် သူကို့သည် စသံ၊ တသံ၊ သသံမကွဲ။ ဝတ်စား - ဆိုသူကို ဝတ်တားကွဲ့ဟုသင်ပေးခြင်း၊ ရေမြောင်း၊ ရေမြောင်း၊ ဘရဟတော၊ အယ်ရယ်ဟတော။ ဘဂဝတော၊ ဘယ်ဂယ်ဝ တော စသည်ဆိုခြင်း။ ဒီဃရဿစသည်မကွဲစေဘဲ ဂိလာန၊ ဂီလာန၊ ထာဝရာ -ဝ၊ ထာဝယာဝ၊ သုဘရောစ ၊ သုဘာ ရောစ၊ တသာ-ဝါ။ တတ်သာဝါစသည်ဖြင့် မျှားလှ၏။ အပြစ် ကင်စကားတစ်ခုကြားရဘူးသည်မှာပွဲသဘင်ဆန်သူလူတို့ ဘည့် သင်းဘောဟုကနဲ့ကယဆိုလေ့ရှိကုန်၏။ မှန်ကန်ကျန ဂ်ား ပီပီသသကြီးဆိုသူတို့ကား - သန်းဖောဟုဆိုကုန်သော ဟူ၏။ မာတာယ+ထာနိယံပုတ္တ - ဟု အချို့လည်းအဖြတ် ချတ်၏။)

၄၅၆။ **ဗာလ ပဏ္ဍိတ** ။ ။ မြတ်စွာဘုရား အဓိဗဟုလ်ကျွန်းနှင့်ပြည့်စုံ သော်ရဟန်းသည် ဗာလပဏ္ဍိတသောရတို့ကဲ့သို့ခြင်း သို့ရောက်ပါသနည်း။ ချစ်သားဥပါလိ ငါးပါးနှင့်တည်း- သုဇာတိမသိ၊ သုတ္တာနုလောမကို၊ ဝိနယကို၊ ဝိနယာနုလောမကိုမသိ၊ ဌာနာဌာနကုသလမပဉ္စတ်။ ပဏ္ဍိတခေါ်ကြောင်းငါးပါး- သုဇာ စသောလေးပါးကိုသိ၏။ ဌာနာဌာနကုသလ ဟုတ်၏။

ထိုပြင် ဗာလခေါ်ကြောင်းငါးပါး - စမ္မကို၊ စမ္မာနုလောမကို၊ ဝိနယကို၊ ဝိနယာနုလောမကိုမသိ။ ပုဗ္ဗာပရကုသလမပဉ္စတ်။ ။ ပဏ္ဍိတခေါ်ကြောင်းငါးပါး။ စမ္မစသည်ကိုသိ၏။ ပုဗ္ဗာပရကုသလဟုတ်၏။

ထိုပြင် ဗာလခေါ်ကြောင်းငါးပါး - ဝတ္ထုကို၊ နိဒါန်းကို၊ ပညတ္တိကို၊ ပဒပစ္စာဘဋ္ဌကို၊ အနုသန္ဓိဝစနုပထကိုမသိ။ ပဏ္ဍိတခေါ်ကြောင်းငါးပါး - ဝတ္ထု စသည်ကိုသိ၏။

ထိုပြင် ဗာလခေါ်ကြောင်းငါးပါး - အာပတ္တိကို အာပတ္တိသမุฏฐานကို၊ အာပတ္တိယာပယောဂကို၊ အာပတ္တိယာဝုပသမကိုမသိ။ အာပတ္တိယာ ဝိနိစ္ဆယကုသလမဟုတ်။ ပဏ္ဍိတခေါ်ကြောင်းငါးပါး - အာပတ္တိစသည်ကိုသိ၏။ အာပတ္တိယာ ဝိနိစ္ဆယကုသလဟုတ်၏။

ထိုပြင် ဗာလခေါ်ကြောင်းငါးပါး - အဓိကရဏကို၊ အဓိကရဏသမုฏฐานကို၊ အဓိကရဏသပယောဂကို အဓိကရဏသဝူပသမကိုမသိ။ အဓိကရဏသ ဝိနိစ္ဆယကုသလမဟုတ်။ ပဏ္ဍိတခေါ်ကြောင်းငါးပါး - အဓိကရဏ စသည်ကို သိ၏။ ဝိနိစ္ဆယကုသလဟုတ်၏။

ဥဒ္ဓာဟိကဝဏ္ဏနာပြီး။

၁၀။ အဓိကရဏာဝူပသမဝဂ် ။

၁၈ – ပဌက

၄၅၇။ **အဓိကရဏ်းငြိမ်းစေသူ။** ။ မြတ်စွာဘုရား အဘယ်မျှ အဂ်ါနှင့် ပြည့်စုံသော ရဟန်းသည် အဓိကရဏ်းကိုငြိမ်းစေခြင်းငှါ မစွမ်းနိုင်ပါသနည်း။ ချစ်သားဥပါလိ ငါးပါးနှင့်တည်း– အာပတ္တိကို၊ အာပတ္တိသမုဋ္ဌာန်ကို၊ အာပတ္တိယာ ပယောဂကို၊ အာပတ္တိယာဂူပသမကိုမသိ၊ အာပတ္တိယာ ဝိနိစ္ဆယကုသလမဟုတ်။

စွမ်းနိုင်ကြောင်းငါးပါး – အာပတ္တိစသည်ကိုသိ၏။ ဝိနိစ္ဆယကုသလဟုတ်၏။ ထိုပြင် မစွမ်းနိုင်ငါးပါး အဓိကရဏကို၊ သမုဋ္ဌာနကို၊ ပယောဂကို၊ ဂူပသမကိုမသိ။ ဝိနိစ္ဆယကုသလမဟုတ်။ စွမ်းနိုင်ငါးပါး သိ၏။ ကုသလဟုတ်၏။

ထိုပြင် မစွမ်းနိုင်ငါးပါး– ဆန္ဒာဂတိသို့လိုက်၏။ ဒေါသာ – မောဟာ–ဘယာဂတိသို့လိုက်၏။ အလဒ္ဓိဖြစ်၏။ စွမ်းနိုင်ငါးပါး ၊ အဂတိမလိုက်၊ လဒ္ဓိဖြစ်၏။ ထိုပြင် မစွမ်းနိုင်ငါးပါး – အဂတိလေးပါးလိုက်၏။ အပသာဒုတပုဂ္ဂိုလ်ဖြစ်၏။ စွမ်းနိုင်ငါးပါး – အဂတိမလိုက်၊ ဗဟုသုတပုဂ္ဂိုလ်ဖြစ်၏၊ ထိုပြင် မစွမ်းနိုင်ငါးပါး– ဝတ္ထုကို၊ နိဒါန်းကို၊ ပညတ္တိကို၊ ပဒပစ္စာဘဋ္ဌကို၊ အနုသန္ဓိဝစနပဋ္ဌကိုမသိ။ စွမ်းနိုင်ငါးပါး– ဝတ္ထု စသည်ကိုသိ၏။

ထိုပြင် မစွမ်းနိုင်ငါးပါး – အဂတိလေးပါးလိုက်၏။ ဝိနည်းဌမလိမ္မာ၊ စွမ်းနိုင်ငါးပါး– အဂတိလေးပါးမလိုက်၊ ဝိနည်းဌလိမ္မာ၏၊ ထိုပြင် မစွမ်းနိုင်ငါးပါး– အဂတိလေးပါးလိုက်၏၊ ပုဂ္ဂလကိုအလေးပြု၏။ သံဃာကိုအလေးမပြု။ စွမ်းနိုင်ငါးပါး – အဂတိမလိုက်၊ သံဃာကိုအလေးပြု၏၊ ပုဂ္ဂလကိုအလေးမပြု။ ထိုပြင် မစွမ်းနိုင်ငါးပါး– အဂတိလေးပါးလိုက်၏၊ အာမိသကိုအလေးပြု၏၊ သဒ္ဓမ္မကို အလေးမပြု။ စွမ်းနိုင်ငါးပါး– အဂတိမလိုက်၊ သဒ္ဓမ္မကိုအလေးပြု၏၊ အာမိသကိုအလေးမပြု။

[ပုဂ္ဂလကိုအလေးပြု၏ဟူသည် ဤသူသည်ငါ၏ဥပဇ္ဈာယ်၊ ငါ၏ဆရာ စသည်ဖြင့် ကြံစည်၍ ဆရာဥပဇ္ဈာယ်၏နိုင်ခြင်းကိုအလိုရှိ၍ အဓမ္မကို ဓမ္မဟုပြု၏။ သံဃာကိုအလေးပြု၏ဟူသည် ဓမ္မကို ဝိနယကို မလွတ်စေမူ၍ဆုံးဖြတ်သူသည် သံဃဂရုမည်၏။ သက်နှံ့:စသော လာဘ်တို့.ကိုယူ၍ ဆုံးဖြတ်သူသည် အာမိသ ဂရုမည်၏။ လာဘ်တို့.ကို မယူမူ၍ ဓမ္မနှင့်အညီဆုံးဖြတ်သူသည် သဒ္ဓမ္မဂရုမည်၏။]

၄၅၈။ **သံဃာကွဲကြောင်း။** ။ မြတ်စွာဘုရား:အဘယ်မျှခြင်:ရာဖြင့် သံဃာသည် ကွဲပါသနည်:။ ချစ်သား: ဥပါလိ ငါ:ပါ:ဖြင့်တည်:- ကမ္မေန - ကံလေ:ပါ: တပါ:ပါ:ဖြင့်လည်:ကောင်:၊ ဥဒ္ဒေသေန - ဥဒ္ဒေသငါ:ပါ: တပါ:ပါ:ဖြင့်လည်:ကောင်:၊ ဝေါဟာရဏ္ဍော - ကွဲပြား:အောင်ပြောဆိုသည် ဖြစ်၍လည်:ကောင်:၊ အနုဿာဝနေန - နှာ:ရင်: ကပ်ကာ တတွတ်တွတ်ပြောခြင်:ဖြင့် လည်:ကောင်:၊ သလာကဂ္ဂါဟေန - စာရေ:တံပေခြင်:ဖြင့်လည်:ကောင်:၊ ဤငါ:ပါ:ဖြင့် သံဃာသည်ကွဲ၏။

[ကမ္မဟူသည် အပလောကနစသော၁ကံလေ:ပါ:ကို.တွင် တပါ:ပါ:ဖြင့် သံဃာသည်ကွဲ၏။ ဥဒ္ဒေသဟူသည်- ပါတိမောက်ပြခြင်: ငါ:ပါ:တို.တွင် တပါ:ပါ:ဖြင့်။ ဝေါဟာရဏ္ဍဟူသည်- ထိုထိုအကြောင်:တို. ဖြင့် အဓမ္မကို ဓမ္မစသော ဘေဒကရဝတ္ထု (၁၈) ပါ:တို.ကိုပြု၏။ အနုဿာဝနဟူသည်- မြတ်သောအမျိုးမှရဟန်:ပြုခြင်:၊ ဗဟုသုတရှိခြင်: စသော ငါ၏အကြောင်:ကို သင်တို.သိကြသည်မဟုတ်လော၊ သင်တို. သိသောအတိုင်: ငါသို.သောသူသည် ဓမ္မမဟုတ်သည်ကို ဝိနယ မဟုတ်သည်ကိုဘုရား:ရှင်၏ သာသနာတော်ဟူ၍ယူခိုင်:မည်လော။ ယူခိုင်:လိမ့်မည်ဟုသင်တို.အား စိတ်အကြံမျှဖြစ်စေခြင်:ငါ သင့်မည် လော။ အဝိစိသည် ငါ့အား ကြာတောကဲ့သို. အေ:လိမ့်မည်မဟုတ်။ ငါသည် အပါယ်ငရဲကိုမကြောက်ဘဲရှိအံ့လောစသည်ဖြင့် နှာ:အနီ: ကပ်၍ပြောဆိုခြင်:ဖြင့်တည်:။

သလာကဂ္ဂါဟ ဟူသည် ဤသို့ဖန်ဖန်ပြောဆိုရှိစိတ်ကို ထောက်ပံ့၍ မဆုတ်နစ်နိုင်အောင်ပြုပြီးလျှင်၊ ဤစာရေးတံကို ယူကြလောဟု စာရေးတံကိုယူစေခြင်းဖြင့်တည်း။ ဤငါးပါး တို့တွင် ကမ္မနှင့် ဥဒ္ဒေသနှစ်ပါးသာ ပမာဏဖြစ်၏။ ဝေါဟာရ၊ အနုသာဝန၊ သလာကဂ္ဂါဟ – သုံးပါးတို့ကား ပုဗ္ဗဘာဂတို့ဖြစ်ကုန်၏။ ကွဲပြားကြောင်း (၁၈) ပါးပြု၍ ဝေါဟာရနှာပြုပြီးသော်လည်းကောင်း၊ နှစ်သက်အောင်တတွတ်တွတ်ပြော၍ စာရေးတံပေးပြီးသော်လည်းကောင်း၊ သံဃာမကွဲသေး၊ လေးပါး လေးပါးထက်အလွန် စာရေးတံကိုယူ၍ သီးခြား – ကံကိုသော်လည်းကောင်း၊ ပြုအုံ့၊ ပါတိမောက်ပြခြင်းသော်လည်းပြုအုံ့ – ထိုအခါ သံဃာသည်ကွဲပြားသည်မည်၏။ ဤပရိဝါစကားသည်လည်းကောင်း၊ သံဃာဘေဒကွန္ဓကစကားသည်လည်းကောင်း၊ အထူးမရှိပြီ။]

(**သာဇီ**။ ။ ပုဗ္ဗဘာဂသုံးပါးဟူသော အကြောင်းတရား တို့နှင့်ပေါင်း၍ ငါးပါးဟုဆိုသည်။ ငါးပါးလုံးအတူယှဉ်တွဲ၍ မဖြစ်၊ အနုသာဝနဟူသည် အနုရူပ်၊ သာဝနကွဲခြင်းအားလျော်စွာဆိုခြင်းတည်း။ ခွဲအပ်သောရဟန်းတို့အား မကွဲကွဲအောင် မိမိ၏စကားကိုကြားစေခြင်း၊ သိစေခြင်းဟူလို။ ထင်ထင်ရှားရှား ဘေဒကရဝတ္ထုကိုပြောပြခြင်းသည် ဝေါဟာရမည်၏။ တိုးတိုးသာသာသိအောင်ပြောခြင်းသည် အနုသာဝနမည်၏။ ကမ္မ ဥဒ္ဒေသနှစ်ပါးသာလျှင် ကွဲခြင်းကိစ္စပြီး၏။ ထို ဘေဒသိဒ္ဓိကြောင့် ပမာဏဖြစ်၏။ ကြွင်းသုံးပါးသည် ထိုနှစ်ပါး၏ သမ္ဘာရဘူတ– အဆောက်အဦတို့ဖြစ်ကုန်၏။)

ဝိဇီ။ ။ အနုသာဝနဟူသည် အနုအနုကထန ဖန်ဖန် ထပ်ထပ် – ပြောခြင်းတည်း။

သံဃရာဇီ ။ ။ မြတ်စွာဘုရား၊ "သံဃရာဇိ သံဃရာဇိ" ဟုဆိုရာ၌

အဘယ်မျှဖြင့် သံယောမကွဲသောသံယရာဇိ၊ အဘယ်မျှ ဖြင့် သံယောကွဲသောသံယရာဇိဖြစ်ပါသနည်း။ ချစ်သားဥပါလိ ငါဘုရားသည် အာဂန္တုရဟန်းတို့အား အာဂန္တုဝတ်ကိုပညတ်၏။ ဤသို့ကောင်းစွာပညတ်သော အာဂန္တုဝတ်၌ အာဂန္တုတို့သည်ကောင်းစွာမကျင့်ကုန်။ ချစ်သား ဥပါလိ ဤသို့မကျင့်လျှင်လည်း သံယရာဇိ သံယောဓ၏အရေးအသားသည်ဖြစ်၏။ သံယဘေဒကားမဖြစ်။

ချစ်သားဥပါလိ ငါသည် အာဝါသိကတို့အား အာဝါသိကဝတ်ကို ပညတ်၏။ အာဝါသိကတို့ကောင်းစွာမကျင့်လျှင် သံယရာဇိဖြစ်၏။ သံယ ဘေဒမဖြစ်။ ချစ်သားဥပါလိ ငါသည် ရဟန်းတို့အား ဘတ္တဂ္ဂ၌ ဘတ္တဂ္ဂဝတ်ကို ပညတ်မ။ ယထာဝုဒ် – သီတင်းကြိုးစဉ်အား လျော်စွာ၊ ယထာရတ္တံ ညဉ့်အပိုင်းအခြား အားလျော်စွာ၊ ယထာပတိရူပံ – သင့်သည့်အားလျော်စွာ၊ အဂ္ဂါသနံ – နေရာကို၊ အဂ္ဂေါဒကံ – ရေဦးကို၊ အဂ္ဂပိဏ္ဍ – ဆွမ်းဦးကိုပညတ်၏။ ကောင်းစွာပညတ်အပ်သော ဘတ္တဂ္ဂဝတ်၌၊ ရဟန်းငယ်တို့သည် မထေရ်ကြီးတို့ကို နေရာထားကုန်အံ့။ သံယရာဇိဖြစ်၏။ သံယဘေဒမဖြစ်။

ချစ်သားဥပါလိ ငါသည် သေနာသန၌ သေနာသနဝတ်ကို ပညတ်၏။ ယထာဝုဒ်ကို ၊ ယထာရတ္တကို၊ ယထာပတိရူပကို၊ ပညတ်၏။ ရဟန်းငယ်တို့သည် မထေရ်ကြီးတို့ကို သေနာသနကိုထားကုန်အံ့။ သံယရာဇိဖြစ်၏။ သံယဘေဒမဖြစ်၊ ချစ်သားဥပါလိ ငါသည် ရဟန်းတို့အား သိမ်အတွင်း၌ ဧကဥပေါသထ် အတူဥပုသ်ပြုခြင်းကို အတူပဝါရဏာပြုခြင်းကို၊ အတူ သံဃကံပြုခြင်းကို၊ အတူကံငယ်ကံကြီးပြုခြင်းကိုပညတ်၏။ ထိုသို့ကောင်းစွာပညတ်လျှက် သိမ်အတွင်း၌ အသီးအခြားပြုရှိသံဃာကိုဖွဲ့၍၊ သီးခြားဥပုသ်ပြုကုန်အံ့၊ သီးခြားပဝါရဏာ၊ သီးခြားသံဃကံ၊ သီးခြားကံငယ်ကံကြီးကိုပြုကုန်အံ့။ ချစ်သားဥပါလိ ဤသို့လျှင် သံယရာဇိလည်းဖြစ်၏။ သံယဘေဒလည်းဖြစ်၏။

[ပညတ္တောတန္တိ – ပညတ်တံ ဓတ် ။ ကွ ပညတ္တဲ – ပတ္တ(ဘ)ဒ္ဒ(ဝ)

– ဝတ္တာကွန်ကဋ္ဌ ပညတ်သည်။ ဝတ္တာကွန်ကဋ္ဌ ၁၄ ပါးသော ဝတ်တို့.ကို အာဂန္တုဝတ်၊ အာဝါသိကဝတ်စသည်ဖြင့် ပညတ်သည်။ သံဃရာဇိ ဖြစ်ပုံကား၊ ဤသို့.ဂေါင်းစွာမကျင့်ကာမျှဖြင့် အစဉ်အတိုင်း တိုးပွားလာမှ သံဃဘေဒအကျိုးငါ ဤသံဃရာဇိဖြစ်သည်ဟူလို။ ယထာရတ္တန်တို့ ရတ္တိပရိမာဏာနုရူပ်၊ ယထာထေရ် – မထေရ်ကြီးအား လျော်စွာဟူလို။ အသီးအခြားပြု၍ဟူသည် အသီးသီးအပိုင်းအခြားပြု၍ အဆင့်ဆင့် သံဃာ့ကဲ့ကို အစပြု၍ ငယ်သောကဲ့၊ ကြီးသောကဲ့တို့.ကို ပြုကုန်၏ ဟူလို။]

(**ဓိဋ္ဌိ**။ ။ ယထာရတ္တန်တို့ အနုပသမ္ပန္နေ အပေက္ခတိတိ ပိ ဝဒန္တိ။ ယထာဝုဍ္ဎန်တို့ ဥပသမ္ပန္နေ အပေက္ခတိတိ လိခိတံ။)

အဓိကရဏာဝူပသမဝဂ္ဂေါ ဒသမော။

၁၁။ သံဃဘေဒကဝဂ်။

၂၀ – ပဌက

၁၂။ ဒုတိယသံဃဘေဒကဝဂ်။

၂၀ – ပဌက

၄၅၉။**အတေကိစ္ဆ** ။ ။ မြတ်စွာဘုရား အဘယ်မျှအင်္ဂါနှင့်ပြည့်စုံ သော သံဃဘေဒကသည် အပါယ်ရောက် ထိုက်ပါသနည်း။ ငရဲကျထိုက်ပါသနည်း။ အာယုကပ်ပတ်လုံး ငရဲ၌တည်ထိုက် ပါသနည်း။ ကုစားရ၍မရစကောင်းပါသနည်း။ ချစ်သား ဥပါလိငါးပါးနှင့်တည်း– ဤသာသနာ၌ အဓမ္မကိုဓမ္မဟုပြု၏။ ဓမ္မကိုအဓမ္မဟုပြု၏။ အဝိနယကို ဝိနယဟုပြု၏။ ဝိနယကို အဝိနယဟုပြု၏။ အယူကိုဆောက်တည်၍ သီးခြားကဲ့ပြုခြင်းဖြင့် ဤငါးပါးနှင့်ပြည့်စုံသောသံဃဘေဒကသည် အပါယ်

;ရာက်ထိုက်၏ (ပ) ကုစားမ၍ရစကောင်း။

ထို့ပြင် အ၀မ္မကိုဝမ္မပြု၏ (ပ) ဝိနယကိုအ၀ိနယပြု၏။ အယူကိုဆောက်တည်၍ သီးခြားပါတိမောက်ပြုခြင်းဖြင့်တည်း။

ထို့ပြင်ငါးပါး အ၀မ္မကိုဝမ္မဟုပြု၏ (ပ) ဝိနယကို အ၀ိနယဟုပြု၏။ အယူကိုဆောက်တည်၍ ဝေါဟရန္တ - အထင်အရှားပြောဆိုခြင်းဖြင့်တည်း။

ထို့ပြင်ငါးပါး အ၀မ္မကို (ပ) ပြု၏။ အယူကိုဆောက်တည်၍ အနုသာ၀နေန- အထပ်ထပ်ပြောဆိုခြင်းဖြင့်တည်း။

ထို့ပြင်ငါးပါး - အ၀မ္မကို (ပ) ပြု၏။ အယူကိုဆောက်တည်၍ သလာကဂ္ဂါဟေန - စာရေးတံယူစေခြင်း - ပေးခြင်းဖြင့်တည်း။ (ဤတွင် ဒီဋ္ဌိ ဝိနိစ္ဆယငါး ပဋ္ဌက။)

ထို့ပြင်ငါးပါး အ၀မ္မကို (ပ) ပြု၏။ ခန္ဓီ - နှစ်သက်ခြင်းကို ဆောက်တည်၍ ကမ္မေန၊ ဥဒ္ဒေသေန၊ ဝေါဟရန္တော၊ အနုသာ၀နေန၊ သလာကဂ္ဂါဟေန (ခန္ဓီ ငါး ပဋ္ဌက။)

ထို့ပြင် ငါးပါး အ၀မ္မကို (ပ) ပြု၏။ ရုစိ - အားရှိသောနှစ်သက်ခြင်းကို ဆောက်တည်၍ ကမ္မေနစသည်။ (ရုစိ ငါး ပဋ္ဌက)။

ထို့ပြင် ငါးပါး အ၀မ္မကို (ပ) ပြု၏။ သည် - အမှတ်ကိုဆောက်တည်၍ ကမ္မေနစသည် (သည် ငါး ပဋ္ဌက)။

သံဃဘေဒ၀ဂ္ဂေါ ဧကာဒသမော။

၄၆၀။ **နအတေကိစ္စ** ။ ။ မြတ်စွာဘုရား အဘယ်မျှအင်္ဂါနှင့်ပြည့်စုံ သော သံဃဘေဒကသည် အပါယ်မရောက်၊ ငရဲမကျ၊ အာယုကပ်လုံးမတည်၊ ကုစားမရ မဟုတ်ပါသနည်း။ ချစ်သားဥပါလိ ငါးပါးနှင့်တည်း။ ဤသာသနာ၌အ၀မ္မကို ဝမ္မဟုပြု၏။ (ပ) ဝိနယကို

အဝိနယဟုပြု၏။ ဒိဋ္ဌိ – အယူကို။ အဝိနိဗာယ– မဆောက်တည်မှု၍ ။ ကမ္မေန ပဋ္ဌကတစ်ခု၊ ဥဒ္ဒေသေန ပဋ္ဌကတစ်ခု။ ဝေါဟာရန္တော ပဋ္ဌကတစ်ခု။ အနုသာဝနေနပဋ္ဌကတစ်ခု။ သလာကဂ္ဂေါဟေန ပဋ္ဌကတစ်ခု (ဒိဋ္ဌိ – ၈၁ပဋ္ဌက)

ထိုပြင်၈၁ပါး – အဓမ္မကို (ပ) ပြု၏။ ခန္တိ – နှစ်သက်ခြင်းကို။ အဝိနိဗာယ – မဆောက်တည်မှု၍။ ကမ္မေနစသည်ဖြင့် ၈၁ပဋ္ဌက။ ။ ရုစိ အဝိနိဗာယ ကမ္မေန စသည်ဖြင့် ၈၁ပဋ္ဌက။ ။ သည် အဝိနိဗာယ ကမ္မေန စသည်ဖြင့် ၈၁ပဋ္ဌက။

[သံဃဘေဒဝဂ္ဂဒွယ၌ ဝိနိဗာယ ဒိဋ္ဌိ ကမ္မေနဟူသည် အဓမ္မစသည်တို့၌ အဓမ္မစသည်ဟုအယူရှိလျှက်သာလျှင် ထိုအယူကို ဆောက်တည်၍ (နလုံး၌ထား၍ ထိုအဓမ္မစသည်တို့ကို ဓမ္မစသည်စွမ်းဖြင့်ပြု၍ သီးခြားက်ကိုပြု၏။ ဤသို့အယူကို ဆောက်တည်၍ ပြုသောကမ္မနှင့်တကွ အဂ်ါ၈၁ပါးဖြစ်ကုန်၏။ ဤနည်းဖြင့် ပဋ္ဌကအားလုံးကိုသိအပ်၏။ ထိုတွင်ဝေါဟာရစသော အဂ်ါတွယကို ပုဗ္ဗဘာဂစွမ်းဖြင့်သာဟောသည်။ ကမ္မ၊ ဥဒ္ဒေသစွမ်းဖြင့်ကား အတောကိစ္စအဖြစ်ကိုသိအပ်၏။ ဤ၌ ရှေး၌မဆိုသေးသောနည်းရှိသော ပုဒ်တစ်စုံတစ်ခုမရှိပြီ။]

ဒုတိယသံဃဘေဒကဝဂ္ဂေါ ဒွါဒသမော။

၁၃။ အာဝါသိကဝဂ်

၃၀– ပဋ္ဌက

၄၆၁။ **အာဝါသိကဇရဲကျခြင်း**။ ။ မြတ်စွာဘုရား အာဘယ်မျှအဂ်ါနှင့် ပြည့်စုံသော အာဝါသိကရဟန်းသည် ဆောင်လာသောဝန်ထုပ်ကို ပစ်ချသကဲ့သို့ ၎င်းရဲ၌ပစ်ချအပ်သူဖြစ်ပါသနည်း။

ချစ်သားဥပါလိ ငါးပါးနှင့်တည်း။ ဆန္ဒာဂတိသို့လိုက်၏။ ဒေါသ -- [illegible] -- ၊ ဘယာဂတိသို့လိုက်၏။ သံယိုကပစ္စည်းကို ပုဂ္ဂလိကသုံးဆောင်[illegible] အသုံးပြု၏။ နတ်ပြည်ရောက်ကြောင်းငါးပါး - ဆန္ဒာဂဟိ (၀) ။ ဘယ[illegible] သို့မလိုက်။ သံယိုကပစ္စည်းကို ပုဂ္ဂလိကသုံးဆောင်ခြင်းဖြင့် အသုံးမပြု။

[ဆောင်ယူဘသောဝန်ထုပ်ကိုပစ်ချသကဲ့သို့ဟူသည် [illegible] လာ၍ ထားအပ်သကဲ့သို့တည်း။] (သံယိုကကို ရောက်လာ[illegible] မထေရ်ကြီးအား မပေးဘဲ မိမိသားသုံးလျှင် ပုဂ္ဂလိကသုံး။ ပေးလျှ[illegible] သံယိုကသုံး။)

၄၆၂။ **ဝိနယဗျာကရဏာ**။ ။ မြတ်စွာဘုရား ဝိနယပြဋ္ဌာန[illegible] ဖြေဆိုခြင်း တို့သည် အဓမ္မိကအဘ[illegible] ,မျှပါနည်း။ ချစ်သားဥပါလိ ငါးပါးတို့တည်း- အဓမ္မကို ဓမ္မဟူ၍မှတ်သ[illegible] စေ၏။ ဓမ္မကိုအဓမ္မဟူ၍ --။ အဝိနယကို ဝိနယဟူ၍--။ ဝိနယ[illegible] အဝိနယဟူ၍ မှတ်သားစေ၏။ မပညတ်သည်ကို ပညတ်၏။ ပညတ်[illegible] ကိုဖျက်ဆီး၏။ ဓမ္မိကငါးပါး - အဓမ္မကို အဓမ္မဟု မှတ်ဖေ၏။ (၀) ။ ဝိန[illegible] ဝိနယဟုမှတ်စေ၏။ မပညတ်သည်ကိုမပညတ် - ပညတ်အပ်ပြီး[illegible]

[ဝိနယဗျာကရဏာဟူသည် ဝိနယပြဿနာတို့ကို ဖြေ[illegible] တည်း။ ပရိဏာမေတိတိ နိယာမေတိ ဘယေတိ - မှတ်ဖေ[illegible] မိန့်ဆို၏။]

၄၆၃။ **ဆွမ်းညွှန်းစသည်ငရဲကျခြင်း**။ ။ မြတ်စွာဘုရား [illegible] အဂ်ါနှင့်ပြည့်စုံ[illegible] ညွှန်းရဟန်းသည် ဆောင်လာသောဝန်ထုပ်ကို ပစ်ချသကဲ့သို့ ငရဲ[illegible] ပစ်[illegible] ဖြစ်ပါသနည်း။ ချစ်သားဥပါလိ ငါးပါးနှင့်တည်း- ဆန္ဒာဂတိ (၀) [illegible] သို့လိုက်၏။ ညွှန်းအပ်သည် မညွှန်းအပ်သည်ကိုမသိ။ နှမ်[illegible] [illegible] ငါးပါး- ဆန္ဒာဂတိစသည်သို့မလိုက်၊ ညွှန်းအပ်သည် [illegible] သိ[illegible]။ (ပဋ္ဌာကနှစ်ခုစီ - ၆ - ခု။)

၄၆၄။ မြတ်စွာဘုရား အဘယ်မျှအင်္ဂါနှင့် ပြည့်စုံသော သေနာသနပညာပက – အိပ်ရာနေရာခင်းသောရဟန်းသည်၊ ဘဏ္ဍာဂါရိက – ဘဏ္ဍာစိုးသည် ၊ စီဝရပဋိဂ္ဂါဟက– သင်္ကန်းခံယူသောရဟန်းသည်၊ စီဝရဘာဇက – သင်္ကန်းဝေဘန်သောရဟန်းသည်၊ ယာဂုဘာဇက – ယာဂုဝေဘန်သောရဟန်းသည်၊ ဖလဘာ ဇက – သစ်သီးဝေဘန်သောရဟန်းသည်၊ ခဇ္ဇဘာဇက– ခဲဘွယ်ဝေဘန်သောရဟန်းသည်၊ အပ္ပမတ္တကဝိဿဇ္ဇက– အနည်းငယ်ကိုစွန့်သောရဟန်းသည်၊ သာဋ္ဌိယဂ္ဂါဟာပက – မိုးရေခံသင်္ကန်းကို ခံယူစေသောရဟန်းသည်၊ ပတ္တဂ္ဂါဟာပက – သပိတ်ကိုခံယူစေသောရဟန်းသည်၊ အာရာမိကပေသက – အာရာမ်စောင့်ကို စေခိုင်းသောရဟန်းသည်၊ သာမဏေရပေသက – သာမဏေကိုစေခိုင်းသောရဟန်းသည် ငရဲ၌ကျပါသနည်း။ ချစ်သားဥပါလိ ငါးပါးနှင့်တည်း– အဂတိလေးပါးသို့လိုက်စား၏။ စေခိုင်းအပ်သည် မစေခိုင်းအပ်သည်ကိုမသိ။ (၁၂ – ပဌက) နတ်ပြည်ရောက်ကြောင်းငါးပါး – အဂတိလေးပါးသို့မလိုက်၊ စေအပ်သည် မစေအပ်သည်ကိုသိ၏။ (၁၂ – ပဌက)

အာဝါသိကဝဂ္ဂေါ တေရသမော။

၁၄။ ကထိနက္ခန္ဓာရုဝက်။

၁၀ – ပဌက

၄၆၅။ **ကထိနာနိသင်။** ။ မြတ်စွာဘုရား ကထိန်ခင်းရာ၌ အာနိသင်တို့သည် အဘယ်မျှပါနည်း။

ချစ်သားဥပါလိ ငါးပါးတည်း– အနာမန္တစာရော– မပန်ကြားဘဲ လှည့်လည်နိုင်ခြင်း (၀၊) စာရိတ္တသိက္ခာပုဒ်ဖြင့် အာပတ်မသင့်နိုင်ခြင်း၊ အသမာဒါနစာရော– အမိန့်ခံ၍ သွား တိစီဝရိတ်ကိုမယူဘဲ သွားနိုင်ခြင်း၊ (၀၊) ဥဒေါသိတသိက္ခာပုဒ်ဖြင့် အာပတ်မသင့်နိုင်ခြင်း၊ ဂဏဘောဇနံ – ဂဏဘောဇဉ်ကြောင့် အာပတ်မသင့်ခြင်း၊ ယာဝဒတ္ထစီဝရံ – အဓိဋ္ဌာန် ဝိကပ္ပနာမပြုဘဲ အလိုရှိတိုင်းသင်္ကန်းထားနိုင်ခြင်း၊ (၀၊) ပဌမကထိနသိက္ခာပုဒ်ဖြင့် အာပတ်မသင့်နိုင်ခြင်း၊

ယောစတတ္ထ စ်ဝရပ္ပါဒေါ - ထိုကျောင်းဌ်ဖြစ်သမျှ သံဃိကသက်နှ်းသည် ထိုကထိန်ခင်းသူတို့အားဖြစ်ခြင်း - ဤငါးပါးတည်း။

* အနာမန္တ ၁ ၊ အ-သ-မါဒါ ၁ ၊ ယာဝါ ၊ ဂဏ ၂ ၊ ယောတတ္ထ ၁ ၊ ပဋ္ဌအာနိသင်။

၄၆၆။ **မေ့လျော့စွာအိပ်သူ**။ ။ မြတ်စွာဘုရား သတိမေ့လျော့ဆင်ခြင်ဉာဏ်ကင်းလျှက်အိပ်ခြင်းသို့ သက်သူအား အပြစ်အဘယ်မျှပါနည်း။ ချစ်သားဥပါလိ ငါးပါးတည်း။ ဆင်းရဲစွာအိပ်ရ၏။ ဆင်းရဲစွာနိုးရ၏။ မကောင်းလောအိပ်မက်ကိုမြင်မက်၏။ နတ်တို့သည်မစောင့်ရှောက်ကုန်။ သုက်သည်လွတ်တတ်၏။ သတိထင်လျှက် ဆင်ခြင်ဉာဏ်ရှိလျှက် အိပ်ခြင်းသို့သက်သူအား အကျိုးအဘယ်မျှပါနည်း။ ငါးပါးတည်း။ ချမ်းသာစွာအိပ်ရ၏။ ချမ်းသာစွာနိုးရ၏။ ကောင်းသောအိပ်မက်ကိုမြင်မက်၏။ နတ်တို့သည် စောင့်ရှောက်ကုန်၏။ သုက်သည် မလွတ်။

၄၆၇။ **ရှိမခိုးထိုက်သူများ** ။ ။ မြတ်စွာဘုရား ရှိမခိုးအပ်သော အဝန္ဒိယပုဂ္ဂိုလ်တို့သည် အဘယ်မျှ , တို့ပါနည်း။ ချစ်သားဥပလိ ငါးယောက်တို့တည်း။ ရွာတွင်းသို့ဝင်သူကို ရှိမခိုးအပ်။ လမ်းမဌ်သွားသူကိုရှိမခိုးအပ်။ မှောင်မိုက်ဌ်နေသူကို ရှိမခိုးအပ်။ အသမ္ဘာဟရန္တ - နှလုံးမသွင်းသူကို ရှိမခိုးအပ်။ အိပ်ပျော်သူကို ရှိမခိုးအပ် ဤငါးယောက်တည်း။

ထို့ပြင် ငါးယောက် - ယာဂုပါနေ - ယာဂု သောက်ရာဌ်ရှိမခိုးအပ်၊ ဘတ္တဂ္ဂေ - ဆွမ်းနေရာဌ်ရှိမခိုးအပ်၊ ဇကာဝတ္ထော- ရန်သူဖြစ်သောဝိသာဘာဂကို၊ အညဝိဟိတ - အာရုံတပါးနှလုံးထားသူကို၊ နဂ္ဂ- အဝတ်အချည်းနှီးရှိသူကို ရှိမခိုးအပ်။

ထို့ပြင် ငါးယောက် - ခါဒန္တ - ခဲဘွယ်ခဲဆဲကို၊ ဘုဥ္ဇန္တ - ဟောဇဉ်စားဆဲကို၊ ဥစ္စာရုံကရောန္တ - ကျင်ကြီးစွန့်ဆဲကို၊ ပဿာဝ - ကျင်ငယ်ဖွန့်ဆဲကို၊

ဥ[illegible]ဒ္ဓိတ္တက – ဥက္ခ်ိတ္တကကံပြုခံရသော ကံမှုနာနာသံ၀ါသကကို ရှိမခိုးအပ်။

ဇ[illegible]ငါးယောက် – ရှေးဖြစ်ရဟန်းသည် နောက်ဖြစ်ရဟန်းငယ် နဝကကို၊ အနုပသမ္ပန္န – ရဟန်းမဟုတ်သုကို၊ နာနာသံ၀ါသက – ဥက္ခိတ္တကဏ်၏ နောက်လိုက်၊ [illegible]နာနာသံ၀ါသက– ရဟန်းကြီးအဓမ္မ၀ါဒီကို၊ မာတုဂါမကို၊ ပဏ္ဍကကို ရှိမခိုးအပ်။

ထို့ပြင် ငါးယောက် ပရိ၀ါသ်နေဆဲကို၊ မူလာယပဋိကဿနထိုက်သူကို၊ [illegible]နတ် ဒဏ်သူကို၊ မာနတ်ကျင့်ဆဲကို၊ အဗ္ဗာန်ထိုက်သူကို ရှိမခိုးအပ်။

[မှောင်မိုက်ရှိနေသူ – သြတမသိကဟူသည် အန္ဓကာရဂတ ပြစ်၏။ ထိုမှောင်ထဲနေသူကို ရှိခိုးလျှင်ညောင်စောင်းအခြေ စသည်တို့ ဦးသော်လည်း နဖူး ဏဆောင့်မိရာ၏။ အသမန္နာဟာရဇ္ဇဟူသည် ကိစ္စ ပသုဏ– အလုပ်ကိစ္စများသူဖြစ်၏။ ထို့ကြောင့် ရှိခိုးသည်ကို နှလုံး ယဉ်ပါ နိုင်။ အိပ်ပျော်သူ– သုတ္တသည် နိဒ္ဒံ သြက္ကန္တ – ဘ၀င်ကျခြင်းဖြင့် အိပ်ပျော်နေသူဖြစ်၏။

ဇကာ၀ဋ္ဋဟူသည် ဇကတော အာ၀ပတ္တော– ဇကတော၀ဋ္ဋော – [illegible]သို့စိတ်လည့်နေသောသူဖြစ်၏။ သပတ္တပက္ခ– ဟူသော ရန်သူ [illegible]ဒဏ်ခံတည်သူဖြစ်၏။ ဝေရိ၀ိသဘာဂ– သဘောမတူသော ရဟန်းဖြစ်၏။ ရန်သူကိုရှိမခိုးအပ် (၁.၅) ရှိခိုးလျှင် ခြေဖြင့် [illegible]ကန်ကျောက်ရာသောကြောင့်တည်း။ အညဝိဟိတဟူသည် [illegible] ဝိနယမာန – အာရုံတပါးကို ကြံစည်စိတ်ကူးနေသူ ဖြစ်၏။ [illegible]ဂုသည် မုံ့ညက်ခဲဘွယ်စသည်ကိုစားနေသူဖြစ်၏။

[illegible]ကြီးကျင့်ယဉ်စွန့်ဆဲကို အရာမဟုတ်သောကြောင့် ရှိမခိုး အပ်။ ဥက္ခ[illegible]ဟူသည်– သုံးခုသောဥက္ခေပနိယကံဖြင့် ကံပြုခံရသူ [illegible]ခိုးအပ်၊ တဇ္ဇနိယနိယသ၊ ပဋိသာရဏီယ၊ ပဗ္ဗာဇနိယကံ [illegible]လေးယောက်ကိုကား ရှိခိုးအပ်၏။ ထိုလေးယောက်နှင့်အတူ

ဥပုသ်၊ ပဝါရဏာလည်းပြုကောင်း၏။ ဤငါးပဋ္ဌကတို့တွင် အစဆုံးပဋ္ဌက၌ နဂ္ဂနှင့် ဥက္ခိတ္တကကို ရှိခိုးသူအားသာအာပတ္တိ။ ကြွင်း ၁၃-ယောက်တို့အားကား သာရုပ္ပမဖြစ်သောကြောင့်လည်းကောင်း၊ နဖူးဆောင့်မိခြင်းစသော ဆိုပြီးသောအကြောင်းတို့ကြောင့် လည်းကောင်း ရှိခိုးခြင်းကိုပယ်သည်။

နောက်ပဋ္ဌကနှစ်ခု (၁၀) ယောက်တို့ကိုလည်း အာပတ္တိဝတ္ထု – အာပတ်သင့်ကြောင်းဖြစ်သောကြောင့် ရှိမခိုးအပ်ကုန်။ ရှိခိုးလျှင် အချိန်မရွေးအရပ်မရွေးအာပတ်သင့်၏။ ဤငါးပဋ္ဌက၌ (၁၃) ယောက်ကိုရှိခိုးသူအား အနာပတ္တိ။ (၁၂) ယောက်ကိုရှိခိုးလျှင် အာပတ္တိဖြစ်၏။]

(**ဒီဋ္ဌိ**။ ။ ဧကာဝတ္ထောဟူ၍လည်း ရှတ်ဆိုကုန်၏။ အမျက်ဒေါသထွက်သူဟူလို။ ဧကာဝတ္ထောဟူ၍လည်း ကေစိတို့ ဆိုကုန်၏။ ကိုယ်ရုံပယ်၍ နေသူဟူလို။ ထိုအားလုံးသည် အဌကထာ၌ထုတ်သော ပါဠိနှင့်ဆန့်ကျင်၏။ ဧကာဝတ္ထောဟူ၍သာထုတ်၏။ ထို့ကြောင့်မယူအပ်။ ဆိုပြီးသောအကြောင်းတို့ကား ကိစ္စများ၍နှလုံးမသွင်းနိုင်ခြင်း၊ နဖူးဆောင့်မိခြင်းစသည်တို့တည်း။

သာဒ္ဌိ။ ။ ဆိုပြီးသောအကြောင်းဟူသည် ညောင်စောင်းအခြေစသည်တို့၌ နဖူးဆောင့်မိခြင်းစသည်တည်း။

ဝိဒ္ဌိ။ ။ နဖူးဆောင့်မိရာ၏ဟူသည် မှောင်ထဲ၌ သားရေပိုင်းခင်း၍ ရှိခိုးခြင်းငါ ငုံ့သူ၏နဖူး မျက်စိ တစ်ခုခု ညောင်စောင်းအခြေစသည်တို့၌ ထိခိုက်မိတတ်၏။ ဤစကားဖြင့် အာပတ်မရှိခြင်းကိုဆို၍ ရှိခိုးသူကိုအခါခပ်သိမ်းပယ်အပ်သည်၏မရှိခြင်းကိုလည်းပြသည်။ ဧဝံသဗ္ဗတ္တ။ သုတ္တန္တရ – ပါဠိတပါးတို့ဖြင့်မပယ်အပ်သော နဂ္ဂစသည်တို့၌တည်လျှက်

ရှိခိုးခြင်းငါမအပ်ဟုမှတ်အပ်၏။ ဧကတော အာဝဇ္ဇောဟူသည် ဧကသို့ ဒေါသာဂတိပကွေ့ ပရိဝတ္တော ပဝိဌ္ဌောတိအတ္ထော ;– ဒေါသာဂတိပကို တစ်ဘက်သို့လည်သူဖြစ်၏။ စိတ်ဝင်နေသူဟူလို။ ထို့ကြောင့် သပတ္တပကွေ့ဌိတောဟုဆိုသည်။)

(ခုဒ္ဒကဝတ္ထုကွန်ကဋ် – နဘိကွဝေ နဂ္ဂေန နဂ္ဂေါ အဘိဝါဒေတဗ္ဗော။ (ပ)။ နဂ္ဂေန အဘိဝါဒေတဗ္ဗံ။ နဂ္ဂေန နဂ္ဂေါ အဘိဝါဒါပေတဗ္ဗော နဂ္ဂေန အဘိဝါဒေတဗ္ဗံ။(ပ)။ ယော ပိဝေယျ အာပတ္တိဒုက္ကဋဿ – ဟု ပါဠိတော်ဒုတိယ ဘာဏဝါရ၌ ရှိ၏။)

* မောင်မိုက်ထဲဟု ၁၊ ယာဂုနေရာ ၁၊ ဆွမ်းနေရာတွင် ၁၊ ရွာဝင်လမ်းသွား ၂၊ တခြားကြံတုန်း ၁၊ အိပ်တုန်း၊ စား, ခဲ ၃၊ ပြုဆဲသီးသီး ၁၊ ကျင်ကြီးကိုစွန့် ၁၊ ကျင်ငယ်စွန့်မှု ၁၊ ရန်သူမုန်းလွယ် ၁၊ ဆယ့်သုံးသွယ် – ရှိခိုးမဘွယ်ဟော်သတည်း။

* မူလာယထိုက် ၁၊ မာနတ်ထိုက်နှင့် ၁၊ ဗ္ဘာန်ထိုက်၊ ဝတ်ကျင့် ၂၊ မာန်တ်ကျင့်ရှိ ၁၊ လိဒ္ဓိနာနာ ၁၊ ကံနာနာလျှင် ၁၊ နဂ္ဂါ၊ နာဝက ၂၊ နုပသမ္ပန် ၁၊ ထီ၊ ပဏ္ဏာညစ်ထပ် ၂၊ ဆယ့်နှစ်ရပ် – ရှိခိုး ဒုက္ကဋ်ဟောသတည်း။

၄၆၈။ **ရှိခိုးထိုက်သူ**။ ။ မြတ်စွာဘုရား ရှိခိုးအပ်သော ဝန္ဒိယပုဂ္ဂိုလ်တို့သည် အဘယ်မျှတို့ပါနည်း။ ချစ်သား ဥဟိလိ ငါးယောက်တို့တည်း။ နောက်ဖြစ်ရဟန်းငယ်သည် ရှေးဖြစ်ရဟန်းကြီးကို ရှိခိုးအပ်၏။ လဒ္ဓိနာနာသံ့ဝါသက ရဟန်းကြီး ဓမ္မဝါဒီကိုရှိခိုးအပ်၏။ အာစရိယကိုရှိခိုးအပ်၏။ ဥပဇ္ဈာကို ရှိခိုးအပ်၏။ နတ်လူနှင့်တကွ သြကာသလောက သတ္တလောကဌ ပူဇော်အထူးခံထိုက်သော သမ္မာသမ္ဗုဒ္ဓဘုရားရှင်ကို ရှိခိုးအပ်၏။

[အာစရိယဟူသည် ပဗ္ဗဇ္ဇာစရိယ – ရှင်ပြုပေးသော သရဏဂုံ

ဆရာ။ ဥပသမ္မဒါစရိယ - ရဟန်းပြုပေးသော ကမ္မဝါစာဆရာ။ နိဿယာစရိယ - မှီခိုရှိနေရာဆရာ။ ဥဒ္ဒေသာစရိယ- စာသင်ပေး သောဓမ္မာစရိယ၊ ဩဝါဒါစရိယ ဆုံးမသောဆရာ - ဤသို့ ငါးပါး အပြားရှိသောဆရာကို ရှိခိုးအပ်၏။]

(**ဝိဇ္ဇာ**။ ။- ရှိခိုးအပ်သူတို့တွင် ဥဒ္ဒေသာစရိယ၊ နိဿယာစရိယ ဤဆရာနှစ်ပါးသည် မိမိအောက်ငယ်သူသို့ သော်လည်း ဖြစ်ကုန်၏။ ထို့ကြောင့် ထိုဆရာတော်နှစ်ပါးတို့ သည် ဝမ္မ သီတင်းကြီးတို့ဖြစ်ပါမှ ရှိခိုးအပ်သူတို့ဖြစ်ကုန်၏ဟု သိအပ်ကုန်၏။ (ဤ၌ဆရာအား ဝါငယ်သော်လည်း ရှိခိုး ကောင်းသည်ဟု အယူရှိကုန်၏။ နိဿယသည်း ဆရာငယ်ထံ၌ နိဿယသည်းယူသောအခါ ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီ၍ - ဟု မဟာဝါဠကထာ၌အဆိုရှိ၏။ လက်အုပ်ချီခြင်းသည် ရှိခိုးခြင်းမဟုတ်သေး၊ အစိတ်အင်္ဂါမျှသာတည်း။ ဥဘတော ပက္ခိတ တို့သည်ဘုရားရှင်ကို လက်အုပ်ချီကြသည်။ ရှိမခိုးကြ။ လက်အုပ် ချီရုံဖြင့် ရှိခိုးခြင်းဖြစ်သလောဟူ၍လည်းကောင်း၊ ဦးခေါင်း မြေမထိသော်လည်း လက်အုပ်ချီခြင်းသည် ရှိခိုးခြင်း မဟုတ် လောဟူ၍လည်းကောင်း၊ လူကဲကြည့်၍ဖြေဆိုကုန်၏။)

* ဘုရားမြတ်စွာ ၁၊ ဥပဇ္ဈာနှင့် ၂၊ ဆရာငါးခင်း ၃၊ သီတင်း ကြီးဘီ ၄၊ လဒ္ဓိမညီ - ဝါဒီဓမ္မ - ဝုဋ္ဌတ ၅၊ ရှိခိုးပဋ္ဌဟောသတည်း။

၄၆၉။ **ရှိခိုးခြင်းအင်္ဂါ** ။ ။ မြတ်စွာဘုရား သီတင်းငယ်သည် သီတင်းကြီး၏ ခြေတော်တို့ကို ရှိခိုးသောအခါ အဘယ်မျှဓမ္မတို့ကို အဋ္ဌတ္ထသန္ဓာန်၌ဖြစ်စေ၍ ရှိခိုးအပ် ပါသနည်း။ ချစ်သားဥပါလိ ငါးပါးတို့တည်း။ သီတင်းငယ်သည် သီတင်းကြီး ၏ခြေတော်တို့ကို ရှိခိုးသောအခါ ပခုံးတစ်ဘက်၌ ကိုယ်ရုံကိုတင်၍၊ လက်အုပ်ကိုချီ၍ လက်ဝါးပြင်နှစ်ခုတို့ဖြင့်ခြေတို့ကို ဆုပ်နယ်၍ ပေမ -ချစ်ခင်

ကြည်ညိုခြင်းကိုဖြစ်စေ၍၊ ဂါရဝ– ရိုသေလေးမြတ်ခြင်းကိုဖြစ်စေ၍၊ ရှိခိုးအပ်၏။ ဤငါးပါးကို အဋ္ဌတ္တဋ္ဌဖြစ်စေ၍ ရှိခိုးအပ်၏။

* ကိုယ်ရုံစမ္မယ် ၁၊ ချီရွယ်လက်အုပ် ၁၊ နယ်ဆုပ်ခြေစုံ ၁၊ ကြည်ယုံမြတ်နိုး ၁၊ ညွတ်ရိုကျိုး ၁၊ ရှိခိုးငါးတည်ဟောသတည်း။

(**လက်ဦ**။ ။ ဤနေရာ၌ ဘုရားရှင်သည် ရှင်ပါလိအား ရှိခိုးနည်းကိုဟောသည်၊ ပဋ္ဌပတိဋ္ဌိတေနဝန္ဒိတွာဟူရာ၌ ပဋ္ဌသရုပ်ကိုလည်း ဟောပြတော်မူသည်။ သီတင်းကြီးအား ရှိခိုးသောအခါ ပခုံးနှစ်ဘက်ဖော်၍လည်းကောင်း၊ နှစ်ဘက်လုံးဖုံး၍လည်းကောင်း ရှိမခိုးအပ်။ တစ်ဘက်ကိုသာဖုံး၍ ရှိခိုးအပ်၏ဟုဟောသည်။

ဤစကားဖြင့် နှစ်ထပ်သင်္ကန်းကို ပခုံး တစ်ဘက်၌ တင်ခြင်းမတင်ခြင်းသည် အပြစ်မရှိဟုပြ၏။ လက်သည်း ဆယ်ခုပေါင်းစု အရောင်တောက်ပြောင်သော "ကရပုဋ္ဌ" ဟူသောလက်အုပ်ကိုချီလျှက်သာ ရှိခိုးအပ်၏။ လက်ဝါးပြင်ပြခြင်း၊ လက်သီးဆုပ်ပြခြင်း စသည်ဖြင့်ရှိမခိုးအပ်။

လက်တစ်ဘက်ဖြင့် [illegible]ည်းကောင်း၊ သင်္ကန်းစွန်းထိကာမျှစသည်ဖြင့်လည်းကောင်. [illegible]ခိုးအပ်။ နှစ်ခုသော လက်ဝါးပြင့် ပြစ်မှားသောစိတ်ကိုလည်းကောင်း၊ မရိုသေခြင်းကိုလည်းကောင်းဖြစ်စေ၍ ရှိခိုးအပ်သည်မဟုတ်။ ချစ်ခင်မြတ်နိုးခြင်းကိုလည်းကောင်း၊ ရိုသေလေးမြတ် ခြင်းကိုလည်းကောင်း ဖြစ်စေ၍ရှိခိုးအပ်၏။

ဤသို.ရှိခိုးနည်းကို ဟောပြသည်။ ပဋ္ဌပတိဋ္ဌိတသရုပ်ကိုလည်း ဟောပြတော်မူသည်။ ဤပဋ္ဌပတိဋ္ဌိတကို အဋ္ဌတ္တံ ပဋ္ဌဝမ္မေ ဥပဋ္ဌပေတွာဟု ဟောသည်။ တစ်လောကလုံး၏

စီးပွားချမ်းသာကိုဆောင်သော ဓမ္မသာမိဘုရားရှင်သည် ကာယပဏာမ၊ မနောပဏာမစွမ်းဖြင့် များစွာသော စီးပွားချမ်းသာကို ပိုင်းခြားမှတ်သားခြင်းငှါ ရှင်ဥပါလိဒေါးဟောပြသောရှိခိုးနည်းဖြင့် ရှိခိုးခြင်းငှါသင့်၏။)

တစ်နည်းကား – လက်ပါးနှစ်ဘက်ချ၍ ဒူးနှစ်ဘက်ကိုလည်းချ၍ နဖူးကိုလည်းချ၍ မြေ၌ကြမ်း၌ အင်္ဂါငါးပါးတည် စေလျှက် ရှိခိုးခြင်းသည် ပဉ္စပတိဋ္ဌိတဝန္ဒနာမည်၏ဟု မိန့်ဆိုကုန်သေး၏။

လက် ၊ ဒူး – လေးလီ ၄၊ နဖူးညီ ၁၊ ငါးတည်မြေ၌ ရှိခိုးတည်း။

ကထိနတ္ထာရဝဂ္ဂေါ စုဒ္ဒသမော။

ဥပါလိ ပဉ္စက် နိဋ္ဌိတံ။

၁၈– အတ္ထာပတ္တိသမုဋ္ဌာန။

၄၇၀။ **အာပတ်ရောက်ခြင်း၊ ထခြင်း။** ။ အာပတ်ဟူသည် အစိတ္တကအခိုက် ရောက်၍ သစိတ္တကအခိုက်ထ၏။ သစိတ္တကအခိုက်ရောက်၍ အစိတ္တက အခိုက်ထ၏။ အစိတ္တကအခိုက်ရောက်၍ အစိတ္တကအခိုက်ထ၏။ သစိတ္တက အခိုက် ရောက်၍ သစိတ္တကအခိုက်ထ၏။ (လေးမျိုး)

ကုသလစိတ်ရှိခိုက် ရောက်၍ ကုသလစိတ်ရှိခိုက်ထ၏။ ကုသလစိတ် ရှိခိုက်ရောက်၍ အကုသလစိတ်ရှိခိုက်ထ၏။ ကုသလစိတ်ရှိခိုက်ရောက်၍ အဗ္ယာ ကတစိတ်ရှိခိုက်ထ၏။ (သုံးမျိုး)

အကုသလစိတ်ရှိခိုက်ရောက်၍ ကုသလစိတ်ရှိခိုက်ထ၏။ ----

အကုသလ စိတ် ရှိခိုက်ထ၏။ -- အဗျာကတစိတ်ရှိခိုက်ထ၏။ (သုံးမျိုး)

အဗျကတစိတ်ရှိခိုက်ရောက်၍ ကုသလစိတ်ရှိခိုက်ထ၏။ -- အကုသလ စိတ်ရှိခိုက်ထ၏။ -- အဗျာကတစိတ်ရှိခိုက်ထ၏။ (သုံးမျိုး)

[သဟသေယျစသော ပဏ္ဏာတ္တိဝဋ္ဌသို့ အားမထုတ်ဘဲရောက်သူသည် အစိတ္တကအခိုက်ရောက်၏။ ဒေသနာကြားသူသည် သစိတ္တကအခိုက်ထ၏။ အမှတ်ရသဖြင့်ထသူသည် အစိတ္တကအခိုက်ထ၏။ ပဌမဆိုပြီးသောအာပတ် - တိကဖြင့်ထသူသည်အစိတ္တကအခိုက်ရောက်၍ အစိတ္တကအခိုက်ထ၏။ နောက်ဆိုပြီးသော သစိတ္တအာပတ်ကို ဒေသနာကြားသူသည် သစိတ္တကအခိုက်ရောက်၍ သစိတ္တကအခိုက်ထ၏။

ဓမ္မဒါနပြုမည်ဟု ပဒသောဓမ္မစသည်ကို ပြုသူသည် ကုသလစိတ်ရှိခိုက် ရောက်၏။ ဘုရားရှင်တို့၏ ဆုံးမခြင်းကိုပြုပါတော့မည် (ဘုရားစကားနားထောင်ပါတော့မည်) ဟုတက်ကြွသောစိတ်ဖြင့် ဒေသနာကြားသူသည် ကုသလစိတ်ရှိခိုက်ထ၏။ ဒေါမနဿဖြင့် ဒေသနာကြားသူသည် အကုသလစိတ်ရှိခိုက်ထ၏။ တိကဝဏ္ဏာရကဖြင့် အိပ်ပျော်လျက်သာထသူသည် အဗျာကတစိတ်ရှိခိုက်ထ၏။

ကြောက်လန့်စေခြင်းစသည်ကိုပြု၍ ဘုရားရှင်တို့၏ ဆုံးမခြင်းကို ပြုပါတော့မည်ဟု ဝမ်းမြောက်ဝမ်းသာဒေသနာကြားသူသည် အကုသလစိတ်ရှိခိုက် ရောက်၍ ကုသလစိတ်ရှိခိုက်ထ၏။ ဒေါမနဿဖြင့်သာ ဒေသနာကြားသူသည် အကုသိုလ်စိတ်ရှိခိုက်ထ၏။ တိကဖြင့် ယခင်နည်းအတိုင်းထသူသည် အဗျာကတစိတ်ရှိခိုက်ထ၏။

အိပ်ပျော်ခိုက် သဟသေယျသို့ရောက်သူသည် အဗျာကတစိတ်ရှိခိုက်ရောက်၏။ ယခင်ဆိုပြီးသောနည်းဖြင့် ကုသလစိတ်ရှိခိုက် ထ၏။ စသည်ကို သိသာပြီ။]

(ဋီတို.၌ - သဟသေယျစသော ပဏ္ဏတ္တိဝဋ္ဋကို ရေးဥပါ,လိပဋ္ဌကဋ္ဌဆိုပြီးပြီ။ ကြောက်လန့်.စေခြင်းစသည်ကို ဒေါမနဿ ဖြင့်ပြု၏။)

သမုဋ္ဌာန် - ပါ.ရာဇိက။ ပဌမပါရာဇိကသည် အဘယ်မျှ သမုဋ္ဌာန်တို.ကြောင့်ဖြစ်သနည်း။ ပဌမပါရာဇိကသည် တစ်ခုသောသမုဋ္ဌာန်ကြောင့်ဖြစ်၏။ ကာယစိတ္တကြောင့်ဖြစ်၏။ ဝါစာကြောင့်မဖြစ်။ ဒုတိယပါရာဇိကသည် အဘယ်မျှ သမုဋ္ဌာန်တို.ကြောင့်ဖြစ်သနည်း။ ဒုတိယပါရာဇိကသည် သုံးခုသောသမုဋ္ဌာန်တို.ကြောင့်ဖြစ်၏။ ရံခါ ကာယစိတ္တကြောင့်၊ ရံခါ ဝါစာစိတ္တကြောင့်၊ ရံခါ ကာယဝါစာစိတ္တကြောင့်တည်း။ တတိယပါရာဇိကသည် - သုံးခုသော သမုဋ္ဌာန်ကြောင့်ဖြစ်၏။ ကာယစိတ္တကြောင့်၊ ဝါစာစိတ္တကြောင့်၊ ကာယဝါစာ စိတ္တကြောင့်။ စတုတ္ထပါရာဇိကသည် သုံးခုကြောင့်ဖြစ်၏။ ကာယစိတ္တကြောင့်၊ ဝါစာစိတ္တကြောင့်၊ ကာယဝါစာစိတ္တကြောင့်။

(ပဌမ ပါရာဇိကသည် အဘယ်မျှစသည်သည် ရေးဌ်ဆိုပြီးသောနည်းရှိ၍ ပေါ်လွင်သည်သာတည်း။)

စတ္တာရော ပါရာဇိကာနိဋ္ဌိတာ။

၄၇၁။ **သံဃာဒိသေသ်စသည်။** ။ လုံ.လပြု၍ သုက်ကိုလွတ်စေသူ၏ သံဃာဒိသေသ်သည် အဘယ်မျှ သမုဋ္ဌာန်တို.ကြောင့်ဖြစ်သနည်း။ တစ်ခုကြောင့် ကာယစိတ္တကြောင့်။

မာတုဂါမနှင့် ကာယသံသဂ္ဂရောက်သူ၏ သံဃာဒိသေသ်သည် တစ်ခုကြောင့်ကာယစိတ္တကြောင့်။

မာတုဂါမကို ဒုဋ္ဌုလ္လဝါစာတို.ဖြင့် ပြက်ရယ်ဆိုသူ၏ သံဃာဒိသေသ်သည် သုံးခုကြောင့် ကာယစိတ္တ၊ ဝါစာစိတ္တ၊ ကာယဝါစာစိတ္တကြောင့်။

မာတုဂါမထံ အတ္တကာမပါရိစရိယ ကျေးဇူးဆိုသူ၏ သံဃာဒိသေသ်

သည် သုံးခုကြောင့် – ကာယစိတ္တ၊ ဝါစာစိတ္တ၊ ကာယဝါစာစိတ္တကြောင့်။

သဠာရိတ္တသို့ရောက်သူ၏ သံယာဒိသေသ်သည် ခြောက်ခုကြောင့်၊ ကာယ၊ ဝါစာ၊ ကာယဝါစာ၊ ကာယစိတ္တ၊ ဝါစာစိတ္တ၊ ကာယဝါစာစိတ္တကြောင့်။

သညာဓိကာကုဋ္ဌိကိုပြုသူ၏ သံယာဒိသေသ်သည် ခြောက်ခုကြောင့်။

မဟာလွကဝိဟာရကိုပြုသူ၏ သံယာဒိသေသ်သည် ခြောက်ခုကြောင့်။

ရဟန်းကို အမူလကပါရာဇိကဖြင့် စွပ်စွဲသူ၏ သံယာဒိသေသ်သည် သုံးခုကြောင့်။

ရဟန်းကို အညာဘာဂိယ အဓိကရဏာ၏ ကိဉ္စိဒေသလေသမတ္တကိုစွဲ၍ ပါရာဇိကဖြင့် စွပ်စွဲသူ၏ သံယာဒိသေသ်သည် သုံးခုကြောင့်။

သံယတေဒကဖြစ်၍ သုံးကြိမ်ဆုံးမလျှက် မစွန့်သူ၏ သံယာဒိသေသ်သည်တစ်ခုကြောင့် – ကာယဝါစာစိတ္တကြောင့်။

ဘေဒါနုပတ္တကဖြစ်၍ သုံးကြိမ်မြောက်ဆုံးမလျှက် မစွန့်သူတို့၏ သံယာဒိသေသ်သည်တစ်ခုကြောင့်၊ ကာယဝါစာစိတ္တကြောင့်။

ဒုဋ္ဌစဖြစ်၍ သုံးကြိမ်ဆုံးမလျှက် မစွန့်သူ၏ သံယာဒိသေသ်သည်တစ်ခုကြောင့် – ကာယဝါစာစိတ္တကြောင့်။

ဂုလဒူသကဖြစ်၍ သုံးကြိမ်ဆုံးမလျှက် မစွန့်သူ၏ သံယာဒိသေသ်သည်တစ်ခုကြောင့်၊ ကာယဝါစာစိတ္တကြောင့်။

တေရသသံယာသိသေသာနိဋ္ဌိ တာ။

၄၇၂။ (ပ) အနာဒရိယကိုစွဲ၍ ရေ၌ကျင်ကြီး၊ ကျင်ငယ်၊ တံတွေးကိုစွန့်သူ၏ ဒုက္ကဋ်သည် တစ်ခုကြောင့်– ကာယစိတ္တကြောင့် ။ ။

သေခိယာနိဋ္ဌိတာ။

၃။ ပါရာဓိကာဒိ

၄၇၃။ **အပေါင်းသမုဋ္ဌာန်** ။ ။ လေးပါးသော ပါရာဓိကတို့သည် အဘယ်မျှသမုဋ္ဌာန်တို့ကြောင့် ဖြစ်ကုန်သနည်း။ သုံးခုကြောင့်၊ ကာယစိတ္တ၊ ဝါစာစိတ္တ၊ ကာယဝါစာစိတ္တကြောင့်။

တစ်ဆယ့်သုံးပါးသော သံဃာဒိသေသ်တို့သည် ခြောက်ခုကြောင့်။

နှစ်ပါးသောအနိယတတို့သည် သုံးခုကြောင့်ဖြစ်ကုန်၏။ အစိတ္တကသုံးခုကြောင့်မဖြစ်ကုန်။

သုံးဆယ်သော နိဿဂ္ဂိပါစိတ်တို့သည် ခြောက်ခုကြောင့်။

ကိုးဆယ့်နှစ်ပါးသောပါစိတ်တို့သည် ခြောက်ခုကြောင့်။

လေးပါးသော ပါဋိဒေသနီတို့သည်လေးခုကြောင့်၊ ကာယ၊ ကာယဝါစာ၊ ကာယစိတ္တ ၊ ကာယဝါစာစိတ္တကြောင့်ဖြစ်ကုန်၏။ ဝါစာ၊ ဝါစာစိတ္တကြောင့် မဖြစ်ကုန်။

ခုနှစ်ဆယ့်ငါးပါးသော သေခိယတို့သည် သုံးခုကြောင့် ကာယစိတ္တ၊ ဝါစာစိတ္တ၊ ကာယဝါစာစိတ္တကြောင့်ဖြစ်ကုန်၏။ အစိတ္တကသုံးခုကြောင့် မဖြစ်ကုန်။

[လေးပါးသောပါရာဓိကတို့သည် သုံးခုကြောင့် စသည်တို့၌ ဥက္ကဋ္ဌပရိစ္ဆေဒအားဖြင့် အကြင်အကြင်သမုဋ္ဌာန်ကို အကြင်အကြင် သိက္ခာပုဒ်အား ရအပ်၏။ ထိုထိုသမုဋ္ဌာန်အားလုံးကို ဆိုအပ်သည်သာ တည်း။]

သမုဋ္ဌာနံနိဋ္ဌိတံ။

၁၉။ ဒုတိယဂါထာသင်္ကေတ

(ပုစ္ဆာဂါထာ ၅၄။ ပြဿနာ – ၁၃၂ ။)

၄၇၄၊ ၁။ ပုစ္ဆာလေးခု ။ ။ ကာယဒွေရဉ္ဇဖြစ်သော အာပတ်တို့သည် အဘယ်မျှတို့နည်း။ ဖုံးသူအား အဘယ်မျှသောအာပတ်တို့ကို ပညတ်အပ်ကုန်သနည်း။ သံသဂ္ဂ နှီးနှောခြင်းကြောင့် အဘယ်မျှသောအာပတ်တို့ကို ပညတ်အပ်ကုန်သနည်း။

ကာယဒွေရဉ္ဇဖြစ်သောအာပတ်တို့သည်ခြောက်ပါးဖြစ်ကုန်၏။ ဝစီဒွေရဉ္ဇဖြစ်သောအာပတ်တို့သည် ခြောက်ပါးဖြစ်ကုန်၏။ ဖုံးသူအားသုံးပါးသော အာပတ်တို့ကို ပညတ်ကုန်၏။ သံသဂ္ဂကြောင့် ငါးပါးသောအာပတ်တို့ကို ပညတ်အပ်ကုန်၏။

[ကာယဒွေရဉ္ဇဖြစ်သော အာပတ်ခြောက်ပါးကား အန္တရပေယျာလဉ် စတုက္ကအာပတ္တိသမုဋ္ဌာန် (ကာယစိတ္တ) ကြောင့် ခြောက်ပါးသောအာပတ်တို့သို့ရောက်၏။ မေထုန်မှီဝဲအုံ့။ ပါရာဇိက – စသည်ဖြင့် ဟောပြီးသောအာပတ်တို့တည်း။ ထိုအာပတ်တို့သည် ကာယဒွေရဉ္ဇဖြစ်သောကြောင့် ကာယိကတို့ မည်ကုန်၏။ ဝစီဒွေရဉ္ဇဖြစ်သော အာပတ်ခြောက်ပါးကား ထိုအန္တရပေယျာလဉ်ပင်လျှင် ပဉ္စမအာပတ္တိသမုဋ္ဌာန် (ဝါစာစိတ္တ) ကြောင့် ခြောက်ပါးသော အာပတ်တို့သို့ရောက်၏။ ယုတ်မာသောအလိုဆိုးဖြင့်စသည်ဖြင့်ဟောပြီးသော အာပတ်ကို တည်း။

ဖုံးသူအား သုံးပါးဟူသည်– ပါရာဇိကအပြစ်ကိုဖုံးသော ဘိက္ခုနီအား ပါရာဇိက၊ ရဟန်း၏သံဃာဒိသေသ်ကိုဖုံးသူအားပါစိတ်။ မိမိ၏ ဒုဋ္ဌုလ္လအာပတ်ကိုဖုံးသူအား ဒုက္ကဋ်၊ သံသဂ္ဂကြောင့် ငါးပါးဟူသည် –ဘိက္ခုနီအား ကာယသံသဂ္ဂကြောင့် ပါရာဇိက၊ ဘိက္ခုအား သံဃာဒိသေသ်။ ကာယဖြင့် ကာယပဋိဗဒ္ဓ ထုလ္လစ္စည်း။ နိဿဂ္ဂိယဖြင့်

ကာယပဋိဗဒ္ဓ ဒုက္ခင့်၊ အဂုံလိပတောဒကကြောင့်ပါစိတ် – ဤကား ကာယသံသဂ္ဂကြောင့် ငါးပါးသောအာပတ်တို့တည်း။

(**ဝိဋ္ဌိ** ။ ။ ကာယဒွါရ၌ဖြစ်သော အာပတ်တို့သည် အဘယ်မျှတို့နည်း စသည်ဖြင့် ဥပါလိမထေရ်သည် ဝိနည်း၏ သဘောခ် လိမ္မာထက်မြက်စိမ့်သောဌာ ကိုယ်တိုင်သာမေး၍ အဖြေကို ပြုတော်မူအပ်၏။)

၂။ ပုစ္ဆာလေးခု ။ ။ အရဏ်တက်ချိန်၌ အာပတ်အဘယ်မျှနည်း။ ယာဝတတိယကအဘယ်မျှနည်း။ ဤသာသနာ၌ အဋ္ဌဝတ္ထုကအဘယ်မျှနည်း။ အဘယ်မျှတို့ဖြင့် သိက္ခာပုဒ်အားလုံးကို ရေတွက်သနည်း။

အရဏ်တက်ချိန်၌ အာပတ်သုံးခုဖြစ်၏။ ယာဝတတိယနှစ်ခုဖြစ်၏။ ဤသာသနာ၌ အဋ္ဌဝတ္ထုကတစ်ခုဖြစ်၏။ တစ်ခုမျှဖြင့် သိက္ခာပုဒ်အားလုံးကို ရေတွက်၏။

[အရဏ်တက်ချိန်၌ အာပတ်သုံးခုကား၊ ဧကရတ္တာ၊ ဆာရတ္တာ၊ သတ္တာဟာ၊ ဒသာဟာ၊ မာသ – လွန်ခြင်းဖြင့် နိဿဂ္ဂိပါစိတ်။ ဘိက္ခုနီအား ညဉ့်အခါ အဘော်ကင်းခြင်းကြောင့် သံဃာဒိသေသ်၊ ပဌမယာမ်၊ ဒုတိယယာမ်၊ တတိယယာမ်၊ ညဉ့်သုံးယာမ်ပတ်လုံးဖုံးအုံ့၊ အရဏ်တက်သောအခါ ဖုံးအပ်သောအာပတ်ဖြစ်၏။ ဖုံးသူကို ဒုက္ခင့်ကို ဒေသနာကြားစေအပ်၏။ ဤအာပတ်သုံးခုသို့ အရဏ်တက်ချိန်၌ ရောက်၏။

ယာဝတတိယကနှစ်ခုကား ပညတ္တိစွမ်းဖြင့် ဘိက္ခု ယာဝတတိယက၊ ဘိက္ခုနီ ယာဝတတိယကဟု နှစ်ခုဖြစ်၏။ အရေအတွက်အားဖြင့် (၁၁) ပါးဖြစ်ကုန်၏။ အဋ္ဌဝတ္ထုကတစ်ခုကို ဘိက္ခုနီတို့အားသာပညတ်၏။ တစ်ခုမျှဖြင့်ဟူသည် ယဿသိယာအာပတ္တိ သောအာဝိကရေယျဟူသော ဤတစ်ခုသောနိဒါနဒ္ဒေသဖြင့် အလုံးစုံသော

သိက္ခာပုဒ်တို့ကိုလည်းကောင်း၊ အလုံးစုံသော ပါတိမောက္ခုဒ္ဒေသ တို့ကိုလည်းကောင်းရေတွက်၏။]

(**ဒီဋီ** ။။ နိဒါနဒ္ဒေသကိုကြည့်၍ ကြွင်းသောဥဒ္ဒေသ တို့၏ဖြစ်ခြင်းကြောင့် "အလုံးစုံသော ပါတိမောက္ခုဒ္ဒေသ တို့ကိုလည်းကောင်းရေတွက်၏ "ဟုဆိုသည်။

ဝိဇီ –အဌဝတ္ထုကတစ်ခုဟူသည် ဘိက္ခုနီတို့အား ပညတ်သော တစ်ခုသောအာပတ်သည်သာလျှင် အဌဝတ္ထုက မည်၏–ဟူလို။)

၃။ ပုစ္ဆာသုံးခု ။။ ဝိနယ၏မူလအဘယ်မျှ ဘုရားရှင်ပညတ်သနည်း။ ဝိနယဂရုကအဘယ်မျှနည်း။ ဒုဋ္ဌုလ္လကိုဖုံးခြင်းကြောင့် အဘယ်မျှပညတ်သနည်း။

ဝိနယ၏မူလကိုနှစ်ပါးဟုပညတ်သည်။ ဝိနယဂရုကနှစ်ခု၊ ဒုဋ္ဌုလ္လဖုံးခြင်းကြောင့် နှစ်ခုဟုပညတ်သည်။

[ဝိနယ၏မူလနှစ်ပါးကား ကာယ၊ ဝါစာဖြစ်၏။ ဂရုကနှစ်ခုကား ပါရာဇိက၊ သံဃာဒိသေသ်ဖြစ်၏။ ဒုဋ္ဌုလ္လဖုံးခြင်းကြောင့်နှစ်ခုကား ပါရာဇိကကိုဖုံးသောဘိက္ခုနီအား ပါရာဇိက၊ သံဃာဒိသေသ်ကို ဖုံးသူအား ပါစိတ် – ဤနှစ်ခုသည် ဒုဋ္ဌုလ္လစ္ဆာဒနာပတ္တိမည်၏။]

(**ဒီဋီ – သာဋီ** ။။ ဝိနယေဂရုကာ – ဝိနယဂရုကာ– ဝိနည်းဌ ဂရုကအာပတ်တို့တည်း။ ကိဉ္စာပိ ဣဒံ ဒ္ဝိသုဂါတာသု အာဂတံ။ အညေဟိ ပန မိသ္သေတ္ဝာ ဝုတ္တာဘာဝတော် နာနာ ကရဏံ ပစ္စေတဗ္ဗံ။ (အထက် ၇ – ပုစ္ဆာလေးခုဌ်ထင်ရှားလတ္တံ့။)

၄။ ပုစ္ဆာလေးခု ။ ။ ရှာတပါးကြောင့် အာပတ်အဘယ်မျှနည်း။

မြစ်ကမ်းတစ်ဘက်ကြောင့် အာပတ်အဘယ်မျှနည်း၊ အဘယ်မျှအသား၌ ထုလွှစ္စည်းနည်း။ အဘယ်မျှအသား၌ ဒုက္ခဋ္ဌနည်း။

ရွာတပါးကြောင့်လေးအာပတ်။ မြစ်ကမ်းတစ်ဘက်ကြောင့် လေးအာပတ်။ အသားတစ်ခု၌ ထုလွှစ္စည်း။ အသားကိုးခု၌ ဒုက္ခဋ္ဌ။

[ရွာတပါးကြောင့် လေးအာပတ်ကား ၊ ဘိက္ခုသည် ဘိက္ခုနီနှင့် အတူ တိုင်ပင်အံ့ ဒုက္ခဋ္ဌ၊ ရွာတပါး၏ဥပစာသို့ သက်ဝင်အံ့ပါစိတ်။ ရွာတပါးသို့ သွားသော ဘိက္ခုနီအား အာရာမ်ရှိသောရွာ၌ ပဌမခြေလှမ်း၌ ထုလွှစ္စည်း။ ဒုတိယခြေလှမ်း၌ သံဃာဒိသေသ်။ အာရာမ်မရှိသော ရှုပ်ဖြစ်အံ့ ဥပစာသို့ဝင်လျှင် ပဌမ ခြေလှမ်း၌ ထုလွှစ္စည်း။ ဒုတိယ ခြေလှမ်း၌ သံဃာဒိသေသ်။ ရွာတပါးကြောင့် ဒုက္ခဋ္ဌ၊ ပါစိတ်၊ ထုလွှစ္စည်း၊ သံဃာဒိသေသ် ဤလေးအာပတ်တည်း။ မြစ်ကမ်းတစ်ဘက်ကြောင့် လေးအာပတ်ကား ဘိက္ခုသည် ဘိက္ခုနီနှင့်အတူ တိုင်ပင်အံ့။ ဒုက္ခဋ္ဌ၊ လှေစီးအံ့ပါစိတ်။ ဘိက္ခုနီသည် မြစ်ကမ်းတစ်ဘက်သို့ သွားအံ့ – တက်သောအခါ ပဌမခြေလှမ်း၌ ထုလွှစ္စည်း။ ဒုတိယခြေလှမ်း၌ သံဃာဒိသေသ် – ဤလေးအာပတ်တည်း။ အသားတစ်ခု၌ ထုလွှစ္စည်းကား လူသား၌ထုလွှစ္စည်း။ အသားကိုးခု၌ ဒုက္ခဋ္ဌကား – ကြွင်းသောအကပ္ပိယမံသတို့၌ ဒုက္ခဋ္ဌ။]

၅။ ပုစ္ဆာလေးခု ။ ။ ညဉ့်အခါ နှုတ်အာပတ်အဘယ်မျှ၊ နေ့အခါ နှုတ်အာပတ်အဘယ်မျှ၊ ပေးသူအာပတ်အဘယ်မျှ၊ ယူသူအာပတ်အဘယ်မျှနည်း။

ညဉ့် နှုတ်အာပတ်နှစ်။ နေ့ နှုတ်အာပတ်နှစ်၊ ပေးယူသုံ့းအာပတ်၊ ယူသူ လေးအာပတ်။

[ညဉ့် နှုတ်အာပတ်နှစ်ကား – ရတ္တာနွှကာရ – ညဉ့်မှောင်မိုက်မီးရောင်ကင်းလျှက် ယောက်ျားဟတ္ထပါသ်တွင်းတည်လျက် စကားပြောသောဘိက္ခုနုံ့အားပါစိတ်၊ ဟတ္ထပါသ်စွန့်ကာတည်လျက် စကားပြောအံ့

ဒုက္ခင့်။ နေ. နှုတ်အာပတ်နှစ်ကား နေ့အခါ ပဋ္ဌိဌ္ဌနနေရာ၌ယောကျ်ား၊ ဟတ္ထပါသ်တွင်းတည်လျှက် စကားပြောအံ့ပါစိတ်။ ဟတ္ထပါသ်စွန့်ကာ တည်လျှက်စကားပြောအံ့ ဒုက္ခင့်။ ပေးသူသုံးအာပတ်ကား သေစေလိုသောစေတနာဖြင့် လူအား အဆိပ်ကိုပေးအံ့.. ထိုသူ ထိုအဆိပ်ဖြင့်သေလျှင် ပါရာဇိက၊ ယက္ခ ပေတတို့အား ပေးအံ့။ ထိုသူတို့. ထိုဖြင့်သေလျှင် ထုလ္လစ္စည်း။ တိရစ္ဆာန်အား၊ပေးအံ့။ ထိုတိရစ္ဆာန် ထိုဖြင့်သေလျှင်ပါစိတ်၊ အညာတိကာဘိက္ခုနီအား သက်နှ်းပေးအံ့ ပါစိတ်။ ယူသူ လေးအာပတ်ကား လက်ကို ဆံထုံးကို ကိုင်ယူအံ့ သံဃာဒိသေသ်။ ခံတွင်းဖြင့် ရွှေပန်းအင်္ဂါကိုစုတ်ယူအံ့ ပါရာဇိက၊ အညာတိကာဘိက္ခုနီ၏ သက်နှ်းကိုခံယူအံ့ နိဿဂ္ဂိပါစိတ်၊ ရာဂစွတ်လျှက် ရာဂစွတ်သော ယောကျ်ား၏လက်မှ ခဲဘွယ်ဘောဇဉ် ကိုခံယူအံ့ ထုလ္လစ္စည်း။]

၂။ ဒေသနာဂါမိနီယာဒိအာပတ္တိ

၄၇၅ / ၆။ ပုစ္ဆာသုံးခု ။ ။ ဒေသနာဂါမိအာဘယ်မျှ သပ္ပဋိကမ္မ - ကုစား စကောင်းအာဘယ်မျှ၊ အပ္ပဋိကမ္မ - မကုစားစကောင်းအာဘယ်မျှ ဘုရားရှင်ဟောသနည်း။

ဒေသနာဂါမိ ငါးအာပတ်၊ သပ္ပဋိကမ္မ ခြောက်အာပတ်။ အပ္ပဋိကမ္မ - တစ်အာပတ်ကိုဟောတော်မူ၏။

[ဒေသနာဂါမိ ငါးအာပတ်ကား လဟုကငါးခုတည်း။ သပ္ပဋိကမ္မ ခြောက်ကား ပါရာဇိကကိုဖယ်၍ ကြွင်းခြောက်ခုတည်း။ အပဋိကမ္မ တစ်အာပတ်ကား ပါရာဇိကတည်း။]

၇။ ပုစ္ဆာလေးခု ။ ။ ဝိနယဂရုကအာဘယ်မျှ၊ ကာယဝါစသိက သိက္ခာပုဒ်အာဘယ်မျှ၊ ဒုနေလွဲအပ်သော ဒဏ္ဍရသ - စပါးရည်အာဘယ်မျှ၊ ဥတ္တိစတုတ္ထကံဖြင့် သမုတ်ခြင်းအာဘယ်မျှနည်း။

ဝိနယဂရုကနှစ်အာပတ်၊ သိက္ခာပုဒ်တိုင်း ကာယဝါစသိတ္တမျည်းသာ တည်း။ နေလွဲအပ်သော ဧည့ရသတစ်၊ ဉာတ္တိစတုတ္ထကံဖြင့် သမုပါဒ်ခြင်းဟာစ်။

[ဝိနယဂရုကနှစ်ကား:: ပါရာဇိက၊ သံဃာဒိသေသ်၊ ကာယ ဝါစသိက မျည်းဟူသည် အလုံးစုံသောသိက္ခာပုဒ်တို့တည်း။ (ကာယဒ္ဌ ဝစီဒ္ဌသာပညတ်သည်ဟူလို။) မနောဒ္ဌါရဒ္ဌ ပညတ်သောသိက္ခာပုဒ် တစ်ခုမျှမရှိ။ နေလွဲအပ်သော ဧည့ရသကား: လောကာသုဝဂ်ရက ဆေးတည်း။ ဤစပါးရည်တစ်ခုသည်သာလျှင် နေလွဲ၍အပ်၏။ ဉာတ္တိစတုတ္ထကံဖြင့် သမုတ်ခြင်းတစ်ကား - ဘိက္ခုနောဝါဒက သမ္မုတိ ဖြစ်၏။ ဤတစ်ခုကိုသာ ဉာတ္တိစတုတ္ထဖြင့်သမုတ်ခြင်းကိုခွင့်ပြုသည်။]

(**ဓီဋ္ဌိ - သာဋ္ဌိ**။ ။ ဤဝိနယဂရုကသည် နှစ်ဂါထာ တို့၌လာ၏။ လာသော်လည်းတပါးတို့နှင့်ရောရှိ ပေါခြင်း ကြောင့် ထူးသောအကြောင်းကို ဖန်ဖန်ရှာအပ်၏။ (အောက် ၃ - ပုစ္ဆာသုံးခု၌ တစ်ကြိမ်ပါပြီးပြီ။)

၈၊ ပုစ္ဆာလေးခု ။ ။ကာယိကပါရာဇိကအဘယ်မျှ၊ သံဝါသဝဇ္ဇမိ အဘယ်မျှ၊ အဘယ်မျှတို့အား ရတ္တိစ္ဆေဒ၊ ဒွဂုံလအဘယ်မျှ ဝေဒနာလည်း။

ကာယိကပါရာဇိကနှစ်။ သံဝါသဝဇ္ဇမိနှစ်။ နှစ်ယောက်တို့အား ရတ္တိစ္ဆေဒ။ ဒွဂုံလနှစ်ခုပညတ်သည်။

[ကာယိက ပါရာဇိကနှစ်ကား။ ဘိက္ခုကို့၏ မေထုနပါရာဇိက၊ ဘိက္ခုနီတို့၏ ကာယသံသဂ္ဂပါရာဇိကတည်း။ သံဝါသဝဇ္ဇမိနှစ်ကား - မိမိကိုယ်တိုင် မိမိကိုယ်ကို သမာနသံဝါသကပြု၏။ ပေမဂ္ဂသံဃာ သည် နှင်ထားသောရဟန်းကို သံဃာ့ဟောင်သို့ပြန်သွင်း၏။ ဘုရားရှင်ကား သမာနသံဝါသကဘုမိ၊ နာနာသံဝါသကဘုမိ - ဤနှစ်ခု ဟု ဆို၏။ ရတ္တိစ္ဆေဒနှစ်ယောက်ကား၊ ပါရိဝါသိကနှင့် မာနတ္တာရဟနှစ်ယောက်တို့အား ရတ္တိစ္ဆေဒကိုပညတ်၏။ ဒွဂုံလနှစ်ခုကား -

ဒွဂုံလပဗ္ဗပရမ် အာဒါတဗ္ဗံ နှစ်သစ်ရေဆေးခြင်း၊ ဒွဂုံလ ဝါ ဒွေမာသံ ဝါ – နှစ်သစ်ဖြစ်စေ နှစ်လဖြစ်စေ ဆံပင်ထားခြင်း၊ ဤကား ဒွဂုံလ ပညတ်နှစ်ခုတည်း။]

၉။ ပုစ္ဆာလေးခု။ ။ မိမိကိုယ်ကို ထုခြင်းကြောင့် အာပတ် အဘယ်မျှ၊ သံဃာကွဲကြောင်းအဘယ်မျှ၊ ပဌမာပတ္တိကာအဘယ်မျှ၊ ဥတ်ကိစ္စ အဘယ်မျှနည်း။

မိမိကိုယ်ကိုထုခြင်းကြောင့် အာပတ်နှစ်၊ သံဃာကွဲကြောင်းနှစ်၊ ပဌမာပတ္တိကာနှစ်၊ ဥတ်ကိစ္စနှစ်။

[မိမိကိုယ်ကိုထုခြင်းကြောင့် ဘိက္ခုနီသည် အာပတ်နှစ်ခုသို့ ရောက်၏ ထုအံ့ ငိုအံ့ – ပါစိတ်။ ထုအံ့ မငိုအံ့ ဒုက္ကဋ်။ သံဃာကွဲကြောင်းနှစ်ကား ကမ္မေန စ၊ သလာကဂ္ဂါဟေန စ။ ပဌမာပတ္တိကာနှစ်ကား – ဝိနည်းအားလုံးဌဉာဏတောပညတ်စွမ်းဖြင့် ပဌမာပတ္တိကာနှစ်ပါးသာတည်း။ တစ်ခုစီယူလျှင် ဘိက္ခုတို့အား ကုံး၊ ဘိက္ခုနီတို့အား ကိုး – ဤသို့ (၁၈) ပါးဖြစ်ကုန်၏။ ဥတ်ကိစ္စနှစ်ပါးကား – ကမ္မတစ်ခု၊ ကမ္မပါဒကတစ်ခုတည်း။ ဥတ်သည် ကိုးဌာနဌ၊ ကံဖြစ်၏။ နှစ်ဌာနဌ ကံ၏အခြေအဖြစ်ဖြင့်တည်၏။]

(**ဓီဋ္ဌိ**။ ။ ကိုးဌာနဌကံဟူသည် ကမ္မဥတ်ဖြစ်၏။

ဝိဋ္ဌိ ။ ။ ဥတ္တိကံတို့ဌ ဥတ်သည် ကိုယ်တိုင်ကမ္မဖြစ်၏။ ဥတ္တိဒုတိယ၊ စတုတ္ထကံတို့ဌ ကမ္မဝါစာဟူသော ကမ္မ၏ဥတ်သည် ပါဒကအဖြစ်ဖြင့်တည်၏။ ထို့ကြောင့် ကမ္မ၊ ကမ္မပါဒကနှစ်ခုကို ဥတ်ကိစ္စဟုဟောသည်။)

၁၀။ ပုစ္ဆာလေးခု ။ ။ ပါဏာတိပါတကြောင့် အာပတ်အဘယ်မျှ ဝါစာပါရာဇိကအဘယ်မျှ၊ သြဘာသနကြောင့်အဘယ်မျှ၊ သဠဂိုဏ်ဖြင့် အဘယ်မျှ။

ပါဏာတိပါတကြောင့် အာပတ်သုံး၊ ဝါစာပရာဇိကသုံး၊ သြဘာသန

ကြောင့်သုံး၊ သဠ္ဌရိတ္တဖြင့်သုံး။

[ပါဏာတိပါတကြောင့်သုံးကား မရည်စူးဘဲ ကွင်းကူးခဲ့ လူကျသေလျှင် ပါရာဇိက၊ ယက္ခ ပေတ ကျသေလျှင် ထုလ္လစ္စည်း၊ တိရစ္ဆာန်ကျသေလျှင် ပါစိတ်၊ ဝါစာပါရာဇိကသုံးကား - ပါရာဇိက အပြစ်ဖုံးသူ။ ဥက္ခိတ္တသို့အတူလိုက်သူ၊ အဋ္ဌဝတ္ထုပြည့်စေသူ၊ ဤဘိက္ခုနှင့် တို့၏ ပါရာဇိကတည်း။ ကုရန္ဒီ၌ အာဏတ္တိဖြင့် ခိုးခိုင်းခြင်းကြောင့် လူသတ်ခိုင်းခြင်းကြောင့်၊ ဥတ္တရိမနုဿဓမ္မ ဝါကြွားခြင်းကြောင့် ဟု ဆို၏။ သြဘာသနကြောင့်သုံးကား - **ဝဏ္ဏမဂ်**၊ မသာဝဟ ကိုရည်ရွယ်၍ ချီးမွမ်းကဲ့ရဲ့ ပြက်ရယ်ပြုခြင်းကြောင့် သံဃာဒိသေသ်၊ ထိုမဂ်နှစ်ခုမှ တပါး ညှပ်ရိုးအောက် ဒူးဝန်းအထက်ရည်စူး၍ ချီးမွမ်းကဲ့ရဲ့ခြင်းကြောင့် ထုလ္လစ္စည်း၊ ညှပ်ရိုးအထက် ဒူးဝန်းအောက်ရည်စူး၍ ချီးမွမ်းကဲ့ရဲ့ခြင်းကြောင့် ဒုက္ကဋ်။ သဠ္ဌရိတ္တဖြင့်သုံးကား၊ ဝန်ခံအံ့ စုံစမ်းအံ့ ပြန်ဆောင်အံ့ သံဃာဒိသေသ်၊ ဝန်ခံအံ့ စုံစမ်းအံ့ ပြန်မဆောင် ထုလ္လစ္စည်း။ ဝန်ခံအံ့၊ မစုံစမ်းအံ့ ပြန်မဆောင်အံ့ ဒုက္ကဋ်၊ ဤသို့ ကရဏာဘူတဖြစ်သော သဠ္ဌရိတ္တဖြင့် အာပတ်သုံးခုဖြစ်၏။]

(**ဓိဋ္ဌိ**။ ။ ဝါစာဟူသည် ဝစီသမ္ဘဝါ - ဝစီကြောင့်ဖြစ်သော ပါရာဇိက။

၁၁။ ပုစ္ဆာလေးခု ။ ။ ရဟန်းပြုမပေးအပ်သူ အဘယ်မျှ၊ ကံတို့ကို ရေတွက်ခြင်းအဘယ်မျှ၊ နာသိတက - ဖျက်ဆီးခြင်းအဘယ်မျှ၊ ဓကဝါစာသိက - တစ်ကြိမ်တည်း ကမ္မဝါစာဖတ်အပ်သူအဘယ်မျှ။

ရဟန်းပြုမပေးအပ်သူသုံးယောက်။ ကံတို့ကို ရေတွက်ခြင်း သုံးခု။ နာသိတကသုံးခု။ တစ်ကြိမ်တည်းကမ္မဝါစာဖတ်အပ်သူသုံးယောက်။

[ရဟန်းပြုမပေးအပ်သူသုံးယောက်ကား ၊ အဒ္ဓါနဟီန အဓွန်.ကာလ ချို့.သူ၊ ဝါအသက် ၂၀ မပြည့်သူ၊ အင်္ဂဟီန - အင်္ဂါချို့.သူ

ဝတ္ထုဝိပန္နေ – ဝိတ္ထု ချို့သူ – ဝါ – ပဏ္ဍာကိ်စသည်။ ထိုသုံးပါး၏ အလူးကိုဆိုပြီးပြီ။ တစ်နည်းကား သပိတ်သက်နှ်းမပြည့်စုံသူ၊ ပြည့်စုံသော်လည်း ရဟန်းအဖြစ်မတောင်းသူ၊ ဤ နှစ်ခုကို အင်ဟိုနဖြင့်သာ ရေတွက်အပ်၏။ မာတုယာတကစသော ကရဏာဒုက္ခင့် ရှစ်ယောက်တို့ကိုလည်းပဏ္ဍာက၊ ဥဘတော၊ ဗျဉ္ဇနက၊ တိရစ္ဆာနဂတဟူသော ဝိတ္ထု ဝိပန္နဖြင့်သာရေတွက်အပ်၏။ ဤနည်းကို ကုရန္ဒီဋ္ဌဆိုသည်။ ကံတို့ကိုရေကွက်ခြင်းသုံးပါးကား – ဥတ္တိကပွနာ– ဥတ်ကိုကြဲခြင်း ဝါ ဥတ်ကိုစီရင်ခြင်း၊ ဝိပွကတပစ္စတ္တံ – မပြီးသေးသောပစ္စပ္ပန်၊ ဝါ – ပြုဆဲပစ္စပ္ပန်၊ အတီတကရဏ – အတိတ်ကိုရွတ်ဖတ်ခြင်း၊ ဝါ – နိဂုံး။ ထိုတွင် ဒဒေယျ၊ ကရေယျ – စသည်သည် ဥတ္တိကပွနာမည်၏။ ဒေတိ၊ ကရောတိ စသည်သည် ဝိပွကတပစ္စတ္တမည်၏။ ဒိန္နံ၊ ကတံ – စသည်သည် အတီတကရဏမည်၏။ ဤသုံးပါးတို့ဖြင့် ကံတို့ကို ရေတွက်အပ်ကုန်၏။ (ကံတို့ကိုရေတွက်ကြောင်းသုံးပါးဟူလို) ထို့ပြင် ရေတွက်ကြောင်းသုံးပါးရှိ၏။ ဝတ္ထုဖြင့်၊ ဥတ်ဖြင့်၊ အနုသာဝနာဖြင့်တည်း။ ဝတ္ထုသမ္ပန္နေ၊ ဥတ္တိသမ္ပန္နေ၊ အနုသာဝနသမ္ပန္နေ ဖြစ်မှသာ ကံမြောက်သောကြောင့်တည်း။ ထို့ကြောင့်ကံတို့ကို ရေတွက်ခြင်း သုံးပါးဟုဆိုသည်။ နာသိတကသုံးပါးကား – မေတ္တိယံ ဘိက္ခုနိုံ နာသေထ၊ ဒုသကော နာသေတဗ္ဗော – (ဤနာသိတက သည် လိင်ကိုဖျက်ခြင်း လူထွက်ခိုင်းခြင်းတည်း)။ ဒသဟင်္ဂေဟိသမန္နာ ဂတော သာမဏေရော နာသေတဗ္ဗော၊ (ဤသည် သံဝါသကိုဖျက်ခြင်း တည်း။ သရဏဂုံ ထပ်ပြီးမှ သံဝါသပြန်ပြုရသည်။) ကဏ္ဍကံ သမဏုဒ္ဒေသံ နာသေထ (ဤသည် ဒဏ်ပေးခြင်းတည်း။ နှင်ဒဏ် တည်း။) ဤသို့လင်္ဂ၊ သံဝါသ၊ ဒဏ္ဍကမ္မ – ဖျက်ဆီးခြင်းဖြင့် နာသိတကသုံးမျိုး သိအပ်၏။ တစ်ကြိမ်တည်း ကမ္မဝါစာဘတ်အပ် သူသုံးယောက်ဟူသည် အနုဇ္ဈာနာမိဘိက္ခဝေ ဒွေတယော ဧကာ နုသာဝနေ ကာတုံ – ဟု ဟောသောကြောင့် ရဟန်းလောင်း

သုံးယောက်တို့အား ဥပဓျာယ်တစ်ပါးသည်း ကမ္မဝါစာဆရာ အသီးသီးဖြင့် တစ်ကြိမ်တည်း ကမ္မဝါစာ ဘတ်ခြင်းသည်အပ်၏။]

(**ဒီဋ္ဌိ**။ ။ အဒ္ဓါနဟီနော - ဥိနပိသတိဝေယ္ယာ။ တစ်နည်းကားဖြင့် ကုရန္ဒိဝါဒကိုဆိုသည်။

သာဒ္ဌိ။ ။ အဂ်ီဟီန၏အဖြစ်ကို ကာရဏဟေတုလျှစ်ခွမ်းဖြင့်လည်း သိအပ်၏။ ထို့ကြောင့် တစ်နည်းကား စသည်ကို ဆိုသည်။ ဤနည်းဟူသည် တစ်နည်းကားစသည်ဖြင့်ဆိုသောနည်းဖြစ်၏။ (ဤ၌တစ်ကြိမ်းတည်း ကမ္မဝါစာဘတ်အပ်သူကို မေးသည်။ ဘတ်တတ်သူကိုမမေးဟုသတိပြုသင့်၏။)

၁၂။ ပုစ္ဆာလေးခု ။ ။ အဒိန္နာဒါနကြောင့် အာပတ်အဘယ်မျှ၊ မေထုနကြောင့် အဘယ်မျှ၊ ဖြတ်သူအားအဘယ်မျှ၊ ဓွန့်ခြင်းကြောင့်အဘယ်မျှ။

အဒိန္နာဒါနကြောင့်အာပတ်သုံး။ မေထုနကြောင့်လေး၊ ဖြတ်သူအားသုံး၊ ဓွန့်ခြင်းကြောင့်ငါး။

[အဒိန္နာဒါနကြောင့် အာပတ်သုံးကား - ဝတ်မတ်၊ ဟစ်မတ် ထက်အလွန်၌ ပါရာဇိက၊ တစ်ပဲထက်အလွန်၌ ထုလ္လစ္စည်း၊ တစ်ပဲ၊ တစ်ပဲအောက်၌ ဒုက္ကဋ်၊ မေထုနပစ္စယ်ကြောင့်လေးကား - ခွေး၊ မြေခွေး မခဲသည်၌ ပါရာဇိက၊ မျှားစွာ ခဲပြီးသည်၌ ထုလ္လစ္စည်း၊ ဟင်းလင်းပွင့်သောခံတွင်း၌ ဒုက္ကဋ်၊ ဇတုမဋ္ဌကကြောင့် ပါစိတ်။ ဖြတ်သူအားသုံးဟူသည် ဝနပွတိ - တောစိုးသစ်ပင်ကြီးကို ဖြတ်သူအား ပါရာဇိက၊ ဘူတဂါမီဖြတ်လျှင်ပါစိတ်၊ အဂ်ါဇာတ်ဖြတ်လျှင် ထုလ္လစ္စည်း။ ဓွန့်ခြင်းကြောင့်ငါးပါးကား - မရည်စူးဘဲအဆိပ်ကိုဓွန့်အုံ့။ ထိုအဆိပ်ဖြင့်လူသေလျှင်ပါရာဇိက၊ ယက္ခ ပေတ သေလျှင် ထုလ္လစ္စည်း၊ ကိရစ္ဆာန်သေလျှင်ပါစိတ်။ ဝိဿဋ္ဌိဆဋ္ဌနကြောင့် ဃံဃာဒိသေသ်။ ဟရိတာနေရာ၌ ကျင်ကြီးကျင်ငယ်ဓွန့်လျှင်ဒုက္ကဋ်။]

(**ဒီဋ္ဌိ**။ ။ ဝနပ္ပတိဟူသည် အဒိန္နာဒါနဌ်လာသော တောစိုးသစ်ပင်ကြီးတည်း။ ဝိသင်္ခိဆဋ္ဌနသည် သုက္ကဝိသင်္ခိ တည်း။

သာဋ္ဌိ။ ။ ဝနပ္ပတိဟူသည် အဒိန္နာဒါန – ဝနပ္ပတိ ကထာဌ်လာသော သူတပါး၏ဥစ္စာတည်း၊ ဝိသင်္ခိဆဋ္ဌန သည် သုက္ကဝိသင်္ခိမောစနတည်း။)

၁၃။ ပုစ္ဆာသုံးခု ။ ။ ဘိက္ခုနောဝါဒကဝဂ်ဌ်ပါစိတ်နှင့် ဒုက္ကဋ်ကို ပညတ်သလော။ ထိုဌ်နဝကအဘယ်မျှ ဟောသနည်း။ အဘယ်မျှသောသူတို့အား သင်္ကန်းကြောင့် (ဝါ – သင်္ကန်းပေးခြင်းကြောင့်) အာပတ်သင့်သနည်း။

ဘိက္ခုနောဝါဒကဝဂ်ဌ် ပါစိတ်နှင့်ဒုက္ကဋ်ကိုပညတ်၏။ ထိုဌ်နဝကလေးခု ဟောဏ်။ နှစ်ယောက်တို့အား သင်္ကန်းကြောင့်အာပတ်သင့်၏။

[ပါစိတ် ဒုက္ကဋ်ဟူသည် ဘိက္ခုနောဝါဒကဝဂ် – သိက္ခာပုဒ် ဆယ်ခုလုံးဌ် ပါစိတ်နှင့်တကွ ဒုက္ကဋ်ကိုပညတ်သည်သာတည်း။ နဝက လေးခုဟူသည် ပဌမသိက္ခာပုဒ်ဌ်သာလျှင် အဓမ္မကံဌ်နှစ်ခု၊ ဓမ္မကံဌ် နှစ်ခု၊ နဝကလေးခုဟောသည်။ နှစ်ယောက်တို့အား သင်္ကန်းကြောင့် ဟူသည် ဘိက္ခုတို့ထံ ရဟန်းပြုသောဘိက္ခုနီအား သင်္ကန်းပေးအံ့ – ပါစိတ်၊ ဘိက္ခုနီတို့ထံ ရဟန်းပြုသော ဧကတော ဥပသမ္ပန္နဘိက္ခုနီအား သင်္ကန်းပေးအံ့ ဒုက္ကဋ်၊ ဤနှစ်ယောက်အား သင်္ကန်းပေးလျှင် ကရဏ ဘဏ္ဍာ ကြီးလောစီဝရကြောင့် စီဝရဖြင့်အာပတ်သင့်၏။ ဟူလို။]

(**သာဋ္ဌိ**။ ။ ပဌမသိက္ခာပုဒ်ဟူသည် ဘိက္ခုနော ဝါဒကဝဂ်၏ပဌမသိက္ခာပုဒ်တည်း။

ဝိဋ္ဌိ။ ။ ပါစိတ်နှင့်တကွ ဒုက္ကဋ်ဟူသည် သိက္ခာပုဒ် ဆယ်ခုလုံးဌ်ပင် ဧကတောဥပသမ္ပန္နာဘိက္ခုနီစွမ်းဖြင့်ဟော သော ဒုက္ကဋ်ကိုရည်ဆိုသည်။ ပဌမသိက္ခာပုဒ်ဟူသည် ဘိက္ခုနော

ဝါဒကဝဂ်၏ ပဌမသိက္ခာပုဒ်၏ ဝိဘင်းဖြင့်ဟုတည်း။ အဓိပ္ပာယ်ကား စသည်သည် ဘိက္ခုနှောဝါဒကသမ္ဘုကိုတံဖြစ်ကောင်းအခါ ရောက်အပ်သော အာပတ္တိနှဝကနှစ်မျိုး ဖမ္ဘကံ၌ နစ်မျိုး ပြုပြီး၊ နှဝက လေးခုကိုဟောသည်။)

၁၄။ ပုစ္ဆာနှစ်ခု ။ ။ ဘိက္ခုနီပါဠိဒေသနာ အဆုံးတည်း။ စပါးစိမ်း ကောင်းစားခြင်းကြောင့် ပါစိတ်နှင့် ဒုက္ကဋ်ပညတ်သတည်း။

ဘိက္ခုနီပါဠိဒေသနာရှစ်ခု ။ စပါးစိမ်းကောင်းစားခြင်းရေကြောင့် ပါစိတ်နှင့် ဒုက္ကဋ်ကိုပညတ်၏။

[ပါဠိဒေသနာရှစ်ခုဟုသည်မှာ ပါဠိကောက်ပြီးသည်သာတည်း။ စပါးစိမ်းကိုကောင်းရေစားသောဘိက္ခုနီအား ပါစိတ်နှင့် ဒုက္ကဋ်ကိုပညတ်သည်သာတည်း။]

(**ဧကဋ္ဌ** ။ ။ စပါးစိမ်းကောင်းစားသူများ ပြုကြောင်းကြောင့် ဒုက္ကဋ် အားရှုခဲ့ပါစီတဲ့။

သာဓု ။ ။ ထိုအကျင့်။

ဝိဇ္ဇာ ။ ။ ကောင်းခြင်းစသော ပုဗ္ဗပယောဂကိုရှုလျှင် ဒုက္ကဋ် စားရာ၌ပါစိတ်။ ပါစိတ်နှင့် ဒုက္ကဋ်ကိုပညတ်သည်ကား ကောင်းပြီး ဟုဆိုအပ်၏။

၁၅။ ပုစ္ဆာဆယ်ခု ။ ။ သွားသူအား အာပတ်မရ။ ပြန်လာ၍ အာပတ်မရ။ ကိုယ်သူအားမဟပ်မှု။ အိမ်သူအားမဟပ်မှု။

[illegible]

[illegible]

သို့ သက်ဝင်ရာ၌ ပါစိတ်၊ ဘိက္ခုနီသည် တစ်ယောက်တည်း ရွာတပါး သို့သွားအံ့၊ ဂါမူပစာရသို့သက်ဝင်ရာ၌ ပဌမဘဝါး၌ ထုလ္လစ္စည်း။ ဒုတိယဘဝါး၌ သံဃာဒိသေသ်။ ရပ်သူအားထိုမျှလောက် ဟူသည် လေးအာပတ်သာတည်း။ ဘိက္ခုနီသည် ရတ္တန္ဓကာရ၌လည်းကောင်း ပဋိစ္ဆန္နသြကာသ၌လည်းကောင်း၊ ချစ်ကျွမ်းဝင်ခြင်းဖြင့်ယောကျ်ား၏ ဟတ္ထပါသ်၌ရပ်အံ့ ပါစိတ်။ ဟတ္ထပါသ်စွန့်၍ရပ်အံ့ ဒုက္ကဋ်။ အရဏ်တက်ချိန် အဘော်၏ ဟတ္ထပါသ်ကိုစွန့်ဆဲ ရပ်အံ့ ထုလ္လစ္စည်း။ စွန့်ပြီးရပ်အံ့ သံဃာဒိသေသ်။ အကယ်၍ထိုင်အံ့ အိပ်အံ့ ထိုင်သူအား လေး၊ အိပ်သူအားလည်းထိုမျှလောက် လေးအာပတ်စီ ဖြစ်၏။]

(**ဝိဇ္ဇိ**။ ။ စွန့်ဆဲရပ်အံ့စသည်တို့၌ ခြေတစ်ဘက်ဖြင့် ဟတ္ထပါသ်ကိုစွန့်၍ရပ်၍ တစ်စုံတစ်ခုကိုပြု၍ နောက်တစ်ဘက်ဖြင့် စွန့်ကာရပ်လိုက်၏။ ထိုအခါ အစဉ်အတိုင်း " စွန့်ဆဲ ဖြစ်၍ ရပ်၏။ စွန့်၍ရပ်၏ " ဟုခေါ်ဝေါ်ခြင်းကိုရ၏။ ဤသို့ မယူလျှင် ဂါမူပစာရသို့သက်ဝင်သောဘိက္ခုနီအား အထူး မဖြစ်ရာ၊ ဟတ္ထပါသ်စွန့်ပြီးသော်လည်း (ရပ်ခြင်းမဖြစ် ဘဲ) သွားခြင်းဖြစ်သောကြောင့်တည်း။ ထိုင်ခြင်းအိပ်ခြင်း၌ လည်းဆိုပြီးသောအလိုဖြင့် ထက်ဝက်ထိုင်ခြင်းဖြင့် ဟတ္ထပါသ်ကိုစွန့်ဆဲ ထိုင်၏။ အလုံးစုံ ထိုင်ခြင်းဖြင့် စွန့်ပြီးထိုင်၏။ ကိုယ်ထက်ဝက်ဖြင့် စွန့်ဆဲအိပ် ၏။ တကိုယ်လုံးဖြင့် စွန့်ပြီး အိပ်၏ဟု ယှဉ်တွဲစေအပ်၏။)

၃။ ပါစိတ္တိယ

၄၇ဖ။ ၁ဖ။ ပုစ္ဆာတစ်ခု ။ ။ နာနာဝတ္ထုကဖြစ်လျှက် မရှေး မနှောင်း တစ်ပေါင်းတည်း ပါစိတ်အဘယ်မျှသင့်မည်နည်း။

နာနာဝတ္ထုကဖြစ်လျှက် မရေးမနှောင်း တစ်ပေါင်းတည်း ပါစိတ်ငါးခု သင့်နိုင်၏။

[ပါစိတ်ငါးခုကား ထောပတ်စသောဆေးငါးမျိုးတို့ကို အကပ်ခံ၍ တစ်ခွက်စီထား၊ တစ်ခွက်တည်း၌ မရောနှောအောင်သော်လည်း ထား၊ ခုနစ်ရက် လွန်သောအခါ ထိုရဟန်းသည် နာနာဝတ္ထုကပါစိတ်ငါးခုတို့သို့ တပြိုင်တည်းရောက်၏။ ဤပါစိတ်သို့ရှေးဦး၊ ဤပါစိတ်သို့နောက်ဟုမဆိုအပ်။]

(**ဝိဇ္ဇီ**။ ။ နာနာဝတ္ထုကဟူသည် သပ္ပိ၊ နဝနီတ – စသော ငါးပါးသောဝတ္ထုတို့၏ ထူးပြားခြင်းဖြင့်ပါစိတ် – ငါးခုသည် ဝတ္ထုအသီးသီးရှိသော ဝတ္ထုမတူသော ပါစိတ်ဖြစ်၏။ ပဏီတဘောဇနအရာ ပါစိတ်ကိုးခု စသည်တို့၌လည်း ဤနည်းတည်း။ ဤစကားဖြင့် ဘေသဇ၊ ပဏီတဘောဇနတို့သည် သိက္ခာပုဒ်တစ်ခုတစ်ခုစွမ်းဖြင့်ပညတ်သော်လည်း ဝတ္ထုပြားခြင်းအားဖြင့်အသီးသီး ငါးသိက္ခာပုဒ်၊ ကိုးသိက္ခာပုဒ်နှင့်ဟူကုန်၏။ ဘိက္ခုနီပါဋိဒေသနီအာပတ်တို့ကဲ့သို့ပြသည်။ တို့ကြောင့် နာနာဝတ္ထုကဟုဆိုသည်။ ထောပတ်တစ်ခုတည်းကို အကပ်ခံ၍ ခွက်များစွာတို့၌ထား၍ ခုနစ်ရက်လွန်စေအံ့၊ ခွက်အရေအတွက်အားဖြင့် အာပတ်များစွာဖြစ်ကုန်သော်လည်း ဧကဝတ္ထုကတို့သာတည်း။ ဤအတူ သပ္ပိ (သံသဋ္ဌ) ဟောဇနတစ်ခုတည်းကို နေရာများစွာတို့၌ တောင်းရမ်းတပြိုင်ဟာသ်ဖြစ်စေ၊ အသီးသီးဖြစ်စေစားသူ၏ အာပတ်တို့သည် ဧကဝတ္ထုက တို့သာတည်းဟု မှတ်အပ်၏။)

၁၇။ ပုစ္ဆာတစ်ခု။ ။ နာနာဝတ္ထုကဖြစ်လျှက်ပရေးမနှောင်း တစ်ပေါင်းတည်းပါစိတ်အဘယ်မျှသင့်မည်နည်း။

နာနာဝတ္ထုကတစ်ပေါင်းတည်းပါစိတ်ကိုးခုသင့်နိုင်၏။

[ပါစိတ်ကိုးခုကား ပဏီတ (သံသဠ) ဘောဇနကိုးမျိုး တောင်းရ် ကိုအားလုံးတစ်ပေါင်းတည်း ရောနယ်ရ် ထမင်းတစ်လုပ် ခံတွင်းခ်ဉ်ထည့်ရ် လည်မျိုကစ်ဘက်ကိုလွန်စေအံ့၊ နာနာဝတ္ထုကပါစိတ် ကိုးခုတို့သို့ တစ်ပြိုင်တည်းရောက်၏။]

၁၈။ ပုစ္ဆာတစ်ခု ။ ။ နာနာဝတ္ထုကပါစိတ်အဘယ်မျှကို အဘယ်မျှ စကားဖြင့် ဒေသနာကြားရာ၏ဟု ပညတ်သနည်း။

နာနာဝတ္ထုကပါစိတ်ငါးခုကို တစ်ခွန်းသောစကားဖြင့် ကြားရာ၏ဟု ပညတ်သည်။

[တစ်ခွန်းသောစကားဖြင့်ဟူသည် "အဟံဘန္တေ ပဠု ဘောသဇ္ဇနိ ပဋိဂ္ဂဟေတဗ္ဗာ သတ္တာဟံ အတိက္ကာမေတ္တာ ပဠုအာပတ္တိယော အာပန္နော၊ တာ တုမှမူလေ ပဋိဒေသေမိ" ဟု တစ်ခွန်းသောစကားဖြင့် ဒေသနာ ကြားပြီးမှ၊ ဒေသနာကြားပြီးတို့သာဖြစ်ကုန်၏။ နှစ်ခွန်းသုံးခွန်းဖြင့် ပြုဘွယ်ကိစ္စမည်သည်မရှိ။]

၁၉။ ပုစ္ဆာတစ်ခု ။ ။ နာနာဝတ္ထုကပါစိတ်အဘယ်မျှကို အဘယ်မျှ ဝါစာဖြင့် ဒေသနာကြားရာ၏ဟုပညတ်သနည်း။

နာနာဝတ္ထုကပါစိတ်ကိုးခုကို ဧကဝါစာ ဖြင့် ကြားရာ၏ဟု ပညတ်သည်။

[ဧကဝါစာကား - "အဟံဘန္တေ နဝ ပဏီတဘောဇနာနိ , ဝိညာပေတ္တာ ဘုဉ္ဇိတ္တာ နဝအာပတ္တိယော အာပန္နော၊ တာ တုမှမူလေ ပဋိဒေသေမိ" - ဟုဆိုအပ်၏။]

၂၀။ ပုစ္ဆာဟစ်ခု ။ ။ နာနာဝတ္ထုကပါစိတ်အဘယ်မျှကို အဘယ်ကို ဆိုရ် ဒေသနာကြားရာ၏ဟု ပညတ်သနည်း။

နာနာဝတ္ထုကပါစိတ်ငါးခုကို ဝတ္ထုကိုဆိုရ် ကြားရာ၏ဟု ပညတ်သည်။

[ဝတ္ထုကိုဆိုရ၏ကြားပုံကား - "အဟံဘန္တေ ပဠေဝေသဇ္ဇာနိ ပဋိဂ္ဂဟေတွာ သတ္ဘာဟံ အတိက္ကာမေသိံ ၊ ယထာဝတ္ထုကံ တာ တုမှမူလေ ပဋိဒေသေမိ" - ဟု ဝတ္ထုကိုဆိုရ၏ ကြားရာ၏။ အာပတ်တို့သည် ဒေသနာကြားပြီးသာဖြစ်ကုန်၏။ အာပတ်၏အမည်ကို ရှာဘိုဘွယ်ကိစ္စမရှိ။]

၂၁။ ပုစ္ဆာတင်ခု ။ ။ နာနာဝတ္ထုက ပါစိတ်အာဘယ်မျှကို အာဘယ်ကို ဆိုရ၏ ဒေသနာကြားရာ၏ဟု ပညတ်သနည်း။

နာနာဝတ္ထုကပါစိတ်ကိုးခုကို ဝတ္ထုကိုဆိုရ၏ ကြားရာ၏ဟု ပညတ်သည်။

["အဟံဘန္တေ နဝ ပဏီတဘောဇနာနိ ဝိညာပေတွာ ဘုတ္တော၊ ယထာ ဝတ္ထုကံ တာ တုမှမူလေ ပဋိဒေသေမိ" - ဟုဆိုအပ်၏။]

၂၂။ ပုစ္ဆာလေးခု ။ ။ ယာဝတတိယက အာပတ်အာဘယ်မျှ၊ စကားပြောခြင်းဝေါဟာရကြောင့် အာပတ်အာဘယ်မျှ၊ ခဲသူအား အာပတ် အာဘယ်မျှ၊ ဘောဇနစားခြင်းကြောင့် အာပတ်အာဘယ်မျှ၊

ယာဝတတိယကအာပတ်သုံး၊ ဝေါဟာရအာပတ်ခြောက်၊ ခါဒန္တအာပင်သုံး၊ ဘောဇနအာပတ်ငါး။

[ယာဝတတိယကအာပတ်သုံးကား - ဥက္ခိတ္တာနုဝတ္တိကာ ဘိက္ခုနီအား ပါရာဇိက ၊ ဘေဒါနုဝတ္တက ကောကာလိကစသည်တို့အား သံဃာဒိသေသ်၊ ယုတ်မာသောအယူမစွန့်ခြင်းကြောင့်လည်းကောင်း၊ စဏ္ဍာကာဠီဘိက္ခုနီအားလည်းကောင်းပါစိတ်။ ဝေါဟာရအာပတ်ခြောက် ဟူသည် ပစ္စည်းနှင့်စပ်သော ပယုတ္တဝါစာကြောင့် အာပတ်ခြောက်ခုသို့ ရောက်၏ဟူလို။ ရောက်ပုံကား - အာဇီဝဟူသော အကြောင်းကြောင့် အလိုဆိုးဖြင့် စျာန်မဂ်ဖိုလ်ဝါကြွားအံ့ ပါရာဇိက။ အောင်တမန်သွားလာအံ့ သံဃာဒိသေသ်။ ယော တေ ဝိဟာရေ စသည်ဖြင့် သွယ်ဝိုက်၍ ကြွားဝါအံ့ ထုလ္လစ္စည်း။ ပဏီတ (သံသဋ္ဌ) ဘောဇဉ်ကိုးမျိုး တောင်းစားအံ့

ပါစိတ်၊ ဘိက္ခုနီသည် ပဏီတဘောဇဉ်တောင်းစားအံ့ ပါဠိဒေသနီ။ ဟင်းကိုထမင်းကိုတောင်းစားအံ့ဒုက္ကဋ်။

ခါဒနီအာပတ်သုံးကား လူသား၌ ထုလ္လစ္စည်း၊ ကြွင်းသော အကပ္ပိယမံသ၌ ဒုက္ကဋ်။ ဘိက္ခုနီအား လသုဏ ကြက်သွန်၌ ပါစိတ်။ ဘောဇနအာပတ်ငါးကား ရာဂစွတ်သော ဘိက္ခုနီသည် ရာဂစွတ်သော ယောကျ်ား၏လက်မှ ဘောဇဉ်ကို ခံယူ၍ လူသားကိုလည်းကောင်း၊ လသုဏကြက်သွန်ကိုလည်းကောင်း၊ မိမိအလို့ငှာ တောင်းသော ပဏီတဘောဇဉ်ကို လည်းကောင်း၊ ကြွင်းသောအကပ္ပိယမံသကို လည်းကောင်း၊ ထည့်ရောနယ်၍ မျိုလျှင်၊ သံဃာဒိဏေသ်၊ ထုလ္လစ္စည်း၊ ပါစိတ်၊ ပါဠိဒေသနီ၊ ဒုက္ကဋ် – အာပတ် ငါးခုသို့စားခြင်းကြောင့် ရောက်၏။]

(**ဝိဋ္ဌိ**။ ။ ယာဝတတိယကအားလုံးတို့ကို ဥဘတောဝိဘင်း၌လာသောသံဃာဒိသေသ် သာမည်ဖြင့်လည်းကောင်း၊ ပါစိတ်သာမည်ဖြင့်လည်းကောင်း၊ ပေါင်း၍သုံးအာပတ်ကိုဆိုသည်။ ဤယာဝတတိယကတို့၌ ဥတ္တိဒုက္ကဋ်၊ ကမ္မဝါစာနှစ်ချက် ထုလ္လစ္စည်းတို့လည်းရှိကုန်၏။ ထိုဒုက္ကဋ်၊ ထုလ္လစ္စည်းတို့သည် မာတိကာ၌မလာကုန်။ ဤ၌မာတိကာစွမ်းဖြင့် သုံးအာပတ်ကို ဆိုသည်။]

၂၃။ ပုစ္ဆာသုံးခု ။ ။ ယာဝတတိယကအားလုံးတို့သည် အဘယ်မျှသောဌာနတို့သို့ ရောက်ကုန်သနည်း။ အဘယ်မျှတို့အား အာပတ်ရောက်သနည်း။ အဘယ်မျှတို့အား အဓိကရဏဖြင့်ဖြစ်သနည်း။ ဝါ – အဓိကရဏသည်ဖြစ်သနည်း။

ယာဝတတိယကအားလုံးတို့သည် ငါးဌာနတို့သို့ရောက်ကုန်၏။ ငါးယောက်တို့အား အဓိကရဏသည်ဖြစ်၏။

[ငါးဌာနဟူသည် ဥက္ခိတ္တာနုဝတ္တိကဘဘိက္ခုနှိအား သုံးကြိမ်ဆုံးမလျှက် မစွန့်လျှင် ဥတ်ကြောင့်ဒုက္ခဋ္ဌ။ ကမ္မဝါစာနှစ်ချက်ဘို့ကြောင့် ထုလ္လစ္စည်း။ ကမ္မဝါစာအဆုံးဠ်ပါရာဇိက။ သံဃာကွဲခြင်းငါလုံ့လပြုခြင်းစသည်တို့ကြောင့် သံဃာဒိသေသ်။ ယုတ်မာသောအယူကို မစွန့်ခြင်းကြောင့် ပါစိတ်။ ဤသို့သော ယာဝတတိယကအားလုံးတို့သည် ငါးဌာနတို့သို့ရောက်ကုန်၏။ ငါးယောက်တို့အား အာပတ်ဟူသည် အာပတ္တိမည်သည် သီတင်းသုံးဘော်ငါးယောက်တို့အားဖြစ်၏။ ထိုတွင် နှစ်ယောက်တို့အား မုချအားဖြင့်အာပတ္တိသာတည်း။ သိက္ခာမာန်၊ သာမဏေရီ၊ သာမဏေတို့အား အကပ္ပိယဖြစ်သောကြောင့် မအပ်။ ဤပရိယာယ်ဖြင့် ထိုသုံးယောက်တို့အား ဒေသနာမကြားစေအပ်။ ဒဏ်အမှုကိုကား ပြုအပ်၏။ ငါးယောက်တို့အား အဓိကရုဏ်းဟူသည် ထိုသီတင်းသုံးဖော်ငါးယောက်တို့အား သပိတ်သင်္ကန်းစသည် အလို့ငှါ ဆုံးဖြတ်စကားဆိုရခြင်းသည် အဓိကရဏမည်၏။ လူတို့အားကား – အဋ္ဌကမ္မ၊ တရားစွဲဆိုခြင်းမျှမည်၏။]

(**ဓိဋ္ဌိ**။ ။ မဟာသံဃိကဂိုဏ်းသားတို့သည် သာမဏေတို့ကိုလည်း အာပတ်ကိုဒေသနာကြားစေကုန်သတတ်။ ထို့ကြောင့် "ဒေသနာမကြားစေအပ် "ဟုဆိုသည်။ ထိုသာမဏေတို့အား ရုန်ရင်းသောအမှု လွန်ကျူးလျှင် ဒဏ်အမှုကိုကား ပြုအပ်၏။)

၂၄။ ပုစ္ဆာလေးခု ။ ။ အဘယ်မျှတို့အား ဝိနိစ္ဆယဖြစ်သနည်။ အဘယ်မျှတို့အား ဝူပသမဖြစ်သနည်း။ အဘယ်မျှတို့အား အနာပတ္တိဖြစ်သနည်း။ အဘယ်မျှဌာနတို့ဖြင့် တင့်တယ်သနည်း။

ငါးယောက်တို့အား ဝိနိစ္ဆယာဖြစ်၏။ ငါးယောက်တို့အား ဝူပသမဖြစ်၏။ ငါးယောက်တို့အား အနာပတ္တိဖြစ်၏။ သုံးဌာနတို့ဖြင့် တင့်တယ်၏။

[ငါးယောက်တို့အား ဝိနိစ္ဆယဟူသည် သီတင်းသုံးဘော် ငါးယောက်တို့အားသာ ဝိနိစ္ဆယမည်သည်ဖြစ်၏။ ဂူပသမဟူသည် ထိုငါးယောက်တို့အားသာ အဓိကရဏ်း အဆုံးအဖြတ်ပြုလျှင် ဂူပသန္တမည်သည်ဖြစ်၏။ အနာပတ္တိဟူသည် ထိုငါးယောက်တို့အားသာ အနာပတ္တိမည်သည်ဖြစ်၏။ သုံးဌာနဟူသည် သံဃာ စသော ကာရဏာ သုံးပါးတို့ဖြင့်တင့်တယ်၏။ လွန်ကျူးပြီးသော ပုဂ္ဂိုလ်သည် သပ္ပဋိကမ္မ ကောင်းတို့ သံဃာ့ဒေသယ်၊ ဂဏအလယ်၊ ပုဂ္ဂလအထံ၌ ကုစားပြီးလျှင် အဗ္ဘုဏာသီလ ပူနွေးသောသီလရှိသူ၊ ဝါ – အသစ်စက်စက်သီလရှိသူ ဖြစ်၍ ပကာတိအတိုင်းဖြစ်၏။ ထို့ကြောင့် သုံးဌာနတို့ဖြင့် တင့်တယ်၏ဟု ဆိုသည်။]

(**သာဓု**။ ။ အဗ္ဘုဏာသီလဟူသည် အဘိနဝသီလ – အသစ်စက်စက်သီလရှိသူဖြစ်၏။

ဝိဓု။ ။ အဗ္ဘုဏာသီလဟူသည် စင်ကြယ်ခြင်းသည် ရောက်၍ အသစ်စက်စက်ဖြစ်သော သီလရှိသူဖြစ်၏။ အဘိနဝ ပုပ္ပန္တ – အသစ်စက်စက်ဖြစ်ခြင်းကို အဗ္ဘုဏာဟုဆိုသည်။ စင်ကြယ်သောသီလရှိ၏ဟူလို။ ထို့ကြောင့် ပါကတိကော – ပကတိအတိုင်း ဖြစ်၏ဟုဆိုသည်။)

၂၅။ ပဋ္ဌာလေးပုစ္ဆာ ။ ။ ညဉ့်အခါ ကာယိကအာပတ်အဘယ်မျှ၊ နေ့အခါ ကာယိကအာပတ်အဘယ်မျှ။ တစိမ့်စိမ့်ရှိသူအား အာပတ်အဘယ်မျှ၊ ပဏ္ဍာပါတကြောင့်အဘယ်မျှ။

ညဉ့်အခါ ကာယိကအာပတ်နှစ်။ နေ့အခါ ကာယိကအာပတ်နှစ်။ တစိမ့်စိမ့်ရှိသူအား နိဿဂ္ဂအာပတ်တစ်။ ပဏ္ဍာပါတကြောင့်တစ်။

[ညဉ့်အခါကာယိကအာပတ်နှစ်ကား ဘိက္ခုနီသည် ညဉ့်အမှောင်မိုက်ဝင်း၌ ယောကျ်ား၏ ဟတ္ထပါသ်၌ရပ်ခြင်း၊ ထိုင်ခြင်း၊

အိပ်ခြင်းတို့ကိုပြုလျှင် ပါစိတ်။ ဟတ္ထပါသ်ကိုစွန့်၍ပြုလျှင် ဒုက္ကဋ်၊ ဤကာယဒွါရ၌ဖြစ်သော အာပတ်နှစ်ခုတို့သို့ ညဉ့်အခါရောက်၏။ နေ့အာပတ်နှစ်ကား ဤနည်းဖြင့် နေ့အခါ ဖုံးကွယ်ရာ၌ အာပတ်နှစ်ခုတို့သို့ရောက်၏။ နိဿဂ္ဂအာပတ်တစ်ကား – "နု စ ဘိက္ခဝေ သာရတ္တေန မာတုဂါမဿ အင်္ဂါဇာတံ ဥပနိဗ္ဗောယိတဗ္ဗံ၊ ယောဥပနိဗ္ဗောယေယ္ယ၊ အာပတ္တိ ဒုက္ကဋဿ" – ဟု တပ်သောစိတ်ဖြင့် မာတုဂါမ၏အင်္ဂါကို ကြည့်သူ၏ အာပတ်တစ်ခုရှိ၏။ ပိဏ္ဍပါတကြောင့်တစ်ကား – "နု စ ဘိက္ခဝေ ဘိက္ခာဒါယိကာယ မုခံ ဩလောကေတဗ္ဗံ "–(စူဠ၀–၃၆၆) ဟူသည်၌ ဆွမ်းလောင်းသူ၏ မျက်နှာကို ကြည့်လျှင် ဒုက္ကဋ်အာပတ်ဖြစ်၏။ အယုတ်ဆုံးအားဖြင့် ယာဂုကိုဟင်းလျှာကို ပေးသော သာမဏေ၏မျက်နှာကိုသော်လည်း ကြည့်လျှင် ဒုက္ကဋ်သာတည်း။ ကုရုန္ဒီ၌ကား ပိဏ္ဍပါတကြောင့်တစ် ဟူသည် ဘိက္ခုနီစီရင်သော ပိဏ္ဍပါတကို စားသူ၏ ပါစိတ် ဟုဆို၏။]

၂၆။ ပုစ္ဆာသုံးခု ။ ။ အဘယ်မျှအာနိသင်ကိုမြင်လျှင် သူတပါးတို့ကိုယုံကြည်ခြင်းဖြင့် ဒေသနာကြားရသနည်း။ ဥက္ခိတ္တကာ အဘယ်မျှ၊ ကောင်းစွာကျင့်ရာသောကျင့်ဝတ်အဘယ်မျှ။

ရှစ်ပါးသော အာနိသင်ကိုမြင်လျှင် သူတပါးတို့ကို ယုံကြည်ခြင်းဖြင့် ဒေသနာကြားရာ၏။ ဥက္ခိတ္တကာ သုံးယောက်၊ ကျင့်ဝတ်လေးဆဲသုံး။

[ရှစ်ပါးသောအာနိသင်ဟူသည် ကောသမ္ဗကကွန္ဒကဋ္ဌဟောသော အာနိသင်ရှစ်ပါးတည်း။ ဥက္ခိတ္တကသုံးယောက်ကား ၊ အာပတ်ကို မရှုခြင်းကြောင့် မကုစားခြင်းကြောင့်၊ ယုတ်မာသောအယူကို မစွန့်ခြင်းကြောင့်တည်း၊ ကျင့်ဝတ် လေးဆဲသုံးပါးကား ထိုဥက္ခိတ္တကတို့၏ သာလျှင် ဤမျှသောကျင့်ဝတ်တို့၌ ကျင့်ခြင်းတည်း။]

(**ဝိဇ္ဇီ**။ ။ ကောသမ္ဗကကွန္ဒကဋ္ဌဟောသောအာနိသင် ဟူသည် ငါ့ကိုအာပတ်မရှုမမြင် နှင်ထုတ်ကုန်အံ့။ ထိုရဟန်းတို့

သည် ငါနှင့်အတူ ဥပုသ်မပြုကုန်လတ္တံ့စသည်ဖြင့် အာပတ်မရှိ ခြင်း၌အပြစ်ကိုပြ၍ သူတပါးတို့အားလည်း ယုံကြည်ခြင်းဖြင့် အာပတ်ဒေသနာကြားခြင်းအဦးထား၍ ပြသောအာနိသင် ရှစ်ပါးဖြစ်၏။ ရှစ်ပါးကား အတူဥပုသ်ပြုခြင်း၊ အတူ ပဝါ ရဏာပြု ခြင်း၊ အတူသံဃကံပြုခြင်း၊ အတူနေရာထိုင်ခြင်း၊ အတူယာဂုသောက်ရာ၌ထိုင်ခြင်း၊ အတူဆွမ်းစားရာ၌ထိုင်ခြင်း၊ တစ်မိုးတည်းအိပ်ခြင်း၊ သီတင်းကြီးသည်အား လျှော်စွာ ရှိခိုးခြင်း စသည်ကိုပြုခြင်း၊ အာနိသင်ရှစ်ပါးဖြစ်၏။

၂၇။ ပုစ္ဆာလေးခု ။ ။ မုသာဝါဒသည် အဘယ်မျှဌာန၌ဖြစ်သ နည်း။ ပရမဟူ၍ အဘယ်မျှဟောသနည်း။ ပါဠိဒေသနာ်အဘယ်မျှ၊ အဘယ်မျှ တို့၏ အစွယ်ဒေသနာအကျိုးငါဖြစ်သနည်း။

မုသာဝါဒသည် ငါးဌာန၌ဖြစ်၏။ ပရမဟူ၍ တစ်ဆယ့်လေးပါးဟော ၏။ ပါဠိဒေသနာ် တစ်ဆယ့်နှစ်၊ လေးယောက်တို့၏ အစွယ်ဒေသနာအကျိုး ငါဖြစ်၏။

[မုသာဝါဒသည် ပါရာဇိက၊ သံဃာဒိသေသ၊ ထုလ္လစ္စည်း ပါစိတ်၊ ဒုက္ကဋ် ဟူသောငါးဌာန၌ဖြစ်၏။ ပရမတစ်ဆယ့်လေးပါးကို ဒသာဟပရမ် စသည်ဖြင့်ဆိုပြီးပြီ။ ပါဠိဒေသနာ်တစ်ဆယ့်နှစ်ကား။ ဘိက္ခုတို့အားလေး၊ ဘိက္ခုနီတို့အား ရှစ်၊ လေးယောက်တို့၏ အစွယ် ဒေသနာကား ဒေဝဒတ်စေလွှတ်သော လေးသမားတို့၏ အစွယ် ဒေသနာ၊ အနုရုဒ္ဓါမထေရ်အား လုပ်ကျွေးသော ဒါယိကာမ၏ အစွယ် ဒေသနာ၊ ဝမ္မလိစ္ဆဝီ၏ အစွယ်ဒေသနာ၊ ဝါသဘဂါမိ မထေရ်အား ဥဒေ္ဓပနိယကံပြု၍လာသော ရဟန်းတို့၏ အစွယ်ဒေသနာ – ဤသည် လေးယောက်တို့၏ အစွယ်ဒေသနာမည်၏။ အပြစ်ကိုတောင်းပန် ကန်တော့သည်မည်၏။]

(**ဝိဇ္ဇာ**။ ။ လေးယောက်တို့၏ဟူသည်ကို ဝိနယပိဋကဋ္ဌ လာသူတို့၏အစွမ်းဖြင့်ဆိုသည်။ လေးသမား အဘိမာရဟူသည် သတ်ခြင်းငါလွတ်သော လေးကိုင်သမားတို့ကည်း။ လုပ်ကျွေးသော ဒါယိကာမဟူသည် သဟသေယျသိက္ခာပုဒ်ဝတ္ထုဋ္ဌလာသော ဒါယိကာမဖြစ်၏။)

၂၈။ ပုစ္ဆာလေးခု ။ ။ မုသာဝါဒအင်္ဂါအဘယ်မျှ၊ ဥပုသ်အင်္ဂါ အဘယ်မျှ၊ တမန်အင်္ဂါ အဘယ်မျှ၊ တိတ္ထိယကျင့်ဝတ်အဘယ်မျှ။

မုသာဝါဒအင်္ဂါရှစ်၊ ဥပုသ်အင်္ဂါရှစ်၊ တမန်အင်္ဂါရှစ်၊ တိတ္ထိယကျင့်ဝတ်ရှစ်။

[မုသာဝါဒအင်္ဂါရှစ်ကား ရှေးဦးစွာမုသာဆိုအံ့ဟုအကြံဖြစ်ခြင်းကိုအစပြု၍ သဉ္ဇာကိုဆောက်တည်၍အဆုံးရှိသော ရှစ်ပါးသောအင်္ဂါတို့ဖြင့် မုသာဝါဒသည် အင်္ဂါရှစ်ပါးရှိ၏။ ဥပုသ်အင်္ဂါရှစ်ကား - သူ့အသက်မသတ်ခြင်း စသည်ဖြင့် ဥပုသ်သီလစောင့်သူ၏ အင်္ဂါတို့ကို ဆိုပြီးပြီ။ တမန်အင်္ဂါရှစ်ကား - သောတာ၊ သာဝေတာစသည်ဖြင့် သံဃဘေဒကဋ္ဌဆိုပြီးပြီ။ တိတ္ထိယကျင့်ဝတ်ရှစ်ပါးကို မဟာခန္ဓကဋ္ဌ ဆိုပြီးပြီ။)

၂၉။ ပုစ္ဆာလေးခု ။ ။ ဥပသမ္ပဒကံသည် ကမ္မဝါစာအကြိမ်မည်မျှ၊ အဘယ်မျှတို့အား နေရာမှထ၍ ခရီးဦးကြိုဆိုထိုက်သနည်း။ အဘယ်မျှတို့အား နေရာပေးအပ်သနည်း။ ဘိက္ခုနောဝါဒကရဟန်းသည် အဘယ်မျှအင်္ဂါနှင့် ပြည့်စုံသနည်း။

ဥပသမ္ပဒကံသည် ကမ္မဝါစာရှစ်ကြိမ်ရှိ၏။ ရှစ်ယောက်တို့အားထ၍ ကြိုဆိုထိုက်၏။ ရှစ်ယောက်တို့အား နေရာပေးအပ်၏။ ဘိက္ခုနောပါဒကရဟန်းသည်အင်္ဂါရှစ်ပါးတို့နှင့် ပြည့်စုံ၏။

[ကမ္မဝါစာရှစ်ကြိမ်ကိုဘိက္ခုနီတို့၏ ဥပသမ္မဒကံကိုရည်ဆိုသည်။ ရှစ်ယောက်တို့အားဟူသည် ဘတ္တဂ္ဂဋ္ဌရှစ်ယောက်သော ဘိက္ခုနီတို့အား တပါးသောဘိက္ခုနီတို့သည်ထ၍နေရာပေးအပ်၏။ ဘိက္ခုနောဝါဒက ဟူသည် ရှစ်ပါးသောအင်္ဂါနှင့်ပြည့်စုံသောရဟန်းကို ဘိက္ခုနောဝါဒကဟု သမုတ်အပ်၏။]

(**ဝိဇ္ဇီ**။ ။ ရှစ်ယောက်သော ဘိက္ခုနီတို့အားဟူသည် ထေရာသေနမှစ၍ ရှစ်ယောက်သောဘိက္ခုနီတို့သည် ရောက်လာသော သီတင်းကြီးဘိက္ခုနီအား နေရာကိုပေးအပ်၏။ ရှစ်ယောက်တို့အောက်ငယ်သူအား မပေးခြင်းငါလည်းအပ်၏။ ထိုငယ်သူသည် သံဃာငယ်နေရာရရာ၌နေအပ်၏။ တစ်နည်း ရှစ်ယောက်သောသီတင်းကြီးတို့အား တပါးသောနဝကသည် နေရာကိုပေးအပ်၏။)

၃၀။ ပုစ္ဆာသုံးခု ။ ။ ရဟန်းအားလုံးဧကဝတ္ထုက – ဟူသောဝတ္ထု ရှိလျက် အဘယ်မျှတို့အား ပါရာဇိကဟူသော ဆဋ္ဌ။ အဘယ်မျှတို့အား ထုလ္လစ္စည်း။ အဘယ်မျှတို့အား အနာပတ္တိနည်း။

ရဟန်းအားလုံးဧကဝတ္ထုကရှိလျက် တစ်ပါးအားဆဋ္ဌ၊ လေးပါးအား ထုလ္လစ္စည်း၊ လေးပါးအားအနာပတ္တိ။

[ရဟန်းကိုးပါးတို့တွင် စာရေးတံကိုယူစေ၍ သံဃာကိုခွဲသူအားသာ ဒေဝဒတ်အားကဲ့သို့ဆဋ္ဌဖြစ်၏။ ပါရာဇိကသို့ရောက်၏။ ဘေဒါနုဝတ္တကလေးပါးတို့အား ကောကာလိကစသည်တို့အားကဲ့သို့ ထုလ္လစ္စည်း။ ဓမ္မဝါဒီလေးပါးတို့အား အနာပတ္တိ။ ဤအာပတ္တိ အနာပတ္တိတို့သည် ကိုးပါးလုံး၏ ဧကဝတ္ထုကတို့ဖြစ်ကုန်၏။ သံဃဘေဒဝတ္ထုရှိသည်သာတည်း။]

(ထာဝ၌အာပတ်အနာပတ်ကို ဧကဝတ္ထုကဟုဆိုသည်။ အမေး

အဖြေ၌ ရဟန်းအားလုံးကို ဧကဝတ္ထုကဟုရေးသည်။ စကားမည်ဟု ဆိုဖွယ်ရှိ၏။ ညီအောင်ယူတတ်သူကို ကျေးဇူးမျှားစေသည် ဟု ဆုံးဖြတ်အပ်၏။)

၃၁။ ပုစ္ဆာလေးခု။ ။ အာယာကဝတ္ထုအဘယ်မျှ၊ အဘယ်မျှဖြင့် သံဃာကွဲသနည်း။ ပဌမာပတ္တိကအဘယ်မျှ၊ ဉာတ်ကိစ္စအဘယ်မျှ။

အာယာကဝတ္ထုကို ။ ကိုးပါးတို့ဖြင့် သံဃာကွဲ၏။ ပဌမာပတ္တိကကို။ ဉာတ်ကိစ္စကို။

[ကိုးပါးတို့ဖြင့်ဟူသည် ကိုးပါးသောရဟန်းတို့ဖြင့် သံဃာသည်ကွဲ၏။ ဉာတ်ကိစ္စကိုးဟူသည် ဉာတ်ဖြင့်ပြုအပ်သောကံတို့သည် ကိုးခုတို့ဖြစ်ကုန်၏ အကြွင်းသည် ပေါ်လွင်သည်သာတည်း။]

(**ဝိဇ္ဇီ**။ ။ ဉာတ်ကိစ္စကိုးခုဟူသည် ဩသာရဏာစသော ကိုးပါးတို့သာတည်း။) (ကမ္မဝဂ်၌ ထင်ရှားလတ္တံ့။)

၄။ အဝန္ဓနိယ ပုဂ္ဂလာဒိ

၄၇၇။ ၃၂။ ပုစ္ဆာသုံးခု ။ ။ အဘယ်မျှသောပုဂ္ဂိုလ်တို့ကို ရှိမခိုးအပ် ရိုသေသမှုနှင့် လက်အုပ်ချီခြင်းကိုလည်း မပြုအပ်ကုန်သနည်း။ အဘယ်မျှကို အား ဒုက္ခဋ္ဌနည်း။ သင်္ကန်းဆောင်ထားခြင်းသည် အဘယ်မျှနည်း။

ဆယ်ယောက်သောပုဂ္ဂိုလ်တို့ကို ရှိမခိုးအပ်၊ ရိုသေသမှုနှင့် လက်အုပ်ချီခြင်းကိုလည်း မပြုအပ်ကုန်။ ဆယ်ယောက်တို့အား ဒုက္ခဋ္ဌသင်္ကန်းဆောင်ထားခြင်းသည် တစ်ဆယ်ပတ်လုံး။

ရှိမခိုးအပ်သူတို့ကား သေနာသနကွန္ဓကဝဏ္ဏယောသော ဆယ်ယောက်တို့တည်း။ ထိုဆယ်ယောက်တို့အား သာမိစိကမ္မနှင့် အဥ္ဇလီကိုလည်းမပြုအပ်။ ယောက်ရေပန်ကြားခြင်း၊ ယပ်ခပ်ခြင်းစသော ခန္ဓကဝတ်ကို ထိုဆယ်ယောက်

အားမပြုအပ်၊ လက်အုပ်မချီရဟူလို။ ဆယ်ယောက်တို့အား ဒုက္ခဇုံဟူသည် ထိုဆယ်ယောက်တို့အားသာ ဤသို့ပြုသူအား ဒုက္ခဇုံ။ သက်နှိုးဆောင်ထားခြင်းကို ကစ်ဆယ်ပတ်လုံးဟူသည် ဆယ်ရက်ပတ်လုံး အတိရေကကိုနှိုးဆောင်ထားခြင်းကို ခွင့်ပြု၏ဟူလို။

(**ဝိဇ္ဇာ**။ ။ ဆယ်ယောက်ကား ဒသ ဣမေ ဘိက္ခဝေ အဂိန္ဒိယာ စသည်ဖြင့် ဟောသောဘိုးတော်၊ ရဟန်းမဟုတ်သူ၊ နှာနှာဝဲပါသကား မဘဂုဝါမ၊ ပဏ္ဍကငါးယောက်၊ ပါရိုပါသိက စသော ငါးယောက်တို့ဟည်း။) (လဒ္ဓိနှာနှာ၊ ကံနှာနှာ – နှာနှာလံပါသကနှစ်ယောက်ရှိ၏။)

၃၃။ ပုစ္ဆာသုံးခု ။ ။ ဝါမှထသူအဘယ်မျှတို့အား သက်နှိုးပေးအပ်သနည်း။ အဘယ်မျှတို့အား သင့်သောယူသူရှိလျှင် ပေးအပ်သနည်း။ အဘယ်မျှတို့အား မပေးအပ်သနည်း။

ဝါမှထသူငါးယောက်တို့အား သက်နှိုးပေးအပ်၏ ခုနှစ်ယောက်တို့အား သင့်သောယူသူရှိလျှင် ပေးအပ်၏။ ဝဝစ်ဆယ့်ခြောက်ယောက်တို့အား မပေးအပ်။

[ဝါမှထသူငါးယောက်ဟူသည် ; သီဟင်းသုံးဘော်ငါးယောက်တို့တည်း။ ထိုငါးယောက်အား မျက်စေ့ ကပ်သာပေးအပ်၏။ ခုနှစ်ယောက်ကား အရုပ်ဘဝါးဖဲသွားသူ၊ ရူးသူ၊ စိတ်ပြန့်လွင့်သူ၊ ဝေဒနာနှိပ်စက်သူ။ ဥက္ကိုဇ္ဇကသုံးယောက် ဤခုနှစ်ယောက်တို့အား သင့်သောယူသူရှိလျှင် မျက်ကွယ်ခွဲသော်လည်းပေးအပ်၏။ ထိုမှကြွင်းသော စီဝရကွမ္ဗလာခွဲဟောသော ပဏ္ဍကစသော ဝဝစ်ဆယ့်ခြောက်ယောက်တို့အား မပေးအပ်။]

၃၄။ ပုစ္ဆာနှစ်ခု ။ ။ ကဝေါသတံ၊ ရတ္တိသတံ၊ အာပတ္တိယော ဆာဒပေတိ တွဂနု၊ ကတိ ရတ္တိယော ဝသိတွာနု၊ မုစ္စေယျ ပါရိဝါသိကော။

တစ်ရာပေါင်း အဘယ်မျှအာပတ်တို့.ကို ညဉ့်တစ်ရာဖုံးလျှင် ညဉ့်ပေါင်းအဘယ်မျှ ပရိဝါသ်နေ၍ လွတ်သနည်း။

ဒသသတံ ရတ္တိသတံ၊ အာပတ္တိယော ဆာဒယိတ္တာန။
ဒသရတ္တိယော ဝသိတ္တာန၊ မုစ္စေယ္ယ ပါရိဝါသိကော။

တစ်ရာပေါင်းဆယ်ခုမျှ အာပတ်တို့.ကို ညဉ့်တစ်ရာဖုံးလျှင် ညဉ့်ပေါင်း တစ်ဆယ်မျှ ပရိဝါသ်နေ၍ လွတ်နိုင်၏။

[အကြင်ရဟန်းသည် နေ့.တိုင်းနေ့.တိုင်း တစ်ရာ၊ တစ်ရာသော သံဃာဒိသေသ်သို့.ရောက်၍ ဆယ်ရက်၊ ဆယ်ရက်စီဖုံးလွှမ်းအုံ့ ထိုရဟန်းသည် ညဉ့်တစ်ရာပတ်လုံး အာပတ်တစ်ထောင်ကို ဖုံးသည်မည်၏။ ထိုရဟန်းသည် ထိုအာပတ် အားလုံးကို ဆယ်ရက်ဖုံးဟု ပရိဝါသ်တောင်း၍ ဆယ်ညဉ့်မျှ ပရိဝါသ်မနေ၍သာ လွတ်၏။]

(**၆ဦး**။ ။ တစ်ရာပေါင်းဆယ်ခုမျှ အာပတ်ဟူသည် အာပတ်တစ်ထောင်ဖြစ်၏။)

၃၅။ ပုစ္ဆာနှစ်ခု ။ ။ စမ္မေယျကွန္ဓကဋ္ဌ ကမ္မဒေါသအဘယ်မျှ။ အဓမ္မိကအဘယ်မျှဟောသနည်း။

စမ္မေယျကွန္ဓကဋ္ဌ ကမ္မဒေါသတစ်ဆယ့်နှစ်ပါး။ အားလုံးအဓမ္မိကဟု ဟောသည်။

[ကမ္မဒေါသတစ်ဆယ့်နှစ်ပါးကား အဓမ္မေနဝဂ္ဂ၊ အဓမ္မေန သမဂ္ဂ၊ ဓမ္မေနဝဂ္ဂအားဖြင့် အပလောကနကံ၊ ဉာတ္တိကံ၊ ဉာတ္တိဒုတိယကံ၊ ဉာတ္တိစတုတ္ထကံတို့.ကို သုံးခုစီပြု၍ တမ်ဆယ့်နှစ်ပါးသော ကမ္မဒေါသတို့.ကိုဟောသည်။]

(**၀ဦး**။ ။ ကမ္မဒေါသဟူသည် ဒေါသယုတ္တကမ္မ တစ်ဆယ့်နှစ်ပါးတည်း။)

၃၆။ ပုစ္ဆာနှစ်ခု ။ ။ စမ္မေယျကွန္ဒကဋ္ဌ ကမ္မသမ္ပတ္တိအဘယ်မျှ။ ဓမ္မိကအဘယ်မျှဟောသနည်း။

စမ္မေယျကွန္ဒကဋ္ဌ ကမ္မသမ္ပတ္တိလေးပါး။ အားလုံးဓမ္မိကဟုဟောသည်။

[ဓမ္မေနသမဂ္ဂတစ်ပါးစီဖြင့် ကံလေးပါးတို့.ကို တခုစီပြု၍ လေးပါးသောကမ္မသမ္ပတ္တိတို့.ကိုဟောသည်။]

(**ဝိဋ္ဌိ**။ ။ ကမ္မသမ္ပတ္တိသည် သမ္ပန္နကမ္မဖြစ်၏။ ဝိသုဒ္ဓကမ္မဟူလို။)

၃၇။ ပုစ္ဆာသုံးခု ။ ။ စမ္မေယျကွန္ဒကဋ္ဌ ကမ္မအဘယ်မျှဟောသနည်း။ ဓမ္မိကအဘယ်မျှ၊ အဓမ္မိကအဘယ်မျှ။

စမ္မေယျကွန္ဒကဋ္ဌ ခြောက်ပါးသောကမ္မတို့.ကိုဟော၏။ ဓမ္မိကတစ်ပါး။ အဓမ္မိကငါးပါး။

[ခြောက်ပါးသောကမ္မကား အဓမ္မေနဝဂ္ဂကမ်ံ၊ အဓမ္မေနသမဂ္ဂကမ်ံ၊ ဓမ္မပတိရူပကေနဝဂ္ဂကမ်ံ၊ ဓမ္မပတိရူပကေနသမဂ္ဂကမ်ံ၊ ဓမ္မေနဝဂ္ဂကမ်ံ၊ ဓမ္မေန သမဂ္ဂကမ်ံဟူ၍ ဤခြောက်ပါးကိုဟောသည်။ ထိုတွင် ဓမ္မသမဂ္ဂကံတစ်ခုကိုသာလျှင် ဓမ္မိကဟုဟောသည်။]

၃၈။ ပုစ္ဆာသုံးခု ။ ။ စမ္မေယျကွန္ဒကဋ္ဌ ကမ္မအဘယ်မျှဟောသနည်း။ ဓမ္မိကအဘယ်မျှ၊ အဓမ္မိကအဘယ်မျှ။

စမ္မေယျကွန္ဒကဋ္ဌ ငေးပါးသောကမ္မတို့.ကိုဟော၏။ ဓမ္မိကတစ်ပါး။ အဓမ္မိကသုံးပါး။

[ထိုဓမ္မသမဂ္ဂကံသည်သာလျှင် ဓမ္မိက။]

(**ဋီကာ**။ ။ စမ္မေယျကွန္ဒကဋ္ဌ အဓမ္မေန ဝဂ္ဂစသောကံလေးပါးတို့.ကိုသာ ဘုရားရှင်ဟော၏ဟူလို။)

ပရိဝါအရသာ

၃၉။ ပုစ္ဆာတစ်ခု ။ ။ အနန္တဇိနတာဒီ၊ ဝိဝေကဒဿီမည်သော ဘုရားရှင်သည် အကြင်အာပတ်အစုတို့ကို ဟောပြီ။ ထိုတွင် အဘယ်မျှတို့သည် သမထကင်းရှိ ငြိမ်းကုန်သနည်း။ ဝိဘင်းခွဲလိမ္မာသူဖြေပါလော။

အနန္တဇိနဘုရားရှင်သည် အကြင်အာပတ်ကို့ကိုဟောပြီ။ ထိုတွင်တစ်ခု သည် သမထကင်းရှိ ငြိမ်း၏။ ဝိဘင်းခွဲလိမ္မာသူအား ဖြေကြားပါ၏။

[အဆုံးအပိုင်းအုခြားဖြစ်ခြင်းမှကင်းဆေးကြောင့် နိဗ္ဗာန်သည် အနန္တမည်၏။ နတ္တိ အနေ့ယသ ဟန္တိ အနန္တံ။ ဖင်းသည် ရန်သူအပေါင်းကို နှိမ်နင်းရှိ တိုင်းပြည်ကိုသိမ်းယူသကဲ့သို့ ဖြတ်ခြင်း ဘုရားသည် ကိလေသာအပေါင်းကို နှိမ်နင်းရှိ နိဗ္ဗာန်ကိုဆောင်၏ ရောက်၏။ လက်ရသိမ်း၏။

ထို့ကြောင့် အနန္တဇိနမည်၏။ အနန္တံဒိနာတိ အဝိဝဋ္ဋဘီတိ အနန္တဇိနော။ ဣဋ္ဌအနိဋ္ဌတို့ခွဲ ဖောက် ပြန်ခြင်းမရှိသောကြောင့် တာဒီမည်၏။ တံ ဣဝ ပသဿတီတိ တာဒီ။ ဟဒဂ် ဝိဏ္ဍမ္ဘာန၊ သမုဏ္ဍော ပဋ္ဌိပသဿဒ္ဓိ၊ နိဿရဏ – ဟူသော ဝိဝေက ငါးပါးကို ဖြင့်ပြီးသော ကြောင့် ဝိဝေကဒဿီမည်၏။ ဝိဝေကပဋ္ဌက် အပသိ ဝိဝေကဒဿီ ထိုဘုရားရှင်ဟောသော အာပတ်တို့တွင် တစ်ခုသောအာပတ်သည် လည်း သမထနှင့်ငြိမ်းသည်မရှိ။ စင်စစ်အားဖြင့် သမထခြောက်ပါး အဓိကရဏ်းလေးပါး – ဤအလုံးစုံသော ဓမ္မတို့သည် သမ္မုခါဝိနည်း ဖြင့်ငြိမ်းကုန်၏။

ပေါင်းဆုံခြင်းသို့ရောက်ကုန်၏။ သမ္မုခါဝိနည်းတစ်ခုသာ လျှင် သမထတို့နှင့်ကင်းရှိ၍ငြိမ်း၏။ သမထအပြစ်သို့ရောက်၏ တပါးသောသမထတို့နှင့်ကင်းရှိ၍ မပြီးသော မည်သည်မရှိ။ ထို့ကြောင့် "တစ်ခုသည် သမထကင်းရှိ၍ငြိမ်း၏။ " ဟုဖြေဆိုသည်။ ဤအဓိပ္ပါယ် ဖြင့် အဋ္ဌကထာတို့ခွဲ အနက်ကိုမိန့်ဆို၏။ ငါတို့ကား ဝိနာန် [illegible] ပဋ္ဌိသေအနက်ကိုယူ၍ သမ္မာ ဝိနာ သမဏ္ဍလဟိ – ပါရာဇိကာ[illegible]

ကစ်ခုသည် သမထတို့ဖြင့်ကင်းရှိ ငြိမ်း၏။ (၀ါ – သမထတို့ဖြင့် မငြိမ်း။ ဤသို့သော အနက်ကို နှစ်သက်ကုန်၏။ ယာသာအာပတ္တိ အနုဝယော သာ၊ သာအာပတ္တိ နှ ကတမေန အဓိကရဏေန နှ ကတမမိ ဌာနေန နှ ကတမေန သမထေန သမ္မတိ – ဟု မိန့်ဆို ပြုးသည်သာကသည်း။)

ဧ၆ ။ ။ အာပတ်သည်သာလျှင် သက်သက်မဟုတ်၊ ဇင်ဗဒါအားဖြင့် သမထခြောက်ပါး အဓိကရဏ်းလေးပါး တို့လည်း သမ္မုခါဝိနည်းဖြင့်ငြိမ်းကုန်၏။ သမ္မုခါနှင့်ယှဉ်ခြင်း သို့ ရောက်ကုန်၏ဟူလို။ သမထတို့နှင့်ကင်းရှိ ငြိမ်း၏ဟူ သည် သမယအဖြစ်သို့ရောက်၏။ ပဋ္ဌိသေဓအနက်ရှိလျှင် ဝိနာသမယတေဟိသည် သမ္ဘေဟိ ဝိနာအနက်ဖြစ်၏။

ဝ၀ ။ ။ အနုန္ဒံ နိဗ္ဗာနံ အဓိနိ – ဓိနိတ္ဌာ ပဋ္ဌိလာဘတိတိ အနုန္ဒာဓိနော။)

ဂ၀ ။ ။ ဒုတိယိကအဘယ်မျှ ဘုရားရှင်ဟော ကုန်သည်း။ ဝိနည်းသိက္ခာ၏ ဝိနယတို့ကို နာလိုပါ၏။

တစ်ရောဂလေးဆယ့်လေးယောက်တို့ကို အာပါယိက ၊ နေရယိက ၊ ကပ္ပဋ္ဌ ၊ ဝိဝါဒေ ဝေဒနာပါ ဟူ၍ ဘုရားရှင်ဟောပါသည်။ ဝိနည်းသိက္ခာ၏ ဝိနယ တို့ကို နာလိုပါ၏။

[ကျွဲ ဥပါလိ ဘိက္ခု အဓမ္မံ ဓမ္မောတိ ဒီပေတိ၊ တဿ မ အဓမ္မဒိဋ္ဌိ ဟောဒေ အဓမ္မဒိဋ္ဌိ။ တဿ အဓမ္မဒိဋ္ဌိ ဟောဒေ ဓမ္မဒိဋ္ဌိ။ တဿ အဓမ္မဒိဋ္ဌိ ဟောဒေ ဝေမတိကော[2] တဿ ဓမ္မဒိဋ္ဌိ ဟောဒေ အဓမ္မဒိဋ္ဌိ။ တဿ ဓမ္မဒိဋ္ဌိ ဟောဒေ ဝေမတိကော[3] တဿ ဝေမတိကော ဟောဒေ အဓမ္မဒိဋ္ဌိ၊ တဿ ဝေမတိကော ဟောဒေ ဓမ္မဒိဋ္ဌိ။ တဿ ဝေမတိကော ဟောဒေ ဝေမတိကော

[2] - ဤသို့အဋ္ဌာရသဘေဒကရဝတ္ထု စွမ်းဖြင့် အဋ္ဌက – တဆယ့်ရှစ်ခု

(၈ × ၁၈ = ၁၄၄) တို့ကို သံဃဘေဒကွန်ကဋ် ဟောသည်။ ထိုအစွမ်း ဖြင့် အပါယ်ရောက်ထိုက်သူ ၁၄၄ ယောက်တို့ကို သိအပ်၏။]

(**ဝိဋ္ဌိ**။ ။ ဝိနည်းသိသူ၏ ဝိနယတို့ကို နာလိုပါ၏ စသည်ဖြင့် ဥပါလိမထေရ်သည်သာလျှင် မျက်မှောက်ဌာတည် သော ဝိနည်းဓိုရ်တစ်ပါးကို မေးသကဲ့သို့မေး၍ ထိုဝိနည်းမိုရ်ကာ ဖြေသကဲ့သို့ အဖြေကိုပြု၏။ ဤဌာဝိနည်းသိသူဟူသည် ဝိနည်း ကိုငါသိ၏ဟု ဝန်ခံသောသူဖြစ်၏။ ဝိနယတို့ကိုဟူသည် သင် ဖြေဆိုသောဝိနယတို့ကို နာယူပါကုန်အုံ့။)

၄၁။ ပုစ္ဆာတစ်ခု ။ ။ အနာပါယိကအဘယ်မျှ ဘုံရားရှင်ဟောသ နည်း။ ဝိနည်းသိသူ၏ဝိနယတို့ကိုနာလိုပါ၏။

တစ်ဆယ့်ရှစ်ယောက်တို့ကို အနာပါယိကဟူ၍ ဘုရားရှင်ဟောပါ သည်။ ဝိနည်းသိသူ၏ ဝိနယတို့ကို နာပါလော။

[တစ်ဆယ့်ရှစ်ယောက်ဟူသည် - ဣဒဥပါလိဘိက္ခု အစမ်း ဝမ္မောတိ ဒီပေဟိ။ တသ္မိံ ဝမ္မဒိဋ္ဌိ ဘေဒေ ဝမ္မဒိဋ္ဌိ အဝိနိဗောယဒိဋ္ဌိ - အဝိနိဗောယဆန္ဒိ - အဝိနိဗောယရဝိ - အဝိနိဗောယဘာဝ အနုသာဝေတိ - သလာကံ ဂါဟေတိ အယံဝမ္မော၊ အယံဝိနယော၊ ဣဒံ သတ္ထုသာသနံ ဣမံ ဂဏ္ဍုထ ဣမံ ရောစေထာ တိ။ အယမ္ပိ ခေါ ဥပါလိ သံဃဘေဒတော နု အာပါယိကော နု နေရယိကော နု ကပ္ပဋ္ဌော နု အတေကိစ္ဆော။ ဤသို့ ဘေဒကရဝတ္ထုတစ်ခုတစ်ခု၌ တစ်ခုစီပြု၍ သံဃဘေဒကွန်ကအဆုံး၌ ဟောအပ်သောတစ်ဆယ့်ရှစ်ယောက် တို့တည်း။]

၄၂။ ပုစ္ဆာတစ်ခု ။ ။ အဌကအဘယ်မျှဟောသနည်း။ နာလိုပါ ၏။

အဌကတစ်ဆယ့်ရှစ်ခုဟောတော်။ နာပါလော။

[အဌက ဘစ်ဆယ့်ရှစ်ခုတို့ကို ယခင်ဘစ်ရှုလေးဆယ့်လေး ယောက်အနေဖြင့် ဆိုပြီးသည်သာတည်း။]

၅။ သောဠသကမ္မာဒိ

၄၇။ ၄၃။ ပုစ္ဆာတစုံ ။ ။ ကမ္မတို့ကိုအဘယ်မျှဟောသနည်း။

ကမ္မတို့ကို ဘစ်ဆယ့်ခြောက်ပါးတို့ဟူ၍ ဟောတော်။

[ကမ္မဘစ်ဆယ့်ခြောက်ပါးစသော နောက်အဖြေအားလုံး ပေါ်လွင်သည်သာတည်း။]

၄၄။ ပုစ္ဆာဟစ်ခု ။ ။ ကမ္မဒေါသအဘယ်မျှဟောသနည်း။

ကမ္မဒေါသဘစ်ဆယ့်နှစ်ပါးဟု ကိုဟောတော်။

၄၅။ ပုစ္ဆာတစ်ခု ။ ။ ကမ္မသမ္ဘူတ် အဘယ်မျှဟောသနည်။

ကမ္မသမ္ဘူတ် လေးပါးတို့ကို ဟောတော်။

၄၆။ ပုစ္ဆာတစ်ခု ။ ။ ကမ္မအဘယ်မျှဟောသနည်း။

ကမ္မခြောက်ပါးတို့ကိုဟောတော်။

၄၇။ ပုစ္ဆာတစ်ခု ။ ။ ကမ္မအဘယ်မျှဟောသနည်း။

ကမ္မလေးပါးတို့ကိုပေတော်။

၄၈။ ပုစ္ဆာတစ်ခု ။ ။ ပါရာဇိကအဘယ်မျှဟောသနည်း။

ပါရာဇိကရှစ်ပါးတို့ကိုပေတော်။

(**ဝိဇ္ဇာ**။ ။ ပါဋိတော်၌ ပါရာဇိကစသည်ကို ဥဒ္ဒေသတော ဝိဘင်း၌လာသည်တို့ဟုင် ယူပြီးသည်ကို မယူခြင်းဖြင့် ဟော သည်။)

၄၉။ ပုစ္ဆာတစ်ခု ။ ။ သံဃာဒိသေသ် အဘယ်မျှဟောသနည်း။

သံဃာဒိသေသ် တေဝီသ နှစ်ဆယ့်သုံးပါးတို့ကိုဟောစ၏။ (တေတ္တိံသ ဟု- အက္ခရာချုတ်တတ်သည်။)

၅၀။ ပုစ္ဆာတစ်ခု ။ ။ အနိယတအဘယ်မျှဟောသနည်း။

အနိယတနှစ်ပါးတို့ကိုဟောစ၏။

၅၁။ ပုစ္ဆာတစ်ခု ။ ။ နိဿဂ္ဂိယအဘယ်မျှဟောသနည်း။

နိဿဂ္ဂိယ လေးဆယ့်နှစ်ပါးတို့ကိုဟောစ၏။

၅၂။ ပုစ္ဆာတစ်ခု ။ ။ ပါစိတ္တိယအဘယ်မျှဟောသနည်း။

ပါစိတ္တိယ အဋ္ဌာသီတိသတံ - တစ်ရာ့ရှစ်ဆယ့်ရှစ်ပါးတို့ကို ဟောစ၏။ (အဋ္ဌတိံသသတံ - ဟု အက္ခရာချုတ်တတ်သည်။)

၅၃။ ပုစ္ဆာတစ်ခု ။ ။ ပါဋိဒေသနီယ အဘယ်မျှဟောသနည်း။

ပါဋိဒေသနီယ တစ်ဆယ့်နှစ်ပါးတို့ကိုဟောစ၏။

၅၄။ ပုစ္ဆာတစ်ခု ။ ။ သေခိယအဘယ်မျှဟောသနည်း။ ဝိနည်းသိသည်ဟု ဝန်ခံသောသင်၏အထံမှ ဝိနယတို့ကို နာလိုပါ၏။

သေခိယခုနှစ်ဆယ့်ငါးပါးတို့ကိုဟောစ၏။ ဝိနည်းသိသည်ဟု ဝန်ခံသော အကျွန်ုပ်၏အထံမှ ဝိနယတို့ကို နာပါလော။

နိဂုံးဂါထာ

ယာဝ သုပုစ္ဆိတံတယာ၊ ယာဝသုဝိသဒ္ဓိတံ မယာ။
ပုစ္ဆာဝိသဇ္ဇနာယဝါ၊ နတ္ထိ ကိဉ္စိ အသုတ္တကံ။

တယာ၊ သင်သည် ။ ယာဝ၊ အကြင်ရွေ့လောက်၊ သုပုစ္ဆိတံ၊ ကောင်းစွာ မေးအပ်၏။ မယာ၊ ငါသည်။ ယာဝ၊ အကြင်ရွေ့လောက်။ သုဝိသဒ္ဓိတံ၊

ကောင်းစွာဖြေအပ်၏။ ပုဗ္ဗာ – ပုဗ္ဗာယဝါ၊ ပုဗ္ဗာ၌လည်းကောင်း၊ ဝိသဒ္ဓနာယဝါ၊ ဝိသဒ္ဓနာ၌လည်းကောင်း။ အသုဘကံ၊ ပါဠိတော်မှကင်းသော။ ကိုဋ္ဌိ၊ တစ်စုံတစ်ခုသော အမေးအဖြေသည်။ နတ္ထိ၊ မရှိ။ ။

(**ဓီဋ္ဌိ**။ ။ အသုဘကံဟူသည် သုတ္တဝိရဟိတဖြစ်၏။ ပါဠိတော်သုတ္တမှ လွတ်သောအမေးအဖြေသည် ထိုဒ္ဌမရှိ။ ဤကား အဓိပ္ပါယ်တည်း။

သာဓု။ ။ အသုဘကန္တိ သုတ္တဝိရဟိတံ ၊ ပါဠိသုတ္တအားဖြင့် ပယ်စရာမရှိဟူလို။

(ဤဒုတိယဂါထာသင်္ကေတ၌ ပုဗ္ဗာဂါထာ ၅၄၊ ဝိသဒ္ဓနာဂါထာ ၅၄။ နိဂုံးဂါထာတစ်ခု။ ပြဿနာပေါင်း ၁၃၂–ဖြစ်၏။)

ဒုတိယဂါထာသင်္ကေတံ နိဋ္ဌိတံ။

၂၀။ သေဒမောစနဂါထာ

၁။ အဝိပ္ပဝါသပဉ္စာ (၄၃ – ပြဿနာ)

၄၇၉ / ၁။ **သားသယ်အမေ–**

အသံ်ဝါသော ဘိက္ခုဟိ စ၊ ဘိက္ခုနိဟိ စ။
သမ္ဘောဂေါ။ ဧကစ္စော တဟိံ နိ လဗ္ဘတိ။
အဝိပ္ပဝါသေန အနာပတ္တိ။
ပဉ္စာမေသာ ကုသလေဟိ စိန္တိတာ။

ယော၊ အကြင်သူသည်။ ဘိက္ခုဟိ စ၊ ရဟန်းတို့နှင့်လည်း။ အသံ်ဝါသော၊ သံ်ဝါသသုံးပါးမရှိ။ ဘိက္ခုနိဟိ စ၊ ဘိက္ခုနီတို့နှင့်လည်း။ အသံ်ဝါသော၊ သံ်ဝါသ သုံးပါးမရှိ။ တတိံ၊ ထိုသူ၌။ ဧကစ္စောသမ္ဘောဂေါ၊ အချို့သော သမ္ဘောဂကို။ နလဗ္ဘတိ၊ မရအပ်။ အဝိပ္ပဝါသေန၊ မကင်းဘဲနေခြင်းကြောင့် ။ အနာပတ္တိ၊

အာပတ်မသင့်။ ဧသာပဥ္စာ၊ ဤပြဿနာကို။ ကုသလေဟိ၊ ဝိနည်းဌ်လိမ္မာသော ပညာရှိတို့သည်။ စိန္တိတာ၊ ကြံအပ်၏။ ဝါ၊ သိအပ်၏။ သိရမည်၊ သိထိုက်သည်၊ သိချိန်တန်ပြီ။ သိကြပါလော။

[အသံဝါသောဟူသည် ဥပုသ်ပဝါရကာစသော သံဝါသဖြင့် ပေါင်းဘော်ခြင်းမရှိသူတည်း။ အချို့သော သမ္ဘောဂကိုဟူသည် အကပ္ပိယသမ္ဘောဂကို မရအပ်။ ရေချိုးပေးခြင်း၊ အစာကျွေးခြင်းစသော သုံးဆောင်ခြင်း လုပ်ကျွေးခြင်းကိုကား မိခင်သာလျှင်ပြုခွင့်ရ၏။ အဝိပ္ပဝါသေနဟူသည်ကား တကွအိပ်ခြင်းကြောင့် အာပတ်မသင့်။ ဤပြဿနာကို ပဏ္ဍိတပုဂ္ဂိုလ်တို့ကြံစည်အပ်၏။ ထိုပြဿနာ၏ အဖြေကို သားငယ်ရှိသောမိခင်ဘိက္ခုနီဖြင့် သိအပ်၏။ ထိုဘိက္ခုနီ၏သားကိုရည်ဆိုသည်။]

(**ဓိဋ္ဌိ**။ ။ အကပ္ပိယသမ္ဘောဂ - ဟူသည် မေထုနဓမ္မစသည်ဖြစ်၏။

သာဋ္ဌ။ ။ အကပ္ပိယသမ္ဘောဂဟူသည် - မေထုနဓမ္မစသည်ဖြစ်၏ဟု ဂဏ္ဌိပဒတို့ဌ်ဆိုသည်။ ဧသာပဥ္စာဟူသည်ကို လိင်ဝိပလ္လာသစွမ်းဖြင့်ဆိုသည်။ ဧသော ပဥ္စော ကုသလေဟိ စိန္တိတော ဟူလို။

ဝိဋ္ဌိ။ ။ အကပ္ပိယသမ္ဘောဂဟူသည် အနုပသမ္ပန္နတို့နှင့် အတူပြုခြင်းငါ ပယ်အပ်သောဥပုသ်ကံစသော သံဝါသသာတည်း။ ပဉ္စာမေသာဌ် မအက္ခရာသည် ပုဒ်စပ်မိအောင်လာသောအက္ခရာဖြစ်၏။ ဧသာဟူ၍လည်း လိင်ဝိပလ္လာသဖြင့် ဟိုသည်။ ပဥ္စောဧကောဟူလို။ တစ်နည်း။ ပဥ္စသဒ္ဒါကို ဒွိလိင်ဟုမှတ်အပ်၏။

(ဘိက္ခုနီတစ်ယောက်သည် ယောကျ်ားတစ်ယောက်နှင့်အတူ တစ်မိုးတစ်ရံတည်းဆိတ်ကွယ်ရာ၌နေ၏။ ထိုယောကျ်ား၏အင်္ဂါကြီးငယ်ကိုလည်း

သုံးသပ်၏။ အာပတ်လည်းမသင့်။ အသို့နည်း။ တစ်မိုးတစ်ရံတည်း အတူ အိပ်ခြင်းကိုလည်းကောင်း၊ ရေချိုးပေးခြင်း၊ အစာကျွေးခြင်းစသော သုတ်သင်ခြင်းကိုလည်းကောင်း သားငယ်အား မိခင်ဘိက္ခုနီသည်ပြုခွင့်ရ၏ဟု ဥတ္တရဝိနိစ္ဆယဋ္ဌလာ၏။)

၂။ **ဂရုဘဏ်လဲခြင်း–**

အဝိသဒ္ဓိယံ အဝေဘဒ္ဓိယံ၊
ပဋ္ဌ ဝုတ္တာ မဟေသိနာ။
ဝိသဒ္ဓေန္တသ ပရိဘုဥ္ဇန္တသ အနာပတ္တိ၊
ပဥ္စ မေသာ ကုသလေဟိ စိန္တိတာ။

အဝိသဒ္ဓိယံ၊ မစွန့်အပ်ဟူ၍လည်းကောင်း။ အဝေဘဒ္ဓိယံ၊ မဝေဘန်အပ်ဟူ၍လည်းကောင်း။ ပဋ္ဌ၊ ငါးပါးသောဂရုဘဏ်တို့ကို။ မဟေသိနာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာ၊ ဟောအပ်ကုန်၏။ ဝိသဒ္ဓေန္တသ၊ စွန့်သောသူအား။ ပရိဘုဥ္ဇန္တသ၊ သုံးဆောင်သောသူအား။ အနာပတ္တိ၊ အာပတ်မသင့်။ ဧသာပဥ္စ။ ကုသလေဟိ။ စိန္တိတာ။

[ဂရုဘဏ်ကိုရည်ဆိုသည် ၊ ဂရုဘဏ္ဍာဝိနိစ္ဆယဋ္ဌအနက်ဆိုပြီးပြီ။]

(**ဒီဋ္ဌီ**။ ။ ဝရသေနာသနကို စောင့်ရှောက်ခြင်းငှာ "စွန့်၍သုံးဆောင်ခြင်းငါအပ်သည်" ဟု ဂရုဘဏ္ဍ ဝိနိစ္ဆယဋ္ဌ ဆိုသည်။

ဝိဒ္ဓီ။ ။ ဂရုဘဏ်ကိုရည်သည်ဟူသည် ဂရုဘဏ်ဖြင့် ဂရုဘဏ်လဲလှယ်ခြင်းကိုရည်၍ဆိုသည်။)

(ဒုတိယပါရာဇိက အမ္မဘာဏပနဒီ ဝတ္ထုအဖွင့်ဌ အခါအားလျော်စွာ သေနာသနတို့ကိုစွန့်၍ သေနာသနာကို စောင့်ရှောက်ခြင်းငါ ဝရသေနာသနတို့ကိုတား၍ လာမကစွမ်းဖြင့် ဆွမ်းအတွက် စွန့်ခြင်းငါ –– စသည်။ ရာဇသိက္ခာပုဒ်ဌ သေနာသနကိုစွန့်၍ ရဟန်းတို့အား သုံးဆောင်ခြင်းငှာ စသည်ပါရှိ၏။)

၃ ။ **ရှိ**-

ဒသ ပုဂ္ဂလေ နု ဝဒါမိ၊ ဧကာဒသ ဝိဝဇ္ဇိယ။
ဝုမ် ဝန္ဒန္တသ အာပတ္တိ၊ ပဋ္ဌာမေသာ ---။

ဒသပုဂ္ဂလေ၊ တစ်ကျိပ်သော အဝိန္ဒိယပုဂ္ဂိုလ်တို့.ကို။ နု ဝဒါမိ၊ မဆိုလို။ ဧကာဒသ၊ အဘဗ္ဗတစ်ကျိပ်တစ်ယောက်တို့.ကို။ ဝိဝဇ္ဇိယ၊ ကြဉ်၍။ ဝုမ်၊ သီတင်းကြီးကို။ ဝန္ဒန္တသ၊ ရှိခိုးသောရဟန်းအား။ အာပတ္တိ၊ အာပတ်သည်။ ဟောတိ၊ ဖြစ်၏။ ဧသာပဋ္ဌာ -----။

[ဒသပုဂ္ဂလေဟူသည် သေနာသနက္ခန္ဓကဋ္ဌ ဟောသော ဆယ်ယောက်တို့.ကို ဤဋ္ဌမဆိုလို။ ဧကာဒသဟူသည် မဟာခန္ဓကဋ္ဌ ဟောသော ဧကာဒသဝိဝဇ္ဇနီယဟူသော အဘဗ္ဗတို့.ကိုလည်း။ ဤဋ္ဌမဆိုလို။ နဂ္ဂကိုရည်၍ ဤပြဿနာကိုဆိုသည်။]

(**ဓီဋ္ဌိ**။ ။ ဧကာဒသာ ဝန္ဒိယေ ပဏ္ဍကာဒယော ဧကာဒသ။

သာဋ္ဌိ။ ။ ဒသဟူသည် အဝိန္ဒိယေဒသ။ ဧကာဒသသည် ပဏ္ဍကာဒယော ဧကာဒသ။

ဝိဋ္ဌိ။ ။ ဒသာတိ ဒသ အဝန္ဒိယပုဂ္ဂလေ။ ဧကဒသေတိ အဘဗ္ဗပုဂ္ဂလေ။)

(ပဋ္ဌကတို့.ဋ္ဌ ရှိခိုး ဒုက္ကဋ် ၁၂ ခု၊ ရှိခိုးမဘွယ် ၁၃ ခု ဟောသည်။ သေနာသနက္ခန္ဓက နဂ္ဂမပါသော ဆယ်ယောက်ဋ္ဌ နာနာသံဝါသကရှိခိုးဒုက္ကဋ်ဋ္ဌ ကမ္မနာနာ၊ လိဒ္ဓိနာနာဟု နှစ်မျိုးပြား၏။ နှစ်မျိုးပြားလျှင် ၁၁ ယောက်။ ထို.ကြောင့် နဂ္ဂတစ်ဦးတည်းကိုသာ ရည်ဆိုသည်။)

၄။ **ဆတ္တာသည်–**

နံ ဥက္ခိတ္တကော နံ စ ပန ပါရိဝါသိကော။
နံ သံဃဘိန္နော နံ စ ပန ပက္ခသင်္ကန္တော။
သမာနသံဝါသကဘူမိယာ ဌိတော။
ကထံ နု သိက္ခာယ အသာဓာရဏော သိယာ၊
ပဠာ မေသာ ---- ။

ယော၊ အကြင်ရဟန်းသည်။ နံ ဥက္ခိတ္တကော၊ ဥက္ခိတ္တကမဟုတ်။ နံ စ ပန ပါရိဝါသိကော၊ ပရိဝါသ်နေသည်လည်းမဟုတ်။ နံ သံဃဘိန္နော၊ သံဃာကိုခွဲသည်လည်းမဟုတ်။ နံ စ ပန ပက္ခသင်္ကန္တော၊ တိတ္ထိဘောင်သို့ပြောင်းသည်လည်းမဟုတ်။ သမာနသံဝါသကဘူမိယာ၊ သမာနသံဝါသကဘုံ၌။ ဌိတော၊ တည်၏။ တထာ၊ ထိုသို့ဖြစ်လျက်။ သိက္ခာယ၊ သိက္ခာပုဒ်အားဖြင့်။ အသာဓာရဏော၊ ဆက်ဆံခြင်းမရှိ။ သော၊ ထိုရဟန်းသည်။ ကထံ နု၊ အဘယ်သို့သောရဟန်းဖြစ်လေသနည်း။ ဧသာပဠာ -----။

[နဟာပိတပုဗ္ဗက – ဆတ္တာသည် ဖြစ်ဘူးသော ရဟန်းကို ရည်ဆိုသည်။ သင်မုန်းထား – ဥရဘဏ္ဍာကို သွားလေရာ ယူဆောင်ခွင့်မရ။ တပါးသော ရဟန်းတို့သည် ယူဆောင်ခွင့်ရကုန်၏။ ထို့ကြောင့် သိက္ခာပုဒ်အားဖြင့် မဆက်ဆံသူဖြစ်၏။]

(**ဝိဇ္ဇီ**။ ။ သိက္ခာယ အသာဓရဏောဟူသည် ၊ ဥရဘဏ္ဍာကိုဆောင်ခြင်းငါ ခွင့်ပြုသောသိက္ခာပုဒ်ဖြင့် ရဟန်းတို့နှင့် မဆက်ဆံသောသိက္ခာပုဒ်ရှိသူဟူလို။)

၅။ **နိမ္မိတဗုဒ္ဓ–**

ဥပေတိ ဓမ္မံ ပရိပုစ္ဆမာနော၊
ကုသလံ အတ္ထူပသဂ္ဂိတံ။

နဲ ဇီဝတော် နဲ မတော နဲ နိဗ္ဗုတော။
တံ ပုဂ္ဂလံ ကတမံ ဝဒါမိ ဗုဒ္ဓါ။
ပဋ္ဌာမေသာ---- ။

ယော၊ အကြင်သူသည်။ ကုသလံ၊ ကောင်းသော။ အတ္ထုပ္ပတ္တိတံ၊ အကျိုးစီးပွားနှင့်တကွဖြစ်သော။ ဓမ္မံ၊ တရားကို။ ပရိပုစ္ဆမာနော၊ မေးလျက်။ ဥပေတိ၊ ပရိသတ်သို့ချဉ်းကပ်၏။ နဲ ဇီဝတိ၊ အသက်ရှိသူမဟုတ်။ နဲ မဝတော၊ သေသူမဟုတ်။ နဲ နိဗ္ဗုတော၊ ပရိနိဗ္ဗာန်စံသူမဟုတ်၊ တံ ပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ ကတမံ၊ အဘယ်ပုဂ္ဂိုလ်ဟူ၍။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ ဝဒန္တိ၊ မိန့်မြွက်ကုန်သနည်း။ ဧသာပဋ္ဌာ -----။

[ဤပြဿနာကို နိမ္မိတဘုရားကိုရည်ဆိုသည်။]

(**ဇီဝိ** ။ ။ ဥပေတိ သ ပရိသံ -- ပရိသတ်ရှိရာသို့ ချဉ်းကပ်၏။ နဲ ဇီဝတိ – နိမ္မိတ ရူပတ္တာ – ဖန်ဆင်းအင်္ဂသာ ရုပ်ဖြစ်သောကြောင့် အသက်မရှိ။)

(တရားကောင်းတရားမြတ်အကျိုးနှင့် စပ်အောင် ဟောကြားသူသည် အဘယ်သူနည်း။ အသေလည်းမဟုတ်၊ အရှင်လည်းမဟုတ်။ အဖြေကား နိမ္မိတ ဗုဒ္ဓ – ဥတ္တရဝိနိစ္ဆယ။ ။ တချိန်တည်း ဘုရားရှင်နှစ်ဆူပေါင်းဆုံရာသို့ နတ်လူ မျှားစွာ ရောက်လာပူဇော်ကုန်ပြီ၊ အဖြေကား ဘုရားရှင်နှင့် နိမ္မိတဘုရား --။ ဝဓိရသာရတ္ထသင်္ဂဟ ။

ငါတို့ဘုရားသည် မဟာသမယသုတ် ဟောသော အခါ နိမ္မိတဘုရားနှင့် အမေးအဖြေပြု၏။ --- သုတ်မဟာဝါ။ သာဝတ္ထိ မြို့တံခါးအနီး ရေမီးအစုံ တန်ခိုးပြသောအခါ နိမ္မိတဘုရားကိုလည်း ဖန်ဆင်းသည်။ နတ်ပြည်၌ ဝါတွင်း

သုံးလအဘိဓမ္မာ ဟောသောအခါ နံနက်ဆွမ်းခံချိန် မြတ်စွာဘုရားသည် လူ.ပြည် သို.ကြွလာ၏။ ထိုအခါ နိမ္မိတဘုရားသည် အဘိဓမ္မာ တရားဟောလျက် တာဝတိံသာ၌ရှိ၏။)

(ရတနသုတ်ဖြင့် ရောဂါကင်းစေလျက် ဝေသာလီမှ ပြန်ကြွလာသော အခါ နိမ္မိတဗုဒ္ဓများစွာဖန်ဆင်း၏။ ဓမ္မပဒ ဋ္ဌကထာ။)

၆။ **ကဗန္ဓပြိတ္တာ** –

ဥဗ္ဘက္ခကေ နု ဝဒါမိ၊ အဓော နာဘိံ ဝိဝဇ္ဇိယ။
မေထုနဓမ္မ ပစ္စယာ၊ ကထံ ပါရာဇိကော သိယာ။
ပဠာမေသာ ---- ။

ဥဗ္ဘက္ခကေ၊ ညှပ်ရိုးနှစ်ဘက်အထက်၌။ နု ဝဒါမိ၊ ငါမဆို။ အဓောနာဘိံ။ ချက်၏အောက်ကို။ ဝိဝဇ္ဇိယ၊ ရှောင်ကြဉ်လျက်၊ မေထုနဓမ္မပစ္စယာ၊ မေထုနဓမ္မပဋိစ္စသော အကြောင်းကြောင့်၊ ပါရာဇိကော၊ ပါရာဇိကသည်၊ သိယာ၊ ဖြစ်ရာ၏။ ကထံ၊ အဘယ်သို.ဖြစ်ပုံနည်း။ ဧသာပဠာ----- ။

[ကဗန္ဓကပြိတ္တာကို ရည်ဆိုသည်။ ကဗန္ဓကပြိတ္တာသည် ဦးခေါင်းမရှိ၊ ရင်၌မျက်စိ၊ ခံတွင်းပေါက်၏။]

(စတုတ္ထပါရာဇိက၌ – မင်းအာဇာတာဖြင့် ခိုးသူတို.ကို ဦးခေါင်းဖြတ်သော ခိုးသူသတ်သမား သည် ပြိတ္တာဘုံ၌ဖြစ်သောအခါ ဦးခေါင်းမပါသော ကဗန္ဓကပြိတ္တာ ဖြစ်သည်ဟုဆို၏။)

(**ဇိဋ္ဌိ ၊ သာဋ္ဌိ**။ ။ ဥဗ္ဘက္ခကေ နု ဝဒါမိဖြင့် မုခမဂ်၌ မေထုနဓမ္မမရှိခြင်းကိုပြ၏။ အဓောနာဘိဖြင့် ဝစ္စမဂ်၊ ပဿာဝမဂ်တို.၌ မေထုနမရှိခြင်းကိုပြ၏။

ဝိဋ္ဌိ။ ။ ဥဗ္ဘက္ခကေ ဟူသည်ညှပ်ရိုး၏အထက်ဦးခေါင်း၌တည်သော မုခမဂ်၌လည်း ပါရာဇိကကိုရည်၍မဆို။

အခေါ နာဘီ ဟူသည် ချက်၏အောက်၌ရှိသောဝစ္ဆမင်း၊ ပသာဝ်မင်း၌ ပါရာဇိကကိုလည်း ရှောင်ကြဉ်၏။ ထိုသို့ဖြစ်လျက် တပါးသောကိုယ်အစိတ် (ညှပ်ရိုးအောက်ချက်အထက်) ၌ မေထုန်ကြောင့် အဘယ်နည်းဖြင့် ပါရာဇိကဖြစ်ရသနည်း ဟူလို။)

(ကဗန္ဓကပြိဋ္ဌာအား ရင်၌ခံတွင်းရှိ၏။ ထိုခံတွင်.၌လွန်ကျူးလွှင် ညှပ်ရိုးအောက်ချက်အထက်၌ မေထုန်ကြောင့် ပါရာဇိကဖြစ်၏ -- ဥတ္တရ ဝိနိစ္ဆယ။)

၇။ **တိဏကုဋိ -**

ဘိက္ခု သညာစိကာယ ကုဋိံ ကဇရာတိ။
အဒေသိတဝတ္ထုကံ ပမာဏာတိက္ကန္တံ။
သာရမ္ဘံ အပရိက္ကမနံ အနာပတ္တိ။
ပဒ္ဒါမေသာ --- ။

ဘိက္ခု၊ ရဟန်းသည်။ သညာစိကာယ၊ ကိုယ်တိုင်တောင်းသော အဆောက်အဦဖြင့်။ အဒေသိတဝတ္ထုကံ၊ မကြားအပ်သော ကုဋိရာရှိသော။ ပမာဏာတိက္ကန္တံ ပမာဏကိုလွန်သော။ သာရမ္ဘံ၊ ဘေးရန်ရှိသော။ အပရိက္ကမနံ၊ လှည့်လည်လောက်သော ဥပစာမရှိသော။ ကုဋိံ၊ ကုဋိမည်သော ကျောင်းငယ်ကို။ ကဇရောတိ၊ ပြု၏။ ဝါ၊ ပြုလျှက်။ အနာပတ္တိ၊ အာပတ်မသင့်။ ဧသာပဒ္ဒါ - ---။

[တိဏာစ္ဆာဒနကုဋိ - မြက်မိုးကျောင်းကိုရည်ဆိုသည်။]

(ဥလ္လိတ္တ - အတွင်းလိမ်းကျံသောကျောင်း၊ အဝလိတ္တ - အပလိမ်းကျံသောကျောင်း။ ဥလ္လိတ္တာဝလိတ္တ - တွင်းပလိမ်းကျံသော ကျောင်း၊ ဤသုံးမျိုးတစ်မျိုးမျိုး၌ လမ်းကျံခြင်းဆက်စပ်မှု ယဉ်ပေ... ဒီသေသ်။ နေရာမကြား၊ ပမာဏလွန်ခြင်းကြောင့် သံယောဇဉ်ပေ... နှစ်ချက်၊ ဘေးရန်ရှိ၊ ဥပစာမရှိကြောင့် ဒုက္ခဋ္ဌနှစ်ချက်။ မြက်မိုးကျောင်း

တို့ကား လိမ်းကျံခြင်းမရှိသောကြောင့် အနာပတ္တိဟူလို။)

၈။ **မြေကျောင်း-**

ဘိက္ခုသညာစိကၠာယ ကုဋ္ဌ ကရောတိ။
ဒေသိတဝတ္ထုကံ ပမာဏိတံ။
အနာရမ္ဘ သပရိက္ကမနံ အာပတ္တိ၊
ပဠာမေသာ -----။

ဘိက္ခု၊ ရဟန်းသည်။ သညာစိကာယ၊ ကိုယ်တိုင်တောင်းသော အဆောက်အဦဖြင့်။ ဒေသိတဝတ္ထုကံ၊ ကြားအပ်သောကုဋ္ဌရာရှိသော။ ပမာဏိကံ၊ ပမာဏကို မလွန်သော။ အနာရမ္ဘ၊ ဘေးရန်မရှိသော။ သပရိက္ကမနံ၊ လှည့်လည်ပြေးတက်သော ဥပစာရှိသော။ ကုဋ်၊ ကုဋ္ဌမည်သောကျောင်းငယ်ကို။ ကရောတိ၊ ပြု၏။ ဝါ၊ ပြုလျှက်။ အာပတ္တိ ၊ အာပတ်သင့်၏။ ဒေသာပဠာ --- ။

[သဗ္ဗမတ္တိကာမယံ ကုဋ် - အလုံးစုံမြေဖြင့်ပြီးသောကျောင်းကို ရည်ဆိုသည်။] (ဒုတိယပါရာဇိကဝတ္ထုဋ္ဌ ရှင်ဓနိယ၏ မြေကျောင်းအတွက် ဒုက္ခဋ္ဌပညတ်သည်။)

၉။ **အပြစ်ဖုံးသူ-**

နဲ ကာယိကံ ကိဉ္စိ ပယောဂ မာ့စရေ။
နဲ စာပိ ပါစာယ ပရေ ဘဏေယျ။
အာပဇ္ဇေယ္ယ ဂရုကံ ဆေဒ္ဒဝတ္ထုံ၊
ပဠာမေသာ ---- ။

ကာယိကံ ကိဉ္စပယောဂံ၊ ကာယိက ပယောဂတစ်စုံတစ်ခုကို။ နဲ အာစရေ၊ မပြုသူဖြစ်လျှက်။ ဝါစာယပိ၊ နှုတ်ဖြင့်လည်း။ ပရေ၊ သူတပါးကို့ကို။ နဘဏေယျ၊ မဆိုသူဖြစ်လျှက်။ ဆေဒ္ဒဝတ္ထုံ၊ သီလအသက်ပြတ်ထွက်ကြောင်းဖြစ်သော။ ဂရုကံ၊ ပါရာဇိကသို့။ အာပဇ္ဇေယ္ယ၊ ရောက်ရာ၏။ ဒေသာပဠာ --။

[ဝဇ္ဇပဋိစ္စာဒိကံဘိက္ခုနိ - ပါရာဇိကဖုံးသော ဘိက္ခုနီကိုရည်ဆိုသည်။]

(**ဝိဇ္ဇီ**။ ။ ဆေဒ္ဒဝတ္ထုဟူသည် ပါရာဇိကဖြစ်၏။)

၁၀။ **ပဏ္ဍကစသည်-**

နှ ကာယိကံ ဝါစသိကဉ္စ ကိဉ္စိ ၊
မနသာပိ သန္တော နှ ကရေယ္ယ ပါပံ။
သော နာသိတော ကိန္တိ သုနာ သိတော ဘဝေ၊
ပဏ္ဍာမေသာ --။

ကာယိကံ၊ ကာယဒ္ဒြိစ်သော။ ကိဉ္စိပါပဉ္စ၊ တစ်စုံတစ်ခုသော မကောင်းမှု ကိုလည်းကောင်း၊ ဝါစသိကံ၊ နှုတ်ဒ္ဒြိစ်သော၊ ကိဉ္စိပါပဉ္စ၊ --ကိုလည်းကောင်း။ နှ ကရေယ္ယ၊ မပြုရာ။ သော၊ ထိုသူကို။ နာသိတော၊ ဖျက်ဆီးအပ်သည်ရှိသော်။ သုနာသိတော၊ ကောင်းစွာဖျက်ဆီးအပ်သည်။ ဘဝေဖြစ်၏။ ကိန္တိ၊ ဖြစ်ပုံ အသို့နည်း။ ဧသာ ပဏ္ဍာ ---- ။

[အဘဗ္ဗပုဂ္ဂိုလ် ဧကာဒသတို့ကို ရည်ဆိုသည်။ ထိုယူတို့သည် ဂိဟိကာလ - လူ့ကာလဒ္ဒြပင် ပါရာဇိကသို့ ရောက်ပြီးဖြစ်ကုန်၏။]

၁၁။ **မုသာဝါဒ -**

အနာလပန္တော မနုဿေန ကေနစိ။
ဝါစာဂိရံ နော စ ပရေ ဘဏေယ္ယ။
အာပဇ္ဇေယ္ယ ဝါစသိကံ နှ ကာယိကံ။
ပဏ္ဍာမေသာ ---- ။

ကေနစိမနုဿေန ၊ တစ်စုံတစ်ယောက်နှင့်။ ဝါစာ - ဝါစာယ၊ နှုတ်သံကျယ်ကျယ်ဖြင့်။ အနာလပန္တော၊ ပြောသည်မဟုတ်။ ပရေ၊ တပါးသောသူတို့ကို (ရည်မှန်း၍)။ ဂိရံ၊ နှုတ်သံတိုးတိုးကို။ နော စ ဘဏေယ္ယ၊ ပြောသည်လည်းမဟုတ်။ တထာ၊ ထိုသို့ဖြစ်လျက်။ ဝါစသိကံ၊ နှုတ်ကြောင့် သင့်သော အာပတ်သို့။ အာပဇ္ဇေယ္ယ၊ ရောက်ရာ၏။ နှ ကာယိကံ၊ ကိုယ်ကြောင့်

သင့်သောအာပတ်သို့ မရောက်။ ဧသာပဥ္စာ ----- ။

[ဝါစာတိ ၊ ဝါစာယ အနာလပန္တော၊ နှုတ်ဖြင့်မဆို။ ဂိရံ နောစ ပရောဘဏေယျာတိ - ဤသူတို့သည် ကြားနိုင်ကုန်လတ္တံ့ဟု တပါ်းသောပုဂ္ဂိုလ်တို့ကိုရည်၍ အသံဖြစ်ကာမျှကိုလည်းမမြွက်။ ဤပြဿနာကို - သန္တိ အာပတ္တိ နာဝိဂရေယျ - သမ္မာန မုသာဝါဒသဟောတိ - ဟူသည်၌ ဟောသော မုသာဝါဒ ကိုရည်ဆိုသည်။ ထိုရဟန်းသည် အဓမ္မိကပဋ္ဌညာဖြင့် ဆိတ်ဆိတ်နေသော်လည်း မနောဒွါရ၌ အာပတ်မည်သည်မရှိ။ ထင်စွာပြုအပ်သည်ကို ထင်စွာမပြုခြင်းကြောင့်၊ ထိုရဟန်း၏ ဝစီဒွါရ၌ ဤအာပတ်သည် အနုကိရိယကြောင့် ဖြစ်၏ ဟူ၍ မှတ်အပ်၏။]

၁၂။ **ဘိက္ခုနီ** -

သိက္ခာပဒါ ဗုဒ္ဓဝရေန ဝဏ္ဏိတာ၊
သံဃာဒိသေသာ စတုရော ဘဝေယျုံ၊
အာပဇ္ဇေယျ ဧကပယောဂေန သဗ္ဗေ။
ပဥ္စာမေသာ ----- ။

စတုရော သံဃာဒိသေသာ ဘိက္ခာပဒါ၊ လေးပါးသော သံဃာဒိသေသ်သိက္ခာပုဒ်တို့ကို။ ဗုဒ္ဓဝရေန၊ ဘုရားမြတ်သည်။ ဝဏ္ဏိတာ၊ လေးကြိမ် ပညတ်အပ်ကုန်သည်။ ဘဝေယျုံ၊ ဖြစ်ကုန်ရာ၏။ တထာပိ၊ ထိုသို့ ဖြစ်ပါလျက်လည်း။ ဧကပယောဂေန၊ တစ်ကြိမ်တည်းသော ပယောဂဖြင့်။ သဗ္ဗေ၊ ထိုသံဃာဒိသေသ်လေးခုလုံးတို့သို့။ အာပဇ္ဇေယျ၊ ရောက်ရာ၏။ ဧသာပဥ္စာ ----- ။

[ဤပြဿနာကို အရဏ်တက်ချိန် ရွာတပါ်း၌အကျုံးဝင်သော မြစ်တဘက်သို့ သက်ဝင်သူဘိက္ခုနီကိုရည်ဆိုသည်။ ထိုဘိက္ခုနီသည် ပစ္ဆိုသသမယ - အရဏ်မတက်မီ နံနက်စောစောတွင် မိမိရွာမှထွက်သွား၍ အရဏ်တက်ချိန်တွင် ဆိုပြီးသောနေရာမျိုးသို့ သက်ရောက်အံ့။ ရောက်ကာမျှဖြင့်သာ ရတ္တိဝိပ္ပါဝါသ လက္ခဏာဖြင့်လည်းကောင်း၊

ဂါမဏ္ဍရလက္ခဏာဖြင့်လည်းကောင်း၊ နဒီပါရလက္ခဏာဖြင့် လည်းကောင်း၊ ဂဏမှာသြဟီယန လက္ခဏာဖြင့်လည်းကောင်း၊ သံဃာဒိသေသ်လေးခုတို့သို့ ဧကပွဟာရေနေ၀ တစ်ချက်တည်း၊ တစ်ပဟိုရ်ကည်းဖြင့်သာလျှင်ရောက်၏။)

(**ဒီဠီ - သာဠီ**။ ။ ရွာတပါး၌ အကျုံးဝင်သော မြစ်တဘက်ဟူရာ၌ မြစ်သည် ဘိုက္ခုနီ၏ဂါမ၌ အကျုံးဝင်၏။ ကမ်းတဘက် ပရတီရသည် ရွာတပါး ဂါမဏ္ဍရ၌ အကျုံးဝင်၏။ ထိုကမ်းတဘက်၌ ပဌမခဲတစ်ကျဂါမူပစာရကို မြစ်ကမ်းနားဖြင့် ပိုင်းခြားအပ်၏။ ထို့ကြောင့် ပရတီရ၌ တောအုပ်အရည တစ်တောင်တစ်ထွာမျှ မရှိသော်လည်း မြက်ပင်စသည် ဖုံးခြင်းကြောင့် ဒဿနူပစာရကင်းသော ပရတီရဖြစ်၏။ မိမိ၏ဂါမ၌ အာပတ်မရှိ။ ပရတီရဖြစ်သော၊ ပဌမခဲတစ်ကျလွန်သောဂါမူပစာရ၌သာ ခြေဘ၀ါးကို ထားသူကိုရည်သည်။ အကြားခ၌ အဘိဓမ္မာနည်းဖြင့် အရည်ဖြစ်၍ဖြစ်သော မိမိရွာကို လွန်သည်မည်၏။ ထို့ကြောင့် ဂဏမှာ သြဟီယနာလည်းဖြစ်သည်ဟု သိအပ်၏။)

၁၃။ **ဧကတောနုစ်မျိုး** -

ဥဘော ဧကတော ဥပသမ္ပန္နာ ။
ဥဘိန္နံဟတ္ထတော စီ၀ရံ ပဋိဂ္ဂဏှေယျ။
သိယာ အာပတ္တိယော နာနာ ၊
ပဋ္ဌာမေသာ ---- ။

ဥဘော၊ နုစ်ယောက်သော ဘိက္ခုနီတို့သည်။ ဧကတော ဥပသမ္ပန္နာ၊ ကမ္မ၀ါစာလေးကြိမ်မျှဖြင့်သာ ရဟန်းဖြစ်သော ဧကတော ဥပသမ္ပန္နာတို့ဖြစ်ကုန်၏။ တထာ၊ ထိုသို့ဧကတော ဥပသမ္ပန္နာချင်းတူလျှက်။ ဥဘိန္နံ၊ ထိုနုစ်ယောက်တို့၏။ ဟတ္ထတော၊ လက်မှ။ စီ၀ရံ၊ သင်္ကန်းကို။ ပဋိဂ္ဂဏှေယျ၊ ခံယူကြား

အံ့။ အာပတ္တိယော၊ သက်နှ်းခံခြင်းကြောင့်ဖြစ်သော အာပတ်တို့သည်။ နာနာ၊ မတူကုန်သည်။ သိယာ၊ ဖြစ်ရာ၏။ ဧသာပဥ္စာ ------ ။

(ဘိက္ခုနီဟူသည် ဥဘတောသံဃာ၌ ရဟန်းဖြစ်သူတည်း၊ ထိုဘိက္ခုနီ၏လက်မှ သက်နှ်းခံလျှင်ပါစိတ်၊ ဥဘတောမဟုတ်ဘဲ ဧကတော ဥပသမ္ပန္နာ၏ လက်မှခံလျှင် ဒုက္ကဋ် ။ ဤသို့သိက္ခာပုဒ်၌လာသည်။ ဧကတောထံမှချင်းတူ လျှက် အာပတ်တူသင့်သည်။ မတူခြင်းကား အဘယ်သို့နည်းဟူလို။)

[ဤအာပတ်မတူသောပြဿနာကို ဧကတော ဥပသမ္ပန္နာ ဘိက္ခုနီနှစ်ယောက်တို့ကိုရည်ဆိုသည်။ ထိုနှစ်ယောက်တို့တွင် ဘိက္ခုတို့၏ အထံ၌သာ ရဟန်းဖြစ်သော ဧကတော ဥပသမ္ပန္နာ၏လက်မှ ခံယူလျှင်ပါစိတ်။ ဘိက္ခုနီတို့၏ အထံ၌သာရဟန်းဖြစ်သော ဧကတော ဥပသမ္ပန္နာ၏လက်မှ ခံယူလျှင်ဒုက္ကဋ်။]

(**ဧ**ဋ္ဌ။ ။ ဘိက္ခုတို့၏ အထံ၌သာရဟန်းဖြစ်သူတို့ကား ငါးရာသော မဟာပဇာပတိ ပမုခါ သာကီဝင် ဘိက္ခုနီတို့တည်း။ မဟာပဇာပတိသည်လည်း ရှင်အာနန္ဒာပေးသော သြဝါဒကိုယူခြင်းဖြင့် ရဟန်းဖြစ်ခြင်းကြောင့် ဘိက္ခုတို့ထံ၌သာ ရဟန်းဖြစ်သော ဧကတော ဥပသမ္ပန္နာမည်၏။

သာဋ္ဌ။ ။ ထိုအတူတည်း။

(စီဝရပဋ္ဌဂ္ဂဟဏသိက္ခာပုဒ်အဖွင့်၌ -- ဧကတော ဥပသမ္ပန္နာယာတိ ဘိက္ခုနီနံ သန္တိကေ ဥပသမ္ပန္နာယ ဟတ္ထတော ဂဏှန္တိယ ဒုက္ကဋ်။ ဘိက္ခုနံ သန္တိကေ ဥပသမ္ပန္နာယ ပန ပါစိတ္တိယမေဝ --- ဟုဆိုသည်။)

၁၄။ **ပယာဂချင်းမတူလျှင်မပေါင်းရ–**

စတုရော ဧနာ သံဝိဓာယ၊
ဂရဘဏ္ဍံ အဝါဟရုံ။

တယော ပါရာဇိကာ, ဧကော နှ ပါရာဇိကော။
ပဥ္စာမေသာ ----- ။

စတုရောဇနာ ၊ လေးပါးသော ရဟန်းတို့သည်။ သံဝိဓာယ၊ တိုင်ပင်၍။ ဂရုဘဏ္ဍံ၊ ပါရာဇိကလောက်သောဘဏ္ဍာကို။ အဝဟာရံ ၊ ခိုးယူကြကုန်ပြီ။ တထာ၊ ထိုသို့တိုင်ပင်ခိုးလျှက်။ တယော၊ သုံးပါးတို့သာလျှင်။ ပါရာဇိကာ၊ ပါရာဇိကသို့ရောက်ကုန်၏။ ဧကော၊ တစ်ပါးသည်။ နပါရာဇိကော၊ ပါရာဇိကသို့ မရောက်။ ဧသာပဥ္စာ ---- ။.

[လေးပါးတိုင်ပင်ရာ၌ ဆရာတစ်ပါး၊ တပည့်သုံးပါး – ဇပါင်း လေးပါးတို့သည် ခြောက်ပဲသော ဘဏ္ဍာကိုခိုးယူကုန်၏။ ဆရာသည် တိုင်ပင်သောအတိုင်း သုံးပဲကို သာဟတ္ထိကပယောဂဖြင့် ကိုယ်တိုင်ခိုး၏။ ကျန်သုံးပဲကို အာဏာတ္တိကပယောဂဖြင့် တပည့်တို့ကို တစ်ပဲစီခိုးခိုင်း၏။ ထို့ကြောင့် သာဟတ္ထိကဖြင့်လည်း ထုလွှစ္စည်းသို့သာ။ အာဏတ္တိကဖြင့်လည်း ထုလွှစ္စည်းသို့သာရောက်၏။ တပည့်သုံးယောက်တို့အား သာဟတ္ထိကခိုးခြင်းတစ်ပဲစီဖြင့် ဒုက္ကဋ်သာ အာဏတ္တိကစေခိုင်းခြင်းကား ဆရာကိုသုံးပဲ၊ တပည့်နှစ်ယောက်ကို တစ်ပဲစီခိုင်း၍ ငါးပဲစီဖြင့်ပါရာဇိက သို့ရောက်ကုန်၏။ အကျယ်ကို ဒုတိယပါရာဇိက သံဝိဒါဝဟာရ၌ ဆိုပြီးပြီ။]

၂။ ပါရာဇိကာဒိပဥ္စာ

၄၈၀။ ၁၅။ **ဥသဘကုဋ္ဌိ** –

ဣတ္ထိစ အဗ္ဘန္တရေ သိယာ ၊ ဘိက္ခု စ ဗဟိဒ္ဓါ သိယာ။
ဆိဒ္ဒံ တသ္မိံ ယရေနတ္ထိ၊ မေထုန ဓမ္မပစ္စယာ။
ကထံ ပါရာဇိကော သိယာ၊ ပဥ္စာမေသာ--။

ဣတ္ထိစ ၊ မိန်းမသည်ကား။ အဗ္ဘန္တရေ၊ အိမ်ထဲဇရပ်ထဲ၌။ သိယာ၊ ရှိရာ၏။ ဘိက္ခုစ၊ ရဟန်းသည်ကား။ ဗဟိဒ္ဓါ၊ အိမ်ပြင်ဇရပ်ပြင်၌။ သိယာ

ရှိရာ၏။ တသို့ ယရေ၊ ထိုအိမ် ထိုဇရပ်၌။ ဆိုဒ္ဓ၊ အပေါက်သည်။ နတ္ထိ၊ မရှိ။ တထာ၊ ထိုသို့ ဖြစ်လျှက်။ မေထုနမမ္မ ပစ္စယာ၊ မေထုနမမ္မအကြောင်းကြောင့်။ ပါရာဇိကော၊ ပါရာဇိကအာပတ်သည်။ သိယာ၊ ဖြစ်ရာ၏၊ ကထံ၊ အဘယ်သို့ဖြစ်ပုံနည်း။ ဒသာပဉ္စာ ---။

[ထိုအိမ်ထိုဇရပ်၌အပေါက်မရှိဟူသော ပြဿနာကို ဒုဿကုဋ္ဌ အာဒိနိ - အဝတ်ကာရံသောအိမ် ဇရပ်စသည်တို့ကိုလည်းကောင်း၊ သန္ဓာတပေယျာလကိုလည်းကောင်း ရည်ဆိုသည်။]

(**ဒီ၌**။ ။ ဒုဿကုဋ္ဌကို ရည်သည်ဟူသည် ထို အဝတ်နှင့်တကွ လွန်ကျူးမှုတတ်နိုင်သောကြောင့်ဆိုသည်။

သာ၌ - ထိုအတိုင်း။

ဝိ၌။ ။ ဒုဿကုဋ္ဌအာဒိနိ၌ အာဒိသဒ္ဒါဖြင့် ပါးလွှာနူးညံ့သော သလွဲပြားစသည် မြက်သစ်ရွက်စသည်တို့ဖြင့် ဖုံးကာသောအိမ်ငယ်တို့ကို ရေတွက်သည်။ ထိုအိမ်မျိုး၌ ပြင်ပတွင်နေ၍ အတွင်း၌ရှိသောမိန်းမအား မဂ်၌အဝတ်စသည်ဖြင့် အနှီးပြု၍ သွင်းသူလည်း ပါရာဇိကသည်ဖြစ်နိုင်ရာ၏။)

၁၆။ **လိုင်ပြန်ခြင်း-**

တေလံ မဓုံ ဖာဏိတဗ္ဗာပိ သပ္ပိ၊
သာမံ ဂဟေတွာန နိက္ခိပေယ္ယ။
အဝိတိဝတ္တေ သတ္တာဟေ၊
သတိ ပစ္စေယေ ပရိဘုဉ္ဇန္တသ အာပတ္တိ။
ပဉ္စာမေသာ ---။

တေလံ မဓုံ ဖာဏိတဗ္ဗပိသပ္ပိ၊ ဆီ ပျား တင်လဲ ထောပတ်ဟူသော သတ္တာဟာ ကာလိကဆေးပစ္စည်းကို။ သာမံ၊ ကိုယ်တိုင်။ ဂဟေတွာန၊ အကပ်ခံ၍။ နိက္ခိပေယ္ယ၊ ထားရာ၏။ သတ္တာဟေ အဝိတိဝတ္တေ၊ ခုနစ်ရက်မလွန်မီ။ သတိ

ပစ္စယေ၊ ဂ်လာန ပိပါသအကြောင်းရှိလျှက်။ ဝါ – ပစ္စဝေက္ခဏာ သတိရှိလျှက် ပရိဘုဥ္ဇန္တိသ၊ စားသုံးအား။ အာပတ္တိ၊ အာပတ်သင့်၏။ ကထံ၊ ဖြစ်ပုံအဘယ်နည်း။ ဧသာပဠာ -----။

[ဆီ ပျားစသော ပြဿနာကို လိုက်ပရိဝတ္တ – လိုင်ဖောက်ပြန်ခြင်းကို ရည်ဆိုသည်။]

(**ဓီဋ္ဌိ**။ ။ လိုင်ပြန်လျှင် အကပ်ခံခြင်းပျက်၏။ ထိုကြောင့် တဖန်အကပ်မခံဘဲ ယူစားခြင်းငှါမအပ်။

သာဋ္ဌိ။ ။ ထို့အတူ။

ဝိဋ္ဌိ။ ။ လိုင်ပြန်လျှင် အကပ်ခံခြင်းကိုဖွန့်သောကြောင့် တဖန်အကပ်မခံဘဲစားခြင်းအာပတ်ကို ရည်ဆိုသည်။)

၁၇။ **ညွတ်စေခြင်း-**

နိဿဂ္ဂိယေန အာပတ္တိ၊ သုဒ္ဓကေန ပါစိတ္တိယံ။
အာပဇ္ဇန္တိသ ဧကတော။ ဝဠာမေသာ ---။

နိဿဂ္ဂိယေန ပါစိတ္တိယံ ၊ နိသာဂ္ဂိပါစိတ်ဖြစ်သော။ သုဒ္ဓကေန ပါစိတ္တိယံ၊ သုဒ္ဓပါစိတ်ဖြစ်သော၊ အာပတ္တိ၊ အာပတ်နှစ်ခုသို့။ ဧကတော၊ တပေါင်းတည်း။ အာပဇ္ဇန္တော။ ရောက်သည်။ အသ၊ ဖြစ်ရာ၏။ ကထံ။ အဘယ်သို့ရောက်မည်နည်း။ ဧသာပဠာ --- ။

[နိသာဂ္ဂိပြဿနာကို ညွတ်စေခြင်းကိုရည်ဆိုသည်။ သံယာသို့ ညွတ်ပြီးသောလာဘ်မှ သက်နှံ:တစ်ထည်ကို မိမိအတွက်၊ တစ်ဝက်ကို သူတပါ:အတွက် ရည်မှန်:၍ သက်နှံ:နှစ်ထည်ကို တစ်ထည်ကိုပါ၊ အား၊ တစ်ထည်ကို ထိုရဟန်:အား လှူလော တစ်ချက်ဟည်:သော ပေယျာဝဇ္ဇ ဖြင့်ညွတ်စေလျှင် နိဿဂ္ဂိပါစိတ်၊ သုဒ္ဓပါစိတ်သို့ တပြိုင်တည်း ရောက်၏။]

၁၈။ **ဂါမသိမ်ကြီး** –

ဘိက္ခုသိယာ ဝိသတိယာ သမာဂတာ၊
ကမ္မံ ကရေယ္ယုံ သမဂ္ဂသညိနော။
ဘိက္ခုသိယာ ဒွါဒသယောဇနေ ဌိတော။
ကမ္မဋ္ဌ တံ ကုပ္ပေယ္ယ ဝဂ္ဂပစ္စယာ။
ပဋ္ဌာမေသာ ---- ။

ဝိသတိယာ ၊ နှစ်ကျိပ်အရေအတွက်ရှိကုန်သော ။ ဘိက္ခု၊ ရဟန်းတို့သည်။ သမာဂတာ၊ အညီအညွတ်စည်းဝေးကုန်သည်။ သိယာ၊ ဖြစ်ကုန်လျက်။ သမဂ္ဂသညိနော၊ သမဂ္ဂသညာရှိကုန်သည်ဖြင့်၍။ ကမ္မံ၊ ကံကို။ ကရေယ္ယုံ၊ ပြုကုန်ရာ၏။ ဘိက္ခု၊ ရဟန်းတစ်ပါးသည်။ ဒွါဒသယောဇနေ၊ တစ်ဆယ့်နှစ်ယူဇနာဝေးကွာသောအရပ်၌။ ဌိတောစ၊ တည်လျက်သာလျှင်။ တံ ကမ္မံ၊ ထိုကံကို။ ဝဂ္ဂပစ္စယာ၊ ဝဂ္ဂဟူသောအကြောင်းကြောင့်။ ကုပ္ပေယ္ယ၊ ပျက်စေရာ၏။ သိယာ၊ ဖြစ်နိုင်အုံ့လော။ ဇသာပဋ္ဌာ ----။ (အနက်ပဓာနထား၍ သိယာ - ပုဒ်ဟို့ကိုအထူးကြံသည်။)

[ဝဂ္ဂကံဖြစ်စေသော ပြဿနာကို ၁၂ – ယူဇနာရှိသော ဟာရာဏသီ စသောမြို့ကြီးတစ်ခုလုံးတို့၌ ဂါမသိမ်ကို ရည်ဆိုသည်။]

(**ဝိဇ္ဇီ**။ ။ ' ပါဠိယံ -- ဘိက္ခု သိယာ ဝိသတိယာ သမာဂတာတိ ဝိသတိယာ သခ်ါယ ဘိက္ခုသမာဂတာ။' ဤစကားဖြင့် သံဃာ၏ ကံအားလုံးပြုထိုက်သော သံဃာ၏ အဖြစ်ကို ပြ၏။)

၁၉။ **အောင်သွယ်မှ** –

ပဒဝိတိဟာရမတ္ထေန ဝါစာယ ဘဏိတေန စ၊
သဗ္ဗာနိ ဂရုကာနိ သပ္ပဋိကမ္မာနိ။

စတုသင္ဋိ အာပတ္တိယော အာပဇ္ဇေယ္ယ ဧကတော။
ပဋ္ဌာမေသာ ---။

ပဒဝီတိဟာရမတ္တေန စ၊ ဘဝါးလမ်းသွားကာမျှဖြင့်လည်းကောင်း။ ဝါစာယ ဘဏိတေန စ၊ နှုတ်မြွက်ဆိုခြင်းဖြင့်လည်းကောင်း။ သဗ္ဗာနိဂရကာနိ၊ အလုံးစုံ ဂရုကချည်းဖြစ်ကုန်သော။ သပ္ပဋိကမ္မာနိ၊ ကုစားကောင်းကုန်သော။ စတုသင္ဋိ အာပတ္တိယော၊ ၆၄- ခုသောအာပတ်တို့သို့။ ဧကတော၊ တပြိုင်တည်း၊ အာပဇ္ဇေယ္ယ၊ ရောက်ရာ၏။ ဧသာပဋ္ဌာ --- ။

[ဘဝါးလမ်းသွားပြဿနာကိုသဠေရိတ္တကို ရည်ဆိုသည်။]

(မိန်းမ ၆၄ ယောက်နေရာပြာသာဒ်သို့သွား၍ ဤမည်သောမင်းသား၏ မိဖုရားဖြစ်ကြမည်လောဟု အောင်သွယ်ခြင်းကြောင့်ဟူလို။ ဝန်ခံခြင်း၊ စုံစမ်းခြင်း၊ ပြန်ဆောင်ခြင်း၊ လက္ခဏာသုံးပါးဖြင့် ၆၄ - မျှမဟုတ် တစ်ရာထဲ၊ တစ်ထောင်ထဲ၌ ပြုလျှင် သံဃာဒိသေသ်တစ်ရာ၊ တစ်ထောင်တည်း။)

၂၀။ **သက်ိန်းဖွပ်ခိုင်းမှု -**
နိ၀တ္ထော အန္တရ၀ါသကေန၊ ဒိဂုဏံ သံဃာဋိ ပါရုတော။
သဗ္ဗာနိ တာနိ နိသဒ္ဓိယာနိ ဟောန္တိ။ ပဋ္ဌာမေသော ----။

ယော၊ အကြင်ရဟန်းသည်။ အန္တရ၀ါသကေန၊ သင်းပိုင်ကို။ နိ၀တ္ထော၊ ၀တ်ထား၏။ ဒိဂုဏံ၊ နှစ်ထပ်ပြု၍။ သံဃာဋိ ပါရုတော၊ ကိုယ်ရုံနှင့်ဒုကုဋ်ကိုရုံ ထား၏။ တထာ၊ ထိုသို့ ၀တ်ရုံထားလျှက်။ တဿ၊ ထိုရဟန်း၏။ သဗ္ဗာနိ တာနိ၊ ထိုသက်ိန်းအားလုံးတို့သည်။ နိသဒ္ဓိယာနိ၊ စွန့်အပ်သော နိသဒ္ဓိဘို့ သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကထံ၊ အဘယ်သို့ဖြစ်မည်နည်း။ ဧသာပဋ္ဌာ -။

[၀တ်ရုံထားလျှက် နိသဒ္ဓိဟူသည်ကို အညာတိကာဘိက္ခုနီကို သက်ိန်း ဖွပ်ခိုင်းခြင်းကိုရည်ဆိုသည်။ ထင်ရှားစေဦးအံ့၊ သက်ိန်းတို့၏ ထောင့်စွန်းစသည်၌ ကာကဥဟဒ - ကျီးမစင်သင့်အံ့၊ ကဒ္ဒမ -

မကွေ်တ– ရွှံ့ညွန်သင့်အံ့၊ ရေဆေးခိုင်းခြင်းဖြင့် ဘိက္ခုနိသည် ထိုထောင့်စွန်း စသည်ကို ရေဆေးအံ့၊ ထိုသင်္ကန်းတို့သည် ဝတ်ရုံမြဲတိုင်းဖြင့် နိဿဂ္ဂိတို့ဖြစ်ကုန်၏။]

(**ဒီ၂။** ။ ကာကေနဦဟဒံ – ကာကဦဟဒံ – ကျီးယိုသော ညစ်ကြေး။

ဝိ၂။ ။ ' နိ၀တ္ထောတိ ဂါထာယ အန္တရ၀ါသကေန နိ၀တ္ထော၊ ဥတ္တရာသင်္ဃေန ဒိဂုဏံ ကတ္တာ ပါရုတသံ၊ ဃာ၂ယောဂ္ဂေတိ တာနိ တိဏိပိ စီ၀ရာနိ ကာယေ ဂတာနေ၀ '– ကိုယ်၌ တည်ကုန်လျှက် ဗိန္ဒုမတ္တ ညစ်ကြေးအနည်းငယ်ကို ဘိက္ခုနီ ရေဆေးရုံဖြင့် နိဿဂ္ဂိ ဖြစ်ကုန်၏။ ဟူလို။)

၂၁။ **မိထွေးတော်ဂေါတမီ ရဟန်းဖြစ်ပုံ–**

နု စာပိ ဥတ္တိ နု စ ပန ကမ္မ၀ါစာ၊
နု "စေဟိ ဘိက္ခု" တိ ဧနော အ၀ေါစ။
သရဏဂမနမ္ပိ နု တ၊ သ အတ္ထိ။
ဥ၀သမ္ပဒါ စ၊ သ အကုပ္ပါ။
ပဋ္ဌာမေသာ --- ။

ယသ၊ အကြင်သူ၏။ ဥ၀သမ္ပဒါ၊ ရဟန်းအဖြစ်သည်။ နု စာပိ ဥတ္တိ၊ ဉာတ်ထားခြင်းလည်းမရှိ။ နု စ ပန ကမ္မ၀ါစာ၊ ကမ္မ၀ါစာဘတ်ခြင်းလည်းမရှိ။ ဧဟိဘိက္ခု တိ၊ ဧဟိဘိက္ခုဟူ၍။ နု စ ဧနော အ၀ေါစ၊ ဘုရားရှင်လည်းမခေါ်။ သရဏဂမနမ္ပိ၊ သရဏဂုံမျှသည်လည်း။ နု စ အတ္ထိ၊ မရှိ။ တ၊ ထိုသို့ဖြစ်လျှက်။ အ၊ ထိုသူ၏။ ဥ၀သမ္ပဒါ၊ ရဟန်းအဖြစ်သည်၊ အကုပ္ပါ၊ မပျက်၊ ဧသာ ပဋ္ဌာ---။

[သရဏဂုံမျှဟူသည် သရဏဂုံဖြင့် ရဟန်းအံ့ဖြစ်သော်မျှ လည်းမရှိဟူလို။ ဤပြဿနာကို မဟာပဇာပတိဂေါတမီ၏

ရဟန်းအဖြစ်ကိုရည်ဆိုသည်။]

(ရှင်အာနန္ဒာ မိန့်ကြားသော ဂရုဓမ်ရှစ်ပါးကို ကျင့်ပါမည်ဟု ဝန်ခံခြင်းဖြင့် ရဟန်းဖြစ်သည်။)

၂၂။ **လိင်ပြန်သူတို့-**

ဣတ္ထိ ဟနေ၊ နာ မာတရံ၊ ပုရိသဿ နာ ပိတရံ ဟနေ။
ဟနေယျ အနရိယံ မန္ဒော၊ တေန စာနန္ဒရံ ဖုသေ၊
ပဋ္ဌာမေသာ ---- ။

မန္ဒော၊ လူမိုက်တစ်ယောက်သည်။ ဣတ္ထိ၊ မိန်းမကြီးတစ်ယောက်ကို။ ဟနေ၊ သတ်၏။ နာ မာတရံ၊ မိခင်ကိုမဟုတ်။ ပုရိသဿ၊ ယောကျ်ားကြီး တစ်ယောက်ကိုလည်း။ ဟနေ၊ သတ်၏။ နာ ပိတရံ၊ ဘခင်ကိုမဟုတ်။ ဟနေယျ၊ သတ်သော်လည်း။ အနရိယံ၊ အရိယာရဟန္တာကိုမဟုတ်။ တေန စ၊ ထိုသတ်ခြင်း ကြောင့်ပင်လျှင်။ အာနန္ဒရံ၊ အာနန္ဒရိယကံသို့။ ဖုသေ၊ ရောက်၏။ ကထံ၊ အဘယ်သို့ ကံကြီးထိုက်သနည်း။ ဧသာပဋ္ဌာ ---။

[အနရိယဟူသည် အသတ်ခံရသော မိန်းမသည်လည်းကောင်း၊ ယောကျ်ားသည်လည်းကောင်း၊ အရိယာပုဂ္ဂိုလ်မဟုတ်။ ပုထုဇဉ်ကိုသာ သတ်သည်ဟူလို။ ဤပြဿနာကို လိင်ပြန်သဖြင့် မိန်းမဖြစ်နေသော ဘခင်ကိုလည်းကောင်း၊ ယောကျ်ားဖြစ်နေသော မိခင်ကိုလည်းကောင်း ရည်ဆိုသည်။]

(**ဝိဇ္ဇီ**။ ။ ဣတ္ထိ ဟနေ - ဂါထာ၌ မာတုဘူတ ဣတ္ထိ ကိုမသတ်။ ပိတုဘူတ ပုရိသကိုမသတ်။ အရဟန္တကိုလည်း မသတ်။ ဤစကားဖြင့် အရဟန္တယာတကလည်း မဟုတ်ဟု ပြသည်။ အနန္တရံဖုသေကား - အာနန္တရိယံ ဖုသတိဟူလို။)

၂၃။ **တိရစ္ဆာန် –**

ဣတ္ထိဟနေ စ မာတရံ၊ ပုရိသဉ္စ ပိတရံ ဟနေ။
မာတရံ ပိတရံ ဟန္ဒာ၊ နဲ တေနာနုန္ဒရံ ဖုသေ။
ပဥ္စာမေသာ ---- ။

မာတရံ၊ မွေးသည့်မိခင်ဖြစ်သော ။ ဣတ္ထိစ၊ မိန်းမကြီးကိုလည်း။ ဟနေ၊ သတ်၏။ ပိတရံ၊ မွေးသည့်ဘခင်ဖြစ်သော။ ပုရိသဉ္စ၊ ယောကျ်ားကြီးကိုလည်း။ ဟနေ၊ သတ်၏။ မာတရံ ပိတရံ ဟန္ဒာ၊ မိဘကိုသတ်၍။ တေန၊ ထိုသတ်ခြင်းကြောင့်။ အာနုန္ဒရံ၊ အာနုန္ဒရိယကံသို့။ နဖုသေ၊ မရောက်။

[မိဘသတ်လျက် ကံကြီးမထိုက်သော ပြဿနာကို မိဂသိဂ်ရသေ့။ သီဟကုမာရမင်းသားအစရှိသောသူတို့၏မိဘကဲ့သို့ တိရစ္ဆာန်ဖြစ်သော မိဘတို့ကို ရည်ဆိုသည်။]

(လူမဟုတ်သူကိုသတ်ရာ၌ အာနုန္ဒရိယကံမထိုက်။ လူမဟုတ်သူအားလည်း အာနုန္ဒရိယကံမရှိ။)

၂၄။ **တမန်စေ၍ရဟန်းပြုခြင်း –**

အစောဒယိတ္တာ အသာရယိတ္တာ၊
အသမ္မုခီဘူတသ္မိ ကရေယျ ကမ္မံ။
ကတဉ္စ ကမ္မံ သုကတံ ဘဝေယျ၊
ကာရကော စ သံယော အနာပတ္တိကော သိယာ။
ပဥ္စာမေသာ ---- ။

အစောဒယိတ္တာ ၊ အပြစ်ကိုမမေးမူ၍။ အသာရယိတ္တာ၊ မအောက်မေ့စေမူ၍။ အသမ္မုခီဘူတသ္မိ၊ မျက်မှောက်မရောက်သူအား။ ကမ္မံ၊ ကံကို။ ကရေယျ၊ ပြုပြောင်းအံ့။ ကတဉ္စ ကမ္မံ၊ ပြုအပ်သောကံသည်လည်း။ သုကတံ၊ ကောင်းစွာပြုခြင်းသည်။ ဘဝေယျ၊ ဖြစ်ရာ၏။ ကာရကော သံယောစ၊ ကံပြုသောသံယောသည်လည်း။ အနာပတ္တိကော၊ အာပတ်မသင့်သည်။ သိယာ၊ ဖြစ်ရာ၏။ ဧသာ ပဥ္စာ ---- ။

[အပြစ်မမေးဟူသော ပြဿနာကို တမန်ဖြင့်ရဟန်းခံခြင်းကို ရည်ဆိုသည်။]

၂၅။ **အဘဗ္ဗ ပုဂ္ဂိုလ်များ-**

စောဒယိတ္တာ သာရယိတ္တာ၊
သမ္မုခီဘူတသ ကရေယျ ကမ္မံ။
ကတဉ္စ ကမ္မံ အကတံ ဘဝေယျ၊
ကာရကော စ သံဃော သာပတ္တိကော သိယာ။
ပဏ္ဍာမေသာ -----။

စောဒယိတ္တာ၊ အပြစ်ကိုမေး၍။ သာရယိတ္တာ၊ အောက်မေ့စေ၍၊ သမ္မုခီ မျက်မှောက်ရောက်သူအား။ ကမ္မံ၊ ကံကို။ ကရေယျ၊ ပြုရာ၏။ ကတဉ္စ ကမ္မံ၊ ပြုအပ်သောကံသည်လည်း။ အကတံ၊ ကံမျက်သည်။ ဘဝေယျ၊ ဖြစ်ရာ၏။ ကာရကော သံဃော စ၊ ကံပြုသောသံဃာသည်လည်း။ သာပတ္တိကော၊ အာပတ်နှင့်တကွ ဖြစ်သည်။ သိယာ၊ ဖြစ်ရာ၏။ ဇသာပဏ္ဍာ ---- ။

[အပြစ်ကိုမေး၍ဟူသော ပြဿနာကို ပဏ္ဍာကစသည်တို့၏ ရဟန်းပြုခြင်းကိုရည်ဆိုသည်။ ကုရန္ဒီဋ္ဌကား ပဌမပြဿနာကို မျက်ကွယ်ကံရှစ်ခုတို့ကို ရည်ဆိုသည်။ ဒုတိယပြဿနာကို အာပတ်မရှိသူအား ကံပြုခြင်းကို ရည်ဆိုသည် ဟုဆို၏။]

၂၆။ **ဖြတ်သူ၊ ဖုံးသူ။**

ဆိန္နန္တိသ အာပတ္တိ၊ ဆိန္နန္တိသ အနာပတ္တိ။
ဆာဒေန္တိသ အာပတ္တိ၊ ဆာဒေန္တိသ အနာပတ္တိ။
ပဏ္ဍာမေသာ ---- ။

ဆိန္နန္တိသ၊ ဖြတ်သူအား။ အာပတ္တိ၊ အာပတ်သင့်၏။ ဆိန္နန္တိသ၊ ဖြတ်သူအား။ အနာပတ္တိ၊ အာပတ်မသင့်။ ဆာဒေန္တိသ၊ ဖုံးသူအား။ အာပတ္တိ၊ အာပတ်သင့်၏။ ဆာဒေန္တိသ၊ ဖုံးသူအား။ အနာပတ္တိ၊ အာပတ်မသင့်။

ဒေသာပဥ္စာ ----။

[တောစိုးသစ်ပင်ကိုဖြတ်လျှင် ပါရာဇိက၊ မြက်နွယ်စသည်တို့ကိုဖြတ်လျှင်ပါစိတ်။ အင်္ဂါဇာတ်ကိုဖြတ်လျှင် ထုလ္လစ္စည်း။ ဆံပင်၊ လက်သည်း၊ ခြေသည်းတို့ကိုဖြတ်လျှင် အနာပတ္တိ။ မိမိအာပတ်၊ သူတပါးအာပတ်ကိုဖုံးလျှင် အာပတ်သင့်၏။ သိမ်၊ ကျောင်း၊ တန်ဆောင်းစသည်ကိုအမိုးဖြင့်ဖုံးလျှင် အနာပတ္တိ။]

၂၇။ **အမှန်၊ အမှား။**

သစ္စံ ဘဏာမျှော ဂရုကံ၊ မုသာ စ လဟု ဘာသတော၊
မုသာ ဘဏာမျှော ဂရုကံ၊ သစ္စဉ္စ လဟု ဘာသတော။
ပဥ္စာမေသာ --- ။

သစ္စံ၊ အမှန်ကို။ ဘဏာမျှော၊ ဆိုသူသည်။ ဂရုကံ၊ ဂရုကအာပတ်သို့ရောက်၏။ မုသာ၊ အမှားကို။ ဘာသတောစ၊ ဆိုသူအားကား။ လဟု၊ လဟုကအာပတ်ဖြစ်၏။ မုသာ၊ အမှားကို ဘဏာမျှော၊ ဆိုသူသည်။ ဂရုကံ၊ ဂရုကအာပတ်သို့ရောက်၏။ သစ္စံ၊ အမှန်ကို။ ဘာသတောစ၊ ဆိုသူအားကား။ လဟု၊ လဟုကအာပတ်ဖြစ်၏။ ဒေသာပဥ္စာ ---- ။

[သိခရဏီသိ၊ ဥဘတော ဗျဥ္ဇနာသိ --ဤသို့ အမှန်ကိုဆိုလျှင် ဂရုကသံဃာဒိသေသ်သို့ရောက်၏။ သမ္ဘဝေန မုသာဆိုသူအား လဟုကပါစိတ်ဖြစ်၏။ စျာန်မဂ်ဖိုလ်ကို မုသာဆိုလျှင် ဂရုကပါရာဇိကသို့ရောက်၏။ ဟုတ်တိုင်း မှန်စွာ စျာန်မဂ်ဖိုလ်ကိုဆိုသူအား လဟုကပါစိတ်ဖြစ်၏။]

၃။ ပါစိတ္တိယာဒိ

၄၈၁။ ၂၈။ **နိဿဂ္ဂိပစ္စည်း ။**

အဓိဋ္ဌိတံ ရဇနာယ ရတ္တံ၊ ကပ္ပကတမ္ပိ သန္ဓံ။

ပရိဘုဥ္ဇန္တသ အာပတ္တိ၊ ပဥ္စာမေသာ --- ။

အဓိဋ္ဌိတံ၊ အဓိဋ္ဌာန်တင်ပြီးသော။ ရဇနာယ ရတ္တံ၊ ဆိုးရည်ဆိုးပြီးသော။ ကပ္ပကတမ္ပိသန္တံ၊ ကပ္ပဗိန္ဒုလည်းထိုးပြီးဖြစ်သော။ စီဝရံ၊ သင်္ကန်းကို။ ပရိဘုဥ္ဇန္တသ၊ သုံးဆောင်သူအား၊ အာပတ္တိ၊ အာပတ်သင့်၏။ ဒသာပဥ္စာ ---။

[အဓိဋ္ဌာန်တင်ပြီးစသည်ကို နိဿဂ္ဂိသင်္ကန်းကိုမစွန့်ဘဲ သုံးဆောင်သူကို ရည်ဆိုသည်။]

၂၉။ **စားမြုံ့ပြန်သူ** ။

အတ္ထင်္ဂတေသူရိယေ ဘိက္ခု မံသာနိ ခါဒတိ။
နာ ဥမ္မတ္တကော, နာ စ ပနာ ခိတ္တစိတ္တော။
နာ စာပိ သော ဝေဒနာဋ္ဋော ဘဝေယျ။
နာ စသ ဟောတိ အာပတ္တိ။
သော စ ဓမ္မော သုဂတေန ဒေသိတော။
ပဥ္စာမေသာ --- ။

ယောဘိက္ခု၊ အကြင်ရဟန်းသည်။ သူရိယေ၊ နေသည်။ အတ္ထင်္ဂတေ၊ ဝင်သည်ရှိသော်။ ဝါ - နေဝင်သောအခါ၌။ မံသာနိ၊ အသားတို့ကို။ ခါဒတိ၊ ခဲ၏။ နာ ဥမ္မတ္တကော၊ ရူးသူမဟုတ်။ နာ စ ပနာ ခိတ္တစိတ္တော၊ စိတ်ပြန့်လွင့်သူလည်းမဟုတ်။ နာ စာပိ သော ဝေဒနာဋ္ဋော ဘဝေယျ၊ ဝေဒနာနှိပ်စက်သူလည်းမဟုတ်။ စ၊ ထိုသို့ဖြစ်လျှက်။ အသ၊ ထိုရဟန်းအား။ အာပတ္တိ၊ အာပတ်သည်။ နာ ဟောတိ၊ မဖြစ်။ သော စ ဓမ္မော၊ ထိုဝိနည်းသဒ္ဓမ္မာကိုလည်း။ သုဂတေန၊ မြတ်စွာဘုရားသည်။ ဒေသိတော၊ ခွင့်ပြုအပ်၏။ ဒသာပဥ္စာ ---- ။

[နေဝင်သောအခါ ဟူသောပြဿနာကို စားမြုံ့ပြန်တတ်သော ရဟန်းကို ရည်ဆိုသည်။]

၃၀။ **သံဃဘေဒက။**

နံ ရတ္တစိတ္တော, နံ စ ပန ထေယျစိတ္တော၊
နံ စာပိ သော ပရံ မရဏာယ စေတယိ။
သလာကံ ဒေန္တသ္မ ဟောတိ ဆဋ္ဌေ၊
ပဋိဂ္ဂဏ္ဏန္တသ္မ ထုလ္လစ္စယံ။ ပဏ္ဍာမေသာ –။

ယော၊ အကြင်ရဟန်းသည်။ နံ ရတ္တစိတ္တော၊ တပ်သောစိတ်မရှိ။ နံ စ ပန ထေယျ စိတ္တော၊ ခိုးလိုသောစိတ်လည်းမရှိ။ သော၊ ထိုရဟန်းသည်။ ပရံ၊ သူတပါးကို။ မရဏာယ၊ သေစိမ့်သောငှါ။ နံ စာပိ စေတယိ၊ အားထုတ်သည်လည်း မဟုတ်။ စ၊ ထိုသို့ဖြစ်လျက်။ သလာကံ၊ ဝါးခြမ်းစိတ်ကို။ ဒေန္တသ၊ ပေးသူအား။ ဆေ၊ ပါရာဇိကသည်။ ဟောတိ၊ ဖြစ်၏။ ပဋိဂ္ဂဏ္ဏန္တသ၊ ခံယူသူအား။ ထုလ္လစ္စယံ၊ ထုလ္လစ္စည်းအာပတ်သည်။ ဟောတိ၊ ဖြစ်၏။ ဒေသာပဏ္ဍာ----။

[တပ်သောစိတ်ရှိလျှင် မေထုနဓမ္မ ပါရာဇိကသို့ရောက်တတ်၏။ ခိုးလိုသောစိတ်ရှိလျှင် အဒိန္နာဒါန ပါရာဇိကသို့ရောက်တတ်၏။ သေစိမ့်သောငှါအားထုတ်လျှင် မနုဿဝဓိဂ္ဂဟ ပါရာဇိကသို့ ရောက်တတ်၏။ သံဃာသင်းခွဲသူအား တပ်သောစိတ်မရှိ။ ခိုးလိုသတ်လိုသောစိတ်မရှိ။ စာရေးတံဝါခြမ်းစိတ်ကို ပေးသောထိုသူအား ပါရာဇိက။ စာရေးတံယူသော ဘေဒါနုဝတ္တကအား ထုလ္လစ္စည်း။]

၃၁။ **ကြီးစွာသောသစ်ပင်ကြီး ။**

နံ စာပိ အာရညကံ သာသကံသမ္မတံ။
နံ စာပိ သံဃေန သမ္မုတိ ဒိန္နာ။
နံ စဿ ကထိနံ အတ္ထတ ဟတ္ထေ ဝ။
စီဝရံ နိက္ခိပိတ္တာ ဂစ္ဆေယ္ယ အမယောဇနံ။
ဟတ္ထေ ဝ အရုဏံ ဥဒ္ဓဏ္ဍန္တသ အနာပတ္တိ၊
ပဏ္ဍာမေသာ --- ။

သာသက်သမ္မတ်၊ ရွံရှာဘွယ်ရှိ၏ဟု သမုတ်အပ်သော။ အာရညကံစာပိ၊ တောကျောင်းသည်လည်း။ နေ၊ မဟုတ်။ သံယေန၊ သံဃာသည်။ သမ္မုတိ၊ စီဝရ အဝိပ္ပဝါသသမ္မုတိကို။ နစာမိ ဒိန္နာ၊ ပေးအပ်သည်လည်းမဟုတ်။ အသေ၊ ထိုရဟန်းအား။ ကထိနံ၊ ကထိန်ကို။ နေ စ အတ္ထတံ၊ ခင်းအပ်သည်လည်းမဟုတ်။ တတ္ထော၊ ထိုနေရာ၌သာလျှင်။ စီဝရံ၊ သင်္ကန်းကို။ နိက္ခိပိတွာ၊ ထားခဲ့၍။ အမမယောဇနံ၊ ယူဇနာခွဲမျှအရပ်သို့။ ဂစ္ဆေယျ၊ သွားရာ၏။ တတ္ထော၊ ထို ယူဇနာခွဲမျှအရပ်၌သာလျှင်။ အရဏေ၊ အရဏ်ကို။ ဥဂ္ဂဏ္ဍန္တသ၊ တက်စေသောရဟန်းအား။ အနာပတ္တိ၊ နိဿဂ္ဂိပါစိတ် အာပတ်မသင့်။ ဧသာပဠာ ------ ။

[ယူဇနာခွဲမျှသွားသောပြဿနာကို သုပ္ပတိဋ္ဌိတ နိဂြောဓသဒိသံ ကောင်းစွာတည်သော ပညောင်ပင်နှင့်တူသော ဧကကုလ၏ သစ်ပင်အောက်ကို ရည်ဆိုသည်။]

(**သာဋ္ဌိ**။ ။ သုပ္ပတိဋ္ဌိတံ နိဂြောဓသဒိသံ ဟူသည်ကို တစ်ယူဇနာ နှစ်ယူဇနာ စသည်အကိုင်းအရည် ရှိသော ပညောင်ပင်ကြီးကိုရည်ဆိုသည်။

ဝိဋ္ဌိ။ ။ သုပ္ပတိဋ္ဌိတ နိဂြောဓ သဒိသံဟူသည်ကို တစ်ယူဇနာ အပြန်.ကျယ်သောသစ်ပင်ကိုရည်ဆိုသည်။)

၃၂။ **မိန်းမများစွာ-**

ကာယိကာနိ နေ ဝါစသိကာနိ၊ သဗ္ဗာနိ နာနာဝတ္ထုကာနိ။
အပုဗ္ဗံ အစရိမံ အာပဇ္ဇေယ္ယ ဒုက္ကဋော။
ပဠာမေသာ --- ။

ကာယိကာနိ၊ ကာယဒ္ဒါရ၌ဖြစ်ကုန်သော။ နေ ဝါစသိကာနိ၊ ဝစီဒ္ဒါရ၌ မဖြစ်ကုန်သော။ သဗ္ဗာနိ၊ အလုံးစုံကုန်သော။ နာနာဝတ္ထုကာနိ၊ အထူးထူးဖြစ်သော တည်ရာဝတ္ထုရှိသော အာပတ်တို့သို့။ အပုဗ္ဗံ အစရိမံ၊ မရှေးမနှောင်း။ ဒုက္ကဋော၊ တပေါင်းတည်း။ အာပဇ္ဇေယ္ယ၊ ရောက်ရာ၏။ ဧသာပဠာ ------ ။

[ကာယိကာနိ ပြဿနာကို မျှားစွာသောမိန်းမတို့၏ ဆံပင်တို့ ကိုလည်း၊ ဂဲကာင်း၊ လက်ချောင်းတို့ကိုလည်းကောင်း၊ တပေါင်းတည်း ကိုင်သူကို ရည်ဆိုသည်။]

၃၃။ **မိန်းမမျှားစွာ–**

ဝါစသိကာနိ နှ ကာယိကာနိ၊ သဗ္ဗာနိ နာနာ ဝတ္ထုကာနိ။
အပုဗ္ဗံ အစရိမံ အာပဇ္ဇေယ္ယ ဧကတော၊ ပဋ္ဌာမေသာ ---- ။

ဝါစသိကာနိ၊ ဝစီဒ္ဒါရဋ္ဌိဖြစ်ကုန်သော။ နကာယိကာနိ။ ကာယဒ္ဒါရဋ္ဌိ မဖြစ်ကုန်သော။ သဗ္ဗာနိ၊ အလုံးစုံကုန်သော။ နာနာဝတ္ထုကာနိ၊ အထူးထူးသော တည်ရာဝတ္ထုရှိသော အာပတ်တို့သို့။ အပုဗ္ဗံ အစရိမံ၊ မရှေးမနှောင်း။ ဧကတော၊ တပေါင်းတည်း။ အာပဇ္ဇေယ္ယ၊ ရောက်ရာ၏။ ဧသောပဋ္ဌာ ---- ။

[ဝါစသိကာနိပြဿနာကို – သဗ္ဗာတုမေ သိခရဏီယော – စသောနည်းဖြင့် ဒုဋ္ဌုလ္လဝါစာဆိုသူကိုရည်ဆိုသည်။]

၃၄။ **အဋ္ဌဝတ္ထုက–**

တိသိတ္ထိယော မေထုနံ တံ နှ သေဝေ။
တယော ပုရိသေ တယော အနရိယပဏ္ဍကေ။
နှ စာစရေ မေထုနံ ဗျဥ္ဇနသ္မိံ၊
ဆေဒံ သိယာ မေထုနဓမ္မပစ္စယာ။
ပဋ္ဌာမေသာ ---- ။

တိသိတ္ထိယော၊ မိန်းမသုံးယောက်တို့သို့လည်းကောင်း။ တယောပုရိသေ၊ ယောကျ်ားသုံးယောက်တို့သို့လည်းကောင်း။ တယော အနရိယ ပဏ္ဍကေ၊ ဥဘတောဗျည်းသုံးယောက်၊ ပဏ္ဍုက်သုံးယောက်တို့သို့လည်းကောင်း။ ဥပဂန္ဓာ၊ ချဉ်းကပ်၍။ တံ မေထုနံ၊ ထိုမေထုန်ကို။ နှ သေဝေ၊ မမှီဝဲ။ ဗျဥ္ဇနသ္မိံ၊ မိမိမင်သူတပါးမင်၌။ မေထုနံ၊ အနုလောမမေထုန်ကို။ နှ စာစရေ၊ ကျင့်လည်းမကျင့်။ ဝါ – မစုတ်၊ မထိုင်၊ မသွင်း။ တထာ၊ ထိုသို့ဖြစ်လျက်။ မေထုနဓမ္မပစ္စယာ၊

မေထုနဝမ္မအကြောင်းကြောင့်။ ဆေ၊ ပါ.ရာဇိကအာပတ် သည်။ သင်ယောဘ ဖြစ်ရာ၏။ ဧသာ ပဠာ ---- ။

[မိန်းမ၊ ယောကျ်ား၊ ဥဘတောဗျည်း-ပဏ္ဍာဂတ် - သုံးယောက်စီအားဖြင့် တစ်ဆယ့်နှစ်ယောက်ဟု၏ ဖက်သုံးဆယ်ခဲ့ရသည်။ မေထုန်မကျင့်၊ နှ စာစရေ မေထုန် ဗျဥ္ဇနသို့ ဟူသည် လိင်ရှည်၊ ကျောင်းနေ စုတ်၊ ထိုင်ဟူသော အနုလောမ ပါရာဇိက လေးပါးဖွယ်ဖြင့် လည်း မေထုန်မကျင့်၊ မေထုနဝမ္မပစ္စယကြောင့် ပါရာဇိကဖြစ်၏။ ဤပြဿနာကို အဋ္ဌဝတ္ထုကပါရာဇိကကို ရည်ဆိုသည်။ ထိုအဋ္ဌဝတ္ထုက ပါရာဇိကရောက်သော ဘိက္ခုနီသည် မေထုနဝမ္မ၏ ပုဗ္ဗဘာဂ ဖြစ်သော ကာယသံသဂ္ဂသို့ရောက်ခြင်းငါ အားထုတ်ခြင်းမပြုခင် မေထုနဝမ္မ ပစ္စယပါရာဇိကဖြစ်၏။]

(**ဒီဋ္ဌိ** ။။ ဂယောပုရိသေပိ ဥပဂန္ဓာဘိပါ ဌသေသေ။ မေထုနဝမ္မပစ္စယာမည်သည် ကာယသံသဂ္ဂဖြစ်၏။ မေထုနဝမ္မ၏ ပုဗ္ဗဘာဂဖြစ်သော ကာယသံသဂ္ဂကို အားထုတ်လျက် အဋ္ဌဝတ္ထုပြည့်စေသည်ကို ရည်ဆိုသည်။)

၃၅။ **မိုးရေခံသက်နိုး** -

မာတရံ စိ၀ံ ယာစေ၊ နော စ သံဃေ ပရိဏာတံ။
ကေနသ ဟောတိ အာပတ္တိ၊ အနာပတ္တိ စ ဥဘတော၊
ပဠာမေသာ --- ။

ယော၊ အကြင်ရဟန်းသည်။ မာတရံ၊ မိခင်ကို။ စီ၀ရံ၊ သင်္ကန်းကို ယာစေ၊ တောင်းရာ၏။ သံဃသ။ သံဃာအား၊ ပရိဏာတံ။ ကွယ်ခဲ့သော သင်္ကန်းကို။ နော၊ တောင်းသည်မဟုတ်။ အသ၊ ထိုရဟန်းအား။ ဥဘတော၊ နှစ်မျိုးခုံ အနာပတ္တိစ၊ အနာပတ္တိဖြစ်သင့်လျက်။ ကေန၊ အဘယ်ကြောင့်။ အာပတ္တိ အာပတ်သည်။ ဟောတိ၊ ဖြစ်သနည်း။ ဧသာပဠာ ---- ။

[မာတရံ စီဝရံ ဟူသော ပြဿနာကို ပိဋ္ဌသမယ ခုနစ်လဋ္ဌ မိုးရေခံ သင်္ကန်းအလို့ငါ သတိပေးခြင်းကိုရည်ဆိုသည်။ ဝိနိစ္ဆယကို ဝေဿိကသာဋ္ဌက သိက္ခာပုဒ်အဖွင့်ဋ္ဌသာလျှင် ဆိုပြီးပြီ။]

၃၆။ **တိတ္ထိကျင့်ဝတ် –**

ကုဋ္ဌေါ အာရာဝကော ဟောတိ၊
ကုဋ္ဌေါ ဟောတိ ဂရဟိယော။
အထ ကော နာမ သော ဝမ္မော၊
ယေန ကုဋ္ဌေါ ပသံသိယော။
ပဠာမေသာ ----။

ကုဋ္ဌေါ၊ အမျက်ထွက်သူသည်။ အာရာဝကော ဟောတိ၊ နှစ်သက်စေသူ ဖြစ်၏။ ကုဋ္ဌေါ၊ အမျက်ထွက်သူသည်။ ဂရဟိယောဟောတိ၊ ကဲ့ရဲ့အပ်သူ ဖြစ်၏။ ယေန၊ အကြောင်းမမူဖြင့်။ ကုဋ္ဌေါ၊ အမျက်ထွက်သူကို။ အထ ပသံသိယော၊ ချီးမွမ်းဒဿပ်သည်ဖြစ်အံ့။ သော ဝမ္မော၊ ထိုဝမ္မသည်။ ကောနာမ၊ အဘယ်မည် သော ဝမ္မနည်း။ ဒေသာပဠာ ---- ။

[ကုဋ္ဌေါ အာရာဝကော ဟူသောပြဿနာကို တတ္ထိယ၊ ကျင့်ဝတ်ကို ရည်ဆိုသည်။ ကျင့်ဝတ်ကိုဖြည့်ကျင့်သော တိတ္ထိသည် တိတ္ထိတို့၏ဂုဏ်ကျေးဇူးဆိုသံကိုကြားလျှင် အမျက်ထွက်အံ့၊ သံယာကို နှစ်သက်စေသူဖြစ်၏။ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို ကြားလျှင် အမျက်ထွက်အံ့။ ကဲ့ရဲ့အပ်သော တိတ္ထိ ဖြစ်၏။]

၃၇။ **တိတ္ထိကျင့်ဝတ် –**

တုဋ္ဌော အာရာဝကော ဟောတိ၊ တုဋ္ဌော ဟောတိ ဂရဟိယော။
အထ ကော နာမ သော ဝမ္မော၊ ယေန တုဋ္ဌော ဂရဟိယော။
ပဠာမေသာ ----။

တုဋ္ဌော၊ နှစ်သက်သူသည်။ အာရောဝကောဟောတိ၊ နှစ်သက်စေသူ

ဖြစ်၏။ တုဋ္ဌော၊ နှစ်သက်သူသည်။ ဂရဟိယောဟောတိ၊ ကဲ့ရဲ့အပ်သူဖြစ်၏။ ယေန၊ အကြောင်းမမူဖြင့်။ တုဋ္ဌော၊ နှစ်သက်သူကို၊ အထ ဂရဟိယော၊ ကဲ့ရဲ့အပ်သည် ဖြစ်အံ့။ သော ဓမ္မော၊ ထိုဓမ္မသည်။ ကော နာမ၊ အဘယ်မည်သော ဓမ္မနည်း။ ဒသာပဥ္ဘာ ---- ။

[ဤပြဿနာကိုလည်း တိတ္ထိယဂျင့်ဝတ်ကိုသာရည်ဆိုသည်။]

(ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးဆိုသံကြားလျှင် နှစ်သက်အံ့။ အာရာဓကဖြစ်၏။ တိတ္ထိတို့၏ ဂုဏ်ကျေးဇူးဆိုသံကြားလျှင် နှစ်သက်အံ့ ဂရဟိတ တိတ္ထိ ဖြစ်၏။)

၃၈။ **ဘိက္ခုနီ -**

သံဃာဒိသေသံ ထုလ္လစ္စယံ၊ ပါစိတ္တိယံ ပါဋိဒေသနီယံ။
ဒုက္ကဋံ အာပဇ္ဇေယ္ယ ဓကတော။ ပဥ္ဘာမေသာ ---- ။

သံဃာဒိသေသံ၊ သံဃာဒိသေသ်သို့လည်းကောင်း။ ထုလ္လစ္စယံ၊ ထုလ္လစ္စည်းသို့လည်းကောင်း။ ပါစိတ္တိယံ၊ ပါစိတ်သို့လည်းကောင်။ ပါဋိဒေသနီယံ၊ ပါဋိဒေသနီသို့လည်းကောင်း။ ဒုက္ကဋံ၊ ဒုက္ကဋ်သို့လည်းကောင်း။ ဓကတော၊ တပေါင်းတည်း။ အာပဇ္ဇေယ္ယ၊ ရောက်ရာ၏။ ဓသာပဥ္ဘာ -----။

[သံဃာဒိသေသံဟူသော ပြဿနာကို ရာဂစွတ်လျက် ရာဂစွတ်သော ပုရိသ၏လက်မှ ဆွမ်းကိုခံယူ၍ လူသား၊ လသုဏာကြက်သွန်၊ ပဏီတဘောဇဉ်၊ ကြွင်းအကပ်ပြယမ်သတို့နှင့် ရောနယ်စားသော ဘိက္ခုနီကို ရည်ဆိုသည်။]

၃၉။ **တန်ခိုးကြီးသော သာမဏေ -**

ဥဘော ပရိပုဏ္ဏာဝိသတိဝဿာ၊
ဥဘိန္နံ ဓကုပဇ္ဇာယော။
ဓကာစရိယော ဓကာ ကမ္မဝါစာ၊

ဧကော ဥပသမ္မန္နော ဧကော အနုပသမ္မန္နော။
ပဠာမေသာ ----။

ဥဘော၊ နှစ်ဘက်သော သာမဏေတို့သည်။ ပရိပုဏ္ဏဝီသတိဝဿာ၊ အသက်နှစ်ဆယ်ပြည့်သူတို့သာဖြစ်ကုန်၏။ ဥဘိန္နံ၊ နှစ်ယောက်လုံးတို့အား။ ဧကုပဇ္ဈာယော၊ ဥပဇ္ဈာယ်လည်းတူ၏။ ဧကာစရိယော၊ ကမ္မဝါစာဆရာလည်းတူ၏။ ဧကာကမ္မဝါစာ၊ ကမ္မဝါစာလည်းတူ၏။ ဝါ – တပြိုင်တည်းကမ္မဝါစာဘတ်၏။ အထ၊ ထိုသို့ဖြစ်လျက်၊ ဧကော၊ တစ်ယောက်သာလျှင် ဥပသမ္မန္နော၊ ရဟန်းဖြစ်၏။ ဧကော၊ တစ်ယောက်ကား။ အနုပသမ္မန္နော၊ ရဟန်းမဖြစ်။ ဧသာ ပဠာ ---- ။

[တစ်ယောက်ရဟန်းမဖြစ်ဟူသော ပြဿနာကို ကောင်းကင်ဌ်တည်သူကို ရည်ဆိုသည်။ နှစ်ယောက်သော သာမဏေတို့တွင် တစ်ယောက်သည် တန်ခိုးဖြင့် ဆံဖျားမျှမြေကိုလွှတ်၍နေ၏။ ထိုသာမဏေသည် ရဟန်းမဖြစ်။ သံဃာသည်လည်း ကောင်းကင်ဌ်နေ၍ မြေဌ်နေသူအား ကံမပြုအပ်။ ပြုလျှင်ကံပျက်၏။]

၄၀။ သက်ိန်းခိုးသူအလုခံရသူ –

အကပ္ပကတံ နာပိ ရဇနာယ ရတ္တံ၊
တေန နိဝတ္ထော ယေန ကာမံ ဝဇေယျ။
နှ စသ ဟောတိ အာပတ္တိ၊
သော စ ဝမ္မော သုဂတေန ဒေသိတော။
ပဠာမေသာ ----။

အကပ္ပကတံ၊ ကပ္ပဗိန္ဒုမထိုးသော။ နာပိရဇနာယ ရတ္တံ၊ ဆိုးရည်ဖြင့်လည်းမဆိုးသော။ ယံ၊ အကြင်အဝတ်သည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခု၊ ရဟန်းသည် တေန၊ ထိုအဝတ်ဖြင့်။ နိဝတ္ထော၊ ဝတ်လျက်။ ယေနကာမံ၊ အလိုရှိရာသို့။ ဝဇေယျ၊

သွားရာ၏။ စ၊ ထိုသို့ဖြစ်သော်လည်း။ အဃ၊ ထိုရဟန်းအား။ အာပတ္တိ၊ အာပတ်သည်။ နု-ဟောတိ၊ မဖြစ်။ သော စ ဓမ္မော၊ ထိုသဘောကိုလည်း၊ သုဂတေန၊ မြတ်စွာဘုရားသည်။ ဒေသိတော၊ ခွင့်ပြုအပ်၏။ ဒေသာပဏ္ဍာ --။

[ကပ္ပဗိန္ဒုမထိုးဟူသော ပြဿနာကို ခိုးသူလုယက်၍ သက်နှိုး ပျောက်ပျက်သောရဟန်းကို ရည်ဆိုသည်။]

၄၁။ **တိုက်တွန်းသူ** -

နု ဒေတိ နု ပဋိဂ္ဂဏှာတိ၊ ပဋိဂ္ဂဟော တေန နတ္ထိ။
အာပဇ္ဇတိ ဂရုကံ နု လဟုကံ၊ တဉ္စ ပရိဘောဂပစ္စယာ။
ပဏ္ဍာမေသာ ---။

နု ဒေတိ၊ ပေးသူလည်းမဟုတ်။ နု ပဋိဂ္ဂဏှာတိ၊ ယူသူလည်းမဟုတ်။ တေန၊ ထိုအပေးအယူမရှိခြင်းကြောင့်။ ပဋိဂ္ဂဟော၊ ခံယူခြင်းသည်ပင်လျှင်။ နတ္ထိ၊ မရှိ။ တထာ၊ ထိုသို့ဖြစ်လျှက်။ ဂရုကံ၊ ဂရုကအာပတ်သို့။ အာပဇ္ဇတိ။ ရောက်၏။ နု လဟုကံ၊ လဟုကသို့ရောက်သည်မဟုတ်။ တဉ္စ၊ ဂရုကအာပတ်သို့လည်း။ ပရိဘောဂပစ္စယာ၊ စားခြင်းအကြောင်းကြောင့်။ အာပဇ္ဇတိ။ ရောက်၏။ ဒေသာပဏ္ဍာ ----- ။

[ရာဂစွတ်သော ယောကျ်ား၏လက်မှ ဆွမ်းခဲဘွယ်ကိုခံယူ၍ စားပါဟေဟုတိုက်တွန်းသော ဘိက္ခုနီကြီးသည် ပေးသူမဟုတ်။ ဘိက္ခုနီငယ်ကလည်း ဘိက္ခုနီကြီးလက်မှယူသူမဟုတ်။ ထို့ကြောင့် ဘိက္ခုနီငယ်၏လက်မှ ဘိက္ခုနီကြီး၏ ခံယူခြင်းမရှိ။ ဤသို့ဖြစ်သော်လည်း တိုက်တွန်းသောဘိက္ခုနီကြီးသည် သံဃာဒိသေသ်သို့ရောက်၏။ ထိုအာပတ်ရောက်သူသည် ဘိက္ခုနီငယ်၏ စားခြင်းကြောင့်ရောက်၏။ ဘိက္ခုနီငယ်စားပြီးအဆုံး၌ တိုက်တွန်းသူဘိက္ခုနီကြီးအား သံဃာဒိသေသ်။]

၄၂။ **တိုက်တွန်းသူ –**

နဲ ဒေတိ နဲ ပဋ္ဌိဂ္ဂဏှာတိ၊ ပဋ္ဌိဂ္ဂဟော တေနဲ နဲ ဝိဇ္ဇတိ။ အာပဇ္ဇတိ လဟုကံ နဲ ဂရုကံ၊ တဋ္ဌ ပရိဘောဂပစ္စယာ။ ပဏ္ဍာမေသာ ----။

နဲ ဒေတိ၊ ပေးသူလည်းမဟုတ်။ (ပ) ။ တထာ။ ထိုသို့ဖြစ်လျက်။ လဟုကံ၊ လဟုကသို့။ အာပဇ္ဇတိ၊ ရောက်၏။ နဲ ဂရုကံ။ (ပ) ။ ဧသာပဏ္ဍာ။

[ယခင် ဘိက္ခုနီဝယ်အားသာလျှင် ရေ၊ ဒန်ပူ – ခံယူရန် တိုက်တွန်းခြင်းကို ရည်ဆိုသည်။]

(**ဒီဋ္ဌီ**။ ။ ပရိဘောဂပစ္စယာတိ ပရိဘောဂကာရဏာ။ သုံးဆောင်ခြင်းအကြောင်းကြောင့်။ တသ္မာ – ထိုသို့သုံးဆောင်ခြင်းကြောင့် အာပတ်သို့ရောက်ခြင်းကြောင့် – စားပြီးသည်၏အဆုံး၌ ရောက်၏ဟူလို။ ရှေးစာတို့၌ – တသာ –, ဟု – ပါ၌ရှိ၏။ ကာရဏာဝစနဖြစ်သော တသ္မာသည်သာလျှင် ကောင်း၏။ စားသောက်သုံးဆောင်ခြင်း၏ အပိုင်းအခြားကို ပြခြင်းကြောင့်ဟုဆိုကုန်၏။)

၄၃။ **ဥက္ခိတ္တက –**

အာပဇ္ဇတိ ဂရုကံ သာဝသေသံ၊
ဆာဒေတိ အနာဒရိယံ ပဋ္ဌိစ္စ။
နဲ ဘိက္ခုနိံ နောစ ဖုသေယျ ဝဇ္ဇံ။
ပဏ္ဍာမေသာ ကုသလေဟိ စ်ဿ္ဌိတာ ။

ဂရုကံ သာဝသေသံ၊ သံဃာဒိသေသ်အာပတ်သို့။ အာပဇ္ဇတိ၊ ရောက်သူဖြစ်လျက်။ အနာဒရိယံ၊ မရိုသေခြင်းကို။ ပဋ္ဌိစ္စ၊ စွဲ၍။ ဆာဒေတိ၊ ဖုံးလွှမ်း၏။ နဲ ဘိက္ခုနိံ၊ ဘိက္ခုနီမဟုတ်။ စ၊ ထိုသို့ဖြစ်လျက်၊ ဝဇ္ဇံ၊ ဖုံးခြင်း ဒုက္ခဉ်သို့။ နော ဖုသေယျ၊ မရောက်ရာ။ ဧသာပဏ္ဍာ။ ဤပြဿနာကို၊ ကုသလေဟိ၊

ပညာရှိတို့သည်။ စိန္တိတာ၊ သိအပ်ကြံအပ်၏။ ဝါ၊ သိရမည်။ သိထိုက်သည်။ သိချိန်တန်ပြီ။ သိကြပါ၊လော။

[သတ္တရသကတို့တွင် တစ်ခုခုသို့ရောက်၍ မရိုသေခြင်းဖြင့် ဖုံးသော်လည်း ဘိက္ခုနီသည် ဖုံးခြင်းကြောင့် ဒုက္ခဋ္ဌသို့ နောက်ထပ်မရောက်။ ဖုံးသော်လည်းကောင်း၊ မဖုံးသော်လည်းကောင်း ပက္ခမာနတ်ကိုသာကျင့်ရသည်။ ဤပြဿနာကိုကား ဥက္ခိတ္တကရဟန်းကိုရည်ဆိုသည်။ ဥက္ခိတ္တကနှင့်အတူ ဝိနည်းကံမရှိ။ ထို့ကြောင့် ထိုသို့သော ဥက္ခိတ္တကသည် သံဃာဒိသေသ်သို့ရောက်၍ ဖုံးသော်လည်း ဖုံးသည်မမည်။ ဒုက္ခဋ္ဌလည်း ထပ်မသင့်။]

(**ဝိဇ္ဇီ**။ ။ သတ္တရသကတို့ဟူသည် ဘိက္ခုနီတို့အား ပညတ်သော တစ်ဆယ့်ခုနစ်ပါးသော သံဃာဒိသေသ်တို့ ဖြစ်ကုန်၏။)

သေဒမောစနဂါထာ နိဋ္ဌိတာ။

၂၁– ဝဂ္ဂပဋ္ဌက– ငါးဝင်

၁ – ကမ္မဝဂ္ဂ

၄၈၂ ။ **ကံလေးပါး** ။ ။ ကံတို့သည် အပလောကနက်၊ ဥတ္တိုက်၊ ဥတ္တိုဒုတိယက်၊ ဥတ္တိုစတုတ္ထက် – ဤသို့ လေးပါးဖြစ်ကုန်၏။

[ကမ္မဝဂ်၌ လေးပါးသောကံတို့၏ ထူးသောအကြောင်းကို သမထက္ခန္ဓကဋ္ဌမဟုခေါ်ပြီး ပြီ။ ဆိုပြီးသော်လည်း ဤကမ္မဝိနိစ္ဆယမည်သည် အစမှစ၍ဆိုလျှင် ထင်ရှား၏။ ထို့ကြောင့် အစမှစ၍ဆိုဘွယ်ကို ဆိုကုန်အံ့။ လေးပါးဟူသည် ကံတို့၏အရေအတွက်ကို ပိုင်းခြားကြောင်း

စကားဖြစ်၏။ ကံတို့ဟူသည် ပိုင်းခြားအပ်သောကံတို့ကို ညွှန်ပြ ကြောင်းစကားဖြစ်၏။ အပလောကနက်မည်သည် သိမ်ဌိတည်သော သံဃာကိုသုတ်သင်၍ ဆန္ဒထိုက်သူတို့၏ ဆန္ဒကိုဆောင်၍ သမဂ္ဂ သံဃာ၏အလိုဖြင့် သုံးကြိမ်ကြားစေ၍ ပြုသောကံဖြစ်၏။ ဉာတ္တိကံမည် သည် ဆိုပြီးသောနည်းဖြင့် သမဂ္ဂသံဃာ၏အလိုဖြင့် တစ်ခုသောဉာတ် ဖြင့်ပြုသောကံဖြစ်၏။ ဉာတ္တိဒုတိယကံမည်သည် ဆိုပြီးသောနည်းဖြင့် သမဂ္ဂသံဃာအလိုဖြင့်ဉာတ်တစ်ကြိမ်ဖြင့်လည်းကောင်း၊ ကမ္မဝါစာ တစ်ကြိမ်ဖြင့်လည်းကောင်း၊ ဤသို့. ဉာတ်လျှင်နှစ်ခုမြောက်သော ကမ္မဝါစာဖြင့် ပြုသောကံဖြစ်၏။ ဉာတ္တိ စတုတ္ထကံမည်သည် ဆိုပြီး သောနည်းဖြင့် သမဂ္ဂသံဃာ၏အလိုဖြင့် ဉာတ်တစ်ကြိမ်ဖြင့် လည်း ကောင်း၊ ကမ္မဝါစာသုံးကြိမ်ဖြင့်လည်းကောင်း၊ ဤသို့. ဉာတ်လျှင် လေးခုမြောက်သော ကမ္မဝါစာဖြင့် ပြုသောကံဖြစ်၏။ ထိုတွင် အပလောကနက်ကို ပန်ကြား၍သာပြုအပ်၏။ ဉာတ္တိက် စသည်ဖြင့် မပြုအပ်။ ဉာတ္တိကံကိုလည်း တစ်ကြိမ်သောဉာတ်ကို ထား၍သာ ပြုအပ်၏။ အပလောကန် စသည်ဖြင့်မပြုအပ်။ ဉာတ္တိဒုတိယကံကား ပန်ကြား၍ ပြုအပ်သော ကံလည်းရှိ၏။ မပြုအပ်သောကံလည်းရှိ၏။ သီမာ သမ္မုတိ၊ သီမာသမူဟနန၊ ကထိနဒါန၊ ကတိနုဒ္ဓါရ၊ ကုဋ္ဌိ ဝတ္ထုဒေသနာ၊ ဝိဟာရဝတ္ထုဒေသနာ – ဝါ – သိမ်သမုတ်၊ သိမ်နှုတ်၊ ကထိန်ပေး၊ ကထိန်နှုတ်၊ ကျောင်းငယ်နေရာကြား၊ ကျောင်းကြီး နေရာကြားဟူသော ဤကံ (၆) ခုတို့သည် ဂရုကံတို့ဖြစ်ကုန်၏။ ပန်ကြား၍ပြုခြင်းငှါ မအပ်ကုန်။ ဉာတ္တိဒုတိယကမ္မဝါစာကို ကြားစေ ၍သာ ပြုအပ်ကုန်၏။ ကြွင်းသော တေရသ သမ္မုတိ၊ သေနာသနဂ္ဂဟက မတကစီဝရဒါန စသော သမ္မုတိကံ – ·ဤကံတို့သည် လဟုကံ တို့ဖြစ်ကုန်၏။ ပန်ကြား၍လည်း ပြုခြင်းငှါအပ်ကုန်၏။ ဉာတ္တိကံ၊ ဉာတ္တိစတုတ္ထကံဖြင့် မပြုအပ်သည်သာတည်း။ ဧကစ္ဆေဆရာတို့ကား ဉာတ္တိစတုတ္ထကံဖြင့်ပြုလျှင် သာ၍ခိုင်ခဲ့၏။ ပြုအပ်၏ဟုဆိုကုန်၏။

ဤသို့.ဖြစ်လျှင် ကမ္မသက်ဝရ - ကံရောယှက်ခြင်းသည်ဖြစ်၏။ ထို.ကြောင့်မပြုအပ်ဟု ပယ်အပ်သည်သာတည်း။ အကယ်၍ အကွာရာ ချုတ်ခြင်း၊ ပုဒ်ချုတ်ခြင်း၊ မကောင်းသော ဘတ်ခြင်းရှိခဲ့အုံ့။ ထိုကို သုတ်သင်ခြင်းငှါ အဖန်ဖန် ဘတ်ခြင်းငှါအပ်၏။ ဤသို့. အဖန်ဖန် ဘတ်ခြင်းသည် မပျက်သောကံ၌ ဒဠ္ဍီကမ္မဖြစ်၏။ ပျက်သောကံ၌ ကံ ဖြစ်၍တည်း။ ဥတ္တိစတုတ္ထကံကို ဥတ်တစ်ကြိမ်၊ ကမ္မဝါစာ သုံးကြိမ် ကြားစေ၍သာပြုအပ်၏။ အပလောကန စသည်ဖြင့်မပြုအပ်။]

၄၈၃။ **ဝတ္ထုကြောင့်ကံပျက်ပုံ** ။ ။ဤလေးပါးသောကံတို့.သည် အဘယ်မျှ ခြင်းရာတို့.ဖြင့် ပျက်ကုန်သနည်း။ ဤလေးပါးသောကံတို့.သည် ငါးပါးသောခြင်းရာတို့. ဖြင့်ပျက်ကုန်၏။ ဝတ္ထုကြောင့်ပျက်သည်။ ဥတ္တိကြောင့်ပျက်သည်။ ကမ္မဝါစာကြောင့်ပျက်သည်။ သိမ်ကြောင့်ပျက်သည်။ ပရိသတ်ကြောင့် ပျက်သည်။ အဘယ်သို့.လျှင် ဝတ္ထုကြောင့်ကံတို့.သည် ပျက်ကုန်သနည်း။ မျက်မှောက်ပြုအပ်သောကံကို မျက်ကွယ်ပြုအုံ့။ ဝတ္ထုဝိပန္နဲ အဓမ္မကံဖြစ်၏။ ဝါ-ဝတ္ထုပျက်သောအဓမ္မကံဖြစ်၏။ မေးရှုပြုအပ်သောကံကို မမေးမူရှုပြုအုံ့ - ဝတ္ထုဝိပန္နဲ အဓမ္မကံဖြစ်၏။ ပဋ္ဌိညာဉ်ဖြင့် ပြုအပ်သောကံကို အပဋ္ဌိညာဖြင့်ပြုအုံ့ ဝတ္ထုဝိပန္နဲအဓမ္မကံဖြစ်၏ ၂။ သတိဝိနည်းပေးထိုက်သူအား အမူဌဝိနည်းကို ပေးအုံ့ --- ။ အမူဌဝိနည်းပေးထိုက်သူအား တဿပါပိယျ သိကာကံကိုပြုအုံ့။ တဿပါပိယျထိုက်သူအား တဇ္ဇနီယကံကိုပြုအုံ့ ၃။ တဇ္ဇနီယကံထိုက်သူအား နိယသကံကိုပြုအုံ့၊ နိယသကံထိုက်သူအား ပဗ္ဗာဇနီယ ကံကိုပြုအုံ့၊ ပဗ္ဗာဇနီယ ကံထိုက်သူအား ပဋိသာရဏီယကံကို --- ။ ပဋိသာ ရဏီယကံ ထိုက်သူအား ဥက္ခေပနီယကံကို --- ။ ဥက္ခေပ နီယကံထိုက်သူအား ပရိဝါသ်ကိုပေးအုံ့ ၅။ ပရိဝါသ်ထိုက်သူကိုအရင်းသို့.ငင်အုံ့။ အရင်းငင်ထိုက်သူအား မာနတ်ပေးအုံ့။ မာနတ်ထိုက်သူကို အဗ္ဘာန်သွင်းအုံ့။ အဗ္ဘာန်ထိုက်သူကို ဥပသမ္မဒကံပြုအုံ့ ၆။ ဥပသ်နေ.မဟုတ်ဘဲ ဥပသ်ပြုအုံ့။ ပဝါရဏာနေ.မဟုတ်ဘဲ ပဝါရဏာပြုအုံ့ ၇။ ဝတ္ထုဝိပန္နဲ အဓမ္မကံဖြစ်၏။ ဤသို့. ဝတ္ထုကြောင့်ကံတို့.သည် ပျက်ကုန်၏။

(ဝတ္ထုဝိပန္နာ – ၁၇ ချက်။)

[ငါးပါးသောခြင်းရာ အာကာရတို့ဟူသည် ငါးပါးသော အကြောင်းကာရဏတို့ဖြစ်ကုန်၏။ မျက်မှောက်ပြုအပ်သော ကံစသည်၌ သမ္မုခါကံ၊ အသမ္မုခါကံ – ဟုရှိ၏။ အသမ္မုခါကံကား၊ ဒုတေနုပသမ္ပဒါ – တမန်စေ၍ ရဟန်းပြုခြင်း၊ ပတ္တာနိက္ကဒ္ဒေန – သပိတ်မှောက်ခြင်း၊ ပတ္တာဒ္ဒေန – သပိတ်လှန်ခြင်း၊ ဥမ္မတ္တကသမ္မုတိ ရူးသူအား ဥမ္မတ္တကသမ္မုတိပေးခြင်း၊ သေက္ခသမ္မုတိ – သေက္ခပုဂ္ဂိုလ်ဒါယကာတို့အား သေက္ခသမ္မုတိပေးခြင်း၊ ဗြဟ္မဒဏ္ဍာ – ဆန္ဒ ရဟန်းအား ဗြဟ္မဒဏ်ပေးခြင်း၊ ပကာသနိယကမ္မ – ဒေဝဒတ်အား ပကာသနိယကံပြုခြင်း၊ အဝန္ဒနိယကမ္မ မကြည်ညိုဘွယ်ရာတို့ကိုပြုသောရဟန်းအား ဘိက္ခုနီသံဃာသည် အဝန္ဒနိယကံပြုခြင်း ဤသို့ရှစ်ပါးရှိ၏။

* တမန်၊ မှောက်၊ လှန် ၃။ ဥမ်၊ သေက်၊ ဗြဏ် ၃။ ကာ၊ ဝန် ၂ မျက်ကွယ်ရှစ်။

ထိုကံအားလုံးကို ထိုထိုနေရာ၌ ဆိုပြီးသောနည်းဖြင့်သာသိအပ်၏။ ဤကံရှစ်ပါးကို မျက်ကွယ်ပြုလျှင် ကောင်းသောပြုခြင်းဖြစ်၏။ မပျက်သောကံဖြစ်၏။ ကြွင်းသောကံဟူသမျှကို မျက်မှောက်သာပြုအပ်၏။ သံဃသမ္မုခတာ၊ ဓမ္မသမ္မုခတာ၊ ဝိနယသမ္မုခတာ၊ ပုဂ္ဂလသမ္မုခတာ – ဟူသော လေးပါးသော သမ္မုခါဝိနည်းကိုဆောင်၍သာပြုအပ်၏။ ဤသို့ပြုလျှင်ကောင်းစွာပြုအပ်သောကံတို့ဖြစ်ကုန်၏။ ဤသို့မပြုလျှင် သမ္မုခါဝိနယဟူသောဝတ္ထုကိုဖယ်၍ပြုသောကြောင့် ဝတ္ထုဝိပန္နကံတို့မည်ကုန်၏။ ထို့ကြောင့် အဓမ္မကံဟုဆိုသည်။

မေး၍ပြုအပ်သောကံ စသည်တို့၌လည်း မေးခြင်းစသည်ကိုပြုခြင်းသည်သာလျှင် ဝတ္ထုဖြစ်၏။ ထိုဝတ္ထုကိုဖယ်၍ပြုလျှင် ထိုကံတို့၏လည်း ဝတ္ထုဝိပန္နအဖြစ်ကို သိအပ်၏။ ဤဆိုလတ္တံ့ကား ဝစနတ္ထ

သဒ္ဒါအနက်မျှတည်း။ မမေးမူ၍ ပြုအံ့သည်ဟုမေး၍ အပြစ်ပြု၍ သတိရစေ၍ ပြုအပ်သောကံကို မမေးဘဲ အပြစ်မပြုဘဲ သတိမရစေ ဘဲပြု၏။

အပွင့်ရှိညာဖြင့် ပြုအံ့ဟူသည် ဝန်ခံခြင်းသို့တင်၍ ပေးကိုင်း သော ဝန်ခံခြင်းဖြင့် ပြုအပ်သောကံကို ဝန်မခံခြင်းကိုပြုယော၊ ငြည်ဟင်း ဟူသော အနိုင်အထက်ဖြင့်ပြု၏။

သတိဝိနည်းပေးထိုက်သူဟူသည် မလွှာမင်းသားရင်ခွေကဲ့သို့ သော ရဟန္တာဖြစ်၏။

အမူဌဝိနည်းပေးထိုက်သူဟူသည် ဂဠုရဟန်းနှင့်ဟူသော ဥမ္မတ္တက ရဟန်းဖြစ်၏။

တဿပါပိယျထိုက်သူဟူသည် ဥပဝါဠရဟန်းနှင့် ဟူသော မျှားစွာသောအပြစ်ရှိသူဖြစ်၏။ ဗသနယော သဗ္ဗတ္ထ။

ဥပုသ်နေ့မဟုတ်ဘ ဥပုသ်ပြုရာ၌ ဥပုသ်နေ့ကျသော ကတ္တိကမာသကိုဖယ်ထား၍ ကြွင်းဟစ်ဆယ့်တစ်လတို့တွင်သော သံဃာ၏ သာမဂ္ဂီနေ့လည်းကောင်း၊ အကြွင်အကြွင်ဆုံးပင်သော စာတုဒ္ဒသီနေ့လည်းကောင်း၊ ပန္နရသီနေ့လည်းကောင်း၊ ဤသုံးမျိုး သော ဥပုသ်နေ့တို့ကို ဥပုသ်နေ့မဟုတ်ဘဲ ဥပုသ်ပြုသည်မည်၏။ အကြင်ကျောင်း၌ သပိတ်သက်နှိုး စသည်တို့အဟုတ် [illegible] သောအကြောင်းဖြင့် ဥပုသ်ကို ပဝါရဏာကိုထားကုန်အံ့။ ထိုဝေဠုဝန် ၌ ထိုအဓိကရဏ်းဆုံးဖြတ်ပြီးသောအခါ ငါတို့ညီညွတ်[illegible] အကြား၌ သာမဂ္ဂီဥပုသ်ကိုပြုခြင်းငါမရကုန်။ ပြုလျှင်ဥပုသ်[illegible] ဘဲ ဥပုသ်ပြုသည်မည်၏။

ပဝါရဏာနေ့မဟုတ်ဘဲ ပဝါရဏာပြုရာ၌ ပဝါရဏာ[illegible] မည်သည်ကား ကတ္တိကမာသ တစ်လ၌ကွဲသော သံဃာ၏[illegible]

လည်းကောင်း၊ ပါဝရဏာငင်၍ထားသောနေ့လည်းကောင်း၊ နှစ်ခုသော လပြည့်နေ့တို့လည်းကောင်း၊ ဤသို့ လေးမျိုးသော ပဝါရဏာနေ့တို့ ကို သိအပ်ကုန်၏။ ထိုလေးမျိုးသောနေ့မှ တပါးသောနေ့၌ ပဝါရဏာ ပြုလျှင် ပဝါရဏာနေ့မဟုတ်ဘဲ ပဝါရဏာပြုသည်မည်၏။ ဤ၌လည်း အနည်းငယ်မျှသော ဝိဝါဒ၏ငြိမ်းသောနေ့၌ သာမဂ္ဂီပဝါရဏာ ပြုခြင်း ၄ါ မရကုန်။ ပြုလျှင် ပဝါရဏာနေ့မဟုတ်ဘဲ ပဝါရဏာပြုသည် မည်၏။

ကနည်း – အသက် ၂၀ မပြည့်သူကိုလည်းကောင်း၊ အန္တိမ ဝတ္ထုသို့ ရောက်သူသူကိုလည်းကောင်း၊ အဘဗ္ဗပုဂ္ဂိုလ် တစ်ကျိပ် တစ်ယောက်တို့တွင် တစ်ယောက်ယောက်ကိုလည်းကောင်း၊ ရဟန်း ပြုပေးသူ၏ ကံသည်လည်း ဝတ္ထုဝိပန္နအဓမ္မကံမည်၏။ ဤသို့လျှင် ဝတ္ထုကြောင့်ကံတို့သည် ပျက်ကုန်၏။]

(**ဒီဋ္ဌိ**။ ။ ဥမ္မတ္တတ သမ္မုတိကို ဥမ္မတ္တကသည် တောင်းရှိဖဲသွားလျှင် မျက်ကွယ်လည်းပေးခြင်းငါ အပ်သည် ဟု ဆိုအပ်၏။ ထိုနေရာ၌ ထိုင်နေသော်လည်း ကံမပျက်၊ မှတ်သားခြင်းမရှိသောကြောင့်တည်း။ မျက်ကွက်ပြုရာ၌ အပြစ် မရှိခြင်းကို ပြုခြင်းငါ အသမ္မုခါ ကတံ သုကတံ ဟောတိ ဟု ဆိုသည်။ တမန် ဖြင့် ရဟန်းပြုခြင်းကိုကား မျက်မှောက်ပြုခြင်း ငါ မတတ်ကောင်း။ ကမ္မဝါစာ၌ ကင်းသောဖြစ်ခြင်းရှိသော ကြောင့်တည်း။ သပိတ်မှောက်ကံစသည်တို့ကို ဟတ္ထပါသ်မှ ပယ်၍ ပြုအပ်၏။ ထို့ကြောင့် အသမ္မုခါ ကတံ သုကတံ ဟောတိ – ဟုဆိုသည်။ မေးရှိအပြစ်ပြု၍ သတိရစေ၍ ပြုအပ် သော ကံကိုမမေးဘဲ အပြစ်မပြုဘဲ သတိမရစေဘဲ သာပြု၏ ဟူသည် သဒ္ဒါ၏အနက် ဝစ နတ္ထတည်း။ ကတ္ထိကမာသ ဟူသည် ပဝါရဏာမာသဖြစ်၏။ နှစ်ခုသောလပြည့်နေ့တို့

ဟူသည် ပဌမ၊ ဒုတိယ ဝါကပ်သူတို့၏ ပဝါရဏာ လပြည့်နှစ်ခုတို့တည်း။

သာဓု။ ။ ဥမ္မတ္တကသမ္မုတိမှ သပိတ်မှောက်ကံစသည် အထိ ဧဒိုအတိုင်းဆိုသည်။ သံဃသမ္မုခတာစသည်တို့၌ ကမ္မ ပတ္တရဟန်းတို့ရောက်လာခြင်း၊ ဆန္ဒထိုက်သူတို့၏ ဆန္ဒကို ဆောင်ခြင်း၊ မျက်မှောက်ရောက်သူမတားခြင်း၊ ဤသည် သံဃသမ္မုခတာမည်၏။ မမ္မဝိနယ သတ္ထုသာသနနှင့်အညီ သံဃာကံပြုခြင်းသည် ဓမ္မသမ္မုခတာမည်၏။ တိုဠ်ခမ္မဟူသည် ဘုတဝတ္ထု။ ဝိနယ ဟူသည် စောဒနာနှင့်၊ သာရဏာ။ သတ္ထုသာသနဟူသည် ဘုရား၏ပြည့်စုံခြင်း၊ ကမ္မဝါစာ၏ပြည့်စုံခြင်းတည်း။ ကံပြုအပ်သူ၏ မျက်မှောက်ဖြစ်ခြင်းသည် ပုဂ္ဂလသမ္မုခတာမည်၏။ ကတ္ထိကမာသသည် ပဝါရဏမာသဖြစ်၏။ ထို့ကြောင့် ကတ္ထိကမာသကိုဖယ်ထား၍ဟုဆိုသည်။ ၎င်း၍ထားသောနေ့ဟူသည် လကွယ်ပက္ခစာတုဒ္ဒသီကိုလည်းကောင်း၊ ပန္နရသီကိုလည်းကောင်း ရည်ဆိုသည်။ နှစ်ခုသောလပြည့်နေ့ဟူသည်ကို ပဌမဝါ၊ ပစ္ဆိမဝါကပ်သူတို့၏ အစွမ်းဖြင့်ဆိုသည်။

ဝိဇ္ဇီ။ ။ ကမ္မဝဂ်၌ထားအုပ်သော ဥပုသ်ပဝါရဏာတို့အတွက် ကတ္ထိကမာသ၌ သာမဂ္ဂီပြုလျှင် သာမဂ္ဂီပဝါရဏာကို လွတ်၍ ဥပုသ်ကိုပြုခြင်းငါမအပ်။ ထို့ကြောင့် ကတ္ထိကမာသကို ဖယ်ထား၍ဟုဆိုသည်။ အဂယ်၍ ထိုရဟန်းတို့သည် တစ်သိမ်စီ မဟာပဝါရဏာ၌ အသီးသီးပဝါရဏာပြုခဲ့ပြီးဖြစ်ကုန်အံ့။ ထိုရဟန်းတို့၏ သာမဂ္ဂီသည် ကတ္ထိကမာသအတွင်း၌ ဖြစ်အံ့။ ထိုရဟန်းတို့သည် သာမဂ္ဂီဥပုသ်ကိုသာ ပြုအပ်၏။ ပဝါရဏာမပြုအပ် အကြောင်းကား၊ တနှစ်တွင်း၌ ပဝါရဏာ ပြုပြီးသူတို့၏ တဖန် ပဝါရဏာကိုမစီရင်အပ်

သောကြောင့်တည်း။ သာမဂ္ဂီနေ.ဟူသည်ကို ဥပုသ်နေ.မှ တပါးသောနေ.၌ သာမဂ္ဂီပြုခြင်းကို ရည်ဆိုသည်။ စာတုဒ္ဒသီ ပန္နရသီဥပုသ်နေ.၌ သံဃာသည် ညီညွတ်သည်ကိုပြုအံ့၊ ထိုအခါ သာမဂ္ဂီဥပုသ်နေ.မဟုတ်။ စာတုဒ္ဒသီ၊ ပန္နရသီ ဥပုသ်နေ.သာဖြစ်၏။ အထက်ပါ ပဝါရဏာ ပြုရာ၌လည်း ဤနည်းသာတည်း။ ၎င်း၏ထားသောနေ.ဟူသည် ခြင်းခုံသူတို.၏ နောက်ယှက်ခြင်းကြောင့် လည်းကောင်း၊ အကြောင်းတစ်ခုခုကြောင့် ပဝါရဏာသင်္ဃာ ဟူသည်ကိုပြု၍ လည်းကောင်း ထားအပ်သောလကွယ်ပက္ခ စာကုဒ္ဒသီ နေ.သာတည်း။ နှစ်ခုသောလပြည့်နေ.ဟူသည် ပုဗ္ဗကတ္တိက ပုဏ္ဏမာ၊ ပစ္ဆိမကတ္ထိက ပုဏ္ဏမာဟူသော လပြည့်နေ.နှစ်ခုတည်း။ လေးမျိုးဟူသည်ပုဏ္ဏမာသီနှစ်ခုနှင့် သာမဂ္ဂီ၊ စာကုဒ္ဒသီတို.ကို ပေါင်း၍ ဆိုသည်။ ဤကား ပကတိစာရိတ္တစွမ်းဖြင့် ဆိုခြင်းတည်း။ အကြောင်းရှိလျှင် ပုဏ္ဏမာသီနှစ်ခုတို.သည် ရှေ.စာတုဒ္ဒသီနှစ်ခု လကွယ်ပက္ခစာကုဒ္ဒသီ၏ အခြားမဲ့ပန္နရသီတစ်ခု၊ ဤသုံးနေ.တို.လည်း ပဝါရဏာနေ.တို.သာတည်း။ ဤသို.*ခုနှစ်မျိုးသော ပဝါရဏာနေ.ကိုဖယ်၍တပါးသောနေ.၌ ပဝါရဏာပြုခြင်းငါ မအပ်။)

၄၈၄။ **ဥတ်ကြောင့်ကံပျက်ပုံ**။ ။ အဘယ်သို.လျှင် ဥတ်ကြောင့်ကံတို.သည် ပျက်ကုန်သနည်း။ ငါးပါးသောခြင်းရာတို.ဖြင့် ဥတ်ကြောင့် ကံတို.သည် ပျက်ကုန်၏။ ဝတ္ထုကိုမသုံးသပ်။ သံဃာကိုမသုံးသပ်၊ ပုဂ္ဂိုလ်ကိုမသုံးသပ်။ ဥတ်ကိုမသုံးသပ်။ နောက်၌သော်လည်း ဥတ်ကိုထား၏။ ဤငါးပါးသော ခြင်းရာတို.ဖြင့် ဥတ်ကြောင့်ကံတို.သည်ပျက်ကုန်၏။

[ဥတ်ကြောင့်ပျက်ရာ၌ ဝတ္ထုကိုမသုံးသပ်ဟူသည် အကြင်

သူအား ဥပသမ္မဒက်စသည်ကိုပြု၏။ ထိုသူကိုမသုံးသပ်၊ ထိုသူ၏ အမည်ကိုမယူ၊ သုဏာတု မေ ဘန္တေ သံဃော။ အယံ ဓမ္မရက္ခိတော အာယသ္မတော ဗုဒ္ဓရက္ခိတသ ဥပသမ္ပဒါ ပေက္ခော -- ဟုဆိုအပ်လျက် သုဏာတု မေ ဘန္တေ သံဃော( ) အာယသ္မတော ဗုဒ္ဓရက္ခိတသ ဥပသမ္ပဒါပေက္ခော – ဟုဆို၏။ ဤကား ဝတ္ထုကို မသုံးသပ်ခြင်းတည်း။ သံဃာကိုမသုံးသပ်ဟူသည် သံဃာ၏ အမည်ကိုမယူ။ သုဏာတုမေ ဘန္တေ သံဃော။ အယံ ဓမ္မရက္ခိတော ဟုဆိုအပ်လျက်- သုဏာတုမေ ဘန္တေ( ) အယံ ဓမ္မရက္ခိတော ဟုဆို၏။ ဤကားသံဃာကို မသုံးသပ် ခြင်းတည်း။ ပုဂ္ဂိုလ်ကိုမသုံးသပ်ဟူသည် ရဟန်းလောင်း၏ ဥပဇ္ဈာယ်ကို မသုံးသပ်။ ဥပဇ္ဈာယ်၏အမည်ကိုမယူ။ သုဏာတုမေ ဘန္တေသံဃော။ အယံ ဓမ္မရက္ခိတော အာယသ္မတော ဗုဒ္ဓရက္ခိတသ ဥပသမ္ပဒါပေက္ခော -- ဟုဆိုအပ်လျက် သုဏာတုမေ ဘန္တေ သံဃော။ အယံ ဓမ္မရက္ခိတော ( ) ဥပသမ္ပဒါပေက္ခောဟုဆို၏။ ဤကားပုဂ္ဂိုလ်ကို မသုံးသပ်ခြင်း တည်း။ ဉာတ်ကိုမသုံးသပ်ဟူသည် အခြင်းခပ်သိမ်းဉာတ်ကိုမသုံးသပ်။ ဉာတ္တိဒုတိယကံ၌ ဉာဏ်ကိုမထားဘဲ နှစ်ကြိမ်သောကမ္မဝါစာဖြင့်သာ အနုသဝဏကံကိုပြု၏။ ဉာတ္တိ စတုတ္ထကံ၌လည်း ဉာတ်မထားဘဲ လေးကြိမ်သော ကမ္မဝါစာဖြင့်သာ အနုသဝဏကံကိုပြု၏။ ဤကား ဉာတ်ကိုမသုံးသပ်ခြင်းတည်း။ နောက်၌သော်လည်း ဉာတ်ကိုထား၏ ဟူသည် ရှေးဦးစွာ ကမ္မဝါစာဖြင့် အနုသဝဏကံကိုပြု၍ ဒုသာ ဥတ္တိဟုဆို၍ - ခမတိ သံဃဿ၊ တသ္မာတုဏ္ဍိ၊ ဧဝမေတံ ဓာရယာမိ - ဟုဆို၏။ ဤကား ဉာတ် နောက်ထားခြင်းတည်း။ ဤသို့ ငါးပါသောခြင်းရာတို့ဖြင့် ဉာဏ်ကြောင့် ကံတို့သည် ပျက်ကုန်၏။]

(**ဝိဇ္ဇီ**။ ။ အနုသဝဏကံပြု၍ဟူသည် ရှေးဦးစွာ ကမ္မဝါစာကိုဘတ်၍တည်း။ ဒုသာဥတ္တိဟူသည် ကမ္မဝါစာ၏ အဆုံး၌သာလျှင် အလုံးစုံသော ဉာတ်ကိုဘတ်၍ အဆုံး၌ဒုသာဥတ္တိ

ဟုဆိုရ၏ဟူလို။)

၄၈၅။ **ကမ္မဝါစာကြောင့်ကံပျက်ပုံ** ။ ။ အဘယ်သို့လျှင် ကမ္မဝါစာကြောင့် ကံတို့သည်ပျက်ကုန်သနည်း။ ငါးပါးသောခြင်းရာတို့ဖြင့် ကမ္မဝါစာကြောင့် ကံတို့သည်ပျက်ကုန်၏။ ဝတ္ထုကိုမသုံးသပ်၊ သံဃာကိုမသုံးသပ်၊ ပုဂ္ဂိုလ်ကို မသုံးသပ်။ ကမ္မဝါစာကိုယုတ်စေ၏။ အခါမဟုတ်သည်၌သော်လည်း ကမ္မဝါစာကို ကြားစေ၏။ ဤငါးပါးသောခြင်းရာတို့ဖြင့် ကမ္မဝါစာကြောင့် ကံတို့သည်ပျက်ကုန်၏။

[ကမ္မဝါစာကြောင့်ပျက်ရာ၌ ဝတ္ထုစသည်တို့ကို ဆိုပြီးသောနည်းဖြင့် သိသာပြီ။ မသုံးသပ်ပုံကား သုဏာတုမေ စသော ပဌမကမ္မဝါစာ၌လည်းကောင်း၊ ဒုတိယမို့ ဧတမတ္ထံဝဒါမိ – စသော ဒုတိယကမ္မဝါစာ၊ တတိယကမ္မဝါစာတို့၌လည်းကောင်း၊ ကံပြုခံရသူ၏ ဝါ – ရဟန်းလောင်းအမည်ကို( ) မဆည့်ဘဲ ဘတ်လျှင်၊ သံဃာကို ( ) မထည့်ဘဲဘတ်လျှင်၊ ဥပဇ္ဈာယ်အမည်ကို ( ) မထည့်ဘဲဘတ်လျှင် ဝတ္ထုစသည်တို့ကို မသုံးသပ်မည်၏။ ကမ္မဝါစာကို ယုတ်စေ၏ဟူသည် အခြင်းခပ်သိမ်း ကမ္မဝါစာဖြင့် ကြားစေခြင်းကိုမပြု။ ဥတ္တိဒုတိယကံ၌ ဉာတ်ကိုသာနှစ်ကြိမ်၊ စတုတ္ထကံ၌ လေးကြိမ်ထား၏။ ဤကား ကမ္မဝါစာကိုယုတ်စေခြင်းတည်း။ ဥတ္တိဒုတိယကံ၌ ဉာတ်တစ်ကြိမ်ထား၍ ကမ္မဝါစာတစ်ကြိမ်ဘတ်သူသည် အကွဲရာကိုစွန့်အံ့။ ပုဒ်ကိုစွန့်အံ့၊ မကောင်းသဖြင့်ဘတ်ခြင်း၊ ဒုရုတ္တကိုပြုအံ့ – ဤသူသည်လည်း ကမ္မဝါစာကို ယုတ်စေသည်မည်၏။ ဥတ္တိစတုတ္ထကံ၌ ဉာတ်တစ်ကြိမ်ထား၍ ကမ္မဝါစာကို တစ်ကြိမ်ဘတ်သူ၊ နှစ်ကြိမ်ဘတ်သူ၊ သုံးကြိမ်ဘတ်သော်လည်း အကွဲရာပဒစွန့်သူ၊ ဒုရုတ္တပြုသူသည် လည်း ကမ္မဝါစာကို ယုတ်စေသည်မည်၏။ ဒုရုတ္တ အဆုံးအဖြတ်ကို နောက်၌

ဆိုလတံ့။ အခါမဟုတ်သည်ဌ်ဟူသည် ကမ္မဝါစာ၏ အခါအခွင့်မဟုတ်ဘဲ ဉာတ်မထားမီ ရှေးဦးစွာသာလျှင် အနုသာဝနကံကိုပြု၍ နောက်မှဉာတ်ကို ထား၏။ ဤသို့ငါးပါးသော ခြင်းရာတို့ဖြင့် ကမ္မဝါစာကြောင့် ကံတို့သည်ပျက်ကုန်၏။]

၄၈၆။ **သိမ်ကြောင့်ကံပျက်ပုံ** ။။ အဘယ်သို့လျှင် သိမ်ကြောင့်ကံတို့သည် ပျက်ကုန်သနည်း။

တစ်ဆယ့် တစ်ပါးသောခြင်းရာတို့ဖြင့် သိမ်ကြောင့် ကံတို့သည် ပျက်ကုန်၏။ ငယ်လွန်းသောသိမ်ကိုသမုတ်၏။ ကြီးလွန်းသောသိမ်ကို နိမိတ်ပြတ်သော ကျိုးသော ပျက်သောသိမ်ကို၊ တောင်ရိပ် သစ်ပင်ရိပ်မျိုး နိမိတ်ပြုသောသိမ်ကို -- ၊ နိမိတ်မရှိသောသိမ်ကို --၊ သိမ်မှပြင်ဌ်တည်၍ သိမ်ကို --၊ မြစ်ဌ်သိမ်ကို-၊ သမုဒ္ဒြာပင်လယ်ဌ်သိမ်ကို --၊ ထုံးအိုင်ဌ်သိမ်ကို သမုတ်၏။ သိမ်ဖြင့် သိမ်ကို စပ်အောင်ပြု၏။ သိမ်ဖြင့်သိမ်ကိုလွှမ်းအောင်ပြု၏။ ဤတစ်ဆယ့် တစ်ပါးသော ခြင်းရာတို့ဖြင့် သိမ်ကြောင့်ကံတို့သည်ပျက်ကုန်၏။

* ငယ်၊ ကြီး၊ ပြတ်ကျိုး ၃၊ ရိပ်မျိုး၊ မ၊ ပြင် ၃၊ ပင်လယ်၊ အိုင်၊ မြစ် ၃ လွှမ်း၊ စပ်လစ် ၂ ဆယ့်တစ်သိမ်ပျက်တည်း။

[ငယ်လွန်းသောသိမ်သည် နှစ်ကျိပ်တစ်ပါးသော ရဟန်းတို့ကို မယူနိုင်။ ဝါ၊ ဆန့်အောင်လက်မခံနိုင်။ ကုရန္ဒီဌ်ကား၊ ရဟန်း နှစ်ကျိပ်တစ်ပါးထိုင်ခြင်းငှါ မတတ်ကောင်းဟုဆို၏။ ဤသိမ်မျိုးကို သမုတ်သော်လည်း သမုတ်သော သိမ်မဖြစ်၊ ဂါမခေတ်နှင့်တူသည် သာတည်း။ ထိုဌ်ပြုသောကံသည်ပျက်၏။ ကြွင်းသိမ် (ဆယ်လုံး) တို့ဌ်လည်း ဇသေဝ နယော။ ကြီးလွန်းသောသိမ်မည်သည် ဆံဖျားမှု ဖြင့်သော်လည်း သုံးယူဇနာကိုလွန်စေ၍ သမုတ်သောသိမ်တည်း။ နိမိတ်ပြတ်ကျိုးသောသိမ်မည်သည် နိမိတ်ချင်းမစပ်သောသိမ်ဖြစ်၏။ အရှေ့ဌ် နိမိတ်ကြား၍ အစဉ်အတိုင်း တောင်ဌ် မြောက်ဌ်ကြား၍ တဖန်အရှေ့ဌ် ကြားပြီးကို ထပ်ကြားပြီးမှ သမုတ်လျှင် နိမိတ်ပြတ်ခြင်း ကျိုးခြင်းမရှိ။

ကြားပြီးကို ထပ်မကြားဘဲသမုတ်လျှင် နိမိတ်ပြတ်၏။ ကျိုး၏။ တစ်နည်း နိမိတ်မလောက်သော အခွံလျှင် အနှစ်ရှိသော သစ်ပင်မျိုး၊ သစ်ငုတ်၊ မြေပုံ၊ သဲပုံစသည် တစ်ခုခုကို အကြားခ္ဍ နိမိတ်တစ်ခုပြု၍ သမုတ်လျှင်လည်း နိမိတ်ပြတ်၏။ ကျိုး၏။ အရိပ် နိမိတ် သိမ်မည်သည် တောင်ရိပ်စသောအရိပ်တစ်ခုခုကို နိမိတ်ကြား၍ သမုတ်သော သိမ်ဖြစ်၏။ နိမိတ်မရှိသောသိမ်မည်သည် အခြင်းခပ်သိမ်း နိမိတ်မကြားဘဲ သမုတ်သောသိမ်ဖြစ်၏။ ပြင်ခ္ဍတည်၍သမုတ်သော သိမ်မည်သည် နိမိတ်တို့ကိုကြား၍ နိမိတ်တို့၏ ပြင်ပခ္ဍနေ၍ သမုတ်သော သိမ်ဖြစ်၏။ မြစ်၊ သမုဒ္ဒြာ၊ ထုံးအိုင်တို့ခ္ဍ သိမ်ကိုသမုတ်၏ဟူသည် ထိုခ္ဍ သမုတ်သော်လည်း သဗ္ဗာဘိကွဝေ နဒီ အသီမာ၊ သဗ္ဗော သမုဒ္ဒေါ အသီမော။ သဗ္ဗော ဇာတသရော အသီမော – ဟုဟောသောကြောင့် သမုတ်သောသိမ် မဖြစ်သည်သာတည်း။ သိမ်ဖြင့် သိမ်ကို စပ်စေပုံ စသည်ကား မိမိ၏သိမ်ဖြင့် သူတပါးတို့၏သိမ်ကို စပ်အောင်ပြု၏။ လွှမ်းအောင်ပြု၏။ စပ်ပုံလွှမ်းပုံကို ဥပေါသထကွန္ဓကခ္ဍ ဆိုပြီးပြီ။ ဤသို့ ဤသိမ်တစ်ဆယ့်တစ်ခုသည် သိမ်မဟုတ်၊ ဂါမခေတ်နှင့် တူကုန်၏။ ထို တို့ခ္ဍနေ၍ကံ ပြုလျှင် ကံသည် ပျက်၏။ ထို့ကြောင့် တစ်ဆယ့်တစ်ပါးသော ခြင်းရာတို့ဖြင့် သိမ်ကြောင့်ကံတို့သည် ပျက်ကုန်၏ဟု ဆိုသည်။]

(**ဓိဋ္ဌိ**။ ။ ကြင်းသောဌကထာတို့ခ္ဍဆိုသောစကားကို ကုရန္ဒီခ္ဍထင်ရှားအောင်ပြု၍ " ထိုင်ခြင်းဌာမတတ်ကောင်း " ဟုဆိုသည်။)

၄၈၇။ **ပရိတ်သတ်ကြောင့်ကံပျက်ပုံ** ။ ။ အဘယ်သို့လျှင် ပရိသတ်ကြောင့် ကံတို့သည်ပျက်ကုန်သနည်း။ တစ်ဆယ့်နှစ်ပါးသော ခြင်းရာတို့ဖြင့် ပရိသတ်ကြောင့် ကံတို့သည်ပျက်ကုန်၏။ စတုဝဂ္ဂကံခ္ဍ ကမ္မပတ္တရဟန်းလေးပါး ပြည့်အောင် မလာ

ကုန်။ ဆန္ဒထိုက်သူတို့၏ဆန္ဒကိုမဆောင်။ မျက်မှောက်ရောက်သူတို့တား ကုန်၏။ စတုဝဂ္ဂကံ၌ ကမ္မပတ္တရဟန်းလေးပါး ပြည့်အောင်လာကုန်၏။ ဆန္ဒ မဆောင်၊ မျက်မှောက်တားကုန်၏။ စတုဝဂ္ဂကံ၌ ကမ္မပတ္တ ရဟန်းလေးပါးပြည့် အောင်လာကုန်၏။ ဆန္ဒထိုက်သူတို့၏ ဆန္ဒကိုဆောင်၏။ မျက်မှောက်တား ကုန်၏ ²။ ပဉ္စဝဂ္ဂကံ၌ ကမ္မပတ္တရဟန်း ငါးပါးပြည့်အောင် ²။ ဒသဝဂ္ဂကံ၌ ဆယ်ပါးပြည့်အောင် ²။ ဒီသတိဝဂ္ဂကံ၌ နှစ်ဆယ်ပြည့်အောင် ---² ဤသို့ ၁၂ ပါးသော ခြင်းရာတို့ဖြင့် ပရိသတ်ကြောင့် ကံတို့သည် ပျက်ကုန်၏။

[ပရိတ်သတ်ကြောင့် ကံပျက်ရာ၌ မပေါ်လွင်သော မည်သည် မရှိ။ ကမ္မပတ္တ ဆန္ဒာရဟာလက္ခဏာကို ဖွင့်ဆိုသင့်သော်လည်း နောက် နား၌ ပါဠိတော်တွင် ဆိုပြီးလျှက်ရှိပြီ။]

၄၈၈။ **ကမ္မပတ္တ ဆန္ဒာရဟာ**။ ။ စတုဝဂ္ဂသံဃာပြုအပ်သောကံ၌ လေးပါးသော ပကတတ်ရဟန်းတို့ သည် ကမ္မပတ္တတို့ဖြစ်ကုန်၏။ ကံအားလျော်ကုန်၏။ ကြွင်းသော ပကတတ ရဟန်းတို့သည် ဆန္ဒာရဟတို့ဖြစ်ကုန်၏။ ဆန္ဒထိုက်ကုန်၏။ ကံပြုခံရသော သူသည် ကမ္မပတ္တလည်းမဟုတ်။ ဆန္ဒာရဟလည်းမဟုတ်၊ ကမ္မာရဟ- ကံထိုက် သူသာမည်၏။ ပဉ္စဝဂ္ဂသံဃာပြုအပ်သောကံ၌ ငါးပါးသော ပကတတ် ရဟန်းတို့သည် - ဒသဝဂ္ဂသံဃာပြုအပ်သောကံ၌ ဆယ်ပါးသော ပကတတ် ရဟန်းတို့သည်-၊ဒီသတိဝဂ္ဂသံဃာပြုအပ်သောကံ၌ နှစ်ဆယ်သော ပကတတ် ရဟန်းတို့သည် ကမ္မပတ္တတို့ဖြစ်ကုန်၏။ ကြွင်းသော ပကတတ်ရဟန်း တို့သည် ဆန္ဒာရဟတို့ဖြစ်ကုန်၏။ အကြင်သူအား သံဃာသည်ကံပြု၏။ ထိုသူ သည် ကမ္မပတ္တလည်းမဟုတ်၊ ဆန္ဒာရဟလည်းမဟုတ်၊ စင်စစ် ကမ္မာရဟာပုဂ္ဂိုလ် သာဖြစ်၏။

[ပကတတ်ဟူသည် အနုကို့တ္တ - ဥက္ခိတ္တကကံပြု မခံရသူ ဖြစ်၏။ အနိသာရိတော၊ နှင်ထုတ်အပ်သူမဟုတ်၊ ပရိသုဒ္ဓသီလ - စင်ကြယ်သော သီလရှိ၏။ ဤရဟန်းမျိုးလေးပါးသည် စတုဝဂ္ဂကံ

ကမ္မပတ္တာဖြစ်ကုန်၏။ ကံအား ထိုက်ကုန်၏။ လျော်ကုန်၏။ အစိုးရသခင်ဟိုဖြစ်ကုန်၏။ ထိုလေးပါးနှင့်ကင်း၍ ထိုကံကိုမပြုအပ်။ ထိုလေးပါးတို့၏ဆန္ဒသည် ပါရိသုဒ္ဓိသည်မရောက်။ ကြွင်းသော ရဟန်းတို့သည် တစ်ထောင်မျှရှိကုန်သော်လည်း သမာနသံဝါသက ဖြစ်လျှင် ထိုရဟန်းအားလုံး ဆန္ဒာရဟ – ဆန္ဒပေးထိုက်သူတို့ သာဖြစ်ကုန်၏။ ဆန္ဒပါရိသုဒ္ဓိ ကိုပေးခဲ့လျှင် လာသော်လည်းကောင်း၊ မလာသော်လည်းကောင်း၊ ကံကားတည်၏။ အကြင်ရဟန်းအား သံဃာသည် ပရိဝါသ်စသော ကံကိုပြုအံ့။ ထိုကံပြုအပ်သော ရဟန်းသည် ကမ္မပတ္တာလည်းမဟုတ်။ ဆန္ဒာရဟလည်းမဟုတ်။ စင်စစ်အားဖြင့် ထိုရဟန်းကိုဝတ္ထုကိုပြု၍ သံဃာသည်ကံကိုပြု၏။ ထို့ကြောင့် ကမ္မာရဟဟု ဆိုအပ်၏။ ကြွင်းသောပဋ္ဌဝဂ္ဂကံ စသည်တို့ဌ်လည်း ဇသေဝ နယော။ }

(**ဓိဋ္ဌိ** ။ ။ ပရိသုဒ္ဓလီလဟူသည် ပါရာဇိကသို့မရောက်သောရဟန်းတို့တည်း။ ထိုလေးပါးတို့၏ဆန္ဒသည် ပါရိသုဒ္ဓိသည် မရောက်ဟူသည် သုံးပါး နှစ်ပါးထိုင်နေသောအခါ ကစ်ပါး နှစ်ပါးတို့၏ ဆန္ဒပါရိသုဒ္ဓိသည် ဆောင်သော်လည်း မဆောင်အပ်သည်သာဖြစ်၏။

သာဋ္ဌိ။ ။ ဥက္ခိတ္တကမဟုတ်သူ၊ ပါရာဇိကမရောက်သူတို့သည် ပကတတ်တို့ဖြစ်ကုန်၏။ ထို့ကြောင့်ပကတတ်ဟူသည် အနုက္ခိတ္တ စသည်ကိုဆိုသည်။ အနိဿာရိကဟူသည် ရှေ့ပုဒ် အနုက္ခိတ္တ၏သာဝေဝုစ်ဖြစ်၏။ ပရိသုဒ္ဓသီလဟူသည် ပါရာဇိကသို့ မရောက်သောရဟန်းတည်း။ ဆန္ဒပါရိသုဒ္ဓိ မရောက်ဟူသည်ဌ် သုံးပါး နှစ်ပါးတို့ ထိုင်နေသောအခါ တစ်ပါး နှစ်ပါးတို့၏ဆန္ဒပါရိသုဒ္ဓိသည် ဆောင်သော်လည်း မဆောင်အပ်သာဖြစ်၏ဟူလို။

ဝိဋ္ဌိ။ ။ စတုဝဂ်သံဃာပြုအပ်သောကံဟူသည်

လေးပါးအစုရှိသောသံဃာသည် ပြုအပ်သောကံဖြစ်၏။ အခြေ
သာရိက ဟူသည် ဥပုသ်ထားခြင်း စသည်ဖြင့်လည်းကောင်
လဒ္ဓိ နာနာသံဝါသကအဖြစ်ဖြင့်လည်းကောင်း၊ အပမပြုအပ်
တို့တည်း။

အဌကထာ၌ အပကတတ္တာသာတ ဥက္ခေတ္တာ
ယသဝါ ဥပေါသထပဝါရဏာ ဌပိကာ ဟောန္တိ - ဟု ဆို
ခြင်းကြောင့် ဥပုသ်ပဝါရဏာထားအပ်သော ရဟန်းကိုလည်း
အပကတတ်ဟူ၍သာ ယူအပ်၏။ ပရိသုဒ္ဓသီလ ဟူသည်
ပါရာဇိကသို့ မရောက်သောရဟန်းတို့ကို အလိုရှိအပ်ကုန်၏။
ပရိဝါသ စသော ကံတို့၌ကား ဂရုကဋ္ဌ - ဒဏ်သား ကို့လည်း
အပကတတ်တို့သာတည်းဟု ယူအပ်၏။ ကြွင်းသောရဟန်း
တို့သည် တစ်တောင်မျှ -စသော စကားကို သံဃာမှ ဟတ္ထပါသ
စွန့်၍တည်သူတို့ကို ရည်ဆိုသည်။ မစွန့်မူ၍ တည်သူတို့ကား
ဆန္ဒာရဟတို့မဟုတ်ကုန်။ ထိုသူတို့သည် စတုဂဏ စသည်
တို့ထက် ပိုလွန်ကုန်သော်လည်း ဟတ္ထပါသ်ကို စွန့်ခြင်း
ကြောင့်သာ ဆန္ဒာရဟတို့ဖြစ်ကုန်၏။ ထို့ကြောင့် သံဃာ
ဟတ္ထပါသ်ကိုစွန့်၍ တည်သူသည်သာလျှင် ဆန္ဒတို့လည်း
ကောင်း၊ ပါရိသုဒ္ဓိကို လည်းကောင်း ပေးအပ်၏။

(သာဠီ၌ အနိသာရိတာ၊ ဝိဠီ၌ အဓနသာရိတ
အပမပြုအပ်သူတို့ဖြစ်ကုန်၏။ အကျွန်ုပ်ကွဲသော်လည်း အနည်
တူတို့တည်း။)

၄၉၉။ **တဖန်ကံလေးပါး** ။ ။ ကံတို့သည် အပလေးပါး (ပ)
လေးပါး ဖြစ်ကုန်၏။ [illegible]
အတိုင်း။)

၄၉၀။ **ဝတ္ထုကြောင့်ကံပျက်ပုံ** ။။အဘယ်သို့လျှင် ဝတ္ထုကြောင့်ကံတို့သည် ပျက်ကုန်သနည်း။ ပဏ္ဍာတ်ကို ရဟန်းပြုပေးအံ့ – ဝတ္ထုဝိပန္နအဓမ္မကံဖြစ်၏။ ထေယျသံဝါသကကို၊ တိတ္ထိယပဗ္ဗဇိတကို၊ တိရစ္ဆာန်ကို၊ မာတုဃာတကကို၊ ပိတုဃာတကကို၊ အရဟန္တဃာတကကို၊ ဘိက္ခုနီဒူသကကို၊ သံဃဘေဒကကို၊ လောဟိတုပ္ပါဒကကို၊ ဗုဒ္ဓဘေဒကကို ရဟန်းပြုပေးအံ့ – ဝတ္ထုဝိပန္နအဓမ္မကံဖြစ်၏။ အသက်၂၀ မပြည့်သူကို ရဟန်းပြုပေးအံ့ – ဝတ္ထုဝိပန္နအဓမ္မကံဖြစ်၏။ ဤသို့ ဝတ္ထုကြောင့် ကံတို့သည် ပျက်ကုန်၏။ (၁၂ – ချက်)

၄၉၁။ **ဥတုကြောင့်** ။ ။ ဥတုကြောင့် ကံပျက်ငါးပါး ––– ယခင်အတိုင်း။

၄၉၂။ **ကမ္မဝါစာကြောင့်** ။ ။ ကမ္မဝါစာကြောင့်ငါးပါး – ယခင်အတိုင်း။

၄၉၃။ **သိမ်ကြောင့်** ။ ။ သိမ်ကြောင့် တစ်ဆယ့်တစ်ပါး–– ယခင်အတိုင်း။

၄၉၄။ **ပရိသတ်ကြောင့်** ။ ။ ပရိသတ်ကြောင့် တစ်ဆယ့်နှစ်ပါး – ယခင်အတိုင်း။

[ဟဖန်ကံတို့သည် အစရှိသောနည်းကို ပဏ္ဍာက်စသည်တို့၏ ဝတ္ထုမဟုတ်သည်အဖြစ်ကို ပြုခြင်းငှာဆိုသည်။ အားလုံးပေါ်လွင်၏။]

၄၉၅။ **ကံတို့၏ဌာန** ။ ။ အပလောကနကံသည် အဘယ်မျှဌာနတို့သို့ ရောက်သနည်း။ ဥတ္တိကံသည် –– ။ ဥတ္တိဒုတိယကံသည် –– ။ ဥတ္တိစတုတ္ထကံသည် အဘယ်မျှဌာနတို့သို့ ရောက်သနည်း။ အပလောကနကံသည် ငါးဌာနတို့သို့ –––။ ဥတ္တိကံသည် ကိုးဌာနတို့သို့ –––။ ဥတ္တိဒုတိယကံသည် ခုနစ်ဌာနတို့သို့ ––– ဥတ္တိစတုတ္ထ

ကံသည် ခုနစ်ဌာနတို့.သို့.ရောက်၏။

၄၉ဖ။ **ပန် – ငါးဌာန**။ ။ အပလောကနကံသည် အဘယ်ငါးဌာနတို့.သို့.ရောက်သနည်း။ သြသာရဏ –သွင်းခြင်း၊ နိဿာရဏ– ထုတ်ခြင်း၊ ဘဏ္ဍာဂုကမ္မ – ဆံရိတ်ခြင်း၊ ဗြဟ္မဒဏ္ဍ– ဗြဟ္မဒဏ် ပေးခြင်း။ ကမ္မလက္ခဏ – ကံသာလျှင် လက္ခဏာရှိခြင်း – ဝါ – မှတ်အပ်သော လက္ခဏာရှိခြင်း။ အပလောကနကံသည် ဤငါးဌာနသို့.ရောက်၏။

* သွင်း၊ ထုတ်၊ ဗြဟ္မဒဏ် ²။ လက်၊ ရိတ်ဆံ ¹။ အပန် – ငါးဌာန။

ဥတ် –နဝ ။ ။ ဥတ္တိကံသည် အဘယ်ကိုးဌာနတို့.သို့. –– ။ သြသာရဏ – သွင်းခြင်း၊ နိဿာရဏ – ထုတ်ခြင်း၊ ဥပေါသထ – ဥပုသ်ကံ၊ ပဝါရဏာ – ပဝါရဏာကံ၊ သမ္မုတိ – သမုတ်ခြင်း၊ ဒါန – ပေးခြင်း၊ ပဋ္ဌိဂ္ဂဟ – ခံယူခြင်း၊ ပစ္စုဂ္ဂမန – ငင်ခြင်း။ ကမ္မလက္ခဏ – ဤကိုးဌာနတို့.သို့.ရောက်၏။

* သွင်း၊ ထုတ်၊ ပ၊ ဥ ⁶။ ပေး၊ ခံ ၊ မ္မု ²။ ငင်မှု၊ လက် ¹ ။ ဥတ် –ကိုး။

ဒု –ခုနစ် ။ ။ ဥတ္တိဒုတိယကံသည် အဘယ်ခုနစ်ဌာနတို့.သို့. –။ သြသာရဏ – သွင်းခြင်း၊ နိဿာရဏ – ထုတ်ခြင်း၊ သမ္မုတိ – သမုတ်ခြင်း၊ ဒါန – ပေးခြင်း၊ ဥဒ္ဓါရ – နှုတ်ခြင်း၊ ဒေသနာပြောကြားခြင်း၊ ကမ္မလက္ခဏ – ဤခုနစ်ဌာနတို့.သို့.ရောက်၏။

* သွင်း၊ ထုတ်၊ ပေး၊ သမုတ် ⁶။ ပြော ၊ လက်၊ နှုတ် ²။ ဥတ်ဒုက်–ခုနစ်ဌာန်။

စတု – ခုနစ် ။။ ဥတ္တိစတုတ္ထကံသည် အဘယ်ခုနစ်ဌာနတို့.သို့.–– သြသာရဏ – သွင်းခြင်း။ နိဿာရဏ – ထုတ်ခြင်း။ သမ္မုတိ – သမုတ်ခြင်း၊ ဒါန – ပေးခြင်း၊ နိဂ္ဂဟ – နှိပ်ခြင်း၊ သမနုဘာသန – ဆုံးမခြင်း၊ ကမ္မလက္ခဏ– ဤခုနစ်ဌာနတို့.သို့.ရောက်၏။

* သွင်း၊ ထုတ်၊ ပေး၊ မှု ၄။ နှိပ်၊ လက်၊ နု ၃။ စတု – ခုနစ်ဌာန်။

[ယခုအခါ ထိုကံတို့၏အပြားကိုပြခြင်းငါ အပလောကနကံသည် အဘယ်မျှဌာနတို့ဝို့-- စသည်ကိုမိန့်ဆို၏။ ဤ၌ သြသာရဏံ၊ နိုသာရဏံ– ဟု ပုဒ်ပြေပြစ်သောကြောင့်ဆိုသည်။ ရှေးဦးစွာ နိုသာရဏာ ပြု၍ နောက်မှ သြသာရဏာပြုသည်။]

(ကံဌာနအကျယ် အဆုံးအဖြတ်ကို နောက်မှဆိုမည်။)

၄၉၇။ **ကမ္မပ္ပတ္တာ၊ ဆန္ဒာရဟာ** ။ ။ စတုဝဂ္ဂသံဃာပြုအပ်သောကံ၌ လေးပါးသော ပကတတ်ရဟန်းတို့သည် ကမ္မပ္ပတ္တာတို့ဖြစ်ကုန်၏။ ကြင်းသော ပကတတ်ရဟန်းတို့သည် ဆန္ဒာရဟာတို့ဖြစ်ကုန်၏။ ကံပြုခံရသောသူသည် ကမ္မပ္ပတ္တာလည်းမဟုတ်၊ ဆန္ဒာရဟာလည်းမဟုတ်၊ ဧင်စစ်ကမ္မာရဟာသာမည်၏။

ပဉ္စဝဂ္ဂသံဃာပြုအပ်သောကံ၌ ငါးပါးသော ----

ဒသဝဂ္ဂသံဃာပြုအပ်သောကံ၌ ဆယ်ပါးသော ----

ဝီသတိဝဂ္ဂသံဃာပြုအပ်သောကံ၌ နှစ်ဆယ်သော ----ယခင်အတိုင်း။

[ကံတို့ကိုလည်းကောင်း၊ ကမ္မဝိပတ္တိတို့ကိုလည်းကောင်း၊ ဝိပတ္တိမှလွတ်သောကံတို့၏ ဌာနအပြားသို့ရောက်ခြင်းကို လည်းကောင်း ပြပြီး၍ ယခုအခါ ထိုကံတို့ကိုပြုသော ကာရကသံဃာ၏ အပိုင်းအခြားကို တဖန်ထပ်ပြသည်။ အနက်အဓိပ္ပာယ်ကို ပရိသတ်ကြောင့် ကံပျက်ခြင်းအဖွင့်၌ဆိုပြီးသော နည်းဖြင့်သိအပ်၏။]

ကမ္မဝဂ္ဂေါ နိဋ္ဌိတော ပဌမော။

ကမ္မဝဂ်၌ပြုအပ်သော ဒုရတ္တဝိနစ္ဆယ

[ဒုရတ္တံ – မကောင်းသဖြင့်ဘတ်ခြင်းကို၊ ကရောတိ၊ ပြု၏

ဟူသည်၌ အဆုံးအဖြတ်ကား – တပါးသောအက္ခရာကို ဆိုအပ်လျက် တပါးသော် အက္ခရာကိုဆိုသူသည်။ ဒုရုတ္တံ ကရောတိ မည်၏။ ထို့ကြောင့် ကမ္မဝါစာကို ဘတ်လိုသော ရဟန်းသည် ဗျဉ္ဇနဆယ်ပါးကို ကောင်းစွာမှတ်သားအပ်၏။

သိထိလ ဓနိတဉ္စ ဒီဃရဿံ၊ ဂရုက လဟုကဉ္စေဝ နိဂ္ဂဟီတံ။
သမ္မုန္ဒံ ဝဝတ္ထိတံ ဝိမုတ္တံ၊ ဒသဓာ ဗျဉ္ဇန ဗုဒ္ဓိယာ ပဘေဒေါ။

(ခြောက်မတြာ၊ ရ၊ ယ။ ရှစ်မကြာ၊ ရ၊ ယ – ဖြင့်ဖွဲ့သည်။)

သိထိလ်၊ ပြော့ပြော့ရွတ်အပ်သောအက္ခရာ။ ဓနိတ်၊ မာမာရွတ်အပ်သော အက္ခရာ။ ဒီဃ်၊ ရှည်ရှည်ရွတ်အပ်သောအက္ခရာ။ ရဿ်၊ တိုတိုရွတ်အပ်သောအက္ခရာ။ ဂရုဏ် – လေးလေးရွတ်အပ်သော အက္ခရာ။ လဟုက်၊ ပေါ့ပေါ့ရွတ်အပ်သောအက္ခရာ။ နိဂ္ဂဟီတ်၊ ဌာန်ကရိဏ်းကို နှိပ်၍ရွတ်အပ်သော နိဂ္ဂဟီတ်ရှိသောအက္ခရာ။ ဝိမုတ္တံ၊ ဌာန်ကရိဏ်းကိုဖွင့်၍ ရွတ်အပ်သော နိဂ္ဂဟီတ်ကင်းသော အက္ခရာ။ သမ္မုန္ဒံ၊ နောက်ပုဒ်နှင့်စပ်၍ရွတ်အပ်သော အက္ခရာ။ ဝဝတ္ထိတံ၊ နောက်ပုဒ်နှင့်မစပ် ဖြတ်၍ရွတ်အပ်သောအက္ခရာ။ ဣတိ၊ ဤသို့။ ဗျဉ္ဇနဗုဒ္ဓိယာ၊ အက္ခရာကိုသိသောဉာဏ်အားဖြင့်။ ဒသဓာ၊ ဆယ်ပါးအပြားဖြင့်။ ပဘေဒေါ၊ အက္ခရာ၏ ပြားခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤ၌ သိထိလမည်သည် ငါးပါးသောဝဂ်၌ ပဌမအက္ခရာ ငါးလုံး၊ တတိယ အက္ခရာငါးလုံးဖြစ်၏။ ဓနိတမည်သည် ငါးပါးသော ဝဂ်၌သာလျှင် ဒုတိယအက္ခရာငါးလုံး၊ စတုတ္ထအက္ခရာငါးလုံးဖြစ်၏။ (ပဌမအက္ခရာနှင့် အဝဂ် အက္ခရာတို့ကား သိထိလ၌သာ လျှော်ကုန်ရာ၏။ ဤတွင်တစ်စုံဖြစ်၏။)

ဒီဃဟူသည် ရှည်သောကာလဖြင့် ရွတ်အပ်သော အာ၊ ဤ၊ ဦ၊ ဩ တို့ဖြစ်ကုန်၏။ (ကာ၊ ကီ၊ ကူ၊ ကေ၊ ကော - တို့လည်း

ဒီဃတို့ပင်တည်း။) ရဿဟူသည် အ၊ ဣ၊ ဥ တို့ဖြစ်ကုန်၏။ (က၊ ကိ၊ ကု တို့လည်း ရဿတို့ပင်တည်း။ တစ်စုံ။)

ဂရုကဟူသည် ဒီဃတို့သာတည်း။။။ အာယသ္မတော ဗုဒ္ဓရက္ခိတ တတ္ထေ ရဿ၊ ယဿ၊ နက္ခမတိ – ဟုသံယုတ်နှောင်းလျှက် ရွတ်အပ် သောအက္ခရာလည်း ဂရုကသာတည်း။ လဟုကဟူသည် ရဿတို့ သာတည်း။ အာယသ္မတော ဗုဒ္ဓရက္ခိတထေရဿ၊ ယဿ နခမတိ – ဟု သံယုဂ်မနှောင်းဘဲရွတ်အပ်သော အက္ခရာလည်း လဟုကသာတည်း။ (တစ်စုံ။)

နိဂ္ဂဟိတဟူသည် ကရိဏ်းတို့ကိုနှိပ်စက်၍ မလွတ်စေမူ၍ မပွင့်သောခံတွင်းဖြင့်၊ (ဝါ) အနည်းငယ်ပွင့်သောခံတွင်းဖြင့် နိဂ္ဂဟိတ် ဌာနရှိအောင်ပြု၍ ရွတ်အပ်သောအက္ခရာတည်း။ ဝိမုတ္တဟူသည် ကရိဏ်းတို့ကို မနှိပ်စက်မူ၍ လွတ်စေ၍ ပွင့်သောခံတွင်းဖြင့် နိဂ္ဂဟိတ် ဌာနမရှိအောင်ပြု၍ ရွတ်အပ်သော အက္ခရာတည်း။ (တစ်စုံ။)

သမ္မန္ဟ ဟူသည် နောက်ပုဒ်နှင့်စပ်၍ တုဏ္ဏိသဟူ၍လည်းကောင်း၊ တုဏ္ဏသဟူ၍လည်းကောင်း ရွတ်အပ်သောအက္ခရာတည်း။ ဝဝတ္ထိတ ဟူသည် နောက်ပုဒ်နှင့်မစပ်အောင်ပြု၍ ဖြတ်၍ တုဏ္ဏိအသဟူ၍ လည်းကောင်း၊ တုဏ္ဏအသဟူ၍လည်းကောင်း ရွတ်အပ်သော အက္ခရာတည်း။ (တစ်စုံ။)

ထိုဗျဉ္ဇန နိရုတ္တိဆယ်ပါးတို့တွင် သုဏာတု မေ – ဟု ဆိုအပ် လျှက် တဝမ်းပူကို ထဆင်ထူးပြု၍ သုဏာထုမေ –ဟု ဆိုခြင်းသည် **သိထိလ** ကို ဓနိကပြုသည်မည်၏။ ထို့အတူ ပတ္တကလ္လံ၊ ဧသာဥတ္တိ ဟုဆိုအပ်လျှက်၊ ပတ္ထကလံ၊ ဧသာ ဥတ္ထိ – ဤသို့ စ်သော ဆိုခြင်းသည် လည်း သိထိလကို **ဓ**နိတပြုသည်မည်၏။ ဘန္တေ သံယော – ဟုဆိုအပ် လျှက် ဘကုန်း ယကြီးတို့ကို ဗထက်ခြိုက် ဂငယ်ပြု၍။ ဗန္တေသံဂေါ

– ဟုဆိုခြင်းသည် ဓနိတကို သိထိလပြုသည်မည်၏။

သုဏာတု မေ ဟု ပွင့်သောခံတွင်းဖြင့်ဆိုအပ်လျက် သုဏံတု မေဟူ၍လည်းကောင်း၊ ဗသာဥတ္တိ–ဟုဆိုအပ်လျက် ဗသံ ဥတ္တိ–ဟူ၍လည်းကောင်း မပွင့်သော အနည်းငယ်ပွင့်သော ခံတွင်းဖြင့် နိဂ္ဂဟိတ်ဌာနရှိအောင်ပြု၍ဆိုခြင်းသည် ဝိမုတ္တိကို နိဂ္ဂဟီတပြုသည်မည်၏။ ပတ္တကလွံ –ဟုမပွင့်သော အနည်းငယ် ပွင့်သောခံတွင်းဖြင့် နိဂ္ဂဟိတ်ဌာနရှိအောင် ပြု၍ဆိုအပ်လျက် ပတ္တကလွာဟု ပွင့်သောခံတွင်းဖြင့် နိဂ္ဂဟိတ်ဌာနမရှိအော်င် ပြု၍ဆိုခြင်းသည် နိဂ္ဂဟီတကို ဝိမုတ္တပြုသည်မည်၏။

ဤသို့သိထိလပြုအပ်လျက် ဓနိတပြုခြင်း၊ ဓနိတပြုအပ်လျက် သိထိလပြုခြင်း၊ ဝိမုတ္တပြုအပ်လျက် နိဂ္ဂဟီတပြုခြင်း၊ နိဂ္ဂဟီတပြုအပ်လျက် ဝိမုတ္တပြုခြင်း၊ ဤလေးပါးသော ဗျဉ္ဇနတို့သည် ကမ္မဝါစာအတွင်း၌ ကံကိုပျက်စေကုန်၏။ ဤသို့ဆိုသူသည် တပါးသောအက္ခရာကိုဆိုအပ်လျက် တပါးသောအက္ခရာကိုဆို၏။ (အလွဲလွဲ ဘတ်သူမည်၏။) ထို့ကြောင့် ဒုရတ္တံ ကရောတိဟု ဆိုအပ်၏။

ဤမှတပါး – ဒီဃ၊ ရဿစသော ခြောက်ပါးသော ဗျဉ္ဇနတို့တွင် ဒီဃနေရာ၌ ဒီဃကိုသာ၊ ရဿနေရာ၌လည်း ရဿကိုသာ ဆိုအပ်၏။ ဤသို့အရာအား လျော်စွာ ထိုထိုအက္ခရာကိုသာလျှင် ရွတ်ဘတ်ခြင်းဖြင့် အစဉ်အဆက်လာသော ပဝေဏီအစဉ်အလာကို မပျက်စေခြင်းဖြင့် ကမ္မဝါစာကို ရွတ်ဘတ်အပ်၏။

အကယ်၍ ဤသို့မပြုဘဲ ဒီဃဆိုသင့်လျက် ရဿကို၊ ရဿဆိုသင့်လျက် ဒီဃကိုဆိုအံ့၊ ထိုနည်းတူ ဂရုကဆိုသင့်လျက် လဟုကကို၊ လဟုကဆိုသင့်လျက် ဂရုကကိုဆိုအံ့၊ သမ္မန္ဓဆိုသင့်လျက် ဝေါဝတ္ထိတကို၊ ဝေါဝတ္ထိတ ဆိုသင့်လျက် သမ္မန္ဓကိုဆိုအံ့။ ဤသို့ ဆိုရသော်လည်း ကမ္မဝါစာ သည်မပျက်။

သုတ္တန်ဆောင်မထေရ်တို့အား ဒဒွေးသည် တဝမ်းပူအဖြစ်သို့ရောက်၏။ တဝမ်းပူသည် ဒဒွေးအဖြစ်သို့ရောက်၏။ စလုံးသည်ဇကွဲအဖြစ်သို့၊ ဇကွဲသည် စလုံးအဖြစ်သို့၊ ယပက်လက်သည် ကကြီးအဖြစ်သို့၊ ကကြီးသည် ယပက်လက်အဖြစ်သို့ရောက်၏။ ထို့ကြောင့် ဒဒွေးစသည်ဆိုသင့်လျက် တဝမ်းပူစသည်ဆိုခြင်းသည် မဆန့်ကျင်ဟူဆိုကုန်၏။ ထိုဆိုခြင်းသည် ကမ္မဝါစာသို့ရောက်လျှင် မအပ်။

ထို့ကြောင့် ဝိနည်းမိုရ်သည် ဒဒွေးစသည်ကို တဝမးပူစသည် မပြုအပ်၊ ပါဠိအတိုင်း နိရုတ္တိကိုသုတ်သင်၍ ဆယ်ပါးသောဗျဥ္ဇနနိရုတ္တိဖြင့် ဆိုပြီးသောအပြစ်တို့ကို ရှောင်လွှဲ၍ ကမ္မဝါစာဘတ်ခြင်းကိုပြုအပ်၏။ မရှောင်လွှဲလျှင် ကမ္မဝါစာကိုယုတ်စေသည်မည်၏။]

(**ဇီဋီ**။ ။ ငါးပါးသောဝဂ်ဟူသည် ကဝဂ်စသည် ဖြစ်၏။ ဂရုကဟူသည် ဒီဃနှင့်သံယုဂ်နှောင်းတို့တည်း။ ဗုဒ္ဓရက္ခိတတ္ထေရသ၊ ယသ နက္ခမတိ တို့ဌ် တ အက္ခရာ၊ ယ အက္ခရာ၊ နှ အက္ခရာတို့သည် သံယုဂ်နှောင်းကုန်၏။ ဒီဃဆိုသင့်လျက် ရဿဟူသည် သော တုဏှီ အဿဟုဆိုသင့်လျက် သော တုဏှီ အဿဟုဆိုခြင်းတည်း။

သာဒီ။ ။ ဌာန်ကရိဏ်းတို့ကို ပြော့ပြော့ပြုရ၍ရှုတ်ဆိုအပ်သောအက္ခရာသည် သိထိလ၊ မပြော့အောင်ပြုရ၍ရှုတ်ဆိုအပ်သောအက္ခရာသည် ဓနိတ၊ နှစ်မတြာကာလရှိသော အက္ခရာသည်ဒီဃ၊ တစ်မတြာကာလရှိသောအက္ခရာသည် ရဿမည်၏။ ဒသဓာဗျဥ္ဇနဗုဒ္ဓိယာ ပဘေဒေါဟူသည် ဤသို့ သိထိလစသည်အစွမ်းဖြင့် " ဗျဥ္ဇနဗုဒ္ဓိယာ" အက္ခရုပ္ပါဒကစိတ္တသ၊ အက္ခရာကိုဖြစ်စေတတ်သောစိတ်၏။ ဒသပ္ပကာရေန ၊ ဆယ်ပါး အပြားအားဖြင့်။ ပဘေဒေါ၊ ပြာ၏။ အလုံးစုံသော အက္ခရာတို့သည် စိတ်ကြောင့်ဖြစ်ကုန်၏။ (၀၊) စိတ္တဧ သဒ္ဒတို့

ဖြစ်ကုန်၏။ အလိုရှိအပ်သောအနက်ကို ပြောတတ်သောကြောင့် ဗျဥ္ဇနတို့လည်း မည်ကုန်၏။ (ဗျဥ္ဇနယတိ အတ္ထံ ဒီ ပေါတိ ဗျဥ္ဇနာနိ၊ အဝုတ္တကတ္ထုသာဓနတို့၏ အနက်ကို ပြောတတ်သော ဗျဥ္ဇနဟူလို။) သံယောဂေါ ပရော ဒေါ သံယောဂပရော - နောကသံယုတ်ရှိသော အက္ခရာ။ နော သံယောဂ ပရော - အသံယောဂ ပရော - နောက်သံယုတ်ရှိသည်မဟုတ်။ ရှိသော် အက္ခရာ၊ အာယသ္မတော ဗုဒ္ဓရက္ခိတ ထေရသ ယသ နုခမတိ - ၌ တ အက္ခရာ၊ နု အက္ခရာနှင့်ဘက္ခုဖြစ်သော ဟ အမည်ရှိသည် အသံယောဂပရ ဖြစ်၏။ ကရိုဏ်းဝဲ့ ကိုဟူသည် ကဗ္ဗ - လည်ချောင်းစသော ကရိုဏ်းတို့ဝတည်း။

ဝိဋ္ဌိ။ ။ ယာယန္တိ ဗျဥ္ဇနပုဗ္ဗေဒေါ အခ်ိုပ္ပေတဗ္ဗာ။ ဒသဓာ ဟူသည် ဆယ်ပါးသောအပြားဖြင့် ဗျဥ္ဇနာနံ၊ သဒ္ဒါတို့၏။ ပဘေဒေါ၊ အပြားဟုယှဉ်စပ်အပ်၏။ အဘယ်ဖြင့် ဤပဘေဒ ဖြစ်သနည်းဟု မေးဘွယ်ရှိသောကြောင့် ဗျဥ္ဇနဗုဒ္ဓိယာဟုဆိုသည်။ အလိုရှိတိုင်းသော အနက်ကိုပြောတတ်သောကြောင့် ဗျဥ္ဇနမည်၏။ ဗျဥ္ဇနဟူသောအက္ခရာတို့တို့ ဖြစ်စေတတ်သောဉာဏ်သည် ဗျဥ္ဇနဗုဒ္ဓိမည်၏။ ယင်းဗျဥ္ဇနဗုဒ္ဓိ ဟူသောဉာဏ်အားဖြင့် ဤပဘေဒသည်ဖြစ်၏။ အက္ခရာတို့ ဖြစ်စေသော စိတ်၏ပြားခြင်းအားဖြင့် ဤပဘေဒ ဖြစ်၏ဟူလို။ အာယသ္မတော စသည်တို့၌ အကြားဌ သရမရှိသော - သ၊ မ ဟူသော ဗျည်းအက္ခရာနှစ်လုံးသည် သယုတ်မည်၏။ ထိုသံယုတ်သည် ရှေ့ယ ၏ အ သရကိုနှောင်း၏။ ယိုအ သရသည် သံယုတ်နှောင်းသည်မည်၏။ ရသေဟုသည် အ-အ ဗုဒ္ဓရ စသော ဗျည်းကင်းသော သရဖြစ်၏။ သံယုတ်နှောင်းသော သည်ကို ယသနက္ခမတိ - စသည်၌၊ ယ၊ နု - ဘသော ဗျည်းနှင့်

တဲ့ သရကိုရည်ဆိုသည်။ တဝမ်းပူကို ထဆင်တူးမပြုဘဲ ဝင်တပါး သိထိလကိုသာပြု၍ " သုဏာဠမေ " စသည်ကို ဘိုသူသည်လည်း ဒုရတ္တပြုသူသာဖြစ်၏။ အနုရူပ အာဒေသ – သင့်လျော်သော အပြုကိုပြု၍ဆိုလျှင် ဒုရတ္တမဖြစ်။ အနုရူပ အာဒေသကား သစ္စိကတ္ထ ပရမတ္ထေန –ဟုဆိုသင့်လျက် သစ္စိကဋ္ဌပရပဋ္ဌေန – ဟူ၍လည်းကောင်း၊ အတ္ထကထာကို အဋ္ဌကထာဟူ၍ လည်းကောင်း ထိုထိုနေရာ၌ဆို၏။ ထိုသို့သော ပါဠိ၊ အဋ္ဌကထာတို့၌ ထင်ရှား သော ပြယုဂ်ကိုလည်းကောင်း၊ ကိုအား လျော်သော ပြယုဂ်ကို လည်းကောင်း၊ ရွတ်ခြင်းငါ အပ်၏။ ထိုမှတပါးမဲ့အပ်။ ထို့ကြောင့် အနုက္ကမာဂတံ ပဝေဏိံ အဝိနာသေန္တေန – စသည်ကို မိန့်ဆိုသည်။ ဒီဃဆိုသင့်လျက် ရဿကိုစသည်တို့၌ ဘိက္ခုနုံ– ဟုဆိုသင့်လျက် ဘိက္ခုနုံ။ ဗဟူသု–ဟုဆိုသင့်လျက် ဗဟုသု။ နက္ခမတိ – ဟုဆိုသင့်လျက် နခမတိ။ ဥပသမ္ပဒါပေက္ခောဟု ဆိုသင့်လျက် ဥပဿမ္ပဒါပေခေါ – ဤသို့သော အနုရူပဌာနတို့၌သာ ဒီဃကို ရဿ၊ ရဿကို ဒီဃစွမ်းဖြင့် လဲလှယ်ခြင်းငှာအပ်သည်။ နာဂေါ – ဟုဆိုသင့်လျက် နဂေါ။ သံယောဟုဆိုသင့်လျက် သယော။ တိသော ဟုဆိုသင့်လျက် တိသော။ ယာစတိ – ဆိုသင့်လျက် ယာစန္တိ ဤသို့သော အနုနုရူပဌာန တို့၌ လဲလှယ်၍ ဆိုခြင်းငါမအပ်။ သမ္ပန္နသည် လည်းကောင်း၊ ဝဝတ္ထိတသည်လည်းကောင်း၊ ခပ်သိမ်းသောအပြားအားဖြင့် အပ်သည်ဟုယူအပ်၏။)

(အက္ခရာဆယ်မျိုးသည်သာလျှင် သဒ္ဒါဆယ်မျိုး၊ ဗျဉ္ဇနဆယ်မျိုး၊ နိုရတ္တိ ဆယ်မျိုး၊ ဗျဉ္ဇနနိုရတ္တိဆယ်မျိုးမည်၏။ ထိုဆယ်မျိုးကို သိသောဉာဏ် ဖြစ်စေ သောဉာဏ် ဆယ်မျိုးသည် ဗျဉ္ဇနဗုဒ္ဓိဆယ်မျိုးမည်၏။ အက္ခရာကို ဗျဉ္ဇနဗုဒ္ဓိဟု

ခေါ်ခြင်းကား ရဋ္ဌိနည်းဖြင့် တင်စားခြင်းတည်း။ အကျွန်ုကို ပမာနထားရ၍ စိစစ်ရာ၏။ ပုဒ်ကို ဝါကျကို ပမာနမထားရ။

ဒုရတ္တာပနိစ္ဆယပြီး၏။

ကံဌာန ဝိနိစ္ဆယ။

အပလောကနကံ ငါးဌာနအကျယ်

[ထုတ်ခြင်း ။ ။ အပလောကနကံငါးဌာနတို့တွင် ကဏ္ဍကသာမဏေအား ဒဏ်အမှုဖြင့်ဖျက်ဆီးခြင်းသည် နိသာရဏာမည်၏။ ထို့ကြောင့် ယခုအခါ သာမဏေသည် ဘုရားရှင်၏ ကျေးဇူးမဲ့ကိုဆိုအံ့။ တရား၏ကျေးဇူးမဲ့ကို သံဃာ၏ကျေးဇူးမဲ့ကိုဆိုအံ့။ မအပ်သည်ကို အပ်သည်ဟုပြအံ့။ မိစ္ဆာဒိဋ္ဌိအယူ ရှိအံ့။ အန္တဂ္ဂါဟိကာဒိဋ္ဌိနှင့် ပြည့်စုံအံ့။ ထိုသာမဏေကို သုံးကြိမ်တားမြစ်၍ ထိုအယူကို စွန့်စေအပ်၏။ မစွန့်လျှင် သံဃာစည်းဝေး၍ အယူကိုစွန့်လော့ဟု ဆိုအပ်၏။ မစွန့်လျှင် ဗျတ္တရဟန်းသည် အပလောကနကံပြု၍နှင်အပ်၏။ ပြုပုံကား "အရှင်ဘုရားတို့ သံဃာကိုမေးပါ၏။ ပန်ကြားပါ၏။ ဤမည်သော သာမဏေသည် "ဘုရားရှင်၏ကျေးဇူးမဲ့ကိုဆိုလေ့ရှိ၏။ "တပါးသော သာမဏေတို့သည် နှစ်ညဉ့်၊ သုံးညဉ့်ရဟန်းတို့နှင့်အကျူ တစ်မိုးတည်း အတူအိပ်ခြင်းတို့ ရကုန်၏။ ထိုသာမဏေအား မရစိမ့်သောင့် နှင်ကုတ်ခြင်းကို ရစ္ဆတိသံဃသ သံဃာသည် နှစ်သက်အပ်၏။ နှစ်သက်ပါသလော" ဟုသုံးကြိမ်ပန်ကြား၍ စရပိရေ ဝိနသ' – ပိရေ၊ မမြတ်နိုးအပ်သော သာမဏေ။ စရ၊ သွားလော။ ဝိနသ၊ ပျောက်လေလော ပျောက်အောင် မမြင်ရအောင် သွားချေလော– ဟုဆိုအပ်၏။]

(**ဝိဋ္ဌိ**။ ။ ကျေးဇူးမဲ့ဆိုခြင်း၊ မအပ်သည်ကို အပ်သည်ဟုပြခြင်း စသည်တို့ဘာသည် ဒိဋ္ဌိဝိပတ္တိဋ္ဌသာ ဝင်ကုန်၏။ ထို့

ကြောင့်သာလျှင် " ထိုအယူကိုစွန့်စေအပ်၏ " ဟုဆိုလတ္တံ့၊ ရဟန်းတို့အားလည်း ဇ သေဝနယော။ မိစ္ဆာဒိဋ္ဌိအယူရှိ၏ ဟူသည် ဗုဒ္ဓဝစန၏ အဓိပ္ပာယ်ကို ဖောက်ပြန်သောအားဖြင့် ယူ၏။ ထိုသူကိုသာလျှင် အန္တဂ္ဂါဟိကာဒိဋ္ဌိနှင့် ပြည့်စုံသူဟု ဆိုအပ်၏။ ကေစိတို့ကား သဿတ။ ဥစ္ဆေဒ– တပါးပါး ယူသူဟုဆိုကုန်၏။ မသင့်။ သံသဒဥစ္ဆေဒယူလျှင် လိုက်နာသနာ၏အကြောင်းအဖြစ်ဖြင့် အဋ္ဌကထာဆိုပြီးဖြစ်သော ကြောင့်တည်း။ ဤ၌ ဒဏ္ဍကမ္မ နာသနာစွမ်းဖြင့်သာ လိုအပ်သောကြောင့်တည်း။)

[သွင်းခြင်း ။ ။ နှင်ထုတ်ခံရသော သာမဏေသည် တပါးသောအခါ " အရှင်ဘုရားတို့ ကျွန်ုပ်သည် မသိမလိမ္မာခြင်းကြောင့် ဤသို့ပြုမိပါသည်။ သံဃာကိုကန်တော့ပါ၏ " ဟု ကန်တော့အံ့၊ သုံးကြိမ် ကန်တော့စေ၍ အပလောကနဖြင့်သာ သွင်းအပ်၏။ သွင်းပုံကား သံဃာ့အလယ်၌ ဗျတ္တရဟန်းသည် သံဃာ၏အလိုဖြင့် " အရှင်ဘုရားတို့ သံဃာကိုပန်ကြားပါ၏၊ ဤမည်သောသာမဏေသည် ဘုရားကျေးဇူးမဲ့ဆိုသောကြောင့် တစ်မိုးတည်းအိပ်ခွင့်မရအောင် နှင်ထုတ်အပ်သူဖြစ်၏။ ယခုအခါ ကောင်းစွာကြဉ်ရှောင်၍ နိမ်ချ၍ လဇ္ဇီခံမှုသို့သက်၍ ရှက်ကြောက်၍ ဒဏ်ခံရသူဖြစ်၍ အပြစ်ကို လျှောက်ကြား၏။ ဤသာမဏေအား ရှေးဦးကဲ့သို့ ကာယသမ္ဘောဂသာမဂ္ဂီပေးခြင်းကို သံဃာသည်နှစ်သက်အပ်၏။ နှစ်သက်ပါသလော " ဟု သုံးကြိမ်ပန်ကြားအပ်၏။ ဤသို့လျှင် အပလောကနကံသည် သွင်းခြင်းသို့၊ ထုတ်ခြင်းသို့ရောက်၏။]

(**ဓီဋ္ဌိ ၊ သာဋ္ဌိ**။ ။ ကာယသမ္ဘောဂသာမဂ္ဂီဟူသည် သဟသေယျ – တစ်မိုးတည်းအတူအိပ်ခြင်း၊ ပဋ္ဌိဂ္ဂဟဏာဒိ – အကပ်ခံခြင်း စသည်ဖြစ်၏။ သုတေရတော – သုဒ္ဓဗြဿရ

တော ဝါ ၊ သောရတော၊ သုတဉ္ဇမွေ့.၏။ (ဝါ) ကောင်းစွာကြဉ် ရှောင်၏။ နိဝါကဝုတ္တိ တိနိစ ဝုတ္တိ – နှိမ့်ချ၏။)

[ဆံရိတ်ခြင်း ။]

(ဘဏ္ဍုကမ္မ– ရှင်လောင်းဆံရိတ် ပန်ကြားခြင်းကို မဟာခန္ဓက အဖွင့်၌ ဆိုပြီးသည်သာတည်း။)

[ဗြဟ္မဒဏ် ။ ။ ဗြဟ္မဒဏ်ကို ပဠဝတိကကွန္ဒကဉ် ဆန္ဒရဟန်းအား ပေးပုံဆိုပြီးပြီ။ ဆန္ဒအားသာ ပညတ်သည်မဟုတ်။ မကောင်းသောစကားတို့ဖြင့် ရဟန်းတို့.ကို ချုတ်ချယ်သော ဆဲရေးသော ရှုတ်ချသော နှုတ်သီးကြမ်းသည့် မုခရ ရဟန်းအားလည်း ပေးအပ်၏။ ပေးပုံကား သံဃာ့အလယ်၌ ဗျတ္တရဟန်းသည် သံဃာ၏အလိုဖြင့် " အရှင်ဘုရားတို့. ဤမည်သောရဟန်းသည် နှုတ်ကြမ်း၏။ ရဟန်းတို့.ကိုချုတ်ချယ်၏ ထိုရဟန်းသည် ဆိုချင်ရာဆိုငြားအုံ့၊ ရဟန်းတို့.သည် ဤမည်သောရဟန်းကို မဆိုအပ်သည်သာတည်း။ ဆုံးမခြင်း၊ ကံမြစ်ခြင်းမပြုအပ်သည်သာတည်း။ သံဃာကုပန်ကြားပါ၏။ ဤမည်သော ရဟန်းအား ဗြဟ္မဒဏ်ပေးခြင်းကို .သံဃာသည် နှစ်သက်အပ်၏။ နှစ်သက်ပါသလော" ဟု သုံးကြိမ်ပန်ကြားအပ်၏။

နောက်၌ကောင်းစွာကျင့်၍ ကန်တော့လျှင် ဗြဟ္မဒဏ်ကို ငြိမ်းစေအပ်၏။ ငြိမ်းစေပုံကား – ဗျတ္တရဟန်းသည် သံဃာ့အလယ်၌ " အရှင်ဘုရားတို့. ရဟန်းသံဃာသည် ဤမည်သောရဟန်းအား ဗြဟ္မဒဏ်ကိုပေးထားသည်။ ယခု ထိုရဟန်းသည် ကောင်းစွာကြဉ်ရှောင်၏။ နှိမ့်ချ၏။ လဇ္ဇီဝမ္မသို့.သက်၏။ ရုက်ခြင်း ကြောက်ခြင်း၌တည်၏။ ပညာဖြင့်ဆင်ခြင်၍ နောင်စောင့်စည်းခြင်းငှာ တည်၏။ သံဃာကို ပန်ကြားပါ၏။ ထိုရဟန်းအား ဗြဟ္မဒဏ်ငြိမ်းခြင်းကို သံဃာသည် နှစ်သက်အပ်၏။ နှစ်သက်ပါသလော " ဟု သုံးကြိမ်ပန်ကြားအပ်၏။ ဤသို့.အပလောကနကံဖြင့် ဗြဟ္မဒဏ်ကို ငြိမ်းစေအပ်၏။]

(**သာဌီ**။ ။ ပဋ္ဌိသခ်ါ – ပဋ္ဌိသခ်ါယ –ဥဏှေန ဥပ ပရိကၠိတ္တာ – ဥဏှပညာဖြင့်ဆင်ခြင်၍၊ ဝိဋ္ဌိ ––– မုခရ ရဟန်းအားလည်း ပေးအပ်၏ဟူသည် ထင်ရှားရှိသော နှုတ်ကြမ်းခြင်း စသည်ကိုမှီ၍ မေးမြန်းခြင်း ပဋ္ဌိညာယူခြင်း အာပတ်သို့တင်ခြင်း မပြုမူ၍သော်လည်း ကုစားအုပ်သော လက်ရှိအာပတ်ဖြင့် ဆဲရေးခြင်းစသည်မှ မကြင်သူအား ပေးအပ်သည်သာတည်း။ ကြဉ်၍ သည်းခံစေသူအားကား မပေးအပ်။ ဗြဟ္မဒဏ်ဟူသည် ခရဒ်ဏ္ဍ ကြမ်းသောဒဏ်၊ ဥက္ကဋ္ဌဒဏ္ဍ – မြတ်သောဒဏ် ထက်သောဒဏ်ဖြစ်၏။ တဇ္ဇနီယ စသော ကံကိုပြုလျှင် ထိုသူ၌ ဩဝါဒအနုသာသနီပေးခြင်း၊ ပယ်ခြင်းမရှိ၊ ပေးအပ်သော ဗြဟ္မဒဏ်ရှိသူဖြစ်လျှင် ဩဝါဒ အနုသာသနီ မပေးအပ်။ တဇ္ဇနီယစသော ကံပြုခံရသူ့တို့ မပြုအပ်ဟု ပယ်အပ်သည်ကိုလည်း ပြုခြင်းငါမအပ်။ နေ့ဝ ဝတ္ထုဗေဒ စသည်ဖြင့် အာလွှာပ၊ သလ္လာပ စသည်မျှကို သော်လည်း နှ–အက္ခရာဖြင့် ပယ်ခြင်းကြောင့်တည်း။ ထို ရဟန်းကိုမြင်လျှင် ရဟန်းတို့သည် လည်ပင်းလှည့်ကြည့်ကာ မျှကိုပင် မပြုကုန်။ မာနကျိုးစေခြင်းငါသာလျှင် အထူးကြဉ် ရှောင်၍၊ ထိုဒဏ်ကိုခွင့်ပြုသောကြောင့်တည်း။ ထို့ကြောင့်သာ လျှင် ဥကွေ့ပနိယကံစသည်အပြုခံရစဉ်က မကြောက်သော ဆန္ဒမထေရ်သော်မှလည်း ဗြဟ္မဒဏ်ပေးသောအခါ " ဣသံ ယာ သည် ငါ့ကိုအစွမ်းကုန်ကြဉ်ခြင်းကြီး ကြဉ်ပါပြီတကား " ဟု မိန်းမောမှ လဲသွားလေသည်။ ဗြဟ္မဒဏ်ခံရသူနှင့်အတူ သိလျှက် ရောနှောမှ မကြဉ်ရှောင်သူအား ဒုက္ခဋ္ဌသာတည်းဟုယူအပ်၏။ ဤသို့မယူလျှင် ဗြဟ္မဒဏ်အစီအရင် အကျိုးမရှိဟု တွေးတော ဘွယ်ရှိသောကြောင့်တည်း။ ဗြဟ္မဒဏ်ခံရသူသည် တဇ္ဇနီယ စသော ကံပြုခံရသူတို့ကဲ့သို့ကျင့်၍ ထိုထက်လွန်၍လည်း

သံဃာနှစ်သက်အောင် ကောင်းစွာကျင့်၍ ဝန်ချအံ့။ ဗြဟ္မဒဏ်ကို ငြိမ်းစေအပ်၏။)

[**ကမ္မလက္ခဏာ** ။ ။ ကမ္မလက္ခဏာဟူသည် ဘိက္ခုနိုက္ခန္ဓာ၌ ဘိက္ခုနိုတို့.ကို ရေဖြင့်လောင်းခြင်း၊ အင်္ဂါကြီးငယ်လှစ်ပြခြင်း စသည်တို့.ကြောင့် ဒုက္ခင်ဋ္ဌာပုပ္ပညတ်၍ ထိုရဟန်းအား ဒဏ်အမှုပြုခြင်းငါ ခွင့်ပြု၏။ ဘိက္ခုနီသံဃာသည် ထိုရဟန်းကို ရှိမခိုးအပ်သော ဒဏ်အမှုကိုပြုအပ်၏ဟု အဝိန္ဒိယက်ကို ခွင့်ပြု၏။ ထိုအဝန္ဒိယက်သည် ကမ္မလက္ခဏာသာဖြစ်၍ ဤအပလောကနက်၏ ဌာနဖြစ်သည်။ ထိုက်ကား ကမ္မသာလျှင် လက္ခဏာရှိ၏။ သြသာရဏာစသည်တို့.မရှိ။ ထို.ကြောင့် ကမ္မလက္ခဏာမည်၏။ ကံပြုပုံကို ထိုခန္ဓကဋ္ဌဆိုပြီးသော်လည်း ကံငြိမ်းခြင်းနှင့်တကွ ဤဋ္ဌအကျယ်ဆိုအံ့။

ဘိက္ခုနီကျောင်း၌ စည်းဝေးသောဘိက္ခုနီသံဃာ၏ အလိုဖြင့် ဗျတ္တာ ဘိက္ခုနီသည် "အရှင်မတို. ဤမည်သောအရှင်သည် ဘိက္ခုနီတို.အား မကြည်ညိုဖွယ်ကိုပြု၏။ ထိုအရှင်အား အဝိန္ဒိယက်ပြုခြင်းကို နှစ်သက်အပ်၏။ နှစ်သက် ပါသလောဟု ဘိက္ခုနီသံဃာကို အကျွန်ုပ်မေးပါ၏၊ ပန်ကြားပါ၏၊" ဟု သုံးကြိမ် ပန်ကြား၍ အပလောကနက်ဖြင့် အဝိန္ဒိယက်ကိုပြုအပ်၏။ ထိုအခါမှစ၍ ထိုရဟန်းကို ဘိက္ခုနီတို. ရှိမခိုးအပ်။

ထိုအခါ ရှက်နီးလှ၍ ကောင်းစွာကျင့်အံ့၊ ထိုရဟန်းသည် ဘိက္ခုနီတို.ကို သည်းခံစေအပ်ကုန်၏။ ဘိက္ခုနီကျောင်းသို.မသွားဘဲ ရဟန်းတို.၏ကျောင်း၌သာလျှင် သံဃာသို.၊ ဂဏသို.၊ ရဟန်းတစ်ပါးထံသို.ဖြစ်စေ ချဉ်းကပ်၍ ဆောင့်ကြောင့်ထိုင်လျှက် လက်အုပ်ချီ၍ "အရှင်ဘုရားတို.အကျွန်ုပ်သည် ပညာဖြင့်ဆင်ခြင်၍ နောင်စောင့်စည်းခြင်း၌ တည်ပါတော့မည်၊ မကြည်ညိုဖွယ်ကို မပြုတော့ပါ။ ဘိက္ခုနီသံဃာသည် အကျွန်ုပ်အား သည်းခံပါစေသတည်း" ဟု သည်းခံ

စေအပ်၏။ ထိုသံဃာသည် ထိုဂဏသည် ရဟန်းတစ်ပါးကို စေလွှတ်၍ ထိုရဟန်းတစ်ပါးသည် ကိုယ်တိုင်သွား၍ ဘိက္ခုနီတို့.ကို ဆိုအပ်၏။ " ဤရဟန်းသည် ဆင်ခြင်၍ နောင်စောင့်စည်းခြင်း၌ တည်ပြီ၊ အပြစ်ကိုပြော၍ ဘိက္ခုနီသံဃာကို သည်းခံစေပြီ ဘိက္ခုနီသံဃာသည် ဤရဟန်းကို ရှိခိုးခြင်းကို ပြုစေသတည်း" ဟုဆိုအပ်၏။

ထိုရဟန်းကို ရှိခိုးအပ်သည်ကိုပြုအပ်၏။ ပြုပုံကား – ဘိက္ခုနီကျောင်း၌ စည်းဝေးသောဘိက္ခုနီသံဃာ၏အလိုဖြင့် ဗျတ္တာ ဘိက္ခုနီသည် " အရှင်မတို. ဤမည်သောအရှင်သည် မကြည်ညိုဘွယ်ကိုပြခြင်းကြောင့် အဝိန္ဒိယဟု ဘိက္ခုနီသံဃာပြုထား၏။ ထိုအရှင်သည် ရှက်နိုး၍ ဆင်ခြင်၍ နောင်စောင့်စည်းခြင်း၌တည်လျက် အပြစ်ကိုပြောကြား၍ ဘိက္ခုနီသံဃာကို သည်းခံစေပြီ။ ထိုအရှင်အား ဝန္ဒိယကံပြုခြင်းကို နှစ်သက်ပါ၏။ နှစ်သက်ပါသလော၊ ဟု ဘိက္ခုနီသံဃာကိုမေးပါ၏။ ပန်ကြားပါ၏" ဟုသုံးကြိမ်ပန်ကြားအပ်၏။ ဤသို.အပလောကနကံဖြင့်သာလျှင် ဝိန္ဒိယပုဂ္ဂိုလ်ဟု ပြုအပ်၏။ ပါဠိမုတ္တာက ကမ္မလက္ခဏာ ဝိနိစ္ဆယကို ဖေါက်၌သီးခြားပြအံ့။ ဤသို.လျှင် အပလောကနကံသည် ငါးဌာနသို.ရောက်၏။]

(**ဒီဋ္ဌိ**။ ။ ဤအပလောကနကံ၏ ဌာနဖြစ်၏ဟူသည်) (ထိုအဝိန္ဒိယကံသည် ကမ္မလက္ခဏာသာဖြစ်၏။) ဤသို.လည်း အပလောကနကံသည် ဖြစ်၏ဟူသောအနက်တည်း။ ကမ္မသည်သာလျှင် လက္ခဏာဖြစ်သောကြောင့် ကမ္မလက္ခဏာမည်၏။ သြသာရဏာ၊ နိဿာရဏာ၊ ဘဏ္ဍာဂုကမ္မစသည်တို.ကဲ့သို. ကံဖြစ်၍ အမည်တပါးကိုရသည်မဟုတ်၊ ကမ္မမေဝ ဟုတ္တာ ဥပလက္ခီယတိတိ ကမ္မလက္ခဏံ၊ ကမ္မသာ ဖြစ်၍ မှတ်အပ်၏။ (၀၊) မှတ်အံ့ပ်သောကမ္မတည်း။ ဥပနိဿယနှင့်တူ၏။ ဟေတုပစ္စည်း စသော လက္ခဏာမှ လွတ်သမျှ

ပစ္စယဝိသေသအားလုံးကို ဥပနိဿယဟု ရေတွက်အပ်၏။ ဤသို့လည်း ကမ္မလက္ခဏာသာဖြစ်၍ အပလောကန ကံဖြစ်၏ ဟုဆိုအပ်၏။ ကမ္မလက္ခဏာတို့ကို အစ္ဆိန္နစီ၀ရ စသည်ကို့ဖြင့် ပြအပ်ကုန်၏။

သာဓု။ ။ ထို့အတူတည်း။

ဝိဒု။ ။ ဤအပလောကနကံ၏ ဌာနဖြစ်၏ဟူသည် အပလောကနကံသာမည၏ ဖြစ်ရာဌာနဖြစ်၏ဟူလို။ ဝိသေသ သီးခြားဖြင့် (အပလောကနကံ) မရှိသော်လည်း ထိုမှတပါး သောဌာနဌ မဖြစ်ခြင်းကိုပြခြင်းငါ ဝိသေသကိုမှီသော ကံကို ကဲ့သို့ ဆိုအပ်၏။ ကမ္မသည်သာလျှင် လက္ခဏာဟူသောစကား ဖြင့် ကမ္မညေ၀လက္ခဏံ အဿာတိ ကမ္မလက္ခဏံ - ဟု ဝိဂြိုဟ် ကိုပြ၏။ ဝိသေသသာမညလက္ခဏာစွမ်းဖြင့် ယူအပ်သောကံဖြစ် သောကြောင့်တည်း။ သြသာရဏစသည်စွမ်းဖြင့် ယူအပ်သည် မှ ကြွင်းသမျှဌာနတို့၏ကံသည် အပလောကနကံဖြစ်၏ဟု ဝိသေသ သာမညလက္ခဏာစွမ်းဖြင့်ယူသည်။ ဤဌာနသည် ဆိုအပ်သည်မှ ကြွင်းသောကံတို့၏ အဆုံးသတ်တည်ရာဌာန ဖြစ်၏။ သခ်ါရကွန္ဓာ၊ ဓမ္မာယတနတို့သည်မှ ကြွင်းသော ခန္ဓာ အာယတနတို့၏အဆုံးသတ်တည်ရာ ဌာနဖြစ်သကဲ့သို့ မှတ်အပ်၏။ ထို့ကြောင့် ပါဠိမုတ္တကကမ္မလက္ခဏ ဝိနိစ္ဆယကို ဆိုသည်။ အထက်ဥတ္တိုက်စသည်တို့၌လည်း ကမ္မလက္ခဏ ကို ဤအတူဆိုအပ်၏။ ရှိမခိုးအပ်ဟူသော စကားဖြင့် ရှိခိုး သော ဘိက္ခုနီအား ဒုက္ကဋ်ဟုပြသည် ဟူ၍ မှာအပ်၏။ သံဃာ သည် ပြုအပ်သော ကတိကဝတ်ကိုသိလျက် လွန်ကျူးခြင်း ကဲ့သို့ သံဃသမ္မုတိကို မရိုမသေ လွန်ကျူးသူအား အာပတ် သာတည်း။)

ဥတ္တိုက် ကိုးဌာနအကျယ်

[**သွင်းခြင်း** ။ ။ ဥတ္တိုက်ဌာနအပြား၌ သုဏာတု မေ ဘန္တေ သံဃော။ ဣဒေဝ ကိုယ်တော်ကြီး ဘုရားရှင်ကို ကိုးကွယ်ကြ၏။ ဣဒေဝ ဓမ္မာ ဓမ္မာ ဣဒေဝ သံဃော ဟု ကိုးကွယ်ကြ၏။ ဣဒေဝ ဓမ္မာ ဓမ္မာ ဣဒေဝ သံဃော ဟု ကိုးကွယ်ကြ၏။ ဣဒေဝ ဓမ္မာ ဓမ္မာ ဣဒေဝ သံဃော ဟု ကိုးကွယ်ကြ၏။]

(**ဓိဋ္ဌိ –သာဋ္ဌိ** ။ ။ဥတ္တိုက် ဌာနအပြားဟူသည် ဥတ္တိုက်၏ ဌာနအပြားတည်း။)

[**ထုတ်ခြင်း** ။ ။ သုဏန္တု မေ အာယသ္မန္တာ ။ အယံ ဣတ္ထန္နာ မော ဘိက္ခု ဓမ္မကထိကော၊ ဣမသ္မိံ နေဝသုတ္တံ အာဂစ္ဆတိ။ (ပ) ဣမံ အဓိကရဏံ ဥပသမေယျာမ – ဤသို့ ဥဗ္ဗာဟိက ဝိနိစ္ဆယ၌ ဝိနည်းမသိဘဲ သဒ္ဓါရိပ်ဖြင့် အနက်ထားသော ဓမ္မကထိကကို ထသွားစေခြင်းသည် နိဿာရဏမည်၏။

ဥပေါသထ ။ ။ (သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇုပေါသထော ပန္နရသော ။ ယဒိ သံဃသ္သ ပတ္တကလ္လံ၊ သံဃော ဥပေါသထံ ကရေယျ။ ဤသို့ ဥပုသ်ကံစွမ်းဖြင့်ထားသော ဥတ်သည် ဥပေါသထမည်၏။

ပဝါရဏာ ။ ။ သုဏာတု မေ ဘန္တေ သံဃော။ အဇ္ဇ ပဝါရဏာ ပန္နရသီ။ ယဒိ သံဃသ္သ ပတ္တကလ္လံ၊ သံဃော ပဝါရေယျ။ ဤသို့ ပဝါရဏာကံစွမ်းဖြင့် ထားသောဥတ်သည် ပဝါရဏာမည်၏။)

သမ္မုတိ ။ ။ သုဏာတု မေ ဘန္တေ သံဃော ။ ဣတ္ထန္နာ မော ဣတ္ထန္နာမသ္သ အာယသ္မတော ဥပသမ္ပဒါ ပေက္ခော။ ယဒိ သံဃသ္သ ပတ္တကလ္လံ၊ အဟံ ဣတ္ထန္နာမံ အနုသာသေယျံ၊

ယဒိသံဃသ ပတ္တကလ္လံ ဣတ္ထန္နာမံ အနုသာ သေယျ။ --- အန္တရာယဝိ
ကေ ဓမ္မေ ပုစ္ဆေယျံ။ --၊ ပုစ္ဆေယျ။ -- ဝိနယံ ပုစ္ဆေယျံ။ ပုစ္ဆေယျ
ဝိနယံ ပုဋ္ဌော ဝိဿဇ္ဇေယျံ။ ဝိဿဇ္ဇေယျ။ ဤသို့ မိမိကိုယ်တို
လည်းကောင်း၊ သူတပါးကိုလည်းကောင်း သမ္ဘတ်ခြင်းရှိကြားသော
ဉာတ်သည် သမ္မုတိမည်၏။

ပေးခြင်း ။ ။ သုဏာတု မေ ဘန္တေ သံဃော။ ဣဒံ စီဝရံ
ဣတ္ထန္နာမဿ ဘိက္ခုနော နိဿဋ္ဌိယ
သံဃဿ နိဿဋ္ဌံ။ ယဒိသံဃဿ ပတ္တကလ္လံ၊ သံဃော ဣမံ စီဝရံ
ဣတ္ထန္နာမဿ ဘိက္ခုနော ဒဒေယျ။ ယဒါ ယသ္မန္တာနံ ပတ္တ ကလ္လံ
အာယသ္မန္တာ ဣမံစီဝရံ ဣတ္ထန္နာမဿ ဘိက္ခုနော ဒဒေယျံ။ ဤသို့
စွန့်သော သင်္ကန်းသပိတ် စသည်တို့ကို ပေးခြင်းသည် ဒါနမည်၏။

ခံယူခြင်း။ ။ သုဏာတု မေ ဘန္တေ သံဃော အယံ
ဣတ္ထန္နာမော ဘိက္ခု အာပတ္တိံ သရတိ ဝိဝရတိ ဥတ္တာနီ ကရောတိ
ဒေသေတိ။ ယဒိ သံဃဿ ပတ္တ ကလ္လံ အဟံ ဣတ္ထန္နာမဿ ဘိက္ခုနော
အာပတ္တိံ ပဋိဂ္ဂဏှေယျံ။ ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ အဟံ ဣတ္ထန္နာမဿ
ဘိက္ခုနော အာပတ္တိံ ပဋိဂ္ဂဏှေယျံ။ ယဒါ ယသ္မန္တာနံ ပတ္တကလ္လံ အဟံ
ဣတ္ထန္နာမဿ ဘိက္ခုနော အာပတ္တံ ပဋိဂ္ဂဏှေယျံ ကေနဋ္ဌေ ဝေါ
ပဿသိတိ။ အပဿာမိတိ၊ အာယတိံ သံဝရေယျာ သီတိ။ -- ဤသို့
အာပတ်ကိုခံခြင်းသည် ပဋိဂ္ဂဟမည်၏။

ငင်ခြင်း ။ ။ သုဏန္တု မေ အာယသ္မန္တာ အာဝါသိကာ။
ယဒါယသ္မန္တာနံ ပတ္တကလ္လံ ၊ ဣဒါနိ ဥပေါ
သထံ ကရေယျာမ၊ ၊ ပါတိမောက္ခံ ဥद्दိသေယျာမ။ အာဝုသော ကာဠေ
ပဝါရေယျာမ။ -- တဖန်ခြင်းခုံလိုသူတို့နှောက်ယှက်ပြုနိုင်သောအခါ
– အာဝုသော ဇုရောပဝါရေယျာမ။ ဤသို့ပြုသောပဝါရဏာငင်ခြင်း သည်
ပစ္စုက္ကမနာမည်၏။

ကမ္မလက္ခဏာ ။ ။ သံယာအားလုံး တပေါင်းတည်းစည်ဝေးရှိ
စည်းဝေးပြီးသောအခါ ဗျတ္တ ပဋ္ဌိဗလဲရဟန်း
သည် သံယာကို သိစေအပ်၏။ သုဏာတု မေ ဘန္တေ သံဃော။ အမှာကံ
ဘဏ္ဍာနဇာတာနံ (၀) ။ ယဒိသံဃသ ပတ္တကလ္လံ၊ သံဃော ဣမံ
အဓိကရဏံ တိဏဝတ္ထာရကေန ဝူပသမေယျ ထပေတွာ ထုလ္လဝဇ္ဇံ
ထပေတွာ ဂိဟိပဋိသံယုတ္တံ။ ဤသို့ တိဏဝတ္ထာရက သမထဖြင့်
ပြုလိုရှိ ရှေးဦးစွာထားသော သဗ္ဗသင်္ဂါဟိကဥာတ်သည် ကမ္မလက္ခဏာ
မည်၏။ ထို့နောက် တစ်ခုတစ်ခုသော ပက္ခဋ္ဌတစ်ခုစီပြုသော ဥာတ်နှစ်ခု
တို့လည်း ကမ္မလက္ခဏာတည်း။ ဤသို့ ဥတ္တိကံသည် သွင်းခြင်း ထုတ်ခြင်း
စသော ကိုးဌာနသို့ရောက်၏။]

ဥတ္တိဒုတိယကံ ခုနစ်ဌာနအကျယ်

[**ထုတ်၊ သွင်း** ။ ။ ဥတ္တိဒုတိယကံ ဌာနအပြား၌
ဝမ္မလိစ္ဆဝီအား သပိတ်မှောက်ခြင်းသည် နိဿရဏာ။ ထိုဝမ္မအား
သာလျှင် သပိတ်လှန်ခြင်းသည် သြသာရဏာမည်၏။

သမ္မုတိ ။ ။ သိမ်သမုတ်ခြင်း၊ တိစီဝရိုက်အဝိပ္ပါ၀ါသ
သမုတ်ခြင်း၊ သန္ဓကသံမ္မုတိ၊ ဘတ္တုဒ္ဒေသက၊
(၀) သာမဏေရပေသနဟူသော တေရသသမ္မုတိ။ ဤသမ္မုတိ တို့၏
အစွမ်းဖြင့် သမ္မုတိကိုသိအပ်၏။

ပေးခြင်း။ ။ ကထိန်သင်္ကန်းပေးခြင်း၊ မတကစီဝရ
ပေးခြင်းအစွမ်းဖြင့် ဒါနကိုသိအပ်၏။

နှုတ်ခြင်း ။ ။ ကထိန်နှုတ်ခြင်းဖြင့် ဥဒ္ဓါရကိုသိအပ်၏။

ပြောကြားခြင်း ။ ။ ကုဋ္ဌိဝတ္ထု၊ ဝိဟာရဝတ္ထုနေရာ ပြောကြားခြင်း အစွမ်းဖြင့် ဒေသနာ ကိုသိအပ်၏။

ကမ္မလက္ခဏာ ။ ။ တိဏဝတ္ထာရက သမထ၌ သဗ္ဗ သင်္ခါဟိကဥာတ်လည်းကောင်း၊ တစ်ပက္ခ တစ်ဥာတ်စီလည်းကောင်း၊ ဤသို့သုံးခုသောဥာတ်တို့ကို ထားပြီးသောအခါ တဖန်တစ်ပက္ခ တစ်ခုစီ ဥတ္တိဒုတိယကမ္မဝါစာကို ဟောအ၏။ ထိုကမ္မဝါစာ၏အစွမ်းဖြင့် ကမ္မလက္ခဏာကို သိအပ်၏။ ဤသို့ ဥတ္တိဒုတိယကံသည် ခုနစ်ဌာနတို့သို့ရောက်၏။]

ဥတ္တိစတုတ္ထကံ ခုနစ်ဌာနအကျယ်

[**ထုတ်၊သွင်း** ။။ ဥတ္တိစတုတ္ထကံဌာနအပြား၌ တဇုနီယ နိဿဟရဏာ၊ ထိုကံတို့၏ ငြိမ်းခြင်းဖြင့် ဩသာရဏာကို သိအပ်၏။

သမ္မုတိ ။ ။ ဘိက္ခုနောဝါဒက သမ္မုတိစွမ်းဖြင့် သမ္မုတိ ကိုသိအပ်၏။

ပေးခြင်း ။ ။ ပရိဝါသ်ပေးခြင်း၊ မာနတ်ပေးခြင်းဖြင့် ဒါနကိုသိအပ်၏။

နှိပ်ခြင်း ။ ။ မူလာယ ပဋိကဿနစွမ်းဖြင့် နိဂ္ဂဟကို သိအပ်၏။

ဆုံးမခြင်း။ ။ ဥက္ခိတ္တာနုဝတ္တက၊ အဋ္ဌယာဝတတိယက၊ အရိဋ္ဌ၊ စက္ကာကဋ္ဌ- ဤယာဝတတိယက ၁၁-

ယောက်တို့အား သုံးကြိမ်ဆုံးမခြင်းဖြင့် သမနုဘာသနာကို သိအပ်၏။

ကမ္မလက္ခဏာ ။ ။ဥပသမ္ပဒက်၊ အဇ္ဈာနက်စွမ်းဖြင့် ကမ္မလက္ခဏာကိုသိအပ်၏။ ဤသို့ ဥတ္တိစတုတ္ထကံသည် ခုနစ်ဌာနသို့ရောက်၏။

ကံနှင့်ကံပြုသူ ။ ။ (**ဒီဋီ**။ ။ဤဆိုလတ္တံ့ကား ပတိဏ္ဍာကတည်း။ သံဃာ့ကံသည်ရှိ၏။ သံဃာသာပြုသည်။ ဂဏပုဂ္ဂလမပြု။ ထိုကံကို အပလောကနကံ၏ ကမ္မလက္ခဏာ တစ်စိတ်တစ်ဒေသကိုဖယ်၍ ထိုမှတပါးသော လေးပါးပြားသော ကံကိုသိအပ်၏။

သံဃာ့ကံသည်ရှိ၏။ သံဃာလည်းပြုသည်။ ဂဏ၊ ပုဂ္ဂလလည်းပြုသည်။ ထိုကံကိုအကြင်ကျောင်း၌ နှစ်ပါးသုံးပါးနေကုန်၏။ ထိုနှစ်ပါးသုံးပါးတို့ပြုသောကံသည်လည်း သံဃာပြုသောကံနှင့် တူသည်သာတည်း။ ရဟန်းတစ်ပါးတည်းနေအံ့။ ထိုရဟန်းသည် စသည်ဖြင့်ဆိုအပ်ပြီ။

(ပါဠိမုတ္တကကမ္မ လက္ခဏာ ဝိနိစ္ဆယ၌မြင်ရလတ္တံ့။)

ဂဏကံသည်ရှိ၏။ သံဃာလည်းပြုသည်။ ဂဏပုဂ္ဂလလည်းပြုသည်။ ထိုကံကိုဥပသမ်ပြုပြီးသော ပဝါရဏာပြုပြီးသော သူတပါးတို့ထံ၌ပြုသော ပါရိသုဒ္ဓိဥပသမ်ကံစွမ်းဖြင့် သိအပ်၏။

ဂဏကံသည်ရှိ၏။ ဂဏသာပြုသည်။ သံဃပုဂ္ဂလမပြု။ ထိုကံကိုအချင်းချင်းပြောကြားသော ပါရိသုဒ္ဓိဥပသမ်ကံစွမ်းဖြင့်သိအပ်၏။

ပုဂ္ဂလကံသည်ရှိ၏။ ပုဂ္ဂလသာပြုသည်၊ သံဃ၊ ဂဏ

မပြု။ ထိုက်ကိုအဓိဋ္ဌာန် ဥပုသ်ကံစွမ်းဖြင့် သိအပ်၏။

ကဏာကံသည်ရှိ၏။ အချို့ဂဏာသာပြုသည်။ အချို့ဂဏာမပြု။ ထိုတွင်ဥတ်မရှိသော ဂဏာကံကို နှစ်ပါးသာပြုသည်။ သုံးပါးမပြု။ ဥတ်ရှိသောကံကို သုံးပါးသာပြုသည်။ ထိုထက်အယုတ်အလွန်မပြုရ။)

ကံဌာန ဝိနိစ္ဆယပြီး၏။

ပါဋိမုတ္တက ကမ္မလက္ခဏာ ဝိနိစ္ဆယ

[**ပန်ရာဌာန** ။ ။ ဤသို့ဆိုလတ္တံ့ကား ပါဋိတော်မှလွတ်သော ကမ္မလက္ခဏ ဝိနိစ္ဆယတည်း။ ဤကမ္မလက္ခဏမည်သည်ကို ဘိက္ခုနိုသံ်ယာကို အကြောင်းပြု၍ ပဉ္စတ်သော်လည်း ဘိက္ခုသ်ယာအား လည်း ဤကမ္မလက္ခဏာကိုရအပ်သည်သာတည်း။ ရပုံကား ဘိက္ခုသ်ယာသည် သလာကဂ္ဂ – စာရေးတံ ယူရာအရပ်၊ ယာဂဂ္ဂ – ယာဂုယူရာအရပ်၊ ဘတ္တဂ္ဂ – ထမင်းယူရာအရပ်၊ ဥပေါသထဂ္ဂ– ဥပုသ်ပြုရာသိမ် စသည်တို့၌ အကြင် အပလောကနကံကိုပြု၏။ ထိုအပလောကနကံသည် ကမ္မလက္ခဏာသာတည်း။]

(**ဝိဋ္ဌ** – အဝိနှိယကံကို ဥပလက္ခဏာမျှဖြင့်ယူအပ်သောကြောင့်၊ ဘိက္ခုသ်ယာအားလည်း ဤကမ္မလက္ခဏာကို ရအပ်သည်သာတည်း။ စာရေးတံပေးရာဌာနသည် သလာကဂ္ဂမည်၏။ ယာဂုထမင်းတို့ကို ဝေဘန်ရာဌာနတို့သည် ယာဂဂ္ဂ၊ ဘတ္တဂ္ဂတို့မည်ကုန်၏။ ဤသို့သောနေရာတို့၌သော်လည်း အလုံးစုံသောသ်ယာသည် ဥပုသ်ပြုရာ၌ကဲ့သို့ စည်းဝေး၍ပြုအံ့။ ဝံသည်လည်းဝဂ္ဂကံမဖြစ်။ " ငါတို့မသိပါတကား " ဟု နောင်ကဲ့ရဲ့သူတို့သည်လည်း မရှိကုန်။ ခဏ္ဍာသိမ်၌ပြုလျှင်

ကား ကဲ့ရဲ့ကုန်၏။ သံဃာကပစ္စည်းကို သက်နှိုးခိုးသူ လုသူ စသည်တို့အားပေးခြင်းငါ ပန်ကြားလိုသူတို့သည် ဥပစာရ သိမ်ဥ် တည်သောသူအားလုံးတို့၏ အလိုကိုယူ၍သာ ပြုအပ်၏။ ဓမ္မိက အပလောကနကို တားမြစ်တတ်သော ဝိသဘာဂပုဂ္ဂိုလ်ကိုကား အကြောင်းရှာ၍ ဥပစာရသိမ်ပြင်ပသို့ ရောက်အောင်ပြု၍လည်းကောင်း၊ ခဏ္ဍာသိမ်သို့သွင်းထား၍ လည်းကောင်း ပြုခြင်းငါအပ်၏။ ၄င်းကိုရည်၍ အပလောကန ကမ္မံကရောတိဟူသော သာမညအားဖြင့် ပြတော်မူသည်။)

[၁ – **အစ္ဆိန္နစီဝရာဒီ** ။ ။ အစ္ဆိန္နစီဝရ – သက်နှိုးခိုးသူ၊ အလုခံရသူ၊ ဇိဏ္ဏစီဝရာ– ဆွေးသော သက်နှိုးရှိသူ၊ နဋ္ဌစီဝရ၊ သက်နှိုးပျောက်သူတို့အား သံဃာကိုစည်းဝေးစေ၍ ဗျတ္တရဟန်းသည် သုံးကြိမ်ပန်ကြား၍ အပလောကနကံပြု၍ သက်နှိုးကိုပေးခြင်းငါအပ်၏။]

(**ဒီဠီ၊ သာဠီ**။ ။ ကမ္မလက္ခဏကိုပြခြင်းငါ အစ္ဆိန္နစီဝရ စသည်ကိုဆိုသည်။

ဝိဠီ။ ။ အပလောကနကံကို သရုပ်အားဖြင့်ပြခြင်းငါ အစ္ဆိန္နစီဝရစသည်ကိုဆိုသည်။)

[၂။ **အပ္ပမတ္တကဝိဿဇ္ဇက** ။ ။ အနည်းငယ်ကိုစွန့်သော ရဟန်းသည် သက်နှိုးချုပ်သူအား သေနာသနကွန်ရက်အဖွင့်ဆိုပြီးသော အပြားရှိကုန်သော အပ်စသည်တို့ကို မပန်ကြားမူ၍လည်း ပေးအပ်၏။ အနည်းငယ်တို့ကို ပေးခြင်းဌ ထိုရဟန်းသာလျှင် အစိုးရ၏။ ထိုထက် အလွန်ပေးလျှင် ပန်ကြား၍ ပေးအပ်၏။ ထိုထက်အလွန်ပေးခြင်းဌ သံဃာသည်

အစိုးရ၏။]

(**ဓီဋ္ဌိ**။ ။ ကိုထက်အလွန်ပေးလိုလျှင် ပန်ကြား၍ ပေးအပ်၏ဟုဆိုအပ်သော အပလောကနသည် ကမ္မလက္ခဏာ သာတည်း။ ဧဝံ သဗ္ဗတ္ထလက္ခဏံ ဝေဒိတဗ္ဗံ။

ဝိဋ္ဌိ။ ။ အကယ်၍ ပန်ကြား၍သာ သင်္ကန်းကို ပေးအပ်သည်ဖြစ်အံ့ အပပမတ္တက ဝိသဇ္ဇကဏ်သမ္မုတိဌ် အဘယ်သို့ပြုရမည်နည်းဟုမေးဘွယ်ရှိသောကြောင့် အနည်း ငယ်ကိုစွန့်သောရဟန်းသည် စသည်ကိုဆို၏။)

[၃။ **ဂိလာနဘေသဇ္ဇ** ။ ။ ဂိလာနဘေသဇ္ဇကိုလည်း ထိုသေနာသနက္ခန္ဓကဌ်ဆိုအပ်သော အပြားရှိသော ဆေးကို ကိုယ်တိုင်သာပေးအပ်၏။ အလွန်အလိုရှိသူအား ပန်ကြား၍ပေးအပ်၏။ ဒုဗ္ဗလ - အားနည်းသောသူ၊ ဆိန္နိရိယာပထ - ပြတ်သောဥာဏရိယာပုထ်ရှိသူ - ဝါ - ကိုယ်လက်သေသူ၊ ပစ္ဆိန္နဘိက္ခာစာရပထ- ဆွမ်းခံမသွားနိုင်သူ - ဟူသော မဟာဂိလာနအား မဟာအာဝါသဟို့ဌ်ရှိသော တတြုပ္ပါဒမှ နေ့တိုင်း နာဠိ - ဆန်တစ်စလယ်ကိုလည်းကောင်း၊ ထက်ဝက်ကိုလည်းကောင်း၊ တစ်ဇနေ့တည်းဌ်သာလျှင် ငါးစလယ်၊ ဆယ်စလယ်ကိုလည်းကောင်း ပေးလိုလျှင် အပလောကနကံကိုပြု၍သာ ပေးအပ်၏။]

(**ဝိဋ္ဌိ**။ ။ တစ်စလယ်၊ ထက်ဝက်ဟူသည် နေ့တိုင်း နေ့တိုင်း ပန်ကြား၍ပေးအပ်သော ပမာဏကိုပြုခြင်းတည်း။ ထိုစကားဖြင့် မျှလောက်ရုံကိုသာ ပန်ကြားအပ်၏။ အလွန်ကို မပန်ကြားအပ်ဟုပြသည်။ (ပန်ကြားခြင်းငှာပင်မအပ်ဟူလို) တစ်နေ့တည်းဌ်သာလျှင် စသည်သည် ဆယ်ရက်၊ ရက် ၂၀ အတွက် တစ်နေ့တည်းပေးအပ်သော အပိုင်းအခြားကိုပြုခြင်း

တည်း။ ထိုစကားဖြင့် တစ်သက်လုံးအတွက် ရောဂါ ပျောက်သည်တိုင်အောင်အတွက်လည်းကောင်း ပန်ကြားခြင်းငါ မအပ်ဟုပြသည်။)

[၄ – **ပေသလစသည်**။။ ပေသလ – ချစ်သောသီလရှိသော လဇ္ဇီရဟန်း၏အတွက် ကြောင့်ကြ အပ်သော ကြွေးမြီကိုလည်း တတ္တြပ္ပါဒမှ ပန်ကြား၍ပေးခြင်းငါအပ်၏။ သံဃာ့ဝန်ဆောင်သော ဗဟုသုတရဟန်းအား မဂ္ဂစေအပ်သောကျောင်း ကိုလည်းကောင်း၊ သံဃာ့ကိစ္စကိုပြုသောကပ္ပိယကာရကစသည် တို့အား ထမင်းရိက္ခာကိုလည်းကောင်း၊ ပန်ကြား၍ပေးခြင်းငါအပ်၏။]

(**ဒီဋ္ဌိ ၊ သာဋ္ဌိ**။။ ဣဏသည်သာလျှင် ပလိဗောဓ ဖြစ်၏။ ထိုသို့သော လဇ္ဇီပေသလရဟန်းကို ကြွေးရှင်တို့သည် နှောက်ယှက်ကုန်အံ့။ တတ္တြပ္ပါဒမှသော်လည်း ထိုရဟန်း၏ ကြွေးမြီကို သုတ်သင်ခြင်းငါအပ်၏။

ဝိဋ္ဌိ။ ။ ဣဏပလိဗောဓဟူသည် ဣဏဝတ္ထုကို ပေးခြင်းငါအပ်၏ဟု သမ္မန်အပ်၏။ ထိုကိုလည်း ကြွေးရှင်တို့ နှောက်ယှက်အပ်သော လဇ္ဇီပေသလဖြစ်၍ သာသနာ၌ ကျေးဇူး များသူဖြစ်အံ့၊ ပမာဏသင့်ရုံကိုသာ ကပ္ပိယဘဏ္ဍာကို မှတ်သား၍ ပန်ကြား၍ပေးအပ်၏။ ထောင်၊သောင်း၊ သိန်း ဟူသော မဟာဣဏကိုကား ဤသို့မပေးအပ်၊ ဆွမ်းခံသွားသော ကျင့်ဝတ်ဖြင့် ရဟန်းအားလုံး ထိုရဟန်းအားရှာဖွေ၍ ပေးအပ်၏။)

[၅ – **ပစ္စည်းလေးပါးစွမ်း** ။ ။ ပစ္စည်းလေးပါးစွမ်းဖြင့်လျှော သော တတ္တြပ္ပါဒမှ သံဃိက အာဝါသကို ပြုပြင်စေခြင်းငါအပ်၏။ ဤရဟန်းသည် အစိုးတရ

စီမံသည်ဟု မပြောနိုင်စေခြင်းငှါ စာရေးတံယူရာစသည်တို့၌ လည်းကောင်း၊ အန္တရသန္ဓိပါတ – အကြားအစည်းအဝေး၌လည်းကောင်း၊ သံဃာကို ပန်ကြားရ၍သာ သုတ်သင်စေအပ်၏။ သင်္ကန်းဆွမ်းအလို့ငှါလျှူသော တတ္တြပွါဒမှလည်း ပန်ကြား၍ အာဝါသကို ပြုပြင်စေအပ်၏။ မပန်ကြားသော်လည်း အပ်၏။ အပ်သော်လည်း " ဤရဟန်းသည် ရဲရင့်လေစွ၊ သင်္ကန်းဆွမ်းအတွက် လျှူသောပစ္စည်းမှ အာဝါသကိုပြုပြင်စေသည် " ဟု မပြောနိုင်စေခြင်းငှါ အပလောကနက်ကိုသာပြု၍ သုတ်သင်စေအပ်၏။]

(**ဓီဋ္ဌိ**။ ။ အကြားအစည်းအဝေးဟူသည် ဥပုသ်ပဝါရဏာ စသော မဟာသန္ဓိပါတကိုဖယ်ထား၍ အကြား၌ မဂ်လာပွဲစသော သန္ဓိပါတဖြစ်၏။)

[၆ – **စေတီပြုပြင်ခြင်း**။ ။ စေတီတော်၌ ဆတွာ၊ ထီးကို လည်းကောင်း၊ ဝေဒိက – ပန်းတင်ကိုလည်းကောင်း၊ (ပွတ်တိုင်၊ ပစ္စယာ၊ စိန်ဘောင် စသည်လည်းခေါ်သည်။) ဗောဓိဃရံ – ဗောဓိအိမ်ကိုလည်းကောင်း၊ အာသနဃရ – ဆင်းတုကျောင်းကိုလည်းကောင်း၊ မပြုသေးသည်ကို အသစ်ပြုလိုသော့ရဟန်း၊ ဟောင်းမြင်းသည်ကိုပြုပြင်လိုသောရဟန်း၊ အင်္ဂတေအမှုပြုလိုသောရဟန်းတို့သည် လူတို့ကိုနှိုးဆော်၍ ပြုခြင်းငှါ အပ်၏။ ပြုသူမရှိအံ့ စေတီ၏ ဥပနိက္ခေပ – စေတီပြုပြင်ရန်ထားသော ဘဏ္ဍာမှပြုစေအပ်၏။ ဥပနိက္ခေပ ဘဏ္ဍာမရှိလျှင် အပလောကနက်ပြု၍ တတ္တြပွါဒမှ ပြုစေအပ်၏။ သံဃိကပစ္စည်းဖြင့်သော်လည်း ပြုစေအပ်၏။ သံဃိကပစ္စည်းဖြင့် ပန်ကြား၍ စေတီကိစ္စကိုပြုခြင်းငှါအပ်၏။ စေတီ၏ဥစ္စာဖြင့်ပန်ကြား၍သော်လည်း သံဃိကကိစ္စကိုပြုခြင်းငှါ မအပ်။ တစ်ခဏမျှသော်ကားယူ၍ ပကတိပြန်ဆပ်ခြင်းကို ပြုခြင်းငှါအပ်၏။ စေတီ၌ အင်္ဂတေလိမ်းကျံမှု စသည်ကိုပြုလုပ်သူတို့သည်

ဆွမ်းခံစားခြင်းဖြင့်လည်းကောင်း၊ သံဃာမှမျှလောက်ရုံစားခြင်းဖြင့်လည်းကောင်း၊ မရလျှင်စေတီယသန္တကမှ မျှလောက်ရုံမျှ ယူစားခြင်းဖြင့်လည်းကောင်း၊ ဝတ်ကိုပြုခြင်းငါအပ်၏။ " ငါတို့သည် စေတီဝတ်ပြုသူတို့တည်း " ဟု ငါးအမဲစသည်တို့ဖြင့် သံဃာတော် – ဆွမ်းကျွေးပွဲပြုခြင်းငါမအပ်။]

(**ဒီဋ္ဌိ**။ ။ ဥပနိက္ခေပဟူသည် စေတီ၏ပျက်စီးခြင်းဘေးရန်အတွက် ပြုပြင်ရန်ထားသော ဘဏ္ဍာဖြစ်၏။

သာဋ္ဌိ။ ။ ဝေဒိကာသည် စေတီ၏အထက်ဌ် စတုရဿစယ – လေးထောင့်အကျည်ဖြစ်၏။ ဆတ္တဟူသည် ထိုဝေဒိကာ၏ အထက်ဌ် အတွင်းအတွင်းပြလျက်ပြုထားသော အဂ္ဂစယ – ထွဋ်ဖျား အကျည်ဖြစ်၏။ (သီဟိုဠ်စေတီပုံတည်း။ ဥပနိက္ခေပ ဟူသည် စေတီနဝကမ္မ – အမှုသစ်အကျိုး၏ငါထားသော ဘဏ္ဍာဖြစ်၏။ စေတိယသန္တကဟူလို ။

ဝိဋ္ဌိ။ ။ ဥပနိက္ခေပဟူသည် စေတီကိုပြုပြင်ခြင်းငါ အတိုးအပွားယှဉ်စေလျက် ကပ္ပိယကာရကတို့သည် ထားအပ်သောဘဏ္ဍာဖြစ်၏။ သံဃိကပစ္စည်းဖြင့်သော်လည်းဟူသည် သက်သက်တကြွပ္ပါဒမှသာမဟုတ်၊ ပစ္စည်းလေးပါးအလို့ငါ သံဃာအားလှူထားသော ဘဏ္ဍာဖြင့်သော်လည်း ပြုစေအပ်၏ ဟူလို။ သံဃာတော်ပြုခြင်းငါ မအပ်ဟူသည် အလှူကြီးလှူသူတို့ပြုသော သံဃာတော်ကဲ့သို့ ပြုစေခြင်းငါ မအပ်ဟူလို။)

[၇ – **အသီးပင်ပန်ကြားပုံ** ။ ။ ကျောင်းဌ်စိုက်ပျိုးသော အသီးဝန်ဆောင်သောသစ်ပင်တို့ကို သံဃာသည် စောင့်ရှောက်ထိန်းသိမ်းလျက် ပြုပြင်ကုန်အံ့။

အသီးတို့ကို ကျောက်စည်ခေါင်းလောင်းထိုးခတ်၍ ပေးဝေနှုတ်ဆက်သုံးဆောင်ကုန်အံ့။ ထိုသစ်ပင်တို့၌ အပလောကနက်ကိုမပြုအပ်။ ပဝိသီးဆည်းအပ်သော သစ်ပင်တို့၌ကား အပလောကနက်ကိုပြုအပ်၏။ ထိုအပလောကနက်ကို သလာကဂ္ဂ၊ ယာဂဂ္ဂ၊ ဘတ္တာဂ္ဂ အကြားမခစည်း အဝေး – အန္တရသန္ဓိပါတတို့၌လည်း ပြုခြင်းငါအပ်၏။ ဥပသိပ္ပြုရာ၌ကား အပ်သည်သာတည်း။ မလာသူကို့၏ ဆန္ဒပါရိသဒ္ဓိကို သုံးဆောင်အပ်ပြီးဖြစ်၍ သုတ်သင်လွယ်၏။ ပြုပုံကား – ဗုဒ္ဓရုပ်နှုန်းသည် ဘိက္ခုသံဃာ၏အလိုဖြင့် – " အရှင်ဘုရားတို့ ဤကျောင်း၌ ကျောင်းဝိုင်းဥပစာရသိမ်အတွင်း၌ သံဃာ၏ဥစ္စာဖြစ်သော အမြှစ်၊ အခေါက်၊ အရွက်၊ အညွှန့်၊ အပွင့်၊ အသီးခဲဘွယ်စသည်သည် ရှိ၏။ ထိုအလုံးစုံကို လာလာသမျှ ရဟန်းဟို့အား ချမ်းသာသည့်အလျောက်၊ ဝါ – အလိုရှိတိုင်းသုံးဆောင်ခြင်းငါ နှစ်သက်အပ်၏။ နှစ်သက်ပါသလော ၊ သံဃာကိုပန်ကြားပါ၏ "ဟု သုံးကြိမ်ပန်ကြားအပ်၏။ လေးပါးငါးပါးကိုပြုလျှင် – သု – ကတ သာဖြစ်၏။ နှစ်ပါးသုံးပါးနေသောကျောင်းဖြစ်အံ့၊ ထိုနှစ်ပါးသုံးပါးထိုင်၍ ပြုလျှင်လည်း သံဃာပြုသည်နှင့်တူသည်သာတည်း။ တစ်ပါးတည်းနေအံ့၊ လိုရဟန်းသည် ဥပသိပ္ပနေ့၌ ပုဗ္ဗကရဏပုဗ္ဗကိစ္စပြု၍ ထိုင်၍ပြုသော ကတိကဝတ်သည်လည်း သံဃာပြုသော ကတိကဝတ်နှင့်တူသည်သာတည်း။ ပြုသောအခါ သီးခိုက်တစ်ကြိမ်ပြုခြင်းငါလည်းကောင်း၊ ခေါ်ခြောက်လ၊ တစ်နှစ်ဟုပိုင်းခြား၍လည်းကောင်း၊ မပိုင်းခြားမူ၍လည်းကောင်း၊ ပြုခြင်းငါအပ်၏။ ပိုင်းခြား၍ပြုလျှင် ပိုင်းခြားသော အတိုင်း သုံးဆောင်၍ တဖန်ပြုအပ်၏။ မပိုင်းခြားလျှင် သစ်ပင်တို့တည်ရှိသမျှ ကာလပတ်လုံး အပ်သည်သာတည်း။ ထိုသစ်ပင်တို့အား မျိုးစေ့တို့ဖြင့် စိုက်ပျိုးသော တပါးသောသစ်ပင်တို့အားလည်း ထိုကတိကဝတ်သာတည်း။ တပါးသော ကျောင်း၌စိုက်ပျိုးလုံ့လအံ့။ ထိုသစ်ပင်တို့၏ ပေါက်ရောက်ရာကျောင်းကိုကပ်၍ရှိသောသံဃာသည်

ထိုသစ်ပင်တို့.ကို အစိုးရ၏။]

(**ဝိဇ္ဇီ**။ ။ အလိုရှိတိုင်းသုံးဆောင်ခြင်းငှါ နှစ်သက်အပ်၏ဟုဆိုခြင်းကြောင့်၊ မိမိသုံးလောက်ရုံ နည်းသော် လည်းကောင်း များသော်လည်းကောင်းယူအပ်၏။ သုံးလောက်ရုံထက်အပိုကို ယူခြင်းငှါမရ။ ဥပုသ်နေ.ဌ်ဟူသည် ညွှန်ပြရုံမျှတည်း။ အမှတ်မရှိ တစ်နေ.နေ.ဌ်လည်းပြုလျှင် သု– ကတသာတည်း။ ပြုသော အခါ –"ဤကျောင်းဌ် ကျောင်းဝိုင်းဥပစာရသိမ်အတွင်းဌ် သံဃာ၏ ဥစ္စာဖြစ်သောအမြစ်၊ အခေါက် (၀)အလိုရှိတိုင်း သုံးဆောင်ခြင်းငှါ ငါသည် နှစ်သက်အပ်၏–ဤသို့.ကတိကဝတ်ကိုပြုအပ်၏။.နှစ်ပါးသုံးပါးတို့.သည်လည်း အရှင်တို့.သည် နှစ်သက်အပ်၏ဟုဆိုခြင်းမျှထူး၏။ တပါးသောသစ်ပင်တို့.အား လည်း ထိုကတိကဝတ်သာတည်း ဟူသည် သီးခြားကတိကဝတ်မပြုအပ်ဟူလို။)

[၈ – **သီးခြားကတိကဝတ်** ။ ။ ဤအရပ်တပါးမှ မျိုးစေ့တို့.ကို ယူလာ၍ ရှေးကျောင်းအတွင်းဌ် နောက်မှစိုက်သော သစ်ပင်တို့.ဌ်ကား သီးခြား ကတိကဝတ်တပါးပြုအပ်၏။ ကဝိကဝတ်ပြုပြီးလျှင် ပုဂ္ဂလိကအရာဌ်တည်ကုန်၏။ အပိုရှိတိုင်း အသီးစသည်တို့.ကိုသုံးဆောင်ခြင်းငှါအပ်၏။]

(**ဖိဇ္ဇီ**။ ။ သီးခြားကတိကဝတ်ဟူသည် ရှေးသစ်ပင်ကို.ကိုရည်၍ ရှေးဌ်ပြုထားသော ကတိကဝတ်မှတပါးသီးခြားကတိကဝတ်တည်း။

သာဇ္ဇီ။ ။သီးခြားကတိကဝတ်ဟူသည်ကို ရှေးကတိကဝတ်ဖြင့် မရေတွက်အပ်သောကြောင့်ဆိုသည်။

ဝိဋ္ဌိ။ ။ ရှေးကျောင်းအတွင်းဌိတ္ထသည် အလိုရှိတိုင်း သုံးဆောင်ခြင်းငါပြုသော ကတိကဝတ်ရှိသော ကျောင်းဖြစ်၏။)

[၉- **မြေဆီခဆယ်ဘို့တဘို့။** ။ဤသံယိကကျောင်း ဝိုင်းအတွင်းဌိ ၁၃ ထိုနေရာကိုကာရံ၍ ပရိဝေဏ - ကျောင်းငယ် ကဲငယ်တို့ကို ပြု၍ စောင့်ရှောက်ကုန်အံ့။ ထိုရဟန်းတို့၏ ပုဂ္ဂလိကအရာ တည်၏။ တပါးသောရဟန်းများ သုံးဆောင်ခွင့်မရကုန် ထိုပုဂ္ဂလိကအရာဌိတည်သောရဟန်းတို့သည် သံဃာအား ဒသဘာဂ ဆယ်ဘို့တဘို့ပေး၍ သုံးဆောင်အပ်၏။ ကျောင်း အလယ်ဌိရှိသောသစ်ပင်ကို သစ်ခက်တို့ဖြင့် ကာရံ၍ စောင့်သောရဟန်းအားလည်း ဗဒေဝနယော။]

(**သာဓု။** ။ ဒသဘာဂဟူသည် ဒသမဘာဂ ဆယ်ခုမြောက်တစ်ဘို့ဖြစ်။

ဝိဋ္ဌိ။ ။ ပရိဝေဏတို့ကိုပြု၍စသည်ကို ဗဒေဝ ရှောက်သောအကြင်ကျောင်းဌိ သစ်သီးကြီး၊ သစ်တို့သည် လည်းကောင်း၊ သစ်ပင်တို့သည်လည်းကောင်း၊ ပျက်စီး ကုန်၏။ ထိုသို့သောကျောင်းကိုရည်ဆိုသည်။ ထိုကျောင်း သံဃာ၏ ကတိကဝတ်သည်မဖြစ်ဟူသော အဓိပ္ပါယ်တည်း။ မျိုးစေ့တို့ကိုစိုက်ပျိုး၍ အစကတည်းကအောင့်ရှောက်အပ်သော သစ်ပင်တို့ဖြစ်ကုန်အံ့။ ထိုသစ်ပင်တို့မှလည်း ဒသ[illegible] ပေး၍ စိုက်ပျိုးသူတို့သာ သုံးဆောင်အပ်ကုန်၏။)

[၁၀ - **လဗ္ဘီတို့၏ကျောင်းဟောင်း** ။ ။ရှေးကျောင်းသို့ကြွ သွားသော အ[illegible] ပြုအပ်သောရဟန်းအား " မထေရ်မြတ်ကြွလာသည်" [illegible]

ကြီးငယ်ဆောင်ပို့ကုန်အုံ့။ ထိုကျောင်းဌ အစကတည်းက ပရိယတ္တိရေ ဗဟုသုတရဟန်း နေဘူးပြီးဖြစ်အုံ့။ "ဤကျောင်းဌ ကြာမြင့်စွာသော ကတိကဝတ်ကို ပြုထားပေးလတ္တံ့" ဟု ကုက္ကုစ္စကင်းလျက် သုံးဆောင်အပ်၏။ ကျောင်းဖြစ် – သစ်သီး ကြီးငယ်တို့သည် ဓုတင်ဆောင်တို့အား သော်လည်းအပ်၏။ ပိဏ္ဍပါတ်ဓုတင်ကို မပျက်စေနိုင်။ သာမဏေတို့သည် မိမိ၏ဆရာဥပဇ္ဈာယ်တို့အား သစ်သီးများစွာ ပေးကြသဖြင့် တပါးသောရဟန်းတို့မရသောကြောင့် ကဲ့ရဲ့ကုန်အုံ့၊ ကဲ့ရဲ့ကာမျှသာတည်း။]

(**ဝိဇ္ဇီ** ။။ မူလဟူသည် အာဒိကာလ – အစကတည်းက။ ပုဗ္ဗေတိအတ္ထော။ ကြာမြင့်စွာသော ကတိကဝတ်ဟူသည် အပိုင်းအခြားကာလမရှိ – အလိုရှိတိုင်း သုံးဆောင်ခြင်းငါ ပြုသော ကတိကဝတ်တည်း။ ကုက္ကုစ္စကင်းလျက်ဟူသည် "မဝေဘန် ရသေးသောသစ်သီး" ဟု ကုက္ကုစ္စမပြုမူ၍ဟူလို။ ကဲ့ရဲ့ကာမျှသာဟူသည် ကဲ့ရဲ့ခြင်းကြောင့် များစွာစားသူတို့အား အပြစ်မရှိ။ မိမိသုံးဆောင်လောက်သည်ကိုသာ ယူခြင်းကြောင့်တည်း။ ကဲ့ရဲ့သော်လည်း မိမိအား လောက်ငသလောက် ယူစားအပ်၏ဟူသောအဓိပ္ပါယ်တည်း။ (ဤနည်းလိုက်နာသော ကျောင်းတိုင်း သာသနာဂုဏ်ရောင် အသားထွက်မည်တည်း။)

[**၁၁ – ဒုဗ္ဘိက္ခအခါ** ။ ။ ကဲ့ရဲ့ကာမျှသာဖြစ်သော်လည်း ဒုဗ္ဘိက္ခအခါ ဖြစ်ငြားအုံ့။ ပိန္ဓဲတစ်ပင်ကိုမှီ၍ ရဟန်းခြောက်ကျိပ်သော်လည်း အသက်မွေးနိုင်ကုန်အုံ့။ ထိုသို့သောခါ၌ ရဟန်းအားလုံးကို ချီးမြှောက်ခြင်းငါ ဝေဘန်၍စားအပ်၏။ ဤကားကျင့်ဝတ်တည်း။ ကတိကဝတ်မငြိမ်းသေးသမျှ ပတ်လုံးကား စားသုံးသူတို့အား အပြစ်မရှိ – သုခါယိတသာဖြစ်၏။ အဘယ်အခါ ကတိကဝတ်ငြိမ်းသနည်း။ သမဂ္ဂသံဃာသည်စည်းဝေး၍

"ဤနေ့မှစ၍ ဝေဘန်၍စားကြစေကုန်သတည်း"ဟုပြောကြားအံ့။ ထိုအခါမှစ၍ငြိမ်း၏။ တစ်ပါးတည်းနေသော ကျောင်း၌တစ်ပါးတည်း ပြောကြားသော်လည်း ရှေးကတိကဝတ်သည် ငြိမ်းသည်သာတည်း။]

(**ဒီဋ္ဌိ**။ ။ ဤနေ့မှစ၍ဝေဘန်၍ စားကြစေကုန်သတည်းဟူသော စကားဖြင့် ပုဂ္ဂလိကသုံးဆောင်ခြင်းကို ပယ်အပ်၏။

သာဋ္ဌိ။ ။ ဤနေ့မှစ၍ ဝေဘန်၍ စားကြစေကုန်သတည်းဟူသော စကားဖြင့် အလိုရှိတိုင်းသုံးဆောင်ခြင်းကို ပယ်အပ်၏။ ထို့ကြောင့် ရှေးကတိကဝတ်ငြိမ်းသည်ဟု မိန့်ဆိုသည်။)

[၁၂ - **ဖာတိကမ္မ** ။ ။ ကတိကဝတ်ငြိမ်းပြီးသောအခါ သာမဏေတို့သည် သစ်ပင်မှလည်း မခူး၊ မြေမှကောက်၍လည်း ရဟန်းတို့အားမကပ်၊ ကြွေကျသော သစ်သီးဝို့ကိုခြေဖြင့် ပုတ်ခတ်လျက် လှည့်လည်ကုန်အံ့။ ထို သာမဏေတို့အား ဆယ်ဘို့တစ်ဘို့မှစ၍ ထက်ဝက်တိုင်အောင် သစ်သီးအဘို့ဖြင့် ဖာတိကမ္မ - ပွားစီးခြင်းအမှုကိုပြုအပ်၏။ ဖာတိကမ္မလောဘဖြင့် မချွတ်ဆောင်၍ ပေးကုန်လတ္တံ့။ တဖန်ဝပြောသော သုဘိက္ခုအခါဖြစ်လတ်သော် ကပ္ပိယကာရကတို့သည်လာ၍ သစ်ခက်ကာရံခြင်း စသည်တို့ကိုပြု၍စောင့်ရှောက်သောအခါ သာမဏေတို့အား ဖာကိကမ္မ မပေးအပ်။ ဝေဘန်၍သုံးဆောင်အပ်၏။]

[၁၃ - **လူတို့လာတောင်းခြင်း** ။ ။ ကျောင်း၌သစ်သီးကြီးငယ်ရှိသည် ဟု ဝန်းကျင်ရွာနီးချုပ်စပ်မှလူတို့သည် မကျန်းမာသူ၊ ကိုယ်ပန်ဆောင်သူတို့၏အလို့ငှါလာ၍ အုန်းသီးတစ်လုံ ပေးသနား၊ တော်မူကြပါ၊

သရက်သီး၊ တောင်ပိန္နဲသီး ပေးသနားတော်မူကြပါဟုတောင်းကုန်အံ့။ ပေးအပ်သလော၊ မပေးအပ်သလောဟူမူ ပေးအပ်၏။ မပေးလျှင် ဒေါမနဿဖြစ်တတ်ကုန်၏။ ပေးလိုသောသူသည် သံဃာစည်းဝေးစေ၍ သုံးကြိမ်ပန်ကြား၍ အပလောကနကံပြု၍ သာပေးအပ်၏။ ကတိကဝတ်ကိုသော်လည်း ပြု၍ထားအပ်၏။ ပြုပုံကား ဗျတ္တ ရဟန်းသည်သံဃာ၏အလိုဖြင့် ပြောကြား၊ အပ်၏။ " ဝန်းကျင်ရွာနီးချုပ်စပ်မှလူတို့သည်လာ၍ ဂိလာနစသည်တို့အလို့ငါ သစ်သီးကြီးငယ်တို့တောင်းကုန်အံ့။ အုန်းသီးနှစ်လုံး၊ ထန်းသီးနှစ်လုံး၊ ပိန္နဲသီးနှစ်လုံး၊ သရက်သီးငါးလုံး၊ ငှက်ပျောသီးငါးလုံးတို့ကိုယူသူတို့အား မတားခြင်းကိုလည်းကောင်း၊ ဤအပင် ဤအပင်မှ အသီးကိုယူသူတို့အား မတားမြစ်ခြင်းကို လည်းကောင်း သံဃာသည် နှစ်သက်အပ်၏။ နှစ်သက်ပါသလော " ဟုသုံးကြိမ်ဆိုအပ်၏။ ထိုအခါမှစ၍ " ဂိလာန စသည်တို့၏ အမည်ကိုယူ၍ တောင်းသူတို့ကိုယူကြလော " ဟု မဆိုအပ်ကုန်။ ဝတ်ကိုကားပြောကြား၊ အပ်၏။ အုန်းသီးစသည်တို့ကို ဤမျှပိုင်းခြား၍ ယူသူတို့အားလည်းကောင်း၊ ဤအပင် ဤအပင်မှ အသီးကိုယူသူတို့အား လည်းကောင်း၊ မတားမြစ်ခြင်းကိုပြုထားသည်ဟု ကတိကဝတ်ကို ပြောကြား၊ အပ်၏။ အနုဝိစရိတွာ အတူလှည့်လည်၍ ဤသရက်ပင်သည် အသီးအလွန်အရသာရှိ၏။ ဤအပင်မှယူကြလောဟုမဆိုအပ်။]

(**ဒီဋ္ဌီ၊ သာဋ္ဌီ**။ ။ အနုဝိစရိတွာဟူသည် ပစ္ဆတောပစ္ဆတော ဂန္ဓာ နောက်မှ နောက်မှလိုက်သွား၍တည်း။

ဝိဋ္ဌီ။ ။ ယူကြလောဟုမဆိုအပ်ဟူသည်ကို ထိုသို့ဆိုလျှင် ထိုရဟန်းကသာပေးသကဲ့သို့ မှတ်ထင်ကုန်ရာ၏။ ထိုကိုမှီ၍ မိစ္ဆာဒိဋ္ဌိဝင်ဖြစ်တတ်၏။ ထို့ကြောင့်ဆိုသည်။ ထို့ကြောင့် အနုဝိစရိတွာ စသည်ကိုဆိုသည်။)

[၁၄ - **ဝေဘန်ခိုက်ရောက်သူ** ။ ။ သစ်သီးဝေဘန်ဆဲအခါရောက်လာသူတို့အားကား သမ္မုတိရသူသည် ထက်ဝက်အဘို့ကိုပေးအပ်၏။ သမ္မုတိ မရသူသည် ပန်ကြားရ်ပေးအပ်၏။ ရိက္ခာပြတ်သူ၊ ခရီးသွားလှည်းကုန်သည်၊ အစိုးရမင်းမျှားလာ၍တောင်းအံ့၊ ပန်ကြားရ်သာပေးအပ်၏။ အနိုင်အထက် ဗလကျွှာရ ယူ၍စားလျှင် မတားအပ်။ အပြစ်ကား၊ စိတ်ဆိုး၍ သစ်ပင်တို့ကိုသော်လည်း ခုတ်လှဲပစ်ရာ၏။ တပါးသော အကျိုးမဲ့ကိုသော်လည်းပြုရာ၏။]

(**ပိဋ္ဌိ**။ ။ ထက်ဝက်အဘို့ဟူသည် ရဟန်းတစ်ပါး၏ အဘို့မှ ထက်ဝက်ဖြစ်၏။ ပေးသောရဟန်းသည်လည်း ဤမျှ ပေးခြင်းငါ သံဃာခွင့်ပြုသည်ဟု မိမိကိုလွတ်စေလျက် သံဃာ၌သာ ကြည်ညိုစိတ်ဖြစ်အောင် ပြောဆို၍ပေးအပ်၏။)

[၁၅ - **ပုဂ္ဂလိကကျောင်း၌** ။ ။ ပုဂ္ဂလိကကျောင်းသို့လာ၍ လူနာအမည်ဖြင့် တောင်းသူတို့ကို " ငါတို့သည် အရိပ်စသည်အလို့ငါ စိုက်ထားသည်။ ရှိလျှင်သင်တို့သိကြလော " ဟုဆိုအပ်၏။ အသီးကိုဆောင်သော သစ်ပင်တို့ဖြစ်ကုန်အံ့။ ဆူးတို့ကိုဖွဲ့၍ သစ်သီးအလှည့်ဖြင့် ပေးကုန်အံ့။ (လာဘ်) မတောင့်တမူ၍ ပေးအပ်၏။ ဗလကျွှာရဖြင့် ယူသူကို မတားအပ်။ မတားသင့်ကြောင်းကိုရှေးဌာနဆိုပြီးပြီ။]

(အချို့ကား သစ်ပင်၌သာ တောင်းယူကြဟုအဆိုလေ့ကုန်၏။ အပြစ်လွတ်စေခြင်းငါ အပ်သယောင် ဝိနည်းအတုအပသာတည်း။)

(**ဒီဋ္ဌိ၊ သာဋ္ဌိ**။ ။ မတောင့်တမူ၍ဟူသည် ထိုသူတို့အထံမှ ပစ္စည်းကိုတောင့်တခြင်းမပြုမူ၍တည်း။

ဝိဋ္ဌိ။ ။ မတောင့်တမူ၍ဟူသည် လူနာ၊ ခရီးသွား၊

အစိုးရသော ခွင့်ပြုအပ်သောပုဂ္ဂိုလ်တို့အားသော်လည်း မိမိ ပစ္စည်းကို ပေးသူသည် (လာဘ်) မတောင့်တမှု၍သာပေးအပ်၏။ ခွင့်ပြုအပ်သူမှတပါးသောသူတို့အားကား မတောင့်တ်မှု၍လည်း ပေးခြင်းငါမအပ်။ သံဃာကပစ္စည်းကိုသာ ကတိကဝတ်အတိုင်းဖြင့် ပေးအပ်စေ၏။ မိမိ၏ဥစ္စာကိုလည်း ပစ္စည်းလှူသူတို့သည် ကိုယ်တိုင်အကျွမ်းဝင်၍ယူကုန်အံ့။ မတားအပ်ကုန်။ ရအပ်သော အပ်ခြင်းရှိသည်ဟု ဆိတ်ဆိတ်နေအပ်၏။ ရှေးဌ ဆိုပြီးပြီဟူသည် စိတ်ဆိုး၍သစ်ပင်တို့ကိုသော်လည်း ခုတ်လှည်း ပစ်ရာရောက်၏စသည်ဖြင့် ဆိတ်ဆိတ်နေခြင်းဌ အကြောင်းကို ရှေးဌဆိုပြီးသည်သာတည်း။ ထိုသူတို့အကျိုးမဲ့ မပြုသော်လည်း သနားခြင်းဖြင့် ဆိတ်ဆိတ်နေခြင်းငါအပ်၏။ ယူကြကုန်လော စသောစကားကိုကားဆိုခြင်းငါ မအပ်။)

[၁၆ – **သံဃိကဥယျာဉ်** ॥ ॥သံဃာအားသစ်သီး အာရာမ ဟူသော ဥယျာဉ်သည်ရှိ၍ စောင့်ရှောက်သူမရှိ၍ တစ်စုံတစ်ယောက်သော သူသည် ကုသိုလ်ဖြစ်စောင့်ရှောက်အံ့၊ သံဃာ၏အလို့ငါသာတည်း။ စွမ်းနိုင်သောရဟန်းတစ်ပါးကို သင်စောင့်ရှောက်လောဟု သံဃာသည် တာဝန်ပြုအံ့၊ ထိုရဟန်းသည် ကုသိုလ်ဖြစ်စောင့်ရှောက်အံ့၊ ဤသို့လည်း သံဃာအလို့ငါသာတည်း။ ဖာတိကမ္မကို တောင့်တသူအားကား သုံးဘို့တစ်ဘို့ဖြင့်လည်းကောင်း၊ ထက်ဝက် အဘို့ဖြင့် လည်းကောင်း၊ ဖာတိကမ္မကိုပြုအပ်၏။ တာဝန်ကြီးလှသည်ဟုဆို၍ ဤမျှဖြင့် မစောင့်ရှောက်လိုသူအားကား အားလုံး သင်၏ဥစ္စာပြု၍ မူလာဘာဂ ဟူသော ဆယ်ဘို့တစ်ဘို့မျှပေး၍ စောင့်ရှောက်လောဟုဆိုအပ်၏။ ဂရုဘဏ်ဖြစ်သောကြောင့် အရင်းပြတ်စွမ်းဖြင့်ကား မပေးအပ်။ ထိုမူလဘာဂကိုပေး၍စားသော ထိုရဟန်းသည် အကတ – အာဝါသ

အသစ်ကိုပြုရှိလည်းကောင်း၊ အာဝါသဟောင်းကို စောင့်ရှောက်ရှိ လည်းကောင်း၊ မိမိ၏တပည့်တို့အား အာရာမ်ကိုအပ်နှင်းအံ့။ ထိုတပည့် ကို့သည်လည်း မူလဘာဝကို ပေးအပ်သည်သာတည်း။ အကြင်အခါ ရဟန်းတို့သည် ကိုယ်တိုင်စောင့်ရှောက်ခြင်းငှါ စွမ်းနိုင်ကုန်အံ့။ ထိုအခါ ထိုမူလဘာဝပေးရှိ စောင့်ရှောက်သူတို့အား စောင့်ရှောက် ခြင်းငှါလည်း မပေးအပ်။ ၉ဂိုတကာလ - စောင့်ရှောက်ဆဲကာလ၌ လည်း မတားအပ်။ ၉ဂွန - စောင့်ရှောက်အံ့သောအခါ၌သာ တားအပ်၏။ သင်တို့သည် မျှားစွာစားအပ်၏။ ယခုမစောင့်ရှောက် ကြနှင့်၊ ရဟန်းသံဃာသည်သာလျှင် စောင့်ရှောက်လတ္တံ့ဟုဆိုအပ်၏။ ကုသိုလ်ဖြစ် စောင့်ရှောက်သူလည်းမရှိ။ ဖာတိကမ္မစောင့်ခဖြင့်လည်း စောင့်သူမရှိ၊ သံဃာသည်လည်း မစောင့်နိုင်။ ထိုသို့သောအာရာမ်ကို တစ်ယောက်သောသူသည် မပန်ကြားမူ၍သာလျှင် စောင့်ရှောက်၍ ဖာတိကမ္မကိုတိုးပွားစေ၍ တောင့်တအံ့၊ အပလောကနကံဖြင့် ဖာတိကမ္မ တိုးပွားစေ၍ ပေးအပ်၏။ ဤသို့ဤအလုံးစုံသည်လည်း ကမ္မလက္ခဏာသာဖြစ်၏။]

(**ဒီဋ္ဌိ**။ ။ မူလဘာဝဟူသည် ဒသမဘာဝကိုပြုရှိ ရှေးက ဒသမဘာဝပြုရှိပေးကြသောကြောင့် မူလဘာဝဟု ဆိုသည်။ အာဝါသအသစ်ကိုပြုရှိဟူသည် ဖြစ်သောအခွန်ဖြင့် ပြု၏။ စောင့်ရှောက်ဆဲကာလ၌ မတားအပ်ဟူသည် စောင့်ရှောက်ပြီး ဖြစ်၍ ပွင့်ကြသီးကြသောအခါ၌ဟူလို။ စောင့်ရှောက်အံ့သော အခါဟူသည် စောင့်ရှောက်ခြင်းငှါ အားထုတ်သောအခါတည်း။

သာဒ္ဌိ။ ။ မူလဘာဝ၏အနက်ကို ဒသဘာဝဟု ထင်စွာ ပြ၏။ အာဝါသအသစ်ကိုပြုရှိဟူသည် ထိုမှဖြစ်သောအခွန်ဖြင့် ပြုရှိတည်း။ ၉ဂိုတကာလ၌ စောင့်ရှောက်အပ်သော သစ်ပင်တို့

၏ ပွင့်ကြသီးကြသောအခါဖြစ်၍ မတားအပ်၊ စောင့်ရှောက်ခြင်းငါအားထုတ်သော ဇဂ္ဂနကာလ၌တားအပ်၏။

ဝိဋ္ဌိ။ ။ ဂရုဘဏ်ဖြစ်သောကြောင့် (ပ) မပေးအပ်ဟူသည် စိမ်းရှင်သောသစ်ပင်တို့သည် အာရာမ်၏ဌာန၌တည်ကုန်၏။ သစ်တုံးတို့သည် ကျောင်းအဆောက်အဦအားလျော်ကုန်၏။ ထို့ကြောင့် ထိုအားလုံးကို ယူလောဟုပေးခြင်းငါ မအပ်ဟူ၍ဆိုအပ်၏။ အကတာဝါသံ ဝါ ကတွာ ဟူသည် ရှေး၌ မရှိသော သေနာသနအသစ်ကိုပြု၍တည်း။ ဇဂ္ဂိတကာလ ဟူသည် သီးချိန်ရောက်သောအခါဖြစ်၏။)

ဤတွင် ကမ္မဝဂ်အဖွင့် အပြည့်အစုံပြီး၏။

ဝဂ္ဂပဋ္ဌကင်းဝဂ်တို့တွင်

၂ –အတ္ထဝသဝဂ်။ ဒုက ၁၀။

၄၉၈။ နှစ်ပါးသောအကျိုးထူးတို့ကိုစွဲ၍ မြတ်စွာဘုရားသည် သာဝကတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏။ သံဃသုဋ္ဌုတာယ သံဃာသည် ကောင်းပါပြီ လိုက်နာပါမည်ဟု ဝန်ခံနိုင်ခြင်းငါ၊ သံဃဖာသုတာယ – သံဃာ၏ဝန်ခံခြင်းတူ အကျင့်တူ၍ ချမ်းသာခြင်းငါ – ဤနှစ်ပါးကိုစွဲ၍ ပညတ်တော်မူ၏။

နှစ်ပါးသောအကျိုးထူးတို့ကိုစွဲ၍ မြတ်စွာဘုရားသည် သာဝကတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏။ ဒုမ္မကုံတို့ကိုနှိပ်ခြင်းငါ လဇ္ဇီပေသလတို့ ကျင့်လွယ်သဖြင့် ချမ်းသာစွာနေရခြင်းငါ – ဤနှစ်ပါးကိုစွဲ၍ ပညတ်တော်မူ၏။

နှစ်ပါးသော အကျိုးထူးတို့ကိုစွဲ၍ –– မျက်မှောက်အာသဝတို့ကို တား

ခြင်းငှါ၊ တမလွန်အာသဝတို့ကို ဖျက်ခြင်းငှါ --။ ထို့ပြင်နှစ်ပါး -- မျက်မှောက်ဝေရ - ရန်တို့ကိုတားခြင်းငှါ၊ တမလွန်ဝေရတို့ကိုဖျက်ခြင်းငှါ။ ။ ထို့ပြင်နှစ်ပါး - မျက်မှောက်ဝဋ္ဋ -- အပြစ်တို့ကိုတားခြင်းငှါ၊ တမလွန်ဝဋ္ဋတို့ကို ဖျက်ခြင်းငှါ။ ထို့ပြင်နှစ်ပါး မျက်မှောက်ဘယ-ဘေးတို့ကိုတားခြင်းငှါ တမလွန်ဘယတို့ကိုဖျက်ခြင်းငှါ --။ ။ ထို့ပြင်နှစ်ပါး မျက်မှောက်အကုသလဓမ္မတို့ကိုတားခြင်းငှါ၊ တမလွန်အကုသလဓမ္မတို့ကိုဖျက်ခြင်းငှါ -ထို့ပြင်နှစ်ပါး လူတို့ကိုစောင့်ရှောက်ခြင်းငှါ၊ အလိုဆိုးရှိသော ရဟန်းတို့၏ အပင်းအသင်းကိုဖျက်ခြင်းငှါ။

ထို့ပြင်နှစ်ပါး မကြည်ညိုသူတို့၏ ကြည်ညိုခြင်းငှါ၊ ကြည်ညိုသူတို့၏ လွန်စွာကြည်ညိုခြင်းငှါ။

ထို့ပြင်နှစ်ပါး သူတော်ကောင်းတရား၏ တည်စိမ့်သောငှါ ဝိနယကိုချီးမြှောက်ခြင်းငှါ -- ဤနှစ်ပါးကိုစွဲ၍ ပညတ်တော်မူ၏။ (ဒုက -၁၀) ။

အတ္ထဝသဝဂ္ဂေါ နိဋ္ဌိတော ဒုတိယော။

[အပလောကနကံတို့၏ အကြောင်းဖြစ်သော သိက္ခာပုဒ်တို့ကို ပညတ်ရာ၌ အာနိသင်ကိုပြလို၍ နှစ်ပါးသောအကျိုးထူးကိုစွဲ၍ စသည်ကိုအားထုတ်၏။ မျက်မှောက်ဝေရတို့ကိုတားခြင်းစသည်ကား ပါဏာတိပါတစသော ငါးပါးသည် ဒိဋ္ဌမမ္မိက မျက်မှောက်ဝေရမည်၏။ ၎င်းတို့ကိုပိတ်ပင်ခြင်းငှါ၊ ဝိပါကဒုက္ခသည် သမ္ပရာယိက - တမလွန်ဝေရမည်၏။ ၎င်းကိုဖြတ်ခြင်းငှါ မဖြစ်စေခြင်းငှါတည်း။ ဝဋ္ဋဟူသည်လည်း ၎င်းဝေရတို့ပင်တည်း။ ဝိပါကဒုက္ခတို့သည် ကြဉ်အပ်သော သဘောရှိသောကြောင့် ဝဋ္ဋတို့မည်ကုန်၏။ မျက်မှောက်ဘယဟူသည် ဂရဟာ- ကဲ့ရဲ့ခြင်း၊ ဥပဝါဒ- စွပ်စွဲခြင်း၊ တဇ္ဇနိယ စသောကံ၊ ဥပုသ်ပဝါရဏာထားခြင်း၊ အတိတ္တိပကာသနိယကမ္မ - မကောင်းသတင်းဖော်ပြသောကံ - ဤအလုံးစုံသည် မျက်မှောက်ဘေးမည်၏။

ဝိပါကဒုက္ခသည်သာလျှင်. တမလွန်ဘေးမ်ည်၏။ အကုသလဟူသည် ဝေရင:ပါ:၊ အကုသလကမ္မပထဆယ်ပါ:တို.တည်:။ ဝိပါကဒုက္ခတို. သည်သာလျှင် သည်:မခံအပ်သောအနက်ကြောင့် အကုသလတို. မည်ကုန်၏။ လူတို.ကို စောင့်ရှောက်ခြင်:ငါဟူသည် စသည်ကား၊ လူတို.၏သဒ္ဓါကိုစောင့်ခြင်:ဖြင့် စောင့်ခြင်:ငါတည်:။ အလိုဆို:ရှိသော ရဟန်:တို.၏ ဂိုဏ်:ဖွဲ.ခြင်:ကို ဖျက်ခြင်:ငါ ဂဏာဘောဇနသိက္ခာပုဒ်ကို. ပညတ်၏။ အကြွင်:ပေါ်လွင်ပြီ။]

(**ဝိဋ္ဌ**။ ။ ဝိပါကဒုက္ခဝေဒနာသည် ပါဏာတိပါတ စသော ဝေရသည်ဖြစ်စေအပ်သောကြောင့် ဝေရမည်၏။ နောက် ထပ်ဝေရ – ရခြင်:ငါအကြောင်:ဖြစ်သောကြောင့်လည်: ဝေရ မည်၏။ ဝေရင:ပါ:မှလွတ်သော အကုသိုလ်တို.ကို ဝေရနှင့် အတူတပေါင်:တည်:ယူခြင်:ငါ အကုသလကမ္မပထ ဆယ်ပါ:တို.ကို ထပ်ဆိုသည်။)

၃။ ပညတ္တိဝဂ်

၄၉၉။ နှစ်ပါ:သောအကျိုးထူ:တို.ကိုဖွဲ့၍ မြတ်စွာဘုရား:သည် သာဝကတို.အား ပါတိမောက် ယခင်ဒုကတစ်ဆယ်စီဖြင့် ပညတ်တော်မူ၏။ (၁) ပါတိမောက်ပြခြင်:၊ ပါတိမောက်ထား:ခြင်:ကို၊ ပဝါရဏာကို၊ ပဝါရဏာ ထား:ခြင်:ကို၊ တဇ္ဇနိယကံကို ၅။ နိယသကို၊ ပဗ္ဗာဇနိယကို၊ ပဋိသာရဏီယကို၊ ဥက္ခေပနိယကံကို၊ ပရိဝါသ်ပေး:ခြင်:, အရင်:ငင်ခြင်:, မာနတ်ပေး:ခြင်:, ဗဟိဋ္ဌာန်သွင်:ခြင်: သြဝါဒဏီယကို ၅။ နိဿာရဏီယ၊ ဥပသမ္ပဒ၊ အပလောကန်၊ ဥတ္တိ၊ ဥတ္တိဒုတိယကံကို ၅။ ဥတ္တိစတုတ္ထကံကို။ ဒုက ၁– တစ်ဆယ်စီဖြင့် ပညတ်တော်မူ၏။ ။ (၂၁–ပုဒ် ဒုက ၁၀ စီဖြင့် ဒုက–၂၁၀)

[ပါတိမောက်ပြခြင်:ဟူသည် ဘိက္ခုတို.အား ငါ:ပါ:။

ဘိက္ခုနီတို့အား လေးပါးတည်း။ ပရိဝါသ်ပေးခြင်းစသည်တို့၌ သြသာရဏီယကို ပညတ်၏ဟူသည် ၁၈ ပါး၊ ၄၃ ပါးသော ကျင့်ဝတ်တို့၌ ကျင့်သူအား သွင်းခြင်းကို ပညတ်၏။ သွင်းကြောင်းကဲ့ကို ပညတ်၏ဟူလို။ ငြင်းခုံတတ်သူစသည်တို့ကို နှင်ထုတ်ကြောင်း၊ တဇနီယစသော နိဿာရဏီယကိုပညတ်၏။]

ပညတ္တာဝဂ္ဂေါနိဋ္ဌိတော တတိယော။

၄။ အပညတ္တေ ပညတ္တိဝဂ်

၅၀၀။ မပညတ်သည်၌ ပညတ်၏။ ပညတ်သည်၌ဆက်၍ပညတ်၏။ သမ္မုခါဝိနည်းကိုပညတ်၏။ သတိ၊ အမူဠ္ဠ၊ ပဋိညာ၊ ယေဘု၊ တဿ၊ တိဏဝတ္ထာရကကို ပညတ်၏။ (ကိုးပုဒ်) သံဃသုဋ္ဌုတာယ၊ သံဃဖာသုတာယ -ဤအကျိုးထူးနှစ်ပါးကိုစွဲ၍ သာဝကတို့အား တိဏဝတ္ထာရကကို ပညတ်တော်မူ၏။ နှစ်ပါးသောအကျိုးထူးတို့ကိုစွဲ၍ သာဝကတို့အား တိဏဝတ္ထာရကကို (ပ) ဒုကတစ်ဆယ်။

[မပညတ်သည်၌ ပညတ်၏ဟူသည် ခုနစ်ပါးသောအာပတ်အစုတည်း။ ထိုခုနစ်ပါးကို ကကုသန်၊ ကောဏာဂုံ၊ ကဿပ - ဘုရားသုံးဆူကို ဖယ်ထား၍ အကြား၌ တစ်စုံတစ်ယောက်မပညတ်။ ထို့ကြောင့် ထိုခုနစ်ပါးသည် မပညတ်သော သိက္ခာပုဒ်၌ ပညတ်သည်မည်၏။ မဂ္ဂင်ဝတ္ထုစသော ဝိနိတကထာသည် ပညတ်သောသိက္ခာပုဒ်၌ ဆက်၍ပညတ်သောအနုပညတ်မည်၏။ အကြွင်းပေါ်လွင်ပြီ။]

(**ဇိဋ္ဌိ၊ သာဋ္ဌိ**။ ။ ကကုသန်စသော ဘုရားသုံးဆူတို့ သာလျှင် ခုနှစ်ပါးသော အာပတ်အစုတို့ကို ပညတ်ကုန်၏။ ဝိပဿီစသော ဘုရားရှင်တို့အား ဩဝါဒပါတိမောက္ခံ ပြုကုန်၏။ သိက္ခာပုဒ်ကိုမပညတ်ကုန်။ ဥဘတောဝိဘင်္ဂကို ပရိဝါရတို့ဖြင့် ဝေဘန်သောဟောကြားခြင်းသည်ရှိ၏။

ဝိဋ္ဌိ။ ။ ခုနစ်ပါးသော အာပတ်အစုတို့သည် ပညတ္တမည်၏။ အကြားဌ်တစ်စုံတစ်ယောက် မပညတ်ဟူသည် ဤကမ္ဘာ၌ အစမှစ၍ ငါတို့ဘုရားပွင့်သည်တိုင်အောင် အကြားဌ်ကကုသန် စသောဘုရားတို့ကိုဖယ်၍ တစ်စုံတစ်ယောက် မပညတ်အပ်သောသိက္ခာပုဒ်ဟူလို။ ဝိနိတဝတ္ထု တို့သည်သာလျှင် ထိုထိုသိက္ခာပုဒ်အဘို့အစုကိုပြတတ်သောကြောင့် သိက္ခာပဒလည်းမည်ကုန်၏။ အာပတ်အနာပတ်ကို ဆက်၍ပညတ်သောကြောင့် အနုပညတ်တို့လည်း မည်ကုန်၏။)

အပညတ္တော ပညတ္တိဝဂ္ဂေါ နိဋ္ဌိတော စတုတ္ထော။

၅။ နဝသင်္ဂဟဝဂ်

၅၀၁။ သင်္ဂဟ – ရေတွက်ခြင်းတို့သည် ကိုးပါးဖြစ်ကုန်၏။ ဝတ္ထု သင်္ဂဟ– ဝတ္ထုဖြင့်ရေတွက်ခြင်း။ ဝိပတ္တိသင်္ဂဟ၊ အာပတ္တိသင်္ဂဟ။ နိဒါနသင်္ဂဟ၊ ပုဂ္ဂလသင်္ဂဟ။ ခန္ဓသင်္ဂဟ။ သမုဋ္ဌာနသင်္ဂဟ၊ အဓိကရဏသင်္ဂဟ၊ သာမဏ သင်္ဂဟ။ (၉)ပါး

အဓိကရဏ်းဖြစ်သောအခါ အတ္ထပစ္စတ္ထိက – ပစ္စည်းအတွက် ဆန်.ကျင်ဘက်နှစ်ဦးတို့သည် ရောက်လာကုန်အံ့။ နှစ်ဦးလုံးကို ဝတ္ထုကိုပြောစေအပ်၏။ နှစ်ဦးလုံးဝတ္ထုကို ပြောစေပြီးလျှင် နှစ်ဦးလုံး၏ပဋိညာကို နားထောင်အပ်၏။ နားထောင်ပြီးလျှင် ဤအဓိကရဏ်းကို ငါတို့ငြိမ်းစေလျှင် နှစ်ဦးလုံး နှစ်သက်ကြမည်လောဟု နှစ်ဦးလုံးကိုမေးအပ်၏။ နှစ်သက်ကြပါမည်ဟုဆိုလျှင် သံဃာသည်ထိုအဓိကရဏ်းကို လက်ခံအပ်၏။ အလဇ္ဇီများသော ပရိသတ်ဖြစ်လျှင် ဥဗ္ဗာဟိကာ – ကမ္မဝါစာဖြင့်ငြိမ်းစေအပ်၏။ ဗာလများလျှင် ဝိနည်းဓိရ်ကို ရှာအပ်၏။ ထိုအဓိကရဏ်းငြိမ်းကြောင်းကို ဓမ္မ၊ ဝိနယ၊ သတ္ထုသာသနဖြင့် ထိုအဓိကရဏ်းကို ငြိမ်းစေအပ်၏။

ဝတ္ထုကိုသိအပ်၏။ ဂေါတ္တကို၊ နာမကို၊ အာပတ္တိကို၊ သိအပ်၏။ (၄)ပါး။

မေထုနဝမ္မဟူသည် ဝတ္ထုလည်းဟုတ်၏။ ဂေါတ္တလည်းဟုတ်၏။ ပါရာဇိက ဟူသည် နာမလည်းဟုတ်၏။ အာပတ္တိလည်းဟုတ်၏။

အဒိန္နာဒါနသည် ၊ မနုဿဝိဂ္ဂဟသည်၊ ဥတ္တရိမနုဿဝမ္မသည် ဝတ္ထု၊ ဂေါတ္တ။ ပါရာဇိကသည် နာမ၊ အာပတ္တိ။

သုက္ကဝိဿဋ္ဌိသည်၊ (၀) ကုလဒူသကဏ္ဍ အယူမစွန်.ခြင်းသည် – ဝတ္ထု၊ ဂေါတ္တ။ သံဃာဒိသေသ်သည် နာမ၊ အာပတ္တိ။ (၀) ။

အနာဒရိယဖြင့် ရေ၌ကျင်ကြီးကျင်ငယ် တံတွေးစွန်.ခြင်းသည် – ဝတ္ထု၊ ဂေါတ္တ။ ဒုက္ကဋ်သည် နာမ၊ အာပတ္တိ။

| သိက္ခာပုဒ်အား လုံးတို.ကို တစ်ခုတင်ခုသောခြင်းရာဖြင့် ကိုးပါးဖြင့်ရေတွက်ခြင်းကိုပြုခြင်:ငါ သင်ဟကိုးပါးစသည်ကိုဆိုသည်။ ဝတ္ထုသင်ဟဟူသည် ဝတ္ထုဖြင့် ရေတွက်ခြင်းတည်း၊ ကြွင်းပုဒ်တို.၌ လည်း ဤအတူသိအပ်၏။ သိက္ခာပုဒ်ဟူသမျှ ဝတ္ထုကင်းလျက် ပညတ်သောမည်သည်တစ်ခုမျှမရှိ။ ထို.ကြောင့် အား လုံးကို ဝတ္ထုဖြင့် ရေတွက်အပ်၏။ အာပတ်အစုနှစ်ခုကို သီလဝိပတ္တိဖြင့်၊ ငါ:ခုကိုအာစာရ ဝိပတ္တိဖြင့်၊ ခြောက်ပါ:သောသိက္ခာပုဒ်ကို အာဇီဝဝိပတ္တိဖြင့် ရေတွက် အပ်သောကြောင့် အား လုံ:ကိုဝိပတ္တိဖြင့်ရေတွက်အပ်၏။ ခုနစ်ပါ:သော အာပတ်မှလွတ်သော သိက္ခာပုဒ်တစ်ခုမျှ မရှိသောကြောင့် အာပတ္တိဖြင့် ရေတွက်အပ်၏။ ခုနစ်ခုသော မြို.တို.၌သာ ပညတ်သောကြောင့် နိဒါန်: ဖြင့်ရေတွက်အပ်၏။ လွန်ကျူးသူမရှိဘဲ ပညတ်ခြင်:မရှိသောကြောင့် ပုဂ္ဂလဖြင့် ရေတွက်အပ်၏။ ငါ:ပါ: ခုနစ်ပါ:သော အာပတ္တိကွန်ရှတို.ဖြင့် ရေတွက်အပ်၏။ သမုဋ္ဌာန်ခြောက်ပါ:ကင်:လျက် မဖြစ်သောကြောင့် သမုဋ္ဌာန်ဖြင့်ရေတွက်အပ်၏။ ခုနစ်ပါ:သော အဓိကရဏတို.တွင် အာပတ္တာဓိကရဏဖြင့်ရေတွက်အပ်၏။ ခုနစ်ပါ:သောသမထတို.ဖြင့် ငြိမ်:သောကြောင့် သမထဖြင့်ရေတွက်အပ်၏။ အကြွင်:ဆိုပြီ:သော

နည်းရှိပြီ။]

(**ဝိဋ္ဌိ**။ ။ ဤသို့မဟာဝဂ်၊ ပညတ္တိဝဂ်၊ သင်္ဂီဟာဝဂ်–ဟူသော သုံးခုသောမဟာဝဂ်တို့ဖြင့် တန်ဆာဆင်အပ်သော ပရိဝါရဟုသိအပ်၏။)

နဝသင်္ဂီဟာဝဂ္ဂေါ နိဋ္ဌိတော ပဋ္ဌမော။

ပရိဝါအရသာပြီး၏။

ဝိနည်းငါးကျမ်းအရသာနိုဂုံး

သတ္ထုကပ္ပံ သုဝိနယံ ၊ ဓာရေမိ ဟဒယေန ဟံ။
နမဿမာနော ဝိနယံ ၊ ဝိဟာရိဿာမိ သဗ္ဗဒါ။
ဝိနယော အာသယော မယှံ၊ ဝိနယော ဌာနစက်မ်ံ။
ကပ္ပေမိ ဝိနယေ ဝါသံ၊ ဝိနယော မမ ဂေါစရော။

အဟံ၊ ငါသည်။ သတ္ထုကပ္ပံ၊ သက်တော်ထင်ရှားမြတ်ဘုရားနှင့် အလားတူသော။ သုဝိနယံ၊ ကောင်းစွာပုံသေ ဆုံးမပေတတ်ဝိနည်းမြတ်ကို။ ဟဒယေန၊ စိတ်ကောင်းထုံစိမ် နှလုံးအိမ်ဖြင့်။ ဓာရေမိ၊ ဆောင်ရပေ၏။ ဝိနယံ၊ ဝိနည်းပိဋကတ်ဘုရားမြတ်ကို။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ နမဿမာနော၊ ဦးခိုက်မြတ်နိုးရိုခိုးလျက်။ ဝိဟာရိဿာမိ၊ နေရပေတော့အုံ့။

ဝိနယော၊ ဝိနည်းသည်။ မယှံ၊ ငါ၏။ အာသယော၊ အိပ်စရာနေစရာဖြစ်၏။ ဝိနယော၊ ဝိနည်းသည်။ မယှံ၊ ငါ၏။ ဌာနစက်မ်ံ၊ ရပ်ရာစင်္ကြံသွားရာဖြစ်၏။ ဝိနယေ၊ ဝိနည်း၌။ ဝါသံ၊ နေထိုင်ခြင်းကို။ ကပ္ပေမိ၊ ပြုရပေ၏။ ဝိနယော၊ ဝိနည်းသည်။ မမ၊ ငါ၏။ ဂေါစရော၊ အာရုံစားကျက်ဖြစ်ပေ၏။

ဤသို့သော ဥဒါန်းကိုဘုရားရှင်လက်ထက်တော်၌ အရှင်ဥပါလိမထေရ်တစ်ပါးသာ ဝမ်းမြောက်စွာ ကျူးရင့်တော်မူသည်။ ဤဥဒါန်းကို ဤသို့ကျူးရင့်နိုင်အောင် ကမ္ဘာတစ်သိန်းပါရမီ ဖြည့်ခဲ့ရလေသည်။ ပဒုမုတ္တရဘုရားရှင်ထံ ကောင်းမှုပြု၍ ဆုတောင်းခဲ့လေသည်။ ဝိနည်းအရာ၌ ငါတို့ဘုရားရှင် မဟာသေးသည်ကိုပင် ဘုရားရှင်အာဘော်ကျအောင် ယူဆနိုင်သည်၊ ဆုံးဖြတ်နိုင်

သည်။ ထို့ကြောင့်လည်း ဝိနည်းဆောင် ဇတဒဂ်– ရတော်မူလေသည်။ ယခုအခါ သဒ္ဓါပဗ္ဗဇိတ– ကုလပုတ္တာတို့သည်လည်း ဝိနည်းအရသာကို မြိန်ရှက်စွာခံစား၍ အရှင်ဥပါလိသို့ အတုလိုက်၍ ဤသို့သောဥဒါန်းမျိုးကို ကျူးရင့်နိုင်ကြပါစေကုန်သတည်း။ ကျူးရင့်နိုင်အောင် အန္တရာယ်ကင်းကြပါစေကုန်သတည်း။ ကမ်းတစ်ဘက်သို့ရောက်သော ဝိနယပါရဂူတို့ ဖြစ်ကြပါစေကုန်သတည်း။

ဤမျှဖြင့် ညောင်လေးပင်မြို့တောရကျောင်းတိုက်၌ ပခေါနဥက္ကဋ္ဌနာယကမထေရ်အဖြစ်ဖြင့် သီတင်းသုံးနေထိုင်ခိုက် ဆရာတော်အရှင် ဥုးအရိယမထေရ်စီရင်သော ပရိဝါအရသာသည် – ဝါ – ပရိဝါအထိ ဝိနည်းငါးကျမ်းအရသာသည် ဂေါဇာသက္ကရာဇ် ၁၃၀၉–ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၁–ရက်အင်္ဂါနေ့တွင် ပြီးဆုံးခြင်းသို့ရောက်၏။

စတုဓာတု၀ဝတ္ထာန်စွမ်းဖြင့် ၄၂– ကောဋ္ဌာသအစုရှိသော ခန္ဓာကိုယ်ကို သခ်ါရပေက္ခာဉာဏ်၌ အနိစ္စတော၊ ဒုက္ခတော၊ ရောဂတော – စသော ဒွါစတ္တာလီသ အာကာရ ၄၂ ပါးဖြင့် ရှုသူသည် ခန္ဓာလောကကို သုညဖြင့် ရှုသူမည်၏။ သုညဖြင့် ရှုသူကို သေမင်းမမြင်နိုင်ဟု မြတ်စွာဘုရားပေါသည်။ ဝိနည်းသီလစင်ကြယ်ခြင်းသည်လည်း သေမင်းမမြင်နိုင်ကြောင်းတည်း။ သေမင်း မမြင်နိုင်သူတို့ဖြစ်အောင် မိမိကိုယ်ကို စောင့်ရှောက်နိုင်ကြပါစေကုန်သကည်း။

ဝိနည်းငါးကျမ်းအရသာပြီး၏။

ညောင်လေးပင်တောရဆရာတော်

ဦးအရိယမဏ္ဍ၏

(အဂ္ဂမဟာပဏ္ဍိတ)

ရေးသားစီရင်ခဲ့သည့်

"ပရိတ်အရှင်သာ"

သည်

"ဝိနည်းငါးကျမ်းအရသာ"

အဆုံးသတ်စာအုပ်ဖြစ်ပါသည်။

"ရဟန်းတို့အသက်ကားဝိနည်း"

WM ဝင်းမော်ဦး စာပေဖြန့်ချိရေး